# WASH

## ကြာရှည်သော အရေးပေါ်ကာလများ အတွက် လက်စွဲစာအုပ် –

### မြန်မာနိုင်ငံရှိ OXSI အတွေ့အကြုံ

OXFAM

SOLIDARITÉS INTERNATIONAL



HARP-F

လူသားချင်းစာနာထောက်ထားမှု အကူအညီနှင့် ပြန်လည်ထူထောင်နိုင်စွမ်း ထောက်ပံ့မှုအစီအစဉ်

CROWN AGENTS

အမှီအခိုကင်းမှုနှင့် ချမ်းသာကြွယ်ဝမှုတို့ကို အရှိန်မြှင့်တင်ပေးခြင်း

ထောက်ပံ့ပေးထားသည်

UKaid

ဗြိတိန်ပြည်သူများမှ လှူဒါန်းသည်

ဤစာအုပ်ကို UK အစိုးရ၏ UK aid မှ ထောက်ပံ့ထားသည်။ သို့သော် ဖော်ပြထားသော အယူအဆများသည် UK အစိုးရ၏ တရားဝင်မူဝါဒများကို မလွဲမသွေ ထင်ဟပ်ထားခြင်းမျိုးမရှိပေ။

## ကျေးဇူးတင်လွှာ

ကမ္ဘာအနှံ့ တွင် အလုပ်လုပ်နေကြသည့် လူသားချင်းစာနာထောက်ထားရေး အကူအညီလုပ်နေသော အသင်း အဖွဲ့အမျိုးမျိုး ၏ လုပ်ငန်းများ အကြောင်း အသေးစိတ်ကို ဤလက်စွဲစာအုပ်တွင် ဖော်ပြပေးထားပါသည်။

နေရပ်စွန့်ခွာလာရပြီး စခန်းများတွင် နေထိုင်နေရသော မြန်မာနိုင်ငံရှိ ရိုဟင်ဂျာ လူထု၏ အခြေအနေ တိုးတက်ကောင်းမွန်လာစေရန် အတွက် စဉ်ဆက်မပြတ် စိတ်ပိုင်းဖြတ် လုပ်ဆောင်ပေးနေသလို ဤ လက်စွဲစာအုပ် အတွက် လိုအပ်သော ပရိုဂရမ်အကြောင်း စာရွက်စာတမ်းများ၊ အချက်အလက်များတို့ကို ဖြည့်ဆည်းပံ့ပိုး ပေးပါသော Oxfam နှင့် Solidarites International အဖွဲ့အစည်း ကို အထူးကျေးဇူးတင်ကြောင်း ဖော်ပြလို ပါသည်။

ပရိုဂရမ်ပိုင်း နှင့် စည်းရုံးလှုံ့ဆော်မှုပိုင်း တိုးတက်ကောင်းမွန်လာစေရန် ပံ့ပိုးကူညီပေးပြီး တန်ဖိုးမဖြတ်နိုင်သည့် အကြံပြုမှတ်ချက်များ ပေးခဲ့သည့် ရိုဟင်ဂျာလူထု နှင့် ရှေ့တန်းတွင် အလုပ်လုပ်နေသော OXSI ၏ စခန်း တွင်း အခြေစိုက် ဝန်ထမ်းများအား ကျေးဇူးတင်ရှိကြောင်းဖော်ပြလိုပါသည်။

ထိုအပြင် တိကျသည့် နည်းပညာပိုင်းကျွမ်းကျင်မှု နှင့် ပံ့ပိုးမှုများ ပေးခဲ့ပါသော Emily Tomsky Valery၊ Ania Gaboune၊ Carly Sheehan၊ Ines Riccardi Smyth၊ Christian Snoad၊ Elettra Balboni၊ Romain Verchère၊ Nathalie Vigneron-Larosa၊ Arthur De Saint Hubert၊ Damien Machuel၊ Alice Vanicat၊ Alberto Aquistapace၊ Lucy Knight၊ Tawng Mai Nhkum နှင့် Anna Gamma တို့အား ကျေးဇူးတင်ရှိပါသည်။

နှစ်များစွာ လုပ်လာသော ဤပရိုဂရမ် မှ ရရှိလာသည့် အသိပညာများအား ရေးသားမျှဝေပေးနိုင်ရန်အတွက် အခွင့်အလမ်းကို ဖန်တီးပေးခဲ့ပါသော HARP ကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။

ထိုအပြင် မြန်မာနိုင်ငံရှိ ရေ၊ တစ်ကိုယ်ရည် နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး (WASH) ဆိုင်ရာ လုပ်ငန်းများ လုပ်ဆောင်ပေးနေသည့် အဖွဲ့အစည်းများပါဝင်သော အစုအဖွဲ့ ၏ ပံ့ပိုးပေးမှု နှင့် ပူးပေါင်း ဆောင်ရွက်ပေးမှု အတွက် အထူးပင် ကျေးဇူးတင်ရှိပါသည်။

'လက်စွဲစာအုပ်၏ မြန်မာဘာသာပြန် ဒီဇိုင်း ပုံစံသည် ယနေ့အထိ မြန်မာနိုင်ငံတွင် ရရှိနိုင်သည့် အပြည့်စုံဆုံးသော WASH လုပ်ငန်းများဆိုင်ရာ လက်စွဲစာအုပ် ဖြစ်သည်။ ကဏ္ဍအလိုက် နည်းပညာပိုင်းဆိုင်ရာ ဘာသာစကားနှင့် ဝေါဟာရများကို အထူးပြု၍ ရေးသားထားပြီး စာအုပ်၏ မြန်မာဘာသာပြန် ဒီဇိုင်းပုံစံသည် OXSI အဖွဲ့မှ နိုင်ငံသား ဝန်ထမ်းများ၏ ပံ့ပိုးကူညီမှုနှင့် ခိုင်မာသောခံယူချက်များမပါဘဲ မဖြစ်နိုင်ပါ။ ပရော်ဖက်ရှင်နယ်ဘာသာပြန်ဝန်ဆောင်မှုများဖြင့် ဘာသာပြန်ဆိုထားသည့် အကြောင်းအရာအားလုံးကို နိုင်ငံသား ဝန်ထမ်းများသည် ၎င်းတို့၏ အလုပ်များသော အချိန်ဇယားများရှိနေသည့်ကြားမှ စိစစ်ဖတ်ရှုခဲ့ပြီး ပြင်ဆင်နိုင်ခဲ့သည်။ အဆိုပါ လက်စွဲစာအုပ်ကို မြန်မာဘာသာဖြင့် စာဖတ်သူများအနေဖြင့် ပြည့်ပြည့်ဝဝ လက်လှမ်းမီနိုင်စေရန်အတွက် အဖွဲ့သည် နည်းပညာပိုင်းဆိုင်ရာ လိုအပ်သော အချက်များနှင့် ထပ်ပေါင်းထည့်ရန်လိုအပ်သော အချက်များ အားလုံးကိုလည်း ပြုပြင်မွမ်းမံခဲ့ပါသည်။

လက်စွဲစာအုပ်၏ မြန်မာဘာသာပြန် ဒီဇိုင်းပုံစံကို မြန်မာနိုင်ငံရှိ WASH နှင့် သက်ဆိုင်သော လုပ်ငန်းများတွင် လက်တွေ့ကျင့်သုံးနေသူများ၏ မြန်မာဘာသာစကား ပြောဆိုသော လူမှုအသိုက်အဝန်းအတွက် ကျယ်ကျယ်ပြန့်ပြန့် ရရှိလာနိုင်မည်ဖြစ်သောကြောင့် နိုင်ငံသား ဝန်ထမ်းများအား ကျေးဇူးတင်ရှိပါသည်။

ထို့မျှမက အမြော်အမြင် အပြည့်ဖြင့် စိတ်အားထက်သန်စွာ ခေါင်းဆောင်ပေးမှုများအတွက် OXSI ညွှန့်ပေါင်း အဖွဲ့၏ မန်နေဂျာဖြစ်သူ Pier Francesco Donati အား ကျေးဇူးတင်ရှိကြောင်းဖော်ပြလိုပါသည်။

ရေးသားသူ - Sonya Milonova
ဒီဇိုင်းနှင့်ရုပ်ပုံရေးဆွဲသူ - Chema Fdez Román
- ဇော်လင်းထူး
ဘာသာပြန်သူ - ရီတာခင်
စစ်ဆေးသူ - OXSI WASH Team

## အမှာစာ

ဤလက်စွဲစာအုပ်တွင် ၂၀၁၇ ခုနှစ်မှ ၂၀၂၀ ခုနှစ်အတွင်း မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာဒုက္ခသည်စခန်းနှင့် ကျေးရွာများတွင် ရေ၊ တကိုယ်ရည်သန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး (WASH) ဝန်ဆောင်မှုများ ဆောင်ရွက်ရန် ပံ့ပိုးပေးနေသည့် Oxfam– Solidarités International (OXFAM-SI) အစီအစဉ်မှ လေ့လာတွေ့ရှိချက်နှင့် အသိပညာတို့ကို စုဆောင်းဖော်ပြထားသည်။

WASHသည် UK အစိုးရအတွက် ထိပ်တန်းဦးစားပေးလုပ်ငန်းတစ်ခုဖြစ်ပြီး HARP ဝန်ဆောင်မှုတစ်ခုဖြစ်သည်။ ၂၀၁၆ ခုနှစ်ကတည်းက မြန်မာနိုင်ငံ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ WASH ဝန်ဆောင်မှု၏ အကြီးမားဆုံး အလှူရှင်တစ်ဦးအဖြစ် ကျွန်ုပ်တို့သည် မိတ်ဖက်များမှတစ်ဆင့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရန်ကုန်တို့ရှိ ပဋိပက္ခဒဏ်ခံရသူပေါင်း ၂၄၃,၀၀၀ ဦးတို့ထံ လက်လှမ်းမီရောက်ရှိခဲ့သည်။ OXFAM-SI အစီအစဉ်မှတစ်ဆင့် ကျွန်ုပ်တို့သည် ၂၀၁၂ ခုနှစ်မှစတင်၍ “စစ်တွေကန့်သတ်နယ်မြေ” ရှိ လူနေထူထပ်သော ဒုက္ခသည်စခန်းများတွင် ရိုဟင်ဂျာ ၁၂၆,၀၀၀ ဦးနှင့် နေရပ်ရွှေ့ပြောင်းနေထိုင်ရသော ကမန်မူဆလင်လူမျိုး ၂,၀၀၀ ခန့် နေထိုင်ကြသည့် ရခိုင်ပြည်နယ်တွင် ကျွန်ုပ်တို့၏ အကူအညီကို အလေးပေးဆောင်ရွက်နိုင်ခဲ့သည်။ သူတို့သည် အခြေခံ WASH, ပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုများကို လက်လှမ်းမီရယူပိုင်ခွင့် မရှိကြပါ။ လွတ်လပ်စွာ သွားလာခွင့်နှင့် အသက်မွေးလုပ်ငန်းများတွင် အတားအဆီးများ ရင်ဆိုင်ရကြသည်။ ရိုဟင်ဂျာလူမျိုးများအနေဖြင့် နိုင်ငံသားဖြစ်ခွင့် မရရှိပေ။ OXFAM-SI နှင့် HARPF တို့၏ မိတ်ဖက်လုပ်ငန်းမှတစ်ဆင့် ရခိုင်ပြည်နယ်ရှိ ဒုက္ခသည်စခန်းများမှ IDPs များအားလုံး၏ ၈၂ ရာခိုင်နှုန်းမှာ ကိုဗစ်-၁၉ ကပ်ရောဂါကာလအပါအဝင် အခြေခံ WASH ဝန်ဆောင်မှုများကို လက်ခံရရှိခဲ့ကြသည်။

HARP-F ပံ့ပိုးပေးနေသည့် လုပ်ငန်းများကဲ့သို့ပင် ကျွန်ုပ်တို့၏ OXFAM-SI မိတ်ဖက်များ ဆောင်ရွက်သည့် WASH စီမံကိန်းကို ကာလကြာရှည်နေသော အကျပ်အတည်းဒဏ်ခံ ထိခိုက်လွယ်သူ လူထု၏ လိုအပ်ချက်များကို တုံ့ပြန်ဆောင်ရွက်ရန်၊ သူတို့၏ ပြန်လည်ထူထောင်နိုင်စွမ်းကို မြှင့်တင်ပေးရန် ဒီဇိုင်းရေးဆွဲထားသည်။ ထို့အပြင် WASH ဝန်ဆောင်မှုများကို ရိုဟင်ဂျာ လူ့အခွင့်အရေးအကျပ်အတည်းကာလဆိုင်ရာ အခြေအနေနှင့် လိုက်လျောညီထွေအောင် ဆောင်ရွက်ထားသည်။ အစီအစဉ်သည် ရပ်ရွာလူထုဦးဆောင် လုပ်ငန်းစဉ်များကို အလေးပေးပြီး မူအရဖြစ်သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ရေးဖြစ်စေရန် ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း အထူးသတိထားဆောင်ရွက်သည်။ အစီအစဉ်၏ လူထုပါဝင်ဆောင်ရွက်ရန်၊ သူတို့၏ ကိုယ့်အားကိုယ်ကိုးမှု တိုးတက်စေရန်နှင့် WASH အခြေခံအဆောက်အအုံ စီမံခန့်ခွဲမှုကို လွှဲပြောင်းပေးရန် ချဉ်းကပ်နည်းများကို ရခိုင်ပြည်နယ်ရှိ WASH လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လှုပ်ရှားသူများ၏ ကနဦးလုပ်ငန်းများအတွက် စံအဖြစ် ကျင့်သုံးကြသည်။

ဤလက်စွဲစာအုပ်တွင် ဤလေ့လာတွေ့ရှိမှုကို ဖော်ပြထားပြီး လူအခွင့်အရေးအရေးပေါ်အခြေအနေတွင် ကာလကြာရှည်သော အရေးပေါ်ကာလတစ်ခု၌ WASH ဝန်ဆောင်မှုများပေးရန် ချဉ်းကပ်နည်းလမ်းများနှင့် နည်းပညာများအပေါ် အသိပညာပိုင်းလိုအပ်ချက်တစ်ခုကို သက်သေအထောက်အထားဖြင့် ဖြည့်စွက် ပေးထားသည်။

၎င်းက UK အစိုးရ၊ HARP-F၊ OXFAM-SI နှင့် စခန်းရှိ ရပ်ရွာလူထုများ၏ အလွန်ခက်ခဲသော အခြေအနေများ၌ WaSH ဝန်ဆောင်မှုများ ဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံထားမှုများအတွက် အရေးပါသော ရလဒ်ကို ကိုယ်စားပြုသည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ၌ စစ်တပ်မှ အာဏာသိမ်းပြီးနောက်တွင် မြင့်တက်လာသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များ၊ များပြားလာသော စစ်အစိုးရ၏ အကြမ်းဖက်မှုများနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကြောင့် ဤအသိပညာသည် မြန်မာနိုင်ငံရှိ လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းနှင့် အခြား ကာလကြာရှည်နေသော အရေးပေါ်အခြေအနေများတွင် အသိပညာပေးရန် တန်ဖိုးမဖြတ်နိုင်သည့် အရာတစ်ခုဟု ကျွန်ုပ်ယုံကြည်ပါသည်။

Sonia Zambakides

HARP-F ရန်ပုံငွေဆိုင်ရာ ဒါရိုက်တာ

| | |
|---|---|
| ကျေးဇူးတင်လွှာ | ၀၃ |
| အမှာစာ | ၀၅ |
| မာတိကာ | ၀၇ |
| နိဒါန်း | ၀၈ |
| ရေ | ၂၀ |
| မိလ္လာစနစ် | ၃၂ |
| တကိုယ်ရည်သန့်ရှင်းရေး မြှင့်တင့်မှုနှင့် ရပ်ရွာလူထု ပါဝင်ဆောင်ရွက်မှု | ၅၀ |
| နေရောင်ခြည်စွမ်းအင်သုံး မီးပေးခြင်း | ၆၆ |
| အမှိုက်စီမံခန့်ခွဲမှု | ၇၈ |
| စောင့်ကြည့်လေ့လာမှု၊ အကဲဖြတ်သုံးသပ်မှု၊ တာဝန်ယူ တာဝန်ခံမှုနှင့် လေ့လာတွေ့ရှိမှု | ၉၂ |
| အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး - ကိုဗစ် -၁၉ | ၁၀၆ |
| နည်းကိရိယာများ | ၁၁၆ |

## ၁.၁ ဤလက်စွဲစာအုပ်၏ ရည်ရွယ်ချက်

**မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်ရှိ ရိုဟင်ဂျာ စခန်းများ နှင့် ကျေးရွာများ တွင် Oxfam နှင့် Solidarities Internation (SI) ပူးပေါင်းအဖွဲ့မှ ရေ၊ ပတ်ဝန်းကျင် နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး (WASH) ဝန်ဆောင်မှုများ အား ၂၀၁၇ ခုနှစ် မှ ၂၀၂၀ ခုနှစ်ထိ လုပ်ဆောင်ပေးခဲ့စဉ် လေ့လာခဲ့ရသည့် သင်ခန်းစာများ နှင့် လုပ်ဆောင်ခဲ့သည့် အစီအစဉ်များ အကြောင်းကို ဤ လက်စွဲစာအုပ်တွင် အသေးစိတ်ဖော်ပြပေးထားပါသည်။**

လူ့အခွင့်အရေး ဆိုင်ရာ ပဋိပက္ခများ ဖြစ်ပွားခြင်းကြောင့် ရှည်ကြာသည့် အရေးပေါ် အခြေအနေများဖြစ် လာသည့်အခါ ရေ၊ ပတ်ဝန်းကျင် နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး (WASH) ဝန်ဆောင်မှုများ ပေးရန် လုပ်ဆောင် သင့်သည့် နည်းလမ်းများ နှင့် ချဉ်းကပ်ဆောင်ရွက်နည်းတို့ကို ညွှန်ပြပေးသည့် လမ်းညွှန်ချက်များသည် စီမံကိန်း စတင်ခဲ့ သည့် ၂၀၁၇ ခုနှစ် တွင် အနည်းငယ်မျှသာရှိခဲ့ပါသည်။ Oxfam နှင့် SI ပူးပေါင်းမိတ်ဖက်အဖွဲ့ (OXSI) သည် မြန်မာနိုင်ငံတွင် တွင် ကြာရှည်ဖြစ်ပွားနေသည့် ရိုဟင်ဂျာ ပဋိပက္ခ အတွက် အဓိက ထား၍ WASH ဝန်ဆောင်မှုများ လုပ်ဆောင်ပေးရန် နည်းဗျူဟာများ ကို ရှေ့ပြေးစမ်းသပ်လုပ်ဆောင်ခဲ့ပြီး တချိန်တည်းမှာပင် ရပ်ရွာလူထု ၏ ကိုယ်ပိုင် ကိုယ်ဆိုင်စိတ် တိုးတက်ကောင်းမွန်လာစေရန် နှင့် ချိတ်ဆက်မှုအားကောင်းစေရန် အတွက် လည်း လုပ်ဆောင်ခဲ့ပါသည်။

လူသားချင်းစာနာထောက်ထားမှုအကူအညီပေးသည့် ပရိုဂရမ်များ အတွက် တမူထူးခြားသည့် ပုံစံ ဖြစ်သည့် အတိုင်းအတာတစ်ခုထိ ရေရှည်ထောက်ပံ့ပေးသော ရံပုံငွေအစီအစဉ်များကြောင့် ချဉ်းကပ်နည်း များအသုံးပြုနိုင်ခြင်း၊ ဆန်းသစ်သည့် ဖြေရှင်းနည်းများ သုံးခြင်း၊ ထိရောက်စွာ လုပ်ဆောင်နိုင်မှုကို တိုးမြှင့် ခြင်း၊ ညှိနှိုင်းချိတ်ဆက်လုပ်ဆောင်မှုများ အား ကောင်းမွန်အောင် လုပ်ဆောင်ခြင်း နှင့် ရင်းမြစ်များ အသုံးပြုခြင်း စသည် တို့ကို လိုအပ်ချက်များ နှင့် ကိုက်ညီအောင် အံဝင်ခွင်ကျ စီမံ နိုင်ရန် OXSI အဖွဲ့သည် အခွင့်အလမ်းရခဲ့ပါသည်။ ရံပုံငွေပိုင်းတည်ငြိမ်စိတ်ချရမှု အပြင် ပရိုဂရမ် ၏ ကြီးမားကျယ်ပြန့်မှုကြောင့် နည်းပညာပိုင်း ကျွမ်းကျင် သလို ဒေသ၏ရေခံမြေခံကို ကောင်းစွာနားလည်သော ရာထူးသက်တမ်းကြာသည့် အဖွဲ့ကို ဖွဲ့စည်း တည်ဆောက်နိုင်ခွင့် ရစေပါသည်။ ထိုအပြင် ပရိုဂရမ်မှ လုပ်ဆောင်သည့် အစီအစဉ်များတွင် ရပ်ရွာလူထု နှင့် ချိတ်ဆက် လုပ်ဆောင်မှု၊ ဂျန်ဒါ နှင့် တာဝန်ယူမှုတာဝန်ခံမှုတို့ကို အစဉ်တစိုက်ထည့်သွင်း စဉ်းစားလုပ်ဆောင် နိုင်စေပါသည်။ ထိုလုပ်ငန်းစဉ်များ နှင့် အချက်အလက်အများစုကြောင့် အထူးသဖြင့် (၃) နှစ်တာ အတွင်း စီမံကိန်းအတွက် နေရာအသစ်များတွင် ပူးပေါင်းအဖွဲ့မှ လုပ်ငန်းများအကောင်အထည်ဖော်သည့် အခါ အသုံးပြုသည့် ငွေကြေး အတွက် ထိုက်တန်သည့် တန်ဖိုး (VfM) ရအောင် ပို၍ တိုးမြှင့်လုပ်ဆောင်နိုင်စေပါသည်။

ထို့ပြင် ရေခံမြေခံ နှင့် ကိုက်ညီမှုရှိသည့် လုပ်ငန်းဆောင်ရွက်မှု ဆိုင်ရာ အခြေခံမှုများကို ဖော်ဆောင်ခြင်း၊ မူအရ ပရိုဂရမ်များကို အကောင်အထည်ဖော်ခြင်း အပြင် ရခိုင်ပြည်နယ်တွင် လုပ်ဆောင်နေသည့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးအစီအစဉ်များ ၏ ဦးတည်ရာကို အဘက်ဘက်မှ နေ၍ လွှမ်းမိုးမှုရှိလာစေရန် လိုအပ်သည့် အတွေ့အကြုံများ နှင့် နားလည်မှုများ OXSI အဖွဲ့ အတွက် စုစည်းရရှိလာ စေခဲ့ပါသည်။ မြန်မာနိုင်ငံရှိ နိုင်ငံအဆင့် နှင့် တိုင်း/ပြည်နယ်အဆင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေး အဖွဲ့များ တွင် တက်ကြွစွာ ပါဝင်နေသည့် အဖွဲ့အစည်းဖြစ်သည့်အလျှောက် OXSI သည် လက်တွေ့ကွင်းဆင်းရာမှ ရရှိလာသော အကြံပြုချက်များ၊ သက်သေအထောက်အထားများ ကို ရှေ့တန်းတင်ခြင်းဖြင့် ထွက်ပေါ်လာသည့် လိုအပ်ချက် များ အား အသားပေး ဖော်ပြပေးခဲ့ပြီး နိုင်ငံတော်အဆင့် စံသတ်မှတ်ချက်များ၊ လမ်းညွှန်ချက်များ အတွက် ဒီဇိုင်းရေးဆွဲရာတွင် အကြံပြုပါဝင်ပေးနိုင်ခဲ့ပါသည်။

ရပ်ရွာနှင့် ချိတ်ဆက်ဆောင်ရွက်ရန်၊ ဂျန်ဒါ နှင့် တာဝန်ယူမှုတာဝန်ခံမှု တို့ကို လုပ်ငန်းဆောင်ရွက်ရာတွင် အစဉ်တစိုက်ထည့်သွင်းစဉ်းစားလုပ်ဆောင်မှု အနေဖြင့် ဆက်စပ် ပါဝင်နေစေရန် အတွက် OXSI ပူးပေါင်းအဖွဲ့ကို စတင်ခဲ့ခြင်းဖြစ်ပြီး ယခင် စီမံကိန်း စက်ဝန်းများမှ အရေးကြီးသည့် WASH ဝန်ဆောင်မှုများ ဆောင်ရွက်ရာမှ ရရှိလာသည့် သင်ခန်းစာများကို သင်ယူရရှိစေပါသည်။ ထိုသို့ သင်ယူလေ့လာပြီး လိုက်လျောညီထွေမှုရှိအောင်ပြောင်းလဲပေးသည့် လုပ်ငန်းစဉ် ကို OXSI ၏ ပူးပေါင်းအဖွဲ့တွင် ဆက်လက်၍ လုပ်ဆောင်ခဲ့ပါသည်။ အထူးသဖြင့် ဤလုပ်ငန်းစဉ်မျိုးသည် အလေ့အထ များ နှင့် သင်ခန်းစာများ ကို ပြန်လည်သုံးသပ်သင်ယူရန် အချိန်မရတတ်သည့် လူသားချင်းစာနာထောက်ထားမှုအကူအညီပေး ရေး ပရိုဂရမ်များ တွင် ရှိခဲ့ပါသည်။ WASH နှင့် အဓိက ဆက်စပ်ပါဝင်ကြသူများဖြစ်သည့် မြန်မာနိုင်ငံမှ WASH အသိုင်းအဝန်း၊ WASH အစုအဖွဲ့ များ အပြင် WASH ကို ကျင့်သုံးလုပ်ဆောင်ကြသူ အများစု အတွက် လက်လှမ်းမီရရှိနိုင်ရန် နှင့် WASH ပရိုဂရမ်များ နှင့်ဆိုင်သည့် အသိပညာများ ကို စုစည်းရန် အတွက် လူသားချင်းစာနာထောက်ထားမှု နှင့် ဘေးဒဏ်ခံရပ်နိုင်မှုဆိုင်ရာ ပရိုဂရမ် (HARP) နှင့် OXSI တို့သည် လက်စွဲစာအုပ်ကို ဖန်တီးရေးသား ထုတ်ဝေဖို့ ရင်းမြစ်များကို အသုံးချရန် ဆုံးဖြတ်ခဲ့ပါသည်။

ယခု လက်စွဲစာအုပ်တွင် ဖော်ပြထားသည့် ချဉ်းကပ်နည်းများသည် လူ့အခွင့်အရေးချိုးဖောက်မှုများ ကြောင့် ဖြစ်လာသည့် ပဋိပက္ခများ နှင့် သက်ဆိုင်သော ကာလကြာရှည်သည့် အရေးပေါ်အခြေအနေများ နှင့် ဆက်စပ်ပြီး လိုက်လျောညီပြောင်းလဲနိုင်သည့် နည်းလမ်းများဖြစ်ပါသည်။ ထိုသို့ ထူးခြားသည့် အခြေအနေများတွင် WASH ဆိုင်ရာ ချဉ်းကပ်နည်းများကို ရှေ့ဆက်ဆွေးနွေးမှုများဖြစ်လာစေရန် နှင့် WASH ဆိုင်ရာ အသိပညာများ အတွက် လိုအပ်ချက်ကြားကွက်လပ်များကို ဖြည့်ဆည်းနိုင်ရန် အတွက် ဤ လက်စွဲစာအုပ်ကို ရည်ရွယ်ရေးသားပါသည်။

ဤ လက်စွဲစာအုပ်တွင် ပါဝင်သည့် အကြောင်းအရာများ ကို စီမံကိန်းလုပ်ဆောင်ခဲ့စဉ် က ထွက်ပေါ်လာသည့် စာရွက်စာတမ်းများ (စံလုပ်ထုံးလုပ်နည်းများ၊ သုံးသပ်စိစစ်ချက်၏ ရလဒ်များ၊ ဦးတည် အုပ်စုဖွဲ့ဆွေးနွေးမှုများ၊ သင်ခန်းစာများကို သုံးသပ်မှုများ၊ အစီရင်ခံစာများ စသည့်) တို့အပြင် Oxfam နှင့် SI ဝန်ထမ်းများ နှင့် ပြုလုပ် ခဲ့သည့် တစ်ဦးချင်း အင်တာဗျူး(KIIs) များ မှ ရယူထားခြင်းဖြစ်ပါသည်။

# ၁.၂ နောက်ခံအကြောင်းအရာ

ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံ ၏ အနောက်ဖျားပိုင်းတွင် တည်ရှိသော ပြည်နယ်ဖြစ်ပြီး လူဦးရေ ၃ သန်းကျော် ရှိပါသည်။ ၂၀၁၇ ခုနှစ် မြန်မာနိုင်ငံလူနေမှုဘဝ စစ်တမ်း ဒေတာ အချက်အလက်များ အရ ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံ တွင် ဆင်းရဲနွမ်းပါးမှုနှုန်း ဒုတိယ အမြင့်ဆုံး ဖြစ်ပြီး နိုင်ငံတော်အဆင့် ဆင်းရဲနွမ်းပါးမှုနှုန်း ၂၄.၈% နှင့် ယှဉ်လျှင် ပြည်နယ်အဆင့် ဆင်းရဲနွမ်းပါးမှုနှုန်းမှာ ၄၁.၆% ရှိပါသည်။[1] ထိုအပြင် တနိုင်ငံလုံးအဆင့် ပျမ်းမျှနှုန်း နှင့် ယှဉ်လျှင် ကဏ္ဍအများစုတွင် လည်း နောက်ကျကျန်နေသည့် ပြည်နယ်ဖြစ်ပါသည်။ အခြား ပြည်နယ် နှင့် တိုင်းဒေသများ နှင့် ယှဉ်လျှင် ရခိုင်ပြည်နယ်သည် ထိခိုက်ခံစားရနှုန်း အမြင့်ဆုံးဖြစ်ပါသည်။ အိမ်အတွက် ပစ္စည်းများ နှင့် ပညာရေးအခွင့်အလမ်းများ ရရှိရေး၊ ဘေးကင်းစိတ်ချရသည့် မိလ္လာ နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး၊ သန့်ရှင်း သောရေ ရရှိရေး၊ ကလေးသူငယ်များကို အထောက်အပံ့ပေးရေး၊ နိုင်ငံသားမှတ်ပုံ တင်ကတ်များ ရရှိနိုင်မှု သို့မဟုတ် ပဋိပက္ခများ ၏ ဒဏ်ကို တိုက်ရိုက်ခံစားရမှု စသည့် ပုံစံ တမျိုးမျိုး ကြောင့် ပြည်နယ်ရှိ လူဦးရေ တဝက်ကျော်သည် ထိခိုက်ခံစားရ လွယ်သည့် အခြေအနေကို တွေ့ကြုံခံစားရပါသည်။[2] ရခိုင်ပြည်နယ် တွင် ရှည်လျားသည့် ကမ်းရိုးတန်း တည်ရှိသောကြောင့် သဘာဝ ဘေးအန္တရာယ် နှင့် ရာသီဥတု ပြောင်းလဲမှု ဘေးဒဏ် ကို လဲထိခိုက်ခံစားရ လွယ်သည့် အခြေအနေတွင် ရှိနေပါသည်။ သဘာဝဘေးအန္တရာယ် ကြောင့် ထိခိုက်ခံစားရမှု လျှော့ချရေး အတွက် ရင်းနှီးမြှုပ်နှံမှု နည်းပါးခြင်းကြောင့် ပြည်နယ်အတွင်း ရှိ စိုက်ပျိုးလယ်ယာမြေများ သည် အဆိုပါ အပြောင်းအလဲများနှင့် စိန်ခေါ်ချက်များကို ခံရပ်နိုင်အောင် လိုက်လျောညီ ပြောင်းလဲနိုင်ခြင်း မရှိပါ။[3]

ရခိုင်ပြည်နယ်ရှိ လူထု တွင် မတူကွဲပြားသည့် တိုင်းရင်းသားလူမျိုးစု နှင့် ယုံကြည်ကိုးကွယ်ရာ တို့ ရှိကြပါသည်။ ရခိုင်လူမျိုး ဗုဒ္ဓဘာသာဝင်များသည် လူဦးရေ ၏ အများစုဖြစ်ပြီး အစ္စလာမ် ဘာသာဝင်များမှာ ဒုတိယ အများဆုံး ဖြစ်ပါသည်။ ရခိုင်ပြည်နယ်ရှိ အစ္စလာမ်ဘာသာဝင်များ တွင် နိုင်ငံမဲ့ အခြေအနေကို ကြုံတွေ့နေရသည့် ရိုဟင်ဂျာ များ မှာ အများဆုံးဖြစ်ပြီး ဒုတိယ မှာ ကမန် လူမျိုးများဖြစ်ပါသည်။ ရခိုင်ပြည်နယ်ရှိ အခြေအနေများ အပေါ် တွင် လွန်ခဲ့သည့် နှစ်များအတွင်း နိုင်ငံတကာ ၏ အာရုံစိုက်မှုကို ရရှိလာခဲ့သော်လည်း အဆိုပါ ပဋိပက္ခများ သည် အသစ်ဖြစ်လာခြင်းမဟုတ်ပါ။ အမှန်မှာ မြန်မာနိုင်ငံ တဝှမ်းရှိ လူနည်းစု တိုင်းရင်းသားလူမျိုးများသည် လူ့အခွင့် အရေး ချိုးဖောက်မှု နှင့် ခွဲခြားဆက်ဆံမှုများကို နှစ်ပေါင်းများစွာ ကြာအောင် ကြုံတွေ့ခဲ့ရခြင်းဖြစ်ပါသည်။ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသည့် ပဋိပက္ခသည် ဥပဒေပိုင်း၊ နည်းဥပဒေပိုင်း၊ လုပ်ထုံးလုပ်နည်းပိုင်း၊ စစ်တပ် နှင့် နိုင်ငံသား အာဏာပိုင်အစိုးရ အမှုထမ်းများ ၏ နေ့စဉ် ပြုမူမှု ပုံစံများတွင် သရုပ်ထင်ဟပ်နေသည့် အထူးသဖြင့် ဖွဲ့စည်းမှုပုံစံအရ နိုင်ငံ့အာဏာပိုင်များမှ တိုက်ရိုက် ခွဲခြားဆက်ဆံပြီး လူမျိုးရေး ဘာသာရေးအရ ခွဲခြား ဖယ်ထုတ်မှု ဖြစ်ပါသည်။[4]

ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာ များသည် စစ်တပ် ၏ အတင်းအဓမ္မအလုပ်စေခိုင်းမှု၊ ညှင်းပမ်းနှိပ်စက်မှု၊ အဓမ္မပြုကျင့် အနိုင်ကျင့်မှု များ လုပ်၍ နှိမ်နင်း၊ ဖြိုခွင်းမှုများကြောင့် ၁၉၇၀ နှောင်းပိုင်းနှစ်များတွင် ပထမ အကြိမ် မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ် နိုင်ငံတွင်းသို့ အများအပြား ထွက်ပြေးတိမ်းရှောင်ခဲ့ရပါသည်။ ထိုအပြင် ၁၉၈၂ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည် နိုင်ငံသားဥပဒေကြောင့် ရိုဟင်ဂျာများသည် နိုင်ငံသားဖြစ်ခွင့် ဆုံးရှုံးခဲ့ရပါသည်။ ၁၉၉၂ ခုနှစ် တွင် စစ်တပ် ၏ စစ်ဆင်ရေးများကြောင့် မြန်မာနိုင်ငံမှ ရိုဟင်ဂျာ ၂၀၀၀၀၀ မှ ၂၅၀၀၀၀ ဝန်းကျင် သည် ဘင်္ဂဘားဒေ့ရှ်နိုင်ငံတွင်းသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး ကော့ဘဇား ဒေသရှိ စခန်းများ တွင် ခိုလှုံခဲ့ရပါ သည်။ ၂၀၁၂ ခုနှစ် တွင် လုံခြုံရေး တပ်ဖွဲ့များ ၏ ပါဝင်မှုများ ရှိခဲ့သည့် အစ္စလာမ်ဘာသာဝင်များ နှင့် ဗုဒ္ဓဘာသာ ဝင်များကြားဖြစ်ပွားခဲ့သော ဘာသာရေး ပဋိပက္ခများကြောင့် လူအများအပြား သေဆုံးခဲ့ရပြီး ပျက်စီးဆုံးရှုံးမှုများ ဖြစ်ခဲ့ပြီးနောက် လူအများအပြားသည် နေရပ်စွန့်ခွာရွှေ့ပြောင်း ခဲ့ကြရပါသည်။ ထိုသို့ ပဋိပက္ခများဖြစ်ပွားပြီး နောက် မြန်မာ အာဏာပိုင်များသည် ရိုဟင်ဂျာ နှင့် အစ္စလာမ်ဘာသာဝင်များကို စခန်းများတွင် နေထိုင်ရန် ခွဲထုတ် ခဲ့ပြီး ယခုချိန်ထိ စခန်းများ တွင် ဆက်လက် နေထိုင်နေကြရဆဲဖြစ်ပါသည်။ ၂၀၁၆ ခုနှစ် တွင် ရိုဟင်ဂျာ လက်နက်ကိုင်အဖွဲ့ ဖြစ်သည့် အာရကန် ရိုဟင်ဂျာ ကယ်တင်ရေးတပ်မတော် (ARSA) သည် ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ ရဲစခန်း (၃) ခု ကို ဝင်ရောက်တိုက်ခိုက်ခဲ့ပါသည်။ မြန်မာ စစ်တပ်သည် လက်တုံ့ပြန်သည့် အနေဖြင့် စစ်ဆင်ရေး အကြီးစား ကို လုပ်ဆောင်ခဲ့ပြီး လူအခွင့်အရေးချိုးဖောက်မှုများကို ကျယ်ကျယ်ပြန့်ပြန့် ကျူးလွန်ခဲ့ ခြင်းကြောင့် နောက်ပိုင်း (၁၀) လ အတွင်း ဘင်္ဂလားဒေ့ရှ် နိုင်ငံတွင်း သို့ ရိုဟင်ဂျာ ၈၇၀၀၀ ကျော် ထွက်ပြေးတိမ်းရှောင်ခဲ့ရပါသည်။ ရခိုင်ပြည်နယ်အတွင်း စစ်တပ်၏ ဖိအားပေးထိန်းချုပ်မှုများကြောင့် ၂၀၁၇ ခုနှစ် ဩဂုတ်လ တွင် ARSA သည် ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ နောက်ထပ် လုံခြုံရေးစခန်း (၃၀) ကို ထပ်မံ ဝင်ရောက် တိုက်ခိုက်ခဲ့ပါသည်။ မြန်မာ စစ်တပ် သည် ထို တိုက်ခိုက်မှုများကို တုံ့ပြန်သည့် အနေဖြင့် ရိုဟင်ဂျာ များအပေါ်တွင် ဖြိုခွင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပြီး လူသားမျိုးနွယ်ပေါ်တွင် စစ်ရာဇဝတ်အရ ပြစ်မှုများ ကျူးလွန် ခဲ့ခြင်းကြောင့် (၂) လ အတွင်း ရိုဟင်ဂျာ (၆) သိန်းကျော်သည် ဘင်္ဂလားဒေ့ရှ် နိုင်ငံတွင်းသို့ ထပ်မံ ၍ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရပါသည်။[5] မြန်မာစစ်တပ် ၏ "နယ်မြေရှင်းလင်းရေး" ခေါင်းစဉ် ဖြင့် နောက်ဆုံးလုပ်ခဲ့ သည့် စစ်ဆင်ရေး အား ကမ္ဘာ့ကုလသမဂ္ဂ ၏ လုံခြုံရေးကောင်စီမှ နေ၍ "လူမျိုးတုံးသတ်ဖြတ်မှု" အဖြစ် ဖော်ညွှန်း ခဲ့ပြီး ကမ္ဘာ့ကုလသမဂ္ဂမှ မြန်မာနိုင်ငံ အတွက် ပြဋ္ဌာန်းဖွဲ့စည်းပေးခဲ့သည့် နိုင်ငံတကာ လွတ်လပ်သော အချက်အလက်ရှာဖွေရေး မစ်ရှင် အဖွဲ့မှ မြန်မာနိုင်ငံ အာဏာပိုင်များ ၏ လုပ်ရပ်များတွင် လူမျိုးတုံးသတ်ဖြတ် ရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့သည့် အမှတ်လက္ခဏာများ အားလုံး ပါဝင်နေခဲ့ကြောင်း သုံးသပ် ထုတ်ပြန် ခဲ့ပါသည်။[6] ယမန်နှစ် က မြန်မာနိုင်ငံ သည် လူမျိုးတုံးသတ်ဖြတ်မှုများ အား ကာကွယ်ရေး နှင့် ပြစ်ဒဏ်ပေးရေး ပဋိညာဉ်အရ အပြည်ပြည်ဆိုင်ရာ တရားရုံး (ICJ) တွင် တရားရင်ဆိုင်ခဲ့ရပါသည်။ ထို တရားခွင်ကြောင့် ရိုဟင်ဂျာများ အတွက် ဆက်လက်၍

1 UNDP, World Bank Group, & Myanmar Central Statistical Organization. (June 2019). Myanmar Living Conditions Survey 2017. https://www.undp.org/content/dam/myanmar/docs/Publications/PovRedu/undp–mm–mlcs–poverty–report.pdf

2 Humanitarian Assistance and Resilience Programme Facility & the Myanmar Information Management Unit. (June 2018). Vulnerability in Myanmar. https://themimu.info/sites/themimu.info/files/documents/Report_Vulnerability_in_Myanmar_HARP–MIMU_Jun2018_ENG_Print_version.p

3 ReliefWeb, Humanitarian Data Exchange, Humanitarian InSight, & Financial Tracking Service. (December 2019). Humanitarian Needs Overview: Myanmar. https://reliefweb.int/sites/reliefweb.int/files/resources/MMR_HNO_2020_FINAL_131219.pdf

4 Fieldview Solutions. (June 2018). Time to Break Old Habits: Shifting from Complicity to Protection of the Rohingya in Myanmar. https://www.fieldviewsolutions.org/fv–publications/Time_to_break_old_habits.pdf

5 Amnesty International. (2017). Caged Without a Roof: Apartheid in Myanmar's Rakhine State. https://www.amnesty.org/download/Documents/ASA1674842017ENGLISH.PDF

6 Fact–Finding Mission on Myanmar. (September 2018). Report of the Detailed Findings of the Independent International Fact–Finding Mission on Myanmar. https://www.ohchr.org/EN/HRBodies/HRC/Pages/NewsDetail.aspx?NewsID=23575&LangID=E

တရားစွဲဆိုပေးရန် နှင့် မြန်မာစစ်တပ်၏ ပြစ်မှုများပေါ်တွင် နိုင်ငံတကာ၏ အာရုံစိုက်မှုများ ရရှိလာခဲ့ပါသည်။ ထိုအပြင် အဆိုပါ တရားခွင်ကြောင့် မြန်မာနိုင်ငံ၏ နိုင်ငံတွင်း ယန္တရားစနစ် များသည် ပြစ်မှုကျူးလွန်သူ များ အား ပြစ်ဒဏ်ပေး၊ ဒဏ်ခတ်နိုင်ခြင်း မရှိသလို မြန်မာနိုင်ငံ အစိုးရ သည် လည်း စစ်ရာဇဝတ်မှု ကျူးလွန်သူ များ အား လွတ်ငြိမ်းခွင့်ပေးသည့် အလေ့အထ ကို အမြစ်စွဲ တည်မြဲစေခဲ့ကြောင်း ပေါ်လွင်လာခဲ့ပါသည်။

၂၀၁၇ ခုနှစ် တွင် အစုလိုက်အပြုံလိုက် ထွက်ပြေးတိမ်းရှောင်ရသည့် ကာလ မတိုင်ခင် ရခိုင်ပြည်နယ် တွင် ရိုဟင်ဂျာ တသန်း ကျော် နေထိုင်ကြပါသည်။ ထို လူထု သည် လည်း ပြင်းထန်သည့်လူ့အခွင့်အရေးချိုးဖောက်မှုများ နှင့် အသွားအလာကန့်သတ်မှုများကို ကြုံတွေ့ ကြရပါသည်။ ယနေ့ထိတိုင် ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာပေါင်း ထောင်သောင်းကျော် သည် စားနပ်ရိက္ခာ၊ နေထိုင်စရာနေရာ၊ ဆေးဝါး ဝန်ဆောင်မှုများ၊ အသက်မွေးမှုပညာ နှင့် ပညာရေး ဝန်ဆောင်မှု များ မလုံလောက်မှုများ အပြင် နေ့စဉ် အကြောက်တရားဖြင့် နေထိုင်နေရ ခြင်းကြောင့် အချို့သည် အမှန်တကယ်အကျဉ်းကျနေရပြီး အချို့မှာ အကျဉ်းကျသကဲ့သို့ နေထိုင်နေကြရပါသည်။ ရိုဟင်ဂျာများ အတွက် လူနေမှုဘဝ နေထိုင်မှု ထောင့်ပေါင်းစုံ တွင် အကန့်အသတ်၊ အတားအဆီးများဖြင့် ကြုံတွေ့ကြရပြီး ၎င်းတို့၏ လူ့အခွင့်အရေးများသည် အမြဲတမ်းဆိုသလို ချိုးဖောက်ခံနေရပါသည်။ ရခိုင်ပြည်နယ် အလယ်ပိုင်းရှိ ယခု အခါတွင် "စစ်တွေဒေသတွင်း အသွားအလာ ကန့်သတ်ထားသောနေရာ" ဟုခေါ်သော နေရာများတွင် ရိုဟင်ဂျာ ၁၂၆,၀၀၀ ခန့် နှင့် အစ္စလာမ်ဘာသာဝင် ကမန် လူမျိုး စုစုပေါင်း ၂,၀၀၀ ခန့် သည် ၂၀၁၂ ခုနှစ် ကတည်းကပင် ကန့်သတ်ထိန်းချုပ်ထားသည့် စခန်းများတွင် နေထိုင်နေကြရပါသည်။ စခန်းတွင်းနေထိုင်ရသူများသည် လူဦးရေထူထပ် သိပ်သည်းမှု၊ မိလ္လာ နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး ဝန်ဆောင်မှုများ မလုံလောက်မှု၊ ပညာရေး အခွင့်အရေးများ မလုံလောက်မှု၊ ကျန်းမာရေးစောင့် ရှောက်မှုများ အား ရည်ရွယ်ချက်ရှိရှိ ကန့်သတ်ထားမှု နှင့် နိုင်ငံ့ အာဏာပိုင်များမှ အကန့်အသတ်များ တင်းကြပ်ထား ခြင်းကြောင့် မိမိကိုယ်ကို လုံလောက်စွာ ပံ့ပိုးနိုင်မှု သို့မဟုတ် အသက်မွေးဝမ်းကြောင်း အခွင့်အလမ်းအများစုကို မရရှိနိုင် ဖြစ်နေပါသည်။ စစ်တွေဒေသတွင်းအသွားအလာကန့်သတ်ထား သော နေရာ ရှိ စခန်းများ တွင် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ ပဋိညာဉ်စာတမ်း နှင့် လူသားချင်းစာနာ ထောက်ထားမှု အတွက် တုံ့ပြန်ဆောင်ရွက်ရာတွင် အနိမ့်ဆုံး ပါရှိရမည့် စံချိန်စံနှုန်းများ (Sphere) မှ သတ်မှတ်ထားသည့် လူတစ်ဦးချင်းစီအတွက် အနည်းဆုံးရှိထားရမည့် မြေနေရာ သတ်မှတ်ချက် နှင့် ကိုက်ညီမှု မရှိဖြစ်နေပြီး အနိမ့်ဆုံးသတ်မှတ်ချက် ၏ သုံးပုံပုံ တပုံသာ နေရာရှိနေပါသည်။

အသွားအလာကန့်သတ်ထားသည့် နေရာအတွင်း နေထိုင်ကြသည့် ဒေသခံ ရိုဟင်ဂျာ နှင့် ကမန်ကျေးရွာများမှ ရွာသူ/ရွာသားများသည် လည်း အသွားအလာ ကန့်သတ်ခံထားရခြင်း နှင့် အခြေခံ ဝန်ဆောင်မှုများ အပြည့်အဝ မရရှိနိုင်ခြင်းကြောင့် စခန်းတွင်း နေထိုင်ကြသည့် ရိုဟင်ဂျာ နှင့် ကမန်လူမျိုးများ နည်းတူပင် အခက်အခဲ များကို ကြုံ တွေ့နေကြရပါသည်။ စစ်တွေရှိအသွားအလာ ကန့်သတ်ထားသော နေရာများ မှ ကျေးရွာသူရွာသားများ သည် ရခိုင်ပြည်နယ်အလယ်ပိုင်းအခြား နေရာ ဒေသများ မှ နေရပ်စွန့်ခွာ ရွှေ့ပြောင်းလာရသော မိသားစုဆွေမျိုးများ နှင့် သူငယ်ချင်း မိတ်ဆွေများကို လက်ခံပေးထားရသည့် အတွက် လူအပိုများ အတွက် ထည့်သွင်း စဉ်းစားပေးကြရပါသည်။ သို့သော် ကျေးရွာသူ/ရွာသားများသည် မိသားစုပိုင် အိမ်များ၊ အိမ်သာများ နှင့် လက်နှိပ်ရေတုံကင်များ ရှိ ကြသည့် အတွက် စခန်းတွင်း အဆောင်အခန်းကျဉ်း တစ်ခုတည်းတွင် မိသားစုလိုက် စုပြုံပြီး နေထိုင်ကြရ သူများ ထက် နေရာ ပို၍ ကျယ်ကျယ်ဝန်းဝန်း နေထိုင်ရနိုင်ပါသည်။ ယမန်နှစ်များတွင် မြန်မာနိုင်ငံရှိ အခြေအနေများ တိုးတက်ကောင်းမွန်လာပြီး လူအများစုသည် ၎င်းတို့၏ မူလ နေရပ်များဖြစ်သော ကျေးရွာများသို့ ပြန်ခွင့်ရနိုင်မည့် အခြေအနေ ပေါ်ပေါက်ခဲ့ပြီး မျှော်လင့်ချက်များ ရှိလာ ခဲ့ပါသည်။ ထိုအချိန်မှ စ၍ လူ့အခွင့်အရေးချိုးဖောက်မှုများ ပို၍ များပြားလာခဲ့ပြီး ယာယီဖြေရှင်းနည်း အဖြစ်သာ ရည်ရွယ်ထားခဲ့သည့် စခန်းများသည် လည်း ကြာရှည် ထားရှိဖို့ ဖြစ်လာခဲ့ပါသည်။

ရခိုင်တွင် ဖြစ်နေသည့် အခြေအနေများသည် ရှည်လျားကြာမြင့်သည့် ပဋိပက္ခ ပုံစံမျိုးဖြစ်လာခဲ့ပြီး ထိခိုက်ခံစားရသည့် သူများ အတွက် လူနေမှုဘဝအခြေအနေများ ယိုယွင်းလာနေသလို လူ့အခွင့်အရေး ချိုးဖောက်မှုများကြောင့် ပြင်းထန်သည့် ထိခိုက်မှုများ ရှိလာနေပါသည်။

မြန်မာနိုင်ငံအစိုးရ (GoM) ၏ ဒေသတွင်း ငြိမ်းချမ်းရေး တည်မြဲစေနိုင်မည့် ဖြေရှင်းနည်းများ အတွက် မူဝါဒများ ချမှတ်ဆောင်ရွက်မှုမရှိခြင်းကြောင့် ရွှေ့ပြောင်း နေထိုင်ရသည့် ပုံစံအနေအထားများသည် ပို၍ရှည်ကြာလာ နိုင်သည် ဆိုသည်မှာ သိသာထင်ရှားလာခဲ့ပါသည်။ ၂၀၁၉ ခုနှစ် နိုဝင်ဘာလ တွင် မြန်မာနိုင်ငံ အစိုးရသည် စခန်းများ ပိတ်သိမ်းရန် ရည်မှန်းသည့် နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံချက် ကို နိုင်ငံတကာ အသိုင်းအဝိုင်း နှင့် မျှဝေခဲ့ပြီး နေရပ်စွန့်ခွာရွှေ့ပြောင်းနေရသူ (IDPs) များ အတွက် နေရပ်ပြန်နိုင်ရေး နှင့် ပြန်လည်နေရာချထား နိုင်ရေး အပြင် IDP စခန်းများ "ပိတ်သိမ်း" ရန် အတွက် အစိုးရ ၏ အစီအစဉ်များ ပါဝင်ခဲ့ပါသည်။ အဆိုပါ မဟာဗျူဟာ စီမံချက် တွင် လုပ်ဆောင်မည့် လုပ်ငန်းစဉ်များ အတွက် ထောက်ပံ့ကြေးမည်မျှ ထည့်သွင်း ပါဝင်မည် ဆိုသည်တို့ကို တိတိကျကျ ဖော်ပြထားခြင်း မရှိသလို မိမိတို့ နေထိုင်ခဲ့စဉ်ကလို အခြေအနေ မရှိတော့ သည့် ကျေးရွာများ သို့ "ပြန်" ရမည့် သူများ ကြုံတွေ့ရနိုင်သည့် မြေယာ အငြင်းပွားမှု ပြဿနာများ အား ဖြေရှင်းပေးမည့် အချိန်ကာလ အပိုင်းအခြား ကိုလည်း တိကျရှင်းလင်းစွာ ဖော်ပြထားခြင်းမရှိပါ။ စခန်းဟောင်း နေရာများ ၏ အနီးရှိ နေရာအသစ်တွင် ဆောက်ပေးထားသည့် မိသားစု တစ်စုချင်းစီအလိုက် အိမ်နေရာများ သို့ ရွှေ့ပြောင်းစေပြီးနောက် ရခိုင်ပြည်နယ် ရှိ စခန်းအများစုကို "ပိတ်သိမ်း" ကြောင်းကြေငြာခဲ့ပါသည်။ ထိုနည်းဖြင့် "စခန်းများပိတ်သိမ်းခြင်း" ကို လုပ်သည့် အခါတွင် စခန်းတွင်းနေထိုင်ကြသူများ ၏ ဆန္ဒသဘောထားများ အတွက် အသေအချာ ဆွေးနွေး တိုင်ပင်ခြင်း မရှိခဲ့သလို၊ နေရာသစ်သို့ ရွှေ့မလား သို့မဟုတ် မရွှေ့ဘူးလား ဆိုသည့် ရွေးချယ်စရာမှ လွဲ၍ အခြား ရွေးချယ်ခွင့် များ မပေးခဲ့ပါ။ ထိုနေရာအသစ်များကို စခန်းများ ဟု ခေါ်ဆိုခြင်း မပြုတော့သော်လည်း ထိုနေရာများသို့ ရွှေ့ပြောင်းပေးခဲ့ရသည့် ရိုဟင်ဂျာများ အတွက် အခြေအနေ များသည် ထူးထူးခြားခြား ပြောင်းလဲသွားခြင်းမရှိပါ။ ရခိုင်ပြည်နယ် အနှံ့အပြားတွင် ဖြစ်ပေါ်နေသည့် လုံခြုံရေး ဆိုင်ရာ အခက်အခဲ ပြဿနာများ အပြင် သွားလာခွင့် ကန့်သတ်ခံရခြင်း၊ နိုင်ငံသားဖြစ်ခွင့်မရှိခြင်း၊ မိမိတို့ နေရပ်ဒေသများ မှ စွန့်ခွာထွက်ပြေးခဲ့ရသော ရိုဟင်ဂျာများ အတွက် မိမိတို့၏ မူလ နေရပ်ဌာနေများသို့ ရေရှည်တည်မြဲပြီး မိမိစိတ်သဘောအရ ဂုဏ်သိက္ခာ ရှိစွာ ဖြင့် နေရပ်ပြန်နိုင်ရေး သို့မဟုတ် မပြန်ရန် ဆုံးဖြတ်ပိုင်ခွင့် ရရှိရေး စသော ပဋိပက္ခ၏ အရင်းခံ အကြောင်းအရင်းများ ကို ကိုင်တွယ်ဖြေရှင်းရန် ထူးခြားသည့် စိန်ခေါ်မှုများ ကြုံတွေ့နေရခြင်းကြောင့် ထိုရည်မှန်းချက်များ မကြာမီ ဖြစ်လာရန် မှာ မလွယ်ကူနေပေ။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် လည်း သန်းချီသည့် ဒုက္ခသည်များကို လက်ခံထားရသဖြင့် ဝန်ပိ နေခြင်းကြောင့် မြန်မာနိုင်ငံ နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အာဏာပိုင်များသည် နယ်စပ်ဒေသတွင် အသစ်တည်ဆောက် ထားမည့် လူသား မဆန်သောထိန်းချုပ်ကန့်သတ်မှုများ ဖြင့် ပြည့်နှက်နေသည့် စခန်းများ အတွင်းသို့ ရိုဟင်ဂျာများအား ရွှေ့ပြောင်းနေထိုင်ကြရန် အတင်းအဓမ္မ တွန်းအားပေးလာ နိုင်ပါသည်။

ရခိုင်လူမျိုး ဗုဒ္ဓဘာသာဝင်များသည် ရိုဟင်ဂျာများ နည်းတူ ကန့်သတ်ချက်များ နှင့် လူ့အခွင့်အရေးချိုးဖောက်မှု များကို အများအပြား မကြုံတွေ့ရသော်လည်း ဗမာ လူမျိုးကြီးစိုးသည့် ပြည်ထောင်စု အစိုးရပေါ်တွင် သမိုင်းကြောင်းအရ နာကြည်း မကျေနပ်ချက်များ ရှိနေပါသည်။[7] ရခိုင်ပြည်နယ် တွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပိုမိုရရှိရန် တိုက်ပွဲဝင်နေသော ရခိုင်လက်နက်ကိုင်တပ်ဖြစ်သည့် ရက္ခိုင့်တပ်တော် (AA) နှင့် မြန်မာ စစ်တပ် ကြားတွင် တိုက်ပွဲများသည် ၂၀၁၈ ခုနှစ် နောက်ပိုင်းတွင် ပို၍ များပြားလာခဲ့ပါသည်။ ထို တိုက်ပွဲများ ကြောင့် ၂၀၂၀ နှစ်ကုန်ပိုင်း ထိ ရရှိထားသည့် ဒေတာ များအရ ရခိုင်ပြည်နယ် အလယ်ပိုင်း၊ မြောက်ပိုင်း နှင့် ချင်းပြည်နယ် များ မှ လူဦးရေ ၉၀,၀၀၀ ခန့်သည် နေရပ်စွန့်ခွာ ထွက်ပြေးခဲ့ကြရပါသည်။ မြန်မာ စစ်တပ်သည် ရက္ခိုင့် တပ်တော် (AA) ကို ထောက်ခံသည် ဆိုသည့် စွပ်စွဲချက်များဖြင့် ကျေးရွာသူ/ရွာသားများအား စုပေါင်း နှိပ်စက် အပြစ်ပေးခြင်း၊ ရခိုင်လူမျိုးတို့၏ ကျေးရွာများအား ဖျက်စီးခြင်း၊ မြေမြှုပ်မိုင်းများ ကို အသုံးပြုခြင်း နှင့် အခြား သောပုံစံဖြင့် အခွင့်အရေး ချိုးဖောက်မှုများ ကျူးလွန်ခဲ့သည့် သတင်းအစီရင်ခံစာများ ထွက်ပေါ်လာခဲ့သလို ဗဟို အစိုးရ ၏ နှစ်ပေါင်းဆယ်စုများစွာကြာအောင် လျစ်လျူရှုထားခြင်းများကြောင့် ရခိုင်လူထု နှင့် မြန်မာ စစ်တပ် ကြားတွင် တင်းမာမှုများ ပိုမိုမြင့်တက်လာခဲ့ပါသည်။ ထိုဖြစ်စဉ်များကြောင့် မြန်မာ စစ်တပ်အား ဘုံရန်သူအဖြစ် ရှုမြင်လာခဲ့ခြင်းကြောင့် ရခိုင်လူမျိုး ဗုဒ္ဓဘာသာဝင်များ နှင့် အစ္စလာမ်ဘာသာဝင် ရိုဟင်ဂျာ နှင့် ကမန်လူမျိုး များကြားတွင် ရှိနေခဲ့သည့် ရန်လိုမုန်းထားစိတ်များသည် မရည်ရွယ်ပါဘဲ အတိုင်းအတာ တစ်ခုထိ ဖြေလျော့လာ ခဲ့ပါသည်။ ထိုပြင် ရက္ခိုင့်တပ်တော် (AA) မှလည်း ၎င်းတို့သည် ရိုဟင်ဂျာများ အပါအဝင် ရခိုင်ပြည်နယ်တွင်းရှိ လူမျိုးတိုင်းအတွက် တိုက်ပွဲဝင်ပေးနေခြင်းဖြစ်ကြောင်း ရှင်းပြပြီး စည်းလုံးမှုကို ဖော်ပြထားသည့် ထုတ်ပြန် ကြေငြာချက်များစွာကို ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံရောက် ရိုဟင်ဂျာ ဒုက္ခသည်များမှ လည်း နေရပ်စွန့်ခွာ ရွှေ့ပြောင်းကြရသည့် ရခိုင်လူမျိုးများအတွက် ပံ့ပိုးနိုင်ရန် ရံပုံငွေရှာဖွေပေးသည့် အစီအစဉ်များ လုပ်ဆောင်ပေးခဲ့ပါသည်။

မြန်မာနိုင်ငံ ၏ ဗဟိုအစိုးရသည် နေရပ်စွန့်ခွာလာရသူ ရခိုင်လူမျိုးများ အတွက် လူသားချင်းစာနာထောက်ထား မှု အကူအညီများ ပေးဖို့ ခွင့်ပြုပေးရန် နှောင့်နှေးခြင်း ကြောင့် ရခိုင်လူထု သည် ဗဟို အစိုးရ နှင့် မြန်မာ စစ်တပ်ပေါ် တွင် ပို၍ ဒေါသဖြစ် လာခဲ့ကြပါသည်။ မြန်မာနိုင်ငံ ရှိ ပဋိပက္ခ အမျိုးမျိုးကို ကြုံတွေ့နေရသူများ အတွက် တုံ့ပြန်ဆောင်ရွက်ပေးနေသော လူသားချင်းစာနာထောက်ထားမှု အကူအညီပေး သူများ သည် ထိခိုက်ခံစား ရသူများ ထံသို့ ရောက်ရန် ဆောင်ရွက်ရသည့် ပုံစံများသည် တည်ငြိမ်မှု မရှိလို့ အလွန် အချိန်ကုန် ပင်ပန်းခက်ခဲပြီး ဗျူရိုကရက်တစ် ဆန်ဆန် ထိန်းချုပ်မှုများ အလွန်များပါသည်။ ၂၀၁၆ ခုနှစ် နှင့် ၂၀၁၇ ခုနှစ် တွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများ နောက် လူသားချင်းစာနာ ထောက်ထားမှု အကူအညီ ပေးရေး အဖွဲ့ များသည် ရိုဟင်ဂျာ လူထု နှင့် လပေါင်းများစွာ အဆက်အသွယ်ပြတ်သွားခဲ့ပါသည်။ ၂၀၁၇ ခုနှစ် တွင် အသစ်ပြဋ္ဌာန်းခဲ့သည့် အဖွဲ့အစည်းအတွက် နည်းဥပဒေများ အရ စခန်း စစ်ဆေးရေးဂိတ်များကို ဖြတ်သန်း သွားလာနိုင်ရန် အတွက် ဝန်ထမ်းတိုင်းသည် ခရီးသွားလာခွင့်ပြုမိန့် (TAs) များ ကို လျှောက်ထားဖို့ လိုအပ်လာ ပါသည်။ TA လျှောက်ထားသည့် အခါတွင် စခန်းတွင်း လုပ်မည့် အစီအစဉ်များ အသေးစိတ်ကို ရှင်းပြပေးထား သည့် စာရွက်စာတမ်းများ အပြင် ဘက်စုံပါဝင်သည့် အစီအစဉ်စာရွက်များကို ပါ ထည့်သွင်းတင်ပြပေး ရပြီး အခြား အစိုးရ ဌာန အများအပြား၏ ခွင့်ပြုချက်များလည်း လိုအပ်ပါသေးသည်။ ထိုအချိန် တွင် ထုတ်ပေးသည့် TA များသည့် (၂) ပတ်သာ အတည်ဖြစ်ပြီး အဖွဲ့အစည်းအများစု ၏ အဆိုအရ ထို ကာလသတ်မှတ်ချက် ကို လည်း အာဏာပိုင်များ ၏ သဘောဆန္ဒအတိုင်း အလျှင်းသင့်သလို ပြောင်းလဲထုတ်ပြန်နေခဲ့ပါသည်။ နောက်ပိုင်း တွင် TA ၏ ကာလ သတ်မှတ်ချက်ကို တစ်လ အထိ တိုးမြှင့်ပေးခဲ့ပြီး TA လျှောက်ထားရန် လိုအပ်သည့် သတ်မှတ်ချက်များသည် လည်း ပို၍ များလာခဲ့ပါသည်။ ထိုအခါ စခန်းတွင်း လုပ်ငန်းများ ဆက်လက် လုပ်ကိုင် လိုသည့် အဖွဲ့အစည်းများ အတွက် အလုပ်တာဝန် များ ပိုများလာစေပါသည်။

ရခိုင်တွင် အလုပ်လုပ်နေသည့် နိုင်ငံတကာ အသိုင်းအဝန်း နှင့် မြန်မာနိုင်ငံအစိုးရ ကြား ပူးပေါင်းညှိနှိုင်း ဆောင်ရွက်မှု များသည် လည်း သိသိသာသာ လျော့ကျလာခဲ့ပါသည်။ အစိုးရ သည် အသွားအလာ နှင့် ဆက်သွယ်မှု များကို ဆက်၍ ကန့်သတ်ခဲ့ခြင်းကြောင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေး နိုင်မှု သည် နည်းပါးလာခဲ့ပြီး ပရိုဂရမ်များ အား အကောင်အထည်ဖော်ဆောင်ရွက်ရန် မလိုအပ်သည့် အပို စိန်ခေါ် ချက်များကိုလည်း ကြုံတွေ့လာရစေပါသည်။ ခရီးသွားလာခွင့် (TA) များ လျှောက်ထားရာတွင် ရှုပ်ထွေးသည့် လုပ်ငန်းစဉ်များ လုပ်ရခြင်း၊ အချို့နေရာများအား သွားလာခွင့် လုံးဝ ပိတ်ပင်ထားခြင်း တို့အပြင် ရခိုင်ပြည်နယ် ၏ မြို့နယ်အများစု တွင် ၁၄ လ ကြာမြင့်ခဲ့သည့် အရှည်ကြာဆုံး အင်တာနက် ပိတ်ပင်မှုကို လုပ်ဆောင်ခဲ့ ပြန်ပါ သည်။ ယခုလက်ရှိချိန်တွင် ရက္ခိုင့်တပ်တော် AA ၏ လုပ်ငန်းများ ကို နှောင့်နှေးစေရန် ရည်ရွယ်ပြီး မြို့နယ် (၈) မြို့နယ်တွင် ဖုန်းဆက်သွယ်ရေးကို 2G သာ ဖွင့်ထားပေးထားပါသည်။ ထိုသို့တားမြစ် ပိတ်ပင်မှုများကြောင့် တိုက်ပွဲများဖြစ်ပွားနေပြီး၊ ကမ္ဘာ့ကပ် ရောဂါ ဖြစ်ပွားနေသည့် အချိန်တွင် အရေးကြီးသည့် သတင်းအချက် အလက်များကို တစ်သန်းကျော်သော အရပ်သား ပြည်သူများ သည် မရရှိဘဲ ဖြစ်ခဲ့ပါသည်။ ထိုအပြင် ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID-19) ကို ကိုင်တွယ်ရန် အတွက် အစိုးရ ၏ တုံ့ပြန်ပုံများကြောင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးနေသူများ သည် ဝန်ဆောင်မှုများ အထူးသဖြင့် အသက်ကယ်နိုင် သည့် ဝန်ဆောင်မှုများကို မပေးနိုင်ဘဲဖြစ်ခဲ့ရပါသည်။ ထိုအပြင် လူသားချင်းစာနာထောက်ထားမှု အကူအညီ ပေးနိုင်မည့် အခွင့်အလမ်းများသည် ပို၍ သာ နည်းပါးလာခဲ့ပါသည်။ ဥပမာ နိုင်ငံခြားသား ဝန်ထမ်း များ အတွက် ဧပြီလ ၂၀၂၀ မှစ၍ ခရီးသွားလာခွင့် ထုတ်ပေးခြင်းကို ဆိုင်းငံ့ခဲ့ပါသည်။ နှစ်ပေါင်းများစွာ အတွင်း ရခိုင်ပြည်နယ် တွင် လုပ်ကိုင်နေသည့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးနေသော အဖွဲ့အစည်းများ (နိုင်ငံတကာမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ နှင့် ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့အစည်းများ) နှင့် အစိုးရ အာဏာပိုင်များ၊ ရခိုင်လူထုများ ကြား ဆက်ဆံရေးများသည် ကသောင်းကနင်း နိုင်ခဲ့ပါသည်။ INGO အဖွဲ့အစည်းများ နှင့် ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့အစည်းများ အား ဆန့်ကျင်သည့် သဘောထားများ သည် ပြင်းထန်လာခဲ့ပြီး စစ်တွေမြို့ရှိ နိုင်ငံတကာ အဖွဲ့အစည်းပေါင်း (၃၀) ကျော် အား ၂၀၁၄ ခုနှစ် မတ်လ တွင် တိုက်ခိုက်ခဲ့ကြခြင်းကြောင့် စစ်တွေမြို့မှ INGO အဖွဲ့အစည်းများသည် ယာယီ ရွှေ့ပြောင်းခဲ့ကြရပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ INGO အဖွဲ့အစည်း များသည် ရိုဟင်ဂျာ လူထုကို သာ အများအပြား အကူအညီပေးနေပြီး ရခိုင်လူထု အား ပံ့ပိုးမှုများ မပေးခဲ့ခြင်းကြောင့် ဖြစ်သည် ဟု ဆိုကာ INGO အဖွဲ့အစည်းများ အား ရခိုင်ပြည်နယ် အစိုးရ မှ ပြစ်တင် ဝေဖန်ခဲ့ပါသည်။ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးသည့် သဘောသဘာဝ ပေါ်တွင် နားလည်မှု လွဲခဲ့ကြောင်း ထိုဖြစ်စဉ်များက ရှင်းလင်းစွာဖော်ပြနေခဲ့ပါသည်။ သို့သော် ရခိုင်လူမျိုး ဗုဒ္ဓဘာသာဝင်များ နှင့် အပြန်အလှန် လေးစားနားလည်မှု ရှိသည့် ဆက်ဆံရေးတည်ဆောက်ရန် နိုင်ငံတကာ အသိုင်းအဝိုင်းမှ ပျက်ကွက်ခဲ့ခြင်း ဖြစ်သည် ဆိုသည့် အစိုးရ၏ သုံးသပ် ဝေဖန်ချက်များ ကို သဘောတူညီ၍ အဖွဲ့အစည်း အများစုမှ ထိုပြစ်တင်ဝေဖန်မှုကို လက်ခံခဲ့ပါသည်။ ထိုအချိန်မှ စ၍ UN နှင့် INGO အဖွဲ့အစည်းများသည် လည်း "ပဋိပက္ခ ဖြစ်နိုင်ခြေများကို ထည့်သွင်းစဉ်းစားသော" ချဉ်းကပ်နည်းများဖြင့် လုပ်ဆောင်ခဲ့ပြီး ရခိုင်လူမျိုး အသိုင်းအဝိုင်းများ အတွက် ဝန်ဆောင်မှုများကိုလည်း တိုးချဲ့လုပ်ဆောင်ပေးခဲ့ ပါသည်။.[8] ထိုသို့လုပ်ဆောင်ပေးခြင်းကြောင့် လူသားချင်း စာနာထောက်ထားမှု အကူအညီပေးရေး အဖွဲ့အစည်းများ အတွက် အခြေအနေများ သည် တည်ငြိမ်လာခဲ့ပြီး အချိန်အတိုင်းအတာတစ်ခုထိ ၎င်းတို့ အား ဆက်လက်၍ လုပ်ကိုင်ရန် လက်ခံပေးခြင်း သို့မဟုတ် သည်းခံခွင့်ပြုပေးထားစေခဲ့ပါသည်။

7 Fieldview Solutions. (June 2018). Time to Break Old Habits: Shifting from Complicity to Protection of the Rohingya in Myanmar. https://www.fieldviewsolutions.org/fv–publications/Time_to_break_old_habits.pdf\

8 Fieldview Solutions. (June 2018). Time to Break Old Habits: Shifting from Complicity to Protection of the Rohingya in Myanmar. https://www.fieldviewsolutions.org/fv–publications/Time_to_break_old_habits.pdf

နေရပ်စွန့်ခွာရမှုများ၊အသွားအလာ ကန့်သတ်မှုများ၊ ခွဲခြားဆက်ဆံမှုများ အခြေခံဝန်ဆောင်မှုများ မရရှိခြင်း စသည် တို့ဆက်လက်ဖြစ်နေမှုကြောင့် စခန်းများတွင် ဘေးဒဏ်ခံရပ်နိုင်စွမ်း နှင့် တုံ့ပြန်ရင်ဆိုင်နိုင်စွမ်းများ ကို ကျဆင်းလာစေပြီး ရိုဟင်ဂျာ နှင့် ကမန်လူထု ၏ ယခင် ရှိထားသည့် လူမှုအသိုင်းအဝိုင်း ၏ ဖွဲ့စည်းတည်ရှိမှုပုံစံများ နှင့် အင်အား တို့ကို ပုံပျက်လာစေပါသည်။ ထိုအချက်များကြောင့် စခန်းတွင်း အုပ်ချုပ်စီမံရေးအပိုင်းတွင် များစွာ ခက်ခဲစေပါ သည်။ စခန်း တစ်ခု ချင်းစီ ၏ တရားဝင် ကိုယ်စားလှယ်များ နှင့် ခေါင်းဆောင်များ အဖြစ် စခန်းတွင်း စီမံခန့်ခွဲရေး ကော်မတီများ (CMCs) များကို တစုံတရာ လုပ်ခ၊လခ ပေးခြင်း မရှိသည့် ရာထူးတာဝန်များ အဖြစ် အစိုးရ အာဏာပိုင်များ မှ ဖွဲ့စည်းပေးခဲ့ပါသည်။ စခန်းတွင်း အခွင့်အာဏာ အရှိဆုံး သူများ အဖြစ် CMC ကော်မတီ အဖွဲ့ဝင်များကို လူထုမှ အသိအမှတ်ပြုထားပေးပါသည်။သို့သော် လူအများစု သည် CMC ကော်မတီဝင်များကို ကြောက်ရွံ့ရခြင်း၊ ၎င်းတို့ ၏ အကြံဥာဏ်များ၊ စိုးရိမ်မှုများ ကို လွတ်လပ်စွာ တင်ပြနိုင်ခြင်း မရှိသလို ကော်မတီဝင်များသည် အခွင့်အာဏာကို အလွဲသုံးစားပြုမှုများ ရှိနေကြောင်းကို အများစုက ပြောဆိုလာ ကြပါသည်။ အစိုးရသည် ၂၀၁၉ ခုနှစ် တွင် အမျိုးသမီး CMC ကော်မတီဝင်များ ကို ပထမဆုံးအကြိမ် အစိုးရမှ ခန့်အပ် ပေးခဲ့သော်လည်း အဆိုပါ အမျိုးသမီးများ သည် ကော်မတီ အတွင်း လွှမ်းမိုးနိုင်စွမ်း သို့မဟုတ် ဆုံးဖြတ်ချက်ချ နိုင်သည့် အခွင့်အာဏာ မရှိကြကြောင်းကို အများစုက သဘောပေါက်နားလည်ထားပါသည်။ ထိုအချက်သည် အရေးကြီးပါသည်။ အဘယ်ကြောင့်ဆိုသော် CMC ကော်မတီ ပေါ်တွင် လူထု ၏ ယုံကြည်မှု မရှိနေ သော်လည်း ဝန်ဆောင်မှုများ အတွက် ဒီဇိုင်းပုံဖော်ခြင်း၊ လုပ်ဆောင်ပေးခြင်း၊ ချိတ်ဆက် ဆက်သွယ်ခြင်း စသည် တို့ တွင် CMC သည် အခွင့်အာဏာ ရှိသည့် နေရာတွင် ရှိနေသည့်အပြင် ကျား၊မ အခြေပြုအကြမ်းဖက်မှု (GBV) မျိုးကဲ့သို့ အငြင်းပွားဖွယ်ရာ ကိစ္စရပ်များ ကို ဦးဆောင်ဖြေရှင်း ပေးသည့် လုပ်ငန်းစဉ်များ အတွက် တာဝန် ရှိသည့် နေရာတွင် ရှိနေပါသည်။

တဖက်တွင် မူ ဘာသာရေးခေါင်းဆောင်များ သည် လူထု ၏ ယုံကြည်လေးစားမှုကို ခံရပြီး အစိုးရအာဏာ ပိုင်များ သို့မဟုတ် CMC များထက် ပို၍ လွှမ်းမိုးနိုင်စွမ်း မြင့်မားပါသည်။ အဆောင်ခေါင်းဆောင်များ သည်လည်း လူထု ၏ ယုံကြည်အားကိုးမှု ကို ခံရပြီး လူထုကလည်း ၎င်းတို့ ကြုံရသည့် အခက်အခဲများကို တိုင်ကြားပြောပြန်ရန် အဆင်ပြေ ကြောင်းပြောပြကြပါသည်။ အဖွဲ့အစည်းများမှ ခန့်ထားသည့် စခန်းအခြေစိုက် ဝန်ထမ်းများ နှင့် စေတနာ့ဝန်ထမ်း များသည်လည်း စခန်းများ နှင့် ကျေးရွာများပေါ်တွင် လွှမ်းမိုးနိုင်စွမ်းရှိကြပါသည်။ သို့သော်လည်း အထက်ဖော်ပြ ပါ အဓိကလွှမ်းမိုးနိုင်သူများသည် စခန်းတွင်း ကိစ္စရပ်များအတွက် ဆုံးဖြတ်ချက်ချနိုင်သည့် အခွင့်အာဏာ မရှိကြပါ။

စခန်းတွင်း အာဏာပိုင်သူ နှင့် အခွင့်အာဏာရှိသူအဖြစ် CMC ကော်မတီဝင်များ နှင့် အစိုးရအာဏာပိုင်များ ကို သတ်မှတ်ထားခြင်းကြောင့် ၎င်းတို့သည် အဓိက တာဝန်ယူလုပ်ဆောင်ပေးသူများ ထက် လူသားချင်း စာနာထောက်ထားမှု အကူအညီများ ပေါ်တွင် ထိန်းချုပ်လွှမ်းမိုးနိုင်စွမ်းရှိနေကြပါသည်။ ဝန်ဆောင်မှုများပေးရန် မှာ INGO များ ၏ တာဝန်အဖြစ် သတ်မှတ်ထားပါသည်။ အစိုးရ အာဏာပိုင်များ ၏ ဝန်ထမ်းကိုယ်စားလှယ် များသည် စခန်းတွင်း ဆိုင်ကလုံးမုန်တိုင်း သတိပေးချက်များ လာပေးရန် နှင့် အထက်လူကြီးများထံသို့ အချက်အလက်များအစီရင်ခံရန် ဒေတာများ ကောက်ယူသည့် အချိန်မှ လွဲ၍ စခန်းတွင်း တွင် မရှိတတ်ကြပါ။

အတိတ်သမိုင်းတွင်သာမက ယခုချိန်ထိ ပညာရေးအခွင့်အလမ်းများ နှင့် ရှင်သန်နေထိုင်ရန်အတွက် ဦးစားပေး အခွင့်အလမ်းများ ရယူနိုင်မှုတို့ကို ငြင်းပယ်ခံထားရခြင်းကြောင့် စခန်းတွင်းနေထိုင်ကြသူများ ၏ စာတတ်မြောက်မှုနှုန်းသည် ပညာရေးအညွှန်းကိန်းများ ထက် နိမ့်ကျနေပါသည်။ ၂၀၁၉ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် DRC ၏ သုတေသန စစ်တမ်းအရ အမျိုးသား ၆၃.၅% နှင့် အမျိုးသမီး ၇၂% သည် မည်သည့် ဘာသာစကား နှင့်မျှ ရိုးရင်းသည့် စာကြောင်းများကို မရေးနိုင် သို့မဟုတ် မဖတ်နိုင်ကြပါ။[9]

ထိခိုက်လွယ်သည့် အုပ်စုများဖြစ်သည့် သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ အမျိုးသမီးများ နှင့် မိန်းကလေး ငယ်များသည် စခန်းတွင်း၌ ပိုမိုကြီးမားသည့် အတားအဆီးအခက်အခဲများနှင့် ရင်ဆိုင်ကြရပါသည်။ ပဋိပက္ခများနှင့် ဘေးအန္တရာယ်များ နှင့် ဆက်စပ်၍ ထိခိုက်မှုများကြောင့် ပဋိပက္ခများ ဖြစ်နေခြင်း၊ နေရပ်စွန့်ခွာရခြင်းနှင့် လူသားချင်းစာနာထောက်မှု အကူအညီပေးရန် လိုအပ်သည့် အရေးပေါ်အခြေအနေများ ဖြစ်နေခြင်း၊ နှင့် ဝန်ဆောင်မှုများ မရရှိနိုင်ခြင်းတို့ကြောင့် မသန်စွမ်းဖြစ်မှုနှုန်းများသည် အလွန်မြင့်မားနေပါသည်။ ထိုအခြေအနေ သည် စစ်တွေစခန်းများ တွင် ဖြစ်နေခြင်းဖြစ်ပြီး စခန်းတွင်း မသန်စွမ်းဖြစ်မှုနှုန်းသည် နိုင်ငံတော် အဆင့် ပျမ်းမျှနှုန်းထက် မြင့်မားနေပါသည်။ လူမြင်ကွင်း မှ ပုန်းကွယ်နေရခြင်း သို့မဟုတ် အများသုံးနေရာများတွင် ပြုလုပ်သည့် ဆွေးနွေးတိုင်ပင်မှုများတွင် မပါဝင်နိုင်ခြင်းတို့ကြောင့် ဝန်ဆောင်မှုပေးသူအများစု သည် မသန်စွမ်းသူများ ကို ထည့်သွင်းရန် “မမြင်နိုင်” ပဲရှိနေပါသည်။ ဂျန်ဒါစံနှုန်းများသည် အသက်အရွယ်၊ ဘဝစက်ဝန်းတွင် တွေ့ကြုံရသည့် အပြောင်းအလဲများ အထူးသဖြင့် မိန်းကလေးငယ်များသည် ပျိုဖော်ဝင်သည့် အချိန်ကာလ နှင့် ဆက်စပ် နေပါသည်။ ရခိုင်ပြည်နယ် နှင့် မြန်မာ နိုင်ငံ ရှိ စခန်းတွင်း နေထိုင်နေရသော အမျိုးသမီးများ သည် ခေါင်းဆောင်နေရာများ ရယူခြင်း၊ ခေါင်းဆောင် များ နှင့် ချိတ်ဆက် ပြောဆိုနိုင်ခြင်း အပြင် လူထု အကျိုး နှင့် ဆိုင်သည့် ဆုံးဖြတ်ချက်များ ချရာ တွင် လွှမ်းမိုးနိုင်စွမ်း စသည့် တို့ လုပ်ဆောင်ရန် အတားအဆီးဖြစ်စေသည့် လူမှုယဉ်ကျေးမှုစံနှုန်းများ၊ လူမှုဖွဲ့စည်းပုံ အကန့်အသတ်များကို ရင်ဆိုင်ကြရပါသည်။[10] အသက်မွေးဝမ်းကြောင်းအခွင့်အလမ်းများ မလုံလောက်ခြင်း၊ အကူအညီများ ကို လုံလုံလောက်လောက် မရနိုင်ခြင်း အပြင် ယိုယွင်းလာသည့် လူနေမှုဘဝပုံစံများကြောင့် ကျား၊မ ဖြစ်တည်မှု ပေါ် အခြေခံ၍ အကြမ်းဖက်မှု (GBV) များ သည် တိုးမြင့်ပြီး ဖြစ်ပွားနေကြောင်း အစီရင်ခံစာများမှ အသားပေး ဖော်ပြ ထားကြပါသည်။ အကြမ်းဖက်ခံရမည်ကို ကြောက်ရွံ့နေရခြင်းကြောင့် အမျိုးသမီးများ နှင့် မိန်းကလေးငယ် များ ၏ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးပေါ်တွင် ပြင်းထန်သည့် ထိခိုက်မှုများ ဖြစ်စေပြီး လူမှုရေး အစီအစဉ်များ၊ ပညာရေးအစီအစဉ်များ တွင် မပါဝင်နိုင်ခြင်း အပြင် ဝန်ဆောင်မှုများကို မရယူနိုင်သည့် အခြေအနေထိဖြစ်စေပါသည်။ စခန်းတွင်း ရှိ လေးပုံတစ်ပုံသော အိမ်ထောင်စုများသည် အမျိုးသမီးဦးဆောင် သည့် အိမ်ထောင်စုများဖြစ်ပြီး အမျိုးသမီးများ ၏ သွားလာလှုပ်ရှားမှုကို ယဉ်ကျေးမှုအရ တားမြစ် ကန့်သတ် ထားခြင်းကြောင့် အရေးကြီးသည် ဝန်ဆောင်မှုများရယူရန် အတားအဆီးများဖြစ်စေပြီး အလုပ်သမားအဖြစ် အလုပ်လုပ်ရန် အတားအဆီးဖြစ်စေခြင်း အပြင် အမျိုးသမီးများ သည် အမျိုးသားများထက် ဝင်ငွေလုပ်ခ ပိုနည်းပြီး ရရှိခြင်း တို့ကြောင့် အမျိုးသမီး အိမ်ထောင်စုများ သည် ဝင်ငွေပို၍နည်းပါးကြပါသည်။[11]

9 Danish Refugee Council. (July 2019). Information Needs Study: Sittwe and Pauktaw IDP Camps.

10 Price, C. for INGO Rakhine Initiative. (June 2018). Gender and Age Analysis: Sociocultural and Structural Barriers to Essential Services

.

11 Price, C. for INGO Rakhine Initiative. (June 2018). Gender and Age Analysis: Sociocultural and Structural Barriers to Essential Services.


Bhutan
India
China
Bangladesh
Dhaka
Myanmar
Cox's Bazar
Sittwe
Naypyitaw
Thailand
Yangon
Cities
Capital
Cox's Bazar district
Rakhine State
100 Km

## ၁.၃ OXSI ၏ ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေး နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး (WASH) အစီအစဥ်

အော့စ်ဖန်း (Oxfam) နှင့် Solidarites International (SI) အဖွဲ့ နှစ်ဖွဲ့ လုံးသည် မြန်မာနိုင်ငံတွင် လုပ်ကိုင်ဖူးသည့် အတွေ့အကြုံရှိကြသည့် အဖွဲ့အစည်းများ ဖြစ်ကြပါသည်။ Oxfam သည် ၂၀၀၈ ခုနှစ် တွင် မြန်မာနိုင်ငံ ၌ စတင် ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး ၂၀၁၃ ခုနှစ် တွင် ရခိုင်ပြည်နယ်၌ စတင်ခဲ့ပါသည်။ SI အဖွဲ့သည် ဆိုင်ကလုံး နာဂစ် ဖြစ်ခဲ့ ပြီး ၂၀၀၈ ခုနှစ်နောက်ပိုင်းတွင် မြန်မာနိုင်ငံ၌ စတင်လုပ်ကိုင်ခဲ့ပြီး ၂၀၁၀ ခုနှစ်တွင် ဖြစ်ခဲ့သည့် ဆိုင်ကလုံး ဂီရိ ပြီးနောက်တွင် ရခိုင်ပြည်နယ်၌ စတင် လုပ်ကိုင်ခဲ့ပါသည်။ ထိုအပြင် Oxfam နှင့် SI အဖွဲ့သည် မြန်မာနိုင်ငံ တွင် အစီအစဥ်များကို ပူးပေါင်းလုပ်ဆောင်သည့် ခိုင်မာသော ဆက်ဆံရေးနှင့် သမိုင်းကြောင်း ရှိထားပါသည်။ ထို့ပြင် စစ်တွေတွင် ၂၀၁၄ ခုနှစ်မှ စ၍ နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေး ဌာန (DFID) နှင့် လူသားချင်း စာနာထောက်ထားမှု နှင့် ဘေးဒဏ်ခံရပ်နိုင်မှုဆိုင်ရာ ပရိုဂရမ် (HARP) တို့ ၏ ထောက်ပံ့ပေးမှုများ ဖြင့် ယခု ပရိုဂရမ်မတိုင်မီ WASHအစီအစဥ်များ အား Oxfam နှင့် SI အဖွဲ့တို့သည် ပူးပေါင်းအဖွဲ့အဖြစ် စတင် လုပ်ဆောင်ခဲ့ပါသည်။ ထိုအပြင် ၂၀၁၃ ခုနှစ် မှ စ၍ WASH ဆိုင်ရာ စည်းရုံးလှုံ့ဆော်မှုများကို ပူးပေါင်းစုစည်း လုပ်ဆောင်ခဲ့ပါသည်။

ရခိုင်ပြည်နယ် ရှိ လူသားချင်းစာနာထောက်ထားမှု တုံ့ပြန်ဆောင်ရွက်ရေး အစီအစဥ်များအား ပူးပေါင်း ဆောင်ရွက်ခြင်း နှင့် စေ့စပ်သေချာမှုရှိသည့် လိုအပ်ချက်စိစစ်ချက်စစ်တမ်းများ အရ စစ်တွေမြို့နယ်တွင်း ရှိ ကျေးရွာများ နှင့် စခန်းများ တွင် နေထိုင်နေကြရသော နေရပ်စွန့်ခွာလာရသူ ရိုဟင်ဂျာ၊ကမန် နှင့် ရခိုင်လူမျိုး စုစုပေါင်း ၉၇,၆၄၇ တို့ အတွက် ဝန်ဆောင်မှုများပေးရန် ၂၀၁၇ခုနှစ် စက်တင်ဘာလ မှ စ၍ Oxfam နှင့် SI ၏ ပူးပေါင်းအဖွဲ့အသစ်ကို စတင်ခဲ့ပါသည်။ ယခု ပူးပေါင်းအဖွဲ့ အား "OXSI" ၏ WASH အစီအစဥ် ဟု ရည်ညွှန်းခေါ် ဆိုကာ ၃ နှစ်တာ ကြာမြင့်သည့် ပုံစံ ဒီဇိုင်းအဖြစ် ရေးဆွဲခဲ့ပြီး နောက်ပိုင်းတွင် ၂၀၂၁ ခုနှစ်ထိ သက်တမ်းကို တိုးမြှင့်ပေး ခဲ့ပါသည်။ ပူးပေါင်းအဖွဲ့၏ ပထမ (၃) နှစ်တာ ကာလ တွင် ဤ ဝန်ဆောင်မှုကို လုပ်ဆောင် ပေးခဲ့ခြင်းဖြစ်ပါသည်။

ဤအစီအစဥ် ၏ အဓိက ရည်မှန်းချက်မှာ အခြေခံ လိုအပ်သည့် WASH ဝန်ဆောင်မှုများဆောင်ရွက်ပေး ပြီးနောက် လူထုမှ ဦးစီးစီမံခန့်ခွဲသည့် WASH အစီအစဥ်များအဖြစ်သို့ စတင်ပြောင်းလဲနိုင်ရန်၊ WASH ဝန်ဆောင်မှု အချို့ အား ရပ်ရွာအခြေပြုလူ့အဖွဲ့အစည်း၊ ပုဂ္ဂလိက ကဏ္ဍ နှင့်/သို့မဟုတ် အစိုးရဌာန ဆိုင်ရာများထံသို့ လွှဲပြောင်းပေး နိုင်ရန် နှင့် ရပ်ရွာလူထု ၏ ဘေးဒဏ် ကြံ့ကြံ့ခံနိုင်စွမ်း ကို မြှင့်တင်ပေးရန်ရည်ရွယ်ပါသည်။ ထိုအပြင် ပရိုဂရမ် သည် ဘေးကင်းစိတ်ချ ရသည့် သောက်သုံးရေ ရရှိရေး၊ ဂုဏ်သိက္ခာ နှင့် အညီ သင့်တော်မှု ရှိသည့် မိလ္လာနှင့် သန့်ရှင်းရေးဝန်ဆောင်မှုများ ဖြစ်သည့် မစင် မိလ္လာအညစ်အကြေးများ အား ဖယ်ရှင်းပေးခြင်း၊ သန့်စင်ပေးခြင်း၊ စွန့်ပစ်ပေးခြင်း၊ အစိုင်အခဲ အမှိုက်များအား စီမံခန့်ခွဲပေးခြင်း၊ ရေမြောင်းများအား ပြုပြင် ထိန်းသိမ်းပေးခြင်း နှင့် တစ်ကိုယ်ရည်ကျန်းမာရေး အပြုအမူများ အား အပြုသဘောဆောင်သည့် ပြောင်းလဲမှုများ ဖြစ်လာစေရန် မြှင့်တင်လုပ်ဆောင်ပေးခြင်းစသည်တို့ကို အဓိက ထား လုပ်ဆောင်ပေးပါသည်။ ဤ ပရိုဂရမ် တွင် အဆိုပါ ရည်မှန်းချက်များ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် ရည်ရွယ် သလို လူထုနှင့် ချိတ်ဆက်လုပ်ဆောင်မှုကို တိုးမြှင့်ရန်၊ အခြေခံ အဆောက်အအုံများ အပေါ်ပိုင်ဆိုင်မှု စိတ်ထား များ ကို တည်ဆောက်ပေးရန် နှင့် အဆုံးသတ် တွင် WASH အခြေခံ အဆောက်အအုံများ နှင့် ဝန်ဆောင်မှုများ အား ရပ်ရွာလူထု ထံသို့ သို့မဟုတ် ဒေသခံအာဏာပိုင် အဖွဲ့အစည်းများ ထံ သို့ လွှဲပြောင်းပေးနိုင်ရန် ရည်ရွယ်ပါသည်။ ထိုအပြင် ဤ ပရိုဂရမ် မှ လုပ်ဆောင်သည့် အစီအစဥ် အားလုံး တွင် တာဝန်ယူမှုတာဝန်ခံမှုရှိခြင်း၊ ကာကွယ် စောင့်ရှောက်မှုပေးခြင်း၊ ဂျဲန်ဒါ တို့ကို ထောင့်ပေါင်းစုံမှ ထည့်သွင်းစဥ်းစားဆောင်ရွက်သွားရန် ရည်ရွယ်ပါသည်။ အခြေခံ အဆောက်အအုံများ အား ထိန်းသိမ်းသည့် အခါတွင် ကိုယ်ပိုင် ကိုယ်ဆိုင်စိတ်ဖြင့် ထိန်းသိမ်းလုပ်ဆောင်ခြင်းဖြင့် ကျန်းမာသန်စွမ်း၊ ငြိမ်းချမ်းသာယာပြီး စည်းလုံး ညီညွတ်သဟဇာတဖြစ်သည့် ရပ်ရွာဝန်းကျင် ဖြစ်လာစေရန် နှင့် တာဝန်ခံ၍ တာဝန်ယူ လုပ်ဆောင်ပေးမည့် အစိုးရ သို့မဟုတ် ပုဂ္ဂလိက လုပ်ငန်းရှင်များထံမှ ဝန်ဆောင်မှုများအား လက်ခံရယူနိုင် လာစေရန် စစ်တွေရှိ ရေရှည်ကြာမြင့်နေသော နေရပ်စွန့်ခွာရမှု အခြေအနေများ တွင် လူထု၏ ဘေးဒဏ် ခံရပ်နိုင်စွမ်း အတွက် ရေရှည် မျှော်မှန်းချက်များ ကို OXSI မှ ဖော်ပြထားပါသည်။ ဤ ပရိုဂရမ် ၏ အခြေအနေ အရ ခံရပ်နိုင်စွမ်းဟု ဆိုရာတွင် နိုင်ငံတကာလူသားချင်း စာနာထောက်ထားမှု အကူအညီပေးသည့် အဖွဲ့အစည်းများ မှ ပံ့ပိုးပေးသော WASH ဝန်ဆောင်မှု အစီအစဥ် များပေါ်တွင် မှီခိုအားထားရာမှ ရပ်ရွာလူထု သည် ပိုင်ရှင်စိတ်ဓာတ်ရှိလာကာ မိမိတို့ ကိုယ်တိုင်စီမံခန့်ခွဲပြီး ဆုံးဖြတ်နိုင်စွမ်းရှိစွာဖြင့် ကိုယ်ပိုင်အုပ်ချုပ်စီမံနိုင်မှု ရှိလာသည့် လူမှုအသိုင်းအဝန်းအထိ ဖြစ်လာအောင် လူထု၏ စွမ်းဆောင်မှုများကို မြှင့်တင်ပေးနိုင်ရန် ရည်မှန်းပါသည်။ ထိုကြောင့် ပရိုဂရမ်၏ အကျိုးခံစားခွင့်ရှိသူများ နှင့် လူမှုဝန်းကျင် တစ်ခုလုံး သည် WASH ဝန်ဆောင်မှုများအား ၎င်းတို့ဘာသာ ပြုပြင်ထိန်းသိမ်းပြီး စီမံလည်ပတ်နိုင်စေရန် အတွက် ၎င်းတို့၏ စွမ်းဆောင် နိုင်စွမ်းများ၊ စိတ်ဓာတ်ခွန်အားများ၊ ရင်းမြစ်များ ရှိလာစေခြင်းဖြင့် ပရိုဂရမ် ၏ ခံရပ်နိုင်စွမ်း ဆိုင်ရာ ရေရှည် မျှော်မှန်းချက်များ တွင် ပံ့ပိုးနိုင်စေရန် ရည်မှန်းပါသည်။ ထိုအပြင် ၎င်းတို့ ကိုယ်တိုင် နှင့် ၎င်းတို့မိသားစု၏ တစ်ကိုယ်ရည်ကျန်းမာရေး ဆိုင်ရာ အတွက် တာဝန်ယူ လုပ်ဆောင်တတ်နိုင် လာစေရန် နှင့် အပြုသဘောဆောင် သည့် အပြုအမူပြောင်းလဲခြင်းမှ တဆင့် ပတ်ဝန်းကျင် နှင့်ဆိုင်သော တစ်ကိုယ်ရေသန့်ရှင်းရေး နှင့် ရပ်ရွာတွင်း ပတ်ဝန်းကျင် သန့်ရှင်းရေးတို့တွင် တက်ကြွစွာ ပါဝင်ကူညီနိုင်လာစေရန် ရည်ရွယ်ပါသည်။

ပရိုဂရမ် ၏ အစပိုင်းတွင် ကျေးရွာ နှင့် စခန်း စုစုပေါင်း (၂၂) ခု ဖြင့် စတင်ခဲ့ပြီး၊ အခြား WASH အဖွဲ့အစည်း မှ လွှဲပြောင်းပေးသည့် နေရာ (၃) ခုကို ထပ်ပေါင်း၍ ၂၀၁၉ ခုနှစ် တွင် စုစုပေါင်း (၂၅)နေရာ ဖြစ်လာခဲ့ပါသည်။ ထိုကြောင့် OXSI ၏ WASH အစီအစဥ် မှ ဝန်ဆောင်မှုပေးသူ ၁၀၀,၀၀၀ ကျော် ဖြစ်လာခဲ့ပါသည်။ အဆိုပါ နေရာများ တွင် အသွားအလာကန့်သတ်ထားသည့် နေရာအတွင်း မှ ရိုဟင်ဂျာ စခန်း (၉) ခု၊ ရိုဟင်ဂျာ ကျေးရွာ (၁၀) ရွာ နှင့် အသွားအလာကန့်သတ်ထားသည့် နေရာပြင်ပတွင် တည်ရှိသည့် ရခိုင် ဗုဒ္ဓဘာသာဝင်များ ၏ စခန်း (၃) ခု တို့ ပါဝင်ပါသည်။ စေ့စပ်သေချာမှုရှိသည့် လိုအပ်ချက် သုံးသပ်စိစစ်ချက်များကို အခြေခံ၍ နေရာ တစ်ခုစီတွင် ဝန်ဆောင်မှုများကို ပံ့ပိုးလုပ်ဆောင်ပေးပါသည်။

ရခိုင်ပြည်နယ် တွင် လုပ်ကိုင်ထားသည့် အတွေ့အကြုံများ၊ သက်ဆိုင်သည့် အားသာချက်များပေါ်တွင် အခြေခံ၍ Oxfam နှင့် SI တို့သည် WASH အစီအစဥ် ကို အတူတကွ ပူးတွဲဒီဇိုင်းရေးဆွဲခဲ့ပါသည်။ ပရိုဂရမ် ၏ အကျိုးဖြစ် မှု၊ အသုံးပြုသည့် ငွေကြေးအရ ထိုက်တန်သည့် ထိရောက်မှု၊ တာဝန်ယူမည့် သူများ ထံသို့ လွှဲပြောင်းနိုင်သည့် အခွင့်အလမ်းများ မြှင့်တင်နိုင်ရန် နှင့် ဆက်ဆံရေးကို မြှင့်တင်နိုင်ရန် အတွက် OXSI သည် ကျွမ်းကျင်သူများ ၏ ဝန်ဆောင်မှုပေးနိုင်မှု၊ ပထဝီအနေအထားပေါ်မူတည်၍တာဝန် များခွဲဝေနိုင်မှု တို့ အတွက် စီမံကိန်း အကောင် အထည် ဖော်ဆောင်သည့် စံပုံစံများကို ရေးဆွဲပေးနိုင်ခဲ့ပါသည်။ပရိုဂရမ် ၏ ရပ်ရွာလူထု အား စည်းရုံးလှုံ့ဆော် သည့် အပိုင်းတွင် ပါဝင်သည့် အပြုအမူများပြောင်းလဲစေရန် လုပ်ဆောင်ခြင်း၊ လွှဲပြောင်းပေးခြင်း၊ ကြံ့ကြံ့ခံနိုင်စွမ်း များကို တည်ဆောက်ပေးခြင်း၊နားထောင်ပေးခြင်း နှင့် တာဝန်ခံခြင်း စသည် တို့ကို စခန်း တစ်ခု သို့မဟုတ် ကျေးရွာ တစ်ခု ဆီအတွက် အဖွဲ့အစည်းတစ်ခု ဆီ မှ ဦးစီးဆောင်ရွက်ပေးပါသည်။ အဆိုပါ လုပ်ဆောင်မှုများ အတွက် ပထဝီအနေအထား၊ စခန်း/ကျေးရွာများ နှင့်ဆိုင်ပြီး သိရှိထားသည့် အသိပညာများ၊ လက်ရှိလုပ်နေနိုင် သည့် စီမံကိန်း အစီအစဥ် ဝန် အားပေါ်မူတည်၍ခွဲဝေပေးပါသည်။

- SI သည် WASH အခြေခံအဆောက်အအုံ များ အတွက် တာဝန်ယူထားပြီး WASH ၏ စက်ပစ္စည်း များအား အဆင့်မြှင့်တင်ခြင်း နှင့် စံသတ်မှတ်ပေးခြင်း၊ WASH အခြေခံအဆောက်အအုံများ အတွက် အရေးကြီးသည့် အကြီးစား ပြင်ဆင်မှုများ အား ဆောင်ရွက်ပေးခြင်း တို့အတွက် တာဝန်ယူထား ပါသည်။
- SI သည် မိလ္လာစနစ် စီမံခန့်ခွဲရေး စက်ဝန်းဖြစ်သည့် မိလ္လာကျင်းရှင်းခြင်း၊ သယ်ပို့ပေးခြင်း နှင့် သန့်စင် ပေးခြင်းတို့ကို လုပ်ဆောင်ပေးရန် တာဝန်ယူပေးထားပါသည်။
- Oxfam သည် ရေအရည်အသွေး စစ်ဆေးပေးခြင်းတို့ကို လုပ်ဆောင်ပေးရန် တာဝန်ယူထားပါသည်။
- Oxfam သည် စောင့်ကြည့်လေ့လာခြင်း၊ သုံးသပ်စစ်ဆေးခြင်း၊ တာဝန်ခံခြင်း နှင့် သင်ယူလေ့လာခြင်း (MEAL) ဆိုင်ရာလုပ်ငန်းများကို လုပ်ပေးခြင်း၊ ဂျဲန်ဒါကို လုပ်ငန်းဆောင်ရွက်ရာတွင် ဘက်ပေါင်းစုံမှ ထည့်သွင်းစဥ်းစားစေခြင်း၊ အပြုအမူများ ပြောင်းလဲစေရန် လုပ်ဆောင်ပေးခြင်း၊ရပ်ရွာလူထု နှင့် ချိတ်ဆက်လုပ်ဆောင်ပေးခြင်း တို့ လုပ်ဆောင်ရန် ပူးပေါင်း အဖွဲ့တွင် ဦးဆောင်ပေးရန် တာဝန်ယူထားပါသည်။

ပရိုဂရမ် ၏ တစိတ်တပိုင်းအနေဖြင့် တိုင်ကြားမှုများအား တာဝန်ခံတုံ့ပြန်ဆောင်ရွက်ပေးခြင်းဆိုင် ရာ အသိပညာများ တိုးမြှင့်လာစေရန်၊ နှစ်ဖက်ဆက်သွယ်ရေးရှိစေရန်၊ တာဝန်ခံမှု အားကောင်းလာစေရန် တို့ အတွက် Internews နှင့် OXSI သည် ပူးတွဲလုပ်ဆောင်ခဲ့ပါသည်။ ထိုအကြောင်းအရာကို အခန်း (၇) တွင် ရှင်းလင်းပြောပြပေးထားပါသည်။ ထို့အပြင် အစီအစဥ် တွင် ပါဝင်သည့် အချို့ စီမံကိန်းများ အတွက် UN အမျိုးသမီးအဖွဲ့၊ ယူနီဆက်ဖ် အဖွဲ့၊ အက်ကို အဖွဲ့ (ECHO)၊ ရော့ခါဖယ်လာ ဖောင်ဒေးရှင်း နှင့် စင်တာဒေခရိုက်စ် (Centre de Crisis) တို့ထံမှ ပူးတွဲပံ့ပိုးမှုများ သို့မဟုတ် ပူးပေါင်းဆောင်ရွက်မှုများကို OXSI မှ လက်ခံရရှိခဲ့ပါသည်။

OXSI ပူးပေါင်းအဖွဲ့ အား ပဲ့ကိုင်ကော်မတီ မှ ထိန်းချုပ်စီမံခန့်ခွဲပြီး အဆိုပါ ကော်မတီတွင် Oxfam နှင့် SI အဖွဲ့အစည်း တို့ ၏ နိုင်ငံအခြေစိုက်ဒါရိုက်တာ များ ပါဝင်ပြီး ပူးပေါင်းအဖွဲ့ အတွက် မန်နေဂျာတို့ပါဝင်ပါသည်။ထို့အပြင် ပရိုဂရမ်အား စီမံခန့်ခွဲရေး ယူနစ်တွင် ပါဝင်သည့် အဓိက ရာထူးတာဝန်များဖြစ်သော WASH ပရိုဂရမ် မန်နေဂျာ (စက်ပစ္စည်းများ)၊ (ရပ်ရွာလူထု နှင့် ဦးဆောင်ချိတ်ဆက်ပေးသူ) WASH စေ့စပ်ညှိနှိုင်းရေးတာဝန်ခံ၊ ဂျဲန်ဒါ နှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးတာဝန်ခံ၊ MEAL ဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးတာဝန် ခံ၊ နှင့် အစိုးရ နှင့် ဆက်ဆံရေး ပိုင်းတွင် ချိတ်ဆက်ညှိနှိုင်းရေးဆိုင်ရာ အတိုင်ပင်ခံ ရာထူးတို့ကို စီမံခန့်ခွဲရန် ပူးပေါင်းအဖွဲ့ ၏ မန်နေဂျာ မှတာဝန်ယူပေးပါသည်။

## OXSI ၏ ချဥ်းကပ်လုပ်ဆောင်နည်းများ

စစ်တွေစခန်းများတွင် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး လုပ်ဆောင်ပေးနေသည့် အဖွဲ့အစည်း များ ၏ အခန်းကဏ္ဍ နှင့် လုပ်ဆောင်ပုံများသည် ဦးတည်လူထု အပေါ် သက်ရောက်နေသည့် အကြောင်း အရာများ နှင့် ရှိနေပြီးသည့် အခွင့်အာဏာ ဆိုင်ရာ ကွာဟမှု များအား တန်ပြန်တိုက်ထုတ် ရန် သို့မဟုတ် အတည်ပြုထောက်ခံပေးရန် အထိ အားကောင်းသည့် သက်ရောက်မှုများ ရှိနိုင်ပါသည်။ လူသားချင်းစာနာ ထောက်ထားမှု အကူအညီများဖြင့် တုံ့ပြန်ဆောင်ရွက်ရာတွင် Do No Harm ချဥ်းကပ်နည်း နှင့် ကာကွယ် စောင့်ရှောက်ရေး မူဝါဒများကို အပြည့်အဝ ထည့်သွင်းလုပ်ဆောင်ဖို့လိုပါသည်။ အစီအစဥ် ၏ စီမံကိန်းများ အား အကောင်အထည်ဖော်ဆောင်ရွက်သည့် အခါတွင် ရပ်ရွာတွင်း ချိတ်ဆက်လုပ်ဆောင်မှုများ၊ ဂျဲန်ဒါကို ထည့်သွင်းစဥ်းစားမှု၊ တာဝန်ယူမှု တာဝန်ခံမှုရှိခြင်း၊ စည်းရုံးလှုံ့ဆော်မှုများလုပ်ခြင်း နှင့် မူဝါဒချမှတ်ပြီး ချဥ်းကပ်လုပ်ဆောင်မှုများ စသည်တို့ကို ထောင့်ပေါင်းစုံမှ ထည့်သွင်းလုပ်ဆောင်ရန် အတွက် OXSI ပရိုဂရမ် မှ ရည်မှန်းထားပါသည်။

**လူထု နှင့် ချိတ်ဆက်လုပ်ဆောင်မှု** - ယခင် ပရိုဂရမ် တွင် လူသားချင်းစာနာထောက်ထားမှု အကူအညီ ပေးသည့် အခါတွင် ဦးတည်ရည်မှန်းသည့် လူထု ၏ လိုအပ်ချက်များ၊ နေထိုင်မှုပုံစံ၊ အပြုအမူများကို သိရှိအောင် လုပ်ဆောင်ခြင်း သိပ်မရှိခဲ့ဘဲ ယခင်ထုံးစံအတိုင်း အပေါ် မှ အောက်သို့ ပေးသည့် ချဥ်းကပ်နည်းဖြင့်သာ အကူအညီများကို ပံ့ပိုးပေးခဲ့ပါသည်။ OXSI ၏ ပရိုဂရမ်ကို မစတင်မီ လူထု နှင့် သုံးသပ်စိစစ်ချက်များ ပြုလုပ် ခဲ့ပြီးနောက် ၎င်းတို့သည် လူမှုအသိုင်းအဝန်း နှင့် မသက်ဆိုင်ကဲ့သို့ ခံစားရပြီး လုံလောက်သည့် သတင်းအချက် အလက်များကို မရရှိကြကြောင်း ပြောပြခဲ့ကြပါသည်။ ထို့အပြင် အိမ်သာများကို အဆင့်မြှင့်ခြင်း သို့မဟုတ် ပြုပြင်ခြင်းတို့လုပ်သည့်အခါတွင် ၎င်းတို့ နှင့် တိုင်ပင်ဆွေးနွေးခြင်း မရှိခဲ့ကြဟု ဖြေဆိုသူ ၏ တဝက်ကျော် မှ ပြန်၍ ပြောပြကြပါသည်။ ထို့ကြောင့် လူမှုဝန်းကျင်တွင် နေထိုင်နေကြသည့် လူထု နှင့် ယုံကြည်မှုတည် ဆောက်ရန်၊ မျှဝေရန် နှင့် ချိတ်ဆက်စကားပြောဖို့ လမ်းကြောင်းများ ဖွင့်ပေးရန် အရေးတကြီး လိုအပ်လာ ကြောင်းကို ရှာဖွေတွေ့ရှိခဲ့ပါသည်။ ထို့ကြောင့် OXSI သည် အထက်ဖော်ပြပါ အခြေအနေတို့ကို ဖြေရှင်း နိုင်ရန် အတွက် ရပ်ရွာလူထု နှင့် သီးသန့်ချိတ်ဆက်ဆောင်ရွက် သည့် အစီအစဥ်များ (အပိုင်း ၄.၁ ကို ရှု) တို့ကို ဆောင်ရွက်ရန် အတွက် ရပ်ရွာလူထု နှင့် ချိတ်ဆက်ဆောင်ရွက်ရေး နည်းဗျူဟာ (1A လူထုအား စေ့စပ်ညှိနှိုင်းခြင်းဖြင့် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ခြင်း မဟာဗျူဟာ) ကို ရေးဆွဲပြီး အကောင်အထည် ဖော်ဆောင်ခဲ့ပါသည်။ ထို့အပြင် (အခန်း ၂၊ ၃၊ ၅ နှင့် ၆ တွင်ပါဝင် သည့်အတိုင်း) အခြေခံအဆောက်အဦးများ အား ဒီဇိုင်းရေးဆွဲခြင်း၊ နေရာရှာဖွေခြင်း၊ ဆောက်လုပ်ခြင်း နှင့် ပြုပြင် ခြင်းတို့ လုပ်သည့် အခါတွင် ရပ်ရွာနှင့်ချိတ်ဆက်လုပ်ဆောင်မှုကို သေချာထည့်သွင်း လုပ်ဆောင်ရန် ရည်ရွယ်ပါသည်။ ထို့မှုမက အဆိုပါ နည်းဗျူဟာသည် လူထု အချင်းချင်း၊ သက်တူ/အုပ်စုတူ အချင်းချင်း ချဥ်းကပ်လုပ်ဆောင်သည့် နည်းလမ်းများ ဖြင့် အပြုသဘောဆောင်သော အပြုအမူပြောင်းလဲမှုများ ကို မြှင့်တင်နိုင်ရန် အတွက် ပုံမှန် တစ်ကိုယ်ရည်ကျန်းမာရေး အသိပညာပေး အစီအစဥ်များကို လုပ်ဆောင်သွားရန် နှင့် (အခန်း ၄ တွင် ဖော်ပြထားသည့်) ရပ်ရွာတွင်း ခေါင်းဆောင်မှု နှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့အတွက် အသားပေးလုပ်ဆောင်ရန် ရည်ရွယ်ပါ သည်။ အဓိကအားဖြင့် ရပ်ရွာတွင်းချိတ်ဆက်လုပ်ဆောင်မှု နည်းဗျူဟာ ဆိုသည်မှာ လူမှုဝန်းကျင်တွင် နေထိုင်ကြသည့် လူထု ဘက်မှ ပြောလာသည့် လိုအပ်ချက်များ၊ စိုးရိမ်မှုများ တို့ကို တက်ကြွစွာ နားထောင်ပေးခြင်း၊ တုံ့ပြန်ပေးခြင်း နှင့် စည်းရုံး လှုံ့ဆော်ပေးခြင်းဖြစ်ပါသည်။

**ဂျဲန်ဒါ** - ပဋိပက္ခများ နှင့် အခြား ကပ်ဘေးအန္တရာယ်များ ကိုကြုံတွေ့ရသည့် အခါ အမျိုးသမီး နှင့် အမျိုးသား တို့ ပေါ် သက်ရောက်မှုသည် မတူညီကြကြောင်းကို သိရှိထားသည့်နည်းတူ Oxfam နှင့် SI အဖွဲ့အစည်း နှစ်ဖွဲ့လုံး ၏ အဓိက တန်ဖိုးမှာ ကျား၊မ (ဂျဲန်ဒါ) တန်းတူညီမျှမှု ဖြစ်သည့် အတွက် OXSI ၏ စီမံကိန်းအစီအစဥ် များ အားလုံးတွင် ကျား၊မဖြစ်တည်မှုပေါ်အခြေခံသည့် လူမှုအမြင်များ (ဂျဲန်ဒါ) ကို ထောင်ပေါင်းစုံမှ ထည့်သွင်း စဥ်းစားရန် ရည်မှန်းထားပါသည်။ OXSI ၏ ဂျဲန်ဒါ နည်းဗျူဟာ (1B ကျား/မ ရေးရာဆိုင်ရာ မဟာဗျူဟာ) ကို ရေးဆွဲ ပြီး ဂျဲန်ဒါ သုံးသပ် စိစစ်ချက်ကို ကောက်ယူပြီးနောက် ပရိုဂရမ် ၏ အစီအစဥ်တိုင်း တွင် ပါဝင်သော ဆုံးဖြတ်ချက်ချမှတ် သည့် လုပ်ငန်းစဥ်များ တွင် အမျိုးသမီးများ နှင့် မိန်းကလေးငယ်များ အား တက်ကြွစွာပါဝင်နိုင်စေမည့် အခွင့်အလမ်းများ ပိုမိုများပြားလာစေရန် နှင့် ၎င်းတို့ ၏ ဘေးကင်း လုံခြုံမှု၊ သီးခြားလိုအပ်ချက်တို့ကို ဦးစား ပေးစဥ်းစားပေးနိုင်သော ကျား၊ မ (ဂျဲန်ဒါ) တန်းတူညီမျှမှုကို ချိတ်ဆက်ဆောင်ရွက်နိုင်စေဖို့ အကြံပြု ချက်များ ပေးခြင်း၊ သင်တန်းများပေးခြင်းတို့ကို WASH အဖွဲ့ နှင့် အတူပူးပေါင်းပြီး ဂျဲန်ဒါ နှင့် ကာကွယ် စောင့်ရှောက်ရေး ဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးတာဝန်ခံမှ လုပ်ဆောင်သွားပါမည်။ ထိုဆောင်ရွက်ချက်ဥပမာများ ကို အခန်း (chapter) တိုင်းတွင် “တန်းတူညီမျှမှုကို အဓိကထားခြင်း၊ ဂျဲန်ဒါ/ကျား၊မရေးရာ၊ ကာကွယ်စောင့်ရှောက်မှု နှင့် အားလုံးပူးပေါင်း ပါဝင်နိုင်စေခြင်း” ခေါင်းစဥ်တပ်၍ ဇယားဖြင့် ဖော်ပြပေးထားပါသည်။

**တာဝန်ယူမှုတာဝန်ခံမှု** - အောင်မြင်သော လူသားချင်းစာနာထောက်ထားမှု ပရိုဂရမ်တိုင်း အတွက် အရေးကြီးသော အစိတ်အပိုင်းမှာ တာဝန်ယူမှု တာဝန်ခံမှုရှိခြင်းပင် ဖြစ်ပါသည်။ လူထု နှင့် ချိတ်ဆက်ဆောင်ရွက်သော အစီအစဥ်များအား လူထု နှင့် မကြာခဏ တွေ့ဆုံပြီး မတူကွဲပြားစွာ ဆောင်ရွက်ခြင်း၊ (အပိုင်း ၇.၂ နှင့် ၇.၃ တွင်ပါဝင်သည့်) တိုင်ကြားချက် တစ်ခုချင်းအား စီမံခန့်ခွဲခြင်း၊ ထိလွယ်ရှလွယ်သော လျှို့ဝှက်ထားရမည့် တိုင်ကြားချက်များ နှင့် ဘေးကင်း လုံခြုံစေရန် ထိန်းသိမ်းပေး စရာများ အတွက် သီးခြား စနစ် တစ်ခု ထားရှိခြင်း စသည့် စနစ်များ ပါဝင်သည့် တိုင်ကြားချက်များအား တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းစဥ် (CRM) ကို ဖော်ဆောင်ခြင်း၊ (အပိုင်း ၇.၅ တွင် ပါဝင်သည့်) တာဝန်ယူမှုတာဝန်ခံမှု လုပ်ငန်းစဥ်များအား မြှင့်တင်ပေးခြင်း၊ အပိုင်း (၇.၇) တွင် ပါဝင်သည့် ရပ်ရွာလူထု ၏ အကြံပြုချက်များ ကို စဥ်ဆက်မပြတ် သုံးသပ်ခြင်း၊ လိုက်လျောညီပြောင်းလဲပေးခြင်း စသည်တို့ ကို OXSI မှ အသားပေးလုပ်ဆောင်ပေးပါသည်။

**စည်းရုံးလှုံ့ဆော်မှု** - ဤ ပဋိပက္ခ ၏ သဘောသဘာဝသည် ထိလွယ်ရှလွယ်ဖြစ်သည့် အတွက် ပရိုဂရမ်တွင် လုပ်ဆောင်ထားသည့် စည်းရုံးလှုံ့ဆော်မှုအပိုင်းကဏ္ဍများအား ဤ လက်စွဲစာအုပ်တွင် အသေးစိတ်ဖော်ပြထား ခြင်းမရှိပါ။ သို့သော် နိုင်ငံတကာ၊ ပြည်တွင်း၊ ဒေသတွင်း ကွန်ယက်များ၊ အဖွဲ့အစည်းများ နှင့် ချိတ်ဆက်ပြီး စုပေါင်း၍ စည်းရုံးလှုံ့ဆော်မှုအတွက် အားစိုက်ထုတ် လုပ်ဆောင်ခြင်း၊ ထိခိုက်ခံစားနေရသူ လူထု ၏ အသံကို မြှင့်တင်ပေးခြင်း တို့အပြင် လူ့အခွင့်အရေး ချိုးဖောက်မှုဖြစ်သည့် ဤ ပဋိပက္ခအဆုံးသတ် နိုင်ရေးအတွက် စည်းရုံးလှုံ့ဆော်ပေးခြင်း တို့ကို Oxfam နှင့် SI အဖွဲ့အစည်း နှစ်ရပ်လုံးမှ နည်းလမ်း အမျိုးမျိုးဖြင့် လုပ်ဆောင် ပေးနေပါသည်။ ရခိုင်ပြည်နယ်အဆင့် စည်းရုံးလှုံ့ဆော်မှုများ တွင် WASH အဆောက်အအုံဒီဇိုင်းများ နှင့် စီမံကိန်းအတွက် ချဥ်းကပ် ဆောင်ရွက်ပုံများ အရည်အသွေးမြင့်မားစေရန် စံသတ်မှတ်ပေးခြင်း၊ ရပ်ရွာလူထု အပေါ်တွင် တာဝန်ခံမှု ကို တိုးမြှင့်ပေးခြင်း၊ စခန်းတွင်း WASH ဝန်ဆောင်မှုများအတွက် လုပ်ကိုင်ပေးနေသည့် အဖွဲ့အစည်းများ ကြားတွင် ရှင်းလင်းတိကျသည့် တာဝန်ခွဲဝေမှု ရှိစေရန် စေ့စပ်ညှိနှိုင်းဆောင်ရွက်ခြင်း နှင့် (နောက် အပိုင်းတွင် ဖော်ပြပါရှိသော) ကန်ထရိုက်တာများ အသုံးပြုခြင်းထက် တိုက်ရိုက်အကောင်အထည် ဖော်ဆောင်ရွက်ခြင်း တို့ကို လုပ်ဆောင်ပါသည်။ နိုင်ငံတော်အဆင့် စည်းရုံးလှုံ့ဆော်မှုများ ဆောင်ရွက် သည့် အခါတွင် လူသားချင်း စာနာထောက်ထားမှု ပရိုဂရမ်များကို အကောင်အထည်ဖော် ဆောင်ရွက် သည့် အခါတွင် မူဝါဒများ ချမှတ်၍ ချဥ်းကပ်လုပ်ဆောင်လာစေရန်၊ အစိုးရ ၏ စခန်းများ ပိတ်သိမ်းသည့် အစီအစဥ် အတွက် နည်းဗျူဟာ အပေါ် တုံ့ပြန်ရာတွင် လူသားချင်းစာနာထောက်ထားရေးအကူအညီပေးနေသည့် အဖွဲ့အစည်းများ အားလုံး ထံမှ တူညီသည့် အသံထွက်ပေါ်လာစေရန်၊ အသက်ကယ်နိုင်သည့် ဝန်ဆောင်မှုများ အား ဆက်၍ ပေးနိုင်ဖို့ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးနိုင်ခွင့် ဆက်လက်ရရှိစေရန်၊ ကာလကြာရှည် လာနေ သည့် ပဋိပက္ခများကြောင့် ထိခိုက်ခံစားနေရသူများ အတွက် ဂုဏ်သိက္ခာပြည့်ဝစေပြီး ကြာရှည်ခံနိုင်မည့် ဖြေရှင်းနည်းများ ကို တက်ကြွစွာရှာဖွေနိုင်ကြရန် နှင့် နိုင်ငံတကာစံချိန်စံနှုန်းများ နှင့် အညီ လုပ်ဆောင်လာ နိုင်စေရန် အစိုးရ နှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး လုပ်ဆောင်နေသည့် အဖွဲ့တို့သည် အတူတကွ စေ့စပ်ညှိနှိုင်း တုံ့ပြန်ဆောင်ရွက်လာစေရန် OXSI မှ စည်းရုံးလှုံ့ဆော်ပေးနေပါသည်။

**မူဘောင်ချမှတ်၍ ပရိုဂရမ်များ လုပ်ဆောင်မှု** - စခန်းတွင်းရှိနေသည့် အန္တရာယ် ရှိသော အခွင့်အာဏာ ကွာဟမှု ကို ပိုမိုဆိုးရွားလာခြင်း မရှိစေရန် အတွက် WASH ဝန်ဆောင်မှုများကို ဆောင်ရွက်ရာတွင် မူဝါဒများ ချမှတ်၍ ချဥ်းကပ်လုပ်ဆောင် လာစေရန် ဤ ပရိုဂရမ်မှ လိုက်နာ လုပ်ဆောင်နေသလို၊စည်းရုံးလှုံ့ဆော်မှုလည်း လုပ်နေ ပါသည်။ စစ်တွေ ရှိ စခန်းများတွင် WASH အဖွဲ့အစည်းများစွာ သည် လုပ်ငန်းများဆောင်ရွက်နေကြပြီး Oxfam နှင့် SI အဖွဲ့ နှစ်ဖွဲ့သည် သာ WASH အဆောက်အအုံများဆောက်လုပ်ရာတွင် ကန်ထရိုက်တာ များ ငှားရမ်းခြင်း မပြုပဲ ကိုယ်တိုင်ဆောက်လုပ်ပေးနေပါသည်။ ၂၀၁၇ ခုနှစ် မေလ တွင် ဝင်ရောက် တိုက်ခတ်ခဲ့သည့် ဆိုင်ကလုံး မုန်တိုင်း မိုရာ ပြီးနောက် WASH အစုအဖွဲ့များ ၏ သုံးသပ်စိစစ်ချက်ကို ကောက်ယူခဲ့သည့် အခါ ကန်ထရိုက် တာများ ငှား၍ ဆောက်လုပ်ခဲ့သည့် အဆောက်အအုံများ သည် WASH အဖွဲ့အစည်းများ ကိုယ်တိုင်ဆောက် လုပ်ပေး ထားသည့် အဆောက်အအုံများထက် အပျက်အစီး ပိုများနေသည် ကို တွေ့ရှိခဲ့ရပါသည်။ အစိုးရ မှ နေ၍ စိစစ်အတည်ပြုပေးထားသော ကန်ထရိုက်တာများ စာရင်းအား WASH ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်း များ ထံသို့ ပေးထားပါသော်လည်း အဆိုပါ ကန်ထရိုက်တာအားလုံးသည် ရခိုင်လူမျိုးများ ဖြစ်ကြသည့် အတွက် ၎င်းတို့သည် စခန်းတွင်း သို့လာရောက်၍ လုပ်ငန်း လုပ်ကိုင်လိုစိတ် မရှိကြပါ။ ထိုကြောင့် ၎င်းတို့ သည် လုပ်ငန်းများ လုပ်ရန် စခန်းတွင်း ကန်ထရိုက်များကို ထပ်၍ ငှားရမ်းခဲ့ကြပါသည်။ စခန်းတွင်း ကန်ထရိုက်တာ လုပ်နိုင်သူသည် လက်တစ်ဆုပ်စာမျှသာ ရှိပြီး အများစုသည် CMC ပေါ်တွင် အခွင့်အာဏာ လွှမ်းမိုးနိုင်စွမ်း ကြီးသည့် မြေပိုင်ရှင်များ သို့မဟုတ် CMC ကော်မတီဝင်များ ဖြစ်နေတတ်ပါသည်။ WASH အစုအဖွဲ့များ ဆိုင်ရာ သုံးသပ်စိစစ်ချက် စစ်တမ်းတွင် ကန်ထရိုက်တာများကို အသုံးပြုသည့် မိတ်ဖက် အဖွဲ့အစည်းများသည် လာဘ်ပေးလာဘ်ယူ မှုကို သွယ်ဝိုက်သောနည်းဖြင့် ပံ့ပိုးပေးသကဲ့သို့ ဖြစ်နေကြောင်း အသားပေးဖော်ပြ ထားပါသည်။ အကြောင်းမှာ စခန်းတွင်း ကန်ထရိုက်တာများသည် လုပ်ငန်းလုပ်နိုင်ရန် CMC ကော်မတီဝင်များ အား လာဘ်ပေးခြင်း နှင့် အလုပ်သမားများအား မမျှတသည့် လုပ်ခ သာပေးခြင်းတို့ကို လုပ်ဆောင်နေ၍ ဖြစ်ပါသည်။ စခန်းတွင်း ထပ်ဆင့် ငှားရမ်းထားသည့် ကန်ထရိုက်တာများ သည် အရည်အသွေးမကောင်းသည့် ပစ္စည်းများကိုသာ ဝယ်ယူအသုံးပြုပြီး ကျန်သည့် ငွေကို လာဘ်ပေးရန် အတွက် အသုံးပြုကြသောကြောင့် ကန်ထရိုက်တာများ ကို ငှားရမ်း၍ ဆောက်လုပ်သည့် အဆောက်အအုံများသည် အရည်အသွေးမပြည့်မှီပဲ ဖြစ်နေပါသည်။

OXSI သည် အဆောက်အအုံများတည်ဆောက်ရန် တိုက်ရိုက်ဆောင်ရွက်သော ကြောင့် ပရိုဂရမ် မန်နေဂျာများ နှင့် ဆောက်လုပ်ရေးအဖွဲ့သည် ဝယ်ယူထားသည့် ပစ္စည်းများ ကို စစ်ဆေးခြင်း၊ ဆောက်လုပ်သည့်အခါ အရည် အသွေးပြည့်မှီစေခြင်း အပြင် လုပ်သားများအတွက် သင့်တော်မျှတသည့် လုပ်ခပေးခြင်း တို့ ကို ကြီးကြပ် နိုင်လာစေပါသည်။ ကန်ထရိုက်တာများ အသုံးပြုသည့် အခါတွင် အသုံးပြုသည့် ငွေကြေးနှင့် ထိုက်တန်သည့် တန်ဖိုးရရှိမှု၊ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အန္တရာယ်များကို ထည့်သွင်းစဥ်းစားရခြင်း အပြင် အခြား အဖွဲ့အစည်း များမှ ကန်ထရိုက်တာများကို ဆက်လက်အသုံးပြုပါက CMC နှင့် မြေပိုင်ရှင်များ သည် WASH အဆောက်အအုံများ ဆောက်မည်ဆိုပါက ကန်ထရိုက်တာဖြင့် သာ ဆောက်ရမည် ဟူသည့် တောင်းဆိုချက် များဖြင့် OXSI ၏ လုပ်ငန်းများကို တားမြစ်လာတာမျိုး ကြုံတွေ့ခဲ့ရသည့် အတွက် အခြားအဖွဲ့ အစည်းများ သည်လည်း ကန်ထရိုက်တာများကို အသုံးမပြုပဲ တိုက်ရိုက်အကောင်အထည်ဖော်ဆောင်ရွက်ရန် OXSI မှ စဥ်ဆက်မပြတ်စည်းရုံးလှုံ့ဆော်ပေးနေပါသည်။ အချို့နေရာများ အထူးသဖြင့် ကန်ထရိုက်တာ အသုံးပြုသော အခြားအဖွဲ့အစည်းများ ရှိသည့် စခန်းများတွင် အဆောက်အအုံ အတွက် အသေးစားပြုပြင်မှုများ လုပ်ဆောင်ရန် အတွက် ပင် OXSI သည် လနှင့်ချီ၍ တားမြစ်ပိတ်ပင်ခံရတတ်ပါသည်။ နောက်ဆုံးတွင် CMC ကော်မတီဝင် များ၊ ရပ်ရွာတွင်း ခေါင်းဆောင်များ အား ရှင်းပြပေးခြင်း၊ ဆက်ဆံရေးကောင်းမွန်အောင် စဥ်ဆက်မပြတ် တည်ဆောက် ပေးခြင်း တို့ကို လုပ်ဆောင်ပေးခဲ့သည့် အတွက် OXSI သည် ဆောက်လုပ်ရေး များလုပ်သည့် အခါတွင် ကန်ထရိုက်တာ ငှားရမ်းရန်မလိုအပ်တော့ပဲ ကိုယ်တိုင် တိုက်ရိုက် ဆောက်လုပ် ပေးနိုင်လာပါသည်။

## အသုံးပြုထားသည့် စကားလုံး အတိုကောက်များ

**AA** – ရက္ခိုင့်တပ်တော်

**ACE** – စေ့စပ်ညှိနှိုင်းမှုဖြင့် လူထုဦးဆောင်ပါဝင်သော အကောင်ထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်းစဥ်

**ARSA** – အာရ်ကန် ရိုဟင်ဂျာ ကယ်တင်ရေး တပ်တော်

**BCT** – အမူအကျင့်ပြောင်းလဲရေးနည်းလမ်း

**BOQ** – ပစ္စည်းလိုအပ်မှုဆိုင်ရာခန့်မှန်းခြေကုန်ကျစာရင်း

**CCCM** – စခန်းတွင်း ပူးပေါင်းဆောင်ရွက်ရေး နှင့် စခန်းတွင်းစီမံခန့်ခွဲရေး

**CFL** – ကလေးပျော်အိမ်သာ

**CFU** – အဏုဇီဝဗေဒပညာ တွင် အစုအဖွဲ့များ ဖြစ်စေပြီး လေ့လာခြင်း

**CGI** – CGI သွပ်မိုးချပ်

**CMA** – စခန်းအတွင်းစီမံခန့်ခွဲရေးဆိုင်ရာနိုင်ငံတကာအဖွဲ့

**CMC** – စခန်းတွင်းစီမံခန့်ခွဲရေး ကော်မတီ

**COVID-19** – ကိုရိုနာဗိုင်းရပ်စ်ရောဂါ

**CRM** – တိုင်ကြားချက်များကို တုံ့ပြန်ကိုင်တွယ် သည့် လုပ်ငန်းစဥ်

**CwC** – ရပ်ရွာလူထု နှင့် ချိတ်ဆက်ခြင်း

**DFID** – နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဌာန

**E. coli** – အီကိုလိုင်း ပိုး (မစင်တွင် ပါဝင်သည့် ရောဂါညစ်ညမ်းမှုများကို တိုင်းတာ ပြပေးသည့် ပိုး)

**F2F** – မျက်နှာချင်းဆိုင်တွေ့ဆုံဆွေးနွေးခြင်း

**FGD** – ဦးတည်အုပ်စုဖွဲ့ဆွေးနွေးခြင်း

**FSM** – မစင်မိလ္လာအညစ်အကြေးများအား စီမံခန့်ခွဲခြင်း

**GoM** – မြန်မာနိုင်ငံတော်အစိုးရ

**HARP** – လူသားချင်းစာနာထောက်ထားမှု နှင့် ဘေးဒဏ်ခံရပ်နိုင်မှုဆိုင်ရာ ပရိုဂရမ်

**HBT** – ဟောပါ ရေတိုင်ကီ (Hopper Bottom Tank)

**HCD** – လူကိုဗဟိုပြု ချဥ်းကပ်ဆောင်ရွက်သော ဒီဇိုင်းပုံစံ

**ICJ** - အပြည်ပြည်ဆိုင်ရာတရားရုံး

**ICT** – သတင်းအချက်အလက် နှင့် ဆက်သွယ်ရေး နည်းပညာ

**IDP** – နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်ရသူများ

**IEC** – သတင်းအချက်အလက်၊ ပညာရေး နှင့် ဆက်သွယ်ရေး

**I/NGO** – နိုင်ငံတကာ/အစိုးရမဟုတ်သော အဖွဲ့အစည်းများ

**KAP** – ဗဟုသုတ၊ ခံယူချက်သဘောထားနှင့် အလေ့ထဆိုင်ရာစစ်တမ်း

**KII** – အဓိက သတင်းအချက်အလက် ပေးနိုင်သူများနှင့်တွေ့ဆုံဆွေးနွေးခြင်း

**MEAL** – စောင့်ကြည့်လေ့လာခြင်း၊ သုံးသပ်စစ်ဆေးခြင်း၊ တာဝန်ခံခြင်း နှင့် သင်ယူလေ့လာခြင်း

**MELF** – စောင့်ကြည့်လေ့လာခြင်း၊ သုံးသပ်စစ်ဆေး ခြင်း နှင့် သင်ယူလေ့လာခြင်း ဆိုင်ရာ မူဘောင်

**MHM** – အမျိုးသမီး ၏ ဓမ္မတာ နှင့်ဆိုင်သော တစ်ကိုယ်ရည် သန့်ရှင်းရေးဆိုင်ရာ စီမံခန့်ခွဲမှု

**MIMU** – မြန်မာ သတင်းအချက်အလက် စီမံခန့်ခွဲရေးဆိုင်ရာ ယူနစ် အဖွဲ့

**MoU** – နားလည်မှု စာချွန်လွှာ

**NFI** – အစားအစာမဟုတ်သော ပစ္စည်းများ

**OD** – အိမ်သာပြင်ပတွင်မစင်စွန့်ခြင်း

**O&M** – လုပ်ငန်းလည်ပတ်ဆောင်ရွက်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး

**OXSI** – အော့စ်ဖန် နှင့် Solidarites International ပူးပေါင်းအဖွဲ့

**P2P** – (သက်တူရွယ်တူ၊ အုပ်စုတူ) အချင်းချင်း

**PDM** – ပစ္စည်းများဖြန့်ဝေပေးပြီးနောက် ပြန်လည်သုံးသပ်စိစစ်ခြင်း

**pH** –အက်စစ် (ဟိုက်ဒြိုဂျင်) ပါဝင်မှု နှုန်း

**PMU** – ပရိုဂရမ်ပိုင်း စီမံခန့်ခွဲရေးဆိုင်ရာ ယူနစ်

**Ppb** – တစ်ဘီလီယံတွင် ပါဝင်သည့် အပိုင်းများ (Parts per billion)

**PPE** – တစ်ကိုယ်ရည် ကာကွယ်စောင့်ရှောက်ရေး ပစ္စည်းများ

**PSEA** – လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားပြုမှု၊ အကြမ်းဖက်မှုများမှ ကာကွယ်စောင့်ရှောက်ခြင်း

**PVC** – ပိုလီဗီနိုင်း ကလိုရိုဒ် (Polyvinyl Chloride)

**RANAS** – ဘေးအန္တရာယ်၊ သဘောထား၊ စံနှုန်းများ၊ စွမ်းဆောင်နိုင်စွမ်း နှင့် မိမိကိုယ်တိုင် လိုက်နာလုပ်ဆောင်မှု

**RSG** – ရခိုင်ပြည်နယ်အစိုးရ

**SI** – Solidarités International အဖွဲ့

**SOP** – စံလုပ်ထုံးလုပ်နည်းများ

**SPHERE** – လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ ပဋိညာဥ်စာတမ်း နှင့် လူသားချင်းစာနာ ထောက်ထားမှု အတွက် တုံ့ပြန်ဆောင်ရွက်ရာတွင် အနိမ့်ဆုံး ပါရှိရမည့် စံချိန်စံနှုန်းများ

**STS** – မိလ္လာအညစ်အကြေးများ အား စီမံ သန့်စင် ပေးသည့် နေရာ

**SWM** – အစိုင်အခဲ အညစ်အကြေးများ အား စီမံခန့်ခွဲခြင်း

**TA** – ခရီးသွားလာခွင့်

**TLS** – ယာယီသင်ကြားရေးနေရာများ

**TOC** – ပြောင်းလဲခြင်း သီအိုရီ

**TWG** – နည်းပညာအကြံပေးအဖွဲ့

**UN** – ကမ္ဘာ့ ကုလသမဂ္ဂ

**UNICEF** – ကမ္ဘာ့ကုလသမဂ္ဂကလေးများရန်ပုံငွေ အဖွဲ့

**VFM** – အသုံးပြုသည့် ငွေကြေးနှင့်ထိုက်တန်သည့် တန်ဖိုး

**WASH** – ရေ၊ ပတ်ဝန်းကျင် နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေး

**WQT** – ရေအရည်အသွေးစစ်ဆေးခြင်း


**WFP** – ကမ္ဘာ့ ကုလသမဂ္ဂ စားနပ်ရိက္ခာအစီအစဥ်

**WHO** – ကမ္ဘာ့ ကျန်းမာရေးအဖွဲ့အစည်း

# ၁.၄ ဤလက်စွဲစာကို ဘယ်လိုအသုံးပြုမလဲ

အခန်းတစ်ခန်းစီသည် သရုပ်ဖော်ထားသော မာတိကာဖြင့် စတင်သည်

အခန်းတစ်ခန်းစီ၏ နိဒါန်းသည် သရုပ်ဖော်ထားသော မာတိကာ၏ ဘေးတွင်ရှိသည်




## အခန်း(၂) ရေ

၂၀၁၀ ခုနှစ်၊ ကမ္ဘာ့ ကုလသမဂ္ဂ ၏ အထွေထွေညီလာခံတွင် သန့်ရှင်းသောသောက်သုံးရေရရှိရေး နှင့် မိလ္လာသန့်ရှင်းရေး သည်လည်း ကျန်းမာရေး၊ လူ့ဂုဏ်သိက္ခာ နှင့် အခြားအခြေခံ အခွင့်အရေးများ အတွက် အရေးကြီးသည့် အခြေခံလူ့အခွင့်အရေးအဖြစ် အသိအမှတ်ပြုခဲ့ကြပါသည်။ ပဋိပက္ခဖြစ်ပွားသည့် အချိန်တွင် သန့်ရှင်းပြီး အရည်အသွေးပြည့်ဝသည့် ရေကို လုံလုံလောက်လောက် မရရှိခြင်းသည် လူထုကျန်းမာရေး ပြဿနာ အများစု ၏ အဓိကအကြောင်းအရင်း တစ်ခု ဖြစ်ပါသည်။ ရေ အသုံးပြုသူ ၏ ရေစုဆောင်းပုံ၊ သယ်ပို့ပုံ၊ သိုလှောင်သိမ်းဆည်းပုံ နှင့် အသုံးပြုသည့် အလေ့အထများ စသည့် အကြောင်းအရင်း တစုံတခုကြောင့် ရေသည် ညစ်ညမ်းသွားနိုင်ပါသည်။ ရေရင်းမြစ်နေရာ၊ ရေသန့်စင်ခြင်း၊ ရေဖြန့်ဝေခြင်း၊ ရေသယ်ယူခြင်း၊ အိမ်ထောင်စုတွင် ရေကို သိုလှောင်ခြင်း နှင့် ရေကို အသုံးပြုသည့် အဆင့် အားလုံးပါသည့် ရေစက်ဝန်း တစ်ခုလုံးကို စီမံခန့်ခွဲနိုင်ရန် အတွက် WASH အဖွဲ့အစည်းများသည် လူထု နှင့် ပူးပေါင်းဆောင်ရွက်ဖို့လိုပါသည်။

စစ်တွေရှိ ကန့်သတ်ထားသည့် နေရာများ တွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ WASH အစီအစဉ် ၏ တစိတ်တပိုင်းအနေဖြင့် အဝီစိတွင်းများ နှင့် လက်နှိပ်ရေတုံကင်များကို အကြီးစားပြုပြင်ခြင်း၊ အဆိုပါ စနစ် များ ၏ အခြေအနေများကို စောင့်ကြည့်လေ့လာခြင်း၊ အသေးစားပြုပြင်မှုကို လူထုကိုယ်တိုင် လုပ်တတ်စေရန် သင်တန်းများပေးခြင်း၊ ရေ အရည်အသွေးကို စမ်းသပ်စစ်ဆေးခြင်း ပြီးနောက်ဆက်စပ်လုပ်ဆောင်ရမည့် အရာများအား လုပ်ဆောင်ပေးပြီး၊ ရေသိုလှောင်၊ သယ်ပို့၊ စုဆောင်း ပြီး အသုံးပြုသည့် အခါတွင် ရေကို ညစ်ညမ်းစေနိုင်မည့် အန္တရာယ်များ ကို လျှော့ချနိုင်အောင် လူထု ၏ အသိပညာများကို မြှင့်တင်ပေးခြင်း စသည့် အစီအစဉ်များ ကို Oxfam နှင့် Solidarites International (OXSI) တို့မှ တာဝန်ယူလုပ်ဆောင်ပေးလျှက် ရှိပါသည်။

ကဏ္ဍတစ်ခုစီသို့ သွားရန် အခန်း၏ ကဏ္ဍများကို ကလစ်နှိပ်ပါ

**အခန်းခေါင်းစဥ်နှင့် စာမျက်နှာ**

**အခန်းတစ်ခန်းစီကို ကဏ္ဍများ ခွဲထားသည်**



## ၃.၆ ကလေးသူငယ်များသုံးနိုင်သည့် အိမ်သာများ


**ကလေးသူငယ်များ အထူးသဖြင့် အသက် (၅) နှစ်အောက်ကလေးငယ်များတွင် ရေ နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး နှင့်ဆိုင်သည့် ရောဂါများဖြစ်ပွားလွယ်သည့် အတွက် အိမ်သာ နှင့် WASH အဆောက်အအုံများ သည် ကလေးငယ်များ အသုံးပြုဖို့ ဘေးကင်း စိတ်ချပြီး သက်တောင့်သက်သာဖြစ်စေနိုင်မည့် ဒီဇိုင်းပုံစံမျိုး ရှိနေဖို့လိုအပ် နိုင်ပါသည်။**

ကလေးငယ်များ အတွက် လိုအပ်ပြီး ၎င်းတို့ သဘောကျနိုင်မည့် အချက်များကို သိရှိနိုင်ရန် အတွက် WASH အဖွဲ့အစည်းများသည် ကလေးငယ်အရွယ်စုံများ နှင့်သာမက ကလေးငယ်များ အား ပြုစုစောင့်ရှောက်ပေးနေရသူများ နှင့် ဆွေးနွေးတိုင်ပင်ပေးဖို့လိုပါသည်။ အိမ်သာအသုံးပြုသည့် အလေ့အထ သည် အဆောက်အအုံ တစ်ခုတည်း ရှိရုံနှင့် ပြောင်းလဲရန် ခဲယဥ်းနိုင်သည့် အတွက် အပြုအမူများကို ပါ စနစ်တကျ တွဲ၍ ပြောင်းလဲ ပေးရန် လိုအပ်ပါသည်။ (အပိုင်း ၄.၇ တွင် ရှု) ကလေးငယ်များ အိမ်သာ နှင့် WASH အဆောက်အအုံများကို အသုံးပြုရာတွင် ကြုံရသည့် အတားအဆီးများကို ဖယ်ရှားပေးခြင်းသည် အပြုအမူများ ပြောင်းလဲ လာစေရန် အခွင့်အလမ်းဖန်တီးပေးသည့် ဝန်းကျင်တစ်ခု ဖြစ်လာစေရန် လုပ်ဆောင်သည့် အရေးကြီး သော ပထမအဆင့်ဖြစ်ပါသည်။ အသက် (၅) နှစ်အောက် ကလေးငယ်များ သည် အိမ်ရှိ အိမ်သာများ ကို အသုံးပြုနိုင်ခြင်း မရှိကြသလို အသက် (၁၀) နှစ်အောက် ကလေးငယ်များသည် လည်း အပြင်တွင်သာ မစင်စွန့်ရသည်ကို ပိုပြီးကြိုက်ကြကြောင်းကို စစ်တွေရှိ WASH အစီအစဥ်များ တွင် OXSI မှ လေ့လာတွေ့ရှိ ခဲ့ရပါသည်။ မိဘများ နှင့် အတူထိုင်၍ ကလေးငယ်များနှင့် တိုင်ပင်ဆွေးနွေးကြည့်သည့် အခါတွင် ကလေးငယ်များသည် အိမ်သာအသုံးပြုရန် အတွက် လှေကားများက မြင့်နေခြင်း၊ အိမ်သာအခန်းများ မှောင်ခြင်း၊ အိမ်သာအိုးသည် ကျယ်နေခြင်း နှင့် အိမ်သာတံခါးများကို သော့ခတ်ပိတ်ထားခြင်း စသည့် အခက်အခဲများစွာကို ကြုံတွေ့နေရကြောင်းကို OXSI မှ လေ့လာတွေ့ရှိခဲ့ရပါသည်။ ထိုအပြင် ကလေးငယ်များ အား အိမ်သာအသုံးပြုရန် လူကြီးများက တိုက်တွန်းခြင်း မရှိသလို ကလေးငယ်များအား သော့ပေးထားရန် စိတ်မချ ကြကြောင်းကို လည်း တွေ့ရှိခဲ့ရပါသည်။

### ဒီဇိုင်းအတွက် ထည့်သွင်းစဥ်းစားခြင်း

အသက်ငယ်သည့် ကလေးငယ်များသည် အိမ်သာတက်ရသည် ကို အခြားသူနှင့် အတူတူလုပ်ရသည့် အရာ မျိုး သဘောထားသည့် အတွက် တချိန်တည်းတွင် အခြားကလေးများ နှင့် အိမ်သာအတူသုံးလိုကြပါသည်။ နောက်ဆုံး ရွေးချယ်ထားသည့် ဒီဇိုင်းတွင် အိမ်သာအိုး (၄) အိုး ပါဝင်ပါသည်။

လွှဲပြောင်းပေးသည့် အခမ်းအနားတွင် ကလေးငယ်များသည် အိမ်သာကို တောက်ပသည့် အရောင်စုံ ကာလာများ သုတ်လိမ်းပေးခဲ့ကြပါသည်။



အိမ်သာကျင်းကို အိမ်သာအိုးအောက်တည့်တည့် တွင် ထားပေးထားပါသည်။ အိမ်သာတခါ သုံးပြီးတိုင်း အဖုံးပြန်ပိတ်ပေးသည့် အိမ်သာတံခါး ပါသော ခွင့်ပြုချက်ရထားပြီးဖြစ်သည့် ပလက်စတစ် အိမ်သာအိုးဒီဇိုင်း ဖြစ်သည့် SATO အိမ်သာအိုး ကို အသုံးပြုထားခြင်းကြောင့် ယင် နှင့် အခြား တိရိစ္ဆာန်များ မလာနိုင်အောင် ထိန်းချုပ်ပြီးဖြစ်စေပါသည်။

အိမ်သာသို့ တက်ရန် လှေကားထစ်အသေး တစ်ခုသာ လုပ်ထားပေးသင့်ပါသည်။ (ရေကြီးရေလျှံမှုမှ ကာကွယ်ရန် အတွက် အိမ်သာကို မြှင့်ပေးထားဖို့လိုပါသေးသည်။)

အိမ်သာတွင်း လေဝင်လေထွက်ကောင်းရန် နှင့် အလင်းရောင်ရရန် နံရံတဝက်ပဲ ထားသည့် ပုံစံကို ကလေးများက နှစ်သက်ကြပါသည်။

ယောကျ်ားလေး နှင့် မိန်းကလေး ခွဲထားရန် အတွက် အနည်းငယ်မြှင့်သည့် နံရံဖြင့် အိမ်သာကို (၂) ကန့်ခွဲ ပေးထားပါသည်။

(3F ကလေးသူငယ်များသုံးနိုင်သည့်အိမ်သာများ၏ လိုအပ်သောပစ္စည်းများ ကုန်ကျမှုဆိုင်ရာ ခန့်မှန်းခြေစာရင်း နှင့် ပုံကြမ်း)


### သာတူညီမျှမှုကို အလေးထားခြင်း - ဂျဲန်ဒါ (ကျား/မရေးရာ)၊ ကာကွယ်စောင့်ရှောက်ခြင်း နှင့် အားလုံးပူးပေါင်းပါဝင်နိုင် ခွင့်ရှိခြင်း

WASH အဆောက်အအုံများအား ကလေးသူငယ်များအသုံးပြုဖို့ သက်တောင့်သက်သာမှုရှိပြီး အဆင်ပြေစေ ရန်မှာ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး စံနှုန်းများ ၏ အဓိက အချက်ဖြစ်ပြီး ကလေးသူငယ်များ နှင့် သေသေချာချာ တိုင်ပင်ဆွေးနွေးပေးဖို့လိုပါသည်။ ကလေးသူငယ်များ ၏ ပါဝင်မှုသည် ပွင့်လင်းမြင်သာ မှုရှိပြီး၊ ၎င်းတို့သဘောအလျောက်ပါဝင်ခြင်းဖြစ်သလို၊ ကလေးသူငယ်တိုင်း ပါဝင်နိုင်ဖို့လိုပါသည်။ ထို့အပြင် ရပ်ရွာတွင်းရှိ လူကြီးများမှ ပံ့ပိုးထောက်ခံပေးရပါမည်။ ကလေးသူငယ်များ နှင့် အစီအစဥ်များ အတူလုပ်မည့် ဝန်ထမ်းများအား ကာကွယ်စောင့်ရှောက်ရေးလုပ်နေသော အဖွဲ့အစည်းများမှ ပေးသည့် ကလေးသူငယ် စောင့်ရှောက်ကာကွယ်ရေးဆိုင်ရာအထူးသင်တန်းများ တက်ရောက်ထားစေဖို့လိုပါသည်။

**ဘေးဘက်ရှိ အကွက်များကို အသုံးပြု၍ အလိုရှိသော အခန်းသို့ သွားနိုင်သည်**

**ဇယားကွက်များသည် အကြံပြုချက်များ၊ အခက်အခဲများနှင့် စီမံကိန်း၏ အများလက်ခံထားသည့် အစိတ်အပိုင်းများကို အလေးပေးဖော်ပြသည်**

**အသေးစိတ်လမ်းညွှန်ချက်များ သို့မဟုတ် ရုပ်ပုံများကို ကြည့်ရှုရ လင့်ခ်များကို နှိပ်ပါ**


၂.၁ လက်နှိပ်ရေတုံကင် အတွက် ဒီဇိုင်းရေးဆွဲခြင်းနှင့် ဆောက်လုပ်ခြင်း
၂.၂ လက်နှိပ်ရေတုံကင် ၏ အခြေအနေကို စောင့်ကြည့်လေ့လာခြင်း နှင့် အကြီးစား ပြုပြင်ခြင်း
၂.၃ လွှဲပြောင်းခြင်းနှင့် အသေးစားပြုပြင်ရေး ဆိုင်ရာ သင်တန်းများ
၂.၄ ရေအရည်အသွေး ကို စမ်းသပ်ခြင်း
၂.၅ ဦးတည်ရည်မှန်းထား သည့် အိမ်ထောင်စုများသို့ သွားရောက်ခြင်း


# အခန်း(၂) ရေ

၂၀၁၀ ခုနှစ်၊ ကမ္ဘာ့ ကုလသမဂ္ဂ ၏ အထွေထွေညီလာခံတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေး နှင့် မိလ္လာသန့်ရှင်းရေး သည်လည်း ကျန်းမာရေး၊ လူ့ဂုဏ်သိက္ခာ နှင့် အခြားအခြေခံ အခွင့်အရေးများ အတွက် အရေးကြီးသည့် အခြေခံ လူ့အခွင့်အရေးအဖြစ် အသိအမှတ်ပြုခဲ့ကြပါသည်။ ပဋိပက္ခဖြစ်ပွားသည့် အချိန်တွင် သန့်ရှင်းပြီး အရည်အသွေးပြည့်ဝသည့် ရေကို လုံလုံလောက်လောက် မရရှိခြင်းသည် လူထုကျန်းမာရေး ပြဿနာ အများစု ၏ အဓိကအကြောင်းအရင်း တစ်ခု ဖြစ်ပါသည်။ ရေ အသုံးပြုသူ ၏ ရေစုဆောင်းပုံ၊ သယ်ပို့ပုံ၊ သိုလှောင်သိမ်းဆည်းပုံ နှင့် အသုံးပြုသည့် အလေ့အထများ စသည့် အကြောင်းအရင်း တစုံတခုကြောင့် ရေသည် ညစ်ညမ်းသွားနိုင်ပါသည်။ ရေရင်းမြစ်နေရာ၊ ရေသန့်စင်ခြင်း၊ ရေဖြန့်ဝေခြင်း၊ ရေသယ်ယူခြင်း၊ အိမ်ထောင်စုတွင် ရေကို သိုလှောင်ခြင်း နှင့် ရေကို အသုံးပြုသည့် အဆင့် အားလုံးပါသည့် ရေစက်ဝန်း တစ်ခုလုံးကို စီမံခန့်ခွဲနိုင်ရန် အတွက် WASH အဖွဲ့အစည်းများသည် လူထု နှင့် ပူးပေါင်းဆောင်ရွက်ဖို့လိုပါသည်။

စစ်တွေရှိ ကန့်သတ်ထားသည့် နေရာများ တွင် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ WASH အစီအစဥ် ၏ တစိတ်တပိုင်းအနေဖြင့် အဝီစိတွင်းများ နှင့် လက်နှိပ်ရေတုံကင်များကို အကြီးစားပြုပြင်ခြင်း၊ အဆိုပါ စနစ် များ ၏ အခြေအနေများကို စောင့်ကြည့်လေ့လာခြင်း၊ အသေးစားပြုပြင်မှုကို လူထုကိုယ်တိုင် လုပ်တတ်စေရန် သင်တန်းများပေးခြင်း၊ ရေ အရည်အသွေးကို စမ်းသပ်စစ်ဆေးခြင်း ပြီးနောက်ဆက်စပ်လုပ်ဆောင်ရမည့် အရာများအား လုပ်ဆောင်ပေးပြီး၊ ရေသိုလှောင်၊ သယ်ပို့၊ စုဆောင်း ပြီး အသုံးပြုသည့် အခါတွင် ရေကို ညစ်ညမ်းစေနိုင်မည့် အန္တရာယ်များ ကို လျှော့ချနိုင်အောင် လူထု ၏ အသိပညာများကို မြှင့်တင်ပေးခြင်း စသည့် အစီအစဥ်များ ကို Oxfam နှင့် Solidarites International (OXSI) တို့မှ တာဝန်ယူလုပ်ဆောင်ပေးလျှက် ရှိပါသည်။

# ၂.၁ လက်နှိပ်ရေတုံကင် အတွက် ဒီဇိုင်းရေးဆွဲခြင်း နှင့် ဆောက်လုပ်ခြင်း

## ဒီဇိုင်းပိုင်း အတွက်ထည့်သွင်းစဉ်းစားခြင်း



၁ လျှပ်စစ်မီးမရှိခြင်း၊ အဝီစိတွင်းများ သည် တိမ်ခြင်း၊ လူထု ၏ နည်းပညာနှင့် ရင်းနှီးမှု၊ ပစ္စည်းများ ၏ အပိုကိရိယာများ ရရှိနိုင်မှု၊ ပစ္စည်းများ တပ်ဆင်ခြင်း၊ ထိန်းသိမ်းခြင်း အတွက် ငွေကုန်ကြေးကျ သက်သာအောင် လုပ်နိုင်မှု စသည့် အချက်များကြောင့် လက်နှိပ်ရေတုံကင်များကို ရွေးချယ်ရခြင်း ဖြစ်ပါသည်။

၂ မြေအောက်ရေညစ်ညမ်းမှုကို ကာကွယ်ရန် နှင့် လက်နှိပ်ရေတုံကင် အနီးအနား တွင် ရေဝပ်ခြင်း/ရေအိုင် ဖြစ်ခြင်း ကိုလျှော့ချနိုင်ရန် အတွက် ရေတုံကင် အနီး ကွန်ကရစ် အခင်း ခင်းသည့် အခါ နှင့် ရေမြောင်း များ လုပ်သည့် အခါတွင် (အနည်းဆုံး ၅ နှစ်နီးပါး) ခံနိုင်ရန် အတွက် အရည်အသွေးမြင့်မား သည့် နည်းဖြင့် ဆောက်လုပ်ဖို့လိုပါသည်။

၃ မြေအောက်ရေမှ ရေဆိုးရေညစ်များဝင်ရောက်မှုကိုတားဆီးရန် ပေ ၂၀ ခန့် အနက်ရှိသော ရေတားလွှာကို ရေတွင်းပတ်လည်တွင် ပြုလုပ်ထားခြင်းဖြင့် မြေအောက် ရေအောင်းလွှာကို ညစ်ညမ်းစေမှုမှ တားဆီးပေးနိုင်ပါသည်။

၄ ရေစစ်ပိုက် ၏ (၁၄ ပေ) ဝန်းကျင်တွင် ကျောက်စရစ်ကာ ရေစစ် (Gravel pack) ကို ထည့်ထားပါက ရေစစ်ပိုက်အတွင်း သဲများ ဝင်ရောက်ပိတ်ဆို့ခြင်းကို တားဆီးပေးနိုင်ပါသည်။

၅ မြေအောက်ရေ မျက်နှာပြင်သည် မြင့်သည့် အတွက် အဝီစိတွင်းများသည် (ပေ ၃၀ မှ ၅၀) ထိ ရှိလျှင် လုံလောက်ပါသည်။

၆ စခန်းနေရာများ သည် ဘင်္ဂလားပင်လယ်အော် နှင့် နီးသည့် နေရာတွင် တည်ရှိသည့်အတွက် ရေနှင့် အလွန်နီးသည့်နေရာများတွင် အဝီစိတွင်း များကို တူးလျှင် ဆားရည်ဝင်ရောက်နိုင်သဖြင့် တူး၍ မရနိုင်ပါ။



### မှတ်သားစရာအချက်များ -

အဝီစိတွင်းများ နှင့် လက်နှိပ်ရေတုံကင်ပေါင်း (၁၀၀၀) ကျော် ကို OXSI မှ စီမံခန့်ခွဲနေပါသည်။ အဝီစိတွင်း နှင့် လက်နှိပ်ရေတုံကင် အသစ် တစ်ခု အတွက် **၁၄၅ ဒေါ်လာ** ကုန်ကျပါသည်။(၂၀၂၀ ခုနှစ် နှုန်း) (2A ရေတုံကင်၏ လိုအပ်သောပစ္စည်းများ ကုန်ကျမှုဆိုင်ရာ ခန့်မှန်းခြေစာရင်းနှင့် ပုံကြမ်း)

## လက်ဖြင့်တူးသည့် အဝီစိတွင်းများ တူးသည့် လုပ်ငန်းစဥ် အကြောင်း အကျဥ်းချုပ်




မြေပျော့သည့် နေရာတွင် အဝီစိတွင်းတူးရန် တွင်းတူးမည့်အဖွဲ့သည် ဖလက်မ (PVC) ပိုက်ထဲတွင် ရေအပြည့်ဖြည့်ပြီး တဖြည်းဖြည်း တူးနိုင်ရန်အတွက် ဖိအားတစ်ခုဖြစ်စေရန် ပိုက်ရဲ့ထိပ်ဝကို အုပ်ထားပါ။ ပြီးနောက် ပိုက်ကို လှည့် ၍ ဖိ ပြီး အောက်သို့ တူးသွားရပါမည်။ ထိုသို့တူးသွားပြီးနောက် တွင်းအနက် သည် ပေ ၄၀ နက်သွားသည် အထိ ပထမ PVC ပိုက်ကို နောက်ပိုက်တစ်ပိုက်ဖြင့် ဆက်ပြီး တူးသွားရပါမည်။



ထိုနောက် တွင်းထဲသို့ ရေစစ်ပိုက် (Filter pipe)၊ အပေါ်က ထပ်အုပ်မည့် ပိုက် (casing pipe)၊ ရေစုပ်ယူသည့် ပိုက် (suction pipe) တို့ကို တပ်ဆင်ရပါမည်။ ထိုနောက် အပေါ်က ထပ်အုပ်ထားသည့် အခွံပိုက် (casing pipe) နှင့် ဘေးပတ်လည်ရှိ မြေကြီး ကြားတွင် ခြားနေသည့် နေရာကို ဖို့ရန် အတွက် ကျောက်စရစ်အိတ် (gravel pack)၊ ရွှံ့အလွှာ နှင့် သန့်ရှင်းစေရန် အုပ်ပေးသည့် ကွန်ကရစ်အလွှာ တို့ကို ထည့်ပေးရပါမည်။



ထိုနောက် အဖွဲ့မှ လက်နှိပ်ရေတုံကင်တပ်ဆင်ရန်အထိုင်ခုံ၊ အဝီစိတွင်း တဝိုက် တွင် သမံတလင်း ခင်းခြင်း နှင့် ရေမြောင်းများ ဖောက်လုပ်ပေးခြင်းစသည်တို့ကို ဆောက်လုပ်ပေးရပါမည်။ လက်နှိပ်ရေတုံကင် တပ်ဆင်ရန်အထိုင်ခုံကို ကွန်ကရစ်ဖြင့် ပြုလုပ်စဥ်အတွင်း လက်နှိပ်ရေတုံကင်တပ်ဆင်နိုင်ရန် မူလီများ နှင့် မူလီခေါင်းများကို တပ်ဆင်ထားဖို့ လိုပါသည်။ ထိုနောက် ကွန်ကရစ်အုံ ကို အခြောက်ခံပေးရပါမည်။



လက်နှိပ်ရေတုံကင်ကို တပ်ဆင်ပြီးနောက်၊ အဝီစိတွင်း အပေါ်က သမံတလင်း အခင်း နှင့် ကွန်ကရစ် ရေမြောင်းများကို အင်္ဂတေ ကိုင်ပေးပါ။ လက်နှိပ်ရေတုံကင်ကို ရပ်ရွာလူထု အား အသုံးပြုဖို့လွှဲပြောင်း ခြင်းမပြုမီ ရေအရည်အသွေးထိန်းသိမ်းရေးအဖွဲ့မှ ရေအရည်အသွေး အခြေအနေကို စစ်ဆေးပေးဖို့ လိုပါသည်။

### OXSI ကြုံတွေ့ရသည့် စိန်ခေါ်ချက်များ

စစ်တွေစခန်းများ တွင် အခွင့်အာဏာ ရှိသူများ ၏ ဆက်နွယ်ပုံများသည် ရှုပ်ထွေးလှသည့်အတွက် အကျင့်ပျက် ချစားမှုရှိသည့် ကတ်ထရိုက်တာ များ နှင့် အလုပ်မလုပ်ပဲ OXSI သည် WASH အဆောက်အဦးများကို ကိုယ်တိုင် ဆောက်လုပ်သည့်အတွက် စခန်း ခေါင်းဆောင်များက အသစ်ဆောက်လုပ်နေသည့် လုပ်ငန်းများ ကို လာရောက်တားဆီး ခြင်း မျိုးတွေ ကြုံတွေ့ရလေ့ရှိပါသည်။

### OXSI ၏ ဖြေရှင်းနည်းများ

အဓိက သက်ဆိုင်သူများ (stakeholders) နှင့် အဆက်အသွယ်မပြတ်အောင် ဆက်ဆံရေးကို ထိန်းသိမ်းထားခြင်း နှင့် လုပ်ငန်း အစီအစဥ်များ၏ နောက်ဆုံးအခြေအနေ များအကြောင်းကို ပြောပြပေးခြင်းတို့သည့် မည်သည့် WASH ပရိုဂရမ် အတွက် မဆို အရေးကြီးပါသည်။ အဆောက်အဦး အသစ်များ ဆောက်လုပ်သည့်အခါတွင် အမြစ်တွယ်နေသည့် အကျင့်ပျက် ချစား သည့် စနစ်အတိုင်းလုပ်ဆောင်ခြင်း မပြုဘဲ စခန်းခေါင်းဆောင် များ ၏ ဆန္ဒ အတိုင်း စခန်းအတွင်း အခြေအနေ များတိုးတက် အောင်လုပ်ဆောင်ဖို့ရန် အတွက် စခန်း ခေါင်းဆောင်များ နှင့် ဆက်သွယ်ပြောဆိုရန် OXSI မှ သင်ယူ လေ့လာခဲ့ရပါသည်။

ဝန်ဆောင်မှုများအား ကွန်ထရိုက်တာများ နှင့် လုပ်ဆောင်ခြင်း မပြုပဲ တိုက်ရိုက်လုပ်ဆောင်ရမည်ဆိုသည့် OXSI ၏ ဆုံးဖြတ် ချက် အကြောင်းကို Section 1.3 ထဲတွင် အသေးစိတ် ရှင်းပြ ထားပါသည်။


## ၂.၂ လက်နှိပ်ရေတုံကင် ၏ အခြေအနေကို စောင့်ကြည့်လေ့လာခြင်း နှင့် အကြီးစား ပြုပြင်ခြင်း

**အခြေခံအဆောက်အအုံများအား စောင့်ကြည့်လေ့လာခြင်း နှင့် ပြဿနာ တစုံတရာပါရှိပါက အစီရင်ခံခြင်း အပါအဝင် WASH ဝန်ဆောင်မှုပေးနေသည့် နည်းလမ်းအမျိုးမျိုးတွင် ဒေသခံလူထု ပါဝင်လာစေရန် WASH အစီအစဥ် များ မှ ရည်မှန်းထားသင့်သည်။**

OXSI ၏ အစီအစဥ်တွင် Meal team သည် မိုဘိုင်းအခြေပြု စစ်ဆေး စောင့်ကြည့်ရေးနည်းလမ်းကို အသုံးပြုပြီး ရေတုံကင်များ ၏ လုပ်ဆောင်နိုင်မှု အခြေအနေကို တစ်လတစ်ကြိမ်စစ်ဆေးပေးပါသည်။ (2B ရေတုံကင် အလုပ်လုပ်မှု ရှိ/မရှိ စစ်ဆေးခြင်း) ထိုနည်းအပြင် ပြဿနာတခုခု ဖြစ်ပါက အလျင်အမြန် တုံ့ပြန်နိုင်စေရန် တာဝန်ခံမှု လုပ်ငန်းစဥ် (Accountability mechanism) မှ တဆင့် စခန်းတွင်းမှ လူထုများကလည်း ဝန်ဆောင်မှုတောင်းဆိုလွှာတင်၍ ပြင်ဆင်ပေးရန် တောင်းဆိုနိုင်ပါသည်။ (အပိုင်း ၇.၂ ကို ဖတ်ရန်)။ လူထု ၏ ကိုယ်ပိုင်ကိုယ်ဆိုင် စိတ်ဓာတ်ကို ပြသရန် နှင့် လူမှုဝန်းကျင် တွင်း နေထိုင်ကြသည့်သူများမှ ဦးဆောင်ဦးရွက်လုပ်ဆောင်လာစေရန် အတွက် ဝန်ဆောင်မှုတောင်းဆို လွှာများ ဖြင့် တောင်းဆိုသည့် အစီအစဥ် ကို MEAL အဖွဲ့မှ မြင့်တင်ပေးလျှက်ရှိပါသည်။ နောက်ဆုံးတွင် ပစ္စည်းများအား ထိန်းသိမ်းလုပ်ဆောင်ရန် အတွက် သပ်သပ် မဟုတ်တော့ပဲ အဖွဲ့အတွင်း ပစ္စည်းများ ၏ လုပ်ဆောင်နိုင်စွမ်း ကို စစ်ဆေးခြင်း နှင့် အလှူရှင်များအား အစီရင်ခံရန် အတွက်သာ လက်နှိပ်ရေတုံကင်များကို စစ်ဆေး သွားတော့ မည်ဖြစ်ပါသည်။

ပစ္စည်းများ ၏ ကောင်းစွာအသုံးပြုနိုင်မှု ကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် နောက်ခံ အခြေအနေများပေါ်မူတည်၍ ကွဲပြား နိုင်ပါသည်။ အဝီစိတွင်း သည် ရေကောင်းစွာ ထွက် နေပြီး ရေ စုပ်သည့် ခေါင်း၊တိုင် သို့မဟုတ် slab ကွန်ကရစ် အခင်း (slab) တို့တွင် ပြဿနာ တစ်စုံတစ်ရာ မရှိလျှင် “ကောင်းစွာအသုံးပြုနိုင်” သေးသည့် လက်နှိပ်ရေတုံကင် အဖြစ် OXSI မှ သတ်မှတ်ပါသည်။ လစဥ် ရေတုံကင်များ၏ လည်ပတ်လုပ်ဆောင်နိုင်စွမ်းကို စစ်ဆေးပြီးနောက် OXSI ဆောက်လုပ်ရေး အဖွဲ့သည် အကြီးစားပြင်ဆင်စရာလိုသည့် လက်နှိပ်ရေတုံကင်များစာရင်းကို လစဥ် လက်ခံရ ရှိပါသည်။ ထိုနောက် ၎င်းတို့၏ လစဥ် လုပ်ငန်း အစီအစဥ်ထဲတွင် အဆိုပါ ပြင်ဆင်ရမည့် စာရင်းကို ထည့်သွင်း ပြီး အချိန်ဇယား ရေးဆွဲရပါသည်။ (စခန်းတွင်း နေထိုင်သည့် လူထု သည် အသေးစားပြင်ဆင်မှုများကို လုပ်ဆောင်ရပါသည်။ ထိုအကြောင်းကို နောက်ပိုင်းတွင်ဆက်လက်ဖော်ပြပေးထားပါသည်။) အဝီစိတွင်း များ ကို အကြီးစားပြင်ဆင်သည့်အခါတွင် ပါဝင်သည့် အရာများမှာ PVC ပိုက်ပေါ်မှ ထပ်အုပ်ရသည့် ပိုက် (Casing pipe) ကိုလဲ့ခြင်း၊ ရေစုပ်သည့် အဝီစိတွင်းထဲမှ ပိုက် (Suction pipe) ကို လဲ့ပေးခြင်း၊ လက်နှိပ်ရေတုံကင် တစ်ခုလုံးကို လဲပေးခြင်း နှင့် ကွန်ကရစ် အခင်း (slab apron) ကို ပြင်ဆင်ပေးခြင်းတို့ ပါဝင်ပါသည်။

### လုပ်ငန်းကောင်းမွန်စွာလည်ပတ်နိုင်မှုဆိုင်ရာ လစဥ်စစ်ဆေးခြင်း



### OXSI ကြုံတွေ့ရသည့် စိန်ခေါ်ချက်များ

အရေးပေါ်အခြေအနေပုံစံဖြင့်နေထိုင်ရသည့် ကာလ တာရှည်လာသည့် အခါ နှစ်များစွာ အတွင်း အဖွဲ့အစည်း အမျိုးမျိုးသည် ဒီဇိုင်းပုံစံ နှင့် စံသတ်မှတ်မှု ပုံစံ အမျိုးမျိုးဖြင့် ရေရှင်းမြစ်ဆိုင် ရာအဆောက်အအုံ များကို တည်ဆောက်လာခဲ့ကြ ပါသည်။ စစ်တွေရှိစခန်းများတွင် အဖွဲ့အစည်းများ သည် ဒေသတွင်း ပြင်ဆင်ရန် အပိုပစ္စည်းရှာရ ခက်သည့် (အပြာရောင် လက်နှိပ်ရေတုံကင်) များ ကို တင်သွင်းပြီးတပ်ဆင်ခဲ့ကြပါသည်။ အဆိုပါ ရေတုံကင်များပျက်သွားသည့် အခါတွင် OXSI သည် မပြင်ဆင်ပေးနိုင်သည့်အတွက် အခက်အခဲ နှင့် ကြုံတွေ့ရပါသည်။ ထိုအပြင် "OXSI" မှ လုပ်ပေးထားတာမဟုတ်သည့် အဝီစိတွင်းများ ကို မှန်မှန်ကန်ကန် တည်ဆောက် မထားသည့် အတွက် ရေထဲတွင် သဲများပါလာခြင်း သို့မဟုတ် ရေအရောင် မမှန်ခြင်း စသည့် ပြဿနာ များ ကြုံတွေ့ရတတ်ပါသည်။ ထိုအပြင် အဆိုပါ အဝီစိတွင်းများ နှင့် လက်နှိပ်ရေတုံကင်များ အားလုံး ကို ပုံမှန်စောင့်ကြည့်စစ်ဆေးရန်၊ ပြင်ဆင်ပေးရန် နှင့် စမ်းသပ်စစ်ဆေးပေးရန် အတွက် OXSI တွင် လုံလောက် သည့် လူအင်အားရှိမနေပါ။

### OXSI ၏ ဖြေရှင်းနည်းများ

WASH အဖွဲ့အစည်းများသည် အခြားအဖွဲ့အစည်း များက တည်ဆောက်ပေးခဲ့သည့် အဆောက်အဦး များအား လွှဲပြောင်းယူသည့်အခါတွင် ရှင်းလင်းသည့် နည်းစနစ်များ ရှိထားဖို့လိုပါသည်။ ထိုအပြင် ပစ္စည်း များအား စောင့်ကြည့် လေ့လာပုံ နှင့် ပြင်ဆင်ပုံ အကြောင်း တို့ကို အခြားဝန်ဆောင်မှုပေးသည့် သူများ၊ စခန်းတွင်းနေထိုင်သူလူထုများ၊ စခန်းခေါင်းဆောင် များ နှင့် ရှင်းရှင်းလင်းလင်း ဖြစ်အောင် ဆက်သွယ် ပြောဆိုပေးထားဖို့လိုပါသည်။ OXSI မှ စီစဥ် ပေးထားသည့် အဝီစိတွင်းများကိုသာ OXSI မှ စောင့်ကြည့်ခြင်း၊ ပြင်ဆင်ပေးခြင်းတို့လုပ်ပေးပါသည်။ ထိုအပြင် အဆိုပါ အဝီစိတွင်းများကို သေချာ ရှင်းလင်းရေးသား ဖော်ပြပေးထားပါသည်။ ထိုနောက် အနီးဝန်းကျင်တွင် နေထိုင်ကြသူများ သည် သောက်သုံးရန် နှင့် ထမင်းဟင်းချက်ရန် အတွက် အဆိုပါ အဝီစိတွင်းများမှ ရေကိုသာ အသုံးပြုကြရန် အသိပညာပေးပြောပြပေးထားပါသည်။ တင်သွင်းပြီး တပ်ဆင်ထားသည့် အဝီစိတွင်းများ ပျက်သွားပါက OXSI မှ တဖြည်းဖြည်းဖြင့် ဒေသတွင်းရနိုင်သည့် လက်နှိပ်ရေတုံကင်များဖြင့် အစားထိုးပေးသွား ပါသည်။ ထိုအပြင် အပို ပစ္စည်းများ အမြဲအဆင်သင့် ရရှိ နိုင်အောင်လုပ်ထားပေးပါသည်။ ထို့မှမက ဒီဇိုင်း ပိုင်းပြဿနာများ မဖြစ်စေရန် စံသတ်မှတ်ထားသည့် ဒီဇိုင်းပုံစံအတိုင်းလုပ်ဆောင်ရန် နှင့် ၎င်းတို့တူးထားသည့် အဝီစိတွင်းများအား ပုံမှန်စောင့်ကြည့်ပြီး ပုံမှန်စစ်ဆေးပေးသင့်ကြောင်း WASH အစုအဖွဲ့ ထဲ မှ အခြားအဖွဲ့အစည်းများအား OXSI မှ မျှဝေ စည်းရုံးပေးပါသည်။

## ၂.၃ လွှဲပြောင်းခြင်းနှင့် အသေးစားပြုပြင်ရေးဆိုင်ရာ သင်တန်းများ


**WASH လုပ်ငန်း၏ အခြေခံအဆောက်အအုံများအား ထိန်းသိမ်းခြင်း၊ ပြင်ဆင်ခြင်း၊ တည်ဆောက်ခြင်း နှင့် ဒီဇိုင်းရေးဆွဲသည့် အဆင့်များတွင် အမျိုးသမီးများ၊ အမျိုးသားများနှင့် ချိတ်ဆက်လုပ်ဆောင်သည့်အခါ (သင့်တော်သည့် အခြေအနေများတွင် မိန်းကလေး၊ ယောကျ်ားလေး၊ သက်ကြီးရွယ်အို၊ မသန်စွမ်းသူများ) ပါ ပါဝင်အောင်လုပ်ဆောင်ဖို့ပေးဖို့လိုပါသည်။ ထိုနည်းတူပင် အဆောက်အအုံအသစ်များသည် အသုံးပြုရန် အသင့်ဖြစ်ကြောင်းကို အကြောင်းကြားရန် နှင့် လူထု ၏ ကိုယ်ပိုင်ကိုယ်ဆိုင် စိတ်ဓာတ်ကို မြှင့်တင်ပေးနိုင်ရန်အတွက် အသစ်ဆောက်လုပ်ပြီးသွားသည့် အဆောက်အအုံများကို အသုံးပြုသူများထံသို့ "လွှဲပြောင်းပေးသည့်" လုပ်ငန်းစဥ်သည်လည်း အထူးပင် အရေးကြီးပါသည်။**

သို့သော် အခြေအနေများကြောင့် မဖြစ်မနေ နေရပ်ရွှေ့ပြောင်းနေထိုင်နေရသော မိသားစု များဖြစ်သည့်အတွက် စခန်းအတွင်း ယာယီ "ရပ်ရွာ" ပုံစံဖြင့် နေရသည့်အခါ ၎င်းတို့၏ မူလ နေရပ်ရှိ အိမ်များတွင် ရှိနိုင်သည့် အဆောက်အအုံများနည်းတူ စခန်းတွင်းမှ အဆောက်အအုံများအား ပိုင်ရှင်စိတ်ဓာတ်ဖြင့် ထိန်းသိမ်းလိုစိတ် ရှိစေရန်မှာ မလွယ်ကူပါ။ လွှဲပြောင်းပေးအပ်သည့်အခါ လူထုပေါ်တွင် WASH အဆောက်အအုံများအား စောင့်ရှောက်ရခြင်းကြောင့် ဝန်ထုတ်ဝန်ပိုးမဖြစ်စေပဲ လူထု က လုပ်ကိုင်နိုင်သည့် တာဝန် နှင့် ဝတ္တရားများ ကို စခန်းတွင်း နေထိုင်ကြသည့်လူထု နှင့် WASH ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ ကြားတွင် သဘောတူညီမှု ရယူထားဖို့လိုပါသည်။

OXSI ၏ လက်နှိပ်ရေတုံကင်များ ကို အများပြည်သူအသုံးပြုနိုင်အောင် ခွင့်ပြုပေးထားသော်လည်း အဆိုပါ လက်နှိပ်ရေတုံကင် ၏ အနီးအနားတွင် နေထိုင်ကြသူများ (အိမ်ထောင်စု ၂၀ ခန့် မှသာ) အများစု အသုံးပြုကြမည် ဖြစ်သောကြောင့် အဆိုပါ မိသားစုများ နှင့် ရေတုံကင်ကို လွှဲပြောင်းပေးသည့် အခမ်းအနားတွင် တာဝန်ယူ ပေးရန် သဘောတူညီမှု ရယူထားဖို့လိုပါသည်။ (2C ရေတုံကင်အား လွှဲပြောင်းပေးအပ်ခြင်း မှတ်တမ်းလွှာ) စခန်းတွင်းနေထိုင်နေကြသည့်သူများဖက်မှ ယူပေးရမည့် တာဝန်များထဲတွင် အဝီစိတွင်းနေရာတစ် ဝိုက်ကို သန့်ရှင်းအောင်ထားခြင်း၊ အသေးစားပြင်ဆင်မှုများ လုပ်ပေးခြင်း၊ ပစ္စည်းတစုံတရာ ခိုးယူခံရပါက CMC ထံသို့ အကြောင်းကြားခြင်း၊ အကြီးစားပြင်ဆင်မှုများ လုပ်ရန်လိုအပ်ပါက OXSI ထံသို့ ဝန်ဆောင်မှုတောင်းဆို လွှာဖြင့် လာပြင်ပေးရန် တောင်းဆိုခြင်း စသည်တို့ပါဝင်ပါသည်။ OXSI ဖက်မှ သင်တန်းပေးခြင်း၊အသေးစား ပြင်ဆင်မှုများ အတွက် လိုသည့် ပစ္စည်းများကို ပံ့ပိုးပေးခြင်း၊ ပစ္စည်းများကို လစဥ် စစ်ဆေးပေးခြင်း၊ ရေ အရည်အသွေးကို စစ်ဆေးပေးခြင်း နှင့် အဖြေရလာပါက နောက်ဆက်တွဲလုပ်ဆောင်စရာများကို လုပ်ပေးခြင်း နှင့် အကြီးစားပြင်ဆင်မှုများကို လုပ်ပေးခြင်း စသည်တာဝန်များယူပေးပါသည်။

စခန်းတွင်းနေထိုင်ကြသူများ အသေးစားပြင်ဆင်မှုများကို လုပ်တတ်စေရန် OXSI ၏ ဆောက်လုပ်ရေး အဖွဲ့မှ တစ်နှစ်လျှင် တစ်ကြိမ် သင်တန်းများ ပို့ချပေးပါသည်။ အဆောင်တစ်ဆောင် ဆီ မှ ကိုယ်စားလှယ် အမျိုးသမီး နှင့် အမျိုးသား တစ်ယောက် ဆီ ကို သင်တန်းလာ တက်ရောက်ပေးရန် လူထုအားစည်းရုံးလှုံ့ဆော်သည့် အဖွဲ့မှ ဖိတ်ကြားနိုင်သော်လည်း မည်သူမဆိုလာတက်ရောက်လို့ရပါသည်။ ပစ္စည်းစာရင်း တွင် ပါသည့် အစိတ်အပိုင်း တစ်ခုချင်းစီအား မည်ကဲသို့ အစားထိုးရမည် နှင့် ပြင်ဆင်သည့် အခါတွင် မည်ကဲ့သို့သော ကိရိယာတွေ လိုအပ် သည် တို့ကို သင်တန်းတွင် ဆောက်လုပ်ရေး အဖွဲ့မှ ရှင်းလင်း သင်ပြပေးမည်ဖြစ်ပါသည်။ ထိုနောက် သင်တန်းသားများသည် ကိရိယာများကို အသုံးပြုပြီး စက်ပစ္စည်း အစိတ်အပိုင်းများကို အစမ်းတပ်ကြည့်ခြင်း ဖြင့်လေ့ကျင့်ရပါမည်။ ထိုနောက် ၎င်းတို့

အသုံးပြုရန် လိုသည့် ကိရိယာများကို OXSI ရုံးမှ ငှားယူရန် နှင့် ပစ္စည်း အဟောင်းများ နှင့် အသစ်ကို လဲသည့်အခါတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းပြောပြပေးပါ သည်။ စခန်းတွင်းနေထိုင်သည့်သူများ လုပ်ရမည့် အသေးစားပြင်ဆင်မှုများ တွင် ရေအထွက်ပိုက်များ လဲခြင်း၊ လက်နှိပ်ရေတုံကင်အား ထိန်းထားပေးသည့် မူလီ နှင့် မူလီခေါင်းများ ပြုတ်နေပါက ပြန်တပ်ပေးခြင်း၊ ရေတုံကင်၏ လက်ကိုင် နှင့် ရေတုံကင်နှင့် လက်ကိုင်ကိုချိတ်ထားသော အဆက် တို့ကို အစားထိုးပြီး ပြန်လဲပေးခြင်း စသည်တို့ ပါဝင် ပါသည်။



အဆောင် ၁ ဆောင်တွင် အများဆုံး အိမ်ထောင်စု ၁၀ စုအထိ နေထိုင်ပြီး ခေါင်းဆောင်တစ်ယောက် ခန့် အပ်ထားပါသည်

အဆောင်
● ရေတုံကင်

ရေတုံကင်အနီးအနားတွင်ရှိသော အဆောင်များသည် ၎င်းရေတုံကင်အား ပြုပြင်ထိန်းသိမ်းရန် တာဝန်ရှိပါသည်။

ဒါးပိုင်စခန်း၏ တစ်နေရာ, စစ်တွေ

## တန်းတူညီမျှမှုအား အာရုံစိုက်ခြင်း - ကျား/မ ရေးရာ၊ ကာကွယ်စောင့်ရှောက်ခြင်း နှင့် လူတိုင်းပါဝင်လာခြင်း

စက်ပစ္စည်းများအား ပြင်ဆင်သော အလုပ်သည် “အမျိုးသမီးများ၏ အလုပ်” ဟု ကမ္ဘာပေါ်ရှိ နေရာအများ အပြား တွင် လက်ခံထားခြင်း မရှိသေးသောကြောင့် အခြေခံ ပစ္စည်းများအား ပြင်ဆင်သည့်နေရာတွင် အမျိုးသမီး များ ပါဝင်လာဖို့ရန် ခက်ခဲပါသည်။ အသေးစားပြင်ဆင်သည့် သင်တန်းအား အဆောင် တစ်ဆောင်စီ မှ အမျိုးသား နှင့် အမျိုးသမီး ကိုယ်စားလှယ်တစ်ယောက်စီ ပါဝင်တက်ရောက်စေခြင်းကြောင့် သင်တန်းများ တွင် ပါဝင်တက်ရောက်သည့် စေတနာ ဝန်ထမ်းအမျိုးသမီးများ သည် ၁၅% ထိ တက်လာခဲ့ ပါသည်။ လက်နှိပ်ရေတုံကင်ကို အသေးစားပြင်ဆင်ကြသည့် အခါတွင် အမျိုးသမီးများ ကိုယ်တိုင်လုပ်ကြသည်ကို တွေ့ရခဲ့သော်လည်း အသေးစားပြင်ဆင်ရန် အပိုပစ္စည်းလိုအပ်ပါက ရုံးများသို့ တောင်းဆိုသည့် အခါတွင် အမျိုးသမီးများ ပါဝင်လာပါသည်။

## OXSI ကြုံတွေ့ရသည့် စိန်ခေါ်ချက်များ

အဖွဲ့အစည်းများ မှ ခိုးယူခံရသည့် ပစ္စည်းများ ကို ပြန်လည်အစားထိုး၍ ပြင်ဆင်ပေးမည်ကို သိနေကြသည့် အတွက် WASH အဆောက်အအုံများမှ ပစ္စည်းများ ဖြုတ်ယူခံရ ခြင်း၊ ခိုးယူခံရခြင်း သည် မကြာခဏ ဖြစ်လေ့ရှိပါသည်။ အသေးစားပြင်ဆင်ရန် လိုသည့် ပစ္စည်းအပိုများကို OXSI မှ ပံ့ပိုးပေးသည့် စနစ်ကြောင့် လက်နှိပ်ရေတုံကင်များ အားခိုးယူရန် လမ်းဖွင့်ပေးသကဲ့ သို့ဖြစ်နေပါသည်။ အထူးသဖြင့် OXSI မှ စီမံခြင်း မရှိ သည့် လက်နှိပ်ရေတုံကင်များ အတွက် ဖြစ်တတ် ပါသည်။

## OXSI ၏ ဖြေရှင်းနည်းများ

WASH အဖွဲ့အစည်းများမှ လက်နှိပ်ရေတုံကင်များ အား ပုံမှန် စိစစ်ခြင်း ပြုပြင်ပေးခြင်းနှင့် စမ်းသပ်စစ်ဆေးခြင်းများပြုလုပ်ပေးပြီး အများပြည်သူသုံး လက်နှိပ်ရေတုံကင်များ ၏ တန်ဖိုးရှိကြောင်း ကို အသိပညာပေး ရှင်းပြပေး ခြင်းကြောင့် ခိုးယူ/ဖြုတ် ယူသည့် ပြဿနာများ လျော့ကျသွား ရန် အကူအညီ ဖြစ်ခဲ့ပါသည်။ ခိုးယူမှုများကို ထပ်မံ ၍ လျှော့ချနိုင်ရန် အတွက် ခိုးယူခံရသည့် ပစ္စည်းများ ကို လူထုမှ ပြန်ယူလာပေးမှသာလျှင် OXSI မှ ပြန်လည် ပြုပြင်ပေးနိုင်မည်ဖြစ်ကြောင်း အသိပေးပြောကြား ပေးရပါသည်။

# ၂.၄ ရေအရည်အသွေးကို စမ်းသပ်ခြင်း

**မြင့်မားပြီး ကောင်းမွန်သည့် ရေအရည်အသွေး ရရှိစေရန်အတွက် ရေအရည်အသွေးများကို WASH ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများမှ ပုံမှန်စစ်ဆေးပေးဖို့လိုပါသည်။**

မည်သည့် ရေအရည်အသွေးစစ်ဆေးချက် များ လိုအပ်သည် ကို သိရန် ဒေသတွင်း အခြေအနေ၊ ရေရင်းမြစ် နှင့် ရေသန့်စင်သည့် ပုံစံများအားလုံးကိုသိရန် လိုအပ်ပါသည်။ သို့သော် ရေတွင်ပါဝင်သည့် အခြား ဘက်တီးရီးယားပိုးများကို စစ်ဆေးခြင်း (thermotolerant coliforms) နှင့် ရေကြည်လင်မှု အဆင့် (turbidity)၊ pH ပါဝင်မှုနှုန်း၊ ရေကို ကလိုရင်းခပ်ထားပါက ကလိုရင်း ပါဝင်နှုန်း (free redicual chlorine) စသည်တို့ကို အနည်းဆုံး အဆင့် အနေဖြင့် စစ်ဆေးရန်အကြံပြုထား ပါသည်။

စစ်တွေရှိ စခန်းများတွင် WASH အဖွဲ့အစည်းများက မိသားစုသုံး မြေရေစစ်အိုးများကို ယခင်တုန်းက ဖြန့်ဝေပေးခဲ့ပါသည်။ သို့သော်လည်း အဆိုပါ မြေရေစစ်အိုးများသည် အသုံးပြု နိုင်သည့် သက်တမ်းတိုတောင်းပြီး ကွဲနိုင်ခြေများသည့်အပြင် အိုးအားလုံးမှ သန့်ရှင်းသော ရေ ရဖို့ အာမမခံနိုင် ကြောင်း တွေ့လာရပါသည်။ စခန်းနေရာများတွင် ရေအရည်အသွေးကို နှစ်များစွာ စစ်ဆေးပေးထားသည့် ရလဒ် ဒေတာများအရ အဝီစိတွင်းများတွင် ရေညစ်ညမ်းနိုင်မှုသည် နည်းပါးကြောင်းတွေ့ရပြီး အိမ်ထောင်စု အဆင့်တွင် သို့မဟုတ် အဝီစိတွင်း မှ အိမ်သို့ ရေသယ်သည့် အခါတွင် အသုံးပြုသည့် အလေ့အထ များကြောင့် ရေညစ်ညမ်းရလေ့ရှိကြောင်းကို တွေ့ရှိရပါသည်။ အဆိုပါ ရလဒ်များကြောင့် ရေညစ်ညမ်းမှုကို ကာကွယ်ရန် နှင့် ဘေးကင်း လုံခြုံစွာ ရေအသုံးပြုသည့် အပြုအမူများကို မြှင့်တင်ပေးခြင်း၊ အဝီစိတွင်းများ နှင့် အိမ်တွင် အသုံးပြုနေသည့် ရေများကို စစ်ဆေးပေးခြင်း စသည့်တို့ကို အဓိကထား လုပ်ဆောင်သည့် နည်းများ ဖြင့် ရေအရည်အသွေး ထိန်းသိမ်းခြင်းဆိုင်ရာ နည်းဗျူဟာများ ကို ဤ အစီအစဉ် တွင် OXSI မှ အကောင် အထည် ဖော်ခဲ့ပါသည်။

စစ်တွေရှိ Oxfam ရုံးတွင် ရေအရည်အသွေးစစ်ဆေးသည့် ဓာတ်ခွဲခန်း (WQT) ကို OXSI ၏ WASH အစီအစဉ်မှ ၂၀၁၇ ခုနှစ် နှစ်ကုန်ပိုင်း တွင် တည်ထောင် ပေးခဲ့ပါသည်။ စခန်းများ၊ ကျေးရွာများမှ ကောက်ယူထားသည့် ရေနမူနာများအတွက် ဤ ဓာတ်ခွဲခန်းမှ စစ်ဆေးပေးသည့် စစ်ဆေးချက်များမှာ - (OXSI မှ ဦးစီး လုပ်ဆောင်နေသည့် အဝီစိတွင်းများ၊ အိမ်တွင်းမှ ရေနမူနာများ တွင်) E.Coli ပိုးပါဝင်မှု ကို စစ်ပေးခြင်း၊ (OXSI မှ ဦးစီးလုပ်ပေးနေသည့် အဝီစိတွင်းများ အားလုံးတွင်) ရေထဲတွင် ဆားငံရည်ပါဝင်နှုန်း နှင့် pH အဆင့်ကို စစ်ပေးခြင်း၊ (နေရာတစ်ခုတွင် OXSI မှ ဦးစီးလုပ်ဆောင်ပေးနေသည့် အဝီစိတွင်းများ ၏ ၅-၁၀% ကို) အားဆင်းနစ်ဓာတ်ပါဝင်နှုန်း စစ်ဆေးပေးခြင်း တို့ပါဝင်ပါသည်။ စစ်တွေ ရှိ မြေအောက်ရေရင်းမြစ်များမှ ရလာသည့် ရေများကြည်လင်နေပါက ရေကြည်လင် မှုနှုန်း (Turbidity test) ကို စစ်ဆေးပေးရန် မလိုပါ။ OXSI မှ ရေအရည်အသွေး ရေအရည်အသွေးစစ်ဆေးခြင်းကို မိုးရာသီ နှင့် ခြောက်သွေ့သည့် ရာသီဟူ၍ တစ်နှစ်လျှင် နှစ်ကြိမ် စစ်ဆေးပေးပါသည်။ (2D ရေနမူနာ ကောက်ယူခြင်း နှင့် စစ်ဆေးခြင်းများအတွက် စံလုပ်ထုံးလုပ်နည်း)

အဏုဇီဝပိုးစစ်ဆေးချက် ရလာဒ် (> 10 CFU/100ml) အထက်တွင်ရှိနေသော အဝီစိတွင်းများ အတွက် ဆောက်လုပ်ရေးအဖွဲ့ မှ ရေညစ်ညမ်းမှု လျော့ကျ ဖို့ ပြန်လည်သန့်စင်ပေးသည့်လုပ်ငန်းများလုပ်ဆောင်ပေးမည့် အချိန်အထိ အဆိုပါ အဝီစိတွင်းများအား OXSI မှ ယာယီ "ပိတ်ထားဖို့" လိုပါသည်။ ထိုနောက် (2E ကလိုရင်းအပြင်းစားဖြင့်ရေတွင်းအား သန့်ရှင်းရေးလုပ်ခြင်းအတွက် စံလုပ်ထုံးလုပ်နည်း) အတိုင်း အဝီစိတွင်းကို ပြန်လည်သန့်စင်ပေးရမည်ဖြစ်ပြီး နောက်ဆက်တွဲ ရေအရည်အသွေးစစ်ဆေးသည့် အဖြေဖြင့် ရေသန့်စင်သွားပြီဖြစ်ကြောင်း အတည်ပြု ပေးရပါမည်။ အိမ်ထောင်စုများ တွင် အသုံးပြုနေသည့် ရေနမူနာများ ကိုပါ ရေအရည်အသွေးထိန်းသိမ်းပေးသည့်အဖွဲ့မှ စစ်ဆေးပေးပါသည်။ ထိုနောက် အိမ်တွင်းအသုံးပြုသည့် ရေနမူနာများ စစ်ဆေးချက်မအောင်ပါက အဆိုပါ အိမ်ထောင်စုများသို့ လူထုစည်းရုံးလှုံ့ဆော်ရေး အဖွဲ့မှ အိမ်တိုင်ရာရောက်သွားပြီး လိုအပ်သည့် နောက်ဆက်တွဲ လုပ်ဆောင်စရာများ လုပ်ပေးဖို့လိုပါသည်။ (အပိုင်း ၂.၅ တွင်ဖတ်နိုင်ပါသည်)။

ပရိုဂရမ် မစတင်ခင် နှစ်ပေါင်းများစွာ စစ်ဆေးထားသည့် ရေရလဒ်များအရ ဤဒေသတွင် အားဆင်းနစ် ပါဝင်မှု နှုန်းသည် ပြဿနာ မဟုတ်ခဲ့ကြောင်း တွေ့ရပါသည်။ သို့သော် (၂၀၁၉) ခုနှစ်မှ စ၍ အာဆင်းနစ်ပါဝင်နှုန်းသည် မြန်မာနိုင်ငံ မှ သတ်မှတ်ထားသည့် နှုန်းထက်ကျော်လွန်လာကြောင်း အဝီစိတွင်း အချို့မှ နမူနာများကို စစ်ဆေးသည့်အခါတွင် တွေ့လာရပါသည်။ ထိုရလဒ်များကို တုံ့ပြန်သည့် အနေဖြင့် OXSI မှ ဦးဆောင်လုပ်ပေး နေ သည့် အဝီစိတွင်းများ ၏ အားဆင်းနစ် စမ်းသပ်မှုကို ၅% မှ ၁၀% ထိ စစ်ဆေးပေးသည့် လုပ်ထုံးလုပ်နည်း အသစ်ကို OXSI မှ စတင်လုပ်ဆောင်ခဲ့ပါသည်။ ထိုအပြင် အားဆင်နစ်ပါဝင်နှုန်းကို ဘက်စုံ စစ်ဆေးပေးကြရန် လိုကြောင်း WASH စုပေါင်း (Cluster) အဖွဲ့ဝင် အဖွဲ့အစည်းများအား အကြံပေးစည်းရုံး ခဲ့ပါသည်။ အဝီစိတွင်းမှ ယူထားသည့် ရေနမူနာသည် မြန်မာနိုင်ငံမှ စံသတ်မှတ်ထားသည့် အာဆင်းနစ် ပါဝင်နှုန်း 50ppb ထက်ကျော်လွန်သွားပါက အဆိုပါ ရေအရင်းအမြစ်အား ဆက်၍ လုံးဝ အသုံးမပြုနိုင်အောင် OXSI မှ လက်နှိပ်ရေတုံကင် ကို ဖြုတ်ထားရပါမည်။ ထိုသို့ ဖျက်လိုက်သည့် လက်နှိပ်ရေတုံကင်ကို အသုံးပြုသူများ အတွက် နောက်ထပ် အဝီစိတွင်း အသစ် တူးပေးခြင်း သို့မဟုတ် အခြားရေရင်းမြစ်တစ်ခုကို သုံးရန် အကြံပြုပေး ခြင်းတို့ကို လုပ်ပေးရပါသည်။

| OXSI ကြုံတွေ့ရသည့် စိန်ခေါ်ချက်များ | OXSI ၏ ဖြေရှင်းနည်းများ |
|---|---|
| အရေးပေါ်အခြေအနေသည် နှစ်ကာလတာရှည် လာသည့်အခါ အဖွဲ့အစည်းပေါင်းများစွာ နှင့် လူအများအပြား မှ တည်ဆောက်ထားသည့် အဆောက်အအုံများသည် ပိုပိုများလာခဲ့ပါသည်။ ယခုလက်ရှိ WASH ကိုတာဝန်ယူလုပ်ပေး နေသည့် အဖွဲ့အစည်းများသည် ယခင်ဆောက် လုပ်ခဲ့သည့် WASH အဆောက်အအုံ၊ စက်ပစ္စည်း များအားလုံးကို ကောင်းစွာ ထိန်းသိမ်းခြင်း မလုပ်နိုင်ပါ။ ယခင် WASH လုပ်ခဲ့သည့်အဖွဲ့ အစည်း များ မှ လွှဲပြောင်းပေးခဲ့သည့် အဝီစိတွင်း များ ကိုသာ OXSI မှ ထိန်းသိမ်းခြင်း၊ စစ်ဆေးခြင်း နှင့် ပြန်လည် ပြုပြင်ခြင်းတို့ကို လုပ်ပေးနေပါသည်။ သို့သော် အသိအမှတ်ပြုထားသည့် WASH အဖွဲ့အစည်းများက တည်ဆောက် ထားခြင်း သို့မဟုတ် ဦးစီးလုပ်ဆောင်ထားခြင်း မဟုတ်သည့် အဝီစိတွင်းများကိုလည်း စစ်ဆေး ပေးပါရန် တောင်းဆိုမှုအများအပြားရှိနေပါသည်။ | WASH ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများသည် ၎င်းတို့ပေးနေသည့် ဧရိယာ နှင့် ဝန်ဆောင်မှုများ အကြောင်းကို လူထုသိရှိအောင် သေသေချာချာ ရှင်းလင်းပြောပြထားဖို့လိုပါသည်။ OXSI မှ စီစဥ်လုပ်ဆောင်ပေးထားသည့် အဝီစိတွင်းများကိုသာ OXSI မှ အဓိကထားစစ်ဆေးပေးပြီး ထိုတွင်းများ ကိုလည်း ထင်ထင်ရှားရှား ဖြစ်သည့် အမှတ်အသား ဖြင့် ဖော်ပြပေးထားပါသည်။ ထို့နောက် သောက်သုံးရန်နှင့် ချက်ပြုတ်ရန် အတွက် အဆိုပါ တွင်းများမှ ရေကိုသာ အသုံးပြုရန် အသိပညာဖြန့်ဝေပေးပါသည်။ လူထုအနေဖြင့် အဝတ်လျှော်ရန်၊ သန့်ရှင်းရေး လုပ်ရန် စသည့် အခြားရေ လိုအပ်ချက်များ အတွက် OXSI မှ စီမံခန့်ခွဲခြင်းမပြုသည့် အဝီစိတွင်း များကို အသုံးပြုကြပါသည်။ |
| ရေအရည်အသွေးနှင့် ဆိုင်သည့် ဒေတာများ ကောက်ယူရန် ကွင်းဆင်းသည့် အခါ နှင့် ဓာတ်ခွဲခန်းမှ ဒေတာများကို နောက်ရက်များ တွင်မှ ထပ်ဖြည့်ရသောကြောင့် ဒစ်ဂျစ်တယ် နည်းဖြင့် ပြောင်းလဲလုပ်ဆောင်ဖို့ရန် အလွန်ခက်ခဲစေပါသည်။ | ဒေတာကောက်ယူသည့် လုပ်ငန်းစဥ် တစ်ခုလုံး တွင် ဒစ်ဂျစ်တယ်နည်းကို အသုံးမပြုနိုင်သော်လည်း ဒေတာကောက်ယူရာတွင် WASH အဖွဲ့အစည်းများသည် ဒစ်ဂျစ်တယ်နည်းလမ်းများ ကို အသုံးမပြုဘဲ မနေ သင့်ပါ။ OXSI ၏ စခန်းများတွင် ရေနမူနာယူသူ များသည် ဒေတာများ မှတ်တမ်း တင်ရန် တက်ဘလက် (tablet) များကို အသုံးပြုကြပါသည်။ ထို့နောက် စစ်တွေရုံးမှ အရာရှိများမှ အဆိုပါ ဒေတာများကို ဒေါင်းလုတ် လုပ်ပြီးနောက် ရေ စစ်ဆေးသည့် ရလဒ်အဖြေများနှင့် ပေါင်းစပ်ရန် လူအားဖြင့် ပြန်၍ ဖြည့်ရပါသည်။ ဤ လုပ်ငန်းစဥ် ကို စတင်သည့်အခါ ဝန်ထမ်းများအား သင်တန်းပေးရန်၊ တက်ယလက် (tablet) များကို အားသွင်းရန် နှင့် သယ်ပို့ပေးရန် ဆန်းသစ်မှုရှိသည့် ဖြေရှင်းနည်းများ လုပ်ဆောင်ဖို့လိုအပ်ခဲ့ပါသည်။ ဒေတာ အားလုံး ၏ ထက်ဝက်ခန့်ကို ဒစ်ဂျစ်တယ်နည်းဖြင့် လုပ်ဆောင်ခြင်း ကြောင့် စက္ကူအသုံးပြုမှုကို သိသိသာသာ လျှော့ချ နိုင်ခဲ့သလို၊ ဒေတာအရည်အသွေးများ နှင့် သုံးသပ်စိစစ်မှုများပိုမိုကောင်းမွန်စွာလုပ်နိုင်ခြင်း အပြင် အချိန်ကုန် သက်သာစေခဲ့ပါသည်။ |




*ရေညစ်ညမ်းနေသည့် လက်နှိပ်ရေတုံကင်အား သောက်ရေအဖြစ် သို့မဟုတ် ချက်ပြုတ်ရန် အတွက် အသုံးမပြုသင့် ကြောင်းကို ဆိုင်းဘုတ်ချိတ်ပြီး အသုံးပြုသူများ သိအောင်ပြထားပေးဖို့လိုပါသည်။ အာဆင်နစ်ပါဝင်နှုန်း မြင့်နေပါက အဆိုပါ လက်နှိပ်ရေတုံကင်ကို လုံးဝ ဖြုတ်လိုက်ဖို့လိုပါသည်။*

***အဝီစိတွင်းများ၏ ရေနမူနာများ စစ်ဆေးချက်တွင် အဏုဇီဝပိုးစစ်ချက်များမအောင်ပါက အဖွဲ့များကြားတွင် လုပ်ဆောင်ရမည့် အရာများနှင့် ဆက်သွယ်ရမည့် အရာများကို အောက်ပါ ဇယားပုံ (flowchart) တွင် ပြသပေးထားပါသည်။***

**ရေ အရည်အသွေး စစ်ဆေးရေးအဖွဲ့**



ရေအရည်အသွေး ညစ်ညမ်းကြောင်း အဖြေထွက်ရှိလာသော ရေတုံကင်နှင့်ပတ်သက်၍ စခန်းအမည်နှင့် ရေတုံကင်နံပါတ်အား အကြောင်းကြားပေးပါသည်။

**လူထု စေ့စပ်ညှိနှိုင်းရေးအဖွဲ့**





သောက်သုံးရန်မသင့်ကြောင်း ဖော်ပြထားသော IEC များအား ရေတုံကင်ပေါ်တွင် ချိန်ဆွဲထားပါသည်။ အသုံးပြုနေသူများအားလည်း သောက်သုံးရန်မသင့်ကြောင်း အသိပညာပေးပါသည်။



လိုအပ်ပါက ရေတုံကင်အား အသုံးပြုနေသည့် လူထုများနှင့် ရေတုံကင်အနီးအနားတစ်ဝိုက်တွင် သန့်ရှင်းရေးပြုလုပ်ပါသည်။

**ရေတုံကင်အသုံးပြုသူများ**

**ဆောက်လုပ်ရေးအဖွဲ့**



ရေတုံကင်၏ အခြေအနေနှင့်ပတ်သတ်၍ စစ်တမ်းကောက်ယူပါသည်။ လိုအပ်ပါက ပြုပြင်ပေးပါသည်။ ကလိုရင်းအပြင်းစားဖြင့် ရေတွင်းအား သန့်ရှင်းရေးလုပ်ပေးပါသည်။

**ရေ အရည်အသွေး စစ်ဆေးရေးအဖွဲ့**



ကလိုရင်းအပြင်းစားဖြင့် ရေတွင်းအား သန့်ရှင်းရေးလုပ်ပြီးနောက် ပြန်လည်စစ်ဆေးခြင်းအမှတ်စဉ် ၁ အဖြစ် ရေနမူနာယူ၍ စစ်ဆေးပေးပါသည်။

- အကယ်၍ ရေနမူနာသည် သန့်ရှင်းသည်ဟု အဖြေထွက်လာပါက လူထုအား ၎င်းရေတုံကင်အား သုံးစွဲနိုင်ပြီဖြစ်ကြောင်းကို လူထုစေ့စပ်ညှိနှိုင်းရေးအဖွဲ့အား အကြောင်းကြားပါသည်။

**လူထု စေ့စပ်ညှိနှိုင်းရေးအဖွဲ့**






သောက်သုံးရန်မသင့်ကြောင်း ဖော်ပြထားသော IEC များအား ရေတုံကင်ပေါ်မှ ဖြုတ်ယူပြီး အသုံးပြုနေသူများအားလည်း ၎င်းရေတုံကင်မှ ရေသည် သန့်ရှင်းနေပြီဖြစ်ကြောင်းနှင့် သုံးစွဲနိုင်ပြီဖြစ်ကြောင်းကို အကြောင်းကြားပေးပါသသည်။

- အကယ်၍ ရေနမူနာသည် ထပ်မံညစ်ညမ်းနေကြောင်းတွေ့ရှိပါက ဆောက်လုပ်ရေးအဖွဲ့အား အကြောင်းကြားပါသည်။

အကယ်၍ ပြန်လည်စစ်ဆေးခြင်းအမှတ်စဉ် ၂ ဆောင်ရွက်၍ ရေအရည်အသွေး ညစ်ညမ်းကြောင်းအဖြေ ထပ်မံထွက်ပေါ်လာပြီး ပြန်လည်ပြုပြင်ခြင်း၊ ကလိုရင်းအပြင်းစားဖြင့် ရေတွင်းအား သန့်ရှင်းရေးလုပ်ခြင်းများ ပြုလုပ်သော်လည်း ထပ်မံ၍ ရေညစ်ညမ်းကြောင်းအဖြေထွက်ပေါ် လာပါက ၎င်းရေအရည်အသွေး ညစ်ညမ်းရခြင်းအကြောင်းအရင်းအား ဖော်ထုတ်၍ ရရှိလာသော အကြောင်းအရင်းများအား တစ်ခုချင်းစီအား ဖြေရှင်းပေးပါသည်။

***အဝီစိတွင်းများ၏ ရေနမူနာများ စစ်ဆေးချက်တွင် အာဆင်းနစ် စစ်ချက်များမအောင်ပါက အဖွဲ့များကြားတွင် လုပ်ဆောင်ရမည့် အရာများနှင့် ဆက်သွယ်ရမည့် အရာများကို အောက်ပါ ဇယားပုံ (flowchart) တွင် ပြသပေးထားပါသည်။***




# ၂.၅ ဦးတည်ရည်မှန်းထားသည့် အိမ်ထောင်စုများသို့ သွားရောက်ခြင်း

**အိမ်ထောင်စုများ အသုံးပြုသည့် ရေနမူနာများကို အိမ်နေရာအတွင်းထိ ရယူစစ်ဆေးထားသည့် အတွက် လူထု နှင့် ယုံကြည်မှု တည်ဆောက်နိုင်ရန် နှင့် ထိန်းသိမ်းနိုင်ရန် ရေနမူနာ စစ်ဆေးသည့် ရလဒ်များကို ပြန်လည်၍ မျှဝေပေးဖို့ရန် အရေးကြီးပါသည်။**


ရေအရည်အသွေးစစ်ချက် မအောင်ပါက လူထုစည်းရုံးလှုံ့ဆော်ရေး အဖွဲ့မှ ထိုရေနမူနာယူထားသည့် အိမ် သို့ သွားရောက်ပြီး ရေရလဒ်အဖြေအကြောင်းကို ပြောပြပေးရပါမည်။ ထိုနောက် ရေခပ်ခြင်း၊ သယ်ခြင်း၊ သိုလှောင်ခြင်း နှင့် အသုံးပြုသည့် အချိန်များ တွင် သောက်သုံးရေကို ညစ်ညမ်းမှုမဖြစ် အောင် တားဆီးလျှော့ချနိုင်မည့် အပြုအမူများ သို့ ပြောင်းလဲလုပ်ဆောင်ကြရန် အကြံပေး ပြောကြားခဲ့ရပါသည်။

ထိုနောက် မိသားစုဝင်များ သည် ၎င်းတို့၏ ရေအသုံးပြုသည့် အပြုအမူများကို တိုးတက်ပြောင်းလဲအောင်လုပ်နိုင်သည့် အသိပညာများ ကို တိတိကျကျ သိရှိလာစေရန် အတွက် အဖွဲ့မှ ဘေးကင်းလုံခြုံစွာ ရေအသုံးပြုနည်း ရုပ်လှန်စာအုပ် ကို အသုံးပြု၍ မိသားစုဝင်များ အား ပြောပြပေးဖို့လိုပါသည်။ (2F အိမ်တိုင်ရာရောက် သွားရောက်ခြင်းအတွက် စံလုပ်ထုံးလုပ်နည်း)




## တန်းတူညီမျှမှုအား အာရုံစိုက်ခြင်း - ကျား/မ ရေးရာ၊ ကာကွယ်စောင့်ရှောက်ခြင်း နှင့် လူတိုင်းပါဝင်လာခြင်း

အဖွဲ့မှ အိမ်တိုင်ရာရောက်သွားသည့် အခါတွင် မရည်ရွယ်ဘဲ အမျိုးသမီးများ နှင့်သာ အများအားဖြင့် တွေ့ရလေ့ရှိပါသည်။ အများအားဖြင့် နေ့အချိန်တွင် အမျိုးသမီးများသာ အိမ်တွင် ရှိတတ်ပြီး မိသားစု အတွက် ရေ ကိစ္စများကို တာဝန်ယူပေးရသူများမှာလဲ အမျိုးသမီးများသာဖြစ်တတ်ပါသည်။ ထို အတွက် ကြောင့် အိမ်တိုင်ရာရောက်သွားသည့် အခါတွင် လူထုစည်းရုံးလှုံ့ဆော်ရေး အဖွဲ့ဝန်ထမ်းများထဲမှ အမျိုးသမီး ဝန်ထမ်းများကို လုပ်ဆောင်စေဖို့ရန် အရေးကြီးပါသည်။ အမျိုးသမီးများသည် အိမ်တွင် အမျိုးသား မိသားစုဝင်များ မရှိနေသည့်အချိန်တွင် အမျိုးသားဝန်ထမ်းများလာရောက်သည့်အခါ မတွေ့ဆုံချင်ကြပါ။


၃.၁ အိမ်သာ ဒီဇိုင်းပုံဖော်ခြင်း နှင့် တည်ဆောက်ခြင်း
၃.၂ မိသားစုသုံးအိမ်သာများ ကို လွှဲပြောင်းပေးခြင်း
၃.၃ မိသားစုသုံးအိမ်သာများ အား စောင့်ကြည့်ခြင်း နှင့် ပြုပြင်ထိန်းသိမ်းခြင်း
၃.၄ အများသုံး အိမ်သာများ
၃.၅ ရပ်ရွာလူထု အတွက် အိမ်သာ နှင့် ဆက်စပ် ပစ္စည်းများကို ဖြန့်ဝေပေးခြင်း
၃.၆ ကလေးသူငယ်များ သုံးနိုင်သည့် အိမ်သာများ
၃.၇ ကျောင်းသုံး အိမ်သာများ
၃.၈ အားလုံးပါဝင်နိုင်သော ပတ်ဝန်းကျင်သန့်ရှင်းရေး
၃.၉ မိလ္လာကျင်းများ အား ရှင်းလင်းခြင်း
၃.၁၀ မိလ္လာအညစ်အကြေးများအား ဘေးကင်းသည့် အဆင့်ရောက်အောင် သန့်စင်ခြင်း
၃.၁၁ ရေချိုးရန်နေရာများ
၃.၁၂ ရေမြောင်းများအား တူးဖော်ပေးခြင်း နှင့် ပြုပြင်ထိန်းသိမ်းပေးခြင်း

# အခန်း(၃) ပတ်ဝန်းကျင်သန့်ရှင်းရေး


အညစ်အကြေးများ၊ မစင်များ ကင်းစင် သန့်ရှင်းသော ပတ်ဝန်းကျင်တွင် ဘေးကင်းလုံခြုံစွာ စိတ်ချမ်းသာ၊ကိုယ်ကျန်းမာ စွာဖြင့် လူ့ဂုဏ်သိက္ခာရှိရှိ နေထိုင်နိုင်အောင် လုပ်ဆောင်ပေးနိုင်ရန် မစင်များကို စနစ်တကျ ထိန်းသိမ်းခြင်း၊ သိမ်းဆည်းခြင်း၊ သယ်ပို့ခြင်း နှင့် အန္တရာယ်ကင်းသည့်အဆင့်ရောက် အောင် သန့်စင်ပေးခြင်း နှင့် စွန့်ပစ်ပေးခြင်းတို့ကို လုပ်ဆောင်ပေးရန် မှာ ရေ၊ပတ်ဝန်းကျင် နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး (WASH) ၏ ဦးစားပေးလုပ်ငန်းတစ်ခုဖြစ်ပါသည်။ လူတိုင်းသည် သန့်ရှင်းပြီး ဘေးကင်းစိတ်ချရသည့် အိမ်သာများကို အသုံးပြု နိုင်ခွင့်ရှိရပါမည်။ မိလ္လာအညစ်အကြေးများကို အိမ်သာစနစ် တွင် သေချာ ထိန်းသိမ်း ထားခြင်းဖြင့် မစင်မှ တဆင့် ကူးစက်သည့်ရောဂါများ အား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ကူးစက်နိုင်သည့် လမ်းကြောင်းများကို ကနဦးတားဆီးပြီးသား ဖြစ်စေပါသည်။ လူထုကျန်းမာရေးအန္တရာယ်များကို အပြည့်အဝ ကိုင်တွယ်နိုင်ရန် နှင့် ပတ်ဝန်းကျင်အပေါ်သက်ရောက်မှုများအား လျှော့ချနိုင်ရန် အတွက် မိလ္လာ အညစ်အကြေး များအား ထိန်းသိမ်းထားသည့် လုပ်ငန်းစဥ်သည် သိမ်းယူခြင်း၊ သယ်ပို့ခြင်း၊ အန္တရာယ်ကင်းအောင် သန့်စင်ခြင်း နှင့် ဘေးကင်းစိတ်ချရသည့် နည်းဖြင့် စွန့်ပစ်ခြင်း စသည့် အခြားသော လုပ်ငန်းစဥ်များနှင့် ချိတ်ဆက်ပူးပေါင်း လုပ်ဆောင်ပေးဖို့လိုအပ်ပါသည်။ ဤ အပိုင်းတွင် OXSI WASH အစီအစဥ် မှ လုပ်ဆောင်နေသည့် အဆင့်များ၊ လုပ်ငန်းစဥ်များအားလုံးကို ဖော်ပြပေးသွားမှာ ဖြစ်ပါသည်။ ယခုဖော်ပြမည့် အပိုင်းတွင် မိလ္လာအညစ်အကြေးများအား စီမံထိန်းသိမ်း သည့် ပုံစံများအကြောင်း အဓိက ထားပြောပြမည်ဖြစ်သော်လည်း ပတ်ဝန်းကျင် သန့်ရှင်းရေးဟု ဆိုသည့်အခါတွင် စွန့်ပစ်အမှိုက်များအား စီမံခန့်ခွဲခြင်း နှင့် ရေစီးဆင်းမှုအားကောင်းအောင် လုပ်ဆောင်ပေးခြင်းဖြင့် ရောဂါများကို ထိန်းချုပ် ခြင်း သည်လည်း အပါအဝင်ဖြစ်ပါသည်။ ဒုတိယ အချက်အကြောင်းကို ဤအပိုင်း တွင် ထည့်သွင်းဖော်ပြ ပေးထားပြီး ပထမအချက်ဖြစ်သည့် စွန့်ပစ်အမှိုက်များ စီမံခန့်ခွဲခြင်းအကြောင်းကို အခန်း (၆) တွင် ဖော်ပြပေးထားပြီးဖြစ်ပါသည်။

# ၃.၁ အိမ်သာ ဒီဇိုင်းပုံဖော်ခြင်း နှင့် တည်ဆောက်ခြင်း

## ဒီဇိုင်းအတွက် ထည့်သွင်းစဉ်းစားခြင်း

အိမ်သာ နှစ်လုံးတိုင်းအတွက် ကျင်း (၂) ကျင်းရှိမည်ဖြစ်ပြီး ပထမ ကျင်းသည် မိလ္လာအညစ်အကြေးများကို သိမ်းဆည်းပေးပြီး စွန့်ပစ် အရည်များသည် နောက်ကျင်းတစ်ခုထဲသို့ စီးဆင်းသွားမည်ဖြစ်ပါသည်။ ထို့နောက်တွင် ဘေးမြေကြီးထဲသို့ ထိုအရည်များပျော်ဝင်သွားမည်ဖြစ်ပါသည်။ ဤ ဒီဇိုင်းသည် မိလ္လာကျင်း (၂) ကန် ပါဝင်သည့် စံပုံစံ အတိုင်း တုပ ပြီး ဒီဇိုင်းပုံဖော်ထားခြင်းဖြစ်ပါသည်။

စစ်တွေမြို့သည် မိုးတွင်ကာလတွင်း ရေကြီးရေလျှံလေ့ရှိသောကြောင့် အိမ်သာများ နှင့် အိမ်သာကျင်းများကို တည်ဆောက်သည့်အခါတွင် အိမ်သာသို့ ရောက်ဖို့ရန် လိုအပ်မည့် လှေကားများထည့်သွင်းပြီး ခပ်မြင့်မြင့် တည်ဆောက်ပေးဖို့လိုပါသည်။



ကျင်းဘေးဘက်များမှ စိမ့်ဝင်မှုကို မြင့်တင်ပေးရန် ရေစုပ်ကျင်းများကို တည်ဆောက်ရာတွင် ကွန်ကရစ်အလွှာပါးကို အသုံးပြုသည်။

မိလ္လာကျင်းရှင်းလင်းရန် နှင့် ပြုပြင်ထိန်းသိမ်းရ လွယ်ကူစေရန် အိမ်သာကျင်းများကို တည်ဆောက်ထားရပါမည်။

နေရာဒေသပေါ် မူတည်၍ အိမ်သာ၏ အောက်ခြေများ ရေတိုက်စားခံရပါက ခိုင်ခိုင်မာမာရှိနေနိုင်ရန် အတွက် အောက်ခြေကို အုတ်ခုံများဖြင့် တည်ဆောက်ပေးဖို့ရန် လိုအပ်နိုင်ပါသည်။

OXSI ၏ အိမ်သာဒီဇိုင်းများသည် မြန်မာ WASH အစုအဖွဲ့ မှ အတည်ပြုပြီး လက်ခံအသုံးပြုနေသည့် ဒီဇိုင်း ဖြစ်ပြီး ၂၀၁၇ခုနှစ်တွင် မုန်တိုင်းဝင်ရောက်ခဲ့စဉ်က စစ်တွေမြို့ပေါ်ရှိ အိမ်သာပေါင်း ၂၅၀၀ ကျော်သည် အများအပြား ထိခိုက်ပျက်စီး ခဲ့ရသော်လည်း OXSI ၏ အိမ်သာဒီဇိုင်းများသည် ဆက်၍ ကောင်းကောင်း အသုံးပြုနိုင် ခဲ့ပါသည်။ မည်သို့ဆိုစေ OXSI သည် အိမ်သာများ မိုးလေဒဏ်၊ ဆိုင်ကလုံးမုန်တိုင်းဒဏ်များကို ခံရပ်နိုင်စွမ်း ပိုမိုအားကောင်းလာစေရန် အသေးစား ပြုပြင်မှုများကို ဆက်လက်လုပ်ဆောင်ပေးခဲ့ပါသည်။ ထိုအကြောင်း ကို နောက်စာ မျက်နှာတွင် ဆက်လက်ဖော်ပြပေးထားပါသည်။

OXSI ၏ အိမ်သာဒီဇိုင်းများကို လုံးချင်းအိမ်သာ၊ (ပုံပါအတိုင်း) နှစ်လုံးတွဲအိမ်သာ သို့မဟုတ် တံခါး (၄) ခုတွဲ အိမ်သာ များတွင် ပါ အသုံးပြုနိုင်ပါသည်။ အိမ်သာပုံစံ ဒီဇိုင်းကွဲပြားမှုကြောင့် အားသာချက် နှင့် အားနည်းချက် များလည်း ကွာခြားပါသည်။ လုံးချင်းအိမ်သာများသည် အခြား အိမ်သာများ နှင့် တွဲလျှက် နံရံများ မရှိသောကြောင့် အသုံးပြုသူအတွက် ပို၍ လုံခြုံစေပါသည်။ ထို့အပြင် (အပိုင်း ၃.၂ ပါအတိုင်း) ကျားမ ခွဲခြားထားသည့် အိမ်သာအဖြစ် လွဲပြောင်းပေးရန် ပို၍ လွယ်ကူစေပါသည်။ သို့သော် တလုံးတွဲအိမ်သာများသည် အိမ်သာတံခါး တစ်ခု အတွက် ပစ္စည်းများ ပိုအသုံးပြုရသလို၊ ဆောက်လုပ်ရန်လည်း ပို၍ကြာမြင့်နိုင်ပါသည်။ ထို့အပြင် နေရာရှားပါး မှုကြောင့် လုံးချင်းအိမ်သာများသည် စစ်တွေ စခန်းများတွင် တန်ဖိုး ရှိသော နေရာများစွာ ယူနိုင်ပါသည်။ ထို့ကြောင့် အသုံးပြုရသည့် ငွေကြေး တန်ဖိုးအတိုင်း အဖိုးတန်အသုံးဝင်နိုင်စေရန် အတွက် OXSI မှ အိမ်သာများကို ဆောက်ပေးသည့် အခါတွင် နှစ်လုံး တွဲအိမ်သာ သို့မဟုတ် လေးလုံး တွဲအိမ်သာများကိုသာ တည်ဆောက်ပေးပါသည်။ နှစ်လုံးတွဲ အိမ်သာများကို တည်ဆောက်ရန် အတွက် ကုန်ကျစရိတ်နှင့် အသုံးပြုမည့် ပစ္စည်းများ ပေါ်တွင် မူတည်၍ ရွေးချယ် ဆုံးဖြတ်နိုင်ပါသည်။ ထို့အပြင် လူထုက အလိုရှိပါက နှစ်လုံးတွဲအိမ်သာများကို ကျား၊မ ခွဲခြားထား သည့် အိမ်သာများအဖြစ် လွဲပြောင်းပေးနိုင်ရန် လွယ်ကူပါသည်။ လေးလုံးတွဲအိမ်သာများ ၏ အဓိက အကျိုးကျေးဇူးမှာ အိမ်သာတံခါးတည်ဆောက်ရန် အတွက် နေရာသိပ်မယူခြင်း ဖြစ်ပါသည်။ လေးလုံးတွဲအိမ်သာများကို တည်ဆောက်သည့် အခါတွင် နှစ်လုံးတွဲ အိမ်သာ အတွဲတစ်ခု ထပ် ပို၍ ကျင်းများကို တိုးတည်ဆောက်ပေးရန် လိုအပ်သည့်အတွက် နှစ်လုံးတွဲအိမ်သာ (၂) ခု တည်ဆောက်ပေးရသည့် အတိုင်း ကုန်ကျစရိတ် တူညီပါသည်။

### မှတ်သားစရာအချက်များ -


OXSI မှ စီမံခန့်ခွဲပေးနေသည့် **အိမ်သာပေါင်း ၃၆၀၀** ကျော်ရှိပါသည်။ ပျမ်းမျှအားဖြင့် အိမ်ထောင်စု တစ်ခု အတွက် အိမ်သာတစ်ခုကို လူ (၂၀) ခန့် အသုံးပြုကြပါသည်။ နှစ်လုံးတွဲအိမ်သာ တခု တွက် ကုန်ကျစရိတ်မှာ ပျမ်းမျှအားဖြင့် **အမေရိကန်ဒေါ်လာ ၁၀၀၀** ခန့်ရှိပါသည်။ (၂၀၂၀ ခုနှစ်)

(3A နှစ်ခန်းတွဲအိမ်သာ၏ လိုအပ်သောပစ္စည်းများ ကုန်ကျမှုဆိုင်ရာ ခန့်မှန်းခြေစာရင်း နှင့် ပုံကြမ်း)

## ဆိုင်ကလုံးမုန်တိုင်း ဝင်ရောက်လေ့ရှိသည့် နေရာများတွင် အိမ်သာများ ဆောက်သည့် အခါ အသုံးဝင်နိုင်သည့် OXSI ၏ ဆောက်လုပ်ရေးဆိုင်ရာအကြံပြုချက်များ -



၁။ မုန်တိုင်းဝင်ရောက်သည့် အချိန်တွင် အိမ်သာများ လဲပြိုခြင်းမျိုးမဖြစ်ရအောင် အောက်ခြေ အခံကို အရွယ်အစားကြီးကြီး လုပ်ထားပေးဖို့လိုပါသည်။ အောက်ခြေအခံတိုင်းတွင် အိမ်သာ ကိုယ်ထည် သစ်သားနှင့် ချိတ်တွဲနိုင်မည့် သံကုတ် အခံကိုပါ ထည့်သွင်းလုပ်ဆောင်ပေးထား နိုင်ပါသည်။



၂။ အိမ်သာနံရံများ ပျက်စီးခြင်းမျိုးမဖြစ်ရလေအောင် အိမ်သာနံရံ အတွက် ဖရိန်ကို ဆောက်သည့် အခါတွင် ဒေါင်လိုက် တိုင်များသာမက ဒေါင့်ဖြတ်တိုင်များပါ ထည့်သွင်းတည်ဆောက်ပေးပါ။



၃။ အိမ်သာခေါင်မိုးများ လန်ခြင်း မျိုးမှ ကာကွယ်နိုင်ရန် အတွက် အမိုးခေါင်တိုင်များကို ဟာရီကိန်း ကုတ်များတပ်ဆင်ပေးထားရန် လိုပါသည်။ ခေါင်မိုး၏ ထောင့် ၏ ၃ ဒီဂရီ (၅%) သည် အမိုးများလန်ခြင်းကဲ့သို့ ထိခိုက်ပျက်စီးသည့် ဒဏ်များကို ခံနိုင်စွမ်းကောင်းစေပါသည်။ အိမ်သာအရှေ့ဖက်မှ လေပြင်းတိုက်လာသည့် အခါတွင် ခေါင်မိုးများ လန်ခြင်းမဖြစ်စေရန် အတွက် ခေါင်မိုး၏ သစ်သား ထုတ်တန်းကို ၉၀ ဒီဂရီ ကွေးထားပေးဖို့လိုပြီး အမိုးထိပ်ကာ ပေါ် ရှိ CGI ပြားကို လျှော့ချပေးဖို့လိုပါသည်။



၄။ အိမ်သာအရှေ့ဖက်မှ နေ၍ လေပြင်းတိုက်သောကြောင့် ထိခိုက်ပျက်စီးခြင်းမျိုးမဖြစ်စေရန် အတွက် အိမ်သာ တွင် လုပ်ပေးမည့် ကွန်ကရစ် လှေကားထစ်များ အား သံဖရိန် ချောင်း ကုတ်များ တပ်၍ အိမ်သာကိုယ်ထည် နှင့် တွဲပေးထားပါ။



၅။ အိမ်သာရှိရာသို့ လေပြင်းများ တိုက်လာပါက လေဘေးဒဏ်ကို ခံရပ်နိုင်စေရန် အတွက် အိမ်သာ ကျင်းများ ကို တည်ဆောက်သည့် အခါတွင် အိမ်သာ ကိုယ်ထည်၏ နောက်ဖက် နှင့် တွဲထားရန် စတီးဝါယာကြိုးများ ထည့်သွင်းတပ်ဆင်ပေးပါ။




၆။ သစ်သားများကို ခြစားသည့် ဒဏ် နှင့် မိုးဒဏ် မှ ကာကွယ်ရန် အတွက် အရောင်တင် ပေါလစ်ဆီ မျိုး သုတ်လိမ်းပေးထားပါ။

## ၃.၂ မိသားစုသုံးအိမ်သာများကို လွှဲပြောင်းပေးခြင်း

**အရေးပေါ်အခြေအနေတွင် WASH အဖွဲ့အစည်းများသည် အများသုံး အိမ်သာများကို တည်ဆောက်ပေး ခဲ့ကြပါသည်။ သို့သော်လည်း အရေးပေါ်ကာလ ကြာမြင့်လာသည် နှင့် အမျှ အိမ်သာများကို စောင့်ကြည့်ခြင်း၊ သန့်ရှင်းပေးခြင်း၊ အသေးစားပြုပြင်ခြင်း စသည်တို့လုပ်ဆောင်ရန် အိမ်ထောင်မိသားစုများထံသို့ "လွှဲပြောင်း" ပေးခြင်း နှင့် အကြီးစားပြုပြင်စရာလိုသည်များကို OXSI ထံသို့ အကြောင်းကြားပေးခြင်း အခြေအနေ ပေးလာနိုင်ပါသည်။**


စစ်တွေမြို့ရှိ အသွားအလာကန့်သတ်ထားသောနေရာရှိ နေရပ်စွန့်ခွာလာရ သူများ နှင့် တိုင်ပင်ဆွေးနွေးပြီးနောက် အိမ်ထောင်စု လေးစု မှ အမျိုးသား၊ အမျိုးသမီး နှင့် ကလေးငယ်များ အတူတူမျှဝေအသုံးပြုနိုင်ရန် အတွက် "မိသားစုသုံး အိမ်သာများ" အဖြစ် အိမ်သာများကို WASH အဖွဲ့အစည်း များ မှ လွှဲပြောင်းပေးခဲ့ပါသည်။ မိသားစုသုံးအိမ်သာပုံစံများ သည် ပိုမို သီးသန့်ဖြစ်ပြီး၊ ပိုင်ဆိုင်မှု ကို အားပေးသလို မူလ ရပ်ရွာတွင် မိမိကိုယ်ပိုင် မိသားစုအိမ်သာများ အသုံးပြုခဲ့သည့် အလေ့အကျင့်များကို ထင်ဟပ်နိုင်သည့် အတွက် လူထု က ပိုမိုနှစ်သက်ကြောင်းဖော်ပြကြပါသည်။ စခန်းအသေး တစ်ခု တွင် မိသားစုများ မျှဝေသုံးစွဲသည့် အိမ်သာကို ကျား၊မ ခွဲခြားပေးထားပါသည်။

**ရွေးချယ်စရာပုံစံ ၁** (ကျား/မ ခွဲခြားထားသော၊ အဆောင်နှစ်ခုအတွက် အိမ်သာနှစ်လုံး)





သို့သော်အချို့အခြေအနေများတွင် အမျိုးသမီး နှင့် မိန်းကလေးငယ်များသည် ၎င်းတို့၏ မိသားစုဝင်ထဲမှ သို့မဟုတ် အိမ်နီးနားချင်းမိသားစုဝင်များထဲမှ အမျိုးသားများ နှင့် အိမ်သာကို မျှဝေသုံးစွဲရသည် မှာ သက်တောင့်သက်သာ မရှိကြောင်းပြောပြကြပါသည်။ WASH ၏ အစီအစဥ်များအားလုံး တွင် ကျား၊မရေးရာ နှင့် ကာကွယ်စောင့်ရှောက်ခြင်း ကို ဖြန့်ကျက်ထည့်သွင်းစဥ်းစား နိုင်ရန်မှာ OXSI ၏ ရည်မှန်းချက်ပန်းတိုင် တစ်ခုဖြစ်သည့် အလျောက် မျှဝေသုံးစွဲနေသည့် အိမ်သာများ အား မိမိတို့ မိသားစု အစုအဖွဲ့အတွင်း မည်သို့ မျှဝေသုံးစွဲမလဲဆိုသည်ကို အတူတကွ ဆုံးဖြတ်ဆွေးနွေးသည့် လုပ်ငန်းစဥ် အသစ်တစ်ခုကို ရပ်ရွာတွင်းစည်းရုံးလှုံ့ဆော်သည့် အဖွဲ့ မှ ရှေ့ပြေးအနေဖြင့် စတင်ခဲ့ပါသည်။ ဤ လုပ်ငန်းစဥ် တွင် အဆောင် (၂) ဆောင်တွင် နေထိုင်ကြသည့် အမျိုးသား နှင့် အမျိုးသမီး တို့သည် အဖွဲ့ခွဲ၍ အိမ်သာကို မျှဝေနိုင်သည့် နည်းလမ်းများကို ဆွေးနွေးကြပြီး ၎င်းတို့ နှစ်သက်သည့် ပုံစံကို ဆုံးဖြတ်ကြပါသည်။ထိုနောက် အဖွဲ့ (၂) ဖွဲ့ သည် အတူတူပြန်လည် တွေ့ဆုံပြီး အဆုံးသတ်ဆုံးဖြတ်ချက်ကို အတူတူ ချမှတ်ကြပါသည်။ OXSI ၏ ဝန်ထမ်းများသည် ပထမဆုံးအကြိမ်တွေ့ဆုံသည့် အစီအစဥ် တွင် ဦးဆောင် ပါဝင်ပေးခဲ့သော်လည်း နောက်ပိုင်း အိမ်သာမျှဝေသည့် ပုံစံများ နှင့် ပတ်သက်၍ ဆွေးနွေးရန် လိုအပ်လာပါက အဆောင် (၂) ဆောင် မှ မိသားစုဝင်များ မိမိတို့ဘာသာ တွေ့ဆုံ၍ အတူတူ အဖြေရှာကြရန် တိုက်တွန်းအားပေးခဲ့ပါသည်။ အချို့ အိမ်ထောင်မိသားစုများသည် (ပုံစံ ၃ ဖြစ်သည့်) မိသားစုသုံးအိမ်သာများအား ကျား၊ မ ခွဲခြား၍ သုံးသည့် ပုံစံ အတိုင်းအသုံးပြုကြရန် အတူတူ ဆုံးဖြတ်ခဲ့ကြပြီး အခြား မိသားစုများသည် (ပုံစံ ၁ ဖြစ်သည့်) မိသားစုသုံး အိမ်သာများကို ကျား၊မ မခွဲခြားသည့် ပုံစံ အတိုင်း ဆက်လက် အသုံးပြုသွားရန် ဆုံးဖြတ်ခဲ့ကြပါသည်။ အိမ်သာများ ကို မျှဝေသုံးစွဲနေကြသည့် မိသားစုဝင်များမှ ထိုဆုံးဖြတ်ချက်များကို မိမိတို့ သဘော အလျောက် အတူတကွ ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်ပါသည်။ (3B မိသားစုသုံးအိမ်သာ လွှဲပြောင်းပေးအပ်ခြင်း မှတ်တမ်းလွှာအတွက် အုပ်စုဖွဲ့ဆွေးနွေးခြင်း)

**ရွေးချယ်စရာပုံစံ ၂** (ကျား/မ ခွဲခြားထားသော၊ အဆောင်နှစ်ခုအတွက် အိမ်သာနှစ်လုံး)




**ရွေးချယ်စရာပုံစံ ၃** (ကျား/မ ခွဲခြားထားသော၊ အဆောင်နှစ်ခုအတွက် အိမ်သာနှစ်လုံး)




*မိသားစုရှစ်ခု၏ နားခိုရာနေရာနှစ်ခုက နှစ်လုံးတွဲအိမ်သာများ မျှဝေရာတွင် စိတ်မှန်းဖြစ်ရပ်သုံးခု*


## ၃.၃ မိသားစုသုံးအိမ်သာများ အား စောင့်ကြည့်ခြင်း နှင့် ပြုပြင်ထိန်းသိမ်းခြင်း။

**အဆောက်အအုံအားလုံး တွင် လုပ်ဆောင်သည့် နည်းအတိုင်း အိမ်သာများအားလုံးအတွက် စောင့်ကြည့်ခြင်း နှင့် ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာ အစီအစဥ်များကို WASH အဖွဲ့အစည်းများသည် ရေးဆွဲပြင်ဆင်ထားဖို့ လိုအပ်ပြီး တတ်နိုင်သမျှ ရပ်ရွာလူထုကို ပါဝင်စေနိုင်ဖို့လိုပါသည်။**

(အပိုင်း ၇.၂ တွင်ပါသည့်) တိုင်ကြားမှုများအားလက်ခံ တုံ့ပြန်သည့် လုပ်ငန်းစဥ် (CRM) မှ တဆင့် အဆောက်အအုံများအတွက် လိုအပ်သည့် ဝန်ဆောင်မှုများကို တောင်းဆိုနိုင်သလို OXSI MEAL အဖွဲ့သည်လည်း OXSI မှ စီမံခန့်ခွဲနေသည့် အိမ်သာအားလုံး အတွက် လစဥ် အဆောက်အအုံများ၏ လည်ပတ်လုပ်ဆောင်နိုင်မှု အခြေအနေ အား အသေးစိတ်စစ်ဆေးခြင်း ကိုလည်း လုပ်ဆောင်ပေးလျှက်ရှိပါသည်။ ထိုသို့ အသေးစိတ်စစ်ဆေးရမှ ရရှိလာသည့် ရလဒ်များကို အသုံးပြု၍ အိမ်သာများပြုပြင်ရန် အတွက် လုပ်ငန်းအစီအစဥ်ကို ဆောက်လုပ်ရေးအဖွဲ့မှ ရေးဆွဲပါသည်။ ထိုသို့ အသုံးပြုရခြင်းကြောင့် အဆောက်အအုံများ ၏ အခြေအနေ စစ်ဆေးချက်မှာ အသေးစိတ် အချက်များပါဝင်ပါမှသာ ပြုပြင်ထိန်သိမ်းရန် လိုအပ်သည့် ပစ္စည်းများ နှင့် ကိရိယာများကို ဆောက်လုပ်ရေးအဖွဲ့မှ တိတိကျကျ ပြင်ဆင် နိုင်မည်ဖြစ်ပါသည်။ (3C အိမ်သာ အလုပ်လုပ်မှုရှိ/မရှိ စစ်ဆေးခြင်း)

ထို့အပြင် အဆောက်အအုံ ၏ လည်ပတ်လုပ်ဆောင်နိုင်မှုအခြေအနေ သည် နေရာဒေသ ရေခံမြေခံ ပေါ်မူတည် ၍ ကွဲပြားနိုင်ပါသည်။ စစ်တွေရှိစခန်းများတွင် အိမ်သာတစ်လုံး ၏ ကောင်းစွာ လည်ပတ်လုပ်ဆောင်နိုင်မှုကို သတ်မှတ်ရာတွင် အသုံးပြုသူများကောင်းစွာ သုံးနိုင်မှု၊ သီးသန့် လုံခြုံမှုကာကွယ်ပေးနိုင်မှု နှင့် ရေပိုက်များ၊ အိမ်သာကျင်းများ ကောင်းစွာ အလုပ်လုပ်နေနိုင်မှုတို့ပေါ်မူတည်၍ OXSI မှ သတ်မှတ်ပါသည်။ အိမ်သာတစ်လုံး ၏ ကျင်းများသည် လျှံနေခြင်း သို့မဟုတ် ပြည့်နေခြင်း၊ အိမ်သာ၏ ကျင်းများ၊ ပိုက်များ သို့မဟုတ် အိမ်သာ ၏ ကိုယ်ထည်တို့သည် အသုံးပြုသူ အတွက် ဘေးကင်းနိုင်ခြင်းမရှိသလို၊ သီးသန့် လုံခြုံမှုကို မပေးနိုင်တော့ သည့် အခြေအနေထိရောက်အောင် ပျက်စီးယိုယွင်းနေပါက ထို အိမ်သာသည် ကောင်းစွာ လည်ပတ် လုပ်ဆောင်နိုင် ခြင်းမရှိသည့် အိမ်သာအဖြစ်သတ်မှတ်ပါသည်။

### OXSI ၏ လစဥ် အဆောက်အအုံများလည်ပတ်လုပ်ဆောင်နိုင်မှုကို စစ်ဆေးခြင်း -



လူနေထူထပ်သည့် စခန်းနေရာမျိုးတွင် WASH အဖွဲ့အစည်းများသည် ကာလ အတိုင်းအတာ တစ်ခုထိ တည်မြဲနိုင်မည့် အဆောက်အအုံကို တည်ဆောက် ပေးရသည့် အခါတွင် အိမ်သာများကို မကြာခဏ ပြုပြင်ရန် လိုအပ်လာနိုင်ပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းအစီအစဥ်များရေးဆွဲရန် အတွက် လုပ်သည့် တိုင်ကြားမှု များ အားလက်ခံ တုံ့ပြန်သည့် လုပ်ငန်းစဥ် (CRM) မှ တဆင့် လက်ခံရရှိသည့် တောင်းဆိုချက်များ နှင့် လစဥ် လုပ်ဆောင်သည့် အဆောက်အအုံများ လည်ပတ်လုပ်ဆောင်နိုင်မှု စစ်ဆေးချက်များမှ ရလာသည့် ရလဒ်များကို အသုံးပြု၍ OXSI သည် အိမ်သာများကို ပုံမှန် ပြုပြင်ထိန်းသိမ်းပေးပါသည်။

## ရွှေ့ပြောင်းစမ်းသပ်ချက်

အိမ်သာများ အား ရပ်ရွာလူထု ၏ ပိုင်ဆိုင်မှု စိတ်ဓာတ် ကို မြှင့်တင်ရန်၊ အဆောက်အအုံများအား စီမံထိန်းသိမ်း သည့်အခါ ဗဟိုချုပ်ကိုင်မှုကို လျှော့ချရာတွင် ပံ့ပိုးနိုင်ရန် နှင့် ဝန်ဆောင်မှုများကို တောင်းဆိုသည့်အခါ စောင့်ဆိုင်းရသည့် အချိန်ကို လျှော့ချရန် အတွက် ပြုပြင်ထိန်းသိမ်းသည့် စနစ် တစ်ခုကို OXSI မှ ရွှေ့ပြောင်းစမ်းသပ်ခဲ့ပါသည်။ ဝန်ဆောင်မှုများ တောင်းဆိုချက်များကို ကောက်ယူသည့် (အပိုင်း ၇.၂ ပါ) တိုင်ကြားမှုများအား လက်ခံ တုံ့ပြန်သည့် လုပ်ငန်းစဥ် (CRM) ကို ဆက်လက် အသုံးပြု၍ OXSI သည် ၎င်းတို့နေထိုင်ရာ စခန်းအပိုင်း တွင် အသေးစားပြုပြင်မှုများကို လုပ်ဆောင် နိုင်စေရန် အတွက် ရပ်ရွာတွင်း ဆောက်လုပ်ရေးခေါင်းဆောင်များ ကို ရွေးချယ် သင်တန်းပေးခဲ့ပါသည်။ အိမ်သာ ပြင်ဆင်ရာတွင် လိုအပ်နိုင်မည့် အချက်များ ပါသည့် စာရင်းကို SI ဆောက်လုပ်ရေးအဖွဲ့မှ ရေးဆွဲပေးပြီး ရပ်ရွာတွင်း ဆောက်လုပ်ရေးခေါင်းဆောင်များ ထံသို့ ပေးပါသည်။ ထိုနောက် အလုပ်လုပ်ရန် လိုအပ်သည့် ပစ္စည်းများ၊ ကိရိယာများကို OXSI ရုံးများထံသို့ တောင်းဆိုကြပါသည်။ ဆောက်လုပ်ရေးခေါင်းဆောင်များအား ဝန်ထမ်းများ သို့မဟုတ် နေ့စားလုပ်သားများ အနေဖြင့် လုပ်ခပေးထား ခြင်း မဟုတ်ပဲ ၎င်းတို့ ပြုပြင်ထိန်းသိမ်းရေး လုပ်ဆောင်ရသည့် လုပ်ငန်းတစ်ခု ပြီးစီးပါက ထိုအလုပ်အတွက် လုပ်ခ ကို ပေးသည့် ပုံစံမျိုးဖြစ်ပါသည်။ ဦးစီးကြီးကြပ်ပေးခြင်း သို့မဟုတ် လုပ်ခ တစ်ခုမပေးခင် လုပ်ဆောင် ထားသည့် ရလဒ်သည် အရည်အသွေးကောင်းမွန်စွာ ထွက်ပေါ် လာခဲ့သလားဆိုသည်ကို စစ်ဆေးခြင်းစသည် တို့ကို OXSI ၏ ဆောက်လုပ်ရေးအဖွဲ့ မှ လုပ်ဆောင်ပေးခဲ့ပြီးနောက် CRM တွင် ထို တိုင်ကြားချက်ကို ပိတ်သိမ်း ပေးပါသည်။ (3D လူထုကိုယ်တိုင်ဦးဆောင်မှုဖြင့် ဆောက်လုပ်ရေးလုပ်ငန်းများ လုပ်ဆောင်ခြင်း)

ရပ်ရွာတွင်း ဆောက်လုပ်ရေးခေါင်းဆောင်များသည် အိမ်သာများကို ပိုမိုပြုပြင် လာနိုင်ပြီး ရပ်ရွာတွင်း တစုံတရာ ပြဿနာရှိပါက အဆိုပါ ခေါင်းဆောင်များ ထံသို့ တိုက်ရိုက်ဆက်သွယ်နိုင်မည့် နည်းလမ်းများကို ရပ်ရွာလူထု များ သိရှိထားအောင် လုပ်ဆောင်ပေးနိုင်ရန် OXSI မှ ရည်ရွယ်ပါသည်။ ထိုနည်းဖြင့် OXSI ၏ ပါဝင်မှုမပါပဲ အိမ်သာတွင် အသေးစားပြုပြင်မှုများလိုအပ်လာပါက ရပ်ရွာလူထုသည် မိမိတို့ ဘာသာ တိုက်ရိုက်လုပ်ဆောင် နိုင်လာသည့် အဆင့်သို့ တဖြည်းဖြည်း ပြောင်းလဲ သွားနိုင်မည်ဖြစ်ပါသည်။ သို့သော် တာဝန်ခံမှု ရှိစေရန် ရည်ရွယ်ထားသောကြောင့် အဆောက်အအုံများပြင်ဆင်ရန် တောင်းဆိုချက်များအား CRM စနစ်တွင်းသို့ ရပ်ရွာတွင်း ဆောက်လုပ်ရေးခေါင်းဆောင်များ မှ ထည့်သွင်းပေးဖို့လိုပါသည်။

## ၃.၄ အများသုံး အိမ်သာများ

**မိသားစုသုံး နှင့် ကျောင်းသုံးအိမ်သာများ အထူးသဖြင့် ၎င်းအိမ်သာများ ကို ကိုင်တွယ်ထိန်းသိမ်းရန် မိသားစုများ ထံသို့ လွှဲပြောင်းပေးပြီးပါက စခန်းတွင်းရှိ ဈေးများ၊ လူထု စင်တာများ နှင့် ဘုရားရှိခိုးသည့် နေရာများ တွင် အများသုံး အိမ်သာများ လိုအပ်လာနိုင်ပါသည်။**

စစ်တွေရှိ WASH အစီအစဥ် တွင် OXSI သည် အိမ်သာ သန့်ရှင်းရေးလုပ်သူများကို မခန့်ပဲ အိမ်သာများကို ကိုင်တွယ်ထိန်းသိမ်းရန် မိသားစုများအား လွှဲပြောင်းပေး ထားသဖြင့် အများသုံးအိမ်သာများအား ရပ်ရွာလူထုမှ တာဝန်ယူ၍ ထိန်းသိမ်းရန်မှာ အလွန်အရေးကြီးပါသည်။ OXSI သည် ဗလီမှ တာဝန်ရှိသူများ နှင့် အတူတူ လက်တွဲပြီး ဗလီဝန်း အတွင်း အိမ်သာများ ဆောက်လုပ်မည့် နည်းဗျူဟာများကို သဘောတူညီ ခဲ့ကြပါသည်။ OXSI သည် လိုအပ်သည့် ပစ္စည်းများ၊ကိရိယာများကို ပံ့ပိုးပေးမည်ဖြစ်ပြီး ဘာသာရေး ခေါင်းဆောင် များမှ ဆောက်လုပ်ရေးတွင် ပါဝင်ပေးနိုင်မည့် စေတနာ့ဝန်ထမ်းများကို စုပေးခြင်း နှင့် ဆောက်လုပ်ပြီးစီးပါက အိမ်သာကို ထိန်းသိမ်းပေးမည်ဖြစ်ကြောင်း သဘောတူညီခဲ့ကြပါသည်။ ဤနည်းလမ်းဖြင့် အများသုံးအိမ်သာများကို ဆောက်လုပ်ပေးခဲ့သည့် OXSI ၏ အတွေ့အကြုံအရ ရပ်ရွာလူထု ထဲမှ အဖွဲ့များအား တူညီသည့်အကြောင်းအရင်း တစ်ခုပေါ်မူတည်၍ တက်ကြွစွာ ချိတ်ဆက်လုပ်ဆောင်စေခြင်း ဖြင့် ရပ်ရွာလူထု နှင့် ချိတ်ဆက်လုပ်ဆောင်နိုင်စွမ်း နှင့် ပိုင်ဆိုင်မှု စိတ်ဓာတ်တို့ကို တိုးမြှင့်ပေး နိုင်ကြောင်းကို တွေ့ရှိခဲ့ရပါသည်။ ကလေးသူငယ်သုံးအိမ်သာများ နည်းတူ (အပိုင်း ၃.၆ တွင် ရှု) အကြီးစား ပြုပြင်ထိန်းသိမ်းဖို့လိုအပ်ပါက CRM လုပ်ငန်းစဥ်ကို အသုံးပြု၍ ဝန်ဆောင်မှုကို ရပ်ရွာလူထုမှ တောင်းဆိုနိုင်သော်လည်း အများသုံး အိမ်သာ များ အားပြုပြင်ခြင်း သို့မဟုတ် ပုံမှန် စောင့်ကြည့်ပေးခြင်းတို့ကို OXSI မှ လုပ်ဆောင်ပေးမည် မဟုတ်ပါ။

### OXSI ကြုံတွေ့ရသည့် စိန်ခေါ်ချက်များ

ဗလီများ ရှိ အများသုံးအိမ်သာများ အတွက် ဘာသာရေးခေါင်းဆောင်များ မှ စေတနာ့ ဝန်ထမ်းများ အလုံအလောက်ရှိ အောင် လုပ် ပေးရန် (နှင့် တခါတရံ တွင် နည်းပညာပိုင်း ကျွမ်းကျင်သည့် လုပ်သား များအတွက် လုပ်ခ ပေးနိုင်ရန်) အတွက် ကတိကဝတ်ခံပေး နိုင်သည့် အချိန်ရောက်မှ OXSI သည် လိုအပ်သည့် ပစ္စည်းများကို ပို့ဆောင် ပံ့ပိုးပေး ပါသည်။ ထိုကြောင့် တခါတရံတွင် အချိန်ကြန့် ကြာတတ်ပါသည်။

### OXSI ၏ ဖြေရှင်းနည်းများ

အဆောက်အအုံဆောက်လုပ်သည့် လုပ်ငန်းစဥ် တွင် ရပ်ရွာလူထု ၏ ပူးပေါင်း ပါဝင်မှုက အချိန်ကြာမြင့် မည်မှာ အသေအချာပင်ဖြစ်ပါသည်။ သို့သော် ပိုင်ဆိုင်မှု စိတ်ဓာတ်ကို မြှင့်တင်ရန် အတွက် ထိုသို့လုပ်ဆောင်ရခြင်းသည် အကျိုးဖြစ် စေနိုင်ပါသည်။ အစီအစဥ် အတွက် အချိန်ဇယားများ ရေးဆွဲ သည့် အခါတွင် အချိန်ပိုထည့်ပေးခြင်း နှင့် အခြား ပံ့ပိုးမှုများ လိုအပ်နိုင်သလားဆိုသည်ကို ရပ်ရွာလူထု နှင့် မကြာခဏ ချိတ်ဆက်လုပ်ဆောင် ရန် WASH အဖွဲ့အစည်းများသည် ပြင်ဆင်ထားဖို့လိုပါသည်။

## ၃.၅ ရပ်ရွာလူထု အတွက် အိမ်သာ နှင့် ဆက်စပ် ပစ္စည်းများကို ဖြန့်ဝေပေးခြင်း

**အချို့အခြေအနေများတွင် ရပ်ရွာလူထု ၏ လုပ်ဆောင်နိုင်စွမ်း နှင့် ပိုင်ဆိုင်မှု စိတ်ဓာတ်ကို အားကောင်းစေရန် နှင့် ပိုမိုလွတ်လပ်မှု နှင့် ဆုံးဖြတ်ချက်ချနိုင်မှုရှိလာစေရန် အတွက် မိမိကိုယ်တိုင် အိမ်သာများ ဆောက်လုပ်နိုင် ရန် WASH အဖွဲ့အစည်းများ မှ ပစ္စည်းများ ပံ့ပိုးပေးနိုင်ပါသည်။ ထိုပုံစံမျိုးသည် လူသားချင်းစာနာ ထောက်ထားမှု အကူအညီပေးသည့် အစီအစဥ်များထက် ဖွံ့ ဖြိုးရေး အစီအစဥ်များတွင် ပို၍ တွေ့ရလေ့ရှိ ပါသည်။**

စစ်တွေရှိ အသွားအလာကန့်သတ်ထားသောနေရာများရှိ ကျေးရွာများ ရှိ နေရပ်စွန့်ခွာလာသူများအား လက်ခံပေးထားသည့် ရပ်ရွာလူထုသည် စခန်းတွင်း နေထိုင်နေကြသူများ နှင့် တူညီသည့် စိန်ခေါ်ချက်များကို ကြုံတွေ့ကြရပါသည်။ အဆိုပါ ရပ်ရွာလူထု သည်လည်း အသွားအလာကန့်သတ်ခံရခြင်း၊ ဝင်ငွေတိုး ရနိုင်သည့် အခွင့်အလမ်းများ ကို လက်လှမ်းမမှီတော့ခြင်း၊ ကျန်းမာရေး နှင့် ပညာရေး ဝန်ဆောင်မှုများ လုံလောက်စွာ မရရှိ တော့ခြင်းစသည့် အခက်အခဲများကို ကြုံတွေ့ကြရပါသည်။ သို့သော် ကျေးရွာများမှ ဒေသခံများသည် မိမိကိုယ်ပိုင်အိမ်များ၊ သီးနှံများ စိုက်ပျိုးရန် မြေ သို့မဟုတ် မွေးမြူရေးလုပ်ရန် မြေ နှင့် ကိုယ်ပိုင်သုံး အိမ်သာများ နှင့် လက်နှိပ်ရေတုံကင်များ ရှိကြပါသည်။ အဆိုပါ ဒေသခံများသည် နေရပ်စွန့်ခွာလာရသည့် မိတ်ဆွေများ သို့မဟုတ် ဆွေမျိုးများ ကို လက်ခံပေးထားရသည့် အတွက် ၎င်းတို့၏ ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေး နှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ဆိုင်ရာ အဆောက်အအုံများသည် ဝန်ထုတ်ဝန်ပိုး ဖြစ်လာစေပါသည်။ အရေးပေါ် အခြေအနေသည် ကာလ တာရှည်လာသည် နှင့် အမျှ အဆောက်အအုံများသည် ယိုယွင်းပျက်စီးလာပြီး အများစုသည် အိမ်သာကို အစားထိုးပြန်ဆောက်ရန် နှင့် ပြင်ဆင်ရန် မတတ်နိုင်ကြပါ။ ဒေသခံ ရွာများရှိ အိမ်သာများ ၏ အခြေအနေများကို သုံးသပ်စစ်ဆေးပြီး၊ ကျေးရွာခေါင်းဆောင်များ နှင့် ဆွေးနွေးပြီးနောက် အိမ်သာ တစ်လုံးလျှင် လူ အယောက် (၂၀) ထက်မပိုပဲ မျှဝေသုံးစွဲမည့် ရည်မှန်းချက်ဖြင့် နေရပ်စွန့်ခွာလာရသူများကို လက်ခံပေးထားသည့် မိသားစုများ အတွက် အိမ်သာဆောက်လုပ်ရန် လိုအပ်သည့် ပစ္စည်းများအား OXSI မှ ပံ့ပိုး ထောက်ပံ့ပေးခဲ့ပါသည်။ OXSI မှ မိသားစုများထံသို့ အိမ်သာဆောက်ရန် လိုအပ်သည့် ပစ္စည်းများ ကို (3E စခန်းအနီးရပ်ရွာများတွင် မူလနေထိုင်သူများ အတွက် အိမ်သာလွှဲပြောင်းပေးအပ်ခြင်း မှတ်တမ်းလွှာ) တရားဝင် လွှဲပြောင်းပေး ပြီးနောက် မိသားစုများသည် အိမ်သာများ ကို တည်ဆောက်ရန် နေရာများကို မိမိတို့ ဘာသာ ဆုံးဖြတ်ရွေးချယ်နိုင်ကြပါ သည်။

သို့သော် အိမ်သာတည်ဆောက်သည့် အခါ ဘေးကင်းစိတ်ချရစေရန် ရည်ရွယ်၍ OXSI ၏ ဒီဇိုင်းအတိုင်း လိုက်နာ ဆောက်လုပ်ဖို့လိုပါသည်။ OXSI သည် ဆောက်လုပ်ရေးအတွက် လိုအပ်သည့် ကိရိယာများကို ငှားရမ်းပေးပြီး SI ၏ နည်းပညာအဖွဲ့မှ ဘေးကင်းသည့် ဆောက်လုပ်ရေးလုပ်ငန်းခွင့်ဖြစ်စေရန် နေ့စဥ် ကြီးကြပ်ပေးပါသည်။ သို့သော် ပစ္စည်းများကို အိမ်သို့သယ်ယူရန် နှင့် အိမ်သာအသစ်ဆောက်ရန် လိုသည့် လုပ်သားအင်အားရရှိရန်အတွက် မိသားစုဝင်များမှ တာဝန်ယူလုပ်ဆောင်ဖို့လိုပါသည်။ OXSI သည် အိမ်သာ ၏ လည်ပတ်လုပ်ဆောင်နိုင်စွမ်း သို့မဟုတ် ပြုပြင်ရန် လိုအပ်သည်များကို ကျေးရွာအတွင်း စစ်ဆေးပေးမည် မဟုတ်သောကြောင့် မိသားစုများသည် အိမ်သာများကို သန့်ရှင်းခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း နှင့် မိလ္လာကျင်း ရှင်းခြင်းတို့ကို လုပ်ဆောင်ပေးဖို့လိုပါသည်။

ပစ္စည်းများ ဖြန့်ဝေပေးပြီးနောက် မိသားစုများသည် အိမ်သာများကို တည်ဆောက်ပြီးသလား ဆိုသည် နှင့် အိမ်သာများကို အသုံးပြုနေခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း နှင့် သန့်ရှင်းရေးလုပ်ခြင်း ရှိမရှိတို့ကို စစ်ဆေးရန် MEAL အဖွဲ့ မှ ပစ္စည်းဖြန့်ဝေပြီးနောက် စောင့်ကြည့်လေ့လာခြင်း (PDM) လုပ်ငန်းစဥ်ကို လုပ်ဆောင်ပေးပါသည်။ PDM လုပ်ငန်းစဥ် သည် အိမ်သာဆောက်လုပ်ရေး အတွက် မည်သို့ ကိုင်တွယ်စီစဥ် ခဲ့သလဲ ဆိုသည့် အချက်ကိုလည်း သုံးသပ်စစ်ဆေးပေးပါသည်။ ဥပမာ - ၎င်းတို့ အိမ်သာဆောက်လုပ်ရန် အတွက် လုပ်သားများ ငှားရမ်းရန် လိုအပ် ခဲ့သလား ဆိုသည် နှင့် လိုအပ်ခဲ့ပါက လုပ်ခ အတွက် ဘယ်လိုပေးခဲ့သလဲ ဆိုသည် ကို သုံးသပ်စစ်ဆေး ခြင်း။ PDM လုပ်ငန်းစဥ်မှ ရရှိလာသည့် ဒေတာ အချက်အလက်များပေါ်မူတည်၍ ပြဿနာ တစုံတရာဖြေရှင်းရန် လိုပါက ရပ်ရွာ နှင့် ချိတ်ဆက်လုပ်ဆောင်သည့် အဖွဲ့သည် ရပ်ရွာလူထု နှင့် ချိတ်ဆက် ဖြေရှင်း ပေးပါသည်။

| OXSI ကြုံတွေ့ရသည့် စိန်ခေါ်ချက်များ | OXSI ၏ ဖြေရှင်းနည်းများ |
| --- | --- |
| အချို့ မိသားစုများသည် အိမ်သာကို မိမိတို့ ဘာသာ ဦးစီးတည်ဆောက်ရန် အတွက် ယုံကြည်ချက် မရှိသလို ခံစားကြရပါသည်။ အကြောင်းမှာ ၎င်းတို့တွင် အပိုဝင်ငွေ မရှိခြင်း၊ လုပ်သားများ ကို ပေးချေရန် အတွက် အလဲအထပ် လုပ်နိုင်မည့် တန်ဖိုးရှိ ပစ္စည်းများ မရှိခြင်း တို့ကြောင့် အိမ်သာ၏ ဒီဇိုင်းပိုင်းတွင် လျှော့ပေါ့ လုပ်ဆောင်ကြရပါသည်။ | နည်းပညာကျွမ်းကျင်မှုလိုအပ်နိုင်သည့် အဆောက်အအုံများ တည်ဆောက်ရန် အတွက် ရပ်ရွာလူထုထံသို့ ပစ္စည်းများ ဖြန့်ဝေ ပေးသည့်အခါတွင် ရပ်ရွာလူထု သည် ထို အစိတ်အပိုင်းများအား ငွေပေးချေရန် အတွက် ပေးလိုက်ရခြင်း နှင့် လုပ်သားများ ငှားရမ်း ရ ခြင်းတို့ လုပ်ရန် မလိုပဲ တည်ဆောက်နိုင်စေရန် အတွက် WASH အဖွဲ့အစည်းများ သည် ရပ်ရွာလူထု လိုအပ်နိုင်သည့် ဆောက်လုပ်ရေး အကူအညီ များကို ပံ့ပိုးပေးဖို့ လိုပါသည်။ |
| မိသားစုများကြားတွင် ရှိထားသည့် အင်အား ကွာခြားမှု ကြောင့် အတူနေထိုင်သည့် မိသားစုများ မျှဝေ သုံးစွဲရ မည့် အိမ်သာကို မိသားစု တစ်စုတည်း မှ အသုံးပြုခြင်းမျိုး ဖြစ်တတ်ပါသည်။ | မျှဝေသုံးစွဲရမည့် အိမ်သာ ကို အားလုံး အကျိုးတူ အသုံးပြုနိုင် ခြင်း ရှိစေရန် အတွက် WASH အဖွဲ့အစည်းများ မှ ရှင်းရှင်း လင်းလင်း ဆက်သွယ်ပြောပြထားဖို့လိုပါသည်။ ကျေးရွာအတွက် အိမ်သာဆောက်လုပ်ရန် ပစ္စည်းများ ဖြန့်ဝေပေးသည့် အခါ အိမ်သာ အား တာဝန်ယူမှု နှင့် မျှတစွာ အသုံးပြုမှု ရှိစေရန် အတွက် OXSI မှ မိသားစုဝင်တိုင်းအား နားလည်မှုစာချွန်လွှာကို ရေးထိုးစေပါသည်။ |

# ၃.၆ ကလေးသူငယ်များသုံးနိုင်သည့် အိမ်သာများ


**ကလေးသူငယ်များ အထူးသဖြင့် အသက် (၅) နှစ်အောက်ကလေးငယ်များတွင် ရေ နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး နှင့်ဆိုင်သည့် ရောဂါများဖြစ်ပွားလွယ်သည့် အတွက် အိမ်သာ နှင့် WASH အဆောက်အအုံများ သည် ကလေးငယ်များ အသုံးပြုဖို့ ဘေးကင်း စိတ်ချပြီး သက်တောင့်သက်သာဖြစ်စေနိုင်မည့် ဒီဇိုင်းပုံစံမျိုး ရှိနေဖို့လိုအပ် နိုင်ပါသည်။**

ကလေးငယ်များ အတွက် လိုအပ်ပြီး ၎င်းတို့ သဘောကျနိုင်မည့် အချက်များကို သိရှိနိုင်ရန် အတွက် WASH အဖွဲ့အစည်းများသည် ကလေးငယ်အရွယ်စုံများ နှင့်သာမက ကလေးငယ်များ အား ပြုစုစောင့်ရှောက်ပေးနေရသူများ နှင့် ဆွေးနွေးတိုင်ပင်ပေးဖို့လိုပါသည်။ အိမ်သာအသုံးပြုသည့် အလေ့အထ သည် အဆောက်အအုံ တစ်ခုတည်း ရှိရုံနှင့် ပြောင်းလဲရန် ခဲယဉ်းနိုင်သည့် အတွက် အပြုအမူများကို ပါ စနစ်တကျ တွဲ၍ ပြောင်းလဲ ပေးရန် လိုအပ်ပါသည်။ (အပိုင်း ၄.၇ တွင် ရှု) ကလေးငယ်များ အိမ်သာ နှင့် WASH အဆောက်အအုံများကို အသုံးပြုရာတွင် ကြုံရသည့် အတားအဆီးများကို ဖယ်ရှားပေးခြင်းသည် အပြုအမူများ ပြောင်းလဲ လာစေရန် အခွင့်အလမ်းဖန်တီးပေးသည့် ဝန်းကျင်တစ်ခု ဖြစ်လာစေရန် လုပ်ဆောင်သည့် အရေးကြီး သော ပထမအဆင့်ဖြစ်ပါသည်။ အသက် (၅) နှစ်အောက် ကလေးငယ်များ သည် အိမ်ရှိ အိမ်သာများ ကို အသုံးပြုနိုင်ခြင်း မရှိကြသလို အသက် (၁၀) နှစ်အောက် ကလေးငယ်များသည် လည်း အပြင်တွင်သာ မစင်စွန့်ရသည်ကို ပိုပြီးကြိုက်ကြကြောင်းကို စစ်တွေရှိ WASH အစီအစဉ်များ တွင် OXSI မှ လေ့လာတွေ့ရှိ ခဲ့ရပါသည်။ မိဘများ နှင့် အတူထိုင်၍ ကလေးငယ်များနှင့် တိုင်ပင်ဆွေးနွေးကြည့်သည့် အခါတွင် ကလေးငယ်များသည် အိမ်သာအသုံးပြုရန် အတွက် လှေကားများက မြင့်နေခြင်း၊ အိမ်သာအခန်းများ မှောင်ခြင်း၊ အိမ်သာအိုးသည် ကျယ်နေခြင်း နှင့် အိမ်သာတံခါးများကို သော့ခတ်ပိတ်ထားခြင်း စသည့် အခက်အခဲများစွာကို ကြုံတွေ့နေရကြောင်းကို OXSI မှ လေ့လာတွေ့ရှိခဲ့ရပါသည်။ ထိုအပြင် ကလေးငယ်များ အား အိမ်သာအသုံးပြုရန် လူကြီးများက တိုက်တွန်းခြင်း မရှိသလို ကလေးငယ်များအား သော့ပေးထားရန် စိတ်မချ ကြကြောင်းကို လည်း တွေ့ရှိခဲ့ရပါသည်။

## ဒီဇိုင်းအတွက် ထည့်သွင်းစဥ်းစားခြင်း

အသက်ငယ်သည့် ကလေးငယ်များသည် အိမ်သာတက်ရသည် ကို အခြားသူနှင့် အတူတူလုပ်ရသည့် အရာ မျိုး သဘောထားသည့် အတွက် တချိန်တည်းတွင် အခြားကလေးများ နှင့် အိမ်သာအတူသုံးလိုကြပါသည်။ နောက်ဆုံး ရွေးချယ်ထားသည့် ဒီဇိုင်းတွင် အိမ်သာအိုး (၄) အိုး ပါဝင်ပါသည်။

လွှဲပြောင်းပေးသည့် အခမ်းအနားတွင် ကလေးငယ်များသည် အိမ်သာကို တောက်ပသည့် အရောင်စုံ ကာလာများ သုတ်လိမ်းပေးခဲ့ကြပါသည်။



အိမ်သာတွင်း လေဝင်လေထွက်ကောင်းရန် နှင့် အလင်းရောင်ရရန် နံရံတဝက်ပဲ ထားသည့် ပုံစံကို ကလေးများက နှစ်သက်ကြပါသည်။

ယောကျာ်းလေး နှင့် မိန်းကလေး ခွဲထားရန် အတွက် အနည်းငယ်မြင့်သည့် နံရံဖြင့် အိမ်သာကို (၂) ကန့်ခွဲ ပေးထားပါသည်။

အိမ်သာကျင်းကို အိမ်သာအိုးအောက်တည့်တည့် တွင် ထားပေးထားပါသည်။ အိမ်သာတခါ သုံးပြီးတိုင်း အဖုံးပြန်ပိတ်ပေးသည့် အိမ်သာတံခါး ပါသော ခွင့်ပြုချက်ရထားပြီးဖြစ်သည့် ပလက်စတစ် အိမ်သာအိုးဒီဇိုင်း ဖြစ်သည့် SATO အိမ်သာအိုး ကို အသုံးပြုထားခြင်းကြောင့် ယင် နှင့် အခြား တိရိစ္ဆာန်များ မလာနိုင်အောင် ထိန်းချုပ်ပြီးဖြစ်စေပါသည်။

အိမ်သာသို့ တက်ရန် လှေကားထစ်အသေး တစ်ခု သာ လုပ်ထားပေးသင့်ပါသည်။ (ရေကြီးရေလျှံမှုမှ ကာကွယ်ရန် အတွက် အိမ်သာကို မြင့်ပေးထားဖို့လိုပါသေးသည်။)

(3F ကလေးသူငယ်များသုံးနိုင်သည့်အိမ်သာများ၏ လိုအပ်သောပစ္စည်းများ ကုန်ကျမှုဆိုင်ရာ ခန့်မှန်းခြေစာရင်း နှင့် ပုံကြမ်း)

## သာတူညီမျှမှုကို အလေးထားခြင်း - ဂျဲန်ဒါ (ကျား/မရေးရာ)၊ ကာကွယ်စောင့်ရှောက်ခြင်း နှင့် အားလုံးပူးပေါင်းပါဝင်နိုင် ခွင့်ရှိခြင်း

WASH အဆောက်အအုံများအား ကလေးသူငယ်များအသုံးပြုဖို့ သက်တောင့်သက်သာမှုရှိပြီး အဆင်ပြေစေ ရန်မှာ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး စံနှုန်းများ ၏ အဓိက အချက်ဖြစ်ပြီး ကလေးသူငယ်များ နှင့် သေသေချာချာ တိုင်ပင်ဆွေးနွေးပေးဖို့လိုပါသည်။ ကလေးသူငယ်များ ၏ ပါဝင်မှုသည် ပွင့်လင်းမြင်သာ မှုရှိပြီး၊ ၎င်းတို့သဘောအလျောက်ပါဝင်ခြင်းဖြစ်သလို၊ ကလေးသူငယ်တိုင်း ပါဝင်နိုင်ဖို့လိုပါသည်။ ထို့အပြင် ရပ်ရွာတွင်းရှိ လူကြီးများမှ ပံ့ပိုးထောက်ခံပေးရပါမည်။ ကလေးသူငယ်များ နှင့် အစီအစဥ်များ အတူလုပ်မည့် ဝန်ထမ်းများအား ကာကွယ်စောင့်ရှောက်ရေးလုပ်နေသော အဖွဲ့အစည်းများမှ ပေးသည့် ကလေးသူငယ် စောင့်ရှောက်ကာကွယ်ရေးဆိုင်ရာအထူးသင်တန်းများ တက်ရောက်ထားစေဖို့လိုပါသည်။

## ရှေ့ပြေးစမ်းသပ်မှု (၁) - ကလေးသူငယ်များအတွက် အိမ်သာများ

အသက် (၁၀) နှစ်အောက်ကလေးငယ် များ အိမ်သာ အသုံးပြုမှု များလာပြီး ပြင်ပတွင် မစင်စွန့်သည့် အလေ့ အထကို ထိန်းချုပ်နိုင်ရန် အတွက် ကလေးငယ်များ အသုံးပြုရ လွယ်ကူစေနိုင်သည့် အိမ်သာ (CFLs) ပုံစံများ ဒီဇိုင်းရေးဆွဲနိုင်ရန် အတွက် လုပ်ငန်းစဥ်တစ်ခုကို OXSI မှ စတင်ခဲ့ပါသည်။ (မိဘများ သို့မဟုတ် ဆရာ/မများ ပါဝင်ကြီးကြပ်စေပြီး) အသက် ၆ နှစ် မှ ၁၀ နှစ် ဝန်းကျင်ရှိ ကလေးငယ်များ နှင့် ဂိမ်းများကစားပြီးနောက် ဒီဇိုင်းလုပ်ငန်းစဥ် အတွက် အကူအညီဖြစ်စေမည့် ဟုတ်တယ်/မဟုတ်ဘူး ဟု ရိုးရှင်းစွာဖြေနိုင်သော မေးခွန်းများ မေးပြီး ပူးပေါင်းပါဝင်နိုင်သည့် ဒီဇိုင်းရေးဆွဲခြင်း လုပ်ငန်းစဥ် (၃) ခု ကို OXSI မှ စခန်း (၂) ခုတွင် ရှေ့ပြေးစမ်းသပ်မှုပြုလုပ်ခဲ့ပါသည်။

လုပ်ငန်းစဥ် ၏ ဒုတိယအပိုင်းတွင် ကလေးငယ်များအား အိမ်သာပုံများ ရေးဆွဲစေခြင်း၊ မဲပေးရွေးချယ်ခိုင်းခြင်း၊ ပြင်ဆင်မွမ်းမံမှုများ လုပ်စေခြင်း နှင့် အဆုံးသတ်တွင် OXSI မှရှေ့ပြေးစမ်းသပ်မှု လုပ်မည့် စခန်း (၂) ခုတွင် အသုံးပြုမည့် အိမ်သာဒီဇိုင်း ကို ဆုံးဖြတ် ရွေးချယ်ခဲ့ကြပါသည်။ ထို့အပြင် ၎င်းတို့အတွက် အိမ်သာများရှိစေချင် သည့် နေရာများကို ကလေးငယ်များမှ ရွေးချယ်ပေးခဲ့ကြပါသည်။ အများစုသည် အိမ်သာများကို ၎င်းတို့ ကစား လေ့ရှိသည့် နေရာအနီးအနား နှင့် ယာယီသင်ကြားရေးနေရာများ (TLSs) များရှိသည့် နေရာများတွင် ရှိစေလို ကြောင်း ပြောပြခဲ့ကြပါသည်။ ထို့နောက် OXSI မှ ထိုနေရာများ အား အတည်ပြုခြင်း၊စခန်းခေါင်းဆောင်များ နှင့် ဆရာ/မ များထံမှ ခွင့်ပြုချက်များ တောင်းခြင်းတို့ကို လုပ်ဆောင်ခဲ့ပါသည်။

ကလေးသူငယ်သုံးအိမ်သာများ ကို စမ်းသပ်လုပ်ဆောင်ထားခြင်းကြောင့် မြေပြင်တွင် မစင်စွန့်သည့် အလေ့အထ များ တိုးတက်ပြောင်းလဲလာသလားဆိုသည်ကို OXSI MEAL အဖွဲ့မှ စောင့်ကြည့်လေ့လာခဲ့ပါသည်။ သို့သော် ကလေးသူငယ်သုံး အိမ်သာများ အနီးဝန်းကျင်တွင် ရှိနေသော်လည်း မြေပြင်တွင် မစင်စွန့်သည့် အလေ့အထများတွင် ထူးခြားသည့် ပြောင်းလဲမှုများကို မတွေ့ရှိခဲ့ပေ။ ကလေးငယ်အများစုသည် အိမ်သာအသစ်ကို အသုံးပြုနေကြသော်လည်း ထိုကလေးငယ်များသည် မြေပြင်တွင် မစင်စွန့်သည့် အလေ့အထ ရှိခဲ့သည့် ကလေးငယ်များလား သို့မဟုတ် လူကြီးသုံးအိမ်သာများကို အသုံးပြုနေရာမှ ကလေးသုံးအိမ်သာများ ကို ပြောင်းသုံးလာကြသူများလား ဆိုသည်မှာ မရှင်းလင်းပါ။

ရှေ့ပြေးစမ်းသပ်မှုလုပ်ခဲ့သည့် စခန်းများ တွင် ကလေးငယ်များ နှင့် နောက်ဆက်တွဲ ဆွေးနွေးတိုင်ပင်ပြီးနောက် အိမ်သာများ တွင် ညဖက်တွင် သော့ခပ်ထားရန် သော့တပ်ပေးခြင်း အပါအဝင် ဒီဇိုင်းပိုင်းတွင် OXSI မှ အနည်းငယ် ပြုပြင် ပြောင်းလဲပေးခဲ့ပါသည်။ ထို့နောက်တွင် အခြားစခန်းများ အတွက်လည်း ထပ်တိုး လုပ်ဆောင် ပေးခဲ့ပါသည်။ ကလေးသူငယ်သုံးအိမ်သာများ အား လွှဲပြောင်းပေးသည့် အခမ်းအနားကို OXSI မှ ဦးစီး လုပ်ဆောင်ပေးခဲ့ပြီး ဆရာ/မ များ၊ ကလေးငယ်များ၊ စခန်းခေါင်းဆောင်များ နှင့် အခြားရပ်ရွာလူထုများ တက်ရောက်ခဲ့ကြပါသည်။ လွှဲပြောင်းပေးသည့် လုပ်ငန်းစဥ်ကို အဆုံးသတ်ရန် အတွက် ကလေးငယ်များမှ ၎င်းတို့၏ အိမ်သာတွင် တောက်ပသည့် ဆေးရောင်များသုတ်ပေးခဲ့ကြပါသည်။ အိမ်သာကို ထိန်းသိမ်းပေးရန် သဘောတူထားသည့် အိမ်သာအနီးအနားရှိ မိသားစု များ သို့မဟုတ် ယာယီသင်ကြားရေးနေရာ (TLS) မှ တာဝန်ရှိသူများ ထံသို့ အိမ်သာသန့်ရှင်းရေး ပစ္စည်းများ ပေးခဲ့ပြီး နောက် ကလေးငယ်များ နှင့် ဂိမ်းများကစားပြီး အိမ်သာအသုံးပြုနည်းများကို OXSI မှ သင်ပြပေးခဲ့ပါသည်။

## ရှေ့ပြေးစမ်းသပ်မှု (၂) - ကလေးသုံး အိမ်သာအိုးများ ထားပေးခြင်း

OXSI သည် အသက် (၅) နှစ်အောက် ကလေးများ နှင့် ကောင်းစွာ တိုင်ပင်ဆွေးနွေးနိုင်ခြင်း မရှိသည့် အတွက် မိဘ များ၊ ပြုစုစောင့်ရှောက်ပေးသူများ နှင့် အတူတူ ပူးပေါင်းလေ့လာခြင်း၊ တိုင်ပင်ဆွေးနွေးခြင်းတို့ကို လုပ်ခဲ့ သည့်အခါတွင် မိဘများမှ ကလေးများ ကျောင်းမတက်ခင် အချိန်ထိ အိမ်သာအသုံးပြုရန် သင်ပြပေးထား ခြင်း မရှိသောကြောင့် ကလေးငယ်များသည် မြေပြင်တွင် မကြာခဏ မစင်စွန့်လေ့ရှိကြသည်ကို တွေ့ရှိခဲ့ရပါသည်။ နှစ်များစွာကြာအောင် တစ်ကိုယ်ရည် သန့်ရှင်းရေး သင်ခန်းစာများ သင်ပြပေးပြီးနောက် ကလေးငယ်များသည် အိမ်အနီးအနား နှင့် ရေရင်းမြစ်အနီးအနားရှိ မြေပြင်ပေါ်တွင် မစင်စွန့်ခြင်းကို မလုပ်သင့်ကြောင်း ကို သိလာ ကြပါသည်။ နောက်ပိုင်းတွင် မြေပြင်ပေါ်မစင်စွန့်သည့် အလေ့အထကို လေ့လာကြည့်သည့်အခါ ကလေး များ သည် အိမ်သာအနီးအနားတွင် အထူးသဖြင့် အိမ်သာကျင်းများပေါ်တွင် မစင်စွန့်သည့် အလေ့အထကို လုပ်လာကြ သည်ကို တွေ့ရှိလာရပါသည်။ ထို့အပြင် ကလေးများသည် မစင်စွန့်ရန် အတွက် အိမ်သာသို့ သွားသည့် အခါတွင် အဖွဲ့လိုက်သွားလေ့ရှိကြောင်းကို တွေ့ရှိရပြီး အထူးသဖြင့် ကစားချိန်တွင် သွားကြကြောင်း ကို တွေ့ရှိရပါသည်။

OXSI ၏ စခန်းများတွင် မြေပြင်ပေါ်မစင်စွန့်သည့် အလေ့အထ များကို ကိုင်တွယ်ရန် အတွက် လူသားကို ဦးတည်ထားသည့် ဒီဇိုင်းဖြင့် အပြုအမူများပြောင်းလဲမည့် အစီအစဥ်တွင် 17 Triggers ဖြင့် WASH စုပေါင်းအဖွဲ့ နှင့် ယူနီဆက် တို့ပူးပေါင်းလုပ်ဆောင်ခဲ့ပါသည်။ လေ့လာမှုများ နှင့် အလျင်အမြန် ကွင်းဆင်း စစ်ဆေးချက်များအရ 17 Triggers စီမံကိန်း မှ တွေ့ရှိခဲ့သည့် ဖြေရှင်းနည်းတစ်ခုမှာ ကလေးသုံး အိမ်သာအိုးများ ထားပေးသည့် နည်းကို ရှေ့ပြေးစမ်းသပ်ရန်ဖြစ်ပါသည်။ အိမ်သာကျင်းများအပေါ် မစင်စွန့်လေ့ရှိသည့် ကလေးများ၏ အလေ့အထပေါ် မူတည်ထားသည့် ဖြေရှင်းနည်းဖြစ်ပါသည်။ ကလေးသုံး အိမ်သာအိုးများ ထားပေးမည့် အိမ်သာကျင်းပေါ်တွင် (ဆောင့်ကြောင့်ထိုင်ရသည့် အိမ်သာအိုး နှင့် ကလေးသုံး အထိုင်အိမ်သာအိုးတို့ဖြင့်) အိမ်သာအိုး ပုံစံနှစ်မျိုးပါဝင်ပါသည်။ ထို့အခါ ကလေးသုံးအိမ်သာအိုးထားပေးသည့် နေရာတွင် ကလေးနှစ်ယောက် တပြိုင်တည်း အသုံးပြုနိုင်မည်ဖြစ်ပါသည်။ (3G ကလေးများမစင်စွန့်ရန် အထူးပြင်ဆင်ထားသော နေရာ (Potty Hub) ပုံကြမ်း)



*ကလေးသုံးအိမ်သာအိုးတွင် ဆောင့်ကြောင့်ထိုင်ရသည့် အိမ်သာအိုး နှင့် ကလေးသုံးအထိုင်အိမ်သာအိုးဟူ၍ အိမ်သာအိုးနှစ်ခုပါဝင်ပြီး အိမ်သာကျင်းပေါ်တွင် ထားရှိပေးမည်။*

ကလေးသုံးအိုးများထားပေးသည့် အစီအစဥ်အပြင် ကလေးငယ်များ ဘေးကင်း လုံခြုံစွာ မစင်စွန့်သည့် အလေ့အထ ရှိလာဖို့ အကူအညီဖြစ်စေရန် မိသားစုတစ်စု စီ အတွက် ကလေးသုံး သေးအိုးများကို OXSI မှ ဖြန့်ဝေပေးခဲ့ပါသည်။ ကလေးသုံး သေးအိုးများ ဖြန့်ဝေခြင်း နှင့်အတူ ထိုအိုးမှ တဆင့် မစင်များ ကို အိမ်သာထဲ သို့ ဘယ်လိုနည်းဖြင့် စနစ်တကျ စွန့်ပစ်မလဲဆိုသည့် သတင်းစကားများကိုပါ ရပ်ရွာတွင်းစည်းရုံးလှုံ့ဆော်ရေး အဖွဲ့မှ မျှဝေပေးခဲ့ပါသည်။ ဤ ရှေ့ပြေးစမ်းသပ်မှု အစီအစဥ် သည် 17 Triggers အစီအစဥ်၏ အကြံပြုချက် များ နှင့် RANAS ချဥ်းကပ်နည်း ဖြင့် ပုံစံချထားသော သုတေသနမှရလာသည့် ရလဒ်များ မှ ထွက်ပေါ်လာခဲ့ပြီးဖြစ်ပါသည်။ ထို လေ့လာမှုရလဒ်များကို ကြည့်ပါက မြေပြင်တွင် မစင်စွန့်သည့် အလေ့ အထကို လျှော့ချရန် အတွက် အပိုင်း ၄.၇ တွင် ဖော်ပြထားသည့် အတိုင်း ကလေးငယ်များ ငယ်ရွယ်သည့် အချိန်ကပင် အိမ်သာအသုံးပြုသည့် အလေ့အထများကို မိဘများ မှ သင်ပြပေးဖို့ OXSI မှ အာရုံထားလုပ် ဆောင်ဖို့ရန် လိုအပ်နေကြောင်းတွေ့ရှိရပါသည်။


# ၃.၇ ကျောင်းသုံး အိမ်သာများ

**စခန်းတွင်းအခြေအနေများတွင် ကျောင်းများ၊ ဆေးခန်းများ၊ လူထုစင်တာများ နှင့် အခြား လူထုသုံး အဆောက် အအုံများရှိ WASH အဆောက်အအုံများကို အဆိုပါ နေရာများ အား စီမံခန့်ခွဲနေသည့် အဖွဲ့အစည်းများ က ကိုင်တွယ်ထိန်းသိမ်းပေးနိုင်လေ့ရှိပြီး အချို့အတွက်မူ WASH အဖွဲ့အစည်းများ မှ လည်း ကိုင်တွယ် စီမံပေးတတ်ပါသည်။**

WASH အဖွဲ့အစည်းများမှ ကိုင်တွယ်ပါက အဆောက်အဦးများကို အသုံးပြုသူများ ၏ ရေ၊ ပတ်ဝန်းကျင် နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ အထူးလိုအပ်ချက်များကို ထည့်သွင်းစဥ်းပေးဖို့လိုပါ သည်။ ကျောင်းရှိ WASH အဆောင်အအုံများဖြစ်ပါက ကလေးသူငယ်များအတွက် သင့်တော်သည့် ပုံစံများ ဖြစ်ဖို့လိုပါသည်။

စစ်တွေရှိအသွားအလာကန့်သတ်ထားသည့်နေရာများ တွင် OXSI ၏ ကျောင်းတွင်း ရေ၊ ပတ်ဝန်းကျင် နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး (WASH) အစီအစဥ် ၏ တစိတ်တပိုင်းအနေဖြင့် OXSI သည် ကလေးသူငယ်များ သုံး နိုင်သည့် လက်ဆေးစင်များ နှင့် အိမ်သာများကို တည်ဆောက်ပေးခဲ့ပါသည်။ ထိုအစီအစဥ်မှာ အရေးကြီးသည့် WASH အဆောက်အအုံများ ကို လက်လှမ်းမှီနိုင်ရန် အတွက် သာမဟုတ်ပဲ ကလေးများ ရွယ်တူချင်း ပညာပေးသည့် အစီအစဥ်များ မှ တဆင့် အပြုသဘောဆောင်သည့် တစ်ကိုယ်ရည်သန့်ရှင်းရေး အမူအကျင့်များ ရရှိလာစေရန် ရည်ရွယ်ပါသည်။(အပိုင်း ၄.၂ ကို ရှု။) ဂရိတ် ၁ မှ ၅ ထိ တက်နေသည့် ကလေးများသည် ယာယီ သင်ကြားရေးနေရာများ (TLS) များသို့ တက်ရောက်ကြပါသည်။ ထိုကြောင့် TLS တစ်ခုလျှင် အတန်း တစ်တန်း သို့ မဟုတ် နှစ်တန်း ခန့် သင်ကြားပေးနေပါသည်။ ထိုအချက်ကြောင့် ကလေးငယ်များ အတွက် အထူး လိုအပ်သည့် အချက်များ နှင့် အိမ်သာတွင် ၎င်းတို့ လိုချင်သည့် အရာများကို နားလည်စေရန် အတွက် TLS တစ်ခုစီ တွင် အသက်အရွယ် အလွန်မကွာသည့် ကလေးငယ်များ နှင့် OXSI က လက်တွဲ အလုပ်လုပ်နိုင် စေပါသည်။ မူကြိုတန်း သင်ကြားရေးနေရာ များတွင် OXSI သည် အပိုင်း ၃.၅ တွင် ပါသည့်အတိုင်း ကလေး သူငယ်များ အတွက် သင့်တော်သည့် အိမ်သာများကို လုပ်ပေးနိုင်ခဲ့ပါသည်။ ကလေးငယ်များ နှင့် အတူလက်တွဲ၍ ပိုမိုသီးခြားဖြစ်ပြီး ကလေးသူငယ်များ သုံးနိုင်ရန် သင့်တော်သည့် အိမ်သာပုံစံကို အသက်ပိုကြီး သည့် ကလေးငယ်များ အတွက် OXSI မှ လုပ်ပေးနိုင်ခဲ့ပါသည်။ ယာယီသင်ကြားရေးနေရာ တစ်ခုစီ တွင် သင်ကြားနေကြသည့် ကလေးများ ၏ တောင်းဆိုချက်များပေါ်မူတည်၍ ဒီဇိုင်းပိုင်းတွင် အနည်းငယ် ပြောင်းလဲမှုရှိပါသည်။

## ဒီဇိုင်းအတွက် ထည့်သွင်းစဥ်းစားခြင်း




(3H ကျောင်းအိမ်သာ ပုံကြမ်း)

OXSI သည် ကျောင်းတွင်း အိမ်သာများ ၏ လည်ပတ်လုပ်ဆောင်နိုင်စွမ်းကို စစ်ဆေးပေးခြင်း မရှိပါ။ သို့သော် အိမ်သာ မိလ္လာကျင်းရှင်းရန် ဖြစ်စေ၊ ပြုပြင်ရန် လိုအပ်လျှင်ဖြစ်စေ ဆရာ/မ များ၊ ပညာရေးဆိုင်ရာ ပါတနာအဖွဲ့ များ နှင့် ရပ်ရွာခေါင်းဆောင်များမှ CRM တိုင်ကြားမှု လက်ခံတုံ့ပြန်ရေး လုပ်ငန်းစဥ် ကို အသုံးပြု၍ အကြောင်း ကြားနိုင်ပါသည်။

## ၃.၈ အားလုံးပါဝင်နိုင်သော ပတ်ဝန်းကျင်သန့်ရှင်းရေး

**ကမ္ဘာ့လူဦးရေ ၏ တစ် ဘီလီယံကျော်သည် မသန်စွမ်းမှု ပုံစံ တမျိုးမျိုးဖြင့် နေထိုင်နေရသူများဖြစ်ပြီး အရေးပေါ် အခြေအနေများ တွင် ပဋိပက္ခများဖြစ်ခြင်း နှင့် ဝန်ဆောင်မှုများကို လက်လှမ်းမမှီနိုင်ခြင်းတို့ကြောင့် မသန်စွမ်းမှု နှုန်းသည် အလွန်မြင့်မားလာနိုင်ပါသည်။**

ထို့အပြင် သက်ကြီးရွယ်အို (အသက် ၆၀ နှင့် အထက်လူကြီး) များ ၏ ထက်ဝက်လူဦးရေသည် မသန်စွမ်းသူများ ဖြစ်နိုင်ပါသည်။ WASH အဆောက်အအုံများ အား လူအများ လိုအပ်ချက်များကို အလျင်အမြန် ဖြေရှင်းနိုင်ရန် အတွက် ဒီဇိုင်းလုပ်ခဲ့ရခြင်းကြောင့် အားလုံးကို ထည့်သွင်းစဥ်းစားနိုင်သော ဖြေရှင်းချက်များဖြစ်အောင် လုပ်ဆောင်ဖို့ရန် အချိန် နှင့် နေရာ အနည်းငယ်မျှသာ ရှိခဲ့ပါသည်။ ထိုကြောင့် လူသားချင်းစာနာထောက်ထားမှု အကူအညီလိုအပ်သည့် အခြေအနေတွင် မသန်စွမ်းသူများ နှင့် သက်ကြီးရွယ်အို အများစုသည် အများသုံး ရေ နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ဝန်ဆောင်မှုများကို လုံလုံလောက်လောက် လက်လှမ်းမမှီနိုင်သည့် အန္တရာယ်ကို ကြုံတွေ့ကြရပါသည်။

ယခင် တိုင်ပင်ဆွေးနွေးမှုများ နှင့် နားထောင်သည့် လေ့ကျင့်ခန်းများမှ တဆင့် သက်ကြီးရွယ်အိုများ နှင့် မသန်စွမ်းသူများ သည် အိမ်သုံး အိမ်သာများ အိမ်အဆောင်များ မှ ဝေးသည့်နေရာတွင် ရှိခြင်း နှင့် "အားလုံးအတွက် ကိုက်ညီသော" ဒီဇိုင်းပုံစံကြောင့် အသုံးပြုနိုင်ရန် အခက်အခဲ ကြုံကြရကြောင်းကို OXSI မှ လေ့လာတွေ့ရှိခဲ့ရပါသည်။ မသန်စွမ်းသူများ ၏ အထူးလိုအပ်ချက်များ ကို ဖြေရှင်းပေးနိုင်မည့် အားလုံးကို ထည့်သွင်းစဥ်းစားပေးသော ဖြေရှင်းမှုဖြစ်စေရန် အတွက် မသန်စွမ်းသူများ နှင့် အဓိပ္ပာယ်ရှိသည့် ဆွေးနွေး တိုင်ပင်မှုမျိုး ဖြစ်စေဖို့ ချဥ်းကပ်လုပ်ဆောင်နိုင်စေရန် OXSI မှ ရည်မှန်းထားပါသည်။ ထိုကြောင့် မသန်စွမ်းသူ များ နှင့် မတွေ့ဆုံခင် မသန်စွမ်း သူများ အခွင့်အရေး နှင့် ဂျဲန်ဒါ (ကျား/မ ရေးရာ) အကြောင်း အကြံပေးနိုင်သည့် အတွေ့အကြုံရှိ အကြံပေး တစ်ယောက်ကို OXSI မှ ငှားရမ်းခဲ့ပြီး OXSI ၏ ကွင်းဆင်းဝန်ထမ်းများ ဆွေးနွေးတိုင်ပင်မှုလုပ်သည့် အခါတွင် အကူအညီဖြစ်စေရန် သင်တန်းပို့ချပေးခဲ့ပါသည်။

မသန်စွမ်းသူများ ထံသို့ လက်လှမ်းမှီနိုင်စေရန် အတွက် ဝါရှင်တန် အဖွဲ့ ၏ သုံးသပ်စိစစ်မှု နည်းကို သုံး၍ စခန်းများ အားလုံးတွင် အချက်အလက်ဒေတာများ ကောက်ပေးခဲ့သည့် CMA များ နှင့် OXSI သည် ပူးပေါင်းလုပ် ဆောင်ခဲ့ပါသည်။ အကြံပေး ၏ အကူအညီဖြင့် OXSI သည် အုပ်စုဖွဲ့ဆွေးနွေးမှုများ လုပ်ခြင်း သို့မဟုတ် စာရင်း ထဲတွင် ပါဝင်သည့် သူ တစ်ဦးချင်း ၏ အိမ်သို့ သွားရောက်၍ ဆွေးနွေးခြင်း သို့မဟုတ် ၎င်းတို့ကို ပြုစုစောင့်ရှောက်ပေးနေသောသူ နှင့် တွေ့ဆုံဆွေးနွေးခြင်း တို့ကို လုပ်ဆောင်ခဲ့ပါသည်။ ဆွေးနွေးကြသည့် အခါတွင် ပတ်ဝန်းကျင်သန့်ရှင်းရေး ဝန်ဆောင်မှုများ နှင့် ပတ်သက်၍ အဓိကဆွေးနွေးခဲ့ပြီး အိမ်ရှိအိမ်သာများကို ဘယ်လိုနည်းဖြင့် အသုံးပြုသလဲ (သို့မဟုတ် ဘာကြောင့်အသုံးမပြုသလဲ) ဆိုသည် တို့ကို ဆွေးနွေးခဲ့ကြပါသည်။ အိမ်သာများကို မည်သို့ လုပ်ပေးပါက ပို၍ အလွယ်တကူ လက်လှမ်းမှီနိုင်မည် သို့မဟုတ် မည်သို့ လုပ်ဆောင်ပါက ၎င်းတို့ နေထိုင်ရာ အိမ်တွင် ဂုဏ်သိက္ခာ နှင့် အညီ သန့်ရှင်းရေး အတွက် အဆင်ပြေသည့် ဖြေရှင်းနည်း ဖြစ်နိုင်မလဲဆိုသည် တို့ကို ပါဝင်ခဲ့သူများအား OXSI မှ မေးမြန်းခဲ့ပါသည်။ ထိုသို့ တွေ့ဆုံ မေးမြန်း မှုများအတွက် အကူအညီဖြစ်စေမည့် ပစ္စည်းများကို ပြသပေးနိုင်ရန် အတွက် အိမ်သာ ကမုတ်များ၊ ချိုင်း ထောက်များ၊ လူကြီးသုံး သေးအိုးများ နှင့် လူနာသုံး ပက်လက်အိုး တို့ကို ယူသွားပြီး နမူနာအဖြစ် ပြသပေးခဲ့ ပါသည်။ ပါဝင်ခဲ့သူများ သည် အကူအညီဖြစ်စေမည့် ပစ္စည်း တစ်ခုစီ ရွေးချယ်ခဲ့ကြပါသည်။ ထိုနောက် ၎င်းတို့ နှင့် ကိုက်ညီမည့် ဆိုဒ်များအတိုင်းရအောင် အော်ဒါမှာယူပေးပြီး ၎င်းတို့၏ အိမ်များသို့ ပို့ပေးခဲ့ပါသည်။

### ရှေ့ပြေးစမ်းသပ်ချက် - အိမ်သာများတွင် လက်ကိုင်တန်းများတပ်ပေးခြင်း

အသက်ကြီးလာသူများသည် ဆောင့်ကြောင့်ထိုင်၍သုံးရသည့် အိမ်သာများ တွင် အထိုင် နှင့် အထ အတွက် အခက်အခဲကြုံရနိုင်ပါသည်။ 17 Triggers စီမံချက်အားဖြင့် ရှေ့ပြေးစမ်းသပ်မှု လုပ်ခဲ့သည့် ကလေးငယ်များ အိမ်သာ အသုံးပြုနိုင်ရန် အကူအညီဖြစ်အောင် လုပ်ပေးခဲ့သည် အစီအစဥ်များ သည် သက်ကြီးရွယ်အိုများ အတွက် လည်း မရည်ရွယ်ဘဲ အထောက်အကူဖြစ်စေခဲ့ပါသည်။ ရှေ့ပြေးစမ်းသပ်မှုအစီအစဥ်တွင် ကလေးငယ်များ ဆောင့်ကြောင့်ထိုင်စဥ် အကူအညီဖြစ်စေရန် အိမ်သာ အိုးအပြင်ဖက်တွင် လက်ကိုင်တန်းများ တပ်ပေးသည့် အစီအစဥ်လည်း ပါဝင်ပါသည်။ ထိုသို့ လက်ကိုင်တန်းများရှိခြင်းကြောင့် ကလေးငယ်များသည် လူကြီးအိမ်သာ ကို အသုံးပြုရန် ပို၍ အဆင်ပြေလာကြောင်းကို ပြောပြပေးခဲ့ကြသလို လူကြီးများက လည်း လက်ကိုင်တန်းများ တပ်ပေးသည့် အတွက် ချီးကျူးခဲ့ကြပါသည်။ သန်စွမ်းသည့် လူကြီး အချို့ က မူ နေရာကျဥ်းပြီးသား အိမ်သာ ထဲ တွင် လက်ကိုင်တန်းများကြောင့် နေရာပိုကျဥ်းသွားသည့် အတွက် မနှစ်သက်ကြောင်း ဖော်ပြခဲ့ကြပါသည်။ လက်ကိုင်တန်းများတပ်ခြင်းကြောင့် အပြုသဘောဆောင်သည့် အကျိုးကျေးဇူးရှိသော်လည်း ထိုသို့ တပ်ဆင် ခြင်းကို အိမ်သာအသုံးပြုသူအားလုံး သဘောတူညီမှုရရှိအောင် လုပ်ဆောင်ဖို့လိုအပ်လာပါသည်။ ထိုကြောင့် မသန်စွမ်းသူများ၊သက်ကြီးရွယ်အိုများ နှင့် ကလေးသူငယ်များ အိမ်သာအသုံးပြုရသည့် အခါတွင် ကြုံတွေ့ရ သည့် အခက်အခဲများကို သန်စွမ်းသည့် လူကြီးများ နားလည်လာအောင် ရှင်းလင်းပြောပြပေးဖို့ရန် လိုအပ်လာ နိုင်ပါသည်။

### သာတူညီမျှမှုကို အလေးထားခြင်း - ဂျဲန်ဒါ (ကျား/မရေးရာ)၊ ကာကွယ်စောင့်ရှောက်ခြင်း နှင့် အားလုံးပူးပေါင်းပါဝင်နိုင် ခွင့်ရှိခြင်း

သီးခြား ခွဲထုတ်ခံထားရသည့် မသန်စွမ်းသူများ ကို ရှာတွေ့ပြီး တွေ့ဆုံဆွေးနွေးနိုင်ရန် အတွက် WASH အဖွဲ့အစည်းများ သည် နောက်တဆင့် ထပ်၍ ကြိုးစားရနိုင်ပါသည်။ အုပ်စုဖွဲ့ဆွေးနွေးမှုများ လုပ်သည့်အခါတွင် အများစုသည် ရုံးရှိရာနေရာသို့ လမ်းလျှောက်မလာနိုင်သည့် အတွက် အားလုံးလက်လှမ်းမှီနိုင်မည့် နေရာဖြစ်ဖို့ရန် OXSI သည် ပါဝင်ပေးသူများအတွက် ခရီးစရိတ်များ ထုတ်ပေးပါသည်။ အုပ်စုဖွဲ့ဆွေးနွေးမှုများ တွင် မပါဝင်နိုင်သူများ အတွက် OXSI သည် ၎င်းတို့၏ အိမ်များသို့ သွားရောက်တွေ့ဆုံပေးပါသည်။

# ၃.၉ မိလ္လာကျင်းများ အား ရှင်းလင်းခြင်း

**အိမ်သာကျင်းများပြည့်သွားပါက အိမ်သာကျင်းအသစ်များ ရှိရာသို့ အိမ်သာကိုယ်ထည် တစ်ခုလုံးကို ပြောင်းရွှေ့ပေးရန် စခန်းတွင်း၌ လုံလောက်သည့် နေရာ မရှိလျှင် WASH အဖွဲ့အစည်းများ သည် မိလ္လာကျင်း ရှင်းပေးသည့် ဝန်ဆောင်မှုများ လုပ်ပေးရန် အတွက် အစီအစဥ်များဆွဲထားဖို့လိုပါသည်။**

စစ်တွေရှိ အသွား အလာ ကန့်သတ်ထားသောနေရာများမှ စခန်းများ အားလုံး တွင် ပုံမှန် မိလ္လာကျင်းရှင်းပေးသည့် ဝန်ဆောင်မှုများကို SI မှ လုပ်ဆောင်ပေးလျှက် ရှိပါသည်။ မိလ္လာကျင်း ရှင်းရေး ကို အခက်အခဲဖြစ်စေသည့် အချက်အလက် တစ်ချို့မှာစခန်းတွင်း လူနေထူထပ်ခြင်း၊ မိုးရာသီကာလ တာရှည်ခြင်း နှင့် မြေအောက်ရေပြင် မြင့်တက်ခြင်း စသည်တို့ဖြစ်ပါသည်။ ထို့အပြင် နှစ်များစွာ အတွင်း လုပ်ဆောင်ပေးခဲ့သည့် WASH အဖွဲ့အစည်းများသည် အိမ်သာကျင်းများကို ဆိုဒ်အမျိုးမျိုး နှင့် မိလ္လာကျင်းရှင်းရန် ကြိမ်ရေ မတူညီနိုင်သည့် ဒီဇိုင်းပုံစံ အမျိုးမျိုး ဖြင့် ဆောက်လုပ်ပေးခဲ့ကြပါသည်။ ထိုကြောင့် အချို့ အိမ်သာကျင်းများ ရှိသည့် နေရာများသို့ မိလ္လာကျင်း ရှင်းပေးသည့် ထော်လာဂျီကားများမရောက်နိုင်သည့် အတွက် လက်တွန်းလှည်း များသုံး၍ သယ်ပို့ပေးရန် လုပ်သားများ လိုအပ်လာ ပါသည်။

ထိုပြဿနာများကို ကိုင်တွယ်နိုင်ရန် အတွက် မိလ္လာကျင်းရှင်းပေးသည့် နည်းလမ်းများကို အသုံးပြု၍ SI အဖွဲ့မှ ဖြေရှင်းနည်းများဖော်ဆောင်ထားပါသည်။ (ပုံမှန် မိလ္လာကျင်းရှင်း သည့် နည်းဖြစ်သည့်) ထော်လာဂျီ ကား နှင့် ရေစုပ်စက်များ သုံး၍ မိလ္လာကျင်းအများစုကို သန့်ရှင်းရေးလုပ်သားများ မှ ရှင်းလင်းပေးပါသည်။

ထော်လာဂျီ ကားများ မရောက်နိုင်သည့် ကျင်းများ အတွက်မူ လက်တွန်းလှည်းများပေါ်တွင် စည်ပိုင်းများ တင်ထားပြီး ထိုစည်ပိုင်းများ ထဲသို့ မိလ္လာအညစ်အကြေးများ ထည့်၍ လုပ်သားများမှ ရှင်းထုတ်ပေးသည့် နည်းကို အသုံးပြု ပါသည်။ ထိုနည်းကို "လူလုပ်အားသုံး၍ မိလ္လာကျင်းရှင်းသည့်နည်း" ဟု ခေါ်ဆိုပါသည်။ နောက်ဆုံးအနေဖြင့် မာကျောသည့် မိလ္လာအလွှာများကို ရေစုပ်ပိုက်ဖြင့် မစုပ်ထုတ်နိုင်ပါက ဂေါ်ပြားမှာ ဖြင့် ကော်ထုတ်ပြီး မြေမြှုပ် ရန် အတွက် လုပ်သားများ ၏ "လူအားကိုသုံး၍" မိလ္လာကျင်းရှင်းသည့် နည်းကို အသုံးပြုပါသည်။

အသွားအလာကန့်သတ်ထားသည့် နယ်မြေအတွင်းရှိ ကျေးရွာများထဲမှ မိသားစုပိုင် အိမ်သာများ တွင်မူ အသုံးပြု သူ နည်းပါးပြီး ကိုယ်ပိုင်ခြံနေရာများ ရှိသည့် အတွက် ထိုအိမ်သာကျင်းများ ပြည့်သွားပါက မိသားစုများသည် အိမ်သာကျင်းများကို ဖို့လိုက်ပြီး နောက်နေရာတစ်ခုတွင် အသစ်တူးပြီးနောက် အိမ်သာကိုယ်ထည်ကို ထိုကျင်း အသစ်ပေါ်သို့ ရွှေ့လိုက်ကြပါသည်။




## မှတ်သားစရာ အချက် -

လစဥ် **အိမ်သာပေါင်း ၅၀၀ ခန့်** ကို OXSI မှ မိလ္လာကျင်းရှင်းပေးပါသည်။ (31 OXSI ၏ မိလ္လာရေဆိုးထုတ်ခြင်းလုပ်ငန်းအတွက် စံလုပ်ထုံးလုပ်နည်းများ)

# ၃.၁၀ မိလ္လာအညစ်အကြေးများအား ဘေးကင်းသည့် အဆင့်ရောက်အောင် သန့်စင်ခြင်း

**နေရာရနိုင်မှု၊ ရင်းမြစ်ရရှိနိုင်မှု နှင့် သန့်စင်ပေးနိုင်ရန် လိုအပ်သည့် အဆင့်များပေါ်တွင် မူတည်၍ မိလ္လာ အညစ်အကြေး များအား ဘေးကင်းအောင် သန့်စင်ပေးပြီး စွန့်ပစ်နိုင် သည့် နည်းလမ်းများစွာရှိပါသည်။**

အရေးပေါ်အခြေအနေစတင်ဖြစ်ပွားစဥ် တွင် အဆင့်မြင့်သော အညစ်အကြေးသန့်စင်နည်းများ လုပ်ဆောင်ပေးရန် မလိုအပ်ခဲ့သော်လည်း အရေးပေါ်အခြေအနေကြာမြင့်လာသည်နှင့် အမျှ မိလ္လာအညစ်အကြေးများကို နည်းမှန်လမ်းမှန် သန့်စင်ပြီး စွန့်ပစ်ခြင်း မလုပ်နိုင်ခြင်းကြောင့် ပတ်ဝန်းကျင် နှင့် လူထု ကျန်းမာရေးအတွက် စိုးရိမ်စရာ အချက်ဖြစ်လာခဲ့ပါသည်။ မြန်မာနိုင်ငံတွင် အများစုသည် မိလ္လာအညစ်အကြေးများကို သန့်စင်ခြင်း မပြုပဲ တိုက်ရိုက်စွန့်ပစ်ကြခြင်းကြောင့် မြေ နှင့် ရေထု ညစ်ညမ်းမှုများကို ဖြစ်စေပြီး ပတ်ဝန်းကျင် နှင့် လူထု ကျန်းမာရေးကို ထိခိုက်လာစေပါသည်။ စစ်တွေ ရှိ အသွားအလာကန့်သတ်ထားသည့် နေရာတွင် OXSI သည် မိလ္လာကျင်းရှင်းပေးသည့် ဝန်ဆောင်မှုသာမက အိမ်သာပေါင်း ၃၆၀၀ ကျော်မှ မိလ္လာအညစ်အကြေးများကို သယ်ယူပေးပါသည်။ ထိုမျှမက အိမ်သာကျင်းအားလုံးမှ လာသည့် မိလ္လာအညစ်အကြေးများကို သန့်စင်ပေး သည့် နေရာ (STS) ကိုပါ လည်ပတ်လုပ်ဆောင်ပေးနေပါသည်။

မိလ္လာအညစ်အကြေးများကို သန့်စင်ပေး သည့် နေရာ (STS) သည် မိလ္လာအညစ်အကြေး များကို စီမံခန့်ခွဲခြင်း (FSM) အတွက် နည်းပညာပိုင်း သုတေသနများ လုပ်သည့်နေရာများဖြစ်သလို လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရသည့် အခြေအနေတွင် ငွေကုန်ကြေးကျသက်သာပြီး ပြုပြင်ထိန်းသိမ်းမှု အနည်းဆုံးလိုအပ်သည့် နည်းဖြင့် မိလ္လာအညစ်အကြေးများကို စီမံခန့်ခွဲနိုင်သည့် နည်းလမ်းတစ်ခုလည်း ဖြစ်ပါသည်။ STS ၏ ဒီဇိုင်းသည် BORDA မှ ဒီဇိုင်းပုံဖော်ထားသည့် နည်းလမ်းဖြစ်သည့် ဗဟိုထိန်းချုပ်မှု မရှိသော ရေဆိုးရေညစ်များ သန့်စင်သည့် နည်းလမ်းများ (DEWATS) နိယာမများ အတိုင်းအသုံးပြု၍ အထိုင်ထား သန့်စင်ပေးသည့် နေရာ အဖြစ် သင့်တော်သလို ပြောင်းလဲထားသော ဒီဇိုင်းပုံစံဖြစ်ပါသည်။ OXSI ၏ ဝန်ထမ်းများမှ မိလ္လာအညစ်အကြေးများကို လက်ခံပေးသည့် စင်ရှိရာသို့ မိလ္လာအညစ်အကြေးများကို သယ်ယူလာပြီးနောက် ထိုနေရာတွင် စွန့်ပစ်ပေးပါသည်။ ထို့နောက်တွင် ကျန်သည့် စနစ်တစ်ခုလုံးသည် ကမ္ဘာ့ဆွဲငင်အားကို အသုံးပြု၍ ဆက်လက် အလုပ်လုပ်သွားမည်ဖြစ်ပါသည်။ STS နေရာ တွင် အနည်ထိုင်စေသည့် နည်းဖြင့် သန့်စင်ပေးသည့် နည်းကို ပထမ ဦးစားပေးအနေဖြင့် အသုံးပြုပြီး ဓာတုပစ္စည်းများ သို့မဟုတ် လျှပ်စစ်ဓာတ်အားကို အသုံးပြုစရာမလိုပဲ ဇီဝဖြစ်စဥ်ကို အသုံးပြု၍ သန့်စင်ပေးသည့် နည်းကို ဒုတိယ နည်းအနေဖြင့် သုံးပါသည်။ ဤ စနစ် ပုံစံသည် ထိန်းသိမ်းမှု အနည်းဆုံးလိုအပ်သည့် ပုံစံဖြစ်ပါသည်။ သို့သော် နေလှန်းစင်များပေါ်တွင် အခြောက်ခံထားသည့် မိလ္လာအညစ်အကြေးများကို ဖယ်ရှင်းရန် လူအားလိုအပ်သဖြင့် အချို့ အပိုင်းများတွင် လုပ်သားအင်အားကို အများအပြား အသုံးပြုရနိုင်ပါသည်။

### မိလ္လာအညစ်အကြေးများအား သန့်စင်ပေးသည့် နေရာ ကို စမ်းသပ်ပေးခြင်း

STS နေရာ ရှိ စက်ပစ္စည်းအပိုင်းများ ၏ လုပ်ဆောင်နိုင်စွမ်းကို တိုင်းတာစစ်ဆေးနိုင်ရန်အတွက် OXSI သည် ဓာတ်ခွဲခန်း အသစ်တစ်ခု ကို ၂၀၁၈ ခုနှစ် နှစ်ကုန်ပိုင်းတွင် တည်ဆောက်ခဲ့ပါသည်။ မိလ္လာအညစ်အကြေးသန့်စင်ပေးသည့်စနစ်ကြောင့် ရောဂါပိုးမွှားများပါဝင်မှုကို လျှော့ချနိုင်လာပုံကို ပိုမိုနားလည် စောင့်ကြည့်လာ နိုင်ရန် နှင့် သန့်စင် ပြီး နောက်ဆုံးထွက်လာသည့် ပစ္စည်းများ (အခြောက်ခံထားသည့် မိလ္လာအညစ်အကြေး နှင့် ရေဆိုးများ) ကို စိုက်ပျိုးရေးတွင် ပြန်လည်၍ အသုံးပြုနိုင်မှု ရှိမရှိကို လေ့လာနိုင်ရန် ရည်ရွယ်ပါသည်။

ဓာတ်ခွဲခန်းမှ စစ်ဆေးပေးသည့် အရာများမှာ ဓာတုအောက်ဆီဂျင်လိုအပ်ချက် (Chemical Oxygen Demand)၊ အစိုင်အခဲအမှုန်များ ရေတွင်ပျော်ဝင်ပါဝင်မှု (Total Solids)၊ ရေတွင် မပျော်ဝင်သည့် အစိုင်အခဲအမှုန်များ ၏ ပါဝင်မှု (Total Suspended Solids)၊ အမိုးနီးယား ဓာတ်ပါဝင်မှု၊ နိုက်ထရိတ်၊ ဖော့စဖော့ရပ်စ် နှင့် အီးကိုလိုင်း ပိုးပါဝင်မှု စသည်တို့ကို စစ်ဆေးပေးပါသည်။ သန့်စင်ပေးသည့် စက်ပစ္စည်းများ ၏ အစိတ်အပိုင်းများ ၏ အဝင် နှင့် အထွက် ရလဒ်များကို တပတ်လျှင် တကြိမ် သို့မဟုတ် နှစ်ပတ် တကြိမ် စစ်ဆေးပေးပြီး STS နေရာရှိ ဓာတ်ခွဲခန်းတွင် စိစစ်ပေးပါသည်။ STS နေရာများ သည် ရောဂါပိုးမွှားပါဝင်နိုင်မှုကို လျှော့ချနိုင်စွမ်း အလွန် အားကောင်းသော်လည်း နောက်ဆုံးထွက်လာသည့် ရေဆိုးများသည် စိုက်ပျိုးရေးတွင် ပြန်လည် အသုံးပြုရန် သင့်တော်ခြင်း မရှိသေးကြောင်းကို ဓာတ်ခွဲခန်းအဖြေများအရသိရပါသည်။

ဓာတ်ခွဲခန်း ဖြင့် စောင့်ကြည့်လေ့လာခြင်း မှ ရလာသည့် ရလဒ်များကြောင့် STS နေရာ ၏ ဒီဇိုင်းပိုင်းတွင် အဆင့်မြှင့်တင်ရန် လိုအပ်သည့် အချက် (၂) ချက်ကို တွေ့ရှိခဲ့ရပါသည်။ ပထမအချက် မှာ STS နေရာ ၏ အစိုင်အခဲပိုင်း သန့်စင်နိုင်စွမ်းကို မြှင့်တင်ပေးရန်လိုပြီး အခြောက်ခံသည့် စင်များတည်ဆောက်၍ ရွေ့ပြေး စမ်းသပ်ရန် လိုအပ်ကြောင်း တွေ့ရပါသည်။ ဒုတိယ အဆင့်မှာ STS နေရာတွင် အရည်ပိုင်း သန့်စင်နိုင်စွမ်းကို အဆင့်မြှင့် ရန် လိုအပ်ပြီး နောက်ဆုံးထွက်လာသည့် ရေဆိုး ကွာလတီသည် စိုက်ပျိုးရေးတွင် ပြန်လည် အသုံးပြု နိုင်သည့် စံနှုန်း အထိ ရရှိလာအောင် သန့်စင်လာနိုင်ဖို့လိုပါသည်။

### မှတ်သားစရာအချက်များ -

STS နေရာ အား ၂၀၁၄ ခုနှစ် မတ်လ တွင် တည်ဆောက်ပြီးစီးခဲ့ခြင်းဖြစ်ပြီး **ခန့်မှန်းခြေ ဒေါ်လာ ၂၇၀,၀၀၀ ခန့်** ကုန်ကျခဲ့ပါသည်။ STS နေရာတစ်ခုသည် တစ်နေ့လျှင် ပျမ်းမျှအားဖြင့် မိလ္လာအညစ်အကြေး **၃၅ ကုဗမီတာ ခန့်** သန့်စင်ပေးနိုင်ပါသည်။


(3J မစင်အညစ်အကြေးများစွန့်ပစ်ဖျက်ဆီးသည့်နေရာအတွက် စက်ကိုင်ဝန်ထမ်းလက်စွဲ)

## စွန့်ပစ်ရုံ

အလုပ်သမားများသည် ဘားစစ်ထုတ်မှုတစ်ခုကို အသုံးပြု၍ များစွာသော စွန့်ပစ်ပစ္စည်းများကို စစ်ထုတ်သည့် လက်ခံကန်တစ်ခုတွင် အညစ်အကြေးများကို လောင်းထည့်သည်။


## အောက်ခြေကတော့ပုံကန်များ

အောက်ခြေကတော့ပုံကန်များထဲတွင် အညစ်အကြေး အနည်ထိုင်ပြီး အရည်နှင့် အစိုင်အခဲများကို ခွဲခြားပေးသည်။ ၎င်းတို့က သန့်စင်မှုပြုလုပ်ရန်အတွက် မတူညီသော လမ်းကြောင်းများကို သွားသည်။



## အခြောက်ခံအကွက်များ

အခြောက်ခံအကွက်များတွင် ရေသည် သဲနှင့် ကျောက်စရစ်များမှတစ်ဆင့် အခြောက်ခံအကွက်များ၏ အောက်ခြေအထိ စိမ့်ဝင်သွားပြီး အခြောက်ခံအကွက်များ၏ မျက်နှာပြင်ရှိရေများမှာ အငွေ့ပြန်သွားသည်။



# ၃.၁၁ ရေချိုးရန်နေရာများ

**အိမ်တွင် လုံခြုံစိတ်ချစွာ ရေချိုးနိုင်သည့် နေရာများ မရှိပါက ဘေးကင်း၊ စိတ်ချရပြီး၊ ဂုဏ်သိက္ခာ နှင့် အညီသုံး နိုင်သလို ဒေသခံများ ၏ ယဥ်ကျေးမှု အရ လက်ခံနိုင်သည့် ပုံစံမျိုးရှိသည့် သေချာခွဲခြားပေးထားသော အများသုံး ရေချိုးရန် နေရာများကို WASH အဖွဲ့အစည်းများ မှ တည်ဆောက်ပေးဖို့လိုပါသည်။**

ရေချိုးခန်းများ၏ ဒီဇိုင်းများ နှင့် တည်ဆောက်ပေးရမည့် နေရာများကို ရွေးချယ်သည့် အခါတွင် ရပ်ရွာလူထု အထူးသဖြင့် အမျိုးသမီးများ၊မိန်းကလေးငယ်များ၊ မသန်စွမ်းသူများ နှင့် ဆွေးနွေးတိုင်ပင်ဖို့လိုပါသည်။ ထိုရေချိုးခန်းများ သည် အသုံးပြုမည့်သူများအားလုံးအတွက် လက်လှမ်းမှီမှု ရှိသလို လုံလောက်သည့် ဘေးကင်း၊ လုံခြုံမှုကို ပေးနိုင်သောနေရာများဖြစ်ဖို့လိုပါသည်။ ထို့အပြင် ရေအလုံ အလောက်ရှိပြီး အသုံးပြုပြီးသည့် ရေများကို မှန်ကန်သည့် နည်းလမ်းအတိုင်း စွန့်ပစ်နိုင်ဖို့လိုပါသည်။

စစ်တွေရှိ အသွားအလာကန့်သတ်ထားသောနေရာများ တွင် အခြား ပရိုဂရမ်တစ်ခု အတွက် အများသုံး ရေချိုးခန်းများကို ရှေ့ပြေးစမ်းသပ်လုပ်ဆောင်ခဲ့သည့်အခါတွင် လူအများက အသုံးမပြုကြပဲ ထိုရေချိုးခန်းများ အတွင်း ရှိ ပစ္စည်းများ ခိုးယူခံခဲ့ရပါသည်။ လူထု နှင့် ဆွေးနွေးတိုင်ပင်ကြည့်သည့် အခါတွင် လူအများစုသည် မိမိတို့ အိမ်တွင် သာ ရေချိုးလိုသည့် ဆန္ဒရှိကြောင်းကို ဖော်ပြခဲ့ကြပါသည်။ အမျိုးသား နှင့် ယောကျာ်းလေးများ သည် လက်နှိပ်ရေတုံကင် ဘေးတွင် ရေချိုးကြသော်လည်း အမျိုးသမီး နှင့် မိန်းကလေးငယ်များသည် အမျိုးသား နှင့် အမျိုးသမီး မိဘဆွေမျိုးများစွာ အတူတူ စုစည်းနေထိုင်ကြသည့် အခန်းကျဥ်း တစ်ခုတည်း တွင်သာ ရေချိုးကြ ရပါသည်။ ဘေးကင်းလုံခြုံစွာ နှင့် ရေချိုးနိုင်ခွင့်ရရန် မှာ အထူးသဖြင့် ပြုစုစောင့်ရှောက်သူ ၏ အကူအညီလိုအပ် သည့် မသန်စွမ်းသူ အမျိုးသမီးများ အတွက် အခက်အခဲဖြစ်စေပါသည်။

အခြားဝန်ဆောင်မှုပေးသည့် အဖွဲ့သည် စခန်းတွင်း အများသုံးရေချိုးခန်းများ လုပ်ပေးသည့် အစီအစဥ်ကို ရှေ့ပြေးစမ်းသပ်ခဲ့ပါသည်။ အများသုံးရေချိုးခန်းများ သည် မသန်စွမ်းသူများ အတွက် အဆင်မပြေနိုင်သည် ကို သိရှိထားသောကြောင့် OXSI သည် ပြင်းထန်မသန်စွမ်းသူများ အတွက် ရည်ရွယ်၍ အိမ်အဆင့် ရေချိုးခန်း ပုံစံများလုပ်ဆောင်ပေးရန် ဦးစားပေးရွေးချယ်ခဲ့ပါသည်။ ရေချိုးနိုင်မည့် နေရာ အတွက် ဒီဇိုင်းကို စဥ်းစားရန် မသန်စွမ်းသူများ နှင့် တိုင်ပင်ဆွေးနွေးပြီးနောက် လူတိုင်း ၏ အိမ်အနေအထား မတူညီမှု၊ အိမ်တွင် ရေချိုးရသည့် ပုံစံကို ကြိုက်နှစ်သက်သည့် ပုံစံများ ရှိခြင်းကြောင့် ရေချိုးခန်းများ တည်ဆောက် ပေးခြင်းထက် မိသားစုများ ကိုယ်တိုင် ရိုးရှင်းသည့် ရေချိုးခန်းနေရာများ လုပ်နိုင်စေရန် လိုအပ်သည့် ပစ္စည်းများကို OXSI မှ ပံ့ပိုးဖြန့်ဝေပေး ခဲ့ပါသည်။ ရေချိုးခန်းဆောက်ရန် ပစ္စည်းများတွင် ရေမြောင်းပါဝင်သော သေးငယ်သည့် ရေချိုးခန်း ကွန်ကရစ် အုတ်ခုံ ငယ် လုပ်ရန် လိုအပ်သည့် ပစ္စည်းများ၊ ကြိုးတစ်ချောင်း နှင့် ရေချိုးစဥ် အကာအရံဖြစ်စေရန် မိုးကာ ပလတ်စတစ်စတို့ပါဝင်ပါသည်။ ထိုနေရာကို အခြား ကိစ္စများအတွက် သုံးရန် လိုအပ်လာပါက အကာများကို ဖြုတ်ထားနိုင်ပါသည်။

ကွန်ကရစ်အုတ်ခုံကို ဘယ်လိုဆောက်လုပ်ရန်မလဲဆိုသည်ကို OXSI မှ သင်တန်း ပို့ချပေးခဲ့ပြီး ဆောက်လုပ် သည့် အခါအကူအညီလိုလျှင် သို့မဟုတ် ဆောက်လုပ်ရေး ပစ္စည်းများကို ၎င်းတို့၏ အိမ်နေရာများသို့ သယ်ယူရန် အကူအညီလိုအပ်လာပါက OXSI မှ ကူညီပေးခဲ့ပါသည်။ ထို့နောက် နှစ်ပတ်အတွင်း ရေချိုးခန်းများ ကို ဆောက်လုပ်ရန် အတွက် ပစ္စည်းများကို အသုံးပြုခဲ့သလားဆိုသည်ကို OXSI မှ မကြာခဏ စစ်ဆေးပေးခဲ့ပါ သည်။

ပစ္စည်းများဖြန့်ဝေပေးပြီးနောက် စစ်ဆေးလေ့လာခြင်း (PDM) အစီအစဥ်ကို OXSI WASH အဖွဲ့မှ လုပ်ဆောင်ခဲ့ပြီး ပါဝင်ခဲ့သည့်သူများ အား ပစ္စည်းများဖြန့်ဝေပေးခြင်း၊ ဆောက်လုပ်ခြင်း နှင့် ရေချိုးခန်း အသုံးပြုရသည့် အတွေ့အကြုံများကို မေးမြန်းခဲ့ပါသည်။ အများစုသည် ရေချိုးခန်း နှင့် ပတ်သက်၍ ကျေနပ်ကြောင်း ပြောပြခဲ့ကြသော်လည်း ကျဥ်းမြောင်းသည့်နေရာတွင် ရေချိုးရသည့် အတွက် အခက်အခဲ ဖြစ်ရ ကြောင်းကို ပြောပြကြပါသည်။ ထို့အပြင် ပလတ်စတစ် တာပေါ်လင်စ များထက် ပို၍ ခိုင်ခံ့နိုင်သည့် ဝါးကပ် အကာ သို့မဟုတ် သံ/သတ္တုအကာများကို လိုချင်ကြောင်း တောင်းဆိုလာကြပါသည်။ ရေချိုးသည့် နေရာကို မိသားစုဝင် အားလုံးက အသုံးပြုကြကြောင်း ပါဝင်ခဲ့သူအများစုမှ ပြောပြကြပါသည်။ ထို့အပြင် ထိုနေရာတွင် အဝတ်လျှော်ရန်အတွက် လည်း အဆင်ပြေကြောင်းပြောပြကြပါသည်။ ကွန်ကရစ်အခင်းလုပ်ရန် အတွက် ကူညီပေးနိုင်သူကို ပိုက်ဆံပေး၍ လုပ်ခိုင်းခြင်း သို့မဟုတ် ပစ္စည်းများ ထပ်ဝယ်၍ ကွန်ကရစ်အခင်းကို တိုးချဲ့ခဲ့ကြကြောင်းကို ပါဝင်ကြသူအများစုက ပြောပြကြပါသည်။ အနာဂတ်တွင် လုပ်ဆောင်ပေးမည့် ရေချိုးခန်း နှင့် ဆိုင်သည့် အစီအစဥ်များကို ပိုမိုကောင်းမွန်အောင် လုပ်ဆောင်နိုင်ရန် အတွက် ဤ ရှေ့ပြေးစမ်းသပ်မှုများ မှ ရလာသည့် ရလဒ်များကို OXSI မှ အသုံးပြုသွားမည်ဖြစ်ပါသည်။



*အိမ်တွင်း၌ ရေမြောင်းပါဝင်သော ကွန်ကရစ်အခင်းတစ်ခုကို တာပေါ်လင်စအုပ်၍ လုံခြုံသော ရေချိုးခန်းတစ်ခုအဖြစ် အသုံးပြုနိုင်သည်။ ၎င်းကို အဝတ်လျှော်ခြင်း သို့မဟုတ် ပန်းကန်ဆေးခြင်းကဲ့သို့ အခြားလုပ်ငန်းများအတွက်လည်း အသုံးပြုနိုင်သည်။*

# ၃.၁၂ ရေမြောင်းများအား တူးဖော်ပေးခြင်း နှင့် ပြုပြင်ထိန်းသိမ်းပေးခြင်း

**အရေးပေါ် အခြေအနေတွင် အထူးသဖြင့် ရေးကြီးရေလျှံဖြစ်နိုင်သည့် အန္တရာယ်ရှိသည့် နေရာမှာ တွင် မြေပြင် ပေါ်ရှိ ရေများအားစနစ်တကျ ရေမြောင်းတူးဖော်စီးဆင်းစေရန် မှာ အလွန်အရေးကြီးပါသည်။**

မြေပြင်ပေါ်ရှိ ရေရင်းမြစ်များ တွင် မိုးရေ၊ ရေကြီးရေလျှံပြီးတင်ကျန်ခဲ့သည့်ရေ၊ ရေပိုက်ခေါင်းများ သို့မဟုတ် ရေတုံကင်များ မှ ဖိတ်စင်လာသည့် ရေ၊ ရေပိုက်များ ပေါက်ပြီး ယိုစိမ့်ထွက်လာသည့်ရေ၊ ဘေစင်၊ ရေချိုးခန်း သို့မဟုတ် အဝတ်လျှော်ပြီး ထွက်လာသည့် ရေများ ပါဝင်ပါသည်။ ရောဂါအမျိုးမျိုး ဖြစ်စေနိုင်သည့် ရောဂါပိုးမွှားများကို မွေးမြူထားသလိုဖြစ်စေနိုင်သော၊ ခြင် ကဲ့သို့ ပိုးမွှားများ ပေါက်ဖွားစေနိုင်သော ရေသေရေအိုင်များ မဖြစ်ပေါ် စေရန် ရေမြောင်းများ ကို ပြုပြင်ထိန်းသိမ်းပေးပြီး တူးဖော်ပေးဖို့လိုပါသည်။ ထိုအပြင် ရေမြောင်းစနစ်များ ရှိခြင်းကြောင့် မြေပြိုခြင်း၊ ရွှံ့နွံများ စီးဆင်းခြင်း မဖြစ်အောင်ကာကွယ်ပေးနိုင်သလို စခန်းတွင်း နေထိုင်ကြ သူများ အတွက်သာမက အပြင် ယာဥ်များ သွားလာနိုင်ရန် ပါ ပို၍ လွယ်ကူစေနိုင်ပါသည်။ နေရာတစ်ခု တည်ဆောက်ရန် ကနဦး အစီအစဥ်ဆွဲသည့်အခါ တွင် ပါဝင်ရသည့် လမ်း နှင့် အဆောက်အအုံများ နည်းတူ ရေနုတ်မြောင်းများပါ ပါဝင်ထားဖို့လိုအပ်ပါသည်။သို့သော် ယခုလို အစောပိုင်း အဆင့်တွင် ထိုသို့ ဦးစားပေး ထည့်သွင်းနိုင်ရန် ခက်ခဲနိုင်ပါသည်။ စခန်းတွင်း စနစ်တကျ နေရာချထားမှု မရှိခြင်း နှင့် ကနဦးရေမြောင်း ကွန်ယက်ဒီဇိုင်းများကို ကောင်းစွာ မရေးဆွဲထားခြင်းကြောင့် အနာဂတ်တွင် မြေပေါ်ရှိ ရေများကို စီမံခန့်ခွဲရသည့်အခါတွင် ဆိုးကျိုးများ ဖြစ်ပေါ်လာစေနိုင်ပါသည်။ ရေမြောင်းစနစ်များကို ဖော်ဆောင်ရန်မှာ စခန်းတွင်း စီမံခန့်ခွဲပေးနေသည့် အဖွဲ့အစည်းများ၊ WASH ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ နှင့် စခန်းတွင်း နေထိုင်ကြသူများအားလုံး ပူးပေါင်းလုပ်ဆောင်ရမည့် တာဝန်ဖြစ်ပါသည်။

စစ်တွေရှိ အသွားအလာကန့်သတ်ထားသော နေရာတွင် စခန်းနေရာချထားမှု အစီအစဥ်အားနည်းခြင်း နှင့် နေရာ အကန့်အသတ်ရှိခြင်းကြောင့် ရေနုတ်မြောင်းများ လုပ်ဆောင်ရန် မှာ စဥ်ဆက်မပြတ်ဖြစ်ပေါ်နေသည့် ပြဿနာ တစ်ခုဖြစ်ပါသည်။ အချို့စခန်းများ တွင် မြေပေါ်ရှိ ရေများကို ရေမြောင်းများ မှ တဆင့် အနီးအနားရှိ လယ်ယာစိုက်ပျိုးမြေများထဲသို့ စီးဆင်းသွားပြီး စိုက်ပျိုးရေးအတွက် လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ဒီဇိုင်း ရေးဆွဲ ထားပါသည်။ သို့သော် မြေပိုင်ရှင်များ နှင့် လယ်သမားများက ထို ရေထွက်ပေါက်များကို ပိတ်ဆို့ထားကြ ပါသည်။ ထိုစခန်းများ တွင် ရေသည် ထွက်ပေါက်မရှိဖြစ်နေပြီး ရေစီးဆင်းရာ လမ်းကြောင်းများအား ပြန်လည်ပြုပြင်ခြင်း သို့မဟုတ် ပြန်လည်တည်ဆောက်ခြင်း အတွက် အသုံးမပြုသလောက်ရှိသောကြောင့် မိုးရေများကို စုထားပေးပြီးနောက် မြေကြီးထဲသို့ တဖြေးဖြေးစိမ့်ဝင်သွားစေသည့် နည်းအတွက်သာ အသုံးဝင်သကဲ့သို့ ဖြစ်နေပါသည်။


အိမ်အဆောင်များ ကြား နှင့် လမ်းကြားများတွင် ရှိပြီး ရေမြောင်း အကြီးများ နှင့် ချိတ်ဆက်ထားသည့် ရေနုတ်မြောင်းအသေးများသည် အများအားဖြင့် အိမ်အဆောင်များတိုးချဲ့ကြခြင်း သို့မဟုတ် ရေသေရေအိုင် များ နှင့် ရေမြောင်းမှ လာသည့် အနံ့ဆိုးများကို ဖြေရှင်းရန် မြေဖို့လိုက်ကြသည့်အတွက် ရေမြောင်းများ သည် ပိတ်ဆို့နေတတ်ပါသည်။ ဤ အစီအစဥ် ၏ အစပိုင်းတွင် မိမိတို့ ၏ အိမ်အနီးအနားရှိ ရေနုတ်မြောင်းအသေးများအား မိမိတို့ဘာသာ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ဆောင်ကြရန် ရပ်ရွာလူထုအား OXSI မှစည်းရုံးလှုံ့ဆော်ပေးခဲ့ပါသည်။

အစီအစဥ်၏ အစပိုင်းတွင် ရေမြောင်းများ ၏ အခြေအနေများ အထူးသဖြင့် အဓိက ရေမြောင်းများ ၏ ရေစီးဆင်းရာ လမ်းကြောင်းကို သုံးသပ်စိစစ်သည့် အစီအစဥ်ကို OXSI မှ လုပ်ဆောင်ခဲ့ပါသည်။ ဆောက်လုပ် ရေး အဖွဲ့ မှ အသေအချာ အစီအစဥ်ရေးဆွဲပြီး အကြီးစားပြင်ဆင်ပေးမှု နှင့် လိုအပ်သည်များကို ဆောက်လုပ် ပေးခဲ့ပြီးနောက် CRM လုပ်ငန်းစဥ်မှ လာသည့် တိုင်ကြားချက်များအပေါ် အခြေခံ၍သာ ရေမြောင်းများကို ပြင်ဆင်ပြုပြင် ပေးခဲ့ပါသည်။ CRM လုပ်ငန်းစဥ်မှ တဆင့်ရလာသည့် တောင်းဆိုမှုများ တွင် အချို့ ပြင်ဆင်စရာ များသည် အလွန်ကြီးမားခြင်း သို့မဟုတ် ရေနုတ်မြောင်းအတွက် ရေစီးဆင်းစရာ ထွက်ပေါက်နေရာ မရှိခြင်းတို့ကြောင့် အဆိုပါ တောင်းဆိုချက်များကို လုပ်ဆောင်ပေးနိုင်ခြင်း မရှိခဲ့ပါ။။ ထို့အပြင် CRM မှ တဆင့် တောင်းဆိုလာသည့် အချက်များ အရ အပြင် လည်ပတ်လုပ်ဆောင်နိုင်စွမ်းအားစစ်ဆေးပေးပြီးနောက် ပြုပြင် ပေး ပြီး တည်ဆောက်ပေးခဲ့သည့် အဝီစိတွင်းများ နှင့် ဆိုင်သည့် ရေနုတ်မြောင်းများ အတွက် မူ OXSI မှ ပုံမှန် လည်ပတ်လုပ်ဆောင်နိုင်စွမ်းကို စစ်ဆေးပေးပြီးလိုအပ်ပါက မကြာခဏ ပြုပြင်ပေးပါသည်။

မိုးရာသီ မစတင်မီ OXSI သည် CMA များ၊ ရပ်ရွာလူထုများ နှင့် ပူးပေါင်း၍ မိုးရေစီးဆင်းနိုင်မှုအားကောင်းနိုင်စေရန် နှင့် ရေနုတ်မြောင်းစီးဆင်းရာ လမ်းကြောင်း တွင် မိုးရေများကို ပို၍ သိုလှောင်ပေးနိုင်ရန် အတွက် ရေနုတ် မြောင်း အကြီးများကို ရှင်းလင်းပေးပါသည်။ (အပိုင်း ၆.၆ ကိုရှု)။ ရေနုတ်မြောင်းများ တွင် ရေလျှံခြင်း နှင့် မိုးရာသီတွင်း ရေကြီးရေလျှံဖြစ်ခြင်းတို့ကို လျှော့ချပေးနိုင်သောကြောင့် ရေနုတ်မြောင်းသန့်ရှင်းရေး ကမ်ပိန်း သည် အကျိုးကျေးဇူးဖြစ်ထွန်း ပါသည်။

**သာတူညီမျှမှုကို အလေးထားခြင်း - ဂျဲန်ဒါ (ကျား/မရေးရာ)၊ ကာကွယ်စောင့်ရှောက်ခြင်း နှင့် အားလုံးပူးပေါင်းပါဝင်နိုင် ခွင့်ရှိခြင်း**

ရေနုတ်မြောင်း များသည် ကျယ်ပါက မိုးရေများများကို ဝင်ရောက်စီးဆင်းစေနိုင်သော်လည်း ကလေးငယ်များ၊ လူကြီးများ နှင့် မသန်စွမ်းသူများ အတွက် ဖြတ်ကျော်ရန် အခက်အခဲဖြစ်စေနိုင်ပါသည်။ ရေနုတ်မြောင်း အကြီးများသည် ပုံမှန်လမ်းကြောင်းပေါ်တွင် ရှိနေနိုင်သည့် အတွက် WASH အဖွဲ့အစည်းများ သို့မဟုတ် စခန်းတွင်းစီမံခန့်ခွဲရေးလုပ်ပေးနေသည့် အဖွဲ့အစည်းများ သည် ရေနုတ်မြောင်းများကို ဖြတ်ကျော်နိုင်ရန် အတွက် ကွန်ကရစ်တုံးများရိုးရှင်းစွာလုပ်ထားသည့် ရေနုတ်မြောင်းအဖုံးများ ခင်းပေးဖို့လိုပါသည်။ ရေနုတ်မြောင်းအဖုံးများ ထားပေးမည့် နေရာများကို မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများအပါအဝင် ရပ်ရွာလူထုနှင့် တိုင်ပင် ဆွေးနွေး ပေးဖို့လိုပါသည်။


၄.၁
စေ့စပ်ညှိနှိုင်းမှု ဖြင့် လူထု
ဦးဆောင်ပါဝင်သော
အကောင်အထည်ဖော်
ဆောင်ရွက်ခြင်း လုပ်ငန်းစဥ်(ACE)
၄.၂
အုပ်စုတူ အဆင့်တူ
အချင်းချင်းချဥ်းကပ်မှု
၄.၃
အစားအစားမဟုတ်သော
ပစ္စည်းဖြန့်ဖြူးခြင်း
OXSI
၄.၈
ပြောင်းလဲရန် ခက်ခဲသော
အမူအကျင့်များကိုကိုင်တွယ်
ဖြေရှင်းခြင်း
၄.၄
အိမ်တိုင်ရာရောက်
သွားရောက်ခြင်း
၄.၇
ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ
အထိမ်းအမှတ်ပွဲတော်နေ့များ
၄.၆
WASH နှင့်
ကျားမရေးရာ/ ဂျဲန်ဒါ
၄.၅
ရပ်ရာလူထုအတွင်း ဖြတ်သန်း
လမ်းလျှောက်လေ့လာခြင်း
(Community Transect Walks)

# အခန်း(၄) တစ်ကိုယ်ရည်သန့်ရှင်းရေးမြှင့်တင်ခြင်း နှင့် လူထုနှင့် စေ့စပ်ညှိနှိုင်းဆောင်ရွက်ခြင်း

အထူးသဖြင့် လူဦးရေထူထပ်သော ဒုက္ခသည်စခန်း နေရာများတွင် သန့်ရှင်းသောရေနှင့် ဘေးကင်းလုံခြုံသော မိလ္လာသန့်ရှင်းရေး ဆိုင်ရာ အဆောက်အဦများထက် အပြုသဘောဆောင်သည့် တစ်ကိုယ်ရည် သန့်ရှင်းမှုဆိုင်ရာ အမူအကျင့်များသည် ရောဂါပျံ့နှံ့မှုကို တားဆီးရာတွင် အရေးကြီးသည်ထက် ပို၍ပို၍ အရေးကြီးပါသည်။ တစ်ကိုယ်ရည်သန့်ရှင်းရေးမြှင့်တင်ခြင်းသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ **WASH** လုပ်ငန်းစဉ်များ၏ အဓိကအစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ပတ်သက်သည့် အမူအကျင့်ပြောင်းလဲနိုင်ရေး ကို နောက်ဆုံးရည်မှန်းချက် အဖြစ်ထားရှိကာ အခြေခံအားဖြင့် အသိပညာပေးခြင်းမှတစ်ဆင့် လိုအပ်နေသည့် အစားအစာမဟုတ်သော ပစ္စည်းများ (**NFIs**) များကို ထောက်ပံ့ခြင်းနှင့်အတူ ကျန်းမာရေးနှင့် ညီညွတ်သော တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ အမူအကျင့် များကို ရရှိလာအောင် ဆောင်ရွက်ရန် ဖြစ်သည်။

စစ်တွေရှိ စခန်းများတွင် ယခင်က ပြုလုပ်ခဲ့သော အသိပညာ၊ သဘောထားနှင့် အလေ့အကျင့် စစ်တမ်းများ (KAP) က စခန်းနေလူထုများတွင် တစ်ကိုယ်ရည်သန့်ရှင်းမှုဆိုင်ရာ အသိပညာအဆင့် တဖြည်းဖြည်းတိုးလာသည်ကို ပြသခဲ့ပါသည်၊ သို့သော်လည်း အသိပညာအဆင့် တိုးတက်နေမှုသည် အလေ့အကျင့်အဖြစ် လူထု က လုပ်ဆောင်နေသည်ဟု သေချာစွာ ယူမှတ်၍မရပါ။ OXSI သည် တစ်ကိုယ်ရည်သန့်ရှင်းရေးမြှင့်တင်ခြင်းအား အလေးထား ချဉ်းကပ်လုပ်ဆောင်ပြီး စီမံကိန်း တစ်ခုလုံး ချဉ်းကပ်လုပ်ဆောင်မှု အတွက် ရည်ရွယ်သည်မှာ အထက်မှအောက်သို့သာ သတင်းအချက်အလက် မျှဝေခြင်း ပုံစံအား အစဉ်တစိုက် ဆောင်ရွက်ခြင်းကို လျှော့ချနိုင်ပြီး ၄င်းတို့ ရပ်ရွာရှိ အတားအဆီးများကို လူထုမှ ကိုယ်တိုင် နားလည်ရန်၊ လူထုမှ လက်တွေ့ လုပ်ဆောင်နိုင်ရန် တတ်နိုင်စေသော နည်းလမ်း/ကိရိယာများကိုထောက်ပံ့ရန် နှင့် စိန်ခေါ်မှုဖြစ်စေသော ပတ်ဝန်းကျင်ကို ထည့်သွင်းစဉ်းစားကာ အမူအကျင့် ပြောင်းလဲခြင်းကို လမ်းညွှန်ရန် ဖြစ်ပါသည်။

ထိုကြောင့် OXSI WASH အစီအစဉ်သည် တစ်ကိုယ်ရည်သန့်ရှင်းရေး သင်ကြားလေ့ကျင့်ပေးမှု (hygiene education) ကို ဆက်လက်အာရုံစိုက်လျက် ရပ်ရွာလူထု နှင့် စေ့စပ်ညှိနှိုင်းဆောင်ရွက်ခြင်း နှင့် စနစ်ကျသော အမူအကျင့် ပြောင်းလဲခြင်းဆိုင်ရာ ချဉ်းကပ်မှုများကို လေ့လာစီစစ်ကာ ကိုင်တွယ်ပြုပြင်ရခက်သော အမူအကျင့်များကို အကျိုးသက်ရောက်မှုရှိရန် ဆောင်ရွက်လျှက်ရှိပါသည်။ ရပ်ရွာလူထု နှင့် စေ့စပ်ညှိနှိုင်းဆောင်ရွက်ခြင်း မဟာဗျူဟာ ကို လူထုနှင့် ယုံကြည်မှုတည်ဆောက်ခြင်း၊ WASH အခြေခံ အဆောက်အအုံများအား လူထုမှ ကိုယ်ပိုင်ကိုယ်ဆိုင်စိတ်ဓါတ်ရရှိမှုကို တိုးမြှင့်ခြင်း၊ လူထုပူးပေါင်းပါဝင်သည့် အစီအစဉ်များမှတစ်ဆင့် တစ်ကိုယ်ရည်သန့်ရှင်းရေး အမူအကျင့်များကို တိုးတက်ကောင်းမွန်လာစေခြင်း၊ နှင့် အထောက်အထားပြနိုင်သော အမူအကျင့် ပြောင်းလဲခြင်း နည်းပုံစံ တို့ အနေဖြင့် အဓိက ရည်ရွယ်ချက် ၃ ခုဖြင့် ဖော်ပြထားပါသည်။ ဤအခန်းတွင် အဆိုပါ ရည်မှန်းချက် သုံးခုအနက် နှစ်ခုကို အာရုံစိုက်မည်ဖြစ်ပြီး အခြားအခန်းများတွင် ပါဝင်မည်ဖြစ်သော လူထုမှ ကိုယ်ပိုင်ကိုယ်ဆိုင် စိတ်ဓါတ်ရရှိမှုကို တိုးမြှင့်ခြင်းဆိုင်ရာ ရည်ရွယ်ချက်နှင့် ပတ်သက်သည့် လုပ်ဆောင်ချက်များကို ချန်လှပ် ထားခဲ့မည် ဖြစ်သည်။

# ၄.၁ စေ့စပ်ညှိနှိုင်းမှု ဖြင့် လူထု ဦးဆောင်ပါဝင်သော အကောင်အထည်ဖော်ဆောင်ရွက်ခြင်း လုပ်ငန်းစဉ်(ACE)

**WASH အစီအစဉ် ဒီဇိုင်းရေးဆွဲရာတွင် လူထုအား စေ့စပ်ညှိနှိုင်းဆောင်ရွက်ခြင်းသည် အပြုသဘောဆောင်သော အမူအကျင့်များ တိုးပွားခြင်းကို ဦးတည်ကာ အဖွဲ့အစည်းများအား စစ်မှန်သော ဦးစားပေးကိစ္စများကို နားလည် သိရှိရန် ကူညီနိုင်ပါသည်။**

**လူထုအား စေ့စပ်ညှိနှိုင်းဆောင်ရွက်ခြင်းသည်** အမူအကျင့် ပြောင်းလဲခြင်းနှင့် လူထုအား ကြံ့ကြံ့ခံနိုင်မှုဆိုင်ရာ စွမ်းရည်တည်ဆောက်ရာတွင် အလွန်အရေး ပါသကဲ့သို့ စီမံကိန်း တစ်ခုလုံးကို ထိရောက်စွာ ဒီဇိုင်းရေးဆွဲခြင်းနှင့် အကောင် အထည်ဖော် ဆောင်ရွက်ခြင်းအတွက်လည်း အလွန်အရေးပါသည်။ OXSI WASH အစီအစဉ်သည် ပထမဆုံးနှင့်အဓိက လိုအပ်သော စိတ်နေသဘောထား ပြောင်းလဲ မှုများအား OXSI ဝန်ထမ်းများအတွက် စတင် ပြုလုပ်ခဲ့ပြီး **လူထုအား စေ့စပ်ညှိနှိုင်းဆောင်ရွက်ခြင်း** ကို OXSI လုပ်ငန်းများအားလုံးတွင် ထည့်သွင်းစဉ်းစား အကောင်အထည် ဖော်ခဲ့သည်။ OXSI အဖွဲ့အနေဖြင့် လူထုပူးပေါင်းပါဝင်မှု၊ ဆုံးဖြတ်ချက်ချမှတ်မှုနှင့် လူထု ဦးဆောင်မှုကို တိုးမြှင့်ရန် လုပ်ငန်းများစွာကို ပြုပြင်မွမ်းမံခဲ့သော်လည်း လုပ်ငန်းအသစ်များကို ဖန်တီးနေစဉ် တစ်လျှောက်လုံး အတွင်း OXSI ဝန်ထမ်းများ၏ စိတ်နေသဘောထားပြောင်းလဲမှုကို ပံ့ပိုးကူညီ ပေးခြင်းသည် ပို၍ ထိရောက်ကြောင်းကို သက်သေပြခဲ့သည်။

OXSI WASH အစီအစဉ်သည် “ **စေ့စပ်ညှိနှိုင်းမှုဖြင့် လူထုဦးဆောင်ပါဝင်သော အကောင်အထည်ဖော် ဆောင်ရွက်ခြင်း လုပ်ငန်းစဉ် (ACE)”** အမည်ရှိ စီမံချက်အောက်တွင် လူထုနှင့် စေ့စပ်ညှိနှိုင်းခြင်း လုပ်ငန်း သစ် တစ်ခုအား မိတ်ဆက်ခဲ့သည်။ ACE သည် အဖွဲ့ဝင် အချင်းချင်း ယုံကြည်မှုနှင့် အသင်းအဖွဲ့ ဖြင့် လုပ်ဆောင်မှုကို တည်ဆောက်ရန် ရည်ရွယ်ပါသည် - တက်ကြွစွာနားထောင်ခြင်းနှင့် အပြန်အလှန် ဆက်သွယ်ပြောဆိုခြင်းကို အားပေးသည်၊ ပြဿနာဖြေရှင်းနိုင်ခြင်း စွမ်းရည်များ၊ မိမိတို့ကိုယ်တိုင် ရပ်ရွာလူထုအဖြစ် နားလည်ခံယူတတ်ခြင်း နှင့် လူထု၏ ကိုယ်ပိုင်ကိုယ်ဆိုင်စိတ်ဓါတ်ရရှိမှုကို မြှင့်တင်ပေးသည်၊ ထို့အပြင် WASH လှုပ်ရှားမှု/ ကမ်ပိန်းများ ဖန်တီးရာတွင် လူအများ ပိုမိုပါဝင်စေရန် အားပေးသည်။ ACE သည် စမ်းသပ်ထားပြီးသော နည်းလမ်းများစွာကို အသုံးပြုခဲ့သော်လည်း ၎င်းတို့အထဲမှ တစ်ချို့နည်းလမ်းတို့ကို ရွေးချယ် ပေါင်းစပ်ကာ OXSI နှင့် စစ်တွေစခန်းများ အတွက် ထူးခြားသောလုပ်ငန်စဉ်တစ်ခုအဖြစ် ဖန်တီးခဲ့သည်။

လိုက်လျောညီထွေဖြစ်၍ ပြုပြင်လွယ်သော နည်းလမ်းများ အသုံးပြုခြင်းသည် ACE အုပ်စုငယ်များအား ပြဿနာ အခက်အခဲများ ကို ဖော်ထုတ်နိုင်ရန် နှင့် ပြဿနာများအား အဆင့်ဆင့် ခွဲခြမ်းရာတွင် ကူညီနိုင်သည်၊ ထို့နောက် ဖော်ထုတ် သတ်မှတ် ထားပြီးသော WASH ပြဿနာအကြောင်းအရာကို ကိုင်တွယ်ဖြေရှင်းရန် ကမ်ပိန်းလှုပ်ရှားမှု ကို ဒီဇိုင်းဆွဲ ကာ အကောင်အထည်ဖော် ဆောင်ရွက် နိုင်စေပါသည်။ ACE လုပ်ငန်းစဉ် တစ်ခုစီသည် နှစ်လ-သုံးလ ကြာမြင့်ပြီး ACE အဖွဲ့များမှ ရှာဖွေ ဖော်ထုတ်ထားသော WASH ပြဿနာတစ်ခုကို ဖြေရှင်းရန် လူထု ဦးဆောင်မှု ဖြင့် ကမ်ပိန်း လှုပ်ရှားမှု ဆောင်ရွက်ခြင်းသည် ဤ လုပ်ငန်းစဉ်၏ နောက်ဆုံးပန်းတိုင် ဖြစ်သည်။ (4A – စေ့စပ်ညှိနှိုင်းမှုဖြင့် လူထုဦးဆောင်ပါဝင်သော အကောင်အထည်ဖော် ဆောင်ရွက်ခြင်း လုပ်ငန်းစဉ် လက်စွဲ)

OXSI သည် အမျိုးသားအုပ်စုနှစ်စု နှင့် အမျိုးသမီးအုပ်စုနှစ်စုဖြင့် ACE ချဉ်းကပ်မှုနည်းလမ်းကို ချဲ့ထွင်နိုင်ရန် ကနဦးစမ်းသပ်ခဲ့သည်။ ကနဦးစမ်းသပ်ချက် အရ ဝန်ထမ်းများအတွက်သင်တန်းများများလိုအပ်ခြင်း၊ လှုပ်ရှားမှု တစ်ခုစီတိုင်း အတွက် အသေးစိတ်လမ်းညွှန်းချက်များ လိုအပ်ခြင်း၊ ACE လုပ်ငန်းစဉ်နှင့် ပတ်သက်၍ အခြားသော ရပ်ရွာလူထုများနှင့် ပို၍ ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်ရန် လိုအပ်ခြင်း၊ နှင့် အုပ်စုတစ်စုချင်းစီ အတွက် ချဉ်းကပ်နည်းသည် လိုက်လျောညီထွေဖြစ်ရန်နှင့် ပြုပြင်လွယ်ရန် လိုအပ်ကြောင်းကို ပြသခဲ့သည်။ ကနဦးစမ်းသပ်ချက် ဆောင်ရွက်နေစဉ် အတောအတွင်း ACE အတွက် တံဆိပ်အမှတ်အသား ဖန်တီးရာတွင် OXSI ဝန်ထမ်းများ အားလုံးပါဝင်ခဲ့ကာ ၎င်း တံဆိပ် အမှတ်အသားသည် OXSI အတွင်း ထူးခြားသော ချဉ်းကပ်နည်း ၏ အမှတ်အသား တစ်ခု ဖြစ်ခဲ့သည်။ ရွေးချယ်ထားသော တံဆိပ်အမှတ်အသားသည် ရေစက်တစ်ခုအတွင်း လက်ဆွဲနှုတ်ဆက်ခြင်းကိုပြသကာ WASH ကမ်ပိန်း လှုပ်ရှားမှုများကိုဖန်တီးရာတွင် OXSI နှင့် ရပ်ရွာလူထုများ၏ ပူးပေါင်း ဆောင်ရွက်ခြင်းကို ညွှန်ပြသည်။

## အမျိုးမျိုးသော ဒီဇိုင်းပုံစံများ




## အချောသတ်ပုံစံ




စေ့စပ်ညှိနှိုင်းမှုဖြင့် လူထုဦးဆောင်ပါဂင်သော အကောင်အထည်ဖော် ဆောင်ရွက်ခြင်း လုပ်ငန်းစဉ် လုပ်ဆောင်ချက် အတွက် အမှတ်အသား တစ်ခု၏ ပူးပေါင်း ပါဂင်ဖန်တီးမှု သည် ပရိုဂရမ် တစ်ခု၏ ထူးခြားသည့် လုပ်ဆောင်ချက် အဖြစ် အသိအမှတ်ပြုထားသည်။

ACE လုပ်ငန်းစဉ် ရှိ လုပ်ဆောင်ချက် နည်းလမ်းများအားလုံးသည် တစ်ခုနှင့် တစ်ခု အပြန်အလှန် ချိတ်ဆက်ထား သည့် ပုံစံဒီဇိုင်းရေးဆွဲထား သောကြောင့် ACE အုပ်စု တစ်ခုချင်းစီမှ ပါဝင်သူများ(အများဆုံး ၁၅ ဦး)သည် နည်းလမ်း အားလုံးကို ပြီးစီးအောင် လေ့လာရမည် ဖြစ်သည်။ ပထမဆုံးလုပ်ဆောင်ချက်သုံးခုဖြစ်သော ရပ်ရွာမြေပုံ ရေးဆွဲခြင်း၊ မိမိတို့ ရိုက်ယူထားသော ဓါတ်ပုံ များမှ တဆင့် လိုအပ်ချက်များ ရှာဖွေ ဖော်ထုတ်ခြင်း၊ ပြဿနာ သစ်ပင်ရေးဆွဲခြင်း တို့ကို နည်းလမ်းများဆိုင်ရာအုပ်စု တစ်စု အဖြစ် ဖော်ပြထားပြီး ၄င်းတို့သည် "လူထုအတွင်း လိုအပ်များကို ရှာဖွေဖော်ထုတ်ခြင်း" ကို ကူညီနိုင်မည့် နည်းလမ်းများ ဖြစ်သည်၊ ACE အုပ်စု များမှ WASH လုပ်ငန်းများဆိုင်ရာ ဦးစားပေး အခက်အခဲများကို ရွေးချယ်သည့်အခါ ၄င်းနည်းလမ်း များမှ အထောက်အပံ့ဖြစ်စေပြီး အခက်အခဲ ပြဿနာများကို အဆင့်ဆင့် ခွဲခြမ်းသည့်အခါလည်း ကူညီနိုင်မည်ဖြစ်သည်။ အုပ်စုများသည် ၎င်းတို့နှင့်သက်ဆိုင်သည့်ကိစ္စရပ်များနှင့် အဖွဲ့ဝင်အများစု၏ ကိုယ်စားပြုမှုကို ရွေးချယ်ရာတွင် တစ်သားတည်းဖြစ်ကြသည်။

### ACE လုပ်ငန်းများ၏ လုပ်ဆောင်ပုံအဆင့်ဆင့်အားဖော်ပြသော အခြေအနေပြဇယား




## သာတူညီမျှမှုကို အလေးထားခြင်း - ဂျဲန်ဒါ (ကျား/မရေးရာ)၊ ကာကွယ်စောင့်ရှောက်ခြင်း နှင့် အားလုံးပူးပေါင်းပါဝင်နိုင် ခွင့်ရှိခြင်း

ACE နည်းလမ်းများသည် ကွဲပြားသောနောက်ခံအကြောင်းများနှင့်စွမ်းရည်များရှိသော ပါဝင်သူများကို အတူပါဝင်စေနိုင်ရန် ဖြစ်နိုင်သမျှအများဆုံး ဒီဇိုင်းရေးဆွဲထားသည်။ ဥပမာအားဖြင့် စာတတ်မြောက်ခြင်းသည် မရှိမဖြစ်လိုအပ်ချက်မဟုတ်ပါ၊ အထူးသဖြင့် အပြန်အလှန်တုံ့ပြန်သောနှင့် ရုပ်ပုံထည့်သွင်းဖော်ပြသော လိုအပ်ချက်များ-ခွဲခြားရွေးထုတ်ချက် လှုပ်ရှားမှုများတွင် ဖြစ်သည်။ အရေးအကြီးဆုံးမှာ ACE လုပ်ငန်းစဥ်တစ်ခုလုံးကို အဖွဲ့တစ်ခုစီ၏ လိုအပ်ချက်များနှင့် စိတ်ဝင်စားမှုများ၊ ၎င်းတို့လုပ်ဆောင်ရန် ရွေးချယ်ထားသောလှုပ်ရှားမှုများမှ လှုပ်ရှားမှုတစ်ခုစီ၏လုပ်ဆောင်နိုင်မှုရလဒ်ပုံစံများ၊ ၎င်းတို့ဆွေးနွေးသည့်ခေါင်းစဥ်များနှင့် ၎င်းတို့၏ကမ်ပိန်းလှုပ်ရှားမှုအတွက် ၎င်းတို့ရွေးချယ်သော WASH ပြဿနာများကို ချိန်ညှိ ပြုပြင်နိုင်သည်။

## (၁) ရပ်ရွာမြေပုံရေးဆွဲခြင်း

ရပ်ရွာမြေပုံ ရေးဆွဲခြင်းသည် ACE လုပ်ငန်းစဥ်၏ ပထမဆုံးသော လေ့ကျင့်ခန်းဖြစ်ပြီး အဖွဲ့အတွက် အချင်းချင်းရင်းနှီးမှုရရှိရန်လုပ်ဆောင်သောလှုပ်ရှားမှု အဖြစ် ပူးပေါင်းပါဝင်ရသောလှုပ်ရှားမှုများနှင့် အကျွမ်းတဝင်ရှိလာရန်၊ ၎င်းတို့၏ ရပ်ရွာလူထု၏လိုအပ်ချက်များအကြောင်းကို စတင်တွေးတော လာစေရန် ဆောင်ရွက်သည်။ ဤလှုပ်ရှားမှုက အဖွဲ့အား ၎င်းတို့ကအရေးကြီးသည်ဟု တွေးဆမိသည့် ၎င်းတို့၏နယ်မြေ၏လိုအပ်ချက်များကို ဆုံးဖြတ်ရန် နှင့် ဆွေးနွေးရန်၊ ဘယ်အရာကို လက်လှမ်းမီခွင့်ရှိသည် သို့မဟုတ် မရှိသည် ကိုမှတ်သားရန်၊ နှင့် စိတ်ချယုံကြည်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှုကို တည်ဆောက်ရန် စိန်ခေါ်သည်။ စာမတတ်သောပါဝင်သူများ ပါဝင်နိုင်စေရန် စာရေးသားခြင်းကို အနည်းငယ် သို့မဟုတ် လုံးဝအသုံးမပြုရန် နှင့် အဖွဲ့သည် ကြိုတင်ပြုလုပ်ထားသောသင်္ကေတပုံများ သို့မဟုတ် လမ်းများ၊ အဆောက်အဦများ၊ အိမ်သာ အစရှိသည်တို့ကို ပုံဖော်သော သင်္ကေတအသစ်များကို အသုံးပြုနိုင်သည်။



*ရပ်ရွာမြေပုံဆွဲခြင်းသည် လက်လှမ်းမီနိုင်မှုနှင့် လိုအပ်ချက်များအကြောင်း ဆွေးနွေးရာတွင် လွယ်ကူချောမွေ့ စေရန် လူသိများသော လုပ်ဆောင်ချက်ဖြစ်သည်။*

## (၂) မိမိတို့ ရိုက်ယူထားသော ဓါတ်ပုံ များမှ တဆင့် လိုအပ်ချက်များ ရှာဖွေ ဖော်ထုတ်ခြင်း

မိမိတို့ ရိုက်ယူထားသော ဓါတ်ပုံ များမှ တဆင့် လိုအပ်ချက်များ ရှာဖွေ ဖော်ထုတ်ခြင်းသည် လူထုပူးပေါင်း ပါဝင်သော ဓာတ်ပုံပညာကို အသုံးပြုပြီး လိုအပ်ချက်များအား ရှာဖွေဖော်ထုတ်သည့် နည်းလမ်းတစ်ခု ဖြစ်ကာ ပါဝင်သူများက ဓာတ်ပုံပညာကို အသုံးပြုခြင်းနှင့် အချင်းချင်း အပြန်အလှန် ဆွေးနွေးခြင်းကို အသုံးပြုခြင်း အားဖြင့် ၎င်းတို့၏ပြဿနာများကို ပိုမို နက်ရှိုင်းစွာ နားလည်စေနိုင် ပါသည်၊ ၎င်းတို့ ဓါတ်ပုံများ၏ အကြောင်းအရာ ဖြစ်ရပ်များ အပေါ် နားလည်ခြင်းအားဖြင့် ဆုံးဖြတ်ချက်ချမှတ်သူများအား လိုအပ်ချက်ကို ရောက်ရှိစေနိုင်သည်၊ ထို့အပြင် ရပ်ရွာလူထုအဆင့်တွင် ၎င်း အခက်အခဲ လိုအပ်ချက်များကို အရေးယူ ဖြေရှင်းနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ဓာတ်ပုံပညာသည် ယဥ်ကျေးမှုဆိုင်ရာနှင့် ဘာသာစကားဆိုင်ရာအတားအဆီးများကို ကျော်ဖြတ်သည်၊ ဓာတ်ပုံများက လက်တွေ့ဘဝများကို ဖော်ပြသည်၊ အမြင်ရှုထောင့်အမျိုးမျိုးကို ဆက်သွယ် ပြောဆိုသည်၊ ထို့အပြင် အခြားနည်းအားဖြင့်ဆက်သွယ်ရန်မလွယ်သော ပြဿနာ များအတွက် ဓါတ်ပုံများဖြင့် အသိပညာပေး ဖော်ပြနိုင်သည်။ ACE လုပ်ငန်းစဥ်တွင် *ဓါတ်ပုံများမှတဆင့် လိုအပ်ချက်များ ရှာဖွေဖော်ထုတ်ခြင်း*ကို အမြင်သင်ထောက်ကူ ပစ္စည်းအဖြစ် ပါဝင်သူများအား ၎င်းတို့မြင်သော ပြဿနာများ ကို ထုတ်ဖော်ရန် နှင့်ဆွေးနွေးရာတွင် အထောက်အကူဖြစ်ရန်၊ နှင့် ၎င်းတို့၏ ကမ်ပိန်းလှုပ်ရှားမှုတွင် ပြဿနာတစ်ခုကို ဦးစားပေးလုပ်ဆောင်ရန် အသုံးပြုသည်။




*Photovoice တွင်ပါဝင်သူသည် အဖွဲ့တစ်ခုအနေဖြင့် လိုအပ်ချက်များကို ဦးစားပေးရန်အတွက် ၎င်းတို့၏အသိုင်းအဝိုင်းရှိ ရေ နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး ဆိုင်ရာပြဿနာများကို ဓာတ်ပုံရိုက်သည်။*

အခြား ACE လုပ်ငန်းများနှင့် မတူသည်မှာ *ဓါတ်ပုံ များမှ တဆင့် လိုအပ်ချက်များ ရှာဖွေ ဖော်ထုတ်ခြင်း* သည် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ဆွေးနွေးမှုများ ပြုလုပ်ရန် အတွက် အချိန်ပို၍ လိုအပ်ပါသည်။ ပါဝင်သူများသည် ကင်မရာများကိုအသုံးပြုပုံကို ရက်ပေါင်းအချို့ သင်ယူရမည်၊ ရပ်ရွာတွင် ကျန်းမာရေးအပေါ် လွှမ်းမိုးနေသော ရေနှင့်မိလ္လာပတ်ဝန်းကျင်ဆိုင်ရာ သဘောထားများနှင့်အလေ့အကျင့်များအား ဖော်ထုတ်နိုင်ရန် ဓာတ်ပုံရိုက်မည်။ ထို့နောက် ၎င်းတို့သည် ရွေးချယ်ခံရသော ဓာတ်ပုံတစ်ပုံအတွက် ခေါင်းစီးတစ်ခုရေးမည်(“ဓာတ်ပုံအကြောင်းအရာ ဖြစ်ရပ်တစ်ခု”)။ အဖွဲ့သည် ၎င်းတို့၏ဓာတ်ပုံများနှင့် ဓာတ်ပုံအကြောင်းအရာ ဖြစ်ရပ်များကို ဝေမျှရန် ထပ်မံ ဆွေးနွေးမှုများ ပြုလုပ်မည် ထို့နောက် ၎င်းတို့၏ ရပ်ရွာမှ ပြဿနာများကို ဦးစားပေးရန် ဓာတ်ပုံများကို အသုံးပြုကာ နောက်တစ်ဆင့်အတွက် ပြဿနာတစ်ခုကို အာရုံစိုက်ရန် ရွေးချယ်မည်။

## (၃) ပြဿနာသစ်ပင်

ပြဿနာသစ်ပင်ဆိုသည်မှာ ပြဿနာတစ်ခု၏ ဖြစ်စေသောအကြောင်းရင်းများ(အမြစ်များ) နှင့် အကျိုးသက်ရောက်မှုများ (အကိုင်းများ)ကို ကွဲပြားစွာနားလည်ရန် အတွက် ပြဿနာကို အဆင့်ဆင့် ခွဲခြမ်းရန် အသုံးပြုသည့် နည်းလမ်းတစ်ခုဖြစ်သည်။ ပြဿနာသစ်ပင်က ကြီးသောပြဿနာတစ်ခုတွင် ယေဘုယျအားဖြင့် ဖြစ်စေသောအကြောင်းရင်းများစွာရှိသည် ကို ဖော်ပြသည်၊ ထိုနောက် အလွန်ကြီးမားသည်ဟု ခံစားရနိုင်သော်လည်း ဖြစ်စေသောအကြောင်းရင်းတစ်ခုစီကို တဖြည်းဖြည်းချင်း ဖြေရှင်းခြင်းအားဖြင့် ပြဿနာကို ဖြေရှင်းနိုင်သည်။ ACE အဖွဲ့က ပြဿနာ၏ အဓိကအကြောင်းရင်း နှင့် ဆင့်ပွားအကြောင်းခံကို “ဘာကြောင့်ဒီလိုဖြစ်ရတာလဲ”ဟု မေးခွန်းမေးခြင်းဖြင့် ခွဲခြားသတ်မှတ်သည်၊ ထို့နောက် အဓိက အကျိုးသက်ရောက်မှု နှင့် ဆင့်ပွားအကျိုးသက်ရောက်မှုကို “ဒါကဘာကိုဦးတည်သွားစေတာလဲ”ဟု မေးခွန်းမေးခြင်းဖြင့် ခွဲခြားသတ်မှတ်သည်။ ထို့နောက် ၎င်းတို့သည် ၎င်းတို့တွင် လွှမ်းမိုးမှု အချို့ရှိသော သို့မဟုတ် ထိန်းချုပ်မှုရှိသော အကြောင်းရင်းများကို ခွဲခြားသတ်မှတ်ကာ ၎င်းတို့၏ ကမ်ပိန်းလှုပ်ရှားမှုအတွက် အာရုံစိုက်ရမည့် အကြောင်းတစ်ခုကို ရွေးချယ်သည်။




ပြဿနာသစ်ပင်သည် ပြဿနာတစ်ခု၏ အကြောင်းတရားများ (အမြစ်) နှင့် အကျိုးသက်ရောက်မှု (အကိုင်းအခက်များ) တို့ကို စီမံခန့်ခွဲနိုင်သော အပိုင်းအစများအဖြစ် ခွဲထုတ်နိုင်စေရန် ကူညီပေးသည့် (ပင်စည်) ကို သရုပ်ဖော်သည်။

| OXSI ကြုံတွေ့ရသည့် စိန်ခေါ်ချက်များ | OXSI ၏ ဖြေရှင်းနည်းများ |
| --- | --- |
| ACE ၏ပါဝင်သောအစိတ်အပိုင်းများသည် အထူးသဖြင့် *ဓါတ်ပုံ များမှ တဆင့် လိုအပ်ချက်များ ရှာဖွေ ဖော်ထုတ်ခြင်း* သည် အချို့သော အခြေအနေ များတွင် ထိရှလွယ်သည်၊ စခန်းခေါင်းဆောင်များ သည် စစ်တွေရှိ စခန်းအချို့တွင် ဤလှုပ်ရှားမှုအား ဟန့်တားခဲ့သည်။ အခြားဧရိယာများတွင် ဆောက်လုပ်ရေးပါဝင်သော ကမ်ပိန်းလှုပ်ရှားမှုများကို တားမြစ်ခဲ့သည်။ | လှုပ်ရှားမှုအသစ်များမစတင်မီ WASH အေဂျင်စီများအနေဖြင့် ရပ်ရွာလူထုမှ အဖွဲ့အစည်းများ၏ လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ခြင်းအားဖြင့် ၎င်းတို့ကို အန္တရာယ်မကျရောက်စေနိုင်သည်ကို သေချာစေရန် အကဲဖြတ်မှုများ လုပ်ဆောင်ရန် နှင့် သက်ဆိုင်သူများ နှင့်တိုင်ပင်ဆွေးနွေးရန် လိုအပ်သည်။ OXSI သည် ACE လုပ်ငန်းစဉ်ကို စခန်းခေါင်းဆောင်များအား အချိန်ယူရှင်းပြခဲ့ပြီး ကြိုတင်ကာ ခွင့်ပြုချက်များကိုရယူခဲ့သည်။ |

| | |
|---|---|
| | ထို့အပြင် ပါဝင်သူများသည် ထိရှလွယ်သောလှုပ်ရှားမှုများကို မလုပ်ဆောင်မီ ကာကွယ်မှု အကြံပေးချက်များကို ရယူသင့်သည်၊ ထိုအရာသည် အမြဲတမ်း မိမိဆန္ဒအလျောက်ဖြစ်သည်။ OXSI က *ဓါတ်ပုံ များမှ တဆင့် လိုအပ်ချက်များ ရှာဖွေ ဖော်ထုတ်ခြင်း* လုပ်ငန်းစဉ်အတောအတွင်း WASH အခြေခံအဆောက်အအုံများနှင့် သဘောတူညီချက်များ ပြုလုပ်နိုင်သည့် အသက်အရွယ်ရှိသူများကို သာ ဓာတ်ပုံရိုက်သင့်ကြောင်းနှင့် ပါဝင်သူများကို ရဲများ၊ စစ်ဆေးရေးဂိတ်များ၊ ဖြန့်ဝေမှုများ သို့မဟုတ် ဖြစ်ရပ်လှုပ်ရှားမှုများကို ဓာတ်ပုံမရိုက်ရန် သတိပေးခဲ့ကြောင်း အလေးထားဖော်ပြခဲ့သည်။ အချို့သောကိစ္စရပ်များတွင် ACE အဖွဲ့များက *ဓါတ်ပုံ များမှ တဆင့် လိုအပ်ချက်များ ရှာဖွေ ဖော်ထုတ်ခြင်း* ကို ကျော်ခဲ့သည်။ |

## (၄) လူထုဦးဆောင်သော ကမ်ပိန်းတစ်ခုအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

ACE ၏ ဒုတိယအဆင့်သည် "*လူထုဦးဆောင်သော ကမ်ပိန်းတစ်ခုအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း*" အဆင့်ဖြစ်ကာ လုပ်ဆောင်ချက်အစီအစဉ်တစ်ခုနှင့် အချိန်ကာလ၊ အသုံးစရိတ်၊ နှင့် အညွှန်းများနှင့် စောင့်ကြည့်စစ်ဆေးခြင်းအစီအစဉ်တစ်ခု ပါဝင်သည်။ ACE အဖွဲ့များသည် ပါဝင်သူများအားလုံးနှင့် အဆင်ပြေသည့် နည်းလမ်း တစ်ခုဖြင့် ၎င်းတို့၏ကမ်ပိန်းကို အစီအစဉ်ချမှတ်ရန် နှင့် ကိုယ့်ကိုယ်ကိုဖွဲ့စည်းရန် လွတ်လပ်ခွင့်ရှိသည်။ ဥပမာအားဖြင့် လုပ်ဆောင်ချက်အစီအစဉ်တစ်ခုကို OXSI ဝန်ထမ်းများက မှတ်တမ်းယူရန်အတွက် မှတ်စုသိမ်းဆည်း ထားကာ ပါဝင်သူတို့သည် နှုတ်အားဖြင့် သဘောတူနိုင်သည်။ ဤလှုပ်ရှားမှုများသည် အစောပိုင်းက ဖော်ထုတ်ခဲ့သည့် WASH ပြဿနာများကို ဖြေရှင်းရန် အဖွဲ့များအား ကမ်ပိန်းအစီအစဉ်ရေးဆွဲရာတွင် ကူညီသည်။ လုပ်ဆောင်ချက်အများစုတွင် ACE အဖွဲ့က ဦးဆောင်သည့် အစိတ်အပိုင်းများနှင့် OXSI ဝန်ထမ်း၏ပံ့ပိုးမှုကို လိုအပ်သောအဆင့်များရှိသည် (ဥပမာအားဖြင့် ဆောက်လုပ်ရေးအတွက် ပစ္စည်းများ ဝယ်ယူခြင်းနှင့်ပေးပို့ခြင်း)။

အဖွဲ့ကရွေးချယ်ထားသည့်ပြဿနာအပေါ်မူတည်၍ ကမ်ပိန်း၏ အချိန်ကာလ အရှည်နှင့်ရှုပ်ထွေးမှု ကွဲပြားသည်။ ဥပမာ အားဖြင့် အဖွဲ့တစ်ဖွဲ့သည် တစ်ပတ်လျှင်တစ်ရက်သန့်ရှင်းရေးလုပ်ခြင်းကမ်ပိန်းကို တစ်လ စီစဉ်ပြုလုပ်ခဲ့ပြီး အခြားအဖွဲ့နှစ်ဖွဲ့က သုံးလအချိန်ယူသည့် MHM အမှိုက်မီးရှို့စက်ငယ်တစ်လုံးကို ဒီဇိုင်းဆွဲရန်၊ တည်ဆောက်ရန် နှင့် တပ်ဆင်ရန် လုပ်ငန်းစဉ်တစ်ခုကို အတူတကွ လုပ်ဆောင်ခဲ့ကြသည်။ (အခန်း ၆.၅ ကို ကြည့်ပါ)

ACE လုပ်ငန်းစဉ်သည် အချိန်ကုန်ပြီး သင်တန်းနှင့်အထောက်အပံ့ကို လိုအပ်သော်လည်း ဝန်ထမ်းများနှင့် ပါဝင်သူများသည် အများအားဖြင့် အပြုသဘောဆောင်သော တုံ့ပြန်ချက်များပေးကြသည်။ ACE လုပ်ငန်းစဉ် ပြီးစီးသွားပြီးနောက် ပါဝင်သူအားလုံးနီးပါးသည် ဆက်လက်တွေ့ဆုံကာ ပြဿနာအသစ်များကို ဆွေးနွေးရန် စိတ်ဝင်စားကြောင်းဖော်ပြခဲ့ကြသည် ထို့အပြင် အများစုက WASH မဟုတ်သည့်အခြားပြဿနာများကိုပင် ကိုင်တွယ်ဖြေရှင်းရန် ယုံကြည်စိတ်ချမှုကို ACE က သူတို့ကိုပေးခဲ့ကြောင်းပြောကြားခဲ့သည်။ OXSI သည် ဖြစ်နိုင်သည့်အချိန်တွင် ACE အဖွဲ့နှင့် ဆက်လက်ထိတွေ့လုပ်ဆောင်ရန် ကြိုးစားခဲ့သည်။ ဥပမာအားဖြင့် ကနဦးစမ်းသပ်သည့် အတောအတွင်း ACE အဖွဲ့တစ်ဖွဲ့က ၎င်းတို့၏ကမ်ပိန်းကို ဆိုလာအလင်းရောင်မီးပေးခြင်း အပေါ် ဦးစားပေးလုပ်ဆောင်လိုခဲ့သည် သို့သော် ထိုအချိန်တွင် OXSI သည် ဆိုလာအလင်းရောင်းမီးတပ်ဆင်ခြင်း အား ပြုလုပ်ရန် အစီအစဉ်ရေးဆွဲခြင်းအဆင့်တွင် ဖြစ်နေခဲ့သည်။ အဆိုပါ ACE အဖွဲ့က ၎င်းတို့၏ကမ်ပိန်းအတွက် အခြားခေါင်းစဉ် ကို ဦးစားပေးရန် ရွေးချယ်ခဲ့သည်။ OXSI က ဆိုလာအလင်းရောင်စီမံကိန်းကို စတင်ရန် အဆင်သင့်ဖြစ်ချိန်တွင် လူထုစည်းရုံးရေးအဖွဲ့(community mobilization team) သည် ဆိုလာအလင်းရောင် မီးများ နှင့် ထိုပစ္စည်းများအား လုံခြုံစွာ သိမ်းဆည်းထားနိုင်မှုအတွက် သေချာစေရန် အသိပညာဖြန့်ဝေခြင်းတွင် ACE အဖွဲ့၏ထောက်ပံ့မှုကို ရရှိရန် ACE အဖွဲ့နှင့် ပြန်လည် ဆွေးနွေးကာ တောင်းဆိုခဲ့သည်။ အသေးစိတ်အကြောင်းအရာအတွက် အခန်း ၅.၁ ကိုကြည့်ပါ။

### သာတူညီမျှမှုကို အလေးထားခြင်း - ဂျဲန်ဒါ (ကျား/မရေးရာ)၊ ကာကွယ်စောင့်ရှောက်ခြင်း နှင့် အားလုံးပူးပေါင်းပါဝင်နိုင် ခွင့်ရှိခြင်း

ရပ်ရွာနှင့်ချိတ်ဆက်လုပ်ဆောင်ခြင်းဆိုသည်မှာ ရပ်ရွာထဲမှ ခေါင်းဆောင်များနှင့်သာတွေ့ဆုံခြင်းမဟုတ်ပဲ မတူကွဲပြားသည့် အုပ်စုများနှင့် ချိတ်ဆက်တွေ့ဆုံခြင်းဖြစ်ပါသည်။ **ACE** ကဲ့သို့ တစ်ကိုယ်ရည်ကျန်းမာရေး အစီအစဉ်များတွင် အထူးသဖြင့် မသန်စွမ်းသူများ ပါဝင်နိုင်ရန် အတားအဆီးများရှိနေနိုင်ပြီး ထိုအတားအဆီးများအား ဖြေရှင်းပေးနိုင်ရန် WASH ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများမှ လုပ်ဆောင်ပေးသင့်ပါသည်။ လုပ်ဆောင်သမျှ အစီအစဉ်များတွင် မသန်စွမ်းသူများ ပါဝင်လာနိုင်စေရန်အတွက် စီမံချက်များရေးဆွဲခြင်း၊ ဖြစ်လာနိုင်သည့် အတားအဆီးများ အား ပုံဖော်ခြင်း၊ ဥပမာ ပုံစံများ ချမှတ်ခြင်း နှင့် မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာများ စသည့်အကြောင်း အရာများပါဝင်သည့် ဘက်စုံသင်တန်းကို **OXSI** သည် **Humanity and Inclusion** အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ဝန်ထမ်းများအားလုံးအတွက်လုပ်ဆောင်ပေးနိုင်ခဲ့ပါသည်။ အဆိုပါ သင်တန်းမှာ ရရှိလာသည့် စီမံချက်ကြောင့် **OXSI** ၏ အစီအစဉ်များတွင် မသန်စွမ်းသူများ ပါဝင်လာနိုင်စေရန် ခိုင်မာသည့် အဆင့်များ ထွက်ပေါ်လာခဲ့ပါသည်_ ဥပမာ သင်တန်းနေရာသို့ ပို့ဆောင်ရေး စီစဉ်ပေးခြင်း၊ အိမ်တိုင်ရာရောက်သွားရောက်၍ သင်တန်းအစီအစဉ်များတက်ရောက်ရန် ဖိတ်ခေါ်ခြင်း၊ အချက်အလက်များဝေမျှပေးခြင်း တို့အပြင် အားလုံးလက်လှမ်းမှီစေနိုင်သည့် IEC များကို ဖန်တီးပေးခြင်း တို့ ကို လုပ်ဆောင်နိုင်ခဲ့ပါသည်။ ဖြစ်လာနိုင်သည့် အတားအဆီးများကို မြေပုံဆွဲဖော်ထုတ်နိုင်ခဲ့ခြင်းကြောင့် WASH ဝန်ဆောင်မှု များ အထူးသဖြင့် အိမ်သာ ကို လက်လှမ်းမှီနိုင်ဖို့ရန်အခက်အခဲဖြစ်စေနိုင်သည့် အဓိက စိန်ခေါ်ချက်များ (အပိုင်း ၃.၈ တွင်ဖော်ပြထားသည်တို့) ကို ဖော်ထုတ်နိုင်ခဲ့ပါသည်။

# ၄.၂ အုပ်စုတူ အဆင့်တူ အချင်းချင်းချဉ်းကပ်မှု

**ACE ကဲ့သို့သော သက်တူရွယ်တူ အချင်းချင်း(P2P) အသိပညာမြှင့်တင်ခြင်းပုံစံသည် ယုံကြည်ချက်အပေါ် တည်ဆောက်ထားကာ ရပ်ရွာလူထုများက ၎င်းတို့၏လိုအပ်ချက်များကို သိရှိနားလည်ပြီး ၎င်းတို့သည် သက်တူရွယ်တူအချင်းချင်းကြားတွင် အပြုသဘောဆောင်သော ပြောင်းလဲမှု ဖန်တီးသူများ ဖြစ်နိုင်သည်။**

အုပ်စုငယ်တစ်ခုက ခေါင်းစဉ်တစ်ခုအပေါ်တွင်သင်တန်းရရှိပြီးနောက် ၎င်းတို့ ကိုယ်တိုင် အစပြုလှုပ်ရှားမှု အနေဖြင့် အခြားသူများအား စွမ်းရည်မြှင့်တင်နိုင်ရန် သတင်းအချက်အလက်များကို မျှဝေပေးခြင်း၊ ဆက်ဆံရေးများတည်ဆောက်ခြင်း၊ စုပေါင်း၍ ပြဿနာများကို ဖြေရှင်းခြင်း နှင့် မိမိကိုယ်ကိုအားကိုးခြင်း တို့တွင် စိတ်အားတက်ကြွစေပါသည်။ သင်တန်းရရှိသူများသည် ၎င်းတို့၏နေအိမ်များ သို့မဟုတ် ၎င်းတို့၏ ကိုယ်ပိုင်အချိန်တွင် သင့်တော်သော နေရာတစ်ခုခု ရွေးချယ်၍ အုပ်စုငယ်များအား စည်းရုံးသည်။ P2P ပုံစံသည် ရပ်ရွာလူထုများကို ၎င်းတို့၏သက်တူရွယ်တူများထံမှ လုံခြုံသက်သာမှုရှိသောပတ်ဝန်းကျင်တွင် သင်ယူရန် အားပေးသည် ထို့နောက် သင်တန်းနည်းပြများအနေဖြင့် အသိပညာပေး အစည်းအဝေးများကို လူအမြောက်အများ တက်ရောက်ရန် အားပေးသည်။

OXSI သည် တဖြည်းဖြည်းချင်း အထက်မှအောက်သို့ ဆက်သွယ်သည့် နည်းတစ်နည်းတည်းဖြင့်သာ လူထုအား အသိပညာပေးမှုပုံစံကို အစားထိုးရန် P2P ချဉ်းကပ်မှု နည်းလမ်းကို တစ်ကိုယ်ရည်သန့်ရှင်းရေးမြှင့်တင်မှုဆိုင်ရာ လှုပ်ရှားမှု သုံးခုတွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည် - စာသင်ကျောင်းများတွင် ဆောင်ရွက်သော WASH လုပ်ငန်းများ၊ အမျိုးသမီးများအတွက် ဆောင်ရွက်သော WASH လုပ်ငန်းများ နှင့် ဓမ္မတာလာခြင်းဆိုင်ရာ တစ်ကိုယ်ရေသန့်ရှင်းရေး စီမံခန့်ခွဲမှု (MHM) လုပ်ငန်းများ။ ဤလှုပ်ရှားမှုအားလုံးသည် ကနဦး၌ OXSI ဝန်ထမ်းမှ ဦးဆောင်မှုဖြင့် စတင်ကာ နေရာအများစုတွင် P2P ချဉ်းကပ်မှုကို အသုံးပြုခြင်းသို့ ကူးပြောင်းခဲ့သည်။











*peer to peer approach တွင် လေ့ကျင့်သင်ကြားထားသော စေတနာ့ဝန်ထမ်း စည်းရုံးရေးမှူးများသည် ၎င်းတို့၏ အချိန်နှင့် နှစ်သက်ရာနေရာများတွင် ၎င်းတို့၏ သက်တူရွယ်တူများနှင့် အသိပညာပေး အစီအစဉ်များကို စုစည်းပေးသည်။*

နိုင်ငံအများစုတွင် ကျောင်းသင်ရိုးညွှန်းတမ်းများသည် တစ်ကိုယ်ရည်သန့်ရှင်းရေး ဆိုင်ရာ အသိပညာအချို့ အား ထည့်သွင်း ရေးဆွဲကြသည် သို့သော် အရေးပေါ်အခြေအနေများ၌ ကျောင်းများတွင် လိုအပ်ချက်နှင့် အံဝင်ခွင်ကျ ဖြစ်စေရန် စီမံထားသော တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ သင်ကြားလေ့ကျင့်ပေးမှု နှင့် လက်တွေ့အသုံးဝင်သော WASH အခြေခံအဆောက်အဦများ ရရှိမှုကို သေချာစေရန် WASH နှင့် ပညာရေးဌာန/ အဖွဲ့အစည်းများသည် အတူ တကွလုပ်ဆောင်နိုင်သည်။ ပညာရေးကဏ္ဍရှိ ကျောင်းဆရာ၊ဆရာမများနှင့် ပူးပေါင်း၍ OXSI သည် ကျောင်းများတွင် WASH နှင့် သက်ဆိုင်သည့် အသိပညာပေး လုပ်ငန်းများကို စခန်းများအတွင်းရှိ ယာယီစာသင်ကျောင်းဆောင်များ (TLSs)၊ ဘာသာရေး အဆောက်အဦများရှိ စာသင်ဆောင်များ၊ နှင့် ကလေးပျော်နေရာများ ၁၀၀ ကျော်တွင် မူကြို အဆင့် မှ အဆင့် ၅ အတန်း အထိ ကလေးများသို့ ရောက်အောင် ပို့ချသင်ကြားပေးခဲ့သည်။ ဤ အသိပညာပေး လုပ်ငန်းများကို ပြုလုပ်ရန် OXSI အဖွဲ့သည် သင်ကြားချိန်များအတွက် အချိန်သတ်မှတ်ရန်နှင့် “WASH အသင်းများ”တွင် အတန်း အဆင့် ၂ မှ ၅ အထိရှိသော ကျောင်းသား/ကျောင်းသူများအား ရွေးချယ်၍ ပါဝင်စေရန် ဆရာ၊ဆရာမများနှင့်အတူ နီးကပ်စွာ လုပ်ဆောင်ကြသည်။ “WASH အသင်းများ”တွင်ပါဝင်သော ကလေးငယ်များသည် OXSI အဖွဲ့ ထံမှ သင်တန်းများ ရရှိကြပြီးနောက် တစ်ကိုယ်ရည် သန့်ရှင်းရေး မြှင့်တင်မှုဆိုင်ရာ သင်တန်းများကို ၎င်းတို့မှ အခြားငယ်ရွယ်သော ကျောင်းသူ/ကျောင်းသား များအား ထပ်မံ သင်ကြား ပေးကြပါသည်။ သင်ကြားသည့် အခါ အပြန်အလှန် ဆွေးနွေးမှုများနှင့် ပူးပေါင်း ပါဝင်မှုများ ပိုမို ရရှိစေရန် ၎င်းတို့သည် ကစားနည်းများ၊ ကဗျာ နှင့် သီချင်းများ၊ ကလေးများနှင့် ရင်းနှီးလွယ်သည့် အသိပညာပေး အထောက်အကူများ(IECs) နှင့် လက်တွေ့သရုပ်ပြသမှုများကို အသုံးပြုကြပါသည်။ အပြုသဘောဆောင်သောတစ်ကိုယ်ရည်သန့်ရှင်းရေးအမူအကျင့်များကို သင်ယူရန်နှင့် ကျင့်သုံးရန် ကလေးများသည် ကျောင်းများတွင် လက်တွေ့အသုံးပြုနိုင်သော WASH အခြေခံအဆောက်အဦများကို လက်လှမ်းမီခွင့်ရှိရန် လိုအပ်သည်။ ဆပ်ပြာဖြင့်လက်ဆေးခြင်းသည် ရောဂါပိုးများကို ကာကွယ်ရန် အထူးသဖြင့် အရေးကြီးသောအမူအကျင့်တစ်ခုဖြစ်ပြီး ငယ်စဉ်က အလေ့အကျင့်လုပ်သောကလေးများသည် အရွယ်ရောက်သောအခါတွင် ဆက်လက်၍ ကျင့်သုံးနိုင်ခြေ ပိုများသည်။ OXSI သည် TLS နှစ်နေရာတွင် ကလေးများအား စမ်းသပ်ရန် ရိုးရှင်းသော လက်ဆေးစင်နှစ်ခု တည်ဆောက်ခဲ့သည်။ ဆရာများက လက်ဆေးစင်များကို သယ်ရလွယ်ရန် နှင့် လက်ဆေးစင်များ၏ခိုင်ခံ့မှုကို တိုးတက်ကောင်းမွန်စေရန် အကြံပြုချက်များ ပြုလုပ်ခဲ့စဉ် ကလေးများက စင်များကိုအသုံးပြုပြီး စင်၏အမြင့်ကိုအသားပေးကာ (သူငယ်တန်းကလေးများအတွက် မြင့်လွန်းသည်) တုံ့ပြန်ချက်များ ပေးခဲ့သည်။ OXSI သည် တုံ့ပြန်ချက်ကို နောက်ဆုံးဒီဇိုင်းတွင် ထည့်သွင်းခဲ့သည်၊ ထိုနောက် လက်ဆေးစင်းများကို စခန်းများတွင် ဆောက်လုပ်ခဲ့ကာ လက်ဆေးစင်မရှိသော TLSs နေရာများနှင့် လက်ဆေးစင်များပြုပြင်ရန်လိုအပ်သောနေရာများတွင် တပ်ဆင်ခဲ့သည်။ OXSI ၏ ကျောင်းများအတွက် အိမ်သာများကို ဒီဇိုင်း ရေးဆွဲခြင်းနှင့်တပ်ဆင်ခြင်းလုပ်ငန်းစဉ်ကို အခန်း ၃.၆ နှင့် ၃.၇ တွင်ကြည့်ပါ။

## အမျိုးသမီးများအတွက် ဆောင်ရွက်သော WASH လုပ်ငန်းများ

အမျိုးသမီးပါဝင်သူများ၏ ပူးပေါင်းပါဝင်မှုနှင့် သက်တောင့်သက်သာရှိခြင်းကို တိုးမြှင့်ရန် အချို့သော အခြေအနေတွင် ပါဝါ အပြန်အလှန် သက်ရောက်မှု (power dynamics)ကြောင့် WASH ဌာန/အဖွဲ့အစည်းများ သည် ကျားမခွဲခြားကာ အသိပညာပေးအစည်းအဝေးများ၊ ဦးတည်အုပ်ဆွေးနွေးပွဲများ နှင့်အခြားလှုပ်ရှားမှုများကို လုပ်ဆောင်ခြင်းအား ထည့်သွင်းစဥ်းစားသင့်သည်။ ထို့အပြင် WASH နှင့် သက်ဆိုင်သည့် လုပ်ငန်းများသည် မိသားစုဝင်အားလုံးတွင် တာဝန်ရှိသော်လည်း အမျိုးသမီးများနှင့် မိန်းကလေးများသည် မိသားစုတစ်ခုလုံးနှင့် သက်ဆိုင်သော နေအိမ်၏ WASH တာဝန်များကို ကြီးမားသော ဝန်ထုတ်ဝန်ပိုးတစ်ရပ်အနေဖြင့် တာဝန်ယူရသည်၊ ထိုကြောင့် WASH အသိပညာပေးဆွေးနွေးမှုများတွင် အမျိုးသမီးများနှင့်မိန်းကလေးများကို ဖိတ်ခေါ်ရန် အထူးသဖြင့် အရေးကြီးသည်။ OXSI သည် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ သတင်းအချက်အလက်များကို ဖြန့်ဝေရာတွင် စခန်းတစ်ခုစီမှ အမျိုးသမီးအုပ်စုငယ်များကို P2P ချဥ်းကပ်မှုနည်းလမ်းအား အသုံးပြုကာ လေ့ကျင့်သင်ကြားပေးသည်။ ပါဝင်သူတစ်ဦးစီသည် သူမတို့နေထိုင်သည့်ဧရိယာတွင် အဆောင် ၅ ဆောင်မှ ၁၀ ဆောင် အထိ ကို အာရုံစူးစိုက်ကာ အုပ်စုငယ်တစ်ခုအဖြစ် သက်တူရွယ်တူများ အိမ်နီးချင်းများနှင့်အတူ ဆွေးနွေးမှုများအား တစ်လလျှင် အနည်းဆုံးတစ်ချိန်ကို လုပ်ဆောင်လျက်ရှိသည် OXSI သည် ၄င်း အဖွဲ့များအား သတင်းအချက်အလက်များထပ်မံပေးနိုင်ရန်၊ IEC များအား ဖြန့်ဝေ၍ လေ့ကျင့်သင်ကြားပေးရန် နှင့် ၎င်းတို့၏ဆွေးနွေးမှုများအပေါ် အကြံပြုချက်များရယူရန် နှင့် တုံ့ပြန်မှုများကို ခေါင်းဆောင်များမှ ဝေမျှရန် လစဥ်မှမ်းမံသင်တန်းတစ်ခုကို စီစဥ်သည်။ အဖွဲ့များက ဆွေးနွေးခဲ့သောခေါင်းစဥ်များမှာ - စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲခြင်း၊ နေအိမ်နှင့်အိမ်သာကို သန့်ရှင်းရေးပြုလုပ်ခြင်း၊ သောက်သုံးရေသယ်ယူပို့ဆောင်ခြင်းနှင့် သိုလှောင်ခြင်း၊ တစ်ကိုယ်ရည်သန့်ရှင်းရေး၊ မိသားစုအတွင်းဆုံးဖြတ်ချက်များချမှတ်ခြင်း၊ WASH နှင့်ပတ်သက်သော အတွေ့အကြုံများကို ဝေမျှခြင်း၊ WASH ပစ္စည်းများကိုအသုံးပြုခြင်း၊ F-diagram ကိုနားလည်ခြင်း နှင့် နောက်ထပ်အကြောင်းအရာများ။



*အမျိုးသမီးသီးသန့်အုပ်စုငယ်များတွင် ရေ ပတ်ဝန်းကျင်သန့်ရှင်းရေး ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးရန် အမျိုးသမီးများသည် ရွယ်တူချင်း ချဥ်းကပ်မှုကို အသုံးပြုသည်။*

## ဓမ္မတာလာခြင်းဆိုင်ရာ တစ်ကိုယ်ရည်သန့်ရှင်းရေးစီမံခန့်ခွဲမှု (MHM)

ကျားမတန်းတူညီမျှမှုမရှိခြင်းသည် အခြားသောအရာများအကြား ရာသီသွေးဆင်းခြင်းသည် အနေအထိုင် ကျဥ်းကျပ်သောယဥ်ကျေးမှုအရ ရှောင်ရန်အများက သဘောတူထားသည့်အရာ၊ ညစ်နွမ်းခြင်း၊ နှင့် အရှက်ရမည့်အရာအဖြစ်ကို ဦးတည်ခဲ့သည်။ အမျိုးသမီးများနှင့် မိန်းကလေးများအတွက် ရာသီသွေးဆင်းခြင်းနှင့် ရာသီသွေးဆင်းခြင်းဆိုင်ရာတစ်ကိုယ်ရည်သန့်ရှင်းရေးနှင့်သက်ဆိုင်သည့် လက်တွေ့နှင့် မဟာဗျူဟာဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းရန်အတွက် ပြီးပြည်စုံသော အစီအစဥ်များ လိုအပ်သည်။ မရှိမဖြစ်လိုအပ်သည့် ရာသီသွေးဆင်းခြင်းဆိုင်ရာ ပစ္စည်းများကို ဖြန့်ဝေခြင်း (အခန်း ၄.၃) နှင့် လစဥ်သုံးပစ္စည်းများကို စွန့်ပစ်ခြင်းအတွက် အမှိုက်မီးရှို့ဖျက်ဆီးရန် မီးရှို့နိုင်သည့်ပုံးများကို တည်ဆောက်ခြင်း (အခန်း ၆.၅)၊ ထို့အပြင် OXSIသည် ရာသီသွေးဆင်းခြင်းဆိုင်ရာတစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ရာသီသွေးဆင်းခြင်း နှင့်ပတ်သက်၍အသိပညာမြှင့်တင်ရန်၊ ရာသီသွေးဆင်းခြင်း နှင့်ပတ်သက်၍ လွဲမှားသော ရိုးရာအယူအဆများကိုပပျောက်စေရန် နှင့် မှားယွင်းစွာ တားမြစ်ထားချက်များကို ကျော်လွှားရန် အသိပညာမြှင့်တင်ရေးကို အမျိုးသမီးများ နှင့် မိန်းကလေးများ (နောက်ဆုံးတွင် အမျိုးသားများနှင့် ယောကျာ်းလေးများ) နှင့် အတူလုပ်ဆောင်လျက်ရှိသည်။ P2P ချဥ်းကပ်နည်းကို အသုံးပြုခြင်းဖြင့် MHM လုပ်ငန်းများအား လုပ်ဆောင်နေသည့် အမျိုးသမီးခေါင်းဆောင်များသည် P2P

ဆွေးနွေးပွဲများတွင် လက်ဆင့်ကမ်းရန် OXSI ထံမှ သင်တန်းနှင့် IEC များကိုလက်ခံရရှိသည်။ စာမတတ်သောပါဝင်သူများအတွက် သင်ယူမှုလွယ်ကူစေရန်အတွက် အရင်က ခေါင်းစဥ်များကို မကြာခဏမွမ်းမံခြင်းသင်တန်းနှင့် တစ်လစီတွင် ခေါင်းစဥ်တစ်ခု သင်တန်းတွင် ပါဝင်သည်။ လေ့ကျင့်သင်ကြားမှုကို ရရှိပြီးသော အမျိုးသမီးခေါင်းဆောင်များသည် ၎င်းတို့၏ ကိုယ်တိုင် P2P ဆွေးနွေးပွဲများကို သက်တောင့်သက်သာဖြစ်သည့်မည်သည့်အချိန်တွင်မဆို စတင် စီစဥ်ကာ လစဥ် အစည်းအဝေးများတွင် ၎င်းတို့၏ဆွေးနွေးပွဲများအပေါ် တုံ့ပြန်ချက်များအား ဝေမျှသည်။



*အမျိုးသမီးများ ဓမ္မတာလာခြင်းဆိုင်ရာ စီမံခန့်ခွဲခြင်းနှင့် ပတ်သက်၍ အမူအကျင့် အကောင်းနှင့် အဆိုးကို ပြသသည့် IEC များကို အသုံးပြုသည်။*

P2P ဆွေးနွေးပွဲငယ်များတွင် သင်တန်းနည်းပြများက ရာသီသွေးဆင်းခြင်းဆိုင်ရာ ရှင်းလင်းသော သတင်းအချက်အလက်များကို ပံ့ပိုးသည်၊ ရာသီသွေးဆင်းခြင်းဆိုင်ရာ ခံစားရနိုင်သော လက္ခဏာများကို သတိပြုမိရန် နှင့် ယင်းတို့ကို သက်သာစေသည့်နည်းလမ်းများကိုသင်ယူရန် အမျိုးသမီးများနှင့် မိန်းကလေးများကို ကူညီသည်၊ ရာသီသွေးဆင်းနေစဥ်ကာလအတွင်း ကျန်းမာရေးနှင့်ညီညွတ်သော တစ်ကိုယ်ရည်သန့်ရှင်းရေး အလေ့အကျင့် များနှင့် သက်တောင့်သက်သာဖြစ်စေရန် အကြံပြုပေးသည်၊ ၎င်းအပြင် အသုံးပြုပြီးသော လစဥ်သုံး ပစ္စည်းများကို နည်းစနစ်တကျစွန့်ပစ်ရန် နည်းလမ်းများကို အကြံပေးသည်။ (4B - ဓမ္မတာလာခြင်းဆိုင်ရာ တစ်ကိုယ်ရည်သန့်ရှင်းရေး စီမံခန့်ခွဲမှု၏ စံလုပ်ထုံးလုပ်နည်းများ) MHMအဖွဲ့များသည် လစဥ်သုံးအမျိုးသမီးပစ္စည်းများအတွက် မီးရှို့စက်ငယ်များကို ဒီဇိုင်းရေးဆွဲခြင်းနှင့် တပ်ဆင်ခြင်းတွင်လည်း တက်ကြွစွာပါဝင်ခဲ့သည်၊ အခန်း ၆.၅ တွင်ဖော်ပြခဲ့သော လုပ်ငန်းစဥ်တစ်ခု ဖြစ်သည်။

လက်ရှိတွင် MHM အဖွဲ့များသည် အမျိုးသမီးများနှင့် မိန်းကလေးများအနေဖြင့် MHM အကြောင်းအရာများအား ဆွေးနွေးခြင်းဖြင့် ဗဟုသုတ ရရှိခြင်းနှင့် ဆွေးနွေးပြောဆိုရန်သက်တောင့်သက်သာရှိကြောင်း သေချာစေရန် အာရုံစူးစိုက်ထားသော်လည်း နောက်ပိုင်းတွင် စီမံကိန်း အနေဖြင့် စီစဥ်ထားရှိသည်မှာ အမျိုးသားများနှင့် ယောကျာ်းလေးများအတွက် MHM နှင့် ပတ်သက်သည့် သင်တန်းများ ရရှိစေပြီး MHM အကြောင်းအရာများနှင့် ကျားမတန်းတူညီမျှမှုမရှိခြင်း အကြောင်းအရာများ အပေါ် ထပ်ဆင့် ဆွေးနွေးနိုင်မည့် အစိတ်အပိုင်းတစ်ခုအားလည်း ထည့်သွင်းထားရှိပါသည်။ ရာသီသွေးဆင်းခြင်းနှင့်ပတ်သက်၍ ယဥ်ကျေးမှုဆိုင်ရာစံနှုန်းများ နှင့် ရှောင်ကြဥ်မှုများကို သိသာထင်ရှားစွာ ပြောင်းလဲနိုင်ရာတွင် အမျိုးသားများနှင့်ယောကျာ်းလေးများသည် ကောင်းမွန်စွာ ပံ့ပိုးနိုင်သည် ထိုအပြင် အမျိုးသမီးများ၏ရာသီသွေးဆင်းခြင်းဆိုင်ရာ တစ်ကိုယ်ရည်သန့်ရှင်းရေး လိုအပ်ချက်များနှင့် ပတ်သက်သော ဆုံးဖြတ်ချက်များတွင် ယေဘူယျအားဖြင့် ပါဝင်လျက်ရှိကြသည်။ အကြောင်းအရာနှင့်ဆက်စပ်လျက် မလိုလားခြင်း၊ အခြေအမြစ်မရှိသောမှန်းဆချက်၊ လွဲမှားစွာ ယုံကြည်လက်ခံထားမှုများ နှင့် ရာသီသွေးဆင်းခြင်းအပေါ် ပတ်ဝန်းကျင်မှ မှားယွင်းသော နားလည်ထားမှု တို့ကြောင့် အမျိုးသားများနှင့် MHM အကြောင်းပြောဆိုရန် အစပိုင်းတွင်ခက်ခဲနိုင်သည် သို့သော် ထိရောက်သောသင်ကြားလေ့ကျင့်ပေးမှု နှင့် ဆက်သွယ်ပြော်ဆိုခြင်းမှတစ်ဆင့် ဤအရာကို ပြောင်းလဲနိုင်သည်။

## သာတူညီမျှမှုကို အလေးထားခြင်း - ဂျဲန်ဒါ (ကျား/မရေးရာ)၊ ကာကွယ်စောင့်ရှောက်ခြင်း နှင့် အားလုံးပူးပေါင်းပါဝင်နိုင် ခွင့်ရှိခြင်း

အမျိုးသမီးများသည် ခေါင်းဆောင်မှုအခန်းကဏ္ဍသို့ လျှောက်လှမ်းခြင်း၊ သူမတို့၏ လူမှုအသိုက်အဝန်းတွင် နိုးကြားတက်ကြွသောသူဖြစ်ခြင်း သို့မဟုတ် ရှောင်ကြဥ်ရန်ဟု ယူဆထားသော အကြောင်းအရာ ပြဿနာများကို ဆွေးနွေးခြင်း အားဖြင့် စခန်းခေါင်းဆောင်များထံမှ သို့မဟုတ် မိသားစုထံမှပင်လျှင် သဘောမကျသော တွန်းကန်မှုကို တွေ့ကြုံနိုင်သည်။ ထို့ကြောင့် WASH ဌာန/အဖွဲ့အစည်းများသည် အငြင်းပွားနိုင်ဖွယ်ရှိသော အကြောင်းအရာများကို ပိုမိုကိုင်တွယ်ဖြေရှင်းလာနိုင်ရန် လုပ်ငန်းအသေးစား (ဥပမာ - ကနဦးစမ်းသပ်ဆောင်ရွက်သည့် လုပ်ငန်းတစ်ခု ကဲ့သို့) ဖြင့် စတင်ရန် ဖြစ်ပြီး "ပို၍လွယ်သော" အကြောင်းအရာများ (ဥပမာ တစ်ကိုယ်ရည်သန့်ရှင်းရေး အပြုအမူများ) အပေါ် ကြိုတင်၍ အာရုံစူးစိုက်ရန် လိုအပ်သည့်အပြင် အမျိုးသမီးခေါင်းဆောင်များသည် သတ်မှတ်ထားသော လှုပ်ရှားမှုများအတွက် အဘယ်ကြောင့် မရှိမဖြစ် အရေးပါကြောင်းကို စခန်းခေါင်းဆောင်များနှင့်ဆွေးနွေးသင့်သည်။ P2P ချဥ်းကပ်နည်းသည် အမျိုးသမီးများနှင့် မိန်းကလေးများအား အုပ်စုငယ်များအဖြစ် သူမတို့၏ အိမ်များတွင် ပုံမှန်အားဖြင့် လူမှုရေးအရစုရုံးလေ့ရှိသကဲ့သို့ လုပ်ဆောင်ရန် ခွင့်ပြုကာ လူမှုအသိုက်အဝန်းထံမှ မလိုလားတွန်းကန်မှုကို ဟန့်တားနိုင်မည်ဖြစ်သည်။ သို့ရာတွင် သဘောထားအမြင်များနှင့် ယဥ်ကျေးမှုအရရှောင်ရန် အများသဘောတူထားသည့် အရာများကို ပြောင်းလဲရာတွင် ရေရှည်တည်တံ့စေရန် အမျိုးသားများနှင့် ယောကျာ်းလေးများအား "အမျိုးသမီးများ၏ အရေးကိစ္စများ"ဟု ယူဆလေ့ရှိသော ခေါင်းစဥ်များ အကြောင်းအရာကို ပြောဆိုရာသို့ ဆွဲခေါ်ရန် အလွန်အရေးကြီးသည်။

# ၄.၃ အစားအစာမဟုတ်သောပစ္စည်းဖြန့်ဖြူးခြင်း

**စနစ်တကျ သတ်မှတ်ထားသော တစ်ကိုယ်ရည်သန့်ရှင်းရေးသုံးပစ္စည်းများနှင့် မိသားစုသုံးပစ္စည်းများသည် အပြုသဘောဆောင်သော တစ်ကိုယ်ရည်သန့်ရှင်းမှုဆိုင်ရာအမူအကျင့်များကို လိုက်နာဆောင်ရွက်ရန် စွမ်းဆောင်နိုင်သောပတ်ဝန်းကျင်တစ်ခု ဖန်တီးနိုင်ရန်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး၊ ကျန်းမာရေး၊ ဂုဏ်သိက္ခာ နှင့် စိတ်ချမ်းသာ ပျော်ရွှင်မှုအတွက် မရှိမဖြစ်လိုအပ်ပါသည်။**

Sphere စံချိန်စံနှုန်းအရ အနိမ့်ဆုံးလိုအပ်သော တစ်ကိုယ်ရည်သန့်ရှင်းရေးပစ္စည်းများနှင့် ပမာဏများကို လမ်းညွှန်မှုပေးထားပါသည်၊ သို့သော် မည်ကဲ့သို့သော အစားအစာမဟုတ်သည့် ပစ္စည်းများကို လူထုမှ အမှန်တကယ် လိုအပ် ကြောင်း နှင့် လူထုအား ဖြန့်ဝေရာတွင် အကောင်းဆုံးနည်းလမ်းပုံစံ( ဥပမာ - ပစ္စည်း၊ ငွေသား၊ လက်မှတ်/ကူပွန် စသဖြင့်)သိရှိပြီး ရွေးချယ်ဆုံးဖြတ်နိုင်စေရန် WASH လုပ်ငန်းများ ဆောင်ရွက်နေသည့် အဖွဲ့များမှ လေ့လာဆန်းစစ်မှု များကို ပြုလုပ်ရမည်ဖြစ်သည်။ စစ်တွေမြို့နယ်အတွင်း ကန့်သတ်မှုရှိသော စခန်းနေရာများတွင် OXSI သည် တစ်ကိုယ်ရည်သန့်ရှင်းရေးပစ္စည်းများကို လစဉ် ဖြန့်ဝေကာ အခြားပစ္စည်းများကို (၆)လတစ်ကြိမ် သို့မဟုတ် လိုအပ်သလို ဖြန့်ဝေပေးပါသည်။

## တစ်ကိုယ်ရည်သန့်ရှင်းရေးသုံးပစ္စည်းများ

စခန်းများတွင် OXSI သည် တစ်ကိုယ်ရည်သန့်ရှင်းရေးသုံး ပစ္စည်းများအထုတ်များကို စခန်းထဲရှိ အိမ်ထောင်စု အားလုံး အတွက် လစဉ် ဖြန့်ဝေလျှက်ရှိရာ ပစ္စည်းအထုတ် တစ်ထုတ်စီတွင် ကိုယ်တိုက်ဆပ်ပြာ၊ အဝတ်လျှော် ဆပ်ပြာ နှင့် အမျိုးသမီး လစဉ်သုံးပစ္စည်းများ ပါဝင်သည်။ ဤ ပစ္စည်းများအား ဈေးသို့ သွားရောက် ဝယ်ယူနိုင်ရန် လက်လှမ်းမမှီနိုင်သေးခြင်းကြောင့် ပစ္စည်းများ အစား ငွေသား သို့မဟုတ် ဘောင်ချာ ဖြန့်ဝေခြင်း စနစ်များကို စစ်တွေရှိစခန်းများတွင် လက်ရှိ လုပ်ဆောင်ရန် မဖြစ်နိုင်ပါ။ ဆပ်ပြာထုတ်လုပ် ရောင်းချသူများက ဆပ်ပြာ၏ အလေးချိန်ကိုလျှော့ချ၍ ထုတ်လုပ်ရောင်းချလိုက်သောအခါ Sphere စံချိန် စံနှုန်းနှင့်ဆက်လက် ကိုက်ညီစေရန် အနံ့မွှေးသော ဆပ်ပြာအစား အနံမမွှေးသော ဆပ်ပြာတုံးများအား လုံလောက်စွာ ဖြန့်ဝေခြင်းအား စီမံကိန်း အနေဖြင့် မတူသောနည်းလမ်းအဖြစ်ဖြင့် ပြောင်းလဲဆောင်ရွက်ခဲ့သည်။ သို့သော်လည်း တစ်ကိုယ်ရေ သန့်ရှင်းရေးသုံး ပစ္စည်းများဖြန့်ဝေမှုအပြီးအကဲဖြတ်စစ်ဆေးခြင်း (PDM) တွင် အမျိုးသမီးများနှင့် မိန်းကလေးများက အနံ့မွှေးသောဆပ်ပြာကို ပို၍နှစ်သက်ကာ တောင်းဆိုကြောင်း ပြသခဲ့သည်။ OXSI သည် Sphere စံချိန်စံနှုန်းများကို လိုက်နာရင်း ရပ်ရွာလူထု၏လိုအပ်ချက်ကို ပြည့်စုံစေရန် တစ်ကိုယ်ရည်သန့်ရှင်းရေးသုံး ပစ္စည်းအထုတ် အမျိုးအစား နှစ်မျိုး - အနံ့ မွှေးဆပ်ပြာပါသော သန့်ရှင်း ရေး အထုတ် ကို ၁ ကြိမ် အနံ့ မမွှေးဆပ်ပြာပါသော သန့်ရှင်း ရေး အထုတ် ကို ၂ ကြိမ် အလှည့်ကျ ဖြန့်ဝေရန် စနစ်တစ်ခုကို လုပ်ဆောင်ခဲ့သည်။ နောက်ပိုင်း PDM တွင် ပစ္စည်း၏ အရေအတွက်နှင့် အရည်အသွေးအပေါ် ၉၀% ကျော် စိတ်ကျေနပ်မှုရှိကြောင်း ပုံမှန် ပြသခဲ့သည်။ COVID-19 ဆိုင်ရာ ကာကွယ်ရေး လမ်းညွှန်ချက်များအား လိုက်နာ ဆောင်ရွက်နိုင်စေရန် OXSI သည် ၂၀၂၀ခုနှစ်တွင် COVID-19 ကူးစက်ရောဂါကို တုံ့ပြန်ခြင်းအားဖြင့် ပစ္စည်းများ ဖြန့်ဝေခြင်းလုပ်ထုံးလုပ်နည်းကို ပြောင်းလဲခဲ့သည်။ (4C COVID-19 ကာလအတွင်း တစ်ကိုယ်ရည်သန့်ရှင်းရေးသုံး ပစ္စည်းများ ဖြန့်ဝေခြင်းဆိုင်ရာ စံလုပ်ထုံးလုပ်နည်းများ)



*ကိုယ်တိုက်သုံးဆပ်ပြာ၊ အဝတ်လျှော်ဆပ်ပြာနှင့် အမျိုးသမီးလစဉ်သုံးပစ္စည်းများ ပါရှိသော တစ်ကိုယ်ရည်သန့်ရှင်းရေးသုံး ပစ္စည်းကို လစဉ်ဖြန့်ဝေနေပြီး အခြားဖြန့်ဝေမှုမှာ မကြာခဏဆိုသလို နည်းပါးပါသည်။*

## အမျိုးသမီး အရှက်သိက္ခာ လုံခြုံရေးဆိုင်ရာပစ္စည်းများ

ကျားမအကဲဖြတ်ဆန်းစစ်ခြင်းနှင့် အမျိုးသမီးများနှင့် မိန်းကလေးများ၏ တုံ့ပြန်ချက်အရ အတွင်းခံများအား ဖြန့်ဝေပေးရန် လိုအပ်ကြောင်း ဖော်ပြခဲ့သည်၊ ထို့ကြောင့် အစီအစဉ်၏ ဒုတိယထက်ဝက်အပိုင်းတွင် OXSI သည် အမျိုးသမီး အတွင်းခံပါဝင်သော အမျိုးသမီး အရှက်သိက္ခာ လုံ ခြုံရေးဆိုင်ရာပစ္စည်းများ ကို (၆)လတစ်ကြိမ် ဖြန့်ဝေခဲ့သည်။ အဘယ်ကြောင့်ဆိုသော် အမျိုးသားအများစုက တစ်ကိုယ်ရည်သန့်ရှင်းရေးပစ္စည်းများကို ယူရန် OXSI ရုံးခန်းသို့လာကြသည်၊ ဤဖြန့်ဝေခြင်းအတွက် OXSI သည် ချဉ်းကပ်နည်းအသစ်တစ်ခုကို ကနဦးစမ်းသပ် လုပ်ဆောင်ခဲ့သည်၊ ထိုအချိန်တွင် အမျိုးသမီး ပံ့ပိုးကူညီသူများသည် အိမ်ထောင်စု ၈-၁၀ လျှင်တစ်အုပ်စု- တစ်ကြိမ်လျှင်တစ်အုပ်စု - ဖြင့် အုပ်စုများအား ၎င်းတို့၏ အဆောင်များ အနီးအနားတွင် အမျိုးသမီးများနှင့် မိန်းကလေးများကိုသာ ဖိတ်ခေါ်ကာ ဖြန့်ဝေခဲ့သည်။ ပံ့ပိုးကူညီသူများက ဖြန့်ဝေမှုတိုင်းတွင် အတွင်းခံ အရောင်မျိုးစုံနှင့် ဆိုဒ်စုံ ယူလာကာ ပါဝင်သူများကို မိမိတို့နှစ်သက်သည့် အမျိုးအစားကို ရွေးချယ်စေခဲ့သည်၊ ဤသို့ လုပ်ဆောင်ခြင်းသည် ပစ္စည်းများ ဖြန့်ဝေရာတွင် ရှားပါးစွာ ရရှိသော ရွေးချယ်ခွင့် ဖြစ်သောကြောင့် အမျိုးသမီးများနှင့် မိန်းကလေးအတွက် အရေးကြီးသည်။ ဤချဉ်းကပ်မှုသည် အမျိုးသမီးများနှင့် မိန်းကလေးများ တတ်နိုင်သမျှများများ ဆွေးနွေးပွဲများတွင် ပါဝင်ရန်လည်း သေချာစေပြီး ၎င်းတို့သည် ဖြန့်ဝေနေစဉ် သက်တောင့်သက်သာ ခံစားရသည်ကိုလည်း သေချာစေသည်။ (4D အမျိုးသမီး အရှက်သိက္ခာ လုံခြုံရေးဆိုင်ရာ ပစ္စည်းများဖြန့်ဝေခြင်းအတွက် စမ်းသပ်လုပ်ငန်းဆိုင်ရာ စံလုပ်ထုံးလုပ်နည်းများ)




## အခြားပစ္စည်းများ

OXSI သည် အခြားသော တစ်ကိုယ်ရည်သန့်ရှင်းရေးသုံး ပစ္စည်း အချို့ကိုလည်း စီမံကိန်းတစ်လျှောက်လုံးတွင် ဖြန့်ဝေခဲ့ကာ ရပ်ရွာလူထုများ၏ လိုအပ်ချက်များနှင့် ဦးစားပေး ကြိုက်နှစ်သက်မှုများကို နားလည်ရန် ရပ်ရွာလူထုများအား အမြဲပါဝင်စေခဲ့သည်။ ဥပမာအားဖြင့် OXSI သည် အိမ်ထောင်စုတိုင်းအတွက် ရေဘူးများနှင့် ကလေးဆီးအိုးများကို ဖြန့်ဝေခဲ့သည်၊ အိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးပစ္စည်းများ (တံမြက်စည်း၊ ထွန်ခြစ်၊ ဂေါ်ပြား၊ ဝါးခြင်းတောင်း)ကို အိမ်ဆောင်တစ်ခုစီသို့ ဖြန့်ဝေခဲ့သည်။ ပို၍ အခြားသော ပစ္စည်းများဖြင့် စုစည်းပေါင်းစပ်ထားသော ဖြန့်ဝေမှု ပုံစံများကို မိလ္လာသန့်ရှင်းရေးအခန်းတွင် ဖော်ပြထားသည်။ (အခန်း ၃.၄၊ ၃.၅၊ ၃.၈၊ ၃.၁၁)

# ၄.၄ အိမ်တိုင်ရာရောက် သွားရောက်ခြင်း

**ဥပမာအားဖြင့် ရုတ်တရက် ဖြစ်ပေါ်လာသော ဘေးအန္တရာယ် သို့မဟုတ် အခြေအနေ အဖြစ်အပျက်တစ်ခုတွင် အိမ်တိုင်ရာရောက် သွားရောက်ခြင်းသည် အထိရှလွယ်ဆုံးသောသူများထံသို့ ရောက်ရှိရန်အတွက် မရှိမဖြစ် လိုအပ်သကဲ့သို့ အရေးကြီးသော သတင်းအချက်အလက်များကို ဝေမျှသောအခါ အပြည့်အဝလွှမ်းခြုံမှုရှိကြောင်း သေချာစေရန်လည်း မရှိမဖြစ် အရေးကြီးပါသည်။**

သို့သော်လည်း အိမ်တိုင်ရာရောက် သွားရောက်ခြင်းအား ဝန်ထမ်းများအနေဖြင့် ဂရုတစိုက် ဆောင်ရွက်ရမည် အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် ပါဝင်သည့် မိသားစုဝင်များအား အနှောင့်အယှက်ဖြစ်စေကာ ကိုယ်ရေး ကိုယ်တာလုံခြုံမှုများကို ချိုးဖောက်မိနေနိုင်သည်။ အိမ်တိုင်ရာရောက် သွားရောက်ခြင်း အစပိုင်းတွင်၊ ဝန်ထမ်းများ သည် မိသားစုဝင်များအား စကားပြောဆိုရန် ၎င်းတို့ အဆင်ပြေသည့် အချိန် ဟုတ် မဟုတ် မေးမြန်းရန် လိုအပ်ပါသည်။ မိသားစုဝင်များသည် အိမ်တိုင်ရာရောက် သွားရောက်ခြင်းအား သဘောတူပြီး နားလည် သဘောပေါက်ရန် လိုအပ်သည်မှာ မည်သည့် နောက်ဆက်တွဲ ဆိုးကျိုးသက်ရောက်မှုများ မရှိစေဘဲ ဆွေးနွေးနေစဉ်အတွင်း ၎င်းတို့ ဆန္ဒအရ အိမ်တိုင်ရာရောက် သွားရောက်ဆွေးနွေးခြင်းအား အဆုံးသတ်နိုင်ပါသည်။

စစ်တွေစခန်းများတွင် OXSI သည် အိမ်တိုင်ရာရောက် သွားရောက်ခြင်း ကို အောက်ပါနည်းလမ်းများအတိုင်း အသုံးပြုသည်။

- ပြင်ထန်သောဝမ်းလျှောရောဂါဖြစ်ပွားမှုအား သတင်းရရှိသောအခါ ရပ်ရွာလူထုစည်းရုံးရေးအဖွဲ့မှ အနီးအနားရှိအိမ်ထောင်စုများသို့ သွားရောက်၍ ၎င်းတို့အနီးပတ်ဝန်းကျင်ရှိ ရောဂါဖြစ်ပွားမှုနှင့် ပတ်သက်၍ ဝမ်းလျှောပါက ဆေးခန်းသို့သွားရောက်ပြသရန်အတွက် အားပေးရန်၊ Aquatabs - ရေသန့်ဆေးပြားများ (သောက်ရေသန့်အတွက်)နှင့် ဓါတ်ဆားထုတ်များ (ORS - ဝမ်းလျှောနေစဉ် အရည်ဓါတ်ခမ်းခြောက်မှုအတွက် ရေဓာတ်ပြန်လည်ဖြည့်တင်းရန်) အား စခန်းအတွင်းရှိ OXSI ရုံးများတွင် အခမဲ့ရရှိနိုင်သည်ကို အသိပေးရန် သတင်းအချက်အလက်များ ဖြန့်ဝေသည်။

- ရေအရည်အသွေးစမ်းသပ်စစ်ဆေးမှုတွင် ညစ်ညမ်းမှုရှိသော ရေတုံကင်များအား တွေ့ရှိရသည့်အခါ OXSI သည် ၎င်းရေတုံကင်များမှ ရေကိုအသုံးပြုသူများအား သောက်သုံးရန်၊ ချက်ပြုတ်ရန် သို့မဟုတ် အစားအစာနှင့်ပန်းကန်များဆေးကြောရန်အတွက် ကြိုချက်မထားသောရေကို အသုံးမပြုရန် အသိပညာပေးပါသည်။ ၎င်းရေတုံကင်များအား ညစ်ညမ်းမှုမှ ပြန်လည်ကောင်းမွန်အောင် ပြုလုပ်ပြီးနောက် အသုံးပြုရန်အတွက် သေချာသောအခါ OXSI သည် အိမ်ထောင်စုများအား လုံခြုံစိတ်ချစွာ အသုံးပြုနိုင်ပြီဖြစ်ကြောင်း ထပ်မံအကြောင်းကြားပါသည်။

- အခန်း ၂.၅ တွင် ရှင်းလင်းဖော်ပြသကဲ့သို့ အိမ်ထောင်စုတစ်ခုမှ ယူထားသည့် ရေနမူနာသည် ရေအရည်အသွေးစမ်းသပ်စစ်ဆေးမှု မအောင်မြင်သောအခါ OXSI သည် ၎င်း၏ အိမ်သို့သွားရောက်ကာ ရေအရည်အသွေး စစ်ဆေးမှုရလဒ်အား အသိပေးဆွေးနွေးပြီး ရေညစ်ညမ်းခြင်းကို ကာကွယ်ရန် အပြုသဘောဆောင်သော ရေသိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း နှင့် အသုံးပြုခြင်း အမူအကျင့်များဆိုင်ရာ သတင်းအချက်အလက်များကို ဝေမျှသည်။

- အသိပညာမြှင့်တင်ရန် နှင့် OXSI မှ ထားရှိသော တာဝန်ခံ တာဝန်ယူမှုစနစ်ကိုအသုံးပြုရန်၊ ထို့အပြင် တိုင်ကြားချက်များကို လူထုမှ လုံခြုံစိတ်ချစွာပြုလုပ်နိုင်မည့် အခွင့်အရေးရရှိစေရန် တာဝန်ခံအရာရှိများ သည် အိမ်တိုင်ရာရောက်သွားရောက်ခြင်းအား လုပ်ဆောင်သည် (အခန်း ၇.၄)

- တစ်စုံတစ်ဦးက တာဝန်ခံ တာဝန်ယူမှုစနစ်သို့ တိုင်ကြားချက်တစ်ခု ပြုလုပ်ပါက OXSI အနေဖြင့် ပြန်လည်တုံ့ပြန်မှုပေးပြီး ၎င်း၏ကွင်းဆက်ကို ပိတ်ရန် အိမ်တိုင်ရာရောက်သွားရောက်ခြင်းအား လုပ်ဆောင်သည် (အခန်း ၇.၅)

- COVID-19 ဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှု မတိုင်မီနှင့် ဆောင်ရွက်နေစဉ်အတောအတွင်း (အခန်း ၈.၂) လူအများအပြား စုဝေးမှုကို ကာကွယ်ရန် အိမ်တိုင်ရာရောက်သွားရောက်ခြင်းအား အသုံးပြု၍ အရေးကြီးသော သတင်းအချက်အလက်များကို အသိပေးပါသည်။

- ရပ်ရွာလူထုအတွင်း ဖြန်သန်းလမ်းလျှောက် လေ့လာခြင်း (Transect Walks) (အခန်း ၄.၅) အား ဆောင်ရွက်ပြီးနောက် အိမ်ထောင်စုတစ်ခုခုတွင် သန့်ရှင်းမှုဆိုင်ရာအမူအကျင့်အား လိုက်နာဆောင်ရွက်မှု အတွက် လိုအပ်ချက်များရှိနေကြောင်း ၎င်း၏ အိမ်နီးချင်းများမှ မကြာခဏ အချက်ပြပါက ထိုအိမ်သို့ ရပ်ရွာလူထုစည်းရုံးရေးအဖွဲ့က သီသန့်သွားရောက် ဆွေးနွေးကာ ပြဿနာကို ဖြေရှင်းရန် အားပေးပါလိမ့်မည်။

## ၄.၅ ရပ်ရွာလူထုအတွင်း ဖြတ်သန်း လမ်းလျှောက်လေ့လာခြင်း (Community Transect Walks)

**ရပ်ရွာလူထုအတွင်း ဖြတ်သန်း လမ်းလျှောက်လေ့လာခြင်း (Community Transect walk) ဆိုသည်မှာ အရင်းအမြစ်များ၊ ပြဿနာများ၊ မြေယာအသုံးချမှုများနှင့် ဧရိယာတစ်ခုအတွင်းရှိ အသွင်အပြင်အင်္ဂါရပ်များကို ရပ်ရွာလူထုနှင့်အတူ လေ့လာစောင့်ကြည့်ခြင်းနှင့် ဆွေးနွေးခြင်းလုပ်ဆောင်ရန်အတွက် လူထုမှ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းတစ်ခုဖြစ်သည်။**

ရပ်ရွာလူထုက ဦးဆောင်သော အလုံးစုံ သန့်ရှင်းရေး (Community-led Total Sanitation) ချဉ်းကပ်မှုနည်းလမ်းများထဲမှ အသုံးပြုသောနည်းလမ်းတစ်ခုဖြစ်ကာ ဤနည်းလမ်းကို အခြားသော ကိစ္စရပ် အမျိုးမျိုးတို့အတွက် လိုက်လျောညီထွေမှုရှိအောင် ပြင်ဆင်ညှိနှိုင်း၍ အသုံးပြုနိုင်သည်။ OXSI အစီအစဉ်တွင် ဤလှုပ်ရှားမှုသည် ရပ်ရွာလူထုစည်းရုံးရေးဝန်ထမ်းက ရပ်ရွာလူထုတွင် နေထိုင်သူများအား ၎င်းတို့၏ဧရိယာအတွင်း အတူလမ်းလျှောက်ကာ WASH ပြဿနာများနှင့် အခွင့်အလမ်းများကို ဖော်ထုတ်ရန် အတွက် လူထုမှ ပူးပေါင်းပါဝင်အားပေးရန်စည်းရုံးခြင်းတို့ ပါဝင်သည်။ အဖွဲ့သည် ဖော်ထုတ်သတ်မှတ်ထားသော ပြဿနာများအား အမျိုးအစားနှစ်မျိုးခွဲသည် - ပြင်ပအကူအညီမလိုဘဲ ရပ်ရွာလူထုက ဖြေရှင်းနိုင်သောပြဿနာ နှင့် WASH လုပ်ငန်းများ ဆောင်ရွက်နေသော အဖွဲ့များ၏ ပံ့ပိုးမှုကိုလိုအပ်သောပြဿနာ ဟူ၍ ဖြစ်သည်။

ထိုနောက်အဖွဲ့သည် Transect Walk အတွင်းဖော်ထုတ်ထားသည့်ပြဿနာကို ဖြေရှင်းရန် အရေးယူဆောင်ရွက်မှု အစီအစဉ် တစ်ခုကို ဖန်တီးကာ ရပ်ရွာလူထုမှ အဖွဲ့ဝင်များ သို့မဟုတ် WASH လုပ်ငန်းများ ဆောင်ရွက်နေသော အဖွဲ့ အား အလုပ်တာဝန် သတ်မှတ်ပေးသည်။ အကယ်၍ WASH မဟုတ်သည့် ပြဿနာအားဖော်ထုတ်ခဲ့ပါက OXSI သည် သင့်လျော်သော အဖွဲ့အစည်းများထံသို့ သတင်းအချက်အလက်များကို လွှဲပြောင်းညွှန်းဆိုနိုင်သည် သို့မဟုတ် တိုင်ကြားချက်အား မည်သို့လွှဲပြောင်းညွှန်းဆိုနိုင်သည်ဆိုသည့် သတင်းအလက်ကို အဖွဲ့အား ပံ့ပိုးပေးသည်။ ပုံမှန်သန့်ရှင်းရေးမြှင့်တင်မှုအစီအစဉ်များနှင့်မတူဘဲ Transect Walks သည် အကြောင်းအရာများစွာကို ဆွေးနွေးခြင်း၊ ပြဿနာဖြေရှင်းမှုကိုမြှင့်တင်ခြင်းနှင့် ရပ်ရွာလူထုကို နားလည်ခံစားတတ်မှုကို တည်ဆောက်ရန် အမျိုးသား၊ အမျိုးသမီးနှင့် ကလေးများ ပေါင်းစုံပါဝင်သောအဖွဲ့ နှင့်အတူ ပါဝင်လုပ်ဆောင်သည်။ (4E ရပ်ရွာလူထုအတွင်း ဖြတ်သန်းလမ်းလျှောက်လေ့လာခြင်း စံလုပ်ထုံးလုပ်နည်းများ)

## ၄.၆ WASH နှင့် ကျား၊မရေးရာ/ဂျဲန်ဒါ

**Do No Harm အခြေခံမှု၏တစ်စိတ်တစ်ပိုင်းအနေဖြင့် WASH အေဂျင်စီများသည် ၎င်းတို့၏လုပ်ငန်းများမှတစ်ဆင့် ကျားဖြစ်ခြင်း၊ မဖြစ်ခြင်းအပေါ်မူတည်၍ တရားသေမှတ်ယူခြင်းများအား ဆက်လက်တည်တံ့စေရန် မရည်ရွယ်ဘဲ ပံ့ပိုးပေးခြင်းကို ရှောင်ရှားရန် လိုအပ်သည်။**

များစွာသော ဓလေ့ထုံးတမ်းများအရ လုပ်ငန်းတာဝန်အား ခွဲဝေရာ၌ အမျိုးသမီးများနှင့် မိန်းကလေးများသည် အိမ်မှုကိစ္စများနှင့် ကလေးငယ်များအား ပြုစုစောင့်ရှောက်ရသည့် တာဝန်ကို အဓိကယူရသော်လည်း WASH လုပ်ငန်းများအား ဆောင်ရွက်နေသောအဖွဲ့များအနေဖြင့် ပို၍ ကျား/မ ညီမျှမှုကို အခြေခံသော လုပ်ငန်းတာဝန်ခွဲဝေသတ်မှတ်မှုများအတွက် ရှေ့ဆောင်ရှေ့ရွက်ပြုလုပ်နေစဉ် တချိန်တည်းမှာပင် ဖြစ်နိုင်သမျှ ကျား/မဆိုင်ရာကန့်သတ်ထားသော စံနှုန်းများကို စိန်ခေါ်ရန် ကြိုးပမ်းသကဲ့သို့ရှိပြီး အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် သန့်ရှင်းမှုဆိုင်ရာ သတင်းအချက်အလက်များကို လုံလောက်စွာရရှိနိုင်ရန်အတွက် သေချာစွာပြုလုပ်နိုင်ပါသည်။

WASH လုပ်ငန်းများနှင့် ဝန်ထမ်းများအားပေးသော သင်တန်းများတွင် ကျား/မ ရေးရာနှင့်ပတ်သတ်သော အကြောင်းအရာများအား ထည့်သွင်းစဥ်းစား၍ လုပ်ဆောင်ခြင်းသည် စီမံကိန်းအား မထင်မှတ်ဘဲကျရောက်နိုင်သော အန္တရာယ်များမှ ကာကွယ်နိုင်ရန် ကူညီပေးနိုင်ပါသည်။ သို့သော်လည်း တီထွင်ဖန်တီးထားသော လုပ်ငန်းများသည် ပါဝင်သူများအား နည်းလမ်းသစ်တစ်ခုအဖြစ် စိန်ခေါ်မှုများ ရှိနိုင်ပါသည်။ စစ်တွေစခန်းများတွင် WASH အဖွဲ့သည် "*Inclusive Development and Empowerment of Women in Rakhine State Joint Programme*" နှင့် ပူးပေါင်းလျှက် "Balancing WASH" ဟုခေါ်သည့် ကျား/မညီမျှမှုဆိုင်ရာ မြှင့်တင်ရေးကို ဦးတည်သော သန့်ရှင်းရေးမြှင့်တင်ခြင်းလုပ်ငန်းတစ်ခုကို ဖန်တီးနိုင်ရန် ဆန်းသစ်သောလုပ်ငန်းတစ်ခုအား လိုက်လျောညီထွေစွာပြုပြင်ဆောင်ရွက်ခဲ့ပြီး ကျား/မရေးရာနှင့် ဆိုင်သောသင်တန်းများတွင် အသုံးပြုခဲ့သည်။ ၎င်းလုပ်ငန်း၏ ရည်ရွယ်ချက်မှာ WASH နှင့် ဆက်စပ်နေသည့်လုပ်ငန်းများနှင့် အခြား အိမ်မှုကိစ္စများတွင် လုပ်ငန်းတာဝန်ခွဲဝေအသုံးချမှုအပေါ် သာတူညီမျှမရှိမှု နှင့်ပတ်သတ်၍ အသိပညာပေးခြင်း နှင့် WASH လုပ်ငန်းတစ်ခုချင်းစီနှင့် ပတ်သတ်ဆက်နွယ်နေသော တစ်ကိုယ်ရည်သန့်ရှင်းရေးအလေ့အထကောင်းများ အပေါ်တွင် အဓိကဖြန့်ဝေနေသော သတင်းအချက်အလက်များအား ပြန်လည်သုံးသပ်ရန် ဖြစ်ပါသည်။

ဤလုပ်ငန်းအားဖန်တီးရာတွင် IEC များအား ပူးတွဲသုံးစွဲခဲ့သည့်အပြင် အမျိုးသမီးစခန်းနေဝန်ထမ်းများနှင့် အမျိုးသား၊ အမျိုးသမီးအုပ်စုများပါဝင်သည့် ဆွေးနွေးမှုများအချို့လည်း လုပ်ဆောင်ခဲ့သည်။ ၎င်းတို့သည် ဤလုပ်ငန်းများ အတွက် လုပ်ငန်းအကြမ်းပုံစံထွက်ပေါ်လာစေရန် ကြိုးပမ်းခဲ့ပြီး ရုပ်ပုံအမှတ် အသားများ၏ ဒီဇိုင်းများနှင့် လုပ်ငန်းဆောင်ရွက်မှုအပေါ်တွင် တုံ့ပြန်မှုများ ပေးခဲ့ကြသည်။ ဤလုပ်ငန်းများ၏ နောက်ဆုံးအဆင့်တွင် ပါဝင်သူများသည် မိသားစုဝင် တစ်ယောက်ချင်းစီမှ ဆောင်ရွက်ရသော မတူညီသည့်လုပ်ငန်း တာဝန်များကို ဖော်ပြနိုင်ရန်အတွက် လုပ်ငန်းတစ်ခုချင်းစီ၏ကြာမြင့်ချိန်အား ပြသနိုင်သည့် အချိန်ပြအညွှန်းကိန်းနှင့်အတူ ဇယားပုံစံတစ်ခုအား ဖန်တီးရေးဆွဲ ခဲ့ပါသသည်။ ထို့နောက် အိမ်ထောင်စုတစ်ခုစီမှ အမျိုးသား နှင့် အမျိုးသမီးများမှ ဆောင်ရွက် ပြီးစီးသော လုပ်ငန်းတာဝန်များအား နှိုင်းယှဥ်ပါသည်။ ပံပိုးကူညီသူမှ ကျား/မ ရေးရာစံနှုန်းများ၊ WASH နှင့် အိမ်မှုကိစ္စ လုပ်ငန်းများတွင် မညီမျှသော လုပ်ငန်း တာဝန်ခွဲဝေသတ်မှတ်မှုများ၊ WASH နှင့်သက်ဆိုင်သည့်ကိစ္စရပ်များအတွက် အိမ်ထောင်စုတစ်ခုတွင် ဆုံးဖြတ်ချက်များကို မည်သူက အများဆုံးချမှတ်သည် နှင့်ပတ်သတ်၍ ပိုမိုနက်ချိုင်းစွာ အပြန်အလှန်ဆွေးနွေးနိုင်စေရန် မေးခွန်းအချို့ ကိုလည်း စီစဥ်ထားသည်။ (4F နေ့စဥ်ဘဝတွင် ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ဆိုင်ရာကိစ္စများအား မျှတစွာဆောင်ရွက်ခြင်း)

Gender Focal Point များသည် ဤလှုပ်ရှားမှုကို စခန်းများတွင် ကနဦးစမ်းသပ်လုပ်ဆောင်ပြီး အများအားဖြင့် အပြုသဘောဆောင်သည့်တုံ့ပြန်ချက်များကို ပေးခဲ့သည်။ အမျိုးသားပါဝင်သူများမှလည်း အိမ်ထောင်စုတစ်ခုရှိ အမျိုးသမီးများ၏ လုပ်ငန်းတာဝန်များအပေါ်တွင် ပိုမိုသိရှိမှုမြင့်မားလာကြောင်းပြသခဲ့ပြီး ဝင်ငွေမရသော အိမ်မှုကိစ္စများသည်လည်း ဝင်ငွေရသောလုပ်ငန်းတစ်ခုကဲ့သို့ အမှန်တကယ်လုပ်ဆောင်နေရကြောင်းကို နားလည်သဘောပေါက်လာကြသည်။ အမျိုးသားများသည် အိမ်မှုကိစ္စများအား ကူညီရန်နှင့် ၎င်းတို့၏ သားများနှင့် ညီအစ်ကိုများအားလည်း ကူညီဆောင်ရွက်ရန် တိုက်တွန်းသွားပါမည်ဟု ကတိကဝတ်ပြုခဲ့ကြပါသည်။ လုပ်ငန်းတစ်ခုလုံးတွင် စာရေး၊ စာဖတ်ခြင်းများ မပါဝင်ဘဲ ရုပ်ပုံအမှတ်အသား နှင့် လုပ်ဆောင်မှုပြအမှတ်အသားများအား မူတည်၍ လုပ်ဆောင်ရသောကြောင့် စာမတတ်သောပါဝင်သူများသည် အထူးသဖြင့် ဤလုပ်ငန်းတွင် ပါဝင်နိုင်သည်။ သို့သော်လည်း ပါဝင်သူများ၏ ဝေဖန်အကဲဖြတ်ချက်များကို လုံလောက်စွာဖြေရှင်းနိုင်ရန် ပံပိုးကူညီသူများအတွက် ပြီးပြည့်စုံသော ကျား/မရေးရာသင်တန်းရရှိမှုသည် အရေးကြီးပါသည်။ သို့မဟုတ်လျှင် ထိုလုပ်ဆောင်မှုသည် တန်ပြန်အကျိုးသက်ရောက်မှုရှိနိုင်သည်။



*နေ့စဥ်ဘဝတွင် ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ ကိစ္စရပ်များအား မျှတစွာဆောင်ရွက်ခြင်းသည် အိမ်တွင်းမှုနှင့် အိမ်ထောင်စုအတွင်း ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ တာဝန်ဝတ္တရားများအတွက် ကျား/မ တာဝန်ခွဲခြားမှုကို လျော့လာသုံးသပ်ရန် အမျိုးသားနှင့် အမျိုးသမီးများကို စိန်ခေါ်မှုဖြစ်စေသည်။*

## ၄.၇ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ အထိမ်းအမှတ်ပွဲတော်နေ့များ

**တစ်ချို့နေ့များကို ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့်ပတ်သက်၍ နှစ်စဥ်အသိပညာပေးရန်အတွက် အထိမ်းအမှတ်နေ့များ အဖြစ် သတ်မှတ်ထားပြီး ထိုနေ့များသည် WASH အေဂျင်စီများအတွက် ရေနှင့်ပတ်ဝန်းကျင်ဆိုင်ရာ ပွဲတော်နေ့များ ကျင်းပပြီး အသိပညာ မြင့်တင်ရန် အခွင့်အလမ်းတစ်ခုကိုလည်း ပေါ်ပေါက်စေသည်။**

WASH နှင့် အဓိက ဆက်စပ်သော ကမ္ဘာလုံးဆိုင်ရာ အထိမ်းအမှတ်ပွဲတော်နေ့ (၃)ခုကို OXSI စခန်းများတွင် နှစ်စဥ်ကျင်းပခဲ့သည် - ကမ္ဘာ့လက်ဆေးပွဲတော်နေ့၊ ကမ္ဘာ့ရေနေ့နှင့် ကမ္ဘာ့အိမ်သာများနေ့တို့ဖြစ်သည်။ OXSI ၏လုပ်ငန်းများသည် လက်ဆေးခြင်း၊ ရေအသုံးပြုခြင်းနှင့်သိုလှောင်ခြင်းဆိုင်ရာအမူအကျင့်ကောင်းများ နှင့် အိမ်သာအသုံးပြုခြင်းများ အပေါ်တွင် သေချာစွာ အာရုံစိုက်လုပ်ဆောင်ခဲ့ပါသည်။ ဤအထူးနေ့ရက်များ၏ အဓိကရည်ရွယ်ချက်မှာ ကလေးများအတွက် ပျော်စရာကောင်းသော ဥာဏ်စမ်းဂိမ်းများနှင့် ဆုလက်ဆောင်များ ပါဝင်သည့် အထိမ်းအမှတ်ပွဲများကျင်းပခြင်း၊ မိမိတို့၏ WASH အသိပညာများကို အများရှေ့တွင် သရုပ်ပြ တင်ဆက်သောသူများအား ဂုဏ်ပြုချီးမြှင့်ခြင်း၊ အပြုသဘောဆောင်သော အပြောင်းအလဲများကို ဖြစ်ပေါ်လာစေရန် လူများကို စုစည်းပေးခြင်းတို့ဖြစ်သည်။

ဤအခမ်းအနားပွဲတော်များသည် WASH နှင့်ဆိုင်သောကိစ္စရပ်များကို အလေးထားသော ကမ္ဘာ့လူ့မှုအသိုင်းအဝိုင်းများက ထိုကိစ္စရပ်များ၏တစ်စိတ်တစ်ပိုင်းခန့်ကို သိရှိနားလည်စေရန် ပုံဖော်ထားပါသည်။ OXSI သည်စခန်းတစ်ခုစီတိုင်းတွင် ကမ္ဘာလုံးဆိုင်ရာ အထိမ်းအမှတ်ပွဲတော်နေ့များကို ကျင်းပလေ့ရှိကာ အောက်ပါအချက်များသည် အမြဲလိုလို ပါဝင်လေ့ရှိသည်-

- အခမ်းအနားကို အလှဆင်ခြင်းများ၊ ပွဲနှင့်သက်ဆိုင်သောသတင်းအချက်အလက်ပိုစတာများ၊ တေးဂီတများနှင့် အစားအသောက်များ

- OXSI ဝန်ထမ်းများနှင့် ရပ်ရွာရှိ ဩဇာကြီးသောခေါင်းဆောင်များမှ အထိမ်းအမှတ်ပွဲတော်ကျင်းပရခြင်း၏ အရေးပါမှုအကြောင်း မိတ်ဆက်စကားများ ပြောကြားခြင်း။

- သီချင်းများ၊ ဇာတ်လမ်းတိုများ နှင့်/သို့မဟုတ် WASH အမြင်အပေါ်အခြေတည် ပုံဖော်သော ကလေးများ၏ အကတင်ဆက်မှုများ

- အရွယ်ရောက်သောသူများ နှင့်/သို့မဟုတ် ကလေးများ အတွက် ဥာဏ်စမ်းပဟေဠိပြိုင်ပွဲများအား ဂုဏ်ပြုဆုများပေးအပ်ကျင်းပခြင်း

OXSI ဝန်ထမ်းနှင့်ပါဝင်သူများသည် WASH အခမ်းအနားပွဲများနှင့်ပတ်သက်၍ ပျော်စရာကောင်းပြီး ဆွဲဆောင်မှု ရှိသည်ဟုဆိုကာ ထူးထူးကဲကဲအပြုသဘောဆောင်သော တုံ့ပြန်ချက်များကိုပေးသည်။ သို့သော်လည်း လူတိုင်း ပါဝင်နိုင်စေရန် နေရာအကျယ်အဝန်းနှင့်အရင်းအမြစ်က အကန့်အသတ်ဖြစ်နေပြီး အခမ်းအနားပွဲများကို လူဦးရေ ၂၀၀ ခန့် တက်ရောက်ရန်သတ်မှတ်ထားပါသည်။ ဤအချက်သည် အထူးသဖြင့် ကြီးမားသောစခန်းများတွင် အထိမ်းအမှတ်ပွဲတော်နေ့များကို မပါဝင်ဖူးသေးသော လူများရှိနေသေးသည့် စိန်ခေါ်မှုကို သက်သေပြနေပါသည်။ . OXSI သည် မတူညီသောကျောင်းများမှ ကလေးများ၊ ဩဇာကြီးမားသော ခေါင်းဆောင်များ၊ အမျိုးသားနှင့် အမျိုးသမီး၊ သက်ကြီးရွယ်အိုများ၊ လူငယ်များနှင့် မသန်စွမ်းသူများကို ဖိတ်ကြားခြင်းဖြင့် အဆိုပါပွဲများတွင် မတူကွဲပြားမှုများကိုလက်ခံရန် ကြိုးပမ်းဆောင်ရွက်ပါသည်။

အမျိုးသမီးများ ဓမ္မတာလာခြင်းဆိုင်ရာ တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် အသိပညာမြှင့်တင်ရေးနေ့၊ ကမ္ဘာ့လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနေ့ (လူသားချင်း စာနာထောက်ထားမှုဆိုင်ရာဝန်ထမ်းများအား ဂုဏ်ပြုရန်) နှင့် ကျားမရေးရာအကြမ်းဖက်မှုဆန့်ကျင်ရေး ၁၆ ရက်တာလှုပ်ရှားမှု ကဲ့သို့သော ပွဲများကိုလည်း အကျဉ်းချုံး ဂုဏ်ပြုကျင်းပပါသည်။ ပွဲတော်နေ့သတ်မှတ်ခြင်းများသည် ဤကဲ့သို့ အရေးကြီးသော ကိစ္စရပ်များကို အခြားသောအေဂျင်စီများနှင့် ကဏ္ဍအသီးသီးမှ အာရုံစိုက်လာစေပြီး ပူးပေါင်းဆောင်ရွက်ရန်အတွက် အခွင့်အလမ်းတစ်ခုဖြစ်သည်။

# ၄.၈ ပြောင်းလဲရန် ခက်ခဲသော အမူအကျင့်များကိုကိုင်တွယ်ဖြေရှင်းခြင်း

**ကောင်းသောတစ်ကိုယ်ရည်သန့်ရှင်းရေးအမူအကျင့်များအား ရရှိစေမည့် တစ်ကိုယ်ရည်သန့်ရှင်းရေးပညာပေးခြင်း၊ WASH အခြေခံ အဆောက်အဦးများနှင့် NFI ပစ္စည်းများသည် တစ်ခါတစ်ရံတွင် ကာလကြာမြင့်စွာရှိနေသော အမူအကျင့်များအား ပြောင်းလဲရန် မလုံလောက်ပါ။**

ဥပမာအားဖြင့် စစ်တွေစခန်းများတွင် အပြင်တွင် မစင်စွန့်ခြင်း ကို ဖယ်ရှားရန် အာရုံစိုက်ကာ နှစ်ပေါင်းများစွာ တစ်ကိုယ်ရည်သန့်ရှင်းရေပညာပေးခြင်းများ လုပ်သော်လည်း အပြင်တွင် မစင်စွန့်ခြင်းသည် ဘုံအလေ့အကျင့်အဖြစ်နှင့် အများပြည်သူ၏ကျန်းမာရေးအန္တရာယ်အဖြစ် ဆက်လက်တည်ရှိနေသည်။ အပြင်တွင် မစင်စွန့်ခြင်း အားဆက်လက်ဆန့်ကျင်တိုက်ဖျက်ရန် OXSI သည် နားထောင်ခြင်းနှင့်နားလည်ခြင်း၊ ဆက်လက်အသိပညာပေးခြင်း၊ အခြေခံအဆောက်အဦများပံ့ပိုးပေးခြင်းနှင့် အပြင်တွင် မစင်စွန့်ခြင်း ကိုစောင့်ကြည့်ခြင်းစသည့် ဘက်စုံချဉ်းကပ်မှုနည်းလမ်းတစ်ခုကို အသုံးပြုခဲ့သည်။

OXSI အဖွဲ့သည် အမူအကျင့်ပြောင်းလဲခြင်းအတွက် အန္တရာယ်များ၊ ခံယူချက်သဘောထားများ၊ အများလက်ခံသော ဓလေ့ထုံးစံများ၊ စွမ်းဆောင်ရည်များနှင့် မိမိကိုယ်ကိုယ်တိုင်လိုက်နာ လုပ်ဆောင်ခြင်း (RANAS) ချဉ်းကပ်မှုဆိုင်ရာ သင်တန်းကို ရရှိခဲ့ကာ ယင်းသင်တန်းက အပြင်တွင် မစင်စွန့်ခြင်းကို တွန်းအားပေးသောအကြောင်းရင်းများကို နားလည်သဘောပေါက်စေပါသည်။ ဤချဉ်းကပ်မှုတွင် RANAS နည်းလမ်းမှ ခွဲခြားဖော်ပြထားသော အမျိုးအစားများ တစ်ခုစီအတွင်း၌ ပါရှိသော အမူအကျင့်ဆိုင်ရာ အကြောင်းရင်းများကို အကဲဖြတ်ရန် နှင့် ကောင်းမွန်သော အမူအကျင့်များအား လုပ်ဆောင်သူနှင့် မလုပ်ဆောင်သူများ အကြား အသိသာဆုံးသောကွာခြားချက်ကို ဖော်ထုတ်ရန် ကောင်းမွန်သော အမူအကျင့်များအား လုပ်ဆောင်သူ/ မလုပ်ဆောင်သူများအား သုံးသပ်မှု တစ်ခုအတွက် အသေးစိတ်မေးခွန်းများ ပါဝင်သည်။ ရလဒ်များအပေါ်တွင်မူတည်ကာ ဒေသ၏ အခြေအနေကိုလိုက်၍ ဆီလျော်အောင်ပြုပြင်နိုင်စေရန် အမူအကျင့် ပြောင်းလဲခြင်းဆိုင်ရာနည်းပညာများ အချို့အကြံပြုထားသည်၊ ထို့အပြင် ၄င်း နည်းပညာများအား အမူအကျင့်ပြောင်းလဲခြင်းတွင် သက်ရောက်မှုအမြင့်ဆုံး ရရှိစေရန် အံဝင်ခွင်ကျဖြစ်စေရန် စီစဉ်၍ ဆောင်ရွက်ခဲ့သည်။

OXSI သည် စနစ်ကျသော သူတို့၏ကလေးများကို အပြင်မှာမစင်စွန့်ရန်ခွင့်ပြုခြင်းနှင့် သူတို့၏ကလေးများကို အိမ်သာအသုံးပြုရန်သင်ပေးခြင်း တို့ပါဝင်သော အမူအကျင့် နှစ်မျိုးကို ဦးတည်ထားသော သီးသန့်အင်တာဗျူး တစ်ခု ကို အသက်၃-၅နှစ် အရွယ်ကလေးများကို ပြုစုစောင့်ရှောက်နေသူများအား မေးမြန်းခဲ့သည်။ ကောင်းမွန်သော အမူအကျင့်များအား လုပ်ဆောင်သူ/ မလုပ်ဆောင်သူများ သုံးသပ်ချက်သည် ၄င်းတို့ အကြား အသိသာဆုံးသော အမူအကျင့်ဆိုင်ရာ အကြောင်းရင်း ကွာခြားချက်ကို ဖော်ထုတ်ခဲ့သည်။ ၄င်းဖော်ထုတ် ရရှိခဲ့သော အကြောင်း အရင်းများအား အဓိက ပစ်မှတ်ထား ဆောင်ရွက်နိုင်ရန် (RANAS) ၏ အကြံပြုထားသော BCTs ကိုအသုံးပြုခြင်းဖြင့် OXSI ဝန်ထမ်းသည် အသိပညာပေးခြင်းဆိုင်ရာ အကျိုးသက်ရောက်မှု မြှင့်တက်စေရန် လုပ်ငန်းအသစ်များ သို့မဟုတ် BCTs ကိုလက်ရှိလုပ်ငန်းများတွင် ထည့်သွင်း ဖန်တီးခဲ့သည်။ လုပ်ငန်းကာလ၏အဆုံးပိုင်းတွင် အဓိက ပစ်မှတ်ထား ဆောင်ရွက်ခဲ့သောစခန်းများမှ ထွက်ပေါ်လာသော ရလဒ်များအား အကဲဖြတ်ရန် နှင့် “လုပ်ငန်းအတွက် သတ်မှတ်စီစဉ်ထားသော”စခန်းများနှင့် ၄င်း ရလာဒ်များအား နှိုင်းယှဉ်ရန် အခြား မေးခွန်းများကို အသုံးပြုမည်။

လူသားဗဟိုပြုပုံစံ (HCD)အကြံပေးလုပ်ငန်းတစ်ခုဖြစ်သော 17 Triggers ကိုလည်း အပြင်တွင် မစင်စွန့်ခြင်း ဖြစ်စေသောအကြောင်းရင်းများကို လေ့လာဖော်ထုတ်ရန် နှင့် အကြံပြုချက်များ ရယူရန် OXSI စခန်းများတွင် လုပ်ကိုင်ခဲ့သည်။ ထိုလေ့လာချက် နှင့် အကြံပြုချက်များမှ OXSI၏ တစ်ကိုယ်ရည်သန့်ရှင်းမှုအသိပညာမြှင့်တင်ရေး သတင်းစကား- (ကလေးများအားအိမ်သာများအသုံးပြုရန် သင်ကြားခြင်း) တွင် မပါဝင်သော လစ်ဟာချက် တစ်ခုကို ရှာဖွေတွေ့ရှိခဲ့သည်။ RANAS သင်တန်းရထားသော ဝန်ထမ်းများသည် မိဘများအနေဖြင့် ကလေးငယ်များကို ကလေးမစင်အိုးဖြင့်မစင်စွန့်တတ်စေရန်လေ့ကျင့်ပေးခြင်းနှင့် အိမ်သာအသုံးပြုလိုလျှင် မည်သို့ မိဘများအား သင်ကြားရန် လှုပ်ရှားမှုလမ်းညွှန်ချက်များနှင့် OXSI အတွက် သက်ဆိုင်သော IEC များကိုဖန်တီးခဲ့သည်။ OXSI သည် ဤလုပ်ငန်းကို အိမ်တိုင်းတွင် ကလေးသေးအိုးများဖြန့်ဝေခြင်းနှင့်အတူ ပေါင်းစပ်ကာ စတင်လုပ်ဆောင်ခဲ့သည်။


ထို့အပြင် 17 Triggers လုပ်ငန်းထဲတွင် “အိမ်သာ အသုံးပြုနိုင်ရေး ကူညီသူများ” ဟူသော လုပ်ငန်းစဥ်ကိုလည်း စမ်းသပ်လုပ်ဆောင်ခဲ့သည်။ ထိုလုပ်ငန်းစဥ်သည် ကလေးငယ်များအိမ်သာများကို စနစ်တကျ အသုံးပြုရန်၊ အိမ်သာများကို စနစ်တကျ

သန့်ရှင်းရန်နှင့် လက်ဆေးရန်အတွက် ကူညီဆောင်ရွက်ပေးရန် အိမ်ထောင်စုများမှ စေတနာ့ဝန်ထမ်းအဖြစ်အလှည့်ကျစနစ် ဖြင့်လုပ်ဆောင်ရခြင်း ဖြစ်သည်။ ဤလုပ်ငန်းသည် ရှေ့ပြေးစမ်းသပ်မှု အဆင့်ကို မကျော်လွန်ခဲ့သော်လည်း ပတ်ဝန်းကျင်ရှိ အိမ်ထောင်စုများသည် ၎င်းတို့၏ရပ်ရွာလူထုရှိ ကလေးများ အပြင်တွင်မစင်စွန့်ခြင်း ကို ဖြေရှင်းရန် တီထွင်ဆန်းသစ်၍ ရပ်ရွာလူထုကိုယ်တိုင် ဖြေရှင်းနိုင်သော နည်းလမ်းများ ကို ပြသခဲ့သည်။

အပြင်တွင် မစင်စွန့်ခြင်းကို ဖြစ်စေသောအကြောင်းရင်းကိုနားလည်ခြင်းနှင့် ဦးတည်ထားသော တစ်ကိုယ်ရည်သန့်ရှင်းမှု အသိပညာမြှင့်တင်ပေးခြင်း အပြင် OXSI သည် ကလေးများနှင့် သင့်လျော်သော အိမ်သာဒီဇိုင်းများကို ကလေးများနှင့်အတူ ရေးဆွဲခဲ့သည်၊ အခန်း ၃.၆ တွင် ဖော်ပြထားသည်။ 17 Triggers မှရှိသော ဆောက်လုပ်ရေး ဆိုင်ရာ အကြံပြုချက်များကို အခန်း ၃.၆ နှင့် ၃.၈ တွင် ဖော်ပြထားသည်။



*အပြုသဘောဆောင်သောအပြုအမူပြသခြင်း IEC သည် ကလေးများနှင့် လူကြီးများအတွက် အသိပညာပေးသည့်အပိုင်းကို ပိုမိုဆွဲဆောင်မှုရှိစေသည်။*



၅.၁
စမ်းသပ်လုပ်ငန်း
၅.၂
စီမံကိန်းအား တိုးချဲ့ခြင်း
၅.၃
လွှဲပြောင်းပေးအပ်ခြင်း

# အခန်း(၅) ဆိုလာလျှပ်စစ်မီး

WASH အဆောက်အအုံများအနီးအနားတွင် လျှပ်စစ်မီးအလုံအလောက်မရှိခြင်းကြောင့် အထူးသဖြင့် အမျိုးသမီး နှင့် ကလေးငယ်များသည် အကြမ်းဖက်မှု နှင့် တိုက်ခိုက်ခံရမှုများ ကြုံတွေ့ရမည်ကို ကြောက်သည့်အတွက် ညဖက်အချိန်တွင် အသုံးပြုမှု နည်းပါးကြပါသည်။ လျှပ်စစ်မီးအလုံအလောက်မရှိခြင်းသည် သက်ကြီးရွယ်အိုများ နှင့် မသန်စွမ်းသူများအားလည်း WASH အဆောက်အအုံများအား ညဖက်အချိန်တွင်အသုံးပြုဖို့ရန်အတွက် အခက်အခဲဖြစ်စေပါသည်။ စခန်းအတွင်း၌ အခြားအဖွဲ့အစည်းများမှ အများပြည်သူသုံးနေရာများတွင် လျှပ်စစ်မီးရရှိစေရန် လုပ်ဆောင်ပေးသည့် နည်းတူ WASH ဝန်ဆောင်မှုပေးနေသည့် အဖွဲ့အစည်းများမှလည်း WASH အဆောက်အအုံများအနီးတွင် လျှပ်စစ်မီးရရှိစေရေးအတွက် လုပ်ဆောင်ပေးရန် တာဝန်ရှိပါသည်။

ရခိုင်တွင် ပြုလုပ်ခဲ့သည့် ဆိုလာလျှပ်စစ်မီးအားအသုံးပြု၍ လမ်းမီးများတပ်ဆင်ပေးသည့် စီမံကိန်းများသည် ရည်ရွယ်ချက်ရှိရှိဖျက်ဆီးမှု၊ ခိုးမှု၊ နည်းပညာပိုင်း နှင့် လုပ်ငန်းကျွမ်းကျင်မှုပိုင်းတွင် အားနည်းမှုတို့ကြောင့် အတားအဆီး၊ အခက်အခဲများ ကြုံတွေ့ခဲ့ရပါသည်။ ယခင် WASH ဝန်ဆောင်မှုအား တာဝန်ယူဆောင်ရွက်ခဲ့သည့် အဖွဲ့အစည်းများသည် စစ်တွေဝန်းကျင်ရှိ အသွားအလာကန့်သတ်ထားသော စခန်းများမှ အိမ်သာများ အနီးအနားတွင် ဆိုလာလျှပ်စစ်မီးများ တပ်ဆင်ပေးခဲ့သော်လည်း အဆိုပါဆိုလာလျှပ်စစ်မီးများအား ပြုပြင်မှုမရှိဘဲ ထားသဖြင့် ယိုယွင်းနေခြင်း သို့မဟုတ် အပြည့်အဝအလုပ်မလုပ်ခြင်းများ ရှိနေသည့်အချိန်တွင် OXSI သည် WASH ဝန်ဆောင်မှုအားပေးမည့် အဖွဲ့အစည်းအဖြစ် လွှဲပြောင်းတာဝန်ယူ ဆောင်ရွက်ခဲ့ရပါသည်။ ထို့ကြောင့် ဆိုလာမီးအသစ်များတပ်ဆင်ရန် အစီအစဉ်ရေးဆွဲသည့်အခါတွင် ခိုးမှုများလျော့ကျစေရန်၊ လူထုနှင့် မည်သို့ပူးပေါင်းလုပ်ဆောရန် နှင့် ပိုမိုကောင်းမွန်သည့် ဆိုလာလျှပ်စစ်မီး ဒီဇိုင်းပုံစံများတပ်ဆင်ရန်အတွက် OXSI သည် နောက်သို့ခြေတစ်လှမ်းဆုတ်၍ ချင့်ချိန်စဉ်းစားခဲ့ပါသည်။

## ၅.၁ စမ်းသပ်လုပ်ငန်း

**ရပ်ရွာလူထုမှ ဒီဇိုင်းပုံဖော်ရန်အတွက် အခက်အခဲဖြစ်နိုင်သည့် နည်းပညာအသစ်များ သို့မဟုတ် နည်းပညာနှင့်ပတ်သတ်၍ အပြောင်းအလဲပြုလုပ်ခြင်းများတွင် စမ်းသပ်လုပ်ငန်းလုပ်ဆောင်ခြင်းသည် အကူအညီဖြစ်စေနိုင်ပါသည်။**

စမ်းသပ်လုပ်ငန်းပြုလုပ်ခြင်းသည် ဒီဇိုင်းပုံစံများ၊ လုပ်ထုံးလုပ်နည်းများ နှင့် အသုံးပြုမည့်ပစ္စည်းများ (သို့) ပစ္စည်းပေးသွင်းသူများနှင့်ပတ်သတ်၍ အခက်အခဲများ၊ ပြဿနာများအား ဖော်ထုတ်ရန် ကူညီပေးသည်။ ထို့အပြင် စမ်းသပ်လုပ်ငန်းပြုလုပ်ခြင်းသည် စီမံကိန်းအားတိုးချဲ့လုပ်ဆောင်သည့်အခါတွင်လည်း အောင်မြင်နိုင်ခြေ ပိုမိုရရှိလာအောင် အတိုင်းအတာတစ်ခုအထိ ကူညီဆောင်ရွက်ပေးသည်။

ဆိုလာလျှပ်စစ်မီးနှင့်ပတ်သတ်၍ OXSI မှ စမ်းသပ်လုပ်ငန်းပြုလုပ်ခြင်းသည် ဆိုလာလျှပ်စစ်မီးစနစ်၏ ဒီဇိုင်းအား ပြောင်းလဲရန်လိုအပ်ကြောင်းကို သိရှိနားလည်စေရန်အတွက် အရေးပါခဲ့သည်။

ဆိုလာလျှပ်စစ်မီးစနစ်အား ရွေးချယ်သည့်အခါတွင် ဒီဇိုင်းပုံစံ၊ ကုန်ကျစရိတ်၊ အပိုပစ္စည်းများ အလွယ်တကူ ဝယ်ယူရရှိနိုင်မှု၊ တပ်ဆင်ရန် ကြာမြင့်သည့်အချိန်၊ ထိန်းသိမ်းပြုပြင်မှုအပိုင်းနှင့်ပတ်သတ်၍ နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်၊ လူထုပူးပေါင်းပါဝင်နိုင်မှု နှင့် ကြိုက်နှစ်သက်မှု စသည်တို့သည် ထည့်သွင်းစဉ်းစားရမည့်အချက်များဖြစ်ပါသည်။ OXSI ၏ စခန်းများတွင် ဖြစ်နိုင်ခြေရှိသော ဆိုလာလျှပ်စစ်မီးဆိုင်ရာနည်းပညာများ နှင့်ပတ်သတ်၍ စစ်တမ်းတစ်ခုကောက်ယူပြီးနောက် အလားအလာရှိသည့် ဒီဇိုင်း (၂) ခုထွက်ပေါ်လာခဲ့ပါသည်။

- **အထိုင်ထား၍ထိန်းချုပ်သည့်စနစ်** - ဆိုလာပြားများ၊ ကွန်ထရိုလာ၊ ဘက်ထရီများ၊ အင်ဗာတာစက် စသည်တို့သည် အထိုင်နေရာတစ်ခုတွင် တပ်ဆင်ထားပြီး အိမ်သာအနီးအနားတွင်ထားရှိမည့် ဓာတ်မီးတိုင်များသို့ ဝါယာကြိုးများဖြင့် ချိတ်ဆက်ပေးထားသည့် ပုံစံမျိုးဖြစ်ပါသည်။
- **ပေါင်းစပ်လုပ်ဆောင်သည့်စနစ်** - အိမ်သာအနီးအနားတွင်ထားရှိမည့် ဓာတ်တိုင်တစ်ခုစီတွင် ဆိုလာအပြား၊ ဘက်ထရီ၊ မီးသီး နှင့် ကွန်ထရိုလာတစ်ခုစီအား ပေါင်းစပ်၍ တပ်ဆင်ပေးထားသည့်ပုံစံ ဖြစ်ပါသည်။


စမ်းသပ်လုပ်ငန်းမပြုလုပ်မီ OXSI သည် စခန်းအားလုံးတွင် အထိုင်ထား၍ထိန်းချုပ်သည့်စနစ်အား အသုံးပြုသွားရန် ရည်ရွယ်ခဲ့ပြီး ၎င်းစနစ်အားအသုံးပြုနေချိန်၌ တစ်ချို့သောနေရာများတွင်ရှိသည့်ဓါတ်တိုင်များသို့ ဝါယာကြိုး သွယ်တန်းရန် အဆင်မပြေခဲ့ပါက ၎င်းနေရာများတွင် ပေါင်းစပ်လုပ်ဆောင်သည့်စနစ်အား အသုံးပြုသွားရန်လည်း ဆုံးဖြတ်ထားခဲ့ပါသည်။ သို့သော် အရွယ်အစားတူညီသည့် စခန်းတစ်ခုစီတွင် ဆိုလာလျှပ်စစ်မီးတပ်ဆင်သည့်စနစ် တစ်မျိုးစီအား စမ်းသပ်လုပ်ဆောင်ပါက ဒီဇိုင်းပုံစံတစ်ခုချင်းစီ၏ အားသာချက်များ နှင့် အားနည်းချက်များကို ပိုမို၍ သိရှိနားလည်လာမည်ဟု ယူဆခဲ့ပါသည်။ ထို့ကြောင့် OXSI သည် စခန်းခေါင်းဆောင်များနှင့် ကောင်းမွန်သော ဆက်ဆံရေးရှိသည့် အရွယ်အစားတူညီသည့်လူဦးရေရှိသော စခန်းနှစ်ခုအား ရွေးချယ်ခဲ့ပြီး စခန်းတစ်ခုစီတွင် ဆိုလာလျှပ်စစ်မီးတပ်ဆင်သည့်စနစ်တစ်ခုစီအား စမ်းသပ်လုပ်ဆောင်ခဲ့ပါသည်။

### စမ်းသပ်လုပ်ငန်း (၁) –

ရွေးချယ်ထားသည့် စခန်းတစ်ခုတွင် အထိုင်ထား၍ထိန်းချုပ်သည့်စနစ်ကို တပ်ဆင်ထားပြီးဖြစ်သော်လည်း ယခု စမ်းသပ်လုပ်ငန်းလုပ်ဆောင်မည့် စနစ်အသစ်သည် အရည်အသွေးပိုမိုကောင်းမွန်သည့်စက်ပစ္စည်းများ၊ မတူ ညီသည့် ပစ္စည်းရောင်းချသူများ ပါဝင်လာနိုင်အောင် ရည်ရွယ်ထားသည့်အပြင် လုပ်ငန်းစဉ်တစ်ခုလုံးတွင် လူထုပူးပေါင်းပါဝင်မှု ပိုမိုအားကောင်းလာခြင်းဖြင့် ပစ္စည်းများ မကြာခဏ ဖျက်ဆီးခံရခြင်း နှင့် ခိုးယူခံရခြင်းတို့အား ကာကွယ်တားဆီးရန်အတွက်လည်း ထည့်သွင်းစဉ်းစားထားပါသည်။ OXSI သည် အထိုင်ထား၍ထိန်းချုပ်သည့်စနစ် နှင့် ပေါင်းစပ်လုပ်ဆောင်သည့်စနစ် (အထိုင်ထား၍ ထိန်းချုပ်သည့်စနစ် လက်လှမ်းမမီနိုင်သည့် နေရာများတွင် အစားထိုး၍ပြုလုပ်သွားမည်) နှစ်ခုလုံးအား ရောစပ်လုပ်ဆောင်ရန် ရည်ရွယ်ထားခဲ့သော်လည်း ရွေးချယ်ထားသည့်စခန်းမှာ အရွယ်အစားသေးငယ်သဖြင့် အထိုင်ထား၍ထိန်းချုပ်သည့်စနစ်တစ်ခုတည်း အသုံးပြုခြင်းဖြင့် စခန်းတစ်ခုလုံးတွင် လျှပ်စစ်မီးပေးရန် လုံလောက်ခဲ့ပြီး စနစ်နှစ်ခုလုံးအား ရောစပ်အသုံးပြုရန် မလိုအပ်ခဲ့ပါ။ ထို့ကြောင့် စမ်းသပ်လုပ်ငန်း (၁) တွင် OXSI သည် ဆိုလာမီး (၉) လုံးစီ ပါဝင်သည့် အထိုင်ထား၍ထိန်းချုပ်သော ဆိုလာစနစ် (၂) ခုကို တပ်ဆင်ခဲ့ပါသည်။

ဆိုလာလျှပ်စစ်မီးတပ်ဆင်မှုအား စိတ်ဝင်စားသည့် ယခင် ACE အဖွဲ့များထဲမှ အမျိုးသားအဖွဲ့တစ်ဖွဲ့ (အပိုင်း ၄.၁ တွင်ရှု) သည် OXSI ၏ ဆိုလာလျှပ်စစ်မီးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် နီးကပ်စွာလက်တွဲအလုပ်လုပ်ခဲ့ပြီး ဆိုလာမီးတိုင်များ တပ်ဆင်မည့်နေရာများ နှင့် အထိုင်ထား၍ထိန်းချုပ်သည့်စနစ်ကို တပ်ဆင်ရန် လုံခြုံစိတ်ချရသည့် အများပြည်သူပိုင်နေရာများအား ရှာဖွေရာတွင် ကူညီလုပ်ဆောင်ပေးခဲ့ပါသည်။ စခန်းခေါင်းဆောင်များ၏ ခွင့်ပြုချက်ရရှိခဲ့ပြီးနောက် OXSI သည် အထိုင်ထား၍ထိန်းချုပ်သည့်စနစ်အား အသုံးပြုနိုင်ရန်အတွက် စက်ပစ္စည်းများထားမည့်အဆောက်အဦးအား ကျောင်းတစ်ကျောင်း နှင့် ဗလီတစ်ခုတွင် တပ်ဆင်ခဲ့ပါသည်။ ဆိုလာစနစ်အသစ် တပ်ဆင်ထားသည့်အကြောင်းကို ရပ်ရွာလူထုများအား အသိပေးခြင်း၊ CMC များအား အကြောင်းကြား၍ ပူးပေါင်းပါဝင်စေခြင်းအပြင် ဆိုလာစနစ်များကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် အကူအညီပေးခြင်း စသည့်နည်းလမ်းများဖြင့် ACE အဖွဲ့သည် လုပ်ငန်းစဉ်တွင် ဆက်လက်၍ ပံ့ပိုးကူညီပေးခဲ့ပါသည်။ ထိုအပြင် CMC နှင့်အတူ ACE အဖွဲ့သည် ဆိုလာစနစ်များလွှဲပြောင်းရယူခြင်း အသိအမှတ်ပြုမှတ်တမ်းလွှာတွင် ပါဝင်လက်မှတ်ရေးထိုးခြင်းဖြင့် ခိုးယူခံရသည့် ပစ္စည်းများအား ပြန်လည်ရရှိရန် တာဝန်ယူခြင်း၊ စက်ပစ္စည်းတစ်ခုခု အလုပ်မလုပ်ပါက OXSI သို့ အကြောင်းကြားပေးခြင်း နှင့် ဆိုလာစနစ်များကို ပုံမှန်စစ်ဆေး စောင့်ကြည့်ပေးခြင်းတို့အား လုပ်ဆောင်ပေးရန် တာဝန်ယူကြောင်း ကတိကဝတ်ပြုခဲ့ကြပါသည်။ (လွှဲပြောင်းခြင်းအကြောင်းကို ပိုမိုသိရှိနိုင်ရန် အပိုင်း ၅.၃ ကိုရှု)

## ဆိုလာစနစ်ဒီဇိုင်းအတွက်ထည့်သွင်းစဥ်းစားစရာအချက်များ





ကွန်ထရိုလာ (ဆိုလာပြားများမှရရှိလာသော လျှပ်စီးကြောင်းနှင့် ဗို့အားကို ထိန်းညှိခြင်းဖြင့် ဘက်ထရီသို့ပို့ဆောင်ပေးသော ပစ္စည်း)၊ ဘက်ထရီများ၊ အင်ဗာတာများကို လုံခြုံစိတ်ချရသည့် အထိုင်နေရာတစ်ခု (အထူးသဖြင့် စောင့်ကြည့်လေ့လာ၍ရနိုင်သည့် အများပြည်သူပိုင်နေရာ) တွင် သိမ်းဆည်းထားရပါမည်။

## စမ်းသပ်လုပ်ငန်း (၂) -

ဆိုလာလျှပ်စစ်မီးများ တပ်ဆင်ရန် မိတ်ဖက်အဖွဲ့များဖြင့်ဖွဲ့စည်းထားသည့် နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့ (TWG) တွင် OXSI သည် အခြားအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဒုတိယဆိုလာစနစ်ကို ဒီဇိုင်းရေးဆွဲခဲ့ပါသည်။ အဆိုပါဒီဇိုင်းသည် ဆိုလာပြား၊ ဘက်ထရီ၊ မီးသီး နှင့် ကွန်ထရိုလာများ အားလုံးကို ဓာတ်တိုင်တစ်ခုတည်းတွင် ရိုးရှင်းစွာ တပ်ဆင်နိုင်မည့် ပေါင်းစပ်လုပ်ဆောင်သည့်ဆိုလာစနစ်တစ်ခု ဖြစ်ပါသည်။ စက်ပစ္စည်း အစိတ်အပိုင်းများ တစ်ခုချင်းစီကို ခွဲထုတ်နိုင်ပြီး အခြားရည်ရွယ်ချက်အတွက် အသုံးပြုနိုင်ခြင်းကြောင့် ခိုးယူမှုကို ပိုမိုဖြစ်စေနိုင်သည့် ယခင် စခန်းများတွင်တပ်ဆင်ပေးခဲ့သည့် သီးသန့်လုပ်ဆောင်နိုင်သောဆိုလာစနစ်များနှင့် မတူညီသည်မှာ ယခုပေါင်းစပ်လုပ်ဆောင်သည့်ဆိုလာစနစ်တွင် အသုံးပြုမည့်ပစ္စည်းများအား မီးလင်းရန်အသုံးပြုသောနေရာ တစ်ခုတည်းတွင် ပေါင်းစပ်ထားပြီး မီးသီးတစ်ခုတည်းအသုံးပြု၍ မီးပေးထားသည့်ပုံစံဖြင့် အသုံးပြုသွားခဲ့ပါသည်။

OXSI သည် စမ်းသပ်လုပ်ငန်း (၁) တွင် လုပ်ဆောင်ရန် ရွေးချယ်ခဲ့သည့် စခန်းအရွယ်အစားနှင့်တူညီသည့် နောက်ထပ်စခန်းတစ်ခုတွင် ဒုတိယဒီဇိုင်းတစ်ခုဖြစ်သည့် ပေါင်းစပ်လုပ်ဆောင်သည့်ဆိုလာစနစ် (၁၈)ခုကို တပ်ဆပ်ခဲ့ပါသည်။ (နောက်ထပ် ပေါင်းစပ်လုပ်ဆောင်သည့်ဆိုလာတိုင် ၂ ခုကို အများပြည်သူပိုင်နေရာတွင် ထပ်ဖြည့်တပ်ဆင်ခဲ့ပါသည်။) စမ်းသပ်လုပ်ငန်း (၁) တွင် လုပ်ဆောင်ခဲ့သည့်အတိုင်း OXSI သည် ဒီဇိုင်းအကြောင်းအပြင် ဆိုလာစနစ်များ တပ်ဆင်ရမည့်နေရာများရွေးချယ်သည့်အခါတွင် စခန်းခေါင်းဆောင် များနှင့် ဆွေးနွေးတိုင်ပင်ခဲ့ပါသည်။ စမ်းသပ်လုပ်ငန်း (၁) နှင့် မတူညီသည်မှာ ဆိုလာစနစ်တွင်ပါဝင်သည့် စက်ပစ္စည်းများအားထားရန်အတွက် စိတ်ချရသည့် အထိုင်နေရာတစ်ခုကို ရွေးချယ်ပေးရန် မလိုအပ်ခဲ့ပါ။ ရပ်ရွာလူထုသည် ၎င်းတို့၏ အိမ်အနီးအနားတွင်ရှိသည့် ဆိုလာစနစ်များကို စောင့်ကြည့်လေ့လာ၊ ထိန်းသိမ်း ပေးရန်သဘောတူညီခဲ့ပြီး တစုံတရာ ပြဿနာရှိလာပါက OXSI သို့ အကြောင်းကြားပေးမည်ဖြစ်ကြောင်း သဘောတူညီခဲ့ကြပါသည်။





စမ်းသပ်လုပ်ငန်း ပုံစံ ၂ တွင်အသုံးပြုသော ပေါင်းစပ်နေရောင်ခြည်ယူနစ်၏ အစိတ်အပိုင်းများကို ပြသသောမြင်ကွင်း

### OXSI ကြုံတွေ့ရသည့် စိန်ခေါ်ချက်များ

ဒီဇိုင်းပုံဖော်ထားသည့်အတိုင်း ဆိုလာစနစ်များ အလုပ်လုပ်ရန်အတွက် အရည်အသွေးမြင့်သည့် ဆိုလာစနစ်သုံးပစ္စည်းများရရှိရန် အရေးကြီးပါသည်။ စမ်းသပ်လုပ်ငန်း ( ၂ ) တွင် ပစ္စည်းထုတ်လုပ်ပေးသူမှ ကနဦးပေးထားသည့် သတ်မှတ်ချက်များနှင့် မကိုက်ညီသည့် မီးသီးများကို ထုတ်ပေးခဲ့သည့်အတွက် မီးသီးများသည် ညအလယ် ‌လောက်ရောက်သည့်အချိန်တွင် မီးပိတ်သွားသည်ကို ကြုံတွေ့ခဲ့ရပါသည်။ ထိုအပြင် ဆိုလာပြားများကို တပ်ဆင်ထားသည့် ဒေါက်နေရာများ အဆင်မပြေမှုကြောင့် ဆိုလာပြားများမှ လျှပ်စစ်မီးပေးရာတွင် အခက်အခဲဖြစ်ခဲ့ရပါသည်။

### OXSI ၏ ဖြေရှင်းနည်းများ

ဤပရောဂျက်ပုံစံမျိုးအတွက် နည်းပညာပိုင်း နှင့် သုတေသနပိုင်းကျွမ်းကျင်မှုရှိသူများ၏ အကူအညီကို အဖွဲ့အစည်းတွင်းမှဖြစ်စေ၊ နည်းပညာပိုင်းဆိုင်ရာလုပ်ငန်းအဖွဲ့များမှဖြစ်စေ အကူအညီရယူရန် လိုအပ်ပါသည်။ OXSI သည် တင်ဒါသတ်မှတ်ချက်များနှင့်ကိုက်ညီသည့် အဆင်မပြေသော ပစ္စည်းအစိတ်အပိုင်း များကို လဲလှယ်ရန် ပေးသွင်းသူ (Supplier) နှင့် ညှိနှိုင်းဆောင်ရွက်ပြီး အခက်အခဲများအား ဖြေရှင်းခဲ့ပါသည်။ ၎င်းအဆင်ပြေသောအစိအပိုင်းများမှာ ဒေါက် (Bracket) ဒီဇိုင်းများအား ပြန်လည်ပြုလုပ်ခြင်း၊ မီးအလင်းကျရောက်မှုသေချာစေရန် ထောင့် (Angle) အား ပြောင်းလဲသတ်မှတ်ခြင်းများ ဖြစ်ပါသည်။


ဆိုလာစနစ်ဒီဇိုင်းအတွက် ထည့်သွင်းစဉ်းစားရာအချက်များ -
ဆိုလာပြား၊ ဘက်ထရီ၊ မီးသီး နှင့် ကွန်ထရိုလာများအားလုံးကို ပစ္စည်းတစ်မျိုးတည်းပုံစံကဲ့သို့ ပေါင်းစပ်ထားပြီး ဓာတ်တိုင်တစ်ခုတွင် တပ်ဆင်ထားပါသည်။
လစ်သီယံအိုင်ရင်းဖော့စဖိတ်သုံးဘက်ထရီ (Lithium Iron Phosphate batteries) များသည် ခဲအက်ဆစ်သုံးဘက်ထရီ (Lead acid batteries) များထက်ပို၍ ကြာရှည်ခံပါသည်။
ပထမပိုင်းတွင် မီးလုံးများသည် (၄) နာရီကြာအောင် ထွန်းထားပြီးနောက် မူလအလင်းအား၏ ထက်ဝက်သို့မှိန်သွားတတ်ပါသည်။ သို့သော်နောက်ပိုင်းတွင် ပြန်ပြောင်းသွားပြီး တူညီသည့် မီးအလင်းအားကိုထုတ်ပေးပါသည်။
ကွန်ကရစ်တိုင်နှင့်တွဲ၍တပ်ထားသည့် ဒေါက်များမှ မူလီ နှင့် ဝက်အူများကို ဂဟေဆော်ထား ခြင်းဖြင့် ခိုးယူခံရမှုများမဖြစ်ပေါ်အောင်ကာကွယ်ထားပါသည်။
မီးလုံး/မီးအိမ်များခိုးယူခံရမှုမှ ကာကွယ်နိုင်ရန် ၎င်းတို့ကို သံဘောင်ဖြင့်ကွပ်ထားပြီး သော့ခတ်ထားပါသည်။
အစိုးရမှ ကွန်ကရစ်တိုင်များအား လျှပ်စစ်မီးပေးရန်အတွက် အသုံးပြုခြင်းကြောင့် ထိုတိုင်များကို သုံးပါက ခိုးယူခံရမှုများကို လျော့ကျစေနိုင်ပါသည်။
ကွန်ကရိတ်တိုင်များအား မြေကြီးထဲ၌ ပိုမိုမြဲမြံစွာတည်ရှိစေရန် Cement Stabilized Soil နည်းပညာကို အသုံးပြု၍ ပထမအနေဖြင့် စိုက်ထူပြီး ၎င်း၏အပေါ်မှ ကွန်ကရိတ်ဖြင့်ထပ်မံအချောသပ်သွန်းလုပ်ကာ သေချာအောင်ပြုလုပ်ထားပါသည်။

## စမ်းသပ်လုပ်ငန်းလုပ်ဆောင်မှု ရလဒ်များ နှင့် သုံးသပ်ချက်များ

ကုန်ကျစရိတ်၊ ဒီဇိုင်း၏ သက်တမ်း၊ တပ်ဆင်သည့်အပိုင်းတွင် အခက်အခဲ ရှိ/မရှိ နှင့် ထိရောက်မှု ရှိ/မရှိ စသည့် နည်းပညာပိုင်းဆိုင်ရာနှင့် ငွေကြေးပိုင်းဆိုင်ရာများအား အထူးအလေးထားထည့်သွင်းစဥ်းစားခြင်းဖြင့် စမ်းသပ်လုပ်ငန်း ပုံစံ (၂) ခု၏ ရလဒ်များကို OXSI မှ သုံးသပ် စိစစ်ခဲ့ပါသည်။

**ဒီဇိုင်း (၂) ခု အား အကျဥ်းချုပ် နှိုင်းယှဥ်သုံးသပ်မှု -**

| စံသတ်မှတ်ချက် | စမ်းသပ်လုပ်ငန်း (၁) - အထိုင်ထား၍ထိန်းချုပ်သည့်ဆိုလာစနစ် (မြန်မာဆိုလာပါဝါ) | စမ်းသပ်လုပ်ငန်း (၂) - ပေါင်းစပ်လုပ်ဆောင်စေသည့်ဆိုလာစနစ် (ဆိုလာမီးစနစ်အတွက် ဖြေရှင်းနည်း) |
|---|---|---|
| (မီးစနစ်တစ်ခုအတွက်) ကုန်ကျစရိတ် | ကုန်ကျစရိတ်မြင့်မားသည် (အမေရိကန် ဒေါ်လာ ၅၆၀) | ကုန်ကျစရိတ်သက်သာသည် (အမေရိကန်ဒေါ်လာ ၃၁၁) |
| အာမခံမှု | ပိုတိုသည် (၁နှစ်) | ပိုကြာရှည်သည် (၃ နှစ်) |
| ဒီဇိုင်းသက်တမ်း | ပိုတိုသည် (အဓိက စက်ပစ္စည်းအစိတ်အပိုင်း များသည် ၂ နှစ်ခန့် ကြာရှည်နိုင်သည်) | ပိုကြာရှည်ခံသည် (၄ နှစ် နှင့်အထက်) |
| ဘက်ထရီ | ဆိုဒ်ပိုကြီးပြီး ကြာရှည်သိပ်မခံပါ။ ဘက်ထရီ အားကုန်ထုတ်သုံး ခြင်းကြောင့် ပျက်စီးနိုင်သည် (ခဲအက်စစ်သုံး ဘတ်ထရီ) | ဆိုဒ်အရွယ်အစားကျစ်လစ်ပြီး ကြာရှည်ခံ ပါသည်။ ဘက်ထရီအား ကုန်ထုတ်သုံး ခြင်းကြောင့် မပျက်စီးနိုင်ပါ။ (Lithium iron phosphate အမျိုးအစား ဘတ်ထရီ) |
| ဆိုလာပြားအမျိုးအစား | ထိရောက်မှုနည်းသည် (polycrystalline အမျိုးအစား) | ထိရောက်မှုပိုကောင်းသည် (monocrystalline အမျိုးအစား) |
| ထိရောက်မှု | နိမ့်သည် (မီးသီးတစ်လုံးအတွက် ၁၁၀ ဝပ်ရှိ ဆိုလာပြားတပြား) | မြင့်သည် (မီးသီးတစ်လုံးအတွက် ၅၀ ဝပ်ရှိ ဆိုလာပြားတပြား) |
| လျှပ်စစ်မီးကို ခိုးယူသုံး စွဲမှု | ဖြစ်နိုင်သည်။ | မဖြစ်နိုင်ပါ။ |
| ဈေးကြီးသည့် အစိတ်အပိုင်းများကို ခိုးယူမှု | တူညီသည် (ခဲအက်စစ်ဘက်ထရီများ နှင့် ဆိုလာပြားများကို အသုံးပြုနိုင်ချေပိုများသည်၊သို့သော် ထိုပစ္စည်းများကို ကာကွယ် ထား ပါသည်။) | တူညီသည် (ခိုးယူရန် ပိုလွယ်စေပါသည် သို့သော် ပစ္စည်းများကို တခြားနေရာတွင် သုံး၍မရနိုင်ပဲ မီးပေးရန်အတွက်ပဲ သုံး၍ ရပါသည်။) |
| ဓာတ်တိုင်များ စိုက်ထူရန် လွယ်ကူနိုင်မှု | တူညီသည် (အထိုင်ထားထိန်းချုပ်သည့် နေရာ သို့ ဝါယာကြိုး များဖြင့် ချိတ်ဆက်ထားသည်၊ သို့သော် ဓာတ်တိုင်များစိုက်သည့် အခါတွင် နေရောင်ခြည်ရရှိသည့်နေရာများဖြစ်ရန် မလိုအပ်ပါ။ | တူညီသည် (ဝါယာကြိုးများဖြင့် ချိတ်ဆက် ထားရန် မလိုအပ်ပါ၊ သို့သော် ဓာတ်တိုင် များ စိုက်ထူသည့်အခါတွင် နေရောင်ခြည် ရရှိသည့်နေရာများဖြစ်ရန် လိုအပ်ပါသည်။ |
| စနစ်တစ်ခုလုံးကို တပ်ဆင်ရန် ခက်ခဲမှု | အလယ်အလတ်မှ ခက်ခဲသည့် အဆင့် (အထူး သဖြင့် ဈေးကြီးသည့် စက်ပစ္စည်းများ အား ထိန်းသိမ်းထားရန်စိတ်ချရသည့် နေရာ လိုအပ်ခြင်း၊ ထိုနေရာမျိုးသည် စခန်းတွင်း တွင်ရှားပါးနိုင်ပါသည်) | လွယ်ကူသည်။ |
| သဘာဝဘေးအန္တရာယ် များကြောင့်ထိခိုက်နိုင်မှု | တူညီသည် | တူညီသည် |
| ပြုပြင်ထိန်းသိမ်းခြင်း | အနည်းငယ်ပို၍ခက်ခဲသည် (ပြဿနာတစ်ခု ရှိပါက စနစ်တစ်ခုလုံး ပိတ်သွားပြီး လျှပ်စစ်မီးပြတ်တောက်သွားနိုင်ပါသည်။ ထိုအခါ ပြဿနာရင်းမြစ်ကို ရှာဖွေရန် အတွက် လုပ်ဆောင်ဖို့လိုပါသည်။ သို့သော် ပစ္စည်းအပို အချို့ကို စစ်တွေတွင် ရရှိနိုင်သဖြင့် ထိန်းသိမ်း ရန် ပိုမိုလွယ်ကူပြီး မြန်ဆန်စေပါသည်။) | အနည်းငယ် ပို၍လွယ်ကူပါသည်။ (ယူနစ် တစ်ခုတွင် ပြဿနာတစ်ခုခု ဖြစ်ပါက အခြားယူနစ်များကို မထိခိုက်နိုင်ပါ။ ယူနစ် တစ်ခုလုံး တွင်တပ်ဆင်ထားသည့် ပစ္စည်းများကို ရှာရန်လွယ်ကူပြီး အလွယ်တကူ လဲလှယ်နိုင်သည်။ သို့သော် ပေါင်းစပ်ထားသည့်ယူနစ်ကို ဖွင့်ရန် နှင့် ပစ္စည်းတစ်ခုချင်းစီကို အစားထိုးရန် ခက်ခဲနိုင်သည်) |
| ဒေသတွင်း အပိုပစ္စည်းများရရှိနိုင်မှု | တူညီသည် (အစိတ်အပိုင်းများ ပိုလိုအပ်သည်။ အချို့အစိတ် အပိုင်းများကို စစ်တွေတွင် ရရှိနိုင်ပြီး အခြားအစိတ်အပိုင်းများကို ရန်ကုန်မှ မှာယူရန်လိုသည်။ အများအားဖြင့် ရန်ကုန်မှ supplier က တင်သွင်းပေးပါသည်။) | တူညီသည် (အပိုပစ္စည်းများကို ရန်ကုန်မှ မှာယူရန်လိုအပ်သည် အများအားဖြင့် ရန်ကုန်မှ supplier များက တင်သွင်းပေး ပါသည်။ |

## ရပ်ရွာလူထု၏ ထင်မြင်ယူဆချက်များ

စမ်းသပ်လုပ်ငန်းများလုပ်ဆောင်နေစဉ် ရပ်ရွာလူထု၏ အကြံပြုမှတ်ချက်များကို ရယူရန်မှာ အလွန်အမင်း အရေးကြီးပါသည်။ အဘယ်ကြောင့်ဆိုသော် လုပ်ငန်းအား အလုံးစုံတိုးချဲ့ဆောင်ရွက်ရန်အတွက် ပြောင်းလဲမှု နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ လူထုထံမှ ကြိုတင်အကြံပြုချက် (သို့) တုံ့ပြန်ချက် ရယူခြင်းသည် လုပ်ငန်းအား ပိုမိုလွယ်ကူစေသည်။ ဆိုလာစနစ် (၂) ခုလုံးနှင့်ဆိုင်သည့် အကြံပြုချက်များ၊ မှတ်ချက်များရရှိရန် စမ်းသပ်မှုလုပ်ခဲ့သည့် စခန်းများမှ အမျိုးသမီးများ၊အမျိုးသားများ၊ ကလေးငယ်များနှင့် အုပ်စုဖွဲ့ဆွေးနွေးမှု (FGDs) များကို OXSI အဖွဲ့မှ လုပ်ဆောင်ခဲ့ပါသည်။

ယခင်က တပ်ဆင်ခဲ့သည့် စနစ်များ ထက် မီးအလင်းအား ပိုကောင်းပါသည်။

လူတိုင်း အထူးသဖြင့် အမျိုးသမီး နှင့် မိန်းကလေးငယ်များသည် ညဖက်တွင် အိမ်သာကို အသုံးပြုရာတွင် ပို၍ လုံခြုံမှုရှိသည်ဟု ခံစားရပါသည်။

ညဖက် အမှောင်ထဲတွင် အိမ်သာသို့သွားရန် ကြောက်နေစရာ မလိုအပ်တော့သည့်အတွက် ကလေးငယ်များသည်လည်း အိမ်သာကိုပို၍ အသုံးပြုလာကြပါသည်။

အထိုင်ထား၍ထိန်းချုပ်သည့်ဆိုလာစနစ်ကို အသုံးပြု၍ စမ်းသပ်လုပ်ငန်းလုပ်ဆောင်ခဲ့သည့် စခန်း (၁) မှ လူထုများသည် ပေါင်းစပ်လုပ်ဆောင်သည့်ဆိုလာစနစ်နှင့် နှိုင်းယှဥ်လျှင် ပျက်စီးရန် မလွယ်ကူခြင်း သို့မဟုတ် ခိုးယူရန် ခက်ခဲနိုင်ခြင်းတို့ကြောင့် အထိုင်ထား၍ထိန်းချုပ်သည့်ဆိုလာစနစ်ကို ပိုမိုနှစ်သက်ကြပါသည်။ ပေါင်းစပ်လုပ်ဆောင်သည့်ဆိုလာစနစ်အား အသုံးပြုခဲ့သည့် စခန်း (၂) မှ လူထုများသည် ပေါင်းစပ်လုပ်ဆောင်သည့်ဆိုလာစနစ်၏ ဒီဇိုင်းအား ပိုမိုနှစ်သက်ကြပါသည်။

OXSI မှ မီးတပ်ဆင်ပေးပြီးနောက် အိမ်သာအသုံးမပြုပဲ အပြင်တွင်မစင်စွန့်သည့် အလေ့အထများ ပို၍ လျော့နည်းလာပါသည်။



**ရပ်ရွာလူထု မှ အကြံပြုခဲ့သည်များမှာ -**

ပထမပိုင်းတွင် အမျိုးသားအချို့သည့် ဆိုလာဓာတ်မီးတိုင်အောက်တွင် ဖဲကစားကြသည့်အတွက် အမျိုးသမီးများ နှင့် မိန်းကလေးများအတွက် အိမ်သာအသုံးပြုရန် မလုံခြုံဟု ခံစားရစေပါသည်။ သို့သော် CMC နှင့် အခြားခေါင်းဆောင်များမှ ဆိုလာဓာတ်မီးတိုင်အောက်တွင် ဖဲမကစားရဟူသည့် စည်းမျဥ်းကို ချမှတ်ပြီး ကြပ်မတ်ပေးခဲ့ပါသည်။

အချို့သောရပ်ရွာလူထုများသည် ဆိုလာစနစ်သုံးပစ္စည်းများအား ပြုပြင်ထိန်းသိမ်းသည့်သင်တန်း များပေးရန် တောင်းဆိုကြပါသည်။ သို့သော် ဆိုလာစနစ်များသည် ပုံမှန် ပြုပြင်ထိန်းသိမ်းရန် မလိုအပ်ပဲ ပစ္စည်းများကို ပုံမှန်သန့်ရှင်းရေးလုပ်ပေးပြီး စက်ပစ္စည်းများကို ထိန်းသိမ်းကာကွယ်ပေးရန်သာလိုပါသည်။ တစုံတရာပြုပြင်ထိန်းသိမ်းရန် လိုအပ်လာပါက ပြဿနာရင်းမြစ်ကိုရှာဖွေရန် လိုအပ်လာပါသည်။ ထိုသို့အဖြေရှာရန်မှာ OXSI ၏ နည်းပညာရှင် ဝန်ထမ်းများအတွက်တောင်မှ ရှုပ်ထွေးခက်ခဲလွန်းသည့်အတွက် ပိုမိုတတ်ကျွမ်းသည့် နည်းပညာရှင်ကို ငှားရမ်း၍ ဖြေရှင်းရန် စီစဥ်ရပါသည်။ ထိုကြောင့် ရပ်ရွာလူထု အတွက် ဆိုလာစနစ်သုံး ပစ္စည်းများအား ပြုပြင်ထိန်းသိမ်းသည့် သင်တန်းကို OXSI မှ စီစဥ်ဆောင်ရွက်မှု မလုပ်ခဲ့ပါ။

(အထိုင်ထားထိန်းချုပ်သည့်စနစ်အသုံးပြုထားသည့်) စခန်း (၁) မှ သူများသည် ညဖက်တွင်ပစ္စည်းများ ခိုးယူခံရမည်ကိုစိုးရိမ်ကြပါသည်။ သို့သော် ခိုးမှုရန်များမှ ကာကွယ်နိုင်ရန် ဈေးကြီးသည့် ပစ္စည်းများအားလုံးကို လုံခြုံစိတ်ချရသည့် အထိုင်နေရာတစ်ခုတွင် သော့ခတ်သိမ်းဆည်းထားခြင်းဖြင့် OXSI မှ ကြိုတင်ကာကွယ်ထားနိုင်ခဲ့ပါသည်။

ရွှေ့ပြောင်းစမ်းသပ်မှု (၂) (ပေါင်းစပ်လုပ်ဆောင်သည့်စနစ်) သုံးထားသည့် စခန်းမှ လူများသည် မီးပိုတပ်ဆင်ပေးရန် တောင်းဆိုခဲ့ကြပါသည်။ ထို့ကြောင့် OXSI မှ ပြန်လည်သုံးသပ်ပြီးနောက် အများပြည်သူပိုင် နေရာ (၂) နေရာတွင် ပေါင်းစပ်လုပ်ဆောင်သည့်ဆိုလာစနစ် နှစ်ခုကို တပ်ဆင်ပေးခဲ့ပါသည်။

အချိန်ကြာလာသည့်အခါတွင် စမ်းသပ်လုပ်ငန်းလုပ်ဆောင်မှုအပေါ် သုံးသပ်ချက်များတွင် အားနည်းချက်များစွာကို တွေ့ရှိလာရပါသည်။ ပထမဦးဆုံးအနေဖြင့် OXSI ၏ ပထမစီစဉ်ခဲ့သည့် စခန်းတစ်ခုတွင် ဆိုလာစနစ် နှစ်ခုဖြစ်သည့် အထိုင်ထား၍ထိန်းချုပ်သည့်စနစ် နှင့် သီးခြားတပ်ဆင်ပေးသည့်စနစ် နှစ်ခုကို ရောနှောတပ်ဆင်၍ စမ်းသပ်ခြင်းကို မလုပ်ဆောင်နိုင်ခဲ့ပါ။ ဒုတိယ အချက်အနေဖြင့် အထိုင်ထားထိန်းချုပ်သည့်စနစ်အတွက် ပိုမိုဈေးသက်သာသည့် ပုံစံရရှိအောင် ဒီဇိုင်းပုံစံကို စဥ်းစား၍ ရနိုင်ခဲ့ပါသည်။ ၎င်းသည် အဆုံးသတ် ဆုံးဖြတ်ချက်အဖြစ် ပြောင်းလဲသွားနိုင်ပါသည်။ (သို့သော် ပါဝင်သောပစ္စည်းများ၏ အရည်အသွေးတွင် ထိခိုက်နိုင်ပါသည်။) တတိယအချက်အနေဖြင့် စမ်းသပ်လုပ်ငန်းပြုလုပ်ခဲ့သည့် စခန်းနှစ်ခုမှ လူထုများသည် စခန်းအတွင်း စနစ် တစ်ခုကိုသာ တွေ့ကြုံခဲ့ကြရ၍ စနစ်နှစ်ခုကို ကောင်းစွာနှိုင်းယှဥ်သုံးသပ်နိုင်စွမ်းမရှိခဲ့ပါ။ အဘယ်ကြောင့်ဆိုသော် စခန်းနှစ်ခုလုံးမှ လူထုများသည် ၎င်းတို့စခန်းတွင် တပ်ဆင်ခဲ့သည့် ဆိုလာစနစ်အမျိုးအစားပေါ်တွင် မနှစ်သက်ကြောင်း မဖော်ပြခဲ့ကြပါ။ ထို့ကြောင့် လူထုနှင့် တွေ့ဆုံဆွေးနွေးမှု၏ ရလဒ်များသည် စနစ် နှစ်ခုကြား ဘယ်တစ်ခုကို ရွေးချယ်ရမလဲဆိုသည်ကို ဆုံးဖြတ်နိုင်ရန်အတွက် မဖြစ်ခဲ့ဘဲ ထိုစခန်းများအတွင်းတပ်ဆင်ခဲ့သည့် စနစ်တွင် မည်သို့သော ပြဿနာများရှိခဲ့သလဲဆိုသည့် အချက်များအား ဖော်ထုတ်ရန်သာဖြစ်ခဲ့ပါသည်။ နောက်ဆုံးအနေဖြင့် စမ်းသပ်လုပ်ငန်းပြုလုပ်မှုသည် ကာလတိုတောင်းခဲ့သည့်အတွက် ရေရှည်ထိန်းသိမ်းစောင့်ရှောက်မှုအခြေအနေ၊ ကိုယ်ပိုင်ကိုယ်ဆိုင်ဖြစ်မှုအခြေအနေ၊ စီမံခန့်ခွဲမှုအခြေအနေ ကဲ့သို့သော ကိစ္စရပ်များအား ကောင်းစွာ သုံးသပ်စိစစ်နိုင်ခဲ့ခြင်းမရှိခဲ့ပါ။ နောက်ပိုင်း ပရိုဂရမ်များတွင် OXSI သည် ဆိုလာမီးတပ်ဆင်မှုနှင့်ပတ်သတ်၍ ရပ်ရွာလူထုနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ စောင့်ကြည့်လေ့လာခြင်းတို့ကို ဆက်လက်လုပ်ဆောင်ပြီး အနာဂတ်တွင် လုပ်ဆောင်မည့် ပရိုဂရမ်များအတွက်လည်း လူထု၏ အကြံပြုချက်များ (သို့) တုံ့ပြန်ချက်များကို ဆက်လက် စုဆောင်းသွားပါမည်။




အုပ်စုဖွဲ့ဆွေးနွေးခြင်းသည် အကြံပြုချက်များ စုဆောင်းရန် ထိရောက်သောနည်းလမ်းတစ်ခု ဖြစ်သည်။

# ၅.၂ စီမံကိန်းအား တိုးချဲ့ခြင်း

**စမ်းသပ်လုပ်ငန်းများအား သုံးသပ်စိစစ်ပြီး ရရှိလာသည့် ရလဒ် များအား စီမံကိန်း၏တိုးချဲ့လုပ်ဆောင်ရန်နှင့် ပိုမို ကောင်းမွန်အောင် ပြုပြင်မှုများလုပ်ဆောင်နိုင်ရန် အ တွက် အသုံးပြုခဲ့ပါသည်။**

စစ်တမ်းကောက်ယူခြင်းများ ၊စောင့်ကြည့်လေ့လာခြင်းများ နှင့် ရပ်ရွာလူထုနှင့် တိုင်ပင်ဆွေးနွေးချက်များအရ စမ်းသပ်လုပ်ငန်း (၂)တွင် သုံးခဲ့သည့် ပေါင်းစပ် လုပ်ဆောင်သည့်ဆိုလာစနစ်သည် ပို၍အကောင်းဆုံးလုပ်ဆောင်နိုင်ကြောင်းကို အကြမ်း အားဖြင့် တွေ့ရှိ ခဲ့ရပါသည်။ သို့သော် ဆိုလာဒီဇိုင်းတစ်ခုလုံးတွင် ပြုပြင်မှု၊ ပြောင်းလဲမှု အနည်းငယ်အား လုပ်ဆောင်ရန်လိုအပ်ပါသေးသည်။ ကျန်ရှိနေသော စခန်းများ၌ ဆိုလာတိုင်များအား တိုးချဲ့လုပ်ဆောင်ရာတွင် OXSI သည် စမ်းသပ်လုပ်ငန်း ( ၂ ) တွင်လုပ်ဆောင်ခဲ့သော ပေါင်းစပ်လုပ်ဆောင် သည့်ဆိုလာ စနစ်အား တပ်ဆင်ခဲ့ပါသည်။ သို့သော် စမ်းသပ်လုပ်ငန်း ( ၁ ) တွင် အသုံးပြုခဲ့သော သွပ်ရည်စိမ်ထားသောသံတိုင် နှင့် ကွန်ကရစ်ဖြင့်ပြုလုပ် ထားသော တိုင်အခြေအား အသုံးပြုခဲ့ပါသည်။ ထပ်မံ၍ ဆိုလာ အားမြဲမြံစွာထိန်းထားရန် လုပ်ဆောင်ပေးသော ဒေါက် (bracket) ဒီဇိုင်းအား ပြောင်းလဲ၍ လုပ်ဆောင်ခဲ့ပါသည်။



ဆိုလာအားမြဲမြံစွာထိန်းထားရန်လုပ်ဆောင်ပေးသော ဒေါက် (bracket) ဒီဇိုင်းအသစ်အား ဓာတ်တိုင်၏ အပေါ်ဖက်တွင်တပ်ဆင်ရန် ဒီဇိုင်းလုပ်ထားပြီး ၎င်းအားအသုံးပြု၍ ပေါင်းစပ်လုပ်ဆောင်သည့်ဆိုလာစနစ်ကို မူလီများဖြင့် ခိုင်မြဲစွာ တပ်ဆင်ထားပါသည်။ စမ်းသပ်လုပ်ငန်း ( ၂ ) တွင် အသုံးပြုခဲ့သော ဒေါက် (Bracket) ဒီဇိုင်းအား အသုံးပြုရန် မလိုအပ်တော့ဟု ယူဆခဲ့ပါသည်။ အကြောင်းမှာ ခိုးယူခဲသည်ရှိပါက ဒေါက် (Bracket) ဒီဇိုင်းအသစ်တွင် အသုံးပြုသော ပစ္စည်းများအား သီးခြားရည်ရွယ်ချက်ဖြင့် အသုံးမပြု၍မရနိုင်ပါ။ လျှပ်စစ်မီးပေးရန်တစ်ခုတည်းအတွက်သာ အသုံးပြုနိုင်ပါသည်။ အခုအသုံးပြုသော ဒေါက် (Bracket) ဒီဇိုင်းအသစ်သည် စမ်းသပ်လုပ်ငန်း ( ၂ ) တွင် အသုံးပြုခဲ့သော ဒီဇိုင်းနှင့် နှိုင်းယှဥ်လျှင် သိသိသာသာ ဈေးသက်သာမှုရှိပါသည်။

ညအချိန်တစ်လျှောက်လုံးတွင် လူထုမှ အိမ်သာအား လုံခြုံမှုရှိရှိအသုံးပြုနိုင်စေရန်အတွက် ဆိုလာလျှပ်စစ်မီးများသည် မီးအလင်းအားထုတ်ပေးမှုတွင် ပြောင်းလဲမှုမရှိဘဲ တသမတ်တည်း ပုံမှန်မီးအလင်းအား ထုတ်ပေးနိုင်ရန် အရေးကြီးပါသည်။

ကွန်ကရစ်ဓာတ်တိုင်များသည် လေးလံပြီး၊ တပ်ဆင်ရန် ခက်ခဲသည့်အပြင် ငွေကြေး ပိုမိုကုန်ကျနိုင်ပါသည်။ ထိုအပြင် စခန်း အတွင်းတွင် အစိုးရအာဏာပိုင်များမှ တည်ဆောက်ရန် ခွင့်ပြုထားခြင်းမရှိသည့် “ယာယီ မဟုတ်သော အဆောက်အအုံ” နှင့်လည်းပဲ ပုံစံတူ နေပါသည်။ ထိုကြောင့် သံချေးမတက်ရန် သွပ်ရည်စိမ်ထားသည့် သံဓာတ်တိုင်များကိုသာအသုံးပြုရန် OXSI မှ ဆုံးဖြတ်ခဲ့ပါသည်။

ကွန်ကရစ်ဖြင့်ပြုလုပ်ထားသည့်တိုင်အခြေ၏ဒီဇိုင်းသည် စမ်းသပ်လုပ်ငန်း (၁) တွင် အသုံးပြုခဲ့သော ဒီဇိုင်းနှင့် တူညီပါသည်။

အခြားစခန်းများတွင် အဆိုပါဒီဇိုင်းအား တိုးချဲ့လုပ်ဆောင်ရန်အတွက် OXSI သည် ၎င်းတို့လုပ်ဆောင်နေကြ အဆင့်များဖြစ်သည့် ရပ်ရွာလူထုပူးပေါင်း ပါဝင်မှုကို ရယူခဲ့ပါသည်။ အထူးသဖြင့် ဆိုလာလျှပ်စစ်မီးတပ်ဆင်မည့် နေရာများကို ရွေးချယ်သည့်အခါတွင် ရပ်ရွာလူထုကို ပူးပေါင်းပါဝင်စေ ပါသည်။ စမ်းသပ်လုပ်ငန်းများ နှင့် စစ်တမ်းကောက်ယူမှုများမှ ရရှိ လာသော အချက် အလက်များအား လိုက်နာ၍ အခြားစခန်း (၉)ခုတွင် တိုးချဲ့လုပ်ဆောင်ရန်အတွက် ကျန်ရှိနေသော ဆိုလာမီးများအား ရက်သတ္တပတ် (၆)ပတ်အတွင်း ချောမွေ့မြန်ဆန်စွာ တပ်ဆင်နိုင်ခဲ့ပါသည်။ (5A ဆိုလာလျှပ်စစ်မီးတပ်ဆင်ရန် လိုအပ်သောပစ္စည်းများအတွက် ကုန်ကျမှုဆိုင်ရာ ခန့်မှန်းခြေစာရင်း)

OXSI သည် ဆိုလာလျှပ်စစ်မီးစနစ်၏ နောက်ဆုံးရရှိလာသောဒီဇိုင်း နှင့် အတွေ့အကြုံများကို ရခိုင်ပြည်နယ်အတွင်းရှိ အခြားသော လူသားချင်း စာနာထောက်ထားမှုအကူအညီပေးနေသည့် အဖွဲ့အစည်းများအား မျှဝေ ပေးခဲ့ ပါသည်။ ထို့ကြောင့် အခြားသောအဖွဲ့အစည်းများသည် စခန်း အတွင်းနှင့် အပြင်ဖက်များတွင် ပေါင်းစပ်လုပ်ဆောင်သည့်ဆိုလာစနစ်အား အသုံးပြု၍ လျှပ်စစ်မီးပေးရန် ဆောင်ရွက်နေကြပါသည်။ အပိုပစ္စည်းများ ရှာဖွေ၊ ဝယ်ယူမှု အပေါ်တွင်မူတည်၍ စစ်တွေမြို့တွင် ဆိုလာမီး နှင့်သက်ဆိုင်သည့် နည်းပညာ အသိများ၊ အပိုပစ္စည်းဝင်ရောက်မှုများ ပိုမိုဖြစ်ပေါ်လာပြီး ဒေသတွင်း ဈေးကွက်ကို လွှမ်းမိုးမှု ရှိလာနိုင်ပါသည်။ အချိန်ကြာလာသည်နှင့်အမျှ စစ်တွေစခန်းများအတွင်း ဆိုလာမီးတပ်ဆင် ခြင်းသည် ပို၍ ရေရှည်တည်တံ့မှု ရှိရန်အတွက် အပြုသဘော ဆောင်သောသက်ရောက်မှုမျိုးဖြစ်လာနိုင်ပါသည်။

## ၅.၃ လွှဲပြောင်းပေးအပ်ခြင်း


**အဆောက်အအုံများ အသစ်ဆောက်လုပ်ပြီးစီးသည့်အခါတွင် အသုံးပြုမည့် လူထုများအား ၎င်းအဆောက်အအုံများအား လွှဲပြောင်းပေးအပ်ခြင်းကြောင့် အသုံးပြုမည့်လူထုများနှင့် စေ့စပ်ညှိနှိုင်းမှုများကောင်းမွန်လာခြင်း၊ ကိုယ်ပိုင်အဆောက်အအုံများကဲ့သို့ တန်ဖိုးထားမှုများတိုးတက်လာခြင်းများ ဖြစ်ပေါ်လာမည့်အပြင် အဆောက်အအုံနှင့်ပတ်သက်၍ မေးခွန်းများ မေးမြန်း၊ ဖြေဆိုခြင်း နှင့် ဆွေးနွေးညှိနှိုင်း၍ အရေးကြီးသောသတင်းအချက်အလက်များအားမျှ ဝေခြင်းများ ပိုမိုကောင်းမွန်လာပါမည်။**

ဆိုလာမီးစနစ် (၂) မျိုးဖြစ်သည့် အထိုင်ထား၍ထိန်းချုပ်သည့်စနစ် (စမ်းသပ်လုပ်ငန်း-၁) နှင့် ပေါင်းစပ်လုပ်ဆောင်သည့်ဆိုလာစနစ် နှစ်မျိုးအတွက် လွှဲပြောင်းပေးအပ်သည့်လုပ်ငန်းစဥ်သည် အနည်းငယ်ကွဲပြားပါသည်။ သို့သော် စနစ် (၂) ခုလုံးတွင် OXSI နှင့် ရပ်ရွာလူထု ၏ အဓိက စိုးရိမ်မှုမှာ ခိုးမှုများမှ ကာကွယ်ပေးနိုင်ရန် ဖြစ်ခဲ့ပါသည်။

လွှဲပြောင်းပေးအပ်သည့် လုပ်ငန်းစဥ်အား လုပ်ဆောင်နေစဥ်အတွင်း OXSI ဝန်ထမ်းများနှင့်အတူ ဆိုလာမီးဓါတ်တိုင်အနီးအနားတွင်ရှိသော အိမ်ထောင်စုမှ လူထုများသည် (အထိုင်ထား၍ထိန်းချုပ်သည့်စနစ် အတွက်ဆိုလျှင် ၎င်းဆိုလာစနစ်အားလုံခြုံမှုရှိစေရန်တပ်ဆင်ထားသည့် ဗလီ နှင့် စာသင်ကျောင်းများတွင်ရှိသော တာဝန်ခံများမှ တာဝန်ယူကြပါသည်။) ဆိုလာတပ်ဆင်ခြင်းနှင့်ပတ်သတ်၍ ဆွေးနွေးခြင်း၊ မေးခွန်းများအပြန်အလှန်မေးမြန်းခြင်းများပြုလုပ်ပြီး ဆိုလာမီးတိုင်တစ်ခုအတွက် ကိုယ်စားလှယ်နှစ်ဦးရွေးချယ်၍ လွှဲပြောင်းပေးအပ်သည့် မှတ်တမ်းလွှာတွင် လက် မှတ်ရေးထိုးခဲ့ကြပါသည်။

အဆိုပါ လွှဲပြောင်းပေးအပ်သည့်လုပ်ငန်းစဥ်သို့ တက်ရောက်လာသူများအားလုံးသည် ဆိုလာစနစ်တွင်ပါဝင်သော ပစ္စည်းများ ခိုးယူခံရမှုမှ တားဆီးကာကွယ်နိုင်ရန် နှင့် ပြဿနာတစုံတရာရှိပါက OXSI သို့ အကြောင်းကြားပေးရန် လူအများရှေ့တွင် ကတိကဝတ်ပြုခဲ့ကြပါသည်။ OXSI အနေဖြင့်လည်း ပြုပြင်ပေးရန်နှင့် ထိန်းသိမ်းစောင့်ရှောက်ပေးရန်အတွက် အလုံးစုံတာဝန်ယူရန် သဘောတူညီမှုပေးခဲ့ပါသည်။ (5B ဆိုလာလျှပ်စီးမီး အလုပ်လုပ်ခြင်း ရှိ/မရှိ စစ်ဆေးခြင်း)

တိကျသည့် တာဝန်များကို ထည့်သွင်းရေးသားထားသည့် လွှဲပြောင်းပေးအပ်သည့်မှတ်တမ်းလွှာပုံအား အောက်ပါအတိုင်း တွေ့နိုင်ပါသည်။



SOLAR LIGHT SYSTEM HANDOVER CERTIFICATE

CAMP NAME STMG

Oxfam

SOLIDARITÉS INTERNATIONAL

# OF SOLAR POINT 3

**Camp representatives agree to:**

· Take responsibility for all materials included in the solar system mentioned in the handover certificate.

· Take responsibility to inform OXSI in case of material looting and/ or damage.

· Take responsibility for relevant action in case of solar material looting or destruction.

· Assume ownership of the solar system materials and take responsibility to get back the materials in case of looting and inform OXSI for required technical support to return the looted materials to the original place.

· Take responsibility to inform OXSI in case of non-functioning solar lights.

· Regularly check to see if the solar lights are functioning.

· Take care of the overall security of the solar system.

**Oxfam + Solidarites International (OXSI) agree to:**

· Provide fully installed solar systems with functioning lights in the pre-identified areas.

· Provide regular technical supervision of the solar system and technical support whenever it is needed.

· Replace damaged materials (if the materials are not stolen).

DATE JULY 8, 2019

OXSI representative:

Community representative:

(5C ဆိုလာလျှပ်စစ်မီး လွှဲပြောင်းပေးအပ်ခြင်း မှတ်တမ်းလွှာ)

## တန်းတူညီမျှမှုအား အာရုံစိုက်ခြင်း - ကျား/မ ရေးရာ၊ ကာကွယ်စောင့်ရှောက်ခြင်း နှင့် လူတိုင်းပါဝင်လာခြင်း

အမျိုးသမီး၊ အမျိုးသား၊ ကလေး နှင့် သက်ကြီးရွယ်အိုများအားလုံးသည် လွှဲပြောင်းပေးအပ်ခြင်းလုပ်ငန်းစဥ်တွင် တက်ရောက်သင့်သည်။ ထိုသို့တက်ရောက်ခြင်းဖြင့် ၎င်းဆိုလာမီးတိုင်များသည် သူတို့နှင့်သက်ဆိုင်ကြောင်းနှင့် စခန်းတွင်ရှိသော ခေါင်းဆောင်များအတွက်သာလျှင်မဟုတ်ကြောင်း (သို့) ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး နှင့်ဆိုင်သော လုပ်ငန်းများတွင် ပါဝင်သူများအတွက်သာလျှင်မဟုတ်ကြောင်း ရှင်းလင်းစွာ သိရှိနားလည်နိုင်ပါသည်။ လွှဲပြောင်းပေးအပ်ခြင်းလုပ်ငန်းစဥ်အား လုပ်ဆောင်နေစဥ်အတွင်း ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းအား ဆောင်ရွက်နေသော အဖွဲ့အစည်းများမှ တက်ရောက်သူများအား စည်းမျဥ်းစည်းကမ်းများနှင့် တာဝန်ဝတ္တရားများကို သေချာစွာ ရှင်းပြပေးရပါမည်။ ဥပမာအားဖြင့် OXSI မှ တာဝန်ယူဆောင်ရွက်နေသော စခန်းများတွင် အမျိုးသားများနှင့် ယောက်ျားလေးများအား ဆိုလာမီးတိုင်အောက်တွင် စုဝေးနေထိုင်ခြင်းမပြုရန် တားမြစ်ထားသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းအပြုအမူများသည် အမျိုးသမီးများနှင့် မိန်းကလေးများအတွက် အိမ်သာအသုံးပြုရာတွင် လုံခြုံမှုမရှိသည့်အပြင် ဆိုလာမီးတိုင်များတပ်ဆင်ခြင်း၏ ရည်ရွယ်ချက်နှင့်လည်းပဲ ဆန့်ကျင်နေပါသည်။ အကယ်၍ ၎င်းလုပ်ငန်းစဥ်များတွင် စည်းမျဥ်းစည်းကမ်းများအား ရှင်းလင်းစွာ ဖော်ပြထားခြင်း နှင့် အဆောက်အအုံများအား သူတို့ကိုယ်တိုင် ပိုင်ဆိုင်ကြောင်း ခံစားရခြင်းများ ရှိလာပါက အမျိုးသမီးများနှင့် မိန်းကလေးများသည် ၎င်းအပြုအမူများနှင့်ပတ်သတ်၍ တိုင်ကြားရန် ယုံကြည်မှုပိုမိုရရှိလာမည်ဖြစ်ပါသည်။



*လွှဲပြောင်းပေးအပ်ခြင်းမှတ်တမ်းလွှာအား အဖွဲ့အစည်းမှတစ်စောင်နှင့် လူထုမှရွေးချယ်ထားသော ကိုယ်စားလှယ်တစ်ဦးမှ တစ်စောင်စီ သိမ်းထားကြပါသည်။*


၆.၁
အိမ်ထောင်မိသားစုများမှ ထွက်သည့်
စွန့်ပစ်အမှိုက်များကို ခွဲခြားခြင်း
အမှိုက်များအား သိမ်းခြင်း နှင့်
သယ်ပို့ခြင်း
၆.၂
အမှိုက်မီးရှို့စက် ဒီဇိုင်း နှင့်
လုပ်ဆောင်ပုံ
၆.၃
၆.၄
အမှိုက်မီးရှို့စက်များအား
စောင့်ကြည့်စစ်ဆေးခြင်း နှင့်
ပြုပြင်ခြင်း
၆.၆
သန့်ရှင်းရေး
ကမ်ပိန်းများ
၆.၅
အသုံးပြုထားသည့်
အမျိုးသမီးလစဉ်သုံး
ပစ္စည်းများအား
မီးရှို့သည့်စက်များ

# အခန်း(၆) စွန့်ပစ် အစိုင်အခဲ အမှိုက်များအား စီမံခန့်ခွဲခြင်း

မြန်မာနိုင်ငံအပါအဝင် နိုင်ငံအများစုတွင် မြူနီစီပယ် ၏ စွန့်ပစ်အစိုင်အခဲ အမှိုက်များအား စီမံခန့်ခွဲခြင်း (SOLID WASTE MANAGEMENT) ကို မြို့ကြီးပြကြီးများ ၏ ပြင်ပနေရာများတွင် ဦးစားပေးလုပ်ဆောင်ကိုင်တွယ်လေ့ မရှိကြပါ။ ထိုအခါ အိမ်ထောင်စုအများစုသည် စွန့်ပစ်အမှိုက်များအား ၎င်းတို့ကိုယ်တိုင် ကိုင်တွယ်ဖြေရှင်းကြရပါသည်။ ရှုပ်ထွေးသည့် စွန့်ပစ်အစိုင်အခဲ အမှိုက်များ စီမံခန့်ခွဲခြင်း(SOLID WASTE MANAGEMENT) လုပ်ဆောင်နည်းများ အထူးသဖြင့် စနစ်တကျ စွန့်ပစ်ခြင်း သည် လူသားချင်းစာနာထောက်ထားမှု အခြေအနေတွင် လုပ်ကိုင်ရသည့် ပရိုဂရမ်များအတွက် အလွန်ဈေးကြီးတတ်သော ကြောင့် ပြည့်စုံကောင်းမွန်ခြင်းမရှိသော၊ ရေရှည်တွင် မတည်မြဲနိုင်သော ဖြေရှင်းနည်းများဖြင့်သာ လုပ်ဆောင်ရစေတတ်ပါသည်။ ထိုသို့ လုပ်ဆောင်ရခြင်း ကြောင့် ကာလတာရှည် ဖြစ်နေသည့် အရေးပေါ်အခြေအနေများတွင် အခက်အခဲ၊ ပြဿနာများ ဖြစ်စေနိုင်ပါသည်။ သို့သော် ပြည်သူ့ ကျန်းမာရေး အန္တရာယ်များကို လျှော့ချရန် နှင့် ပတ်ဝန်းကျင် ကို သန့်ရှင်းအောင် ထိန်းသိမ်းရန် အတွက် ရေ၊ မိလ္လာ နှင့် သန့်ရှင်းရေး (WASH) ပရိုဂရမ်များ လုပ်ဆောင်သည့်အခါတွင် စွန့်ပစ်အစိုင်အခဲ အမှိုက်များအား စီမံခန့်ခွဲခြင်း (SOLID WASTE MANAGEMENT) သည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ လူထုအတွက် ကျန်းမာရေး အသိပညာ မြှင့်တင်သည့် အစီအစဥ်များ ဖြင့် ရောဂါဖြစ်ပွားမှု လျှော့ချခြင်း၊ လူမှုဝန်းကျင် ရှိ နေထိုင်သူများ ၏ ပတ်ဝန်းကျင်ကို သန့်ရှင်းအောင် လုပ်ဆောင်နိုင်ဖို့ အကူအညီပေးလုပ်ဆောင်ခြင်း တို့ကို SOLID WASTE MANAGEMENT နှင့် ချိတ်ဆက် ပေးသည့် အပြင် စွန့်ပစ် အစိုင်အခဲအမှိုက်များကို စုဆောင်းခြင်း၊ သယ်ပို့ခြင်း နှင့် စွန့်ပစ်ခြင်း တို့ကို WASH အဖွဲ့အစည်းများ မှ လုပ်ဆောင်နေပါသည်။

စွန့်ပစ်ပစ္စည်းများအား သိမ်းယူခြင်း၊ စွန့်ပစ်ခြင်း နှင့် စွန့်ပစ် အမှိုက်များပေါ်ထားသည့် သဘောထားများ၊ ဒေသရေခံမြေခံ နှင့် ဆိုင်သည့် အကန့်အသတ်များ၊ ထွက်လာသည့် စွန့်ပစ်အမှိုက်များ ၏ အမျိုးအစားများပေါ် တွင် မူတည်၍ SOLID WASTE MANAGEMENT စနစ်၏ အသေးစိတ်ပုံစံများသည် အမျိုးမျိုးကွဲပြား နိုင်ပါသည်။ WASH အဖွဲ့အစည်း များ သည် စနစ်တစ်ခု ကို စတင်လုပ်ဆောင်ခြင်း မပြုမီ အိမ်ထောင်မိသားစု အဆင့် နှင့် ရပ်ရွာလူထု အဆင့်တွင် စွန့်ပစ်အမှိုက်များ ကို မည်သို့ကိုင်တွယ် နေသည်ဆိုသည့် အချက်အပြင် လမ်းကြောင်းများကို သုံးသပ်လေ့လာ ထားခြင်း၊ စွန့်ပစ်အမှိုက်များသိမ်းရန် လိုအပ်နိုင်မည့် ကြိမ်ရေ နှင့် အလုပ်သမား အရေအတွက်အပြင် အမှိုက်များကို စွန့်ပစ်မည့်နေရာများ၊ နည်းလမ်းများ စသည့်တို့ကို လေ့လာ သုံးသပ်ထားဖို့လိုပါသည်။

# ၆.၁ အိမ်ထောင်မိသားစုများမှ ထွက်သည့် စွန့်ပစ်အမှိုက်များကို ခွဲခြားခြင်း

**အိမ်ထောင်စုများမှ ထွက်သည့် စွန့်ပစ်အမှိုက်များ ကို သုံးသပ်စိစစ်ခြင်းဖြင့် အမှိုက်များကို ခွဲခြားသည့် စနစ် ရှိနေပါက ဘယ်လောက် ပမာဏထိ ခွဲခြားထားသလဲ ဆိုသည်ကို ညွှန်ပေးနိုင်ပါသည်။**

အိမ်ထောင်စု အဆင့်တွင် အမှိုက်များကို ခွဲထုတ်ပေးခြင်းကြောင့် စွန့်ပစ်အစိုင်အခဲအမှိုက်များအား ကိုင်တွယ်ဖြေရှင်းရာတွင် အများအားဖြင့် ပိုမိုထိရောက်စေနိုင်ပါသည်။ သို့သော် ထိုအချက်သည် ထွက်လာသည့် စွန့်ပစ်အမှိုက် အမျိုးအစားများ၊ အမှိုက်များအား ပြန်လည်အသုံးချနိုင်မှု ရှိမရှိ နှင့် နောက်ဆုံး စွန့်ပစ်သည့် နည်းလမ်းများ စသည့် အကြောင်း အရာများစွာပေါ်တွင် မူတည်ပါသည်။ စစ်တွေရှိစခန်းများတွင် ပြုလုပ်ခဲ့သည့် လေ့လာချက်အရ အိမ်ထောင်စု များသည် အမှိုက်များအားခွဲခြားရန် အသေးစားလက်ဆောင်ပစ္စည်းများကို လက်ခံရရှိနေပြီ ဖြစ်ကြောင်းသိရပါသည်။ ဥပမာ - အိမ်ထောင်စု များသည် အစားကြွင်းကျန်များကို ကြက်များအား ကျွေးခြင်း သို့မဟုတ် ပြန်လည်အသုံးပြုနိုင်မည့် ပစ္စည်းများအား စုဆောင်းထားပြီး ပြန်လည် အသုံးချနိုင်သည့် ပစ္စည်းများကို ဝယ်ယူသည့် ဆိုင်များသို့ ပြန်၍ ရောင်းချခြင်းတို့ကို လုပ်ဆောင်ကြပါသည်။ စွန့်ပစ်အမှိုက်များ ၏ စီးဆင်းပုံ ကို သိရှိရန် လေ့လာသုံးသပ်ပြီးနောက် အော်ဂဲနစ်စွန့်ပစ်ပစ္စည်းများ၊ ပြန်လည်အသုံးချနိုင်သည့် ပလတ်စတစ်၊ ဖန်၊ သတ္တု နှင့် စက္ကူ တို့သည် စွန့်ပစ်ပစ္စည်း ထဲ တွင် အများစု မပါဝင်နေကြောင်းကို သိရှိခဲ့ရသည့်အတွက် SOLID WASTE MANAGEMENT စနစ်အား စတင်လုပ်ဆောင် ရန် OXSI အတွက် လိုအပ်သည့် သတင်းအချက်အလက်များ ရရှိခဲ့ပါသည်။

စစ်တွေရှိ အသွားအလာကန့်သတ်ထားသော စခန်းများထဲမှ စခန်းတစ်ခု တွင် အမှိုက်များအား ခွဲခြားရန် ထို စခန်းတွင် နေထိုင်သူများ နှင့် စမ်းသပ်မှုတစ်ခုကို ယခင်ပရိုဂရမ်တစ်ခုတွင် Oxfam မှ လုပ်ဆောင် ခဲ့ပါသည်။ စခန်းများတွင် သိမ်းယူလာသည့် အမှိုက်များအား မီးရှို့စက်ဖြင့် မီးရှို့ဖျက်ဆီးလေ့ရှိခြင်းကြောင့် မီးလောင်ရန် မလွယ်သည့် ပစ္စည်းများဖြစ်သည့် ဖန်ခွက်/ဖန်စများ၊ သတ္တုများကို ကြိုတင်ဖယ်ရှားပေးထား ခြင်းသည် မီးရှို့စက်တွင် တာဝန်ယူသည့် လုပ်သားများ အတွက် ပိုမိုလွယ်ကူလျင်မြန်စွာ လုပ်ဆောင်စေနိုင်ပါသည်။ စားစရာများအား လှီးဖြတ်ထားသည့် အမှိုက်များကဲ့သို့ အမှိုက်အစိုများကို ခွဲခြားထားပါက မီးလောင် ကျွမ်းမှုကို ပိုမိုအားကောင်းစေပြီး မီးခိုးအထွက် နည်းစေနိုင်ပါသည်။ အမှိုက်များအား ခွဲခြားရန် ပြုလုပ်သည့် ရှေ့ပြေးအစီအစဥ် တွင် အသိပညာပေးသည့် အစီအစဥ်များ၊ အော်ဂဲနစ်အမှိုက် နှင့် အမှိုက်အခြောက်များ အား ခွဲခြားရန် အမှိုက်ပုံးများ ပေးဝေခြင်း စသည့် အစီအစဥ်များပါဝင်ပါသည်။ အဆိုပါ ရှေ့ပြေးအစီအစဥ်ပြီး နောက် စခန်းတွင် နေထိုင်ကြသူများတွင် အချို့အိမ်ထောင်စုများ သည် အမှိုက်များကို ပထမဆုံးအကြိမ် စတင်ခွဲခြား လာကြပြီး အခြားအိမ်ထောင်စုများသည် ခြင်းတောင်း တစ်ခုထဲတွင် အမှိုက်များကို စုပုံထည့်ကြသဖြင့် ကွဲပြား သည့် အပြုအမူများဖြစ်လာစေပါသည်။

ယခုအစီအစဥ် တွင် OXSI သည် အမှိုက်များအား ခွဲခြားကြရန် ဆက်လက်အားပေးလုပ်ဆောင်သည့် အတွက် ယခင်အစီအစဥ်အတိုင်းကွဲပြားသည့် ရလဒ်များထွက်ပေါ်လာပါသည်။ အချို့ မိသားစုများ သည် တိရိစ္ဆာန် များအား အစာအကြွင်းအကျန် များအားကျွေးခြင်း နှင့်/သို့မဟုတ် ပစ္စည်းများအား ပြန်လည်အသုံးချသည့် သူများထံသို့ ပစ္စည်းများ ရောင်းချ ခြင်းတို့ကို ဆက်၍ လုပ်နေကြပါသည်။ တချိန်တည်းမှာပင် အခြားမိသားစုများသည် ပစ္စည်းအဟောင်းများပြန်ရောင်းနိုင်သည့် ဆိုင်များ နှင့် ဝေးခြင်း သို့မဟုတ် ရှိမှန်းမသိခြင်း၊ အစာအကြွင်းအကျန်များအား ကျွေးရန် ကြက် သို့မဟုတ် အခြား တိရိစ္ဆာန်များ မရှိခြင်း၊ အမှိုက်များအား ခွဲထုတ်ရန် ၎င်းတို့နေထိုင်သည့် အခန်းတွင် အမှိုက်ပုံးများမရှိခြင်း သို့မဟုတ် အမှိုက်များကို မခွဲထုတ်လိုခြင်း စသည့် အကြောင်းအရင်းများကြောင့် အမှိုက်များကို စုပေါင်း၍ စွန့်ပစ်ကြဆဲဖြစ်ပါသည်။ အများအားဖြင့် အမှိုက်များအား ခွဲထုတ်သည့် အလေ့အထကို မလုပ်ဆောင်နေသော မိသားစုဝင်များအား ထိုအလေ့အထများ ပုံမှန်ကျင့်သုံးလုပ်ဆောင်ရန် လုံလောက်သည့် အားပေးဆွဲဆောင်မှုများ မလုပ်ဆောင်နိုင်နေခြင်းကြောင့် ဖြစ်ပါသည်။ အိမ်ထောင်စု တစ်စုချင်းစီ အလိုက် အထူးလိုအပ်သည့် အရာများပေါ် မူတည်၍ အိမ်ထောင်စု အဆင့် စွန့်ပစ်အမှိုက်များအား ခွဲခြားသည့် အလေ့အထများကို တွန်းအားပေးသည့် သို့မဟုတ် အတားအဆီး ဖြစ်စေသည့် အခြားအကြောင်းအရင်းများကို အနာဂတ်တွင် လေ့လာသွားရန် OXSI မှ လေ့လာသွား ဖြစ်မည် ပါသည်။




*အချို့အိမ်ထောင်စုများသည် စွန့်ပစ်အမှိုက်များကို အမျိုးအစားသုံးမျိုးခွဲကြသည် - အော်ဂဲနစ်အမှိုက်များ၊ ပြန်လည်အသုံးပြုနိုင်သော ပစ္စည်းများ နှင့် အခြားအရာများ*

(6A - စွန့်ပစ်အမှိုက်များအား ခွဲခြားမှု ကိုပြသသည့် IEC)

### အကြံပြုချက် -

အမှိုက်များထပ်ပြီး မထွက်လာစေရန် တတ်နိုင်သ၍ ကြိုးစားရှောင်ကျဥ်ခြင်းသည် တာဝန်ယူမှုရှိသည့် စွန့်ပစ် အစိုင်အခဲအမှိုက်များအား စီမံခန့်ခွဲခြင်း ဖြစ်ပါသည်။ OXSI သည်လည်း စခန်းတွင်နေထိုင်သူများအား အစားအစာ မဟုတ်သည့် ပစ္စည်းများ ဖြန့်ဝေပေးသည့်အခါတွင် ထုတ်ပိုးမှုကို အနည်းဆုံးဖြစ်အောင် လုပ်ဆောင်ပေးပါသည်။ ဥပမာ - လစဥ် ပေးဝေနေသည့် ကျန်းမာရေးအကူပစ္စည်းများ ကို ပေးဝေသည့်အခါတွင် စခန်းတွင်း နေသူများ ပစ္စည်းထည့်ရန် အတွက် သုံးနိုင်မည့် သို့မဟုတ် မီးစာ အဖြစ် အသုံးပြုနိုင်မည့် ကတ်ထူ စက္ကူဘူး များဖြင့် ပေးဝေပေးပါသည်။ အဆိုပါ ပစ္စည်းများတွင် အမျိုးသမီးလစဥ်သုံးပစ္စည်းများကိုသာ ပလတ်စတစ်များဖြင့် ထုတ်ပိုးထားခြင်းဖြစ်ပါသည်။




စစ်တွေ စခန်းများရှိ အမှိုက် စုဆောင်းမှုများ

# ၆.၂ အမှိုက်များအား သိမ်းခြင်း နှင့် သယ်ပို့ခြင်း

**အိမ်ထောင်စုသုံး အမှိုက်ပုံးများပြည့်သွားပါက စွန့်ပစ်အစိုင်အခဲအမှိုက်များကို အိမ်များမှ သိမ်းယူခြင်း သို့မဟုတ် အမှိုက်များအား သိမ်းရန် နှင့် အမှိုက်များကို ကိုင်တွယ်သည့် နေရာသို့ သယ်ပို့ စွန့်ပစ်ရန်အတွက် နေရာတစ်ခု တွင် စု၍ စွန့်ပစ်ပေးထားခြင်းတို့ကို လုပ်ပေးထားရပါမည်။**

တိုင်ပင်ဆွေးနွေးခြင်း နှင့် အတွေ့အကြုံ များမှ တဆင့် မတူညီသည့် အများပြည်သူသုံး အမှိုက်ပုံး ဒီဇိုင်းများ ၏ အကျိုး နှင့် အပြစ်များကို OXSI မှ လေ့လာတွေ့ရှိထားပါသည်။ ဥပမာ - ဝါးအမှိုက်သိုလောင်ကန်များသည် ပေါ့ပါးပြီး သယ်ရလွယ်ကူသလို၊ လေဝင် လေထွက်ကောင်းသော်လည်း (၆) လ တစ်ကြိမ်အမြဲ လဲပေးဖို့လိုပါသည်။ ကွန်ကရစ် အမှိုက်သိုလောင်ကန်များသည် ကြာရှည်ခံသော်လည်း ရွှေ့ပြောင်းသယ်ယူဖို့ ခက်ခဲပါသည်။ ပလတ်စတစ်ပုံးများသည် တောင့်တင်း ခိုင်မာပြီး ရွှေ့ပြောင်းရလွယ်ကူသော်လည်း ဈေးအကြီးဆုံး နည်းလမ်းတစ်ခု ဖြစ်ပါသည်။

အမှိုက်များကို ထိထိရောက်ရောက် စုသိမ်းနိုင်မှု၊ ပေးရသည့် ငွေနှင့် တန်မှု၊ တာဝန်ခံနိုင်မှုတို့ကို ထည့်သွင်း စဥ်းစားပြီးနောက် ၎င်းတို့နေထိုင်ရာ စခန်းများ ရှိ သီးခြား ဇုန်များ တွင် အမှိုက်များ ကောက်ပေးခြင်း၊ အများပြည်သူသုံး အမှိုက်များကို သိမ်းပေးခြင်းတို့ကို လုပ်ဆောင်ပေးရန် OXSI မှ ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ပေးမည့်သူများ ကို ငှားရမ်းခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။ လူနေထူထပ်သည့် စခန်းများတွင် ကျဥ်းမြောင်းပြီး လမ်းမခင်းထားသည့် လမ်းများသာ ရှိသောကြောင့် သန့်ရှင်းရေးလုပ်သားများသည် အမှိုက်များ သိမ်းရန် အတွက် ယာဥ် နှင့်စက်ပစ္စည်း ကြီးကြီးမားမားကို အသုံးပြု၍ မရနိုင်ပါ။ ထို့ကြောင့် လက်တွန်းလှည်းများကိုသာ အသုံးပြုပြီး အမှိုက်များကို လိုက်သိမ်းယူရပါသည်။ အဆိုပါ လက်တွန်းလှည်းများပြည့်သွားပါက စခန်းတိုင်းတွင် ထားရှိပေးထားသည့် မီးရှို့စက်များ သို့ သယ်ယူသွားပေးကြပါသည်။ အများပြည်သူအသုံးပြုသည့် အမှိုက်ပုံးများ ကို နေရာချထားသည့် ပုံစံသည်လည်း အထူးအရေးကြီးပါသည်။ အထူးသဖြင့် အမျိုးသမီးများ နှင့် မိန်းကလေးငယ်များသည် နေ့ရော၊ ညပါ အဝေးသို့ လမ်းလျှောက်သွားစရာမလိုအပ်ပဲ အမှိုက်ကို အမှိုက်ပုံးထဲသို့ အလွယ်တကူ စွန့်ပစ်နိုင်ဖို့လိုပါသည်။ သို့သော် အမှိုက်ပုံးများကို အများအပြားထားရှိပါက သန့်ရှင်းရေးလုပ်သား များအတွက် ဝန်ထုတ်ဝန်ပိုးဖြစ်စေပြီး အမှိုက်ပုံးများအားလုံးကို မကြာခဏ လိုက်မသိမ်းနိုင်ပဲဖြစ်စေနိုင်ပါသည်။ ထိုအခါ မသိမ်းပဲ ထားသည့် အမှိုက်ပုံးများသည် လူထုကျန်းမာရေးကိုထိခိုက်စေနိုင်သလို၊ အနံ့ဆိုးများကြောင့် အနီးဝန်းကျင်ရှိမိသားစုများ အတွက် စိတ်အနှောင့်အယှက်ဖြစ်လာပြီး ထိုအမှိုက်ပုံးကို ဖယ်ရှားလိုက်တာမျိုး ဖြစ်နိုင်ပါသည်။

### ရှေ့ပြေးစမ်းသပ်မှု

အမှိုက်သိမ်းသည့် လုပ်ငန်းစဥ် ပို၍ ထိရောက်ကောင်းမွန်လာစေရန် အတွက် OXSI သည် စခန်းတစ်ခု တွင် အမှိုက်သိမ်းသည့် စနစ်အသစ် တစ်ခုကို စတင်မိတ်ဆက် ပေးခဲ့ပါသည်။ ထိုသို့ ရှေ့ပြေးစမ်းသပ်သည့် ကာလတွင် သန့်ရှင်းရေးလုပ်သား များသည် တပတ်လျှင် တူညီသည့်အချိန်၊ တူညီသည့်နေရာတွင် ကြိုတင်စီစဥ် ထားသည့် လမ်းကြောင်းအတိုင်းသွားပြီး အမှိုက်များကို သိမ်းရမည်ဖြစ်သည်။ ထိုသို့ သိမ်းသည့်အခါတွင် ခေါင်းလောင်း များကို အသုံးပြု၍လူများကို အချက်ပြရပါမည်။ အချက်ပြသံ ကြားသည့်အခါတွင် လူအများက သန့်ရှင်းရေး လုပ်သားတို့၏ လက်တွန်းလှည်းရှိသည့်နေရာသို့ အရောက်လာပြီး အမှိုက်များကို ပစ်ပေးရသည့် ပုံစံမျိုး ဖြစ်ပါသည်။ အမှိုက်လှည်းရောက်သည့် အချိန်တွင် ထိုအိမ်မှ အမှိုက်ပစ်မည့်သူမရှိပါက အများပြည်သူ အတွက် ထားပေးထားသည့် အမှိုက်ပုံးကို အရင်နည်းအတိုင်းအသုံးပြု၍ပစ်နိုင်ပါသည်။ အမှိုက်လှည်းပြည့်သွားပါက သန့်ရှင်း ရေးလုပ်သားများသည် အမှိုက်များကို မီးရှို့သည့်စက်သို့သယ်သွားပြီး စွန့်ပစ်ပေး ရမည်ဖြစ်ပါသည်။

အဆိုပါ ရှေ့ပြေးစမ်းသပ်မှုကို တစ်လ အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့ပြီး အမှိုက်စွန့်ပစ်သည့် စနစ် အသစ်ကို အသုံးပြုခဲ့ကြသည့် အိမ်ထောင်စုများထဲမှ (၈၂ %) ဖြစ်သည့် အိမ်ထောင်စု (၆၀) စု ကို စစ်တမ်းကောက်ယူ မေးမြန်းခဲ့ပါသည်။ တပတ် အတွင်း သန့်ရှင်းရေးလုပ်သားများ အရင်နည်းအတိုင်းသိမ်းခဲ့စဥ်က အမှိုက်ပမာဏ နှင့် ယခု ပုံစံ အသစ်ဖြင့် သိမ်းသည့် အမှိုက်ပမာဏ သည် သိသိသာသာ ကွာဟသွားခြင်း မရှိသော်လည်း ထိုတူညီသည့် အမှိုက်ပမာဏကို သိမ်းရန် သန့်ရှင်းရေးလုပ်သားများ တပတ်တာအတွင်း အလုပ်လုပ်ရသည့် ရက်စုစုပေါင်းသည် သိသိသာသာ လျော့ကျသွားခဲ့ပါသည်။ ထို့အပြင် ယခုစနစ် အသစ်တွင် အမှိုက်သိမ်းသည့် နေရာ တိုင်း၌အမှိုက်များကို ဂေါ်ပြားဖြင့် ကော်ပြီး မသိမ်းရသဖြင့် ၎င်းတို့ အတွက် ပို၍ လွယ်ကူအဆင်ပြေစေကြောင်းကို သန့်ရှင်းရေးလုပ်သားများက ပြောပြကြပါသည်။ အများပြည်သူ အတွက် ထားပေးထားသည့် အမှိုက်စွန့်ပစ်သည့်နေရာများတွင် အမှိုက်များကို သိမ်းပေးရန် လိုအပ်သေးသော်လည်း ယခင်ကလောက် မကြာခဏလုပ်ရန် မလိုအပ်တော့ပါ။

ထို့အပြင် လက်တွန်းလှည်းများ ၏ ဒီဇိုင်းလိုအပ်ချက်များကို သိရှိလာအောင် ယခု ရှေ့ပြေးအစီအစဥ်က ကူညီပေးခဲ့ပါသည်။ လက်တွန်းလှည်းများသည် သေးလွန်းပြီး သိမ်းလာသည့် အမှိုက်များကို ပြန်စွန့်ပစ်ရန် အတွက် ခက်ခဲကြောင်းကို သန့်ရှင်းရေးလုပ်သားများက ပြောပြကြပါသည်။ ထိုသို့ ကြုံတွေ့ရသည့် အခက်အခဲ များကြောင့် နောက်ပိုင်းလက်တွန်းလှည်းအသစ်များကို ပိုပြီးမြင့်သည့် နံရံများ ထည့်ပေးပြီး နောက်ဖုံးတံခါးပါ သည့်ပုံစံမျိုးဖြင့် ပြောင်းလဲ လုပ်ဆောင်ပေးခဲ့ပါသည်။ ဒီဇိုင်းအသစ်တွင် လက်တွန်းလှည်းများသည် အမှိုက်များကို ပိုထည့်သယ်နိုင်လာပြီး အမှိုက်များ ထည့်ခြင်း၊ ထုတ်ခြင်းတို့ လုပ်သည့်အခါ ပို၍ လွယ်ကူလာစေပါသည်။ သို့သော် လက်တွန်းလှည်းဒီဇိုင်းအသစ်ကို သန့်ရှင်းရေးလုပ်သားတိုင်းက နှစ်သက် ကြသည်တော့မဟုတ်ပါ။ အထူးသဖြင့် အမျိုးသမီး လုပ်သားများအတွက် အသစ်ဒီဇိုင်းသည် ကြီးပြီး လေးလံသောကြောင့် စခန်းတွင်းရှိ သဲ နှင့် ရွှံ့မြေ နေရာများတွင် တွန်းရ၊ ဆွဲရသည့်အခါတွင် အခက်အခဲဖြစ်သည့်အတွက် လက်တွန်းလှည်း အဟောင်း ကိုသာ အသုံးပြုကြပါသည်။

ယခုချိန်တွင် OXSI မှ WASH ကို တာဝန်ယူစီမံပေးနေသည့် စခန်းစုစုပေါင်း ၏ တဝက်ခန့်တွင် အဆိုပါ အမှိုက်သိမ်းသည့် စနစ် အသစ်ကို တိုးမြှင့် လုပ်ဆောင်နေပြီဖြစ်ပါသည်။ ကျန်သည့် စခန်းများ မှ သန့်ရှင်းရေး လုပ်သားများသည် အမှိုက်ပုံးများမှ အမှိုက်များကို လက်တွန်းလှည်းများဖြင့် သိမ်းပြီးနောက် အမှိုက်မီးရှို့သည့် စက်များသို့ ဆက်၍ ပို့ပေးသည့်နည်း အတိုင်းလုပ်ဆောင်နေဆဲဖြစ်ပါသည်။ မတူညီသည့် စနစ်များသည် မတူညီ သည့် အခြေအနေများတွင် အလုပ်ဖြစ်နေတတ်ပါသည်။ ထို့ကြောင့် ရွေးချယ်စရာ နည်းလမ်းများကို အရင်ဦးဆုံး ရှေ့ပြေးစမ်းသပ်ပြီးနောက် ရပ်ရွာလူထု နှင့် တိုင်ပင်ဆွေးနွေးပြီး မည်သည့်နည်းလမ်းက အကောင်းဆုံးဖြစ်မလဲဆို သည်ကို အဖြေရှာဖို့ အရေးကြီးပါသည်။

### တန်းတူညီမျှမှုအား အာရုံစိုက်ခြင်း - ကျား/မ ရေးရာ၊ ကာကွယ်စောင့်ရှောက်ခြင်း နှင့် လူတိုင်းပါဝင်လာခြင်း


လူသားချင်းစာနာထောက်ထားမှု အတွက် တုံ့ပြန်လုပ်ဆောင်ရသည့်အခါ တွင် ထိခိုက်ခံစားရသူလူထု အတွက် ပတ်ဝန်းကျင်သန့်ရှင်းရေး အလုပ်သည် ဝင်ငွေရသည့် အခွင့်အလမ်းကို ဖန်တီးပေးနိုင်ပါသည်။ WASH အစီအစဉ်များ တွင် အများစုသည် ဆောက်လုပ်ရေး နှင့် ပစ္စည်းများကို ထိန်းသိမ်းပြုပြင်ရသည့် အလုပ်များဖြစ်သည့်အခါ အလုပ်သမားများသည် အများအားဖြင့် အမျိုးသား အများစုသာ ဖြစ်တတ်ပါသည်။ ထိုအခါ အမျိုးသမီးများ အတွက် အသက်မွေးလုပ်ငန်း အခွင့်အလမ်းများ ရနိုင်ခွင့် နည်းပါးစေပါသည်။ သို့သော် အမျိုးသမီးများကို ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်သားများအဖြစ် အများအားဖြင့် လက်ခံတတ်ကြပါသည်။ ထိုအတွက်ကြောင့် ဤ အစီအစဉ်အားဖြင့် အမျိုးသမီးများ ဝင်ငွေရနိုင်သည့် အရေးကြီးသော အလုပ်အကိုင်အခွင့်အလမ်းတစ်ခုကို ရရှိစေပါသည်။ OXSI ၏ အချို့စခန်းများ တွင် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်သားများကို လစဉ် အဆိုင်းများ ခွဲ၍ ချပေးထားပါသည်။ ထိုအခါ သန့်ရှင်းရေး လုပ်သားတစ်ယောက်သည် လ တစ်လ ၏ သီတင်းပတ် (၂)ပတ် ကို လုပ်ပြီး နောက်တစ်ယောက် နှင့် အလှည့်ကျလုပ်ခြင်းဖြင့် ဝင်ငွေရသည့် အလုပ်အကိုင်အခွင့်အလမ်းရှိသူ ပိုတိုးလာစေပါသည်။

# ၆.၃ အမှိုက်မီးရှို့စက် ဒီဇိုင်း နှင့် လုပ်ဆောင်ပုံ

**အရေးပေါ်အခြေအနေ အထူးသဖြင့် ကျေးလက်ဒေသများတွင် ဒေသခံအစိုးရ အာဏာပိုင်များသည် စွန့်ပစ်အမှိုက်များစီမံခန့်ခွဲသည့် ဝန်ဆောင်မှုများမပေးနိုင်ခြင်းကြောင့် WASH ပရိုဂရမ်များလုပ်ဆောင်သည့် အဖွဲ့အစည်းများ အတွက် စွန့်ပစ်အမှိုက်များအား ကိုင်တွယ်၊ စွန့်ပစ်ရန် အတွက် ရွေးချယ်စရာနည်းလမ်းများ နည်းပါးစေနိုင်ပါသည်။**

စွန့်ပစ်အမှိုက်များအား ကိုင်တွယ်စီမံမည့် စနစ်တစ်ခုကို အဆုံးသတ်မရွေးချယ်မီ ရပ်ရွာ လူထု နှစ်သက်သည့် ပုံစံကို နားလည်ရန် အပါအဝင် စွန့်ပစ်အမှိုက်များအကြောင်းကို သုံးသပ်စိစစ်သည့် အစီအစဥ်ကို လုပ်ဆောင်သင့်ပါသည်။ ရေကြီးရေလျှံဖြစ်လေ့ရှိပြီး လူဦးရေထူထပ်သည့် စစ်တွေမြို့ရှိ စခန်း များတွင် မြေနေရာတစ်ခုကို ရွေးပြီး အမှိုက်များစုပုံပစ် သည့်နေရာလုပ်ရန်မှာ မဖြစ်နိုင်ပါ။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင် အတွက် ရေရှည်အားဖြင့် အကျိုးမဖြစ်နိုင်သော်လည်း စွန့်ပစ်အမှိုက်များကို မီးရှို့ဖျက်စီးသည့် နည်းလမ်းသည်သာ လက်တွေ့အကျဆုံးရွေးချယ်စရာ နည်းလမ်းဖြစ်ပါသည်။ OXSI ၏ စခန်းများတွင် အမှိုက်မီးရှို့သည့်စက် ပုံစံ ဒီဇိုင်း (၂) မျိုးရှိပါသည်။ စခန်းအများစုတွင် အမှိုက်မီးရှို့စက် အကြီးစားထဲမှ တစ်ခု ကို OXSI မှ ဦးဆောင်လည်ပတ်စေပါသည်။


## ဒီဇိုင်းအတွက် ထည့်သွင်းစဥ်းစားခြင်း



ကျန်သည့် စခန်းများတွင် De Montfort ဒီဇိုင်း အမှိုက်မီးရှို့စက် အသေးနှစ်ခုကို ထားပေးထားပါသည်။ အဆိုပါ ဒီဇိုင်းသည် ဆေးရုံ/ဆေးခန်းထွက် စွန့်ပစ်အမှိုက်များကို မီးရှို့ဖျက်စီးရန် အတွက် လုပ်ထားသည့် ဒီဇိုင်းဖြစ်ပြီး WHO မှ ထောက်ခံပေးထားသည့် ဒီဇိုင်းဖြစ်ပါသည်။ ထို့ကြောင့် ပိုမြင့်မားသည့် အပူချိန်ကို ရနိုင်ပြီး ပို၍ အကျိုးများစေပါသည်။ (De Montfort လက်စွဲစာအုပ်)။ ဆိုလိုသည်မှာ ဤ မီးရှို့စက်ဒီဇိုင်းများသည် ကြီးမားသည့် အမှိုက်မီးရှို့စက်များ ထက် ပို၍ သေးငယ်ပါသော်လည်း အမှိုက်များ ကို ပို၍ မြန်မြန် ဖြေရှင်း နိုင်ပါသည်။ သို့သော် အမှိုက်များကို မကြာခဏ ထပ်ထပ်ဖြည့်ထည့်ပေးရန် လိုသည့်အတွက် မီးရှို့စက်မှ လုပ်သား များအနေဖြင့် ပို၍ လုပ်အားစိုက်ထုတ်ဖို့လိုနိုင်ပါသည်။

*World Health Organization. (September 2004). Managing Health Care Waste Disposal. https://path.azureedge.net/media/documents/TS_waste_disposal_guide_part1.pdf

## ဒီဇိုင်းအတွက် ထည့်သွင်းစဉ်းစားခြင်း




## မှတ်သားစရာအချက်များ -

အမှိုက်မီးရှို့စက်အကြီးတစ်ခု သည် တစ်နာရီလျှင် အမှိုက်အခြောက် (၂၀) ကီလိုဂရမ်ကို လောင်ကျွမ်း ပေးနိုင်ပြီး တစ်နေ့လျှင် (၁၂) နာရီ လည်ပတ်နိုင်ပါသည်။ မီးရှို့စက်အကြီးတစ်ခုလုပ်ရန် ဒေါ်လာ ၄၄၃၀ ခန့်ကုန်ကျနိုင်ပါသည်။ (၂၀၂၀ ခုနှစ်)။ ပိုသေးသည့် De Montfort ဒီဇိုင်းအမှိုက်မီးရှို့စက်သည် တစ်လုံးလျှင် ဒေါ်လာ ၁၆၅၀ ခန့် ကုန်ကျနိုင်ပါသည် (၂၀၂၀ ခုနှစ်)။ (6B အမှိုက်မီးရှို့စက်တစ်လုံး၏ လိုအပ်သောပစ္စည်းများ ကုန်ကျမှုဆိုင်ရာ ခန့်မှန်းခြေစာရင်း နှင့် ပုံကြမ်း)



*အမှိုက်မီးရှို့လုပ်သားများသည် လောင်ကျွမ်းရန် အလားအလာရှိသော ဩဂဲနစ်စွန့်ပစ်ပစ္စည်းနှင့် လောင်ကျွမ်းရန် မဖြစ်နိုင်သော ပစ္စည်းများကို မြှုပ်နှံကြသည်။*

အမှိုက်မီးရှို့စက်များမှ ထွက်လာသည့် ညစ်ညမ်းစေသောပစ္စည်းများသည် လုပ်သားများအတွက် ကျန်းမာရေးအန္တရာယ်ကိုဖြစ်စေနိုင်ပါသည်။ ထိုကြောင့် WASH အဖွဲ့အစည်းများအနေဖြင့်ထိုကိစ္စကို အသေအချာ အလေးအနက်ထားကိုင်တွယ်ဖို့လိုပါသည်။ အဖွဲ့အစည်းမှ ချမှတ်ထားသည့် ကျန်းမာရေး နှင့် ဘေးကင်းလုံခြုံရေးနည်းလမ်းများကို ချမှတ်ထားဖို့လိုအပ်ပြီး လိုက်နာလုပ်ဆောင်ကြဖို့လိုပါသည်။ စွန့်ပစ်အမှိုက်များစီမံခန့်ခွဲရေးလုပ်ဆောင်သည့် လုပ်သားများအတွက် သင်တန်းများပေးခြင်း PPE များ ပေး၍ ဝတ်ဆင်စေရပါမည်။ ထိုအပြင် စွန့်ပစ်အမှိုက်များစီမံခန့်ခွဲရေးလုပ်ဆောင်သည့် လုပ်သားများ အတွက် WASH အဖွဲ့အစည်းများမှ ကာကွယ်ဆေးများ အထူးသဖြင့် မေးခိုင်ပိုးကာကွယ်ဆေးများထိုးပေးခြင်းတို့ကို လုပ်ပေးနိုင်ပါသည်။ ထိုအပြင် OXSI ရပ်ရွာတွင်း စည်းရုံးလှုံ့ဆော်ရေး အဖွဲ့မှ မီးရှို့စက်ကို တာဝန်ယူကိုင်တွယ်ပေးသည့် လုပ်သားများအတွက် သင်တန်းများ ပို့ချပေးပါသည်။ အထူးသဖြင့် အမှိုက်များကို ခွဲခြားသည့်နည်း၊ မီးမရှို့ခင် အမှိုက်များကို အခြောက်ခံသည့် နည်း၊ မီးရှို့စက်များအတွင်း သို့ အမှိုက်များကို ထည့်သည့်အခါ မီးလောင်ကျွမ်းမှု ပိုပြီးအားကောင်းလာအောင် ထည့်သည့်နည်းလမ်းများ နှင့် အလုပ်တွင် PPE ကို နည်းမှန်လမ်းမှန်အတိုင်း ဝတ်ရမည့် စည်းကမ်းများ နှင့် PPE ကို စနစ်တကျ ဝတ်ခြင်း၏ အရေးကြီးပုံတို့ကိုသင်ကြားပို့ချပေးပါသည်။

မီးရှို့စက်တွင် လုပ်သည့် လုပ်သားများသည် အောဂဲနစ်အမှိုက်များနှင့် မီးရှို့၍ မရနိုင်သည့် သတ္တုပစ္စည်းများ (ဥပမာ - သံချေးတက်နေသည့် သံချပ်ပြားများ) တို့ကို မီးရှို့စက်ရှိသည့် ဝန်းထဲ ရှိ ကျင်းထဲသို့ မြုပ်ပစ်နိုင် သလို ပြန်ရောင်းလို့ရနိုင်သည့် ပစ္စည်းကို ရွေးထုတ်ပြီး ဆိုင်တွင် ပြန်ရောင်းနိုင်ပါသည်။ ထို့အပြင် မီးရှို့ပြီးရလာသည့် ပြာများကိုလည်း ကျင်းထဲသို့ မြုပ်ပစ်ကြပါသည်။ သို့မှသာ ခြောက်သွေ့ရာသီ တွင် လေတိုက်၍ မပါသွား နိုင်ရန် ဖြစ်ပါသည်။ ထို့အပြင် အနီးဝန်းကျင်ရှိ တောင်သူလယ်သမားများမှ ၎င်းတို့၏ စိုက်ခင်းများတွင် အသုံးပြုရန် ပြာကို လာတောင်းပါကလည်း ပေးယူသုံးစေပါသည်။ တရားဝင်သတ်မှတ်ထားခြင်းမရှိသည့် နေရာတွင် အမှိုက်များကို မြုပ်နှံခြင်းသည် အကောင်းဆုံး ဖြေရှင်းနည်းတော့ မဟုတ်ပေ။ ထို့ကြောင့် အနာဂတ်တွင် ဆက်လုပ်မည့် ပရိုဂရမ်များတွင် ပိုမိုကောင်းမွန်သည့် နည်းလမ်းများကို ရှာဖွေပေးဖို့လိုပါသည်။

## OXSI ကြုံတွေ့ရသည့် စိန်ခေါ်ချက်များ

အချို့နေရာများတွင် အမှိုက်မီးရှို့စက်များ သည် လူနေအိမ်နေများ နှင့် နီးနေသည့်အတွက် မီးခိုးငွေ့များ နှင့် ပတ်သက်သည့် တိုင်ကြား ချက်များ တက်လာစေပါသည်။ သို့သော် ပိုဝေးသည့်နေရာများတွင် ထားပါက နေ့စဥ် SOLID WASTE MANAGEMENT လုပ်သားများ သည် အ ကြိမ်ရေ များစွာ အမှိုက်ကို သယ်ပို့ရသည့်အခါတွင် ခက်ခဲစေနိုင်ပါသည်။ ထို့အပြင် ပိုဝေးသည့် နေရာတွင် ထားပါက ခိုးမှုများကို ပိုဖြစ် စေနိုင် ပါသည်။ OXSI စခန်းများ ရှိ အမှိုက်မီးရှို့စက် များမှ (သံတံခါးများ၊ သစ်သားများ၊ ခေါင်မိုး သွပ်ချပ်များ စသည်တို့သည်) မကြာခဏ ခိုးယူခံရတတ်ပါသည်။

## OXSI ၏ ဖြေရှင်းနည်းများ

WASH အဖွဲ့အစည်းများသည် အမှိုက်မီးရှို့စက်များကို ထားရန် နေရာရွေးသည့်အခါတွင် ရပ်ရွာလူထု နှင့် တိုင်ပင်ဆွေးနွေးပြီးမှ သေချာ ဂရုစိုက်ရွေးချယ်ဖို့လိုပါသည်။ လူနေသည့် အဆောင်များ နှင့် ဝေးနိုင်သမျှ ဝေးသည့်နေရာတွင် ထားပေးရန် လိုပြီး မီးရှို့စက် မှ ထွက် သည့် မီးခိုးငွေ့များသည် လူနေအဆောင်များသို့ မရောက်စေရန် အတွက် လေတိုက်သည့် လမ်းကြောင်းကိုလည်း ထည့်သွင်းစဥ်းစားဖို့ လိုပါသည်။ မီးရှို့စက်များကို အဝေးနေရာ များတွင် မထားနိုင်ပါက မီးခိုးခေါင်းတိုင်ကို မြှင့်ပေးပြီး အမှိုက်မီးရှို့သည့် ရက်အရေအတွက်ကို လျှော့ချပေးနိုင်ပါသည်။

ဖောက်ထွင်းခိုးယူမှုများကို ကိုင်တွယ်ဖြေရှင်းရန် အတွက် WASH အဖွဲ့အစည်းများအနေဖြင့် ရပ်ရွာလူထုများနှင့်လက်တွဲပြီး မီးရှို့စက်များ နှင့် ဆက်စပ်အဆောက်အအုံများ အပေါ် တာဝန်မှုစိတ်ဓာတ်ရှိလာအောင် လုပ်ပေးနိုင်ပါသည်။ ထို့အပြင် အဆောက်အအုံများမှ ပစ္စည်းများ ခိုးယူရမလွယ်ကူစေရန် ကာကွယ် လုပ်ဆောင်ပေးနိုင်ပါသည်။ ခိုးယူမှုများကို ကာကွယ်ရန် အတွက် မီးရှို့စက်များ အား စောင့်ကြည့် ပေးဖို့ စခန်းခေါင်းဆောင်များအား OXSI မှ ချိတ်ဆက် အကူအညီ တောင်းနိုင်ပါသည်။ ထို့အပြင် မီးရှို့စက် နှင့် ဆက်စပ်အဆောက် အအုံများ တွင် တပ်ဆင်အသုံးပြုထားသည့် ပစ္စည်း များကို ဖြုတ်ခိုးရ ခက်နိုင်သည့် ပစ္စည်းများ နှင့် လဲပေးနိုင်ပါသည်။ ဥပမာ - သစ်သားတိုင်များ အစား ကွန်ကရစ်တိုင်များ။

# ၆.၄ အမှိုက်မီးရှို့စက်များအား စောင့်ကြည့်စစ်ဆေးခြင်း နှင့် ပြုပြင်ခြင်း


**နည်းပညာပိုင်းအရ ရှုပ်ထွေးပြီး အန္တရာယ်များသည့် အမှိုက်မီးရှို့စက်ကဲ့သို့သော အဆောက်အအုံ/ပစ္စည်းများကို ပြုပြင်ထိန်းသိမ်းရန် နှင့် စောင့်ကြည့်စစ်ဆေးရန် အတွက် ရပ်ရွာလူထုပါဝင်လာအောင် လုပ်ဆောင်နိုင်ဖို့မှာ အမြဲတမ်း မလွယ်ကူနိုင်ပါ။**



*OXSI သည် မီးရှို့စက်များကို လစဉ်လုပ်ဆောင်နိုင်စွမ်းကို စစ်ဆေးခြင်းနှင့် အတူ စောင့်ကြည့်သည်။*

အခြား WASH နှင့်သက်ဆိုင်သော အဆောက်အအုံများကဲ့သို့ အမှိုက်မီးရှို့စက်များအား ရပ်ရွာလူထုထံသို့ OXSI မှ "လွှဲပြောင်း" မပေးပါ။ ထို့ကြောင့် အမှိုက်မီးရှို့စက်များအား စောင့်ကြည့် စစ်ဆေးခြင်း နှင့် ပြုပြင်ထိန်းသိမ်းခြင်းတို့ လုပ်သည့်အခါတွင် ရပ်ရွာလူထုမှ ပါဝင်လေ့မရှိပါ။ ထို့ကြောင့် အမှိုက်မီးရှို့စက် တစ်ခုခြင်းစီ ၏ အခြေအနေကို စစ်ဆေးခြင်း၊ အစီရင်ခံခြင်းတို့ကို လစဉ် OXSI MEAL အဖွဲ့မှ လုပ်ဆောင်ပေးလေ့ရှိပါသည်။ (6C အမှိုက်မီးရှို့စက် အလုပ်လုပ်ခြင်း ရှိ/မရှိ စစ်ဆေးခြင်း။)အမှိုက်မီးရှို့စက်၏လုပ်ဆောင်နိုင်စွမ်း ကို စစ်ဆေး၍ ရလာသည့် အချက်အလက် များကို ဆောက်လုပ်ရေးအဖွဲ့ထံသို့ လွှဲပြောင်းပေးပြီး ထိုအဖွဲ့မှ ၎င်းတို့၏ လစဉ် လုပ်ငန်းစဉ်အတွင်း ပြင်ဆင်စရာရှိသည်များကို ထည့်သွင်းမှတ်သား ထားမည်ဖြစ်ပါသည်။ ပြင်ဆင်စရာရှိသည်များကို တိုင်ကြား နိုင်သည့် လုပ်ငန်းစဉ် (CRM) မှ တဆင့် ရပ်ရွာလူထုမှ လည်း အကြောင်းကြားပြောပြပေးနိုင်ပါသည်။

## OXSI ၏ အမှိုက်မီးရှို့စက်များ လုပ်ဆောင်လည်ပတ်နိုင်မှု စစ်ဆေးရန် စာရင်း




# ၆.၅ အသုံးပြုထားသည့် အမျိုးသမီးလစဉ်သုံးပစ္စည်းများအား မီးရှို့သည့်စက်များ

**လူသားချင်းစာနာထောက်ထားမှုကို တုံ့ပြန်ဆောင်ရွက်သည့် အဖွဲ့အစည်းများသည် အမျိုးသမီးများ ဓမ္မတာလာခြင်းဆိုင်ရာ တစ်ကိုယ်ရည်သန့်ရှင်းမှု စီမံခန့်ခွဲခြင်း (MHM) ကို အရေးပေါ်အခြေအနေ အတွင်း တုံ့ပြန်ဆောင်ရွက်ရာတွင် တိုးမြှင့်ပြီး ထည့်သွင်း လုပ်ဆောင်လာကြသော်လည်း အမျိုးသမီး လစဉ်သုံးပစ္စည်းများကို ဖြန့်ဝေ ပံ့ပိုး ပေးသည့် ပုံစံကိုသာ အများစုက လုပ်ဆောင်ကြပါသည်။ အမှန်တကယ်မှာ ထိုသို့ ပံ့ပိုးပေးခြင်းသည် အမျိုးသမီးများ ဓမ္မတာလာခြင်းဆိုင်ရာ တစ်ကိုယ်ရည်သန့်ရှင်းမှု စီမံခန့်ခွဲခြင်း (MHM) ၏ အစိတ်အပိုင်းတစ်ခုသာဖြစ်ပါသည်။**

ယခု အပိုင်းတွင် အဓိက အားဖြင့် အမျိုးသမီးလစဉ်သုံးပစ္စည်းများအား စွန့်ပစ်ခြင်း၊ လစဉ်သုံးပစ္စည်းမှထွက်သောအမှိုက်များအားစီမံခန့်ခွဲရာတွင် ဖြေရှင်းလုပ်ဆောင် နိုင်မည့် နည်းလမ်းများရရှိလာအောင် OXSI ၏ ချဉ်းကပ်လုပ်ဆောင်ပုံများကို အဓိကထား ပြောပြပေးသွားမှာဖြစ်ပါသည်။ ရွယ်တူတန်းတူချင်း အမျိုးသမီးများ၏ လစဉ်တစ်ကိုယ်ရည် သန့်ရှင်းရေး အတွက် စီမံဆောင်ရွက်ပုံ (MHM) အကြောင်း ပညာပေးအဖွဲ့အများမှ တဆင့် သင်ယူစေခြင်း နှင့် OXSI မှ ပံ့ပိုးပေးသည့် အမျိုးသမီးလစဉ်သုံးပစ္စည်းများအကြောင်း သိလိုပါက အပိုင်း ၄.၂ နှင့် ၄.၃ တို့တွင် ဖတ်ရှု နိုင်ပါသည်။

အမျိုးသမီးများ ဓမ္မတာလာခြင်းဆိုင်ရာ တစ်ကိုယ်ရည်သန့်ရှင်းမှု စီမံခန့်ခွဲခြင်း (MHM) နှင့်သက်ဆိုင်သည့် လိုအပ်ချက် များ၊ အလေ့အထများ၊ အယူသီးမှုများ နှင့် နှစ်သက်သည့် ပုံစံများအကြောင်းကို နားလည်လာစေရန် အတွက် အမျိုးသမီးများ၊ မိန်းကလေးငယ်များ နှင့်ဆွေးနွေးတိုင်ပင်ဖို့ရန် အရေးကြီးပါသည်။ အသုံးပြုထား ပြီးသည့် လစဉ်သုံး ပစ္စည်းများသည် အခြားအမှိုက်များ နှင့် ရောပါသွားပြီး အမှိုက်မီးရှို့စက်တွင် အလုပ်လုပ်သည့် အမျိုးသားများ အပါအဝင် အခြား အမျိုးသားများ မှ မြင်တွေ့သွားမည်ကို အမျိုးသမီးများမှ မလိုလားသည့် အတွက် အသုံးပြုပြီးသည့် လစဉ်သုံးပစ္စည်းများကို မြေမြှုပ်ခြင်း သို့မဟုတ် မီးရှို့ဖျက်ဆီးလိုကြောင်း OXSI မှ သိရှိလေ့လာခဲ့ရပါသည်။ သို့သော် စခန်းအတွင်း လူဦးရေထူထပ်ခြင်း ကြောင့်အပြင်၊ မြေအောက်ရေပြင် မြင့်တက်လာ လေ့ရှိသည့် အတွက် မြေမြှုပ်သည့်နည်းလမ်းသည် အကောင်းဆုံး ရွေးချယ်စရာ နည်းလမ်းမဟုတ် ပေ။ ထိုကြောင့် ပိုမိုကောင်းမွန်သောနည်းလမ်း ကို ရရှိနိုင်ရန် OXSI မှ အမျိုးသမီးများ နှင့် လက်တွဲပြီး အဖြေရှာခဲ့ပါသည်။ ထိုနည်းလမ်းမှာ အမျိုးသမီးများကသာ သီးခြားကိုင်တွယ်ပြီး အမျိုးသမီးများအတွက် သီးသန့်လုံခြုံမှုရှိရှိ စွန့်ပစ်နိုင်သလို အလွယ်တကူအသုံးပြုနိုင်မည့် မီးရှို့စက် နေရာကို လုပ်ပေးရန်ဖြစ်ပါသည်။


ယခင်အစီအစဉ်တစ်ခုတွင် Oxfam သည် အမျိုးသမီးများ နှင့် လက်တွဲပြီး အမျိုးသမီး လစဉ်သုံး ပစ္စည်းများအား မီးရှို့သည့်စက် အသေး (၂၄) ခုကို စခန်းတစ်ခုအတွက် ဒီဇိုင်းရေးဆွဲပြီး ရှေ့ပြေးစမ်းသပ် လုပ်ဆောင်ခဲ့ပါသည်။ အမျိုးသမီးသန့်ရှင်းရေး လုပ်သားများသည် မီးရှို့စက်အသေးများကို ပုံမှန်စစ်ဆေးပေးရပြီး အဆိုပါ မီးရှို့စက် အသေးထဲသို့ တိုက်ရိုက်ထည့်၍ လစဉ်သုံးပစ္စည်းများကို မီးရှို့နိုင်သောကြောင့် အမှိုက်များ ကို တဆင့် သယ်ပို့ ယူရခြင်း လုပ်ဆောင်စရာမလိုပါ။ မီးရှို့စက်ပုံးများကို ပုံမှန်အသုံးပြုပြီး ကြိုက်နှစ်သက်ကြောင်းကို အမျိုးသမီး များ မှ ပြောပြလာပြီး မီးရှို့စက်အသေးများ ပိုထားပေးရန်တောင်းဆိုလာကြပါသည်။ ထိုကြောင့် OXSI သည် မီးရှို့စက်ပုံး၏ ဒီဇိုင်း နှင့် ထားမည့်နေရာများအား အခြား စခန်းများမှ အမျိုးသမီးများ နှင့် တိုင်ပင်ဆွေးနွေးပြီး နောက် ဤအစီအစဉ်ကို ထပ်မံတိုးချဲ့ လုပ်ဆောင်ခဲ့ပါသည်။



*စစ်တွေစခန်းများတွင် တပ်ဆင်ထားသည့် MHM မီးရှို့စက် ဒီဇိုင်းမျိုးစုံ။*

ရပ်ရွာလူထုနှင့်ချိတ်ဆက်ဆောင်ရွက်ရေး (ACE) အဖွဲ့ (၂) ဖွဲ့သည် အနည်းငယ်ကွဲပြားသည့် အမျိုးသမီး လစဉ်သုံး ပစ္စည်းများအား မီးရှို့သည့်စက် နှစ်ခုကို ဒီဇိုင်းရေးဆွဲပြီး စခန်းတစ်ခု အတွက် အခု (၃၀) ပြုလုပ်ပေးခဲ့ပါသည်။ အဆိုပါ အဖွဲ့ (၂) ဖွဲ့တွင် အမျိုးသား နှင့် အမျိုးသမီးများ ရောနှောပါဝင်ပြီး အမျိုးသားများသည်လည်း အမျိုးသမီးများနည်းတူ ၎င်းတို့ရပ်ရွာတွင်းရှိ အမျိုးသမီးများ နှင့် မိန်းကလေးငယ်များ၏ အရေးကိစ္စကို ကိုင်တွယ်ဖြေရှင်းပေးရန် စိတ်ဝင်စားမှုရှိကြောင်းကို ပြသခဲ့ကြပါသည်။ အမျိုးသမီး လစဉ်သုံးပစ္စည်းများအား မီးရှို့သည့်စက်များကို စခန်းများအားလုံးအတွက် တိုးချဲ့လုပ်ဆောင်သည့်အခါတွင် ACE အဖွဲ့မှ ဒီဇိုင်းလုပ်ထားသည့် မီးရှို့စက် အဝိုင်းပုံစံကို အမျိုးသမီး နှင့် မိန်းကလေးငယ်အများစု မှ ပိုမိုနှစ်သက်ကြကြောင်းကို တွေ့ရှိ ရပါသည်။ OXSI သည် အိမ်သာ (၁၁) လုံးလျှင် မီးရှို့စက် (၁) လုံးရှိစေရန် အမျိုးသမီးလစဉ်သုံးပစ္စည်းများအား မီးရှို့သည့် စက် ပေါင်း (၃၀၀) ကျော်ကို တပ်ဆင်ပေးခဲ့ပါသည်။

## ဒီဇိုင်းအတွက် ထည့်သွင်းစဉ်းစားခြင်း




(6D အသုံးပြုထားသည့် အမျိုးသမီးလစဉ်သုံးပစ္စည်းများအား မီးရှို့သည့်စက်ပုံကြမ်း)

စခန်းတစ်ခုချင်းစီ၏ အခြေအနေပေါ်တွင်မူတည်ပြီး ACE အဖွဲ့ဝင်များဖြစ်စေ၊ ရပ်ရွာတွင်စည်းရုံးလှုံ့ဆော်ရေး ဝန်ထမ်းမှ ဖြစ်စေ၊ ပတ်ဝန်းကျင်သန့်ရှင်းလုပ်သားများမှ ဖြစ်စေ အမျိုးသမီးလစဉ်သုံးပစ္စည်းများ မီးရှို့စက် များအား အသုံးပြုမှု၊ စက်များ ၏ လည်ပတ်နိုင်မှုအခြေအနေတို့ကို စောင့်ကြည့်စစ်ဆေးပြီး အစီရင်ခံပေးနိုင် ပါသည်။ အကယ်၍ ပြုပြင်ရန်လိုအပ်ပါက ဆောက်လုပ်ရေးအဖွဲ့ ထံသို့အကြောင်းကြားနိုင်ပါသည်။ ဤသို့စောင့်ကြည့်လေ့လာသည့် ပုံစံသည် အခြားအဆောက်အအုံ/ပစ္စည်းများအားစောင့်ကြည့်လေ့လာသည့် ပုံစံကဲ့သို့ စနစ်တကျချမှတ်ထားခြင်းမဟုတ်ပါ။ သို့သော် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်သားများသည် မီးရှို့စက် များအား ပုံမှန် အသုံးပြုပြီး စစ်ဆေးပေးနေသည့်အတွက် နောက်ထပ်စောင့်ကြည့်လေ့လာသည့် စနစ် တစ်ခုကို ထပ်မံချမှတ်ထားရန် မလိုအပ်ပါ။ အမျိုးသမီးများ၏ တစ်ကိုယ်ရည်သန့်ရှင်းရေးအကြောင်းမျှဝေပေး အဖွဲ့များ နှင့် လက်တွဲ ပြီး ရပ်ရွာတွင်းစည်းရုံးလှုံ့ဆော်ရေးလုပ်ပေးသည့် အဖွဲ့များသည် အမျိုးသမီးလစဉ်သုံးပစ္စည်းများ အားမီးရှို့သည့် စက်များထားပေးရသည့် ရည်ရွယ်ချက်ကို ရပ်ရွာကလူများသိစေရန် နှင့် မီးရှို့သည့် ပုံးများ အားကလေးသူငယ်များ ယူဆော့ခြင်း မဖြစ်စေရန် ဆက်လက်၍လမ်းညွှန်ပြောပြပေးပါသည်။

စခန်းတွင်းရှိနေသည့် များပြားလှသောစိန်ခေါ်ချက်များကြောင့် အမျိုးသမီးလစဉ်သုံးပစ္စည်းများအား မီးရှို့သည့် စက်များသည် အမျိုးသမီး နှင့် မိန်းကလေးငယ်များလိုချင်သည့် သီးခြားလုံခြုံမှုမျိုးကိုရရှိစေနိုင်သည့် အကောင်း ဆုံး ပြီးပြည့်စုံသည့်နည်းလမ်းတစ်ခုမဖြစ်နေသေးပါ။ စခန်းအများစုတွင် အိမ်သာများကို အိမ်ထောင်စုများမှ မျှဝေအသုံးပြုရသည့်အတွက် အိမ်သာများကို ကျား၊ မ ခွဲခြားထားခြင်းမရှိပါ။ (အပိုင်း ၃.၂ ကိုရှု)။ ထို့ကြောင့် အိမ်သာအနားတွင် ထားပေးထားသည့် မီးရှို့စက်များကို အမျိုးသမီးသာမက အမျိုးသားများလည်း မြင်နိုင် ပါသည်။ သို့သော် လက်ရှိရှိနေသည့် အနေအထားတွင် အခြားဖြေရှင်းနည်းများထက် မီးရှို့စက်များအသုံးပြုရ ခြင်းကို အမျိုးသမီးများ နှင့် မိန်းကလေးငယ်များက ပို၍ နှစ်သက်ကြပါသည်။ OXSI သည် အမျိုးသမီးများ ၏ လစဉ်တစ်ကိုယ်ရည်သန့်ရှင်းရေးစီမံခန့်ခွဲခြင်း အကြောင်းပြောပြပေးသည့် အဖွဲ့များ (အပိုင်း၄.၂ ကိုရှု) မှ တဆင့် အမျိုးသမီးများ နှင့် ဆက်လက်လက်တွဲပြီး ၎င်းတို့၏ အကြံပြုချက်များရယူပြီးနောက် မီးရှို့စက်များအား ထိန်းသိမ်းခြင်း၊ အသုံးပြုခြင်း နှင့် ဒီဇိုင်းလုပ်ခြင်းတို့တွင် ထည့်သွင်းစဥ်းစားပြီး ညှိနှိုင်းပြုပြင်လုပ်ဆောင်ပေး လျှက်ရှိပါသည်။

## ၆.၆ သန့်ရှင်းရေး ကမ်ပိန်းများ

**ကာလတာရှည်ဖြစ်ပွားနေသည့် အရေးပေါ်အခြေအနေတွင် WASH ဝန်ဆောင်မှုများပေးသည့် အခါတွင် ရပ်ရွာလူထု၏ ရေရှည်ပါဝင်လာမှုကိုမြှင့်တင်နိုင်ရန် WASHအဖွဲ့အစည်းများအတွက် အခွင့်အလမ်းများရှိ နေပါသည်။**

ထိုအခါ အချို့ အစီအစဥ်များသည် အခြားအစီအစဥ် များထက် လုပ်ကိုင်ရ ပိုလွယ်ကူနိုင်ပါသည်။ စွန့်ပစ်အမှိုက်များကို သိမ်းယူသည့်အခါတွင် ရှုပ်ထွေးပြီး သုံးရခက်သည့် ကိရိယာပစ္စည်းများ သို့မဟုတ် နည်းပညာပိုင်းဆိုင်ရာ တတ်ကျွမ်းမှုများမလိုအပ်သည့်အတွက် အမျိုးသား နှင့် အမျိုးသမီး အားလုံး၏ ပါဝင်မှုကို ရပ်ရွာလူထုမှ လက်ခံကြပါသည်။ စွန့်ပစ်အမှိုက်များအား သိမ်းရန် ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်သားများအား ခန့်အပ်ထားသော်လည်း စခန်းတွင်းသန့်ရှင်းရေး အစီအစဥ်များတွင် လူများများ ပိုပါဝင်လာစေရန် စခန်းတွင်းသန့်ရှင်းရေး ကမ်ပိန်းများကို ပုံမှန် လုပ်ဆောင်ပေးနိုင်ပါသည်။ ထိုနည်းဖြင့် စခန်းတွင်း နေထိုင်ကြ သူများ ၏ တာဝန်ခံမှု နှင့် တာဝန်ယူမှုစိတ်ဓာတ်ကို WASH အစီအစဥ်များတွင် မြှင့်တင်ပေးနိုင်ပါသည်။ အမျိုးသား၊ အမျိုးသမီး၊ အသက်အနည်းငယ်ကြီးသည့် ကလေးငယ်များ စသည်တို့ကို ဖိတ်ခေါ်ပြီး ၎င်းတို့နေထိုင်ရာ ဝန်းကျင်တွင် သန့်ရှင်းရေးလုပ်ပေးခြင်းဖြင့် သန့်ရှင်းရေးကမ်ပိန်းများတွင် ပါဝင်ကြရန် စည်းရုံးလှုံ့ဆော်ခြင်းကို OXSI ၏ ရပ်ရွာတွင်းစည်းရုံးလှုံ့ဆော်ရေးအဖွဲ့များမှ ဦးဆောင်စီစဥ် လုပ်ဆောင်ပေးပါသည်။ သန့်ရှင်းရေးကမ်ပိန်းအမျိုး အစား အမျိုးမျိုးရှိသော်လည်း ကမ်ပိန်းအားလုံး၏ ရည်ရွယ်ချက်မှာ လူအများနှင့်အတူတကွ ပူးပေါင်း ပါဝင်လာစေပြီး ၎င်းတို့၏ ပတ်ဝန်းကျင် ကို ထိန်းသိမ်းစောင့်ရှောက်လိုစိတ် ရှိလာစေရန် ရည်မှန်းပါသည်။

**ပုံမှန် လုပ်သောသန့်ရှင်းရေးကမ်ပိန်းများ** - ဤကမ်ပိန်းများကိုနေရာဒေသ နှင့် ရာသီဥတုပေါ်မူတည်ပြီး OXSI ၏ ရပ်ရွာတွင်းစည်းရုံး လှုံ့ဆော်ရေး အဖွဲ့ များမှ အပတ်စဥ် သို့မဟုတ် နှစ်ပတ်တစ်ခါ ပြုလုပ် လေ့ရှိပါသည်။ OXSI မှ ပေးမည့် သန့်ရှင်းရေးသုံးပစ္စည်းကိရိယာများ သို့မဟုတ် (OXSI မှ အဆောင်တိုင်း အတွက် ပေးထားပြီးဖြစ်သည့်) ၎င်းတို့ကိုယ်ပိုင် သန့်ရှင်းရေးသုံးပစ္စည်းများဖြင့် ၎င်းတို့ အသီးသီး နေထိုင်ရာ အဆောင်ဝန်းကျင်တွင် သန့်ရှင်းရေးလုပ်သည့်အခါ၌ ပါဝင်လာစေရန် အနီးဝန်းကျင်မှ အဆောင်အားလုံး နှင့် ချိတ်ဆက်ခြင်းကို ရပ်ရွာတွင်းစည်းရုံး လှုံ့ဆော်ရေး အဖွဲ့မှ လုပ်ဆောင် ပေးပါသည်။ ထို့အပြင် စွန့်ပစ်အမှိုက်များအား အမှိုက်မီးရှို့စက်များသို့ လက်တွန်းလှည်းများဖြင့် ပို့ပေး ခြင်းဖြင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်သားများကလည်း ကမ်ပိန်းတွင် ပါဝင်ကြပါသည်။

**လိုအပ်ချက်အရ လုပ်သော သန့်ရှင်းရေးကမ်ပိန်းများ -** တိုင်းကြားချက်တစုံတရာကို တုံ့ပြန်ရန် ဖြစ်စေ၊ ရပ်ရွာတွင်း အခြေအနေသုံးသပ်သည့် လေ့ကျင့်ခန်း (Transect Walk- အပိုင်း xx ကိုရှု) မှတဆင့် သိလာ၍ ဖြစ်စေ၊ သို့မဟုတ် အဝီစိတွင်း အနီးအနားတွင် အမှိုက်များရှိနေသောကြောင့် အဏုဇီဝပိုး စစ်ဆေးချက် မအောင်ထားသည့် ရေတုံကင်(အပိုင်း ၂.၄ ကိုရှု) ရှိနေ၍ ဖြစ်စေ ဤ သန့်ရှင်းရေးကမ်ပိန်းမျိုးကို လုပ်ဆောင် လေ့ရှိပါသည်။ ထိုအပြင် မုန်တိုင်းသို့မဟုတ် မိုးသက်လေပြင်းတိုက် ပြီးနောက် အမှိုက်များ၊ အပျက်အစီးများကို ပြန်လည်ရှင်းလင်းရန် လိုအပ်လာသည့် အခါတွင်လည်း ဤ ကမ်ပိန်းမျိုးကိုလုပ်ဆောင်လေ့ရှိပါသည်။

**ပူးပေါင်းလုပ်ဆောင်သောသန့်ရှင်းရေးကမ်ပိန်းများ -** ဤကမ်ပိန်းမျိုးကို OXSI နှင့် CMA တို့ ပူးပေါင်း ၍ တစ်လတစ်ကြိမ် လုပ်ဆောင်ပါသည်။ အဖွဲ့နှစ်ဖွဲ့လုံးမှ လိုအပ်သည့် သန့်ရှင်းရေးသုံး ပစ္စည်းများ၊ ကိရိယာများ၊ အစားအသောက်များ၊ လက်တွန်းလှည်းများတို့ကို ပံ့ပိုးပေးပြီး လူအများအပြားပါဝင် လာစေရန် ချိတ်ဆက်လှုံ့ဆော်ကြပါသည်။ (6E စခန်းအတွင်း သန့်ရှင်းရေး ကမ်ပိန်းဆိုင်ရာ စံလုပ်ထုံးလုပ်နည်းများ)

**ရေမြောင်းရှင်းလင်းရေးအတွက် လုပ်သော ကမ်ပိန်းများ -** ဤကမ်ပိန်းမျိုးကို လိုအပ်ချက်အရ လုပ်ဆောင်ပါသည်။ အထူးသဖြင့် မိုးရာသီရောက်ပါက မိုးရေများ ကောင်းစွာစီးဆင်းနိုင်စေပြီး ရေကြီးရေလျှံခြင်း သို့မဟုတ် ရေပုပ်ရေသေအိုင်များ ဖြစ်ခြင်းတို့ မှ ကြိုတင်ကာကွယ်ရန် မိုးရာသီ အကြို ပြင်ဆင်မှုများလုပ်သည့်အခါတွင် ထည့်သွင်းလုပ်ဆောင်လေ့ရှိပါသည်။ ရေမြောင်းရှင်းလင်း ရေးကမ်ပိန်းများကို CMA အဖွဲ့များ နှင့် ပူးပေါင်းပြီးလုပ်ဆောင်လေ့ရှိပါသည်။ ရေမြောင်းများ ကို ရှင်းလင်းပြီးနောက် ထွက်လာသည့် အမှိုက်များ သည် မီးရှို့စက်တွင် ထည့်ရှို့ရန် စိုစွတ်လွန်းသည့် အတွက် မည့်သည့် နေရာတွင် စွန့်ပစ်ရမလဲဆိုသည်ကို စခန်းခေါင်းဆောင်များနှင့် OXSI မှ ပူးပေါင်း ညှိနှိုင်းပါသည်။ ရေမြောင်းများကို ရှင်းလင်းရသည့် အလုပ်သည် ပုံမှန်လုပ်ဆောင်နေကျ သန့်ရှင်းရေး ကမ်ပိန်းများထက် ပိုမိုခက်ခဲသည့် အလုပ်ဖြစ်သောကြောင့် အများအားဖြင့် အမျိုးသား များသာ ပါဝင် နိုင်ကြပါသည်။

**မြေပြင်တွင် မစင်စွန့်ထားသည်များကိုရှင်းလင်းသည့်သန့်ရှင်းရေးကမ်ပိန်းများ -** မြေပြင်တွင် မစင်စွန့်သည့် (OD) ပြဿနာကို ဖြေရှင်းရန် ရပ်ရွာလူထုနှင့် ပူးပေါင်းလုပ်ဆောင်သည့် နည်းလမ်း တစ်ခု အနေဖြင့် ဤသန့်ရှင်းရေးကမ်ပိန်းများကို ၂၀၁၉ နှစ်ကုန်ပိုင်းတွင် စတင်ခဲ့ပါသည်။ မြေပြင်တွင် မစင်စွန့် သည့်(OD) ပြဿနာရှိသည့်နေရာများတွင် လစဉ် တစ်ကြိမ်သန့်ရှင်းရေး လုပ်နိုင်ဖို့ ကမ်ပိန်း အစီအစဉ်များ ရေးဆွဲရန် OXSI သည် ရပ်ရွာလူထု နှင့် အစည်းအဝေးများလုပ်ဆောင်ပါသည်။ ဤ သန့်ရှင်းရေး ကမ်ပိန်းသည် အခြားကမ်ပိန်းများ နှင့် ဆင်တူသော်လည်း မြေပြင်တွင်စွန့်ထားသည့် မစင်များ (OD) ကိုသာ ရှင်းလင်းရန် အဓိကထားလုပ်ဆောင်ပါသည်။ OD သန့်ရှင်းရေးကမ်ပိန်းလုပ်ဆောင်ရမည့် နေရာကို ရပ်ရွာတွင်း အခြေအနေ သုံးသပ်သည့် လေ့ကျင့်ခန်း (Transect Walk အပိုင်း xx ကိုရှု) ဖြင့် ဖော်ထုတ်ပါသည်။ ထိုအပြင် အိမ်သာများ၏ အခြေအနေကို လစဉ်စစ်ဆေးသည့်ရလဒ် ပေါ်မူတည်၍ လည်း လုပ်ဆောင်ပါသည်။ (အပိုင်း ၃.၄ ကိုရှု)။ OD အလေ့အထ ဆိုင်ရာ အချက်အလက်ဒေတာများ သုံးသပ်ချက် နှင့် လွဲချော်မှုမရှိစေရန် အတွက် ဤကမ်ပိန်းကို လတစ်လ ၏ အစောပိုင်းတွင် အမြဲတမ်းလုပ်ဆောင်ပါသည်။ (6F မြေပြင်တွင် မစင်စွန့်ထားသည်များကိုရှင်းလင်းသည့် သန့်ရှင်းရေးကမ်ပိန်းများဆိုင်ရာ စံလုပ်ထုံးလုပ်နည်းများ)



*ရပ်ရွာသန့်ရှင်းရေး လှုပ်ရှားမှု ကမ်ပိန်း အပြီးတွင် ပတ်ဝန်းကျင် သန့်ရှင်းရေးသမားများက အမှိုက်များကို အမှိုက်မီးရှို့စက် သို့ တွန်းပို့ကြသည်။*



၇.၁ ကျိုးကြောင်းဆီလျော်သောမူဘောင် ဖယားပုံစံ
၇.၂ တိုင်ကြားချက်များကို တုံ့ပြန်မှုယန္တရား
၇.၃ လိင်ပိုင်းဆိုင်ရာ ကိစ္စရပ်များအား အကာအကွယ်ပေးခြင်း၊ လုံခြုံစိတ်ချရသော တိုင်ကြားမှုလမ်းကြောင်း (Whistleblowing) ဖြင့် သတင်းပေးခြင်းနှင့် ထိရှလွယ်သော ကိစ္စရပ်များဆိုင်ရာ တုံ့ပြန်ချက်
၇.၄ တာဝန်ခံ တာဝန်ယူမှုဆိုင်ရာ အသိပေးပညာပေးခြင်း
၇.၅ တုံ့ပြန်ချက်ကွင်းဆက် အားပိတ်သိမ်းခြင်း
၇.၆ သဘောထားအမြင်ကိုအခြေခံ သည့်အကဲဖြတ်ခြင်းများ
၇.၇ လေ့လာသင်ယူခြင်းနှင့် လိုက်လျောညီထွေဖြစ် အောင်ပြုပြင်ခြင်း

# အခန်း(၇) စောင့်ကြည့်လေ့လာခြင်း၊ အကဲဖြတ်ခြင်း၊ တာဝန်ခံမှုရှိခြင်းနှင့် သင်ယူခြင်း

စောင့်ကြည့်လေ့လာခြင်း၊ အကဲဖြတ်ခြင်း၊ တာဝန်ခံမှုရှိခြင်းနှင့် သင်ယူခြင်း (MEAL) သည် လူသားချင်းစာနာ ထောက်ထားမှု ဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ခြင်း၏ အကျိုးသက်ရောက်မှုကို နားလည်သဘောပေါက်ရန် နှင့် လက်တွေ့ပြသနိုင်ရန် ရည်ရွယ်ပါသည်၊ အထောက်အပံ့များကို လူထုအား အချိန်မီပေးနိုင်ခြင်းနှင့် သက်သေအထောက်အထားများကိုအခြေခံ၍ ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပံ့ပိုးပေးနိုင်သည်၊ ထို့အပြင် လူသားချင်းစာနာမှုဆိုင်ရာ စီမံကိန်းများတွင် ပြောင်းလဲနေသော အခြေအနေများ/ ဆက်စပ်စဉ်းစားရမည့် အကြောင်းအရာများအလိုက် လိုက်လျောညီထွေစွာ ပြုပြင်ပြောင်းလဲနိုင်ရန် အထောက်အပံ့ဖြစ်စေသည်။ လူသားချင်းစာနာမှုဆိုင်ရာ စီမံကိန်းများတွင် စီမံကိန်း၏ ညွှန်းကိန်းများ အပေါ် လုပ်ငန်းများ တိုးတက်ဖြစ်ထွန်းနေမှု ကို တိုင်းတာရန် လွတ်လပ်သော/သီးခြား MEAL ဝန်ထမ်းများနှင့် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များသည် အရံအသင့် ရှိနေရန်လိုအပ်ပြီး ထွက်ပေါ်လာသော ရလဒ်များကို စီမံကိန်း ဝန်ထမ်းများနှင့် ရပ်ရွာလူထုများသို့လည်း တင်ပြရန် လိုအပ်ပါသည်၊ ထို့အပြင် တုံ့ပြန်ချက် များအတွက် အရေးယူ ဆောင်ရွက်ရာတွင် မူဝါဒများနှင့် လက်ရှိဆောင်ရွက်နေသောအလေ့အကျင့်များကို လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ရန် လိုအပ်ပါသည်။

MEAL ချဉ်းကပ်မှုတစ်ခုသည် ရုတ်တရက် ဖြစ်ပေါ်လာသောအရေးပေါ်အခြေအနေတစ်ခုတွင် ကာလကြာရှည်စွာ ဖြစ်ပေါ်လျှက်ရှိသော အကျပ်အတည်းတစ်ခု နှင့် ကွဲပြားခြားနားမှုရှိနေနိုင်သော်လည်း အခြေအနေအားလုံးတွင် စောင့်ကြည့်လေ့လာခြင်း၊ အကဲဖြတ်ခြင်း၊ နှင့် သင်ယူခြင်းသည် နောက်ဆုံးတွင် တာဝန်ခံ တာဝန်ယူမှုရှိခြင်း ဖြစ်လာစေရန် အကျိုးဝင်ပါသည်။ တာဝန်ခံ တာဝန်ယူမှု ဆိုသည်မှာ ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းအားလုံးသည် ၎င်းတို့နှင့် ဆက်စပ်သူအားလုံးအတွက် အထူးသဖြင့် ၎င်းတို့ရရှိထားသည့် အခွင့်အာဏာကို တိုက်ရိုက်ဆက်နွယ်အသုံးပြုခြင်းကြောင့် အဓိကအားဖြင့် ထိခိုက်ခံစားခဲ့ရသူများအားလုံး အပေါ်တွင် တာဝန်ခံခြင်း၊ တာဝန်ယူခြင်းကို ဆိုလိုပါသည်။

WASH အစီအစဉ်၏ကဏ္ဍများအားလုံးတွင် တာဝန်ယူမှုတာဝန်ခံမှု၏ ထူးခြားသောလက္ခဏာသည် စီမံကိန်း၏ အဓိက ထည့်သွင်းစဉ်းစားရမည့် အစိတ်အပိုင်းတစ်ရပ်အနေဖြင့် အလွန်သိသာထင်ရှားသင့်သည် - OXSI သည် တာဝန်ခံ တာဝန်ယူမှုရှိခြင်းကို စီမံကိန်းမျှော်မှန်းချက်ဖြစ်သော လူထုစေ့စပ်ညှိနှိုင်းမှုနှင့် ပြန်အလှန်ဆက်သွယ်ရေး တိုးတက်လာခြင်းကို ထည့်သွင်းထားသည်။ အခြေခံအဆောက်အအုံအခန်း ကဏ္ဍတစ်ခုစီတွင် စောင့်ကြည့်လေ့လာခြင်းကိုလည်း မီးမောင်းထိုးပြထားသည်။ ဤအခန်းကဏ္ဍသည် OXSI WASH စီမံကိန်းတွင် MEAL ၏အစိတ်အပိုင်းများအချို့ ဖြစ်သည့် စီမံကိန်းအတွက် ကျိုးကြောင်း ဆီလျော်သောမူဘောင်တစ်ခု ပိုမိုဖွံ့ဖြိုးတိုးတက်လာမှု၊ စနစ်ကျပြီး ယုံကြည်ရသော တိုင်ကြားချက်များ အပေါ်တုံ့ပြန်မှုဆိုင်ရာ လူထုပါဝင်သည့် ယန္တရားတစ်ခု ဖြစ်ထွန်းလာမှု၊ သဘောထားအမြင်များကိုတိုင်းတာနိုင်မှု နှင့် အပြင် တုံ့ပြန်ချက်များကို အရေးယူ ဆောင်ရွက်ရာတွင် သင်ယူခြင်းနှင့် လိုက်ဖက်အောင်ပြင်ဆင်မှု တို့ကို ပိုမိုနက်နက်ရှိုင်းရှိုင်း ဖြစ်စေသည့်။

# ၇.၁ ကျိုးကြောင်းဆီလျော်သောမူဘောင် ဇယားပုံစံ

**ကျိုးကြောင်းဆီလျော်သောမူဘောင်ကွန်ချာ (logframe) သည် interventions များကို ဒီဇိုင်းရေးဆွဲရန်၊ စောင့်ကြည့်လေ့လာရန် နှင့် အကဲဖြတ်ရန် စီမံခန့်ခွဲမှုဆိုင်ရာနည်းလမ်းကိရိယာတစ်ခုဖြစ်သည်။**

အေဂျင်စီများသည် ဖြစ်နိုင်သမျှ အတတ်နိုင်ဆုံး စီမံကိန်းတွင်ပါဝင်သောသူများ အားလုံးနှင့်အတူ logframe ကိုရေးသင့်သည် - အားလုံးပါဝင်မှု ပိုမိုအားကောင်းလာခြင်းသည် ပိုမိုကောင်းမွန်သော အစီအစဥ်ချမှတ်ခြင်း၊ နားလည်ခြင်းနှင့် စီမံကိန်းအတွင်း ပါဝင်သူများမှ ကိုယ်ပိုင်ကိုယ်ဆိုင်စိတ်ဓါတ် မြင့်မားလာခြင်းကို ဖြစ်ပေါ်စေသည်။ ဤသို့လုပ်ဆောင်ရန်နည်းလမ်းတစ်ခုအဖြစ် OXSI MEAL အဖွဲ့က လုပ်ဆောင်ရန်ရွေးချယ်ခဲ့သောနည်းလမ်းသည် logframe ဖန်တီးရေးလုပ်ငန်းစဥ်များတွင် အဓိကဝန်ထမ်းများပါဝင်ရန် logframe ပိုမို တိုးတက် ဖွံ့ဖြိုးစေရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကျင်းပရန် ဖြစ်သည်။ ဤသို့ လုပ်ဆောင်ရာတွင် အဓိကဝန်ထမ်းများအနေဖြင့် ယခင်ကတည်းက ရင်းနှီးမှုရှိထားပြီး လုပ်ဆောင်ရန် အတည်ပြုထားသော ပြောင်းလဲခြင်းသီအိုရီ (TOC)မှ ရှင်းလင်းထားချက်များနှင့် စီမံကိန်း၏ဦးတည်ချက်များကို နက်နက်ရှိုင်းရှိုင်းအပြန်အလှန်နားလည်မှု ကို ဦးစွာ လိုအပ်သည်။ ထို့နောက် အဖွဲ့သည် ပြောင်းလဲခြင်းသီအိုရီ (TOC) နှင့်ယှဥ်၍ တိုးတက်မှုကို မည်သို့တိုင်းတာမည်၊ စီမံကိန်း၏မည်သည့်ကဏ္ဍများသည် သီးခြား ရပ်တည် လုပ်ဆောင်ရမည့် ပန်းတိုင်များ ဖြစ်သည် သို့မဟုတ် မည်သည်လုပ်ငန်းများသည် စီမံကိန်းတစ်လျှောက်လုံးတွင် အဓိကထည့်သွင်းစဥ်းစား ဆောင်ရွက်ရန် လိုအပ်သည် (အချို့သောအစိတ်အပိုင်းများက အမျိုးအစားများ နှစ်မျိုးစလုံးတွင် ပါဝင်နိုင်သည် - ဥပမာ ကျားမရေးရာ/ဂျန်ဒါ၊ တာဝန်ခံ တာဝန်ယူမှုရှိခြင်း နှင့် လူထုနှင့် စေ့စပ်ညှိနှိုင်းခြင်း စသဖြင့်) တို့ကို ဆွေးနွေးခဲ့သည်။ သတ်မှတ်ထားသော အချက်များ အပေါ် မွမ်းမံနိုင်ရန် နှင့် လိုက်လျှောညီထွေ ပြန်လည်ပြုပြင်နိုင်ရန် စီမံကိန်းတွင် ဒီဇိုင်းရေးဆွဲထားပြီး ACE အဖွဲ့များ(အခန်း ၄.၁ တွင်ကြည့်ပါ) မှ သတ်မှတ်ထားခဲ့သည့် "ဖွင့်ထားဆဲ ဖြစ်သော" လုပ်ငန်းအညွှန်းကိန်းများ ကဲ့သို့သော အညွှန်းကိန်းများသည်လည်း Logframe တွင် ပါဝင်ရန် အရေးကြီးသည်။ အလုပ်ရုံဆွေးနွေးပွဲများအပြီးတွင် MEAL အဖွဲ့သည် logframe ပုံကြမ်းကို ဝန်ထမ်းများအားလုံး နှင့် တုံ့ပြန်ချက်များအတွက် စီမံကိန်းကိုနည်းပညာပိုင်း ဆိုင်ရာပံ့ပိုးမှုပေးနေသော ပညာရှင်များသို့ ဖြန့်ဝေခဲ့သည်။ OXSI logframe သည် ၎င်း၏ လူထုပူးပေါင်းပါဝင်မှုဒီဇိုင်းပုံစံနှင့် ၎င်း၏ တုံ့ပြန်ချက်များကို အရေးယူ ဆောင်ရွက်ရာတွင် လိုအပ်သလို ပြုပြင်ပြောင်းလဲနိုင်ရန် လိုက်လျောညီထွေမှု ရှိရာတွင် ထူးခြားသည် ထို့အပြင် စီမံကိန်း၏ လုပ်ငန်းစဥ်များနှင့်ရလဒ်များကို တိုင်းတာရာတွင်လည်း ထူးခြားမှု ရှိပါသည်။

### OXSI WASH စီမံကိန်းတွင် မျှော်မှန်းအကျိုးရလဒ် (၇)ခု ရှိပါသည် -

ပဋိပက္ခများကြောင့်ထိခိုက်ခံစားရသောလူထုသည် ၎င်းတို့၏ရပ်ရွာလူထုတွင် ဘေးကင်းသော ရေရရှိရေးကို လက်လှမ်းမီသည်နှင့် အဆိုပါကိစ္စနှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်နှင့် စီမံခန့်ခွဲခွင့်ရှိသည်

ပဋိပက္ခများကြောင့်ထိခိုက်ခံစားရသောလူထု သည် ၎င်းတို့၏ရပ်ရွာလူထုတွင် ဘေးကင်း၍ သန့်ရှင်းသောမိလ္လာစနစ်ကို လက်လှမ်းမီသည့်အပြင် အဆိုပါကိစ္စနှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်နှင့် စီမံခန့်ခွဲခွင့်ရှိသည်

ပဋိပက္ခများကြောင့် ထိခိုက်ခံစားရသောလူထုသည် အပြုသဘောဆောင်သော တစ်ကိုယ်ရည် သန့်ရှင်းရေး အလေ့အကျင့်များအား နားလည်သဘောပေါက်လာကြပြီး ထောက်ခံအားပေး ကြသည်။

ပဋိပက္ခများကြောင့် ထိခိုက်ခံစားရသောလူထု၏ အဓိကစိုးရိမ်မှုများကို ကျယ်ကျယ်ပြန့်ပြန့် ရှင်းပြနိုင်ရန် ဒေသအဆင့်နှင့် နိုင်ငံတော်အဆင့်များအသီးသီး၌ အမျိုးမျိုးသော နည်းလမ်း/ ပလက်ဖောင်းများတွင် လွှမ်းမိုးနိုင်မှုကို မြှင့်တင်ခြင်းတွင် အားကောင်းလာသည်။

ထိခိုက်ခံရသောလူဦးရေများသို့ WASH ဝန်ဆောင်မှုများကို ပေးရာတွင် ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် တာဝန်ခံ တာဝန်ယူမှုရှိခြင်း၏ ယဥ်ကျေးမှုတစ်ရပ်သည် ခိုင်မာစွာ တည်ရှိစေသည်။

စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှုတစ်လျှောက်တွင် ရှင်းလင်း၍ပြီးပြည့်စုံသော ဂျန်ဒါ/ကျားမရေးရာနှင့် ကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာများကို ထည့်သွင်းစဥ်းစားသည်။

အကောင်အထည်ဖော်ထားသော အရေးပေါ်ကာလ အစီအစဉ်များနှင့် အရေးပေါ်တုံ့ပြန်မှုဆိုင်ရာ ဆောင်ရွက်မှုများသည် လိုက်လျော်ညီထွေ ပြင်ဆင်ရန် နှင့် စတင်ရန် အသင့်အနေအထားဖြစ်သည်။

(7A OXSI ၏ ကျိုးကြောင်းဆီလျော်သော မူဘောင်ဇယား)

## ၇.၂ တိုင်ကြားချက်များကိုတုံ့ပြန်မှုယန္တရား

**တိုင်ကြားချက်များကိုတုံ့ပြန်မှုယန္တရားတစ်ခု (CFM)သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှုများတွင် တာဝန်ခံမှု အရှိဆုံးအမြင်သာဆုံးလက္ခဏာသွင်ပြင် ဖြစ်ကောင်းဖြစ်နိုင်သည်။**

ကောင်းမွန်သော CFM စနစ် တိုင်းတာမှုအညွှန်းများတွင် ပါဝင်သည်မှာ တိုင်ကြားချက်များကို မှတ်တမ်းတင်ရန် အတွက် သုံးရလွယ်ကူကာ ယုံကြည်ရပြီး လူတိုင်းလက်လှမ်းမီနိုင်သော စနစ်တစ်ခု၊ တုံ့ပြန်ဆောင်ရွက်ရာတွင် လုံလောက်သည့် အချိန်တစ်ခု၊ တိုင်ကြားချက်၏ ရလဒ်အပေါ်တုံ့ပြန်ချက် ("လုပ်ဆောင်မှုကွင်းဆက်ကိုပိတ်ခြင်း") နှင့် လိုအပ်ပါက တုံ့ပြန်ချက်များကို အရေးယူဆောင်ရွက်ရာတွင် စီမံကိန်းဆိုင်ရာ ပြောင်းလဲမှုများလည်း ပါဝင်ပါသည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှုများလုပ်ဆောင်စဉ်တွင် သေချာသော CFM စနစ်တစ်ခု တည်ရှိမှုသည် စခန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နှင့်စခန်းစီမံခန့်ခွဲမှု အေဂျင်စီများ (CCCM)တွင် တာဝန်ရှိပါသည်၊ သို့သော် နှစ်လမ်းသွားဆက်သွယ်ရေးနှင့် တာဝန်ခံ တာဝန်ယူမှုရှိခြင်းအား သေချာစေရန် ဝန်ဆောင်မှုပေး သူတိုင်းတွင် ကိုယ်ပိုင် စနစ်များ နေရာတကျရှိရန် လိုအပ်သည်။



အဆင့် ၁ - လူထုမှ တုံ့ပြန်ချက်ပေးသည်

တိုင်ကြားချက်များကို စုဆောင်းခြင်းနှင့် တုံ့ပြန်ခြင်းအတွက် စနစ်များအားလုံးသည် အကြောင်း အရာ အခြေအနေ အားလုံးနှင့် အကျုံးဝင်လိမ့်မည်မဟုတ်ပါ ထို့ကြောင့် CFM တစ်ခု မသတ်မှတ်မီ ဆက်သွယ်ရေး လမ်းကြောင်းများအား အကဲဖြတ်မှု တစ်ခုကို ပြုလုပ်သင့်သည်။ OXSI WASH အစီအစဉ်မစတင်မီ Oxfam သည် ယခင် လုပ်ငန်း ပူးပေါင်း လုပ်ဆောင်သောအဖွဲ့အစည်းများတွင် အသုံးပြုခဲ့သည့် CFM များ၊ အများအားဖြင့် တိုင်ကြားစာ သေတ္တာများ နှင့် hotline/ဖုန်းလိုင်း များကို အကဲဖြတ်ဆန်းစစ်ခဲ့သည်၊ စနစ်များ၏ထိရောက်မှုနှင့်ပတ်သက်၍ ရပ်ရွာလူထုများနှင့် တိုင်ပင်ဆွေးနွေးခဲ့သည်။ စာမတတ်မှုနှုန်းမြင့်မားခြင်းနှင့် စစ်တွေစခန်းများတွင် လက်ကိုင်ဖုန်းပိုင်ဆိုင်မှုနည်းပါးခြင်းတို့ကြောင့် လူအများစုသည် တိုင်ကြားစာ သေတ္တာများနှင့် hotline/ ဖုန်းလိုင်းများသို့ လက်လှမ်းမီခြင်း မရောက်နိုင်ခဲ့ပေ။



အဆင့် ၂ - လူထုမှပေးသည့် တုံ့ပြန်ချက်များအား တက်ဘလက်ဖြင့် မှတ်တမ်းတင်သည်

စခန်းစီမံခန့်ခွဲမှုအေဂျင်စီများမှ အကောင်အထည်ဖော် လုပ်ဆောင်ခဲ့သော စားပွဲဝိုင်းတွင် မျက်နှာချင်းဆိုင် ပြောဆိုသောယန္တရားများ၏ အောင်မြင်မှုကို သက်သေယူကြည့်ခြင်း အားဖြင့် ရပ်ရွာလူထုများသည် တုံ့ပြန်မှုပေးရန် ဝန်ထမ်းများနှင့် မျက်နှာချင်းဆိုင်ကာလုပ်ဆောင်ရန် အလွန့်အလွန် ပို၍ လိုလားသည်။ OXSI သည် ဤတုံ့ပြန်ချက်အားဖြင့် CFM အသစ်ကို ဖန်တီးခဲ့ကာ တည်ရှိ နေသော CMA စနစ်များကို ပြည့်စုံစေရန် ဒီဇိုင်းရေးဆွဲထားသော စခန်းအတွင်း လှည့်လည်သွားလာပြီး မျက်နှာချင်းဆိုင်ဆွေးနွေးသည့် စနစ်တစ်ခုကို အကောင်အထည်ဖော်ခဲ့သည် (အခန်း၇.၃ ကိုကြည့်ပါ) ဤသို့လုပ်ဆောင်ရာတွင် တာဝန်ခံဝန်ထမ်းများသည် တုံ့ပြန်ချက်များစုဆောင်းရန် စခန်းများပတ်ဝန်းကျင်တွင် လှည့်လည်သွားကြသည်။ OXSI စနစ်သည် တုံ့ပြန်ချက်များကို စုဆောင်းခြင်းကို ပုံမှန်လုပ်ငန်းဆောင်ရွက်နေမှုများ ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် အလေးပေးသည်၊ ထိုသို့လုပ်ဆောင်ခြင်းသည် တစ်ကိုယ်ရည်သန့်ရှင်းမှုမြှင့်တင်ရေး ဆွေးနွေးပွဲများတွင် အဖွဲ့လိုက်အနေဖြင့် ၄င်းတို့၏ တိုင်ကြားချက်များကို အတူတကွ တင်ပြနိုင်ရန် အဆင်ပြေသည် သို့မဟုတ် အိမ်တိုင်ရာရောက်သွားရာတွင်လည်း တစ်ဦးချင်းစီမှ သီးသန့်တင်ပြနိုင်ရန် အခွင့်ပေးသည်။

လက်ရှိတွင် သတင်းအချက်အလက်ဆက်သွယ်ရေးနည်းပညာကို အသုံးပြု၍ အချက်အလက်စုဆောင်းမှုကို ပိုမိုလွယ်ကူစေရန် ရွေးချယ်စရာများစွာရှိသည်၊ အထူးသဖြင့် နည်းပညာအသစ်ကို မိတ်ဆက်အသုံးပြုခြင်းတွင် တာဝန်ခံ တာဝန်ယူမှုရှိခြင်းနှင့် နည်းပညာပိုင်းဆိုင်ရာ အထူးကျွမ်းကျင်သော ပညာရှင်များထံမှ ပံ့ပိုးမှုသည် အောင်မြင်သော CFM တစ်ခုဖန်တီးတည်ထောင်ရာတွင် ကွဲပြားချက် ဖြစ်စေနိုင်သည်။

**အကြံပြုချက် -**

တာဝန်ခံ တာဝန်ယူခြင်းဆိုင်ရာ ယဉ်ကျေးမှုဆိုသည်မှာ အဖွဲ့တစ်ခုလုံးအနေဖြင့် တာဝန်ခံမှုရှိသည်ဟု ခံစားရသော်လည်း သတ်မှတ်ထားသည့် တာဝန်ခံ တာဝန်ယူမှုနှင့် သက်ဆိုင်သည့် ရာထူးများတွင် ရှိနေသော ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်း နှစ်မျိုးစလုံးကို အထူးသဖြင့် CFM အသစ်ကို စတင်သည့်အခါတွင် တာဝန်ခံ တာဝန်ယူမှုအား ကျင့်သုံးမှုနှင့် ယဉ်ကျေးမှုတစ်ရပ်ဖြစ်လာမှု အပေါ် အပြုသဘောဆောင်သော သက်ရောက်မှုများရှိကြောင်း အသိအမှတ်ပြုခံရပါသည်။

တုံ့ပြန်ချက်စုဆောင်းခြင်းမှ ကွင်းဆက်ပိတ်ခြင်းအထိ တုံ့ပြန်မှုကွင်းဆက်၏ အဆင့်များအားလုံးကို အလွယ်တကူ စုစည်း မှတ်တမ်းတင်၍ ခြေရာခံရန် ပြီးပြည့်စုံသောစနစ်တစ်ခုသည် တုံ့ပြန်ချက်လုပ်ငန်းစဉ် စီးဆင်းမှုကို ရှင်းလင်းလွယ်ကူစေနိုင်သည်။ တုံ့ပြန်မှုများစုဆောင်းရန် တက်ဘလက်များ/tablets သို့မဟုတ် အချက်အလက်များကို ကူးယူရန်ကွန်ပျူတာများပေါ်တွင် ဝန်ထမ်းများအသုံးပြုနိုင်သည့် Survey CTO ဟုခေါ်သော နည်းပညာစကြိုတစ်ခုတွင် ဒီဂျစ်တယ် CFM ကို OXSI က ဖန်တီးတည်ဆောက်ခဲ့သည်။ ဤ OXSI စနစ်သည် တိုင်ကြားချက်များကို စုဆောင်းသည်သာမက အမှုကိစ္စစီမံခန့်ခွဲခြင်းအတွက်ကိုလည်း လုပ်ဆောင်စေသည်။




အဆင့် ၄ - တုံ့ပြန်ချက်ကွင်းဆက်အား ပိတ်သိမ်းသည်

အမှုကိစ္စစီမံခန့်ခွဲခြင်းသင်တန်းကို လက်ခံရရှိပြီးသော OXSI ဝန်ထမ်းအားလုံးနှင့် အမှုကိစ္စစီမံခန့်ခွဲသူများ အားလုံးသည် မပြီးပြတ်သေးသောအမှုကိစ္စများကို ကိုင်တွယ်ဖြေရှင်းရန် သတိပေးချက်များကို အပတ်စဉ် လက်ခံရရှိသည်။ ယေဘူယျအားဖြင့် အမှုကိစ္စစီမံခန့်ခွဲသူတစ်ဦးသည် အမှုကိစ္စတစ်ခုလက်ခံရရှိစဉ်တွင် ရွေးချယ်စရာအနည်းငယ် ရှိသည် -



အဆင့် ၃ - နည်းပညာအဖွဲ့များမှ အကြံပြုချက်များကို လွှဲပြောင်းခြင်း၊ စီမံခြင်း သို့မဟုတ် ဖြေရှင်းခြင်း တို့ပြုလုပ်သည်။

ကနဦး၌ တုံ့ပြန်ချက်ကို စုဆောင်းသည့်သူသည် အမှုကိစ္စအသေးစိတ်ကို မှတ်တမ်းတင်ပြီးလျှင် ဤစနစ်သည်အလိုအလျောက် တုံ့ပြန်ချက်များကို သက်ဆိုင်သည့်ဌာနသို့ ပို့ပေးသည် - ဆောက်လုပ်ရေး၊ မိလ္လာစနစ်၊ လူထုစည်းရုံး ဆောင်ရွက်ခြင်း၊ ရေအရည်အသွေး၊ ဂျဲန်ဒါ/ကျားမရေးရာနှင့် ကာကွယ်စောင့်ရှောက်ခြင်း၊ သို့မဟုတ် MEAL ဌာနများ။ ဤအဖွဲ့များတစ်ဖွဲ့စီမှ အမှုကိစ္စလုပ်ငန်းစီမံခန့်ခွဲ သူများသည် တုံ့ပြန်ချက်များကို လက်ခံရရှိမည် ဖြစ်ပြီး ၎င်းတို့ကို ဖြေရှင်းရန်အတွက် အရေးယူဆောင်ရွက်မှုအစီအစဉ်များတွင် ၎င်းတုံ့ပြန်ချက်များကို ထည့်သွင်း သည်။ အမှုကိစ္စလုပ်ငန်းစီမံခန့်ခွဲသူများသည် စနစ်ပေါ်တွင် အမှုကိစ္စရပ်မပိတ်သိမ်းမီ တိုင်ကြားမှုအတွက် တုံ့ပြန်မှု ကွင်းဆက်အားပိတ်သိမ်းပြီးဖြစ်ရန် သေချာစေရမည် (အပိုင်း ၇.၅ ကိုကြည့်ပါ)။






အဆင့် ၅ - အစီရင်ခံခြင်းနှင့် ခွဲခြမ်းစိတ်ဖြာမှု ပြုလုပ်သည်

OXSI တာဝန်ခံ တာဝန်ယူမှု ယန္တရားသည် ပြင်ပမှ ပါဝင်ပတ်သက်သူများ မည်သူ့ထံသို့မဆို တိုက်ရိုက်မချိတ်ဆက်ပါ ထို့ကြောင့် အမှုကိစ္စတစ်ခုချင်းစီအတွက် ပြင်ပမှအေဂျင်စီများသို့ လွှဲပြောင်းပေးခြင်းကို အမှုစီမံခန့်ခွဲသူကသာ ကိုင်တွယ်ဖြေရှင်းသည်။ CMA နှင့် OXSI CFM များသည် တစ်ဦးနှင့်တစ်ဦး အမြဲတမ်း "ပြောဆိုချိတ်ဆက်ခြင်း" မရှိပါ၊ အချိန်မီလွှဲပြောင်းပေးခြင်းနှင့် နောက်ဆက်တွဲလိုက်ခြင်းသည် ဝန်ထမ်း၏ကြိုးပမ်းမှုတွင် များစွာမူတည်ကာ ၎င်းသည် ကောင်းစွာလေ့ကျင့်ပေးထားသော ဝန်ထမ်းများအတွက် အလေးပေးလုပ်ဆောင်ရန် လိုအပ်ပါသည်။

ICT ကျွမ်းကျင်ပညာရှင်များက တုံ့ပြန်ချက်များကို အမျိုးအစားသတ်မှတ်ရန် OXSI အဖွဲ့နှင့်အတူ လုပ်ဆောင်ခဲ့သည်။ အောက်တွင် စာရင်းပြုစုထားသည့်အတိုင်း အမျိုးအစား (၅) ခုရှိသည်။ တိုင်ကြားချက်များကိုမဖြေရှင်းနိုင်သေးသည့် အချိန်ပေါ်မူတည်၍ တိုင်ကြားချက်များသည် ကွဲပြားသော အမျိုးအစားများသို့ တိုးမြှင့်သွားသည်။

| အမျိုးအစား | ရှင်းလင်းချက် |
|---|---|
| WASH ဝန်ဆောင်မှုတောင်းဆိုချက် | ပူးပေါင်းအဖွဲ့ (OXSI) ၏ ပုံမှန်လုပ်ငန်းအတွင်း ရရှိသော ဝန်ဆောင်မှုအတွက် တောင်းဆိုချက်တစ်ခု |
| အမျိုးအစား (၁) - အပြုသဘောဆောင်သော တုံ့ပြန်ချက် | အစီအစဉ်လှုပ်ရှားမှုများ သို့မဟုတ် လက်ခံရရှိသောဝန်ဆောင်မှုများနှင့်ပတ်သက်၍ အပြုသဘောဆောင်သော တုံ့ပြန်ချက် |
| အမျိုးအစား (၂) - အခြားသော အကူအညီ/အထောက်အပံ့အတွက် တောင်းဆိုချက် | ပူးပေါင်းအဖွဲ့ (OXSI) မှ ပံ့ပိုးခြင်းမရှိသည့် ဝန်ဆောင်မှု သို့သော် အခြားအဖွဲ့အစည်းများမှ ပံ့ပိုးကောင်းပံ့ပိုးသည့် ဝန်ဆောင်မှုကို တောင်းဆိုချက်တစ်ခု |
| အမျိုးအစား(၃) - လုပ်ငန်းများအပေါ် အနည်းငယ်မျှသာ ကျေနပ်မှုမရှိခြင်း | ပူးပေါင်းအဖွဲ့ (OXSI) မှ ပံ့ပိုးလျက်ရှိသည့် လှုပ်ရှားမှုများ၊ ဝန်ဆောင်မှုများ သို့မဟုတ် အခြေခံအဆောက်အအုံများနှင့်ပတ်သက်၍ အချိန်(၂)ပတ်ကျော်သည်အထိ ဖြေရှင်းခြင်းမရှိသည့် တိုင်ကြားချက်။ |
| အမျိုးအစား (၄) - လုပ်ငန်းများနှင့် ပတ်သက်၍ ကြီးမားသော ပြဿနာရှိခြင်း | ပူးပေါင်းအဖွဲ့ (OXSI) မှ ပံ့ပိုးလျက်ရှိသည့် လှုပ်ရှားမှုများ၊ ဝန်ဆောင်မှုများ သို့မဟုတ် အခြေခံအဆောက်အအုံများနှင့်ပတ်သက်၍ အရေးတကြီး အထူးဆောင်ရွက် ရန်လိုအပ်ခြင်း သို့မဟုတ် အချိန်တစ်လ သို့မဟုတ် တစ်လထက်ကျော်၍ ဖြေရှင်းခြင်းမရှိသည့် တိုင်ကြားချက်။ |

OXSI CFM အတွက် အောင်မြင်သောအခြေခံအကြောင်းတစ်ခုမှာ ယင်းသည် လုပ်ငန်းလည်ပတ်မှုနှင့် ပြုပြင် ထိန်းသိမ်းမှုတို့ကို ချိတ်ဆက်ထားမှု ဖြစ်ပြီး အဖွဲ့တစ်ဖွဲ့လုံးမှ မကြာခဏ အကျိုးရှိရှိအသုံးချသော "သက်ဝင်လှုပ်ရှားနေဆဲ နည်းလမ်း" တစ်ခုဖြစ်စေခြင်းဖြစ်သည်။ ဥပမာအားဖြင့်၊ ဆောက်လုပ်ရေး လုပ်ငန်းဆိုင်ရာ ပြုပြင်ရန်အတွက် ဝန်ဆောင်မှုတောင်းဆိုချက်များကို လစဉ် အခြေခံအဆောက်အဦး လေ့လာစောင့်ကြည့်ရေး ရလဒ်များနှင့်အတူ ဆောက်လုပ်ရေးအဖွဲ့၏ လစဉ် လုပ်ငန်းအစီအစဉ်တွင် စုစည်းထည့်သွင်းထားသည်။ ၄င်း ဝန်ဆောင်မှုတောင်းဆိုချက်များသည် ဆောက်လုပ်ရေးလုပ်ငန်းခွင် အစီအစဉ်များဖန်တီးရေးဆွဲရန်အတွက် အခြေခံအဆောက်အဦများကို မကြာခဏစောင့်ကြည့်ရန် လိုအပ်နေမှုကို နောက်ဆုံးတွင် ဖယ်ရှားပေးနိုင်မည် ဖြစ်သည်။

ဤနည်းအားဖြင့် ပုံမှန်လည်ပတ်လျက်ရှိပြီး နှင့် ကောင်းစွာအသုံးပြုနေသော CFM သည် WASH အခြေခံ အဆောက်အအုံများအပေါ်တွင် လူထု၏ ကိုယ်ပိုင်ကိုယ်ဆိုင် စိတ်ဓါတ်ဖြစ်ပေါ်မှု တိုးမြှင့်လာသည်ကို ညွှန်ပြသည်၊ ထို့အပြင် WASH အေဂျင်စီများက ရပ်ရွာလူထု၏လိုအပ်ချက်များကို ပို၍ ထိရောက်စွာတုံ့ပြန်ရန် ကူညီပေးသည်။



အဆင့် ၆ - စီမံကိန်းအား လိုက်လျောညီထွေစွာ ပြုပြင်ပြောင်းလဲသည်

တာဝန်ခံ တာဝန်ယူမှုလုပ်ငန်းစဉ်၏အစိတ်အပိုင်းတစ်ရပ်အဖြစ် မှတ်တမ်းတင်ခြင်းသည် ၄င်း တာဝန်ခံ တာဝန်ယူမှု စနစ်များ၏ ဆောင်ရွက်ချက်ကို တိုင်းတာရန် အလွန်အရေးကြီးသည်။ OXSI ၏စနစ်တွင်၊ CFM ဒေတာသည် အမှုကိစ္စများ လက်ခံရရှိမှု အရေအတွက်၊ တိုင်ကြားသူ၏ အခြေခံအချက်အလက်များ၊ တိုင်ကြားချက် အမျိုးအစား၊ အမှုကိစ္စ စီမံခန့်ခွဲထားမှု၊ လွှဲပြောင်းပေးထားမှု၊ နှင့် ပိတ်သိမ်းထားပြီးသော အမှု အရေအတွက်၊ အမှုကို ပိတ်သိမ်းရန် ကြာသည့်အချိန် အတိုင်းအတာ စသည်တို့ကိုပြသသော အစီရင်ခံစာများကို ထုတ်ပေးသည့် ဒေတာမြင်သာနိုင်မှု ထင်ရှားသော ဝန်ဆောင်မှု တစ်ခု ဖြစ်သည့် PowerBi နှင့်ချိတ်ဆက် ထားသည်။ ဤစနစ်ထည့်သွင်းမှုသည် CFM ၏ လုပ်ငန်းစဉ်တစ်ခုလုံးနီးပါး (တုံ့ပြန်မှုကွင်းဆက်ကို ပိတ်သိမ်းခြင်း မှလွဲ၍) အလိုအလျောက် မှတ်တမ်းတင် ထားကြောင်း သေချာစေသည်။ စနစ်သည် အမှုတစ်ခုစီတိုင်းကို မည်သူက စီမံခန့်ခွဲပြီး ပိတ်သိမ်းသည်ကိုလည်း ပြသပြီး တာဝန်ခံ တာဝန်ယူမှု ပိုရှိစေပါသည်။

**အကြံပြုချက် -**

တိုင်ကြားချက်များကိုတုံ့ပြန်မှုယန္တရား(**Community Feedback Mechanism**) သည် ဝန်ဆောင်မှုပေးသူများအား တုံ့ပြန်ချက်ပေးရန် အဓိကနည်းလမ်းဖြစ်သော်လည်း ၄င်းသည် တစ်ခုတည်းသောနည်းလမ်းသာ မဖြစ်သင့်ပါ။ **WASH** အေဂျင်စီများသည် လုပ်ရိုးလုပ်စဉ်အားဖြင့် ဖြန့်ဝေပြီးနောက် စောင့်ကြည့်အကဲဖြတ်မှုများ၊ စိတ်ကျေနပ်မှုစစ်တမ်းများ၊ သီးခြားစီမံချက်များနှင့် လုပ်ဆောင်ချက်များအပေါ် ဦးတည်အုပ်စု ဆွေးနွေးမှုများ စသည်တို့မှ တစ်ဆင့် နောက်ထပ်အကြံပြုချက်များကိုလည်း စုဆောင်းနိုင်ပါသည်။

## ၇.၃ လိင်ပိုင်းဆိုင်ရာ ကိစ္စရပ်များအား အကာအကွယ်ပေးခြင်း၊ လုံခြုံစိတ်ချရသော တိုင်ကြားမှုလမ်းကြောင်း (Whistleblowing) ဖြင့် သတင်းပေးခြင်းနှင့် ထိရှလွယ်သော ကိစ္စရပ်များဆိုင်ရာ တုံ့ပြန်ချက်

**တစ်ခါတစ်ရံတွင် ထိရှလွယ်သောသတင်းအချက်အလက်များကို စုဆောင်းရန် သီးခြားစနစ်တစ်ခု လိုအပ်သည် အထူးသဖြင့် မျက်နှာချင်းဆိုင်ယန္တရားများကို အမှီပြုရစဥ်တွင် ဖြစ်သည်။**



OXSI သည် စခန်းများစီမံခန့်ခွဲရေးအေဂျင်စီများမှ တည်ထောင်ထားပြီးဖြစ်သော CFM များနှင့် ပူးပေါင်း၍ လုပ်ဆောင်ရန် F2F CFM အသစ်ကို ဒီဇိုင်းရေးဆွဲပြုလုပ်ခဲ့ပြီး ၎င်းသည် ကောင်းမွန်စွာ လုပ်ငန်းလည်ပတ်ခဲ့သည်။ OXSI သည် F2F CFM တစ်ခုလုံးနီးပါးကို အကောင်အထည်ဖော်နိုင်ခဲ့သည် အဘယ်ကြောင့်ဆိုသော် စခန်းအတွင်း နေထိုင်သူများသည် ဝန်ထမ်းများ၏ အပြုအမူနှင့်ပတ်သက်၍ တိုင်ကြားချက်များကဲ့သို့သော ထိရှလွယ်သော ကိစ္စများကို OXSI ဝန်ထမ်းများနှင့် ရင်ဆိုင်ရာမလိုဘဲ CMAs သို့ တိုင်ကြားရန် ရွေးချယ် စရာရှိသောကြောင့် ဖြစ်သည်။ OXSI သည် ကာကွယ်စောင့်ရှောက်ရေး သို့မဟုတ် ကျား-မအခြေပြု အကြမ်းဖက်မှုဆိုင်ရာ တိုင်ကြားချက်များအတွက် ၎င်းတို့ထံ ချဉ်းကပ်သူများကို ထိုကိစ္စရပ်များအား သင့်လျော်သော အေဂျင်စီထံ တင်ပြနိုင်ရန်အတွက် ၎င်းတို့အား ကူညီပေးနိုင်ရန် စာရင်းကောက်ယူသူများအား လေ့ကျင့် ပေးထားသည်။ အခြားအေဂျင်စီများနှင့် ပူးပေါင်းလုပ်ဆောင်ရာတွင် အချက်အလက်များဝေမျှခြင်းဆိုင်သဘောတူညီချက်များ ရှိရန်အရေးကြီးကာ တိုင်ကြားသူ အတွက် လုံခြုံရေးနှင့် ကာကွယ်မှု ရရှိကြောင်း သေချာစေရန် အေဂျင်စီနှစ်ဘက်လုံးတွင် ခိုင်မာသော အချက်အလက် လုံခြုံရေးမူဝါဒများရှိရန် အရေးကြီးသည်။

ထို့အပြင် OXSI သည် လိင်ပိုင်းဆိုင်ရာ အကာအကွယ်ပေးရေး ကိစ္စရပ်များနှင့် လုံခြုံစိတ်ချရသော တိုင်ကြားမှုလမ်းကြောင်း (Whistleblowing) ဖြင့်သတင်းပေးခြင်းကို CFM မှတဆင့်မဟုတ်ဘဲ hotlines/ဖုန်းလိုင်း (၂)ခု မှတဆင့် ကောက်ယူစုဆောင်းသည် - တစ်ခုသည် Oxfam အတွက်ဖြစ်ပြီး အခြားတစ်ခုမှာ SI အတွက်ဖြစ်ကာ လိင်ပိုင်းဆိုင်ရာ အကာအကွယ်ပေးရေး ကိစ္စရပ်များအား အဓိကကိုင်တွယ် ဆောင်ရွက်သူ(Focal Points) များမှစီမံခန့်ခွဲသည်။ စစ်တွေမြို့နှင့် ရန်ကုန်တို့တွင် အထူးလေ့ကျင့်သင်ကြားထားသော ဝန်ထမ်းများသည် အရေးပေါ် ဖုန်းလိုင်းများမှ တိုင်ကြားချက်များကို လက်ခံကာ အသက်ရှင်ကျန်ရစ်သူများအား အထူးထောက်ပံ့ကူညီမှုပေးပြီး တစ်ဆက်တည်းတွင် တိုင်ကြားထားသည့် အမှုအား အဖွဲ့တွင်း လုပ်ထုံးလုပ်နည်းများအတိုင်း စုံစမ်းစစ်ဆေးနိုင်ရန် လွှဲပြောင်းပေးခြင်းများလည်း ပြုလုပ်သည်။ Oxfam သည် ကမ္ဘာလုံးဆိုင်ရာ အွန်လိုင်းတိုင်ကြားမှုယန္တရားကို ပံ့ပိုးပေးထားသော်လည်း ၎င်းကို ဘာသာစကား အနည်းငယ်နှင့်သာ အသုံးပြုနိုင်ပြီး အင်တာနက်အသုံးပြုနိုင်သူများသာ လက်လှမ်းမီနိုင်သည်။



### တန်းတူညီမျှမှုအား အာရုံစိုက်ခြင်း - ကျား/မ ရေးရာ၊ ကာကွယ်စောင့်ရှောက်ခြင်း နှင့် လူတိုင်းပါဝင်လာခြင်း

တုံ့ပြန်ချက်များကို စုဆောင်းခြင်းဆိုင်ရာတာဝန်ရှိဝန်ထမ်းများသည် မြင့်မားသောယုံကြည်မှုရရှိစေရန် ရပ်ရွာလူထု နှင့်နီးစပ်သင့်သော်လည်း ထိလွယ်ရှလွယ်သော တုံ့ပြန်ချက်များကိုစုဆောင်းသည့်အခါ ၎င်းတို့သည် အန္တရာယ်ရှိသော အခြေအနေများနှင့် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ စိုးရိမ်ရမှုများကိုလည်း ကြုံတွေ့ရနိုင်သည်။ ဝန်ထမ်းများအတွက် အန္တရာယ်များကို လျှော့ချနိုင်ရန် ဘေးကင်းသော အစီရင်ခံမှု ယန္တရားများကို ထူထောင်ရန် အစီအမံများ ပြုလုပ်ရပါမည်။ စစ်တွေစခန်းများတွင် ယင်းအချက်သည် စခန်းအတွင်းရှိသော လိင်ပိုင်းဆိုင်ရာ အကာအကွယ်ပေးရေး အဓိက ဆောင်ရွက်သူ (focal points) များကို ရှောင်ရှားကာ စခန်းပြင်ပရှိ အခြား ဝန်ထမ်းများ နှင့် အမှုတွဲများအတွက် ချိတ်ဆက်ခြင်းတို့ကို ဆိုလိုသည်။

## ၇.၄ တာဝန်ခံ တာဝန်ယူမှုဆိုင်ရာ အသိပေးပညာပေးခြင်း

**CFM အသစ်တစ်ခု၏အောင်မြင်မှုသည် စနစ်၏ဒီဇိုင်းပုံစံပေါ်တွင်သာမက ဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးခြင်းနှင့် လူထုမှ ဤစနစ်အား နားလည်သဘောပေါက်ခြင်းနှင့် ယုံကြည်ခြင်းပေါ်တွင် အဓိကအားဖြင့် မူတည်သည်။**

တာဝန်ခံ တာဝန်ယူမှုဆိုင်ရာ ယဉ်ကျေးမှုတစ်ခုဖန်တီးရန် ဝန်ထမ်းများနှင့် ရပ်ရွာလူထုများ အားလုံးသည် CFM နှင့်အခြား အစီရင်ခံခြင်းယန္တရားများကို နားလည်ရန် လိုအပ်သည်။ လူမှုအသိုက် အဝန်းများသည် မှတ်တမ်းတင်ခြင်းနှင့် ဆောင်ရွက်သည့်နည်းလမ်းများဖြင့် ဝန်ဆောင်မှုပေးသူများအား "ပြောဆိုဆက်သွယ်ရန်" သီးခြားနည်းလမ်းများရှိသည်ကို နားလည်ရမည်။ ကာကွယ်မှုနှင့် ဂျဲန်ဒါ/ကျား‌မ ရေးရာလွှမ်းမိုးခြင်းအပေါ် အထူးသဖြင့် အဓိကလုပ်ဆောင်သောဝန်ထမ်းများသည် အစီရင်ခံခြင်းယန္တရားများကို ဒီဇိုင်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းများတွင် ပါဝင်ရန် လိုအပ်သည်။ OXSI ဂျဲန်ဒါ/ကျား‌မ ရေးရာနှင့်ကာကွယ်မှုဆိုင်ရာ ညှိနှိုင်းဆောင်ရွက်သူသည် စခန်းတွင်းအခြေပြုဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအတွက် အကာအကွယ်ပေးခြင်းနှင့်သတင်းပေးခြင်းဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲများကို ပုံမှန် စီစဉ်လျက်ရှိပြီး MEAL အဖွဲ့က အချက်အလက်စုဆောင်းသူများ၊ အမှုကိစ္စစီမံခန့်ခွဲသူများနှင့် ဝန်ထမ်းများ အားလုံးအတွက် CFM ကိုပိုမိုနားလည်ရန်နှင့် ကျင့်ဝတ်များနှင့်သဘောတူညီမှုများအကြောင်း ဆွေးနွေးရန် သင်တန်းများ ပို့ချလျက်ရှိသည်။ MEAL အဖွဲ့သည် စခန်းများတွင်လှည့်လည်ကာ တက်ဘလက်/tablets ပေါ်တွင် တုံ့ပြန်ချက်များစုဆောင်းကြသည့် တာဝန်ခံ တာဝန်ယူခြင်းဆိုင်ရာ လုပ်ငန်းများအား အဓိက ဆောင်ရွက်သူ (Accountability Focal Points) များ၏ တာဝန်ခံ တာဝန်ယူမှုရှိခြင်းကိုလည်း စီမံဆောင်ရွက်သည်။

OXSI သည် CFM ကို တည်နေရာအားလုံးတွင် တိုးချဲ့ခြင်းမပြုမီ စခန်းတစ်ခုတွင် ကနဦးစမ်းသပ်ချက်တစ်ခု အနေဖြင့် စတင်ဆောင်ရွက်ခဲ့သည်။ ကနဦးစမ်းသက်ချက်သည် အနီးကပ်ကြီးကြပ်မှုနှင့် ပြဿနာများကို လျင်မြန်စွာ ဖြေရှင်းပေးခြင်းအပြင် ဝန်ထမ်းများအတွက် လက်တွေ့ကျသော စနစ်အကြောင်း မိတ်ဆက် ပြသပေးခဲ့သည်။

OXSI သည် တာဝန်ခံ တာဝန်ယူမှုနှင့် ဆက်သွယ်ရေးကို အားကောင်းစေရန် ပရိုဂရမ်၏ တစ်နှစ်တာ မိတ်ဖက်အဖြစ် Internews နှင့် ချိတ်ဆက်ဆောင်ရွက်ခဲ့သည်။ အခြားလုပ်ငန်းတာဝန်များထဲတွင် Internews သည် စခန်းများရှိ တာဝန်ခံ တာဝန်ယူမှုဆိုင်ရာ အသိပညာပေးလှုပ်ရှားမှု/ကမ်ပိန်းများတွင် အဓိကအစိတ်အပိုင်း နှစ်ခုကို အာရုံစိုက်လုပ်ဆောင်ခဲ့သည်-

(၁) အဓိကသတင်းစကားများကို ရပ်ရွာလူထုများသို့ မှန်ကန်စွာနှင့် ထိရောက်မှုရှိစွာ ပေးပို့နိုင်ရန် တာဝန်ခံ တာဝန်ယူမှုရှိခြင်းနှင့် ပတ်သက်၍ စခန်းတွင်းအခြေပြုသည့် ဝန်ထမ်းများအား စွမ်းဆောင်ရည်မြှင့်တင်ခြင်း နှင့် လမ်းညွှန်မှုပေးခြင်း

(၂) တာဝန်ခံတာဝန်ယူမှုရှိခြင်းနှင့် CFM နှင့် ၎င်းတို့ကို အသုံးပြုသည့်နည်းလမ်းများအကြောင်းကို ရှင်းပြနိုင်ရန် အိမ်တိုင်ရာရောက် အသိပညာပေးဆွေးနွေးခြင်းများကို လူထုနှင့်အတူ ပြုလုပ်ခြင်း ဖြစ်သည်။ တစ်အိမ်ပြီးတစ်အိမ် အိမ်တိုင်ရာရောက်လည်ပတ်ခြင်းအားဖြင့် OXSI ဆွေးနွေးပွဲများသို့ ပုံမှန် တက်ရောက်လေ့ မရှိသူများလည်း စနစ်ကို သိရှိနားလည်ကြောင်း သေချာစေရန် ဖြစ်သည်။

စခန်းများတွင် အသိပညာမြှင့်တင်ရေး ဦးဆောင်ဆွေးနွေးရန် Internews သည် တာဝန်ခံမှုရှိခြင်းအကြောင်း၊ CFM နှင့် OXSI ၏ဝန်ဆောင်မှုများအကြောင်းကို ရိုဟင်ဂျာ၊ ရခိုင် နှင့် အင်္ဂလိပ်ဘာသာစကားဖြင့် ကာတွန်းဗီဒီယိုတစ်ခု နှင့် IEC ထုတ်လုပ်ခဲ့သည်။ ထုတ်နုတ်ထားသောအသံဖိုင်ကို စမတ်ဖုန်း မဟုတ်သော လက်ကိုင်ဖုန်းများသို့ပင် ပေးပို့နိုင်ကာ ဗီဒီယိုကို တက်ဘလက်များနှင့် စမတ်ဖုန်းများတွင် ကူးထည့်ကာ သတ်မှတ်ထားသော ပုံမှန် တစ်ကိုယ်ရည်သန့်ရှင်းရေး လုပ်ငန်းများနှင့် အခမ်းအနားများနှင့် အထိမ်းအမှတ်ပွဲတော်များ ဆောင်ရွက်မှု အပြီးတွင် ဖွင့်ပြသည်။

CFM အကြောင်းအသိပညာပေးခြင်းနှင့် OXSI မှပံ့ပိုးသော ဝန်ဆောင်မှုများ အကြောင်း ဖြန့်ဝေရန် ပူးပေါင်း ကြိုးပမ်းမှုသည် CFM တွင် အမှုကိစ္စများကို မြင့်တက်လာစေသည်။ အစီအစဉ်တစ်လျှောက်လုံးတွင် ဤပုံစံသည် တာဝန်ခံ တာဝန်ယူမှုရှိခြင်းဆိုင်ရာ အသိပညာမြှင့်တင်ရေးဆွေးနွေးပွဲများ တိုင်းတွင် တိုးမြှင့်လာသည်ကို မြင်ရပြီး အသိပညာပေးဆွေးနွေးပွဲများ ဆက်လက်လုပ်ဆောင်ခြင်းသည် ရပ်ရွာလူထုများအား CFM ကိုအသုံးပြုရန် အားပေးသည်ဟု အကြံပြုသည်။

**တန်းတူညီမျှမှုအား အာရုံစိုက်ခြင်း - ကျား/မ ရေးရာ၊ ကာကွယ်စောင့်ရှောက်ခြင်း နှင့် လူတိုင်းပါဝင်လာခြင်း**

CFM တွင် အိမ်တိုင်ရာရောက်သွား၍ အကြံပြုချက်များကို စုဆောင်းခြင်းများသည် သက်ကြီးရွယ်အိုများ သို့မဟုတ် မသန်စွမ်းသူများကဲ့သို့ ရုံးများသို့ လာရောက်ရန် အခက်အခဲရှိသူများထံသို့ ရောက်ရှိနိုင်ပြီး လူထုအားလုံး ကြားသိနိုင်ရန် သေချာစေသည်။



Internews အဖွဲ့ မှ ဖန်တီးထားသည့် ဗီဒီယိုတွင် သရုပ်ပြထားသည့်အတိုင်း OXSI ၏ MEAL ဝန်ထမ်းများအား တုံ့ပြန်ချက်ပေးသည့် ရပ်ရွာလူထုအဖွဲ့ဝင်များ

## ၇.၅ တုံ့ပြန်ချက်ကွင်းဆက်အားပိတ်သိမ်းခြင်း

**တုံ့ပြန်ချက်ကွင်းဆက်အားပိတ်သိမ်းခြင်းသည် CFM တစ်ခုတွင် ယေဘုယအားဖြင့် ဝန်ထမ်းများအတွက် မှတ်မိရန် နှင့် ခြေရာခံရန် အခက်ခဲဆုံးသော အပိုင်းဖြစ်သည်။ သို့သော်လည်း ယန္တရားသည်ဤအစိတ်အပိုင်းမပါဘဲ ထိရောက်မှုမရှိနိုင်ပါ။**

အေဂျင်စီများက အမှုကိစ္စများကို မည်သို့ဖြေရှင်းသည်နှင့်ပတ်သက်၍ ပွင့်လင်းမြင်သာမှုရှိခြင်းသည် ရပ်ရွာလူထု၏ယုံကြည်မှုအတွက် မရှိမဖြစ်လိုအပ်ပြီး ယုံကြည်မှုရှိမှသာ တာဝန်ခံမှုယန္တရားများသည် လည်ပတ်မည်ဖြစ်သည်။ ရပ်ရွာလူထုများက တုံ့ပြန်ချက်များပေးသောအခါ ၎င်းတို့မျှော်လင့်နိုင်သည့် အကြောင်းအရာများ၊ တုံ့ပြန်ချက်များကိုမည်သို့ကိုင်တွယ်ဖြေရှင်းပုံ၊နှင့် တုံ့ပြန်မှုနှင့်ပတ်သက်၍ ရှင်းလင်းသော လုပ်ထုံးလုပ်နည်းများအား ရပ်ရွာလူထုသို့ပြန်၍ သတင်းအချက်အလက်ပေးပို့ခြင်းသည် ရပ်ရွာလူထုအတွင်း နေထိုင်သူများအား တုံ့ပြန်ချက်ကို ထပ်မံတင်ပြလိုခြင်းရှိမရှိနှင့် ပတ်သက်၍ သိရှိထားပြီးသော ရွေးချယ်မှုများအား ပြုလုပ်နိုင်ရန် အခွင့်ပေးသည်။

ရပ်ရွာလူထုများအား ၎င်းတို့၏တုံ့ပြန်မှုရလဒ်များအကြောင်းကို မည်သည့်အချိန်နှင့် မည်သို့ပြန်ကြားမည်ဆိုသည်ကို ရှင်းလင်းသော အချိန်ဇယားတစ်ခုရှိခြင်းသည် အထောက်အကူဖြစ်စေပါသည်။ ဥပမာအားဖြင့် OXSI မှ အမှုကိစ္စစီမံခန့်ခွဲသူများသည် အမှုကိစ္စအသစ်များအတွက် တစ်ပတ်လျှင် နှစ်ကြိမ် သတ်မှတ်ထားသောရက်များတွင် ၎င်းတို့အား စီမံခန့်ခွဲရန်ပေးထားသော အကောင့်ကို စစ်ဆေးမည်၊ ထိုနောက် ဖြေရှင်းရန် ကြိုးပမ်းမည်၊ နောက်ဆုံးအခြေအနေကိုရှင်းပြမည်၊ သို့မဟုတ် အပတ်စဉ် သတ်မှတ်ထားသောနေ့ရက် မတိုင်မီတွင် မပြီးပြတ် သေးသော အမှုကိစ္စများအားလုံးကို လွှဲပြောင်းမည်။ နောက်နေ့တွင် MEAL အဖွဲ့က နောက်ဆုံးမွမ်းမံထားသော အချက်အလက်စုဆောင်ထားသည့် မှတ်တမ်းကို ကွန်ပျူတာထဲမှ ကူးယူကာ ထိရှလွယ်သော အမှုကိစ္စမဟုတ်သည့် ရလဒ်များကို တာဝန်ရှိသည့် ကွင်းဆင်းလုပ်ဆောင်နေသော ဝန်ထမ်းများအား မျှဝေမည်၊ နောက်တစ်နေ့တွင် ဝန်ထမ်းက တုံ့ပြန်ချက်ပေးခဲ့သူများနှင့်လိုက်၍ ဆက်လက်အရေးယူ ဆောင်ရွက်ကာ ထိုအမှုကိစ္စသည် ဖြေရှင်းပြီးဖြစ်သည် သို့မဟုတ် ဖြေရှင်းဆဲ ခြေအနေတစ်ခုသည်ကို လိုက်လံဆောင်ရွက်မည်ဖြစ်သည်။ အချို့အမှုကိစ္စများသည် လက်တွေ့အရေးယူဆောင်ရွက်ချက် တစ်စုံတစ်ရာလုပ်ရန် မလိုဘဲ ရပ်ရွာလူထုများ သို့ တုံ့ပြန်ချက်များပေးရုံမျှဖြင့် ဖြေရှင်း၍ပြီးနိုင်သည်၊ ဥပမာအားဖြင့် ပျက်စီးနေသော အခြေခံအဆောက်အဦးများ ကို ပြန်လည်ပြုပြင်ရန် OXSI ကို ပိတ်ပင်တားဆီးမှု တစ်ခုရှိသည့်အတွက် လုပ်ငန်းအား ယာယီရပ်နားထားရသည့် အခြေအနေမျိုးဖြစ်သည်။ ဤကိစ္စရပ်တွင် ပြဿနာကိုမဖြေရှင်းနိုင်သေးချိန်တွင် ကွင်းဆက်ကို ပိတ်သိမ်းရန် ဝန်ထမ်းများအနေဖြင့် စိတ်ခတ်ကျနိုင်သည်၊ သို့သော် ရပ်ရွာလူထုများ အနေဖြင့် ပြဿနာက အဘယ်ကြောင့် ဆက်လက်ရှိနေသည်ကို နားလည်ရန်နှင့် အေဂျင်စီနှင့် CFM အပေါ် ယုံကြည်မှု မပျက်စေရန် အရေးကြီးသည်။ ဝန်ထမ်းများအနေဖြင့် ရပ်ရွာလူထုများအား ကိစ္စရပ်များကို မဖြေရှင်းနိုင်သေးသော်လည်း တိုင်ကြားချက်များကို ဆက်လက်ဖွင့်ရန် တိုက်တွန်းနိုင်သည် အဘယ်ကြောင့်ဆိုသော် အေဂျင်စီများသည် တိုင်ကြားချက်များနှင့် ပတ်သက်၍ ထိရောက်စွာ လုပ်ဆောင်ရန် အခြားသူများအား စည်းရုံးလှုံ့ဆော်ရန်အတွက် တိုင်ကြားချက်များကို အသုံးပြုနိုင်သောကြောင့် ဖြစ်သည်။ အစီအစဉ်စီမံခန့်ခွဲမှုဌာန (PMU)သည် တစ်ခါတစ်ရံတွင် အမှုစီမံခန့်ခွဲသူနှင့်အတူ တိုင်ကြားသူအား တိုက်ရိုက် ဆက်သွယ်ခြင်းအားဖြင့် ထိရှလွယ်သော အမှုကိစ္စများကို ကိုင်တွယ်ဖြေရှင်းသည်။ အမှုကိစ္စအား မဖြေရှင်း နိုင်သေးသော်လည်း ရပ်ရွာလူထုများအား အချိန်နှစ်ပတ်အတွင်း တုံ့ပြန်အဖြေပေးရန် အမှုကိစ္စအားလုံးအတွက် နောက်ဆုံးရက်သတ်မှတ်ထားသည်။

OXSI သည် စီမံကိန်း၏နောက်ဆုံးအခြေအနေကိုရှင်းပြခြင်း၊ မေးခွန်းများကို ဖြေကြားခြင်းနှင့် စိုးရိမ်မှုများကို နားထောင်ရန်အတွက် စခန်းခေါင်းဆောင်များနှင့် လစဉ်အစည်းအဝေးများမှတဆင့် အောက်ခြေတာဝန်ခံမှု ပိုမိုတိုးတက်ကောင်းမွန်စေရန် လုပ်ဆောင်သည်။ ၎င်းသည် လုပ်ငန်းများအားရပ်တန့်စေသော ပိတ်ပင်တားဆီးမှုများ ရှိသည့် စခန်းများတွင် အထူးသဖြင့် အရေးကြီးကြောင်း ပြသနေသည်။ OXSI ၏ အောက်ခြေတာဝန်ခံမှုကို လေ့ကျင့်/ကျင့်သုံးသောအခြားနည်းလမ်းတစ်ခုမှာ “ကြားနာခြင်းဆွေးနွေးပွဲများ”မှတဆင့်ဖြစ်ကာ အစီအစဉ်၏ စိန်ခေါ်ချက်များ၊ အောင်မြင်မှုများနှင့် နောက်ဆုံးသတင်းအခြေအနေများအပေါ် တုံ့ပြန်ချက်များပေးရန် နှင့် စုဆောင်းရန် စခန်းတွင်းအခြေပြုဝန်ထမ်းများအားလုံးနှင့် PMU သည် တစ်လလျှင် တစ်ကြိမ် တွေ့ဆုံသည်။

### တန်းတူညီမျှမှုအား အာရုံစိုက်ခြင်း - ကျား/မ ရေးရာ၊ ကာကွယ်စောင့်ရှောက်ခြင်း နှင့် လူတိုင်းပါဝင်လာခြင်း

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအေဂျင်စီများမှ အကျိုးခံစားသူများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက် အလက်များကို စုဆောင်းခြင်းနှင့် စီမံဆောင်ရွက်ခြင်းသည် ကာကွယ်မှုဆိုင်ရာ အန္တရာယ်ဖြစ်ပေါ်စေနိုင်သည် အထူးသဖြင့် အကျိုးခံစားသူ၏အချက်အလက်များက အန္တရာယ်ပြုနိုင်သူများထံသို့ ရောက်သွားလျှင် ဖြစ်သည်။ လူသားချင်းစာနာထောက်ထားမှုအေဂျင်စီများသည် အနည်းဆုံးနှင့် မရှိမဖြစ်လိုအပ်သော အချက်များကိုသာ စုဆောင်းရန်၊ လုံခြုံစွာသိမ်းဆည်းရန်နှင့် အချက်အလက်များကို အစီအစဉ်များ ချမှတ်ခြင်း နှင့် အစီရင်ခံခြင်းအတွက် ရည်ရွယ်၍ လိုအပ်သူများသာ ဝင်ကြည့်နိုင်ကြောင်း သေချာစေရန် အချက်အလက်ကာကွယ်မှုဆိုင်ရာမူဝါဒများရှိရန် လိုအပ်ပြီး ၎င်းကို လိုက်နာရမည်။ အချက်အလက်စုဆောင်းခြင်းအတွက် လုံခြုံသောစနစ်ကို ရှာဖွေသောအခါ Oxfam အဖွဲ့အစည်းသည် ဒစ်ဂျစ်တယ်အကာအကွယ်အတွက် ဖြစ်နိုင်ခြေ ရှိသောအကဲဖြတ်မှုတစ်ခု ပြုလုပ်ခဲ့ပြီး သတင်းအချက်အလက်များ စုဆောင်းရန် အလုံခြုံဆုံးများထဲမှ တစ်ခုအဖြစ် SurveyCTO ကိုတွေ့ရှိခဲ့သည်။ ထို့အပြင် အချက်အလက်စုဆောင်းသူများအားလုံးနှင့် တာဝန်ခံ တာဝန်ယူမှုဆိုင်ရာ ဝန်ထမ်းအားလုံသည် အချက်အလက်ကာကွယ်မှုနှင့် ဒစ်ဂျစ်တယ်ကာကွယ်မှုဆိုင်ရာ အခွင့်အရေးများနှင့်ပတ်သက်၍ ကျယ်ပြန့်သောသင်တန်းကို လက်ခံရရှိခဲ့သည်။

# ၇.၆ သဘောထားအမြင်ကိုအခြေခံသည့်အကဲဖြတ်ခြင်းများ

**အရေးပေါ်အခြေအနေများတွင် တာဝန်ခံမှုနှင့် သင်ယူမှု၏ အဓိကသွင်ပြင်လက္ခဏာသည် ထိခိုက်ခံစားရသော ရပ်ရွာလူထုများ၏ သဘောထားအမြင်များကို နားထောင်ခြင်းနှင့် ထိုအပေါ် လုပ်ဆောင်ခြင်း ဖြစ်သည်။ သဘောထားအမြင်များကို ထည့်သွင်းစဥ်းစားခြင်း မရှိလျှင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အေဂျင်စီမှ ၎င်း၏အထောက်အပံ့များကိုမည်သို့ ရှုမြင်ပုံနှင့် ထိခိုက်ခံစားရသောလူထုမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်အပံ့ကို မည်သို့တွေ့ကြုံခံစားရပုံတို့အကြားတွင် ကြီးမားသော အဆက်ပြတ်တောက်မှု တစ်ခု ရှိနိုင်သည်။**

လွန်ခဲ့သောအချိန်တွင် စစ်တွေကန့်သတ်နယ်မြေအတွင်းရှိ အသိပညာဗဟုသုတ၊ သဘောထားနှင့် အလေ့အကျင့်များ (KAP)စစ်တမ်းများသည် လူထု၏အမူအကျင့်များ ပြောင်းလဲသွားသည်ကို မပြသနိုင်ခဲ့ဘဲ အသိပညာမြင့်မားမှုကိုသာ တစ်သမတ်တည်းပြသခဲ့သည်။ OXSI WASH စီမံကိန်းတွင် ရပ်ရွာလူထုပူးပေါင်းဆောင်ရွက်ခြင်း၊ ကိုယ်ပိုင်ကိုယ်ဆိုင် စိတ်ဓါတ်ရရှိလာခြင်းနှင့် လူထုမှ စိတ်ကျေနပ်မှုရရှိခြင်းတို့အား မြှင့်တင်ခြင်းဆိုင်ရာ ရည်မှန်းချက်များကို စီမံကိန်း၏ အညွှန်းကိန်းများတွင် ထည့်သွင်းခြင်းနှင့် သီးခြားနောက်ဆက်တွဲလုပ်ဆောင်မှုများအဖြစ် KAP စစ်တမ်းများကို အစားထိုးရန်အတွက် သဘောထားအမြင်အခြေပြုသော အကဲဖြတ်မှုများ များစွာကို ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ရန် လိုအပ်ပါသည်။ ဤအရာသည် ကျေနပ်မှု၊ ပူးပေါင်းပါဝင်မှုနှင့် ကျန်းမာရေးအစီအစဥ်၏ ဘက်ပေါင်းစုံသက်ရောက်မှုကို တိုင်းတာခြင်းသို့ပြောင်းလဲကာ (အခြေခံအဆောက်အအုံကို စစ်ဆေးခြင်းများ ကဲ့သို့သော ရေတွက်တိုင်းတာသော အကဲဖြတ်မှုများအပြင်) ဆုံးဖြတ်ချက်များလုပ်ဆောင်ရာတွင် ရပ်ရွာလူထုများကို ဗဟိုထားသော OXSI အစီအစဥ်၏ရည်မှန်းချက်ကိုလည်း ထင်ဟပ်သည်။ သဘောထားအမြင်ကိုအခြေခံသောအကဲဖြတ်မှုများသည် လှုပ်ရှားမှုများတွင် ပါဝင်မှုနှင့် ကျေနပ်မှု ပိုမြင့်ခြင်းသည် ကျန်းမာရေးကိုသက်ရောက်သော အပြုသဘောဆောင်သည့် အပြုအမူပြောင်းလဲခြင်းများကို မည်သို့ဖြစ်ပေါ်စေသည် ကိုလည်း မီးမောင်းထိုး ပြခဲ့သည်။

MEAL အဖွဲ့သည် အကဲဖြတ်မှုတစ်ခုစီကို CFM ကဲ့သို့တူညီသော နည်းပညာပလက်ဖောင်းကို အသုံးပြုကာ ဖန်တီးတီထွင်ခဲ့သည်၊ ယင်းကို နည်းပညာအဖွဲ့များနှင့်သက်သေပြခဲ့သည်၊ ကနဦးစမ်းသပ်ခဲ့သည်၊ မဟာဗျူဟာစံနမူနာတစ်ခုဖန်တီးခဲ့သည်၊ ထို့နောက် အကဲဖြတ်မှုတစ်ခုစီကို စတင်ဆောင်ရွက်ခဲ့သည်။ အချက်အလက်စုဆောင်းခြင်းအဆင့်အပြီးတွင် MEAL အဖွဲ့သည် အချက်အလက်အစုံတစ်ခုစီကို ခွဲခြမ်းစိတ်ဖြာကာ သင်ယူမှုပြန်လည်ဆန်းစစ်ခြင်းအချိန်အတွင်း OXSI အဖွဲ့တစ်ခုလုံးနှင့် တင်ပြကာ ဆွေးနွေးရန် စုစည်းပြုစုခဲ့သည်။ MEAL အဖွဲ့သည် စာရင်းကောက်သူများအတွက် ကျင့်ဝတ်များ၊ သဘောတူညီချက်များနှင့် အချက်အလက်အရည်အသွေးကို အဓိကထားကာ သဘောထားအမြင်ကိုအခြေခံသော စစ်တမ်းကို မည်သို့ လုပ်ဆောင်ရမည်ကို သင်ကြားပေးရန် ထပ်ဆောင်း သင်တန်းပို့ချခဲ့ရသည်။ ဤစစ်တမ်းများကို အောက်တွင် အကျဥ်းချုပ်ဖော်ပြထားသည်။

## စိတ်ကျေနပ်မှုစစ်တမ်း

စိတ်ကျေနပ်မှုစစ်တမ်းသည် အဓိကကျသော WASH လုပ်ဆောင်ချက်များအပေါ် သဘောထားအမြင်များအပြင် ဤလုပ်ဆောင်ချက်များမှ သင်ယူရရှိခြင်းများကိုလည်း အဓိကထားသော ပြည့်စုံသောစစ်တမ်းတစ်ခုဖြစ်သည်။ ယင်းသည် ယခင် KAP စစ်တမ်းများ၏အခြေခံသဘောတရားများပါဝင်သော်လည်း KAP စစ်တမ်းအစဥ်အလာကို ကျော်လွန်ကာ တိုင်ပင်ဆွေးနွေးမှု၊ ပူးပေါင်းပါဝင်မှု နှင့် စိတ်ကျေနပ်မှုများ ပါဝင်သည်။ ဤစစ်တမ်းက လူအများအား - ကြိမ်နှုန်းနှင့် တိုင်ပင်ဆွေးနွေးမှုအရည်အသွေး၊ လွှဲပြောင်းပေးအပ်ခြင်း၊ ပြင်ဆင်ခြင်းနှင့် အခြား WASH လှုပ်ရှားမှုများတွင်ပူးပေါင်းပါဝင်မှု နှင့် ၎င်းတို့မည်မျှအသုံးဝင်ကြောင်း၊ ဝမ်းပျက်ဝမ်းလျှောခြင်းကို ကာကွယ်ရန် အရေးကြီးသောအလေ့အကျင့်များ၊ အမှိုက်စွန့်ပစ်ရေးစီမံခန့်ခွဲမှုအပြုအမူများ၊ လက်ဆေးခြင်း အလေ့အကျင့်များ၊ WASH ဆိုင်ရာ လိုအပ်သည့်အထောက်အပံ့ပစ္စည်းအဆောက်အအုံစသည် လုံလောက်မှုရှိ-မရှိနှင့် ယင်းတို့သည်လုံခြုံခြင်းနှင့်လက်လှမ်းမီခြင်းရှိ-မရှိ၊ သတင်းအချက်အလက်များကို လက်လှမ်းမီခြင်း၊ အခြေခံ အဆောက်အဦဒီဇိုင်းနှင့်ပတ်သက်၍ စိတ်ကျေနပ်မှု၊ အမျိုးသမီးလစဥ်သုံး ပစ္စည်းစွန့်ပစ်ခြင်း အလေ့အကျင့်များ၊ နှင့်ထက်ပိုသော အကြောင်းအရာများ - အပေါ် ၎င်းတို့သဘောထားအမြင်ကို မေးသည်။ ပွင့်လင်းမြင်သာမှု၊ သတင်းအချက်အလက်မျှဝေခြင်းနှင့် CFM အသိပညာ တိုင်းတာခြင်းဖြင့် တာဝန်ခံမှုယန္တရား၏ထိရောက်မှုကို တိုင်းတာသည့် နည်းစနစ်တစ်ခုလည်း ဖြစ်သည်။



ဤစစ်တမ်းကို SurveyCTO သုံး၍ တက်ဘလက်များပေါ်တွင် ခြောက်လတစ်ကြိမ် ကောက်ယူပြီး အချက်အလက်များကို Excel သို့ကူးယူကာ ခွဲခြမ်းစိတ်ဖြာသည်။
(7B ဝန်ဆောင်မှုအပေါ်တွင် စိတ်ကျေနပ်မှုစစ်တမ်းကောက်ယူခြင်း)

စိတ်ကျေနပ်မှုစစ်တမ်းသည် ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ လုပ်ငန်းများနှင့် ဝန်ဆောင်မှုများ အပေါ်တွင် လူထု၏သဘောထားအမြင်များကို စုစည်းသော စစ်တမ်းတစ်ခုဖြစ်သည်။

## ပူးပေါင်းပါဝင်မှုစစ်တမ်း

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအေဂျင်စီများသည် ၎င်းတို့၏အစီအစဉ်များတွင် ပူးပေါင်းပါဝင်မှု မြင့်မားစွာရရှိရန် ရည်မှန်းသည်။ အေဂျင်စီအများစုက လှုပ်ရှားမှုများနှင့် လှုပ်ရှားမှုပွဲများတွင် ပါဝင်သူဦးရေ အရေအတွက်ကို အစီရင်ခံသော်လည်း အဓိပ္ပာယ်ရှိသော ပူးပေါင်းပါဝင်မှုကို တိုင်းတာရန် ခက်ခဲသည်။ OXSI အစီအစဉ်သည် ရပ်ရွာလူထုပူးပေါင်းပါဝင်မှုကို တိုးမြှင့်ရန် ရည်ရွယ်ကာ ပါဝင်မှုကို တိုင်းတာရန်ထက် ကျော်လွန်ကာ လှုပ်ရှားမှုများတွင် ၎င်းတို့၏ ပူးပေါင်းပါဝင်မှုနှင့် ဆုံးဖြတ်ချက်ချမှတ်မှုတို့အပေါ် ၎င်းတို့၏သဘောထားအမြင်ကို တိုင်းတာရန် နည်းလမ်းတစ်ခုလိုအပ်သည်။ OXSI MEAL အဖွဲ့သည် လူမှုအဖွဲ့အစည်းများ အထူးသဖြင့် အမျိုးသမီးများနှင့် တိုင်ပင်ဆွေးနွေးခြင်းများမှတဆင့် ၎င်းတို့အတွက် အဓိပ္ပာယ်ရှိသော ပူးပေါင်းပါဝင်ခြင်းသည် ဘာကို ဆိုသည်သည်ကို နားလည်ရန် ပူးပေါင်းပါဝင်ခြင်းစစ်တမ်းကို ဖန်တီးခဲ့သည်။ ပူးပေါင်းပါဝင်ခြင်းတိုး တက်မှုလမ်းကြောင်းအဆင့်ဆင့် - ဆွေးနွေးတိုင်ပင်သည်၊ အကြောင်းကြားသည်၊ လက်ခံကြောင်းပြသသည်၊ ညှိနှိုင်းဆွေးနွေးသည်၊ ဆုံးဖြတ်ချက်များကိုယူသည် - တို့ကို ရပ်ရွာလူထုများနှင့်တကွ ဆုံးဖြတ်ခဲ့သည်။ ပူးပေါင်းပါဝင်မှု စစ်တမ်းပုံစံသည် အများသဘောကို အခြေခံသော ဦးတည်အုပ်စုဆွေးနွေးပွဲ ပုံစံဖြစ်ကာ အမျိုးသမီးများ ပို၍နှစ်သက်ကြသည်၊ အဘယ်ကြောင့်ဆိုသော် ဦးတည်အုပ်စုဆွေးနွေးပွဲအခင်းအကျင်းတွင် ၎င်းတို့သည် မိမိကိုယ်ကို ဖော်ပြရန် ပို၍သက်တောင့်သက်သာရှိဟု ခံစားရသောကြောင့်ဖြစ်သည်။



ပူးပေါင်းပါဝင်မှုစစ်တမ်းကို ဦးတည်အုပ်စုဖြင့် ဆွေးနွေးသည့် နည်းလမ်းဖြင့် ကောက်ယူခဲ့သည်၊ သို့သော် ပါဝင်သူအားလုံး၏ သဘောတူညီမှု လိုအပ်ပါသည်။

ပူးပေါင်းပါဝင်မှုစစ်တမ်းကို ခြောက်လတစ်ကြိမ် OXSI ဝန်ထမ်းနှင့် ရပ်ရွာလူထုများသည် FGDများမှတဆင့် စာရွက်ပေါ်တွင် မှတ်သား လုပ်ဆောင်သည် ထို့နောက် အခြေခံစည်းမျဉ်းနှင့် နှိုင်းယှဉ်ခဲ့သည်။ လုပ်ငန်းတစ်ခုစီတိုင်းအတွက် ဆွေးနွေးရာတွင်ပါဝင်သူများအဖွဲ့သည် လူထုပူးပေါင်းပါဝင်မှုအား အဆင့် ၁ မှ ၄ အတွင်း သတ်မှတ်ကာ လူထုအား ဆွေးနွေးတိုင်ပင်ခဲ့မှု၊ လုပ်ငန်းဆိုင်ရာအသိပေးခဲ့မှု၊ လူထုမှ လက်ခံကြောင်းပြသမှု၊ ညှိနှိုင်းမှု သို့မဟုတ် ဆုံးဖြတ်ချက်များရယူခဲ့မှု စသည့် အချက်များကို အဆင့်သတ်မှတ်ပေးသည်။ ဆွေးနွေးသည့်အဖွဲ့သည် ဆွေးနွေးမှုတစ်ခုစီအတွက် အများဆန္ဒအတိုင်းသဘောတူညီချက်ရယူရမည်။ သဘောတူညီချက်အရ လူတစ်ဦး သို့မဟုတ် နှစ်ဦးကသာ FGD ကို လွှမ်းမိုးခြင်းမပြုရဘဲ ဆွေးနွေးရာတွင် ပါဝင်သူအားလုံးအတွက် ကိုယ်စားပြု ပြောဆိုခြင်းသာ ဖြစ်သင့်ပြီး ဂရုတစိုက်ရှောင်ကြဉ်ခြင်းမရှိလျှင် ၎င်းသည် FGDများတွင် မကြာခဏ ဖြစ်လေ့ဖြစ်ထရှိသော အရာ ဖြစ်သည်။ (7C လူထုပါဝင်မှု စစ်တမ်းကောက်ယူခြင်း)

## ဆေးဝါးဆိုင်ရာအကဲဖြတ်ခြင်း

WASH စီမံကိန်း၏ အလုံးစုံရည်မှန်းချက်သည် ကျန်းမာရေးရလဒ်များကို အပြုသဘောသက်ရောက်မှု ရှိစေရန်ဖြစ်သည်။ OXSI သည်စစ်တွေကန့်သတ်ဧရိယာရှိ လုပ်ငန်းလည်ပတ်နေသော ကျန်းမာရေးအစုအဖွဲ့ဆေးခန်းများမှ ကျန်းမာရေးအချက်အလက်များလက်ခံရရှိသော်လည်း ရပ်ရွာလူထုများမှ တုံ့ပြန်ချက်များအရ လူအများစုသည် ပြင်းထန်သောနာမကျန်းဖြစ်မှုအတွက်သာ ဆေးခန်းများတွင် အကူအညီတောင်းခံကြောင်း ပြသခဲ့သည်။ ထို့အပြင် လူဦးရေတစ်ရပ်လုံးအတွက် ဆေးခန်းများမလုံလောက်ပါ၊ ထို့နောက် လူအများသည် ဆေးခန်းသို့သွားရန် မတတ်နိုင်ပါ။ ထို့ကြောင့် လူအများသည် စခန်းများရှိဆေးဆိုင်ငယ်များမှ ဆေးဝါးကို မကြာခဏ ဝယ်ကြသည်။ OXSI သည် ဆေးဆိုင်ပိုင်ရှင်များအား ၎င်းတို့ရောင်းအားအကောင်းဆုံးဆေးများကိုမေးရန် အထူးသဖြင့် ဝမ်းလျှောခြင်းကိုကုသရန် ဆေးဝါးများကို အဓိကထားကာ ခြောက်လတစ်ကြိမ် ရိုးရှင်းသော အကဲဖြတ်မှုတစ်ခုပြုလုပ်ခဲ့သည်။ ဆေးဆိုင်အများစုသည် လနှင့်ချီ၍ စေ့စပ်သေချာသောမှတ်တမ်းများကို မထားကြသောကြောင်း ဤစစ်တမ်းကို ၎င်းတို့၏ သဘောထားအမြင်စစ်တမ်းတစ်ခုအဖြစ် သတ်မှတ်ထားသည်။ လူအများ ဆေးဝါးဝယ်ယူခြင်း/မဝယ်ယူခြင်းနှင့် မည်သည့်ဆေးဝါးများကို ဝယ်ယူသည် စသော အကြောင်းရင်းများသည် အခြားသော အကြောင်းရင်းများစွာ (ဥပမာ ဆေးဝါးရနိုင်ခြင်း၊ ဝင်ငွေမရှိခြင်း၊ ဆေးဆိုင်များပိတ်ခြင်း စသည်) အပေါ် သက်ရောက်နေနိုင်သော်လည်း ဤအကဲဖြတ်မှုသည် စခန်းများတွင်တွေ့ရလေ့ရှိသော ကျန်းမာရေးဆိုင်ရာ ပြဿနာများကို ထုတ်နှုတ်ပြသပြီး အကယ်၍ အချိန်ကြာလာသည်နှင့်အမျှ WASH အေဂျင်စီများမှ အာရုံစိုက်သည့် သတ်သတ်မှတ်မှတ် ရောဂါများအတွက် လူအများသည် အနည်းသို့မဟုတ် အများ ဆေးဝါးများကိုဝယ်ယူကြသည်။

(7D ဆေးဆိုင်များမှဆေးဝါးရောင်းချရမှုအခြေအနေအား စစ်တမ်းကောက်ယူခြင်း)



ဆေးဆိုင်များမှ ဆေးဝါးရောင်းချရမှု အခြေအနေအား စစ်တမ်းကောက်ယူခြင်းသည် စခန်းများတွင် အများဆုံးရောင်းချသည့် ဆေးဝါးအမျိုးအစားများကို လေ့လာသိရှိနိုင်စေရန် ဆောင်ရွက်ခြင်းဖြစ်ပါသည်။

## ၇.၇ လေ့လာသင်ယူခြင်းနှင့် လိုက်လျောညီထွေဖြစ်အောင်ပြုပြင်ခြင်း

**ပုံမှန်တုံ့ပြန်ချက်များစုဆောင်းရခြင်း၏ အဓိကအကြောင်းရင်းများထဲမှတစ်ခုမှာ ရပ်ရွာလူထု၏ လိုအပ်ချက်များကို ပို၍ကောင်းမွန်စွာ ဖြည့်ဆည်းရန် စီမံကိန်းကိုလေ့လာပြီး လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ရန်ဖြစ်သည်။**

လိုက်လျောညီထွေစွာ ပြုပြင်ပြောင်းလဲရာတွင် လုပ်ဆောင်ချက်အသစ် သို့မဟုတ် ဖြန့်ဝေရန် ပစ္စည်းအသစ်တစ်ခု ထပ်တိုးခြင်း၊ လက်ရှိလုပ်ဆောင်နေသည့် လုပ်ဆောင်ချက် သို့မဟုတ် ဖြန့်ဖြူးမှုပြုလုပ်ရန် မတူညီသော အခြား နည်းလမ်းတစ်ခု ရွေးချယ်ခြင်းနှင့် သတင်းအချက်အလက်မျှဝေရန် နည်းလမ်းအသစ် သို့မဟုတ် မတူညီသော အခြားနည်းလမ်းတို့ကို ပြုပြင်ပြောင်းလဲခြင်း စသည်တို့ ပါဝင်နိုင်သည်။ အဖွဲ့အစည်းများသည် လူထု၏ အသံများကို နားထောင်ပြီး ပြောင်းလဲနေသည့်လိုအပ်ချက်များနှင့် တောင်းဆိုချက်များအပေါ် တုံ့ပြန်ဆောင်ရွက်ရာတွင် အသေးစား ပြုပြင်ပြောင်းလဲမှုများသည်ပင်လျှင် အရေးကြီးကြောင်း လူထုအား ပြသရန် လိုအပ်ပါသည်။ နှစ်ရှည်စီမံကိန်းတစ်ခုတွင် လိုအပ်ချက်များနှင့် ချဉ်းကပ်မှုများသည် ပြောင်းလဲနိုင်ပါသည်၊ အဖွဲ့များအနေဖြင့်လည်း ဆက်လက်၍ လေ့လာသင်ယူကာ ဆီလျော်အောင်ပြုပြင်ပြောင်းလဲသွားမည် - ထို့ကြောင့် ဤအပြောင်းအလဲများကို ပံ့ပိုးရန် စီမံကိန်းများသည် ဝန်ထမ်းများ၊ ရပ်ရွာလူထု များ နှင့်အတူ လုပ်ငန်းများကို ပြန်လည်သုံးသပ်နိုင်ရန်အတွက် ကိရိယာနည်းလမ်းများ နေရာတကျရှိရန် အလွန်အရေးကြီးပါသည်။

OXSI MEAL ၏ ချဉ်းကပ်မှုပုံစံသည် ယခင်ကလုပ်ဆောင်ခဲ့သော ပူးပေါင်းအဖွဲ့အစည်းများမှ တုံ့ပြန်ချက်များနှင့် အခြေအနေကိုလိုက်၍ ဖွံ့ဖြိုးတိုးတက်ရန် ပြောင်းလဲခဲ့မှုများကို အခြေခံထားသည်။ စစ်တွေမြို့တွင် အရေးပေါ် အခြေအနေသည် ကြာရှည်လာသည်နှင့်အမျှ လူ့အခွင့်အရေးအကျပ်အတည်းတစ်ခု အဖြစ် ကျယ်ကျယ်ပြန့်ပြန့် အသိအမှတ်ပြုခံခဲ့ရကာ OXSI သည် အထက်မှအောက်သို့သာ အထောက်အပံ့ပေးနေခြင်းကို ရပ်ရွာလူထုမှ ပိုမိုဦးဆောင်ပါဝင်နိုင်သော လုပ်ငန်းစဉ်များသို့ ပြောင်းလဲခဲ့ပြီး လူထုမှ အခွင့်အာဏာပိုမိုချို့တဲ့မှုနှင့် ပြင်ပအဖွဲ့အစည်းများအပေါ်မှီခိုအားထားမှုများကို ရှောင်ရှားရန် ဆုံးဖြတ်ချက်များချမှတ်ရာတွင် အဖွဲ့အစည်းများမှသာ ပြုလုပ်နေခြင်းများကို တတ်နိုင်သမျှ ရပ်ရွာလူထုမှ ပြုလုပ်နိုင်ရန် လွှဲပြောင်းပေးခဲ့သည်။ ဤအခန်းတွင်ဖော်ပြထားသော MEAL နည်းလမ်းကိရိယာများသည် အဖွဲ့အစည်းများကသာ ပံ့ပိုးမှုပေးနေသည့် အချက်များကို အနည်းငယ်သာ အာရုံစိုက်ကာ အခြေခံအဆောက်အဦများအတွက် ဒီဇိုင်းရေးဆွဲခြင်းနှင့် ပြုပြင်ထိန်းသိမ်းမှုများတွင် လူများစွာပါဝင်လာစေရန်နှင့် စီမံကိန်း၏လုပ်ငန်းများသည် လူထု၏ လိုအပ်ချက်များအား ဖြည့်မီခြင်းရှိမရှိစစ်ဆေးရန် ပုံမှန်ထက်ပို၍ လူထုနှင့် ဆွေးနွေးမှုများပြုလုပ်သင့်ပါသည်။ ထို့နောက် ပြဿနာများကို ဖော်ထုတ်ဖြေရှင်းရာတွင်လည်း လူထုနှင့် အတူတကွ လုပ်ဆောင်ရန် လိုအပ်ပါသည်။

ကွင်းဆင်းအဖွဲ့များနှင့် ရပ်ရွာလူထုများနှစ်ဖက်စလုံးကို တိုင်ပင်ဆွေးနွေးရန် အခွင့်အလမ်းတစ်ခုမှာ တုံ့ပြန်ဆောင်ရွက်မှုတွင် ပါဝင်သူများအားလုံးကို စုဆောင်းထားသော အချက်အလက်များအား မည်သို့အသုံးပြုရမည်ကို အပြန်အလှန်ဆွေးနွေးရန် ပုံမှန်လေ့လာသင်ယူမှုဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းတစ်ခု (Learning Review) ကို လုပ်ဆောင်ရန်ဖြစ်သည်။ အကဲဖြတ်ထားသော အချက်အလက်များတွင် ဌာနတွင်းလုပ်ငန်းစဉ်များ၊ ချဉ်းကပ်မှုများနှင့် ပါဝင်လုပ်ဆောင်သူများအကြား သဟဇာတဖြစ်မှုအပြင် စီမံကိန်း၏ရလဒ်များဖြစ်သော အခြေခံအဆောက်အဦများ ဆောက်လုပ်ခြင်းလုပ်ငန်းလည်ပတ်နိုင်စွမ်း၊ ပစ္စည်းများဖြန့်ဝေပြီးနောက် လေ့လာစောင့်ကြည့်မှု စစ်တမ်း (PDM) များ၊ စိတ်ကျေနပ်မှုစစ်တမ်းများ၊ ဆေးဆိုင်များမှ ဆေးဝါးရောင်းချရမှု အခြေအနေအား စစ်တမ်းကောက်ယူခြင်း နှင့် ပူးပေါင်းပါဝင်မှုစစ်တမ်းများ စသည်တို့ ပါဝင်နိုင်သည်။ OXSI WASH အစီအစဉ်တွင် လေ့လာသင်ယူမှုအား ပြန်လည်သုံးသပ်ခြင်း (Learning Review) တစ်ခုစီသည် အကြံပြုချက်များ အစီအစဉ်အလိုက်ထွက်ပေါ်လာစေရန် ဖော်ထုတ်နိုင်ပြီး ၄င်းကို လေ့လာသင်ယူမှုဆိုင်ရာပြန်လည်သုံးသပ်ခြင်းပုံစံ (Learning Review Matrix) တစ်ခုတွင်ထည့်သွင်း၍ အဖွဲ့ကခြေရာခံလိုက်ပြီး ဆောင်ရွက်နိုင်သည်။ ဤအကြံပြုချက်များတွင် အဖွဲ့များအကြား ညှိနှိုင်းဆောင်ရွက်ခြင်းများ တိုးတက်ကောင်းမွန်လာစေရန် နည်းလမ်းများ၊ သတ်မှတ်ထားသောလှုပ်ရှားမှုများအတွက် လမ်းညွှန်ချက်များကိုဖန်တီးရန်လိုအပ်ခြင်း၊ ပိတ်ပင်တားဆီးမှုများကို ဖြေရှင်းရန်အတွက် ချဉ်းကပ်မှုပုံစံအသစ်များနှင့် ပါဝင်ပတ်သက်သူများအားလုံးနှင့် ဆက်ဆံရေးတည်ဆောက်ခြင်း၊ ရပ်ရွာလူထုနှင့်စေ့စပ်ညှိနှိုင်းမှုအား မြှင့်တင်ရန် စိတ်ကူးစိတ်သန်းများ၊ စီမံကိန်း၏ထိရောက်မှုကိုတိုးမြှင့်ရန် အဓိကအားထားသော အခြားအကြံပြုချက်များနှင့် ပေါ်ထွက်လာသော ရပ်ရွာလူထုများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းတို့ ပါဝင်သည်။

**OXSI စီမံကိန်းတွင် တုံ့ပြန်မှုကို အရေးယူဆောင်ရွက်သော ပြုပြင်ပြောင်းလဲမှုများအတွက် ဥပမာအချို့မှာ အောက်ပါအတိုင်းဖြစ်သည် -**

| OXSI သို့ တုံ့ပြန်ချက် | OXSI မှ လိုက်လျောညီထွေစွာပြုပြင်ခြင်း |
|---|---|
| ပစ္စည်းများဖြန့်ဝေပြီးနောက် လေ့လာစောင့်ကြည့်မှုစစ်တမ်း (PDM) များနှင့် CFM မှ တစ်ဆင့် အမျိုးသမီးများက အမျိုးသမီးလစဉ်သုံးပစ္စည်းများနှင့် အတွင်းခံများကို တောင်းဆိုခဲ့သည်။ | စီမံကိန်းသည် ကျန်ရှိသောကာလတွင် အမျိုးသမီးများ တစ်ကိုယ်ရည် သန့်ရှင်းရေးနှင့် အရှက်သိက္ခာ လုံခြုံရေးဆိုင်ရာ ပစ္စည်းတစ်စုံစီအား ခြောက်လ တစ်ကြိမ် ဖြန့်ဝေရန် ပြုပြင်ပြောင်းလဲခဲ့သည်။ အမျိုးသမီးပို၍ ရွေးချယ်မှု ပြုလုပ်နိုင်ရန်နှင့် ဂုဏ်သိက္ခာရှိစွာဖြင့် အတွင်းခံ၏ အရောင်များနှင့် အရွယ်အစားများအား ရွေးချယ်မှုရှိရန် စီမံကိန်းသည် ၎င်း၏ ဖြန့်ဝေရေး အစီအစဥ်ကို လိုက်လျော်ညီထွေဖြစ်အောင် ဝန်ထမ်းများအား အိမ်ထောင်စု အဆင့်တွင် အုပ်စုငယ်များဖြင့် ဖြန့်ဝေခြင်းသို့ လုပ်ထုံးလုပ်နည်းကို ဆီလျော်အောင်ပြင်ဆင်ခဲ့သည်။ (အပိုင် ၄.၃ ကိုကြည့်ပါ) |
| အိမ်သာများ ကောင်းမွန်စွာ လည်ပတ်နေမှုဆိုင်ရာ အချက်အလက်များနှင့် အခြားစောင့်ကြည့်လေ့လာမှုများတွင် စခန်းများအတွင်း၌ အိမ်သာပြင်ပတွင် မစင်စွန့်ခြင်း (OD) အလေ့အထများ ရှိနေခြင်း ကို အထောက်အထားများက တစ်သမတ်တည်း ပြသခဲ့သည်။ တိုင်ပင်ဆွေးနွေးမှုများမှ တစ်ဆင့် OD ကို အိမ်သာများသို့ မသွားနိုင်သည့် အထူးလိုအပ်ချက် ရှိနေသူများ၊ သက်ကြီး ရွယ်အိုများနှင့် ကလေးများက ကျင့်သုံးကြောင်း သိသာထင်ရှားလာသည်။ | OXSI သည် လိုက်လျောညီထွေစွာ ပြုပြင်ပြောင်းလဲရာတွင် ပြဿနာကို ဖြေရှင်းရန် အမူအကျင့် ပြောင်းလဲရေး အစီအစဥ်ဆိုင်ရာမဟာဗျူဟာကို ဖန်တီးပြီး အိမ်သာပြင်ပတွင် မစင်စွန့်ခြင်း (OD) အပေါ်အခြေခံသော ပုံစံပြုသုတေသန (Formative Research) များ ပြုလုပ်ရန် ပြင်ဆင်ခဲ့သည် (အပိုင်း ၄.၇ ကို ကြည့်ပါ)။ ကလေးများအတွက် အသုံးပြုရန် အဆင်ပြေသော အိမ်သာများဆောက်လုပ်ရန် စီစဥ်ထားပြီးဖြစ်ကာ စီမံကိန်းသည် လိုအပ်ချက် များအား အကဲဖြတ်ရန်နှင့် အထူးလိုအပ်သူများအတွက် အံဝင်ခွင်ကျဖြစ်စေ သော တစ်ကိုယ်ရည် သန့်ရှင်းရေးဆိုင်ရာ ဖြေရှင်နည်းများကို ထည့်သွင်းရန် လူတိုင်းအကျုံးဝင်သော အိမ်သာသန့်ရှင်းရေး လုပ်ငန်းအတွက် အတိုင်ပင်ခံ တစ်ဦးကိုလည်း ခေါ်ယူရန် ထည့်သွင်းခဲ့သည်။ (အပိုင်း ၃.၁၀ ကိုကြည့်ပါ) |
| ဂျဲန်ဒါ/ကျားမရေးရာအကဲဖြတ်မှုနှင့် CFM မှတစ်ဆင့် အမျိုးသမီးများက အမျိုးသားများနှင့် အိမ်သာများကို မျှ၍သုံးစွဲရသည်ကို သက်တောင့်သက်သာ မရှိကြောင်း အဖွဲ့မှ ကြားသိရသည်။ | ရပ်ရွာလူထုများသည် အိမ်သာများ လွှဲပြောင်းပေးအပ်ခြင်း လုပ်ငန်းစဥ် အတွင်းတွင် ကျား/မခွဲခြားထားသော အများသုံးအိမ်သာများထက် မိသားစုများ မျှသုံးသည့် အိမ်သာများရရှိရန် ယခင်က ဦးစားပေးခဲ့သော်လည်း မိသားစုများ မျှသုံးသည့် အိမ်သာများနှင့် ကျား/မ ခွဲခြားထားသော အိမ်သာများအတွက် အခြားနည်းလမ်းများကို တင်ပြနိုင်ရန် OXSI သည် အဆောင်များအလိုက် လူထုနှင့်ဆွေးနွေးပွဲများကို ပြန်လည်စတင်ခဲ့သည်။ အိမ်ထောင်စုအဆင့်တွင် ဦးတည်အုပ်စု ဆွေးနွေးပွဲများ ပြုလုပ်၍ ဆုံးဖြတ်ချက်ချမှတ်ခြင်းများကို WASH အေဂျင်စီများထက် အိမ်သာ အသုံးပြုသည့် အိမ်ထောင်စုများ တစ်စုစီမှ ချမှတ်နိုင်ရန် ခွင့်ပြုပေးသည် (အပိုင်း ၃.၂ ကိုကြည့်ပါ)။ |
| နောက်ဆုံးမွမ်းမံထားသော SPHERE စံချိန်စံညွှန်းများက အေဂျင်စီများအား ကိုယ်တိုက်ဆပ်ပြာ တိုး၍ ဖြန့်ဝေရန် လိုအပ်ကြောင်း ညွှန်ပြခဲ့သဖြင့် OXSI သည် ကုန်ကျစရိတ်ကြောင့် အနံ့မပါသော ဆပ်ပြာကို ပြောင်းလဲဖြန့်ဝေရန် လိုအပ် ခဲ့သည်။ PDM များမှ တုံ့ပြန်ချက်အရ အထူးသဖြင့်အမျိုးသမီးများသည် ဆပ်ပြာ တိုး၍ ပေးသည်ကို လိုလားသည် သို့သော် ခေါင်းလျှော်ရည်ကဲ့သို့ပါ အသုံးပြု သောကြောင့် အနံ့ပါသောဆပ်ပြာကို ပို၍ နှစ်သက်သည် ဟု သိရှိရသည်။ | OXSI သည် တစ်ကိုယ်ရည် သန့်ရှင်းရေးဆိုင်ရာ ပစ္စည်းတစ်ထုတ်စီတွင် အနံ့မွှေးသော ဆပ်ပြာများကို မပံ့ပိုးနိုင်သောကြောင့်၊ အနံ့မမွှေးသော ဆပ်ပြာအား ထည့်သွင်းခဲ့သည်။ ထို့ကြောင့် တစ်ကိုယ်ရည် သန့်ရှင်းရေးဆိုင်ရာ ပစ္စည်းထုတ်ကို အထုတ်ပုံစံ နှစ်မျိုးဖြင့် သီးခြားခွဲကာ ဖန်တီးခြင်းအားဖြင့် ဆီလျော်အောင် ပြင်ဆင်ခဲ့သည်။ တစ်ထုတ်တွင် အနံ့မွှေးသောဆပ်ပြာပါရှိပြီး အခြားအထုတ်အမျိုးအစားတွင် အနံ့မမွှေးသော ဆပ်ပြာပါရှိသည်။ အနံ့မွှေး သော ဆပ်ပြာပါရှိသည့် ပစ္စည်းထုတ်အား တစ်ကြိမ် နှင့် အနံ့မမွှေးသော ဆပ်ပြာပါရှိသည့် ပစ္စည်းထုတ်အား နှစ်ကြိမ်ဆက်တိုက်ဖြင့် လစဉ် အလှည့်ကျ ဖြန့်ဝေပေးပါသည်။ (အပိုင်း ၄.၃ ကိုကြည့်ပါ)။ |



၈.၁
အရေးပေါ်အစီအစဉ်
၈.၂
လုပ်ရှားမှုများကိုလိုက်လျော
ညီထွေရှိရန်ပြင်ဆင်ခြင်း
၈.၃
လုပ်ငန်းလုပ်ဆောင်သည့်နည်းလမ်း
များအားပြုပြင်မွမ်းမံခြင်း
၈.၄
ညှိနှိုင်းဆောင်ရွက်မှု
၈.၅
မူအရဖြစ်သော
အစီအစဉ်များ

# အခန်း(၈) အရေးပေါ်တုံ့ပြန်မှု - COVID-19

COVID-19 ကမ္ဘာလုံးဆိုင်ရာကူးစက်ရောဂါသည် ၂၀၂၀ခုနှစ်တွင် လူ့ဘဝများ၊ စီပွားရေးများနှင့် အလုပ်လုပ်ကိုင်ပုံ နည်းလမ်းများကို သိသိသာသာပြောင်းလဲစေခဲ့သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က COVID-19 ဖြစ်ပွားမှုကို ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါအဖြစ် မတ်လ(၁၁) ရက်နေ့တွင် ကြေညာခဲ့ကာ ကမ္ဘာတစ်ဝန်းရှိအစိုးများအား ရောဂါကူးစက်မှုကိုထိန်းချုပ်ရန် ၎င်းတို့၏တုံ့ပြန်မှုကို တိုးမြှင့်ရန် တောင်းဆိုခဲ့သည်။ မြို့ကြီးအများအပြား နှင့်တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အပြင်မထွက်ရအခြေအနေ/ သွားလာမှုကိုထိန်းချုပ်ခြင်း ပြုလုပ်ခဲ့သကဲ့သို့ လူဦးရေထူထပ်သောစခန်းများတွင်နေထိုင်သူများအပါအဝင် ထိရှလွယ်ဆုံးသောအားနည်းသူများသည် တသီးတသန့်နေရန်(သီးခြားခွဲထုတ်ခြင်း) သို့မဟုတ် တသီးတခြားအလုပ်လုပ်ရန် ရွေးချယ်ခွင့်မရှိကြပါ။ လက်ရှိအန္တရာယ်များနှင့် ခြိမ်းခြောက်မှုများအပြင် လူဦးရေပို၍ထူထပ်လာသည့်အခြေအနေများ၊ လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုကိုမရရှိမှု နှင့် အရေးပါသော ဝန်ဆောင်မှုများကို ပေးအပ်ရန်ကန့်သတ် ခံရခြင်းများကြောင့် အတင်းအကျပ်နေရပ်စွန့်ခွာရသည့်လူဦးရေများနှင့် နိုင်ငံမဲ့လူဦးရေများသည် COVID-19 အန္တရာယ်ကို အရှိန်မြှင့်မြှင့်ခံစားခဲ့ရသည်။

မြန်မာနိုင်ငံသည် နိုင်ငံတွင်း COVID-19 ဖြစ်ပွားမှုကို ပထမဆုံးအကြိမ်တွေ့ရှိကြောင်းကို မတ်လ ၂၃ ရက်နေ့တွင် ကြေညာခဲ့ပြီး မကြာမီတွင် မြန်မာအစိုးရသည် ဗိုင်းရပ်စ်ပိုးပျံ့နှံ့မှုကို တားဆီးရန် စည်းမျဉ်းစည်းကမ်းများနှင့် တစ်စိတ်တစ်ဒေသတွင် အပြင်မထွက်ခိုင်းခြင်း/သွားလာမှုကိုထိန်းချုပ်ခြင်းကို စတင်ပြဋ္ဌာန်းခဲ့သည်။ COVID-19 ကူးစက်ရောဂါသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့အစည်းများအတွက် စိန်ခေါ်မှုအသစ်တစ်ခုကို ရင်ဆိုင်စေခဲ့ပြီး အသက်ကယ်လုပ်ငန်းများကို ဆက်လက်လုပ်ဆောင်နေစဉ် လုပ်ဆောင်မှုများကို လျင်မြန်စွာလိုက်လျောညီထွေဖြစ်ရန် နှင့် ရောဂါကူးစက်မှုကို ကြိုတင်ကာကွယ်တားဆီးရန် လုပ်ဆောင်ရ မည့်နည်းလမ်းများကို လိုအပ်စေခဲ့သည်။ အာဏာပိုင်များက ရိုဟင်ဂျာနှင့် ကမန် လူမှုအသိုက်အဝန်းများ ၏အခွင့်အရေးကိုထပ်မံချိုးဖောက်ရန် ကူးစက်ရောဂါကို အကြောင်းပြချင်အဖြစ် အသုံးပြုခဲ့သောကြောင့် စစ်တွေရှိစခန်းများတွင် COVID-19 သည် ထပ်တိုးစိန်ခေါ်မှုများကို စတင်ဖြစ်ပေါ်စေခဲ့သည်။

# ၈.၁ အရေးပေါ်အစီအစဥ်

**လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့အစည်းအများစုသည် ရာသီဥတုလွန်ကဲစွာဆိုးရွားခြင်း သို့မဟုတ် ပဋိပက္ခများအရှိန်မြင့်တက်လာခြင်း စသောဖြစ်နိုင်ချေရှိသောအရေးပေါ်အခြေအနေများအတွက် အရေးပေါ်အစီအစဥ်များကို ပုံမှန်ရေးဆွဲဖန်တီးလေ့ရှိသည်။**

OXSI သည် ၎င်း၏ ရာသီအလိုက်အရေး ပေါ်စီမံကိန်းကို နှစ်စဥ် အခြေအနေနှင့်အညီမွမ်းမံကာ COVID-19 ၏ တိုးတက်ဖြစ်ပေါ်မှုကို အနီးကပ်လေ့လာစောင့်ကြည့်ရင်း ကူးစက်ရောဂါကိုတုံ့ပြန်ရန် အရေးပေါ်အစီအစဥ်တစ်ခုကို ရေးဆွဲဖန်တီးရန် ကြိုတင်ပြင်ဆင်ခဲ့သည်။

ရှင်းလင်းသော “ခလုတ်မောင်းတံများ”ပါဝင်သည့် အရေးပေါ်အစီအစဥ်များသည် အဖွဲ့များကို မည်သည့်အချိန်တွင် အစီအစဥ်၏ သတ်မှတ်ထားသောအစိတ်အပိုင်းတစ်ခုကို ခလုတ်ဖွင့်လုပ်ဆောင်ရမည်ကို သိစေရန် အထောက်အကူဖြစ်သည်။ COVID-19 အစီအစဥ်အတွက် OXSI သည် အလွယ်တကူသိမြင်နိုင်သော ခလုတ်မောင်းတံများအရ ကွဲပြားသောတုံ့ပြန်မှုအဆင့်များကို အရောင်ဖြင့်ခွဲခြားသတ်မှတ်ထားသည်။

| အဝါရောင် | လိမ္မော်ရောင် | အနီရောင် |
| --- | --- | --- |
|  |  |  |
| အရန်အသင့်ရှိမှု | ဘေးအန္တရာယ်လျှော့ချရေး (ကူးစက်ရောဂါကိုကြေညာခြင်း - မြန်မာနိုင်ငံတွင်းဖြစ်ပွားမှုတွေ့ရှိသော်လည်း OXSI ၏လုပ်ငန်းဧရိယာပြင်တွင်ဖြစ်ခြင်း) | တုံ့ပြန်မှု (OXSI၏လုပ်ငန်းဧရိယာအတွင်း ကူးစက်ဖြစ်ပွားမှုတွေ့ရှိကြောင်းကြေညာခြင်း ) |

အရေးအပေါ်အစီအစဥ်သည် တုံ့ပြန်မှုအဆင့်တစ်ခုစီတိုင်းတွင် မည်သည့်လုပ်ရှားမှုများက ဆက်လက် လုပ်ဆောင်မည် ဖြစ်ကြောင်းနှင့် မည်သည့်လှုပ်ရှားမှုများက ဆိုင်းငံ့ထားမည်ကို ရှင်းလင်းစွာ ဖော်ပြသည်။ ထို့အပြင် အစီအစဥ်၏ အဆင့်တစ်ခုစီတွင် လှုပ်ရှားမှုများကိုသတ်မှတ်ထားသည့်ပြောင်းလဲမှုများ လုပ်ဆောင်ရန် ပုံဖော်ထားသည့် လှုပ်ရှားမှုလမ်းညွှန်များနှင့် အသက်ကယ်လုပ်ငန်းများဆိုင်ရာအထောက်အပံ့များကို ဆက်လက်ပံ့ပိုးလုပ်ဆောင်နေစဥ် ဗိုင်းရတ်စ်ပိုးကူးစက်မှုကို လျှော့ချရန် လုပ်ဆောင်ရမည့်နည်းလမ်းများ ပါဝင်သည်။ ၎င်းတွင် ဝန်ထမ်းများအတွက် တုံ့ပြန်မှုအဆင့်တိုင်းတွင် သူတို့၏ထိတွေ့ခြင်းအန္တရာယ်ကိုမူတည်၍ ကွဲပြားသော လှုပ်ရှားမှုများအတွက် မရှိမဖြစ်လိုအပ်သည့် တစ်ကိုယ်ရည်ကာကွယ်မှုဆိုင်ရာ ပစ္စည်းကိရိယာ (PPE) ကိုသတ်မှတ်ခြင်းလည်း ပါဝင်သည်။ (8A COVID 19 ရောဂါကာကွယ်ရေးကို တုံ့ပြန်ဆောင်ရွက်ရာကာလ၌ စခန်းများနှင့် ပြန်လည်နေရာချထားသည့်နေရာများတွင် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များ)

အရေးပေါ်အစီအစဥ်များနှင့်အတူ OXSI သည် အဖွဲ့များက လှုပ်ရှားမှုအစီအစဥ်များကို လုံခြုံစွာလုပ်ဆောင်နိုင်ရန် စံလုပ်ငန်းလည်ပတ်မှုလုပ်ထုံးလုပ်နည်းများ (SOPs)နှင့် လမ်းညွှန်မှတ်စုများကို ဖန်တီးထားသည်။ ပြုပြင်မွမ်းမံခြင်းများနှင့်အတူ OXSI သည် လမ်းညွှန်များနှင့် SOPs များဖန်တီးမှုတွင် ဂျဲန်ဒါ(ကျား/မ)၊ ကာကွယ်မှု နှင့် တာဝန်ခံဝန်ထမ်းကို ပါဝင်စေခဲ့ပြီး ရှေ့တန်းရှိဝန်ထမ်း နှင့် ကပ်ဆိုင်သောကာလတွင် ထိခိုက်မှုအရှိဆုံးအုပ်စုများထံ ကျရောက်နိုင်မည့်အန္တရာယ်ကို ဖြေရှင်းနိုင်ရန် ဦးတည်ရည်ရွယ်ခဲ့သည်။

ထို့အပြင် OXSI သည် ဌာနတစ်ခုစီမှ ပြည်တွင်းဝန်ထမ်းများနှင့်ဖွဲ့စည်းထားသောအရေးပေါ်အဖွဲ့များကို စခန်းများကိုသွားရန်အကန့်အသတ်များရှိသည့်အခြေအနေမျိုးတွင် အသက်ကယ်လုပ်ငန်းများကို ဆက်လက် လုပ်ဆောင်နိုင်ရန် ဖွဲ့စည်းထားရှိသည်။

### တန်းတူညီမျှမှုအား အာရုံစိုက်ခြင်း - ကျား/မ ရေးရာ၊ ကာကွယ်စောင့်ရှောက်ခြင်း နှင့် လူတိုင်းပါဝင်လာခြင်း

COVID-19 ကူးစက်ရောဂါသည် အမျိုးသားများနှင့် အမျိုးသမီးများအား ကွဲပြားစွာ သက်ရောက်မှုရှိသည်၊ ဤသို့ သိရှိနားလည်ခြင်းသည် ထိရောက်သော နှင့် ပစ်မှတ်ရှိသော ဆက်သွယ်စည်းရုံး လှုံ့ဆော်ခြင်းများ/ကမ်ပိန်းများ ဖန်တီးရာတွင် ပထမဆုံးအဆင့်ဖြစ်သည်။ ဂျဲန်ဒါ နှင့် အကာအကွယ်ပေးခြင်းဆိုင်ရာညှိနှိုင်းရေးမှူးက အမျိုးသမီးများကကူးစက်ရောပါဖြစ်ပွားသည့်ကာလအတွင်း တွေ့ကြုံရသည့် နောက်တိုး စိန်ခေါ်မှုများကို ဆွေးနွေးရန် **OXSI** ဝန်ထမ်းများအားလုံးအတွက် သင်တန်းပို့ချခဲ့သည်။ စိန်ခေါ်မှုများတွင် ဗိုင်းရက်စ်ရောဂါကူးစက်နိုင်မှု အန္တရာယ်ပို၍မြင့်ခြင်း အဘယ်ကြောင့်ဆိုသော် အိမ်တွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်သားများနှင့် ပြုစုစောင့်ရှောက်မှုပေးသူများ အများစုသည် အမျိုးသမီးများဖြစ်ကြသည်၊ အိမ်တွင်းအကြမ်းဖက်ခံရခြင်းများ မြင့်တက်လာခြင်း နှင့် သီးခြင်းနေခြင်းကြောင့် အကူအညီတောင်းခံရန် အကန့်အသတ်များရှိခြင်း၊ အသိပညာဗဟုသုတနည်းခြင်းနှင့် သတင်းအချက်အလက်များထိတွေ့မှုနည်းခြင်း၊ ကိုယ်ပိုင်လုပ်ပိုင်ခွင့် နှင့် လူမှုထောက်ကူမှုကွန်ရက်များဆုံးရှုံးခြင်း နှင့် ကျန်းမာရေးစောင့်ရှောက်မှုအားလက်လှမ်းမီရန် ကန့်သတ်မှုများရှိခြင်း အထူးသဖြင့် ‘မရှိမဖြစ်မဟုတ်သော’ စိုးရိမ်ပူပန်ရမည့်အကြောင်းများအတွက် ပါဝင်သည်။ OXSI ကဤသတင်းအချက်အလက်များကို လူမှုအသိုက်အဝန်းများအတွက် သတင်းစကားပေးပို့ခြင်းတွင် ထည့်သွင်းခဲ့သည်၊ ထို့နောက် အဖွဲ့အစည်းတွင်းအသုံးပြုရန်အတွက် COVID-19 ကူးစက်ရောဂါ တုံ့ပြန်ရေးလှုပ်ရှားမှုများအတွက် ဂျဲန်ဒါဆိုင်ရာဆောင်ရွက်ရန်စာရင်းတစ်ခု ဖန်တီးခဲ့သည်။ (8B ကျား/မရေးရာဆိုင်ရာ စစ်ဆေးရမည့်အချက်အလက်များ)

## ၈.၂ လုပ်ရှားမှုများကိုလိုက်လျောညီထွေရှိရန်ပြင်ဆင်ခြင်း

**အဖွဲ့အစည်းတစ်ခု၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေဆဲဧရိယာအတွင်း အရေးပေါ် တုံ့ပြန်မှုအသစ်တစ်ခုကို စတင်လုပ်ဆောင်ရာတွင် လှုပ်ရှားမှုများကို ပယ်ဖျက်ခြင်း သို့မဟုတ် ပြုပြင်မွမ်းမံခြင်း နှင့် လှုပ်ရှားမှုအသစ်များကို စတင်မိတ်ဆက်လုပ်ဆောင်ခြင်းများ ပါဝင်နိုင်ပါသည်။**

OXSI အဖွဲ့အတွက်မူ အရေးပေါ် အစီအစဥ်ကို ရေးဆွဲဖန်တီးရာတွင် လှုပ်ရှားမှုအသစ်များကို ဖန်တီးခြင်းများပါဝင်သကဲ့သို့ (နောက်အခန်း တွင်ကြည့်ပါ) လက်ရှိလှုပ်ရှားမှုများကို ယေဘူယျကျသောအမျိုးအစားနှစ်ခုအဖြစ် ပိုင်းခြားခြင်း ပါဝင်သည်။

- ဝန်ထမ်းများအနေဖြင့် ဤလှုပ်ရှားမှုများကို အလုံခြုံဆုံးအနေအထားဖြင့် လုပ်ဆောင်သည်ကို သေချာစေကာ COVID-19 တုံ့ပြန်မှုအဆင့်တိုင်းတွင် ဆက်လက်လုပ်ဆောင်ရမည့် အလွန်အရေးကြီးသည့် အသက်ကယ်လုပ်ငန်းဆိုင်ရာအထောက်အပံ့
- အန္တရာယ်ဖြစ်နိုင်ချေအလွန်မြင့်သည်ဟုယူဆရသော သို့မဟုတ် COVID-19 ကူးစက်မှုကြိုတင် ကာကွယ်တားဆီးထိန်းချုပ်ရေး(IPC)နှင့် မကိုက်ညီသော လှုပ်ရှားမှုများသည် ကူးစက်မှုအန္တရာယ်ကို လျော့ချရန် သို့မဟုတ် တားဆီးရန်အတွက် ခေတ္တဆိုင်းငံ့ခြင်း သို့မဟုတ် သိသိသာသာပြောင်းလဲ ခြင်းဖြစ်စေရန် တိုင်းတာသည်။

၂၀၂၀ ခုနှစ်အတွင်း ပုံမှန် ဆက်လက်လုပ်ဆောင်ခဲ့သော OXSI အသက်ကယ်လှုပ်ရှားမှုများ၏ ဥပမာများနှင့် လိုက်လျောညီထွေစေရန် ပြင်ဆင်ထားသောလုပ်ဆောင်ချက်များတွင် ပါဝင်သည်မှာ -

| OXSI အသက်ကယ် လှုပ်ရှားမှုများ | COVID-19 ကူးစက်ရောဂါဖြစ်ပွားသည့်ကာလအတွင်း လိုက်လျောညီထွေပြုပြင်နိုင်သော စီမံချက်များ |
|---|---|
| တစ်ကိုယ်ရည်သန့်ရှင်းရေးပစ္စည်းများ လစဥ်ဖြန့်ဝေခြင်း | ရယူရန်အခွင့်အလမ်းများဆုံးရှုံးခဲ့လျှင်အခြေအနေအတွက် OXSI သည် စခန်းများတွင် လပေါင်းများစွာအတွက် တစ်ကိုယ်ရည်သန့်ရှင်းရေးပစ္စည်းများကို ကြိုတင်သိုလှောင်ထားနိုင်ခဲ့သည်။ တစ်ကိုယ်ရည်သန့်ရှင်းရေးပစ္စည်းစံလုပ်ငန်းလည်ပတ်မှုလုပ်ထုံးလုပ်နည်းများ(SOP)၏ ပထမဆုံးသော လိုက်လျော်ညီထွေပြုပြင်မှုတွင် ဖြန့်ဝေနေစဥ် ရုပ်ပိုင်းဆိုင်ရာအကွာအဝေးထားခြင်း၊ ဖြန့်ဝေခြင်းနေရာဧရိယာသို့မဝင်ခင်လက်ဆေးခြင်း စသည်တို့ပါဝင်သည်။ အခြေအနေသည် တုံ့ပြန်မှုအဆင့်(၃) သို့ရောက်သည်နှင့်တပြိုင်နက် SOP ကို ပြန်လည်ပြင်ဆင်ကာ ဝန်ထမ်းများသည် PPE များကို ဝတ်ဆင်၍ ပစ္စည်းများကို တစ်အိမ်ပြီးတစ်အိမ် အိမ်ထဲသို့မဝင်ဘဲ ခပ်ခွာခွာအကွာအဝေးထားလျက် စတင်ဖြန့်ဝေခဲ့သည်။ (8C တစ်ကိုယ်ရည်သန့်ရှင်းရေးသုံးပစ္စည်းများအား အိမ်တိုင်ရာရောက် ဖြန့်ဝေပေးအပ်ခြင်း) |
| အိမ်သာများကိုသန့်စင်ခြင်းနှင့် STS လုပ်ငန်းလည်ပတ်မှု | ထို့အတူ OXSI သည် စခန်းများတွင် STS လုပ်ငန်းလည်ပတ်ရန် နှင့် သန့်စင်ခြင်းလှုပ်ရှားမှုများများကို ဆက်လက်လုပ်ဆောင်ရန် ပစ္စည်းများလုံလောက်စွာရှိကြောင်းသေချာစေသည်။ မိလ္လာသန့်ရှင်းရေးအဖွဲ့သည် စခန်းများသို့ ဝင်ရောက်ရန် ကန့်သတ်မှုများရှိလာပါက စခန်းများအားလုံးရှိလျှံနေ သောအိမ်သာများကို တစ်လကြာ ကိုယ်တိုင်သန့်စင်ရန် ကြိုတင် ပြင်ဆင်ခဲ့သည်။ မိလ္လာသန့်ရှင်းရေးဝန်ထမ်းများသည် အချင်းချင်း ထိတွေ့မှုကိုလျော့ချရန် အဖွဲ့နှစ်ဖွဲ့ခွဲကာ တစ်လှည့်စီ အလုပ်လုပ် သောရက်ကို ပြောင်းခဲ့သည်။ |
| အစိုင်အခဲစွန့်ပစ်ပစ္စည်းအမှိုက်ကို ကိုင်တွယ်ဖြေရှင်းမှု | လူစုလိုက်သန့်ရှင်းရေးလှုပ်ရှားမှုများကို စီစဥ်မည့်အစား OXSI သည် လူမှုအသိုင်းအဝန်းများအား မိမိပတ်ဝန်းကျင်ကို မိမိတို့ကိုယ်တိုင်သန့်ရှင်းရေးအတွက်တာဝန်ယူရန် စေ့စပ်လုပ်ဆောင်ခဲ့သည်။ OXSI သဘာဝပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ဆောင်သူများသည် သင့်လျော်သော PPE ဝတ်ဆင်ကာ အများပြည်သူစွန့်ပစ်သည့်အမှိုက်ပုံးများမှ စွန့်ပစ်ပစ္စည်းများကို စုဆောင်းပြီး ဆက်လက်၍ အန္တရာယ်ကင်းစွာစွန့်ပစ်ရန် အမှိုက်မီးရှို့စက်များသို့ ပို့ဆောင်ပေးနေဆဲဖြစ်သည်။ |
| တစ်ကိုယ်ရေသန့်ရှင်းရေးမြှင့်တင်ခြင်းအစီအစဥ်များ | လူအများ အုပ်စုလိုက် စုစည်းမှုကို ရှောင်ရှားရန် OXSI သည် တစ်ကိုယ်ရေသန့်ရှင်းရေးမြှင့်တင်ခြင်းအစီအစဥ်များ ပို့ချခြင်းကို PPE များဝတ်ဆင်၍ ရုပ်ပိုင်းဆိုင်ရာအကွာအဝေးထားပြီး တစ်အိမ်ပြီးတစ်အိမ်လည်ပတ်သွားကာ အော်လန်များ၊ အသံဖိုင်များမှတဆင့် ပို့ချခဲ့သည်၊ အပြင်ဘက် တွင်ဆွေးနွေးပို့ချမှုများကို အများဆုံးလူငါးဦးနှင့် လုပ်ဆောင်ခဲ့သည်။ သတင်းအချက်အလက်မျှဝေခြင်းကို လွယ်ကူချောမွေ့စေရန် နောက်တိုး COVID-19 IEC ကိုဖန်တီးတီထွင်ခဲ့သည်။ (8D ကိုဗစ်-၁၉ IEC) |

ဝန်ထမ်းများ၏လုံခြုံရေးကိုသေချာစေရန် နှင့် မရှိမဖြစ်လိုအပ်သောလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ရှေ့တန်းဝန်ထမ်းများအတွက် အန္တရာယ်လျော့ပါးစေရန် ဝန်ထမ်းအားလုံးသည် အဝတ်နှာခေါင်းစည်းများလက်ခံရရှိပြီး၊ မရှိမဖြစ်လိုအပ်သောလုပ်ငန်းများကို ဆောင်ရွက်သောဝန်ထမ်းများသည် လက်အိတ်များ၊ (လေကာ၊ရေကာ) မျက်မှန်များ၊ ခန္ဓာကိုယ်အပြည့်ဝတ်ဆင်ရသည့်ဝတ်စုံများ (စခန်းများတွင် ရောဂါကူးစက်မှုကြီးမားသောအခြေအနေဖြစ်ခဲ့လျှင် အထူးသဖြင့်လုပ်ဆောင်ရမည့် လှုပ်ရှားမှုများအတွက်) စသော ဖြည့်စွက် PPE များကို လက်ခံရရှိခဲ့သည်။ OXSI က PPE ကိုမည်သို့အသုံးပြုရမည်၊ မည်သို့စွန့်ပစ်ရမည် နှင့် မည်သို့ထိန်းသိမ်းရမည်ကို လေ့ကျင့်သင်ကြားခဲ့သည်။ လက်ဆေးရန်ပစ္စည်းကိရိယာများကို မရှိသေးသည့် မည်သည့် OXSI စခန်းရုံးခန်းများအတွင်းတွင် မဆိုတပ်ဆင်ခဲ့ပြီး အသုံးပြုပြီးသော PPE ကိုစွန့်ဖြစ်ရန် အထူးသတ်မှတ်ထားသောပုံးများကို(ပုံမှန်အားဖြင့် မီးရှို့ဖျက်ဆီးသည်) အနီးအနားတွင် တပ်ဆင်ခဲ့သည်။

လက်ရှိလှုပ်ရှားမှုများအား ပြုပြင်မွမ်းမံခြင်းအပြင် OXSI သည် COVID-19 ကူးစက်ခြင်းကို တားဆီးရန် လှုပ်ရှားမှုအသစ်တစ်စုံကို မိတ်ဆက်ခဲ့သည်။ ဤလှုပ်ရှားမှုများက OXSI ၏ လက်ရှိအကောင်အထည် ဖော်လုပ်ဆောင်နေသည့် WASH လှုပ်ရှားမှုများနှင့် ကောင်းစွာကိုက်ညီမှုရှိကာ၊ ပညာရေး ဆိုင်ရာ အစည်းအဝေးများအတွက် လူမှုအသိုက်အဝန်းများအား တွေ့ဆုံစုစည်းခြင်းကို ကျင့်သားရသောကြောင့် အစပိုင်းတွင် အဖွဲ့များအတွက် ရုပ်ပိုင်းဆိုင်ရာအကွာအဝေးထားရန် လမ်းညွှန်ချက်အသစ်များအား သက်သေပြရန်ခက်ခဲ့သည်မှအပ ကျယ်ပြန့်သောလေ့ကျင့်မှုသင်တန်း မလိုအပ်ခဲ့ပါ။



COVID-19 ကူးစက်မှုကို တိုက်ဖျက်ရာတွင် လက်ဆေးစင်နှင့် ဆပ်ပြာများ ထောက်ပံ့ပေးခြင်းသည် အဓိကအရေးပါသောအရာများဖြစ်သည်။

လှုပ်ရှားမှုအသစ်များတွင် အများနှင့်ဆိုင်သောလက်ဆေးရန်နေရာများနှင့် ဖြည့်စွက် ဆပ်ပြာများကို ဖြန့်ဝေခြင်းများပါဝင်ခဲ့သည်။ OXSI သည် အိမ်အဆောင်နှစ်ခုစီတိုင်းအတွက် လက်ဆေး သည့်နေရာအဖြစ်အသုံးပြုရန် ရေပိုက်ခေါင်းပါသောပုံးတစ်ပုံးကို ပံ့ပိုးခဲ့ကာ အမိုးအကာအိမ်တွင်နေထိုင်သူများက ပုံးကိုထိန်းထားရန် ရိုးရှင်းသော ပလတ်စတစ်ထိုင်ခုံ/စင်ဖြစ်နိုင်သည့် လက်ဆေးစင်များကို ထည့်ဝင်ပံ့ပိုးခဲ့သည်။ လူမှုအသိုင်းအဝန်းများကလည်း ရေကိုပြန်ဖြည့်ခြင်းနှင့် ဆပ်ပြာကို အလှည့်ကျလှူဒါန်းခြင်းအားဖြင့် လက်ဆေးသည့်နေရာကို ဆက်လက်ထိန်းသိမ်းရန် သဘောတူခဲ့ကြသည်။

အများနှင့်ဆိုင်သော လက်ဆေးသည့်နေရာများအပြင် OXSI သည် လူအများအပြားမကြာခဏကိုင်တွယ် လေ့ရှိသော WASH အခြေခံအဆောက်အဦအစိတ်အပိုင်းများ (ဥပမာ - လက်နှိပ်လက်ကိုင်များ၊ အိမ်သာတံခါးလက်ကိုင်များ စသဖြင့်)ကို ပုံမှန် ပိုးသတ်ခြင်း နှင့် အော်လန်များကိုအသုံးပြုကာ COVID-19 ကာကွယ်တားဆီးခြင်းဆိုင်ရာအသိပေးကြေညာခြင်းများ ကို စတင်ခဲ့သည်။ OXSI သည် ဝန်ထမ်းနှင့် လူမှုအသိုက်အဝန်းများအတွက် COVID-19 ရောဂါလက္ခဏာများ၊ ကူးစက်ခြင်း နှင့် ကာကွယ် တားဆီးခြင်းအကြောင်းအရာများဆိုင်ရာသင်တန်းကို ပို့ချခဲ့သည်။

ကူးစက်ရောဂါတုံ့ပြန်မှုများဆက်လက်လုပ်ဆောင်နေသဖြင့် အဖွဲ့အစည်းများ/အေဂျင်စီများအနေဖြင့် COVID-19 မှဖြစ်ပေါ်လာသော တိုးတက်မှုနှင့် ပြောင်းလဲမှုများအပြင် တုံ့ပြန်မှုမှဖြစ်ပေါ်လာမှုကို ခြေရာခံရန် နှင့် တိုင်းတာရန် လိုအပ်လာခဲ့သည်။ OXSI သည် COVID-19 နှင့်သက်ဆိုင်သည့်သတင်းအချက်အလက်များကို ခြေရာခံရန် နှင့် တွေ့ရှိချက်များကို တုံ့ပြန်မှုအားပြုပြင်မွမ်းမံရန်အတွက် လူမှုအသိုက်အဝန်း၏သဘောထားအမြင်စစ်တမ်းတစ်ခု ကို ဖန်တီးရန် နှင့် အကောင်အထည်ဖော်ရန် လူမှုအသိုက်အဝန်းများနှင့် ဆက်သွယ်ရေးဆိုင်ရာဌာန/အဖွဲ့အစည်း အချင်းချင်း ကြား ညှိနှိုင်းလုပ်ဆောင်သည့်အဖွဲ့နှင့်အတူ နီးကပ်စွာလုပ်ဆောင်ခဲ့သည်။ OXSI သည် မေးခွန်းများကို ဗဟုသုတ၊ သဘောထားများနှင့်အလေ့အကျင့် (KAP) စစ်တမ်းတွင် အခြေခံဆန်းစစ်ချက်အဖြစ် လူမှုအသိုက် အဝန်း ၏သဘောထားအမြင်များနှင့် လိုအပ်ချက်များကိုနားလည်ရန် ၂၀၂၀ ခုနှစ်မေလနှောင်းပိုင်းတွင် ပေါင်းစပ်ခဲ့သည်။ ၂၀၂၀ ခုနှစ် နှောင်းပိုင်းတွင် ပြုလုပ်ခဲ့သော OXSI ၏ ကျားမရေးရာလိုအပ်ချက်များ ကိုအကဲဖြတ်ဆန်းစစ်ခြင်းသည် COVID-19 ၏ လူမှုအသိုင်းအဝန်းများ၊ ဝန်ထမ်းများနှင့် စီမံကိန်းအပေါ် သက်ရောက်မှုများကိုလည်း လေ့လာခဲ့သည်။ OXSI သည် ဤအကဲဖြတ်ခြင်းများတွင် တွေ့ရှိရသော လစ်ဟာချက်များကို ဖြေရှင်းရန် ၎င်း၏သတင်းများကို လိုက်လျောညီထွေရှိအောင်ပြင်ဆင်ခဲ့သည်၊ ဥပမာ ရောဂါလက္ခဏာများနှင့်ပတ်သက်သည့် နောက်ထပ်သတင်းအချက်အလက်များလိုအပ်ခြင်း၊ COVID-19 က မည်သို့ကူးစက်ပုံ၊ နှင့် တစ်စုံတစ်ဦးက ရောဂါလက္ခဏာပြလာလျှင် မည်သို့လုပ်ဆောင်ရမည်။

# ၈.၃ လုပ်ငန်းလုပ်ဆောင်သည့်နည်းလမ်းများအားပြုပြင်မွမ်းမံခြင်း

**အချို့သောကိစ္စရပ်များတွင် အရေးပေါ်အခြေအနေအသစ်တွင် လုပ်ငန်းလုပ်ဆောင်သည့် နည်းလမ်းများ ပြောင်းလဲခြင်း အထူးသဖြင့် လက်လှမ်းမီမှုကန့်သတ်ချက်များနှင့် ရင်ဆိုင်ရသည့်အခါတွင် ပြောင်းလဲခြင်း များလည်း ပါဝင်သည်။**

COVID-19 အရေးပေါ်အခြေအနေ၏သဘောသဘာဝကြောင့် အစိုးရများက ချမှတ်ထားသော ကြိုတင်ကာကွယ်မှုဆိုင်ရာလုပ်ဆောင်ချက်များသည် ထိရှလွယ်သော အားနည်းသည့် လူမှုအသိုက်အဝန်းများသို့ လူသားချင်းစာနာထောက်ထားမှု အကူအညီများလက်လှမ်းမီမှုကို လျော့နည်း စေနိုင်သည်။ ယခင်အတွေ့အကြုံများအရ လက်လှမ်းမီမှုမှာ နှစ်များကြာလာသည်နှင့် ပိုမိုခက်ခဲလာခဲ့သည်၊ ဒုက္ခသည်စခန်းများသို့ ဝင်ရောက်ခြင်းကို ပိတ်ပင်နိုင်ကြောင်း နှင့် WASH လှုပ်ရှားမှုများပြောင်းလဲခြင်းအပြင် ၂၀၂၀ ခုနှစ်တွင် လုပ်ငန်းလုပ်ဆောင်မှုနည်းလမ်းများ ဆီလျော်အောင်ပြုပြင်ခြင်းများ အကောင်အထည် ဖော်ခဲ့သည်ကိုလည်း OXSI သိခဲ့သည်။

ချက်ချင်းပင် OXSI သည် ဝန်ထမ်းများ နေ့စဉ်စခန်းများသို့သွားရောက်ရန် လိုအပ်ချက်ကို အကဲဖြတ်ခဲ့သည်နှင့် စခန်းများတွင်အခြေပြုသည့်ဝန်ထမ်းက ပြင်ပဝန်ထမ်းများနှင့် မကြာခဏအဆက်အသွယ်ပြုလုပ်ကာ စခန်းများတွင် သီးခြားလွတ်လပ်စွာ အလုပ်လုပ်ဆောင်နိုင်ရန်လိုအပ်သည့်အရာအားလုံးကို သေချာစေရန် စတင်အာရုံစိုက်လာသည်။ ဝန်ထမ်းအချို့အတွက် သင်တန်းများပေးခြင်း နှင့် လက်ဆွဲကွန်ပျူတာများ(laptop)၊ ဖုန်းငွေဖြည့်ကတ်များ နှင့် စခန်းရုံးခန်းများတွင် လျှပ်စစ်တပ်ဆင်ထားခြင်းမရှိသေးပါကတပ်ဆင်ခြင်းများ ထောက်ပံ့ရန် လိုအပ်သည်။ Oxfam နှင့် SI အဖွဲ့အစည်းနှစ်ခုလုံးသည် နေအိမ်မှအလုပ်လုပ်သည့် မူဝါဒကိုကျင့်သုံးကာ အရေးကြီးသောလုပ်ငန်းများကိုသာ လုပ်ဆောင်ရန် ရုံးသို့ လာရောက်ခြင်းများ ပြုလုပ်ခဲ့သည်။ အချို့သောနိုင်ငံတကာဝန်ထမ်းများသည် မြန်မာနိုင်ငံပြင်ပ သို့မဟုတ် ရန်ကုန်မြို့တွင် ကာလကြာရှည်စွာ နေထိုင်နေရ၍ ယာယီပူးပေါင်းထားသောအဖွဲ့အဆင့်ဆင့်များအားလုံးနှင့် အခြားသက်ဆိုင်ပါဝင်သူများနှင့် ထိရောက်သော ညှိနှိုင်းဆောင်ရွက်မှုယန္တရားကို သေချာစေရန် ပုံမှန်အွန်လိုင်းအစည်းအဝေးများ ကျင်းပရန် လည်းအရေးကြီးသည်။

တသီးတခြားစီမံခန့်ခွဲမှုစနစ်သည် စခန်းအခြေပြုအဖွဲ့များ၏ကျွမ်းကျင်မှုအပေါ်တွင် မူတည်သည်၊ အချို့ဝန်ထမ်းများသည် တာဝန်အသစ်များကို လျင်မြန်စွာယူရပြီး ကျွမ်းကျင်မှုအသစ်များကို သင်ယူရသည်။ ယင်းအဖွဲ့များ၏ လိုက်လျောညီထွေ ပြုပြင်ခြင်းနှင့်စွမ်းဆောင်ရည်များသည် စီမံကိန်းများကို ဆက်လက် စီမံခန့်ခွဲရန် OXSI ၏ခြုံငုံချဥ်းကပ်မှုဖြစ်သည့် လူမှုအသိုက်အဝန်းအဆင့်တွင် ပိုင်ဆိုင်မှုနှင့် ဆုံးဖြတ်ချက်ချမှုကို တိုးမြှင့်ခြင်းအား ဦးတည်သည့်အပြင် တုံ့ပြန်မှုများကို တဖြည်းဖြည်းမပျံ့နှံ့အောင်ထိန်းချုပ်ရန်ကြိုးပမ်းမှုကိုလည်း အနှောက်အယှက်ကင်းစွာ သက်သေပြခဲ့သည်။ အမှန်တကယ်အားဖြင့် ၂၀၂၀ ခုနှစ်အတွင်း စီမံခန့်ခွဲမှုစနစ်၏ အောင်မြင်မှုသည် နည်းပညာဆိုင်ရာကျွမ်းကျင်မှုအားကောင်းလာစေရန် အာရုံစိုက်သော OXSI ၏အနာဂတ်စီမံကိန်းတိုးတက်မှု နှင့် စခန်းများရှိ လူမှုအသိုက်အဝန်းအဖွဲ့များ သို့မဟုတ် ဒေသခံအဖွဲ့အစည်းများသို့ မိတ်ဖက်များနှင့် အသွင်ကူးပြောင်းရေးဆိုင်ရာဝန်ဆောင်မှုများကို တရားဝင်ဖြစ်စေရန် ကူညီပံ့ပိုးသည်။ OXSI သည် စခန်းများရှိ ဤလူမှုအသိုက်အဝန်းအဖွဲ့များအား တာရှည်ခိုင်မြဲသော ဖြေရှင်းနည်းများကို ဖော်ထုတ်ရန် တာဝန်ရှိသူများနှင့် ဆွေးနွေးမှုများတွင် ထောက်ပံ့ရန် စီစဥ်ထားသည်။

COVID-19 ၏ခြိမ်းခြောက်မှုက ဝန်ထမ်းများကို စခန်းသို့ဝင်ရောက်ခွင့်ကို ကန့်သတ်လာသောအခါ OXSI သည် စခန်းအခြေပြုတာဝန်ခံဝန်ထမ်းများမှတဆင့် လူမှုအသိုင်းအဝန်းများထံမှ တိုင်ကြားချက်များလက်ခံရန်အတွက် hotline များကိုထူထောင်ခဲ့သည်။ စခန်းတိုင်းတွင်ဝန်ထမ်းများအတွက် တုံ့ပြန်ချက်များ လက်ခံရန်မိုဘိုင်းဖုန်း တစ်ခုရှိကာ ဖုန်းနံပါတ်ကိုစာစောင်ဘုတ်များပေါ်တွင် ကပ်ထားကာ စခန်းအခြေပြုဝန်ထမ်း COVID-19 အသိပညာပေးခြင်းပွဲများ လုပ်ဆောင်သည့်အခါ ဖြန့်ဝေခဲ့သည်။ ဖြစ်ရပ်များအပေါ်တုံ့ပြန်ချက်ပေးခြင်းကိုလည်း တူညီသည့်ဆက်သွယ်ရေးလမ်းကြောင်းမှတဆင့် ပေးခဲ့သည်။ ဆဲလ်ဖုန်းပိုင်ဆိုင်မှုအလွန်နည်းပါးသောကြောင့် စခန်းများတွင် hotlines သည်အကောင်းဆုံးသောနည်းလမ်းမဟုတ်သော်လည်း အထူးသဖြင့် အမျိုးသမီးများနှင့်မိန်းကလေးများကြားတွင် OXSI ရုံးခန်းများသို့ တိုင်ကြားမှုများကို သွားရောက်တိုင်ကြားရန် အဆင်မပြေသူများအတွက် ယာယီရွေးချယ်ရန်နည်းလမ်းတစ်ခု ဖြစ်သည်။



*OXSI သည် မိမိကိုယ်တိုင်လာရောက် တိုင်ကြားစာတင်ရန် အဆင်မပြေသူများအတွက် အကြံပြုချက်များကို စုဆောင်းရန်နှင့် အရေးယူဆောင်ရွက်မှုများကို ပြုလုပ်နိုင်စေရန် အရေးပေါ်ဖုန်းနံပါတ်များကို သတ်မှတ်ပေးပါသည်။*

# ၈.၄ ညှိနှိုင်းဆောင်ရွက်မှု

**အရေးပေါ်အခြေအနေအသစ်တစ်ခုနှင့် ရင်ဆိုင်ရသောအခါ အဖွဲ့အစည်းများ၊ အစုအဖွဲ့များ နှင့် အစိုးရကြား ညှိနှိုင်းဆောင်ရွက်မှုသည် အလွန်အရေးကြီးသည်။**

ရခိုင်ပြည်နယ်တွင် ညှိနှိုင်းဆောင်ရွက်သော တုံ့ပြန်မှုတစ်ခုလုပ်ဆောင်ရန် ဌာန/အဖွဲ့အစည်းအချင်းချင်းကြားပူးပေါင်းအဖွဲ့တစ်ခုကို မတ်လကုန်တွင် ဖွဲ့စည်းခဲ့သည်။ OXSI သည် WASH နှင့်သက်ဆိုင်သောလှုပ်ရှားမှုများနှင့် အစီအစဥ်များအတွက် နည်းပညာပံ့ပိုးမှုပေးရန် အထူးလုပ်ငန်းအဖွဲ့တွင် ပူးပေါင်းခဲ့သည်။ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ (RSG)က စင်ပြိုင်အထူးလုပ်ငန်းအဖွဲ့ကိုဖွဲ့စည်းခဲ့ကာ အဖွဲ့နှစ်ဖွဲ့သည် ကနဦးတွင် ကောင်းစွာဆက်သွယ်မှုမရှိခဲ့စဥ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းအဖွဲ့သည် RSG ၏ညွှန်ကြားချက်များကို အလျင်အမြန်လိုက်လျော ညီထွေဖြစ်စေခဲ့သည်။

COVID-19 ကူးစက်ရောဂါဖြစ်ပွားချိန်အတောအတွင်း စစ်တွေတွင် လုပ်ငန်းလည်ပတ်နေသည့် အခြားလုပ်ငန်းအဖွဲ့အများစုသည်လည်း လုပ်ငန်းတာဝန်များ နှင့် လှုပ်ရှားမှု အသစ်များကိုပြုလုပ်ခဲ့သည်။ ဥပမာအားဖြင့် လူမှုအသိုက်အဝန်းများနှင့် ဆက်သွယ်ခြင်းအလုပ်အဖွဲ့ (CwC) သည် ကောလာဟလသတင်းများကို ပုံမှန်ခြေရာခံကာ ဌာနများ/အဖွဲ့အစည်းများသို့ သတင်းပေးပို့ခဲ့သည်။ ဤသို့ပြုလုပ်ခြင်းသည် ဌာနများအတွက် သတင်းမှားများပျံ့နှံ့နေခြင်းကို သိရှိရန် နှင့် လျင်မြန်စွာတုံ့ပြန်ရန်အတွက် အထောက်အကူဖြစ်သည်။ ကာကွယ်မှုဆိုင်ရာဌာနများ/အဖွဲ့အစည်းများသည် တစ်ဦးချင်းစီနှင့် လူမှုအသိုက်အဝန်းက သတင်းအချက်အလက်များကိုရယူခြင်း၊ COVID-19 ကူးစက်ရောဂါအား တုံ့ပြန်ရန်နှင့်ကာကွယ်ရန် စွမ်းရည်၊ အရင်းအမြစ်များနှင့်ဝန်ဆောင်မှုများကိုလက်လှမ်းမီရယူခြင်း နှင့် COVID-19 ကူးစက်ရောဂါနှင့်ချိတ်ဆက်သည့် အဓိကကာကွယ်မှုအန္တရာယ်များ အကြောင်းအရာများကို စောင့်ကြည့်စစ်ဆေးခဲ့ပြီး အစီရင်ခံစာများကို ပေးပို့ခဲ့သည်။ တစ်ကိုယ်ရည်သန့်ရှင်းရေးမြှင့်တင်ခြင်းနည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့သည် အဓိကသတင်း နှင့် IEC တိုးတက်မှုနှင့်ဘာသာပြန်ခြင်းတို့ကို ပူးပေါင်းဆောင်ရွက် ခဲ့သည်။ အစုအဖွဲ့များနှင့် လုပ်ငန်းဆောင်ရွက်မှုအဖွဲ့ များအားလုံးသည် COVID-19 ကူးစက်ရောဂါတုံ့ပြန်မှုအကြောင်းကို ဆွေးနွေးကာ ကွက်လပ်များကိုဖြည့်ဆည့်ရန် အတူတကွလုပ်ဆောင်ခဲ့ကြသည်။



*ညှိနှိုင်းမှုဖြင့် အရေးယူဆောင်ရွက်မှုသည် ကာကွယ်စောက်ရှောက်မှုဆိုင်ရာ စည်းမျဥ်းစည်းကမ်း၏ အဓိကသော့ချက် ဖြစ်ပြီး မူနိယာမဖြစ်ပြီး အရေးပေါ်အခြေအနေသစ်တစ်ခု စတင်ချိန်တွင် လိုအပ်ချက်များကို အပြည့်အဝ လွှမ်းခြုံနိုင်စေရန်အတွက် အထူးအရေးကြီးပါသည်။*

# ၈.၅ မူအရဖြစ်သောအစီအစဥ်များ

**လျင်မြန်စွာပြောင်းလဲဖြစ်ပေါ်နေသောအရေးပေါ်အခြေအနေအသစ်တွင် လူသားချင်းစာနာ ထောက်ထား မှုဆိုင်ရာဌာန/အဖွဲ့အစည်းများ သည် လုံခြုံသောအစီအစဥ်များကိုကျင့်သုံးခြင်း၊ လူသားခြင်း စာနာထောက်ထားမှုဆိုင်ရာအခြေခံမူများနှင့်စံနှုန်းများကိုထိန်းသိမ်း လိုက်နာမှု နှင့် ၎င်းတို့၏တန်ဖိုးများ ကိုထိန်းသိမ်းမှုများတွက် ၎င်းတို့ကိုယ်တိုင်ဆက်လက်တာဝန်ယူရမည်ဖြစ်သည်။**

နိုင်ငံအများက COVID-19 ကူးစက်ပြန့်ပွားမှုကို အတတ်နိုင်ဆုံးနှိမ်နင်းနေစဥ် အချို့ရှုန်းကန်နေရသောဒီမိုကရေစီနိုင်ငံများနှင့် လွန်ကဲစွာ ဖိနှိပ်ချုပ်ခြယ်သော တိုင်းပြည်များသည် ကူးစက်ကပ်ရောဂါကို လူ့အခွင့်အရေးများကိုချိုးဖောက်ရန် ဆင်ခြေအဖြစ်အသုံးပြုခဲ့သည်။ စစ်တွေတွင် ဖြစ်ပွားနေသောရှုပ်ထွေးသည့် လူ့အခွင့်အရေးအရေးအခင်းကြောင့် OXSI သည် COVID-19 ကူးစက်ရောဂါ တုံ့ပြန်မှုအတောအတွင်း နိုးနိုးကြားကြားရှိနေခဲ့ကာ အခြေခံမူအရ ဖြစ်သော လုပ်ဆောင်ချက်ကို သေချာစေရန် ဆက်လက်ကြိုးပမ်းခဲ့သည်။

ဥပမာအားဖြင့် မြန်မာနိုင်ငံတွင် ရောဂါဖြစ်ပွားမှုများပေါ်ပေါက်လာသည့်အချိန်တွင် အာဏာပိုင်များသည် OXSI အား WASH ဝန်ဆောင်မှုများကို ပံ့ပိုးပေးရန် တောင်းဆိုမှုအပါအဝင် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာအကူအညီပေးသည့် အဖွဲ့အစည်းများအား COVID-19 အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုခြင်း နှင့် သီးခြားထားခြင်းစင်တာများကို အထောက်အပံ့ပေးရန် အကူအညီတောင်းဆိုခဲ့သည်။ ဤစင်တာများအားတည်ထောင်မှုတွင် စီမံခန့်ခွဲမှု၊ အခြေအနေများ နှင့် နေထိုင်မှုဆိုင်ရာများတွင် ပွင့်လင်းမြင်သာမှုမရှိပါ။ စင်တာများသည် ရိုဟင်ဂျာ လူမှုအသိုက်အဝန်းများအတွက် ကာကွယ်မှုဆိုင်ရာ အန္တရာယ်များ ဖြစ်ပေါ်စေမည် နှင့်၊ လူမှုအသိုက်အဝန်းများနှင့် ဤအဆောက်အဦ များ(facilities)တွင် ပူးပေါင်းဆောင်ရွက်သူများအဖြစ်လုပ်ဆောင်ကြမည့် စခန်းများတွင် လုပ်ဆောင်နေသော အဖွဲ့အစည်းများကြားရှိ ယုံကြည်မှုကို ထိခိုက်မည် နှင့် ဖျက်ဆီးနိုင်မည်ကို OXSI ကစိုးရိမ်မှုရှိခဲ့သည်။ တစ်ချိန်တည်းမှာပင် အဆောက်အဦများတွင် သင့်လျော်သော WASH facilities ပစ္စည်းများ ရှိရန် အရေးကြီးခဲ့သည်၊ OXSI ၏ဝင်ရောက်စွက်ဖက်ခြင်းက အဘက်ဘက်တွင်ထိခိုက်မှုဖြစ်စေခြင်းကို နည်းနိုင်သမျှနည်းစေနိုင်သည်။

ဤခက်ခဲသောဆုံးဖြတ်ချက်များကို ကူညီရန် OXSI သည် အခြေအနေတစ်ခုစီကို အကြောင်းအရာ တစ်ခုစီအနေဖြင့်အကဲဖြတ်ရန် စစ်ဆေးရမည့်စာရင်းတစ်ခုကို ဖန်တီးခဲ့သည်။ ဤစစ်ဆေးရမည့်စာရင်းကို စိုးရိမ်သောကရောက်ရသောလူမှုအဖွဲ့အစည်းများအတွက် ထိခိုက်မှု တိုး၍ မဖြစ်စေရန် မူအရဖြစ်သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာတုံ့ပြန်မှုတစ်ခု ဆွေးနွေးရာတွင် လွှမ်းမိုးစေရန် နှင့် အထောက်အကူပြုရန် အခြားဌာန/အဖွဲ့အစည်းများ နှင့် အစုအဖွဲ့များကိုဝေမျှခဲ့သည်။ ဤစစ်ဆေးရမည့်စာရင်းကိုအသုံးပြုခြင်းဖြင့် OXSI သည် စခန်းများတွင် အသွားအလာကန့်သတ် စောင့်ကြပ်ကြည့်ရှုခြင်း အဆောက်အဦများအချို့ကို တစ်ကိုယ်ရည်သန့်ရှင်းရေးအသုံးအဆောင်ပစ္စည်းများအပါအဝင် အိမ်သာများနှင့် ရေချိုးရန် နေရာများတည်ဆောက်ခြင်းကို အကဲဖြတ်ခဲ့ကာ သေချာကူညီပံ့ပိုးခဲ့သည်။ (OXSI COVID-19 စစ်ဆေးရမည်စာရင်း)

| **OXSI အနေဖြင့် ဘေးဒုက္ခဖြစ်စေနိုင်ခြေ၊ ကျွန်ုပ်တို့၏ တန်ဖိုးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မူဝါဒများကို လျော့ပါးစေခြင်းတို့ကြောင့် အောက်ပါ သတ်မှတ်ချက်များ သို့မဟုတ် အခြေအနေများ ဖြစ်ပွားပါက ထောက်ပံ့ပေးမည် မဟုတ်ပါ။** |
|---|
| လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မူဝါဒများနှင့် OXSI ၏ တန်ဖိုးများကို ချိုးဖောက်နိုင်သည့် ရဲတပ်ဖွဲ့နှင့် အခြားအဖွဲ့များကဲ့သို့ လက်နက်ကိုင်လှုပ်ရှားသူများအား တိုက်ရိုက်ထောက်ပံ့ပေးခြင်း သို့မဟုတ် ပူးပေါင်းပါဝင်ခြင်း |
| ထောက်ပံ့ပေးမည့် နေရာများမှာ ခြိမ်းခြောက်မှုများ၊ အနိုင်အထက်ပြုမှုမှု၊ အကြမ်းဖက်မှု၊ ခြိမ်းခြောက်အကျပ်ကိုင်မှု သို့မဟုတ် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုနှင့် နှောင့်ယှက်မှုတို့ ဖြစ်ပွားနေသော သို့မဟုတ် ဖြစ်ပွားနေသည်ဟု သံသယဖြစ်ဖွယ်ရှိသော နေရာများဖြစ်သည်။ |
| အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် အလိုရှိသော ကျား/မ အမျိုးအစား၏ စောင့်ရှောက်မှုကို လက်လှမ်းမီရယူခွင့်မရှိပါ။ |
| အဆိုပါနေရာများတွင် သူတို့၏ အိမ်ထောင်စု/မိသားစုများနှင့် သီးခြားနေထိုင်နေရသော/အသွားအလာကန့်သတ်ခံနေရသော အမျိုးသမီးနှင့် မိန်းကလေးငယ်များ အတွက် ကျား/မခွဲခြားထားသော ဝန်ဆောင်မှုများ မရှိပါ။ |
| မိသားစုနှင့် ခွဲခွာနေထိုင်ရာတွင် ကလေးအတွက် အကောင်းဆုံးအကျိုးကျေးဇူးမရရှိဘဲ သို့မဟုတ် ကလေးများကို ထည့်သွင်းမစဥ်းစားဘဲ ဆောင်ရွက်သည်။ |
| သီးခြားနေထိုင်ခြင်း/အသွားအလာကန့်သတ်ခြင်း သို့မဟုတ် ဆက်စပ်လုပ်ငန်းစဥ်များအတွက် ကုန်ကျစရိတ်များကို လူတစ်ဦးချင်းအား ပေးဆောင်စေသည်။ |
| ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့် ထိခိုက်လွယ်သည့် အရွယ်ရောက်ပြီးသူများ ဘေးအန္တရာယ်ကင်းရေးတို့ကို ထည့်သွင်းစဥ်းစားမှု မရှိပါ။ |

**အထက်ဖော်ပြပါအချက်များထဲမှ တခုခု သည် မှန်နေပါက OXSI ကထောက်ပံ့မည်မဟုတ်ပါ။*

| **OXSI အနေဖြင့် ကျွန်ုပ်တို့၏ လုပ်ငန်းများမှတစ်ဆင့် အောက်ပါအခြေအနေများ နှင့်/သို့မဟုတ် ဘေးအန္တရာယ်ဖြစ်နိုင်ခြေများ (ထပ်လောင်းဆန်းစစ်ချက် လိုအပ်လာမည်) ကို လျော့ပါးသက်သာစေနိုင်ခြင်း၊ လျော့ချပေးနိုင်ခြင်း သို့မဟုတ် ဖြေရှင်းပေးနိုင်ခြင်း ရှိပါက ထောက်ပံ့ပေးသွားမည် ဖြစ်သည်။** |
|---|
| အဆိုပါနေရာများရှိ လူထုသည် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များအား လက်လှမ်းမီရရှိနိုင်မှု နည်းပါးပြီး OXSI အနေဖြင့် လူတစ်ဦးချင်းစီသည် သက်ဆိုင်ရာ ဆက်သွယ်ရေး/သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ လွတ်လပ်စွာ လက်လှမ်းမီရယူခွင့်ကို ပေးစွမ်းနိုင်သည်။ |
| ထိခိုက်လွယ်သူများတွင် အထူးလိုအပ်ချက်များ ရှိနေပြီး OXSI ၏ အကူအညီဖြင့် သူတို့၏ အထူးလိုအပ်ချက်များကို ကောင်းစွာ နားလည်သဘောပေါက်ပြီး သင့်လျော်စွာ ဖြည့်ဆည်းပေးနိုင်သည်။ |
| အဆိုပါနေရာများတွင် ကျား/မခွဲခြားထားသော အဆောက်အအုံများ မရှိပါ။ OXSI ၏ အကူအညီဖြင့် ကျား/မရေးရာနှင့် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ဆန်းစစ်ချက်ကို တိုးမြှင့်ဆောင်ရွက်နိုင်ပြီး မတူညီသော ကျား/မ အမျိုးအစားများအတွက် ကာကွယ်စောင့်ရှောက်မှုပေးရေးကို ထည့်သွင်းစဉ်းစား၍ သီးခြားအဆောက်အအုံများ တည်ဆောက်ခြင်း/တပ်ဆင်ခြင်း ပြုလုပ်ပေးနိုင်သည်။ |
| နေထိုင်မှု (များ) နှင့်စပ်လျဉ်း၍ မရှင်းလင်းသော သို့မဟုတ် တရားဝင်မဟုတ်သော အစီအစဉ်များရှိနေပြီး နေရာစီမံခန့်ခွဲမှုအတွက် OXSI ၏ ကူညီမှုဖြင့် လူထု၏ နေထိုင်မှုအတွက် ရှင်းလင်းသော အစီအစဉ်တစ်ခု ဖော်ဆောင်ပြီး အများသိရှိထားမှုသို့ ဦးတည်သွားမည်။ |
| OXSI ၏ ဩဇာသက်ရောက်ပြီး ဆောင်ရွက်နိုင်သော နေရာများတွင် အမျိုးသမီးနှင့် မိန်းကလေးငယ်များအနေဖြင့် အလိုရှိသော ကျား/မ အမျိုးအစား၏ စောင့်ရှောက်မှုကို လက်လှမ်းမီရယူခွင့် ရှိသည်။ |
| OXSI ၏ ဩဇာသက်ရောက်ပြီး ဆောင်ရွက်နိုင်သော နေရာများတွင် မိသားစု ခွဲခွာနေရခြင်းများ မဖြစ်စေရပါ။ |
| သီးခြားနေထိုင်ခြင်း/အသွားအလာကန့်သတ်ခြင်း သို့မဟုတ် ဆက်စပ်လုပ်ငန်းစဉ်များအတွက် ကုန်ကျစရိတ်များကို လူတစ်ဦးချင်းက ပေးဆောင်ရခြင်း မရှိစေရန် ရှင်းလင်းစွာ အသိပေးဆောင်ရွက်သွားမည်။ |
| ကလေးသူငယ် ကာကွယ်စောင့်ရှောက်မှုနှင့် PSEA အစီအမံများကို ထည့်သွင်းစဉ်းစားပြီး ဘေးအန္တရာယ်ကင်းရေး တိုင်ကြားမှုယန္တရားတစ်ခု ရှိသည်။ |

**အချို့သောအဖြေသို့မဟုတ် အဖြေအားလုံးသည် "မှန်သည်"ဖြစ်ပါက စီမံခန့်ခွဲမှုနှင့် ဆွေးနွေးမှု ဆက်လက်ဆောင်ရွက်ကာ သဘောတူညီမှုရရှိပါက အစိမ်းရောင် စံသတ်မှတ်ချက်များကို ပြန်လည်သုံးသပ်မည်။*

| **OXSI ကထောက်ပံ့မည် - (လူမှုအသိုက်အဝန်းဦးဆောင်သည့် နှင့် အစိုးရဦးဆောင်သည့်အစမျိုးမှုများ)၊ အကယ်၍ ကျွန်ုပ်တို့သည် အဆောက်အဦးများ တည်ဆောက်ခြင်း၊ စီမံခန့်ခွဲမှုအစီအစဥ်များ(လူများနေထိုင်စဥ်အတွင်း လုံခြုံမှု နှင့် ကာကွယ်မှုကို သေချာစေရန် အာရုံစိုက်မှုနှင့်အတူ)တွင် အကြောင်းကြားခံရခြင်း နှင့်/သို့မဟုတ် ပါဝင်ရခြင်း ဖြစ်ပါက၊ အောက်ဖော်ပြပါ စံသတ်မှတ်ချက်များ/အခြေအနေများအားလုံးနှင့်ကိုက်ညီမှုရှိပါက -** |
| --- |
| ဝန်ဆောင်မှုတည်နေရာများသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအခြေခံမှုများနှင့် OXSI စံတန်ဖိုးထားမှုများကို ချိုးဖောက်နိုင်သည့် လက်နက်ကိုင် အဖွဲ့အစည်းများနှင့် အခြားအဖွဲ့များ၏ပါဝင်ပတ်သက်ဆက်နွယ်မှုနှင့်ကင်းလွတ်သည်။ |
| သီးခြားထားခြင်းနှင့် အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုခြင်းစင်တာ၏ ဧရိယာပတ်ဝန်းကျင်ရှိလူမှုအသိုက်အဝန်းများနှင့် စင်တာ၏အဓိကဦးတည်အုပ်စုများ သည် အစီအစဥ်များကို တိုင်ပင်ဆွေးနွေးခြင်း၊ အကြောင်းကြားခံရခြင်း နှင့် သိရှိပြီးဖြစ်သည်။ အဆိုပါ အစီအစဥ်များဆိုသည်မှာ လက်ခံသူများတစ်ဦးချင်းစီ၏ လုံခြုံရေးနှင့် ဂုဏ်သိက္ခာများကိုလေးစားလျက် လူမှုအသိုက်အဝန်းအတွင်းရောဂါကူးစက်ပျံ့နှံ့မှုလျှော့ချရန် တိကျသောဒေသအခြေအနေအတွက် သင့်လျော်သော ဖြေရှင်းမှုဖြစ်သည်။ |
| ဝန်ဆောင်မှုတည်နေရာများတွင် ဝင်ရောက်သူများသည် မိမိတို့စိတ်ဆန္ဒအလျောက်လုပ်ဆောင်ခဲ့ကြသည်။ |
| ဝန်ဆောင်မှုတည်နေရာရှိ အများပြည်သူများသည် သက်ဆိုင်သောအကြောင်းကြားချက် နှင့်သတင်းအချက်အလက်များကို အချိန်မီ လွတ်လပ်စွာ ရယူခွင့်ရှိသည်။ |
| ဝန်ဆောင်မှုတည်နေရာတွင် တစ်ကိုယ်ရေသန့်ရှင်းရေး နှင့် အိပ်စက်ခြင်းအတွက် ကျားမခွဲခြားထားသည့် အဆောက်အဦများရှိသည်။ |
| အမျိုးသမီးများနှင့်မိန်းကလေးများသည် ပို၍လိုလားသောဂျဲန်ဒါ/ကျား၊မ၏ စောင့်ရှောက်မှုကို ခံယူခွင့်ရှိကာ သူမတို့၏သတ်မှတ်သောလိုအပ်ချက်များကို ထည့်သွင်း စဥ်းစားသည်။ |
| မိသားစုများ နှင့် ကလေးများ/မောင်နှမများကို အတူထားသည်။ |
| ထိရှလွယ်သောသူတစ်ဦးချင်းစီ၏ သတ်မှတ်သောလိုအပ်ချက်များအား ပြည့်မီစေသည်။ |
| တစ်ဦးချင်း/မိသားစုများသည် နေထိုင်မှုကုန်ကျစရိတ်ကို အတင်းအကျပ်ကျခံရမှုမရှိပါ။ |
| နေထိုင်သူများအတွက် သယ်ယူပို့ဆောင်ရေး၊ ဝင်ခွင့်နှင့် ထွက်ခွာခွင့်ပြုခြင်းလုပ်ငန်းစဥ်အသေးစိတ်များအပါအဝင် ရှင်းလင်း၍ အသိပေးပြီးဖြစ်သော အစီအစဥ်ရှိသည်။ |
| လှုပ်ရှားမှုများသည် ဖြစ်နိုင်လျှင် WHO စံချိန်စံညွှန်းများ နှင့် လမ်းညွှန်ချက်များအား လိုက်နာသည်။ |
| ဝန်ဆောင်မှုတည်နေရာရှိ အများပြည်သူများသည်လုံခြုံကြသည် နှင့် ဝန်ဆောင်မှုတည်နေရာသည် ခြိမ်းခြောက်မှုများ၊ အကျပ်ကိုင်မှု၊ အကြမ်းဖက်မှု၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်း သို့မဟုတ် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်ခြင်းနှင့်အကြမ်းဖက်သည့်ဖြစ်ရပ် ဖြစ်ပွားခဲ့ခြင်း သို့မဟုတ် ဖြစ်ပွားနိုင်ဖွယ်ရှိခြင်းမှ ကင်းလွတ်သည်။ |
| အများပြည်သူများ၏ ဂုဏ်သိက္ခာ နှင့် ပုဂ္ဂိုလ်ရေးရာသီးသန့်တည်ရှိမှု (ကိုယ်ရေးအချက်အလက်အပါအဝင်)သည် ချိုးဖောက်ခံရမှုမရှိပါ။ |
| ဝန်ဆောင်မှုတည်နေရာစီမံခန့်ခွဲမှုသည် ပွင့်လင်းမြင်သာပြီး လူမှုအသိုက်အဝန်း၏လက်ခံမှုရှိသည် နှင့်/သို့မဟုတ် ပါဝင်ပတ်သက်မှုရှိသည်။ |
| အတည်ပြုစိစစ်ခြင်းကို MEAL လှုပ်ရှားမှုများ သို့မဟုတ် အကာအကွယ်ပေးခြင်းဆိုင်ရာစောင့်ကြည့်စစ်ဆေးခြင်းမှတဆင့် လုပ်ဆောင်နိုင်သည်။ |
| ကလေးသူငယ်ကာကွယ်ရေး နှင့် PSEA စီမံချက်များကို ထည့်သွင်းစဥ်းစားခဲ့ပြီး အကာအကွယ်ပေးရေးတိုင်ကြားချက်များဆိုင်ရာလုပ်ထုံးလုပ်နည်းက နေရာတကျ ရှိသည်။ |

**အဖြေများအားလုံးသည် "မှန်သည်"ဖြစ်ပါက လုံခြုံသောစီမံကိန်းကွန်ချာ နှင့် စီမံခန့်ခွဲမှုနှင့်ဆွေးနွေးခြင်းကိုအပြီးသတ်ကာ ထောက်ပံ့မှုကို ရှေ့ဆက်လုပ်ဆောင်မည်။*

# ၉ နည်းကိရိယာများ

**နိဒါန်း**

1A လူထုအားစေ့စပ်ညှိနှိုင်းခြင်းဖြင့် လုပ်ငန်းများအကောင်အထည် ဖော်ဆောင်ခြင်း မဟာဗျူဟာ
1B ကျား/မ ရေးရာဆိုင်ရာ မဟာဗျူဟာ

**ရေ**

2A ရေတုံကင်၏ လိုအပ်သောပစ္စည်းများ ကုန်ကျမှုဆိုင်ရာ ခန့်မှန်းခြေ စာရင်းနှင့် ပုံကြမ်း
2B ရေတုံကင် အလုပ်လုပ်မှုရှိ/မရှိ စစ်ဆေးခြင်း
2C ရေတုံကင်အား လွှဲပြောင်းပေးအပ်ခြင်း မှတ်တမ်းလွှာ
2D ရေနမူနာ ကောက်ယူခြင်း နှင့် စစ်ဆေးခြင်းများအတွက် စံလုပ်ထုံး လုပ်နည်း
2E ကလိုရင်းအပြင်းစားဖြင့် ရေတွင်းအား သန့်ရှင်းရေးလုပ်ခြင်းအတွက် စံလုပ်ထုံးလုပ်နည်း
2F အိမ်တိုင်ရာရောက်သွားရောက်ခြင်းအတွက် စံလုပ်ထုံးလုပ်နည်း

**မိလ္လာသန့်စင်ရေးစနစ်**

3A နှစ်ခန်းတွဲအိမ်သာ၏ လိုအပ်သောပစ္စည်းများ ကုန်ကျမှုဆိုင်ရာ ခန့်မှန်းခြေစာရင်းနှင့် ပုံကြမ်း
3B မိသားစုသုံးအိမ်သာ လွှဲပြောင်းပေးအပ်ခြင်း မှတ်တမ်းလွှာအတွက် အုပ်စုဖွဲ့ဆွေးနွေးခြင်း
3C အိမ်သာ အလုပ်လုပ်မှုရှိ/မရှိ စစ်ဆေးခြင်း
3D လူထုကိုယ်တိုင်ဦးဆောင်မှုဖြင့် ဆောက်လုပ်ရေးလုပ်ငန်းများ လုပ်ဆောင်ခြင်း
3E စခန်းအနီးရပ်ရွာများတွင် မူလနေထိုင်သူများအတွက် အိမ်သာလွှဲ ပြောင်းပေးအပ်ခြင်း မှတ်တမ်းလွှာ
3F ကလေးသူငယ်များသုံးနိုင်သည့်အိမ်သာများ၏ လိုအပ်သောပစ္စည်းများ ကုန်ကျမှုဆိုင်ရာ ခန့်မှန်းခြေစာရင်း နှင့် ပုံကြမ်း
3G ကလေးများမစင်စွန့်ရန် အထူးပြင်ဆင်ထားသော နေရာ (Potty Hub) ပုံကြမ်း
3H ကျောင်းအိမ်သာ ပုံကြမ်း
3I OXSI ၏ မိလ္လာရေဆိုးထုတ်ခြင်းလုပ်ငန်းအတွက် စံလုပ်ထုံးလုပ်နည်းများ
3J မစင်အညစ်အကြေးများစွန့်ပစ်ဖျက်ဆီးသည့် နေရာအတွက် စက်ကိုင် ဝန်ထမ်းလက်စွဲ

**တစ်ကိုယ်ရည်သန့်ရှင်းရေးမြှင့်တင်ခြင်းနှင့် လူထုနှင့် စေ့စပ်ညှိနှိုင်း ဆောင်ရွက်ခြင်း**

4A စေ့စပ်ညှိနှိုင်းမှုဖြင့် လူထုဦးဆောင်ပါဝင်သော အကောင်အထည်ဖော် ဆောင်ရွက်ခြင်း လုပ်ငန်းစဉ် လက်စွဲ
4B ဓမ္မတာလာခြင်းဆိုင်ရာ တစ်ကိုယ်ရည်သန့်ရှင်းရေး စီမံခန့်ခွဲမှု၏ စံလုပ်ထုံးလုပ်နည်းများ
4C COVID-19 ကာလအတွင်း တစ်ကိုယ်ရည်သန့်ရှင်းရေးသုံး ပစ္စည်းများ ဖြန့်ဝေခြင်းဆိုင်ရာ စံလုပ်ထုံးလုပ်နည်းများ
4D အမျိုးသမီး အရှက်သိက္ခာ လုံခြုံရေးဆိုင်ရာ ပစ္စည်းများဖြန့်ဝေခြင်းအတွက် စမ်းသပ်လုပ်ငန်းဆိုင်ရာ စံလုပ်ထုံးလုပ်နည်းများ
4E ရပ်ရွာလူထုအတွင်း ဖြတ်သန်းလမ်းလျှောက်လေ့လာခြင်း စံလုပ်ထုံးလုပ်နည်းများ
4F နေ့စဉ်ဘဝတွင် ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ဆိုင်ရာကိစ္စများအား မျှတစွာဆောင်ရွက်ခြင်း

**ဆိုလာလျှပ်စစ်မီး**

5A ဆိုလာလျှပ်စစ်မီးတပ်ဆင်ရန် လိုအပ်သောပစ္စည်းများအတွက် ကုန်ကျမှုဆိုင်ရာ ခန့်မှန်းခြေစာရင်း
5B ဆိုလာလျှပ်စီးမီး အလုပ်လုပ်ခြင်း ရှိ/မရှိ စစ်ဆေးခြင်း
5C ဆိုလာလျှပ်စစ်မီး လွှဲပြောင်းပေးအပ်ခြင်း မှတ်တမ်းလွှာ

**စွန့်ပစ် အစိုင်အခဲ အမှိုက်များအားစီမံခန့်ခွဲခြင်း**

6A စွန့်ပစ်အမှိုက်များအား ခွဲခြားမှု ကိုပြသသည့် IEC
6B အမှိုက်မီးရှို့စက်တစ်လုံး၏ လိုအပ်သောပစ္စည်းများ ကုန်ကျမှုဆိုင်ရာ ခန့်မှန်းခြေစာရင်း နှင့် ပုံကြမ်း
6C အမှိုက်မီးရှို့စက် အလုပ်လုပ်ခြင်း ရှိ/မရှိ စစ်ဆေးခြင်း။

6D အသုံးပြုထားသည့် အမျိုးသမီးလစဉ်သုံးပစ္စည်းများအား မီးရှို့သည့်စက်ပုံကြမ်း
6E စခန်းအတွင်း သန့်ရှင်းရေး ကမ်ပိန်းဆိုင်ရာ စံလုပ်ထုံးလုပ်နည်းများ
6F မြေပြင်တွင် မစင်စွန့်ထားသည်များကိုရှင်းလင်းသည့် သန့်ရှင်းရေးကမ်ပိန်းများဆိုင်ရာ စံလုပ်ထုံးလုပ်နည်းများ

**စောင့်ကြည့်လေ့လာအကဲဖြတ်ခြင်း၊ တာဝန်ခံခြင်း နှင့် သင်ယူခြင်း**

7A OXSI ၏ ကျိုးကြောင်းဆီလျော်သော မူဘောင်ဇယား
7B ဝန်ဆောင်မှုအပေါ်တွင် စိတ်ကျေနပ်မှုစစ်တမ်းကောက်ယူခြင်း
7C လူထုပါဝင်မှု စစ်တမ်းကောက်ယူခြင်း
7D ဆေးဆိုင်များမှဆေးဝါးရောင်းချရမှုအခြေအနေအား စစ်တမ်းကောက် ယူခြင်း

**အရေးပေါ်တုံ့ပြန်မှု - COVID - 19**

8A COVID – 19 ရောဂါကာကွယ်ရေးကို တုံ့ပြန်ဆောင်ရွက်ရာကာလ၌ စခန်းများနှင့် ပြန်လည်နေရာချထားသည့်နေရာများတွင် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များ
8B ကျား/မရေးရာဆိုင်ရာ စစ်ဆေးရမည့်အချက်အလက်များ
8C တစ်ကိုယ်ရည်သန့်ရှင်းရေးသုံးပစ္စည်းများအား အိမ်တိုင်ရာရောက် ဖြန့်ဝေပေးအပ်ခြင်း
8D ကိုဗစ်-၁၉ IEC

# လူထုအားစေ့စပ်ညှိနှိုင်းခြင်းဖြင့် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ခြင်း မဟာဗျူဟာ

**လူသားခြင်းစာနာ ထောက်ထားမှုဆိုင်ရာ WASH လုပ်ငန်းစဥ်၊ စစ်တွေ မြို့နယ်၊ Oxfam နှင့် Solidarities International မိတ်ဆက်ခြင်းနိဒါန်း**

ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ ဖော်ပြပါအခြေအနေများသည် စစ်တွေမြို့နယ်အတွက်လိုအပ်နေပြီး Oxfam နှင့် Solidarites International (အခြားအခေါ် OXSI) တို့အတူတကွပူပေါင်းပြီး အခြားအဖွဲ့များနှင့်လည်းပူပေါင်းဆောင်ရွက်ကာ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး (WASH) ဆိုင်ရာ လူထုအခြေပြုစီမံကိန်းလုပ်ငန်း အကောင်ထည်ဖော်ဆောင်ခြင်းကို ရွာနှင့်စခန်း (၂၅)ခုတွင် အမျိုးသမီး ၅၃၆၅၀ နှင့် အမျိုးသား ၅၀၆၂၇ တို့အားပေးမည်ဖြစ်သည်။ ယခုလုပ်ငန်းစဥ်ကို နိုဝင်ဘာ ၂၀၁၇ မှစတင်ခဲ့ပြီး ၂၀၂၀ တွင်ပြီးဆုံးမည်ဖြစ်သည်။

လိုအပ်သောအချက်အလက်များရှာဖွေကောက်ယူခြင်း၊ စခန်းတွင်းလူထုနှင့်တွေ့ဆုံ စကားပြောဆွေး နွေးခြင်းလုပ်ဆောင်မှုများကို မတူကွဲပြားသည့် လူထုပတ်ဝန်းကျင် (၂၅)ခုနှင့်ကျေးရွာများတွင် လုပ်ငန်းတွင်းအရေးပါသည့်အခန်းကဏ္ဍများကို စတင်၍ဦးစားပေးလုပ်ဆောင်သွားမည်ဖြစ်သည်။ ၂၀၁၂ ပဋိပက္ခများအပြီး နေရာပေါင်းစုံမှဒုက္ခသည်အများစုမှာ တစ်စုတစ်စည်းတည်းအတူတကွနေ ထိုင်နေကြရပြီးအများစုများမှာ လက်တလောတွင် ၎င်းတို့သည်ပတ်ဝန်းကျင် နှင့်တသားတည်း ဖြစ်တည်နေသည်ဟုမခံစားကြရပေ။ဤသို့ဖြစ်စေသည့်အကြောင်းအရင်းများမှာ ၎င်းဒုက္ခသည်တို့နေ ထိုင်ရာစခန်းအတွင်းတွင်မည် သည့်ကိစ္စရပ်များဖြစ်ပေါ်နေသည်ကို အချက်အလက်များလုံလောက်စွာ မရရှိကြခြင်းနှင့်စခန်းအပြင်ပရှိသတင်းအချက် အလက်များကို ရရှိမှုမှာလည်းအားနည်းနေသေးခြင်း ကြောင့်ဖြစ်သည်။ ၎င်းအခြေအနေများကြောင့်လက်တလောတွင် အပြန်အလှန်ဆွေးနွေး ပြောဆိုရန်အခွင့်အလမ်းများခြင်း အပြန်အလှန်ယုံကြည်မှုတည်ဆောက်ခြင်းများ နှင့် လူထုပတ်ဝန်းကျင် နှင့်အခြေအနေအကြောင်းအရာများအား အပြန်အလှန်ဝေမျှရန်နေရာများပေးနိုင်ရန်အခွင့် အလမ်းများ အရေးတကြီးလိုအပ်နေကြောင်းလေ့လာတွေ့ရှိရပါသည်။

လက်တလောအကောင်အထည်ဖော်နေသော စီမံကိန်းနှင့်ပြီးခဲ့သော WASH လုပ်ငန်းစဥ်များတွင် လူထု၏ ကိုယ်တိုင်တာဝန်ယူမှုနှင့် ရေရှည်တည်တံ့ထိန်းသိမ်းသွားစေလိုသော အသိအမြင်များတိုး လာစေခြင်း အလို့ငှာအိမ်သာများနှင့်ရေတုံကင်များကို WASH အဖွဲ့အစည်းများထံမှ အိမ်ထောင်စုတိုင်း၏ ခေါင်းဆောင်များထံသို့လွှဲပြောင်းပေးခဲ့ပြီးဖြစ်သည်။ လူထု၏ကိုယ်တိုင်တာဝန်ယူခြင်း အသိအမြင်တိုးပွါး လာခြင်းဟုဆိုရာတွင် မတူညီသောမိသားစုမှ လူများသည် WASH နှင့်သက်ဆိုင်ရာ အဆောက်အဦးများကို အတူတကွပူးပေါင်းကာသန့်ရှင်းမှုနှင့် ထိန်းသိမ်းခြင်းကို ဂရုတစ်စိုက်ရှိကြခြင်းနှင့် ၎င်းတို့၏ ကြီးလေသော ပြဿနာအခက်အခဲများအားဖြေရှင်းရန်အတွက် မည်သူ့ထံသို့ မည်သို့မည်ပုံအကူအညီတောင်းခံရ သည်ဆိုခြင်းကို နားလည်စေရန်ရည်ရွယ်ပါသည်။ အသေးစားပြုပြင်ခြင်းများနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် စခန်းအသီးသီးမှ လူထုများ အားသင်းတန်းပေးခြင်းလုပ်ငန်းစဥ်များကို ရေနှင့်ပတ်ဝန်းကျင်ကျန်းမာရေး ဆိုင်ရာအဆောက်အဦးများလွှဲပြောင်းပေးအပ်ပြီးစီးသည့် အချိန်တွင် စတင်မည်ဖြစ်သည်။ အကြီးစားပြုပြင်ခြင်းများအတွက်လက်တလောတွင် OXSI ကသာတာဝန်ယူကိုင်တွယ်ဖြေရှင်းပေးနေခြင်း ဖြစ်သည်။ မည်သို့ပင် ဆိုစေကာမူ WASH လုပ်ငန်းစဥ်များနှင့်စပ်လျဥ်း၍လူထု၏ စိတ်ကျေနပ်မှုဆိုင်ရာအခြေခံစစ်တန်းများကောက်ခံခြင်းများတွင် ၆၂% သော အမျိုးသမီးများနှင့် ၆၉% သောအမျိုးသားများ၏ တုံ့ပြန်မှုများအရ အဖွဲ့အစည်းများ၏အိမ်သာပြုပြင်ခြင်းနှင့် အသစ်တည်ဆောက်ခြင်းများအတွက် မိမိတို့လူထုနှင့်ပြောဆိုဆွေးနွေးတိုင်ပင်ခြင်းမရှိခဲ့ကြောင်းသိရသည်။ စခန်းအများစုတွင် အိမ်သာအလုံးအရေတွက်များစွာ အကြီးစားပြုပြင် ထိန်းသိမ်းရန်လိုအိပ်နေပါသော်လည်း လူထု၏အကူညီတောင်းဆိုမှုမှာနည်းနေသေးသည်။ သို့သော်လည်း ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ အတွက် အမျိုးသမီး၊ အမျိုးသားများ၊ ယောကျ်ားမိန်းကလေးများ အသက်အရွယ်ကြီးသူများနှင့် မသန်စွမ်းသူများအား အလျဥ်းသင့်သလိုထည့်သွင်းစဥ်းစား တိုင်ပင်လုပ်ဆောင်ခြင်း များကောင်းမွန်တိုးတက် စေရန်အတွက် အခွင့်လန်းများစွာရှိပါသည်။

၂၀၁၅ ခုနှစ်မှစတင်ကာ နှစ်စဥ်ကောက်ယူခဲ့သော လူထု၏ KAP ခေါ် ဗဟုသုတ၊ ခံယူချက်နှင့်အပြုအမူများဆိုရင်စစ်တမ်းများအရ IDP လူထုအကြားတွင် တစ်ကိုယ်ရည်သန့်ရှင်းမှုဆိုင်ရာ အသိပညာများ ကောင်းမွန်တိုးတက်လာခဲ့ကြောင်းသိရပါသည်။ မည်သို့ပင်ဆိုစေကာမူ လူထုအကြားတွင် ကျန်းမာရေးနှင့် သန့်ရှင်းသောသောက်သုံးရေရရှိစေရန်လုပ်ဆောင်နိုင်သည့် အသိပညာဗဟုသုတ များစွာရှိနေပါလျက် လက်တွေ့ကျကျ ကျင့်သုံးခြင်းများမရှိသည့် ရိုးရာဓလေ့ဆိုးအချို့ကိုလည်းတွေ့ရသည်။ ဤသို့သော ဓလေ့ထုံးတမ်းများပပျောက်စေရန်၊ ပြုပြင်ပြောင်းလဲစေရန်အတွက် စနစ်တကျဖြစ်သော လူထုအခြေပြုချဥ်းကပ်မှုပုံစံများလိုအပ်ပါသည်။ ဤကဲ့သို့သော တစ်ကိုယ်ရည်သန့်ရှင်းမှုဆိုင်ရာ အမူအကျင့်များကို သီးသန့်ပြောင်းလဲပေးနိုင်ရန်ရည်ရွယ်လျက် ယခင်တစ်ကိုယ်ရည်သန့်ရှင်းမှုဆိုင်ရာ အသိပညာပေးခြင်း (Hygiene Message) များအစား လူထုနှင့်အပြန်အလှန် ပြောဆိုမှုများအားကောင်းအောင်လုပ်ဆောင်ပြီး သီးသန့်ပြုပြင်ပြောင်းလဲရမည့်အချက်အလက်များကို ဖော်ထုတ်ကာ ပြည်သူလူထုအတွင်းအားကောင်းစွာစည်းရုံးနိုင်မည့် ဗျူဟာများဖြင့် တူရာအုပ်စုများ မှတစ်ဆင့်သော်လည်းကောင်း၊ အုပ်စုဖွဲ့ဆွေးနွေးခြင်းများ ကိုလည်းကောင်းစတင်ခဲ့ပြီး ဖြစ်သည်။ လူတို့၏အပြုအမူပြောင်းလဲမှုဆိုင်ရာကျွမ်းကျင်သုတေသနပညာရှင်များသည် အပေါ်မှအောက်သို့စီမံခံခဲ့ခြင်း ဟူသော ဝေါဟာရတစ်ခုအား အသွင်ပြောင်းနိုင်ရန်အတွက် နည်းလမ်းပေါင်းများစွာကို အကြံပြုထားခဲ့ပြီး ဖြစ်ပါသည်။

## ရည်ရွယ်ချက်

ဖော်ပြပါ လူထုအခြေပြုလုပ်ငန်းစဉ် မဟာဗျူဟာသည် အပြန်အလှန်ယုံကြည်မှုတည်ဆောက်ခြင်း၊ လူထု၏ကိုယ်တိုင်တာဝန်ယူလိုစိတ်ဖြစ်ပေါ်လာစေခြင်းနှင့် လူထု၏တစ်ကိုယ်ရည်သန့်ရှင်းမှုဆိုင်ရာ အပြုအမူများ ပြောင်းလဲခြင်းဟုဆိုအပ်သော အရေးကြီးကဏ္ဍသုံးခု တိုးတက်ကောင်းမွန်လာစေရန်ရည် မှန်းပါသည်။

ယခုမဟာဗျူဟာမှတ်တမ်းအထောက်အထား စာစောင်အားထားရှိရသည့်အဓိကရည်ရွယ်ချက်မှာ လုပ်ငန်းစဉ်များကို လမ်းညွှန်ပြသပေးနိုင်ရန်နှင့် ရည်ရွယ် ၃ ခုအားအကောင်ထည်ဖော်ရာတွင် အထောက်အပံ့ဖြစ်စေမည့် အသစ်အသစ်သောဖန်တီးမှုများကို လုပ်ဆောင်နိုင်ရန်အတွက်ဖြစ်ပါသည်။ လုပ်ငန်းစဉ်စာရင်းများ၏ရည်ရွယ်ချက်တစ်ခုချင်းစီကိုကိုင်တွယ်ဖြေရှင်းနိုင်ရန်ဖြစ်သည်။ ယခုမဟာဗျူဟာ သည် စစ်တွေမြို့နယ်ရှိ IDP စခန်းများနှင့် ကျေးရွာများအားအခြေခံရေးသားထားခြင်းသာဖြစ်ပ်သည်။

## မျှော်မှန်းချက် (vision)

ရေ၊ တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ အဆောက်အဦးများပြုပြင်ထိန်းသိမ်းခြင်း များအားတာဝန်ယူနိုင်ခြင်းနှင့် ပြည်သူလူထု၏ လိုအပ်ချက်၊ လိုလားချက်များအတွက် တာဝန်ယူတာဝန်ခံ ရမည့် သက်ဆိုင်ရာအဖွဲ့စည်းများထံမှ အကူအညီများကိုရရှိနိုင်သော ကျန်းမာပျော်ရွှင်သည့် လူထုရပ်ဝန်းပေါ်ထွန်းလာစေရေး။

## မဏ္ဍိုင်

### ကျား၊မတန်းတူညီမျှမှု

အမျိုးသားများနှင့် အမျိုးသမီးများအကြားတွင် မတူညီသောလိုအပ်ချက်၊ ဦးစားပေးအလေးထားမှုများ၊ အတွေ့ကြုံများစွာရှိကြသည်ဆိုခြင်းအား ကျွန်ုပ်တို့နားလည်ထားကြပြီး၊ စီမံကိန်းလုပ်ငန်းစဉ်များအားလုံး ပုံစံဖော်ခြင်းနှင့်အကောင်အထည်ဖော်ခြင်းများတွင် ၎င်းအချက်အလက်များအား အထူးတလည်အလေးထား စဉ်းစားပါမည်။

### တာဝန်ယူမှုတာဝန်ခံမှု

ကျွန်ုပ်တို့နှင့်တကွအတူတူအတူတူအလုပ်လုပ်နေသောလူထု၏ပူးပေါင်းပါဝင်မှုများ၊ တောင်းဆိုမှုများ၊ လိုအပ်ချက်များအားအခြေခံ၍ လူသားချင်း စာနာထောက်ထားမှုအကူအညီများအား အချိန်နှင့်တပြေးညီ သင့်တော်သလိုအကောင်းပေးပါမည်ဟု ကျွန်ုပ်တို့တာဝန်ယူတာဝန်ခံပါသည်။

### ပူးပေါင်းပါဝင်ခြင်း

အမျိုးသား၊အမျိုးသမီး၊ လူငယ်လူလတ်များ၊ အသက်ကြီးပုဂ္ဂိုလ်များနှင့် မသန်းစွမ်းပုဂ္ဂိုလ်များအား ၎င်းတို့၏နေ့စဉ်ရှင်သန်နေထိုင်ရာဘဝများအတွက် အကျိုးသက်ရောက်မှုများရှိစေမည့် လုပ်ငန်းစဉ်များအား ဆုံးဖြတ်ချက်ချခြင်းနှင့် အကောင်အထည်ဖော်ဆောင်ခြင်းများတွင် ပူးပေါင်းပါဝင်စေခြင်း။

## ရည်ရွယ်ချက်များ (objectives)

<table>
<tr><td rowspan="3">လူထုပူးပေါင်းလုပ်ဆောင်ခြင်း ဗျူဟာရည်ရွယ်ချက်</td><td>ရည်ရွယ်ချက် (၁) ။ ။အမျိုးသမီး အမျိုးသား၊ အမျိုးသမီး၊ လူငယ်လူလတ်၊ သက်ကြီးရွယ်များနှင့် မသန်စွမ်းများ အတွက် ၎င်းတို့ရွေးချယ်ရာ WASH လုပ်ငန်းစဉ်များနှင့်ပတ်သက်သည့် ကမ်ပိန်းများ၊ လုပ်ငန်းစဉ်များအား ဆုံးဖြတ်ချက်ချနိုင်ရန်၊ တည်ဆောက်နိုင်ရန်နှင့် အကောင်အထည်ဖော်ဆောင်ခြင်း များပြုလုပ်နိုင်ရန် အခွင့်အလန်းများဖန်တီးပေးခြင်း။</td></tr>
<tr><td>ရည်ရွယ်ချက် (၂) ။ ။အမျိုးသမီး အမျိုးသား၊ အမျိုးသမီး၊ လူငယ်လူလတ်၊ သက်ကြီးရွယ်များနှင့် မသန်စွမ်းများစသော အုပ်စုအမျိုးမျိုးတို့အား လုပ်ငန်းစဉ်များပုံစံဖော် ဒီဇိုင်းများရေးဆွဲခြင်း၊ အဆောက်အဦး များဆောက်လုပ်ခြင်းများနှင့် ပြုပြင်ထိန်းသိမ်း ခြင်းများတွင်ပူးပေါင်းပါဝင်လာစေရန် စေ့စပ်ညှိနှိုင်းခြင်းများ ပြုလုပ်ခြင်းအားဖြင့် လူထု၏ကိုယ်တိုင်တာဝန်ယူလိုစိတ်များအား တိုးတက်အား ကောင်းလာစေခြင်း။</td></tr>
<tr><td>ရည်ရွယ်ချက် (၃) ။ ။စံနှုန်းနှင့်အညီ တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာအသိပညာမြှင့်တင်ပေးခြင်း (HP session) များတွင် Community Engagement ဟုခေါ်သော လူထုအားစေ့စပ်ညှိနှိုင်းမှုများအား ထည့်သွင်းစဉ်းစားခြင်းဖြင့် လူထု၏တစ်ကိုယ်ရည်သန့်ရှင်းမှုဆိုင်ရာအပြုအမူများ တိုးတက်ကောင်းမွန်လာ စေခြင်း။</td></tr>
</table>

## လုပ်ငန်းလည်ပတ်မှုဆိုင်ရာ နည်းဗျူဟာများ

ရည်ရွယ်ချက်တစ်ခုစီသို့ ရောက်ရှိအောင်မြင်စေမည့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အစီအစဉ်အပြည့်အစုံကို နောက်ဆက်တွဲ (က)-(ဂ) တို့တွင် ထည့်သွင်းထားပါသည်။ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အစီအစဉ်များကို လိုအပ်သလို ပြောင်းလဲသွားမည်ဖြစ်သည်။ အောက်ပါဇယားသည် အစီအစဉ်များ၏ အဓိကအချက်များကို အကျဉ်းချုပ်ဖော်ပြထားသည်။

### ရည်ရွယ်ချက် ၁ -

| | |
|---|---|
| **မည်သည် -** | လုပ်ငန်းစဉ်အသစ်ဖြစ်သော ရပ်ရွာလူထုချိတ်ဆက်ဆောင်ရွက်မှုမှ လုပ်ဆောင်ချက် (ACE) ကို ရည်ရွယ်ချက် ၁ ဆောင်ရွက်ရာတွင် ရှေ့ပြေးစမ်းသပ်သည်။ ACE အနေဖြင့် OXSI ရပ်ရွာလူထုချိတ်ဆက်ဆောင်ရွက်မှုအဖွဲ့များက စီစဉ်ဆောင်ရွက်သည့် လုပ်ငန်းများတွင် အုပ်စုငယ်များဖြင့် စုဝေးနေထိုင်ကြသော (ပင်မအင်အားစုများနှင့်ပတ်သက်၍ ထိရှလွယ်သော - ကျား/မအမျိုးအစား၊ အသက်အရွယ်နှင့် ရပ်ရွာလူထုအတွင်း ပါဝင်သည့် အခန်းကဏ္ဍများဖြင့် အုပ်စုဖွဲ့ထားသည့်) ကိုယ်စားပြုခံရမှုနည်းပါးသည့် အုပ်စုများကို ထည့်သွင်းဆောင်ရွက်ရန် ရည်ရွယ်သည်။ အုပ်စုများက အဓိကအဆင့်နှစ်ခုဖြစ်သော လိုအပ်ချက်များ ရှာဖွေဖော်ထုတ်ခြင်းနှင့် ကမ်ပိန်းတည်ဆောက်ခြင်းတို့အတွက် လုပ်ငန်းများကို လုပ်ဆောင်သည်။ လိုအပ်ချက်များ ရှာဖွေဖော်ထုတ်ခြင်းအပေါ် အလေးပေးသည့် လုပ်ငန်းများမှာ အုပ်စုအနေဖြင့် WASH ကိစ္စရပ်တစ်ခုအား ရှာဖွေဖော်ထုတ်နိုင်စေပြီး ရပ်တန့်စေရန် ကူညီသည်။ ထို့နောက်တွင် အဆိုပါကိစ္စရပ်မှာ ၎င်းကို ကိုင်တွယ်ဖြေရှင်းရန် အုပ်စုဦးဆောင်သည့်ကမ်ပိန်း၏ အလေးပေးမှုတစ်ခု ဖြစ်လာစေသည်။ ကမ်ပိန်းတစ်ခုစီတွင် ရည်ရွယ်ချက်သို့ ရောက်ရှိအောင်မြင်ရန် လိုအပ်သည့် အဆင့်များ၊ ၎င်းအဆင့်များအတွက် အချိန်ဇယား၊ အညွှန်းကိန်းများ၊ စောင့်ကြည့်လေ့လာမှုနှင့် အကဲဖြတ်မှုအစီအစဉ်၊ ဘတ်ဂျက်တို့ကို အသေးစိတ်ဖော်ပြထားသည့် လုပ်ဆောင်ချက်ပုံစံတစ်ခု ပါဝင်သည်။ |
| **မည်သူ -** | လိုအပ်ချက်များ ရှာဖွေဖော်ထုတ်ခြင်းနှင့် ကမ်ပိန်းတည်ဆောက်ခြင်းလုပ်ငန်းများကို အုပ်စုငယ်များက ဆောင်ရွက်သည်။ ထို့နောက်တွင် အုပ်စုငယ်တစ်ခုနှင့် သူတို့ရှာဖွေစုဆောင်းထားသော အခြားရပ်ရွာလူထုအဖွဲ့ဝင်များက ကမ်ပိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သည်။ OXSI ရပ်ရွာလူထုချိတ်ဆက်ဆောင်ရွက်မှုအဖွဲ့များသည် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေးကို စီစဉ်ဆောင်ရွက်ပြီး ကမ်ပိန်းများကို အထောက်အကူပြုသည်။ ကျား/မရေးရာနှင့် ကာကွယ်စောင့်ရှောက်ရေး၊ MEAL နှင့် WASH ညှိနှိုင်းရေးမှူးများစသည့် နည်းပညာဆိုင်ရာ ခေါင်းဆောင်များကလည်း အဖွဲ့များကို သင်တန်းပေးခြင်းနှင့် လုပ်ငန်းများကို စောင့်ကြည့်လေ့လာပြီး ညှိနှိုင်းဆောင်ရွက်ခြင်းတို့အတွက် ကူညီပေးသည်။ |
| **နေရာ -** | ရည်ရွယ်ချက်မှာ စီမံကိန်းစက်ဝန်း၏ အဆုံးတွင် စခန်းတစ်ခုစီမှ အနည်းဆုံး အုပ်စုနှစ်ခုနှင့်အတူ (ACE) ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်ဖြစ်သည်။ |
| **အချိန် -** | အနည်းဆုံး သုံးလလျှင် စက်ဝန်းတစ်ခု |
| **အသေးစိတ် အချက်အလက်များ-** | လုပ်ငန်းတစ်ခုစီအတွက် SOP များကို နောက်ဆက်တွဲ (က) တွင် ထည့်သွင်းထားသော်လည်း ၎င်းတို့မှာ အုပ်စုတစ်ခုချင်းစီအတွက် အသုံးဝင်နိုင်သော သို့မဟုတ် အသုံးမဝင်နိုင်သော ပြောင်းလွယ်ပြင်လွယ်ရှိသည့် နည်းကိရိယာများဖြစ်ပါသည်။ |

### ရည်ရွယ်ချက် ၂ -

| | |
|---|---|
| **မည်သည် -** | ရည်ရွယ်ချက် ၂ အတွက် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အစီအစဉ်သည် WASH အခြေခံအဆောက်အအုံအသစ်တည်ဆောက်ရာတွင်ဖြစ်စေ၊ ရှိပြီးသား အခြေခံအဆောက်အအုံကို ထိန်းသိမ်းခြင်းနှင့် ပြုပြင်ခြင်းတို့ ပြုလုပ်ရာတွင်ဖြစ်စေ ရပ်ရွာလူထုများကို ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် ကိုယ်ပိုင်လုပ်ငန်းများကဲ့သို့ သဘောထားထားနိုင်မှုကို မြှင့်တင်ရန် ရည်ရွယ်ပါသည်။ အစီအစဉ်သည် အခြေခံအဆောက်အအုံ ဒီဇိုင်းနှင့် နေရာ (ဖြစ်နိုင်ပါက)၊ ထိန်းသိမ်းခြင်းနှင့် ပြုပြင်ခြင်းတို့တွင် အမျိုးသမီးနှင့် အမျိုးသားများ၊ သင့်လျော်သောအခြေအနေတွင် ယောကျာ်းလေးများ၊ မိန်းကလေးငယ်များ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများကို ပါဝင်ဆောင်ရွက်စေပြီး ၎င်းတို့နှင့် တိုင်ပင်ဆွေးနွေးခြင်းအတွက် အဓိကကျသော အချိန်များနှင့် အမှာစကားများကိုလည်း ပံ့ပိုးပေးသည်။ အိမ်သာများနှင့် ရေတွင်းများကဲ့သို့ အခြေခံအဆောက်အအုံများကို အိမ်ထောင်စုများသို့ လွှဲပြောင်းပေးရာတွင် သင်တန်းတက်ရောက်ထားပြီးသည့် အမျိုးသမီးနှင့် အမျိုးသားများသည် OXSI က ပံ့ပိုးပေးသည့် ပစ္စည်းများဖြင့် အသေးစားပြုပြင်မှုများ ပြုလုပ်ခွင့်ရရှိပြီး အကြီးစားပြုပြင်မှုများအတွက်ကိုမူ တိုင်ကြားမှုယန္တရားမှတစ်ဆင့် OXSI ထံသို့ သတင်းပို့ပေးရမည့် ပြုပြင်ရေးစနစ်တစ်ခုကို ထားရှိသည်။ |
| **မည်သူ -** | OXSI ဆောက်လုပ်ရေး၊ မိလ္လာစနစ်နှင့် ရပ်ရွာလူထုချိတ်ဆက်ဆောင်ရွက်ရေး အဖွဲ့များသည် အဆိုပါရည်ရွယ်ချက်သို့ ရောက်ရှိရန် အတူတကွ ဆောင်ရွက်ကြရမည် ဖြစ်ပြီး ရပ်ရွာလူထုချိတ်ဆက်ဆောင်ရွက်ရေးအဖွဲ့များက အခြေခံအဆောက်အအုံအသစ်၊ လွှဲပြောင်းမှုများနှင့် ပြုပြင်ရေးများတွင် ရပ်ရွာလူထုများအား ချိတ်ဆက်ဆောင်ရွက်ရန် |

| | |
|---|---|
| | ဦးဆောင်ကြိုးပမ်းကြရပါမည်။ ဆောက်လုပ်ရေးအဖွဲ့သည် သင်တန်းပေးရန်နှင့် ပြုပြင်ရေးများတွင် ပစ္စည်းရရှိနိုင်စေရန် တို့အတွက် တာဝန်ရှိပါသည်။ တုံ့ပြန်အကြံပြုချက်များကို လက်ခံခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းများမှာ OXSI တစ်ဖွဲ့လုံး၏ တာဝန်ဖြစ်ပြီး MEAL အဖွဲ့မှ နည်းပညာအကူအညီရယူနိုင်ပါသည်။ |
| **နေရာ -** | OXSI လုပ်ငန်းဆောင်ရွက်နေသည့် စခန်းများနှင့် ကျေးရွာများ အားလုံးတွင်။ |
| **အချိန် -** | စီမံကိန်းစက်ဝန်း၏ အဆင့်တိုင်းတွင်။ အချို့လုပ်ငန်းများသည် အခြေခံအဆောက်အအုံသစ်များ တည်ဆောက်သည့် အချိန်တွင်သာ အသုံးချနိုင်ပြီး ပြုပြင်ရေးနှင့် ထိန်းသိမ်းရေးတို့ကိုမူ အမြဲတမ်း လုပ်ဆောင်နေရမည်ဖြစ်သည်။ |
| **အသေးစိတ် အချက်အလက်များ-** | လုပ်ငန်းတစ်ခုစီ၏ SOP များကို နောက်ဆက်တွဲ (ခ) တွင် ထည့်သွင်းထားသည်။ |

## ရည်ရွယ်ချက် ၃ -

| | |
|---|---|
| **မည်သည် -** | ရည်ရွယ်ချက် ၃ အတွက် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အစီအစဉ်သည် လက်ရှိသန့်ရှင်းမှုမြှင့်တင်ရေးလုပ်ငန်း တစ်ခုချင်းစီတွင် ပါဝင်ဆောင်ရွက်မှုနှင့် ရပ်ရွာလူထုချိတ်ဆက်ဆောင်ရွက်မှုတို့အတွက် အခွင့်အရေးများ ပိုမိုဖန်တီးပေးရန် အလေးပေးသည်။ အဆိုပါလုပ်ငန်းများသည် အရေးပါသော သန့်ရှင်းရေးပညာ၊ အသိပညာပေးလုပ်ငန်းနှင့် အရေးပေါ်အခြေအနေများတွင် လက်လှမ်းမီရောက်ရှိမှုတို့ကို အလေးပေးဆောင်ရွက်သည်။ ဤလုပ်ငန်းများ၏ ရည်ရွယ်ချက်မှာ အသိပညာပေးရန်နှင့် သန့်ရှင်းရေးအပြုအမူများကို ပြောင်းလဲပေးရန်ဖြစ်ပြီး အမျိုးသမီးနှင့် ကလေးငယ်များကို အဓိကဦးတည်သည်။ သို့သော်လည်း အဆိုပါလုပ်ငန်းများသည် လက်ရှိ ကျား/မ အခန်းကဏ္ဍ၊ တာဝန်များနှင့် ဆက်စပ်နေပြီး ၎င်းတို့က ကန့်သတ်ထားသော ကျား/မရေးရာ စံနှုန်းများကိုလည်း စိန်ခေါ်လာသည်။ ဥပမာအားဖြင့် အိမ်ထောင်စုတွင်း WASH ဆက်စပ်တာဝန်များကို ပိုမို၍ မျှတစွာ ခွဲဝေမှုကို မြှင့်တင်ပေးခြင်းနှင့် ဆုံးဖြတ်ချက်ချရာတွင် အမျိုးသမီးများပါဝင်မှုကို မြှင့်တင်ပေးခြင်းတို့ဖြင့်။ |
| **မည်သူ -** | OXSI ရပ်ရွာလူထုချိတ်ဆက်ဆောင်ရွက်မှုအဖွဲ့များသည် နည်းပညာပိုင်းဆိုင်ရာ ခေါင်းဆောင်များထံမှ တုံ့ပြန်အကြံပြုချက်များကို လိုက်နာ၍ သန့်ရှင်းရေးမြှင့်တင်မှုလုပ်ငန်းများကို ဆောင်ရွက်ခြင်းနှင့် အဆိုပါလုပ်ငန်းများတွင် ရပ်ရွာလူထုများ ချိတ်ဆက်ဆောင်ရွက်ခြင်းတို့အတွက် တာဝန်ယူလုပ်ဆောင်ကြသည်။ |
| **နေရာ -** | OXSI လုပ်ငန်းဆောင်ရွက်နေသည့် စခန်းများနှင့် ကျေးရွာများ အားလုံးတွင်။ |
| **အချိန် -** | စီမံကိန်းစက်ဝန်း၏ အဆင့်တိုင်းတွင်။ လုပ်ငန်းတစ်ခုစီအတွက် မတူညီသောအချိန်ဇယားနှင့် အကြိမ်ရေများရှိသည်။ |
| **အသေးစိတ် အချက်အလက်များ-** | လုပ်ငန်းတစ်ခုစီအတွက် SOP များကို လုပ်ငန်းတစ်ခုစီတွင် ပိုမိုပါဝင်လာစေရန် ဆောင်ရွက်ရမည့်နည်းလမ်းအတွက် မှတ်စုများနှင့်အတူ နောက်ဆက်တွဲ (ဂ) တွင် ထည့်သွင်းဖော်ပြထားသည်။ အဆိုပါ SOP များကို စီမံကိန်းစက်ဝန်း တစ်လျှောက်တွင် ပြောင်းလဲနိုင်ရန် ဒီဇိုင်းရေးဆွဲထားသည်။ |

# HARP အတွက် ကျား/မ ရေးရာဆိုင်ရာ ဗျူဟာ

ဒီဇင်ဘာ ၂၀၁၈- စက်တင်ဘာ ၂၀၂၀

ဒီဇင်ဘာ ၂၀၁၈

## ၁။ မိတ်ဆက်

ဤဗျူဟာ၏ရည်ရွယ်ချက်မှာ **HARP** က အထောက်အပံ့ဖြင့် အကောင်အထည်ဖော်နေသော **WASH** စီမံကိန်းက ၎င်းစီမံကိန်း၏ လုပ်ငန်းဆောင်ရွက်ချက်အားလုံးတိုင်းတွင် ကျား မ ရေးရာ တန်းတူညီမျှမှုသဘောတရားကို မည်သို့မြှင့်တင်ပေးမည်ကို လမ်းညွှန်ပြသပေးရန်ပင် ဖြစ်ပါသည်။ ဤဗျူဟာသည် ကျား မ ရေရာအကြောင်းကို အဓိက ထားရှိသော်လည်း ကာကွယ်ပေးခြင်းဆိုင်ရာကိုလည်း သင့်တော်သလို ပါဝင်ထည့်သွင်းစဉ်းစားထားပါသည်။

## ၂။ ရခိုင်ရှိ လူသားချင်းစာနာထောက်ထားပေးရေးလုပ်ငန်းများတွင် ကျား မ ရေးရာကို ဘာကြောင့် ထည့်သွင်းစဉ်းစားရမှာလဲ။

လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းတွင် ကျား မ ရေးရာတန်းတူမှုကို ထည့်သွင်းစဉ်းစာရခြင်းမှာ အောက်ပါအကြောင်းပြချက် ၃ ခုကြောင့် ဖြစ်ပါသည်။

- ပဋိပက္ခနှင့် အခြားအထိကရုန်းများသည် အမျိုးသမီးများနှင့် အမျိုးသားများကို တိုက်ရိုက်သက်ရောက်သည်။
- ကျား မ ရေးရာတန်းတူညီမျှမှုသည် **OXFAM** နှင့် **SI** နှစ်ဖွဲ့လုံး၏ အဓိက ထားရှိသည့်စံတန်ဖိုးများ ဖြစ်သည်။
- ကျား မရေးရာ (ကိစ္စများ)ကို ဖြေရှင်းခြင်းသည် စီမံကိန်း၏ပန်းတိုင်များကို ရောက်ရှိဖို့အတွက် အခြေခံပင်ဖြစ်သည်။

အောက်ပါအခန်းတွင် ဤအကြောင်းပြချက်များကို ကျွန်ုပ်တို့ပိုပြီးအသေးစိတ် တွေ့ရှိနိုင်သည်။

### ၂.၁။ လတ်တလောအခြေနေက အမျိုးသားနှင့် အမျိုးသမီးများကို ကွဲပြားစွာ သက်ရောက်သည်။

မြန်မာ့အကူးအပြောင်းကာလသည် ကျား မရေးရာတန်းတူမှုအပေါ် များစွာအကျိုးရှိစေသည်ကို **Oxfam** နှင့် **SI** က ယုံကြည်သည်။ ဒေသတွင်းလူထုကြား တင်းမာမှုများ၊ ဆင်းရဲမွဲတေမှု နှင့် ဗဟိုရ်အစိုးရ၏ ရင်းနှီးမြှုပ်နှံမှုမရှိမှုတို့ကြောင့် ရခိုင်ပြည်နယ်ကဲ့သို့သော ပဋိပက္ခများရှိနေသောနေရာများတွင် ၎င်းအကျိုးရှိမှုသည် မသက်ရောက်စေပါ။

ဒေသတွင်းရှိ မိတ်ဖက်အဖွဲ့များ၏အချက်အလက်များနှင့် အတွေ့အကြုံများ၊ နှင့် **WASH** အသင်းဖွဲ့ချုပ်နှင့် ကာကွယ်ပေးခြင်းအဖွဲ့တို့၏ လတ်တလောစစ်တမ်းများအရ စစ်တွေတွင် သီးသန့်ဆန်သော ကျား မရေးရာနှင့် အားလုံးပါဝင်ဆောင်ရွက်မှုတွင် အခက်အခဲ ပြဿနာများရှိကြောင်း ဆန်းစစ်တွေ့ရှိချက်များကို ဖော်ပြထားပြီးဖြစ်သည်။၁ လူ့အသိုင်းအဝိုင်းနှစ်ခုလုံးရှိ အမျိုးသမီးများ(အထူးသဖြင့် မူဆလင်အသိုင်းအဝိုင်းရှိ အမျိုးသမီးများ) သည် အတန်းပညာရေးမရှိခြင်း၊ မြန်မာဘာသာစကားကျွမ်းကျင်မှုမရှိခြင်းနှင့် လူမှုစံနှုန်းများကြောင့် ခွဲခြားဖယ်ကြဉ်ခြင်း ခံရကြောင်းကိုလည်း ၎င်းဆန်းစစ်ချက်များအရ ကျွန်ုပ်တို့ သိရှိပါသည်။၁ အမျိုးသမီးများသည် အိမ်တွင်းပဏာမကျန်းမာရေးစောင့်ရှောက်ပေးသူများ၊ ချက်ပြုပ် ရေခပ် အဝတ်လျှော်နှင့် မိသားစု ကျန်းမာသန့်ရှင်းရေးအတွက် တာဝန်ယူရသူများဖြစ်နေကြသော်လည်း သူတို့တွင် အိမ်တွင်းဆုံးဖြတ်ချက်များတွင် ပါဝင်ခွင့်နည်းကြပြီး သတင်းအချက်အလက်များရရှိမှုမှာလည်း သူတို့၏ခင်ပွန်းများနှင့် ရပ်ရွာလူကြီးများမှ တဆင့် သိရကြားရသည်များသာဖြစ်သည်။

### ၂.၂။ **Oxfam** နှင့် **SI** နှစ်ဖွဲ့စလုံးသည် ကျား မရေးရာတန်းတူမှုကို မြှင့်တင်ရမည်ဖြစ်ကြောင်း ယုံကြည်သည်။

**Oxfam** ၏ လူသားချင်းစာနာထောက်ထားပေးမှုဆိုင်ရာ အနေအထားအရ လူတိုင်းသည် လူ့ဂုဏ်သိက္ခာနှင့် လေးစားခံရမှုကို ထိုက်တန်ပြီး သူတို့၏ဘဝလုံခြုံမှုဆိုင်ရာကိုလည်း ရခွင့်ရှိသည်။ ကျွန်ုပ်တို့ အလုပ်လုပ်နေသော နေရာများတွင် အထိကရုန်းဖြစ်စဉ်တိုင်းတွင် အကူအညီများနှင့် ကာကွယ်ပေးခြင်းတို့ကို အောက်ပါအတိုင်းထောက်ပံ့ပေးရမည်။

- **ဘက်လိုက်မှုမရှိဘဲ** သူတို့၏လိုအပ်ချက်အလိုက် လူမျိုး၊လိင်၊ဘာသာ၊အသက်နှင့်စသည်တို့ခွဲခြားမှုမရှိဘဲ လူတိုင်းကို ထောက်ပံ့ပေးမည်။
- **အမှီအခိုကင်းမဲ့စွာ** မည်သည့် အုပ်စု သို့မဟုတ် လက်နက်ကိုင်အုပ်စု၏ လွှမ်းမိုးခိုင်းစေမှုမပါဘဲ ထောက်ပံ့ပေးမည်။

**Oxfam** ၏ လူသားချင်းစာနာထောက်ထားမှု ချဉ်းကပ်နည်းတွင် အမျိုးသမီးများ၏အခွင့်အရေးနှင့် ကျား မ ရေးရာ တရားမျှတမှုတို့ကို လေးစားဖို့ ခိုင်မာသောရပ်တည်ချက်တစ်ရပ်အနေဖြင့် ပါဝင်သည်။ ကျွန်ုပ်တို့သည် အမျိုးသမီးများ၊မိန်းကလေးငယ်များသာမက အမျိုးသားများ၊ယောကျ်ားလေးများ ၏ လိုအပ်ချက်များကိုပါ တုန့်ပြန်ဆောင်ရွက်ပေးပြီး တန်းတူညီမျှသော လူသားချင်းစာနာထောက်ထားပေးမှုအကူအညီများသည် သူတို့ကြုံတွေ့နေရသော မမျှတမှုများကို ရင်ဆိုင်ဖို့ ကူညီပေးသည်ဟု ယုံကြည်သည်။ *"လိင်စိတ်ခံယူမှု သို့မဟုတ် ကျား/မ ဖြစ်ကြောင်းခံယူပြသမှုတို့ကြောင့် ကြုံတွေ့လာရသော ခွဲခြားဆက်ဆံရမှု၊ အကြမ်းဖက်ခံရမှုနှင့် တရားမမျှတမှုတို့နှင့်* ***LGBTI*** *များအား သူတို့အခွင့်အရေးများကို မရရှိစေသော အခွင့်အာဏာမမျှတမှုတို့ကိုပါ တွန်းလှန်ရန် လိုအပ်သည်"* ကို လည်း **Oxfam** က ယုံကြည်ပါသည်။

**SI** ၏ လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများတွင် ကျား မရေးရာ တန်းတူညီမျှမှုသည် ပဋိပက္ခသက်ရောက်မှုကိုခံရသောလူအလွှာတိုင်းဆီသို့ အကျိုးရှိစွာ အထောက်အပံ့ရောက်ရှိရေးပင် ဖြစ်သည်။ ထို့ကြောင့် လူသားချင်းစာနာထောက်ပံ့မှုပေးသူများသည် အမျိုးသား၊အမျိုးသမီး၊ ယောကျ်ားလေးနှင့် မိန်းကလေးများအားလုံး၏ လိုအပ်ချက်များကိုပြည့်မှီဖို့ နှင့် သူတို့အားလုံး လူသားချင်းစာနာထောက်ထားမှုအကူအညီများကို ဘေးကင်း မျှတစွာ ရရှိဖို့ ပရိုဂရမ်အစီစဉ်များကို ရေးဆွဲချမှတ်ရမည်ဖြစ်သည်။ **SI** သည် ကျား မရေးရာ တန်းတူညီမျှမှုအတွက် လိုအပ်ချက်များနှင့်

တတ်နိုင်စွမ်းများဆိုင်ရာ ဆန်းစစ်ချက်များအပေါ် အခြေတည်၍ အမျိုးသားများနှင့် အမျိုးသမီးများကို မျှတစွာ အကျိုးပြုစေမည့် နည်းလမ်းဖြင့် အကာအကွယ်ပေးခြင်းနှင့် အကူအညီပေးခြင်းလုပ်ငန်းများကို အစီစဉ်ဆွဲပြီး အကောင်အထည်ဖော်စေသည်။

### ၂.၃။ စီမံကိန်း၏ရလဒ်များကို ရရှိအောင် ကူညီပေးမည့် ကျား၊မ တန်းတူရေးကို ဖြေရှင်းဆောင်ရွက်ခြင်း

စီမံကိန်းအနေဖြင့် လူသားချင်းစာနာထောက်ထားမှုပေးသော **WASH** လုပ်ငန်းစဉ်များတွင် ကျား၊ မတန်းတူရေးကို လုပ်ဆောင်ရုံသာမက အမျိုးသမီးများကိုလည်း ခေါင်းဆောင်အခန်းကဏ္ဍများကို ယူစေမည်ဖြစ်ပါသည်။ အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို ဦးတည်ထားရုံနှင့် မလုံလောက်ဘဲ အမျိုးသားများနှင့် ယောကျာ်းလေးများကိုပါ တန်းတူညီမျှရေး၊ အမျိုးသမီးစွမ်းရည်မြှင့်တင်ရေးနှင့် ရပ်ရွာတွင်း ဦးဆောင်မှုပြုရေးတို့တွင် ကောင်းမွန်သောပြောင်းလဲမှုကို လုပ်ပေးမည့် ကိုယ်စားလှယ်များအဖြစ် ထည့်သွင်းစဉ်းစားရမည်ကို နိုင်ငံတွင်းရှိ အခြားသောလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပရိုဂရမ်များ၏ သက်သေအထောက်အထားများက ဖော်ပြပြီး ဖြစ်ပါသည်။

### ၃။ **HARP** တွင် ကျား၊ မရေးရာကို ထည့်သွင်းစဉ်းစားပုံ

**HARP**၏ ရလဒ် ၆။ စီမံကိန်းကို အကောင်အထည်ဖော်ရာတလျှောက်တွင် ရှင်းလင်းပြီး နားလည်လွယ်သော ကျား၊ မရေးရာ (နှင့်ကာကွယ်ပေးခြင်း)ကို အစဉ်တစိုက်အလေးထားသည့် အလေ့အထတည်ဆောက်ခြင်း။ ၎င်းအပြင် စီမံကိန်း၏စာရွက်စာတမ်းများအရ အခြားအားလုံးသော ရလဒ်၅ခုတွင်လည်း ကျား၊ မ ရေးရာကို ထည့်သွင်းစဉ်းစားဖို့ ညွှန်းဆိုထားပါသည် (ပရိုဂရမ်၏ **logframe** တွင် ကြည့်ပါ)။ ဤဗျူဟာက အထက်ပါသံမိဋ္ဌါန်များကို အကောင်အထည်ဖော်ဖို့ အောက်ပါနည်းနာနိသယများကို အကြံပြုထားပါသည်။

**နည်းနာနိသယများ**

အကျိုးသက်ရောက်မှုရှိသော ကျား၊မရေးရာကို အစဉ်တစိုက်အလေးထားသည့် အလေ့အထတည်ဆောက်ခြင်းနှင့် ကျား၊မရေးရာဆိုင်ရာ ရလဒ်များ အမှန်တကယ်ရရှိအောင်မြင်ဖို့အတွက် အောက်ပါတို့ကို လုပ်ဆောင်ဖို့လိုအပ်ပါသည်။

- ငင်ယူလေ့လာမှုအားလုံး၏ တစိတ်တဒေသအနေဖြင့် ကျား၊မရေးရာတန်းတူညီမျှမှုအကြောင်းကို သင်ယူလိုစိတ်ရှိခြင်းနှင့်၊ ၎င်း၏စံတန်းဖိုးများနှင့်နည်းလမ်းများကို လက်တွေ့ အသုံးချခြင်း။
- ပရိုဂရမ်၏ ဌါနအသီးသီးကြားတွင် ကျား၊ မ ရေးရာအလုပ်များကို စုပေါင်းလုပ်ဆောင်ကြခြင်း။
- မိတ်ဖက်ဆောင်ရွက်သူများနှင့် ဝန်ထမ်းများကြားတွင် ပုံမှန်ပူးပေါင်းဆောင်ရွက်မှုရှိခြင်း။
- ကျား၊မရေးရာကို အစဉ်တစိုက်အလေးထားသည့် အလေ့အထတည်ဆောက်ခြင်းသည် ကျား၊မရေးရာနှင့် ကာကွယ်ပေးခြင်းဆိုင်ရာ ညှိနှိုင်းရေးမှူး၏ ထောက်ပံ့ကူညီမှုနှင့်အတူ စီမံကိန်းမန်နေဂျာများနှင့်ဝန်ထမ်းအားလုံး၏ တာဝန်ဝတ္တရားများပင် ဖြစ်သည်။

**HARP**၏ ကျား၊ မရေးရာဆိုင်ရာ သံမိဋ္ဌါန်များကို ရရှိအောင်မြင်ရန်နှင့် ကျား၊မရေးရာကို အကျိုးရှိစွာ အစဉ်တစိုက်အလေးထားသည့် အလေ့အထတည်ဆောက်ရန် ချဉ်းကပ်နည်းသည် လုပ်ငန်းပိုင်းဆိုင်ရာ (၃.၁) နှင့် အဖွဲ့အစည်းပိုင်းဆိုင်ရာ (၃.၂) စသည့် လုပ်ငန်းနယ်ပယ်နှစ်ခုတွင် အခြေခံထားပါသည်။ ၎င်းနယ်ပယ်နှစ်ခု၏တစ်ခုချင်းစီတွင် ပရိုဂရမ်၏ပန်းတိုင်များနှင့်လျော်ညီစွာ ချမှတ်ထားသော ရည်မှန်းချက်များ အသီးသီး ရှိပါသည်။

ရည်မှန်းချက်

### လုပ်ငန်းပိုင်းဆိုင်ရာ

ရည်မှန်းချက် ၁။ အမျိုးသမီးများ၊ မိန်းကလေးများ၊ အမျိုးသားများနှင့် ယောကျာ်းလေးများအတွက် **WASH** နှင့်ဆိုင်သည့် အဆောက်အဦးများနှင့် ဝန်ဆောင်မှုများကို မျှတစွာ ဘေးကင်းစွာ သင့်တော်စွာ လက်လှမ်းမှီပြီး အသုံးပြုနိုင်စေခြင်း။ ဤဟာသည် ရလဒ် ၁ နှင့် ၂ ကို ရစေဖို့ ကူညီပေးပါသည်။

ရည်မှန်းချက် ၂။ ရပ်ရွာအလုပ်များတွင် အမျိုးသမီးများ၊မိန်းကလေးငယ်များ၊ အမျိုးသားများ၊ ယောကျာ်းလေးများကို ပါဝင်ဆောင်ရွက်စေခြင်းနှင့် ပိုင်ဆိုင်မှုပေးခြင်း ဖြင့် **WASH** နှင့်ဆိုင်သည့် အမူအကျင့်များကို ပြောင်းလဲပေးခြင်း။ ဤဟာသည် ရလဒ် ၁၊၂၊၃ နှင့် ၅ကို ရစေဖို့ ကူညီပေးပါသည်။

ရည်းမှန်းချက် ၃။ အမျိုးသမီးများ ပါဝင်ဆောင်ရွက်မှု (အသံပါလာမှု) နှင့် ခေါင်းဆောင်မှုကို မြှင့်တင်ခြင်း။ ဤဟာသည် ရလဒ် ၁ နှင့် ၄ ကို ရစေဖို့ ကူညီပေးပါသည်။

### အဖွဲ့အစည်းပိုင်းဆိုင်ရာ။ **Oxfam** နှင့် **SI** အဖွဲ့အတွင်း

ရည်မှန်းချက်၁ ပုဂ္ဂိုလ်ပိုင်းဆိုင်ရာ။ **HARP** ဝန်ထမ်းများသည် အဖွဲ့အစည်းတွင်းနှင့် သူတို့၏လူမှုပတ်ဝန်းကျင်တွင်ပါ ကျား၊ မရေးရာ တန်းတူညီမျှမှုများ၏ နည်းနာနိသယများနှင့် လက်တွေ့ကျင့်သုံးပုံများကို နားလည်ပြီး အသုံးပြုရမည်။

ရည်မှန်းချက်၂ စနစ်ပိုင်းဆိုင်ရာ။ **HARP**၏ စနစ်များအားလုံး (လူ့အရင်းအမြစ်၊ ထောက်ပံ့ပေးခြင်း၊ အဆောက်အဦးအပိုင်း စသည်) သည် မျှတပြီး၊ မတူကွဲပြားသော လိင်ပိုင်းဆိုင်ရာနှင့် အခြားအကြောင်းအရာများရှိသော လူများအတွက် ဘေးကင်းပြီး လေးစားမှုပေးသော ပတ်ဝန်းကျင်အနေအထား တစ်ခု ဖန်တီးပေးရန်။

### ၄။ ညှိနှိုင်းဆောင်ရွက်ခြင်း

**Coordination**ညှိနှိုင်းဆောင်ရွက်ခြင်းသည် ကျား မရေးရာ ရည်မှန်းချက်များကို ရရှိဖို့အတွက် အဓိကသော့ချက်ပင် ဖြစ်သည်။ အထူးသဖြင့်-

- **Oxfam** နှင့် **SI** ကြားတွင် ကျား မရေးရာနှင့်ဆိုင်သည့် အတွေးအခေါ်များနှင့် သတင်းအချက်အလက်များကို ပုံမှန် ဖလှယ်ခြင်း
- ကျား မ ရေးရာနှင့် ကာကွယ်ပေးခြင်းဆိုင်ရာနှင့် ပတ်သက်သည့် အုပ်စုများနှင့် လုပ်ငန်းတူပူးပေါင်းခြင်းအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း
- တင်းအချက်အလက်များ၊ အထောက်အကူများနှင့် သင်တန်းအထောက်အကူပစ္စည်းများ၊ အစီရင်ခံစာများစသည်တို့ကဲ့သို့သော အရင်းအမြစ်များကို အပြန်အလှန်ဖက်လှယ်ခြင်းများဖြင့် **UN Women** နှင့် ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ခြင်း
- ကျားမရေးရာ တန်းတူညီမျှမှုကို ဘုံချဉ်းကပ်နည်းနှင့်နားလည်မှုရှိစေရန် ရန်ကုန် (နှင့် မြစ်ကြီးနား) ရှိ ကျား မရေးရာ ဝန်ထမ်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း
- ကျားမရေးရာနှင့် ကာကွယ်ခြင်းဆိုင်ရာ ညှိနှိုင်းရေးမှူးနှင့် စည်းရုံးလှုံ့ဆော်ခြင်းဆိုင်ရာဝန်ထမ်းများအကြား ရင်းနှီးစွာ ညှိနှိုင်းဆောင်ရွက်ခြင်း

### ၅။ တာဝန်ဝတ္တရားများ

- တိုးတက်မှု နှင့် ငွေကြေးသုံးစွဲမှုကို စောင့်ကြည့်ကာ ဤဗျူဟာကို အကောင်အထည်ဖော်ဖို့ ယေဘုယျတာဝန်ကို **PMU** ဟုခေါ်သော ပရိုဂရမ်စီမံဆောင်ရွက်ပေးသောအဖွဲ့က ယူရမည်။
- ကျားမရေးရာနှင့် ကာကွယ်ပေးခြင်းဆိုင်ရာ ညှိနှိုင်းရေးမှူးသည် သူ/သူမလုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များအပြင် ဤဗျူဟာတွင် ဖော်ပြထားသောအခြားလုပ်ဆောင်ချက်များကို တာဝန်ယူဆောင်ရွက်ရမည်။
- မိတ်ဖက်အဖွဲ့အတွင်းရှိ ဝန်ထမ်းများအားလုံးနှင့် မန်နေဂျာများအားလုံးတို့သည် ကျားမရေးရာနှင့် ကာကွယ်ပေးခြင်းဆိုင်ရာ ညှိနှိုင်းရေးမှူး၏ ပံ့ပိုးကူညီမှုဖြင့် သူတို့၏ဆိုင်ရာအလုပ်အသီးသီးတွင် ကျားမရေးရာကို အစဉ်တစိုက်အလေးထားသော အလေ့အထတည်ဆောက်ခြင်းကို လုပ်ဆောင်ရပါမည်။

မည်သည့်လုပ်ငန်း၏ကနဦးအဆင့်များတွင်မဆို ကျားမရေးရာနှင့် ကာကွယ်ပေးခြင်းဆိုင်ရာ ညှိနှိုင်းရေးမှူးသည် ပံ့ပိုးကူညီမှုနှင့် ပါဝင်ဆောင်ရွက်မှု ရှိရမည်။

## ၆။ ဆောင်ရွက်မှုအစီစဉ်

| လုပ်ငန်းပိုင်းဆိုင်ရာ | | | |
|---|---|---|---|
| ရည်မှန်းချက် ၁။ အမျိုးသမီးများ၊ မိန်းကလေးများ၊ အမျိုးသားများနှင့် ယောကျ်ားလေးများအတွက် **WASH** နှင့်ဆိုင်သည့် အဆောက်အဦးများနှင့် ဝန်ဆောင်မှုများကို မျှတစွာ ဘေးကင်းစွာ သင့်တော်စွာ လက်လှမ်းမှီပြီး အသုံးပြုနိုင်စေခြင်း။ | | | |
| လုပ်ဆောင်ချက်များ | အချိန် | လိုအပ်သော အရင်းအမြစ်များ | တာဝန်ရှိသူများ |
| လုပ်ဆောင်ချက် ၁ | | | |
| လုံးချင်းအနေဖြင့်လည်းကောင်း သို့မဟုတ် အခြားစစ်တမ်းများ(ဖြန့်ဖြူးရေးပြီးနောက်စောင့်ကြပ်ကြည့်ရှုစစ်တမ်း၊ ကျေနပ်မှုရှိ/မရှိစစ်တမ်းများ စသည်) တွင် အဓိကအစိတ်အပိုင်းအားဖြင့်လည်းကောင်း ကျား မ ရေးရာ စစ်တမ်းများကို ပုံမှန် ကောက်ယူပါ။ | ပုံမှန် | အချိန်၊ ငွေကြေး | **MEAL** အဖွဲ့ နှင့် ကျားမရေးရာနှင့် ကာကွယ်ပေးခြင်းဆိုင်ရာ ညှိနှိုင်းရေးမှူး |
| လုပ်ဆောင်ချက် ၂ | | | |
| အမျိုးသမီးများနှင့် အမျိုးသမီးငယ်များ၏လိုအပ်ချက်တို့ကို ဆက်လက်ပြီး ခိုင်မာစွာ ဖြေရှင်းနိုင်ရန်၊ သူတို့၏ ဂုဏ်သိက္ခာနှင့် သက်သောင့်သက်သာဖြစ်မှုကို မြှင့်တင်ပေးနိုင်ရန်၊ နှင့် ကျား မ အခြေပြုအကြမ်းဖက်မှုကို ကာကွယ်ရန်တို့အတွက် ကျား မရေးရာဆန်းစစ်ချက်များနှင့် အခြားစစ်တမ်းများ (ဖြန့်ဖြူးရေးပြီးနောက်စောင့်ကြပ်ကြည့်ရှုစစ်တမ်း၊ ကျေနပ်မှုရှိ/မရှိစစ်တမ်းများ စသည်)မှ ရလဒ်တို့ကို **WASH** ပရိုဂရမ်တွင် ထည့်သွင်းစဉ်းစားလုပ်ဆောင်ပါ။ ၎င်းရလဒ်ကိုပင် ဖြစ်ပေါ်နေသော ပြဿနာများနှင့် ဆန်းသစ်သော အဖြေများကို ဖော်ထုတ်ရန်အတွက် အသုံးပြုပေးပါ။ | ပုံမှန် | အချိန်၊ ငွေကြေး | ကျားမရေးရာနှင့် ကာကွယ်ပေးခြင်းဆိုင်ရာ ညှိနှိုင်းရေးမှူး၏ ကူညီပံ့ပိုးမှုနှင့်အတူ ပရိုဂရမ်အဖွဲ့အားလုံး |
| လုပ်ဆောင်ချက် ၃ | | | |
| အမျိုးသမီးစွမ်းရည်မြှင့်ပရိုဂရမ်(**WEP**)က မွေးထုတ်ပေးထားသော အမျိုးသမီးများအပါအဝင် အမျိုးသမီးခေါင်းဆောင်တစ်ယောက်ချင်းစီတိုင်းကို ဖော်ထုတ်ပြီး အခြားအမျိုးသမီများနှင့်အတူ လက်တွဲလုပ်ဆောင်ဖို့ ထောက်ပံ့ကူညီပေးပါ။ အမျိုးသမီးများကို-<br>ယခုလောလောဆယ်အနေဖြင့်-<br>- ရေ၊ တကိုယ်ရေကျန်းမာရေးသုံးပစ္စည်းအိတ်များ (ဆပ်ပြာ၏အရည်အသွေးအပါအဝင်)၊ ဆိုလာမီး (ပျက်စီးလျှင် ပြန်ကောင်းမွန်အောင်လုပ်ပြီး အစားထိုးပေးခြင်း) နှင့် အမျိုးသမီးလစဉ်သုံးပစ္စည်းစွန့်ပစ်နည်းစနစ်များ အရည်အသွေးပိုကောင်းလာစေရန်နှင့် ပိုမိုလက်လှမ်းမှီလာစေရန် အကြံပေးနည်းဗျူဟာများကို အသုံးပြုပါ။<br>ပြီးလျှင် ရေရှည်အနေဖြင့်-<br>- ဖြစ်နိုင်လျှင် ဒီဇိုင်းအစီစဉ်ချမှတ်ခြင်း၊ အဆောက်အဦးများကို ထိန်းသိမ်းခြင်းနှင့် ပြန်ပြုပြင်ခြင်း၊ သင်တန်းပေးခြင်းနှင့် လွှဲပြောင်းပေးခြင်းအဆင့်များတွင်ပါ ပူးပေါင်းပါဝင်ဆောင်ရွက်စေပါ။ | ၂၀၁၉ **Q** ၁ | ငွေကြေး | ကျားမရေးရာနှင့် ကာကွယ်ပေးခြင်းဆိုင်ရာ ညှိနှိုင်းရေးမှူးနှင့်အတူ ရပ်ရွာပူးပေါင်းဆောင်ရွက်စေရေးဖွဲ့၊ အမျိုးသမီးစွမ်းရည်မြှင့် ပရိုဂရမ် |
| လုပ်ဆောင်ချက် ၄ | | | |
| ကျားမရေးရာဆန်းစစ်မှုတစ်ခုက ဖော်ထုတ်ပေးထားသော အမျိုးသမီးများ ယာယီအိမ်အတွင်းရေချိုးခြင်းအလေ့နှင့်ပတ်သက်ပြီး နောက်ဆက်တွဲပြဿနာများနှင့် သုတေသနဆက်လက်လုပ်ဆောင်ရန်လိုအပ်သကဲ့သို့ (အခြားပါဝင်ပတ်သက်သူများအသီးသီးကို စည်းရုံးလှုံ့ဆော်မှုလည်း ပါဝင်စေကာ) ၎င်းကို ဖြေရှင်းဖို့ လက်တွေ့ကျသည့် နည်းလမ်းများကိုလည်း ရှာဖွေရမည်။ | **Q** ၂ ၂၀၁၉ | ငွေကြေး | ကျားမရေးရာနှင့် ကာကွယ်ပေးခြင်းဆိုင်ရာ ညှိနှိုင်းရေးမှူး |
| လုပ်ဆောင်ချက် ၅ | | | |
| **OXSI** အလုပ်လုပ်နေသော စခန်းများတွင် အခြားအဖွဲ့များက လာရောက်လုပ်ကိုင်ပေးသောအခါ ပူးပေါင်းဆောင်ရွက်ခြင်းမရှိ၊ ရေတုံကင်းများထောက်ပံ့ပေးခြင်းပြီးနောက်လည်း ၎င်းရေတုံကင်များကိုဆက်လက်ထိန်းသိမ်းပြီး ရေအရည်အသွေးကိုပါ စောင့်ကြပ်ကြည့်ရှုမည့်အစီစဉ်များမချမှတ်ပေးထားခဲ့သည့်အတွက် ပြည်သူ့ကျန်းမာရေးကို အန္တရာယ်ရှိစေသောပြဿနာများကို **OXSI HARP** အနေဖြင့် အဆင့်အသီးသီးတွင် စည်းရုံးလှုံ့ဆော်ပေးသင့်သည်။ ဥပမာ။ **HARP** | ပုံမှန်လုပ်ရန် | | **WASH** အဖွဲ့များ |

SOLIDARITÉS INTERNATIONAL

OXFAM

| | | | |
|---|---|---|---|
| အလုပ်လုပ်နေသောစခန်းများတွင် အခြားအလှူရှင်များမှပေးထားသော ရေတုံကင်များ၊ **OTG** စခန်းမှ ရေစီးကြောင်းအဖုံးများ။<br>နွေရာသီတွင် ရေရှားသည့်ပြဿနာအတွက် အဖြေရှာရန်လိုအပ်သည်။<br>(အထူးသဖြင့် ဆေးသမားကြီးစခန်း) | | | |
| လုပ်ဆောင်ချက် ၆ | | | |
| **HARP** အနေဖြင့် အိမ်သာသုံးစွဲမှုကို မြှင့်တင်ပေးရန်အောက်ပါတို့ကို လုပ်ဆောင်ပါ။<br>-အမျိုသမီးများနှင့် မိန်းကလေးငယ်များ၏ ဘေးကင်းလုံခြုံမှုနှင့် ဂုဏ်သိက္ခာတို့ကို မြှင့်တင်ပေးရန်နှင့် **MHM** ဖူးများသုံးစွဲမှုကို မြှင့်တင်ပေးရန်အတွက် **OXSI** စခန်းအားလုံးတွင် ဘာဆာရာစခန်းတွင်သုံးကြသကဲ့သို့ အမျိုးသား အမျိုးသမီးခွဲထားသော အိမ်သာသုံးစွဲမှုကို လက်ခံလာစေဖို့ အိမ်သာလွှဲပြောင်းပေးခြင်းတို့ကို အစမ်းလုပ်ဆောင်ခြင်း။<br>- ကလေးများ၊ လူအိုများ နှင့် သွားလာရခက်ခဲသောသူများအနေဖြင့် သန့်ရှင်းရေးဆိုင်ရာသုံးအဆောက်အဦးများကို လွယ်ကူ ဘေးကင်းစွာ လက်လှမ်းမှီသုံးစွဲနိုင်အောင် ပြုလုပ်ပေးခြင်း။ | ၂၀၁၉ **Q** ၁ | | ကျားမရေးရာနှင့် ကာကွယ်ပေးခြင်းဆိုင်ရာ ညှိနှိုင်းရေးမှူး၏ထောက်ပံ့မှုအတူ **WASH** အဖွဲ့ |
| လုပ်ဆောင်ချက် ၇ | | | |
| ဒါးပိုင်စခန်း၊ မန်စီစခန်း၊ ဘောဒူပစခန်းနှင့် သဲချောင်းစခန်းတို့တွင် **MHM** ဖူးများကို ထောက်ပံ့ပေးပါ။ စခန်းတိုင်းတွင် **MHM** ဖူးများသုံးစွဲမှုများလာစေရန် အမျိုးသားရော အမျိုးသမီးများကိုပါ **MHM** ဟောပြောပွဲများ ပြုလုပ်ပေးပါ။ | ၂၀၁၉ **Q** ၁ | | **SI**ဆောက်လုပ်ရေးအဖွဲ့ များနှင့် **WASH** |
| လုပ်ဆောင်ချက် ၈ | | | |
| **WASH** ၏ အစားအစာမဟုတ်သောအထောက်အပံ့အိတ် (**NFI Kit)** ထောက်ပံ့ပေးရေး အစီစဉ်တစိတ်တဒေသအားဖြင့် အမျိုးသမီးများနှင့်မိန်းကလေးငယ်များ၏ ကျန်းမာရေးကို မြှင့်တင်ပေးရန် နှင့် သူတို့၏ ဂုဏ်သိက္ခာကို တိုးမြှင့်ပေးရန် အောက်ခံဘောင်းဘီများ ထောက်ပံ့ပေးပါ။ | တစ်နှစ် တစ်ခါ | ငွေကြေး၊ အစီအစဉ် | **WASH Co**၏ ခွင့်ပြုမှုနှင့်အတူ **WASH** အဖွဲ့နှင့် ထောက်ပို့ရေးအဖွဲ့ |
| ရည်မှန်းချက် ၂။ ရပ်ရွာအလုပ်များတွင် အမျိုးသမီးများ၊မိန်းကလေးငယ်များ၊ အမျိုးသားများ၊ ယောက်ျားလေးများကို ပါဝင်ဆောင်ရွက်စေခြင်းနှင့် ပိုင်ဆိုင်မှုစိတ်ပေးခြင်း ဖြင့် **WASH** နှင့်ဆိုင်သည့် အမူအကျင့်များကို ပြောင်းလဲပေးခြင်း | | | |
| လုပ်ဆောင်ချက်များ | | | |
| လုပ်ဆောင်ချက် ၁ | | | |
| ပြည်သူများ ပူးပေါင်းပါဝင်လာစေမည့် လုပ်ငန်းဆောင်ရွက်ချက်များအားလုံးတွင်- (ကျန်းမာရေးအသိမြှင့်တင်ပေးရေးအစီစဉ်များ၊ အခမ်းအနားပွဲများလုပ်ခြင်း၊ နှင့် ဂုဏ်ပြုပွဲများကျင်းပပေးခြင်း စသည်)<br>• ခေါင်းဆောင်နေရာများတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို လုံလောက်စွာ ပူးပေါင်းပါဝင်စေခြင်း<br>• အမျိုးသမီးများ ပူးပေါင်းပါဝင်လာစေရန်နှင့် ဦးဆောင်ဦးရွက်ပြုလာစေရန် အမျိုးသားများ၏ကူညီထောက်ပံ့ပေးမှုရလာစေဖို့ လုပ်ဆောင်ပေးခြင်း<br>• **WASH** နှင့် ပတ်သက်ပြီး ကန့်သတ်မှုရှိသည့် ကျား မ ရေးရာ စံနှုန်းများကို စိန်ခေါ်ခြင်း<br>• အိမ်တွင်း**WASH** နှင့်ဆိုင်သည့် အလုပ်များကို ပိုမိုမျှတစွာ ခွဲဝေလုပ်ဆောင်လာစေကြဖို့ တိုက်တွန်းပေးခြင်း။ | ဆက်လုပ် ရန် | အချိန်၊ နည်းလမ်းများ | ကျားမရေးရာနှင့် ကာကွယ်ပေးခြင်းဆိုင်ရာ ညှိနှိုင်းရေးမှူးနှင့်အတူ ပြည်သူပူးပေါင်း ဆောင်ရွက်လာစေရေး အဖွဲ့များ |
| လုပ်ဆောင်ချက် ၂ | | | |
| အမျိုးသမီးများအပေါ် သဘောထားအမြင်များပြောင်းလာစေရန်နှင့် **WASH**အလုပ်များ၊ အခြားရပ်ရွာလုပ်ငန်းဆောင်တာများတွင်ပါ အမျိုးသမီးကို နေရာနှင့်အခွင့်အရေးပေးလာစေရန်တို့အတွက် အမျိုးသားများနှင့် စခန်းကြီးကြပ်သူအဖွဲ့ဝင်များ ပါဝင်သည့် စီမံကိန်းလုပ်ဆောင်ချက်များကို အကောင်အထည်ဖော်ပါ။ | ၂၀၁၉ **Q** ၄ | အချိန်၊ ငွေကြေး၊ နည်းလမ်းများ၊ ဝန်ထမ်းများ | ကျားမရေးရာနှင့်ကာကွယ်ပေးခြင်းဆိုင်ရာ ညှိနှိုင်းရေးမှူး၊ အမျိုးသမီးစွမ်းရည်မြှင့် ပရိုဂရမ် |
| လုပ်ဆောင်ချက် ၃ | | | |
| **WASH** နှင့်ပတ်သက်ပြီး အမျိုးသမီးငယ်များနှင့် မိန်းကလေးများ၏ လိုအပ်ချက်များပြည့်မီလာစေဖို့နှင့် သူတို့၏ အသံများကို ကြားလာရစေဖို့ကို အဟန့်အတားဖြစ်စေသည့်အရာများကို (ပြည်သူပူးပေါင်းဆောင်ရွက်လာစေမည့်နည်းလမ်းများကိုသုံးလျက်) သုတေသနပြုဖော်ထုတ်ပြီး၊ အမျိုးသမီးများနှင့် အမျိုးသမီးအုပ်စုများနှင့် ပူးပေါင်းပြီး ကန်ပိန်းများလုပ်ရာတွင် တွေ့ရှိချက်များကို အသုံးပြုပါ။ | ဆက်လုပ် ရန် | ငွေကြေး | ကျားမရေးရာနှင့်ကာကွယ်ပေးခြင်းဆိုင်ရာ ညှိနှိုင်းရေးမှူး၊ အမျိုးသမီးစွမ်းရည်မြှင့် ပရိုဂရမ် |

| | | | |
|---|---|---|---|
| (သက်ကယ်ပြင်နှင့် အုန်းတောကြီးစခန်းများတွင်<br>မိန်းကလေးအုပ်စုများဖွဲ့ပေးထားသော **IRC**နှင့် ညှိနှိုင်းတိုင်ပင်လျက်) | | | |
| **Objective 3**။ အမျိုးသမီးများ ပါဝင်ဆောင်ရွက်မှု (အသံပါလာမှု) နှင့် ခေါင်းဆောင်မှုကို မြှင့်တင်ခြင်း။ | | | |
| လုပ်ဆောင်ချက်များ | | | |
| လုပ်ဆောင်ချက် ၁ | | | |
| **(CMC**အပါအဝင် **HARP**အဖွဲ့၊ အခြားအဖွဲ့များက ဖွဲ့ပေးထားသော)<br>ရှိပြီးသားအမျိုးသမီးအုပ်စုများ နှင့် သူတို့၏ တာဝန်ဝတ္တရားများ၊<br>လုပ်ဆောင်ချက်များနှင့် ခေါင်းဆောင်မှုများ တို့ကို ဖော်ထုတ်ပြီး သူတို့အတွက်<br>အခွင့်အလမ်းများနှင့် အတားအဆီးများကို ဆန်းစစ်ပေးပါ။ | ၂၀၁၉ **Q** ၁ | အချိန် | ကျားမရေးရာနှင့်<br>ကာကွယ်ရေးဆိုင်ရာ<br>ညှိနှိုင်းရေးမှူးနှင့်အတူ<br>**WASH** အဖွဲ့များ၊<br>အမျိုးသမီးစွမ်းရည်မြှင့်<br>ပရိုဂရမ် |
| လုပ်ဆောင်ချက် ၂ | | | |
| ဖြစ်နိုင်သလောက်မြန်မြန်လုပ်ဆောင်ရန်-<br>• လိုအပ်ချက်များကိုဖော်ထုတ်လျက် အမျိုးသမီးတို့၏ ရွေးချယ်မှုအလျောက် **WASH**၊ **MHM**၊သောက်ရေသန့်ရရှိရေးနှင့် ကျန်းမာရေးမြှင့်တင်ပေးရေးတို့နှင့် ပတ်သက်သည့် ပြဿနာများအပေါ်ဦးတည်သည့် အုပ်စုလိုက်ကန့်ပိန်းများလုပ်စေခြင်း၊ **ACE**၏ကန့်ပိန်းဖော်ဆောင်ခြင်းလုပ်ငန်းများ။<br>• နယ်ပယ်အသီးသီး (မိသားစုဆက်ဆံရေးများ၊ စောစီစွာအိမ်ထောင်ပြုမိသူများ၊ သက်မွေးလုပ်ငန်းများစသည်)တွင် အချင်းချင်းကူညီသည့် အဖွဲ့များ ပိုမို များပြားစွာ ဖြစ်လာစေရန် တိုက်တွန်းအားပေးခြင်း | ၂၀၁၉ **Q** ၁ | ငွေကြေး၊ နည်းလမ်းများ | ကျားမရေးရာနှင့်<br>ကာကွယ်ရေးဆိုင်ရာ<br>ညှိနှိုင်းရေးမှူးနှင့်အတူ<br>အမျိုးသမီးစွမ်းရည်မြှင့်<br>ပရိုဂရမ်၊ပြည်သူပူးပေါင်း<br>ဆောင်ရွက်လာစေရေး<br>အဖွဲ့များ၊ |
| လုပ်ဆောင်ချက် ၃ | | | |
| **HARP**အနေဖြင့် စခန်းကြီးကြပ်ရေးကော်မတီအဖွဲ့ (**CMC**) တွင်<br>အမျိုးသမီးများခေါင်းဆောင်နေရာမှ ပါဝင်လာနိုင်စေရန် အစိုးရကို<br>စည်းရုံးလှုံ့ဆော်ပေးရမည်။ | ၂၀၂၀ **Q** ၁ | စည်းရုံးလှုံ့ဆော်ရေး<br>အစီအစဉ် | စီမံကိန်းညှိနှိုင်းရေးမှူး |
| လုပ်ဆောင်ချက် ၄ | | | |
| အမျိုးသမီးအုပ်စုရှိခြင်း၏ထိရောက်မှုနှင့် အမျိုးသမီးများ၏ အသံပါဝင်လာမှုနှင့်<br>ခေါင်းဆောင်မှုတို့နှင့် ပတ်သက်ပြီး စောင့်ကြပ်လေ့လာပြီး တွေ့ရှိချက်များကို<br>ပရိုဂရမ်ဖွံ့ဖြိုးတိုးတက်လာမှုနှင့် စည်းရုံးလှုံ့ဆော်ရေးများတွင် အသုံးပြုပါ။ | ဆက်လုပ်<br>ရန် | နည်းလမ်းများ | **MEAL** အဖွဲ့နှင့်<br>ကျားမရေးရာနှင့်<br>ကာကွယ်ရေးဆိုင်ရာ<br>ညှိနှိုင်းရေးမှူး |
| အဖွဲ့အစည်းပိုင်းဆိုင်ရာ | | | |
| ရည်မှန်းချက်၁ ပုဂ္ဂိုလ်ပိုင်းဆိုင်ရာ။ **HARP** ဝန်ထမ်းများသည် အဖွဲ့အစည်းတွင်းနှင့် သူတို့၏လူမှုပတ်ဝန်းကျင်တွင်ပါ ကျား မရေးရာ တန်းတူညီမျှမှုများ၏<br>နည်းနာနိသယများနှင့် လက်တွေ့ကျင့်သုံးပုံများကို နားလည်ပြီး အသုံးပြုရမည်။ | | | |
| လုပ်ဆောင်ချက် ၁ | | | |
| အလုပ်ခန့်အပ်ရာတွင် ကျားမရေးရာနှင့်ပတ်သက်ပြီး ကျွမ်းကျင်နားလည်မှုနှင့်<br>ခံယူထားသောသဘောထား သို့မဟုတ် သင်ယူလိုစိတ်ရှိမှုအခြေအနေတို့ကို<br>ဆန်းစစ်ရမည်။ အလုပ်ခန့်ပြီးနောက်လည်း ဝန်ထမ်းအသစ်အားလုံးကို<br>သက်ဆိုင်ရာနယ်ပယ်အလိုက် ကျားမရေးရာမိတ်ဆက်သင်တန်းပေးရမည်။ | ဆက်လုပ်<br>ရန် | နည်းလမ်းများ<br>(မိတ်ဆက်သင်တန်းပေး<br>ခြင်း စသည်..) | အလုပ်ခန့်သည့်<br>မန်နေဂျာ၊<br>လူ့အရင်းအမြစ်ဌါန၊<br>ကျားမရေးရာနှင့်ကာကွ<br>ယ်ခြင်းဆိုင်ရာညှိနှိုင်းရေး<br>မှူး |
| လုပ်ဆောင်ချက် ၂ | | | |
| **HARP**၏ ပညာရပ်ကျွမ်းကျင်မှုပိုင်းဆိုင်ရာ ကဏ္ဍအသီးသီးတွင် အမျိုးသားရော<br>အမျိုးသမီးကိုပါ သင်တန်းပေးရမည့်အပြင် စီမံကိန်း၏<br>ပညာရပ်ပိုင်းကျွမ်းကျင်မှုနှင့် အခြားကျွမ်းကျင်မှုများ သင်ယူလေ့ကျင့်ခွင့်ကိုလည်း<br>အမျိုးသားနှင့် အမျိုးသမီးနှစ်မျိုးလုံးကို တန်းတူအခွင့်အရေးပေးပါ။ ဤသို့<br>လုပ်ခြင်းဖြင့် ဝန်ထမ်းများ၏ လုပ်ကိုင်နိုင်စွမ်းကို တိုးတက်စေပြီး၊ ပရိုဂရမ်၏<br>လုပ်ငန်းဆောင်ရွက်ချက်များတွင် အမျိုးသမီးများ ပါဝင်လာမှုကို<br>အထောက်အကူပြုစေပါသည်။ | နှစ်စဉ် | | မန်နေဂျာများအားလုံး |
| လုပ်ဆောင်ချက် ၃ | | | |

| | | | |
|---|---|---|---|
| ဝန်ထမ်းများ (ပရိုဂရမ်၊ လူ့အရင်းအမြစ်၊ ထောက်ပို့၊ ငွေကိုင်စသည်) ကို ကျားမရေးရာကို အစဉ်တစိုက်အလေးထားသည့် အလေ့အထတည်ဆောက်ခြင်းဆိုင်ရာ ကျွမ်းကျင်မှုများမြင့်တင်ပေးသည့်သင်တန်းများ ပုံမှန်ပေးပါ။ အဓိကဦးစားပေးအနေဖြင့် အခြေခံအနိမ့်ဆုံးလိုက်နာရမည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကျား မရေးရာ စံနှုန်းများကို သင်တန်းပေးခြင်းဖြင့် ဝန်ထမ်းများသည် ၎င်းစံနှုန်းတို့၏စံတန်ဖိုးများနှင့် လိုက်နာရမည့်နည်းလမ်းများကို ရင်းနှီးလာပြီး၊ ရရှိလာသော ရလဒ်များကိုလည်း တာဝန်ယူ တာဝန်ခံစိတ်ရှိလာမည်ဖြစ်ပါသည်။ လုပ်ငန်းခွင်ဘေးကင်းလုံခြုံရေးနှင့်ပတ်သက်သည့် အကြောင်းအရာများနှင့် ဆောင်ရွက်မှုလုပ်ငန်းစဉ်များကိုလည်း သင်တန်းများတွင် ထည့်သွင်းပေးပါ။ | သုံးလ တစ်ခါ | အချိန်၊ ငွေကြေး | ကျားမရေးရာနှင့် ကာကွယ်ပေးခြင်းဆိုင်ရာ ညှိနှိုင်းရေးမှူး နှင့် **safeguarding** တာဝန်ခံ |
| လုပ်ဆောင်ချက် ၄ | | | |
| ဝန်ထမ်းများနှင့် မန်နေဂျာများအားလုံး၏ကျားမရေးရာဆိုင်ရာ စိတ်နေသဘောထားများကို ပြောင်းလဲရန်နှင့် ယုံကြည်မှုတည်ဆောက်ရန် ဆန်းသစ်တီထွင်မှုပါသော လုပ်ငန်းဆောင်ရွက်မှုအတိုများ ပြုလုပ်ပေးပါ။(ဥပမာ။ ၁၆ ရက်တာ လှုပ်ရှားမှု ကျင်းပပေးခြင်း၊ ကော်ဖီသောက်ရင်း ကျား မရေးရာအကြောင်းဆွေးနွေးခြင်း၊ **speaker** များခေါ်ကာဆွေးနွေးပွဲများကျင်းပခြင်း၊ စသည်…) | တစ်နှစ် ၃ ကြိမ် | ငွေကြေး | ကျားမရေးရာနှင့် ကာကွယ်ပေးခြင်းဆိုင်ရာ ညှိနှိုင်းရေးမှူး |
| ရည်မှန်းချက် ၂ စနစ်ပိုင်းဆိုင်ရာ။ **HARP**၏ စနစ်များအားလုံး (လူ့အရင်းအမြစ်၊ ထောက်ပံ့ပေးခြင်း၊ အဆောက်အဦးအပိုင်း စသည်) သည် မျှတပြီး၊ မတူကွဲပြားသော လိင်ပိုင်းဆိုင်ရာနှင့် အခြားအကြောင်းအရာများရှိသော လူများအတွက် ဘေးကင်းပြီး လေးစားမှုပေးသော ပတ်ဝန်းကျင်အနေအထားတစ်ခု ဖန်တီးပေးရန်။ | | | |
| လုပ်ဆောင်ချက် ၁ | | | |
| ရှင်းလင်းသောအလုပ်လိုအပ်ချက်များကိုဖော်ပြခြင်း၊ အလုပ်ခေါ်စာကို နည်းလမ်းအမျိုးမျိုးဖြင့် ဖြန့်ဝေခြင်း၊ နှင့် အမျိုးသား၊ အမျိုးသမီးများနှင့်ပတ်သက်ပြီး အလုပ်ဆိုင်ရာလေ့နံ့ခါးထစ်သတ်မှတ်ချက်များကို ရှောင်ရှားခြင်းစသည်တို့ကို လိုက်နာပြီး အလုပ်ခန့်အပ်ခြင်းဖြင့် ဌါနအသီးသီး၏ အဆင့်တိုင်းတွင် ကျား မ ဝန်ထမ်းအချိုး မျှတစွာ ရှိစေဖို့ ရည်မှန်းထားရမည်။ | လိုအပ်ရင် လိုအပ် သလို | | အလုပ်ခန့်အပ်မန်နေဂျာ၊ လူ့အရင်းအမြစ်ဌာန၊ နှင့် ကျားမရေးရာနှင့် ကာကွယ်ခြင်းဆိုင်ရာ ညှိနှိုင်းရေးမှူး |
| လုပ်ဆောင်ချက်၂ | | | |
| ကျား မရေးရာဆိုင်ရာ အချက်အလက်ပါဝင်မေးမြန်းထားရှိမှုကို စစ်ဆေးပါ။ (ပူးပေါင်းပါဝင်ဆောင်ရွက်မှုပြနည်းစနစ်၊ အိမ်သာ ကောင်း/မကောင်းစစ်ဆေးစစ်တမ်း၊ တုန့်ပြန်အကြံပေးနည်းစနစ်၊ အခြားကောင်း/မကောင်းစစ်ဆေးစစ်တမ်းများ နှင့် အခြားသော ပုံမှန်သုံးနေကျ ပုံစံများ) | သုံးလ တစ်ခါ | အစီအစဉ် | **MEAL** အဖွဲ့၊ ကျားမရေးရာနှင့် ကာကွယ်ပေးခြင်းဆိုင်ရာ ညှိနှိုင်းရေးမှူး |
| လုပ်ဆောင်ချက် ၃ | | | |
| စခန်းတိုင်းတွင် ကျားမ ရေးရာ **Focal** များခန့်အပ်ပေးထားပါ။ | ၂၀၁၉ **Q** ၃ | | ကျားမရေးရာနှင့် ကာကွယ်ပေးခြင်းဆိုင်ရာ ညှိနှိုင်းရေးမှူး |
| လုပ်ဆောင်ချက် ၄ | | | |
| လက်ရှိဘတ်ကျပ်(ငွေကြေး)တွင် တိကျစွာ မဖော်ပြထားသေးသော်လည်း ကျားမရေးရာလုပ်ငန်းစဉ်များအတွက် လိုအပ်သော ဘတ်ကျပ် (ငွေကြေး) အလုံအလောက်ကို ပွင့်လင်းမြင်သာစွာ ထည့်သွင်းပေးနိုင်စေရန် **HARP** ၏ ဘတ်ကျပ်ကို ပြန်လည်သုံးသပ်ပါ။ | ၂၀၁၉ **Q** ၂ | | စီနီယာ မန်နေဂျာများ၊ ငွေကိုင်ဝန်ထမ်းများနှင့် ကျားမရေးရာနှင့် ကာကွယ်ပေးခြင်းဆိုင်ရာ ညှိနှိုင်းရေးမှူး |

SOLIDARITÉS INTERNATIONAL

OXFAM


## ၇။ အန္တရာယ်များကို စီမံခြင်း

| အန္တရာယ်များ | ကာကွယ်မှုပေးခြင်း သို့မဟုတ် လျော့ချခြင်း |
| --- | --- |
| ကျား မ ရေးရာဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု အစီအစဉ်တွင် ရည်ညွှန်းဖော်ပြထားသော ကျားမ ရေးရာလုပ်ငန်းဆောင်တာများကို အကောင်အထည်ဖော်ဖို့ရန်အတွက် **HARP** အဖွဲ့အားလုံး (အထူးသဖြင့် ကွင်းဆင်းအဖွဲ့များ)မှာလည်း တချိန်တည်းတွင်ပင် လုပ်နေရသည့် အခြားအလုပ်များက အဟန့်အတားဖြစ်စေသည်။ | ဤဗျူဟာကို အကောင်အထည်ဖော်ရန် ခွင့်ပြုချက် မရမီကတည်းက ဗျူဟာနှင့် လုပ်ငန်းဆောင်ရွက်မှု အစီအစဉ်ကို အဖွဲ့အားလုံး၏ခေါင်းဆောင်များကို အသိပေးမျှဝေရမည်။<br><br>အဖွဲ့အားလုံး၏ လုပ်ငန်းဆောင်ရွက်မှု အစီအစဉ်များကိုလည်း အချင်းချင်း မျှဝေအသိပေးကာ ညှိနှိုင်းလုပ်ဆောင်သင့်သည်။<br><br>ကျား မ ရေးရာ လုပ်ငန်းဆောင်ရွက်မှုများအတွက် လုံလောက်သော အချိန်ပေးရန်မှာ အရေးကြီးကြောင်းအသိကို အဖွဲ့များအားလုံးတွင် တိုးလာအောင် လုပ်ပေးရမည်။ |
| အမျိုးသမီးစွမ်းရည်မြှင့်ပရိုဂရမ် (**WEP**) မှ အမျိုးသမီးခေါင်းဆောင်များနှင့် အမျိုးသမီးအုပ်စုများသည် လက်ဆောင်အထောက်အပံ့ တချို့ရရှိနေကြသည်။၎င်းပရိုဂရမ်ပြီးဆုံးသွားလျှင် **HARP** မှ ပေးသော လက်ဆောင်အထောက်အပံ့ပေးပုံမျိုးသည် (သူတို့ကို စိတ်ကျေနပ်မှု မရနိုင်စေ၍) သူတို့၏ ပါဝင်ဆောင်ရွက်မှုနှင့် သူတို့အဖွဲ့၏လုပ်ငန်းဆောင်ရွက်နေမှုကို ပျက်ပြားစေနိုင်သည်။ | ဘတ်ကျပ် (ငွေကြေး) ပြန်ဆန်းစစ်ဖို့ စီနီယာမန်နေဂျာများနှင့် တိုင်ပင်ဆောင်ရွက်ပါ။<br><br>**WEP**မန်နေဂျာနှင့် တိုင်ပင်ဆွေးနွေးမှုများ လုပ်ပါ။ |
| အမျိုးသားများကိုပါ ပါဝင်လာစေခြင်း စသည့် ကျား မရေးရာလုပ်ငန်းဆောင်ရွက်ချက်အသစ်များကို ကျားမရေးရာနှင့် ကာကွယ်ခြင်းဆိုင်ရာ ညှိနှိုင်းရေးမှူးတစ်ဦးတည်းက အကောင်အထည်ဖော်ရန်မှာ ခက်ခဲကောင်း ခက်ခဲနိုင်ပါသည်။ | သင့်တော်သော နည်းလမ်းများကို အသုံးပြုပြီး ကွင်းဆင်းဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများကို သင်တန်းပေးပါ။ အောက်စ်ဖန်၏ အခြားသောစီမံကိန်းများမှ ကျားမရေးရာဆိုင်ရာ လူ့အရင်းအမြစ်များကို မျှဝေသုံးပါ။ (**UNDP, WEP, DPP** ပရိုဂရမ်များ စသည်တို့မှ)<br>ရေတို **consultant** များ ခေါ်ယူပါ။ |
| မကြာသေးမီက ဘတ်ကျပ်(ငွေကြေး) စီစစ်ပေးမှုတွင် ကျားမရေးရာလုပ်ငန်းဆောင်တာများအတွက် (လိုအပ်သော) ငွေကြေးခွဲဝေပေးထားမှုရှိကြောင်း မသေချာပါ။ | ဘတ်ကျပ်(ငွေကြေး)ပြန်ဆန်းစစ်ရန် စီနီယာမန်နေဂျာများနှင့် တိုင်ပင်ဆွေးနွေးပါ။ |
| အမျိုးသားများပါ ပါဝင်လာစေခြင်း ကဲ့သို့သော ဆန်းသစ်သော လုပ်ငန်းဆောင်ရွက်ချက်များကို ရှေးရိုးစွဲဆန်သောနေရာများတွင် **CMC**များနှင့်အတူ အကောင်အထည်ဖော်ရန်မှာ ခက်ခဲနိုင်ပါသည်။ | ကွင်းဆင်း **WASH** အဖွဲ့များနှင့် တိုင်ပင်ဆွေးနွေးပါ။ |

ACRONYMS

| | |
|---|---|
| **PDM** | **Post Distribution Monitoring** (ဖြန့်ဖြူးရေးပြီးနောက်စောင့်ကြပ်ကြည့်ရှုခြင်း) |
| **GBV** | **Gender Based Violence** (ကျား မအခြေပြုအကြမ်းဖက်မှု) |
| **WEP** | **Women Empowerment Programme** (အမျိုးသမီးစွမ်းရည်မြှင့်ပရိုဂရမ်) |
| **MHM** | **Menstrual Hygiene Management** (ဓမ္မတာရာသီလာစဉ် ကျန်းမာသန့်ရှင်းစေရေးအတွက် စီမံပေးခြင်း) |
| **OTG** | **Ohn Taw Gyi** (အုန်းတောကြီး) |
| **STMG** | **Say Tha Mar Gyi** (ဆေးသမားကြီး) |
| **DP** | **Dar Paing** (ဒါးပိုင်) |
| **HMZ** | **Hmam Zi** (မန်စီ) |
| **BDP** | **Baw Du Pha** (ဘောဒူပ) |
| **TC** | **Thae Chaung** (သဲချောင်း) |
| **NFI** | **Non-Food Item** (အစားအစာမဟုတ်သောပစ္စည်း) |
| **CMC** | **Camp Management Committee** (စခန်းကြီးကြပ်ရေးကော်မတီ) |
| **ACE** | **Action from Community Engagement** (ပြည်သူ့ပါဝင်လှုပ်ရှားမှု) |

# လက်နှိပ်ရေတုံကင်ဒီဇိုင်းပုံ




“စကေးကိုက်ဆွဲထားခြင်းမဟုတ်ပါ”

**အကြောင်းအရာ**
လက်နှိပ်ရေတုံကင်ဒီဇိုင်းပုံ

**စာရွက်နံပါတ်-**

**ရှုထောင့်**
တစ်ပိုင်းပြတ်ပုံ

**ရက်စွဲ**
၂၀၂၀ခုနှစ်၊
ဩဂုတ်လ ၁၁ရက်

**ရေးဆွဲသူ**
**ဇော်လှိုင်ဦး**
နည်းပညာပိုင်း ဆောက်လုပ်ရေးကြီးကြပ်

**စစ်ဆေးသူ**
ဝင်းဦး
ဆောက်လုပ်ရေးမန်နေဂျာ

**အတည်ပြုသူ**
**James Brinson**
WASH ပရိုဂရမ်မန်နေဂျာ

SOLIDARITÉS 40 INTERNATIONAL ANS

## *လုပ်ငန်း - အချင်း ၂လက်မရှိ ရေတွင်း ဆောက်လုပ်ခြင်း*
## *နေရာ - စစ်တွေ*
## *ပစ္စည်းအရေအတွက်စာရင်း (BOQ) (၁၇.၆.၂၀၂၀)*

| *စဉ်* | *ဖော်ပြချက်* | *အရေအတွက်* | *ယူနစ်* | *နှုန်း (ကျပ်)* | *ပမာဏ (ကျပ်)* |
|---|---|---|---|---|---|
| | *ပစ္စည်းများ* | | | | |
| | **ပိုက်နှင့် ဖစ်တင်များ** | | | | |
| ၁ | ၀.၇၅လက်မ ɸ PVC ပိုက်၊ ၈.၅ အဆင့်၊ ၁၉.၅ ပေအရှည် | ၂ | ခု | ၂,၀၀၀ | ၄,၀၀၀ |
| ၂ | ၂လက်မ ɸ PVC ပိုက်၊ ၈.၅ အဆင့်၊ ၁၉.၅ ပေအရှည် | ၂ | ခု | ၆,၈၀၀ | ၁၃,၆၀၀ |
| ၃ | ၂လက်မ ɸ PVC ရေစစ်ပိုက်၊ ၈.၅ အဆင့်၊ ၁၀ ပေအရှည် | ၁ | ခု | ၁၂,၀၀၀ | ၁၂,၀၀၀ |
| ၄ | ၂လက်မ ɸ PVC အစွန်းအဖုံး | ၂ | ခု | ၁,၅၀၀ | ၃,၀၀၀ |
| ၅ | စစ်ဆေးသည့်ဗား ARS အနီ (ɸ ၀.၇၅လက်မ) | ၁ | ခု | ၃,၅၀၀ | ၃,၅၀၀ |
| ၆ | PVC ဝက်အူရစ်အဒပ်တာ - ၂ လက်မ အမ၊ ၀.၇၅လက်မ အဖို | 1 | ခု | ၆၀၀ | ၆၀၀ |
| ၇ | PVC ပိုက်ဆစ်၊ ၈.၅ အဆင့် (ɸ ၀.၇၅လက်မ) | ၁ | ခု | ၅၀၀ | ၅၀၀ |
| ၈ | PVC ပိုက်ဆစ်၊ ၈.၅ အဆင့် (ɸ ၂လက်မ) | ၁ | ခု | ၆၅၀ | ၆၅၀ |
| ၉ | PVC ပိုက်ကွေး၊ ၉၀ ဒီဂရီ (ɸ ၁ ၁/၄ လက်မ) | ၁ | ခု | ၆၅၀ | ၆၅၀ |
| ၁၀ | PVC ဗားပိုက်ဆစ် (ɸ ၁ ၁/၄ လက်မ) | ၁ | ခု | ၁,၀၀၀ | ၁,၀၀၀ |
| ၁၁ | PVC ပိုက်တို၊ ၁ပေအရှည် (ɸ ၁ ၁/၄ လက်မ) | ၁ | ခု | ၂၀၀ | ၂၀၀ |
| ၁၂ | PVC ပိုက်ကွေး၊ ၉၀ ဒီဂရီ (ɸ ၀.၇၅ လက်မ) | ၂ | ခု | ၅၀၀ | ၁,၀၀၀ |
| ၁၃ | ဆီးလ်တိပ် | ၂ | ခွေ | ၂၅၀ | ၅၀၀ |
| ၁၄ | PVC ပိုက်ကော် ၅၀၀ ဂရမ် | ၁ | ဗူး | ၄,၀၀၀ | ၄,၀၀၀ |
| | **ကွန်ကရစ်တိုင်** | | | | |
| ၁၅ | အုတ်များ | ၄၅ | ခု | ၁၄၀ | ၆,၃၀၀ |
| ၁၆ | ဘိလပ်မြေ | ၀.၃ | အိတ် | ၈,၅၀၀ | ၂,၅၅၀ |
| ၁၇ | ကျောက်စရစ် | ၀.၀၁ | ကျင်း | ၉၀,၀၀၀ | ၉၀၀ |

| စဉ် | ဖော်ပြချက် | အရေအတွက် | ယူနစ် | နှုန်း (ကျပ်) | ပမာဏ (ကျပ်) |
|---|---|---|---|---|---|
| | **ပစ္စည်းများ** | | | | |
| ၁၈ | သံ | ၀.၀၄ | ကျင်း | ၂၆,၅၀၀ | ၁,၀၆၀ |
| | **ပလက်ဖောင်းနှင့် ရေမြောင်း** | | | | |
| ၁၉ | အုတ်များ | ၁၇၀ | ခု | ၁၄၀ | ၂၃,၈၀၀ |
| ၂၀ | ဘိလပ်မြေ | ၁ | အိတ် | ၈,၅၀၀ | ၈,၅၀၀ |
| ၂၁ | ကျောက်စရစ် | ၀.၀၃ | ကျင်း | ၉၀,၀၀၀ | ၂,၇၀၀ |
| ၂၂ | သံ | ၀.၀၉ | ကျင်း | ၂၆,၅၀၀ | ၂,၃၈၅ |
| | **လက်နှိပ်တုံကင်** | | | | |
| ၂၃ | လက်နှိပ်တုံကင် (လိမ္မော်ရောင်) | ၁ | အစုံ | ၃၃,၀၀၀ | ၃၃,၀၀၀ |
| ၂၄ | မူလီနှင့် မူလီခေါင်း ဖ arneri ဖလက်မရှည်သော ဝါရှာ | ၄ | အပိုင်း | ၅၀၀ | ၂,၀၀၀ |
| | **အင်္ဂတေ** | | | | |
| ၂၅ | ဘိလပ်မြေ | ၀.၅ | အိတ် | ၈,၅၀၀ | ၄,၂၅၀ |
| ၂၆ | သံ | ၀.၀၄ | ကျင်း | ၂၆,၅၀၀ | ၁,၀၆၀ |
| | **ကျောက်ပြား** | | | | |
| ၂၇ | ဘိလပ်မြေ | ၁ | အိတ် | ၈,၅၀၀ | ၈,၅၀၀ |
| ၂၈ | ကျောက်စရစ် | ၀.၀၃ | ကျင်း | ၉၀,၀၀၀ | ၂,၇၀၀ |
| ၂၉ | သံ | ၀.၀၂ | ကျင်း | ၂၆,၅၀၀ | ၅၃၀ |
| | **လုပ်သား** | | | | |
| ၃၀ | ပန်းရံဆရာ | ၂ | နေ့စား | ၆,၂၀၀ | ၁၂,၄၀၀ |
| ၃၁ | အလုပ်သမား | ၃ | နေ့စား | ၄,၈၀၀ | ၁၄,၄၀၀ |
| ၃၂ | တွင်းတူးအဖွဲ့ | ၁ | အဖွဲ့လိုက် | ၂၁,၀၀၀ | ၂၅,၀၀၀ |
| | **ကုန်ကြမ်းပစ္စည်းနှင့် လုပ်သားကုန်ကျစရိတ် စုစုပေါင်း** | | | | **၁၉၇,၂၃၅** |

## ရေတိုကင် ကောင်းမွန်မှုရှိ/မရှိ စစ်ဆေးခြင်း

| Field | Question | Answer | | |
|---|---|---|---|---|
| date (required) | စစ်တမ်းကောက်ယူသည့်နေ့ | | | |
| Enumerator_name (required) | စာရင်းကောက်ယူသူအမည် | | | |
| lead_agency (required) | ဦးဆောင်သော အဖွဲ့အစည်း | | Oxfam | Oxfam |
| | | | SI | SI |
| camp_name (required) | စခန်းအမည် | | camp_value | camp_label |
| sector_block | Block နံပါတ် | | 1 | 1 |
| | | | 2 | 2 |
| | | | 3 | 3 |
| | | | 4 | 4 |
| | | | 6 | 6 |
| | | | a | A |
| | | | b | B |
| | | | c | C |
| | | | d | D |
| | | | e | E |
| | | | f | F |
| | | | g | G |
| | | | h | H |
| | | | i | I |
| | | | j | J |
| | | | k | K |
| | | | l | L |
| | | | m | M |
| | | | n | N |
| | | | o | O |
| infrastructure_type (required) | အခြေခံအဆောက်အဦအမျိုးအစား | | BH | ရေတိုကင် |
| referential_number (required) | ရေတိုကင်နံပါတ် | | | |
| pump_design (required) | ရေတိုကင်ပုံစံ (အမျိုးအစား) | | dg_orange | DG လိမ္မော်ရောင် |

| | | | |
|---|---|---|---|
| | | dg_blue | DG အပြာရောင် |
| | | No_HP | ရေတိုကင်မရှိပါ။ |
| Check and Skip Group relevant when: not(selected( ${pump_design} , 'No_HP')) | | | |
| is_the_hand_pump_functional (required) | ရေတိုကင်သည် အသုံးပြုလို့ ရသလား | Yes | အသုံးပြုလို့ ရပါသည်။ |
| | | No | အသုံးပြုလို့ မရပါ။ |
| BH_major_repair (required) | ရေတိုကင်အား အကြီးစား ပြုပြင်ခြင်း | borehole_dried | ရေခန်းခြောက်ခြင်း |
| | | flow_rate_slow(redrilling) | ရေထွက်အားနည်းခြင်း (ပြန်လည်တူးဖော်ခြင်း) |
| | | sandy | သဲထူသော |
| | | water_colour_change | ရေအရောင်ပြောင်းခြင်း |
| | | water_smelling | ရေအနံ့ နံခြင်း |
| | | pump_old | ရေတိုကင် ဟောင်းနွမ်းခြင်း |
| | | big_washer_set | ဝါရှာအကြီး အစုံ |
| | | square_washer | လေးထောင့် ဝါရှာ |
| | | pillar/pillar_nut | Pillar/Pillar Nut |
| | | arm | Arm |
| | | arm_support | Arm Support |
| | | arm_clip | Arm clip |
| | | chlorination_ongoing | Chlorination ongoing |
| | | other | အခြား |
| if_other_write_down_the_major_problems (required) | | | |
| dose_the_borehole_need_to_be_maintained (required) | ဤ ရေတိုကင်သည် ပြုပြင်ထိန်းသိမ်းရန်လိုအပ်ပါသလား | yes | လိုအပ်ပါသည် |
| | | no | မလိုအပ်ပါ |
| if_yes_write_down_the_minor_problem (required) | လိုအပ်ပါက အသေးစား ပြဿနာများကိုဖော်ပြပါ | big_washer_set | ဝါရှာအကြီး အစုံ |
| | | square_washer | လေးထောင့် ဝါရှာ |
| | | pillar_nut | Pillar Nut |
| | | Arm | Arm |
| | | arm_support | Arm Support |
| | | arm_clip | Arm Clip |

| | | | | |
|---|---|---|---|---|
| | | | sandy(softly) | Sandy (softly) |
| | | | other | အခြား |
| if_other_write_down_the_minor_problems (required) | | | | |
| around_the_borehole (required) | ကျောက်ပြား၏ အတိုင်းအတာသည်အနည်းဆုံး (၂ ပေ) လောက်ကျယ်ဝန်းပါသလား။ | | yes | ကျယ်ဝန်းပါသည်။ |
| | | | no | မကျယ်ဝန်းပါ။ |
| apron_slab_status (required) | ရှေ့ဖုံးကျောက်ပြားအခြေအနေ | | good | ကောင်းသည် (မကွဲပါ/ ကျောက်ပြားရဲ့အောက်၌အက်ကြောင်း ဖြတ်နေခြင်းမရှိပါ။) |
| | | | fair | အသင့်အတင်းဖြစ်နေသည် (ကွဲကြောင်းမရှိပါ သို့သော်လည်း plastering အနည်းငယ်လုပ်ရန်လိုအပ်သည်) |
| | | | bad | ဆိုးနေသည် (ကွဲကြောင်းရှိ၊ ညစ်ညမ်းရန်အလားအလာရှိ၊ ကျောက်ပြားကိုဖြတ်၍ရေအရင်းအမြစ်ထဲ သို့စီးဝင်နိုင်သည်။) |
| condition_of_borehole_drainage (required) | လက်နှိပ်တွင်းရဲ့ ရေမြောင်းအခြေအနေ | | present_and_functioning | ရှိပြီးအလုပ်လုပ်နေပါသည် |
| | | | present_and_not_functioning | ရှိပြီးအလုပ်မလုပ်ပါ (မသန့်ရှင်းပါ/ ပျက်စီးနေပါသည်) |
| | | | not_present | မရှိပါ |
| is_there_stagnant_water_around_borehole (required) | လက်နှိပ်တွင်းရဲ့အနီးအနားရေဝိတ်ဆို့မှုရှိပါသလား(ကျောက်ပြားရဲ့အနီးအနား ၂ မီတာလောက်မှာ)။ | | yes | ရှိပါသည် |
| | | | no | မရှိပါ |
| Soak_Pit | ရေတုံကင်အနီးတွင် အရည်စုပ်တွင်းရှိပါသလား။ | | yes | ရှိပါသည် |
| | | | no | မရှိပါ |
| Soak_Pit_Functioning (required) | ရေစုပ်တွင်း ကောင်းပါသလား။ | | yes | ကောင်းပါသည် |
| | | | no | မကောင်းပါ |

# ရေတုံကင် လွှဲပြောင်းခြင်း အသိအမှတ်ပြု လက်မှတ်

## (၁) ရေတုံကင် အသေးအစိတ်အချက်အလက်များ

| | |
|---|---|
| တည်နေရာ | |
| ရေတုံကင်နံပါတ် | |
| ရေတုံကင်နှင့်အနီးဆုံးအဆောင် | |
| လွှဲပြောင်းသည့် ရက်စွဲ | |

## (၂) ရေတုံကင် ခွဲဝေခြင်း နှင့် ပိုင်ဆိုင်ခြင်း

အထက်ဖော်ပြပါ ရေတုံကင်အား ခွဲဝေပြီးနောက် အောက်ဖော်ပြပါဇယားရှိ အိမ်ထောင်စုများအား လွှဲပြောင်း ပေးမည် ဖြစ်ပါသည်။

<table>
<tr><th>နံပါတ်</th><th>ရေတုံကင် နံပါတ်</th><th>အဆောင်/ အခန်းနံပါတ်</th><th>အိမ်ထောင်ဦးစီး</th><th>ကျား</th><th>မ</th><th>ပေါင်း</th><th colspan="2">လက်မှတ်</th></tr>
<tr><td>၁</td><td></td><td></td><td></td><td></td><td></td><td></td><td rowspan="2">၁</td><td rowspan="2">၂</td></tr>
<tr><td>၂</td><td></td><td></td><td></td><td></td><td></td><td></td></tr>
<tr><td>၃</td><td></td><td></td><td></td><td></td><td></td><td></td><td rowspan="2">၃</td><td rowspan="2">၄</td></tr>
<tr><td>၄</td><td></td><td></td><td></td><td></td><td></td><td></td></tr>
<tr><td>၅</td><td></td><td></td><td></td><td></td><td></td><td></td><td rowspan="2">၅</td><td rowspan="2">၆</td></tr>
<tr><td>၆</td><td></td><td></td><td></td><td></td><td></td><td></td></tr>
<tr><td>၇</td><td></td><td></td><td></td><td></td><td></td><td></td><td rowspan="2">၇</td><td rowspan="2">၈</td></tr>
<tr><td>၈</td><td></td><td></td><td></td><td></td><td></td><td></td></tr>
<tr><td>၉</td><td></td><td></td><td></td><td></td><td></td><td></td><td rowspan="2">၉</td><td rowspan="2">၁၀</td></tr>
<tr><td>၁၀</td><td></td><td></td><td></td><td></td><td></td><td></td></tr>
</table>

| | | | | | | |
|---|---|---|---|---|---|---|
| ပေါင်း | | | | | | |
| ၁ | | | | | | |
| ၂ | | | | | | |
| ၃ | | | | | | |
| ၄ | | | | | | |
| ၅ | | | | | | |
| ၆ | | | | | | |
| ၇ | | | | | | |
| ၈ | | | | | | |
| ၉ | | | | | | |
| ၁၀ | | | | | | |
| ပေါင်း | | | | | | |
| ၁ | | | | | | |
| ၂ | | | | | | |
| ၃ | | | | | | |
| ၄ | | | | | | |
| ၅ | | | | | | |
| ၆ | | | | | | |
| ၇ | | | | | | |
| ၈ | | | | | | |
| ၉ | | | | | | |
| ၁၀ | | | | | | |
| ပေါင်း | | | | | | |

| | |
|---|---|
| ၁ | ၂ |
| ၃ | ၄ |
| ၅ | ၆ |
| ၇ | ၈ |
| ၉ | ၁၀ |

| | |
|---|---|
| ၁ | ၂ |
| ၃ | ၄ |
| ၅ | ၆ |
| ၇ | ၈ |
| ၉ | ၁၀ |

## (၃) လွှဲပြောင်းမှု အခြေအနေ

***ပိုင်ဆိုင်သူတို့၏ တာဝန်အခန်းကဏ္ဍ***

(၁) ရေတံ့ကင်အား အဆောင်အားလုံးမှ လူထုများ ညီတူညီမျှ ရယူအသုံးပြုပိုင်ခွင့်ရှိရမည်- အထက်ဖော်ပြပါ အိမ်ထောင်စုများအားလုံးသည် ရေတံ့ကင်အား သာတူညီမျှ အသုံးပြုရမည် ။ **လွှဲပြောင်းမှုစာရင်းတွင် မပါဝင်သော အိမ်ထောင်စုများအနေဖြင့်လည်း မည်သူမဆို အချိန်တိုင်းတွင် ထိုရေတံ့ကင်အား အသုံးခွင့် ရှိရပါမည်။**

(၂) အိမ်ထောင်စုတွင်နေထိုင်သော မိသားစုများမှ မိမိသုံစွဲအသုံးပြုနေသော ရေတံ့ကင်အနီးတဝိုက်အား ပုံမှန်သန့်ရှင်းရေးပြုလုပ်ရန်နှင့် ရေမြောင်းများအား ပုံမှန်သန့်ရှင်းစွာထားရမည်။

(၃) မိမိပိုင်ဆိုင်သော ရေတံကင်များ အား ခိုးယူခြင်း၊ ရေတံကင်၏ မည်သည့်အစိတ်အပိုင်းကိုမျှ ဖယ်ရှားခြင်း သို့မဟုတ် လွဲမှားစွာ အသုံးပြုခြင်း များမပြုလုပ်ပါဟု ကတိ ပြုရမည်။ ခိုးယူသွားသော ရေတံကင်အား ပြန်လည်အစားထိုးပြုလုပ်ပေးခြင်းများ ကို **အောက်စီ** မှ တာဝန်ယူမည်မဟုတ်ပါ။

(၄) အိမ်ထောင်စုများ အားလုံးသည် ရေတံကင်၏ အစိတ်အပိုင်းများအား ပြန်လည်ပြုပြင်ရန် အတွက် အတူတကွ ပြန်လည်တာဝန်ယူ ဆောင်ရွက်ရမည်။ **အောက်စီ** မှ ပျက်စီးသွားသော အစိတ်အပိုင်းများကို ပြန်လည်အစားထိုးပေးမည်။ သို့သော် လူထုမှ ကိုယ်တိုင်တာဝန်ယူပြုပြင် ဆောင်ရွက်ရမည်။ လူထု၏ ရေရရှိမှု အား မထိခိုက်ရန်အတွက် လိုအပ်သော မည်သည့် အစားထိုးပြုပြင်မှုကိုမဆို နှောင်နှေး ကြန့်ကြာခြင်းမရှိဘဲ ဆောင်ရွက်သင့်သည်။

***Oxsi ၏ တာဝန်ဝတ္တရားများ***

(၁) **အောက်စီ** မှ ရေတံကင် အား လူထုသို့ လွှဲပြောင်းသည့်အချိန်တွင် ရေတံကင်အား ကောင်းမွန်သည့်အခြေအနေရှိရန် လုပ်ဆောင် ပေးမည်။

(၂) လွှဲပြောင်းပေးသည့်နောက်ပိုင်းတွင် ပျက်စီးသွားသော အစိတ်အပိုင်းများအား အစားထိုးရန်အတွက် လိုအပ်သော **ပစ္စည်းများကိုသာ အောက်စီ** မှ ဆက်လက်ထောက်ပံ့ပေးမည်။ သို့သော် ခိုးယူသွားသော ရေတံကင်များအစိတ်အပိုင်းများအား ပြုပြင်မွမ်းမံရန် **အောက်စီ** မှ ပြန်လည် အစားထိုး ထောက်ပံ့ပေးမည် မဟုတ်ပါ။

(၃) လွှဲပြောင်းပေးသည့်နောက်ပိုင်းတွင် **အောက်စီ** မှ လစဉ်ပြုလုပ်လျက်ရှိသော ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ စောင့်ကြည့်လေ့လာမှုများ၏ ရလာဒ် အခြေအနေပေါ်မူတည်၍ လိုအပ်သော ရေတံကင်နှင့်ဆက်စပ်နေသည့် ကွန်ကရစ်အခင်းများနှင့် ရေမြောင်းများ ကို ပြန်လည် ပြုပြင်မွမ်းမံခြင်းများအား ဆက်လက်ဆောင်ရွက်ပေးမည်။

(၄) လွှဲပြောင်းပေးသည့်နောက်ပိုင်းတွင် **အောက်စီ** မှ ရေအရည်အသွေး ကောင်းမွန်မှု ရှိမရှိ စမ်းသပ်စစ်ဆေးခြင်းနှင့် လိုအပ်သော ရေအရင်းအမြစ်နေရာများတွင် ညစ်ညမ်းမှုမရှိစေရန် ကလိုရင်းဆေးခပ်ခြင်းကို ကူညီဆောင်ရွက်ပေးမည်။

(၅) ရေတံကင်အား လူထုကိုယ်တိုင် ကောင်းမွန်စွာ ပြုပြင်ဆောင်ရွက်နိုင်ရန်အတွင် ရေတံကင်ပြုပြင်ထိန်းသိမ်းခြင်းနည်းပညာသင်တန်း များကို **အောက်စီ** မှ ထောက်ပံပေးမည်။

## (၄) လက်မှတ်

ဤရေတံကင်လွှဲပြောင်းခြင်း သဘောတူစာချုပ်တွင် ပါဝင် လက်မှတ်ရေးထိုးသူများအနေသည် အထက်ဖော်ပြပါ ဖော်ပြရည်ညွှန်းချက်အားလုံးကို သိရှိ သဘောတူညီပြီးဖြစ်သည်။

| | **အမည်** | **လက်မှတ်** |
|---|---|---|
| OXSI | ................................................ | ................................................................................ |
| စခန်းကော်မတီ | ................................................ | ................................................................................ |
| အဆောင်မှူး | ................................................ | ................................................................................ |
| အဆောင်မှူး | ................................................ | ................................................................................ |
| အဆောင်မှူး | ................................................ | ................................................................................ |

### စစ်တွေမြို့နယ်ရှိ ဓာတ်ခွဲခန်းတွင် ရေအရည်အသွေးစစ်ဆေးခြင်း

# ရေ စံနမူနာ ရယူခြင်း နှင့် ရေအရည်အသွေး ကို တိုင်းတာ စစ်ဆေးခြင်း ဆိုင်ရာ စံလုပ်ထုံးလုပ်နည်းများ

## မာတိကာ


နိဒါန်း....................၂

ရေနမူနာရယူခြင်း ....................၃

ရေနမူနာရယူရန် အိမ်ထောင်စု အရေအတွက်ကို တွက်ချက်ခြင်း ....................၃

ရေနမူနာ ရယူရာတွင် လိုအပ်သည့် ပစ္စည်းများ ....................၄

ရေနမူနာ ရယူရာတွင် လိုက်နာရမည့် နည်းလမ်းများ....................၄

အဝီစိတွင်းမှ ရေနမူနာရယူခြင်း ....................၅

အိမ်ထောင်စုအရေအတွက် အလိုက် ရေနမူနာရယူခြင်း....................၆

ရေအရည်အသွေး ကို တိုင်းတာစစ်ဆေးခြင်း....................၆

အဏုဇီဝပိုးစစ်ဆေးနည်း လမ်းညွှန်ချက် ....................၇

ပါဝင်ပစ္စည်းများ ....................၇

ကြိုတင်ပြင်ဆင်ခြင်း ....................၈

ပိုးသတ်သည့် လုပ်ငန်းစဉ်/Aseptic Procedures .................... ၁၀

အဏုဇီဝပိုးစစ်ဆေးချက်များ ၏ အရည်အသွေး ကို ထိန်းသိမ်းနည်းများ.................... ၁၅

အခြားစစ်ဆေးမှုများ.................... ၁၆

pH စစ်ဆေးရာတွင် လိုက်နာရန် လမ်းညွှန်ချက်များ .................... ၁၆

သီးခြား ဆားရည်ပါဝင်မှုနှုန်းကို စစ်ဆေးရန် လမ်းညွှန်ချက်များ .................... ၁၆

အာဆင်းနစ် ဓာတ်ပါဝင်မှုကို စစ်ဆေးခြင်း.................... ၁၇

စစ်ဆေးမည့် ကိရိယာများကို စံကိုက်ရန် ချိန်ညှိခြင်း .................... ၁၇

pH တိုင်းတာရန် ချိန်ညှိခြင်း.................... ၁၈

ဆားရည်ပါဝင်မှုနှုန်း (ရေ ၏ လျှပ်ကူးနိုင်မှု) ကို တိုင်းတာရန် ချိန်ညှိခြင်း။ .................... ၁၈

အပူချိန်များကို ချိန်ညှိခြင်း .................... ၁၉

နောက်ဆက်တွဲစာမျက်နှာ (A) – နေရာများ နှင့် နမူနာ နံပါတ်စဥ်များ (တစ်နှစ် ၂ ကြိမ် စိစစ်ပြင်ဆင်ရန်) .................... ၁၉

နောက်ဆက်တွဲစာမျက်နှာ (B) – (ရေရင်းမြစ် နှင့် အိမ်သုံးရေ) ရေအရည်အသွေး သုံးသပ် စိစစ်ရာ တွင် ဖြည့်ရမည့် ဖောင် (ဇယား) ....................၂၀

နောက်ဆက်တွဲ စာမျက်နှာ (C) - သောက်သုံးရန် မသင့်တော်သည့် အဝီစိရေတွင်းများ အကြောင်းကို လူမှုဝန်းကျင်တွင် နေထိုင်သူများအား သတိပေးရန် ဆိုင်းဘုတ်များ ....................၂၁

နောက်ဆက်တွဲ စာမျက်နှာ (D) - ၉၅% ပြည့်ဝသည့် ကြားရေတွက်မှုများ (၀ မှ ၁၀၀)[၃] ....................၂၃

နောက်ဆက်တွဲစာမျက်နှာ (E) - ဆက်သွယ်ပြောဆိုရမည့် စက်ဝန်းပုံစံ ....................၂၄

## နိဒါန်း

Oxfam နှင့် Solidarités International (SI) အဖွဲ့အစည်း နှစ်ရပ်ကို ပူးပေါင်းထားသည့် (OXSI ဟုခေါ်ဆိုသည့်) ပူးပေါင်းမိတ်ဖက်အဖွဲ့သည် စစ်တွေ ရှိ ကျေးရွာများ နှင့် စခန်း ၂၄ ခုရှိ လူပေါင်း ၁၀၀,၀၀၀ ကျော် အတွက် ရေ၊ မိလ္လာ နှင့် သန့်ရှင်းရေး (WASH) ဆိုင်ရာ ဝန်ဆောင်မှုများ ကို ပံ့ပိုးပေးလျှက်ရှိပါသည်။ အဆိုပါ စီမံချက် ၏ တစိတ်တပိုင်းအနေဖြင့် စစ်တွေမြို့ရှိ Oxfam ရုံးတွင် ရေ အရည်အသွေးစမ်းသပ် စစ်ဆေးနိုင်သည့် ဓာတ်ခွဲခန်း တစ်ခုကို တည်ဆောက်ထားနိုင်ခဲ့ပါသည်။ စခန်းထဲမှ ရေ နမူနာများ ကောက်ယူခြင်း၊ စခန်းထဲမှ နေ၍ ဓာတ်ခွဲခန်း သို့ ပို့ပေးခြင်း စသည့် တာဝန်များ အပြင် သောက်သုံးရန် စိတ်ချရသည့် ရေ ဟုတ်မဟုတ် ကို စမ်းသပ်စစ်ဆေး ပေးရသည့် တာဝန်များ ကို ရေအရည်အသွေး စမ်းသပ်စစ်ဆေးရာတွင် ဦးဆောင်သူ ဖြစ် သည့် Oxfam အဖွဲ့ အစည်း မှ တာဝန်ယူထားပါသည်။ စစ်တွေမြို့ရှိ Oxfam ရေအရည်အသွေးစစ်ဆေးနိုင်သည့် ဓာတ်ခွဲခန်းကို ၂၀၁၇ ခုနှစ် နှစ်ကုန်ပိုင်းတွင် စတင်တည်ထောင်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဇန်နဝါရီလ တွင် စတင် စစ်ဆေးခဲ့ပါသည်။

ယခင်ပြုလုပ်ခဲ့သည့် အစီအစဉ် တွင် စခန်းတွင်းရှိ မိသားစုဝင် တိုင်းအတွက် မြေရေစစ်အိုးများ (Ceramic Water Filters) ကို မိတ်ဖက်အဖွဲ့အစည်းများမှ ဖြန့်ဝေပေးခဲ့ပါသည်။ ၂၀၁၆ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် ရေအရည် အသွေး စစ်ဆေးသည့် ရလဒ်များ နှင့် မြေရေစစ်အိုး အကြောင်း လေ့လာချက်များအရ မြေရေစစ်အိုး တစ်ခုတည်းဖြင့် သောက်သုံးရန် စိတ်ချရသည့် ရေရရှိအောင် မလုပ်ပေးနိုင်ကြောင်းကို ဒေတာ အချက်အလက်များ က အလုံအလောက် ပြသခဲ့ကြပါသည်။ ထိုအပြင် မြေရေစစ်အိုးများသည် သုံးနိုင်သည့် သက်တမ်းတိုခြင်း၊ ကွဲအက်နှုန်းများခြင်း၊ ဒေသတွင်း စျေးများတွင် အလွယ်တကူ ဝယ်၍ မရနိုင်ခြင်း နှင့် IDP မိသားစုဝင်များ က ဝယ်ယူရန် မတတ်နိုင်ခြင်း စသည့် အကြောင်းများကြောင့် အဆိုပါ ရေစစ်မြေအိုးများသည် ရေရှည် မတည်မြဲနိုင်သည့် ကြားဖြတ်ဖြေရှင်းနည်း တစ်ခုသာ ဖြစ်ပါသည်။

ထိုကြောင့် အဝီစိတွင်းများ ကို စစ်ဆေးနိုင်သည့် ရင်းမြစ်များရှိရန်၊ ရေ ကို မသန့်ရှင်းခြင်း မဖြစ်ရအောင် ကြိုတင်ကာကွယ် ရန် နှင့် သန့်ရှင်းသော ရေရရှိရေး အတွက် အထောက်အကူပြုသည့် အပြုအမူများကို မြှင့်တင်အားပေးရန် စသည့်အချက်များကို အသားပေးအားစိုက်ထုတ် လုပ်ဆောင်ရန် OXSI မှ အကြံပြုခဲ့ပါသည်။ ရေ အရည်အသွေး စစ်ဆေးချက် မအောင်သည့် အဝီစိ တွင်းများကို ရယူသုံးစွဲနိုင်ခြင်း မရှိစေရန် “ပိတ်” ထားပြီးနောက် ရေ ကို ပြန်လည် သန့်စင်သည့် အစီအစဉ်များ လုပ်ဆောင်စေပါသည်။ ထိုကြောင့် စစ်တွေ ရှိ စခန်းများ ၏ ရေ အရည် အသွေး များကို စိတ်ချရသည့် စမ်းသပ်စစ်ဆေးမှုများ လုပ်ပေးနိုင်ရန်၊ စစ်ဆေးချက် အဖြေထွက်လာ၍ လိုအပ်ပါက အလျင်အမြန် တုံ့ပြန်ဖြေရှင်းပေးနိုင်ရန် အပြင် မသန့်ရှင်းသော ရေသောက်သုံးမိသည့် လူဦးရေကို လျှော့ချရန် နှင့် ရေ အရည်အသွေး ကို မြှင့်တင်နိုင်စေရန် အတွက် အဓိကရည်ရွယ်ပြီး ရေ အရည်အသွေး စစ်ဆေးသည့် ဓာတ်ခန်းခွဲကို တည်ထောင်ထားရခြင်းဖြစ်ပါသည်။ သို့သော် OXSI မှ ဦးစီးဆောင်ရွက်ထားသည့် အဝီစိတွင်းများ၊ လက်နှိပ်ရေတုံကင်များ တွင်သာ ရေ အရည်အသွေးကို စစ်ဆေးခြင်း နှင့် ရေ သန့်စင်ခြင်း တို့ကို လုပ်ပေးနိုင်ပြီး လူတစ်ဦးချင်း ကိုယ့်အစီအစဉ်ဖြင့်ကိုယ် တူးဖော်ထားသည့် “ပုဂ္ဂလိက” ပိုင် အဝီစိ တွင်းများ နှင့် အခြား အဖွဲ့အစည်းများ မှ ပြုလုပ်ထားသည့် တွင်းများ အတွက် စစ်ဆေးပေးနိုင်ခြင်း မရှိသေးပါ။

ရေအရည်အသွေးစစ်ဆေးရေး အဖွဲ့ (WQT) တွင် ကွင်းဆင်း၍ ရေ နမူနာကောက်ယူပေးသူ (၂) ဦး၊ (မကြာခဏ ကွင်းဆင်းဆောင်ရွက်ရသည့်အပြင်) စစ်တွေ ရှိ ဓာတ်ခန်းခွဲတွင် လည်း ရေ အရည်အသွေးစစ်ဆေးပေးသည့် အရာရှိ (၂) ဦး၊ အားလုံးကို ကြီးကြပ်စီမံရန် WASH အဖွဲ့ မှ မန်နေဂျာ (၁) ဦး တို့ ပါဝင်ပါသည်။ ရေအရည်အသွေး ကို စစ်ဆေးသည့်အခါတွင် တစ်နှစ်လျှင် (၂) ကြိမ်ပြုလုပ်ရပါသည်။ ခြောက်သွေ့ရာသီဖြစ်သည့် ဒီဇင်ဘာလ မှ မေလကုန် အတွင်း တစ်ကြိမ်၊ မိုးရာသီဖြစ်သည့် ဇွန်လ မှ နိုဝင်ဘာလ ကုန် အတွင်း တစ်ကြိမ် စစ်ဆေးရပါသည်။ မိုးရာသီကာလတွင် မြေအောက်ရေ မြင့်တက်လာပြီး ရေစီးဆင်းမှုများသည့် အခါ အညစ်အကြေးများကို လက်နှိပ် ရေတုံကင်ရှိရာနေရာများသို့ စီးဆင်းဝင်ရောက်စေနိုင်သည့် အတွက် ခြောက်သွေ့ရာသီကာလ နှင့် ယှဉ်လျှင် မိုးရာသီ ကာလတွင် စစ်ဆေးပါက ရေနမူနာများသည် ပို၍ မသန့်ရှင်းပဲ ဖြစ်နေနိုင်ပါသည်။.

စစ်တွေမြို့နယ်တွင်းရှိ စခန်းများ နှင့် ကျေးရွာများ တွင် ရေနမူနာ ကောက်ယူသည့်အခါ နှင့် စစ်ဆေးသည့် အခါတွင် လိုက်နာလုပ်ဆောင်ရမည့် စံလုပ်ထုံးလုပ်နည်းများ (SOP) ကို ရှင်းပြပေးရန်မှာ ဤ လမ်းညွှန်ချက် ၏ အဓိက ရည်ရွယ်ချက်ဖြစ်ပါသည်။ ရေ အရည်အသွေး စစ်ဆေးရန် တာဝန်ယူထားသည့် ဝန်ထမ်းများ အားလုံး သည် ဤ လမ်းညွှန်ချက်တွင် ပါဝင်သည့် စံလုပ်ထုံးလုပ်နည်းများကို သေချာဖတ်ပြီး လိုက်နာဖို့ရန် တာဝန်ရှိပါသည်။ ရေနမူနာ ကောက်ယူသည့် ဝန်ထမ်းများအားလုံးသည် ဤ စံလုပ်ထုံးလုပ်နည်း လမ်းညွှန်စာအုပ် အတိုင်း လိုက်၍ လုပ်ဆောင်စေရန် ဓာတ်ခွဲခန်းတာဝန်ခံ မန်နေဂျာ၊ အရာရှိ၊ အကူဝန်ထမ်းများအားလုံး မှ တာဝန် ယူ စစ်ဆေးပေးဖို့လိုအပ်ပါသည်။

## ရေနမူနာရယူခြင်း

Oxfam နှင့် SI အဖွဲ့အစည်းသည် အိမ်ထောင်စု အလိုက်သုံးနိုင်သည့် ရေသန့်စင် ပစ္စည်းများ (ဥပမာ - မြေ ရေစစ် အိုးများ) ကို အိမ်ထောင်စုများ အား ပေးဝေခြင်း မရှိတော့သည့် အတွက် အားလုံးအသုံးပြုနေသည့် အဝီစိ တွင်းများအားလုံးမှ ထွက်သည့် ရေများသည့် သန့်ရှင်းစိတ်ချရသည့် ရေ ဖြစ်စေရန် သေချာအောင် လုပ်ဆောင် ပေးဖို့လိုလာပါသည်။ သို့သော် အိမ်ထောင်စုများ မှ ရေနမူနာ ကို ကိန်းဂဏာန်းအရ တွက်ချက် ရွေးချယ်ပြီး စစ်ဆေးခြင်းဖြစ်ပါသည်။ အဆိုပါ စစ်ဆေးထားသည့် နေရာကို သီးခြား အစုအဝေးဖြစ် သတ်မှတ်ပါသည်။ အိမ်ထောင်စုများမှ နေ၍ ရေနမူနာယူစစ်ဆေးရခြင်း ၏ အဓိက ရည်ရွယ်ချက်မှာ နေရာအစုအဝေး တစ်ခုခြင်း စီတွင် နေထိုင်ကြသည့် သူများ ၏ သန့်ရှင်းဘေးကင်းသော ရေရရှိရေးဆိုင်ရာ အလေ့အထများ နှင့် ပတ်သက်၍ အမြင်သဘောထား ရယူနိုင်ရန် ဖြစ်ပါသည်။ အစုအဝေး နေရာတစ်ခု တွင် စစ်ဆေးသည့် ရလဒ်များမကောင်း နေပါက အဆိုပါနေရာတွင် ရပ်ရွာလူထုစည်းရုံးလှုံ့ဆော်ရေးအဖွဲ့များမှ ဦးဆောင်၍ သန့်ရှင်းဘေးကင်း သော ရေ ရရှိရေး ကမ်ပိန်းများကို ဦးစားပေးလုပ်ဆောင်သွားမည်ဖြစ်ပါသည်။

အဝီစိတွင်း နံပါတ်စဉ်များ နှင့် နေရာအလိုက် စစ်ဆေးရမည့် အိမ်ထောင်စု အရေအတွက်များကို နောက်ဆက် တွဲစာမျက်နှာ (က) တွင် ဖော်ပြထားပါသည်။ အဆိုပါ ဇယားကို လူဦးရေ အပြောင်းအလဲ နှင့် အသစ်တူးဖော်ထား သည့် အဝီစိတွင်းအရေအတွက်များပါဝင်လာစေရန် အတွက် တစ်နှစ်လျှင် နှစ်ကြိမ် စစ်ဆေးပြင်ဆင်ရပါမည်။ ထို အပြင် အမှန်တကယ် အသုံးပြုနိုင်သည့် လက်နှိပ်ရေတုံကင်များကိုသာ စစ်ဆေးရသဖြင့် နေရာတစ်ခု တွင် အမှန် တကယ် စာရင်းရှိ အဝီစိတွင်းများ ထက် ပိုနည်းသည့် ပမာဏ ကိုသာ စစ်ဆေးရလေ့ ရှိပါသည်။ အချို့ ကျေးရွာများ တွင် တည်နေရာ အနေအထား နီးစပ်သည့် အတွက် အဖွဲ့တူ အဖြစ် သတ်မှတ်ခံရပြီး အချို့ အိမ်ထောင်မိသားစုများ မှ ရေနမူနာ ရယူသည့်အခါတွင် ကိန်းဂဏာန်းတွက်ချက်မှုအရ ကျေးရွာများ ၏ အစုအဖွဲ့ တစ်ခုချင်းစီအလိုက် ခွဲ စစ်ဆေးပါသည်။  အချို့ကျေးရွာများ တွင် OXSI မှ ဦးစီး လုပ်ဆောင်နေသည့် အများ ပြည်သူသုံး အဝီစိတွင်းများ မရှိတော့သည့် အတွက် OXSI မှ ရေနမူနာ ရယူစစ်ဆေးခြင်း မပြုပါ။

အိမ်ထောင်စုများမှ ရေနမူနာကို ကွင်းဆင်းရယူသည့်အခါတွင် လက်တွေ့ကျသည့် လုပ်ထုံးလုပ်နည်းဖြစ်စေရန် အတွက် တခါတရံ တွင် တစ်နေရာထဲတွင် စုစုပေါင်း အဝီစိ တွင်းအရေအတွက် နှင့် ကိန်းဂဏာန်း အရ အချိုးကျ တွက်ထားသည့် ရေနမူနာ ယူရမည့် အိမ်ထောင်စု အရေအတွက် နှစ်ခုကြား အချိုးအဆ ကို ချိန်ညှိ ကြည့် လျှင် ပို၍ အသုံးဝင် နိုင်ပါသည်။ ဥပမာ ဆေးသမားကြီး (STMG) စခန်းတွင် စုစုပေါင်း အဝီစိတွင်းအရေအတွက် ၁၉၈ ခုရှိပြီး အချိုးကျ တွက်ထားသည့် ရေနမူနာယူရမည့် အရေအတွက် ၉၂ ခု ရှိပါသည်။ ထိုအခါ အနီးစပ်ဆုံး အချိုးချ ရလျှင် နှစ် အချိုး တစ် (2:1) ဖြစ်ပါသည်။ ထိုအချိုးအရဆိုလျှင် ရေနမူနာ ကောက်ယူမည့် သူသည် အိမ်ထောင်စု (၁) စု တွင် ရေနမူနာ ယူပြီးလျှင် အဝီစိတွင်း (၂) တွင်းမှ ရေနမူနာကို ယူရပါမည်။ ဆိုလိုသည်မှာ အဝီစိတွင်းတစ်ခုမှ ရေနမူနာ ယူပြီးလျှင် အနီးနားရှိ အိမ်ထောင်စု တစ်ခု မှ ရေနမူနာ ယူရပါမည်။ ပြီးလျှင် နောက်ထပ် နီးစပ်ရာအဝီစိတွင်းမှ ရေနမူနာကို ရယူရပါမည်။ သို့သော် ထိုအကြိမ်တွင် အိမ်ထောင်စု မှ ရေနမူနာယူရန် မလိုအပ်တော့ပါ။ ထို လုပ်ထုံးလုပ်နည်း အတိုင်း အဝီစိတွင်းအားလုံးမှ ရေနမူနာများကို ရယူ စစ်ဆေးသွားရပါမည်။

ရေနမူနာရယူရန် အိမ်ထောင်စု အရေအတွက်ကို တွက်ချက်ခြင်း

ရေနမူနာရယူရမည့် အိမ်ထောင်စု အရေအတွက်ကို အောက်ပါ Cochran ဖော်မျူလာ အတိုင်းတွက်ချက်ထား ပါသည်။

$$n_0 = \frac{z^2 p(1-p)\not{q}}{e^2}$$

ဤဖော်မျူလာတွင်

Z = ၉၅% ၏ယုံကြည်လက်ခံနိုင်သော ကွာဟချက် သည် ၁.၉၆ ဖြစ်ပါသည်။

P = ကွာဟမှုအနည်းဆုံးဖြစ်စေအာင် ခန့်မှန်းခြေသတ်မှတ်ထားသော အိမ်ထောင်စု အချိုးအစား (ခန့်မှန်းခြေ ကွာဟမှုကို ၅၀ ရာခိုင်နှုန်း အဖြစ် သုံးသည်)

e = လက်ခံနိုင်သော ကွာဟချက် (ဤအခြေအနေတွင် ၁၀ % အဖြစ်သတ်မှတ်ပါ။

$n_0$ = ရေနမူနာရယူရမည့် အိမ်ထောင်စု အရေအတွက်

$$n_0 = \frac{(1.96^2)(0.5)(0.5)}{0.1^2} = 96 \text{ အိမ်ထောင်စု}$$

လူဦးရေနည်းပါက သို့မဟုတ် နေရာတစ်ခုရှိ အိမ်ထောင်စု စုစုပေါင်းအရေအတွက်အရ ဆိုလျှင် Cochran ဖော်မျူလာ ကို ပြန်၍ ညှိနှိုင်းရပါမည်။

$$n = \frac{n_0}{1 + \frac{n_0 - 1}{N}}$$

N သည် စုစုပေါင်းလူဦးရေ (ယခု လမ်းညွှန်ချက်အတွက်ဆိုလျှင် စုစုပေါင်း အိမ်ထောင်စု အရေအတွက်) ဖြစ်ပြီး n သည် အသစ်၊ ပြင်ဆင်ပြီး နမူနာရယူရမည့် အရေအတွက်ဖြစ်ပါသည်။

ဥပမာ မင်းဂံ ကျေးရွာတွင် အိမ်ထောင်စု စုစုပေါင်း (၁၅၁) စု ရှိပါသည်။ ထိုအခါ ရေ နမူနာ ရယူရမည့် အရေ အတွက်မှာ -

$$n = \frac{96}{1+\frac{95}{151}} = 59 \text{ အိမ်ထောင်စု}$$

အိမ်ထောင်စုကို ရွေးသည့်အခါတွင် ရေနမူနာကောက်ယူမည့်သူသည် ၎င်းနမူနာရယူထားသည့် အဝီစိတွင်းမှ ရေကို အသုံးပြုသည့် အိမ်ထောင်စု မှ ရေနမူနာကိုသာ ကောက်ယူရပါမည်။ ထိုအချက်မှ လွဲ၍ အခြား အချက် များ မှ ကျပမ်း ကောက်ယူခြင်းဖြစ်ပါသည်။ အဝီစိတွင်းများ မှ ရသည့် ရေနမူနာ များ နှင့် အိမ်ထောင်စုများမှ ကောက်ယူထားသည့် ရေနမူနာများကို နှိုင်းယှဥ်ကြည့်ပြီးနောက် ဘေးကင်းသန့်ရှင်းသောရေရရှိစေမည့် အပြုအမူများကို မြှင့်တင်ပေးနိုင်သော ကြားဖြတ်အစီအစဥ်များဆောင်ရွက်ရန် သုံးသပ်စဥ်းစားသည့် အခါတွင် အထောက်အကူဖြစ်နိုင်ပါသည်။ အထူးသဖြင့် အဝီစိတွင်းမှ ရေသည်သန့်ရှင်းနေပြီး အိမ်ထောင်စုမှ ကောက်ယူ ထားသည့် ရေနမူနာသည် စစ်ချက်မအောင်ပါက အဆိုပါ အိမ်ထောင်စု သည် ရေသယ်ယူရာတွင်လည်းကောင်း၊ ရေကို သိုလှောင်ရာတွင်လည်းကောင်း သန့်ရှင်း စိတ်ချရသည့် နည်းလမ်းဖြင့် လုပ်ဆောင်နေခြင်း မရှိကြောင်း ကို ကောက်ချက်ချနိုင်ပါသည်။ ထိုနည်းတူ အိမ်ထောင်စုမှ ကောက်ယူထားသည့် ရေ နမူနာသည် သန့်ရှင်းနေပြီး အဝီစိတွင်းမှ ရယူသည့် ရေနမူနာ သည် စစ်ချက် မအောင်ပါက အိမ်တွင်း သုံးနိုင်သည့် ရေသန့်စင် နည်းလမ်းများ ဖြစ်သည့် (ရေစစ်သုံးခြင်း၊ ကလိုရင်းခပ်ခြင်း စသည့်နည်းများသည်) ထိရောက်နေသည် ဟု ဆိုနိုင်ပါသည်။

လက်နှိပ်ရေတုံကင် သည် ပျက်နေ၍ အသုံးပြုခြင်း မရှိနေပါက ရေနမူနာကို ကောက်ယူသူသည် မှတ်ချက် ရေးသားရန်သာလိုပြီး အဆိုပါ အဝီစိတွင်းမှ ရေနမူနာကို ကောက်ယူရန် မလိုအပ်ပါ။ တကယ်လက်တွေ့ အသုံးပြု နေသည့် လက်နှိပ်ရေတုံကင်များသည် မျှော်မှန်းထားသည့် အရေအတွက်ထက် နည်းနေပါက အခြား လက်နှိပ် ရေတုံကင် အရေအတွက် များနှင့် အချိုးကျဆက်စပ်သည့် အနည်းဆုံးကောက်ယူရမည့် အိမ်ထောင်စု အရေ အတွက် ကို ပြည့်မှီနိုင်ရန် အိမ်ထောင်စုအရေအတွက် ကို ထပ်တိုး၍ ရေနမူနာကောက်သူမှ ကောက်ယူပေး ဖို့လို ပါသည်။ ရေနမူနာ ကောက်ယူရမည့် အိမ်ထောင်စု အရေအတွက်သည် ထိုနေရာရှိ အဝီစိတွင်း အရေအတွက် နှင့် မသက်ဆိုင်ပဲ တွက်ချက်ထားသည့် စုစုပေါင်း အိမ်ထောင်စု အရေအတွက်နှင့်သာ ဆိုင်ပါသည်။

ရေနမူနာကောက်ယူသူသည် အိမ်ထောင်စုများမှ ရေကောက်ယူသည့် အခါတွင် အိမ်ထောင်စုတွင်း သုံးသည့် ရေသန့်ရှင်းရေး အလေ့အထကို အလျင်အမြန် မေးမြန်း၍ စစ်တမ်းကောက်ယူဖို့လည်း လိုပါသည်။ သို့မှသာ အဆိုပါ အချက်အလက်များကို အဏုဇီဝပိုးစစ်ဆေးချက်ရလဒ်များ နှင့် ဆက်စပ်ရန် ဖြစ်စေ ရေ ပြန်လည် သန့်စင်ရေး အတွက် သတင်းစကားများပေးသည့်အခါ မည်သည့် အပြုအမူမျိုးကို အဓိကထား၍ ပညာပေး ရမည်ကို အဖြေရှာရန် အတွက် ဖြစ်စေ အသုံးပြုနိုင်မည်ဖြစ်ပါသည်။ အလျင်အမြန်မေးရမည့် စစ်တမ်း မေးခွန်း အပြည့်အစုံကို နောက်ဆက်တွဲစာမျက်နှာ (ခ) တွင် ဖော်ပြထားပါသည်။ ထိုအထဲ တွင် ရေရယူသည့် ရင်းမြစ်၊ ရေသိုလှောင်ရန် သုံးသည့် ပစ္စည်းများ၊ (ရှိပါက)မိသားစုတွင် ရေသန့်စင်ရန် သုံးသည့် နည်းလမ်း နှင့် အခြား အချက်အလက်များ ပါဝင်ပါသည်။

## ရေနမူနာ ရယူရာတွင် လိုအပ်သည့် ပစ္စည်းများ

ရေနမူနာ ကောက်ယူသည့် တစ်ရက်အတွက် လိုအပ်သည့် ပစ္စည်းများ မှာ -

- သန့်ရှင်းသည့် ၀.၆ လီတာဆန့် ရေဘူး (၄၀) ဘူး။
- ရေသန့်ဘူးအားလုံး ဝင်ဆံ့မည့် ရေခဲပုံးများ။
- ရေခဲ။
- လက်သန့်ဆေးရည်။
- ရေနမူနာဆန်းစစ်ချက်ဒေတာအချက်အလက်များထည့်ရန် စာရွက် သို့မဟုတ် ဒေတာကောက်ရန် Tablet
- နေရာတိုင်းအတွက်လက်နှိပ်ရေတုံကင်စာရင်းများနှင့်ရေနမူနာရယူရန်လိုသည့်အိမ်ထောင်စုအရေ အတွက်စာရင်း။
- ဆော့ပင်၊ ဘောပင် နှင့် ရေသန့်ဘူးပေါ်တွင် ကပ်ပြီး ရေးမှတ်ရန် တိပ် နှင့် ဖြည့်ရမည့် ဒေတာ စာရင်း စာရွက်များ။

## ရေနမူနာ ရယူရာတွင် လိုက်နာရမည့် နည်းလမ်းများ

ရေနမူနာကောက်ယူမည့်သူသည် ကောက်ယူရမည့် နေ့ မနက် (၉) နာရီတွင် စတင်နိုင်စေရန် အတွက် ရေနမူနာယူ ရာတွင်လိုအပ်သည့်အချို့ ပစ္စည်းကိရိယာများကို ကြိုတင်ပြင်ဆင်ပြီး ရေနမူနာကောက်ယူမည့် နေရာသို့ တစ်ရက် ကြိုတင်၍ ပို့ထားပေးဖို့လိုပါသည်။ ထိုနောက် ရေနမူနာ ကောက်ယူမည့် နေ့ မနက် (၉) နာရီ ဝန်းကျင်တွင် လိုအပ်သည့် ရေသန့်ဘူးများ၊ ဒေတာစာရွက်များ နှင့် ရေခဲပုံးများကို အဆိုပါ နေရာသို့ Oxfam ခာတ်ခွဲခန်းမှ ပို့ထား ပေးရပါမည်။

စိတ်ပါဝင်စားမှုရှိပြီး၊သင်တန်းတက်ရောက်ထားသည့် စခန်းအခြေစိုက် အချိန်ပိုင်း ရေနမူနာကောက်ယူသူများမှ ရေနမူနာများကို လိုက်လံ ကောက်ယူပါမည်။ တာဝန်အရ ရေနမူနာကောက်ယူရန် လူနှစ်ယောက် လိုအပ်ပါသည်။ ပထမ တစ်ယောက်သည် ရေနမူနာများကို ကောက်ယူပြီး နောက်တစ်ယောက်သည် သက်ဆိုင်သည့် ရေနမူနာ ယူရမည့် အိမ်ထောင်စုကို ရှာဖွေပေးထားပြီးနောက် သက်ဆိုင်သည့် အချက်အလက်များကို tablet

ထဲတွင် ဖြည့်သွင်းပေးရပါမည်။ အချို့ အိမ်ထောင်စုများတွင် အမျိုးသား ရေနမူနာ ကောက်ယူသူ အိမ်ထဲ ဝင်ရောက်ပါက အမျိုးသမီး မိသားစုဝင်များ အတွက် အဆင်မပြေဖြစ်နိုင်သည့် အတွက် ရေနမူနာ ကောက်ယူသူ ကို ကူညီပေး နိုင်သည့် အမျိုးသမီး စေတနာဝန်ထမ်းများကိုလည်း တခါတရံ တွင် လိုက်ပါကူညီစေဖို့လိုပါသည်။

ရေနမူနာ တွင် ရေးသားရမည့် အမှတ်အသားများတွင် ရေနမူနာကောက်ယူသည့် နေ့စွဲ နှင့် ခေတ်ခွဲခန်းတွင် အသုံးပြုရန် အတွက် နံပါတ်စဥ်တို့ပါဝင်ပါသည်။ နံပါတ်စဥ်ကို အဝီစိတွင်းနံပါတ်စဥ် သို့မဟုတ် အိမ်ထောင်စု နံပါတ်စဥ် အတွက် ပထမဆုံး စယူသည့် ရေနမူနာ ဖြစ်သည့် အတွက် "၁" ဖြင့် စတင်ပါမည်။ နောက်နေ့တွင် ရေနမူနာ ဆက်ယူပါက ပထမဆုံးစယူသည့် ရေနမူနာကို "၁" ဟု နံပါတ်စဥ်တပ်ပြီး ဒုတိယယူသည့် ရေနမူနာကို "၂ စသည်ဖြင့် အစဥ်လိုက်တပ်သွားပါမည်။

နေရာတစ်နေရာ တွင် ရေနမူနာယူရန် အတွက် များသောအားဖြင့် ၅ မိနစ်ခန့် ကြာတတ်ပါသည်။ ပုံမှန်အားဖြင့် တနင်္လာနေ့ မှ ကြာသပတေးနေ့အထိ တစ်ရက်လျှင် ရေနမူနာ ၃၀ မှ ၄၀ ထိ ကောက်ယူရလေ့ ရှိပါသည်။ ကြားတွင် အားလပ်ရက် ခံ၍ ဖြစ်စေ၊ သင်တန်း/workshop များကြောင့် ဖြစ်စေ ရေနမူနာ ကောက်ယူနိုင်ခဲ့ခြင်း မရှိပါက လိုအပ်သည့် ရေနမူနာကို သောကြာနေ့တွင် ကောက်ယူ၊ စစ်ဆေးပြီးနောက် စနေနေ့တွင် ရလဒ်ကို ဖတ်ရပါမည်။

## အဝီစိတွင်းမှ ရေနမူနာရယူခြင်း

အဝီစိတွင်းမှ ရေနမူနာရယူရန်ရေနမူနာကောက်ယူမည့်သူသည် အောက်ပါ အဆင့်များကို လိုက်နာဖို့လိုပါသည်။ -

၁. လက်ကို လက်သန့်ဆေးရည်ဖြင့် သန့်ရှင်းစွာဆေးထားရသည်။

၂. ရေတုံကင်ကို ဆေးကြောသန့်စင်ရန် စက္ကန့် (၃၀) ခန့် လက်နှိပ်၍ ရေကို ထုတ်ပစ်ပါ။

၃. ရေတုံကင်မှ ရေဖြင့် ရေသန့်ဘူးကို ၂ ကြိမ်ခန့်ကျင်း၍ဆေးပေးပါ။

၄. ရေဘူး၏ ထိပ်ဖျားပိုင်း နှင့် ရေဘူး အဖုံး ကို မည်သည့် အရာနှင့်မျှ မထိတွေ့စေပဲ ရေဘူး အတွင်းသို့ အနည်းဆုံး ၅၀၀ ml ခန့်ထိပြည့်အောင် ဖြည့်ပါ။

၅. ရေနမူနာ နှင့် ဆိုင်သည့် နံပါတ်စဥ် ကို ရေသန့်ဘူးပေါ်တွင် ရေးမှတ်ပါ။ပြီးနောက် ရေအရည်အသွေး စစ်ဆေးခြင်းဆိုင်ရာ အချက်အလက်မှတ်ယူမည့် စာရင်းစာရွက်ပေါ်တွင် ရေးမှတ်ပါ။ (ပုံ- ၁ တွင် ပြထားသည့်အတိုင်း) နေ့စွဲ၊ ရေနမူနာယူသည့် အချိန်၊ ရေတုံကင်အမှတ်၊ နမူနာ ၏ အမှတ်စဥ်တို့ကို ရေဘူးပေါ်တွင် ရေးမှတ်ပါ။

၆. ထို့နောက် ရေဖြည့်ပြီး အချက်အလက်များ ရေးမှတ်ထားသည့် ရေဘူးကို ရေခဲပုံးထဲသို့ထည့်ပါ။

၇. Tablet (တက်ဘလက်) ထဲတွင် ရေအရည်အသွေးစစ်ဆေးခြင်းဆိုင်ရာ စာရင်းစာရွက်အတိုင်း နံပါတ်စဥ်များကို ရေးမှတ် ပြီး အခြား သက်ဆိုင်သည့် အချက်အလက်များကိုလည်း ရေးမှတ်ပါ။



*ပုံ-(၁) . ရေးမှတ်ထားသည့် ရေသန့်ဘူးများ*

## အိမ်ထောင်စုအရေအတွက် အလိုက် ရေနမူနာရယူခြင်း

အိမ်ထောင်စုများမှ ရေနမူနာကောက်ယူရာတွင် လိုက်နာရမည့် နည်းလမ်းများ -

၁. (နေရာ တစ်နေရာတွင် ကောက်ယူရန် လိုသည့် အိမ်ထောင်စု အရေအတွက် ပေါ်မူတည်၍) နမူနာ ကောက်ယူပြီးသည့် အဝီစိတွင်းကို အသုံးပြုသည့် အိမ်ထောင်စု တစ်စု သို့မဟုတ် နှစ်စု ထံမှ ရေနမူနာကို ရယူပါ။

၂. လက်သန့်ဆေးရည်ဖြင့် လက်ကို သေချာစွာ သန့်စင်ပါ။

၃. အိမ်ထောင်စု အတွက် သောက်သုံးရေ ကို သိုလှောင်ထားသည့် ရေပုံးမှ ရေ ၄၀၀ မီလီလီတာ ခန့်ကို ရေသန့်ဘူးထဲသို့ ဖြည့်ထည့်ပါ။ ရေသိုလှောင်ထားသည့် ရေပုံး/ရေအိုး ထဲသို့ ရေဘူးကို နှစ်၍ မထည့်ရပါ။ မြေအိုးရေစစ်အသုံးပြုသည့် အိမ်ဖြစ်ပါက မြေရေစစ်အိုးမှ စစ်ချထားသည့် ရေကိုသာ နမူနာ အဖြစ်ရယူ ပါ။ အိမ်ထောင်စု တွင် ရေကို ခွက်ဖြင့် သို့မဟုတ် လက်ကိုင်ပါသောရေခွက်ဖြင့် ခပ်၍ သောက်လေ့ ရှိပါက ထိုနည်း အတိုင်း ရေကို ခပ်ယူပြီးမှ ရေနမူနာဘူးထဲသို့ ထည့်ပါ။ (မိသားစုဝင်များသည် သင် ကို အိမ်ထဲသို့ မဝင်စေလိုပါက မိသားစုဝင် တယောက်ယောက်ကို ရေနမူနာ မည်သို့ ယူရမည်ကို ပြောပြပေးပြီး ရယူ စေပါ။ )

၄. ရေနမူနာကို နံပါတ်စဥ် တစ်ခုပေးပါ။ အဆိုပါ နံပါတ်စဥ်ကို ရေသန့်ဘူးပေါ် နှင့် ရေအရည်အသွေးစစ် ဆေးခြင်းဆိုင်ရာ အချက်အလက်များမှတ်သော စာရွက်ပေါ်တွင် ရေးမှတ်ပါ။ ရေဘူးပေါ်တွင် ရေးမှတ်သည့် အခါတွင် ရေနမူနာ ရယူသည့် နေ့စွဲ၊ ရေနမူနာ ယူသည့် အချိန်၊ အဆောင်နံပါတ်၊ အခန်းနံပါတ် နှင့် ရေနမူနာ ၏ နံပါတ်စဥ် တို့ ပါဝင်ဖို့လိုပါသည်။

၅. ထိုနောက် ရေဖြည့်ထားသည့် ရေဘူးကို ရေခဲပုံးထဲသို့ ထည့်ပါ။

၆. (နောက်ဆက်တွဲ စာမျက်နှာ - ခ) Tablet (တက်ဘလက်)ထဲ ရှိ အိမ်ထောင်စု ရေအရည်အသွေး စစ်ဆေးခြင်း ဇယား စာရွက်တွင် ဖြည့်ရမည့် အချက်အလက်များကို ဖြည့်ပေးပါ။

ရေနမူနာထည့်ထားသည့် ဘူးများကို ရေခဲများဖြည့်ထားသည့် ပုံးထဲသို့ ထည့်ရပါမည်။ ထိုနောက် ရေအရည် အသွေး စစ်ဆေးခြင်းဆိုင်ရာ စာရွက်စာတမ်းများကို ရေစိုခံသည့် ဖိုင်တွဲဖြင့် ဖြစ်စေ၊ Tablet (တက်ဘလက်) ကို သီးခြား ဖြစ်စေ သယ်ယူရပါ မည်။ ရေနမူနာများပါသော ရေနမူနာပုံး နှင့် ဖိုင်တွဲ/Tablet (တက်ဘလက်) များကို ဓာတ်ခွဲခန်းသို့ (၆) နာရီ အတွင်း အရောက်ပို့ပေး ဖို့လိုပါသည်။ ရေနမူနာများကို ကောက်ယူပြီးပါက ထိုနေ့တွင် အပြီးစစ်ဆေးဖို့လိုပါသည်။ အဖြေရလဒ်သည် ၂၄ နာရီ အတွင်း ရနိုင်ပါသည်။

## ရေအရည်အသွေး ကို တိုင်းတာစစ်ဆေးခြင်း

အဏုဇီဝပိုးပါဝင်မှုကို ရေနမူနာ အားလုံးတွင် စစ်ဆေးသော်လည်း pH နှင့် ဆားရေ ဝင်ရောက်မှု နှုန်းကို တ်မှတ် ရွေးချယ်ထားသည့် အဝီစိများ အတွက်သာ စစ်ဆေးပါသည်။ ဆားရည်ပါဝင်နှုန်း (Conductivity) ကို စစ်ဆေးခြင်း ဖြင့် မြေအောက်ရေအောင်းလွှာမ ရေအများအပြားထုတ်ယူသုံးစွဲမှုကြောင့် အချိန်ကြာလာသည် နှင့်အမျှ ဆားရည်များသည် ရေချို နှင့် ရောနှောဝင်ရောက်လာသလားဆိုသည်ကို စစ်ဆေးပေးနိုင်ပါသည်။ pH ကို တိုင်းတာစစ်ဆေးပါက ရေတွင် ဘယ်လောက် ထိရောက်သည့် ကလိုရင်းခပ်ပေးဖို့လိုသလဲ ဆိုသည်ကို စစ်ဆေးပေး နိုင်ပါသည်။ စစ်တွေသည် ယခင်ကတည်းက အာဆင်းနစ် ပြဿနာ မရှိခဲ့သည့် အတွက် ပရိုဂရမ် ၏ အစပိုင်းတွင် အာဆင်းနစ်ပါဝင်နှုန်းကို အဝီစိတွင်းစုစုပေါင်း ထဲမှ ၅% ကိုသာ စစ်ဆေးပေးခဲ့ပါသည်။ ထိုနောက် စစ်ဆေးသည့် ရလဒ်များ တွင် အာဆင်းနစ် ပါဝင်နှုန်းများ မြင့်တက်လာသည်ကို တွေ့ရှိရသည့် အတွက် မေလ၊ ၂၀၁၉ ခုနှစ်မှ စ၍ အဝီစိတွင်း စုစုပေါင်းထဲ မှ ၁၀% ထိ တိုး၍ စတင်စစ်ဆေးပေးခဲ့ပါသည်။

*ဇယား (၁) - ရေနမူနာ စစ်ဆေးချက် အတွက် အကျဥ်းချုပ်ဖော်ပြချက်။*

| | **ကြိမ်ရေ** | **နမူနာရယူသည့် နည်းလမ်း** |
|---|---|---|
| **အဏုဇီဝပိုးပါဝင်နှုန်းကို စစ်ဆေးခြင်း** | | |
| စခန်းများ နှင့် ကျေးရွာများ ရှိ အဝီစိတွင်းများ ကို ပုံမှန် စစ်ဆေးခြင်း။ | ခြောက်သွေ့ရာသီ နှင့် မိုးရာသီ _ စုစုပေါင်း တစ်နှစ်လျှင် (၂) ကြိမ်။ | ကျေးရွာများ နှင့် စခန်းများရှိ OXSI ၏ အဝီစိတွင်း အားလုံး။ (၁၀၀%) |
| စခန်းများ နှင့် ကျေးရွာများ ရှိ အဝီစိတွင်းများကို နောက်ဆက်တွဲ စစ်ဆေးခြင်း။ | စစ်ဆေးချက်မအောင်မြင်သည့် အဝီစိတွင်းများ သည် ရေကို ပြန်လည်သန့်စင်ပြီးနောက် ထပ်၍ စစ်ဆေးခြင်း။ | ရေကို ပြန်လည်သန့်စင်ပြီးနောက်စစ်ဆေးချက် မအောင်သည့် အဝီစိတွင်းများ အားလုံး။ (၁၀၀%) |

| | | |
|---|---|---|
| စခန်းများ နှင့် ကျေးရွာများ ရှိ အိမ်ထောင်စုများ မှ ရေများကို နမူနာ ယူ၍ ပုံမှန်စစ်ဆေးခြင်း။ | ခြောက်သွေ့ရာသီ နှင့် မိုးရာသီ _ စုစုပေါင်း တစ်နှစ်လျှင် (၂) ကြိမ်။ | C.I 95% နှင့် တိကျမှု အတွက် ၁၀%။ နေရာ တစ်ခုသည် လွတ်လပ်သည့် အစုအဝေး တစ်ခုစီ အဖြစ်ခွဲခြားသတ်မှတ်ပါသည်။ |
| **အခြား စစ်ဆေးမှုများ** | | |
| တိကျသည့် လျှပ်ကူးနှုန်းအား စစ်ဆေးခြင်း။ | ခြောက်သွေ့ရာသီ _ တစ်နှစ် လျှင် တစ်ကြိမ် | OXSI ၏ အဝီစိတွင်း အားလုံး။ (၁၀၀%) |
| pH စစ်ဆေးခြင်း | ခြောက်သွေ့ရာသီ နှင့် မိုးရာသီ _ စုစုပေါင်း တစ်နှစ်လျှင် (၂) ကြိမ်။ | စစ်ဆေးချက် မအောင်သည့် မသန့်ရှင်းသော/သောက်သုံးရန် စိတ်မချရ သည့် အဝီစိတွင်းများ အားလုံး။ (၁၀၀%) |
| အာဆင်းနစ် ဓာတ်ပါဝင်မှုနှုန်းကို စစ်ဆေးခြင်း။ | တစ်နှစ်လျှင် တစ်ကြိမ်၊ ၂၀၁၉ တွင် တစ်နှစ်လျှင် နှစ်ကြိမ် ဟု ပြောင်းလဲထားသည်။ | နေရာ အစုအဝေးတစ်ခု တွင် OXSI ၏ အဝီစိတွင်း စုစုပေါင်းထဲမှ ၅ %။ 2019 ခုနှစ် တွင် ၁၀% ဟု ပြောင်းလဲထားပါသည်။ |

စီမံကိန်း အစပိုင်းနှစ်တွင် ရေအရည်အသွေးကို စစ်သည့်အခါတွင် E.Coli ပိုးပါမပါကို ရည်ညွှန်းပေးနိုင်သည့် Thermotolerant Coliform (TTC) ကို စစ်ဆေးခဲ့ပါသည်။ E.coli ပိုးကို စစ်ဆေးရန် ၂၀၁၈ ခုနှစ်တွင် ပြောင်းလဲ ဆုံးဖြတ်ခဲ့ပါသည်။ E.coli ဘက်တီးရီးယားပိုးကို စစ်ဆေးပါက ရေတွင် မစင်များ ဝင်ရောက်နေသလား ဆိုသည် ကို အကောင်းဆုံးပြညွှန်ပေးနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော e.coli သည် အခြား coliform ဘက်တီးရီးယား ပိုးများ နှင့် မတူပဲ မစင်မှ သာ တဆင့်ကူးစက်ပြန့်ပွားနိုင်၍ဖြစ်ပါသည်။

## အဏုဇီဝပိုးစစ်ဆေးနည်း လမ်းညွှန်ချက်

### ပါဝင်ပစ္စည်းများ

- Potakit ကိရိယာ (ပါဝင်ပစ္စည်းများကို ပုံ - ၂ တွင်ပြထားပေးပါသည်။ ပါဝင်သည့်အရာများမှာ အဏုဇီဝပိုးစစ်ဆေးရာတွင် သုံးသည့် ဓာတ်ခွဲခန်းသုံး အလူမီနီယံ ခွက် (၂၀)၊ ရေစစ်စက္ကူအပါး ၂၀၀၊ အရည်ကိုစုပ်ယူနိုင်သော စက္ကူပြား ၂၀၀၊ ၃၈.၁၀ဂရမ် ရှိသည့် ပိုးစာဆေးမှုန့် (membrane Lauryl Sulfate Media)၊ မီးခြစ်၊ ရေစစ် ရာတွင် အသုံးပြုသည့်အောက်ခံခွက်၊ ရေစစ် ကတော့၊ ရေစစ်ယူမည့် အောက်ခံခွက်နှင့် ရေချိန်သည့်ခွက်အား ခိုင်မြဲအောင် ဆက်စပ်တပ်ဆင်သည့် ကော်လာပုံစံ သတ္တုပစ္စည်း၊ အရည်ကိုစုပ်နိုင်သောစက္ကူပြားများထည့်ထားသော သတ္တုခွက်ငယ်များ ထည့်ရန်အသုံးပြုသည့် ကွေးဆုံနိုင်သော ကိရိယာ၊ လက်ကိုင် မှန်ဘီလူး၊ ချောဆီ၊ ပိုးစာ ဆေးမှုန့် ချိန်တွယ်သည့်ပစ္စည်း၊ ဇာဂနာ၊ အရည်ကိုစုပ်ယူနိုင်သော စက္ကူပြား ထုတ်ပေးသည့်ပစ္စည်း၊ ရာဘာ ကျူဘ့် ပါသည့် လက်နှိပ်ခလုပ်၊ polypropylene ဆေးရည်ပါသော ဘူးများ၊ ရေနမူနာထည့်ရန် ခွက် နှင့် ကြိုးများ၊ ပိုးမွေးရန်အပူထိန်းညှိသည့် ကိရိယာ၊ အပေါ် နှင့် အောက်ဖက်တွင် ထည့်ရမည့် ရာဘာ အို ကွင်းများ)

အခြား ပါဝင်ပစ္စည်းများ



ပုံ - (၂) – Potakit ကိရိယာ တွင် ပါဝင်သည့် ပစ္စည်းများ

- မီးဖို
- အရက်ပျံ (Methanol)
- မီးခြစ်
- လျှပ်စစ်ရေနွေးအိုး
- CHROMAgar ပိုးစာအမှုန့် (CHROMAgar broth powder)
- လက်သန့်ဆေးရည်
- ပန်းကန်ဆေးဆပ်ပြာ
- ခဓာတ်ခွဲခန်းသုံး လက်အိတ်များ
- တစ်ရှူးများ
- နှာခေါင်းစည်း
- စက္ကူတိပ်
- ဆော့ပင် နှင့် ဘောပင်များ

Wagtech ထုတ်လုပ်သော Potaflex မှညွှန်ကြား၊ လမ်းညွှန်ချက်လက်စွဲအတိုင်း လိုက်နာကျင့်သုံးနိုင်ရန် အောက်တွင်ဖော်ပြထားသည်။

## ကြိုတင်ပြင်ဆင်ခြင်း

၁. ပါဝင်သော ပစ္စည်းများကိုတပ်ဆင်ခြင်း

၂. ကြိုတင်ပြင်ဆင်ပြီး MLSB ကြားခံပစ္စည်းကို အသုံးပြုခြင်း

*ပုံ - ၃ ရေစစ်အတွက် တပ်ဆင်ရမည့် ပစ္စည်းများ*





၁. လက်နှိပ်လေစုပ်စက်

၂. ရေစစ်ဘူး

၃. ရေနမူနာ ထည့်ရန် ခွက်

၄. အတိုင်းအတာပါသည့် အလူမီနီယံ ရေချိန်ခွက်

၅. အလွှာပါးရေစစ်ဖတ်များကို ထည့်ရန် နှင့် ဖိအားထိန်း

၆. အလုံပိတ်ရန် ကြားခံရာဘာစ

၇. ကြေးဖြင့်လုပ်ထားသည့် အပိတ်

*ပုံ - ၄ . သိုလှောင်ခန်းပါသည့် ရေစစ်အခြေကို တပ်ဆင်ခြင်း။*

စီမံကိန်း ၏ ပထမ နှစ်တွင် ရေအရည်အသွေးစစ်ဆေးသည့် ဓာတ်ခွဲခန်းတွင် Membrane Lauryl Sulfate Broth (MLSB) နည်းလမ်းကို အသုံးပြုခဲ့ပါသည်။ - MLSB ကြားခံအရည်ကို အသုံးပြုရန် ပြင်ဆင်ရာတွင် လုပ်ဆောင်ရမည့် အဆင့်များမှာ -

၂.၁ နမူနာ ၂၀၀ ကို စစ်ဆေးရန် အတွက် ဓာတ်ခန်းခွဲသုံးဖန်ပေါင်းပွြန် သို့မဟုတ် ဖန်ပေါင်းခွက် ထဲသို့ ပေါင်းခံရည့် ၅၀၀ မီလီလီတာ နှင့် MLSB ၃၈.၁ ဂရမ်ကို ထည့်ရပါမည်။

၂.၂ ရောထားသည့် အရည်ကို အပူပေးပါ။(ပွက်ပွက်ဆူအောင် အပူမပေးရပါ)။ သို့မဟုတ် MLSB ပေါင်ဒါမှုန့်များ အရည်ပျော်သွားစေရန် သေချာ မွှေပေးပါ။

၂.၃ ထိုနောက် အသင့်ပြင်ထားသည့် ၅၀ မီလီလီတာ ပလတ်စတစ်ဘူးထဲသို့ အရည်ကို လောင်းထည့်ပါ။ (အဆိုပါ ဘူးတွင် MLSB အမှုန်များ သို့မဟုတ် ဆပ်ပြာကဲ့သို့ သန့်ရှင်းရေး အမှုန့်များ စသည့် အကြွင်းအကျန်များ မရှိစေရန် သေချာသန့်စင်ထားပါ။)

၂.၄ MLSB ပေါင်းရည် ထည့်ထားသည့် ဘူးအဖုံးကို ပြန်တပ်ပါ။သို့သော် ဘူးအဖုံးကို အနည်းငယ်ချောင်ထားပါ။အကြပ် မပိတ်လိုက်ပါနှင့်။ ထိုနောက် ပိုးသတ်စက် (Autoclave) ထဲသို့ အတည့်အတိုင်း ထောင်ထည့်၍ ဘူးများကို ပိုးသတ်ပေးပါ။

၂.၅ ပိုးသတ်စက်သုံးပါက ၁၂၁ ဒီဂရီစင်တီဂရိတ် တွင် ၁၀ မိနစ်ခန့်ထည့်၍ ပိုးသတ်ပါ။သို့မဟုတ် အဆိုပါ ဘူးများအား ပေါင်းအိုးကို အသုံးပြု၍ ပိုးသတ်မည်ဆိုပါက ပေါင်းအိုး အငွေ့များကို ၁၅ မိနစ်ခန့် လွှတ်ထားပေးပါ။ ဘူးများကို ထုတ်ပြီး အအေးခံပေးပါ။ ထိုနောက် ဘူးအဖုံးကို လုံအောင် ပိတ်ပြီးနောက် အေးမြပြီး မှောင်သည့်နေရာတွင် သိမ်းထားပါ။

၂.၆ ကြားခံရည်သည် အခန်းအပူချိန်ကဲ့သို့ အေးသွားပါက အဆိုပါ အရည်ကို အလွှာပါးချပ် (membrane pad) တစ်ခုချင်းစီ လုံလုံလောက်လောက် စိုရွှဲသွားသည့် အထိ ၂ မီလီလီတာ ခန့် စီ လောင်း ထည့်ပေးပါ။

၂.၇ membrane pad များ စိုရွှဲသွားပါက ပိုနေသည့် MLSB အရည်များကို သွန်ပစ်ပါ။

၂.၈ ရောစပ်ထားသည့် ကြားခံ MLSB အရည်သည် ပုံမှန်အားဖြင့် ၆ ပတ် မှ ၈ ပတ်ထိ အထားခံပါသည်။သို့သော် တခုခု ပြောင်းလဲလာပါက (ဥပမာ အဝါရောင်ပြောင်းလာခြင်း၊ အရည်များ နောက်ကျိလာခြင်း စသည်တို့ဖြစ်လာပါက) သွန်ပစ်ပါ။

၂.၉ ပုံမှန်အားဖြင့်ဆိုလျှင် ရောစပ်ထားသည့် ကြားခံအရည်များ တစုံတခု နှင့် ရောနှောပြီး မသန့်ရှင်းဖြစ် မဖြစ်စေရန် အတွက် အရည်ထည့်ထားသည့် ဘူးကို တစ်နေ့လျှင် တစ်ဘူးသာ အသုံးပြုပြီး နောက်နေ့ တွင် နောက်ထပ် ဘူးအသစ်ကို အသုံးပြုသင့်ပါသည်။ သို့သော် ထိုသို့မဖြစ်နိုင်ပါက အရည်ကို ထုတ်ယူသုံးစွဲပြီး ဘူးအဖုံးကို ချက်ချင်းပြန်ပိတ်ပါ။ ထိုနောက် အရည်ထည့်ထားသည့် ဘူးကို ရေပူဖြင့် ၁၅ မိနစ်ခန့် ပြန်၍ စိမ်ပြီး ပိုးသန့်စင်ပေး နိုင်ပါသည်။

၂.၁၀ အသုံးပြုပြီးသည့် ဘူးအလွတ်များကို ပြန်မသုံးခင် သေချာ သန့်ရှင်းဆေးကြောပေး ဖို့လိုပါသည်။ ဘူးထဲတွင် ကျန်နေနိုင်သည့် အကြွင်းအကျန်များအားလုံးကို ရေပူဖြင့်ဆေးချပြီး၊ ဆပ်ပြာ/အစွန်းချွတ်ဆေး အနည်းငယ်သုံး၍ သန့်ရှင်းပေးရပါမည်။ ရေသန့်ဖြင့် အကြိမ်ကြိမ်ဆေးချ ပေးပါ။ ထိုနောက် အဖုံးပြန်တပ်ထားပြီး သန့်ရှင်း၊ ခြောက်သွေ့သောနေရာတွင် အခြောက်ခံပေးပါ။

၂.၁၁ အေးမြသည့်နေရာတွင် ထားမည်ဆိုပါက ရေနမူနာကို မစစ်ဆေးခင် ၆ နာရီ အလိုကတည်းက အရည်ကိုစုပ်ယူနိုင်သော စက္ကူပြားများပေါ်တွင် MLSB အရည်ကို လောင်းထည့်ထားနိုင်ပါသည်။

၂.၁၂ MLSB ပေါင်ဒါမှုန့်များကို အေးမြ၊ ခြောက်သွေ့သော နေရာများတွင် သိမ်းထားမည် ဆိုပါက ၅ နှစ်အထိ အထားခံပါသည်။

၃. Chromogenic ကြားခံအရည်ကို အသုံးပြုခြင်း နှင့် ကြိုတင်ပြင်ဆင်ခြင်း။

စီမံကိန်း ၏ ပထမနှစ်တွင် ရေအရည်အသွေးကို စစ်ဆေးသည့်အခါတွင် E.Coli ဘက်တီးရီးယားပိုး ပေါက်လာ စေရန် အတွက် အခြား ကြားခံ ပစ္စည်းတစ်ခုကို ပြောင်း သုံးခဲ့ပါသည်။ Chromogenic ကြားခံပစ္စည်းသည် ပေါင်ဒါအမှုန့်ဖြစ်ပြီး ပုံပိုးပစ္စည်း လက်စွဲစာအုပ်မှနေ၍ ရယူထားသည့် အောက်ပါ အဆင့်များအတိုင်း လိုက်၍ လုပ်ဆောင်ရပါမည်။[1] -

၃.၁ သန့်စင်ထားသည့် ရေ ၁ လီတာတွင် ပေါင်ဒါ ၂၅.၅ ဂရမ်ကို ဖြည်းဖြည်းချင်း ထည့်ပြီး ပျော်ဝင်သွား စေပါ။

၃.၂ ပေါင်းစပ်ထားသည့် အရည် ကို ဖြည်းညင်းစွာ မွှေပေးပါ။

၃.၃ ထိုသို့ ပုံမှန်အတိုင်း မွှေနေစဥ်မှာပင် အပူချိန် (၁၀၀°C) ဖြင့် အပူပေးပါ။

**အပူချိန် ၁၀၀ °C ထက် မပိုပါစေနှင့်။ ပိုးသတ်စက် (Autoclave) တွင် ၁၂၁ °C ထား၍ မထည့်ပါနှင့်။**

- ပိုးသတ်စက် (autoclave) ကို သုံးမည်ဆိုပါက ဖိအား မပါပဲ သုံးပါ။
- ၁၀၀ °C ဖြင့် အပူပေးသည့် အဆင့်အတွက် ရောစပ်ထားသည့် အရည်ကို မိုက်ကရိုဝေ့ဖ်မီးဖို ထဲတွင်လည်း ထည့်ပြီး လုပ်နိုင်ပါသည်။ ပထမ တစ်ကြိမ် အပူပေးပြီးနောက် မီးဖို ထဲမှ ထုတ်ပါ။ ပြီးလျှင် ဖြေးဖြေး မွှေပေးပါ။ ထိုနောက် မီးဖို ထဲသို့ ပြန်ထည့်ပြီး ဗလုံစီပွက်လာသည့် အထိ ဖြည်းဖြည်းချင်း အပူပေးပါ။

၃.၄ အခန်း အပူချိန်သို့ရောက်အောင် အအေးခံပေးပါ။

၃.၅ အဆိုပါ ကြားခံအရည်ကို CHROMAgar Liquid ECC ဟု ခေါ်ဆိုပါသည်။

၃.၆ ဖျော်စပ် ပြင်ဆင်ထားသည့်အရည်ကို နေရောင်/အလင်းရောင် မထိတွေ့စေရန်၊ ညစ်ညမ်းမှု မဖြစ် စေရန် ကာကွယ်ပြီး သေချာပြင်ဆင်၍ (၂ မှ ၈ °C) ရှိသည့် အအေးခန်းတွင် သိမ်းထားမည်ဆိုပါက (၁) လ ထိ အထားခံပါသည်။

## ပိုးသတ်သည့် လုပ်ငန်းစဥ်

အထွေထွေ တစ်ကိုယ်ရည်သန့်ရှင်းရေး နှင့် ပိုးသတ်သည့် လုပ်ငန်းစဥ်များသည် အဓိက အထူးအရေးကြီးသည့် လုပ်ငန်းစဥ်များဖြစ်ပါသည်။ အရာရာတိုင်းကို သန့်ရှင်းအောင်ထားပြီး ပိုးသတ်ပေးဖို့လိုပါသည်။ အထူးသဖြင့် အောက်ပါ မျက်နှာပြင်များကို သန့်ရှင်းပေးဖို့လိုပါသည်။ -

- ရေနမူနာ ထည့်သည့် ခွက် ၏ အတွင်းမျက်နှာပြင်
- ရေများကိုစစ်ထုတ်ပေးသောဘူး ၏ အတွင်းမျက်နှာပြင်
- ရေစစ်စက္ကူ နှင့် အရည်များကိုစုတ်ယူနိုင်သောအပြား များ
- ရေစစ်စက္ကူ ထည့်သည့်နေရာ၏ အပေါ်ဖက် မျက်နှာပြင်
- ဓာတ်ခွဲခန်းသုံး သတ္တုပြား များ ၏ အတွင်းဖက်
- အရည်ကိုစုပ်ယူနိုင်သော စက္ကူပြား ထုတ်ပေးသည့်ပစ္စည်း၏ လက်တံ နှင့် ညှပ်

၁. စစ်ထုတ်ပေးသည့် ကိရိယာတစ်ခုလုံး နှင့် ရေနမူနာ ထည့်မည့် ခွက်တို့ ကို သန့်ရှင်းသည့် တစ်ရှူး အသုံးပြုရန် သုတ်ပြီး အခြောက်ခံ ပေးပါ။

၂. ရေနမူနာထည့်မည့် ခွက်အတွင်း သို့ methanol ၁ မီလီလီတာ လောင်းထည့်ပြီးနောက် မွှေပေးပါ။

[1] Manual available here: https://www.chromagar.com/fichiers/1543248473NT_EXT_038_NOTICE_LECC.pdf

၃. နမူနာထည့်မည့် ခွက်ကို တည့်တည့်မတ်မတ်ထားပြီး မီးလောင်စေနိုင်မည့် အရာများ နှင့် ခပ်ဝေးဝေးတွင် ထားပါ။

၄. မီးခြစ်ကိုအသုံးပြုပြီး methanol ကို မီးရှို့လိုက်ပါ။ methanol မီးလောင်နေစဥ် စစ်ထုတ်ပေးသည့် ကိရိယာခွက် တစ်ခုလုံးကို ရေနမူနာထည့်မည့် ခွက်အတွင်းသို့ မှောက်ထည့်လိုက်ပါ။





*ပုံ (၅) – Methanol ကို မီးရှို့ပြီးနောက် စစ်ထုတ်မည့် ခွက်တစ်ခုလုံးကို ရေနမူနာထည့်မည့် ခွက်အတွင်း သို့ မှောက်ထည့်နေပုံ။*

၅. ရေနမူနာ ထည့်မည့် ခွက် နှင့် စစ်ထုတ်မည့် ခွက် နှစ်မျိုးလုံး ပိုးသတ်ပြီးသားဖြစ်စေရန် ၅ မိနစ်ခန့် စောင့်ဆိုင်းပေးပါ။ မီသနော သည် အောက်ဆီဂျင်မဲ့ လောင်ကျွမ်းပြီးနောက် ပိုးမွှားများကို အပြည့်အဝ သတ်ပေးနိုင်သည့် ဖော်မလင် ဓာတ်ကို ထုတ်လွှတ်ပေးပါသည်။

၆. ပိုနေသည့် အရည်များကို လွှတ်ပစ်ပေးပါ။

၇. နံပါတ်စဥ် (၁ မှ ၆) ထိ ပိုးသတ်သည့် အဆင့်များကို ရေနမူနာများ မထည့်ခင် နှင့် ရေနမူနာများကို စစ်ထုတ်ပြီးနောက်မှာ ချက်ချင်း လုပ်ဆောင်ပေးဖို့လိုပါသည်။

၈. အဏုဇီဝပိုးစစ်ဆေးရာတွင် သုံးသည့် ဓာတ်ခွဲခန်းသုံး အလူမီနီယံ ခွက်များကို အသုံးမပြုခင် ရေနွေးထဲတွင် ထည့်၍ ပိုးသတ်ပေးဖို့လိုပါသည်။ ပိုးသတ်ပြီးသည့် အခါတွင် ခွက်များကို အခြောက်ခံပေးဖို့လိုပါသည်။ အခြား ပိုးသတ်သည့် နည်းများ ဖြစ်သည့် ပိုးသတ်စက် အသုံးပြုခြင်း သို့မဟုတ် အဏုဇီဝပိုးစစ်ဆေးရာတွင် သုံးသည့် ဓာတ်ခွဲခန်းသုံး အလူမီနီယံ ခွက် များကို လျှပ်စစ် မီးဖို ထဲတွင် အပူချိန် ၃၀၀°C ဖြင့် မိနစ် ၃၀ ခန့်ထည့်ထားခြင်း သို့မဟုတ် ၁၅၀°C ဖြင့် ၆၀ မိနစ်ခန့် ထည့်ထားသည့် နည်းများကိုလည်း အသုံးပြုနိုင်ပါသည်။

၉. စစ်ဆေးရာတွင်သုံးသည့် အလွှာချပ် များကို ၁၀၀ ဆန့် ဘူးတောင့်ထဲ ထည့်၍ ပိုးသတ်နိုင် ပါသည်။ ပိုးသတ်ထားသည့် အလွှာချပ်များ ထုတ်ပေးနိုင်သည့် စက်ကို အသုံးပြု၍ ဓာတ်ခွဲခန်းသုံး အလူမီနီယံ ခွက်ထဲသို့ အလွှာချပ်များကို ထည့်နိုင်ပါသည်။ ဘူးတောင့်ကို အသုံးပြုပြီးပါက ထုတ်ပေးသည့်စက် တွင် နောက်ထပ် အသစ်ကို တွဲပေးနိုင်ပါသည်။ အလွှာချပ်များ ထုတ်ပေးသည့်စက်ကို မတွဲပဲ အလွတ် မထား ပါနှင့်။ အလွှာချပ်များထုတ်ပေးသည့် စက် မရှိပါက ပိုးသတ်ထားသည့် ညှပ်ကို အသုံးပြုပါ။ (ပုံ - ၆ တွင် ရှု)

၁၀. ရေစစ်အလွှာပါး ကို ညှပ်ဖြင့် မယူခင် ညှပ်ကို မီး အပူ  ဖြင့် ပိုးသတ်ပေးရပါမည်။ ညှပ် ထိပ်ဖျားများကို မီးတောက်ထဲသို့ ၅ စက္ကန့် ထည့်ပါ။ ပြီးလျှင် ပြန်ထုတ်ပြီး ရေစစ် အလွှာ ကို ညှပ်ဖြင့်မယူမီ ပြန်၍ အအေးခံပေးပါ။ (ပုံ-၇ ကိုကြည့်ပါ)

ရေနမူနာ ကို စစ်ဆေးခြင်း

၁. ရေနမူနာ အားလုံးကို စစ်ဆေးရန် နမူနာယူပြီး ၆ နာရီ အတွင်း ပိုးမွေးထားဖို့လိုပါသည်။

၂. ပိုးသတ်ထားသည့် ဓာတ်ခွဲခန်းသုံး အလူမီနီယံ ခွက်ထဲသို့ အလွှာချပ် ကို ထည့်လိုက်ပြီး MLSB အရည်ကို စိုစွတ်အောင် ထည့်ပေးပါ။ CHROMagar Liquid ECC အရည်ကို အသုံးပြုမည်ဆိုပါက ကြားခံ အရည် ၂ မီလီလီတာခန့် ကို ပြွန်တံဖြင့် ထည့်ပေးပါ။



*ပုံ (၆) - အလွှာချပ်ကို ပိုးသတ်ထားသည့် petri ခွက်ထဲသို့ ထည့်ပြီး အပေါ်မှ MLSB အရည်ကို လောင်းထည့်ပေးနေပုံ။*

၃. ရေစစ်ဘူးကို ချောင်အောင် လုပ်ထားပြီး အခြေ ကို ဖယ်ထုတ်ပါ။

၄. အလွှာကို ညှပ်ယူမည့် ညှပ် ကို မီးဖြင့် အပူပေးပြီး ပိုးသတ်ပါ။ ပြီးနောက် အအေးခံပါ။ ထိုနောက် ညှပ် ကို အသုံးပြုပြီးနောက် ပိုးသတ်ထားသည့် အလွှာချပ်ကို ရေစစ်ရန် အလွှာချပ် ထည့်သည့် ကြေးခွက် ထဲသို့ထည့်ပါ။ မျဉ်းကြောင်းများပါသည့် မျက်နှာပြင်ကို အပေါ်ဖက်တွင်ထားပါ။ ထိုအလွှာချပ် သည် ပြဲနေခြင်း သို့မဟုတ် မသန့်ရှင်းနေပါက အသုံးမပြုပဲ အသစ်တစ်ခုကိုသာ အသုံးပြုပါ။



*ပုံ (၇) - ညှပ်ကို ယူပြီး ပိုးသတ်ပါ။ ညှပ်ကို ပိုးသတ်ပြီးပါက ပိုးသတ်ထားသည့် membrane အလွှာကို အလွှာချပ်ထည့်ရမည့် ကြေးခွက် ထဲသို့ထည့်ပါ။*

၅. အလွှာချပ်ကို နေသားတကျဖြစ်အောင်ထားပြီးနောက် ရေစစ် funnel ကို သူ့နေရာတွင် သေချာထည့်၍ ဖိချပါ။

၆. ရေနမူနာကို ၁၀၀ မီလီလီတာ လိုင်းသို့ရောက်သည့် အထိ ရေစစ် ခွက် အတွင်းသို့ လောင်းထည့်ပေးပါ။



*ပုံ (၈) - ရေနမူနာကို ၁၀၀ မီလီလီတာ လိုင်းသို့ ရောက်သည့် အထိ လောင်းထည့်ပါ။*

၇. လက်နှိပ်လေစုပ်စက် ကို ရေစစ်ဘူး ၏ အခြေ နှင့် ချိတ်ပေးပါ။ ပြီးနောက် နမူနာရေများ ကို အလွှာပါးထိရောက်အောင် လေစုပ်စက်ကို နှိပ်ပေးပါ။



*ပုံ - ၉ နမူနာရေများ membrane အလွှာသို့ ရောက်သွားအောက် လက်နှိပ်လေစုပ်စက်ကို နှိပ်ပေးပါ။*

၈. ရေများအားလုံးကို ရေစစ်အတိုင်း ဖြတ်သန်းစေပြီးပါက၊ လက်နှိပ်လေစုပ်စက်ကို ဖယ်လိုက်ပါ။ ပြီးနောက် ပိုးသတ်ထားသည့် ညှပ်ဖြင့် အလွှာပါးကို ရေစစ်ဘူးမှ ဖယ်လိုက်ပါ။



*ပုံ - ၁၀ ရေစစ်ဘူးထဲမှာ အလွှာပါးကို ပိုးသတ်ထားသည့် ညှပ်သုံးပြီး ညှပ်ယူနေပုံ။*

၉. ရေနမူနာ ဖြတ်ထားသည့် အလွှာပါးကို MLSB ကြားခံ အရည် သို့မဟုတ် CHROMAgar Liquid Ecc အရည် ထည့်ထားသည့် အလွှာချပ် ပေါ်သို့ တင်လိုက်ပါ။



*ပုံ - ၁၁ ရေနမူနာ ဖြတ်ထားသည့် အလွှာပါးကို MLSB သို့မဟုတ် CHROMAgar Liquid Ecc အရည် ထည့်ထားသည့် အလွှာချပ်ပေါ်သို့ တင်လိုက်ပါ။*

၁၀. petri ခွက် အဖုံးကို ပြန်အုပ်ပေးပါ။ ပြီးနောက် သက်ဆိုင်သည့် နမူနာ နံပါတ်စဥ်ကို ရေးမှတ်ပါ။

၁၁. ထိုနည်းအတိုင်း အခြား ရေနမူနာများ အားလုံးကို လုပ်ဆောင်ပါ။ ပြီးနောက် နမူနာများကို ပိုးမွေးသည့် စက် ထဲသို့ ထည့်ပါ။

၁၂. နောက်ဆုံး ရေနမူနာကို စစ်ဆေးပြီးလျှင် အရေးကြီးသည့် အချက်တစ်ခုကို သတိထားသင့်ပါသည်။ ပိုးမွေးသည့် အဆင့် မစတင်မီ ဘက်တီးရီးယားပိုးများကို ပြန်၍ အသက်သွင်းရန် ၁ နာရီ မှ ၄ နာရီ အထိ စောင့်ကြည့်ဖို့လိုပါသည်။ ထိုနည်းဖြင့် ဇီဝကမ္မအရ ဖိအားတစ်ခုခု ကြုံထားသည့် ဘက်တီးရီးယား ပိုးများ ကိုလည်း ပြန်၍ အသက်သွင်းပြီးသားဖြစ်သွားစေပါသည်။

၁၃. မစင်တွင် ပေါက်ဖွားသည့် ဘက်တီးရီးယား ပိုးများ (thermotolerant) ကို မွေးရန် အတွက်၊ ပိုးမွေးစက် ကို အပူချိန် ၄၄°C သို့ ချိန်ထားဖို့လိုပါသည်။ E.Coli ပိုးကို မွေးရန် အတွက် CHROMAgar Liquid ECC အရည်ကို အသုံးပြုပါက ပိုးမွေးစက်ကို အပူချိန် ၃၇°C သို့ ချိန်ထားဖို့လိုပါသည်။

၁၄. ပိုးများကို ပြန်၍အသက်သွင်း ရန် ၄ နာရီ အပြင် ပိုးမွေးရန် ကြာသည့် အနိမ့်ဆုံး အချိန်မှာ ၁၄ နာရီဖြစ်ပါ သည်။ E.Coli ပိုးမွေးရန် အတွက် ၁၈ - ၂၄ နာရီ အထိ ကြာမြင့်တတ်ပါသည်။

ဘက်တီးရီးယားပိုး ကောင်ရေကို ရေတွက်ခြင်း နှင့် ရလဒ်များကို မတ်တမ်းတင်ခြင်း

၁. သတ်မှတ်ထားသော အချိန်အတိုင်း စက်ထဲတွင် ထည့်၍ ပိုးမွေးပြီးနောက် စက်ကို ပါဝါ ပိတ်ပြီး ခွာတ်ခွဲခန်းသုံး အလူမီနီယံ ခွက်  များကို စက်ထဲမှ ထုတ်ပါ။

၂. ညီညာသည့် မျက်နှာပြင်ပေါ်တွင် ထိုအလူမီနီယံ ခွက် ကို တင်ပါ။

၃. အဖုံးကို ဖယ်ပြီးနောက် (ပုံပါအတိုင်း) မည်သည့် အရွယ်အစားဖြစ်နေပါစေ အရောင် အမှန်ရှိသည့် Ecoli ပိုး အစုအဝေး များအားလုံး ကို ရေတွက်ပါ။ လိုအပ်ပါက လက်ကိုင် မှန်ဘီလူးလေးကို အသုံးပြုပါ။

၄. Ecoli ပိုး အစုအဝေးများကို ရေတွက်သည့်အခါတွင် အေးသွားလျှင်ဖြစ်စေ၊ အပြင်ချထားတာ ကြာလျှင် ဖြစ်စေ အရောင်ပြောင်းသွားနိုင်သည့် အတွက် မိနစ် အနည်းငယ်အတွင်း ရေတွက်ပါ။

MSLB ကြားခံအရည်ဖြင့် ပေါက်ထားသည့် thermotolerant ဘက်တီးရီးယားပိုးများ အတွက် -


- အဝါရောင်ရှိသည့် ပိုးအစုအဝေးများကို ရေတွက်ပါ။ အဝါရောင်မဟုတ်သည့် (ဥပမာ - ပန်းရောင် သို့မဟုတ် အကြည်ရောင်) ရှိသည့် ကိုလိုနီ အစုအဝေးများကို ရေတွက်စရာ မလိုပါ။ ၁၀၀ မီလီလီတာ တွင် ရှိသည့် ကိုလိုနီအစုအဝေး ရလဒ်ကို မှတ်တမ်းတင်ပါ။



*ပုံ - ၁၂ (လိုအပ်ပါက လက်ကိုင် မှန်ဘီလူးကို အသုံးပြုပြီး) အဝါရောင် thermotolerant ဘက်တီးရီးယားပိုး အစုအဝေးကို ရေတွက်ပါ။*

CHROMagar Liquid ECC တွင် ပေါက်ထားသည့် E. Coli ပိုးအတွက် -

- အပြာရောင်ရှိသည့် ပိုးများကိုသာ ရေတွက်ပါ။ ၁၀၀ မီလီလီတာ လျှင် ရှိသည့် ကိုလိုနီ အစုအဝေး အရေအတွက်ကို မှတ်တမ်းတင်ပါ။




*ပုံ - ၁၃ CHROMAgar Liquid ECC အရည်တွင် ပေါက်ထားသည့် E.Coli ပိုးသည့် တောက်ပသည့် အပြာရောင် အစုအဝေး ကိုလိုနီ အဖြစ်မြင်ရပါလိမ့်မည်။*

TTC သို့မဟုတ် E.Coli အစုအဝေး ၁၀ ခုထက်ပို၍ ရှိသည့် စစ်ချက်သည် မအောင်သည့် စစ်ချက်ဖြစ်ပြီး ထိုရေ အရင်းအမြစ်ကို ပြန်လည်သန့်စင်သည့် လုပ်ငန်းများဆောင်ရွက်ဖို့လိုပါလိမ့်မည်။ ရေနမူနာ ၏ စစ်ချက်အဖြေ များကို ဒေတာဘေ့စ်ထဲသို့ ထည့်သွင်းပေးပါသည်။ ထို ဒေတာဘေ့စ်ကို ရေ ရင်းမြစ် ပြန်လည်သန့်စင်ရေး လုပ်ပေးသည့် အဖွဲ့မှ လည်း ဝင်ပြီးကြည့်နိုင်ပါသည်။ ထိုအခါ မည်သည့် အဝီစိတွင်းများသည် အဏုဇီဝ ပိုးစစ်ချက် မအောင်သဖြင့် ပြန်လည်သန့်စင် ရန် လိုအပ်ကြောင်းကို သတိပေးအကြောင်းကြားနိုင်မည် ဖြစ်ပါသည်။

စစ်ချက် အဖြေရလဒ်အကြောင်း ကို စခန်းအခြေစိုက် ရပ်ရွာတွင်း လုံ့ဆော်ရေး ဝန်ထမ်းများအား ချက်ချင်း အကြောင်းကြားဖို့လိုပါသည်။ သို့မှသာ စစ်ချက်မအောင်သည့် အဝီစိတွင်း ရှိရာနေရာ နှင့် ထိုရေရင်းမြစ်ကို အသုံးပြု နေသည့် သူများထံသို့ ၂၄ နာရီ အတွင်း သွားရောက် အကြောင်းကြားနိုင်မည်ဖြစ်ပါသည်။ ရေအရည်အသွေးစစ် ဆေးချက် မအောင်မြင်သည့် အတွက် အဆိုပါ အဝီစိတွင်းမှ ရေကို အခြား အကြောင်းအရင်းများ အတွက် သုံးနိုင်သော်လည်း သောက်သုံးရန် မသင့်တော်ကြောင်းကို ပြောပြပေးပါ။ (နောက်ဆက်တွဲစာမျက်နှာ - စီ) တွင် ပါသည့် ဆိုင်းဘုတ် သို့မဟုတ် အလွယ်တကူ မဖယ်နိုင်သည့် သတိပေးစာကို စစ်ချက်မအောင်သည့် အဝီစိတွင်း ရှိ လက်နှိပ်ရေတုံကင်ပေါ်တွင် ရပ်ရွာအား သတိပေးသည့် အနေဖြင့် ကပ်ထားပေးရပါမည်။ လိုအပ်မည် ဆိုပါက ရပ်ရွာ စည်းရုံးလှုံ့ဆော်ရေ အဖွဲ့မှ ဦးဆောင်၍ အဝီစိတွင်း အနီးတဝိုက်တွင် သန့်ရှင်းရေး ကမ်ပိန်း ကို ဦးဆောင် လုပ်ပေးဖို့လိုပါလိမ့်မည်။ တပတ်အတွင်း SI အဖွဲ့အစည်းသည် ရေကို ညစ်ညမ်းစေသည့် အကြောင်းအရင်း ကို စုံစမ်းဖော်ထုတ်ရန် လုပ်ဆောင်ပါလိမ့်မည်။ ဥပမာ - ရေတုံကင် အဖုံး (apron) ကွဲနေခြင်း၊ တွင်းထဲရှိ ပိုက် ချောင် နေခြင်း၊ သို့မဟုတ် အနီးအနား တွင် ရေပုပ်/ရေသေအိုင် ရှိနေခြင်း။ ထိုသို့ ထင်သာမြင်သာ ရှိသည့် အကြောင်းအရင်းကို မတွေ့ပါက အဝီစိတွင်းကို ကလိုရင်းခပ်ပြီးနောက် ရေ အရည်အသွေးကို နောက် တစ်ပတ် နေလျှင် ပြန်၍ စစ်ဆေးပေးဖို့လိုပါသည်။ စစ်ဆေးသည့် အဖြေရလဒ် သည် ကောင်းပါက ရေရင်းမြစ် သည် သောက်သုံးရန် စိတ်ချရကြောင်းကို စခန်းအခြေစိုက် ဝန်ထမ်းများမှ လူထုထံသို့ အကြောင်းကြားပေးပြီး တိပေးစာကို ဖယ်ရှားပေးဖို့လိုပါသည်။ ပြန်စစ်ဆေးသည့် စစ်ချက်တွင် အဝီစိတွင်းသည် မအောင်ပါက တွင်းကို ဆက်၍ သောက်သုံးရေ အဖြစ် မသုံးနိုင်ရန် "ပိတ်" ထားပေးဖို့လိုပါသည်။အဝီစိတွင်းရေကို သန့်ရှင်း စေသည့် အကြောင်းအရင်း ကို ရှာဖွေပြီးနောက် အဖွဲ့မှ ပြင်ဆင်ပေးပါလိမ့်မည်။ လိုအပ်သည့် နေရာများတွင် ပြင်ဆင်မှုများ ပြုလုပ်ပြီးပါက အဝီစိတွင်းကို ကလိုရင်းခပ်ပြီးနောက် တပတ်အကြာတွင် ပြန်၍ စစ်ဆေးပေးဖို့လိုပါသည်။ ထိုရလဒ်ပေါ် မူတည်၍ တွင်းကို "ပိတ်ခြင်း" သို့မဟုတ် "ဖွင့်ပေးခြင်း လုပ်ပေးရပါလိမ့်မည်။ အဆိုပါ လုပ်ငန်းစဥ် များကို နောက်ဆက်တွဲစာမျက်နှာ (E) တွင် ဖော်ပြပေးထားပါသည်။

အဏုဇီဝပိုးစစ်ဆေးချက်များ ၏ အရည်အသွေး ကို ထိန်းသိမ်းနည်းများ

| အဏုဇီဝ ပိုးစစ်ဆေးချက်များ ၏ အရည်အသွေးကို ထိန်းသိမ်းနည်းများ | |
|---|---|
| ရေနမူနာကို ၂ ကြိမ် စစ်ဆေးခြင်း | ရေနမူနာ စုစုပေါင်း ၏ ၂၀% (၅ ခု လျှင် ၁ ခု) ကို ၂ ကြိမ် တိုက် ၍ စစ်ဆေးရပါမည်။ ပုံမှန် ပြန့်နှံသည့် ကြိမ်ရေ ဇယား နှင့် တိုက်ဆိုင်၍ ယင်းရလဒ်ကို စစ်ဆေးရပါမည်။ စစ်ချက် တိုင်းအောင် နေလျှင် ရေနမူနာ ၁၀ ခုလျှင် ၁ ကြိမ်သို့ လျှော့ချ ၍ ၂ ကြိမ်တိုက်စစ်နိုင်ပါသည်။ |
| (နည်းမျိုးစုံဖြင့်) အလွတ်တန်း ပိုးသတ် စစ်ဆေးကြည့်ခြင်း | ရေနမူနာ ၁၀% မှ ၂၀ % အတွက် အလွတ်တန်း ပိုးသတ်စစ် ဆေးပြီး စစ်ဆေးသူ ၏ ပိုးသတ်သည့် လုပ်ဆောင်မှုကို စစ်ကြည့်နိုင်ပါသည်။ ထိုနည်းဖြင့် မှားယွင်းပြီး ရေသည် သန့်ရှင်း/သောက်သုံးရန်မသင့် ဟု အဖြေထုတ်မိခြင်းကို ကာကွယ် နိုင် မည်ဖြစ်ပါသည်။ |
| ထပ်ဆင့်မည့် (ကြားခံအရည်များ) ကို အလွတ်တန်းစစ်ဆေးကြည့်ခြင်း | ကြားခံအရည် တစ်ဘူး သို့မဟုတ် တနေ့လျှင် တကြိမ် ကြားခံ အရည်များသည် ရောနှော၊ ညစ်ညမ်းနေခြင်း မရှိစေ ရန် အလွတ် တန်းစစ်ဆေးပေးဖို့လိုပါသည်။. |
| ပိုးမွေးသည့် စက် ၏ အပူချိန်ကို ချိန်ညှိ ထားခြင်း | စက်ပစ္စည်းများ ၏ အရည်အသွေးစစ်ဆေးခြင်း ဖောင်ကို အသုံး ပြု၍ တပတ်လျှင် တကြိမ် စစ်ဆေးပေးရပါမည်။ |

**အဏုဇီဝ ပိုးစစ်ဆေးချက်များ ၏ အရည်အသွေးထိန်းရန် ထပ်ဆင့်စစ်ဆေးခြင်း။**

**၂ ကြိမ် တိုက် စစ်ဆေးခြင်း** - ရေနမူနာ တစ်ခုထဲမှ ရေကို နမူနာ (၂) ခုခွဲ၍ ကွဲပြားချက်များကို စစ်ဆေးကြည့်သည့် နည်းသည် (၂) ကြိမ်တိုက် စစ်ဆေးခြင်းဖြစ်ပါသည်။ ရေထဲတွင် ဘက်တီး ရီးယားပိုးများ ပျံ့နှံနေမှုကြောင့် ရေနမူနာ (၂) ခုသည် ထပ်တူကျသည့် ရလဒ် မထွက်နိုင်သည်ကို သတိထား ဖို့ရန် အရေးကြီးပါသည်။ ပုံမှန် ပျံ့နှံမှု ကြိမ်ရေပြ ဇယားဖြင့် တိုက်၍ ရလဒ် (၂) ခု ၏ ခြားနားချက်များကို စစ်ဆေး ကြည့်နိုင်ပါသည်။ ရေနမူနာ စုစုပေါင်း ၏ ၂၀% (နမူနာ ၅ ခု လျှင် ၁ ခု) နှုန်းဖြင့် နမူနာများကို (၂) ကြိမ်တိုက် စစ်ဆေးသင့်ပါသည်။ (၂) ကြိမ်တိုက်စစ်ဆေးသည့် ရလဒ်သည် ပုံမှန် ပျံ့နှံမှု ကြိမ်ရေပြဇယားပြင်ပ တွင် ရောက် နေပါက အဆိုပါ နမူနာကို ပယ်ပြီးနောက်ထပ် တစ်ကြိမ် ပြန်၍ စစ်ဆေးဖို့လိုပါလိမ့်မည်။

ပြီးခဲ့သည့် တစ်ပတ်အတွင်း (၂) ကြိမ်တိုက်စစ်ဆေးသည့် ရလဒ်များ ၏ ၁၀% နှုန်း နှင့် အထက်သည် ပုံမှန် ပျံ့နှံမှုနှုန်း ပြင်ပ တွင် ဖြစ်နေပါက (၂) ကြိမ်တိုက်စစ်ဆေးသည့် နှုန်းကို ၁၀% ထပ်တိုးဖို့လိုပါသည်။ (ဆိုလိုသည်မှာ ရေနမူနာ စုစုပေါင်း ၏ ၃၀% ထိ ကို စစ်ဆေးပေးရပါမည်။) ထို ရက်သတ္တပတ်ပြီး နောက်တပတ် တွင် (၂) ကြိမ်တိုက် စစ်ဆေးသည့် ရလဒ်များ စုစုပေါင်း ၏ ၁၀% အောက် ပုံမှန်ပျံ့နှံမှုနှုန်း ပြင်ပတွင် ရောက်ပါက (၂) ကြိမ်တိုက် စစ်သည့် နှုန်းကို ၁၀% ပြန်လျှော့နိုင်ပါသည်။ (ဆိုလိုသည်မှာ ရေနမူနာ စုစုပေါင်း ၏ ၃၀% ကို (၂) ကြိမ်တိုက် စစ်ဆေးနေရာမှ ၂၀% သို့ ပြန်လျှော့၍ စစ်ဆေးနိုင်ပါသည်။) သို့သော် (၂) ကြိမ်တိုက် စစ်ဆေးသည့် နှုန်းကို ၂၀% အောက်သို့ မလျှော့ကျစေရပါ။ ပုံမှန် ပျံ့နှံမှု နှုန်း ဇယားကို နောက်ဆက်တွဲစာမျက်နှာ (D) တွင် ဖတ်နိုင်ပါသည်။

**ပိုးသတ်ပြီးသောရေနမူနာအား အလွတ်တန်း ပိုးသတ်စစ်ဆေးခြင်း** – အလွတ်တန်း ပိုးသတ်စစ်ဆေးခြင်း ဆိုသည် မှာ ပိုးသတ်ထားပြီးသာ ရေ ၁၀ မီလီလီတာ ကို စစ်ဆေးကြည့်ခြင်း ဖြစ်ပါသည်။ ထိုသို့ စစ်ဆေးရခြင်းမှာ ပိုးသတ် သည့် လုပ်ငန်းစဥ် တစ်ခုလုံး မှန်ကန်စွာ လုပ်ဆောင်နိုင်မှုကို စစ်ဆေးလို၍ ဖြစ်ပါသည်။ အလွတ်တန်းစစ်ဆေးရာ တွင် သုံးမည့် ရေကို (၃) မိနစ် ထိ ကြာအောင် ကျိုချက်ပေးဖို့လိုပါသည်။ ထိုနောက် ဘူးထဲသို့ထည့်ပါ။ ထိုနောက် အဆိုပါ ဘူးကို ပိုးသတ်ရန် ပိုးသတ်သည့် စက် (autoclave) ထဲသို့ ထည့်ပါ။ ရေဘူးထဲမှ ရေကို အလွတ်တန်း စစ်ရာ တွင် မသုံးရပါ။ ရေနမူနာ အစစ်အမှန် ၏ ၁၀ ၂၀ ရာခိုင်နှုန်း (ဆိုလိုသည်မှာ ရေနမူနာ အစစ် ၁၀ ခုလျှင် ၅ ခုကို) အလွတ်တန်း စစ်ဆေးပေးဖို့လိုပါသည်။ အလွတ်တန်းစစ်ဆေးသည့် အခါတွင် ဘက်တီးရီးယား ပိုး အစုအဝေးများ ပြလာပါက ထို အလွတ်တန်း စစ်ထားသည့် နမူနာ နှင့် ဆက်စပ် သည့် နမူနာများ အားလုံး ကို စာရင်းစာရွက်ထဲတွင် “အပယ်” အဖြစ် သတ်မှတ်ပြီးနောက် အားလုံးကို ပြန်၍စစ်ဆေးပေးဖို့လိုပါသည်။

ကြားခံရည်/ပစ္စည်း ကို အလွတ်တန်း စစ်ဆေးခြင်း - ကြားခံရည်/ပစ္စည်းကို စစ်ဆေးသည့် အခါ စုပ်ယူနိုင်သည့် အလွှာချပ် ပေါ်တွင် ကြားခံရည်ကို ရေစစ်လွှာ မပါပဲ ထည့်ပါ။ ထိုနောက် နမူနာအရည် ဖြင့် ပိုးမွေးပါ။ Membrane Lauryl Sulphate Broth အရည် ကို သုံးလိုက်ပြီး အလွှာချပ်သည် အနီ/လိမ္မော်မှ အဝါ ရောင်သို့ ပြောင်းသွားပါက ကြားခံရည်သည် တစုံတခု နှင့် ရောနှောညစ်ညမ်း နေပြီဖြစ်ပါသည်။ CHROMagar Liquid ECC ကြားခံရည်ကို အသုံးပြုလိုက်စဥ် ခွက်ထဲ တွင် တစုံတရာ ထွက်ပေါ်လာပါက အဆိုပါ ကြားခံရည် သည် မသန့်တော့ပါ။ ထိုသို့ဖြစ်ပါက ကြားခံရည်ကို စွန့်ပစ်ရပါမည်။ ထိုနေ့ စစ်ဆေးထားသည့် နမူနာများ အားလုံးကို “ပယ်”ကြောင်း ဇယားထဲတွင် မှတ်တမ်းတင်ပြီး အားလုံးကို ပြန်၍ စစ်ဆေးဖို့လိုပါသည်။ တစ်နေ့တည်းတွင် ကွဲပြားသည့် ကြားခံရည်ကို အသုံးပြုတိုင်း အလွတ်တန်း ကြားခံရည် စစ်ဆေးခြင်းကို ပြုလုပ်ပေးရပါမည်။

## အခြားစစ်ဆေးမှုများ

အဝီစိတွင်း ရေနမူနာများအားလုံး ကို pH နှုန်း၊ အစိုင်အခဲပျော်ဝင်နှုန်း သို့မဟုတ် ဆားရည်ပါဝင်နှုန်းကို စစ်ဆေးခြင်း တို့ကို ပြုလုပ်ပေးပါမည်။ pH ကို စစ်ပေးခြင်းဖြင့် အဆိုပါ အဝီစိတွင်း သို့မဟုတ် နေရာတွင် ကလိုရင်းခပ်သည့်အခါတွင် ကလိုရင်း ပမာဏ ပုံမှန်ထက် ပိုလိုအပ်သလား ဆိုသည်ကို သိနိုင်ပါသည်။ လျှပ်ကူးနိုင်စွမ်းကို စစ်ဆေးခြင်းဖြင့် မြေအောက်ရေအောင်းလွှာမှ အချိန်ကာလ ကြာလာသည် နှင့်အမျှ ရေ အများအပြား ထုတ်ယူသုံးစွဲခြင်းကြောင့် ဖြစ်လာသည့် ဆားရည်ဝင်ရောက်မှု ရှိမရှိ ကို ဖော်ပြပေး နိုင်ပါသည်။

## pH စစ်ဆေးရာတွင် လိုက်နာရန် လမ်းညွှန်ချက်များ

ပထမ စစ်ချက်မအောင်သည့် အဝီစိတွင်း အားလုံး ၏ နမူနာများ ကို pH ပြန်၍ စစ်ဆေးပေးရပါမည်။ အကြောင်းမှာ စစ်ချက်မအောင်ထားသည့် အဝီစိတွင်းများကို ကလိုရင်းခပ်ဖို့လိုအပ်ပြီး ကလိုရင်း ၏ ထိရောက်မှုသည် pH ပါဝင်နှုန်း နှင့် တစိတ်တပိုင်း ဆက်နွယ်နေသောကြောင့် ဖြစ်ပါသည်။ အဏုဇီဝ ပိုးစစ်ဆေးချက် အပြီးသတ် ထွက်သည့် အထိ စောင့်ဖို့ ရေနမူနာများကို ရက်ကျော်ပြီး သိမ်းထားဖို့ရန် မဖြစ်နိုင်ပါက pH စစ်ရန် အတွက် ရေအရည် အသွေးထိန်းသိမ်းရေး အဖွဲ့သည် အဝီစိတွင်းအားလုံးမှ ရေနမူနာများကို ယူပေးရပါမည်။

ပါဝင်ပစ္စည်းများ

- pH တိုင်းသည့် စက်
- (စက်ကို ချိန်ညှိရန်) pH 7၊ pH 4.01 နှင့် pH 10.01 အသီးသီးရှိ ကြားခံအရည်။
- ထိုနေ့တွင် စစ်ဆေးထားသည့် ရေနမူနာ တစ်ခုစီတိုင်းအတွက် ၃၀၀ mL ဆန့် ခွက်များ
- ရလဒ်များကို မှတ်တမ်းတင်ရန် စာရင်းစာရွက်၊ ဘောပင် နှင့် တံဆိပ် ကပ်ရန် တိပ်။




*ပုံ (၁၄) – ဘက်စုံတိုင်းတာနိုင်သည့် အိတ်ဆောင် Palintest တံဆိပ် မီတာ။*

၁. အဏုဇီဝ စစ်ချက် နမူနာများကို စိမ်ထားပြီးသည့် အချိန်တွင် pH ကို စစ်ဆေးပေးသင့်ပါသည်။ ရေနမူနာ တစ်ခု ၁၀ mL သာ လိုအပ်ပါသည်။

၂. pH တိုင်းတာသည့် စက်ကို ချိန်ညှိခြင်း။ - pH တိုင်းတာသည့် စက်ကို တပတ်လျှင် အနည်းဆုံး တစ်ကြိမ် ချိန်ညှိပေးဖို့လိုပါသည်။ တိုင်းတာသည့် စက် ၏ သက်တမ်းကြာ လာသည် နှင့် အမျှ ချိန်ညှိသည့် ကြိမ်ရေ ကို ပိုတိုးပြီး လုပ်ပေးသင့်ပါသည်။ စက်ကို မည်သို့ ချိန်ညှိရမည်ကို နောက်ပိုင်း ဆက်လက်၍ အသေးစိတ် ဖော်ပြပေးထားပါသည်။

၃. စက်ကို ချိန်ညှိပြီးမှ သာ ရေနမူနာ များအားလုံးကို စစ်ဆေးခြင်းသည် အလေ့အထကောင်းတစ်ခု ဖြစ်ပါ သည်။ ခွက် ၁၅ ခွက် မှ ခွက် ၂၀ ထိကို အတန်းလိုက် စီထားပေးပါ။ ပြီးလျှင် တံဆိပ် တပ်ထားပါ။ ပြီးနောက် သက်ဆိုင်ရာ ရေနမူနာများကို လောင်းထည့်ပါ။

၄. pH တိုင်းသည့် မီတာ စက်ပေါ်တွင် အာရုံခံ sensor ကို ဖွင့်ရန် ON/OFF ခလုတ်ကို နှိပ်လိုက်ပါ။ ထို့နောက် ငုတ်ခေါင်း ကို ရေနမူနာထဲသို့ နှစ်လိုက်ပါ။ ရေနမူနာ သည် ငုတ်ခေါင်းကို အပြည့်အဝ ဖုံးအုပ် သွားပါစေ။ ထိုနောက် မွှေပေးပြီး ဖတ်နေသည့် မီတာ ငြိမ်သွားအောင် စောင့်ပေးပါ။ ထိုနောက် မီတာ ပေါ်ရှိ အမှတ်ကို မှတ်တမ်းတင်ပါ သို့မဟုတ် မီတာငြိမ်ပြီး ရပ်သွားစေရန် HOLD/ENT ခလုပ်ကို နှိပ်ပေးပါ။

## သီးခြား ဆားရည်ပါဝင်မှုနှုန်းကို စစ်ဆေးရန် လမ်းညွှန်ချက်များ

ဆားရည်ပါဝင်နှုန်းကို အဝီစိတွင်း မှယူထားသည့် နမူနာ အားလုံး အတွက် စစ်ဆေးပေးရပါမည်။ ထိုသို့ စစ်ဆေး ပေးခြင်းဖြင့် မြေအောက် ရေချို ရေအောင်းလွှာများတွင် ဆားရည် မည်မျှခန့် ဝင်ရောက်နေလဲဆိုသည် ကို ဖော်ပြပေးနိုင်ပါလိမ့်မည်။ အထူးသဖြင့် ကမ်းခြေနားတွင် တည်ရှိသည့် စခန်းအများစု ရှိရာ စစ်တွေ ရှိ စခန်းများ တွင် ဆားရည်ဝင်ရောက်နိုင်သည့် အန္တရာယ်ပိုများပါသည်။

ပါဝင်ပစ္စည်းများ -

- လျှပ်ကူးမှုတိုင်း (ဆားရည်ပါဝင်မှုတိုင်းသည့်) မီတာ
- (စက်ကို ချိန်ညှိရန်) ၁၄၁၃ uS/cm အရည်
- အတိုင်းအတာများပါသည့် ခွက်အသေးများ
- ရလဒ်များကို မတ်တမ်းတင်ရန် စာရင်းစာရွက်၊ ဘောပင် နှင့် တံဆိပ် ကပ်ရန် တိပ်။

၁. ဆားရည်ဝင်ရောက်မှုကို စစ်ဆေးရန် အတွက် အဏုဇီဝပိုး စစ်မည့် ရေနမူနာများကို စိမ်ထားပြီးသည့် အချိန်တွင် စတင်လုပ်ဆောင်သင့်ပါသည်။ ဆားရည်ဝင်ရောက်မှုနှုန်းကို စစ်ဆေးရန် ရေ နမူနာ ၏ 10 mL သာ လိုအပ်ပြီး pH စစ်ဆေးရန် အတွက် သုံးထားသည့် ရေနမူနာများကို ပြန်၍ သုံးနိုင်ပါသည်။

၂. ဆားရည်ဝင်ရောက်မှုနှုန်းတိုင်းသည့် စက်ကို ချိန်ညှိခြင်း - ဤ စက်ကို ချိန်ညှိရန်လိုသော်လည်း pH စက်ကို ချိန်ညှိသည့် ကြိမ်ရေ လောက် လုပ်ရန် မလိုအပ်ပါ။ သို့သော် pH တိုင်းသည့် စက်တည်းတူ တပတ်လျှင် တစ်ကြိမ် ချိန်ညှိပေးနိုင် လျှင် အကောင်းဆုံးဖြစ်ပါသည်။ တိုင်းသည့် စက် ၏ သက်တမ်း ကြာလာသည် နှင့်အမျှ ချိန်ညှိသည့် ကြိမ်ရေကို ပိုတိုး၍ လုပ်ပေးဖို့လိုပါသည်။ စက်ကို မည်သို့ ချိန်ညှိရမည်ကို နောက်ပိုင်း ဆက်လက်၍ အသေးစိတ် ဖော်ပြပေးထားပါသည်။

၃. စက်ကို ချိန်ညှိပြီးမှ သာ ရေနမူနာ များအားလုံးကို စစ်ဆေးခြင်းသည် အလေ့အထကောင်းတစ်ခု ဖြစ်ပါ သည်။ ခွက်များ အတန်းလိုက် စီထား ပြီးလျှင် တံဆိပ် တပ်ထားပါ။ ပြီးနောက် သက်ဆိုင်ရာ ရေနမူနာ များကို လောင်းထည့်ပါ။

၄. ဆားဝင်ရောက်မှုနှုန်းကိုတိုင်းမည့် မီတာ ၏ အာရုံခံ sensor ကို ဖွင့်ရန် ON/OFF ခလုတ်ကို နှိပ်ပါ။ မီတာ သည် တိုင်းတာသည့် mode တွင် ရောက်သွားပါက "MEAS" ကို ပြညွှန်ပေးချက်များ ပေါ်လာပါလိမ့်မည်။ မီတာ ၏ ငုတ်ခေါင်းကို ရေနမူနာ ထဲသို့ နှစ်ထည့်လိုက်ပါ။ ငုတ်ခေါင်းသည် ရေနမူနာ အတွင်းထဲသို့ အပြည့်အဝ နှစ်မြုပ်နေပါသည်။ မွှေပေးပြီးနောက် ကိန်းဂဏာန်းများ ငြိမ်သွားသည့် အထိ စောင့် ပေးပါ။ ထိုနောက် မီတာစက်ပေါ် ၏ အပေါ်ဖက်တွင် ဖော်ပြထားသည့် နံပါတ်ကို ဖတ်ပါ။(ပုံမှန် အပူချိန် ၂၅ ဒီဂရီ စင်တီဂရိတ် ကို အစားထိုး၍ အပူချိန်ကို အလိုလျောက်တွက်ပေးပါသည်။) ထိုနောက် နံပါတ်များ ငြိမ်နေစေရန် HOLD ခလုတ်ကို နှိပ်လိုက်ပါ။ မီတာ၏ အောက်ဖက်တွင် ဖော်ပြထားသည့် နံပါတ် သည် ရေနမူနာ ၏ အပူချိန်ဖြစ်ပါသည်။

## အာဆင်းနစ် ဓာတ်ပါဝင်မှုကို စစ်ဆေးခြင်း

ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ ၏ သတ်မှတ်ချက် အရ သောက်သုံးရေ အတွင်း အာဆင်းနစ် ပါဝင်နိုင်သည့် ကန့်သတ် နှုန်းမှာ 10 ppb ဖြစ်ပါသည်။ သို့သော် ဘင်္ဂလားဒေ့ရှ် နှင့် မြန်မာနိုင်ငံ ရှိ မြေအောက်ရေများ တွင် သဘာဝ အရ အာဆင်းနစ် ပါဝင်နှုန်းသည် မြင့်မားတတ်ပါသည်။ ထိုအတွက် မြန်မာနိုင်ငံ ကျန်းမာရေး ဝန်ကြီးဌာန ၏ ၂၀၁၄ ခုနှစ်၊စက်တင်ဘာလ တွင် ထုတ်ပြန်ထားသည့် နိုင်ငံတော်အဆင့် သောက်သုံးရေ ၏ ရေအရည်အသွေး စံချိန်စံနှုန်းများအရ မြန်မာနိုင်ငံ၏ ရေ တွင် အာဆင်းနစ် ပါဝင်နှုန်းမှာ 50 ppb ဖြစ်ပါသည်။ ရေအရည်အသွေးစစ်ဆေးသည့် အဖွဲ့သည် မြန်မာနိုင်ငံ ၏ စံနှုန်းဖြစ်သည့် အဆိုပါ စံ သတ်မှတ်ချက်ကို အခြေခံ၍ အာဆင်းနစ် ဓာတ်ပါဝင်နှုန်း စစ်ချက် အောင်သလား/မအောင်သလား ဆိုသည်ကို ဆုံးဖြတ်ပေး နေပါသည်။ ထိုအပြင် စစ်တွေ ရှိစခန်းများ တွင် အာဆင်းနစ် ဓာတ်ပါဝင်နှုန်းကို ပို၍ ကျယ်ကျယ်ပြန့်ပြန့် စစ်ဆေးပေးရန် ဤ ပရိုဂရမ်မှာ စည်းရုံးလှုံ့ဆော်နေပါသည်။ အာဆင်းနစ် ပါဝင်နှုန်းသည် 50 ppb ထက်မြင့် နေပါက အဆိုပါ စစ်ချက်ထွက်သည့် လက်နှိပ်ရေတုံကင်ကို အသုံးမပြုနိုင်ရန် ပိတ်ထားဖို့လိုပါသည်။ အနီးအနား တွင် နေထိုင်ကြသူများ အား အဆိုပါ လက်နှိပ်ရေတုံကင်ကို ပိတ်ထားကြောင်း အကြောင်းကြားပေးပြီး (နောက်ဆက်တွဲ စာမျက်နှာ C) တွင် ပြထားသည့်  တိပေးစာ ဆိုင်းဘုတ် ကိုကပ်ထားပေးဖို့လိုပါသည်။ ဖြစ်နိုင်မည်ဆိုလျှင် စစ်ချက် မအောင်သည့် အဝီစိတွင်း အနီးအနား ရှိ အဝီစိတွင်းများအားလုံးကို စစ်ဆေး ပေးခြင်းဖြင့် ရေ ညစ်ညမ်းစေသည့် အကြောင်းအရင်း ပုံစံကို မြေပုံဖြင့် ၂တ်တမ်းတင် ပုံဖော်နိုင်မည် ဖြစ်ပြီး အနီးအနား ရှိ အဝီစိတွင်းများ ၏ အာဆင်းနစ် ပါဝင်နှုန်း ကိုလည်း ဆုံးဖြတ်သိရှိနိုင်ပါလိမ့်မည်။ စစ်ချက် မအောင်သည့် အဝီစိတွင်း အနီးအနား တွင် အာဆင်းနစ် ပါဝင်နှုန်း နည်းပါးသည့် အဝီစိတွင်း ရှိပါက ထို တွင်းကို သာ အသုံးပြုကြရန် အနီးအနားတွင် နေထိုင်သူများကို သတိပေး ပြောပြပေးပါ။

ပရိုဂရမ် ၏ အစပိုင်းတွင် အဝီစိတွင်း စုစုပေါင်း ၏ ၅% ကိုသာ အာဆင်းနစ် ပါဝင်နှုန်းစစ်ဆေးပေးခဲ့ပါသည်။ နောက်ပိုင်းတွင် အဝီစိတွင်း အတော်များများ တွင် အာဆင်းနစ် ပါဝင်နှုန်းမြင့်တက်နေသည်ကို တွေ့ရလာသည့် အတွက် ၁၀% နှုန်းအထိ တိုးမြှင့်၍ စစ်ဆေးပေးနေပါသည်။

အာဆင်းနစ် ပါဝင်နှုန်းကို စစ်ဆေးရန် အတွက် နောက်ဆက်တွဲ စာမျက်နှာ (F) တွင် ပါသည့် လမ်းညွှန်ချက် တို့ကိုသုံးပြီး Palintest တံဆိပ် ဒစ်ဂျစ်တယ် အာဆင်းနစ် စစ်ဆေးသည့် စက်ကို သုံးပြီးစစ်ဆေး ဖို့လိုပါသည်။ လမ်းညွှန်ချက် ၏ ချွင်းချက်တစ်ခုမှာ ရောင်စုံ ဇယား ကွက်ကို အခြေခံ၍ ပါဝင်နှုန်း သည် 100 ug/L ထက် ပို၍ ပြနေပါက အဆိုပါ ရေနမူနာ ၏ ရလဒ်ကို ">100ug/L" ဟုသာ ရေးမှတ်ပေးထားပါ။ ရောင်စုံ ဇယားကွက် နှင့် တိုက်၍စစ်သည့်အခါ "100ug/L" ထက်နည်းနေပါက ပိုမိုတိကျစေရန် DigiPAsS ကို အသုံးပြုပြီး ပြန်၍ စစ်ဆေး ကြည့်ပါ။

## စစ်ဆေးမည့် ကိရိယာများကို စံနှုန်းကိုက်ညီရန် ချိန်ညှိခြင်း

pH၊ ဆားရည်ပါဝင်နှုန်း၊ TDS၊ လျှပ်ကူးနိုင်မှု နှင့် အပူချိန်များကို စစ်ဆေးသည့်အခါတွင် သုံးသည့် Palintest တံဆိပ် ဘက်စုံသုံး အိတ်ဆောင်မီတာကို ချိန်ညှိနိုင်ရန် အတွက် ဤ လမ်းညွှန်ချက်ကို ရေးသားထားခြင်း ဖြစ်ပါသည်။ အောက်ပါလမ်းညွှန်ချက်များ ကို အဆိုပါ အိတ်ဆောင်မီတာ ထုတ်သည့် supplier ကုမ္ပဏီမှ ရေးထားသည့် လမ်းညွှန်ချက်ကို ကိုးကား၍ ရေးသားပေးထားခြင်းဖြစ်ပါသည်။

## pH တိုင်းတာရန် ချိန်ညှိခြင်း

pH စက်ကို ချိန်ညှိရန် အတွက် pH ချိန်ညှိ အရည် သို့မဟုတ် pH ကြားခံအရည် ဟု သိထားသည့် သတ်မှတ် ပြီးသား pH တန်ဖိုး တစ်ခု ရှိသည့် ကြားခံအရည်ကို သင်အသုံးပြုဖို့ လိုအပ်ပါသည်။ နမူနာ များကို pH တိုင်းတာ သည့် အခါတွင် မှန်ကန်တိကျနေဖို့ရန် သင့် pH တိုင်းသည့် စက် ကို မည်မျှ မှန်ကန်အောင် ချိန်ညှိထားသလဲ ဆို သည့် အပေါ်မူတည်နေပါသည်။ ထို့ကြောင့် အောက်ဖော်ပြပါ အချက်များကို သေချာ ဂရုစိုက်လုပ်ဆောင်ပေး ဖို့လိုပါသည်။

ကျွန်ုပ်တို့ အဖွဲ့အစည်း တွင် pH တိုင်းသည့် စက်ကို ချိန်ညှိရန် အတွက်အမေရိကန် စံနှုန်းအတိုင်းလုပ်ထားသည့် ကြားခံ pH အရည်များဖြစ်သည့် pH 4.01၊ pH 7.00၊ pH 10.01 တို့ကို အသုံးပြုပါသည်။ အဆိုပါ စံသတ်မှတ် ချက် အတိုင်းလုပ်ထားသည့် pH ကြားခံရည် ထဲမှ အနည်းဆုံး (၂) မျိုးကို အသုံးပြုပြီး ချိန်ညှိပါ။ pH 7.00 ဖြင့် သာ အမြဲတမ်း စတင် ချိန်ညှိပါ။ အကြောင်းမှာ ကျွန်ုပ်တို့ ၏ ရေနမူနာများသည် အများအားဖြင့် pH 8.00 နီးနီး ရှိတတ်ကြ၍ ဖြစ်ပါသည်။ ထို့ကြောင့် ဒုတိယ ကြားခံအရည်ကို pH 10.01 သုံး၍ ချိန်ညှိလျှင်ပိုကောင်းပါသည်။

၁. “ON OFF” ခလုတ်ကို နှိပ်ပြီး မီတာကို ဖွင့်လိုက်ပါ။ပြီးနောက် “MODE ENT” ကို နှိပ်ပြီး pH ကို ရွေးပါ။

၂. အာရုံခံ sensor အပိုင်းကို သန့်ရှင်းသည့် ရေဖြင့် ဆေးကြောပါ။ ပြီးနောက် (pH 7.00) ရှိသည့် pH ကြားခံရည် ကို ရွေး၍ သန့်ရှင်းပြီး သေးငယ်သည့် ခွက်အတွင်းသို့ လောင်းထည့်ပေးပါ။ pH တိုင်းသည့် မီတာ ၏ ထိပ်ဖျားပိုင်းတစ်ခုလုံးကို ဖုံးအုပ်နိုင်သည့် အထိ ရေကို ထည့်ပေးပါ။

၃. sensor ထပ်ပိုင်းကို pH ကြားခံရည် ထဲသို့ နှစ်လိုက်ပြီး ဖြေးညင်းစွာ မွှေပေးပါ။ ပြီးနောက် “CAL” ကို နှိပ်ပေးပါ။ ထို့နောက် အဓိက display ၏ နံပါတ် သည် မချိန်ညှိရသေးသည့် pH တန်ဖိုး ကိန်းကို ပြပေးနေပါ လိမ့်မည်။ထိုအခါတွင် ဒုတိယ မျက်နှာပြင် ရှိ ကိန်းဂဏာန်းများသည် အနီးစပ်ဆုံး ချိန်ညှိထားသည့် အရည် ၏ တန်ဖိုးကို အော်တို ရှာဖွေ ဖော်ပြထားသည့် လှုပ်ရှားမှုမရှိသော အမှတ်အား မှတ်သားထား ရပါမည်။ ပထမ ပြသသည့်တန်ဖိုးကို တည်ငြိမ်အောင် စောင့်ပြီးနောက် “MODE ENT” ဆိုသည်ကို နှိပ်ပေးပါ။ ထိုအခါတွင် ချိန်ညှိထားသည့် တန်ဖိုးကိန်းကို ရပါလိမ့်မည်။ ချိန်ညှိရန် ထည့်ထားသည့် pH အရည် ကို တွက်ချက်ပြီးနောက် ဒုတိယ ပြသသည့် တန်ဖိုးသည် အောက်တိုမတ်တစ် ပြောင်းပြီး တွက်ခင် အထိ အချိန်တွင် ပထမ ပြသသည့်တန်ဖိုးသည် မှိတ်တုတ် မှိတ်တုတ်ဖြစ်ပါလိမ့်မည်။

၄. အခြား pH 4.01 သို့မဟုတ် pH 10.01 အရည်များဖြင့် အဆင့် ၂ မှ ၄ အထိကို ပြန်၍လုပ်ပါ။

၅. “CAL” ကို နှိပ်ပြီးနောက် တိုင်းတာသည့် mode သို့ ပြန်ပြောင်းပါ။

၆. ကြားခံရည်ကို သွန်ပစ်ပါ။ ကြားခံ pH အရည်ကို ပြန်မသုံးပါနှင့်။

ချိန်ညှိရန် လိုအပ်သည့် ကြိမ်နှုန်း ရှိမရှိကို စစ်ဆေးရန် အောက်ပါတို့ကို လုပ်ဆောင်ပါ။

၁. ပထမဆုံး နေ့တွင် တိုင်းမည့် စက်ကို ချိန်ညှိပါ။ နောက်တစ်နေ့တွင် သင် ပထမ ချိန်ညှိတုန်းက သုံးထား သည့် အရည်တွင် မီတာစက်၏ ငုတ်တိုင်ကို နှစ်ပြီးနောက် စက်တွင် ပြသည့် ကိန်းကို ဖတ်ပါ။

၂. ထိုအတိုင်း နေ့တိုင်း စစ်ပြီး ဖတ်ပေးပါ။ တိုင်းတာပြီး ပေါ်လာသည့် နံပါတ်သည့် စံနှုန်းနံပါတ် နှင့် 0.30 ကွာ သည့် အထိ လုပ်ပေးပါ။(ဥပမာ - ချိန်ညှိရန် တိုင်းထားသည့် pH အရည်သည် 10.01 ရှိပြီး နောက်နေ့ တိုင်းတာသည့် နံပါတ်သည် ၉.၇၀ ရှိခြင်း။)

၃. ပထမ ချိန်ညှိထားသည့် နေ့မှ ဘယ်နှစ်ရက်မြောက်နေ့ ထိ ရောက်သလဲ ဆိုသည် ကို မှတ်သားထားပါ။ဥပမာ ချိန်ညှိထားသည့် နံပါတ်နှင့် စ ကွာဟ သည့် ရက်သည့် (၅) ရက်မြောက်နေ့ ဆိုလျှင် pH ဖတ်ခြင်းကို ပိုမိုတိကျစေရန် စက် အားချိန်ညှိခြင်းကို ၄ ရက် သို့မဟုတ် ၅ ရက် တစ်ကြိမ် ပြန်၍ လုပ်ပေးပါ။

၄. pH တိုင်းသည့် စက် သည် သက်တမ်းကြာလာပါက ချိန်ညှိမှုများ ကြား ကွာဟ မှုမရှိပဲ တည်ငြိမ်သည့် နေ့ရက် မည်မျှရှိသလဲ ဆိုသည်ကို လစဉ်တိုင်း စစ်ဆေးလုပ်ဆောင်ပေးပါ။

## ဆားရည်ပါဝင်မှုနှုန်း (ရေ ၏ လျှပ်ကူးနိုင်မှု) ကို တိုင်းတာရန် ချိန်ညှိခြင်း။

pH ချိန်ညှိထားသလိုပင် တိကျသည့် ရလဒ်များ ထွက်စေရန် အတွက် ဆားရည်ပါဝင်မှု အတွက် စစ်ဆေးမည့် စက်ကိုလည်း စံနှုန်းသတ်မှတ်ထားသည့် ကြားခံရည် ကို အသုံးပြု၍ ချိန်ညှိပေးဖို့လိုပါသည်။ ပထမ ဦးဆုံးအနေ ဖြင့် conductivity ကို “A.Cal” (အော်တိုမတ်တစ် ချိန်ညှိခြင်း) သို့ အောက်ပါ အဆင့်များအတိုင်း ပြောင်းထား ဖို့လိုပါသည်။

ပြုလုပ်ပုံအဆင့်ဆင့် -

၁. “A.Cal” (အော်တိုမတ်တစ် ချိန်ညှိခြင်း) တွင် “YES” ဟု ရွေးပေးပါ။

၂. “SPC” (single-point ချိန်ညှိခြင်း) တွင် “YES” ဟု ရွေးပေးပါ။

ချိန်ညှိရန် -

၁. “ON OFF” ခလုတ်ကို နှိပ်ပြီး မီတာစက်ကို ဖွင့်ပါ။ “MODE ENT” ကို နှိပ်ပြီး conductivity သို့ ရွေးပါ။

၂. အာရုံခံ sensor အပိုင်းကို သန့်ရှင်းသည့် ရေဖြင့် ဆေးကြောပါ။ 1413 uS/cm ကြားခံအရည်ကို သန့်ရှင်း ပြီး သေးငယ်သည့် ခွက်အတွင်းသို့ လောင်းထည့်ပါ။ မီတာ စက် ၏ တိုင်းသည့် ထိပ်ဖျားပိုင်း မြုပ်အောင် နှစ်ထည့်နိုင်သည့် အထိ ရေကို လောင်းထည့်ပါ။

၃. တိုင်းတာရမည့် sensor အပိုင်းကို ကြားခံအရည်ထဲသို့ စိမ်လိုက်ပြီး ဖြည်းညင်းစွာ ဖြင့် မွှေပေးပါ။ပြီးနောက်”CAL” ဟု နှိပ်ပါ။ ပထမ တွင် မချိန်ညှိရသေးသည့် ကိန်းကို ဖော်ပြပေးနေစဥ်မှာ ဒုတိယ ကိန်းဂဏာန်းများ သည် ချိန်ညှိရမည့် တန်ဖိုး နံပါတ် နှင့် အနီးစပ်ဆုံးတူသည့် နံပါတ်ကို အော်တို ရှာဖွေထားသည့် လှုပ်ရှားမှုမရှိသော ဂဏာန်းတစ်ခု ဖြစ်ရပါမည်။

၄. ထိုနောက် ပထမ display ရှိ ဂဏာန်းများ ငြိမ်သည့် အထိစောင့်ပြီး ချိန်ညှိထားသည့် တန်ဖိုးကို အတည်ပြုရန် “MODE ENT” ကို နှိပ်ပေးပါ။ တိုင်းတာသည့် mode သို့ ပြန်မသွားခင် ပထမ ကိန်းတန်ဖိုး များသည် မှိတ်တုတ်မှိတ်တုတ်ဖြစ်နေပါလိမ့်မည်။

### အပူချိန်များကို ချိန်ညှိခြင်း

ပိုးမွေးသည့် စက် (Incubator) များ ၏ အပူချိန်များကို တပတ်တကြိမ် အနည်းဆုံး  ပုံမှန် စစ်ဆေးပေးဖို့လို ပါသည်။

Potakit ၏ ပိုးမွေးသည့် စက် (incubator) ၏ အပူချိန်ကို စမ်းသပ် ချိန်ညှိရန် အတွက် incubator ၏ အတွင်းခန်း ကို ရေဖြည့်ပါ။ ပြီးနောက် incubator ၏ အပေါက်ပါသည့် အထူးအဖုံး ထဲသို့ သာမိုမီတာ ကိုထည့်လိုက်ပါ။ Incubator ၏ အပူချိန်ကို ပြန်၍ မစစ်ဆေးခင် ထိုအတိုင်း ၁ နာရီခန့်ထား ဖို့လိုပါသည်။ သို့မှသာ အပူချိန် ၏ ခြားနားချက်သည် 44 ± 0.5°C ရှိနိုင်ပါမည်။

## နောက်ဆက်တွဲစာမျက်နှာများ

နောက်ဆက်တွဲစာမျက်နှာ (A) – နေရာများ နှင့် နမူနာ နံပါတ်စဥ်များ (တစ်နှစ် ၂ ကြိမ် စိစစ်ပြင်ဆင်ရန်)

| နံပါတ် | စခန်း/ရွာ အမည် | အိမ်ထောင်စု အမှတ် | စစ်ဆေးရန် ရည်မှန်း အိမ်ထောင်စု အမှတ် | စစ်ဆေးရန် OXSI ၏ အဝီစိတွင်း အမှတ် |
|---|---|---|---|---|
| ၁ | ဘောဒူပ | ၂၃၂၇ | ၉၂ | ၁၃၀ |
| ၂ | ဘောဒူပ ကျေးရွာ | ၂၂ | - | - |
| ၃ | ဘာဆာရာ | ၃၉၇ | ၇၇ | ၂၅ |
| ၄ | ဒါးပိုင် | ၂၀၀၅ | ၉၂ | ၈၄ |
| ၅ | ဒါးပိုင် ကျေးရွာ | ၉၅၈ | ၈၇ | ၂၃ |
| ၆ | သဲချောင်း | ၁၁၃၉ | ၈၉ | ၄၅ |
| ၇ | သဲချောင်း လက်သမား ကျေးရွာ | ၅၈၇ | ၈၃ | ၁၈ |
| ၈ | သဲချောင်း မူဆလင် ကျေးရွာ | ၁၀၀၉ | ၈၈ | ၁၆ |
| ၉ | သဲချောင်း ရခိုင် ကျေးရွာ | ၁၅၅ | ၆၀ | ၁၀ |
| ၁၀ | သက်ကယ်ပြင် (၁) | ၆၄၀ | ၈၄ | ၄၈ |
|  | သက်ကယ်ပြင် (၂) | ၃၆၀ | ၇၆ | ၄၄ |
| ၁၁ | သက်ကယ်ပြင် ကျေးရွာ (IDP) | ၂၉၉ | ၇၃ | ၂၃ |
| ၁၂ | မော်သီးညာ | ၆၅၆ | ၈၄ | ၄၆ |
| ၁၃ | မှန်စီ | ၄၀၀ | ၇၈ | ၂၉ |
| ၁၄ | ခေါင်းဒုက္ကာ | ၄၀၀ | ၇၈ | ၅၅ |
| ၁၅ | အုန်းတောချေ | ၆၇၇ | ၈၄ | ၈၀ |
| ၁၆ | အုန်းတောကြီး (၁) | ၉၂၀ | ၈၇ | ၁၀၉ |
|  | အုန်းတောကြီး (၃) | ၁၄၄၈ | ၉၀ | ၉၂ |
|  | အုန်းတောကြီး (၆) | ၃၆၀ | ၇၆ | ၂၅ |
| ၁၇ | အုန်းတောကြီး ကျေးရွာ | ၂၀၀ | ၆၅ | ၇ |
| ၁၈ | ဆေးသမားချေ ကျေးရွာ | ၉၂ | ၄၇ | ၇ |

| | | | | |
|---|---|---|---|---|
| ၁၉ | ဆေးသမားကြီး ကျေးရွာ | ၂၃၅ | ၆၈ | ၁၁ |
| ၂၀ | ဆေးသမားကြီး | ၂၂၈၀ | ၉၂ | ၁၉၈ |
| ၂၁ | ဆပ်ရိုးကျ (၁) | ၂၄၉ | ၆၉ | ၂၀ |
| ၂၂ | မင်းဂံ | ၁၅၁ | ၅၉ | ၁၂ |
| ၂၃ | စက်ရုံစု (၁) | ၇၂ | - | - |
| ၂၄ | ဆပ်ရိုးကျ (၂) | ၄၂၀ | - | - |

နောက်ဆက်တွဲစာမျက်နှာ (B) – (ရေရင်းမြစ် နှင့် အိမ်သုံးရေ) ရေအရည်အသွေး သုံးသပ် စိစစ်ရာ တွင် ဖြည့်ရမည့် ဖောင် (ဇယား)


| | နယ်ပယ် | မေးခွန်း | အဖြေ | |
|---|---|---|---|---|
| | ရေနမူနာကောက်ယူသောနေ့ | ရေနမူနာကောက်ယူသောနေ့ | | |
| | ရေကောက်ယူသူအမည် | ရေကောက်ယူသူအမည် | | |
| | ရေနမူနာအမှတ်စဉ် | ရေနမူနာအမှတ်စဉ် | | |
| | စခန်းအမည် | စခန်း/ကျေးရွာအမည် | (တည်နေရာစာရင်း) | |
| | ရေနမူနာအရင်းအမြစ် | ရေနမူနာအရင်းအမြစ် | HH | အိမ်ထောင်စု |
| | | | HP | လက်နှိပ်ပန့် |
| | ရေနမူနာယူသော လက်နှိပ်ပန့် နံပါတ် | ရေနမူနာယူသော လက်နှိပ်ပန့် နံပါတ် | | |
| *လက်နှိပ်ပန့်၏ ရေနမူနာနှင့် သက်ဆိုင်သည့်မေးခွန်းများ* | | | | |
| အိမ်ထောင်စု မှရေနမူနာကောက်ယူခြင်း။<br>*အိမ်ထောင်စုများအသုံးပြုသည့် လက်နှိပ်ပန့်နှင့် သက်ဆိုင်သည့်မေးခွန်းများ* | | | | |
| | အိမ်ထောင်ဦးစီးအမည် | အိမ်ထောင်ဦးစီးအမည် | | |
| | တန်းလျားအမှတ် | တန်းလျားအမှတ် | | |
| | အခန်းအမှတ် | အခန်းအမှတ် | | |
| | အသုံးပြုသော လက်နှိပ်ပန့်အမှတ် | အသုံးပြုသော (လက်နှိပ်ပန့်အမှတ်) | | |
| | ရေသိုလှောင်ပုံး | ရေသိုလှောင်ပုံးအမျိုးအစား | B | ရေပုံး |
| | | | P | ရေအိုး |
| | | | G | အဝကျဉ်း ရေထည့်သည့် သွပ်အိုး |
| | | | CWF | မြေရေစစ်အိုး |
| | ရေသိုလှောင်ပုံး၏ သန့်ရှင်းမှု | ရေသိုလှောင်ပုံးသည် သန့်ရှင်းမှုရှိပါသလား။ | သန့်ရှင်းသည် | သန့်ရှင်းသည် |
| | | | သန့်ရှင်း | သန့်ရှင်း |
| | ရေသိုလှောင်ပုံး၏ အဖုံးအခြေအနေ | ရေသိုလှောင်ပုံးတွင် အဖုံးရှိပါသလား။ | ရှိသည် | ရှိသည် |
| | | | မရှိ | မရှိ |
| | လက်ရှိမြေရေစစ်အိုး အခြေအနေ | လက်ရှိတွင် မြေရေစစ်အိုးရှိပါသလား။ | အသုံးပြုနေသည် | ရှိသည်-အသုံးပြုသည် |
| | | | လက်ရှိတွင် အသုံးမပြု | ရှိသည်-အသုံးမပြု |
| | | | မရှိ | မရှိပါ |

| | | | |
|---|---|---|---|
| မြေရေစစ်အိုး ကောင်း/မကောင်းအခြေအနေ | အသုံးပြုနေပါသလား။ | အသုံးပြုနေသည် | အသုံးပြုနေသည် |
| | | အသုံးမပြုပါ | အသုံးမပြုပါ |
| *မြေရေစစ်အိုး ရှိ/မရှိနှင့် သက်ဆိုင်သည့်မေးခွန်း* | | | |
| ရေသန့်စင်ခြင်း။ | အခြားရေသန့်စင်မှု တစ်ခုခု ပြုလုပ်ပါသလား။ | မလုပ်ပါ | မလုပ်ပါ |
| | | ရေသန့်စင်သည့်နည်းလမ်း | ရေသန့်စင်သည့်နည်းလမ်း |
| | | အကျွတ်တက် | အကျွတ်တက် |
| | | ရေသန့်ဆေးရည် | ရေသန့်ဆေးရည် |
| | | ကျိုချက် | ကျိုချက် |
| | | ကလိုရင်းဆေးခပ် | ကလိုရင်းဆေးခပ် |
| | | အနည်ထိုင်ခြင်း။ | အနည်ထိုင်ခြင်း။ |
| | | အခြား | အခြား |
| ရေထဲရှိ ကလိုရင်းအကြွင်းအကျန် | ကလိုရင်းဆေးခပ်ခြင်းဖြင့် ရေထဲရှိကလိုရင်း လက်ကျန်, (mg/L) | | |
| *ကလိုရင်းဆေးခပ်ခြင်းအတွက် သက်ဆိုင်သည့်မေးခွန်းများ* | | | |
| အတိအကျ ဖော်ပြပါ။ | တခြားရှိလျှင် ဖော်ပြပေးပါ။ | | |
| ရေသန့်စင်မှုနှင့်သက်ဆိုင်သည့်မေးခွန်းများ | | | |
| မှတ်ချက် | မှတ်ချက် | | |

နောက်ဆက်တွဲ စာမျက်နှာ (C) - သောက်သုံးရန် သင့်တော်သည့် အဝီစိရေတွင်းများ အကြောင်းကို လူမှုဝန်းကျင်တွင် နေထိုင်သူများအား သတိပေးရန် ဆိုင်းဘုတ်များ



ပုံ - ၁၅ အဏုဇီဝ ပိုးစစ်ချက်မအောင်ထားသည့် တွင်းများရှိ လက်နှိပ်ရေတုံကင်တွင် ကပ်ထားရမည့် စာ။ (ကလိုရင်းခပ်ပြီး ပိုး ကင်းမကင်း ပြန်၍ စစ်ဆေးပြီးပါက ပြန်၍ ဖြုတ်ထားနိုင်ပါသည်။)




ပုံ - ၁၆ အာဆင်းနစ် စစ်ဆေးချက် အဖြေမအောင်ထားသည့် ရေတုံကင် တွင် ကပ်ထားရမည့် စာ။(ရေတုံကင်ကို လုံးဝ အသုံးမပြုနိုင် အောင် ဖြုတ်ထားရပါမည်။ )




ပုံ - ၁၇ သန့်ရှင်းရေးလုပ်ရန်/ ပြန်ပြင်ရန် အတွက် လက်နှိပ်ရေတုံကင်တွင် ကပ်ရမည့် ဆိုင်းဘုတ်။


နောက်ဆက်တွဲ စာမျက်နှာ (D) - ၉၅% ပြည့်ဝသည့် ကြားရေတွက်မှုများ (၀ မှ ၁၀၀)[၃]

| အရေ အတွက် ၁ | အရေ အတွက် ၂ အနည်းဆုံး | အရေ အတွက် ၂ အများဆုံး |
|---|---|---|
| ၀ | ၀ | ၅ |
| ၁ | ၀ | ၇ |
| ၂ | ၀ | ၉ |
| ၃ | ၀ | ၁၁ |
| ၄ | ၀ | ၁၂ |
| ၅ | ၀ | ၁၄ |
| ၆ | ၁ | ၁၆ |
| ၇ | ၁ | ၁၇ |
| ၈ | ၂ | ၁၉ |
| ၉ | ၂ | ၂၀ |
| ၁၀ | ၃ | ၂၂ |
| ၁၁ | ၃ | ၂၃ |
| ၁၂ | ၄ | ၂၄ |
| ၁၃ | ၅ | ၂၆ |
| ၁၄ | ၅ | ၂၇ |
| ၁၅ | ၆ | ၂၈ |
| ၁၆ | ၆ | ၃၀ |
| ၁၇ | ၇ | ၃၁ |
| ၁၈ | ၈ | ၃၂ |
| ၁၉ | ၈ | ၃၄ |
| ၂၀ | ၉ | ၃၅ |
| ၂၁ | ၁၀ | ၃၆ |
| ၂၂ | ၁၀ | ၃၈ |
| ၂၃ | ၁၁ | ၃၉ |
| ၂၄ | ၁၂ | ၄၀ |
| ၂၅ | ၁၃ | ၄၁ |
| ၂၆ | ၁၃ | ၄၃ |
| ၂၇ | ၁၄ | ၄၄ |
| ၂၈ | ၁၅ | ၄၅ |
| ၂၉ | ၁၆ | ၄၇ |
| ၃၀ | ၁၆ | ၄၈ |
| ၃၁ | ၁၇ | ၄၉ |
| ၃၂ | ၁၈ | ၅၀ |
| ၃၃ | ၁၉ | ၅၂ |
| ၃၄ | ၁၉ | ၅၃ |
| ၃၅ | ၂၀ | ၅၄ |
| ၃၆ | ၂၁ | ၅၅ |


| အရေ အတွက် ၁ | အရေ အတွက် ၂ အနည်းဆုံး | အရေ အတွက် ၂ အများဆုံး |
|---|---|---|
| ၃၇ | ၂၂ | ၅၆ |
| ၃၈ | ၂၂ | ၅၈ |
| ၃၉ | ၂၃ | ၅၉ |
| ၄၀ | ၂၄ | ၆၀ |
| ၄၁ | ၂၅ | ၆၁ |
| ၄၂ | ၂၆ | ၆၃ |
| ၄၃ | ၂၆ | ၆၄ |
| ၄၄ | ၂၇ | ၆၅ |
| ၄၅ | ၂၈ | ၆၆ |
| ၄၆ | ၂၉ | ၆၇ |
| ၄၇ | ၂၉ | ၆၉ |
| ၄၈ | ၃၀ | ၇၀ |
| ၄၉ | ၃၁ | ၇၁ |
| ၅၀ | ၃၂ | ၇၂ |
| ၅၁ | ၃၃ | ၇၃ |
| ၅၂ | ၃၃ | ၇၅ |
| ၅၃ | ၃၄ | ၇၆ |
| ၅၄ | ၃၅ | ၇၇ |
| ၅၅ | ၃၆ | ၇၈ |
| ၅၆ | ၃၇ | ၇၉ |
| ၅၇ | ၃၈ | ၈၀ |
| ၅၈ | ၃၈ | ၈၂ |
| ၅၉ | ၃၉ | ၈၃ |
| ၆၀ | ၄၀ | ၈၄ |
| ၆၁ | ၄၁ | ၈၅ |
| ၆၂ | ၄၂ | ၈၆ |
| ၆၃ | ၄၂ | ၈၈ |
| ၆၄ | ၄၃ | ၈၉ |
| ၆၅ | ၄၄ | ၉၀ |
| ၆၆ | ၄၅ | ၉၁ |
| ၆၇ | ၄၆ | ၉၂ |
| ၆၈ | ၄၇ | ၉၃ |
| ၆၉ | ၄၇ | ၉၅ |
| ၇၀ | ၄၈ | ၉၆ |
| ၇၁ | ၄၉ | ၉၇ |
| ၇၂ | ၅၀ | ၉၈ |
| ၇၃ | ၅၁ | ၉၉ |

| အရေ အတွက် ၁ | အရေ အတွက် ၂ အနည်းဆုံး | အရေ အတွက် ၂ အများဆုံး |
|---|---|---|
| ၇၄ | ၅၂ | ၁၀၀ |
| ၇၅ | ၅၂ | ၁၀၂ |
| ၇၆ | ၅၃ | ၁၀၃ |
| ၇၇ | ၅၄ | ၁၀၄ |
| ၇၈ | ၅၅ | ၁၀၅ |
| ၇၉ | ၅၆ | ၁၀၆ |
| ၈၀ | ၅၇ | ၁၀၇ |
| ၈၁ | ၅၈ | ၁၀၈ |
| ၈၂ | ၅၈ | ၁၁၀ |
| ၈၃ | ၅၉ | ၁၁၁ |
| ၈၄ | ၆၀ | ၁၁၂ |
| ၈၅ | ၆၁ | ၁၁၃ |
| ၈၆ | ၆၂ | ၁၁၄ |
| ၈၇ | ၆၃ | ၁၁၅ |
| ၈၈ | ၆၃ | ၁၁၇ |
| ၈၉ | ၆၄ | ၁၁၈ |
| ၉၀ | ၆၅ | ၁၁၉ |
| ၉၁ | ၆၆ | ၁၂၀ |
| ၉၂ | ၆၇ | ၁၂၁ |
| ၉၃ | ၆၈ | ၁၂၂ |
| ၉၄ | ၆၉ | ၁၂၃ |
| ၉၅ | ၇၀ | ၁၂၅ |
| ၉၆ | ၇၁ | ၁၂၆ |
| ၉၇ | ၇၁ | ၁၂၇ |
| ၉၈ | ၇၂ | ၁၂၈ |
| ၉၉ | ၇၃ | ၁၂၉ |
| ၁၀၀ | ၇၄ | ၁၃၀ |

နောက်ဆက်တွဲစာမျက်နှာ (E) - ဆက်သွယ်ပြောဆိုရမည့် စက်ဝန်းပုံစံ





*ပုံ ၂။ ဇီဝဗေဒဆိုင်ရာစမ်းသပ်မှုမအောင်မြင်သောအခါလုပ်ဆောင်မှုများနှင့်ဆက်သွယ်မှုကိုပြသသည့်ဇယားကွက်။*





*ပုံ ၃။ ရေတုံကင်တစ်ခုအား Arsenic စမ်းသပ်မှုမအောင်မြင်သည့်အခါတွင် လုပ်ဆောင်မှုနှင့်ဆက်သွယ်မှုကိုပြသသည့်ဇယားကွက်။*

နောက်ဆက်တွဲ စာမျက်နှာ (F) - အာဆင်းနစ်ပါဝင်နှုန်းကို စစ်ဆေးသည့်အခါတွင် လုပ်ဆောင်ရန် လမ်းညွှန်



## Stage 3: Sample Preparation





Take flask and fill to the 50ml line with sample water and place on firm a surface.

Take A1 powder sachet and pour into the flask.

Pick up loaded bung device and check filter slides are fully pushed into bung.

Take tablet A2 from container and drop carefully into the flask, sample will start to fizz.





Immediately push down bung device firmly into the flask.
Wait approximately 20 minutes (refer to timer on the DigiPAsS).
After 20 minutes remove black slide and proceed to stage 4.

Black Filter Slide will collect the Arsenic gas.

Red Filter Slide removes excess Arsine gas.

For running concurrent multiple tests use DigiPAsS Multipack (X5 flasks & X5 bung devices).

## Stage 4: Arsenic Measurement





Remove Black Filter Slide from Bung device.

Record corresponding Colour. Match from colour chart to obtain result in µg/l (ppb).

If test result reads above 500µg/l (ppb) use dilution tube with de-ionised water and convert accordingly. Then go back to stage 1 and do test again.

## Stage 5: Using the DigiPAsS




If visual reading is LESS than 100µg/l ppb). Insert Black Arsenic Filter Slide into DigiPAsS.

Observe and Record result in µg/l (micrograms per litre). If preferred record in (ppb) i.e 38µg/l = 38 ppb.


Finally open both Filter Slides and remove Filter Paper from slide holders and dispose of in waste bag provided.


e mail: export@palintest.com website: www.palintest.com

If you have any enquiries regarding the DigiPAaS please contact Palintest's nearest local in country agent or at the above e-mail address.


# Troubleshooting


✓ DO's ✗ DONT's








IMMEDIATELY insert bung device into flask within 0-2 seconds after powder A1 and tablet A2 have been dropped into the flask, to obtain accurate result.







When removing filter paper from slide one should only observe a perfectly symmetrical colour stain, i.e yellow circle. If yellow stain goes beyond circle this suggests a gas leak which will give a low result. Repeat test ensuring Black Filter Slide is closed properly to maintain gas tight seal.






If internal cotton wool turns black within the Hydrogen Sulphide Removal Filter, DISCARD in waste bag and insert NEW FILTER.




If low battery indicator is displayed, change battery within the next 10 tests.



After every test rinse flask with water from next sample. Swirl, shake and discard solution ready for next test.



At the end of each day clean the flask with the brush provided.

e mail: export@palintest.com website: www.palintest.com

If you have any enquiries regarding the DigiPAaS please contact Palintest's nearest local in country agent or at the above e-mail address.

# စခန်းတွင်းရှိ အဝီစိတွင်းများ အား ကလိုရင်း ခပ်၍ သန့်စင်ခြင်း။

## မိတ်ဆက်ခြင်း။

WASH ပရိုဂရမ် ၏ ရေအရည်အသွေးထိန်သိမ်းရေး နည်းဗျူဟာ အရ အဝီစိတွင်း မှ ရေ နမူနာ သည် အဏုဇီဝ စစ်ဆေးချက် မအောင်သည့်အခါတိုင်း ပြန်လည်သန့်စင်သည့် အစီအစဥ်ကို လုပ်ဖို့လိုအပ်ပါသည်။  ပြန်လည် သန့်စင်သည့် လုပ်ငန်းစဥ် တွင် ပါဝင်သည့် အရာများမှာ ရေ ရင်းမြစ်ကို ညစ်ညမ်းစေသည့် အကြောင်းအရင်းကို ဖော်ထုတ်ရန် မိလ္လာသန့်စင်ရေးစနစ်ကို စစ်ဆေးခြင်း၊ လက်နှိပ်ရေတုံကင် သို့မဟုတ် ရေတုံကင် အုံ ကို ပြင်ဆင်စရာလိုသည်များပြင်ဆင်ခြင်း၊ လက်နှိပ်ရေတုံကင် ကို ကလိုရင်းဖြင့် သန့်စင်ခြင်း စသည်တို့ ပါဝင်သလို နောက်ဆုံးအနေဖြင့် ရေ သည် သောက်သုံးရန် စိတ်ချရသလား ဆိုသည်ကို သေချာ စေရန် ရေ အရေအသွေးကို ပြန်၍ စစ်ဆေးခြင်း စသည့် အဆင့်များပါဝင်ပါသည်။ ဤ ထုတ်ပြန်ချက်တွင် အဝီစိတွင်းပေါက် များအား ကိုလိုရင်းဖြင့် ရေသန့်စင်သည့် နည်းလမ်း ကို အဓိက ဖော်ပြထားပါသည်။

ကလိုရင်းဖြင့်ရေသန့်စင်ခြင်း ဆိုသည်မှာ အဝီစိတွင်း သို့မဟုတ် ရေတွင်းများကို သန့်စင်ရန် ကလိုရင်း ပမာဏ အများအပြားသုံး၍ တခါတည်း သန့်စင်လိုက်သည့် နည်းလမ်းကို ဆိုလိုပါသည်။ ထိုသို့ ပြုလုပ်ရသည့် နည်းလမ်း ကို အောက်ဖော်ပြပါ အခြေအနေများတွင် အသုံးပြုပါသည်။ -

- တစုံတခုကို တည်ဆောက် ပြီး သို့မဟုတ် ပြင်ဆင်ပြီးသည့် အချိန်။ ထိုသို့ ပြင်ဆင် သို့မဟုတ် ဆောက်လုပ်ပြီးပါက ရေ ရင်းမြစ်အား ညစ်ညမ်း သွားစေနိုင်သည့် အတွက် ကြိုတင်ကာကွယ် သည့် အနေဖြင့် ကလိုရင်းသုံး၍ ရေ သန့်စင်ပေးလိုက်ခြင်းဖြစ်ပါသည်။
- အဏုဇီဝ စစ်ဆေးချက် မအောင်ခြင်း။ ရေရင်းမြစ်သည် ညစ်ညမ်းနေပါက ရေ ကို သန့်စင်ပေးဖို့ လိုအပ်ပါသည်။

ကလိုရင်း အများအပြားသုံး၍ ရေသန့်စေပေးပြီး နောက် သန့်ရှင်းသော ရေ ထွက်ရပါမည်။ သို့သော် နောက်ကွယ်က အကြောင်းအရင်းတစုံတခု ရှိပါက ဥပမာ - ရေတုံကင် အုံ ကွဲနေခြင်း သို့မဟုတ် မိလ္လာသန့်စင် ရေး စနစ် မှ ကာကွယ်ပေးသည့် အဖုံး ကွဲနေခြင်း ဖြစ်ပါက ရေရင်းမြစ် သည် ပြန်၍ ညစ်ညမ်းနေနိုင်ပါသည်။ ကလိုရင်းသုံး၍ သန့်စင်ခြင်း မပြုလုပ်မီ အဖွဲ့ဝင်များသည် ရေညစ်ညမ်းစေသည့် အဓိက အကြောင်းအရင်းကို ဖော်ထုတ်နိုင်ရန် နှင့် နောက်ထပ် ပြန်ဖြစ်မဖြစ်အောင် တားဆီးလျှော့ချပေးနိုင်မည့် အဆင့်များကို လုပ်နိုင်ရန် အတွက် မိလ္လာ နှင့် ပတ်ဝန်းကျင်သန့်ရှင်းအကြောင်းကို စုံစမ်းစစ်ဆေး သင့်ပါသည်။

အသုံးပြုရမည့် ကလိုရင်းကွန်ပေါင်း မှာ သန့်စင် ကလိုရင်း (active chlorine) ၆၅% ရာခိုင်နှုန်းပါဝင်သည့် ဂရာနျူလာ ကယ်လ်စီယံ ဟိုက်ပိုကလိုရိုက် ဖြစ်ပါသည်။ ဂရာနျူလာ ကယ်လ်စီယံ ဟိုက်ပိုကလိုရိုက် သည် ပိုပြီး တည်မြဲသည့် ကွန်ပေါင်း ဖြစ်ပြီး ကလိုရင်း အရည်ထက် ကာလ တာရှည်ကြာအောင် သိမ်းဆည်းထားနိုင်ပါသည်။ ကလိုရင်း ကို အေးမြ ခြောက်သွေ့သော၊ နေရောင်မကျ၊ မှောင် ပြီး လေဝင်လေထွက်ကောင်းသည့် နေရာတွင် သိမ်းဆည်းထား ရမည်ဖြစ်ပါသည်။

ကလိုရင်း အများအပြားဖြင့် သန့်စင်ရန် အတွက် ရောဂါပိုးမွှားများ သန့်စင်ရန်ကြာချိန် ၁၂ နာရီ အတွက် ကလိုရင်း (active chlorine) ပမာဏ ၂၅၀ ppm ဖြစ်ရပါမည်။[1] အသုံးပြုရမည့် ကလိုရင်း ပမာဏကို တိတိ ကျကျ သိနိုင်ရန် အတွက် အဝီစိတွင်း ရှိ ရေပမာဏ ကို တွက်ချက်ထားဖို့ သို့မဟုတ် မှန်းဆ ထား ဖို့လိုအပ် ပါသည်။ သို့သော် ကျွန်ုပ်တို့ ကလိုရင်းခပ်မည့် အဝီစိတွင်း တိုင်း ၏ ရေ ပမာဏ ကို တွက်ဆရန်မှာ မလွယ်ကူ လှပါ။ OXSI ၏ အဝီစိတွင်းများသည် အများအားဖြင့် ပေ ၃၀ ခန့်ထိ နက်ပြီး ပိုက်အချင်း အားဖြင့် ၂ လက်မ ခန့် ရှိတတ်ပါသည်။ မိုးရာသီတွင် မြေအောက်ရေ ၏ မျက်နှာပြင်သည် မြေကြီးအောက် ၂ပေ ခွဲ ခန့်တွင် ရှိတတ်ပြီး ခြောက်သွေ့သည့်ကာလ များတွင် မြေကြီးအောက် ၈ ပေ အထိနက် မှသာ ရေမျက်နှာပြင် ကို စတွေ့တတ်ပါသည်။ တစ်နည်းအားဖြင့် ဆိုသော် အဝီစိ တွင်း တွင် ရှိနေနိုင်သည့် အများဆုံး  ရေထုထည် သည် ၁၃.၅ မှ ၁၇ လီတာ ထိသာဖြစ်ပါသည်။

ဂရာနျူလာ ကယ်လ်စီယံ ဟိုက်ပိုကလိုရိုက် သည် ဓာတ်မပြုသော သန့်စင် ကလိုရင်း(Active chlorine) ပမာဏ ၆၅% ရှိပါသည်။ လက်ဖက်ရည်ဇွန်း တစ်ဇွန်းစာသည် (၁၄ ဂရမ်ခန့် ရှိပြီး) ရေတစ်လီတာ တွင် ပျော်ဝင်ပါက ၀.၉၁% ပျော်ဝင်မှုနှုန်း (၉၁၀၀ ppm) ရှိပါသည်။ ကလိုရင်းကွန်ပေါင်းထည့်သည့် အချိန်သည် မိုးတွင်းဖြစ်ပါက အဝီစိတွင်းတွင် ၁၇လီတာ ခန့်သော ရေပမာဏာရှိနေနိုင်သောကြောင့် ကလိုရင်း ပမာဏ ၅၀၀ ppm ထိ ပါဝင်နှုန်းကို ရရှိနိုင် ပါသည်။ ခြောက်သွေ့သည့်ကာလ တွင် ကလိုရင်းကို ထည့်ပါက အဝီစိတွင်းတွင် ၁၃.၅ လီတာခန့်သော ရေပမာဏ သာ ရှိနိုင်သည့် အတွက် ကလိုရင်းပါဝင်နှုန်းသည် ၆၃၀ ppm ခန့်ပါဝင်နေနိုင်သဖြင့် ပါဝင်နှုန်း ပိုမြင့်နေနိုင်ပါသည်။

အဆိုပါ ကလိုရင်းပါဝင်နှုန်းများသည် သတ်မှတ်ထားသည့် ပမာဏ ထက် များနေပါသော်လည်း  ဂရာနျူလာ ကလိုရင်း ကို သိမ်းထားသည့် ကာလ ကြာရှည်ပါက ကလိုရင်း ၏ အာနိသင် နည်းပါးနေပြီး ပျော်ဝင်မှု နှုန်းသည် လည်း နည်းပါးနေနိုင်ပါသည်။

[1] “Shock Chlorination of Wells: Technical Brief” Oxfam in Myanmar, 2016. Based on Lifewater guidance (https://lifewater.org/wp-content/uploads/2018/10/Lifewater-HandPumpRepair-Manual.pdf) which in turn references a Canadian standard (MOEE, 1987). This states that a chlorine dosage of 250 mg/l is maintained for at least 12 hours for newly constructed wells, but a dosage of at least 50 ppm is used in future.

## လုပ်ဆောင်ရမည့် အဖွဲ့

ကလိုရင်းခပ်၍သန့်စင်ခြင်းကို လက်နှိပ်ရေတုံကင်များကို မည်သို့ ဖြုတ်/တပ်ရမည်ကို ၎င်း၊ ကလိုရင်းဆေးကို မည်သို့ ခပ်ရမည်ကို ၎င်း သင်ကြားတတ်မြောက်ထားသည့် သူများ ဖြစ်သည့် ဆောက်လုပ်ရေး အဖွဲ့မှ အဖွဲ့ဝင် များကို လုပ်ဆောင်ရပါမည်။ များသောအားဖြင့် တစ်ရက်လျှင် ကလိုရင်းခပ်သည့် အလုပ်များစွာကို ဝန်ထမ်း ၁ ယောက် ၂ ယောက်ဖြင့် လုပ်နိုင်ပါသည်။ ထို ဝန်ထမ်းများ ကလိုရင်းလိုက် ခပ်သည့် အခါတွင် လူထု လှုံ့ဆော် စည်းရုံးရေး အဖွဲ့ဝင်များပါ ပါဝင်နိုင်မည်ဆိုလျှင် ပိုကောင်းပါသည်။ ထိုအခါ ကလိုရင်းခပ်သည့် လုပ်ငန်းစဥ် အတွင်း လူထုမှ မေးမြန်းလိုသည့် မေးခွန်းများရှိပါက သူတို့မှ ဖြေကြားပေးနိုင်ပြီး အဆိုပါ လက်နှိပ်ရေတုံကင်ကို တည အသုံးမပြုဘဲ နေဖို့ လိုကြောင်းကို လူအများသိအောင် သတိပေးပြောပြ ပေးနိုင်ပါ သည်။

## ပါဝင်သည့် ပစ္စည်းများ

၁။ လက်နှိပ်ရေတုံကင်ကို ဖြုတ်ရန်လိုအပ်သည့် ပစ္စည်းများ - တူ၊ ဆောက်၊ ဆိုဒ်စုံပါသည့် ခွများ နှင့် ပလာယာများ။

၂။ ဂရာနျူလာ ကလိုရင်း (အဝီစိတွင်း တစ်တွင်းလျှင် ဇွန်းအပြည့် တစ် ဇွန်း)၊ ပလတ်စတစ် ဘူး အသေး ဖြင့် သယ်လာရန်။

၃။ ပလတ်စတစ် ဇွန်း တစ်ဇွန်း

၄။ လက်အိတ် များ။

၅။ သန့်ရှင်းပြီး ဘာမျှ မထည့်ထားသည့် ၁ လီတာ ဆန့် ရေသန့်ဘူး။

## လုပ်ထုံးလုပ်နည်း

၁။ ကလိုရင်းခပ်ရန် လိုအပ်နေကြောင်းကို ရေ အရည်အသွေးထိန်းသိမ်းရေး အဖွဲ့ မှ ဆောက်လုပ်ရေး အဖွဲ့ထံ သို့ အကြောင်းကြားလာပါ က ဆောက်လုပ်ရေး အဖွဲ့သည် လူထု လှုံ့ဆော်စည်းရုံးရေး အဖွဲ့ထံသို့ ဆက်သွယ်ပြီး မည်သည့် နေ့ရက်တွင် မည်သည့် အဝီစိတွင်းများကို ကလိုရင်းခပ်ရန် လိုအပ်သလဲ ဆိုသည့် အကြောင်းကို အကြောင်းကြားပေးရပါမည်။ ထိုအခါ လူထု လှုံ့ဆော်စည်းရုံးရေး အဖွဲ့သည် မည်သည့် နေရာ တွင် အဝီစိတွင်း ဘယ်လောက်ကို ကလိုရင်းခပ်ရမည် ဖြစ်ကြောင်း ဆောက်လုပ်ရေး အဖွဲ့ထံသို့ ပြန်၍ အတည်ပြုပေးပါလိမ့်မည်။

၂။ လူထု စည်းရုံးလှုံ့ဆော်ရေးအဖွဲ့သည် အဝီစိတွင်းများကို ကလိုရင်းခပ်ရန် လိုအပ်ကြောင်းကို ထို လက်နှိပ် ရေတုံကင်ကို အသုံးပြုနေသည့် ရပ်ရွာလူထု ထံသို့ ပြောပြပေး၍ ခွင့်ပြုချက်တောင်းခံ ရပါမည်။ ထိုသို့ ကလိုရင်းခပ်ရာတွင် လုပ်ရမည့် အဆင့်များ နှင့် ဘာကြောင့် ထိုသို့ လုပ်ရန် အရေးကြီးကြောင်းကို လူထုစည်းရုံးလှုံ့ဆော်ရေးအဖွဲ့မှ လူထု အား သေသေချာချာ ရှင်းပြပေးဖို့လိုပါ သည်။

### လူထု အား အကြောင်းကြားရာတွင် အဓိက ပြောပြပေးရမည့် အရာများ

- ကျွန်တော်/ကျွန်မ တို့ ရေကို စစ်ဆေးကြည့်လိုက်တဲ့ အခါ မှာ ရေ က သောက်သုံးရန် မသင့်တဲ့ အနေ အထား မှာ ရှိနေပါတယ်။
- လူကြီးမင်းတို့ အနေနှင့် (နောက်ထပ် ရေညစ်ညမ်းတာမျိုးမဖြစ်ရအောင်) လက်နှိပ်ရေတုံကင် အနီးတဝိုက် ကို သန့်သန့်ရှင်းရှင်းထားဖို့လိုအပ်ပါတယ်။ အခု ရေထဲမှာ ဝင်နေတဲ့ ဘက်တီးရီးယား ရောဂါပိုး တွေ ကို သတ်ဖို့ နဲ့ ရောဂါတွေ မဖြစ်ပွားအောင် ကာကွယ်ဖို့ အတွက် ဆိုရင် ဒီ အဝီစိတွင်း တွေကို ကလိုရင်း ခပ် ဖို့လိုပါတယ်။
- ရေ ကို သောက်သုံးဖို့ သင့်တော်တဲ့ အနေအထားပြန်ရောက်ဖို့ရန် အတွက် ဒီအဝီစိတွင်းတွေကို ကလိုရင်း ခပ် ဖို့ ခွင့်ပြုချက်တောင်းလိုပါတယ်။
- ကလိုရင်းခပ်ပြီးရင် ၁၂ နာရီ (တည ခန့်) ကြာပါမယ်။ အဲ့အချိန်မှာ ရေတုံကင်က ရေတွေကို ဘယ်သူမှ အသုံးပြုလို့မရအောင် လက်နှိပ်ရေတုံကင်က လက်ကိုင် တွေ နဲ့ အခြား အစိတ်အပိုင်းတွေကို ဖြုတ်ထား မှာ ဖြစ်ပါတယ်။
- အဲ့ တည မှာ အစားထိုး အသုံးပြုလို့ရမယ့် အနီးအနားက ရေတုံကင်ကို ကျွန်တော်/ကျွန်မ တို့ အတူတူ ရှာထားလို့ရပါတယ်။
- ကလိုရင်းခပ်ပြီး နောက်တစ်နေ့ကျရင် ကလိုရင်းခပ်ထားတဲ့ ရေ အားလုံးကို အနံ့အရသာ သို့မဟုတ် ကလိုရင်းနံ့ ပျောက်သွားတဲ့ အထိ စုပ်ထုတ်လိုက်မှာဖြစ်ပါတယ်။ ထိုအခါကျမှ ရေက သောက်သုံးဖို့ စိတ်ချရမှာပါ။
- ဒီလို ရေညစ်ညမ်းတာမျိုး ထပ်မဖြစ်အောင် ပတ်ဝန်းကျင်ကို သန့်ရှင်းအောင် ထားဖို့အရေးကြီးပါတယ်။ လက်နှိပ်ရေတုံကင် အနီးတဝိုက်က မြေပြင်ပေါ်မှာ ညစ်ညမ်းတဲ့ ရေတွေ ရှိနေရင် ရေတွေက မြေအောက် ထဲ စိမ့်ဝင်သွားတဲ့ အတွက် မြေအောက်ရေကို ညစ်ညမ်းစေနိုင်ပါတယ်။ ဒါကြောင့် လက်နှိပ် ရေတုံကင် အနီးတဝိုက်မှာ အဝတ်မလျှော်ဖို့ နှင့် ရေပုပ်/ရေသေ အိုင်တွေ မရှိအောင် လုပ်ထားဖို့ လိုအပ်ပါသည်။

၁။ လက်အိတ် ဝတ် ၍ ကလိုရင်း အရည်ကို ပြင်ဆင်ခြင်း - ရေတစ်လီတာ ဘူးကို သန့်ရှင်းသော ရေဖြင့် ဖြည့်ပါ။ ထိုနောက် ကလိုရင်း ပေါင်ဒါမှုန့် ဇွန်းတစ်ဇွန်း စာ ကို ထည့်ပါ။ ထိုနောက် အဆိုပါ ရေပုလင်း ကို အဖုံးပိတ် ပြီး **<u>စက္ကန့် (၃၀) ခန့် ကြာအောင် ကိုင်လှုပ်ပေးပါ။</u>**





၂။ လက်နှိပ်ရေတုံကင် အား သောက်သုံးရေ အတွက် အသုံးမပြုရ ဟု သတိပေးထားသည့် ဆိုင်းဘုတ်ကို ခဏ ဖြုတ်ထားလိုက်ပါ။ ကလိုရင်းခပ်ပြီးသည့် အခါတွင် ပြန်တပ်ထားရန် တနေရာမှာ သိမ်းထားပါ။

၃။ လက်နှိပ်ရေတုံကင် အုံကို ဖြုတ်လိုက်ပါ။





၄။ ရေကို စုပ်တင်ပေးသည့် ပိုက် အပေါက်ဝ တွင် ကလိုရင်း အရည်ကို လောင်းထည့်ပါ။






၅။ ကလိုရင်း အနံ့ထွက်လာသည့် အထိ ရေ တုံကင်ကို အကြိမ်ပေါင်းများစွာ နှိပ်ပေးပါ။ အနံ့ရလာလျှင် ချက်ချင်း ရပ်လိုက်ပါ။ကလိုရင်း ခပ်ထားသည့် ရေကို အပြင်သို့ မထုတ်လိုက်ပါနှင့်။

၆။ ထိုနောက် ကလိုရင်းခပ်ထားသည့်ရေကို တညသိပ်ထားသည့် အခါတွင် မည်သူမှ အသုံးမပြုနိုင်ရန် အတွက် ရေတုံကင် အုံ ကို ဖြုတ်ထားလိုက်ပါ။

၇။ **နောက်တစ်နေ့** တွင် ပြန်သွားပြီး ရေတုံကင်အုံကို ပြန်တပ်ပါ။

၈။ ကလိုရင်း အနံ့ပျောက်သွားသည့် အထိ ရေတုံကင် ကို နှိပ်၍ ရေများကို ထုတ်ပစ်ပါ။

၉။ ထိုနောက် ရေတုံကင်မှ ရေကို သောက်သုံးရန် အသုံးမပြုပါနှင့် ဟု သတိပေးထားသည့် ဆိုင်းဘုတ်ကို ပြန်တပ်ထားပါ။ အဝီစိတွင်းမှ ရေကို ပြန်စစ်ဆေးပြီး သန့်စင်ကြောင်း သေချာမှသာ ထိုဆိုင်းဘုတ်ကို ပြန်ဖြုတ်ပေးရပါမည်။

၁၀။ ကလိုရင်းခပ်ပြီး တစ်ပတ် အတွင်း လက်နှိပ်ရေတုံကင်မှ ရေကိုပြန်၍ စစ်ဆေးပေးရန် အတွက် ရေ အရည်အသွေးထိန်းသိမ်းရေး အဖွဲ့ ထံသို့ ဆက်သွယ်အကြောင်းကြားပါ။ ရေတုံကင်မှ ရေသည် ဆေးစစ် ချက်အောင်ပြီး သောက်သုံးရင် စိတ်ချရပါက လူထု စည်းရုံးလှုံ့ဆော်ရေး အဖွဲ့မှ လူထု ထံသို့ အကြောင်းကြားပေးရပါမည်။

မှတ်ချက် - အဝီစိတွင်းကို ကလိုရင်းခပ်ထားသည့် အချိန်တွင် ထို ရေတုံကင်ကို သုံးနေကြ သူများသည် အခြား ရေတုံကင် တစ်ခု ကို အသုံးပြုနေသူများ နှင့် ပြဿနာ ရှိသော်ကြောင့် ရေတုံကင်ကို ခဏ အစားထိုး အသုံးပြုရန် အခက်အခဲရှိပါက ထို ပြဿနာကို စခန်းစီမံခန့်ခွဲရေး ကော်မတီ (CMC) ထံသို့ တင်ပြပြီးနောက် OXSI ထံသို့ တင်ပြရမည် ဖြစ်ပါသည်။ OXSI ၏ ရေတုံကင်များသည် လူထု အားလုံး အတွက် ဖြစ်သည့် အတွက် OXSI ရေတုံကင် အသုံးပြုသည် ကို မည်သူမျှက တားဆီးပိုင်ခွင့်မရှိပါ။




*ကလိုရင်းမခပ်ခင် နှင့် ခပ်ပြီး နောက်ပိုင်းတွင် ဤ ပိုစတာ ဆိုင်းဘုတ်အား ကပ်ထားပေးပါ။ ထိုရေတုံကင်မှ ရေကို ရေသန့်ရှင်းပြီး အသုံးပြုရန် စိတ်ချရပြီ ဖြစ်ကြောင်း အတည်မပြုရသေးခင် အချိန်ထိ သောက်သုံးခြင်း၊ သွားတိုက်ခြင်း သို့မဟုတ် တိုက်ရိုက်စားသုံးမည့် အစားအစာများအား ဆေးကြော ခြင်း အတွက်အသုံးမပြုရပါ။*

SOLIDARITÉS INTERNATIONAL

OXFAM

# သတ်မှတ်ထားသည့် အိမ်ထောင်စုများထံသို့ သွားရောက်လေ့လာရာတွင် လိုက်နာရမည့် လုပ်ငန်းဆောင်ရွက်ရေး စံလုပ်ထုံးလုပ်နည်းများ

## မိတ်ဆက်

စီမံချက်စတင်ချိန်တွင် အိမ်ထောင်စုအားလုံးပါဝင်သော သွားရောက်လေ့လာမှုများကို သန့်ရှင်းရေးမြှင့်တင်ဆောင်ရွက်ခြင်း နည်းလမ်းတစ်ခုအဖြစ် လုပ်ဆောင်ခဲ့ပါသည်။ ရပ်ရွာလူထုအတွင်းမှ ဦးဆောင်ပံ့ပိုးသူများသည် အိမ်ထောင်စုများဆီ တစ်အိမ်တက်ဆင်းသွားရောက်ခဲ့ပြီး ကောင်းမွန်သည့် သန့်ရှင်းရေးဆိုင်ရာအမူအကျင့်များကို သင်ကြားပြသခဲ့ကြပါသည်။ သို့သော်လည်း ၂၀၁၈ နှစ်လယ်ပိုင်းတွင် ချဉ်းကပ်မှုလုပ်ဆောင်မှုများကို ရေအရည်အသွေးစမ်းသပ်မှု မအောင်မြင်ဟု "သတ်မှတ်ထားသော" အိမ်ထောင်စုများသို့သာ သွားရောက်ခြင်းအဖြစ်ပြောင်းလဲခဲ့ပါသည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် သွားရောက်လေ့လာမှုများပြုလုပ်သည့်အခါ ပိုမိုအလေးထားခြင်းနှင့် ချိတ်ဆက်ပါဝင်ခြင်းများဖြစ်လာပြီး ဘေးအန္တရာယ်ကင်း သော ရေအသုံးပြုမှုအမူအကျင့်များအဖြစ်သို့လည်း ပြောင်းလာစေမည်ဟု ယုံကြည်ရပါသည်။ သတ်မှတ်ထားသော အိမ်ထောင်စုများသို့သွားရောက်လေ့လာခြင်းများသည် ဝမ်းပျက်ဝမ်းလျှောဖြစ်ပွားခြင်း သို့မဟုတ် ထိုအိမ်ထောင်စုများသို့ အရေးကြီးသော ကိစ္စရပ်များကို စနစ်တကျအသိပေးခြင်းများကဲ့သို့ အထူးတလည်အခြေအနေတစ်ရပ်ရှိမှသာ သွားရောက် ခြင်းဖြစ်ပါသည်။ ဤစာတမ်းသည် ရေအရည်အသွေးစမ်းသပ်မှု မအောင်မြင်သည့် သတ်မှတ်ထားသော အိမ်ထောင်စုများ သို့သာသွားရောက်လေ့လာခဲ့သည်များကို ဖော်ပြထားခြင်းဖြစ်ပါသည်။

*မှတ်ချက်* - ဤစာတမ်းတွင် "သောက်ရေ" ဆိုသည်မှာ တိုက်ရိုက်သောက်သုံးနိုင်သော၊ ချက်ပြုတ်ခြင်း၊ အစိမ်းစားနိုင်သော လတ်ဆတ်သည့် သစ်သီးဝလံများ၊ ဟင်းသီးဟင်းရွက်များကို ဆေးကြောရန်အသုံးပြုနိုင်သည့် ရေများကိုဆိုလိုခြင်းဖြစ်ပါ သည်။ "အိမ်သုံးရေ" ဆိုသည်မှာ ရေချိုးရန်၊ အဝတ်လျှော်ရန်၊ ပန်းကန်ဆေးကြောရန်နှင့် အခြားအိမ်တွင်းသန့်ရှင်းရေးပြုလုပ် ရန် အသုံးပြုသောရေများ ဖြစ်ပါသည်။

## ရည်ရွယ်ချက်များ

သတ်မှတ်ထားသောအိမ်ထောင်စုများသို့သွားရောက်လေ့လာခြင်း၏ အဓိကရည်ရွယ်ချက်မှာ သောက်သုံးရေညစ်ညမ်းမှု ကြောင့် ထိခိုက်နိုင်ခြေရှိသည်များကို လျှော့ချနိုင်ရန်အတွက် ရေခပ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်းနှင့် အသုံးပြု ခြင်းဆိုင်ရာ အမူအကျင့်များ ပိုမိုတိုးတက်ကောင်းမွန်လာစေရန်ဖြစ်ပါသည်။ သတ်မှတ်ထားသောအိမ်ထောင်စုများသို့ သွားရောက်လေ့လာရာတွင် အိမ်ထောင်စု၏ ရေသုံးစွဲခြင်းဆိုင်ရာ အမူအကျင့်များ ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ကြောင်း "သက်သေ" ပြနိုင်ရန် အိမ်ထောင်စု၏ ရေအရည်အသွေးစမ်းသပ်မှုရလဒ်ကို ထိုမိသားစုအားဝေမျှအသိပေးပြီး အိမ်ထောင်စု ဝင်များ ၎င်းတို့ရေသုံးစွဲသည့် အမူအကျင့်များကို ပိုမိုတိုးတက်ကောင်းမွန်လာစေရန် အသိပညာဗဟုသုတများအား ရေသုံးစွဲမှု ဘေးအန္တရာယ်ကင်းရှင်းရေးစာရွက်ကြီးများဖြင့် အသိပေးဝေမျှပါသည်။

## လုပ်ငန်းဆောင်ရွက်ရေးစံလုပ်ထုံးလုပ်နည်းများ (SOPs)

၁. ရေအရည်အသွေးစစ်ဆေးသည့်အဖွဲ့သည် ရေအရည်အသွေးစစ်ဆေးမှု မအောင်မြင်သည့်အိမ်ထောင်စုများစာရင်းကို ရပ်ရွာလူထုစည်းရုံးရေး အဖွဲ့များအား တစ်ပတ်တစ်ခါအသိပေးဝေမျှရမည်။ နောက်လာမည့်အပတ်တွင် သွားရောက် မည့် သတ်မှတ်အိမ်ထောင်စုများအတွက်လည်း အစီအစဉ်ရေးဆွဲရမည်။

၂. အိမ်ထောင်စုများထံသို့သွားရောက်ရန် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ပြီး အစီအစဉ်ကို အပတ်စဉ်လုပ်ငန်း အစီအစဉ် နှင့် သွားရောက်မည့် အချိန်ဇယားကို စစ်ဆေးရန် သက်ဆိုင်ရာမန်နေဂျာထံ အစီရင်ခံတင်ပြရမည်။

၃. ပထမဆုံးအိမ်ထောင်စုသို့ရောက်ပါက မိမိကိုယ်ကိုမိတ်ဆက်ပြီး လာရောက်လုပ်ဆောင်မှုများအတွက် အဆင်ပြေခြင်း ရှိမရှိမေးမြန်းရမည်။ သင်သည် OXSI အတွက် အလုပ်လုပ်နေခြင်းဖြစ်ကြောင်းနှင့် OXSI ကဆောင်ရွက်နေသည့် အလုပ်များကိုရှင်းပြရမည်ဖြစ်ပြီး လူအများကိုလည်း မည်သည့်မေးခွန်းမဆိုမေးခွင့်ပြုရမည်။

၄. ဤအိမ်ထောင်စုတွင်သုံးနေသည့် ရေများ၏အရည်အသွေးကို လတ်တလောစမ်းသပ်ချက်အရ ရေများ သန့်ရှင်းမှုမရှိသည့်အတွက် ယနေ့ဤအိမ်ထောင်စုသို့သင်လာရောက်ရသည့်အကြောင်းကိုရှင်းပြပါ (များသောအား ဖြင့် အဝီစိတ်တွင်းများမှ ရေများမှာ သန့်ရှင်းမှုရှိပါသည်)။ ရေသုံးစွဲသည့် အမူအကျင့်များနှင့်ပတ်သက်၍ မေးခွန်း အချို့မေးလိုကြောင်းရှင်းပြပြီး သောက်သုံးရေများ သန့်ရှင်းမှုရှိအောင် မည်သို့လုပ်ဆောင်ရမည်ကို အကြံပြုချက် များပေးပါ။

၅. သောက်ရေများကို မည်သည့်နေရာတွင်ထားသည်ကို မေးမြန်းကြည့်ရှုပြီး အောက်ပါတို့ကိုစစ်ဆေးပါ။ သောက်သုံးရေ ဘေးအန္တရာယ်ကင်းရှင်းရေးစာရွက်ကြီးကိုပြပြီး ကောင်းမွန်သော၊ ဆိုးဝါးသော အမူအကျင့်များကိုရှင်းပြပါ။

   က. ရေထည့်သည့်အရာများတွင် အဖုံးအကာများရှိပါသလား။ အဖုံးရှိခဲ့ပါက ထိုသို့သောအလေ့အကျင့်များရှိ ခြင်းအတွက် အိမ်ထောင်စုကို ချီးကျူးပြီး ရေများကို အမြဲတစေဖုံးအုပ်ထားသင့်ကြောင်း ထိုသို့ဖုံးကားထား ခြင်းကြောင့် ရေများညစ်ညမ်းမှုဖြစ်စေခြင်းမှ အကာအကွယ်ပေးနိုင်ကြောင်းရှင်းပြပါ။ အကယ်၍ အဖုံးများ မရှိခဲ့ပါက ပန်းကန်ပြား သို့မဟုတ် အိုးဖုံးတစ်ခုခုဖြင့် ဖုံးကာထားသင့်ကြောင်း တိုက်တွန်းပါ။

ခ. ရေထည့်ထားသည့် ပုံးခွက်များတွင် ရေပိုက်ခေါင်းပါပါသလား။ ၎င်းတို့ထံတွင် ရေပိုက်ခေါင်းပါရှိသည့် ပုံး/ခွက်များရှိသော်လည်း သောက်ရေအတွက် ထိုပုံး/ခွက်များကို မသုံးပါက အသုံးပြုရန် တိုက်တွန်းပါ။ ရေပိုက်ခေါင်းပါသည့် ပုံး/ခွက်များသည် ရေကိုသိုလှောင်ထားနိုင်ရန် အလုံခြုံဆုံးဖြစ်ပြီး ရေအိုး၊ ရေခွက် များအတွင်းမှရေကို ရေမှုတ်/ရေခွက်တို့ဖြင့် ခပ်ယူခြင်းကြောင်း ညစ်ညမ်းမှုဖြစ်ခြင်းမျိုး မရှိနိုင်တော့ပေ။

i. ရေပိုက်ခေါင်းမပါရှိဘဲ သောက်ရေထည့်သည့် အိုး၊ ခွက်များ သည် သေးငယ်သည်ဆိုပါက နောက်ထပ်အကောင်းဆုံး နည်းလမ်းတစ်ခုမှာ ရေကို သောက်ရေခွက်အတွင်းသို့သွန်၍ သောက်သုံးခြင်းဖြစ်ပါသည်။

ii. အကယ်၍ ရေပိုက်ခေါင်းမပါဘဲ ရေထည့်သည့်အရာသည် သွန်ချသောက်သုံးရန် အလွန်ကြီးနေပါက ပုံးအတွင်းမှရေများ ကိုခပ်ယူနိုင်သည့် ရေမှုတ် သို့မဟုတ် ရေခွက်ကို အသုံးပြုနိုင် သော်လည်း ထိုရေမှုတ်/ရေခွက်များကို သောက်ရေအတွင်း ထည့်မထားရပါ။ ဖြစ်နိုင်ပါက ရေခပ်သည့် ရေမှုတ်/ ရေခွက် များကို မည်သည့်အရာနှင့်မှ မထိနိုင်သည့်နေရာများတွင် ချိတ်ဆွဲထားရမည်။ အကယ်၍ သင်၏လက်များ သို့မဟုတ် ရေခွက်/ ရေမှုတ်၏ အစိတ်အပိုင်း များက သင်၏လက်ကိုထိမိထားသည် ဆိုပါကလည်း ရေကို ညစ်ညမ်း စေနိုင်ပါသည်။



ပုံတွင် ရေပုံး၊ ရေအိုးအားလုံးကို ဖုံးကာထားပြီး ရေမှုတ်ကို နံရံတွင် ချိတ်ထားသည်ကို တွေ့နိုင်သည်။

၆. အကယ်၍အိမ်ထောင်စုများသည် မြေထည်ဖြင့်ပြုလုပ်ထားသည့် ရေစစ်(CWF)များကို အသုံးပြုသည်ဆိုပါက ၎င်းတို့ကို စစ်ဆေးပြီး (အဖုံးဖွင့်ကြည့်) ပြီးထိုရေစစ်များအသုံးပြုနေသည်မှာ မည်မျှကြာမြင့်ပြီဖြစ်ကြောင်း မေးမြန်း ပါ။ အောက်ဖော်ပြပါလမ်းညွှန်ချက်များကို လိုက်နာပါ။

က. ၎င်းတို့သည် ထိုရေစစ်များအသုံးပြုနေသည်မှာ (သို့မဟုတ် Oxfam သို့မဟုတ် SI မှလက်ခံရရှိထားခဲ့သည်မှာ)တစ်နှစ်ကျော်ခဲ့ပြီးဖြစ်သည်ဆိုပါက အသုံးပြုမှုကို ရပ်တန့်ရန်ပြောပါ။ အညိုရောင်မြေအိုးကို ထုတ်ယူပြီး စွန့်ပစ်ပါ၊ ထို့နောက် အဖြူရောင်ပုံးကို ရေ၊ ဆပ်ပြာတို့ဖြင့် သန့်ရှင်းစွာဆေးကြောပြီး ထိုပုံးကို သာ အတွင်းတွင် မြေထည်ရေစစ်မထည့်ဘဲ အသုံးပြုပါ။

ခ. မြေအိုးကို ဆပ်ပြာဖြင့် တစ်လတစ်ခါ ဆေးကြောသင့်ပါသည်။ ထိုမြေထည်ရေစစ်အိုးကို သန့်ရှင်းရေးပြုလုပ် ရန် တစ်ဆင့်ခြင်းလမ်းညွှန်ပြသထားသည်များအား မကြာခဏမေးမြန်းလေ့ရှိသည့် မေးခွန်းများအခန်း တွင် ကြည့်ပါ။

ဂ. အညိုရောင်မြေထည်အိုးတွင် အက်ကွဲကြောင်းအချို့ကို တွေ့သည်ဆိုပါက ထိုအိုးကို အသုံးပြုမှုရပ်ဆိုင်းပြီး စွန့်ပစ်ရန် ပြောပါ။

၇. ထိုအိမ်ထောင်စုအနေဖြင့် အိမ်သုံးရေနှင့် သောက်သုံးရေများနှစ်ခုစလုံးအတွက် တူညီသောပုံး/ခွက်များကို အသုံးပြု နေခြင်းရှိမရှိမေးမြန်းပါ။ သုံးသည်ဆိုပါက ၎င်းတို့ကို သီးခြားခွဲ၍ သုံးစွဲရန်တိုက်တွန်းပြီး အိမ်ထောင်စုတွင်းရှိ လူအားလုံး မည်သည့်ပုံးသည် သောက်သုံးရေအတွက် ဖြစ်ပြီး မည်သည့်ပုံးသည် အိမ်တွင်းအသုံးပြုရန်ဖြစ်ကြောင်း ကောင်းစွာသိရှိစေရမည်။

က. အကယ်၍ ၎င်းတို့ထံတွင် အဖုံးနှင့် ပိုက်ခေါင်းပါဝင်သော ပုံး/ခွက်များရှိပါက ၎င်းတို့ကို သောက်သုံးရေ အတွက်အသုံးပြုသင့်သည်။

၈. အိမ်ထောင်စုကို ၎င်းတို့လက်နှိပ်ရေတွင်းမှ ရေခပ်သည့် ပုံး/ခွက်များကို ပြသရန်ပြောပါ။ ရေခပ်မသွားခင်ပြုလုပ်သည့် အချက်များကို မေးမြန်းပါ။

က. အကယ်၍ ရေခပ်မသွားခင် ပုံး/ခွက်များကို ဆေးကြောသည် ဆိုပါက ထိုအမူအကျင့်ကို ချီးမွမ်းပြီး ထိုသို့ ပြုလုပ်ခြင်းသည် မှန်ကန်ကြောင်းပြောပါ။ အကယ်၍ ထိုရေသယ်သည့် ပုံး/ခွက်ကို သန့်ရှင်းမှုမပြုလုပ်ပါ ဆိုပါက ထိုပုံး/ခွက်များကို ရေ၊ ဆပ်ပြာဖြင့် တစ်ပတ်တစ်ခါ သန့်ရှင်းရေးပြုလုပ်ရန် တိုက်တွန်းပါ။

၉. လက်နှိပ်ရေတွင်းမှရေကို ပုံမှန်သွားရောက်ခပ်သူအား ရေထည့်သည့် အိုး/ပုံးများကို မည်သို့သယ်ဆောင်ကြောင်း မေးမြန်းပါ။

SOLIDARITÉS INTERNATIONAL

OXFAM

က. ရေထည့်သည့် အိုး/ပုံးများအတွင်းသို့ ရေခပ်သူ၏ လက်များ မဝင်စေ ရကြောင်း သို့မဟုတ် ရေအိုး/ပုံး တစ်ခုမှ တစ်ခုသို့ သွန်ထည့်သည့် အချိန်များတွင် ရေကိုလက်နှင့်မထိစေရကြောင်း ပြောပါ။ ရေအိုး (Gorra) ကို ညစ်ညမ်းမှုမရှိစေရန် မည်သို့သယ်ဆောင်ရကြောင်း သောက်သုံးရေများ ဘေးအန္တရာယ် ကင်းရှင်းရေး စာရွက်ကြီးဖြင့် နမူနာပြရှင်းလင်းပါ။




ပုံတွင် သူမသည် (Gorra) အိုးနှစ်လုံး အတွင်းမှ ရေများနှင့် မထိစေဘဲ သယ်ဆောင်နေပုံကို တွေ့နိုင်သည်။

၁၀. အချိန်ပေးသည့်အတွက် ကျေးဇူးတင်ကြောင်း ထိုအိမ်ထောင်စုမှလူများကိုပြောပြီး ၎င်းတို့မေးလိုသည့် မေးခွန်းရှိပါက မေးနိုင်ကြောင်းပြောပါ (ဤစာတမ်း၏ နောက်ဆုံးစာမျက်နှာတွင် မကြာခဏမေးလေ့ရှိသည့် မေးခွန်းများကို တွေ့နိုင်သည်။

၁၁. အိမ်ထောင်စုများထံသို့ သွားရောက်ခြင်း ပြီးဆုံးပါက အိမ်ထောင်စုများအရေအတွက်၊ ပါဝင်ခဲ့သည့်သူများ၊ တွေ့ဆုံခဲ့ သည့် အကြိမ်ရေ (တစ်အိမ်ထောင်စု = တစ်ကြိမ်) စသည်တို့ကို အစီရင်ခံစာသတ်မှတ်ပုံစံအတွင်း ဖြည့်ပါ။

## နောက်ဆက်တွဲ က - မကြာခဏမေးလေ့ရှိသည့်မေးခွန်းများ

၁. ရေစမ်းသပ်မှုကို မအောင်မြင်ပါဆိုသည်မှာ ဘာကိုဆိုလိုပါသလဲ။

အကယ်၍သင်၏ရေကိုစမ်းသပ်မှုမအောင်မြင်ဟုဆိုပါက သင်၏အိမ်ထောင်စုတွင်အသုံးပြုနေသည့်ရေကို စမ်းသပ်ရာ၌ *အီးကိုလိုင်း* ရောဂါပိုးများဖြင့်ညစ်ညမ်းမှုဖြစ်နေသည်ကို စမ်းသပ်တွေ့ရှိခြင်းဖြစ်ပြီး ယင်းသည် လူအများကိုနာမကျန်းဖြစ်စေ သောရောဂါပိုးတစ်ခုဖြစ်ပါသည်။ ယင်းသည် အိမ်ထောင်စုအတွင်းရှိ တစ်စုံတစ်ယောက်၏ လက်များညစ်ညမ်းနေပြီး ရေကို သူတို့၏လက်များနှင့် ထိတွေ့မိလျှင်ဖြစ်ပေါ်ပါသည်။

၂. ကျွန်ုပ်၏ရေသည် သန့်ရှင်းမှုရှိမရှိ မည်သို့သိနိုင်ပါသလဲ။

ရေများအတွင်းရှိ ပိုးမွှားများသည် အလွန်သေးငယ်ပြီး မြင်တွေ့ရန်မဖြစ်နိုင်ပါ၊ ထို့ကြောင့် ပုံမှန်အားဖြင့် သင်၏ရေသည် သန့်ရှင်းမှုရှိမရှိမသိနိုင်ပါ။ ဤသို့အိမ်ထောင်စုများသို့သွားရောက်ပြီး ပေးအပ်ခဲ့သည့် အကြံဉာဏ်များကို လိုက်နာခြင်း၊ သင်၏ သောက်သုံးရေများကို မှန်ကန်စွာသယ်ယူခြင်း၊ သင်၏ရေအိုးရေခွက်များကို သန့်ရှင်းစွာထားပြီးဖုံးအုပ်ထားခြင်း၊ သန့်ရှင်း သော ရေခွက်/ရေမှုတ် သို့မဟုတ် ရေပိုက်ခေါင်းများကို အသုံးပြုခြင်းဖြင့် သင်၏သောက်သုံးရေများကို သန့်ရှင်းစွာထားနိုင်ပါ သည်။

၃. မြေဖြင့်ပြုလုပ်ထားသောရေစစ်အသစ်များကို OXSI က မည်သည့်အချိန်တွင် ဖြန့်ဝေပါမည်လဲ။

OXSI က ထိုရေစစ်အသစ်များကို ထပ်မံဖြန့်ဖြူးရန်အစီအစဉ်မရှိသေးပါ။

၄. OXSI က ကျွန်ုပ်တို့၏ ရေများကို မည်သည့်အချိန်တွင် ထပ်မံစမ်းသပ်စစ်ဆေးပေးပါမည်လဲ။

OXSI သည် အိမ်ထောင်စုများ၏ သောက်သုံးရေများ စမ်းသပ်စစ်ဆေးခြင်းကို တစ်နှစ်တွင်နှစ်ကြိမ်ကျပန်း လုပ်ဆောင်ပါ သည်။ သင်၏အိမ်ထောင်စုတွင် ရေစမ်းသပ်ခြင်းကို ခြောက်လ သို့မဟုတ် တစ်နှစ်အတွင်း ထပ်မံပြုလုပ်ပေးခြင်းရနိုင်သော် လည်း ထပ်မံစမ်းသပ်မှုမပြုတော့ခြင်းလည်း ဖြစ်နိုင်ပါသည်။

၅. မြေဖြင့်ပြုလုပ်ထားသောရေစစ်ကို မည်သို့သန့်ရှင်းရေးပြုလုပ်ရပါမည်လဲ။



ထိုမြေအိုးကို တစ်လတစ်ကြိမ် သို့မဟုတ် ရေစစ်သည့်နှုန်းနှေးကွေးသွားလျှင် သန့်ရှင်းရေးပြုလုပ်သင့်ပါသည်။

အဖုံး၏အတင်းပိုင်းကို ဆပ်ပြာရေဖြင့်ဆေးကြောပြီး အခြောက်ခံထားပါ။ ညီညာသောမျက်နှာပြင် ပေါ်တွင် ထိုအဖုံးကို ပက်လက်လှန်၍ ထားရှိပါ။



မြေအိုးကို အောက်ခံအိုးအတွင်းမှ သတိပြုထုတ်ယူပြီး အဖုံးပေါ်တွင်တင်ပါ။ ထိုမြေရေစစ်အိုးကို မသည့် အခါတွင် အဝရှိ နှုတ်ခမ်းအနားကွပ်ကို ကိုင်၍ပင့်မပါ။

မြေအိုး၏ ပြင်ပကို ညစ်ညမ်းသောလက်များဖြင့် မထိကိုင်ဘဲ မသန့်ရှင်းသော မျက်နှာပြင်များ ပေါ်သို့လည်း မတင်ပါနှင့်။



မြေအိုး၏အတွင်းပိုင်းကို အဝတ် သို့မဟုတ် နူးညံ့သော ဘရပ်ရှ်ဖြင့် ပွတ်တိုက်ပြီး သန့်ရှင်းသောရေ ဖြင့် ဆေးကြောပါ။ ထိုရေစစ်အိုးကို သန့်ရှင်းရာတွင် **ဆပ်ပြာကို အသုံးမပြုပါနှင့်။**


အောက်ခံပုံးနှင့် အပိတ်များကို ဆပ်ပြာရေဖြင့်ဆေးကြောပါ။



သန့်ရှင်းရေးပြုလုပ်ပြီးနောက်ပိုင်းတွင် ပြန်လည်ညစ်ညမ်းမှုများမဖြစ်စေရန် အောက်ခံပုံးအတွင်းသို့ ချက်ချင်းပြန်လည် ထည့်သွင်းပါ။

အိုးကိုသန့်ရှင်းရေးပြုလုပ်ပြီးနောက် အခြောက်ခံရန် မလိုအပ်ပါ။


## Foundation Plan View





| | |
|---|---|
| PROJECT | 2-BLOCK LATRINE |
| SUBJECT | FOUNDATION PLAN VIEW |
| Sheet No. | P-01 |
| Viewsport Scale | 1/4" = 1'-0" |
| Date/ Day | 11th Oct, 2017 |
| Drawing By; | Mang Htan Shar Mar<br>Construction Supervisor |
| Checked By: | Win Oo<br>Construction Manager |
| Approved By; | Cedric MASCRE<br>WASH PM |

SOLIDARITÉS INTERNATIONAL

## Structure front View





## Complete Structure Back View





| | |
|---|---|
| PROJECT | 2-BLOCK LATRINE |
| SUBJECT | STRCTURE SIDE &<br>COMPLETE VIEW |
| Sheet No. | P-03 |
| Viewsport Scale | 1/4" = 1'-0" |
| Date/ Day | 11th Oct, 2017 |
| Drawing By; | Mang Htan Shar Mar<br>Construction Supervisor |
| Checked By: | Win Oo<br>Construction Manager |
| Approved By; | P-01 |

SOLIDARITÉS INTERNATIONAL

## Structure front View





## Complete Structure front View





| | |
|---|---|
| PROJECT | 2-BLOCK LATRINE |
| SUBJECT | STRUCTURE FRONT & COMPLETE VIEW |
| Sheet No. | P-02 |
| Viewsport Scale | 1/4" = 1'-0" |
| Date/ Day | 11th Oct, 2017 |
| Drawing By; | Mang Htan Shar Mar<br>Construction Supervisor |
| Checked By: | Win Oo<br>Construction Manager |
| Approved By; | Cedric MASCRE<br>WASH PM |

## Structure side View




## Complete Structure side View




| | |
|---|---|
| PROJECT | 2-BLOCK LATRINE |
| SUBJECT | STRCTURE SIDE & COMPLETE VIEW |
| Sheet No. | P-03 |
| Viewsport Scale | 1/4" = 1'-0" |
| Date/ Day | 11th Oct, 2017 |
| Drawing By; | Mang Htan Shar Mar<br>Construction Supervisor |
| Checked By: | Win Oo<br>Construction Manager |
| Approved By; | P-01 |

**လုပ်ငန်း အမည် - SI ဒီဇိုင်း ဖြင့် အိမ်သာ ဆောက်လုပ်ခြင်း ( ၁ တွဲ - ၂ ခန်း)**

| နံပါတ် | ပစ္စည်း အမျိုးအစား | အတိုင်းအတာ | အရေအတွက် | ဈေးနှုန်း | ကုန်ကျစရိတ် |
|---|---|---|---|---|---|
| **က ပစ္စည်း စာရင်း** | | | | | |
| | **အိမ်သာ ကိုယ်ထည်** | | | | |
| ၁ | အုတ် | ချပ် | ၁၀၅၀ | ၁၄၀ | ၁၄၇၀၀၀ |
| ၂ | ဘိလပ်မြေ | အိတ် | ၈ | ၈၅၀၀ | ၆၈၀၀၀ |
| ၃ | သဲ | ကျင်း | ၁ | ၂၆၅၀၀ | ၂၆၅၀၀ |
| ၄ | ကျောက်စရစ် | ကျင်း | ၀.၁ | ၉၀၀၀၀ | ၉၀၀၀ |
| ၅ | အပြာရောင် သံပြား ( ၄' x ၁၀၀ 'x ၂၈ G) | ခွေ | ၀.၄ | ၁၀၃၀၀၀ | ၄၁၂၀၀ |
| ၆ | CGI အမိုးသွပ်ပြား ( ( ၂' x ၆' x ၂၈ G) | ချပ် | ၆ | ၃၉၀၀ | ၂၃၄၀၀ |
| ၇ | သံမှို ၁.၅ " | ပိဿာ | ၀.၃ | ၂၆၀၀ | ၇၈၀ |
| ၈ | သံမှို ၂ " | ပိဿာ | ၀.၃ | ၂၆၀၀ | ၇၈၀ |
| ၉ | သံမှို ၂.၅ " | ပိဿာ | ၀.၇၅ | ၂၅၀၀ | ၁၈၇၅ |
| ၁၀ | သံမှို ၃  " | ပိဿာ | ၀.၇၅ | ၂၅၀၀ | ၁၈၇၅ |
| ၁၁ | ၂.၅" ဝါရှာ ပါသော အမိုးသံ | ပိဿာ | ၀.၅ | ၃၇၀၀ | ၁၈၅၀ |
| ၁၂ | အာလိမ် | ခု | ၉ | ၅၀၀ | ၄၅၀၀ |
| ၁၃ | အမဲဆီ | ဂါလံ | ၁ | ၃၅၀၀ | ၃၅၀၀ |
| ၁၄ | ခြင်ဇကာ ( ၄ ' x ၁၀၀ ') | ခွေ | ၀.၂ | ၉၅၀၀ | ၁၉၀၀ |
| ၁၅ | ပလက်စတစ် အိမ်သာခွက် + ၃ " PVC elbow ၄၅ ဒီဂရီ x ၂ | ခု | ၂ | ၃၂၀၀ | ၆၄၀၀ |
| ၁၆ | PVC elbow ၂" အချင်း ၉၀ ဒီဂရီ | ခု | ၃ | ၁၀၀၀ | ၃၀၀၀ |
| ၁၇ | PVC Tee ၂" အချင်း ၉၀ ဒီဂရီ | ခု | ၄ | ၁၀၀၀ | ၄၀၀၀ |
| ၁၈ | PVC elbow ၃" အချင်း ၁၉.၅ ' အ ရှည်  ၈.၅ class | ခု | ၀.၅ | ၁၂၈၀၀ | ၆၄၀၀ |
| ၁၉ | PVC elbow ၃" အချင်း ၁၉.၅ ' အ ရှည်  ၈.၅ class | ခု | ၁ | ၇၀၀၀ | ၇၀၀၀ |
| ၂၀ | အလူမီနီယံ ပတ္တာ ၄ " | ခု | ၆ | ၅၅၀ | ၃၃၀၀ |
| ၂၁ | အလူမီနီယံ လက် ကိုင်ကွင်း   ၆ " | ခု | ၄ | ၇၀၀ | ၂၈၀၀ |
| ၂၂ | သော့ခလောက် အလတ် အရွယ်အစား SP brand | ခု | ၂ | ၂၃၀၀ | ၄၆၀၀ |
| ၂၃ | သတ္တု ချောင်း ၂' x ၂ " x ၄ မီလီ | ခု | ၆ | ၂၃၀၀ | ၁၃၈၀၀ |
| ၂၄ | မူလီ ချောင်း  အပါ ၈ အာနာ ၄ " ဝါရှာ | စုံ | ၁၂ | ၅၀၀ | ၆၀၀၀ |
| ၂၅ | အလူမီနီယံ မျောက်လက် ၄ " | စုံ | ၂ | ၅၅၀ | ၁၁၀၀ |
| ၂၆ | အလူမီနီယံ မင်း တုန်း  ၆ " | စုံ | ၂ | ၇၀၀ | ၁၄၀၀ |
| ၂၇ | ၃ မီလီ သံဇကာ ( ၂" x ၂" x ၆' x ၈၀ ' ) | ခွေ | ၀.၁ | ၁၃၃၀၀၀ | ၁၃၃၀၀ |
| ၂၈ | ပထမတန်းစား သစ်မာ ( ၃" x ၃" x ၁၅ ') | ချောင်း | ၃ | ၁၃၆၀၀ | ၄၀၈၀၀ |
| ၂၉ | ပထမတန်းစား သစ်မာ ( ၃" x ၂" x ၁၈ ') | ချောင်း | ၁ | ၁၀၂၀၀ | ၁၀၂၀၀ |
| ၃၀ | ပထမတန်းစား သစ်မာ ( ၃" x ၂" x ၁၅ ') | ချောင်း | ၉ | ၈၅၀၀ | ၇၆၅၀၀ |
| ၃၁ | ပထမတန်းစား သစ်မာ ( ၃" x ၂" x ၁၂ ') | ချောင်း | ၁ | ၆၈၀၀ | ၆၈၀၀ |
| ၃၂ | ပထမတန်းစား သစ်မာ ( ၃" x ၁.၅" x ၁၂ ') | ချောင်း | ၃ | ၆၈၀၀ | ၂၀၄၀၀ |
| ၃၃ | ပထမတန်းစား သစ်မာ ( ၃" x ၁" x ၁၅ ') | ချောင်း | ၄ | ၆၈၀၀ | ၂၇၂၀၀ |
| ၃၄ | ပထမတန်းစား သစ်မာ ( ၃" x ၁" x ၁၈ ') | ချောင်း | ၁ | ၁၀၂၀၀ | ၁၀၂၀၀ |
| ၃၅ | ပထမတန်းစား သစ်မာ ( ၃" x ၁" x ၁၂ ') | ချောင်း | ၁ | ၆၈၀၀ | ၆၈၀၀ |
| ၃၆ | ပထမတန်းစား သစ်မာ ( ၂" x ၀.၇၅" x ၁၂ ') | ချောင်း | ၂၀ | ၁၇၀၀ | ၃၄၀၀၀ |
| | **အိမ်သာကျင်း x ၃** | | | | |
| ၃၇ | ဘိလပ်မြေ | အိတ် | ၁၅ | ၈၅၀၀ | ၁၂၇၅၀၀ |
| ၃၈ | သဲ | ကျင်း | ၀.၆ | ၂၆၅၀၀ | ၁၅၉၀၀ |
| ၃၉ | ကျောက်စရစ် | ကျင်း | ၁.၂ | ၉၀၀၀၀ | ၁၀၈၀၀၀ |
| ၄၀ | ၃ " အချင်း PVC ပိုက် | ပေ | ၁၅ | ၆၅၆ | ၉၈၄၅ |
| ၄၁ | ၂ " အချင်း PVC ပိုက် | ပေ | ၁၂ | ၃၅၉ | ၄၃၀၈ |
| ၄၂ | ၃ " အချင်း  Elbow ၄၅  ဒီဂရီ | ခု | ၃ | ၁၄၀၀ | ၄၂၀၀ |
| ၄၃ | ၂ " အချင်း Elbow ၉၀ ဒီဂရီ | ခု | ၃ | ၁၀၀၀ | ၃၀၀၀ |
| ၄၄ | ၂ " အချင်း PVC Tee | ခု | ၃ | ၁၀၀၀ | ၄၅၀၀ |
| ၄၅ | အင်ဂျင်ဝိုင် အဟောင်း ( သံ ပုံစံခွက်အား သုတ်လိမ်းရန်) | လီတာ | ၁၈ | ၁၂၀၀ | ၂၁၆၀၀ |
| | **အိမ်သာကျင်း အဖုံး  x ၃** | | | | |
| ၄၆ | ဘိလပ်မြေ | အိတ် | ၃ | ၈၅၀၀ | ၂၅၅၀၀ |
| ၄၇ | သဲ | ကျင်း | ၀.၁၅ | ၂၆၅၀၀ | ၃၉၇၅ |

| | | | | | |
|---|---|---|---|---|---|
| ၄၇ | သဲ | ကျင်း | ၀.၁၅ | ၂၆၅၀၀ | ၃၉၇၅ |
| ၄၈ | ကျောက်စရစ် | ကျင်း | ၀.၃ | ၉၀၀၀၀ | ၂၇၀၀၀ |
| ၄၉ | ၈ မီလီ အချင်း သံချောင်း | ပေ | ၂၄၀ | ၂၀၀ | ၄၈၀၀၀ |
| ၅၀ | ၁၈ G သံချည် ကြိုး | ပိဿာ | ၀.၃ | ၃၀၀၀ | ၉၀၀ |
| ၅၁ | ၂ " အချင်း PVC ပိုက် | ပေ | ၃ | ၃၅၉ | ၁၀၇၇ |
| ၅၂ | ၂ " အချင်း Elbow ၉၀ ဒီဂရီ | ခု | ၆ | ၁၀၀၀ | ၆၀၀၀ |
| | **က ပစ္စည်း အတွက် ကုန်ကျစရိတ်** | | | | **၁၀၄၉၄၆၆** |
| | **ခ လုပ်သား ငွေးရမ်း စရိတ်** | | | | |
| ၁ | လုပ်သား | ယောက် | ၃၉ | ၄၈၀၀ | ၁၈၇၂၀၀ |
| ၂ | ပန်းရံ | ယောက် | ၁၃ | ၆၂၀၀ | ၈၀၆၀၀ |
| ၃ | လက်သမား | ယောက် | ၄ | ၆၂၀၀ | ၂၄၈၀၀ |
| | **ခ လုပ်သား ငွေးရမ်း စရိတ် စုစုပေါင်း** | | | | **၂၉၂၆၀၀** |
| | | | | **စုစုပေါင်း ကုန်ကျစရိတ်** | **၁၃၄၂၀၆၆** |

# အိမ်သာများ လွှဲပြောင်းပေးမည့် လုပ်ငန်းစဉ်အား အုပ်စုဖွဲ့ဆွေးနွေးခြင်း

**ရည်ရွယ်ချက်** - အိမ်သာများကို လွှဲပြောင်းပေးမည့် လုပ်ငန်းစဉ် နှင့် ဆိုင်သည့် အကြံပြုချက်များကို ရယူခြင်း နှင့် အိမ်သာများကို ကျား၊မ ခွဲခြားသတ်မှတ်ရန် ဆွေးနွေးခြင်း။

### လုပ်ငန်းစဉ်

အုပ်စုဖွဲ့ဆွေးနွေးမှုများ (FGD)ကို ပြုလုပ်သည့် အခါတွင် ဦးဆောင်ပံ့ပိုးဆွေးနွေးပေးသူ၊ မှတ်စုရေးမှတ်သူ နှင့် (ဖြစ်နိုင်လျှင် ထည့်နိုင်သည့်) လေ့လာသူ စသည့် ဝန်ထမ်း ၂ ဦး မှ ၃ ဦးထိ ပါဝင်ဖို့လိုအပ်ပါသည်။ အုပ်စုဖွဲ့ဆွေးနွေးမှု တစ်ခုစီတိုင်း တွင် ပါဝင်သည့် သူသည် ကျား သို့မဟုတ် မ ဖြစ်ပါက ဝန်ထမ်းများ သည် လည်း ထိုနည်းတူ ဖြစ်သင့်ပါသည်။

အုပ်စုဖွဲ့ဆွေးနွေးမှုကို ဦးဆောင်မည့် ဝန်ထမ်းများ ၏ တာဝန် များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- ဦးဆောင်ပံ့ပိုးဆွေးနွေးသူသည် ဆွေးနွေးမှုများကို လမ်းညွှန်ထိန်းကျောင်း နိုင်ရပါမည်။
- ဆွေးနွေးမှုမှ ထွက်ပေါ်လာသည့် တွေ့ရှိချက်များကို မှတ်စု ရေးသားသူ က လိုက်၍ မှတ်တမ်းတင်ပေးနိုင်ရပါမည်။
- (ဖြစ်နိုင်လျှင်) ထည့်သွင်းနိုင်သည့် လေ့လာသူသည် အုပ်စုဖွဲ့ဆွေးနွေးမှု ၏ အခြေအနေ ကို စောင့်ကြည့်လေ့လာပြီး ခွင့်ပြုချက်ရရှိပါက ဓာတ်ပုံရိုက်ကူး၍ မှတ်တမ်းတင်နိုင် ပါသည်။

### ပါဝင်မည့် သူကို ရွေးချယ်ခြင်း

- အုပ်စုဖွဲ့ ဆွေးနွေးမှု တွင် ပါဝင်မည့်သူများကို ရွေးချယ်ပြီးနောက် ဆွေးနွေးမှု ပြုလုပ်မည့် အချိန်၊ နေ့ရက် နှင့် နေရာတို့ကို အချိန် မတိုင်မီကြိုတင် အသိပေးအကြောင်းကြားထားရပါမည်။ အုပ်စုဖွဲ့ ဆွေးနွေးမှုတွင် ပါဝင်သည့် သူတိုင်းသည် မိမိဆန္ဒအလျောက် ပါဝင်သည့်သူများသာ ဖြစ်ရပါမည်။

- အဆောင် (၂) ဆောင် တိုင်း တွင် အုပ်စုဖွဲ့ဆွေးနွေးမှု ကို အမျိုးသား အုပ်စု နှင့် အမျိုးသမီး အုပ်စု ဟူ၍ (၂) ခု စီ ပြုလုပ်ရပါမည်။ ထိုအုပ်စု (၂) စု ၏ အုပ်စုဖွဲ့ဆွေးနွေးမှုကို **တစ်ချိန်တည်းတွင် ပြုလုပ်ပါ။**

- အဆောင် (၁) ခုစီ ၏ အိမ်ခန်း တစ်ခန်း မှ အမျိုးသား (၁) ဦး၊ အမျိုးသမီး (၁) ဦးစီ ပါဝင်ရပါမည်။
- **အဆိုပါ အုပ်စု (၂) စု ကို အဆုံးပိုင်းတွင် စုပေါင်း၍ ၎င်းတို့ ကိုယ်စားပြုသည့် အဆောင် (၂) ဆောင် အတွက် အဆုံးသတ်ဆုံးဖြတ်ချက်များကို ချနိုင်းပါ။**
- အဆုံးသတ် ဆုံးဖြတ်ချက်များ ရရှိလာပါက အိမ်သာကို လွှဲပြောင်းပေးသည့် လုပ်ငန်းစဉ် ကို ထိုနေရာတွင် ပင် အပြီး လုပ်ပေးနိုင်ပါသည်။ (ရေအိမ် အတွက် လိုအပ်သည့် ပစ္စည်းများ နှင့် စာရွက်စာတမ်းများကို အသင့်ပြင်ဆင်ထားပါ)။

## မိတ်ဆက်ခြင်း

အုပ်စုဖွဲ့ဆွေးနွေးစကားဝိုင်းက နေကြိုဆိုပါတယ်။ ဒီနေ့အခု လို အားလုံးပါဝင်ပေးတဲ့ အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော်/ကျွန်မ နာမည်ကတော့ ............................. ဖြစ်ပါတယ်။ ဒီ စကားဝိုင်းကို ကျွန်တော်/ကျွန်မ က ဦးဆောင်ပြီး ပံ့ပိုးဆွေးနွေးပေးသွားမှာဖြစ်ပါတယ်။ အားလုံး ခွင့်ပြုမယ်ဆိုရင် မှတ်တမ်း ရေးမှတ်ဖို့ အတွက် တာဝန်ယူထားတာကတော့ ......................... ဖြစ်ပါတယ်။ နောက်ပြီး ဒါကတော့ .......................... ပါ။ ဒီစကားဝိုင်းလေးကို လေ့လာရင်း ကူညီပေးသွားမယ့်သူ ဖြစ်ပါတယ်။

အခု ကျွန်တော်/ကျွန်မ တို့ ရောက်လာတာကတော့ အိမ်သာ လွှဲပြောင်းပေးမည့် ကိစ္စအတွက် အကြံပြုချက်များ၊ မှတ်ချက်များရယူဖို့ လာတာဖြစ်ပါတယ်။ ခု ဆွေးနွေးကြမယ့် အကြောင်းအရာတွေ ထဲမှာ အိမ်သာ ကို ဘယ်လို ကျား၊မ ခွဲ ကြမလဲ ဆိုတဲ့ အချက်လဲပါဝင်ပြီး အားလုံး သဘောတူနိုင်မယ်ဆိုလျှင် အိမ်သာ ကို လွှဲပြောင်း ပေးမယ် လုပ်ငန်းစဉ်နှင့် ဆိုင်တဲ့ အဆုံးသတ် ဆုံးဖြတ်ချက်များကို အတူတကွ ချမှတ် သွားနိုင်ဖို့ ဖြစ်ပါတယ်။

အခု ဆွေးနွေးပွဲ စကားဝိုင်းမှာ ပြောဆိုတာတွေကို မှတ်တမ်းတင်ရေးမှတ်ထားဖို့ နဲ့ ဓာတ်ပုံရိုက် ကူးဖို့ ခွင့်ပြုချက် အရင် တောင်းလိုပါတယ်။ အောက်ပါ အချက်တွေ ကို သဘောတူတယ်ဆိုလျှင် လက်ထောင် ပါ။

၁။ မှတ်တမ်းတင်ရေးမှတ်ထားဖို့ကို ခွင့်ပြုပါတယ်။ (မှတ်စုထဲမှာ ဦးလေး/အဒေါ် တို့ရဲ့ အမည်တွေ နဲ့ အခြား ကိုယ်ရေးကိုယ်တာ အချက်အလက်တွေကို ရေးမှတ်သွားမှာ မဟုတ်ပါဘူး။)

၂။ အုပ်စုဖွဲ့ ဆွေးနွေးမှု စကားဝိုင်းကို ဓာတ်ပုံရိုက်တာကို ခွင့်ပြုပါတယ်။

*အုပ်စု ထဲ ရှိလူအားလုံးမှ ခွင့်ပြုချက်ပေးလိုက်ပြီ ဆိုလျှင် မှတ်စုရေးမှတ်မည့် သူမှ စတင်၍ ရေးမှတ် နိုင်ပါသည်။ သဘောတူညီချက်ရရှိပြီးပါက အချက်အလက်မှတ်ယူသည့် နည်းလမ်းကိုသာ အသုံးပြုပါ။*

(ခွင့်ပြုချက်ရရှိပြီးလို့) ကျွန်တော်/ကျွန်မ တို့ စကားဝိုင်း ကို စကြပြီ ဆိုရင် တစ်ယောက်ပြီးမှ တစ်ယောက် အလှည့်ကျ ပြောစေချင်ပါတယ်။ ဒါမှ ကျွန်တော်/ကျွန်မတို့ နားလည်နိုင်မှာပါ။ တကယ်လို့ ဒီစကားဝိုင်းကနေ ထွက်သွားချင်တယ်ဆိုရင်လဲ အချိန်မရွေးထွက်သွားနိုင်ပါတယ်နော်။

ခု အုပ်စုဖွဲ့ ဆွေးနွေးကြမယ့် စကားဝိုင်း မှာ အားလုံး လိုက်နာရမယ့် စည်းမျဉ်းလေး အချို့တော့ ရှိပါတယ်။ မစခင်အားလုံး ဒါကို သိထားစေချင်ပါတယ်။

- မေးခွန်းတွေကို ဖြေတဲ့ အခါမှာ မှန်တယ်/မှားတယ်ဆိုပြီး မရှိပါဘူး။
- တစ်ကြိမ်မှာ တစ်ယောက်ပဲ ဖြေပေးပါ။
- အခြားသူ ဖြေတဲ့ အဖြေနဲ့ သဘောမတူပဲ ကွဲပြားနိုင်ပါတယ်။ ဒါပေမဲ့ အခြားသူ စကားပြော နေတဲ့ အချိန်မှာ တော့ လေးစားမှု နဲ့ သေချာလေးနားထောင်ပေးစေချင်ပါတယ်။

အခု ဆွေးနွေးမှု မစခင်မှာ မေးချင်တဲ့ မေးခွန်းများ ရှိပါသေးသလား။

## အခု ကျွန်တော်/ကျွန်မ တို့ ဘာကြောင့်ရောက်နေပါသလဲ။


အိမ်သာများကို အသုံးပြုမည့် မိသားစုများထံသို့ လွှဲပြောင်းပေးသည့် အကြောင်းအရာ နှင့် ပတ်သက်၍ ကျွန်တော်/ကျွန်မ တို့ OXSI မှ အကြံပြုချက်များစွာ လက်ခံရရှိခဲ့ပါသည်။ ယခင်တုန်းက အဆောင် တဝက် ရှိ (မိသားစု ၄-၅ စု) အတွက် အိမ်သာ တစ်လုံးကို လွှဲပြောင်းပေးခဲ့ပါသည်။ ထိုအခါ စခန်း/ရပ်ရွာ တွင်း နေထိုင်ကြ သူများ အထူးသဖြင့် အမျိုးသမီး နှင့် မိန်းကလေးငယ်များ အိမ်သာကို စိတ်ချလက်ချ၊ ဘေးကင်းစွာ အသုံးပြုနိုင်ရန် အတွက် အိမ်သာများကို ကျား၊ မ ခွဲခြားသတ်မှတ်ပေးသင့်ကြောင်း မှတ်ချက်များ ကြားသိခဲ့ရပါသည်။ (အောက်တွင် ပုံဖြင့် အခြေအနေ သုံးရပ် ကို ဖော်ပြထားပါသည်။) အကြံပြုထားသည့် အိမ်သာ အသုံးပြုရမည့် ပုံစံ အသစ်များ တွင် လည်း အိမ်သာ တစ်လုံးလျှင် **ယခင် အတိုင်း တူညီသည့် လူဦးရေ က ဝေမျှ သုံးစွဲရမှာ ဖြစ်ပါသည်။**

ကျွန်တော်/ကျွန်မ တို့ ယခု ရောက်ရှိလာရသည်မှာ သင်တို့၏ အဆောင် (၂) ရှိမိသားစုဝင်များ အိမ်သာ အသုံးပြုမှု နှင့် လွှဲပြောင်းရယူမှု အတွက် အဆင်ပြေစေရန် လာရောက်ကူညီ ဆွေးနွေး ပေးခြင်းသာဖြစ်ပါသည်။ အဆုံးသတ်ဆုံးဖြတ်ချက်သည် သင်တို့ အပေါ်တွင်သာ မူတည်ပါသည်။


**မေးခွန်းများ**

၁။ မည်သည့် ပုံစံ ဖြင့် အသုံးပြုရန် ပို၍ နှစ်သက်ပါသလဲ။ (ဆွေးနွေးသည့် စကားဝိုင်းကို တက်ရောက်နေသူများအား မဲပေးစေပါ။ ဖြစ်စဥ် ပုံစံ တစ်ခုချင်းစီ အတွက် ပေးထားသည့် မဲ အရေအတွက်များကို မှတ်သားထားပါ။)


ဖြစ်စဥ်ပုံစံ (၁) (လက်ရှိ အသုံးပြုနေပုံ)




ဖြစ်စဥ်ပုံစံ(၂) (အဆောင် တစ်ခု အတွက် ကျား၊မ ခွဲထားသည့်အိမ်သာ တစ်တွဲ)



ဖြစ်စဉ် (၃) (အဆောင် (၂) ခု အတွက် ကျား၊ မ ခွဲထားသည့် အိမ်သာ တွဲ (၂) တွဲ)




၂။ ဖြစ်စဉ် ပုံစံ (၁) ကို နှစ်သက်ပြီး မဲပေးခဲ့သူများ ဘာကြောင့် ပေးခဲ့ပါသလဲ။

၃။ ဖြစ်စဉ် ပုံစံ (၂) ကို နှစ်သက်ပြီး မဲပေးခဲ့သူများ ဘာကြောင့် ပေးခဲ့ပါသလဲ။

၄။ ဖြစ်စဉ် ပုံစံ (၃) ကို နှစ်သက်ပြီး မဲပေးခဲ့သူများ ဘာကြောင့် ပေးခဲ့ပါသလဲ။

**၅။ (အဆုံးသတ် ဆွေးနွေး ရန် နှင့် ဆုံးဖြတ်ချက်ချ နိုင်ရန် အခြား အုပ်စုဖွဲ့ဆွေးနွေးနေသည့် အဖွဲ့များ နှင့် ပူးပေါင်းပါ။)** အထက်ဖော်ပြပါ ဖြစ်စဉ်များကို အသုံးပြု၍ အိမ်သာများ လွှဲပြောင်းပေးသည့် အစီအစဉ် အတွက် အတူတကွ ဆုံးဖြတ်ချက်များ ချမှတ်နိုင်ပါမလား။ *ဖြစ်စဉ် (၁) နှင့် (၂) အတွက် အဆောင် တစ်ခုစီက ဆုံးဖြတ်နိုင်ပေမဲ့ ဖြစ်စဉ် (၃) အတွက် ဆိုလျှင် အဆောင် (၂) ခု ပူးပေါင်း၍ ဆုံးဖြတ်ဖို့လိုပါသည်။*

ဆုံးဖြတ်နိုင်ချက်များ ချနိုင်ဖို့ အတွက် ဖြစ်စဉ် (၁) ခုတွင် အားလုံးသဘောတူညီမှုရရှိထား ဖို့လိုပါသည်။ အားလုံး ၏ သဘောတူညီချက်ရဖို့ ဆုံးဖြတ်ချက်မချနိုင်ပါက နောက်ဆက်၍ ဘယ်လို အဆင့် တွေဆက်လုပ် နိုင်မလဲ ဆိုသည် ကို မေးမြန်းပါ။ ပြီးလျှင် အဓိက ဆွေးနွေးထားသည့် အချက်အလက်များ ကို မှတ်တမ်းတင် ထားပါ။ (ဥပမာ - အရေးကြီးသည့် လူများသည့် ဆွေးနွေးမှုတွင် မပါဝင်နိုင်ပါက ဆွေးနွေးမှု ကို ရွှေ့ဆိုင်းပြီး မည်သည့် အချိန် နှင့် ရက်တွင် ပြန်လည် တွေ့ဆုံ၍ ဆုံးဖြတ်ကြမည် ကို သာ ရွေးချယ်ထားနိုင်ပါသည်။)

သို့သော် အားလုံးသဘောတူညီမှုကို ရရှိပါက အဖွဲ့များကို အိမ်သာသော့များ၊ အိမ်သာတွင် အသုံးပြုရမည့် ပစ္စည်းများ စသည်တို့ ကို လက်ခံရယူပြီး နှင့် လွှဲပြောင်းပေးသည့် စာရွက်စာတမ်းကို လက်မှတ်ရေး ထိုးနိုင်ပါသည်။

ဆွေးနွေးမှုကို ဦးဆောင်ပံ့ပိုးပေးသည့် သူမှ ပါဝင်တက်ရောက်သူများ အား အချိန်ပေးသည့် အတွက် ကျေးဇူးတင်ကြောင်းပြောပြီး မှတ်စုရေးမှတ်သူ မှ လည်း ၄င်းရေးမှတ်ထားသည့် ထဲမှ အကျဉ်းချုပ်ကို အဖွဲ့ထံသို့ ပြန်၍ ပြောပြပေး၍ ဆွေးနွေးမှုကို အဆုံးသတ်နိုင်ပါသည်။

## ဆွေးနွေးမှု အစီအစဥ် ၏ အကျဥ်းချုပ်

ဆွေးနွေးမှု ပြုလုပ်ခဲ့သည့် နေ့စွဲ -

ဆွေးနွေးမှု ပြုလုပ်ခဲ့သည့် အချိန် -

ဦးဆောင်ပံ့ပိုးသူ ၏ အမည် -

မှတ်စုရေးမှတ်သူ ၏ အမည် -

လေ့လာသူအမည် -

တက်ရောက်သူ အရေအတွက် -

အဆောင်နံပါတ်များ -

ကျား (သို့) မ အုပ်စု - ကျား/မ

မှတ်စုရေးမှတ်ရန် ခွင့်ပြုချက်ရရှိခဲ့ခြင်း ရှိ/မရှိ -

ဓာတ်ပုံရိုက်မှတ်တမ်းတင်ရန် ခွင့်ပြုချက်ရရှိခဲ့ခြင်း ရှိ/မရှိ -

| မေးခွန်းနံပါတ် | အဖြေများ |
|---|---|
| ၁။ | ဖြစ်စဥ် (၁) –<br>ဖြစ်စဥ် (၂) –<br>ဖြစ်စဥ် (၃) – |
| ၂။ | |
| ၃။ | |
| ၄။ | |
| ၅။ | |

## အိမ်သာ ကောင်းမွန်မှုရှိ/မရှိ စစ်ဆေးခြင်း

| Field | Question | Answer | | |
|---|---|---|---|---|
| *date* *(required)* | နေ့စွဲ | | | |
| *Enumerator_Name* *(required)* | စာရင်းကောက်ယူသူအမည် | | | |
| *camp_name* *(required)* | စခန်းအမည် | | camp_value | camp_label |
| sector_block | Block နံပါတ် | | 1 | 1 |
| | | | 2 | 2 |
| | | | 3 | 3 |
| | | | 4 | 4 |
| | | | 6 | 6 |
| | | | a | A |
| | | | b | B |
| | | | c | C |
| | | | d | D |
| | | | e | E |
| | | | f | F |
| | | | g | G |
| | | | h | H |
| | | | i | I |
| | | | j | J |
| | | | k | K |
| | | | l | L |
| | | | m | M |
| | | | n | N |
| | | | o | O |
| *infrastructure_type* *(required)* | အခြေခံအဆောက်အဦအမျိုးအစား | | LT | LT |
| *latrine_reference* *(required)* | အိမ်သာနံပါတ် | | | |
| *type_of_latrine* *(required)* | အိမ်သာအမျိုးအစား | | single | တစ်လုံးချင်း |
| | | | double | နှစ်ခန်းတွဲ |
| | | | 4-block | လေးခန်းတွဲ |
| *room_reference* *(required)* | အိမ်သာအခန်းနံပါတ် | | a | A |
| | | | b | B |

| | | | | |
|---|---|---|---|---|
| | | | c | C |
| | | | d | D |
| | | | N_N | နံပါတ်မရှိပါ။ |
| *Latrine_Functioning* *(required)* | **အိမ်သာကောင်းပါသလား။ (အိမ်သာကို အသုံးပြုလို့ ရပါသလား။)** Functional = IDPs are able to use, so provide privacy, safe pipes and pits in a good state.<br/>Non-Functional =Pipe and pit is broke and sludge is spreading and pit is full or overflowing<br/>Under Maintenance = A latrine isunder maintenance and it cannot be used so far. | | Yes | ကောင်းပါသည်။ အသုံးပြုလို့ရပါသည်။ |
| | | | No | မကောင်းပါ။ အသုံးပြုလို့မရပါ။ |
| | | | under_maintenance | ပြုပြင်နေသည် |
| *sub_category* *(required)* | **အိမ်သာမကောင်းလျှင် မည်သည့်ခေါင်းစဉ်အောက်တွင် အကျုံးဝင်ပါသနည်း။** | | construction | ဆောက်လုပ်ရေး |
| | | | sanitation | မိလ္လာသန့်ရှင်းရေး |
| *If_construction* *(required)* | **Construction အဖွဲ့နှင့် သက်ဆိုင်ပါက ပြဿနာများကိုဖော်ပြပါ** | | Upgrade | အသစ်ပြန်လည်ပြုပြင်ရန် |
| | | | Major_Repair | အကြီးစားပြုပြင်ရန် |
| *Construction_major_repair* *(required)* | **မည်သည့်အစိတ်အပိုင်းများကို အကြီးစားပြင်ဆင်ရန် လိုအပ်ပါသနည်း။** | | foundation | ဖောင်ဒေးရှင် |
| | | | Footing | အိမ်သာအုတ်မြစ်၊ အောက်ခြေ |
| | | | LP | အိမ်သာတိုင် |
| | | | floor | အိမ်သာကြမ်းပြင် |
| | | | Frame | အိမ်သာကိုယ်ထည်ဘောင် |

| | | | | |
|---|---|---|---|---|
| | | | Wall_Beading | အိမ်သာနံရံဖောင်းပြား |
| | | | Door | အိမ်သာတံခါး |
| | | | Walling | အိမ်သာနံရံ |
| | | | Roofing | အိမ်သာခေါင်မိုး |
| | | | Pan/pan_blocked | အိမ်သာခွက် |
| | | | Pipe | အိမ်သာပိုက် |
| | | | Pit | အိမ်သာတွင်း |
| | | | stair | အိမ်သာလှေကား |
| | | | Other | အခြား |
| *Other_copy (required)* | အခြားဟု ဖြေဆိုလျှင် အသေးစိတ်ဖော်ပြပါ။ | | | |
| *If_sanitation (required)* | မိလ္လာသန့်ရှင်းရေးလုပ်ရန်လိုအပ်ပါက မည်သည့်အပိုင်းအားလုပ်ရန်လိုအပ်ပါသနည်း။ | | main_pit_overflowing | ပင်မအိမ်သာတွင်းပြည့်လျှံခြင်း |
| | | | soak_pit_overflowing | အရည်စိမ့်ကန်ပြည့်လျှံခြင်း |
| | | | pan_full | အိမ်သာခွက်အထိပြည့်လျှံခြင်း |
| | | | pit_full | အိမ်သာတွင်းပြည့်လျှံခြင်း |
| *Does_latrine_need_to_be_repaired_minor (required)* | အိမ်သာကို အသေးစားပြင်ဆင်ရန် လိုအပ်ပါသလား။ | | by_agency | အဖွဲ့အစည်းမှ ပြုပြင်ရန်လိုအပ်ပါသည်။ |
| | | | by_community | ရပ်ရွာလူထုမှပြုပြင်ရန် လိုအပ်ပါသည်။ |
| | | | No_repair | ပြုပြင်ရန်မလိုပါ။ |
| *Minor_repair_by-agency (required)* | မည်သည့်အစိတ်အပိုင်းများကို အသေးစားပြင်ဆင်ရန် လိုအပ်ပါသနည်း။ | | Beading_for_Walls | အိမ်သာနံရံဖောင်းပြား |
| | | | Door_Hinge | တံခါးပတ္တာ |
| | | | Roof | ခေါင်မိုး |
| | | | Walling | နံရံ |
| | | | door | အိမ်သာတံခါး |

| | | | | |
|---|---|---|---|---|
| | | | holes_leakage | အိမ်သာ တွင်း/ပေါက်များ ယိုစိမ့်ခြင်း။ |
| | | | manhole_cover_main_pit | ပင်မအိမ်သာကျင်း၏ ဝင်ပေါက်အဖုံး |
| | | | manhole_cover_soak_pit | အရည်စိမ့်ကန်၏ ဝင်ပေါက်အဖုံး |
| | | | pipe_connection_missing | ပင်မအိမ်သာတွင်းနှင့် အရည်စိမ့်ကန် ကြားရှိ ပိုက်ချိတ်ဆက်မှု ပျောက်ဆုံးနေပါသည်။ |
| | | | stair | လှေကား |
| | | | handle | လက်ကိုင် |
| | | | Inside_lock | အိမ်သာအတွင်းရှိမင်းတုန်း |
| | | | Outside_lock | အိမ်သာအပြင်သော့ - မျောက်လက် |
| | | | Other | အခြား |
| *Minor_repair_by_community (required)* | လူထုမှဆောင်ရွက်သော အသေးစားပြုပြင်မှုများ | | Pad_lock | အိမ်သာတံခါး သော့ |
| *Other (required)* | အခြားဟု ဖြေဆိုလျှင် အသေးစိတ်ဖော်ပြပါ။ | | | |
| *Being_used (required)* | အိမ်သာကို အသုံးပြုနေပါသလား။ | | yes | အသုံးပြုနေပါသည်။ |
| | | | no | အသုံးမပြုပါ။ |
| *latrine_Clean (required)* | အိမ်သာသန့်ရှင်းမှုရှိပါသလား။ | | yes | သန့်ရှင်းပါသည်။ |
| | | | no | မသန့်ရှင်းပါ။ |
| *Identification_of_main_pit (required)* | ပင်မအိမ်သာ တွင်း၏ မည်သည့်အစိတ်အပိုင်းအား ပြုလုပ်ရန်လိုအပ်သည်ကို ဖော်ထုတ်ခြင်း | | a | a |
| | | | b | B |
| | | | c | C |
| | | | d | D |
| | | | same_a | Same A |
| | | | same_b | Same B |
| | | | same_c | Same C |
| | | | No_main_pit | ပင်မအိမ်သာတွင်းမရှိ |
| *Status_of_main_pit (required)* | ပင်မ အိမ်သာတွင်းအခြေအနေ | | Functioning | ကောင်းပါသည်။ |
| | | | Not_Functioning | မကောင်းပါ။ |

| | | | | |
|---|---|---|---|---|
| *Replace_Main_Pit (required)* | ပင်မ အိမ်သာတွင်းကို အစားထိုးပြုပြင်ရန် လိုအပ်ပါသလား။ | | yes | ဟုတ်ပါသည်။ |
| | | | no | မဟုတ်ပါ။ |
| *Status_Main_Pit_Cover (required)* | ပင်မ အိမ်သာတွင်း အဖုံးအခြေအနေ | | Functioning | ကောင်းပါသည်။ |
| | | | Nonfunctional | မကောင်းပါ။ |
| *Identification_of_soak_away_pit (required)* | သီးခြားအရည်စိမ့်ကန်၏ မည်သည့်အစိတ်အပိုင်းအား ပြုလုပ်ရန်လိုအပ်သည်ကို ဖော်ထုတ်ခြင်း | | a | A |
| | | | b | B |
| | | | c | C |
| | | | d | D |
| | | | same_a | Same A |
| | | | same_b | Same B |
| | | | same_c | Same C |
| | | | no_soak_away_pit | သီးခြားအရည်စိမ့်ကန်မရှိ |
| *Status_of_soak_away_pit (required)* | သီးခြားအရည်စိမ့်ကန်၏ အခြေအနေ | | Functioning | ကောင်းပါသည်။ |
| | | | Not_functioning | မကောင်းပါ။ |
| *Replace_Soak_away_pit (required)* | သီးခြားအရည်စိမ့်ကန်အားအစားထိုး ပြုပြင်ရန် လိုအပ်ပါသလား။ | | yes | ဟုတ်ပါသည်။ |
| | | | no | မဟုတ်ပါ။ |
| *Status_Soak_away_pit_cover (required)* | သီးခြားအရည်စိမ့်ကန်၏ အဖုံးအခြေအနေ | | Functioning | ကောင်းပါသည်။ |
| | | | Nonfunctional | မကောင်းပါ။ |
| *Faeces (required)* | အိမ်သာအနီးအနား (15) ပတ်လည်တွင် မစင်ရှိပါသလား။ | | yes | ရှိပါသည်။ |
| | | | no | မရှိပါ။ |

# အိမ်သာပြုပြင်ထိန်းသိမ်းမှု အဆင့်မြှင့်တင်ရေးအတွက် ရပ်ရွာလူထု ဆောက်လုပ်ရေးခေါင်းဆောင်များ

## ခြုံငုံသုံးသပ်ချက်

ဤစာတမ်းတွင် စစ်တွေ IDP စခန်းများအတွင်း အိမ်သာပြုပြင်ထိန်းသိမ်းမှု အဆင့်မြှင့်တင်ရန် OXSI အစီအစဉ်ကို ဖော်ပြထားသည်။ ဤအိမ်သာပြုပြင်ထိန်းသိမ်းမှု အဆင့်မြှင့်တင်ရေးအစီအစဉ်သည် ပြုပြင်ထိန်းသိမ်းရန် လိုအပ်နေသော အိမ်သာအရေအတွက်ကို လျှော့ချရန်နှင့် တိုင်ကြားချက်များ တုံ့ပြန်ဆောင်ရွက်ရေးယန္တရား (CRM) ၏ တုံ့ပြန်ဆောင်ရွက်ရေးအချိန်ကို လျှော့ချရန်လည်း ရည်ရွယ်ပါသည်။

အိမ်သာပြုပြင်ထိန်းသိမ်းမှု အဆင့်မြှင့်တင်ရေးအစီအစဉ်တွင် ရပ်ရွာလူထုဆောက်လုပ်ရေး ခေါင်းဆောင်များကို ခေါ်ယူခြင်း ပါဝင်ပါသည်။ အဆိုပါရပ်ရွာလူထုဆောက်လုပ်ရေး ခေါင်းဆောင်များသည် အိမ်သာများပြုပြင်ခြင်းကို ဆောင်ရွက်ရန် တာဝန်ရှိပါသည်။ ရပ်ရွာလူထုဆောက်လုပ်ရေး ခေါင်းဆောင်များသည် CRM ဝန်ဆောင်မှုတောင်းဆိုချက်များကို တုံ့ပြန်ဆောင်ရွက်သည့်အနေဖြင့်သာ အိမ်သာများကို ပြုပြင်သည်။ ရပ်ရွာလူထုဆောက်လုပ်ရေး ခေါင်းဆောင်များ ဆောင်ရွက်သည့် လုပ်ငန်းများ ဥပမာများကို အောက်တွင် စာရင်းပြုဖော်ပြထားသည်။

- အိမ်သာတွင်း ဖာထေးခြင်း
- အပေါက်များကို သတ္တုပြားဖြင့် ဖာထေးခြင်း
- CGI အမိုးများကို လဲလှယ်ခြင်း

အိမ်သာပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောက်လုပ်ရေးအဖွဲ့က ဆုံးဖြတ်သည်။ ရက်သတ္တပတ်တိုင်းတွင် ဆောက်လုပ်ရေး CRM လုပ်ငန်းမန်နေဂျာက CRM ဝန်ဆောင်မှု တောင်းဆိုချက်များနှင့် ဆက်စပ်သော ဆောက်လုပ်ရေးစာရင်းကို ဆောက်လုပ်ရေးအဖွဲ့ထံ ပေးပို့မည်။ စာရင်းကို လက်ခံရရှိပြီးနောက် ဆောက်လုပ်ရေးအရာရှိနှင့် ဆောက်လုပ်ရေးကိုယ်စားလှယ်များက CRM အချက်အလက်များ မှန်ကန်မှုရှိ၊ မရှိ စစ်ဆေးရန် CRM စာရင်းပါ အိမ်သာများကို လိုက်လံကြည့်ရှုမည်။ ထို့နောက်တွင် ဆောက်လုပ်ရေးအရာရှိနှင့် ဆောက်လုပ်ရေးကိုယ်စားလှယ်များက ရပ်ရွာလူထုဆောက်လုပ်ရေး ခေါင်းဆောင်များ လုပ်ဆောင်ရမည့် လုပ်ငန်းများစာရင်းတစ်ခု ပြုလုပ်ပေးမည်။ ရပ်ရွာလူထုဆောက်လုပ်ရေး ခေါင်းဆောင်များသည် လုပ်ငန်းစာချုပ်များ (အဝီစိတွင်းတူးခြင်းအတွက် အသုံးပြုသော လုပ်ငန်းစာချုပ်များကဲ့သို့ပင်) ကို အသုံးပြု၍ အိမ်သားများကို ပြင်ဆင်ရန် အခကြေးငွေရရှိသည်။ လုပ်ငန်းစာချုပ်တွင် အခကြေးငွေရရှိရန် ပြင်ဆင်ရမည့် အိမ်သာအရေအတွက်နှင့် အိမ်သာတစ်ခုစီတွင် ပြင်ဆင်ရမည်တို့ကို စာရင်းပြုဖော်ပြထားသည်။

ပြင်ဆင်ခြင်းရာတွင် အသုံးပြုရမည့် ကုန်ကြမ်းပစ္စည်းများကို SI က ထောက်ပံ့ပေးမည်။ ဆောက်လုပ်ရေးကိုယ်စားလှယ်များသည် ပြီးစီးရန် လိုအပ်သော ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများပေါ် မူတည်၍ ရပ်ရွာလူထုဆောက်လုပ်ရေး ခေါင်းဆောင်များအား ပေးမည့် ကုန်ကြမ်းပစ္စည်းအရေအတွက်ကို ဆုံးဖြတ်သည်။ ရပ်ရွာလူထုဆောက်လုပ်ရေး ခေါင်းဆောင်များအား ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်ရန် လိုအပ်သော ကိရိယာများကိုလည်း ပံ့ပိုးပေးသည်။ ဆောက်လုပ်ရေးအဖွဲ့သည် ရပ်ရွာလူထုဆောက်လုပ်ရေး ခေါင်းဆောင်များအား ပေးထားသည့် ကိရိယာများကို မှတ်တမ်းထားရှိသည်။ ရပ်ရွာလူထုဆောက်လုပ်ရေး ခေါင်းဆောင်များအနေဖြင့် သောကြာနေ့ နေ့လည်ခင်းတိုင်းတွင် ၎င်းကိရိယာများကို ပြန်လည်ပေးအပ်ရမည်။

ရပ်ရွာလူထုဆောက်လုပ်ရေး ခေါင်းဆောင်များသည် လုပ်ငန်းစာချုပ်တွင် ပါရှိသော အလုပ်များကို ပြီးဆုံးပြီးနောက် ဆောက်လုပ်ရေးအရာရှိများနှင့် ဆောက်လုပ်ရေးကိုယ်စားလှယ်များသည် လုပ်ငန်းစာချုပ်ပါ အလုပ်များအားလုံး ပြီးမြောက်ခြင်းရှိ၊ မရှိနှင့် အဆင့်အတန်းမြင့်မားကောင်းမွန်စွာ ဆောင်ရွက်ထားခြင်း ရှိ၊ မရှိတို့ကို စစ်ဆေးသည်။ ရပ်ရွာလူထုဆောက်လုပ်ရေး ခေါင်းဆောင်များအနေဖြင့် သူတို့၏ အလုပ်များကို စစ်ဆေးအတည်ပြုမပြီးမချင်း အခကြေးငွေမရရှိကြပါ။ ဆောက်လုပ်ရေးအဖွဲ့သည် ရပ်ရွာလူထုဆောက်လုပ်ရေး ခေါင်းဆောင်တစ်ဦးက လုပ်ငန်းပြီးစီးသောအခါ CRM ဝန်ဆောင်မှု တောင်းဆိုချက်များနှင့် ဆက်စပ်သော ဆောက်လုပ်ရေးစာရင်းကို မှတ်တမ်းတင်သည်။ ၎င်းစာရင်းကို ဆောက်လုပ်ရေး CRM လုပ်ငန်းမန်နေဂျာထံသို့ တစ်ပတ်လျှင် တစ်ကြိမ်ပေးပို့သည်။ သို့မှသာ သူ့အနေဖြင့် စစ်တမ်း CTO ကို အသုံးပြု၍ CRM ကိစ္စရပ်များကို ပိတ်သိမ်းနိုင်သည်။ ဆောက်လုပ်ရေးအဖွဲ့သည် အမှုကိစ္စတစ်ခု ပိတ်သိမ်းပြီးသည်နှင့် စခန်းရုံးတစ်ခုစီရှိ သက်ဆိုင်ရာ ComMob ဝန်ထမ်းအားလည်း အကြောင်းကြားသည်။ ComMob ဝန်ထမ်းက ဝန်ဆောင်မှုအား တောင်းဆိုထားသူကို ဖြေရှင်းပြီးကြောင်း ဆက်လက်အကြောင်းကြားသည်။

လတ်တလောတွင် ဆောက်လုပ်ရေးအဖွဲ့သည် ရပ်ရွာလူထုဆောက်လုပ်ရေး ခေါင်းဆောင်များအား မည်သည့်အိမ်သားများကို ပြုပြင်ရန်လိုအပ်ကြောင်း ပြောသည်။

သို့သော်လည်း ဤလုပ်ငန်းစဉ်ကို အဆင့်မြှင့်တင်ရန် ComMob အဖွဲ့၊ MEAL အဖွဲ့တို့နှင့် လုပ်ကိုင်ရန် စီစဉ်ထားသည်။ ComMob ဝန်ထမ်းက ဝန်ဆောင်မှုတောင်းဆိုထားသူကို ဖြေရှင်းပြီးကြောင်း ပြောဆိုသောအခါ ၎င်းကိစ္စရပ်ကို ရပ်ရွာလူထုဆောက်လုပ်ရေး ခေါင်းဆောင်တစ်ဦးက ဖြေရှင်းပြီးကြောင်း ရှင်းလင်းပြ၍ ထိုသူ၏အမည်နှင့် နောင် အိမ်သာပြုပြင်ထိန်းသိမ်းရေး တောင်းဆိုလိုပါက သူ/သူမကို မည်သို့ ဆက်သွယ်နိုင်ကြောင်း

လည်း ဖော်ပြသင့်သည်။ ထိုသူအနေဖြင့် နောင်တွင် ဝန်ဆောင်မှုအတွက် တောင်းဆိုလိုပါက ရပ်ရွာလူထုဆောက်လုပ်ရေး ခေါင်းဆောင်အား အကြောင်းကြားသင့်ကြောင်း ဖော်ပြသင့်သည်။ MEAL အဖွဲ့အနေဖြင့် သူတို့လက်ခံရရှိသော ဝန်ဆောင်မှု တောင်းဆိုချက်များသည် CRM တွင် ပါဝင်ကြောင်း မည်သို့ဆောင်ရွက်ရမည်ကို သိရှိနိုင်ရန် ရပ်ရွာလူထုဆောက်လုပ်ရေး ခေါင်းဆောင်များနှင့်အတူ လက်တွဲလုပ်ကိုင်ရမည်။ ရပ်ရွာလူထုဆောက်လုပ်ရေး ခေါင်းဆောင်များသည် CRM တွင် ဝန်ဆောင်မှု တောင်းဆိုချက်များ ထည့်သွင်းခြင်းအတွက် ကူညီပေးရာတွင် အပိုဆုကြေးရရှိမည်။ ဝန်ဆောင်မှုတောင်းဆိုချက်များလေ သူတို့အတွက် ပြုပြင်စရာ အိမ်သာများ၍ အခကြေးငွေပိုမိုရရှိလေ ဖြစ်သောကြောင့် ဖြစ်ပါသည်။

စခန်းတစ်ခုတွင် ရွေးချယ်ထားသော ရပ်ရွာလူထုဆောက်လုပ်ရေး ခေါင်းဆောင်အရေအတွက်သည် စခန်းအရွယ်အစား၊ ဆောင်ရွက်ပြီးစီးရမည့် အိမ်သာပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ပမာဏပေါ် မူတည်မည်။ ရပ်ရွာလူထုဆောက်လုပ်ရေး ခေါင်းဆောင်များသည် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း ပြီးစီးရန် နှစ်ဦး သို့မဟုတ် သုံးဦးအဖွဲ့များဖြင့် ဆောင်ရွက်နိုင်သည် (ဥပမာ- ကျွမ်းကျင်လက်သမားတစ်ဦးနှင့် ကျွမ်းကျင်ပန်းရန်ဆရာတစ်ဦး)။ ရပ်ရွာလူထုဆောက်လုပ်ရေး ခေါင်းဆောင်များသည် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို အဖွဲ့လိုက် ဆောင်ရွက်ပြီးစီးပါက အဖွဲ့အတွင်း လူတစ်ဦးချင်းစီ ဆောင်ရွက်သည့် တာဝန်များပေါ် မူတည်၍ အခကြေးငွေကို မည်သို့ ခွဲဝေကြမည်ကို ဆောက်လုပ်ရေးအဖွဲ့က လုပ်ငန်းမစတင်မီ ဆုံးဖြတ်မည်။ ဆောက်လုပ်ရေးအဖွဲ့သည် လူတိုင်း မှန်ကန်သော ငွေပမာဏရရှိစေရန် အဖွဲ့အတွင်းရှိ လူတစ်ဦးချင်းစီအား ပေးမည်။

## ရွေးချယ်မှုစံနှုန်းများ

ရပ်ရွာလူထုဆောက်လုပ်ရေး ခေါင်းဆောင် ရွေးချယ်မှုစံနှုန်းများကို အောက်တွင် ဖော်ပြထားသည်။

- ပ်ရွာလူထုဆောက်လုပ်ရေး ခေါင်းဆောင်သည် သူ/သူမ တာဝန်ရှိသည့် စခန်းတွင် နေထိုင်သူဖြစ်ရမည်။ သို့မှသာ အိမ်နီးချင်းများကို ကူညီခြင်းဖြစ်သည့်အတွက် သူတို့ ဆောင်ရွက်ရမည့် အလုပ်အပေါ် တာဝန်ယူလိုစိတ် တိုးပွားလာမည်။
- အလုပ်ပြီးမြောက်အောင်ဆောင်ရွက်နိုင်စွမ်းရှိသည့် မသန်စွမ်းသူများအား ဦးစားပေးမည်။ လိုအပ်ပါက ဆောက်လုပ်ရေးအဖွဲ့က သူတို့၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးမည့် သင်တန်းကို ပံ့ပိုးပေးမည်။
- ပ်ရွာလူထုဆောက်လုပ်ရေး ခေါင်းဆောင်အဖြစ် ဆောင်ရွက်လိုသူ အမျိုးသမီးများအား ဦးစားပေးမည်။ လိုအပ်ပါက ဆောက်လုပ်ရေးအဖွဲ့က သူတို့၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးမည့် သင်တန်းကို ပံ့ပိုးပေးမည်။
- SI အတွက် အလုပ်လုပ်ကိုင်ဖူးသူများကို ရပ်ရွာလူထုဆောက်လုပ်ရေး ခေါင်းဆောင်အဖြစ် ရွေးချယ်ရာတွင် ဦးစားပေးမည်။ (ဥပမာ- ယခင်က အလုပ်ကို ကောင်းစွာ လုပ်ဆောင်ခဲ့သည့် ကျွမ်းကျင်နေ့စားအလုပ်သမားများ)
- ပ်ရွာလူထုဆောက်လုပ်ရေး ခေါင်းဆောင်များသည် လေးစားမှုရှိရမည်ဖြစ်ပြီး ဆောက်လုပ်ရေးအဖွဲ့က ချမှတ်ထားသော ညွှန်ကြားချက်များကို လိုက်နာရမည်။
- ပ်ရွာလူထုဆောက်လုပ်ရေး ခေါင်းဆောင်အားလုံးသည် အသက် ၁၈ နှစ်အထက် ဖြစ်ရမည်။

**ငွေပေးချေမှု**

ရပ်ရွာလူထုဆောက်လုပ်ရေး ခေါင်းဆောင်များအနေဖြင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းအမျိုးမျိုးကို ဆောင်ရွက်ပြီးနောက် ရရှိမည့် ပမာဏကို အောက်ပါဇယားတွင် အကျဉ်းချုပ်ဖော်ပြထားသည်။

| **ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း** | **ငွေပေးချေမှု (MMK)** |
|---|---|
| အပေါက်များကို သတ္တုပြားသုံး၍ ဖာထေးခြင်း (ဘောင်ကွပ်ခြင်းအပါအဝင် နံရံတစ်ဖက်ခြမ်း) | ၁၀၀၀ |
| ၁ ▯ သတ္တုပြား လဲလှယ်ခြင်း (ဘောင်ကွပ်အပါအဝင်) | ၁၀၀၀ |
| ၁ ▯ CGI အမိုးပြားလဲလှယ်ခြင်း | ၈၀၀ |
| ခြင်လုံဇကာ လဲလှယ်ခြင်း (တစ်ခြမ်း၊ ဘောင်ကွပ်အပါ) | ၇၀၀ |
| ကျိုးနေသော လှေကားများ ပြုပြင်ခြင်း | ၁၀၀၀ |
| ကျိုးနေသော လှေကားများ လဲလှယ်ခြင်း | ၆၀၀၀ |
| ပျက်စီးနေသော သစ်သားများ လဲလှယ်ခြင်း (အသေးစား) | ၅၀၀ |
| ပျက်စီးနေသော သစ်သားများ လဲလှယ်ခြင်း (နံရံတစ်ဖက်) | ၁၀၀၀ |
| တံခါးချက်၊ ပတ္တာစသည်တို့ လဲလှယ်ခြင်း | ၅၀၀ |
| ပျက်စီးနေသော PVC ပိုက်များ လဲလှယ်ခြင်း | ၅၀၀ |
| ကြမ်းပြင် ပြုပြင်ခြင်း (အသေးစား) | ၁၀၀၀ |
| ကြမ်းပြင် ပြုပြင်ခြင်း (အကြီးစား) | ၆၀၀၀ |
| အိမ်သာခွက် အစားထိုးလဲလှယ်ခြင်း | ၁၀၀၀ |
| အိမ်သာတွင်း ဖာထေးခြင်း (အသေးစားပြုပြင်မှု) | ၅၀၀ |
| အိမ်သာတွင်း လေဝင်ပေါက် လဲလှယ်ခြင်း | ၃၀၀ |
| လူဆင်းပေါက် လဲလှယ်ခြင်း (အင်္ဂတေကိုင်ခြင်းသာ) | ၅၀၀ |

# မိသားစုသုံးအိမ်သာ အလှူပေးခြင်း

| ကျေးရွာ | | | | | |
|---|---|---|---|---|---|
| | | | | | |
| အိမ်ထောင်စု အရေအတွက် | အိမ်သာသုံးစွဲသူအရေအတွက် | | | | |
| | ကျား- ၁၈ နှစ်အောက် | မ- ၁၈ နှစ်အောက် | အမျိုးသား | အမျိုးသမီး | စုစုပေါင်း |
| | | | | | |

ဤမှတ်တမ်းစာရွက်မိတ္တူကို-

| | | | |
|---|---|---|---|
| အိမ်သာရှိခြံမြေနှင့်သက်ဆိုင်သောပုဂ္ဂိုလ် | ☑ | ဆိုလီဒါရီတီး(စ်)အဖွဲ့စည်း | ☑ |

ဤမှတ်တမ်းစာရွက်တွင်အိမ်သာတစ်လုံးဆောက်လုပ်ခြင်းအတွက်လိုအပ်သော ပစ္စည်းကိရိယာများ ပေးလှူခြင်းနှင့် သက်ဆိုင်သော အကြောင်းအရာများကို ရှင်းပြပေးထားပါသည်။

## အောက်တွင်ဖော်ပြထားသော အိမ်သာနှင့်သက်ဆိုင်ရာခြံမြေပိုင်ရှင်သည် ဤအချက်လက်များကို သဘောတူ ပါသည်။

- အိမ်သာဆောက်လုပ်ရန်အတွက်ရရှိသည့် ပစ္စည်းကိရိယာများအတွက် တာဝန်ယူခြင်း။
- အိမ်သာပုံစံ၊ ဆောက်လုပ်ခြင်းများအတွက် SI မှချမှတ်ပေးထားသော စည်းကမ်းများကို လိုက်နာခြင်း။
- အိမ်သာကျင်းကို အနက် ၇ ပေအထိတူးခြင်းနှင့် ကျင်းထဲတွင် ဝါးကပ်ခွေထည့်ခြင်း။
- အိမ်သာကိုယ်ထည်ဒီဇိုင်းကို SI ချမှတ်ပေးသည့်အတိုင်း ဆောက်လုပ်ခြင်း။
- မိမိ၏ ကိုယ်ပိုင်အိမ်သာအဖြစ် အသိမှတ်ပြု ဂရုစိုက် တာဝန်ယူခြင်း။
- အိမ်သာသန့်ရှင်းရေးအတွက် တာဝန်ယူခြင်း။
- သော့အိမ်၊ သော့ခလောက်၊ ခြင်လုံဇကာနှင့် အမိုးအကာပစ္စည်းများအားတာဝန်ယူခြင်း။
- အိမ်သာကျင်းပြည့်နေပါက အခြားနေရာတွင်ကျင်းပြန်တူးပြီး အိမ်သာကိုယ်ထည် ရွှေ့ပြောင်းခြင်း။
- ၎င်းခြံအတွင်းရှိ အိမ်သာကိုအသုံးပြုလျှက်ရှိသောသူများအကြားတွင် အိမ်သာသန့်ရှင်းရေး အတွက် မျှတစွာ တာဝန်ယူကြခြင်း။

## SI အဖွဲ့စည်းအနေဖြင့် အောက်ပါအချက်များအတွက် သဘောတူပါသည်။

- မိသားစုသုံးအိမ်သာအတွက်လိုအပ်သောပစ္စည်းများနှင့်ဆောက်လုပ်ရေးကိရိယာများထောက်ပံ့ခြင်း။
- အိမ်သာဆောက်လုပ်ချိန်တွင်နည်းပညာဆိုင်ရာ အကူညီပေးခြင်း (ကျင်းတူခြင်း၊ အိမ်သာကျင်း ဝါးခွေပုံစံ ၊ အိမ်သာကိုယ်ထည်ပုံစံ)

SOLIDARITÉS INTERNATIONAL

OXFAM

# မိသားစုသုံးအိမ်သာဆောက်လုပ်ခြင်းအတွက်ပေးသော ပစ္စည်းများ

| | | |
|---|---|---|
| ၃"x၃"x၁၂' သစ်မာသား | အရေအတွက် | ၄ |
| ၃"x၂"x၁၂' သစ်မာသား | အရေအတွက် | ၇ |
| ၄"x၂"x၁၂' သစ်မာသား | အရေအတွက် | ၁ |
| ၆"x၁"x၁၂' သစ်မာသား | အရေအတွက် | ၆.၀ |
| ၃"x၁"x၁၅' သစ်မာသား | အရေအတွက် | ၂ |
| ၂"x၁/၂"x၁၂' သစ်မာသား | အရေအတွက် | ၉ |
| ၂" အချင်း - အရှည် ၁၅' ဝါးလုံး | အရေအတွက် | ၅၀ |
| ၂" အချင်း - အရှည် ၁၂' သစ်လုံး | အရေအတွက် | ၃ |
| ၂' x ၆' CGI အမိုးသွပ် (STAR BRAND) | အချပ် | ၄ |
| ၂၈ G အထူ၊ ၄' အနံ CGI အပြာရောင် အကာသွပ်ပြား | ပေ | ၃၃ |
| ၁.၅" အိမ်ရိုက်သံ | ပိဿာ | ၀.၂၅ |
| ၂ " အိမ်ရိုက်သံ | ပိဿာ | ၀.၂၅ |
| ၂.၅ " အိမ်ရိုက်သံ | ပိဿာ | ၀.၂၅ |
| ၃.၅ " အိမ်ရိုက်သံ | ပိဿာ | ၀.၂၅ |
| ၂.၅" အမိုးသံ-ဝါချာ | ပိဿာ | ၀.၂၅ |
| ၆" မင်းတုံးနှင့်အလူမီနီယမ်မူလီ | အရေအတွက် | ၁ |
| ၄" ပတ္တာနှင့်အလူမီနီယမ်မူလီ | အရေအတွက် | ၃ |
| ၄" မျောက်လက် နှင့်အလူမီနီယမ်မူလီ | အစုံ | ၁ |
| ၆" လက်ဆွဲကွင်း နှင့်အလူမီနီယမ်မူလီ | အရေအတွက် | ၂ |
| ပလစတစ်အိမ်သာခွက် | အရေအတွက် | ၁ |
| အချင်း ၃" ရှိသော PVC ပိုက် (8.5 CLASS) | ပေ | ၄ |
| ၆'x၆' တာပေါ်လင်မိုးကာ (အိမ်သာတွင်းမိုးရန်) | အရေအတွက် | ၁ |

## အိမ်သာစီမံခန့်ခွဲခြင်း


| အမည် | လက်မှတ် |
|---|---|
| အိမ်သာရှိခြံမြေနှင့်သက်ဆိုင်သောပုဂ္ဂိုလ် | |
| OXSI: | |

### Back View

### Completed Back View

### Front View

### Completed Front View





| |
|---|
| ***SUBJECT*** CHILD LATRINE DESIGN |
| ***Sheet No.*** |
| ***Viewpoint Scale;*** |
| ***Date*** 19th-Feb-2019 |
| ***Drawing By;*** Zaw Hlaing Oo MEAL Officer |
| ***Checked By;*** Win Oo Construction Manager |
| ***Approved By;*** James Brinson WASH Program Manager |

SOLIDARITÉS INTERNATIONAL

# CHILD LATRINE DESIGN


## Plan View





| |
|---|
| ***SUBJECT*** CHILD LATRINE DESIGN |
| ***Sheet No.*** |
| ***Viewpoint Scale;*** |
| ***Date*** 19th-Feb-2019 |
| ***Drawing By;*** Zaw Hlaing Oo MEAL Officer |
| ***Checked By;*** Win Oo Construction Manager |
| ***Approved By;*** James Brinson WASH Program Manager |

SOLIDARITÉS INTERNATIONAL


## Right Side View





## Completed Right Side View




## Left Side View




## Completed Left Side View




***SUBJECT***
CHILD LATRINE DESIGN

***Sheet No.***

***Viewpoint Scale;***

***Date***
19th-Feb-2019

***Drawing By:***
Zaw Hlaing Oo
MEAL Officer

***Checked By:***
Win Oo
Construction Manager

***Approved By:***
James Brinson
WASH Program Manager

SOLIDARITÉS INTERNATIONAL

***အိမ်သာကျင်း အတွက် ပစ္စည်းလိုအပ်မှု ဆိုင်ရာ ခန့်မှန်းခြေ ကုန်ကျမှု စာရင်း (၁၀.၆.၂၀၁၉)***

| *စဉ်* | *အကြောင်းအရာ* | *အရေအတွက်* | *ရေတွက်ပုံ* | *တစ်ခုချင်း ဈေးနှုန်း (မြန်မာကျပ်)* | *စုစုပေါင်းကုန်ကျငွေ* |
|---|---|---|---|---|---|
| | ***ပစ္စည်းစာရင်း*** | | | | |
| ၁ | အုတ်ချပ် | ၁၆၉၅ | ချပ် | ၁၄၀ | ၂၃၇၃၀၀ |
| ၂ | ဘိလပ်မြေ | ၉ | အိတ် | ၈၀၀၀ | ၇၂၀၀၀ |
| ၃ | သဲ | ၀.၄ | ကျင်း | ၂၆၅၀၀ | ၁၀၆၀၀ |
| ၄ | ကျောက်စရစ် | ၀.၁ | ကျင်း | ၈၅၀၀၀ | ၈၅၀၀ |
| | ***စုစုပေါင်း*** | | | | **၃၂၈၄၀၀** |
| | ***လုပ်သားအင်အား*** | | | | |
| ၁ | လုပ်သား | ၁၁ | ယောက် | ၅၀၀၀ | ၅၅၀၀၀ |
| ၂ | ပန်းရံ | ၆ | ယောက် | ၇၀၀၀ | ၄၂၀၀၀ |
| | ***စုစုပေါင်း*** | | | | ၉၇၀၀၀ |
| | ***အိမ်သာကျင်း အတွက် ပစ္စည်း + လုပ်သား စုစုပေါင်း ကုန်ကျစရိတ်*** | | | | **၄၂၅၄၀၀** |


**သံကူ ကွန်ကရစ် ကျောက်ပြား (အိမ်သာတွင်းဖုံး) နှင့် အိမ်သာ ကိုယ်ထည် အတွက် ပစ္စည်းလိုအပ်မှု ဆိုင်ရာ ခန့်မှန်းခြေ ကုန်ကျမှု စာရင်း (၂၆.၆.၂၀၁၉)**

| **စဉ်** | **အကြောင်းအရာ** | *အရေအတွက်* | *ရေတွက်ပုံ* | *တစ်ခုချင်း ဈေးနှုန်း (မြန်မာကျပ်)* | *စုစုပေါင်းကုန်ကျငွေ* |
|---|---|---|---|---|---|
| | ***ပစ္စည်းစာရင်း*** | | | | |
| ၁ | ၄ပေ x ၈၀ပေ x ၂၈ ဂိတ် CGI သံပြား | ၀.၁ | ခွေ | ၉၈၀၀၀ | ၉၈၀၀ |
| ၂ | (၂ ပေ x ၆ ပေ x ၂၈ ဂိတ်) CGI အမိုးသွပ်ပြား | ၁၂ | ချပ် | ၃၈၀၀ | ၄၅၆၀၀ |
| ၃ | ၁လက်မခွဲ သံမှို | ၀.၂၅ | ပိဿာ | ၃၀၀၀ | ၇၅၀ |
| ၄ | ၂ လက်မ သံမှို | ၀.၅ | ပိဿာ | ၂၅၀၀ | ၁၂၅၀ |
| ၅ | ၃ လက်မ သံမှို | ၀.၅ | ပိဿာ | ၂၅၀၀ | ၁၂၅၀ |
| ၆ | ၂.၅ လက်မ အမိုးသံ | ၀.၂၅ | ပိဿာ | ၃၅၀၀ | ၈၇၅ |
| ၇ | အာလိန် | ၁၅ | ခု | ၂၀၀ | ၃၀၀၀ |
| ၈ | ပလပ်စတိတ် အိမ်သာခွက် | ၄ | ခွက် | ၁၈၀၀ | ၇၂၀၀ |
| ၉ | ၂ လက်မ အချင်း PVC Elbow ၄၅ ဒီဂရီ | ၂ | ခု | ၅၀၀ | ၁၀၀၀ |
| ၁၀ | ၂ လက်မ အချင်း PVC Elbow ၉၀ ဒီဂရီ | ၂ | ခု | ၅၀၀ | ၁၀၀၀ |
| ၁၁ | ၄ လက်မ ပတ္တာ | ၄ | ခု | ၆၀၀ | ၂၄၀၀ |
| ၁၂ | ၆ လက်မ လက်ကိုင်ကွင်း | ၄ | ခု | ၆၀၀ | ၂၄၀၀ |
| ၁၃ | သော့ခလောက် | ၂ | စုံ | ၃၀၀၀ | ၆၀၀၀ |
| ၁၄ | ဝက်အူ ၈ အာဏာ - ၄ လက်မ ဝါရှာ | ၈ | အစုံ | ၆၀၀ | ၄၈၀၀ |


| | | | | | |
|---|---|---|---|---|---|
| ၁၅ | မျောက်လက်အစုံ | ၂ | အစုံ | ၇၀၀ | ၁၄၀၀ |
| ၁၆ | မင်းတုံး | ၂ | အစုံ | ၆၀၀ | ၁၂၀၀ |
| ၁၇ | ၂ လက်မ သံဇကာ ၃ မီလီမီတာ ထု (၆ ပေ x ၁၀၀ ပေ) | ၀.၃ | ခွေ | ၁၃၀၀၀၀ | ၃၉၀၀၀ |
| ၁၈ | ပထမတန်းစား သစ်မာ ၃ လက်မ x ၃ လက်မ x ၁၅ ပေ | ၅ | ပိဿာ | ၁၃၀၀၀ | ၆၅၀၀၀ |
| ၁၉ | ပထမတန်းစား သစ်မာ ၃ လက်မ x ၂ လက်မ x ၁၅ ပေ | ၁၂ | ပိဿာ | ၈၀၀၀ | ၉၆၀၀၀ |
| ၂၀ | ပထမတန်းစား သစ်မာ ၃ လက်မ x ၁ လက်မ x ၁၅ ပေ | ၃ | ချောင်း | ၃၅၀၀ | ၁၀၅၀၀ |
| ၂၁ | ပထမတန်းစား သစ်မာ ၆ လက်မ x ၁ လက်မ x ၁၂ ပေ | ၁၄ | ချောင်း | ၆၅၀၀ | ၉၁၀၀၀ |
| ၂၂ | ပထမတန်းစား သစ်မာ ၂ လက်မ x ၅ လက်မ x ၁၂ ပေ | ၁၇ | ချောင်း | ၁၆၀၀ | ၂၇၂၀၀ |
| ၂၃ | အသင့်လုပ်ပြီးသား ကွန်ကရစ် အောက်ခြေတိုင် ၂ ပေ အမြင့် | ၄ | အစုံ | ၁၇၀၀၀ | ၆၈၀၀၀ |
| ၂၄ | ဝါးတိုင် | ၁၀၀ | ဝါး | ၃၅၀ | ၃၅၀၀၀ |
| ၂၅ | ဘိလပ်မြေ | ၆ | အိတ် | ၈၀၀၀ | ၄၈၀၀၀ |
| ၂၆ | သဲ | ၀.၂ | ကျင်း | ၂၆၀၀၀ | ၅၂၀၀ |
| ၂၇ | ကျောက်စရစ် | ၀.၄ | ကျင်း | ၉၀၀၀၀ | ၃၆၀၀၀ |
| ၂၈ | ၁၂ မီလီမီတာ အချင်း သံချောင်း ( ၁၁ ပေ ၁၃ ချောင်း၊ ၆ ပေ ၂၃ ချောင်း) | ၂၈၁ | လက်မ | ၃၅၀ | ၉၈၃၅၀ |
| ၂၉ | ၁၈ ဂိတ် သံချည်ကြိုး | ၀.၅ | ပိဿာ | ၃၅၀၀ | ၁၇၅၀ |
| | **စုစုပေါင်း ပစ္စည်း ကုန်ကျစရိတ်** | | | | **၇၁၀၉၂၅** |
| | | | | | |
| **စဉ်** | **အကြောင်းအရာ** | ***အရေအတွက်*** | ***ရေတွက်ပုံ*** | ***တစ်ခုချင်း ဈေးနှုန်း (မြန်မာကျပ်)*** | ***စုစုပေါင်းကုန်ကျငွေ*** |
| | ***လုပ်သားအင်အား*** | | | | |
| ၁ | လုပ်သား | ၈ | ယောက် | ၅၀၀၀ | ၄၀၀၀၀ |
| ၂ | ပန်းရံ | ၁ | ယောက် | ၇၀၀၀ | ၇၀၀၀ |
| ၃ | လက်သမား | ၃ | ယောက် | ၇၀၀၀ | ၂၁၀၀၀ |
| ၄ | သံချည်သံကွေး | ၂ | ယောက် | ၇၀၀၀ | ၁၄၀၀၀ |
| | ***စုစုပေါင်း လုပ်သားအင်အား ကုန်ကျစရိတ်*** | | | | **၈၂၀၀၀** |
| | | | | | |
| | ***အိမ်သာကိုယ်ထည် အတွက် ပစ္စည်း +*** | | | | **၇၉၂၉၂၅** |
| | ***အိမ်သာကျင်း + အိမ်သာကိုယ်ထည် အတွက်*** | | | | **၁၂၁၈၃၂၅** |

# POTTY HUB

Build 3 to install in STMG




# POTTY HUB




| | |
|---|---|
| PIT COVER - SATO / POTTY VERSION | |
| 1:100 | TOP VIEW |
| 6 / 10 / 2019 | SITTWE |
| 17T / WASH CLUSTER / SI | |

# School Latrine Design Drawing

***3D Isometric View***




**Note** : In OTG Camp, handles will be installed for kindergarten students to hold onto while defecating

SOLIDARITÉS INTERNATIONAL

***Project***
School Latrines

***Subject***
3D Isometric View

***Date***
29-May-19

***Drawing By***
Zaw Hlaing Oo
Technical Construction Supervisor

***Checked By***
Win Oo
Construction Manager

***Approved By***
James Brinson
WASH Program Manager

# စစ်တွေရှိ IDP စခန်းများတွင် မိလ္လာရေဆိုးသန့်စင်ခြင်းဆိုင်ရာ စံလုပ်ထုံးနည်းလမ်းများ

နောက်ဆုံးပြင်ဆင်ရက် - ဇူလိုင်လ၊ ၂၀၂၀

မာတိကာ


၁။ မိတ်ဆက်ခြင်း။ ..... ၁

၂။ လုပ်ငန်းစဥ်အကြောင်းအကျဥ်းချုပ် ..... ၂

၃။ လုပ်သားများ ၏ ဘေးကင်းလုံခြုံရေး ..... ၃

၃၁။. အန္တရာယ်ရှိသည့် အရာများကို ထိကိုင်ခြင်း။ ..... ၄

၄။ ကြိုတင်ပြင်ဆင်ခြင်း။ ..... ၅

၄၁. လိုအပ်သည့် ပစ္စည်းများအား ပြင်ဆင်ခြင်း။ ..... ၅

၄၂။. အချိန်ဇယား ..... ၅

၅။ ပုံမှန်နည်းလမ်းအတိုင်း မိလ္လာရေဆိုးထုတ်သည့်အခါတွင် လိုက်နာရမည့် စံလုပ်ထုံးလုပ်နည်းများ။ ..... ၆

၅.၁။ ပါဝင်သည့် သူများ။ ..... ၆

၅.၂။ အသုံးပြုရမည့် ပစ္စည်းများ ..... ၆

၅.၃ လိုက်နာရမည့် လုပ်ဆောင်ပုံ အဆင့်ဆင့်။ ..... ၇

၆။ ထော်လာဂျီကား မသုံးပဲပုံမှန်နည်းလမ်းအတိုင်း မိလ္လာရေဆိုးထုတ်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင်လိုက်နာရမည့် စံလုပ်ထုံးလုပ်နည်းများ။ ..... ၉

၆.၁ ပါဝင်သည့် သူများ။ ..... ၁၀

၆.၂။ အသုံးပြုရမည့် ပစ္စည်းများ ..... ၁၀

၆.၃ လိုက်နာရမည့် လုပ်ဆောင်ပုံ အဆင့်ဆင့်။ ..... ၁၁

၇။ လူအား သုံး၍ မိလ္လာရေဆိုးထုတ်ခြင်း နည်းလမ်းကို လုပ်ဆောင်သည့် အခါတွင် လိုက်နာရမည့် စံလုပ်ထုံးလုပ်နည်းများ။ ..... ၁၅

၇.၁ ပါဝင်သည့်သူများ။ ..... ၁၅

၇.၂ အသုံးပြုရမည့် ပစ္စည်းများ။ ..... ၁၅

၇.၃ လိုက်နာရမည့် လုပ်ဆောင်ပုံ အဆင့်ဆင့်။ ..... ၁၆

၈. ဖိတ်စင်မှုများ ဖြစ်ပါက ကိုင်တွယ်ဖြေရှင်းခြင်း။ ..... ၁၈

၉. မှတ်တမ်း မှတ်ယူခြင်း။ ..... ၁၈

၁၀. နိဂုံးချုပ်ခြင်း။ ..... ၁၈

# ၁။ မိတ်ဆက်ခြင်း။

စစ်တွေမြို့နယ် ရှိ စခန်း (၁၃) ခုတွင် မိလ္လာတွင်းများ မှ ရေဆိုးထုတ်ခြင်း၊ ရေဆိုးများအား သယ်ယူခြင်း နှင့် သန့်စင်ခြင်း စသည့် သန့်ရှင်းရေး ကိစ္စရပ်များ ကို Solidarites International (SI) အဖွဲ့အစည်း မှ တာဝန်ယူထားပါသည်။ ဤ စံလုပ်ထုံးလုပ်နည်း လက်စွဲစာအုပ်တွင် ရေဆိုးထုတ်သည့် အဆင့် အကြောင်းကို အသေးစိတ် လမ်းညွှန်ဖော်ပြပေးထားပြီး၊ ရေဆိုးများကို သန့်စင်သည့် အကြောင်း ကို သီးခြား လက်စွဲစာအုပ်ဖြင့် ဖော်ပြသွားပါမည်။

၂၀၂၀ ခုနှစ် ဧပြီလ ထိ စခန်း ၁၃ခုတွင် အိမ်သာပေါင်း ၃၆၁၅ လုံး နှင့် ထိုထက်ပိုများသည့် မိလ္လာတွင်းများ  ရှိပါသည်။ (အချို့ မိလ္လာတွင်းများသည် မိလ္လာရေစစ်တွင်း များ နှင့် ချိတ်ဆက်ထားသည့် အတွက် အိမ်သာ အရေအတွက် ထက် မိလ္လာတွင်းများက ပိုများတတ်ပါသည်။) အဆိုပါ တွင်းများကို ပုံမှန် ရေဆိုးထုတ်ပေးဖို့ လိုပါသည်။ ကန့်သတ်ထားသည့် နယ်ပယ်အတွင်းရှိ ကျေးရွာများတွင် အိမ်သာ မိလ္လာတွင်းများကို ရေဆိုး ထုတ် လေ့မရှိကြပါ။ မိသားစု အများစုသည် အိမ်သာတွင်းများ ပြည့်သွားပါက တွင်းကို ဖို့ လိုက်ကြ ပြီး အိမ်သာ ကိုယ်ထည် တစ်ခုလုံးကို နောက်ထပ် တွင်းသစ် တစ်ခုသို့ ပြောင်းရွှေ့လိုက်ကြလေ့ရှိပါသည်။ Solidarites International (SI)  သည် ကျေးရွာများတွင် အိမ်သာ ဆောက်လုပ်ရန် လိုအပ်သည့် ပစ္စည်းများ ကို ပံ့ပိုး ပေးပြီး အိမ်သာ တစ်ခု လျှင် လူ (၂၀) ခန့် မျှဝေ သုံးစွဲ ကြသည့် စခန်းတွင်းရှိ အိမ်သာ များ အတွက်လည်း သန့်ရှင်းရေး နှင့်ဆိုင်သည့် ကိစ္စရပ်များကို အဓိက ထား တာဝန်ယူ လုပ်ဆောင် ပေးပါသည်။


စခန်းတွင်းများတွင် လူဦးရေ ထူထပ်စွာ နေထိုင်ရခြင်း၊ မိုးကာလ ကြာမြင့်ခြင်း၊ မြေအောက်ရေ မြင့်တက် ခြင်းများ ကြောင့် မိလ္လာတွင်းများ အား ရေဆိုးထုတ်ရသည့် အလုပ်သည် ခက်ခဲပြီး ခန့်မှန်းရ ခက်သည့် အလုပ် ဖြစ်ပါသည်။ ထိုအပြင် မိလ္လာတွင်းများ ၏ အရွယ်အစားမတူညီခြင်း ကြောင့် ရေဆိုးထုတ်ယူရသည့် ပမာဏ ကွဲပြားတတ်ပါသည်။ အချို့ မိလ္လာတွင်းများ ထံသို့ ရေဆိုးစုပ်ထုတ်သည့် ထရပ်ကားများ မရောက်နိုင်သော ကြောင့် ၎င်း ထရပ်ကားများ သယ်ယူနိုင်မည့် နေရာသို့ရောက်အောင် မိလ္လာတွင်း မှ ရေဆိုးများကို လှည်းဖြင့် တင်၍ လုပ်သားများက တွန်းပို့ပေးရတတ်ပါသည်။ မိလ္လာ နှင့် ရေဆိုးသန့်စင်သည့် နေရာ (STS) သည်လည်း လည်ပတ်နိုင်စွမ်းတွင် အကန့်အသတ်ရှိပါသည်။ ထို့ကြောင့် စခန်းတွင်း လူဦးရေ တိုးလာပါသော်လည်း ရေဆိုးထုတ်၍ သန့်စင် ခြင်းကို တိုးမြှင့်၍ မလုပ်ဆောင်နိုင်သေးပါ။ (၂၀၂၀ တွင် မိလ္လာ နှင့် ရေဆိုးသန့်စင်သည့် နေရာ (STS) ကို အဆင့်မြှင့်တင် ဖို့ရန် စီစဥ်ထားပါသည်။)

ဖော်ပြပါ ပြဿနာများကို ဖြေရှင်းနိုင်ရန် အတွက် ရေဆိုးထုတ်သည့် နည်းလမ်း များကို ပေါင်းစပ် ၍ SI အဖွဲ့အစည်းမှ လုပ်ဆောင်နေပါသည်။ “ပုံမှန် ရေဆိုးထုတ်သည့်နည်း” ဖြစ်သည့် ထရပ်ကား (ထော်လာဂျီကား) များ နှင့် ရေစုပ်ထုတ်စက် တို့ကို သုံး၍ မိလ္လာတွင်းအများစု တွင် ရေဆိုးထုတ်ခြင်း ကို အဓိက လုပ်ပေး နေပါသည်။ ထော်လာဂျီကားများ မရောက်နိုင်သည့် မိလ္လာတွင်းများအတွက် သန့်ရှင်းရေး လုပ်သားများမှ ရေဆိုးများကို စုပ်ထုတ်ပြီးနောက် တိုင်ကီပုံးများထဲသို့ ထည့်ပြီး ထို တိုင်ကီများတင်ထားသည့် တွန်းလှည်းများကို တွန်း၍ ပို့ ပေးသည့် နည်းလမ်းဖြစ်သည့်  “လက်အား နှင့် ရေစုပ်ထုတ်စက် သုံး ၍ ရေဆိုးထုတ်ခြင်း” နည်း ကိုလည်း အသုံးပြုနေပါသည်။ နောက်ဆုံး အနေဖြင့် မိလ္လာတွင်းတွင် အစိုင်အခဲများ မာကျောနေသော ကြောင့် ရေစုပ်စက် ဖြင့် မစုပ်ထုတ်နိုင်ပါက “လက်အားသုံး၍ ရေဆိုးထုတ်နည်း” ဖြစ်သည့် အဆိုပါ မာကျောသည့် အလွှာကို ဂေါ်ဖြင့် ကော်ဖယ်ပြီးနောက် မြေမြှုပ်လိုက်သည့် နည်းကို လည်း အသုံးပြုပါသည်။ ထိုနည်းလမ်းများ အားလုံးကို ဤ လက်စွဲစာအုပ်ထဲတွင် ရှင်းပြပေးထားပြီး လက်တွေ့လုပ်ဆောင်ရမည့် ဝန်ထမ်းများ အတွက် လိုအပ်သည့် လမ်းညွှန်ချက် အသေးစိတ်များကိုလည်း ဖော်ပြပေးထားပါသည်။



*ပုံ (၁) –  ထော်လာဂျီကားသုံး၍ “ပုံမှန် ရေဆိုးထုတ်နည်း” သည် IDP စခန်းတွင်း ရေဆိုးထုတ်ရာတွင် အသုံးအများဆုံးနည်းလမ်းဖြစ်ပါသည်။*

## ၂။ လုပ်ငန်းစဥ်အကြောင်းအကျဥ်းချုပ်




*ပုံ (၂) - ရေဆိုးထုတ်သည့် လုပ်ထုံးလုပ်နည်း အကြောင်း အကျဥ်းချုပ်*

## ၃။ လုပ်သားများ၏ ဘေးကင်းလုံခြုံရေး

မိလ္လာမှ ရေဆိုးထုတ်သည့် အခါတွင် မိလ္လာရေဆိုးများ နှင့် ဓာတုပစ္စည်းများကို ထိတွေ့မိမှုကို လျော့ကျစေရန် သို့မဟုတ် လုံး၀ မဖြစ်စေရန် အတွက် လုပ်သားများ အားလုံးသည် တင်းကျပ်သည့် စည်းမျဥ်းစည်းကမ်းများကို လိုက်နာရပါမည်။ အဆိုပါစည်းမျဥ်းများကို အသက်ဝင်စေရန် လုပ်ဆောင်ရမည့်သူမှာ sanitation agents (SI ဝန်ထမ်းများ) ဖြစ်ပြီး နေ့စား လုပ်သားများသည် အေးဂျင့် ချမှတ်ပေးသည့်စည်းမျဥ်းများကို မလွဲမသေ လိုက်နာရပါမည်။ ရေဆိုးထုတ်သည့် အလုပ်များကိုလုပ်မည့် သူတိုင်းသည် တစ်ကိုယ်ရည်သန့်ရှင်းရေး နှင့် ရေဆိုးထုတ်ခြင်း ဆိုင်ရာ စံလုပ်ထုံးလုပ်နည်းများအကြောင်းကို သင်ပြပေးမည့်သင်တန်း ကို အလုပ်မစတင်မီ တက်ရောက်ထားရန်လိုအပ်ပါသည် ။ သင်တန်းတွင် မစင်အညစ်အကြေးမှ တဆင့် ကူးစက် တတ်သည့် ရောဂါများ နှင့် မည်သို့ ကာကွယ်နိုင်မည့် ဆိုသည့် အကြောင်း အပြင် အန္တရာယ်ရှိသည့် အရာများဖြစ်သည့် မိလ္လာတွင်းမှ ရေဆိုးများ၊ ကလိုရင်းအရည် များ နှင့် ထုံးများ ကို ကိုင်တွယ်ရမည့် နည်းလမ်းများအကြောင်းကို သင်ပြပေးသွားမှာ ဖြစ်ပါသည်။

ရေဆိုးထုတ်သည့် လုပ်ငန်းစဥ်အတွက် တစ်ကိုယ်ရည် ကာကွယ်ရေးဝတ်စုံ (PPE) - ပြဋ္ဌာန်းထားသည့် PPE ဝတ်စုံ တွင် ပါဝင်သည့် အရာများမှာ လည်ရှည်ဘွတ်ဖိနပ်၊ လက်အိပ်၊ မျက်မှန်၊ ဘောင်းဘီတို၊ တီရှပ် နှင့် နှာခေါင်းစည်း တို့ဖြစ်ပါသည်။ ပုံမှန်ရေဆိုးထုတ်သည့် နည်းလမ်းအတွက် လုပ်ငန်းသုံးဝတ်စုံ (Boiler suit)၊ မိုးကာ၊ ခမောက် နှင့် ဦးထုပ်တို့ကို ဝတ်လိုပါက ဝတ်ဆင်နိုင်ပါသည်။ သို့သော် (ရေစုပ်စက် ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ) လက်အား ဖြင့် ရေဆိုးထုတ်ရမည့် အခါတွင် လုပ်ငန်းသုံးဝတ်စုံကို မဖြစ်မနေ ဝတ်ဆင်ပေးဖို့လိုပါသည်။ PPE ဝတ်စုံပါ ပစ္စည်းများအားလုံးကို အလုပ်သမားတစ်ယောက် အလုပ်လုပ်စဥ်တွင် ပြန်၍သုံးနိုင်သော် လည်း နှာခေါင်းစည်းကိုမူ တစ်ခါသုံးပြီးလျှင် လွှတ်ပစ်ပြီး နောက်တစ်နေ့ အတွက် အသစ်တစ်ခုကို ပြန်၍သုံးရပါမည်။

- အစားမစားမီ၊ ရေမသောက်မီ သို့မဟုတ် ဆေးလိပ်မသောက်မီ PPE ဝတ်စုံများကို ချွတ်ထားပါ။
- အိမ်တွင် သို့မဟုတ် လုပ်ငန်းဝင် မဟုတ်သည့် နေရာတွင် PPE ဝတ်စုံပါ ပစ္စည်းများကို ဝတ်ဆင်ခြင်း မပြုရပါ။

ထရပ်ကားဖြင့်သယ်မည့် ခေါက်ရေ ၂ ခေါက် ကြားတွင် ဖိနပ်၊ လက်အိတ်၊ မျက်မှန် နှင့် နှာခေါင်းစည်း များကို ချွတ်ထားနိုင်ပါသည်။

ရေဆိုးထုတ်ခြင်းကို လုပ်မည့် လုပ်သားများ အားလုံးကို အောက်ပါ ပစ္စည်းများ ပံ့ပိုးပေးပါမည်။

၁။ ရေဆိုးထုတ်သည့် လုပ်ငန်း လုပ်နေစဥ် အတွင်း အသုံးပြုရန် အတွက် လုပ်ငန်းသုံးအဝတ် အစား များ နှင့် PPE (ဘောင်းဘီ တို ၂ ထည်၊ ခမောက် ၂ လုံး၊ လုပ်ငန်းသုံး ဝတ်စုံတစ်စုံ၊ လည်ရှည်ဘွတ်ဖိနပ်၊ လက်အိတ်၊ မျက်မှန်၊ နှာခေါင်းစည်းများ)
၂။ တလ လျှင် ဆပ်ပြာ တုံး ဘား တစ်ဘား။
၃။ အဝတ်လျှော်ရန် ဆပ်ပြာတစ်ထောင့်။
၄။ မိုးကာအင်္ကျီ (OXSI ဝန်ထမ်းများအားလုံး အတွက် ပံ့ပိုးပေးပါသည်။)

ရေဆိုးတင်မည့်ထရပ်ကား ပေါ်တွင်လိုက်မည့်သူ (များသော်အားဖြင့် ၂ယောက်) တွင် ကိုယ်ပိုင်မရှိနိုင်ပါက လုပ်ငန်းသုံးဝတ်စုံ ၂ခု၊ နှာခေါင်းစည်း၊ လက်အိတ် နှင့် လည်ရှည်ဘွတ်ဖိနပ် စသည့် ပစ္စည်းများ ကို ပံ့ပိုးပေးပါမည်။



*ပုံ (၃) - တစ်ကိုယ်ရည်ကာကွယ်ရေး ဝတ်စုံ - လုပ်ငန်းသုံး ဝတ်စုံ၊ လက်အိတ်၊ မျက်မှန်၊ လည်ရှည်ဘွတ်ဖိနပ် နှင့် နှာခေါင်းစည်း။ မိုးကာ ကို အပိုအနေဖြင့် ထည့်သွင်းနိုင်ပါသည်။*

## ၃.၁။ အန္တရာယ်ရှိသည့် အရာများကို ထိကိုင်ခြင်း။

လူတစ်ယောက်သည် ထုံး၊ ကလိုရင်း သို့မဟုတ် မိလ္လာရေဆိုးများကို ထိကိုင်မိပါက လုပ်ဆောင်ရမည့် အရာများ ကို အောက်ဖော်ပြပါ ဇယားတွင် လမ်းညွှန်ဖော်ပြပေးထားပါသည်။ ဖော်ပြထားသည့် အရာများ နှင့် မိလ္လာရေဆိုး ထုတ်သည့်အလုပ်ကို လုပ်မည့် လုပ်သားများအားလုံးသည် ရင်းနှီးကျွမ်းဝင်ထားဖို့လိုပါသည်။

*ဇယား (၁) - အန္တရာယ်ရှိသည့် အရာများကို ထိတွေ့မိပါက လိုက်နာလုပ်ဆောင်ရမည့် နည်းလမ်းများ။*

| *အကယ်၍...* | **မိလ္လာရေဆိုး** | **ကလိုရင်း** | **ထုံး** |
|---|---|---|---|
| *အရေပြား နှင့် ထိမိပါက* | ညစ်ပေသွားသည့် အဝတ်အစားများ၊ ဖိနပ် များကို ဖယ်ချွတ်လိုက် ပါ။ ထိမိသည့် အရေပြား နေရာကို ဆပ်ပြာ နှင့် ရေ သုံး၍ စင်ကြယ်အောင် ဆေးချပေးပါ။ | ညစ်ပေသွားသည့် အဝတ် အစားများ နှင့် ဖိနပ်များ ကို ချွတ်ပြီးနောက် ထိမိသည့် အရေပြားနေရာပေါ်သို့ ၁၅ မိနစ် ခန့် ရေဖြင့် ဆေးချပေး ပါ။ ဆက်၍ အရေပြား ယား ယံခြင်း ဖြစ်နေပါက ဆေး ကုသမှုခံယူပါ။ | ထိမိသည့် အရေပြားကို ရေများများ သုံး၍ ဆေးချပြီး တင်နေသည့် ထုံးများကို ဘရပ် ဖြင့် တိုက်ချပေးပါ။ အရေပြား လောင်ခြင်း ဖြစ် လာပါက ရှေးဦးသူနာပြုစုမှု ကို ခံယူပြီးနောက် ဆရာဝန် နှင့် ဆေးကုသမှုခံယူပါ။ |
| *မျက်လုံးထဲ ဝင်သွားပါက ...* | အနည်းဆုံး ၁၅ မိနစ်ထိကြာအောင် မျက်လုံးကို ရေဖြင့် ဆေးပေးပါ။ မျက်ကပ်မှန် တပ်ထားလျှင် ဖြုတ်ရန် လွယ်ကူပါက ဖြုတ်ထားပါ။ မျက်လုံး ယားယံခြင်း မပျောက် သွားဘဲ ဆက်၍ ဖြစ်နေပါက ဆေးကုသမှုခံယူပါ။ | | |
| *ရှူသွင်းမိ၍ အဆုတ်ထဲ ဝင်သွားပါက...* | လေကောင်းလေသန့်ရမည့် နေရာသို့ ချက်ချင်းသွား၍ အနားယူပါ။ ကျန်းမာရေး စောင့်ရှောက်မှုရယူပါ။ အသက်ရှူရခက်ခဲခြင်း၊ ရပ်တန့်ခြင်းဖြစ်လာပါက အသက်ရှူ ကိရိယာ ၏ အကူအညီရယူပါ။ | | |
| *ပါးစပ်ထဲဝင်သွား ပါက...* | ပါးစပ်ကို ရေဖြင့် ပလုတ်ကျင်း ဆေးကြောပါ။ ရေ များများ သောက် ပေးပါ။ လက်ထိုး အန် ခြင်း ကဲ့သို့ အန်လာ အောင် အတင်း မလုပ် ပါနှင့်။ ဆေးကုသမှု ခံယူပါ။ | ရေ သို့မဟုတ် နွားနို့ကို ချက်ချင်းသောက်ပေးပါ။ ဆေးကုသမှုခံယူပါ။ | ပါးစပ်ကို ရေဖြင့် ပလုတ် ကျင်းဆေးကြောပါ။ ရေ များများ သောက်ပေးပါ။ လက်ထိုး အန်ခြင်းကဲ့ သို့ အန်လာအောင် အတင်း မလုပ်ပါနှင့်။ ဆေးကုသ မှုခံယူပါ။ |
| *အဝတ်အစား များ နှင့် ထိမိ ပါက...* | အဝတ်အစားများကို လဲပြီး ရေချိုးပါ။ အဝတ်အစားများကို ရေ နှင့် အဝတ်လျှော်ဆပ်ပြာ သုံး၍ လျှော်ဖွတ်ပေးပါ။ | | |

အလုပ်လုပ်နေစဉ် နှင့် အလုပ်ပြီးသည့် အခါတွင် အောက်ပါ အတိုင်းလုပ်ဆောင်ရပါမည်။

- လက်အိတ် ချွတ်ပြီးနောက် ဆပ်ပြာ နှင့် ရေ သုံး၍ လက်ကို သေချာ စင်ကြယ်အောင် ဆေးကြောပါ။
- သင့်တွင် ဒဏ်ရာ တစုံတရာ ရှိနေပါက သန့်ရှင်း၊ ခြောက်သွေ့ပြီး ရေစိုခံသည့် ပတ်တီးစ/ပလာစတာဖြင့် စည်းထားပါ။
- အလုပ်လုပ်နေစဉ် အချိန်အတွင်း ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်း၊ ဆေးရွက်ကြီး ဝါးခြင်း/ သို့မဟုတ် ပီကေ စားခြင်းတို့ကို မလုပ်ပါနှင့်။
- သင့် တွင် ရှိသည့် အနာ သို့မဟုတ် ထိရှဒဏ်ရာများ၊ မျက်နှာ၊ ပါးစပ်၊ မျက်လုံး၊ နား၊ နှာခေါင်းတို့ကို ထိကိုင်ခြင်းမပြုရ။
- အစားမစားမီ နှင့် သောက်သုံးခြင်း မပြုမီ လက်ကို ဆပ်ပြာ နှင့် ရေသုံး၍ သေချာဆေးကြော ပေးရပါမည်။
- မိလ္လာရေဆိုးထုတ်သည့် လုပ်ငန်းများလုပ်နေသည့် နေရာနှင့် ဝေးဝေး တွင်သာ အစားစားပါ။
- တစ်ရက်တာ အလုပ်ပြီးသည့် အခါတိုင်း သင် အိမ်မှ ဝတ်လာ သည့် အဝတ်အစားများကို မလဲခင် ရေဆိုးသန့်စင်သည့် နေရာတွင်သာ ရေ အရင်ချိုးပါ။

SOLIDARITÉS INTERNATIONAL

OXFAM

# ၄။ ကြိုတင်ပြင်ဆင်ခြင်း။

## ၄.၁ လိုအပ်သည့် ပစ္စည်းများအား ပြင်ဆင်ခြင်း။

- လိုအပ်သည့် ပစ္စည်းများ စာရင်းအပြည့်အစုံကို သိရှိရန် စံလုပ်ထုံးလုပ်နည်း လမ်းညွှန် အသီးသီးကို ဖတ်နိုင်ပါသည်။
- ရေဆိုးသန့်စင်ရန် နေရာ အဖြစ်သတ်မှတ်ထားသည့် နေရာတွင် လိုအပ်သည့် ပစ္စည်းများ စာရင်း အားလုံးကို အတူတကွ ထားရှိပေးရပါမည်။
- မိလ္လာရေဆိုးထုတ်မည့် လုပ်သားများအားလုံးသည် အလုပ်မစတင်မီ လုပ်ငန်းခွင်ဝတ် ဝတ်စုံ နှင့် တစ်ကိုယ်ရေကာကွယ်ရေးပစ္စည်းများကို ပြောင်းလဲဝတ်ဆင်ရပါမည်။
- (သန့်ရှင်းရေးဝန်ထမ်းများ၏ တာဝန်ဖြစ်သည့်) ကလိုရင်း အရည်ပြင်ဆင်ရန် လိုအပ်သည့် အရာများ -
    - လတ်ဆတ်သည့် ကလိုရင်း အရည်ကို နေ့တိုင်းပြင်ဆင်ပေးထားရပါမည်။
    - လေဝင်လေထွက်ကောင်းသော နေရာ သို့မဟုတ် ဖြစ်နိုင်မည်ဆိုလျှင် လေကွယ်ရာ ဖြစ်ပြီး အရိပ်ရသည့် ပြင်ပ နေရာတစ်ခု တွင် ဖျော်စပ် ပြင်ဆင်ရပါမည်။
    - (လည်ရှည်ဘွတ်ဖိနပ်၊ လက်အိတ်၊ အကာအကွယ် မျက်မှန်၊ ဘောင်းဘီတို၊ တီရှပ် နှင့် နှာခေါင်းစည်း) စသည့် တစ်ကိုယ်ရည် ကာကွယ်ရေးဝတ်စုံကို ဝတ်ဆင်ရပါမည်။
    - ကျောပိုးသယ်နိုင်သည့် ဆေးဖြန်းပုံးထဲသို့ ရေအရင်ထည့်ပါ ပြီးမှကလိုရင်းကိုထည့်ပါ။ (ထိုနည်းအတိုင်းမဟုတ်ပဲ ပြောင်းပြန် မလုပ်ရပါ။) ကလိုရင်းကို ထည့်စဥ် တွင် ရေများ အပြင်သို့ ဖိတ်စင်မကျအောင် သတိထား၍ ထည့်ပါ။

| *ဖျော်ရန်...* | **ကလိုရင်း ပေါင်ဒါမှုန့် (ကလိုရင်းပါဝင်မှု ၆၅%)** | **အကွာတက်ဘ် ပေါင်ဒါ (ကလိုရင်း ပါဝင်မှု ၅၀%)** |
|---|---|---|
| *(ပစ္စည်းများကို နှင့် ညစ်ညမ်းသွားသည့် မျက်နှာပြင်များကို ပိုးသတ်ရန် အတွက်) ကလိုရင်း ၀.၅%* | ၁၈ လီတာ ဆန့် ကျောပိုးလွယ်နိုင်သည့် စပရေးဖြန်းဘူး ထဲသို့ ကလိုရင်းပေါင်ဒါ (~၁၅၀ဂရမ်) ဇွန်းအပြည့် ၁၁ ဇွန်း ထည့်ပေးပါ။ | ၁၈ လီတာ ဆန့် ကျောပိုးလွယ်နိုင် သည့် စပရေးဖြန်းဘူး ထဲသို့ အကွာတက်ဘ်ပေါင်ဒါ (~၁၈၀ဂရမ်) ဇွန်းအပြည့် ၁၃ ဇွန်း ထည့်ပေးပါ။ |
| *(တစ်ကိုယ်ရည်ကာကွယ်ရေး ဝတ်စုံ နှင့် အဝတ်အစားများ ကို ပိုးသတ်ရန် အတွက်) ကလိုရင်း ၀.၀၅%* | ၁၄ လီတာဆန့် ရေပုံးထဲ သို့ (~၁၁ဂရမ်) ဇွန်းအပြည့် (၁) ဇွန်းထက် နည်းနည်းလျော့၍ ထည့်ပေးပါ။ | ၁၄ လီတာဆန့် ရေပုံးထဲ သို့ (~၁၄ဂရမ်) ဇွန်းအပြည့် (၁) ဇွန်း ထည့်ပေးပါ။ |

*ဇယား (၂) - ကလိုရင်းအရည် ကို ဖျော်စပ်ခြင်း။*

- ကလိုရင်းအရည်ဖျော်ရန် အတွက်သာ သုံးရမည့် သန့်ရှင်းသောမွှေစရာ တုတ်တံ ဖြင့် ကလိုရင်း အရည်ကို မွှေပေးပါ။
- ကျောပိုးနိုင်သည့် စပရေးဖြန်းဘူး ကို လုံခြုံအောင် ပိတ်လိုက်ပါ။
- ဗူးအပြင်ဖက်တွင် ကလိုရင်းပါဝင်နှုန်းကို ရေးသားဖော်ပြပေးပါ။ (ဥပမာ - "ကလိုရင်းပါဝင် နှုန်း ၀.၅%")
- ဖြစ်နိုင်လျှင် ကလိုရင်းဖျော်ထည့်ထားသည့် စပရေးဖြန်းဘူးကို နေရောင်မကျနိုင်သည့် နေရာတွင် ထားပေးပါ။

## ၄.၂။ အချိန်ဇယား

- OXSI ၏ စခန်းများတွင် ဝန်ဆောင်မှုအား တောင်းဆိုထားမှုများ နှင့် လစဥ်စစ်ဆေးမှုစစ်တမ်းများကို အခြေခံပြီး မိလ္လာရေဆိုးသန့်ရှင်းရေး ကို ဦးစားပေးလုပ်ပေးရမည့် နေရာများကို ဖော်ထုတ်နိုင်ရန် အတွက် လစဥ် အစီအစဥ်များရေးဆွဲထားပါသည်။ OXSI စခန်းမဟုတ်သည့် နေရာများတွင် အားလုံး သော လစဥ် အစီအစဥ်များ နှင့် ချိတ်ဆက်လုပ်ဆောင်နိုင်ရန် SI ထံသို့ မိလ္လာရေဆိုးထုတ်ခြင်း အစီအစဥ်ကို ပေးထားပါသည်။
- အချိန်ဇယားတွင် ပါဝင်သည့် အိမ်သာတွင်းများသို့ ထော်လာဂျီကားများ မရောက်နိုင်ပါက ထော်လာဂျီ ကားများ မပါဘဲ ပုံမှန် မိလ္လာရေဆိုးသန့်စင်သည့် အဆင့်အတိုင်း လုပ်ဆောင်ဖို့လို ပါသည်။
- သန့်ရှင်းရေးလုပ်သားများ သို့မဟုတ် အိမ်သာကို အသုံးပြုနေသည့် မိသားစုဝင်များ၏ တောင်းဆိုမှုများ ရှိပါက လက်အားသုံး၍ လုပ်ပေးရသည့် မိလ္လာရေဆိုးထုတ်ခြင်းကို သီးခြားစီစဥ်ပြီး လုပ်ပေးပါသည်။
- တစ်ရက်လျှင် မိလ္လာရေဆိုးထုတ်ရန် လိုအပ်သည့် တွင်းများကို သန့်ရှင်းရေးဝန်ထမ်း (sanitation agents) များက သတ်မှတ်ပေးပါသည်။
- မိလ္လာရေဆိုးထုတ်မည့် နေ့မတိုင်မီ မည်သည့် အချိန်တွင် လာ၍ မိလ္လာတွင်းရှင်းခြင်းကို လုပ်ပေး မည်ဖြစ်ကြောင်းကို ရပ်ရွာတွင်းစည်းရုံးလှုံ့ဆော်ရေး အဖွဲ့မှ ရပ်ရွာ သို့ အကြောင်းကြားထား ပေးရပါမည်။
- မိလ္လာရေဆိုးထုတ်ခြင်းအလုပ်သည် အရေးကြီးသည့် အလုပ်ဖြစ်သောကြောင့် တစ်ပတ် လျှင် ၆ ရက်၊ တစ်နှစ်လုံးတွင် အချို့သော ပိတ်ရက်များမှ အပ အပတ်စဥ်တိုင်းလုပ်နေရသည့် အလုပ်ဖြစ်ပါသည်။

## ၅။ ပုံမှန်နည်းလမ်းအတိုင်း မိလ္လာရေဆိုးထုတ်ခြင်းလုပ်သည့်အခါတွင် လိုက်နာရမည့် စံလုပ်ထုံးလုပ်နည်းများ။

"ပုံမှန်နည်းလမ်းအတိုင်း မိလ္လာရေဆိုးထုတ်ခြင်း" ဆိုသည်မှာ အဓိက မိလ္လာတွင်းများတွင် ရေစုပ်စက် နှင့် ရေဆိုးများကို သယ်ပေးမည့် ထော်လာဂျီကားပါသည့် နည်းအတိုင်း လုပ်ခြင်းကို ဆိုလိုပါသည်။ သန့်ရှင်းရေး လုပ်သားများပါဝင်သည့် အဖွဲ့ သည် မိလ္လာတွင်းမှ ရေဆိုးများကို ရေစုပ်စက် သုံး၍ ထော်လာဂျီပေါ်တွင် တင်ထားသည့် တိုင်ကီပုံး ကြီးထဲ သို့ တိုက်ရိုက် ထည့်ပေးပြီးနောက် ထို ထော်လာဂျီကားဖြင့် ရေဆိုးသန့်စင် ရှင်းထုတ်ပေးမည့် နေရာသို့ သယ်သွားပေးပါသည်။ ဤ နည်းလမ်းသည် ပိုမိုမြန်ဆန်ပြီး သန့်ရှင်းရေးလုပ်သားများသည်လည်း ရေဆိုး အညစ်အကြေးများ နှင့် ထိတွေ့နိုင်မှု နည်းသည့် အတွက် မိလ္လာတွင်း မှ ရေဆိုးများထုတ်ရန် အသင့်တော်ဆုံး နည်းလမ်းဖြစ်ပါသည်။ ယခု အပိုင်းတွင် အဆိုပါ နည်းလမ်းဖြင့် မိလ္လာရေဆိုး များထုတ်သည့် အခါတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများ အားလုံးကို အသေးစိတ် ပြည့်စုံစွာ ဖော်ပြပေးထားပါသည်။

### ၅.၁။ ပါဝင်သည့် သူများ။

မိလ္လာရေဆိုးထုတ်သည့် အဖွဲ့တွင် (ရေစုပ်စက် တစ်လုံး လျှင်) အနည်းဆုံး လူ (၅)ယောက် ပါဝင်ဖို့လိုပါသည်။

- ရေစုပ်စက် မောင်းပေးသူ တစ်ယောက်။
- ရေပိုက် နှင့် ရေစုပ်စက်ကို ကိုင်တွယ်ရန် လုပ်သား ၃ ယောက် (ကလိုရင်းဆေး ဖြန်းပေးရန် တာဝန်ယူထားသူ တစ်ယောက်) ထော်လာဂျီ ကားမောင်းပေးသူ တစ်ယောက်။

### ၅.၂။ အသုံးပြုရမည့် ပစ္စည်းများ

| ပစ္စည်းများ | တစ်ဖွဲ့ အတွက် လိုအပ်သည့် အရေအတွက် | ရှင်းလင်းဖော်ပြချက် |
|---|---|---|
| ရေဆိုး များကို စုပ် တင်ပေးမည့် ရေစုပ်စက် | ၁ လုံး | ပိုက်လုံး၊ အခြေ အဆို့ရှင် နှင့် အရည်စစ် ပေးသည့် အလွှာပါသော မောင်းတံ ဖြင့် နှိပ်ဖွင့်ရသည့် ရေစုပ်စက်။ |
| ရေဆိုးများကို တင် သယ်ပေးမည့်တိုင်ကီ | ၁ လုံး | ထော်လာဂျီကားပေါ်တွင် သေချာလုံခြုံအောင် တင်ထားသည့် ၁.၅ ကုဗမီတာ (၁၅၀၀ လီတာဆန့်) တိုင်ကီပုံး။ |
| ထော်လာဂျီကား | ၁ စီး | မိလ္လာရေဆိုးများကို ရေဆိုးသန့်စင်ပေးမည့် နေရာသို့ သယ်ယူရန် ထော်လာဂျီ ကားများကို အသုံးပြုပါသည်။ |
| သံတူရွင်း | ၁ ချောင်း | လူဆင်းပေါက် သို့မဟုတ် မိလ္လာတွင်းဖုံးကို ဖွင့်ပါ။ နှစ်ခုလုံးရှိပါ နှစ်ခုလုံးကို ဖွင့်ပါ။ |
| တူ | ၁ ချောင်း | လူဆင်းပေါက် သို့မဟုတ် မိလ္လာတွင်းဖုံးကို ဖွင့်ပါ။ နှစ်ခုလုံးရှိပါက နှစ်ခုလုံးကို ဖွင့်ပါ။ |
| ဂေါ်ပြား | ၁ ခု | ဖိတ်စင်မှုများ ရှိပါက သန့်ရှင်းရေးလုပ်ရန်။ |
| တစ်ကိုယ်ရည် ကာကွယ်ရေး ဝတ်စုံ (PPE) | ဝန်ထမ်း တစ်ယောက်စီ တိုင်းအတွက် | ပြန်အသုံးပြုနိုင်သည့် တစ်ကိုယ်ရည် ကာကွယ်ရေးပစ္စည်းများ - ဘွတ် ဖိနပ်၊ ဘောင်းဘီတို၊ ခမောက်ဦးထုပ်၊ အထူသား ရာဘာ လက်အိတ်၊ ဘေးကင်းရေး အတွက် တပ်ရသည့် မျက်မှန်၊ (မိုးတွင်းကာလ ဖြစ်ပါက) မိုးကာအင်္ကျီ တခါသုံးပြီး စွန့်ပစ်ရမည့် တစ်ကိုယ်ရည်ကာကွယ်ရေး ပစ္စည်း - နှာခေါင်းစည်း။ |
| ကလိုရင်းဖြန်းရန် ဘူး | ၁ ဘူး | မိလ္လာရေဆိုးထုတ်သည့် အလုပ်များပြီးသွားပါက အိမ်သာ ဝန်းကျင် တွင် ပိုးသတ်ပေးရန် နှင့် အသုံးပြုခဲ့သည့် ပစ္စည်းများကို ပိုးသတ်ရန် ဖြန်းပေး ရပါ မည်။ |
| ကလိုရင်းဖြန်းဆေး | ၁ ဘူး | မိလ္လာရေဆိုးထုတ်သည့် အလုပ်များပြီးသွားပါက အိမ်သာ ဝန်းကျင် တွင် ပိုးသတ်ပေးရန် နှင့် အသုံးပြုခဲ့သည့် ပစ္စည်းများ နှင့် အဝတ်အစားများ ကို ပိုးသတ်ရန် ဖြန်းပေးရမည့် ကလိုရင်းအရည်။ |

| | | |
|---|---|---|
| ကလိုရင်း မွှေရန် တုတ် | ၁ ခု | ကလိုရင်း နှင့် ရေ ကို ရောမွှေရန် သုံးရမည့် တုတ်တံ (ဝါးတုတ်တံ ကိုလည်း အသုံးပြုနိုင်ပါသည်။) |
| မင်မြဲသည့် ဆော့ပင် | ၁ ခု | ကလိုရင်းဖြန်းဆေးရည် ဘူးများကို ခွဲမှတ်ရေးသားဖော်ပြရန် နှင့် တစ်ကိုယ်ရည် ကာကွယ်ရေးဝတ်စုံများကို လုပ်သားများ ၏ အမည်များ နှင့် ရေးမှတ်ပေး ထားရန်။ |
| ရေပုံး | ၂ ပုံး | ရေ အပြည့်ဖြည့်ထားသည့် ၁၄ လီတာဆံ့ ရေပုံး ၂ ပုံး။ လက်ဆေးရန် နှင့် အသုံးပြုခဲ့သည့် ပစ္စည်းများကို သန့်ရှင်းရေးလုပ်ရာတွင် အသုံးပြုရန်ဖြစ် ပါသည်။ |
| ဆပ်ပြာတုံး အကြီး | ၁ ခု | အလုပ်လုပ်နေစဉ် နှင့် အလုပ်လုပ်ပြီးသည့် အခါတွင် လက်ဆေးရန်။ |
| အင်္ဂတေ | ~ ၁ ကီလို ဂရမ် | ရေဆိုးထုတ်ခြင်း လုပ်ပြီးသွားပါက လူဝင်ပေါက် ကို ပြန်၍ ပိတ်ရန်။ (တရက်လျှင် ဘိလပ်မြေ ၂၅၀ ဂရမ် နှင့် သဲ ၁ ကီလိုဂရမ်) |
| ထုံး | ~ ၁ ကီလို ဂရမ် | မတော်တဆ ဖိတ်စင်သွားသည့် အညစ်အကြေး ရေဆိုးများ ကို ဖုံးအုပ် ရန် အတွက် ရေ ဖျော်ထားသည့် ထုံး။ |
| ရေ | | လက်ဆေးရန် နှင့် အသုံးပြုထားသည့် ပစ္စည်းများကို သန့်ရှင်းရေးလုပ်ရန် အတွက် နီးစပ်ရာ လက်နှိပ်ရေတုံကင်မှ ရေများကို ရေပုံးဖြင့် ခပ်ထားပေးပါ။ |
| ဆပ်ပြာတုံး | | အလုပ် တစ်ရက်တာပြီးသွားတိုင်း သန့်ရှင်းရေး လုပ်သားများ အားလုံး ရေချိုးရန် အတွက်။ |
| အဝတ်လျှော် ဆပ်ပြာတုံး | | အလုပ် တစ်ရက်တာပြီးသွားတိုင်း သန့်ရှင်းရေး လုပ်သားများ အားလုံး အဝတ်လျှော်ရန် အတွက်။ |

## ၅.၃ လိုက်နာရမည့် လုပ်ဆောင်ပုံ အဆင့်ဆင့်

၁။ ရေဆိုးထုတ်မည့် တွင်း နှင့် ဆက်စပ်နေသည့် အိမ်သာကို မည်သူမှ အသုံးမပြုရန် နှင့် မိလ္လာရေဆိုး ထုတ်မည့် တွင်းနေရာနား တစ်ဝိုက်တွင် တနေ့တာလုံး ကလေးသူငယ်များ မလာအောင် စီစဥ်ထား ပေးပါ။

၂။ တစ်ကိုယ်ရည်ကာကွယ်ရေးဝတ်စုံများ ဖြစ်သည့် လည်ရှည်ဘွတ်ဖိနပ်၊ လက်အိတ်များ၊ ကာကွယ်ရေး မျက်မှန်များ နှင့် နှာခေါင်းစည်းများကို လုပ်သားများ အားလုံး ဝတ်ဆင်စေပါ။

၃။ မိလ္လာရေဆိုးထုတ်မည့် တွင်းတွင် ကွဲအက်နေခြင်း သို့မဟုတ် ကျိုးပဲ့နေခြင်း ရှိမရှိကို စစ်ဆေးကြည့်ပါ။ သေးငယ်သည့် အရာများဖြစ်ပါက ချက်ချင်းပြင်ဆင်ပေးပါ။ ဆောက်လုပ်ရေးတာဝန်ရှိသူများ၏ အကူအညီလိုအပ်ပါကရယူပါ။ အကြီးစားပြင်ဆင်စရာများဖြစ်ပါက လိုအပ်သည်များကို ပြင်ဆင်နိုင်ရန်အတွက် ဆောက်လုပ်ရေး အဖွဲ့ထံသို့အကြောင်းကြားပါ။

၄။ မိလ္လာတွင်းလျှံနေပါသလား ဆိုသည် ကို စစ်ဆေးကြည့်ပါ။ တွင်းလျှံနေပါက လျှံနေသည့် တွင်း၏ အချက်အလက်များကို မှတ်သားထားပြီး တွင်းလျှံရသည့် အကြောင်းအရင်းများကို စစ်ဆေးပါ။ (အဆင့် ၁၃ - အညစ်အကြေးများ မာကျောနေသည့် အလွှာများ ရှိနေသလား ဆိုသည်ကို စစ်ဆေးပါ။ အဆင့် ၁၄ (ဂ) - ရေဆင်းပိုက်များ ပိတ်နေသလား ဆိုသည်ကို စစ်ဆေးပါ။) လိုအပ်မည့် သက်ဆိုင်ရာ အဖွဲ့များ ထံသို့ နောက်ဆက်တွဲ လုပ်ဆောင်စရာများ အတွက် အကြောင်းကြားပါ။ (လူအားဖြင့် လုပ်ရမည့် ရေဆိုးထုတ် ခြင်းအဆင့်များကို လုပ်ရန် ပြင်ဆင်ခြင်း၊ လိုအပ်သည့် ပြင်ဆင်စရာများကို လုပ်ဆောင်ရန် ဆောက်လုပ်ရေး အဖွဲ့ထံသို့ အကြောင်းကြားခြင်း စသည်ဖြင့်)

၅။ လိုအပ်မည်ဆိုပါက ရေစုပ်စက်ကို ချူပေးပါ။

၆။ မိလ္လာတွင်း တွင် လူဆင်းပေါက်ရှိပါက အဖုံးကို ဖယ်လိုက်ပါ။ လူဆင်းပေါက် မပါသည့် တွင်းဖြစ်ပါက တွင်းဖုံး တစ်ခုလုံးကို ကာထားသည့် အင်္ဂတေတုံးကို သံတူရွင်း နှင့် တူ သုံး၍ ဖယ်ပေးပါ။ လေဝင်လေထွက် ရှိရန် တပ်ထားသည့် ပိုက်ရှိပါက ထိုပိုက်ကို ဖယ်ပြီး ရေဆိုးထုတ်မည့် ပိုက်လုံးကို အဆိုပါ အပေါက်ထဲမှ ထည့်သွင်းနိုင်ပါသည်။ မိလ္လာတွင်းဖုံးများ ကျိုးပျက်နေပါက သင့် အထက်မန်နေဂျာ ထံသို့ အကြောင်းကြားပါ။

၇။ ရေစစ်လွှာတစ်ခုပါသည့် ရေဆိုး ထုတ်ရမည့် ရေစုပ်စက် နှင့် ဆက်ထားသည့် ပိုက်လုံး ကို မိလ္လာတွင်း ထဲသို့ ထည့်လိုက်ပါ။ ရေဆိုးများ က စတင် စုပ်ယူသည့် အခါ တွင် ရေစုပ်စက် ၏ အထိုင် အဆို့ရှင် ကို တွင်း၏ အခြေတွင် တပ်ဆင်ထားစေပါ။

၈။ ရေစုပ်စက်မှ ပိုက်လုံး နှင့် ထော်လာဂျီပေါ်တင်ထားသည့် တိုင်ကီပေါ်သို့ တင်ပေးမည့် ပိုက်လုံးတို့ကို ချိတ်ဆက်ပေးပါ။

၉။ ရေစုပ်စက် မောင်းပေးမည့် သူသည့် စက်ကို ပုံမှန် နှုန်းအတိုင်း စတင်၍ မောင်းပေးပါ။

၁၀။ ရေစုပ်ယူမှု ပိုမိုလွယ်ကူရန် အတွက် မိလ္လာတွင်းထဲမှ ရေဆိုးများ စေးပျစ်နေမှု မရှိစေရန် လိုအပ်မည် ထင်ပါက ရေများထပ်ဖြည့်လောင်း ပေးပါ။

# SOP (၁) – ပုံမှန်နည်းလမ်းအတိုင်း မိလ္လာရေဆိုးထုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် စံလုပ်ထုံးလုပ်နည်းများ

၁၁။ မိလ္လာတွင်းထဲမှ တတ်နိုင်သလောက် မိလ္လာများများ ကို စုပ်ထုတ်ပစ်ပါ။

၁၂။ တွင်း တစ်တွင်း ပြီးသွားပါက ရေစုပ်စက် ကို ရပ်လိုက်ပါ။

၁၃။ မိလ္လာတွင်းတွင် မာကျောနေသည့် အလွှာများ သည် တွင်း၏ လေးပုံတစ်ပုံ ခန့်ထိ ရှိနေပြီး ရေစုပ်စက် ဖြင့် စုပ်တင်၍ မဖြစ်နိုင်ပါက ဤ တွင်း တွင် လူအားဖြင့် ရေဆိုးထုတ်ဖို့လိုအပ်ကြောင်းကို သန့်ရှင်းရေးဝန်ထမ်း များထံသို့ အကြောင်းကြားပေးပါ။ လူအားဖြင့် ရေဆိုးထုတ်ခြင်း ဆိုင်ရာ စံလုပ်ထုံးလုပ်နည်းများ အကြောင်း ကို ရည်ညွှန်းပေးပါ။

၁၄။ ရေစစ်ချပေးသည့် သီးခြား "မိလ္လာ ရေစစ်တွင်း" ရှိပါက -

> (က) လူဝင်ပေါက်ရှိသလား ဆိုသည်ကို ကြည့်ပါ။ ရှိပါက "မိလ္လာ ရေစစ်တွင်း" သည်လည်း မိလ္လာရေဆိုး ထုတ်ရန် လိုသလား ဆိုသည်ကို စစ်ဆေးပါ။ ထိုနောက် သန့်ရှင်းရေး ကိုယ်စားလှယ်ထံသို့ အကြောင်းကြားပါ။ သန့်ရှင်းရေး ကိုယ်စားလှယ်မှ အခြား ထော်လာဂျီ ကားတစ်စီးကို လိုအပ်ပါက ထပ်၍ ခေါ်ပေးပါလိမ့်မည်။
>
> (ခ) "မိလ္လာ ရေစစ်တွင်း" တွင် လူဝင်ပေါက် မရှိပါက ဆက်၍ လုပ်ရန် မလိုအပ်ပါ။ သို့သော် ရေစစ် မိလ္လာတွင်းမှ တွင်းကြီး ထဲသို့ အရည်များ ဝင်ရောက်နေပါက အဆိုပါ ရေစစ် မိလ္လာတွင်း ၏ အဖုံးကို လုံးဝ ဖယ်ထုတ်ပစ်ပြီး တွင်း အပြည့် မိလ္လာရေဆိုးထုတ်ပေးဖို့ရန် လိုအပ်ပါသည်။ သန့်ရှင်းရေး ကိုယ်စားလှယ်မှ အခြား ထော်လာဂျီ ကားတစ်စီးကို လိုအပ်ပါက ထပ်၍ ခေါ်ပေးပါလိမ့်မည်။
>
> (ဂ) မိလ္လာရေစစ်တွင်း နှင့် တွင်းကြီး ကို ဆက်ထားသည့် ရေပိုက် တွင် ပိတ်ဆို့နေခြင်း ရှိမရှိ စစ်ဆေးပါ။ ပိတ်ဆို့နေပါက လိုအပ်လျှင် တုတ်ချောင်းဖြင့် ရှင်းထုတ်ပေးပါ။

၁၅။ တွင်း တစ်တွင်းကို ရေဆိုးထုတ်ပြီးသွားပါက လူဝင်ပေါက်အထက်တွင် (ကလိုရင်း မသုံးဘဲ) ရိုးရိုး ရေဖြင့် အထိုင် အဆို့ရှင့်ကို သန့်ရှင်းရေးလုပ်ပေးပါ။

၁၆။ တွင်းပေါက် အဖုံး သို့မဟုတ် လူဝင်ပေါက် အဖုံးများနေရာ တွင် အင်္ဂတေဖြင့် အုပ်၍ ပိတ်ထားပေးပါ။ လေဝင်လေထွက်ရှိရန် တပ်ထားသည့် ပိုက်ကို ဖယ်ထားပြီးပါက ပြန်အစားထိုးပြီး ပြန်ပိတ်ပေးပါ။*

၁၇။ ဖုံးထားသည့် တွင်းဖုံးကို ပြန်ပိတ်ပြီးနောက် တွင်းအနီးနား တဝိုက်တွင် ရေဆိုးများ ဖိတ်စင်ကျ ထားခြင်း ရှိပါက ၀.၅% ကလိုရင်းအရည် ကို သုံး၍ ဖုံးအုပ်ပေးပါ။ (ဖိတ်စင်မှု များပါက အပိုင်း - ၈ ပါ လမ်းညွှန် အတိုင်းလုပ်ဆောင်ပါ။)

၁၈။ ဖိတ်စင်ကျ ထားသည့် မိလ္လာရေဆိုးများကို မြေကြီး ၂ လက်မ ခန့် ဖြင့် လည်း ဖုံးအုပ်နိုင်ပါသည်။ ကလိုရင်း ကို ကိုင်တွယ်ရသည့် မည်သူမဆို လက်အိတ်၊ အကာအကွယ် မျက်မှန် နှင့် နှာခေါင်းစည်း တပ်ထားရပါမည်။

၁၉။ မိလ္လာတွင်းဖုံး ထိပ်ကို ၀.၅% ကလိုရင်း အရည်ဖြင့် ဖြန်းပေးရပါမည်။ ကလိုရင်း ကို ကိုင်တွယ်ရသည့် မည်သူမဆို လက်အိတ်၊ အကာအကွယ် မျက်မှန် နှင့် နှာခေါင်းစည်း တပ်ထားရပါမည်။ ထော်လာဂျီ ကားပေါ်တွင် ဖိတ်စင်ကျထားပါက ကလိုရင်းရည် ဖြင့်ပင် သန့်ရှင်းရေးလုပ်ပေးပါ။

၂၀။ မိလ္လာတွင်း ရှိ အကျိုးပြု ဘက်တီးရီယားများကို မသတ်မိစေရန် အတွက် ကလိုရင်းအရည်များ ကို တွင်းထဲသို့ မကျအောင် သေသေချာချာ ဖြန်းပေးဖို့လိုပါသည်။

၂၁။ ထော်လာဂျီ ကားပေါ်ရှိ တိုင်ကီ ပြည့်သွားပါက မိလ္လာရေဆိုးသန့်စင်မည့် နေရာသို့ သယ်ပို့ပေးပါ။

၂၂။ မိလ္လာရေဆိုးသန့်စင်မည့်နေရာသို့ရောက်ပါက ရေဆိုးများသယ်လာသည့် တိုင်ကီ နှင့် ထော်လာဂျီ ကားကို ၀.၅% ကလိုရင်းအရည်ဖြင့် ဖြန်းပေးပါ။ ထိုနည်းဖြင့် ရေဆိုးများ နှင့် ထိမိထားနိုင်သည့် နေရာများ အားလုံးကို ပိုးသတ်ပြီးသား ဖြစ်စေပါသည်။

* မှတ်ချက် - မိလ္လာရေဆိုးထုတ်ရမည့် တွင်းများ စွာ သည် တစ်တွင်း နှင့် တစ်တွင်း နီးကပ်စွာ ရှိနေပါက ထို တွင်းမှ လူဝင်ပေါက် အဖုံးများ သို့မဟုတ် တွင်းဖုံးများကို အစားထိုး အုပ်ထားပြီး နောက်တစ်တွင်း သို့ ဆက်၍ လုပ်နိုင်ပါသည်။ ထော်လာဂျီ ကားပေါ်မှ တိုင်ကီပြည့်သွားပြီး မိလ္လာရေဆိုးသန့်စင်မည့် နေရာ သို့ ထွက်သွားသည့် အခါမှ တွင်းများကို ဖုံး၍ ပိုးသတ်ခြင်း လုပ်နိုင်ပါသည်။ ထိုနည်းဖြင့် တနေ့ပြီးဆုံးချိန် တွင်းများ အားလုံး ရေဆိုးထုတ်ပြီးသွားပါက အင်္ဂတေများကို တစ်ကြိမ်တည်း နှင့် အများအပြားဖျော်ပြီး တွင်းများကို ပိတ်ရန် ပြင်ဆင်နိုင်ပါသည်။ သို့သော် မိလ္လာရေဆိုးထုတ်ထားသည့် ပိုးမသတ်ရသေးသော၊မပိတ်ရသေးသော တွင်းများ အနီးအနားတွင် သင်ရှိနေပြီး ထို လုပ်ငန်းခွင် အတွင်းသို့ မည်သူမျှမဝင် ရောက်နိုင်အောင် လုပ်ထားပေးဖို့လိုပါသည်။

၂၃။ တစ်နေ့တာ လုပ်ငန်းခွင် ပြီးဆုံးသည့် အချိန်တွင် -

> (က) နောက်ဆုံးတွင်း မှ ရေဆိုးများ ထုတ်ပြီးသွားချိန်တွင် ထို ပိုက်လုံးအတွင်းရှိ အဖတ်များကို ရှင်းထုတ်နိုင်ရန် အတွက် ပိုက်အတွင်း ရေများ လောင်းချပေးပါ။ ပိုက်ထဲမှအညစ်အကြေးများကို နောက်ဆုံးတွင်းထဲသို့စွန့်ပစ်ပေးပါ။

# SOP (၁) – ပုံမှန်နည်းလမ်းအတိုင်း မိလ္လာရေဆိုးထုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် စံလုပ်ထုံးလုပ်နည်းများ

(ခ) အလုပ်လုပ်နေသည့် နေရာ ပေါ်မူတည်၍ အသုံးပြုခဲ့သည့် ပစ္စည်းများကို သတ်သတ်မှတ်မှတ် နေရာတစ်ခု တွင် ပြန်၍သိမ်းပေးပါ။ (ဒေသခံ ရုံး သို့မဟုတ် မိလ္လာသန့်စင်ရေးလုပ်သည့် နေရာ)။

(ဂ) အသုံးပြုခဲ့သည့် ပစ္စည်းများအားလုံး၊ ရေစုပ်စက်၏ အထိုင် အဆို့ရှင်များ နှင့် ရေပိုက်များ ကို ကလိုရင်း ၀.၅% အရည်ဖြင့် ဆေးကြောပေးပါ။ ပြီးနောက် ၁၀ မိနစ်ခန့်စောင့်ပြီး ပစ္စည်းများကို မသိမ်းခင် ရေဖြင့် တစ်ခေါက်ပြန်၍ ဆေးချပေးပါ။

(ဃ) အလုပ်သမားများ အသုံးပြုခဲ့သည့် တစ်ကိုယ်ရည် ကာကွယ်ရေးဝတ်စုံများအားလုံး - လည်ရှည်ဘွတ်ဖိနပ်၊ လက်အိတ်များ၊ အကာအကွယ် မျက်မှန်များအားလုံး ကို တနေ့တာ အလုပ်ပြီး သည့် အချိန်တွင် ၀.၀၅% ကလိုရင်းရည် ဖြင့် ၁၀ မိနစ်ခန့်ကြာအောင် ဆေးပြီး ဒေသခံ ရုံး သို့မဟုတ် မိလ္လာရေဆိုးသန့်စင်သည့် နေရာတွင် ရှိသည့် ကွန်ကရစ် အခံပေါ် တွင် ရေဖြင့် ဆေးချပေးပါ။

(င) သင် အိမ်သို့ ပြန်သည့် အခါတွင် ဝတ်သွားမည့် အဝတ်အစားများကို မလဲဝတ်ခင် ရုံး သို့မဟုတ် မိလ္လာရေဆိုးသန့်စင်သည့် နေရာတွင် ရေချိုးပေးပါ။

(စ) ဝတ်ခဲ့သည့် တီရှပ်များ၊ ဘောင်းဘီတိုများကို ၀.၀၅% ကလိုရင်းရည် တွင် ၁၀ မိနစ် စိမ်ပေးပြီးနောက် ရေ၊ ဆပ်ပြာတို့ဖြင့် လျှော်ဖွတ်ပေးပါ။

(ဆ) အခြောက်ခံထားသည့် တစ်ကိုယ်ရည်ကာကွယ်ရေး ပစ္စည်းများအားလုံးကို ရုံး သို့မဟုတ် မိလ္လာရေဆိုးသန့်စင်သည့် နေရာတွင် သိမ်းထားပေးပါ။

(ဇ) တစ်ခါသုံး နှာခေါင်းစည်းများကို သတ်မှတ်ထားသည့် အမှိုက်ပုံထဲသို့ စွန့်ပစ်ပေးပါ။

(ဈ) အသုံးပြုသည့် ပစ္စည်း တစုံတခု ပျက်စီးသွားပါက ချက်ချင်းအကြောင်းကြားပေးပါ။ (ဝန်ထမ်းများသည် ပစ္စည်းများကို အစားထိုးပေးရပါမည်။)

(ည) တစ်ကိုယ်ရည် ကာကွယ်ရေးပစ္စည်းများ နှင့် အသုံးပြုခဲ့သည့် ကိရိယာများကို သန့်ရှင်းပြီးပါက ရုံး သို့မဟုတ် မိလ္လာရေဆိုး သန့်စင်ရေးလုပ်သည့် နေရာ ရှိ ကွန်ကရစ် အခင်း ကို ၀.၅% ကလိုရင်းရည်ဖြင့် ဆေးချပေးပါ။



*ပုံ - ၄ ရေစုပ်စက် နှင့် ထော်လာဂျီ ကား ကို သုံး၍ “ပုံမှန်နည်းလမ်း အတိုင်း ရေဆိုးထုတ်ခြင်း”။*

# SOP (၂) : ထော်လာဂျီကား မသုံးပဲပုံမှန်နည်းလမ်းအတိုင်း မိလ္လာရေဆိုးထုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင်လိုက်နာရမည့် စံလုပ်ထုံးလုပ်နည်းများ။

## ၆။ ထော်လာဂျီကား မသုံးပဲပုံမှန်နည်းလမ်းအတိုင်း မိလ္လာရေဆိုးထုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာ တွင် လိုက်နာရမည့် စံလုပ်ထုံးလုပ်နည်းများ။

ထော်လာဂျီကားများ မဝင်ရောက်နိုင်သည့် နေရာများမှ မိလ္လာတွင်းများ အတွက် “ထော်လာဂျီကားမသုံးပဲ ပုံမှန် နည်းလမ်း အတိုင်း မိလ္လာရေဆိုးထုတ်ခြင်း” နည်းလမ်းကို အသုံးပြုပါသည်။ ဤ နည်းလမ်းသည် အထက်တွင် ဖော်ပြထားသည့် ပုံမှန် နည်း အတိုင်းရေဆိုးထုတ်သည့် နည်းနှင့် ဆင်တူပါသည်။ သို့သော် ထော်လာဂျီပေါ်ရှိ တိုင်ကီထဲသို့ ရေဆိုးများကို တခါ တည်း ထည့်ခြင်းထက် လက်တွန်းလှည်းများပေါ်ရှိ စည်ပိုင်းအပြာများထဲသို့ ရေစုပ်စက်ဖြင့် ထည့်သည့် နည်းဖြစ်ပါသည်။ ထိုနောက် လက်တွန်းလှည်းကို ထော်လာဂျီကား အနီးဆုံး ဝင်ရောက်ထားနိုင်သည့် နေရာသို့ သယ်သွားပေးပြီး လက်တွန်းလှည်းပေါ် ရှိ စည်ပုံးများမှ တဆင့် ထော်လာဂျီကားပေါ်ရှိ တိုင်ကီပုံးထဲသို့ ရေဆိုးများကို ထည့်ပေးရပါသည်။ ဖြစ်လေ့ဖြစ်ထ မရှိသော် လည်း တခါတရံ တွင် မိလ္လာတွင်းအချို့ ဆီသို့ လက်တွန်းလှည်းများပင် ဝင်၍ မရပါက ထိုတွင်းမှ ရေဆိုးများ ကို စုပ်ထုတ် ပြီးနောက် အသစ်တူးထားသည့် တွင်းထဲသို့ ပြောင်းထည့်ပြီးနောက် ထိုတွင်းကို ပြန်၍ ဖို့ပေးသည့် နည်းကို သုံးရပါမည်။ ယခု အပိုင်းတွင် အဆိုပါ နည်းလမ်းဖြင့် မိလ္လာရေဆိုး များထုတ်သည့် အခါတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများ အားလုံးကို အသေးစိတ် ပြည့်စုံစွာ ဖော်ပြပေးထားပါသည်။

### ၆.၁ ပါဝင်သည့် သူများ

မိလ္လာရေဆိုးထုတ်သည့် အဖွဲ့ (ရေစုပ်စက် တစ်လုံးလျှင်) အနည်းဆုံး လူ ၆ ယောက်ပါဝင်ရပါမည်။

- ရေစုပ်စက် မောင်းပေးမည့် သူ တစ်ယောက်။
- ရေစုပ်စက် နှင့် ရေပိုက်လုံး ကို ကိုင်တွယ်ရန် ၂ ယောက်။ (ကလိုရင်းရည်များ ဖြန်းပေးရန် တာဝန်ယူ ထားသူ တစ်ယောက်)
- လက်တွန်းလှည်းများကို တွန်းပေးမည့်သူ တစ်ယောက်။
- ထော်လာဂျီကားမောင်းသူ တစ်ဦး။

### ၆.၂ အသုံးပြုရမည့် ပစ္စည်းများ

| **ပစ္စည်းများ** | **တစ်ဖွဲ့ အတွက် လိုအပ်သည့် အရေအတွက်** | **ရှင်းလင်းဖော်ပြချက်** |
|---|---|---|
| ရေဆိုး များကို စုပ် တင်ပေးမည့် ရေစုပ်စက် | ၁ လုံး | ပိုက်လုံး၊ အခြေ အဆို့ရှင် နှင့် အရည်စစ် ပေးသည့် အလွှာပါသော မောင်းတံ ဖြင့် နှိပ်ဖွင့်ရသည့် ရေစုပ်စက်။ |
| လက်တွန်းလှည်း | ၁စီး မှ ၃စီး | လိုအပ်သလို အသုံးပြုနိုင်ရန်။ |
| ရေဆိုးများ တင်ရန် အပြာရောင် စည်ပိုင်း | လက်တွန်း လှည်း တစ်စီး လျှင် ၂ လုံး | လက်တွန်းလှည်းများပေါ်တွင် တင်ရန် လုံခြုံအောင် ပိတ်ဖုံးနိုင်သည့် အဖုံးပါ ဂါလံ ၄၀ ဆန့် ပလတ်စတစ်စည်ပိုင်းများ။ (လက်တွန်းလှည်း တစ်စီးလျှင် စည်ပိုင်း ၂ လုံး) |
| ရေဆိုးများကို တင် သယ်ပေးမည့်တိုင်ကီ | ၁ လုံး | ထော်လာဂျီကားပေါ်တွင် သေချာလုံခြုံအောင် တင်ထားသည့် ၁.၅ ကုဗမီတာ (၁၅၀၀ လီတာဆန့်) တိုင်ကီပုံး။ |
| ထော်လာဂျီကား | ၁ စီး | မိလ္လာရေဆိုးများကို ရေဆိုးသန့်စင်ပေးမည့် နေရာသို့ သယ်ယူရန် ထော်လာဂျီ ကားများကို အသုံးပြုပါသည်။ |
| ရေဆိုးများ သယ်ရန် ရေပုံး | ၁ - ၂ ပုံး | မိလ္လာရေဆိုးများကို စည်ပိုင်းအပြာများပေါ်မှ ထော်လာဂျီကားပေါ်ရှိ စည်ပိုင်းတွင်းသို့ သယ်ရန် ၁၄ လီတာဆန့် ရေပုံးများ။ |
| သံတူရွင်း | ၁ ချောင်း | လူဆင်းပေါက် သို့မဟုတ် မိလ္လာတွင်းဖုံးကို ဖွင့်ပါ။ နှစ်ခုလုံးရှိပါ နှစ်ခုလုံးကို ဖွင့်ပါ။ |
| တူ | ၁ ချောင်း | လူဆင်းပေါက် သို့မဟုတ် မိလ္လာတွင်းဖုံးကို ဖွင့်ပါ။ နှစ်ခုလုံးရှိပါ နှစ်ခုလုံးကို ဖွင့်ပါ။ |
| ဂေါ်ပြား | ၁ ခု | ဖိတ်စင်မှုများ ရှိပါက သန့်ရှင်းရေးလုပ်ရန်။ |

# SOP (၂) : ထော်လာဂျီကား မသုံးပဲပုံမှန်နည်းလမ်းအတိုင်း မိလ္လာရေဆိုးထုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင်လိုက်နာရမည့် စံလုပ်ထုံးလုပ်နည်းများ။

| | | |
|---|---|---|
| တစ်ကိုယ်ရည် ကာကွယ်ရေး ဝတ်စုံ (PPE) | ဝန်ထမ်း<br>တစ်ယောက်စီ တိုင်းအတွက် | ပြန်အသုံးပြုနိုင်သည့် တစ်ကိုယ်ရည် ကာကွယ်ရေးပစ္စည်းများ - ကာကွယ် ဝတ်စုံ၊ ဘွတ် ဖိနပ်၊ ဘောင်းဘီတို၊ ခမောက်ဦးထုပ်၊ အထူသား ရာဘာ လက်အိတ်၊ ဘေးကင်းရေး အတွက် တပ်ရသည့် မျက်မှန်၊ (မိုးတွင်းကာလ ဖြစ်ပါက) မိုးကာ အင်္ကျီ။<br>တခါသုံးပြီး စွန့်ပစ်ရမည့် တစ်ကိုယ်ရည်ကာကွယ်ရေး ပစ္စည်း - နှာခေါင်းစည်း။ |
| ကလိုရင်းဖြန်းရန် ဘူး | ၁ ဘူး | မိလ္လာရေဆိုးထုတ်သည့် အလုပ်များပြီးသွားပါက အိမ်သာ ဝန်းကျင် တွင် ပိုးသတ်ပေးရန် နှင့် အသုံးပြုခဲ့သည့် ပစ္စည်းများကို ပိုးသတ်ရန် ဖြန်းပေး ရပါ မည်။ |
| ကလိုရင်းဖြန်းဆေး | ၁ ဘူး | မိလ္လာရေဆိုးထုတ်သည့် အလုပ်များပြီးသွားပါက အိမ်သာ ဝန်းကျင် တွင် ပိုးသတ်ပေးရန် နှင့် အသုံးပြုခဲ့သည့် ပစ္စည်းများ နှင့် အဝတ်အစားများ ကို ပိုးသတ်ရန် ဖြန်းပေးရမည့် ကလိုရင်းအရည်။ |
| ကလိုရင်း မွှေရန် တုတ် | ၁ ခု | ကလိုရင်း နှင့် ရေ ကို ရောမွှေရန် သုံးရမည့် တုတ်တံ (ဝါးတုတ်တံ ကိုလည်း အသုံးပြုနိုင်ပါသည်။) |
| မင်မြဲသည့် ဆော့ပင် | ၁ ခု | ကလိုရင်းဖြန်းဆေးရည် ဘူးများကို ခွဲမှတ်ရေးသားဖော်ပြရန် နှင့် တစ်ကိုယ်ရည် ကာကွယ်ရေးဝတ်စုံများကို လုပ်သားများ ၏ အမည်များ နှင့် ရေးမှတ်ပေး ထားရန်။ |
| ရေပုံး | ၂ ပုံး | ရေ အပြည့်ဖြည့်ထားသည့် ၁၄ လီတာဆံ ရေပုံး ၂ ပုံး။ လက်ဆေးရန် နှင့် အသုံးပြုခဲ့သည့် ပစ္စည်းများကို သန့်ရှင်းရေးလုပ်ရာတွင် အသုံးပြုရန်ဖြစ် ပါသည်။ |
| ဆပ်ပြာတုံး အကြီး | ၁ ခု | အလုပ်လုပ်နေစဥ် နှင့် အလုပ်လုပ်ပြီးသည့် အခါတွင် လက်ဆေးရန်။ |
| အင်္ဂတေ | ~ ၁ ကီလို ဂရမ် | ရေဆိုးထုတ်ခြင်း လုပ်ပြီးသွားပါက လူဝင်ပေါက် ကို ပြန်၍ ပိတ်ရန်။ (တရက်လျှင် ဘိလပ်မြေ ၂၅၀ ဂရမ် နှင့် သဲ ၁ ကီလိုဂရမ်) |
| ထုံး | ~ ၁ - ၂ ကီလို ဂရမ် | မတော်တဆ ဖိတ်စင်သွားသည့် အညစ်အကြေး ရေဆိုးများ ကို ဖုံးအုပ်ရန် အတွက် ရေ ဖျော်ထားသည့် ထုံး။ |
| ရေ | | လက်ဆေးရန် နှင့် အသုံးပြုထားသည့် ပစ္စည်းများကို သန့်ရှင်းရေးလုပ်ရန် အတွက် နီးစပ်ရာ လက်နှိပ်ရေတုံကင်မှ ရေများကို ရေပုံးဖြင့် ခပ်ထားပေးပါ။ |
| ဆပ်ပြာတုံး | | အလုပ် တစ်ရက်တာပြီးသွားတိုင်း သန့်ရှင်းရေး လုပ်သားများ အားလုံး ရေချိုးရန် အတွက်။ |
| အဝတ်လျှော် ဆပ်ပြာတုံး | | အလုပ် တစ်ရက်တာပြီးသွားတိုင်း သန့်ရှင်းရေး လုပ်သားများ အားလုံး အဝတ်လျှော်ရန် အတွက်။ |

## ၆.၃ လိုက်နာရမည့် လုပ်ဆောင်ပုံ အဆင့်ဆင့်

၁။ ရေဆိုးထုတ်မည့် တွင်း နှင့် ဆက်စပ်နေသည့် အိမ်သာကို မည်သူမှ အသုံးမပြုရန် နှင့် မိလ္လာရေဆိုး ထုတ်မည့် တွင်းနေရာနား တစ်ဝိုက်တွင် တနေ့တာလုံး ကလေးသူငယ်များ မလာအောင် စီစဥ်ထား ပေးပါ။

၂။ တစ်ကိုယ်ရည်ကာကွယ်ရေးဝတ်စုံများ ဖြစ်သည့် ကာကွယ်ရေးဝတ်စုံ၊ လည်ရှည်ဘွတ်ဖိနပ်၊ လက်အိတ်များ၊ ကာကွယ်ရေး မျက်မှန်များ နှင့် နှာခေါင်းစည်းများကို လုပ်သားများ အားလုံး ဝတ်ဆင်စေပါ။

၃။ မိလ္လာရေဆိုးထုတ် မည့် တွင်း တွင် ကွဲအက်နေခြင်း သို့မဟုတ် ကျိုးပဲ့နေခြင်း ရှိမရှိကို စစ်ဆေးကြည့်ပါ။ သေးငယ်သည့် အရာများဖြစ်ပါက ချက်ချင်းပြင်ဆင်ပေးပါ။ ဆောက်လုပ်ရေး တာဝန်ရှိသူများ၏ အကူအညီလိုအပ်ပါက ရယူပါ။ အကြီးစားပြင်ဆင်စရာများဖြစ်ပါက လိုအပ်သည်များကို ပြင်ဆင်နိုင် ရန် အတွက် ဆောက်လုပ်ရေး အဖွဲ့ထံသို့အကြောင်းကြားပါ။

၄။ မိလ္လာတွင်းလျှံနေပါသလား ဆိုသည် ကို စစ်ဆေးကြည့်ပါ။ တွင်းလျှံနေပါက လျှံနေသည့် တွင်း၏ အချက်အလက်များကို မှတ်သားထားပြီး တွင်းလျှံရသည့် အကြောင်းအရင်းများကို စစ်ဆေးပါ။ (အဆင့် ၁၄ - အညစ်အကြေးများ မာကျောနေသည့် အလွှာများ ရှိနေသလား ဆိုသည်ကို စစ်ဆေးပါ။ အဆင့် ၁၅ (ဂ) - ရေဆင်းပိုက်များ ပိတ်နေသလား ဆိုသည်ကို စစ်ဆေးပါ။) လိုအပ်မည့် သက်ဆိုင်ရာ အဖွဲ့များ ထံသို့ နောက်ဆက်တွဲ လုပ်ဆောင်စရာများ အတွက် အကြောင်းကြားပါ။ (လူအားဖြင့် လုပ်ရမည့် ရေဆိုးထုတ် ခြင်းအဆင့်များကို လုပ်ရန် ပြင်ဆင်ခြင်း၊ လိုအပ်သည့် ပြင်ဆင်စရာများကို လုပ်ဆောင်ရန် ဆောက်လုပ်ရေး အဖွဲ့ထံသို့ အကြောင်းကြားခြင်း စသည်ဖြင့်)

၅။ လိုအပ်မည်ဆိုပါက ရေစုပ်စက်ကို ချူပေးပါ။

## SOP (၂) : ထော်လာဂျီကား မသုံးပဲပုံမှန်နည်းလမ်းအတိုင်း မိလ္လာရေဆိုးထုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင်လိုက်နာရမည့် စံလုပ်ထုံးလုပ်နည်းများ။

၆။ မိလ္လာတွင်း တွင် လူဆင်းပေါက်ရှိပါက အဖုံးကို ဖယ်လိုက်ပါ။ လူဆင်းပေါက် မပါသည့် တွင်းဖြစ်ပါက တွင်းဖုံး တစ်ခုလုံးကို ကာထားသည့် အင်္ဂတေ တုံးကို သံတူရွင်း နှင့် တူ သုံး၍ ဖယ်ပေးပါ။ လေဝင်လေထွက် ရှိရန် တပ်ထားသည့် ပိုက်ရှိပါက ထိုပိုက်ကို ဖယ်ပြီး ရေဆိုးထုတ်မည့် ပိုက်လုံးကို အဆိုပါ အပေါက်ထဲမှ ထည့်သွင်းနိုင်ပါသည်။ မိလ္လာတွင်းဖုံးများ ကျိုးပျက် နေပါက သင့် အထက်မန်နေဂျာ ထံသို့ အကြောင်းကြားပါ။

၇။ ရေစစ်လွှာတစ်ခုပါသည့် ရေဆိုး ထုတ်ရမည့် ရေစုပ်စက် နှင့် ဆက်ထားသည့် ပိုက်လုံးကို မိလ္လာတွင်း ထဲသို့ ထည့်လိုက်ပါ။ ရေဆိုးများက စတင် စုပ်ယူသည့် အခါ တွင် ရေစုပ်စက် ၏ အထိုင် အဆို့ရှင် ကို တွင်း၏ အခြေတွင် တပ်ဆင်ထားစေပါ။

၈။ ရေစုပ်စက်မှ ပိုက်လုံး နှင့် လက်တွန်းလှည်းပေါ်ရှိ စည်ပိုင်းအပြာ နှင့် ချိတ်ဆက်ပေးပါ။

၉။ ရေစုပ်စက် မောင်းပေးမည့် သူသည့် စက်ကို ပုံမှန် နှုန်းအတိုင်း စတင်၍ မောင်းပေးပါ။

၁၀။ ရေစုပ်ယူမှု ပိုမိုလွယ်ကူရန် အတွက် မိလ္လာတွင်းထဲမှ ရေဆိုးများ စေးပျစ်နေမှု မရှိစေရန် လိုအပ်မည် ထင်ပါက ရေများထပ်ဖြည့်လောင်း ပေးပါ။

၁၁။ စည်ပိုင်းတစ်လုံးပြည့်သွား၍ နောက်တစ်လုံးသို့ ပြောင်းမည်ဆိုပါက ဖိတ်စင်မှုများ မရှိစေရန် အတွက် ရေစုပ်စက်ကို အနိမ့်ဆုံးသို့ နှေးပေးပါ။

၁၂။ မိလ္လာတွင်းထဲမှ တတ်နိုင်သလောက် မိလ္လာများများ ကို စုပ်ထုတ်ပစ်ပါ။

၁၃။ တွင်း တစ်တွင်း ပြီးသွားချိန် သို့မဟုတ် စည်ပိုင်းများ ပြည့်သွားပါက ရေစုပ်စက် ကို ရပ်လိုက်ပါ။

၁၄။ မိလ္လာတွင်းတွင် မာကျောနေသည့် အလွှာများ သည် တွင်း၏ လေးပုံတစ်ပုံ ခန့်ထိ ရှိနေပြီး ရေစုပ်စက် ဖြင့် စုပ်တင်၍ မဖြစ်နိုင်ပါက ဤ တွင်း တွင် လူအားဖြင့် ရေဆိုးထုတ်ဖို့လိုအပ်ကြောင်းကို သန့်ရှင်းရေး အေးဂျင့် (ကိုယ်စားလှယ်) များထံသို့ အကြောင်းကြားပေးပါ။ လူအားဖြင့် ရေဆိုးထုတ်ခြင်း ဆိုင်ရာ စံလုပ်ထုံးလုပ်နည်းများ အကြောင်း ကို ရည်ညွှန်းပေးပါ။

၁၅။ ရေစစ်ချပေးသည့် သီးခြား "မိလ္လာ ရေစစ်တွင်း" ရှိပါက -

(က) လူဝင်ပေါက်ရှိသလား ဆိုသည်ကို ကြည့်ပါ။ ရှိပါက "မိလ္လာ ရေစစ်တွင်း" သည်လည်း မိလ္လာရေဆိုး ထုတ်ရန် လိုသလား ဆိုသည်ကို စစ်ဆေးပါ။ ထိုနောက် သန့်ရှင်းရေး ကိုယ်စားလှယ်ထံသို့ အကြောင်းကြားပါ။

(ခ) "မိလ္လာ ရေစစ်တွင်း" တွင် လူဝင်ပေါက် မရှိပါက ဆပ်၍ လုပ်၍ မလိုအပ်ပါ။ သို့သော် ရေစစ် မိလ္လာတွင်းမှ တွင်းကြီး ထဲသို့ အရည်များ ဝင်ရောက်နေပါက အဆိုပါ ရေစစ် မိလ္လာတွင်း ၏ အဖုံးကို လုံးဝ ဖယ်ထုတ်ပစ်ပြီး တွင်း အပြည့် မိလ္လာရေဆိုးထုတ်ပေးဖို့ရန် လိုအပ်ပါသည်။

(ဂ) မိလ္လာရေစစ်တွင်း နှင့် တွင်းကြီး ကို ဆက်ထားသည့် ရေပိုက် တွင် ပိတ်ဆို့နေခြင်း ရှိမရှိ စစ်ဆေးပါ။ ပိတ်ဆို့နေပါက လိုအပ်လျှင် တုတ်ချောင်းဖြင့် ရှင်းထုတ်ပေးပါ။

၁၆။ တွင်း တစ်တွင်းကို ရေဆိုးထုတ်ပြီးသွားပါက လူဝင်ပေါက်အထက်တွင် (ကလိုရင်း မသုံးဘဲ) ရိုးရိုး ရေဖြင့် အထိုင် အဆို့ရှင့်ကို သန့်ရှင်းရေးလုပ်ပေးပါ။

၁၇။ တွင်းပေါက် အဖုံး သို့မဟုတ် လူဝင်ပေါက် အဖုံးများနေရာ တွင် အင်္ဂတေဖြင့် အုပ်၍ ပိတ်ထားပေးပါ။ လေဝင်လေထွက်ရှိရန် တပ်ထားသည့် ပိုက်ကို ဖယ်ထားပြီးပါက ပြန်အစားထိုးပြီး ပြန်ပိတ်ပေးပါ။*

၁၈။ ဖုံးထားသည့် တွင်းဖုံးကို ပြန်ပိတ်ပြီးနောက် တွင်းအနီးနား တဝိုက်တွင် ရေဆိုးများ ဖိတ်စင်ကျ ထားခြင်း ရှိပါက ဝ.၅% ကလိုရင်းအရည် ကို သုံး၍ ဖုံးအုပ်ပေးပါ။ (ဖိတ်စင်မှု များပါက အပိုင်း - ၈ ပါ လမ်းညွှန် အတိုင်းလုပ်ဆောင်ပါ။) ဖိတ်စင်ကျ ထားသည့် မိလ္လာရေဆိုးများကို မြေကြီး ၂ လက်မ ခန့် ဖြင့် လည်း ဖုံးအုပ်နိုင်ပါသည်။

၁၉။ မိလ္လာတွင်းဖုံး ထိပ်ကို ဝ.၅% ကလိုရင်း အရည်ဖြင့် ဖြန်းပေးရပါမည်။ ကလိုရင်း ကို ကိုင်တွယ်ရသည့် မည်သူမဆို လက်အိတ်၊ အကာအကွယ် မျက်မှန် နှင့် နှာခေါင်းစည်း တပ်ထားရပါမည်။

၂၀။ မိလ္လာတွင်းထဲ ရှိ အကျိုးပြု ဘက်တီးရီယားများကို မသတ်မိစေရန် အတွက် ကလိုရင်းအရည်များ ကို တွင်းထဲသို့ မကျအောင် သေသေချာချာ ဖြန်းပေးဖို့လိုပါသည်။

၂၁။ လက်တွန်းလှည်းပေါ်ရှိ စည်ပိုင်းများ ပြည့်သွားပါက စည်ပိုင်း ၏ အဖုံးကို သေချာလုံခြုံအောင် ဖုံးအုပ်ပေးပါ။ ပြီးနောက် လက်တွန်းလှည်းကို ထော်လာဂျီကားနှင့် အနီးဆုံးနေရာသို့သယ်သွားပေးပါ။ လက်တွန်းလှည်း အသုံးပြုရန် မဖြစ်နိုင်သည့် အခြေအနေဖြစ်ပါက အဆင့် ၂၅ သို့ ဆက်သွားပါ။

# SOP (၂) : ထော်လာဂျီကား မသုံးပဲပုံမှန်နည်းလမ်းအတိုင်း မိလ္လာရေဆိုးထုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင်လိုက်နာရမည့် စံလုပ်ထုံးလုပ်နည်းများ။

၂၂။ စည်ပိုင်း အပြာထဲမှ ရေဆိုးများကို ရေပုံးဖြင့် ခပ်သယ်ပြီးနောက် ထော်လာဂျီပေါ်ရှိ တိုင်ကီ ထဲ သို့ သယ်ထည့်ပေးပါ။ ရေပုံးများကို မိလ္လာရေဆိုးသယ်ရန်အတွက်သာ သုံးပြီး အခြား မည်သည့် ကိစ္စ အတွက်မှ မသုံးမိစေရန် သေချာစီစဥ်ထားပါ။ စည်ပိုင်းအပြာထဲမှ ရေဆိုးများ လျော့သွားပြီး စည်ပိုင်း ကို မ သယ်နိုင်အောင် ပေါ့ပါးလာပါက ထော်လာဂျီ ကားပေါ်ရှိ တိုင်ကီထဲသို့ တိုက်ရိုက် လောင်းထည့် ပေးနိုင်ပါသည်။

၂၃။ ထော်လာဂျီ ကားပေါ်ရှိ တိုင်ကီကို မိလ္လာရေဆိုးသန့်စင်မည့် နေရာသို့ သယ်ပို့ပေးပါ။

၂၄။ ရေဆိုးများသယ်လာသည့် စည်ပိုင်းများ၊ လက်တွန်းလှည်းများ၊ တိုင်ကီ နှင့် ထော်လာဂျီ ကားတို့ကို ၀.၅% ကလိုရင်းအရည်ဖြင့် ဖြန်းပေးပါ။ ထိုနည်းဖြင့် ရေဆိုးများ နှင့် ထိမိထားနိုင်သည့် နေရာများ အားလုံးကို ပိုးသတ်ပြီးသား ဖြစ်စေပါသည်။

၂၅။ လက်တွန်းလှည်းများကို အသုံးပြု၍ မရသည့် အခြေအနေဖြစ်ပါက

(က)။ (၃ ပေ၊ ၄ပေ နက်သည့်) တွင်းတစ်တွင်းကို အိမ်သာ အနီးအနားတွင် တူးပါ။ တွင်းသစ် တူးမည့် နေရာကို သေချာ ရွေးချယ်ပေးဖို့လိုပါသည်။ မိလ္လာရေဆိုးထုတ်မည့် အိမ်သာ နှင့် ကပ်ပြီး တွင်းသစ်တူးဖို့ မဖြစ်နိုင်ပါက လက်နှိပ်ရေတုံကင် အတွက် ရေရင်းမြစ်များ အနီးအနား တွင် ရှိမရှိသေချာ စစ်ဆေးပြီးမှ တွင်းသစ်ကို တူးပါ။ တွင်းအသစ်သည် လူအများ အသုံးပြုနေသည့် ရေတုံကင် (ရေရင်းမြစ်) နှင့် အနည်းဆုံး ၁၅ မီတာ (ပေ၅၀) ကွာဝေးဖို့လိုပါသည်။

(ခ)။ စည်ပိုင်းအပြာပေါ်မှ မိလ္လာ အညစ်အကြေးများကို တူးထားသည့် တွင်းသစ်ထဲသို့ လောင်းချပါ။ သို့မဟုတ် တွင်းဟောင်းမှ တွင်းသစ်သို့ တိုက်ရိုက် ရေစုပ်စက်ဖြင့် လောင်းထည့်ပါ။

(ဂ)။ တွင်းသစ် ထဲသို့ လောင်းထည့်ထားသည့် မိလ္လာအညစ်အကြေးများပေါ် တွင် ထုံးရည် ၂ ကီလို ဂရမ် ခန့် ထပ်လောင်းပေးပါ။ ထုံးကို ကိုင်တွယ်သည့် သူသည် လက်အိတ်၊ အကာအကွယ် မျက်မှန် နှင့် နှာခေါင်းစည်းတပ်ထားဖို့လိုပါသည်။

(ဃ)။ ထုံးများကို တွင်းသစ်ထဲ ရှိ အညစ်အကြေးများ နှင့် သေချာ ရောသမပေးပါ။

(င)။ ထိုနောက် တွင်းသစ်ကို မြေကြီးများ လောင်း၍ ပြန်ဖို့ပေးပါ။

* မှတ်ချက် - မိလ္လာရေဆိုးထုတ်ရမည့် တွင်းများ စွာ သည် တစ်တွင်း နှင့် တစ်တွင်း နီးကပ်စွာ ရှိနေပါက ထို တွင်းမှ လူဝင်ပေါက် အဖုံးများ သို့မဟုတ် တွင်းဖုံးများကို အစားထိုး အုပ်ထားပြီး နောက်တစ်တွင်း သို့ ဆက်၍ လုပ်နိုင်ပါသည်။ တစ်နေ့တာ အလုပ်ပြီးသည့် အချိန်မှ တွင်းများအားလုံး ကို ဖုံး၍ ပိုးသတ်ခြင်း လုပ်နိုင်ပါသည်။ ထိုနည်းဖြင့် တနေ့ပြီးဆုံးချိန် တွင်းများ အားလုံး ရေဆိုးထုတ်ပြီးသွားပါက အင်္ဂတေများကို တစ်ကြိမ်တည်း နှင့် အများအပြားဖျော်ပြီး တွင်းများကို ပိတ်ရန် ပြင်ဆင်နိုင်ပါသည်။ သို့သော် မိလ္လာရေဆိုးထုတ်ထားသည့် ပိုးမသတ်ရသေးသော၊မပိတ်ရသေးသော တွင်းများ အနီးအနားတွင် သင်ရှိနေပြီး ထို လုပ်ငန်းခွင် အတွင်းသို့ မည်သူမျှမဝင် ရောက်နိုင်အောင် လုပ်ထားပေးဖို့လိုပါသည်။

၂၆။ တစ်နေ့တာ လုပ်ငန်းခွင် ပြီးဆုံးသည့် အချိန်တွင် -

(က) နောက်ဆုံးတွင်း မှ ရေဆိုးများ ထုတ်ပြီးသွားချိန်တွင် ထို ပိုက်လုံးအတွင်းရှိ အဖတ်များကို ရှင်းထုတ်နိုင်ရန် အတွက် ပိုက်အတွင်း ရေများ လောင်းချပေးပါ။ အညစ်အကြေးများကိုနောက်ဆုံးတွင်းထဲသို့စွန့်ပစ်ပေးပါ။

(ခ) အလုပ်လုပ်နေသည့် နေရာ ပေါ်မူတည်၍ အသုံးပြုခဲ့သည့် ပစ္စည်းများကို သတ်သတ်မှတ်မှတ် နေရာတစ်ခု တွင် ပြန်၍သိမ်းပေးပါ။ (ဒေသခံ ရုံး သို့မဟုတ် မိလ္လာသန့်စင်ရေးလုပ်သည့် နေရာ)။

(ဂ) အသုံးပြုခဲ့သည့် ပစ္စည်းများအားလုံး၊ ရေစုပ်စက် ၏ အထိုင် အဆို့ရှင်များ နှင့် ရေပိုက်များ ကို ကလိုရင်း ၀.၅% အရည်ဖြင့် ဆေးကြောပေးပါ။ ပြီးနောက် ၁၀ မိနစ်ခန့်စောင့်ပြီး ပစ္စည်းများကို မသိမ်းခင် ရေဖြင့် တစ်ခေါက်ပြန်၍ ဆေးချပေးပါ။

(ဃ) အလုပ်သမားများ အသုံးပြုခဲ့သည့် တစ်ကိုယ်ရည်ကာကွယ်ရေးဝတ်စုံများအားလုံး - လည်ရှည် ဘွတ်ဖိနပ်၊ လက်အိတ်များ၊ အကာအကွယ် မျက်မှန်များအားလုံး ကို တနေ့တာ အလုပ်ပြီး သည့် အချိန်တွင် ၀.၀၅% ကလိုရင်းရည် ဖြင့် ၁၀ မိနစ်ခန့်ကြာအောင် ဆေးပြီး ဒေသခံ ရုံး သို့မဟုတ် မိလ္လာရေဆိုးသန့်စင်သည့် နေရာတွင် ရှိသည့် ကွန်ကရစ် အခံပေါ် တွင် ရေဖြင့် ဆေးချပေးပါ။

(င) သင် အိမ်သို့ ပြန်သည့် အခါတွင် ဝတ်သွားမည့် အဝတ်အစားများကို မလဲဝတ်ခင် ရုံး သို့မဟုတ် မိလ္လာရေဆိုးသန့်စင်သည့် နေရာတွင် ရေချိုးပေးပါ။

(စ) ဝတ်ခဲ့သည့် အကာအကွယ်ဝတ်စုံ ကို ၀.၀၅% ကလိုရင်းရည် တွင် ၁၀ မိနစ် စိမ်ပေးပြီးနောက် ရေ၊ ဆပ်ပြာတို့ဖြင့် လျှော်ဖွတ်ပေးပါ။

(ဆ) အခြောက်ခံထားသည့် တစ်ကိုယ်ရည်ကာကွယ်ရေး ပစ္စည်းများအားလုံးကို ရုံး သို့မဟုတ် မိလ္လာရေဆိုးသန့်စင်သည့် နေရာတွင် သိမ်းထားပေးပါ။

(ဇ) တစ်ခါသုံး နှာခေါင်းစည်းများကို သတ်မှတ်ထားသည့် အမှိုက်ပုံထဲသို့ စွန့်ပစ်ပေးပါ။

# SOP (၂) : ထော်လာဂျီကား မသုံးပဲပုံမှန်နည်းလမ်းအတိုင်း မိလ္လာရေဆိုးထုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင်လိုက်နာရမည့် စံလုပ်ထုံးလုပ်နည်းများ။

(ဈ) အသုံးပြုသည့် ပစ္စည်း တစုံတခု ပျက်စီးသွားပါက ချက်ချင်းအကြောင်းကြားပေးပါ။ (ကိုယ်စား လှယ်များ သည် ပစ္စည်းများကို အစားထိုးပေးရပါမည်။)

(ည) တစ်ကိုယ်ရည် ကာကွယ်ရေးပစ္စည်းများ နှင့် အသုံးပြုခဲ့သည့် ကိရိယာများကို သန့်ရှင်းပြီးပါက ရုံး သို့မဟုတ် မိလ္လာရေဆိုးသန့်စင်ရေးလုပ်သည့် နေရာ ရှိ ကွန်ကရစ် အခင်း ကို ၀.၅% ကလိုရင်းရည်ဖြင့် ဆေးချပေးပါ။




*ပုံ - ၅ - "ထော်လာဂျီကားမသုံးပဲ ပုံမှန် နည်းလမ်း အတိုင်း မိလ္လာရေဆိုးထုတ်ခြင်း" နည်းလမ်းကို သုံးသည့် အခါတွင် မိလ္လာရေဆိုးများကို စည်ပိုင်းထဲသို့ထည့်ပြီး လက်တွန်းလှည်းပေါ်တွင် သယ်ကာ အနီးဆုံးတွင်ရပ်ထားပေးသည့် ထော်လာဂျီကားပေါ်သို့ သယ်သွားပေးရပါသည်။*

# SOP (၃) - လူအား သုံး၍ မိလ္လာရေဆိုးထုတ်ခြင်း နည်းလမ်းကို လုပ်ဆောင်သည့် အခါတွင် လိုက်နာရမည့် စံလုပ်ထုံးလုပ်နည်းများ။

## ၇။ လူအား သုံး၍ မိလ္လာရေဆိုးထုတ်ခြင်း နည်းလမ်းကို လုပ်ဆောင်သည့် အခါတွင် လိုက်နာရမည့် စံလုပ်ထုံးလုပ်နည်းများ။

မိလ္လာတွင်း တစ်တွင်းသည် မာကျောသည့် အလွှာများဖြင့် ပိတ်နေပြီး တွင်း၏ မူလ အနက် တိမ်လာသောကြောင့် မကြာခဏ ရေဆိုးထုတ်ပေးဖို့ရန် လိုအပ်သော တွင်း များတွင် ရေစုပ်စက်ဖြင့် ရေဆိုးများထုတ်ရန် မဖြစ်နိုင်သည့် အတွက် "လူအား သုံး၍ မိလ္လာရေဆိုးထုတ်ခြင်း" နည်းလမ်းကို အသုံးပြုဖို့လိုအပ်ပါသည်။ လူအားသုံး၍ မိလ္လာရေဆိုးထုတ်သည့် နည်း လမ်းကို အသုံးပြုခဲ ပြီး စုစုပေါင်းရေဆိုးထုတ်သည့် ပမာဏ တွင် ၁ မှ ၂ ရာခိုင်နှုန်းထိသာ ရှိပါသည်။ ဤ နည်းလမ်း ကို ခြောက်သွေ့သည့် ရာသီချိန်တွင်သာ လုပ်လေ့ရှိပါသည်။ မိလ္လာရေဆိုးသန့်ရှင်းရေးလုပ်ပေးသည့် အဖွဲ့သည် ရှင်းလင်းမည့် တွင်းအနီးအနား တွင် တွင်းသစ် တစ်ခုကို တူးထားရပါမည်။ ထိုနောက် ပိတ်နေသည့် မာကျောသော အညစ်အကြေးအလွှာ များကို လူအားသုံး၍ ဖယ်ထုတ်ပြီးနောက် တွင်းသစ်ထဲသို့ ပြောင်းထည့်ပေးရပါသည်။ ထိုနောက် တွင်းကို မြေကြီးဖြင့် ပြန်၍ ဖို့ပေးရပါသည်။ အဆိုပါ နည်းလမ်းဖြင့် မိလ္လာရေဆိုး များထုတ်သည့် အခါတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများ အားလုံးကို အသေးစိတ် ပြည့်စုံစွာ ဖော်ပြပေးထားပါသည်။

### ၇.၁ ပါဝင်သည့် သူများ

မိလ္လာတွင်းသန့်ရှင်းရေးလုပ်ပေးမည့် အဖွဲ့တစ်ဖွဲ့လျှင် တွင်းဖုံးများဖယ်ရန်၊ တွင်းတူးရန် နှင့် တွင်းဟောင်းမှ အညစ်အကြေးများက ဂေါ်ဖြင့် ကော်ထုတ်ပေးရန် စုစုပေါင်းအနည်းဆုံး လူ ၅ ယောက်ခန့်လိုပါသည်။ (ထိုသူများထဲမှ တစ်ယောက် ကလိုရင်းဆေးရည် ဖြန်းပေးရန် တာဝန်ယူပေးရပါမည်။)

### ၇.၂ အသုံးပြုရမည့် ပစ္စည်းများ

| ပစ္စည်းများ | တစ်ဖွဲ့ အတွက် လိုအပ်သည့် အရေအတွက် | ရှင်းလင်းဖော်ပြချက် |
|---|---|---|
| ထွန်ခြစ် | ၂ချောင်း | မိလ္လာတွင်းထဲမှ အညစ်အကြေးများကို ထုံးဖြင့် ရောသမပေးရန်။ |
| ပေါက်တူး | ၂ ချောင်း | မာကျောနေသည့် အညစ်အကြေးအလွှာများကို ထုခွဲရန်။ |
| ရေဆိုးများ သယ်ရန် ရေပုံး နှင့် ရေပုံးဖြင့် ချိတ်ရန် ကြိုး/ဝါးလုံး | ၂ စုံ | တွင်းသစ်ထဲသို့ သယ်ပြောင်းပေးရန် ၁၄ လီတာဆံ့ ရေပုံးများ။ တွင်းထဲမှ ခပ်သယ်နိုင်ရန် အတွက် ရေပုံးတွင် တွဲထားမည့် ကြိုး သို့မဟုတ် ဝါးလုံး။ |
| သံတူရွင်း | ၁ ချောင်း | လူဆင်းပေါက် သို့မဟုတ် မိလ္လာတွင်းဖုံးကို ဖွင့်ပါ။ နှစ်ခုလုံးရှိပါ နှစ်ခုလုံးကို ဖွင့်ပါ။ |
| တူ | ၁ ချောင်း | လူဆင်းပေါက် သို့မဟုတ် မိလ္လာတွင်းဖုံးကို ဖွင့်ပါ။ နှစ်ခုလုံးရှိပါ နှစ်ခုလုံးကို ဖွင့်ပါ။ |
| ဂေါ်ပြား | ၁ ခု | ဖိတ်စင်မှုများ ရှိပါက သန့်ရှင်းရေးလုပ်ရန်။ |
| တစ်ကိုယ်ရည် ကာကွယ်ရေး ဝတ်စုံ (PPE) | ဝန်ထမ်း တစ်ယောက်စီ တိုင်းအတွက် | ပြန်အသုံးပြုနိုင်သည့် တစ်ကိုယ်ရည်ကာကွယ်ရေးပစ္စည်းများ၊ ကာကွယ်ဝတ်စုံ၊ - (လည်ရှည်ဘွတ်ဖိနပ်၊ ဘောင်းဘီတို၊ ခမောက်ဦးထုပ်၊ အထူသား ရာဘာလက်အိတ်၊ ဘေးကင်းရေးအတွက် တပ်ရသည့် မျက်မှန်၊ မိုးတွင်းကာလဖြစ်ပါက မိုးကာအင်္ကျီ။)<br>တခါသုံးပြီး စွန့်ပစ်ရမည့် တစ်ကိုယ်ရည်ကာကွယ်ရေး ပစ္စည်း၊ နှာခေါင်းစည်း။ - |
| ကလိုရင်းဖြန်းရန် ဘူး | ၁ ဘူး | မိလ္လာရေဆိုးထုတ်သည့် အလုပ်များပြီးသွားပါက အိမ်သာ ဝန်းကျင် တွင် ပိုးသတ်ပေးရန် နှင့် အသုံးပြုခဲ့သည့် ပစ္စည်းများကို ပိုးသတ်ရန် ဖြန်းပေး ရပါ မည်။ |
| ကလိုရင်းဖြန်းဆေး | ၁ ဘူး | မိလ္လာရေဆိုးထုတ်သည့် အလုပ်များပြီးသွားပါက အိမ်သာ ဝန်းကျင် တွင် ပိုးသတ်ပေးရန် နှင့် အသုံးပြုခဲ့သည့် ပစ္စည်းများ နှင့် အဝတ်အစားများ ကို ပိုးသတ်ရန် ဖြန်းပေးရမည့် ကလိုရင်းအရည်။ |

# SOP (၃) - လူအား သုံး၍ မိလ္လာရေဆိုးထုတ်ခြင်း နည်းလမ်းကို လုပ်ဆောင်သည့် အခါတွင် လိုက်နာရမည့် စံလုပ်ထုံးလုပ်နည်းများ။

| | | |
|---|---|---|
| ကလိုရင်း မွှေရန် တုတ် | ၁ ခု | ကလိုရင်းနှင့် ရေကို ရောမွှေရန် သုံးရမည့် တုတ်တံ(ဝါးတုတ်တံ) ကိုလည်း အသုံးပြုနိုင်ပါသည်။ |
| မင်မြဲသည့် ဆေ့ာပင် | ၁ ခု | ကလိုရင်းဖြန်းဆေးရည် ဘူးများကို ခွဲမှတ်ရေးသားဖော်ပြရန် နှင့် တစ်ကိုယ်ရည် ကာကွယ်ရေးဝတ်စုံများကို လုပ်သားများ ၏ အမည်များ နှင့် ရေးမှတ်ပေး ထားရန်။ |
| ရေပုံး | ၂ ပုံး | ရေ အပြည့်ဖြည့်ထားသည့် ၁၄ လီတာဆံ ရေပုံး ၂ ပုံး။ လက်ဆေးရန် နှင့် အသုံးပြုခဲ့သည့် ပစ္စည်းများကို သန့်ရှင်းရေးလုပ်ရာတွင် အသုံးပြုရန်ဖြစ် ပါသည်။ |
| ဆပ်ပြာတုံး အကြီး | ၁ ခု | အလုပ်လုပ်နေစဥ် နှင့် အလုပ်လုပ်ပြီးသည့် အခါတွင် လက်ဆေးရန်။ |
| အင်္ဂတေ | ၁ ကီလိုဂရမ် ~ | ရေဆိုးထုတ်ခြင်း လုပ်ပြီးသွားပါက လူဝင်ပေါက် ကို ပြန်၍ ပိတ်ရန်။(တရက်လျှင် ဘိလပ်မြေ ၂၅၀ ဂရမ် နှင့် သဲ ၁ ကီလိုဂရမ်) |
| ထုံး | ~၂ ကီလို ဂရမ်/(၁) တွင်း | မတော်တဆ ဖိတ်စင်သွားသည့် အညစ်အကြေး ရေဆိုးများ ကို ဖုံးအုပ် ရန် အတွက် ရေ ဖျော်ထားသည့် ထုံး။ |
| ရေ | | လက်ဆေးရန် နှင့် အသုံးပြုထားသည့် ပစ္စည်းများကို သန့်ရှင်းရေးလုပ်ရန် အတွက် နီးစပ်ရာ လက်နှိပ်ရေတုံကင်မှ ရေများကို ရေပုံးဖြင့် ခပ်ထားပေးပါ။ |
| ဆပ်ပြာတုံး | | အလုပ်တစ်ရက်တာပြီးသွားတိုင်း သန့်ရှင်းရေး လုပ်သားများ အားလုံး ရေချိုးရန် အတွက်။ |
| အဝတ်လျှော် ဆပ်ပြာတုံး | | အလုပ်တစ်ရက်တာပြီးသွားတိုင်း သန့်ရှင်းရေး လုပ်သားများ အားလုံး အဝတ်လျှော်ရန် အတွက်။ |

## ၇.၃ လိုက်နာရမည့် လုပ်ဆောင်ပုံ အဆင့်ဆင့်

(၁) ရေဆိုးထုတ်မည့် တွင်း နှင့် ဆက်စပ်နေသည့် အိမ်သာကို မည်သူမှ အသုံးမပြုရန် နှင့် မိလ္လာရေဆိုး ထုတ်မည့် တွင်းနေရာနား တစ်ဝိုက်တွင် တနေ့တာလုံး ကလေးသူငယ်များ မလာအောင် စီစဥ်ထား ပေးပါ။

(၂) တစ်ကိုယ်ရည်ကာကွယ်ရေးဝတ်စုံများ ဖြစ်သည့် ကာကွယ်ရေးဝတ်စုံ၊ လည်ရှည်ဘွတ်ဖိနပ်၊ လက်အိတ်များ၊ ကာကွယ်ရေးမျက်မှန်များ နှင့် နှာခေါင်းစည်းများကို လုပ်သားများ အားလုံး ဝတ်ဆင်စေပါ။

(၃) မိလ္လာရေဆိုးထုတ် မည့် တွင်း တွင် ကွဲအက်နေခြင်း သို့မဟုတ် ကျိုးပဲ့နေခြင်း ရှိမရှိကို စစ်ဆေးကြည့်ပါ။ သေးငယ်သည့် အရာများဖြစ်ပါက ချက်ချင်းပြင်ဆင်ပေးပါ။ ဆောက်လုပ်ရေး တာဝန်ရှိသူများ ၏ အကူအညီလိုအပ်ပါက ရယူပါ။ အကြီးစားပြင်ဆင်စရာများဖြစ်ပါက လိုအပ်သည်များကို ပြင်ဆင်နိုင် ရန် အတွက် ဆောက်လုပ်ရေး အဖွဲ့ထံသို့အကြောင်းကြားပါ။

(၄) မိလ္လာတွင်းအဖုံး ကာထားသည့် အင်္ဂတေတုံးကို သံတူရွင်း နှင့် တူ သုံး၍ ဖယ်ပေးပါ။ မိလ္လာတွင်းဖုံးများ ကျိုးပျက်နေပါက သင့်အထက်မန်နေဂျာ ထံသို့ အကြောင်းကြားပါ။

(၅) နောက်ဆုံး ရေဆိုးထုတ်ထားသည့် အချိန်မှစ၍ ရှိထားသည့် ရေဆိုးများကို ရေစုပ်စက် နှင့် ထော်လာဂျီကားများ သုံးနိုင်သည့် အခြေအနေရှိပါက အပိုင်း ၅.၃ သို့မဟုတ် ၆.၃တွင် ပါဝင်သည့် လုပ်ထုံးလုပ်နည်းများအတိုင်း ရေဆိုးများကို အရင်ထုတ်ပေးပါ။

(၆) ရေဆိုးထုတ်မည့် အိမ်သာ ၏ ဘေးနားတွင် (၃ ပေ၊ ၄ပေ အနက်ရှိသည့်) တွင်းတစ်ခုကို တူးပါ။ မိလ္လာအစိုင်အခဲများကို အဆိုပါ တွင်းသစ် ထဲတွင် မြေမြှုပ်မှာဖြစ်ပါသည်။ တွင်းသစ် တူးမည့် နေရာကို သေချာ ရွေးချယ်ပေးဖို့လိုပါသည်။ မိလ္လာရေဆိုးထုတ်မည့် အိမ်သာ နှင့် ကပ်ပြီး တွင်းသစ်တူးဖို့ မဖြစ်နိုင်ပါက လက်နှိပ်ရေတုံကင် အတွက် ရေရင်းမြစ်များ အနီးအနား တွင် ရှိမရှိသေချာ စစ်ဆေးပြီးမှ တွင်းသစ်ကို တူးပါ။ တွင်းအသစ်သည် လူအများ အသုံးပြုနေသည့် ရေတုံကင် (ရေရင်းမြစ်) နှင့် အနည်းဆုံး ၁၅ မီတာ (ပေ၅၀) ကွာဝေးဖို့လိုပါသည်။

(၇) မိလ္လာတွင်း ထဲ မှ အစိုင်အခဲများကို ကို တွင်းသစ်ထဲသို့ ထည့်ရန် ဂေါ်ပြား နှင့် ရေပုံးများကို အသုံးပြုပါ။ တွင်းသစ် ၏ အနက်တစ်ဝက်ထက် ကျော်၍ မဖြည့်ပါနှင့်။

(၈) တွင်းအတွင်းသို့ ၂ ကီလိုဂရမ်ရှိသည့် ထုံးများကို ဖြူးပေးပါ။ ကိုင်တွယ်သည့် သူသည် လက်အိတ်၊ အကာအကွယ် မျက်မှန် နှင့် နှာခေါင်းစည်းတပ်ထားဖို့လိုပါသည်။

## SOP (၃) - လူအား သုံး၍ မိလ္လာရေဆိုးထုတ်ခြင်း နည်းလမ်းကို လုပ်ဆောင်သည့် အခါတွင် လိုက်နာရမည့် စံလုပ်ထုံးလုပ်နည်းများ။

(၉) ထုံးများကို တွင်းသစ်ထဲ ရှိ အညစ်အကြေးများ နှင့် သေချာ ရောသမပေးပါ။

(၁၀) ထိုနောက် တွင်းသစ်ကို မြေကြီးများ လောင်း၍ ပြန်ဖို့ပေးပါ။

(၁၁) အိမ်သာ တွင်းဖုံးကို ပြန်၍ ဖုံးပေးပြီး လူဝင်ပေါက် ကိုသာ ချန်ထားပေးပါ။

(၁၂) အသုံးပြုခဲ့သည့် ကိရိယာများကို လူဝင်ပေါက် အထက်မှ နေ၍ ရိုးရိုးရေ သုံး၍ ဆေးချပေးပါ။ သို့မှ ဆေးထားသည့် ရေများသည် တွင်းထဲသို့သာ ဝင်သွားမည်ဖြစ်ပါသည်။

(၁၃) အိမ်သာတွင်းဖုံး နှင့် လူဝင်ပေါက်အဖုံးတို့ကို အင်္ဂတေဖြင့် ပြန်၍ ဖုံးပိတ်လိုက်ပါ။*

(၁၄) မိလ္လာတွင်းဖုံး ထိပ်ကို ၀.၅% ကလိုရင်း အရည်ဖြင့် ဖြန်းပေးရပါမည်။ ကလိုရင်း ကို ကိုင်တွယ်ရသည့် မည်သူမဆို လက်အိတ်၊ အကာအကွယ် မျက်မှန် နှင့် နှာခေါင်းစည်း တပ်ထားရပါမည်။ ထုံးဖြူးထားသည့် နေရာတွင် ကလိုရင်းဆေးရည်များ မဖြန်းမိပါစေနှင့်။ **ကလိုရင်း နှင့် ထုံးရည် ကို မရောမိပါစေနှင့်။**

(၁၅) တွင်းအသစ် နှင့် အိမ်သာတွင်း ကြားတွင် မိလ္လာအညစ်အကြေးများကိုသယ်ယူစဉ် ဖိတ်စင်ကျထားခြင်းရှိပါက မြေကြီးဖြင့်ဖြစ်စေ၊ ကလိုရင်းအရည်ဖြင့်ဖြစ်စေ ဖုံးအုပ်ပေးနိုင်ပါသည်။

* မှတ်ချက် - မိလ္လာရေဆိုးထုတ်ရမည့် တွင်းများ စွာ သည် တစ်တွင်း နှင့် တစ်တွင်း နီးကပ်စွာ ရှိနေပါက ထို တွင်းမှ လူဝင်ပေါက် အဖုံးများ သို့မဟုတ် တွင်းဖုံးများကို အစားထိုး အုပ်ထားပြီး နောက်တစ်တွင်း သို့ ဆက်၍ လုပ်နိုင်ပါသည်။ တစ်နေ့တာ အလုပ်ပြီးသည့် အချိန်မှ တွင်းများအားလုံး ကို ဖုံး၍ ပိုးသတ်ခြင်း လုပ်နိုင်ပါသည်။ ထိုနည်းဖြင့် တနေ့ပြီးဆုံးချိန် တွင်းများ အားလုံး ရေဆိုးထုတ်ပြီးသွားပါက အင်္ဂတေများကို တစ်ကြိမ်တည်း နှင့် အများအပြားဖျော်ပြီး တွင်းများကို ပိတ်ရန် ပြင်ဆင်နိုင်ပါသည်။ သို့သော်

မိလ္လာရေဆိုးထုတ်ထားသည့် ပိုးမသတ်ရသေးသော၊မပိတ်ရသေးသောတွင်းများ အနီးအနားတွင် သင်ရှိနေပြီး ထိုလုပ်ငန်းခွင် အတွင်းသို့ မည်သူမျှမဝင် ရောက်နိုင်အောင် လုပ်ထားပေးဖို့လိုပါသည်။

(၁၆) တစ်နေ့တာ လုပ်ငန်းခွင် ပြီးဆုံးသည့် အချိန်တွင် -

(က) အလုပ်လုပ်နေသည့် နေရာ ပေါ်မူတည်၍ အသုံးပြုခဲ့သည့် ပစ္စည်းများကို သတ်သတ်မှတ်မှတ် နေရာတစ်ခု တွင် ပြန်၍သိမ်းပေးပါ။ (ဒေသခံ ရုံး သို့မဟုတ် မိလ္လာသန့်စင်ရေးလုပ်သည့် နေရာ)။

(ခ) အသုံးပြုခဲ့သည့် ပစ္စည်းများအားလုံး ကို ကလိုရင်း ၀.၅% အရည်ဖြင့် ဆေးကြောပေးပါ။ ပြီးနောက် ၁၀ မိနစ်ခန့်စောင့်ပြီး ပစ္စည်းများကို မသိမ်းခင် ရေဖြင့် တစ်ခေါက်ပြန်၍ ဆေးချပေးပါ။

(ဂ) အလုပ်သမားများ အသုံးပြုခဲ့သည့် တစ်ကိုယ်ရည် ကာကွယ်ရေးဝတ်စုံများအားလုံး - လည်ရှည်ဘွတ်ဖိနပ်၊ လက်အိတ်များ၊ အကာအကွယ် မျက်မှန်များအားလုံး ကို တနေ့တာ အလုပ်ပြီး သည့် အချိန်တွင် ၀.၀၅% ကလိုရင်းရည် ဖြင့် ၁၀ မိနစ်ခန့်ကြာအောင် ဆေးပြီး ဒေသခံ ရုံး သို့မဟုတ် မိလ္လာရေဆိုးသန့်စင်သည့် နေရာတွင် ရှိသည့် ကွန်ကရစ် အခံပေါ် တွင် ရေဖြင့် ဆေးချပေးပါ။

(ဃ) သင်အိမ်သို့ ပြန်သည့် အခါတွင် ဝတ်သွားမည့် အဝတ်အစားများကို မလဲဝတ်ခင် ရုံး သို့မဟုတ် မိလ္လာရေဆိုးသန့်စင်သည့် နေရာတွင် ရေချိုးပေးပါ။

(င) ဝတ်ခဲ့သည့် အကာအကွယ်ဝတ်စုံ ကို ၀.၀၅% ကလိုရင်းရည် တွင် ၁၀ မိနစ် စိမ်ပေးပြီးနောက် ရေ၊ ဆပ်ပြာတို့ဖြင့် လျှော်ဖွတ်ပေးပါ။

(စ) အခြောက်ခံထားသည့် တစ်ကိုယ်ရည်ကာကွယ်ရေး ပစ္စည်းများအားလုံးကို ရုံး သို့မဟုတ် မိလ္လာရေဆိုးသန့်စင်သည့် နေရာတွင် သိမ်းထားပေးပါ။

(ဆ) တစ်ခါသုံး နှာခေါင်းစည်းများကို သတ်မှတ်ထားသည့် အမှိုက်ပုံထဲသို့ စွန့်ပစ်ပေးပါ။

(ဇ) အသုံးပြုသည့် ပစ္စည်းတစုံတခု ပျက်စီးသွားပါက ချက်ချင်းအကြောင်းကြားပေးပါ။ (ကိုယ်စားလှယ်များသည် ပစ္စည်းများကို အစားထိုးပေးရပါမည်။)

(ဈ) တစ်ကိုယ်ရည် ကာကွယ်ရေးပစ္စည်းများ နှင့် အသုံးပြုခဲ့သည့် ကိရိယာများကို သန့်ရှင်းပြီးပါက ရုံး သို့မဟုတ် မိလ္လာရေဆိုးသန့်စင်ရေးလုပ်သည့် နေရာ ရှိ ကွန်ကရစ် အခင်းကို ၀.၅% ကလိုရင်းဖြင့် ဆေးချပေးပါ။

## ၈. မိလ္လာဖိတ်စင်မှုများ ဖြစ်ပါက ကိုင်တွယ်ဖြေရှင်းခြင်း။

လုပ်ငန်းခွင်အတွင်း မိလ္လာရေဆိုးများ ဖိတ်စင်ပါက အထက်တွင်ဖော်ပြခဲ့သည့် အတိုင်း (ကလိုရင်း သို့မဟုတ် မြေကြီးကို သုံး၍) ဖြေရှင်းပေးရန် မိလ္လာရေဆိုးသန့်စင်ခြင်း လုပ်ပေးနေသည့် လုပ်သားများတွင် တာဝန် ရှိပါသည်။ ရေဆိုးသန့်စင်ခြင်းလုပ်မည့် နေရာသို့ သယ်ယူသွားသည့် လမ်းတွင် ဖြစ်ပါက ထော်လာဂျီကို မောင်း သွားသူများ သို့မဟုတ် လက်တွန်းလှမ်းများဖြင့် တွန်းပို့ပေးသူများက ချက်ချင်းဖြေရှင်းပေးရန် တာဝန်ရှိပါသည်။ မိလ္လာရေဆိုးများဖိတ်စင်ပါက မည်သို့လုပ်ဆောင်ရမည့် အကြောင်းများကို သင်ပြပေးသည့် သင်တန်းကို ထော်လာဂျီမောင်းသည့် ဒရိုင်ဘာများ သည်လည်း တက်ရောက်ထားဖို့လိုပါသည်။

**ဒရိုင်ဘာများ အတွက် လမ်းညွှန် -**

၁။ ထော်လာဂျီကားပေါ်တွင် အောက်ပါ တို့ကို အမြဲဆောင်ထားပါ -

(က) (၁အိတ်လျှင် ၂၅ ကီလိုဂရမ် ရှိသည့်) ထုံးအိတ် ၂ အိတ်။

(ခ) ဂေါ်ပြား ၁ ခု။

(ဂ) ၁၄ လီတာဆန့်ပလပ်စတစ်ပုံးတစ်ပုံး

(ဃ) ကလိုရင်းဖျော်ထားသည့် ကျောလွယ်ဆေးဖြန်းပုံးတစ်ပုံး

၂။ ဖိတ်စင်သွားသည့် မစင်၊ မိလ္လာရေဆိုးများကို ၂ လက်မ ထူသည့် မြေကြီး သို့မဟုတ် ထုံးဖြင့် ဖုံးအုပ် ပေးပါ။ ထုံးကို ကိုင်သည့် အခါတွင် အကာအကွယ်မျက်မှန်၊ လက်အိတ် နှင့် နှာခေါင်းစည်းတို့ကို ဝတ် ဆင်ထားရပါမည်။

## ၉. မှတ်တမ်း မှတ်ယူခြင်း။

မိလ္လာရေဆိုးသန့်ရှင်းရေး လုပ်ပေးသည့် အဖွဲ့သည် အောက်ပါ အချက်အလက်များကို မှတ်ထားပေးရပါမည်။ -

၁။ နေ့စွဲ

၂။ စခန်းအမည်။

၃။ ထော်လာဂျီ နံပါတ် (ရေဆိုးသန့်စင်ခြင်းကို ထော်လာဂျီကားများဖြင့် လုပ်ပါက)

၄။ တွင်း အမှတ်အသား။

၅။ လျှံနေသည့် တွင်းများ။

၆။ ဖယ်ရှင်းထုတ်ပေးခဲ့ရသည့် မိလ္လာရေဆိုး ပမာဏ။ (တိုင်ကီ သို့မဟုတ် စည်ပိုင်း အရေအတွက် သို့မဟုတ် မိလ္လာတွင်း တစ်ခု၏ ခန့်မှန်း ထုထည်)။

## ၁၀. နိဂုံးချုပ်ခြင်း။

လူနေထူထပ်သော စစ်တွေရှိ စခန်းများ တွင် မိလ္လာ အညစ်အကြေးများကို ဘေးကင်းလုံခြုံမှု ရှိရှိ စွန့်ပစ်ပေးခြင်း ဖြင့် လူထုကျန်းမာရေးအန္တရာယ်များ အထူးသဖြင့် ကလေးငယ်များတွင် ဖြစ်နိုင်သည့် ဝမ်းပျက်ဝမ်းလျှော ရောဂါ အန္တရာယ်များကို လျှော့ချပေးနိုင်သည့် အတွက် အထူးပင် အရေးကြီးပါသည်။ မိလ္လာရေဆိုးသန့်စင်ခြင်းလုပ် သည့် အခါ နှင့် သယ်ယူပို့ဆောင်ပေးရသည့် အခါတွင် အခက်အခဲများစွာ ရှိပါသော်လည်း ထောင်နှင့် ချီရှိသော မိလ္လာတွင်းများကို မိလ္လာသန့်စင်ရေးလုပ်ပေးရသည့် လုပ်သားများ နှင့် လူထုကျန်းမာရေး အတွက် ဘေးကင်းစေရန် ဤလမ်းညွှန်ချက်များက ကူညီဖြေရှင်းပေးနိုင်ပါသည်။

နောက်ထပ်တိုး၍ သိရှိလိုပါက “မိလ္လာရေဆိုးသန့်စင်ခြင်းလုပ်ပေးသည့်နေရာအား လည်ပတ်လုပ်ဆောင် စေခြင်း ဆိုင်ရာ လမ်းညွှန်စာအုပ်” တွင် ဆက်၍ ဖတ်နိုင်ပါသည်။

# စက်ကိုင်ဝန်ထမ်းလက်စွဲ

## မစင်အညစ်အကြေးများစွန့်ပစ်ဖျက်စီးသည့်နေရာ (STS) - စစ်တွေစခန်း

**ဤစာအုပ်ကို ပြုပြင်မွမ်းမံမှုပြုလုပ်သည့်အချိန်တစ်ခုချင်းစီတိုင်းနှင့် STS လုပ်ငန်းလည်ပတ်မှုအတွင်း အပြောင်းအလဲ တစ်စုံတစ်ရာပြုလုပ်တိုင်း ပြန်လည်သုံးသပ်ပြင်ဆင်ရမည်။**

**နောက်ဆုံးမူ - ၀၉/၂၀၂၀**



# မာတိကာ


၂. အတိုကောက်စကားလုံးများ ..... ၄

၃. မစင်အညစ်အကြေးများစွန့်ပစ်ဖျက်ဆီးသည့်နေရာ (STS) ၏သမိုင်းကြောင်း ..... ၅

၄. နည်းပညာပိုင်းဆိုင်ရာဖော်ပြချက် ..... ၁၀

၄.၁ STS ကို ခြုံငုံဖော်ပြခြင်း ..... ၁၀

၄.၂ မစင်ရွှေ့လျားသည့်လိုင်း အစိတ်အပိုင်းများ ..... ၁၂

၄.၂.၁ မစင်သွန်ချသည့်နေရာ ..... ၁၂

၄.၃ အရည်လိုင်း အစိတ်အပိုင်းများ ..... ၁၅

၄.၃.၁ Anaerobic Baffled Reactor (ABR) (အောက်စီဂျင်မဲ့စနစ်ဖြင့် အရည်ထိန်းသိမ်းထားသော ဓါတ်ပေါင်းဖို) ..... ၁၅

၄.၃.၂ ကျောက်စရစ်ဝွင် (၁) ..... ၁၆

၄.၃.၃ အနည်ကျကန် ..... ၁၇

၄.၃.၄ ရေစိမ့်ဝင်ကန် ..... ၁၇

၄.၄ မစင်လိုင်း (အစိုင်အခဲ) ..... ၁၈

၄.၄.၁ မစင်ခြောက်လှမ်းသည့်အခန်း ..... ၁၈

၄.၄.၂ မစင်ခြောက်သိုလှောင်ရုံ ..... ၁၉

၄.၄.၃ မီးရှို့စက် ..... ၁၉

၄.၅ မစင်လိုင်း (အရည်) ..... ၂၀

၄.၅.၁ ဒုတိယ ကျောက်စရစ်ဝွင် ..... ၂၀

၄.၅.၂ ရေစိမ့်ဝင်သည့်မြောင်းများ (၂) ..... ၂၀

၅. လုပ်ငန်းလည်ပတ်မှု ..... ၂၁

၅.၁ အထွေထွေ ..... ၂၁

၅.၂ လုပ်ငန်းလည်ပတ်မှုနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ထုံးလုပ်နည်းများ ..... ၂၃

၅.၂.၁ မစင်သွန်ချသည့်နေရာ ..... ၂၄

၅.၂.၂ မစင်သိုလှောင်ကတော့ကြီး ..... ၂၅

၅.၂.၃ Anaerobic Baffled Reactor (ABR) (အောက်စီဂျင်မဲ့စနစ်ဖြင့် အရည်ထိန်းသိမ်းထားသော ဓါတ်ပေါင်းဖို) ..... ၂၇

၅.၂.၄ ကျောက်စရစ်ဝွင် (၁) ..... ၂၈

၅.၂.၅ အနည်ကျကန် ..... ၂၉

၅.၂.၆ ရေစိမ့်ဝင်ကန် ..... ၃၀

၅.၂.၇ မစင်ခြောက်လှမ်းသည့်အခန်း ..... ၃၁

၅.၂.၈ ဒုတိယ ကျောက်စရစ်ဝွင် ..... ၃၃

၅.၂.၉ ရေစိမ့်ဝင်သည့်မြောင်းများ ..... ၃၄

၅.၂.၁၀ မစင်ခြောက်သိုလှောင်ရုံ ..... ၃၄

၅.၂.၁၁ မီးရှို့စက် ..... ၃၅

၆. စောင့်ကြည့်လေ့လာရေးအစီအစဉ် ..... ၃၆

၆.၁ ခွဲခြမ်းလေ့လာရေးအစီအစဉ် ..... ၃၆

၆.၂ စံပြုကောက်ယူရေး ညွှန်ကြားချက်များ ..... ၃၇

၆.၃ စောင့်ကြည့်လေ့လာရေးဆိုင်ရာအခြားအချက်အလက်များ ..... ၃၇

၇. ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး ..... ၃၉

၇.၁ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးလုပ်ဆောင်ချက်များ ..... ၃၉

၇.၂ လုံခြုံရေးဆိုင်ရာ လုပ်ဆောင်ချက်များ ..... ၃၉

## ၂. အတိုကောက်စကားလုံးများ

ABR: Anaerobic Baffled Reactor (အောက်စီဂျင်မဲ့စနစ်ဖြင့် အရည်ထိန်းသိမ်းထားသော ခါတ်ပေါင်းဖို)

AM: Activity Manager (လုပ်ငန်းဆိုင်ရာ မန်နေဂျာ)

ERF: Emergency Response Fund (အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးရန်ပုံငွေ)

HARP: Humanitarian Aid and Rescue Project (လူမှုကရုဏာအကူအညီများနှင့် ကယ်ဆယ်ရေးစီမံကိန်း)

HBT: Hopper Bottom Tank (မစင်သိုလှောင်ကတော့ကြီး)

IDP: Internally Displaced People (နိုင်ငံအတွင်း နေရပ်စွန့်ခွာထွက်ပြေးရသူများ)

OCHA: United Nations Office for the Coordination of Humanitarian Affairs (လူသားချင်းစာနာထောက်ထားရေး ကိစ္စရပ်များကို ညှိနှိုင်းဆောင်ရွက်ရေး ကုလသမဂ္ဂရုံး)

PM: Program Manager (စီမံချက်မန်နေဂျာ)

RAT: Rapid Assessment Team (စောလျင်စွာ ဆန်းစစ်လေ့လာရေးအဖွဲ့)

SI: Solidarités International

STS: Sludge Treatment Site (မစင်အညစ်အကြေးများစွန့်ပစ်ဖျက်စီးသည့်နေရာ)

WASH: Water, Sanitation and Hygiene (ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တကိုယ်ရေသန့်ရှင်းရေး)

TS: Total Solids (လုံးဝဥသုံအစိုင်အခဲဖြစ်နေသည်များ)

TSS: Total Suspended Solids (ပျော်ဝင်ပျက်စီးသွားခြင်းမဖြစ်နိုင်သည့်အမှုန်အမွှားများ)

COD: Chemical Oxygen Demand (ဓာတုဗေဒ အောက်စီဂျင် လိုအပ်မှု)

NO3: Nitrate (နိုက်ထရိတ်)

NH4: Ammonium (အမိုနီယမ်)

P: Phosphorus (ဖော့စဖရပ်စ်/မီးစုန်း)

## ၃. မစင်အညစ်အကြေးများစွန့်ပစ်ဖျက်ဆီးသည့်နေရာ (STS) ၏သမိုင်းကြောင်း

မစင်အညစ်အကြေးများကို စွန့်ပစ်ဖျက်ဆီးသည့်နေရာ (STS) ဆောက်လုပ်ခြင်းကို WASH စီမံချက်မန်နေဂျာ John Fitzgerald ၏ ကြီးကြပ်မှုဖြင့် ပြီးစီးခဲ့ပါသည်။ ထိုနေရာကို ၂၀၁၃ စက်တင်ဘာတွင် ထူထောင်ခဲ့ပြီး မြေနေရာ စုစုပေါင်း အရွယ်အစားမှာ (၁၂၀၀၀၀) စတုရန်းပေရှိပါသည်။ (STS-Survey-Site 5.docx တွင်ကြည့်ပါ)

မြေငှားရမ်းသူများကို စိုက်ပျိုးရေးလုပ်ငန်းများ ဆုံးရှုံးရသည့်အတွက် လျော်ကြေးငွေ (၆၂၀၀၀၀) ကျပ်ပေးအပ်ခဲ့ပါသည် (မြေငှားရမ်းသူနှစ်ဦးက ထိုလျော်ကြေးငွေကို တစ်ယောက်တစ်ဝက်ခွဲဝေယူကြပါသည်)။ သဘောတူစာချုပ်အရ မစင် အညစ်အကြေးဖျက်စီးစွန့်ပစ်သည့်နေရာ လည်ပတ်နေသည့်ကာလတလျှောက်လုံးအကျုံးဝင်မည်ဖြစ်ပြီး ပေးချေမှုများတွင် Solidarités International က တရားဥပဒေအရ သို့မဟုတ် အခြားသော ငွေရေးကြေးရေးဆိုင်ရာ ပေးချေရန်လိုသည်များကို ထပ်မံပေးချေရန်မလိုအပ်ပါ (မြေယာလျော်ကြေးပေးချေမှုဆိုင်ရာသဘောတူညီချက်စာတမ်း - STS vu JF တွင်ကြည့်ပါ။

(STS) ဆောက်လုပ်ရေးကို ၂၀၁၃ ဒီဇင်ဘာတွင် စတင်ခဲ့ပြီး ၂၀၁၄ မတ်လတွင် ပြီးစီးခဲ့ပါသည်။ ဆောက်လုပ်ရေး ကန်ထရိုက်တာမှာ (ကိုတင်လှိုင် ဖြစ်ပြီး သဘောတူစာချုပ်အမှတ် MYA/HMSF/WAS/037?SIT/13 ဖြင့်ချုပ်ဆိုခဲ့ပြီး မြန်မာငွေ ကျပ် သိန်း (၈၀၀) (ခန့်မှန်းခြေ ယူရို ၆၄၀၀၀ ခန့်)) ဖြင့် ချုပ်ဆိုခဲ့ခြင်းဖြစ်ပါသည်။ သဘောတူစာချုပ်ကို ၂၀၁၃ ဒီဇင်ဘာတွင် လက်မှတ်ရေးထိုးခဲ့ပြီး ရက်ပေါင်း (၆၀) အတွင်း အပြီးဆောက်လုပ်ပေးရန်ဖြစ်သော်လည်း နေရာခွင့်ပြုချက်ရယူရခြင်း လုပ်ငန်းစဉ်များကြောင့် နှောင့်နှေးခဲ့ပါသည် (Explaination Letter_final disposal site တွင်ကြည့်ပါ)

**STS ကို ၂၀၁၄ မတ်လတွင် စတင်လည်ပတ်ခဲ့ပြီး ပထမဆုံး လုပ်ငန်းဆိုင်ရာပြဿနာများသည် တစ်နှစ်မပြည့်သေးမီ ပေါ်ထွက်လာခဲ့ပါသည်။**

**၂၀၁၅ ဇူလိုင်မှ ဒီဇင်ဘာလအတွင်း Manuel Kraehenbuehl (WASH လုပ်ငန်းဆိုင်ရာမန်နေဂျာ) သည် STS နှင့်ပတ်သက် သော စာပေါင်းများစွာကို ထုတ်ပြန်ခဲ့ပါသည်။**

- 151008_STS_Assessment report_final version (ဆန်းစစ်လေ့လာရေးအစီရင်ခံစာ၊ နောက်ဆုံးမူ)

- 151026 STS work safety guidelines (STS လုပ်ငန်း ဘေးအန္တရာယ်ကင်းရှင်းရေးလမ်းညွှန်ချက်များ)

- 151211 Instruction on lime treatment on the STS (STS လုပ်ငန်းတွင်း ထုံးကိုအသုံးပြုလုပ်ဆောင်ခြင်းဆိုင်ရာ ညွှန်ကြားချက်)

- 151211 Lime for disinfection (ပိုးသတ်ရန်အတွက် ထုံးကိုအသုံးပြုခြင်း)

- 151212 STS wastewater analysis (ရေဆိုးများကို ခွဲခြမ်းလေ့လာခြင်း)

**၂၀၁၆ ဇန်နဝါရီတွင် Elio de Bonis ခေါင်းဆောင်သော အတိုင်ပင်ခံအကြံပေးအဖွဲ့သည် လုပ်ငန်းစွမ်းဆောင်မှုနှင့် လုပ်ငန်း လည်ပတ်မှုများ ပိုမိုတိုးတက်ကောင်းမွန်လာစေရန် အကြံပြုချက်များ ပေးအပ်ခဲ့ပါသည် (Solidarités International ၏ စစ်တွေ နောက်ဆုံးအစီရင်ခံစာတွင် ကြည့်ပါ)။**

**Brice Pageaud (WASH စီမံချက်မန်နေဂျာ) သည် အကြံပေးချက်အချို့ကို အကောင်အထည်ဖော်ခဲ့ပါ သည် (201703_STS activity form တွင် ကြည့်ပါ)။**

**၂၀၁၈၊ ၂၀၁၉ တွင် Marine Ricau (ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာလုပ်ငန်း မန်နေဂျာ) သည် STS လုပ်ငန်း လည်ပတ်မှု နှင့် သက်ဆိုင်သောစာတမ်းများစွာကို ထုတ်ဝေခဲ့ပါသည်။**

-Activity_form_STS_June 2018_update 0419 (လုပ်ငန်းဆိုင်ရာပုံစံများ၊ STS၊ ဇွန်လ ၂၀၁၈)

-CW cleaning and planting SOPs (ကျောက်စရစ်ဂွင် သန့်ရှင်းရေးနှင့် စက်ရုံပိုင်းဆိုင်ရာ SOP များ)

-Drying beds cleaning SOPs (မစင်အခြောက်ခံသည့်အခန်း သန့်ရှင်ရေးဆိုင်ရာ SOP များ)

-ABR cleaning SOPs (ABR သန့်ရှင်းရေးဆိုင်ရာ SOP များ)

-Maturation pond desludging SOPs (အနည်ကျကန်ဆယ်ယူရေးဆိုင်ရာ SOP များ)

**၂၀၁၈ ဒီဇင်ဘာတွင် Veolia ဖောင်ဒေးရှင်းသည် STS တွင် ဓါတ်ခွဲခန်းတစ်ခုတည်ဆောက်ပေးရန် တာဝန်ပေးအပ်ခြင်းခံရပြီး လုပ်ငန်းလည်ပတ်မှုများပိုမိုတိုးတက်ကောင်းမွန်စေရန် အကြံများပေးခဲ့ပါသည် (Technical Support Mission STS - SI Myanmar _ EBA ROV 122019 တွင် ကြည့်ပါ)**

**၂၀၂၀ ဖေဖော်ဝါရီတွင် Veolia ဖောင်ဒေးရှင်းသည် Solidarités International ၏ အနာဂတ်အဆင့်မြှင့်တင်မှုများကို အထောက်အကူပေးရန် အထူးတာဝန်တစ်ရပ်ပေးအပ်ခံရပါသည် (SHARED_Field Support Mission STS - SI Myanmar _ ADSH March2020 တွင်ကြည့်ပါ)။**

**တစ်ချိန်ထဲမှာပင် Joules Gouron (ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာလုပ်ငန်း မန်နေဂျာ) STS လုပ်ငန်းလည်ပတ်မှုနှင့် အနာဂတ်တွင် အကောင်အထည်ဖော်ရန်တို့နှင့်စပ်လျဉ်းသော စာတမ်းများစွာကို ထုတ်ဝေခဲ့ပါသည်။**

- Construction Workplan STS Upgrade V2 14 September 2020 (STS ဆောက်လုပ်ရေးအစီအစဉ်၊ အဆင့်မြှင့်တင်ခြင်း၊ ၁၄ စက်တင်ဘာ ၂၀၂၀)

- STS Operation Guideline (translated in Zawgyi and Myanmar) (STS လုပ်ငန်းလည်ပတ်ရေး လမ်းညွှန်ချက်၊ ဇော်ဂျီဖောင့်ဖြင့် မြန်မာဘာသာသို့ပြန်ဆို)

- New version of maintenance task & operation task (ပြုပြင်ထိန်းသိမ်းရေးတာဝန်နှင့် လုပ်ငန်းလည်ပတ်ရေးတာဝန် ဆိုင်ရာ မူအသစ်)

- Map STS_Jules_new design (STS မြေပုံ၊ ဒီဇိုင်းအသစ်)

- **<u>New version:</u>** ANALYSES STS AUGUST 2020 Final V (**<u>မူသစ် -</u>** STS ကို ခွဲခြမ်းလေ့လာခြင်း ဩဂုတ် ၂၀၂၀၊ နောက်ဆုံးမူ)

- **<u>အနာဂတ်တွင် အဆင့်မြှင့်တင်ရန် ရေးဆွဲထားသည့်ပုံများ (ဟိုက်ဒရောလစ်ဆိုင်ရာများအပါအဝင်)</u>**

https://drive.google.com/drive/u/1/folders/1SUXKAt2dLlupyhab3-yUABzRsIit6b-d တွင်ကြည့်ပါ

- Final report STS&Desludging15092020 (STS အဆုံးသတ်အစီရင်ခံစာနှင့် အိမ်သာတွင်းဆယ်ယူခြင်းများ)

- Methodology to sieve the sand for future Drying Beds (အနာဂတ်တွင် မစင်အခြောက်ခံသည့်အခန်းများကို သဲများဖြင့် ဆန်ကာစစ်ခြင်းနည်းစနစ်များ)

| ၂၀၁၄ | ၂၀၁၅ | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ (STS မှတ်တမ်းစာအုပ် တွင်ကြည့်) | ၂၀၂၀ |
|---|---|---|---|---|---|---|
| **ဆင်ခြေလျှောလျှောက်လမ်း** | | | | | ပြန်လည်ပြုပြင်ခြင်းနှင့် လမ်းကို မြှင့်တင်ခြင်း | ထရော်လာဂျီများ ပြုတ်မကျစေရန်ချိန်းကြိုးအသစ်များ တပ်ဆင် |
| **မစင်သွန်ချသည့်နေရာ** | ခေါင်မိုးတပ်ခြင်း | အတားနှစ်ခုကို ဖြုတ်ပြီး ခေါင်မိုးကို ပြန်လည်ပြင်ဆင် ခြင်း | | မစင်အစိုင်အခဲများထုတ်သည့် ပိုက်ကို အသစ်ပြန်လဲခြင်း | မစင် လက်ခံသည့်နေရာ ကို ဒီဇိုင်းသစ်ဖော်ဆောင် ဆောက်လုပ်ခြင်း နှင့် အချက်အလက် များ မှတ်တမ်းတင်ရန် အခန်း ငယ်တစ်ခုတည်ဆောက်ခြင်း၊ မစင်သွန်ချသည့်နေရာသို့ အလွယ်တကူရောက်ရှိနိုင်စေရန် စွန့်ထုတ်သည့်ပိုက်များအနီး တွင် သစ်သားလှေကား တပ်ဆင်ခြင်း | ပြုတ်ကျမှုများအားလုံးကို တားဆီးကာကွယ်နိုင်စေရန် အတွက် အကာအရံ တပ်ဆင်ခြင်း |
| **အထိန်းကန် -> မစင်သိုလှောင်ကတော့ကြီး (HBT)** | ယိုစိမ့်မှုများကို ပြုပြင်ခြင်း | ကြီးမားသည့် အက်ကွဲကြောင်းဖြစ်မလာစေရန် အတွက် ဘေးနှစ်ဖက်တွင် အုတ်နံရံနှစ်ခု တည်ဆောက်ခြင်း | HBT တစ်ခု အစားထိုးလဲလှယ်ခြင်း | ဒုတိယမြောက် HBT တစ်ခု ထပ်မံတပ်ဆင်ခြင်း | အထိန်းကန် တစ်ခုလုံး ကို ရှင်းပစ်ခြင်း၊ HBT တစ်ခုလုံး ကို ရှင်းပစ်ခြင်း၊ ၊ HBT ထံသို့ အလွယ်တကူရောက်ရှိစေရန် သစ်သားလှေကားတစ်ခု တပ်ဆင်ခြင်း | HBT အတွင်း ဆေးသုတ်ခြင်း နှင့် ဘုတ်ပြားတစ်ခု ထပ်မံတပ်ဆင်ခြင်း ဖြင့် မျက်နှာပြင်အညစ်အကြေးဖုံး ဘုတ်ပြား (scum board) ကို ပိုမိုကောင်းမွန်အောင် ပြုလုပ်ခြင်းနှင့် ခေါင်မိုးကို ပြန်လည်ပြုပြင်ခြင်း |
| **ABR** | | အခန်းအားလုံးကို သန့်ရှင်းရေး ပြုလုပ်ခြင်း | | ကျောက်စရစ်ခဲများကို ရှင်းလင်းခြင်း | ကျောက်စရစ်ခဲများကို ရှင်းလင်းခြင်း | အခန်းများအတွင်းမှ မစင်ထုတ်ယူသည့် အကြိမ်ရေကို တိုးမြှင့်ခြင်း |
| **ကျောက်စရစ် ဝွင်** | အပင်စိုက်ခြင်း | ကျောက်စရစ်ခဲများကို ရှင်းလင်းခြင်း | ကျောက်စရစ်ခဲ များကို ရှင်းလင်းခြင်း | ကျောက်စရစ်ခဲများကို အရွယ်အစားအလိုက် ရှင်းလင်းခြင်း နှင့် ခွဲထုတ်ခြင်း | အဝင်ပိုက်များကို ပြင်ဆင်ခြင်း နှင့် တပ်ဆင်ခြင်း၊ အရည်များ လျှံထွက်ခြင်းမဖြစ်စေရန် အုတ်နံရံတွင် အုတ်နှစ်လွှာ ထပ်ပိုးခြင်း | ကျောက်စရစ်ခဲများကို ရှင်းလင်းခြင်း |

| | | | | | | |
|---|---|---|---|---|---|---|
| **အနည်ကျကန်** | | ဗေဒါပင်များ စိုက်ပျိုးခြင်း | | | အရည်ထွက်ပေါက်တွင် ကျောက်ခဲ ဆန်ကာတစ်ခု တပ်ဆင်ခြင်း (လက်ရှိအသုံးမပြုပါ) နှင့် ယိုစိမ့်မှုများကို ပြင်ဆင်ခြင်း | |
| **ရေစိမ့်ဝင်သည့် ပိုက်လိုင်းများ ၁ -> စိမ့်ဝင်ကန်** | | | | | ရေစိမ့်ဝင်သည့်ပိုက်လိုင်းများရှင်းလင်းဖယ်ရှားခြင်းနှင့် စိမ့်ဝင်ကန်များ တည်ဆောက် ခြင်း | မြေပြိုကျမှုမဖြစ်စေရန် ရေစိမ့်ဝင်ကန်များကို ပြုပြင်ခြင်း |
| **မစင် အခြောက်ခံသည့်အခန်း** | | အရေးပေါ်မစင် အခြောက်ခံသည့် ကန်နှစ်ကန် ထပ်တိုးဆောက် ခြင်း၊ ကြက်သွန်ဥပုံစံကန် (ဗလာဒါ)များတွင် ထုံးသုံးသည့်မစင်ကုသမှု စနစ်ကိုအစမ်း လုပ်ဆောင်ခြင်း | ဒေါင်လိုက် စစ်ထုတ်သည့် အပင်စိုက်ခန်း အစမ်း လုပ်ဆောင်ခြင်း ၊ အမိုးကို စတီးချောင်းများဖြင့် ပိုမိုတောင့်တင်း အောင်ပြုပြင် ခြင်း (steel structure) | မစင်အခြောက် ခံသည့်အခန်းများတွင် မစင်ထည့်သည့်ခြင်းများကို တွန်းလှည်း များ အပေါ်သို့ အလွယ်တကူ တင်ဆောင်နိုင် ရန် ကြားခံ သစ်သားစင် များ တပ်ဆင် ခြင်း | ကျောက်စရစ်ခဲများကို ရှင်းလင်းခြင်းနှင့် အခန်း ၂၊ ၃၊ ၅ တို့တွင် သဲများကို အစားထိုး လဲလှယ်ခြင်း၊ မစင်အခြောက်ခံသည့်အခန်းများသို့ အလွယ်တကူ ရောက်ရှိနိုင်စေ ရန် သစ်သားလှေကား တပ်ဆင်ခြင်း | ကျောက်စရစ်ခဲများကို ရှင်းလင်းခြင်းနှင့် အခန်း ၁၊ ၄၊ ၆ တို့တွင် သဲများကို အစားထိုး လဲလှယ်ခြင်း၊ |
| **ဒုတိယမြောက် ကျောက်စရစ် ဂွင်** | | | | မိုးရာသီတွင် သဲများမဝင် ရောက်နိုင်စေ ရန် ကွန်ကရစ် နံရံ လေးဖက် စလုံးကို (၁) ပေစီမြှင့်ခြင်း | ကျောက်စရစ် ခဲများကို အရွယ်အစား အလိုက် ရှင်းလင်းခြင်း နှင့် ခွဲထုတ်ခြင်း | |
| **ကျောက်စရစ် များဖြင့် ရေစိမ့် ဝင်စေခြင်း** | | | | ရေစိမ့်ဝင်သည့်ပိုက်လိုင်းများ (၂)ကို ထပ်တိုး ခြင်း | | ရေစိမ့်ဝင်သည့် ပိုက် များကို ပြန်လည် ပြုပြင်ခြင်း |
| **မစင် အခြောက် သိုလှောင်ရုံ** | | | သိုလှောင် ခန်း နှစ်ခန်း ထပ်တိုး ခြင်း | သိုလှောင်ရုံ အဟောင်း၏ ကွန်ကရစ် နံရံ နှင့် အမိုးများ ကို ပြန်လည် ပြုပြင်ခြင်း | နံရံတစ်ခုပြန်လည်ပြုပြင်ခြင်း | အခန်းအသစ် (၅) ခန်း ဆောက်လုပ်ခြင်း |

| | | | | | | |
|---|---|---|---|---|---|---|
| **မီးရှို့စက်** | | မီးရှို့စက်အသစ်ဆောက်လုပ်ခြင်း | | | ရှိပြီးသား မီးရှို့စက်၌ မီးခိုးခေါင်းတိုင် တိုးချဲ့ တပ်ဆင်ခြင်း | ဒုတိယ မီးရှို့စက် တစ်လုံး ဆောက်ခြင်း ၊ ဒုတိယ မီးရှို့စက်၌ မီးခိုး ခေါင်းတိုင် တိုးချဲ့ တပ်ဆင်ခြင်း |
| **ရေစင်** | | ရေစင်ကို စတီး ချောင်းများ ဖြင့် ပိုမို တောင့်တင်းအောင် ပြုပြင် တည်ဆောက်ခြင်း | | | | |
| **သိုလှောင်ရုံ** | | | | သိုလှောင်ရုံ အဟောင်းကို ပြန်လည် ပြုပြင်ခြင်း | သိုလှောင်ရုံအသစ် ဆောက်လုပ်ခြင်း ၊ မီးရှို့ထင်းနှင့် အခြားသော ပစ္စည်းများ ထားရန် ယာယီ သိုလှောင်ခန်း တစ်ခန်း ဆောက်လုပ်ခြင်း | |
| **ရေချိုးခန်း** | | | | | ခေါင်မိုးနှင့် နံရံများအပါအဝင် ရေချိုးခန်းတစ်ခုလုံး ပြန်လည် ပြုပြင်ခြင်း | |
| **ရုံးခန်း** | | | | | ခေါင်မိုးနှင့် ဝါးနံရံများကို ပြန်လည် ပြုပြင်ခြင်း | ခေါင်မိုးနှင့် ဝါးနံရံများကို ပြန်လည် ပြုပြင်ခြင်း |
| **STS ခြံ** | | STS ခြံ တစ်ခုလုံး ကိုခြံစည်းရိုး ပြုပြင် တပ်ဆင်ခြင်း | | | | |
| **ဓာတ်ခွဲခန်း** | | | | တပ်ဆင်ခြင်း | | |


**ပုံ ၁ - STS အစိတ်အပိုင်းများကို အချိန်ကာလအလိုက်ဆောက်လုပ်ခြင်းများအား နှစ်များဖြင့်ဖော်ပြခြင်း**

# ၄. နည်းပညာပိုင်းဆိုင်ရာဖော်ပြချက်


## ၄.၁ STS ကို ခြုံငုံဖော်ပြခြင်း

မစင်အညစ်အကြေးများ စွန့်ပစ်ဖျက်ဆီးသည့်နေရာ (STS) ကို ၂၀၁၄ ခုနှစ်ကတည်းက စတင်လည်ပတ်ခဲ့ပါသည်။ ယင်းစက်ရုံ သည် ဖိအားများကြောင့် နေရာစွန့်ခွာထွက်ပြေးလာရသော လူပေါင်း (၉) သောင်းခန့်ရှိသည့် စစ်တွေဒုက္ခသည်စခန်းရှိ မစင် အညစ်အကြေးများကို တစ်ပတ်လျှင်ခြောက်ရက် ဖျက်ဆီးစွန့်ပစ်ပါသည်။ လက်ရှိလုပ်ငန်းလည်ပတ်မှုအနေအထားကို ရောက်ရှိနိုင်ရန်အတွက် ပြီးခဲ့သည့်နှစ်များအတွင်း တိုးတက်ပြောင်းလဲမှုပေါင်းများစွာကို လုပ်ဆောင်ခဲ့ကြရပါသည်။ မစင်များကို တွင်းအိမ်သာများမှ စုပ်ထုတ်ပြီး ၁.၅ ကုဗမီတာရှိသည့် ပလတ်စတစ်တိုင်ကီ များတွင်းသို့ထည့်ကာ မစင် အညစ်အကြေးများ စွန့်ပစ်ဖျက်ဆီးသည့်နေရာ (STS) သို့ ထရော်လာဂျီများဖြင့် သယ်ယူပို့ဆောင်ပါသည်။

STS တွင် ပလတ်စတစ် တိုင်ကီ များကို မစင်သွန်ချသည့်နေရာရှိ လက်ခံရယူသော ကန်များအတွင်းသို့ သွန်ချပြီး ပမာဏကို တိုင်းတာပါသည်။ ထို့နောက် မစင်များကို တပြိုင်နက်တည်း လည်ပတ်နေသည့် မစင်သိုလှောင်ကတော့ကြီး နှစ်ခုအသွင်းသို့ တိုက်ရိုက် စိုက်ရောက်စေပါသည်။ ထိုနေရာတွင် မစင်များကို အရည်နှင့် ပိုမိုခဲနေသည့် အပိုင်းများအဖြစ် နှစ် ပိုင်း ခွဲပါသည်။ အရည်များသည် Anaerobic Baffled Reactor (အောက်စီဂျင်မဲ့စနစ်ဖြင့် အရည်ထိန်းသိမ်းထားသော ဓါတ်ပေါင်းဖို) အတွင်းသို့ ဝင်ရောက်သွားပြီး ၎င်းနှင့်အတူရောက်ရှိနေသည့်မစင်များတွင် ပါဝင်သည့် အနုဇီဝပိုးမွှားများကြောင့် ဇီဝပစ္စည်းများသည် ဘက်တီးရီးယားပိုးဖြင့် ဆွေးမြေ့ပျက်စီးခြင်း (Biodegradation) ဖြစ်ပေါ်ပါသည်။ ထို့နောက် ရေပြင်ညီစီးဆင်းသည့် ကျောက်စရစ်ဂွင်များထံသို့ရောက်ရှိပြီး ပါဝင်သည့်ပြင်ပအရာဝတ္ထုများကို စစ်ထုတ်ကာ အနုဇီဝပိုးမွှားများသည် အော်ဂဲနစ် များအဖြစ် ထပ်မံဆွေးမြေ့သွားစေပါသည်။ ထို့နောက်ရေဆိုးများသည် အနည်ကျကန်များအတွင်းသို့ရောက်ရှိပြီး ဆိုလာမီး၊ လေ၊ အနုဇီဝပိုးမွှားများ၊ ရေညှိ စသည့်တို့၏လွှမ်းမိုးမှုဖြင့် သဘာဝအလျောက်ပျက်စီးသွားစေပါသည်။ ထို့နောက် ၎င်းတို့ကို ရေစိမ့်ဝင်သည့်ကန်များကတစ်ဆင့် မြေကြီးအတွင်းသို့ စိမ့်ဝင်ရောက်ရှိစေပါသည်။ မစင်သိုလှောင်ကတော့ကြီး များအတွင်း ရှိနေသည့် ပိုမိုထူထဲသော မစင်များကို မစင်အခြောက်ခံသည့် အခန်းများသို့ ပြောင်းလဲပို့ဆောင်ပြီး အရည်ကို ထိုအခန်း၏ အောက်ခြေသို့ သဲနှင့် ကျောက်စရစ်များမှတဆင့် စုပ်ယူပြီးစိမ့်ဝင်စေပါသည်။ ထိုအခါ မစင်များ၏ မျက်နှာပြင်ပေါ် တွင် အငွေ့ပြန်မှုဖြစ်ပေါ်ပါသည်။ ထိုအရည်များကို ရေပြင်ညီစီးဆင်းသည့်ကျောက်စရစ်ဂွင်နှင့် ရေစိမ့်ဝင်သည့် ပိုက်လိုင်းများ မှ တစ်ဆင့် စီးဆင်းစေပါသည်။ မစင်ခြောက်လှန်းသည့်အခန်းတွင်းရှိ မျက်နှာပြင်ပေါ်တွင် ကျန်ရှိနေသော မစင်ခြောက်များကို လက်ဖြင့် ကောက်ယူဖယ်ရှားပြီး ထပ်မံအခြောက်လှန်းရန်အတွက် မစင်သိုလှောင်ရုံတွင် ထားရှိပါသည်။ ထို့နောက် မီးရှို့ ပြာချပြီး ထိုပြာများကို လယ်သမားများ မြေဆီလွှာပြုပြင်ရာတွင် အသုံးပြုရန် ပေးအပ်ပါသည်။




ပုံ ၂ - လက်ရှိလည်ပတ်နေသည့်စနစ်ကို ခြုံငုံဖော်ပြခြင်း




ပုံ ၃ - လည်ပတ်မှုစနစ်အသစ်ကို ခြုံငုံဖော်ပြခြင်း




ပုံ ၃ - STS မြေပုံ

SOLIDARITÉS INTERNATIONAL


OXFAM

| | |
|---|---|
| ၁. မစင်သွန်ချသည့်နေရာ | ၇. မစင်အခြောက်ခံသည့်အခန်း |
| ၂. မစင်သိုလှောင်ကတော့ကြီး | ၈. မစင်ခြောက်သိုလှောင်ရုံ(X15) |
| ၃. ABR | ၉. မီးရှို့စက် (X2) |
| ၄. ကျောက်စရစ်ဇွင် ၁ | ၁၀. ကျောက်စရစ်ဇွင် ၂ |
| ၅. အနည်ကျကန် | ၁၁. ရေစိမ့်ဝင်သည့်ပိုက်လိုင်းများ |
| ၆. ရေစိမ့်ဝင်ကန် | ၁၂. အထိန်းကန် (အသုံးမပြုပါ) |


## ၄.၂ မစင်ရွေ့လျားသည့်လိုင်း အစိတ်အပိုင်းများ

### ၄.၂.၁ မစင်သွန်ချသည့်နေရာ

မစင်သွန်ချသည့်နေရာသည် STS ၏ ပထမဆုံးအပိုင်းဖြစ်ပြီး ထရော်လာဂျီများက ပလတ်စတစ် တိုင်ကီ များ၏ နောက်တွင် ရှိသည့် ဘားများကို ဖွင့်ချခြင်းဖြင့် သွန်ချသည့်နေရာဖြစ်ပါသည်။ မစင်သွန်ချသည့်နေရာတွင် ပလတ်စတစ် တိုင်ကီ များကို သွန်ချသည့် ကွန်ကရစ်ကန် အလွတ်နှစ်ခုရှိပြီး အစိုင်အခဲ စွန့်ပစ်ပစ္စည်းများကို ဖယ်ရှားပေးသည့် အကာတစ်ခု၊ လမ်းကြောင်းတစ်ခုနှင့် မျက်နှာပြင်ပေါ်ရှိအညစ်အကြေးအဖတ်များကို စုစည်းပေးသည့် မစင်ထုတ်ပွန်ပါ ကန်တစ်ခု ပါဝင်ပါသည်။ သွန်ချသည့် ပမာဏကို သစ်သားတုတ်ချောင်းဖြင့်တိုင်းတာပြီး မှတ်စုစာအုပ်တွင် မှတ်တမ်းတင်ပါသည်။ ထို့နောက် အပတ်စဉ် “SitRep” အစီရင်ခံစာတွင် ထည့်သွင်းမှတ်တမ်းတင်ပါသည်။





ပုံ ၅ - မစင်သွန်ချသည့်နေရာပုံစံ




<u>မစင်သွန်ချသည့်နေရာ၏ အဓိကရည်ရွယ်ချက်နှင့် လျှော့ချခြင်း</u>


### ၄.၂.၂ မစင်သိုလှောင်ကတော့ကြီး




ပုံ ၆ - မစင်သိုလှောင်ကတော့ကြီး၏ လည်ပတ်ပုံကို ပုံဖြင့်ပြသခြင်း

မစင်သိုလှောင်ကတော့ကြီး (HBT) သည် STS ၏ ဒုတိယမြောက် အစိတ်အပိုင်းဖြစ်ပါသည်။ ယင်းသည် အဓိကအားဖြင့် အနယ်အနှစ်များနှင့် မျောပါနေသည့်အော်ဂဲနစ်မဟုတ်သော ပစ္စည်းများကို စက်ပိုင်းဆိုင်ရာဖြင့် ပထမဆုံးပြုပြင်ခဲ့ထုတ်သည့် နေရာဖြစ်ပါသည် (တည်ရှိနေသည့် အနယ်အနှစ်များကို အနုဇီဝပိုးမွှားများဖြင့် ဆွေးမြေ့စေခြင်းလည်း တစ်စိတ်တစ်ပိုင်း ပါဝင် ပါသည်)။ မစင်သိုလှောင်ကတော့ကြီးသည် ကတော့ပုံစံဖြစ်ပြီး မစင်များကို ထိပ်ပိုင်းမှ ဝင်ရောက်စေပြီး အတွင်းတွင် မစင် အဖတ်များ စီးဆင်းမှု အနှောက်အယှက်မဖြစ်စေရန် (ဒုလုံးရှည်) စလင်ဒါပုံစံ စက်ဝိုင်း တစ်ခု ခံထားသည်။ အစိုင်အခဲနှင့် မစင် များသည် အောက်ခြေတွင် အနည်ထိုင်သွားပြီး အဖတ်များ (အဆီများနှင့် ၊ တိရိစ္ဆာန်အဆီများကဲ့သို့ ပေါ့ပါးသည့်အရာများ) သည် မျက်နှာပြင်ပေါ်သို့ တက်သွားသည်။ ထိုအဖတ်များ အရည်စွန့်ထုတ်သည့်ပိုက်အတွင်းသို့ စီးဝင်သွားခြင်းမရှိစေရန် အတွက် အဖတ်တားသည့် ဘုတ်ပြားတစ်ခုခံထားပါသည်။ အစိုင်အခဲများစွန့်ထုတ်သည့် ပိုက်သည် အောက်ခြေတွင် ချိတ်ဆက်ထားပြီး အစိုင်အခဲများကို အပြင်သို့ ဟိုက်ဒရောလစ် ဖိအားဖြင့် တွန်းထုတ်ပါသည်။


မစင်သိုလှောင်ကတော့ကြီး၏ ရည်ရွယ်ချက်မှာ မစင်များကို မစင်အခြောက်ခံသည့်အခန်းတွင် အခြောက်လှန်းရန်အတွက် မစင်များအတွင်း လုံးဝဥသုံအစိုင်အခဲဖြစ်နေသည်များ (Total solids) မှ ပျော်ဝင်နိုင်သွားသည်များကို လျှော့ချနိုင်ရန်ဖြစ် သည်။ မှတ်ချက်- ထို Total solids (TS) များကို ပျော်ဝင်ပျက်စီးသွားခြင်းမဖြစ်နိုင်သည့်အမှုန်အမွှားများ (Total Suspended Solids, TSS) များဖြင့် မရောထွေးစေလိုပါ။




<u>မစင်သိုလှောင်ကတော့ကြီး၏ အဓိကရည်ရွယ်ချက်နှင့် လျှော့ချပုံ</u>

## ၄.၃ အရည်လိုင်း အစိတ်အပိုင်းများ


### ၄.၃.၁ Anaerobic Baffled Reactor (ABR) (အောက်စီဂျင်မဲ့စနစ်ဖြင့် အရည်ထိန်းသိမ်းထားသော ဓါတ်ပေါင်းဖို)




ပုံ ၇ - ABR လည်ပတ်သည့်ပုံ


Anaerobic Baffled Reactor (ABR) သည် STS တွင်း အရည်အညစ်အကြေးများကို ပြုပြင်သည့်လိုင်း၏ ပထမဆုံး အစိတ်အပိုင်းဖြစ်သည်။ ယင်းသည် အနည်ကျနေသည့် မစင်များတွင် ပါဝင်သည့် အနုဇီဝပိုးမွှားများဖြင့် ဆွေးမြေ့သွားစေပြီး အော်ဂဲနစ်ပစ္စည်းများ ဖြစ်အောင်ပြုလုပ်သည့် ဒုတိယမြောက်ဇီဝဖြစ်စဉ်လုပ်ဆောင်ချက်ဖြစ်သည်။ ABR တွင် အစဉ်လိုက် ရှိနေသည့်အခန်း (၁၂) ခန်းပါဝင်သော အတန်းလေးတန်းရှိပြီး တစ်ခန်းစီတိုင်းတွင် မစင်များအတွင်းသို့ဝင်ရန် ပိုက်နှစ်ခုစီနှင့် အထွက်ပိုက်တစ်ခုစီပါဝင်ပါသည်။ အခန်းတစ်ခုချင်းစီ၏ အဝင်ပိုက်နေရာတွင် အောက်သို့အပိုင်ချထားသော ပိုက်သုံးခုစီရှိပြီး ဝင်ရောက်လာသည့်အညစ်အကြေးများကို ထိုအခန်းများအောက်ခြေသို့စီးဝင်စေသည်။ စီးဝင်လာသည်များကို အောက်စီဂျင် မလိုသည့် ဘက်တီးရီးယား (Anaerobic bacteria) များပါရှိနေသည့် မစင်များမှတဆင့် စီးဆင်းဖြတ်သန်း စေပြီး ဝင်ရောက် လာသည့် မစင်များကို အော်ဂဲနစ်ပစ္စည်းများအဖြစ် ပြောင်းလဲသွားစေရန်ဖြစ်သည်။ နောက်ဆုံးအတန်းလေးခုမှ အခန်းများ တွင် ကြားခံစစ်ထုတ်ကိရိယာတစ်ခုစီပါဝင်ပြီး ထိုစစ်ထုတ်ကိရိယာသည် အောက်စီဂျင်မဲ့စစ်ထုတ်ကိရိယာ (anerobic filter) သို့မဟုတ် ပုံသေတပ်ဆင်ထားသောဇီဝဗေဒဆိုင်ရာ ပေါင်းဖို (fixed-bed biological reactor) တစ်ခုဖြစ်ပါသည်။ အရည် အညစ်အကြေးများသည် ထိုစစ်ထုတ်ကိရိယာကိုဖြတ်၍ စီးဆင်းချိန်တွင် အမှုန်အမွှားများကို ဖမ်းယူထားပြီး ထိုစစ်ထုတ် ကိရိယာ၏ မျက်နှာပြင်တွင် ချိတ်ဆက်ပါရှိသော သက်ရှိဇီဝပိုးမွှား(Biomass)များကြောင့် အော်ဂဲနစ်ပစ္စည်းများအဖြစ်သို့ ကူးပြောင်းရောက်ရှိသည်။

ဤအဆင့်၏ ရည်ရွယ်ချက်မှာ ဓာတုဗေဒအောက်စီဂျင်လိုအပ်ချက် (Chemical Oxygen Demand, COD) ကို လျှော့ချနိုင်ရန် ဖြစ်ပါသည်။ ညစ်ညမ်းသောပစ္စည်းများသည် အောက်ခြေတွင် အနည်ထိုင်ကျန်ခဲ့ပြီးနောက် အခြောက်လှန်းသည့် အခန်းသို့ ပို့လွှတ်အခြောက်ခံပါသည်။




ABR ၏ အဓိကရည်ရွယ်ချက်နှင့် လျှော့ချပုံ

## ၄.၃.၂ ကျောက်စရစ်ဂွင် (၁)




**ပုံ ၈ - စံသတ်မှတ်ထားသော ကျောက်စရစ်ဂွင်တစ်ခု၏ လုပ်ငန်းလည်ပတ်သည့်ပုံစံ**

ရေပြင်ညီစီးဆင်းသော ကျောက်စရစ်ဂွင် (HFCW) များသည် STS အတွင်း အရည်အညစ်အကြေးများ ပြုပြင်သည့်လိုင်းတွင် ပါဝင်သည့် ဒုတိယအစိတ်အပိုင်း ဖြစ်ပါသည်။ ယင်းတွင် ကျောက်စရစ်ခဲများ၊ သဲများခင်းထားသည့် ကြီးမားသော ကန်ကြီး နှစ်ခုပါဝင်ပြီး စိမ့်မြေ သဘာဝပေါက်ပင်များ စိုက်ပျိုးထားပါသည်။ ထိုကန်တွင်းသို့ အညစ်အကြေးများ ရေပြင်ညီ စီးဆင်းချိန်တွင် စစ်ထုတ်သည့်ပစ္စည်းများသည် အမှုန်အမွှားများကို စစ်ထုတ်ပြီး အနုဇီဝပိုးမွှားများက အော်ဂဲနစ်များအဖြစ် သို့ ပြောင်းလဲသွားစေသည်။ ကြားခံစစ်ထုတ်သည့်ကိရိယာသည် -

- အစိုင်အခဲများကို ဖယ်ရှားစစ်ထုတ်ခြင်း
- ဘက်တီးရီးယားပိုးများ တွယ်ညီနိုင်သည့် ပုံသေတပ်ဆင်ထားသော မျက်နှာပြင်တစ်ခု
- နှင့် အပင်များအတွက် အောက်ခံပစ္စည်းတစ်ခုအဖြစ် ဆောင်ရွက်ပါသည်။

ဖန်တီးထားသော အောက်စီဂျင်မလိုသည့် ဘက်တီးရီးယားပိုးမွှားများသည် အော်ဂဲနစ်များအဖြစ်အများစုကို ပြောင်းလဲပေးနိုင် သော်လည်း စိုက်ထားသည့်အပင်များသည် ၎င်းတို့၏အမြစ်များထံသို့ အောက်စီဂျင်ပမာဏအနည်းငယ်ကို ပေးပို့ခြင်းဖြင့် အောက်စီဂျင်လိုအပ်သော ဘက်တီးရီးယားများသည် ထိုနေရာတွင် ပေါက်ဖွားပြီး အော်ဂဲနစ်များအဖြစ်ပြောင်းလဲခြင်းကို အထောက်အပံ့ပေးသည်။ အပင်များ၏ အမြစ်များသည် စစ်ထုတ်ကိရိယာအတွင်းသို့ စိမ့်ဝင်မှုကောင်းစေရန် အရေးကြီး အခန်းကဏ္ဍက ပါဝင်ပါသည်။


ABR အတွင်း ကြိုတင်ပြုပြင်ပြောင်းလဲခဲ့သည့် အညစ်အကြေးများသည် အပေါက်များဖောက်ထားသည့် ပိုက်စနစ်များမှ တစ်ဆင့် ကျောက်စရစ်ဂွင်မျက်နှာပြင်ပေါ်သို့ အဆက်မပြတ်စီးဝင်ပါသည်။ ရေများသည် ကျောက်စရစ်ဂွင်၏ အခြား အောက်ခြေတစ်ဖက်သို့ရောက်ရှိအောင် စစ်ထုတ်ထားသည့်အလွှာကိုဖြတ်၍ ရေပြင်ညီစီးသွားပြီး ရေဆိုးထုတ်ပိုက်စနစ်သို့ စုစည်းရောက်ရှိပါသည်။ ထိုရေဆိုးများကို ဇီဝဗေဒနည်း၊ သဘာဝနည်းနှစ်မျိုးစလုံးပေါင်းစပ်၍ ပြုပြင်ပြောင်းလဲပါသည်။

ဤအဆင့်၏ရည်ရွယ်ချက်သည် ပျက်စီးရန်မလွယ်ကူသည့် အမှုန်အမွှား (TSS) များ၊ ဓာတုဗေဒအောက်စီဂျင်လိုအပ်ချက် (COD)များ၊ သြဇာဓါတ် (NO3၊ NH4) နှင့် မီးစုန်းဓါတ် (ဖော့စဖရပ်စ်) (P) များကို လျှော့ချရန် လုပ်ဆောင်ခြင်းဖြစ်ပါသည်။

| TS, COD, NO3, NH4 & P တို့ကို လျှော့ချခြင်း | လျှော့ချချက်များ - TSS (74%), COD(34.65%), NO3(30.43%), NH4(18.02%), P(28%) |
|---|---|

ကျောက်စရစ်ဂွင် (၁) ၏ အဓိကရည်ရွယ်ချက်နှင့် လျှော့ချပုံ

### ၄.၃.၃ အနည်ကျကန်




ပုံ ၉ - အနည်ကျကန်၏ လည်ပတ်သည့်ပုံစံ

အနည်ကျကန်များသည် STS အတွင်း အရည်အညစ်အကြေးများ ပြုပြင်သည့်လိုင်းတွင် ပါဝင်သည့် ဒုတိယအစိတ်အပိုင်း ဖြစ်ပါသည်။ ယင်းတွင် ကြီးမားပြီးလူတို့ပြုလုပ်ထားသည့် ရေကန်ကြီးနှစ်ခုပါဝင်ပြီး အညစ်အကြေးများကို ဆိုလာမီး၊ လေ၊ အနုဇီဝပိုးမွှားများ၊ ရေညှိ စသည်တို့ဖြင့် သဘာဝတရားအတိုင်း ပြုပြင်ပြောင်းလဲမှုဖြစ်စေသည်။

မျက်နှာပြင်ပေါ်တွင် ပေါက်နေသည့် ရေညှိများသည် ရေများကို အောက်စီဂျင်များထုတ်ပေးပြီး အော်ဂဲနစ်အညစ်အကြေးများ ကို အောက်စီဂျင်ဖြင့် ဓာတ်ပြုခြင်းဖြစ်စေသည်။ ရေညှိများ၏ လုပ်ဆောင်မှုကြောင့် pH များသည် အချို့သော ပသိုဂျင် ဓာတ် များကို အသက်မဲ့စေပြီး အမိုးနီးယားဓာတ်ငွေ့များကို အငွေ့ပျံစေပါသည်။


အဆင့်၏ ရည်ရွယ်ချက်သည် ပသိုဂျင်ပါဝင်သော ဘက်တီးရီးယားများနှင့် ရောဂါပိုး (ဗိုင်းရပ်စ်) များ (အထူးသဖြင့် အီကိုလိုင်း နှင့် သန်ကောင်ဖြစ်စေသည့် Helminth ဥများ) ထိုနည်းတူစွာ အမိုးနီးယားဓာတ်ကို ဖယ်ထုတ်ခြင်းဖြစ်ပါသည်။ အနည်ကျမှု ကြောင့် လုံးဝဥသုံ အစိုင်အခဲဖြစ်နေသည့်အရာများလည်း လျော့ကျသွားစေပါသည်။




<u>အနည်ကျကန် ၏ အဓိကရည်ရွယ်ချက်နှင့် လျှော့ချပုံ</u>

### ၄.၃.၄ ရေစိမ့်ဝင်ကန်


STS အတွင်း အရည်အညစ်အကြေးများ ပြုပြင်သည့်လိုင်းတွင် ပါဝင်သည့် နောက်ဆုံးအစိတ်အပိုင်းမှာ ရေစိမ့်ဝင်သည့် ကန်များ ဖြစ်ပါသည်။ အညစ်အကြေးများသည် မြေကြီးများအတွင်းသို့ စိမ့်ဝင်ကန်နှစ်ခုမှ တစ်ဆင့်စိမ့်ဝင်ကြပြီး အလှည့်ကျ လည်ပတ်ပါသည်။





ပုံ ၁၀ - အနည်ကျကန်၏ ပုံစံ

## ၄.၄ မစင်လိုင်း (အစိုင်အခဲ)

### ၄.၄.၁ မစင်ခြောက်လှမ်းသည့်အခန်း




ပုံ ၁၁ - စံသတ်မှတ်ထားသည့်အခြောက်လှန်းသည့် အခန်းတစ်ခုလည်ပတ်သည့်ပုံစံ (အလွတ်)




ပုံ ၁၂ - စံသတ်မှတ်ထားသည့်အခြောက်လှန်းသည့် အခန်းတစ်ခုပုံစံကိုဘေးတိုက်တွေ့မြင်ရပုံ (မစင်အပြည့်ဖြင့်)

အခြောက်လှန်းသည့်အခန်းများသည် STSမစင်များကိုပြုပြင်ကုသမှုပေးသည့်လိုင်းများ၏ ပထမဆုံးအစိတ်အပိုင်းဖြစ်ပါသည်။ ၎င်းတို့ သည် တိမ်ပြီး သဲနှင့် ကျောက်စရစ်များပါဝင်သော အပင်များစိုက်ပျိုးထားခြင်းမရှိသည့် ကြမ်းခင်းတွင် စစ်ထုတ်မှုပြုလုပ်ခြင်း များ ဖြစ်ပါသည်။ အောက်ခြေမှ ရေစီးထွက်သည့်ပိုက်တစ်ခုသည် အောက်ခြေအခင်းအောက်တွင်ရှိပြီး leachate (ဖြတ်သန်းစီးဆင်းမှုလမ်းတစ်လျှောက်တွင် ပျော်ဝင်နိုင်သည်များကို


စုပ်ယူလာသည့်ရေဆိုးများ) ကို နောက်ထပ်ပြောင်းလဲ ပြုပြင်ကုသမှု ပြုလုပ်မည့် အပိုင်းသို့ သယ်ဆောင်သွားပေးပါသည်။ မစင်သိုလှောင်သည့် ကတော့ကြီး (HBT) မှ မစင်များကို ( အခြားသော အစိတ်အပိုင်းများဖြစ်သည့် မစင်သွန်ချသည့်အခန်း၊ ABR၊ ကျောက်စရစ် ဂွင်နှင့် အနည်ကျကန်များတွင် မစင်များဆယ်ယူရာမှ ရရှိသည့်မစင်များ) ကို ဤအခန်းမျက်နှာပြင်ပေါ်သို့ သွန်ချပြီး ဖောက်ထုတ်ပါသည်။ အခြောက်လှန်း သည့်လုပ်ငန်းစဉ်သည် အခန်းအောက်ခြေတွင်ရှိသည့် သဲနှင့် ကျောက်စရစ်ခဲများမှ တစ်ဆင့်အရည်များကို ဖောက်ထုတ်ခြင်း နှင့် မစင်မျက်နှာပြင်ပေါ်တွင်ရှိနေသည့် အရည်များကို အငွေ့ပျံသွားစေခြင်းများအပေါ်တွင် အခြေခံထားပါသည်။ ထို့နောက် leachate ရေဆိုးများသည် ရေပြင်ညီစီးဆင်းပြီး ကျောက်စရစ် ဂွင်သို့ တိုက်ရိုက်ရောက်ရှိပါသည်။ လိုအပ်သည့် ခြောက်သွေ့မှုရရှိပြီးနောက် မစင်များကို ထိုအခန်းအတွင်းမှ လက်ဖြင့် ဆယ်ယူဖယ်ရှားပါသည်။

### ၄.၄.၂ မစင်ခြောက်သိုလှောင်ရုံ

ယင်းသည် STS အတွင်း မစင်များကို ပြုပြင်ကုသသည့်လိုင်းများ၏ လေးခုမြောက်အစိတ်အပိုင်းဖြစ်ပါသည်။ အခြောက်လှန်းထား သည့် အခန်းတွင်းမှ မစင်များကို ထပ်မံအခြောက်လှန်းရန် သိမ်းဆည်းထားသည့်နေရာဖြစ်ပါသည်။

### ၄.၄.၃ မီးရှို့စက်

ယင်းသည် STS အတွင်း မစင်များကို ပြုပြင်ကုသသည့်လိုင်းများ၏ ငါးခုမြောက်အစိတ်အပိုင်းဖြစ်ပါသည်။ မစင်များကို မီးရှို့ပြီး ရရှိ လာသည့်ပြာများကို မြေဆီလွှာပြုပြင်ရာတွင် အသုံးပြုနိုင်ရန်အတွက် လယ်သမားများကို ပေးအပ်ပါသည်။




ပုံ ၁၃ - မီးရှို့စက်တစ်ခု၏ 3D ရုပ်ပုံ

## ၄.၅ မစင်လိုင်း (အရည်)

### ၄.၅.၁ ဒုတိယ ကျောက်စရစ်ဝွင်

ဒုတိယကျောက်စရစ်ဝွင်သည် STSအတွင်းမစင်များကိုပြုပြင်ကုသသည့်လိုင်းများ၏ ဒုတိယမြောက်အစိတ်အပိုင်းဖြစ်ပါသည်။ ယင်းအစိတ်အပိုင်းတွင် မစင်အခြောက်လုန်းသည့် အခန်းရှိ leachate များကို ပြုပြင်ပြောင်းလဲပါသည်။ ယင်းသည် ရေပြင်ညီ ကျောက်စရစ်ဝွင်နှင့်တူညီသော အစိတ်အပိုင်းဖြစ်ပါသည်။

### ၄.၅.၂ ရေစိမ့်ဝင်သည့်မြောင်းများ (၂)




- ပုံ ၁၄ - ရေစိမ့်ဝင်သည့်ပိုက်လိုင်းများ၏ လည်ပတ်မှုစံပုံစံ

ယင်းသည် STS အတွင်း မစင်များကို ပြုပြင်ကုသသည့်လိုင်းများ၏ တတိယမြောက်အစိတ်အပိုင်းဖြစ်ပါသည်။ ရေဆိုးများသည် ကျောက်စရစ်ခဲများဖြင့် ဖြည့်ထားသည့် မြောင်းများအတွင်းရှိ ရေစိမ့်ဝင်ပိုက်များကိုဖြတ်၍ မြေကြီးအတွင်းသို့ စိမ့်ဝင်ပါသည်။

# ၅. လုပ်ငန်းလည်ပတ်မှု

## ၅.၁ အထွေထွေ

လုပ်ငန်းလည်ပတ်သည့်အချိန် - မနက် ၅ နာရီမှ ညနေ ၅ နာရီ

နေ့လည်စာနားချိန်၊ အဆိုင်းနှစ်ဆိုင်း - မွန်းတည့် ၁၂ နာရီမှ နေ့လည် ၁ နာရီ၊ နေ့လည် ၁ နာရီမှ ၂ နာရီ

<u>ဝန်ထမ်းအင်အား</u>

STS တာဝန်ခံတစ်ဦးနှင့် အလုပ်သမား ၉ ဦး - တနင်္လာနေ့မှ ကြာသာပတေး - တာဝန်ခံတစ်ဦးနှင့် အလုပ်သမား ၉ ဦး၊ သောကြာမှ စနေ - တာဝန်ခံတစ်ဦးနှင့် အလုပ်သမား ၄ ဦး သို့မဟုတ် ၅ ဦး။

သန့်ရှင်းရေးဆိုင်ရာတာဝန်ခံသည် STS တာဝန်ခံ အနားယူသည့်ရက်တွင် အစားထိုးတာဝန်ယူပေးပါသည်။

STS နှင့် မစင်ဆယ်ယူသည့်လုပ်ငန်းများကို ကြီးကြပ်ရန်အတွက် သန့်ရှင်းရေးဆိုင်ရာ ကြီးကြပ်ရေးမှူးတစ်ဦးရှိပါသည်။ နေ့နှင့် ညတွင် အစောင့်ထားရှိပါသည်။

<u>မှတ်တမ်းတင်ခြင်း</u>

STS တွင် မှတ်တမ်းစာအုပ်တစ်ခုထားရှိပြီး STS အတွင်းပြုလုပ်ခဲ့သည့် ပြုပြင်ထိန်းသိမ်းရေးနှင့် အဆင့်မြှင့်တင်ခြင်း အလုပ် များအားလုံးကို မှတ်တမ်းတင်ပါသည်။

အပတ်စဉ်လုပ်ငန်းလည်ပတ်မှုစာရွက်များကို STS အရာရှိကဖြည့်သွင်းပြီး STS အတွင်းလည်ပတ်လုပ်ဆောင်သည့် အလုပ်တာဝန်အားလုံးကို မှတ်တမ်းတင်ပါသည်။

| | | OPERATION BOOK - WEEK | | | | | | |
|---|---|---|---|---|---|---|---|---|
| DAILY | Dumping station | Remove the scum accumulated in the tank every morning before the first tractor | | | | | | |
| | *HBT* | Remove the scum before opening the solid outlet | | | | | | |
| | | Number of times the solid outlet was opened | | | | | | |
| | | Height emptied from each HBT | | | | | | |
| | | Clean the inlet and outlet liquid pipes | | | | | | |
| | *CW1* | Ensure the inlet pipes flow is evenly distributed | | | | | | |
| | | Clean the inlet pipes | | | | | | |
| | *Infiltration* | Alternate the basins opening at 12:30pm and 5pm | | | | | | |
| | *Drying beds* | Clean the distribution channel after the opening of the HBTs | | | | | | |
| | | The HBT was desludged on bed number: | | | | | | |
| | *Sludge storage* | Turn the sludge piles to ensure a better drying of all the sludge | | | | | | |
| | *Sec CW* | Ensure the inlet pipes flow is evenly distributed | | | | | | |
| | | Clean the inlet pipes | | | | | | |
| | *Incineration* | Quantity of buckets incinerated | | | | | | |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| WEEKLY | *All STS* | Sweep the concrete surface and platforms of all modules | | | | | | |
| | | Clean the outside of all the pipes | | | | | | |
| | | Clean the floor and tidy the equipment of the office | | | | | | |
| | | Inspect around the treatment modules and remove the plants and roots which might interfere and damage the infrastructure | | | | | | |
| | | Keep the STS clean: waste removing, stock tidying, etc. | | | | | | |
| | | Add water to the wormery twice a week | | | | | | |
| | *HBT* | Clean up accumulation of sludge on baffles, walls and channels | | | | | | |
| | | Clean the outside of the HBT | | | | | | |
| | | Ensure the inlet flows are equal | | | | | | |
| | *CW1* | Clean the inspection pits | | | | | | |
| | *Drying beds* | Remove the weeds and plant's roots | | | | | | |
| | *S CW* | Clean the inspection pits | | | | | | |
| | | Inspect the surface of the basin to ensure water level is below the surface | | | | | | |
| MONTHLY | *All STS* | Inspect the pipes for any leakages | | | | | | |
| | | Inspect the concrete parts of each treatment module and repair or report any leakages, cracks, settlement of structure, etc. | | | | | | |
| | | Clean the roof steel structures (dumping station and drying beds) | | | | | | |
| | | Keep the STS clean: grass cutting | | | | | | |
| ROUTINE | *All STS* | Add dried sludge to the wormery when the level is less than 6" | | | | | | |
| | *Dumping station* | Drain the settled sludge when it has accumulated to the height of 1' in the tank | | | | | | |
| | *ABR* | Remove the scum when its thickness reaches 2" | | | | | | |
| | | Remove the sludge when the layer has reached a thickness of 3'6" | | | | | | |
| | *CW1* | Remove the solid sludge on the surface when the flow is making a drainage | | | | | | |
| | *Maturation ponds* | Remove the sludge accumulated in the ponds when the level reaches 1' | | | | | | |
| | | Remove the solid waste accumulated in the pond | | | | | | |
| | *Infiltration* | Remove the solids built up at the bottom of the basins | | | | | | |
| | *Drying beds* | Top-up the sand layer when 2" are missing from the 14" high sand layer | | | | | | |
| | | The sludge was removed from bed number: | | | | | | |
| | *Sludge storage* | The dried sludge is stored in the unit number: | | | | | | |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | *Incineration* | The sludge was removed from unit number: | | | | | | |
| | | Quantity of ashes given to farmers (50kg rice bags) | | | | | | |

ပုံ ၁၅ - မှတ်တမ်းစာအုပ်ပုံစံ

## ၅.၂ လုပ်ငန်းလည်ပတ်မှုနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ထုံးလုပ်နည်းများ

<u>အထွေထွေ</u>

| **အချိန်ကာလအလိုက် ဆောင်ရွက်မှုများ** | **အလုပ်တာဝန်များ** |
|---|---|
| အပတ်စဉ်လုပ်ငန်းလည်ပတ်မှု | • အစိတ်အပိုင်းအားလုံးရှိ ကွန်ကရစ်မျက်နှာပြင်များ၊ စင်များ၊ ခုံများကို တံမြက်စည်း လှည်းခြင်း<br>• ပိုက်အားလုံး၏ ပြင်ပမျက်နှာပြင်များကို သန့်ရှင်းရေးပြုလုပ်ခြင်း<br>• ကြမ်းပြင်ကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် ရုံးခန်းတွင်းရှိပစ္စည်းကိရိယာများကို သပ်ရပ်သန့်အောင်ပြုလုပ်ခြင်း<br>• စက်ပစ္စည်းများကို စစ်ဆေးခြင်းနှင့် အခြေခံအဆောက်အအုံများကို ကြားဝင် နှောက်ယှက်ခြင်း၊ ပျက်စီးခြင်းများဖြစ်စေမည့် အပင်များ၊ အမြစ်များကို ဖယ်ထုတ် ရှင်းလင်းခြင်း<br>• STS ကို သန့်ရှင်းရေးပြုလုပ်ခြင်း - အမှိုက်များရှင်းခြင်း၊ ပစ္စည်းများကို စနစ်တကျ ထားသိုခြင်း - စသဖြင့်<br>• တီကောင်ထည့်ထားသည့်ပုံးများအတွင်းသို့ တစ်ပတ်လျှင်နှစ်ကြိမ် ရေထည့်ခြင်း |
| လစဉ်လုပ်ငန်းလည်ပတ်မှု | • ပိုက်များကိုစစ်ဆေးပြီး ယိုစိမ့်မှုများကို ပြုပြင်ခြင်း<br>• ကွန်ကရစ်အစိတ်အပိုင်းများတစ်ခုခြင်းစီကို စစ်ဆေးပြီး ပြုပြင်ခြင်း သို့မဟုတ် အစီရင်ခံခြင်း (ယိုစိမ့်ခြင်း၊ အက်ကွဲခြင်း၊ နေရာချထားမှု စသဖြင့်)<br>• STS ကို သန့်ရှင်းရေးပြုလုပ်ခြင်း (အမှိုက်များဖယ်ရှားခြင်း၊ မြတ်များရိတ်ဖြတ်ခြင်း)<br>• ခေါင်မိုးရှိ စတီးဖရိန်များကို သန့်ရှင်းရေးပြုလုပ်ခြင်း (မစင်သွန်ချသည့်နေရာနှင့် အခြောက်လှန်းသည့်အခန်းများ) |
| ပုံမှန်လုပ်ငန်းလည်ပတ်မှု | • အထူသည် ၆ လက်မထက်နည်းလာပါက တီကောင်ထည့်ထားသည့်ပုံးများအတွင်းသို့ မစင်ခြောက်များ ထည့်ပေးခြင်း |
| နှစ်ပတ်လည် ပြုပြင် ထိန်းသိမ်းရေး | • ပြင်းအားများသည့်ပိုက် သို့မဟုတ် ရေနှင့် ဘရပ်ရှ်ကိုအသုံးပြု၍ အပြင်နံရံများနှင့် ကွန်ကရစ် အစိတ်အပိုင်းများမှ အခင်းများ၊ ပျဉ်ပြားများကို သန့်ရှင်းရေးပြုလုပ်ခြင်း<br>• သတ္တုအစိတ်အပိုင်းများ သံချေးတက်တိုက်စားမှုကို ထိန်းချုပ်ခြင်း - သံတိုသံစများ သံချေးတက်ခြင်း၊ ဆေးသုတ်ထားသည့် သတ္တုမျက်နှာပြင်များ၊ ကွန်ကရစ်များ အားကောင်းစေရန်အသုံးပြုထားသည့် သံချောင်းများကို ပြုပြင်ခြင်း<br>• သံချေးတက်တိုက်စားမှုများကိုရှောင်ရှားနိုင်ရန်အတွက် ရေဆေးတစ်ထပ်နှင့် အရောင်တင်ဆေးနှစ်ထပ်ကို သတ္တုအစိတ်အပိုင်းများအပေါ်သုတ်လိမ်းခြင်း<br>• ပြင်ပရှိ PVC ပိုက်များကို ရာသီဥတုဒဏ်ခံနိုင်စေရန် ဆေးတစ်ထပ်သုတ်လိမ်းခြင်း |

### ၅.၂.၁ မစင်သွန်ချသည့်နေရာ

ထရော်လာဂျီများသည် ဆင်ခြေလျှောပေါ်သို့ နောက်ပြန်မောင်းတက်ပြီး မစင်သွန်ချသည့်နေရာသို့ရောက်ရှိသည်။ မစင်ကန်များကို ဘောဘားများဖွင့်ပြီး လက်ခံသည့် ကန်များအတွင်းသို့ သွန်ချသည် (ပုံ ၁၆)။ လက်ခံသည့် ကန်နှစ်ခု အတွင်းသို့ ထရော်လာဂျီနှစ်စီး တစ်ပြိုင်တည်းသွန်ချနိုင်သည်။ ပို့ဆောင်လာသည့် မစင်များ၏ပမာဏကို ထိုကန်များအတွင်း တိုင်းတာပြီးနောက် ဂိတ်ဘားကို ထပ်မံဖွင့်သည် (ပုံ ၁၆)။ ထိုပမာဏကို “WIDE စောင့်ကြည့်လေ့လာမှု” အစီရင်ခံစာနှင့် “ခါတ်ခွဲခန်းတွင် ခွဲခြမ်း လေ့လာမှု” မှတ်တမ်းများအတွင်း ထည့်သွင်းမှတ်သားသည်။



ပုံ ၁၆ - မစင်သွန်ချသည့်နေရာတွင် ထရော်လာဂျီများဖြင့် မစင်များသွန်ချခြင်းနှင့် လက်ခံသည့်ကန်များကို ဖောက်ထုတ်ခြင်း

**<u>လုပ်ငန်းလည်ပတ်ပုံနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ထုံးလုပ်နည်းများ</u>**

| အချိန်ကာလအလိုက် ဆောင်ရွက်မှုများ | အလုပ်တာဝန်များ |
|---|---|
| နေ့စဉ်လုပ်ငန်းများ | • ပထမဆုံး ထရော်လာဂျီရောက်မလာမီ မနက်တိုင်း ကန်အတွင်းတိုးပွားဖြစ်ပေါ် လာသည့် မစင်အဖတ်များကို ဖယ်ရှားခြင်း |
| ပုံမှန်လုပ်ငန်းလည်ပတ်မှုများ | • ဆန်ကာများရှိ တိုးပွားလာသည့် မစင်အဖတ်များကို သန့်ရှင်းရေးပြုလုပ်ခြင်း - မစင်များကို အခြောက်လှန်းသည့်အခန်းသို့ စွန့်ပစ်ခြင်း၊ အစိုင်အခဲ စွန့်ပစ်ပစ္စည်း များကို မစင်ခြောက်များနှင့်ခွဲ၍ မီးရှို့ပြာချခြင်း<br>• ကန်အတွင်း မစင်များ (၁) လက်မအမြင့်ရောက်ရှိလာပါက မစင်များကို ဖယ်ရှား ထုတ်ယူခြင်း |

**<u>ပြဿနာများကို ဖြေရှင်းခြင်း</u>**

| ပြဿနာများ | ဖြေရှင်းချက်များ |
|---|---|
| မစင်အထွက်ပိုက်များပိတ်ဆို့ခြင်း | ဂိတ်ဘားကို အကုန်ဖွင့်ချပြီး (လက်ကိုင်ကို ၁၁ ကြိမ်လှည့်ရန်) ပိုက်ဘေးကို Y ပုံစံ တလျှောက် ဝါးတုတ်ဖြင့်ခေါက်ရန်၊ ဖိအားများသောရေဖြစ်လာစေရန် ရေစုပ်စက်ကို အသုံးပြုရန် |
| ထရော်လာဂျီနှင့် မတော်တဆ ဖြစ်ခြင်း | STS အတွင်း ဖြစ်ပွားသည့် မတော်တဆဖြစ်ပွားခြင်းကြောင့် ထိခိုက်ပျက်စီးမှုများ အတွက် ပိုင်ရှင်ကို ဆက်သွယ်ပြီးပြင်ဆင်ခိုင်းရန် |

## ၅.၂.၂ မစင်သိုလှောင်ကတော့ကြီး



ပုံ ၁၇ - မစင်သိုလှောင်ကတော့ကြီး

မစင်သိုလှောင်ကတော့ကြီးနှစ်ခုကို တစ်ပြိုင်နက်တည်း လည်ပတ်နိုင်သည်။ ပြဿနာတစ်စုံတစ်ရာဖြစ်ခြင်း သို့မဟုတ် ထိုကတော့နှစ်ခုမှတစ်ခုကို ပြုပြင်ထိန်းသိမ်းခြင်းများ ပြုလုပ်နေချိန်တွင် ကတော့တစ်ခုကိုသာ လည်ပတ်သည်။

ကတော့တစ်ခုချင်းစီတွင် မစင်ထုတ်ပိုက်ကို မနက်ပိုင်းတွင် ပထမဆုံးထရော်လာဂျီမှ မစင်သွန်ချသည့်နေရာသို့ လာရောက် မသွန်ချမီ တစ်ကြိမ်ဖွင့်ထုတ်သည်။ STS သို့လာရောက်မည့် ထရော်လာဂျီအရေအတွက်အပေါ်မူတည်၍ ထရော်လာဂျီများ လာရောက်သွန်ချမှု ၁၅ ကြိမ်၊ အကြိမ် ၃၀၊ အကြိမ် ၅၀ စသဖြင့် ရောက်ရှိသည့်အနေအထားအပေါ်မူတည်ပြီး မစင်ထုတ်ပိုက် ကို ထပ်မံဖွင့်လှစ်သည် (လည်ပတ်မှုနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ထုံးလုပ်နည်းများကို အောက်တွင်ကြည့်ပါ)။

မနက်တိုင်း မစင်ဖတ်များကို လက်ဖြင့်ဆယ်ယူပြီး (ပုံ ၁၈) မစင်အခြောက်လှန်းသည့်အခန်းများသို့ ပို့ဆောင်သည်။



ပုံ ၁၈ - မစင်သိုလှောင်ကတော့ကြီးများမှ မစင်ဖတ်များ ဖယ်ထုတ်ခြင်း

**လည်ပတ်မှုနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ထုံးလုပ်နည်းများ**

<table>
<tr><th>အချိန်ကာလအလိုက် ဆောင်ရွက်မှုများ</th><th>အလုပ်တာဝန်များ</th></tr>
<tr><td>နေ့စဉ်လုပ်ငန်း လည်ပတ်မှု</td><td>

- တစ်နေ့တာအတွင်းထုတ်ယူရမည့် မစင်ပမာဏသည် STS သို့ ထရော်လာဂျီများ လာရောက်သည့် အကြိမ်ရေအပေါ်တွင် မူတည်ပါသည်။

<table>
<tr><th></th><th>မနက်ခင်းပိုင်း မစင်ထုတ်ယူခြင်း</th><th>ထရော်လာဂျီ ၁၅ စီး ပြီးနောက်မစင် ထုတ်ယူ ခြင်း</th><th>ထရော်လာဂျီ ၃၀ စီး ပြီးနောက်မစင် ထုတ်ယူ ခြင်း</th><th>ထရော်လာဂျီ ၄၅ စီး ပြီးနောက်မစင် ထုတ်ယူ ခြင်း</th></tr>
<tr><td>ထရော်လာဂျီ အစီး ၂၀ အောက်</td><td>x</td><td></td><td></td><td></td></tr>
<tr><td>ထရော်လာဂျီ အစီး ၂၀ မှ ၃၅</td><td>x</td><td>x</td><td></td><td></td></tr>
<tr><td>ထရော်လာဂျီ အစီး ၃၅ မှ ၅၀</td><td>x</td><td>x</td><td>x</td><td></td></tr>
<tr><td>ထရော်လာဂျီ အစီး ၅၀ မှ ၆၅</td><td>x</td><td>x</td><td>x</td><td>x</td></tr>
</table>

အောက်တွင်ဖော်ပြထားသည့် ဇယားသည် မစင်သိုလှောင်ကတော့ကြီးများထံမှ တစ်ကြိမ်စီတွင် ဖောက်ချရမည့် အတိုင်းအတာဖြစ်ပြီး မစင်သိုလှောင်ကတော့ကြီးများ လည်ပတ်သည့် အကြိမ် ရေအပေါ်မူတည်ပါသည်။

<table>
<tr><th></th><th>မစင်သိုလှောင်ကတော့ကြီး တစ်ခုတည်းလည်ပတ်ခြင်း</th><th>မစင်သိုလှောင်ကတော့ကြီး ၂ ခု အပြိုင်လည်ပတ်ခြင်း</th></tr>
<tr><td>ဖောက်ထုတ်ရမည့်ပမာဏ</td><td>၇ လက်မ</td><td>၄ လက်မ</td></tr>
</table>

ဖွင့်ချသည့်အဆင့်တွင် မစင်သိုလှောင်ကတော့ကြီးအဝင်ပိုက်ကို ပိတ်ထားသည်။

- မစင်အစိုင်အခဲထွက်ပေါက်ကိုဖွင့်ပြီး မစင်အခြောက်လှန်းသည့်အခန်းသို့ မပို့မီ မနက်တိုင်း မစင်အဖတ်များကို ဖယ်ရှားသည်
- မစင်အရည် အဝင်နှင့် အထွက်ပိုက်များကို သန့်ရှင်းရေးပြုလုပ်သည်
</td></tr>
<tr><td>အပတ်စဉ် လုပ်ငန်း လည်ပတ်မှု</td><td>

- အထိန်းကန်၊ နံရံများနှင့် စီးဆင်းရာလမ်းကြောင်းများအတွင်းကျန်ရှိသည့် မစင်များကို သန့်ရှင်းရေးပြုလုပ်သည်
- မစင်သိုလှောင်ကတော့ကြီး၏ အပြင်ဘက်ကို သန့်ရှင်းရေးပြုလုပ်သည်
- အဝင်စီးဆင်းမှုများ ညီမျှမှုရှိကြောင်းသေချာစေရမည်
</td></tr>
<tr><td>တစ်နှစ်နှစ်ကြိမ် ပြုပြင် ထိန်းသိမ်းခြင်း</td><td>

- မစင်သိုလှောင်ကတော့ကြီးနှစ်ခုလုံးကို အားလုံးကုန်အောင်ဖယ်ရှား ထုတ်ယူသည်
- နှစ်စဉ်နှစ်တိုင်း မစင်သိုလှောင်ကန်တော့ကြီးများအတွင်းတွင် သံချေးမတက်နိုင်သည့် သုတ်ဆေးများသုတ်လိမ်းသည်
</td></tr>
</table>

**ပြဿနာများကို ဖြေရှင်းခြင်း**

| ပြဿနာများ | ဖြေရှင်းချက်များ |
|---|---|
| မစင်များဝင်သည့် ဆလင်ဒါပုံစံစက်ဝိုင်း အတွင်းရှိ မစင် ဖတ်များကို ဖယ်ရှင်းရန်မဖြစ်နိုင်ပါ - တံတားရှိနေခြင်း ကြောင့် ထိုနေရာသို့ လက်လှမ်းမီမရောက်ရှိနိုင်ပါ | ပြဿနာမရှိပါ။ ယင်းတို့သည် မစင်ဖောက်ချဆယ်ယူချိန် တွင် တစ်စိတ်တစ်ပိုင်းပါသွားမည်သာဖြစ်သည်။ |
| မစင်သိုလှောင်ကတော့ကြီးမှ အစိုင်အခဲများထွက်သည့် ပိုက်သည် ပိုက် သို့မဟုတ် ဘားများ ပိတ်ဆို့နေသော ကြောင့် စီးဆင်းမှုမရှိပါ | ဘား/ပိုက်ကို ဖြုတ်၍ဆေးကြောသန့်ရှင်းပါ။ |
| မစင်အဝင်ပိုက်စီးဆင်းမှုသည် မစင်သိုလှောင်ကတော့ ကြီး ၁ နှင့် ၂ အကြားတူညီမှုမရှိပါ | ဂိတ်ဘားကို ဖွင့်၍ လှည့်ပြီးချိန်ညှိပါ။ |

## ၅.၂.၃ Anaerobic Baffled Reactor (ABR) (အောက်စီဂျင်မဲ့စနစ်ဖြင့် အရည်ထိန်းသိမ်းထားသော ဓါတ်ပေါင်းဖို)



ပုံ ၁၉ - အောက်စီဂျင်မဲ့စနစ်ဖြင့် အရည်ထိန်းသိမ်းထားသော ဓါတ်ပေါင်းဖို

မစင်သိုလှောင်ကတော့ကြီးမှ ထွက်လာသည့် အရည်အညစ်အကြေးများ၏ စီးဆင်းမှုများ ရပ်ဆိုင်းသွားတတ်သည်။

**<u>လည်ပတ်မှုနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ထုံးလုပ်နည်းများ</u>**

| အချိန်ကာလအလိုက် ဆောင်ရွက်မှုများ | အလုပ်တာဝန်များ |
|---|---|
| ပုံမှန်လုပ်ငန်း လည်ပတ်မှု | • မစင်အဖတ်များ (၂) လက်မခန့်ဖြစ်လာပါက ဖယ်ရှားသည်။<br>• မစင်များ၏ အလွှာသည် အထူ (၃) ပေ (၆) လက်မခန့်ဖြစ်လာပါက ဖယ်ရှားသည် - အခန်း (၁) နှင့် (၂) အတွင်းရှိ မစင်များအားလုံးကို ဖယ်ရှားသည် (တစ်ပတ်နှစ်ကြိမ်စစ်ဆေးသည်)၊ အခန်း (၃) နှင့် (၁၀) တွင် မစင်အလွှာအနည်းဆုံး (၁) ပေ (၈) လက်မခန့်ချန်ထားသည် (လစဉ်စစ်ဆေးသည်)၊ အခြားသော ကျောက်စရစ်မပါသည့်အခန်းများတွင် (၁) လက်မ ချန်ထားသည်။<br>• ဒုတိယပိုက်လိုင်းမှတစ်ဆင့် ရေများစီးဆင်းစေပြီး မစင်များကို ဖယ်ရှားသည် (အပေါ်သို့စီး) |
| တစ်နှစ်နှစ်ကြိမ် ပြုပြင် ထိန်းသိမ်းခြင်း | • ကျောက်စရစ်ခဲများရှိသော အခန်းများမှ မစင်များကို ဖယ်ရှားသည် |
| (၁) နှစ်တစ်ကြိမ် ပြုပြင် ထိန်းသိမ်းခြင်း | • ကျောက်စရစ်ခဲများရှိသော အခန်းများမှ စစ်ထုတ်ပေးသည့်ကြားခံပစ္စည်းများကို ဆေးကြောသည် ( ABR သန့်ရှင်းရေး SOP များကို ကြည့်ပါ) |

**<u>ပြဿနာများကို ဖြေရှင်းခြင်း</u>**

| ပြဿနာများ | ဖြေရှင်းချက်များ |
|---|---|
| မစင်အထွက်ပိုက်မှ ယိုစိမ့်မှုဖြစ်သည် | ပိုက်ကိုဖြုတ်လဲခြင်း သို့မဟုတ် ကော်ဖြင့်ပိတ်သည် |
| ABR အတွင်းပိုင်းရှိပိုက်များ ပိတ်ဆို့မှုဖြစ်သည် | ပိုက်လိုင်းအတွင်းပိုင်းကို ဝါးတုတ်ဖြင့် လိုက်ခေါက်သည်။ |

၅.၂.၄ ကျောက်စရစ်ဝွင် (၁)



ပုံ ၂၀ - ကျောက်စရစ်ဝွင်များ (အခန်းနှစ်ခန်းလုံးတပြိုင်တည်းအလုပ်လုပ်သည်)

<u>လည်ပတ်မှုနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ထုံးလုပ်နည်းများ</u>

| အချိန်ကာလအလိုက် ဆောင်ရွက်မှုများ | အလုပ်တာဝန်များ |
|---|---|
| နေ့စဉ်လုပ်ငန်း လည်ပတ်မှု | • မစင်အဝင်ပိုက်များစီးဆင်းမှုသည် ညီမျှစွာ ဖြန့်ဝေစီးဆင်းမှုရှိစေရမည်<br>• မစင်အဝင်ပိုက်များကို သန့်ရှင်းရေးပြုလုပ်သည် |
| အပတ်စဉ်လုပ်ငန်း လည်ပတ်မှု | • စစ်ထုတ်သည့်ကန်နေရာများကို သန့်ရှင်းရေးပြုလုပ်သည် |
| ပုံမှန်လုပ်ငန်း လည်ပတ်မှု | • မစင်များကို ဖယ်ရှားထုတ်ယူချိန်တွင် မျက်နှာပြင်ပေါ်မှ မစင်အစိုင်အခဲများကို ဖယ်ရှားသည် |
| တစ်နှစ်နှစ်ကြိမ် ပြုပြင် ထိန်းသိမ်းခြင်း | • ကြားခံစစ်ထုတ်သည့် ကိရိယာ ပိတ်ဆို့ချိန် သို့မဟုတ် အလုပ်တွင်ကျယ်မှုလျော့ကျလာချိန် တွင် အစားထိုးလဲလှယ်ခြင်း သို့မဟုတ် ဆေးကြောခြင်းပြုလုပ်သည် (ကျောက်စရစ်ဝွင် သန့်ရှင်းရေးနှင့် စက်ရုံ လည်ပတ်မှုဆိုင်ရာ SOP များကို ကြည့်ပါ) |

<u>ပြဿနာများကို ဖြေရှင်းခြင်း</u>

| ပြဿနာများ | ဖြေရှင်းချက်များ |
|---|---|
| မျက်နှာပြင်ပေါ်ရှိ မစင်များ | မာကျောသည့်အစိတ်အပိုင်းများကို လက်ဖြင့်ဖယ်ရှားပြီး အရည်များကို အနည်ကျကန်အတွင်းသို့ မော်တာပန့်ဖြင့် စုပ်ထုတ်သည်။ |
| ကွန်ကရစ်နံရံ ယိုစိမ့်ခြင်း | ယိုစိမ့်မှုများကို အင်္ဂတေပြန်ကိုင်သည် |
| မစင်အထွက်ပိုက် ပိတ်ဆို့ခြင်း | အနည်ကျကန် အတွင်းရှိ အညစ်အကြေးများကို ရေစုပ်စက် ဖြင့် ဖိအားဖြင့်ထိုးသည်။ |
| မစင်အဝင်ပိုက်များ စီးဆင်းမှု မညီမျှခြင်း | ပိုလွှတ်သည့်ပိုက်များ၏ အမြင့်ကို ရေချိန်ဖြင့်တိုင်းတာချိန်ညှိသည်။ |

## ၅.၂.၅ အနည်ကျကန်



ပုံ ၂၁ - အနည်ကျကန်များ

ကန်နှစ်ကန်ကို အစဉ်လိုက်အသုံးပြုသည်။ ကန်များအတွင်းရှိ မစင်များပမာဏကို မစင်ပမာဏတိုင်းတာသည့်ကိရိယာဖြင့် လှေပေါ်မှတိုင်းတာသည်။



ပုံ ၂၂ - တိုးပွားလာသောမစင်များ၏ပမာဏကို တိုင်းတာခြင်း

__လည်ပတ်မှုနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ထုံးလုပ်နည်းများ__

| အချိန်ကာလအလိုက် ဆောင်ရွက်မှုများ | အလုပ်တာဝန်များ |
|---|---|
| ပုံမှန်လုပ်ငန်း လည်ပတ်မှု | • ကန်များအတွင်းရှိမစင်ပမာဏ (၁) လက်မရှိလာပါက တိုးပွားလာသော မစင်များကို ဖယ်ရှားသည် (အနည်ကျကန် ဆယ်ယူခြင်းဆိုင်ရာ SOP များကို ကြည့်ပါ။ |

__ပြဿနာများကို ဖြေရှင်းခြင်း__

| ပြဿနာများ | ဖြေရှင်းချက်များ |
|---|---|
| ကွန်ကရစ်နံရံ ယိုစိမ့်ခြင်း | ယိုစိမ့်မှုများကို အင်္ဂတေပြန်ကိုင်သည် |

## ၅.၂.၆ ရေစိမ့်ဝင်ကန်



ပုံ ၂၃ - ရေစိမ့်ဝင်သည့်ကန်များ (ပြည့်နေစဉ်)

ဤကန်များကို အလှည့်ကျအသုံးပြုသည်။

__လည်ပတ်မှုနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ထုံးလုပ်နည်းများ__

| အချိန်ကာလအလိုက် ဆောင်ရွက်မှုများ | အလုပ်တာဝန်များ |
|---|---|
| နေ့စဉ်လည်ပတ်မှု | • နေ့လည် (၁၂ နာရီ ၅၀) နှင့် ညနေ (၅) နာရီတွင် ဤကန်များကို အလှည့်ကျဖွင့်သည်။ |
| ပုံမှန်လုပ်ငန်း လည်ပတ်မှု | • ဤကန်များ၏အောက်ခြေတွင် အစိုင်အခဲများ စုပုံလာပါက ဖယ်ရှားသည်။ |

__ပြဿနာများကို ဖြေရှင်းခြင်း__

| ပြဿနာများ | ဖြေရှင်းချက်များ |
|---|---|
| လျှံကျခြင်းများ | မိုးရာသီတွင် ဤကန်များကို မိုးကာစဖြင့် ဖုံးအုပ်ထားသည်။ |

### ၅.၂.၇ မစင်ခြောက်လှမ်းသည့်အခန်း



ပုံ ၂၄ - အပင်များစိုက်မထားသော မစင်အခြောက်လှန်းသည့်အခန်းများ

ထိုအခန်းများသည် မစင်သိုလှောင်ကတော့ကြီးများထံမှ မစင်များကို အလှည့်ကျလက်ခံရရှိသည် (သို့မဟုတ် STS အတွင်းရှိ အခြားသော မစင်ဆယ်ယူမှုများမှတစ်ဆင့်) ။ မစင်များသည် အခြောက်လှန်းသည့်အခန်းတွင်းသို့ ဖွင့်ထားသည့် မြောင်းများမှတစ်ဆင့် ရောက်ရှိသည်။

အခန်းတစ်ခန်းကို (၅) ရက်ခန့်ဖြည့်ရပြီး ခြောက်သွေ့သွားစေရန် (၃.၅) ပတ်ခန့်ထားရသည် (အခြောက်လှန်းသည့် စက်ဝန်း တစ်ကြိမ်) ။ ထိုနောက်မစင်ခြောက်များကို အလုပ်သမား လေးယောက် သို့မဟုတ် ငါးယောက်ခန့်က (ပုံ ၂၅) လက်ဖြင့် ကောက်ယူပြီး အခြောက်လှန်းသည့်ဧရိယာသို့ အဖုံးမပါသော ခြင်းများ၊ လက်တွန်းလှည်းများဖြင့် ပို့ဆောင်သည် (ပုံ ၂၅) ။ အညစ်အကြေးများပျော်ဝင်နေသည့်ရေဆိုးများ (Leachate)ကို ဤအခန်းများကြမ်းပြင်မှ စုဆောင်းရယူပြီး ဒုတိယ ကျောက်စရစ်ဂွင် သို့ပို့ဆောင်သည်။





ပုံ ၂၅ - အလုပ်သမားများ မစင်ခြောက်များကို ကောက်ယူပြီးသိုလှောင်ရုံသို့ပို့ဆောင်ခြင်း

**လည်ပတ်မှုနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ထုံးလုပ်နည်းများ**

| **အချိန်ကာလအလိုက် ဆောင်ရွက်မှုများ** | **အလုပ်တာဝန်များ** |
|---|---|
| နေ့စဉ်လုပ်ငန်း လည်ပတ်မှု | • မစင်သိုလှောင်ကတော့ကြီးများကို ဖွင့်ပြီးနောက် မစင်ပို့လွှတ်သည့်မြောင်းများကို သန့်ရှင်း သည် |
| အပတ်စဉ်လုပ်ငန်း လည်ပတ်မှု | • ပေါင်းများ၊ အပင်များ၏ အမြစ်များကို ဖယ်ရှားသည် |
| ပုံမှန်လုပ်ငန်း လည်ပတ်မှု | • အခန်းလွတ်တစ်ခုကိုရွေးချယ်ပြီး ရက်ပေါင်းများစွာတိုင်အောင် အမြင့် (၈) လက်မအထိ ရောက်လာစေရန်ဖြည့်သည်<br>• မစင်များကို ဖယ်ရှားနိုင်သည့်အနေအထားအထိခြောက်လာပါက (၄ ပတ်ခန့်) သဲများကို မဖယ်ဘဲ လက်ဖြင့် မစင်များကို ဖယ်ရှားသည်။ မိုးကာစပေါ်တွင် ပျက်စီးမှု/အပေါက်များတွေ့လျှင် သတင်းပို့တင်ပြသည်။<br>• မစင်အခြောက်လှန်းသည့်အခန်းများကို တစ်လှည့်စီအသုံးပြုရာတွင် ယခင်ဖြည့်ထားသည့် အခန်းမှ အခြောက် လှန်းမှုများပြီးစီးချိန်တွင် အသုံးပြုနိုင်ရန် အခန်းတစ်ခန်းချန်ထားရန် စီမံ ရသည်။<br>• သဲလွှာ၏အမြင့် (၁၄) လက်မမှ (၂) လက်မခန့် လျော့သွားပါကထပ်ဖြည့်သည်။ ရေချိုသဲ များကို သန့်ရှင်းသောရေဖြင့်အရင်ဆုံးဆေးကြောရသည်။ |
| (၁) နှစ်နှစ်ကြိမ် ပြုပြင် ထိန်းသိမ်းခြင်း | • မိုးရာသီပြီးနောက် အမိုးများကို ဖယ်ရှားပြီး ပထမဆုံးမိုးကျသည့် အချိန်မတိုင်ခင် ပြန်လည် တပ်ဆင် သည် |
| (၅) နှစ်တစ်ကြိမ် ပြုပြင် ထိန်းသိမ်းခြင်း | • ကြားခံစစ်ထုတ်သည့်ကိရိယာ ပိတ်ဆို့ခြင်း သို့မဟုတ် လုပ်ငန်းတွင်ကျယ်မှုလျော့ကျလာ သည်နှင့် အစားထိုးလဲလှယ်ခြင်း သို့မဟုတ် ဆေးကြောခြင်းများပြုလုပ်သည် (မစင်အခြောက်လှန်းသည့်အခန်းဆိုင်ရာ SOP များကိုကြည့်ပါ)<br>• မစင်အခြောက်လှန်းသည့်အခန်းတွင်းရှိ (မိုးကာစ) တွင် အပေါ်များကို ဖာခြင်း သို့မဟုတ် လိုအပ်လျှင် လဲလှယ်ခြင်းများပြုလုပ်သည်။ ထိုမိုးကာစများသည် နံရံများတွင် မှန်ကန် ကောင်းမွန်စွာ တပ်ဆင်ထားရန် သေချာစွာပြုလုပ်ရသည်။ |

**ပြဿနာများကို ဖြေရှင်းခြင်း**

| **ပြဿနာများ** | **ဖြေရှင်းချက်များ** |
|---|---|
| အလုပ်သမားများကို ပိုးမွှားအကောင်များ အကိုက်ခံရခြင်း | PPE များကို မှန်ကန်စွာဝတ်ဆင်ရမည်<br>လက်အိတ်များနှင့် ဘွတ်ဖိနပ်များပေါ်သို့ အင်ဂျင် ဝိုင် ဆီသုတ်လိမ်းရမည် (ပိုးမွှား ကိုက်ခံရမှု နည်းသွားသော်လည်း အလုပ်သမားများ အကိုက်ခံရဆဲသာဖြစ်ပါ သည်၊ ခြင်ဆေးများအသုံးပြုခြင်း၊ လက်အစားထွန်ခြစ်များကို အသုံးပြုသော် လည်း အလုပ်မဖြစ်ပါ) |

## ၅.၂.၈ ဒုတိယ ကျောက်စရစ်ဂွင်



ပုံ ၂၆ - ဒုတိယကျောက်စရစ်ဂွင်

<u>လည်ပတ်မှုနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ထုံးလုပ်နည်းများ</u>

| အချိန်ကာလအလိုက် ဆောင်ရွက်မှုများ | အလုပ်တာဝန်များ |
|---|---|
| နေ့စဉ်လုပ်ငန်း လည်ပတ်မှု | • မစင်အဝင်ပိုက်များစီးဝင်မှု ညီမျှရမည်<br>• မစင်အဝင်ပိုက်များကို သန့်ရှင်းရေးပြုလုပ်ရမည် |
| အပတ်စဉ်လုပ်ငန်း လည်ပတ်မှု | • စစ်ထုတ်ကန်ကို သန့်ရှင်းရေးပြုလုပ်ရမည်<br>• ရေ၏အတိုင်းအတာသည် မျက်နှာပြင်အောက်နိမ့်နေစေရန် ဤကန်၏ မျက်နှာပြင်ကို စစ်ဆေးရမည် (အနည်ကျခြင်းမရှိစေရ) |
| (၅) နှစ်တစ်ကြိမ် ပြုပြင် ထိန်းသိမ်းခြင်း | • ကြားခံစစ်ထုတ်သည့်ကိရိယာ ပိတ်ဆို့ခြင်း သို့မဟုတ် လုပ်ငန်းတွင်ကျယ်မှုလျော့ကျလာ သည်နှင့် အစားထိုးလဲလှယ်ခြင်း သို့မဟုတ် ဆေးကြောခြင်းများပြုလုပ်သည်<br>(မစင်အခြောက်လှန်းသည့်အခန်းသန့်ရှင်းရေးနှင့် စက်ရုံဆိုင်ရာ SOP များကိုကြည့်ပါ) |

<u>ပြဿနာများကို ဖြေရှင်းခြင်း</u>

| ပြဿနာများ | ဖြေရှင်းချက်များ |
|---|---|
| မျက်နှာပြင်ပေါ်ရှိမစင်များ | မာကျောသည့်အညစ်အကြေးများကို လက်ဖြင့်ကောက်ယူပြီး အရည်များကို မော်တာပန့်ဖြင့် စုပ်ထုတ်သည် |
| မစင်အဝင်ပိုက်များ စီးဝင်မှုပမာဏ မညီမျှခြင်း | ပို့လွှတ်သည့်ပိုက်များ၏ အမြင့်ကို ရေချိန်ဖြင့်တိုင်းတာချိန်ညှိသည်။ |

### ၅.၂.၉ ရေစိမ့်ဝင်သည့်မြောင်းများ

**<u>လုပ်ငန်းလည်ပတ်မှု သို့မဟုတ် ပြုပြင်ထိန်းသိမ်းမှုမပြုလုပ်ပါ</u>**

**<u>ပြဿနာများကို ဖြေရှင်းခြင်း</u>**

| ပြဿနာများ | ဖြေရှင်းချက်များ |
|---|---|
| လျှံကျခြင်း | မြောင်းများကိုစစ်ဆေးခြင်း (ပိုက်များ၊ မိုးကာစ၊ ကြားခံပစ္စည်းများ) နှင့် လိုအပ်သလိုပြုပြင်ခြင်းများပြုလုပ်သည် |

### ၅.၂.၁၀ မစင်ခြောက်သိုလှောင်ရုံ



ပုံ ၂၇ - မစင်ခြောက်သိုလှောင်ရုံ

မစင်ခြောက်လှန်းသည့်အခန်းမှ မစင်ခြောက်များကို မီးရှို့ပြာချနိုင်သည်အထိ ထပ်မံအခြောက်ခံရန် ဤနေရာတွင် ထားရှိသည်။ တစ်ခန်းတွင် မစင်အခြောက်လှန်းသည့်အခန်း (၁) ခန်း၊ (၂) ခန်းစာ မစင်ခြောက်များထားရှိနိုင်သည်။

**<u>လည်ပတ်မှုနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ထုံးလုပ်နည်းများ</u>**

| အချိန်ကာလအလိုက် ဆောင်ရွက်မှုများ | အလုပ်တာဝန်များ |
|---|---|
| နေ့စဉ်လုပ်ငန်း လည်ပတ်မှု | • မစင်အားလုံးခြောက်သွေ့မှုရှိစေရန် မစင်အပုံများကို လှန်လှောပေးရပါသည်။ |
| ပုံမှန်လုပ်ငန်း လည်ပတ်မှု | • လွတ်နေသည့်သိုလှောင်ရုံကိုရွေးချယ်ပြီး ပြည့်သွားချိန်အထိ ရက်ပေါင်းများစွာ ဖြည့်သွားရ သည်။ |

### ၅.၂.၁၁ မီးရှို့စက်



ပုံ ၂၈ - မီးရှို့စက်

မီးရှို့စက်မှထွက်လာသည့် မစင်ပြာများကို အနီးနားတွင်သိုလှောင်ထားပြီး လယ်သမားများကို ပေးသွားရန်ရည်ရွယ်သော် လည်း လယ်သမားများ ကလက်ခံရယူခြင်းမရှိပါ။

<u>**လည်ပတ်မှုနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ထုံးလုပ်နည်းများ**</u>

| အချိန်ကာလအလိုက် ဆောင်ရွက်မှုများ | အလုပ်တာဝန်များ |
|---|---|
| ပုံမှန်လုပ်ငန်း လည်ပတ်မှု | • မီးကို တာယာအတိုအစများ၊ ရာဘာများ၊ သစ်သားများဖြင့် စမွေးသည်<br>• မီးရှို့ခြင်း<br>မီးရှို့စက်ကို အဟောင်းဆုံးမစင်ခြောက်များဖြင့် တစ်နေ့လျှင် ခြင်း (၄၀) ၊ တစ်ပတ်လျှင် ခြောက်ရက်ဖြည့်ပြီးမီးရှို့သည်။ တစ်ခါရှို့ပြီးတိုင်း ပြာများကိုရှင်းလင်းပြီး မီးရှို့စက်ကို သန့်ရှင်းရေးပြုလုပ်သည်။ ပြာများကို သတ်မှတ်ထားသည့် သိုလှောင်ရုံအတွင်း သိမ်းဆည်း ထားရှိသည်။<br>• သိုလှောင်ရုံများကို ယခင်ဖြည့်နေသည့် အခန်းမပြည့်မချင်း အခန်းအလွတ်တစ်ခုကို အသင့် ရရှိနိုင်စေရန် စီမံထားရှိသည်။ |

## ၆. စောင့်ကြည့်လေ့လာရေးအစီအစဉ်

သတင်းအချက်အလက်အားလုံးကို CTO စစ်တမ်းဖြင့် ကောက်ယူမှတ်တမ်းတင်ခဲ့ပြီး STS ခွဲခြမ်းလေ့လာရေး စာရွက်စာတမ်း အတွင်း စုစည်းထားရှိသည်။

### ၆.၁ ခွဲခြမ်းလေ့လာရေးအစီအစဉ်

| | TS (g/l) | TSS (mg/l) | COD (mg/l) | NH4 (mg/l) | NO3 (mg/l) | P (mg/l) | E. Coli (nb/ml) |
|---|---|---|---|---|---|---|---|
| မစင်သိုလှောင် ကတော့ကြီး မစင်အဝင်ပိုက် | ၃ ပတ် | | ၁ ပတ် | | | | |
| မစင်သိုလှောင် ကတော့ကြီး မစင် အရည်ထွက်ပိုက် | ၃ ပတ် | | ၁ ပတ် | ၁ ပတ် | ၁ ပတ် | ၂ လ | |
| မစင်သိုလှောင် ကတော့ကြီး အစိုင်အခဲထွက်ပိုက် (မနက်ပိုင်း၊ ထရော်လာဂျီ ၁၅ စီး၊ အစီး ၃၀) | ၃ ပတ် | | | | | | |
| ABR မစင် ထွက်ပိုက် | ၂ လ | | ၂ လ | ၂ လ | ၂ လ | | |
| အနည်ကျကန် မစင်အဝင်ပိုက် | | ၂ လ | ၂ လ | ၂ လ | ၂ လ | | |
| STS မစင်ထွက်ပိုက် | | ၁ ပတ် | | | | | ၂ လ |
| STS ရေစိမ့်ဝင်ကန် မစင်ထွက်ပိုက် | | | ၁ ပတ် | ၁ ပတ် | ၁ ပတ် | ၂ လ | |
| ဒုတိယကျောက်စရစ် ဇွင် မစင်အဝင်ပိုက် | | ၂ လ | ၂ လ | ၂ လ | ၂ လ | | |
| ဒုတိယကျောက်စရစ် ဇွင် မစင် အထွက်ပိုက် | | ၁ ပတ် | ၁ ပတ် | ၁ ပတ် | ၁ ပတ် | ၂ လ | ၂ လ |
| မစင်ခြောက်လှန်း သည့်အခန်းမှ မစင်ခြောက်များ | မစင်ခြောက်လှန်း သည့် အခန်းမှ မစင်ခြောက် များ ဖယ်ရှားချိန် | | | | | | |
| မစင်သိုလှောင်ရုံမှ မစင်ခြောက်များ | ၁ ပတ် | | | | | | |
| ABR မစင်များ | ABR ပထမ အခန်း နှင့် ဒုတိယ အခန်းကို ဆယ်ယူချိန် | | | | | | |

## ၆.၂ စံပြုကောက်ယူရေး ညွှန်ကြားချက်များ

| အချက်အလက်ကောက်သည့်နေရာ | ညွှန်ကြားချက်များ |
|---|---|
| မစင်သိုလှောင် ကတော့ကြီး မစင်အဝင်ပိုက် | ထရော်လာဂျီတစ်စီး မစင်ပုံးများကို လာရောက်သွန်ချချိန်တွင် (တစ်နေ့တာအတွင်း ဒုတိယထရော်လာဂျီ မှစ၍) မစင်သိုလှောင်ကတော့ကြီး (၁) ထံမှ မစင်နမူနာကိုယူပါ။ Y ပုံစံ ပိုက် အတွင်းရောက်ရှိနေသည့်ပမာဏကို အရင်ဆုံးဖောက်ချပါ။ |
| မစင်သိုလှောင် ကတော့ကြီး မစင် အရည်ထွက်ပိုက် | နေ့လည် (၁) နာရီနောက်ပိုင်းတွင် မစင်သိုလှောင်ကတော့ကြီး (၁) ကို မစင်နမူနာ ကိုယူပါ။ Y ပုံစံ ပိုက် အတွင်းရောက်ရှိနေသည့်ပမာဏကို အရင်ဆုံးဖောက်ချပါ။ |
| မစင်သိုလှောင် ကတော့ကြီး အစိုင်အခဲထွက်ပိုက် (မနက်ပိုင်း၊ ထရော်လာဂျီ ၁၅ စီး၊ အစီး ၃၀) | မစင်ကတော့ကြီးများကို ဆယ်ယူသည့်အဆင့်အတွင်း မစင်သိုလှောင်ကတော့ကြီး (၁) ကို မစင်နမူနာ ကိုယူပါ။ Y ပုံစံ ပိုက် အတွင်းရောက်ရှိနေသည့်ပမာဏကို အရင်ဆုံး ဖောက်ချပါ။ |
| ABR မစင် ထွက်ပိုက် | စီးဆင်းနေသည့် မည်သည့်အချိန်အတွင်းပင်ဖြစ်စေ။ |
| အနည်ကျကန် မစင်အဝင်ပိုက် | စီးဆင်းနေသည့် မည်သည့်အချိန်အတွင်းပင်ဖြစ်စေ။ |
| STS မစင်ထွက်ပိုက် | စီးဆင်းနေသည့် မည်သည့်အချိန်အတွင်းပင်ဖြစ်စေ။ |
| STS ရေစိမ့်ဝင်ကန် မစင်ထွက်ပိုက် | စီးဆင်းနေသည့် မည်သည့်အချိန်အတွင်းပင်ဖြစ်စေ။ |
| ဒုတိယကျောက်စရစ် ဂွင် မစင်အဝင်ပိုက် | နေ့လည် (၁) နာရီနောက်ပိုင်းမှ မစင်နမူနာကိုယူပါ။ |
| ဒုတိယကျောက်စရစ် ဂွင် မစင် အထွက်ပိုက် | စီးဆင်းနေသည့် မည်သည့်အချိန်အတွင်းပင်ဖြစ်စေယူနိုင်သည်။ မစင်နမူနာမယူမီ မစင်ကန်မှ ရေများကို ဖယ်ထုတ်ပါ။ |
| မစင်ခြောက်လှန်း သည့်အခန်းမှ မစင်ခြောက်များ | မစင်အခြောက်လှန်းသည့်အခန်းမှ မစင်ခြောက်များကို ထုတ်ယူချိန်တွင် ယူပါ။ |
| မစင်သိုလှောင်ရုံမှ မစင်ခြောက်များ | မစင်များကို မီးရှို့မည့် ခြင်းများထဲမှ တစ်ခြင်းမှ မစင်နမူနာအဖြစ်ယူပါ။ |
| ABR မစင်များ | စုပ်စက် အထွက်ပိုက်နေရာတွင် ယူရန်။ |

*အီကိုလိုင်း* - တစ်လီတာဝက်ပြည့်အောင်ဖြည့်ပြီး ထိုနေ့ချင်းပင် နေ့လည် (၁) နာရီမတိုင်မီ Oxfam ဓာတ်ခွဲခန်းသို့ ပို့ပါ။ ပုလင်းများတွင် တံဆိပ်တပ်ပါ။

## ၆.၃ စောင့်ကြည့်လေ့လာရေးဆိုင်ရာအခြားအချက်အလက်များ

နေ့စဉ်နေ့တိုင်း

- ထရော်လာဂျီအမှတ်
- ထရော်လာဂျီရောက်ရှိချိန်
- စခန်းအမည်
- အဖွဲ့အစည်း
- ပို့ဆောင်လာသည့် မစင်ပမာဏ
- မစင်သိုလှောင်ကတော့ကြီးကို မစင်ထည့်သည့်အကန့်များအလိုက်ဆယ်ယူသည်
- အကန့်ခြောက်ကန့်အတွင်းရှိ မစင်ပမာဏ - တိုင်းတာသည့် သစ်သားတုတ်တံပေါ်တွင် ရောက်ရှိသည့် မစင်ပမာဏကို မှတ်သားတင်ပြရန်
- STS တွင် လာရောက်စွန့်ပစ်သည့် နေ့စဉ် မစင်ပမာဏစုစုပေါင်း (ဓါတ်ခွဲခန်းတွင် ခွဲခြမ်းလေ့လာခြင်းအစီရင်ခံစာ တွင်ကြည့်ပါ)

တစ်ပတ်တစ်ကြိမ်

- ABR တွင်းရှိပထမဆုံး အခန်းနှစ်ခုမှ မစင်ပမာဏ - မစင်တိုင်းတုတ်ဖြင့် တိုင်းတာရန်

တစ်လတစ်ကြိမ်

- ABR တွင်းရှိ အခန်းအားလုံးအတွင်းမှ မစင်ပမာဏ - မစင်တိုင်းတုတ်ဖြင့် တိုင်းတာရန်

လိုအပ်ပါက

- မည်သည့် မစင်အကန့်ကို ဖယ်ရှားရန်
- မည်သည့် မီးရှို့စက်အခန်းတွင် မစင်သိုလှောင်သည့်အခန်းတွင် သိုလှောင်ရန်

- မစင်သိုလှောင်ကတော့ကြီးများမှ ဖယ်ရှားသင့်သည့် မစင်ပမာဏကိုစစ်ဆေးနိုင်ရန်အတွက် ယေဘုယျအားဖြင့် ABR၊ အနည်ကျကန် စသည်တို့ထံမှ တစ်ခုမဟုတ်တစ်ခု ဖယ်ရှားလိုက်သည့် ခန့်မှန်း မစင်ပမာဏ (ဥပမာအားဖြင့် စည်တစ်စည်တွင် ပါဝင်သည့်ပမာဏ) ကို ကြည့်ရန်

မစင်အခြောက်လှန်းသည့်အခန်းတစ်ခုစီတိုင်းအတွက်

- မစင်အခြောက်လှန်းသည့်အခန်းတစ်ခုလည်ပတ်သည့် လုပ်ငန်းစက်ဝန်းတစ်ခုစီတိုင်း၏ အစပိုင်းနှင့် အဆုံးပိုင်းရှိ မစင် အရည်အသွေး/ အရေအတွက်နှင့် ထိုလည်ပတ်သည့်စက်ဝန်းတစ်ခု၏ အချိန်ကာလ (မစင်အခြောက်လှန်း သည့် အခန်းများတွင် မစင်အခြောက်လှန်းသည့် လုပ်ငန်းစက်ဝန်းများဆိုင်ရာ အစီရင်ခံစာ)

မီးရှို့ထားသည့်ပြာများကိုယူဆောင်သွားသည့်အခါတွင် လယ်သမားများ၏ သတင်းအချက်အလက်များကို STS တွင် မှတ်တမ်းတင်သိမ်းဆည်းထားပါသည်။

| STS မှ မစင်ခြောက်များအား ဖြန့်ဝေမှုမှတ်တမ်း | | | | SOLIDARITÉS INTERNATIONAL | |
|---|---|---|---|---|---|
| Date | Name of the Farmer | Camp/Village | Which kind of Agriculture | Quantity of Dry Sludge | Signature |
| နေ့စွဲ | လယ်သမားအမည် | စခန်း/ရွာ | စိုက်ပျိုးရေးအမျိုးအစား | မစင်အခြောက်ပမာဏ | လက်မှတ် |
| | | | | | |
| | | | | | |

# ၇. ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး

## ၇.၁ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးလုပ်ဆောင်ချက်များ

၁) STS တွင် အလုပ်လုပ်နေသည့်အချိန်အတွင်း ဘွတ်ဖိနပ်များ၊ လက်အိတ်များ၊ မျက်မှန်များ၊ ဘွိုင်လာဝတ်စုံများနှင့် မျက်နှာဖုံးများကို မဖြစ်မနေ ဝတ်ဆင်ထားရမည်။

၂) STS အရာရှိသည် ထိခိုက်ပျက်စီးသည့် မည်သည့် ပစ္စည်းကိရိယာနှင့်ပတ်သက်၍ပင်ဖြစ်စေ အစီရင်ခံတင်ပြရမည်ဖြစ်ပြီး အစားထိုးလဲလှယ်မှုပြုလုပ်ရမည်။

၃) ဒဏ်ရာများကို သန့်ရှင်းခြောက်သွေ့ပြီး ရေလုံသောပတ်တီးစများဖြင့် ဖုံးအုပ်ထားသင့်သည်။

၄) တစ်နေ့တာလုပ်ငန်းပြီးဆုံးချိန်တွင် ဘွတ်ဖိနပ်များ၊ လက်အိတ်များ၊ မျက်မှန်များကို ကလိုရင်းဖြင့် သန့်ရှင်းရေးပြုလုပ်ရ မည်။

၅) ဘွိုင်လာဝတ်စုံကို တစ်ပတ်တစ်ခါ ရေ၊ ဆပ်ပြာမှုန့်တို့ဖြင့် မလျှော်ဖွတ်မီ ကလိုရင်းအရည်ဖြင့် (၁၀) မိနစ်ခန့် စိမ်ထားသင့် သည်။

၆) မျက်နှာဖုံးများကို တစ်ရက် အသုံးပြုပြီးနောက်စွန့်ပစ်ရမည်။

၇) အကာအကွယ်ပေးရေးပစ္စည်းကိရိယာများအားလုံးကို ရေချိုးအိမ်အတွင်း ခြောက်သွေ့သန့်ရှင်းစွာ သိမ်းဆည်းရမည်။

၈) လုပ်ငန်းခွင်ပြင်ပသို့ အကာအကွယ်ပေးရေး ပစ္စည်းကိရိယာများဝတ်ဆင်၍ ထွက်ခြင်းအား တားမြစ်ပါသည်။

၉) အလုပ်ချိန်အတွင်း ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်း၊ ဆေးငုံခြင်း သို့မဟုတ် ပီကေဝါးခြင်းများကို တားမြစ်ထားပါ သည်။

၁၀) မစင်သွန်ချသည့်အခန်းအတွင်း အစားအစာစားသောက်ခြင်းများကို တားမြစ်ပါသည်။

၁၁) ထရော်လာဂျီများလာရောက်နေစဉ်အတွင်း လက်အိတ်များကို ရေ၊ ကလိုရင်းတို့ဖြင့် ဆေးကြောသင့်ပါသည်။

၁၂) မစင်များနှင့်ထိတွေ့ပါက အရေပြားကို ရေ၊ ဆပ်ပြာတို့ဖြင့် စေ့စပ်စွာ ဆေးကြောသင့်ပြီး မျက်လုံးကိုလည်း ရေဖြင့် ဆေးကြောသင့်ပါသည်

၁၃) မစင်များစင်ခြင်း သို့မဟုတ် မစင်များအတွင်းသို့နစ်သွားခြင်းများဖြစ်ပါက အဝတ်အစားများကို လဲလှယ်ပြီး အရေပြားကို ရေ၊ ဆပ်ပြာတို့ဖြင့်ဆေးကြောကာ၊ လိုအပ်ပါက ရေပါချိုးသင့်ပါသည်

၁၄) PPE များချွတ်ပြီးချိန်၊ အစာစားခြင်း၊ ရေသောက်ခြင်း၊ ဆေးလိပ်သောက်ခြင်းများပြီးနောက်လက်များကို ရေ၊ ဆပ်ပြာ တို့ဖြင့် ဆေးကြောသင့်ပါသည်။

၁၅) လုပ်ငန်းခွင်မှ မထွက်ခွာမီ၊ နေ့လည်စာမစားမီနှင့် တစ်နေ့တာအလုပ်ပြီးဆုံးချိန်များတွင် ရေကို ဆပ်ပြာသေချာတိုက်၍ ချိုးခြင်း၊ အဝတ်အစားလဲခြင်းများ ပြုလုပ်သင့်ပါသည်။

၁၆) မစင်သိုလှောင်ကတော့ကြီးကို လည်ပတ်နေသည့်အချိန်တွင် လုံခြုံရေးဆိုင်းကြိုးများဝတ်ဆင်ရမည်ဖြစ်ပါသည်။

၁၇) မီးရှို့နေသည့်အချိန်တွင် အမှုန်အမွှားအကာပါသော မျက်နှာဖုံးကို အသုံးပြုရမည်ဖြစ်သည်။

၁၈) STS အလုပ်သမားများသည် မီးစတင်ရှို့သည့်အချိန်တွင် မီးရှို့စက်အတွင်းသို့ မဝင်သင့်ပါ။

## ၇.၂ လုံခြုံရေးဆိုင်ရာ လုပ်ဆောင်ချက်များ

၁) အောက်ပါဝန်ထမ်းများသာ **STS ရုံးအတွင်းသို့ ဝင်ရောက်ခွင့်ရှိပါသည်။**

က. SI အေးဂျင့်များ

ခ. SI အရာရှိများ

ဂ. SI ကြီးကြပ်သူများ

ဃ. SI လုပ်ငန်းမန်နေဂျာများ

င. SI မန်နေဂျာများ

စ. SI ကွင်းဆင်းညှိနှိုင်းကွပ်ကဲရေးမှူး

ဆ. SI လူ့စွမ်းအားအရင်းအမြစ်နှင့် ဘဏ္ဍာရေးဌာနဝန်ထမ်းများ

၂) အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် မန်နေဂျာတစ်ဦးတစ်ယောက်၏ခွင့်ပြုချက်မပါဘဲ **ရုံးခန်းအတွင်းသို့ဝင်ရောက်ခွင့်မရှိဘဲ** ရောက်ရှိနေသည့်အချိန်တွင်လည်း ရုံးခန်းမှ တာဝန်ခံသူတစ်ယောက်အမြဲလိုက်ပါရမည်။

က. SI STS အလုပ်သမားများ

ခ. SI လုံခြုံရေးအစောင့်များ

ဂ. SI နေ့စဉ်အလုပ်သမားများ

ဃ. အခြားသောအဖွဲ့အစည်းမှ ဝန်ထမ်းများ

င. ဧည့်သည်များ

၃) STS ရုံးခန်းမှ STS အေးဂျင်များ (သို့မဟုတ် STS အေးဂျင့်မရှိဘဲ ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ အေးဂျင့်သာ ရှိခြင်း) ၄ ထွက်ခွာချိန်တွင် ရုံးခန်းကို စနစ်တကျသော့ခတ်ခဲ့ရမည် (တံခါးများနှင့် ပြတင်းပေါက်များ) ။

၄) STS အရာရှိသည် ရုံးခန်းသော့စီမံခန့်ခွဲရေးအတွက် တာဝန်ရှိပြီး မည်သည့်ကိစ္စဖြစ်စေဖြစ်ပေါ်လာပါက ၎င်း၏အထက် မန်နေဂျာသို့ တင်ပြရမည်။

၅) စည်းကမ်းချိုးဖောက်မှုကို မျက်မြင်တွေ့ရှိသော မည်သည့်ဝန်ထမ်းမဆို SI မန်နေဂျာများမှ တစ်ဦးထံသို့ တိုက်ရိုက် သတင်းပို့ အသိပေးရမည်။

**ဤစည်းကမ်းများကို လိုက်နာခြင်းမရှိခဲ့ပါက၊ စည်းကမ်းနှင့်အညီအရေးယူခြင်းခံရမည်ဖြစ်သည်။**

# စေ့စပ်ညှိနှိုင်းမှုဖြင့် လူထုဦးဆောင်ပါဝင်သော အကောင်အထည်ဖော် ဆောင်ရွက်ခြင်း လုပ်ငန်းစဉ်


နိဒါန်း........................................................................................................................၂

လုပ်ငန်းဆောင်ရွက်မှုများ ...............................................................................................၂

လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အဆင့်ဆင့်...............................................................................၃

ပံ့ပိုးကူညီသူများအတွက်သင်တန်းပေးခြင်း .............................................................................၃

လူထုဆွေးနွေးပွဲများ ပြုလုပ်ခြင်း.........................................................................................၃

ပါဝင်မည့်သူများအား စုဆောင်းရှာဖွေခြင်း ............................................................................၄

ပါဝင်မည့် အုပ်စုများနှင့် လုပ်ငန်းဆိုင်ရာ မိတ်ဆက် ဆွေးနွေးပွဲများ ပြုလုပ်ခြင်း ..................................၄

ရပ်ရွာမြေပုံ ရေးဆွဲခြင်း .....................................................................................................၅

မိမိတို့ ရိုက်ယူထားသော ဓါတ်ပုံများမှ တဆင့် လိုအပ်ချက်များ ရှာဖွေ ဖော်ထုတ်ခြင်း .............................၆

ပြဿနာသစ်ပင် ရေးဆွဲခြင်း ...............................................................................................၉

လုပ်ငန်း အစီအစဉ် ရေးဆွဲခြင်းနှင့် အချိန် အတိုင်းအတာ သတ်မှတ်ခြင်း ........................................၁၀

ငွေကြေး လိုအပ်မှု ဆိုင်ရာ အစီအစဉ် များ ရေးဆွဲခြင်း .................................................................၁၁

လုပ်ငန်းတိုင်းတာရေး အညွှန်းကိန်းများနှင့် စောင့်ကြည့်လေ့လာရေးဆိုင်ရာ အစီအစဉ်များ ရေးဆွဲခြင်း .... ............၁၂

လူထု ကမ်ပိန်းများအား အကောင်အထည်ဖော်ခြင်း ....................................................................၁၃

ရှင်းလင်းချက် ...............................................................................................................၁၃

နောက်ဆက်တွဲ ..............................................................................................................၁၄

နောက်ဆက်တွဲ A: အစီရင်ခံမှုပုံစံ ..........................................................................................၁၄

နောက်ဆက်တွဲ B: ဓါတ်ပုံများ အသုံးပြုမှုဆိုင်ရာ ခွင့်ပြုချက်ပုံစံ ......................................................၁၄

နောက်ဆက်တွဲ C: ACE လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု မှတ်တမ်းလွှာ ပေးအပ်ခြင်း ..................................၁၄

# နိဒါန်း

စစ်တွေမြို့နယ် အတွင်းရှိ ဆောင်ရွက်လျှက်ရှိသော HARP WASH စီမံကိန်း ၏ အဓိက ဦးတည်ချက်သည် ထိရောက်သော ဆက်သွယ်ရေးအား လူထုနှင့် အပြန်အလှန်ဆောင်ရွက်နိုင်မှု၊ လူထုနှင့် စေ့စပ်ညှိနှိုင်း ဆောင်ရွက်မှုနှင့် လူထုစည်းရုံးခြင်း တို့မှတစ်ဆင့် လူထု ဦးဆောင်သော WASH လုပ်ငန်းများဆိုင်ရာ ဝန်ဆောင်မှုများ ပေးနိုင်မည့် အသွင်ကူးပြောင်းသော လုပ်ငန်းအဖြစ် လုပ်ဆောင် ရန်ဖြစ်သည်။ စီမံကိန်းသည် ရပ်ရွာလူထု ပါဝင်ပတ်သက်သည့် လူထု စေ့စပ်ညှိနှိုင်းမှုဆိုင်ရာ သဘောတရား များနှင့် အခြေခံလိုက်နာရမည့် အချက်များကို အဓိက ရည်ရွယ်ထားသော်လည်း ၎င်းတွင် **"အချင်းချင်း ညှိနှိုင်း ဆောင်ရွက်နိုင်မှု ဆိုင်ရာ ရပ်ရွာလူထုမှ သီးခြားရပ်တည်နိုင်ရေး"** လုပ်ငန်းဆောင်ရွက်မှုများလည်း ပါဝင်သည်။ ဤလုပ်ငန်းများကို**" စေ့စပ်ညှိနှိုင်းမှုဖြင့် လူထုဦးဆောင်ပါဝင်သော အကောင်အထည်ဖော် ဆောင်ရွက်ခြင်း လုပ်ငန်းစဉ် (ACE)"** စီမံကိန်း၏ အမည်အောက်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေပါသည်။

ACE လုပ်ငန်းစဉ်သည် အဖွဲ့ငယ်များနှင့်အတူ စမ်းသပ်ပြီး စမ်းသပ်ထားသော နည်းလမ်းများကိုအသုံးပြုထားပါသည်၊ မိမိတို့ ဒေသရှိ WASH လုပ်ငန်းစဉ်များနှင့် သက်ဆိုင်သည့် အခက်အခဲ များအပေါ် ACE အဖွဲ့များမှ အဓိကပြဿနာများကို ရှာဖွေဖော်ထုတ်ရမည်ဖြစ်ပြီး ဖော်ထုတ်ထားသော အခက်အခဲများကို အဆင့်ဆင့် ခွဲခြားပြီး လူထုဦးဆောင်သည့် ကမ်ပိန်း များ ပြုလုပ်ခြင်း အားဖြင့် ကိုင်တွယ် ဖြေရှင်းနိုင်ရန် ဒီဇိုင်းပုံစံ ရေးဆွဲထားခြင်းဖြစ်ပါသည်။ ACE လုပ်ငန်းစဉ်၏ ရည်ရွယ်ချက်များမှာ ယုံကြည်မှုနှင့် အဖွဲ့လိုက်တည်ဆောက်ခြင်း၊ တက်တက်ကြွကြွနားထောင်ခြင်း၊ ပြဿနာ ဖြေရှင်းနိုင် ခြင်း စွမ်းရည်တို့ကိုမြှင့်တင်ခြင်း၊ မိမိ၏ရပ်ရွာ အား အမှန်တကယ် စေတနာထားနိုင်မှု နှင့် WASH အသုံး အဆောင်များ အပေါ်တွင် ကိုယ်ပိုင်ကိုယ်ဆိုင်စိတ်ဓါတ်ရရှိစေရေး မြှင့်တင်ခြင်း၊ အချင်းချင်း အပြန်အလှန် ဆက်သွယ်ရေး ကို မြှင့်တင် ပေးခြင်း၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအပါအဝင် အမျိုးသမီးများ၊ အမျိုးသားများ၊ မိန်းကလေးများနှင့် ယောကျ်ားလေးများအား လူထုဦးဆောင်သည့် ကမ်ပိန်းများတွင် ပါဝင်လာနိုင်စေရန် ဖြစ်သည်။ ACE လုပ်ငန်းစဉ် တစ်ခု စီ၏ နောက်ဆုံးပန်းတိုင်သည် ACE အဖွဲ့များမှ ဖော်ထုတ်ထားသော WASH လုပ်ငန်းများဆိုင်ရာ အခက်အခဲများကို ဖြေရှင်း နိုင် ရန် ACE အဖွဲ့မှ ဦး ဆောင်သော WASH ကမ်ပိန်း များဖန်တီးနိုင်ခြင်း ဖြစ်ပါသည်။

## လုပ်ငန်းဆောင်ရွက်မှုများ

ACE လုပ်ငန်းစဉ် ရှိ လုပ်ဆောင်ချက် နည်းလမ်းများအားလုံးသည် တစ်ခုနှင့် တစ်ခု အပြန်အလှန် ချိတ်ဆက်ထားသည့် ပုံစံဒီဇိုင်းရေးဆွဲထား သောကြောင့် ACE အုပ်စု တစ်ခုချင်းစီမှ နည်းလမ်းအားလုံးကို ပြီးစီးအောင် လေ့လာရမည် ဖြစ်သည်။ ပထမဆုံးလုပ်ဆောင်ချက်သုံးခုဖြစ်သော ရပ်ရွာမြေပုံ ရေးဆွဲခြင်း၊ မိမိတို့ ရိုက်ယူထားသော ဓါတ်ပုံ များမှ တဆင့် လိုအပ်ချက်များ ရှာဖွေ ဖော်ထုတ်ခြင်း၊ ပြဿနာ သစ်ပင်ရေးဆွဲခြင်း တို့ကို နည်းလမ်းများဆိုင်ရာအုပ်စု တစ်စု အဖြစ် ဖော်ပြထားပြီး ၎င်းတို့သည် **"လူထုအတွင်း လိုအပ်များကို ရှာဖွေဖော်ထုတ်ခြင်း"** ကို ကူညီနိုင်မည့် နည်းလမ်းများ ဖြစ်သည်၊ ACE အုပ်စု များမှ WASH လုပ်ငန်းများဆိုင်ရာ ဦးစားပေး အခက်အခဲများကို ရွေးချယ်သည့်အခါ ၎င်းနည်းလမ်း များမှ အထောက်အပံ့ဖြစ်စေပြီး အခက်အခဲ ပြဿနာများကို အဆင့်ဆင့် ခွဲခြမ်းသည့်အခါလည်း ကူညီနိုင်မည်ဖြစ်သည်။ ACE လုပ်ငန်းစဉ်၏ ဒုတိယအဆင့်သည်**" လူထုဦးဆောင်သော ကမ်ပိန်းများ ဆောင်ရွက်ခြင်း"** အဆင့်ဖြစ်ပြီး ၎င်းတွင် လုပ်ငန်း အစီအစဉ် ရေးဆွဲခြင်းနှင့် အချိန် အတိုင်းအတာ သတ်မှတ်ခြင်း၊ ငွေကြေး လိုအပ်မှု ဆိုင်ရာ အစီအစဉ် များ ရေးဆွဲခြင်းနှင့် လုပ်ငန်းတိုင်းတာရေး အညွှန်းကိန်းများနှင့် စောင့်ကြည့်လေ့လာရေးဆိုင်ရာ အစီအစဉ်များ ရေးဆွဲခြင်း တို့ ပါဝင်မည်ဖြစ်ပြီး အစောပိုင်းတွင်ဖော်ပြခဲ့သော WASH လုပ်ငန်းများဆိုင်ရာ ပြဿနာများအားဖြေရှင်းနိုင်ရန် အထောက်အပံ့ရစေမည်ဖြစ်ပါသည်။ အောက်တွင် ဤလက်စွဲ၌ ဖော်ပြထားသည့် လုပ်ဆောင်ချက်များ စာရင်းကိုဖော်ပြထားသည်။ အစီရင်ခံမှု ပုံစံကို နောက်ဆက်တွဲ A: အစီရင်ခံမှုပုံစံတွင် ပူးတွဲဖော်ပြထားပါသည်။

**လုပ်ငန်းသတ်မှတ်ချက် ကာလ (၁)**

- ပံ့ပိုးကူညီသူများ အတွက် သင်တန်းပေးခြင်း
- လူထုဆွေးနွေးပွဲများ ပြုလုပ်ခြင်း
- ပါဝင်မည့်သူများအား စုဆောင်းရှာဖွေခြင်း
- ပါဝင်မည့် အုပ်စုများနှင့် လုပ်ငန်းဆိုင်ရာ မိတ်ဆက် ဆွေးနွေးပွဲများ ပြုလုပ်ခြင်း

**လုပ်ငန်းသတ်မှတ်ချက် ကာလ (၂)**

- ရပ်ရွာမြေပုံ ရေးဆွဲခြင်း
- မိမိတို့ ရိုက်ယူထားသော ဓါတ်ပုံများမှ တဆင့် လိုအပ်ချက်များ ရှာဖွေ ဖော်ထုတ်ခြင်း
- ပြဿနာ သစ်ပင်ရေးဆွဲခြင်း
- လုပ်ငန်း အစီအစဉ် ရေးဆွဲခြင်းနှင့် အချိန် အတိုင်းအတာ သတ်မှတ်ခြင်း
- ငွေကြေး လိုအပ်မှု ဆိုင်ရာ အစီအစဉ် များ ရေးဆွဲခြင်း
- လုပ်ငန်းတိုင်းတာရေး အညွှန်းကိန်းများနှင့် စောင့်ကြည့်လေ့လာရေးဆိုင်ရာ အစီအစဉ်များ ရေးဆွဲခြင်း

## လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အဆင့်ဆင့် လမ်းညွှန်ချက်များ

### ပံ့ပိုးကူညီသူများအား သင်တန်းပေးခြင်း

***ဤလမ်းညွှန်ချက် မှတ်စုများသည် ACE လုပ်ငန်းများအား လုပ်ဆောင်မည့် ပံ့ပိုးကူညီသူများအတွက်သာ အသုံးပြုရန် စီစဉ်ရေးဆွဲ ထားသော လမ်းညွှန်ချက် တစ်ခုဖြစ်ကြောင်း ကျေးဇူးပြု၍ မှတ်သားစေလိုပါသည်။***

ACE လုပ်ငန်းစဉ်များတွင် ယခုဖော်ပြထားသော လုပ်ငန်းများအားလုံးသည် စခန်းထဲတွင်ရှိသော စခန်းနေ ဝန်ထမ်း များမှ ဦးဆောင်၍ ဆောင်ရွက်သင့်ပါသည်။ ACE အုပ်စု တစ်ခုချင်းစီအား ဦးဆောင်နိုင်ရန်အတွက် အနည်းဆုံး စခန်းနေဝန်ထမ်း အမျိုးသမီး ၂ ဦး နှင့် အမျိုးသား ၂ ဦးတို့ကို စနစ်တကျ အချိန်ယူပြီး လေ့ကျင့် သင်ကြား ပေးထားရပါမည်။ ၎င်းတို့ အတွက် လေ့ကျင့်ပေးရမည့် သင်တန်း ၃ ခုအား အောက်တွင် ဖော်ပြ ပေးထားပါသည်။

- မိမိတို့ ရိုက်ယူထားသော ဓါတ်ပုံများမှ တဆင့် လိုအပ်ချက်များ ရှာဖွေ ဖော်ထုတ်ခြင်း ဆိုင်ရာ ပံ့ပိုးကူညီသူများ အတွက် သင်တန်း (ဓါတ်ပုံထဲက စကားသံ)
- အဓိက လိုအပ်ချက်များအား ရှာဖွေဖောထုတ်ရေးနည်းလမ်းများ ဆိုင်ရာ သင်တန်း
- ကမ်ပိန်း ပြုလုပ်ခြင်း နည်းလမ်းများ ဆိုင်ရာ သင်တန်း

### လူထုဆွေးနွေးပွဲများ ပြုလုပ်ခြင်း

လူထုဆွေးနွေးပွဲများ ပြုလုပ်ခြင်းသည် ACE စီမံကိန်းစတင်မည့် အကြောင်း လူထုအား အသိပေးသည့်အခါ လူအများစုအား လွှမ်းခြုံနိုင်စေရန်နှင့် ၎င်းတို့ကို လုပ်ငန်းစဥ်များအား သဘောပေါက်နားလည်နိုင်စေရန် ရည်ရွယ်ထားပြီး ACE လုပ်ငန်းစဥ်များအား မိတ်ဆက်ပေးခြင်းလည်းဖြစ်ပါသည်။ လုပ်ဆောင်ချက်တစ်ခုစီ၏ အသေးစိတ်များကို ရှင်းပြရန်မလိုအပ်ပါ၊ သို့သော်လူထုခေါင်းဆောင်များသည် ACE လုပ်ငန်းစဉ်၏ ပန်းတိုင် များ နှင့် ခြေလှမ်းများကို သိရှိနားလည်ရန်နှင့် မေးခွန်းများရှိလျှင် OXSI ကို မည်သို့ဆက်သွယ်ရမည်ကို သေချာစေရန်အရေးကြီးပါသည်။

**အစည်းအဝေးအကြောင်းအရာ**

- သင့်ကိုယ်သင် မိတ်ဆက်ပါ။
- ACE လုပ်ငန်းစဉ်၏ ရည်ရွယ်ချက်ကိုရှင်းပြပါ - မိမိတို့ဒေသရှိ WASH လုပ်ငန်းများ ဆိုင်ရာ အခက်အခဲများအား ရှာဖွေဖော်ထုတ်ရန် စီအစဉ်အလိုက် ပြုလုပ်ထားသော လုပ်ငန်းနည်းလမ်းများအား ဒီဇိုင်း ရေးဆွဲထားပြီး ၎င်းတို့ကို ACE အဖွဲ့ငယ်များနှင့် စေ့စပ်ညှိနှိုင်း ဆောင်ရွက် သွားမည်ဖြစ်ပြီး အဖွဲ့သား အချင်းချင်း ယုံကြည်မှု တည်ဆောက်ခြင်း များ၊ မိမိတို့ လုပ်ကိုင်နိုင်စွမ်း အပေါ် ယုံကြည်မှုတည်ဆောက်ခြင်း နှင့် အဖွဲ့အလိုက် လုပ်ဆောင်နိုင်မှု စွမ်းရည်တို့ကို တည်ဆောက်လျှက် ၎င်းအဖွဲ့များမှ ရွေးချယ်ထားသော WASH လုပ်ငန်းများ ဆိုင်ရာ အခက်အခဲများအရ လူထု ဦးဆောင်သော ကမ်ပိန်းများ ဆောင်ရွက်သွားရန် ဖြစ်သည်။
- ACE လုပ်ငန်းစဉ်၏ အဆင့်ဆင့် လုပ်ဆောင်ချက်များကိုရှင်းပြပါ - **လိုအပ်ချက်များအား ဖော်ထုတ်ခြင်း လုပ်ငန်းစဉ် များ** (ရပ်ရွာမြေပုံ ရေးဆွဲခြင်း၊ မိမိတို့ ရိုက်ယူထားသော ဓါတ်ပုံ များမှ တဆင့် လိုအပ်ချက်များ ရှာဖွေ ဖော်ထုတ်ခြင်း၊ ပြဿနာ သစ်ပင်ရေးဆွဲခြင်း)၊ **" လူထုဦးဆောင်သော ကမ်ပိန်းများ ဆောင်ရွက်ခြင်း"** (လုပ်ငန်း အစီအစဉ် ရေးဆွဲခြင်း နှင့် အချိန် အတိုင်းအတာ သတ်မှတ်ခြင်း၊ ငွေကြေး လိုအပ်မှု ဆိုင်ရာ အစီအစဉ် များ ရေးဆွဲခြင်းနှင့် လုပ်ငန်း တိုင်းတာရေး အညွှန်းကိန်းများနှင့် စောင့်ကြည့်လေ့လာရေးဆိုင်ရာ အစီအစဉ်များ ရေးဆွဲခြင်း) နှင့် နောက်ဆုံးတွင် ACE အဖွဲ့များမှ လူထု ဦးဆောင်သော ကမ်ပိန်းများ ဆောင်ရွက်ခြင်းတို့ဖြစ်သည်။
- ရပ်ရွာခေါင်းဆောင်များအား စိတ်ပါဝင်စားသူများမှ ACE လုပ်ငန်းစဉ်တွင် ပါဝင်နိုင်စေရန် လူထုအတွင်း ACE လုပ်ငန်း အကြောင်းအား သတင်းစကား ဖြန့်ဝေပေးရန် အားပေးပါ။ ACE လုပ်ငန်းသည် ပါဝင်သူများ၏ လွတ်လပ်စွာ ပူးပေါင်းပါဝင်မှုနှင့် သက်တောင့်သက်သာဖြစ်မှုတို့ကို ထိခိုက်စေနိုင်သောကြောင့် အာဏာရှိ ရာထူးရှိသူများအား ဤလုပ်ငန်းစဉ်တွင် ပါဝင်ရန် မရည်ရွယ်ပါ။ သို့သော် ACE လုပ်ငန်းစဉ်အကြောင်း အသေးစိတ်သိရှိနိုင်ရန် လုပ်ငန်း မိတ်ဆက်ခြင်း ဆွေးနွေးပွဲများတွင် ပါဝင်တက်ရောက်နိုင်ရန် အခြားသူများအား သတင်းစကား ဖြန့်ဝေခြင်းများ ပြုလုပ် နိုင်သည်။ အမျိုးသားများ၊ အမျိုးသမီးများ၊ လူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများ အားလုံးကို မည်သူမဆို စိတ်ပါဝင်စားပါက ACE လုပ်ငန်းတွင် ပါဝင်ရန်နှင့် ပိုမိုအသေးစိတ်လေ့လာရန် လုပ်ငန်းမိတ်ဆက်ခြင်း ဆွေးနွေးပွဲများသို့ တက်ရောက်ရန်အားပေးပါသည်။ လုပ်ငန်းမိတ်ဆက်ခြင်း ဆွေးနွေးပွဲများ ပြုလုပ်မည့် အချိန်နှင့် နေရာ စသည့်သတင်းအချက်အလက်များ ပေးထားပါ။ ACE လုပ်ငန်းစဉ်သည် WASH ပြဿနာများကို အဓိက ဦးတည် ထားသော်လည်း အခြား WASH နှင့် မသက်ဆိုင်သော ကိစ္စများကိုလည်း ရှာဖွေဖော်ထုတ်နိုင်ပါသည်။
- မရှင်းလင်းသော သတင်းစကားများ ရှိခဲ့ပါက တက်ရောက်သူများအား မေးခွန်းများမေးရန်နှင့် အကြံဥာဏ်များ ပေးရန် အချိန်ခွင့်ပြုပေးပါ။
- ဆွေးနွေးမှုပြီးဆုံးသည့်အခါ တက်ရောက်လာသူများအား ပါဝင်မှုအတွက် ကျေးဇူးတင်ကြောင်း ပြောကြားပေးပါ၊ မုန့် နှင့် ကော်ဖီ သို့မဟုတ် အအေး တစ်ခုခု ကျွေးနိုင်ပါသည်။

## ပါဝင်မည့်သူများအား စုဆောင်းရှာဖွေခြင်း

ACE အဖွဲ့တစ်ဖွဲ့စီကို ကွဲပြားသည့်/မတူညီသည့် ပါဝင်မည့်သူ များဖြင့် ဖွဲ့စည်းနိုင်သည်၊ ယခင်က စခန်းတစ်ခုအတွင်း ACE အဖွဲ့များဖွဲ့စည်းရာတွင် နေရာ/ဧရိယာ တစ်ခုတည်းမှ အမျိုးသားများအုပ်စု၊ အသက်အရွယ်မရွေးအမျိုးသမီးများ အုပ်စု၊ အသက်ငယ်သောအမျိုးသမီးများအုပ်စု၊ အမျိုးသားနှင့်အမျိုးသမီးများ ရောနှောထားသည့် ACE အုပ်စုများ ရှိခဲ့ သည်။ ACE အုပ်စုများတွင် ပါဝင်သူများသည် ဘုံသဘောတူညီချက်များရရှိရန်နှင့် တစ်ဦး နှင့်တစ်ဦး သက်တောင့် သက်သာ ရှိရန် အရေးကြီးပါသည်၊ ထို့ကြောင့် ACE အဖွဲ့ ဖွဲ့စည်းရန် အသက်အရွယ်၊ ကျား၊မ၊ နေရာဒေသအလိုက် အစရှိသဖြင့် အခြေအနေပေါ်မူတည်၍ အဖွဲ့ ဖွဲ့စည်းရန်လည်း အကြံပြုပါသည်။

လူထုဆွေးနွေးပွဲများ ပြုလုပ်ခြင်းအပြင် ပါဝင်မည့်သူများအား စုဆောင်းရှာဖွေရန် ပုံမှန်လမ်းကြောင်းများ (ပုံမှန်သန့်ရှင်း ရေး မြှင့်တင်ရေးလုပ်ငန်းစဉ်များ၊ လူထုပံ့ပိုးကူညီသူများမှတဆင့်၊ လူထုခေါင်းဆောင်များ၊ CMC များနှင့် ဆွေးနွေးပွဲ များ ပြုလုပ်ခြင်း

စသည်) မှတဆင့် စုဆောင်း ရှာဖွေနိုင်ပြီး ACE လုပ်ငန်းမိတ်ဆက် ဆွေးနွေးပွဲများတွင်လည်း ပါဝင်၍ ပိုမို အသေးစိတ် လေ့လာနိုင်ရန် လူထုအား ဖိတ်ကြားထားပါ ။

ACE အဖွဲ့ တစ်ခုစီတွင် ပါဝင်သူ ၁၅ ဦး ထက် မပိုသင့်ပါ၊ အဘယ်ကြောင့်ဆိုသော် အုပ်စုကြီးလွန်းလျှင် ပံ့ပိုးကူညီသူမှ ကိုင်တွယ်ရန် ခက်ခဲနိုင်သောကြောင့်ဖြစ်သည်။

## လုပ်ငန်းဆိုင်ရာ မိတ်ဆက် ဆွေးနွေးပွဲများ ပြုလုပ်ခြင်း

လုပ်ငန်းဆိုင်ရာ မိတ်ဆက် ဆွေးနွေးပွဲများ ပြုလုပ်ခြင်း ၏ ရည်ရွယ်ချက်မှာ ACE လုပ်ငန်းစဉ်တစ်ခုလုံး၏ အသေးစိတ် အချက်အလက်များကို ပံ့ပိုးရန်နှင့် စိတ်ဝင်စားသောသူများအား ACE အဖွဲ့တွင် ပူးပေါင်းပါဝင်နိုင်စေရန် ရည်ရွယ်ပါသည်။ ဆွေးနွေးပွဲ အပြီးတွင်တစ်ဦးချင်းစီသည် သူ/သူမ အနေဖြင့် ပါဝင်လိုသည်/မပါဝင်လိုပါ စသည်ဖြင့် ဆုံးဖြတ်နိုင်သည်။ ACE တွင်ပါဝင်ခြင်းသည် လုံးဝ မိမိ၏ ဆန္ဒအလျောက် ပါဝင်ခြင်းမျိုးသာ ဖြစ်ရမည်ဖြစ်ပြီး ပါဝင်သူများသည် မိမိတို့ အဆင်မပြေသည့် အချိန်တွင် အဖွဲ့မှ အချိန်မရွေး ထွက်ခွာသွားနိုင်သည်။ ဤအရာသည် OXSI မှ ဆောင်ရွက်နေသော ပုံမှန်လုပ်ငန်းများထက် အချိန်ကြာနိုင်မည်ဖြစ်ကာ အချင်းချင်း ကတိကဝတ်ထားပြီး ဆောင်ရွက်ရမည့် လုပ်ငန်းများ ဖြစ်သော်လည်း OXSI မှ တစ်စုံတစ်ရာ ငွေပေးချေမှုနှင့် မပတ်သက်ကြောင်း သတိပေးပါ/ သေချာစွာ ရှင်းပြပေးပါ။ သို့သော် ပါဝင်သူများအတွက် အသုံးပြုနိုင်မည့် ပစ္စည်း အနည်းငယ် (တီရှပ်၊ ထီး၊ ဦးထုပ် အစရှိသည်)အား ပါဝင်သည့် ကာလ အတွင်း တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ်ခန့် ပံ့ပိုးပေးမည်သာ ဖြစ်ပါသည်။ အခြားသော မည်သည့် ငွေကြေးနှင့် ထောက်ပံ့မှု တစ်စုံတစ်ရာအား ပါဝင်သူများအတွက် အကျိုးခံစားခွင့် အဖြစ် OXSI မှ ပေးအပ်မည် မဟုတ်ပါ။

### ပါဝင်သူများအား အသိအမှတ်ပြုရန် အတွက် အသေးစား လက်ဆောင် ပစ္စည်းများ ပေးအပ်ခြင်း

- ACE အဖွဲ့တွင် လူထုပါအားပါဝင်လာစေရန် ပစ္စည်းများ ပေးခြင်းဖြင့် ဆွဲဆောင်မည် မဟုတ်သော်လည်း အဖွဲ့ဝင်များ၏ ကြိုးပမ်းလုပ်ဆောင်မှုများကို အသိအမှတ်ပြုသည့် အနေဖြင့် အသေးစား ပစ္စည်း အချို့အား လက်ဆောင် အဖြစ် ပေးအပ်နိုင်သည်။ (တီရှပ်၊ ထီး၊ ဦးထုပ် အစရှိသည်) ထို့ကြောင့် အသေးစား ပစ္စည်း အချို့သည် ပါဝင်သူ များအား သူတို့၏ အချိန်များအား ပေးပြီး ပူးပေါင်းပေးသည့်အတွက် အသိအမှတ်ပြုရန် လုံလောက်နိုင်သည့် သေးငယ်သောအရာများဖြစ်ပါသည်။
- **ဆွေးနွေးပွဲ တစ်ခုစီ ပြုလုပ်တိုင်း** တစ်ဦးချင်းစီအတွက် လက်ဖက်ရည်/ကော်ဖီ နှင့် မုန့် တစ်ခုခု ကို ကျွေးမွေး နိုင်ပါသည်။
- **မိမိတို့ ရိုက်ယူထားသော ဓါတ်ပုံများမှ တဆင့် လိုအပ်ချက်များ ရှာဖွေ ဖော်ထုတ်ခြင်း** ပါဝင်သူ တစ်ဦးချင်း စီမှ မိမိတို့ ရိုက်ယူထားပြီး သိမ်းထားလိုသည့် မည်သည့်ဓာတ်ပုံကိုမဆို ဓါတ်ပုံအဖြစ်ထုတ်ယူ၍ ပါဝင်သူများအား လက်ဆောင်ပေး နိုင် ပါသည်။
- **လိုအပ်ချက်များအား ဖော်ထုတ်ခြင်း လုပ်ငန်းစဉ်များ** (ရပ်ရွာမြေပုံ ရေးဆွဲခြင်း၊ မိမိတို့ ရိုက်ယူထားသော ဓါတ်ပုံ များမှ တဆင လိုအပ်ချက်များ ရှာဖွေဖော်ထုတ်ခြင်း၊ ပြဿနာ သစ်ပင်ရေးဆွဲခြင်း) စသည့် လုပ်ငန်းတို့ ပြီးဆုံး သည့်အခါ လက်ဆောင်အသေး အဖြစ် ပစ္စည်းတစ်ခုခု (တီရှပ်၊ ထီး၊ ဦးထုပ် အစရှိသည်) ကို ပေးနိုင်ပါသည်။
- **" လူထုဦးဆောင်သော ကမ်ပိန်းများ ဆောင်ရွက်ရန် စီစဉ်ခြင်း"** (လုပ်ငန်း အစီအစဉ် ရေးဆွဲခြင်း နှင့် အချိန် အတိုင်းအတာ သတ်မှတ်ခြင်း၊ ငွေကြေး လိုအပ်မှု ဆိုင်ရာ အစီအစဉ် များ ရေးဆွဲခြင်းနှင့် လုပ်ငန်း တိုင်းတာရေး အညွှန်းကိန်းများနှင့် စောင့်ကြည့်လေ့လာရေးဆိုင်ရာ အစီအစဉ်များ ရေးဆွဲခြင်း) လုပ်ငန်းတို့ ပြီးစီးသည့်အခါ လက်ဆောင်အသေး အဖြစ် ပစ္စည်းတစ်ခုခု (တီရှပ်၊ ထီး၊ ဦးထုပ် အစရှိသည်) ကို ဒုတိယအကြိမ် အဖြစ် ပေးနိုင် ပါသည်။

ACE အဖွဲ့များကို ဖွဲ့စည်းသည့် အခါ အဖွဲ့ဝင်များ၏ ဆန္ဒအပေါ်တွင် မူတည်၍ ဖွဲ့စည်းနိုင်သည်။ ဥပမာအားဖြင့်၊ ကျား/မ သီးသန့် အဖွဲ့များ သို့မဟုတ် ကျား နှင့် မ ရောနှောထားသော အဖွဲ့များ၊ လူကြီး နှင့် လူငယ် ခွဲထားသည့် အသက်အပိုင်း အခြား ကန့်သတ်ထားသော အဖွဲ့များ သို့မဟုတ် အသက် အပိုင်းအခြား ကန့်သတ်မထားသော အဖွဲ့များ၊ စခန်း၏ ပထဝီဝင် ဧရိယာအား ဦးတည်ဖွဲ့စည်းထားသော အဖွဲ့များ အစရှိသဖြင့် အဖွဲ့များအား ဖွဲ့နိုင်ပါသည်။ ACE အဖွဲ့ တွင် ပါဝင်ရန် စခန်းတစ်ခုအတွင်း လူ ၁၅ ဦး ထက် ပိုစိတ်ဝင်စားပါက/သို့မဟုတ် ACE အဖွဲ့ တစ်ဖွဲ့ထက်ပို၍ ဖွဲ့စည်း လိုသည် ဟု အများမှ ဆန္ဒရှိပါကလည်း ACE အဖွဲ့ကို တစ်ဖွဲ့ထက်ပို၍ဖွဲ့စည်းပါ။ ဆွေးနွေးပွဲ တက်ရောက်ရန် စိတ်ပါဝင်စားသူများ အနေနှင့် ဆွေးနွေးပွဲများအတွက်

နေ့ရက်နှင့်အချိန်တို့ကို ကြိုတင်ညှိနှိုင်းထားပေးပါ။ ACE အဖွဲ့သည် တစ်ပတ်လျှင် အစည်းအဝေးတစ်ခု (၁ နာရီမှ ၂ နာရီကြာရန်) ကြိုးစားသင့်သော်လည်း ၎င်းတို့အနေဖြင့် လိုအပ်ပါက ပို၍ မကြာခဏ တွေ့ဆုံနိုင်သည်။

## ရပ်ရွာမြေပုံ ရေးဆွဲခြင်း

### မိတ်ဆက်

- မြေပုံရေးဆွဲခြင်းပြုလုပ်သည့်အခါ လူထုအတွင်း ဩဇာအာဏာရှိသူများက ဒေသခံလူထုများ၏ လိုအပ်ချက် များ/ အမြင်များကို အများသောအားဖြင့် ဂရုစိုက်ထည့်သွင်းစဉ်းစား၍ ရေးဆွဲခြင်း မပြုလုပ်ခဲ့ကြပါ။
- ရပ်ရွာမြေပုံဆွဲခြင်းသည် ဒေသခံလူထုများ၏ နေရာဒေသအလိုက် ဗဟုသုတနှင့် ၎င်းတို့၏ အမြင်တို့ကို ကိုယ်စားပြုသည်။
- ဒေသခံလူထုများသည် သူတို့၏ ပတ်ဝန်းကျင်နှင့် ပတ်သက်၍ ကျွမ်းကျင်သော အသိပညာများ၊ ဗဟုသုတ များကို ပိုင်ဆိုင်ထားသည်။
- ဒေသခံလူထုများမှ ဖန်တီးထားသော မြေပုံများသည် သူတို့နေထိုင်သော နေရာကိုကိုယ်စားပြုသည်၊ ၎င်းတို့က သူတို့ကိုယ်သူတို့ အရေးပါသည်ဟုထင်သော အရာများအား ဖော်ပြရေးဆွဲနိုင်သည်။

### ရည်ရွယ်ချက်

- ဒေသန္တရဗဟုသုတနှင့် သတင်းအချက်အလက်များကို ထည့်သွင်းရေးဆွဲ ဖော်ပြထားသော ရပ်ရွာမြေပုံတစ်ခုကို ရေးဆွဲနိုင်ရန်။
- ACE အဖွဲ့များ အနေဖြင့် မည်သည့် ဝန်ဆောင်မှုများသည် လက်လှမ်းမီ ချိတ်ဆက်နိုင်သည်၊ မည်သည့် အချက် များက အနှောင့်အယှက်ဖြစ်စေနိုင်သည် စသောအရာများကိုနားလည်စေနိုင်ရန်။
- ACE အဖွဲ့ (သို့မဟုတ် အခြားရပ်ရွာမှ လူထုများ) အားအန္တရာယ်ဖြစ်စေနိုင်သော နေရာများကို သတ်မှတ် ထား နိုင်စေရန်။
- အရေးကြီးသောနေရာများ၊ ဝန်ဆောင်မှုများနှင့် အပြန်အလှန်ဆက်သွယ်မှုများအား အတူအကွ ဆွေးနွေးစေကာ မြေပုံပေါ်တွင ရေးဆွဲဖော်ပြခြင်းနှင့် ရပ်ရွာ၏ တိုးတက်ပြောင်းလဲနိုင်မှု အခြေအနေများ အပေါ်တွင် နားလည်မှု ကို ပိုမိုတိုးတက်လာစေရန်။
- ဤအုပ်စုတွင် ပါဝင်သူများအနေဖြင့် ရပ်ရွာနှင့် ပတ်သက်သည့် အရေးကြီးသော ကဏ္ဍများနှင့် အခြားသော ကိစ္စရပ်များကိုလည်း နားလည်နိုင်စေရန်။

### ရပ်ရွာမြေပုံ ရေးဆွဲခြင်း အဆင့်ဆင့်

အောက်ပါအဆင့်များသည် ACE အဖွဲ့အား ၎င်းတို့ကိုယ်တိုင် ရပ်ရွာမြေပုံတစ်ခု ရေးဆွဲနိုင်ရန်ကူညီနိုင်မည်ဖြစ်သည်။

- မြေပုံအား ရေးဆွဲသည့်အခါ ရပ်ရွာရှိ နေရာများနှင့် အခြား အချက်အလက်များကို ကိုယ်စားပြုနိုင်သည့် မည်သည့် သင်္ကေတများအား မြေပုံပေါ်တွင် ထည့်သွင်းမည်ကို ပါဝင်သူအားလုံးမှ သဘောတူထားသင့်သည်။
- ပါဝင်သူများမှ ရပ်ရွာ၏ အကျယ်အဝန်း အတိုင်းအတာအား မည်မျှအထိ မြေပုံပေါ်တွင် ထည့် သွင်းရေးဆွဲရန် စကေးဖြင့်သတ်မှတ်၍ ဆုံးဖြတ်နိုင်သည်။ (လမ်းများ၊ အကွက်များကဲ့သို့ နယ်နိမိတ်ကို အရင်ဖန်တီးပါ)
- ပါဝင်သူများသည် ရပ်ရွာရှိ သူတို့အတွက် အရေးကြီးသောနေရာများကို ထည့်သွင်းရေးဆွဲနိုင်ရန် အတူအကွ ဆွေးနွေးပြီး ထည့်သွင်းရမည်။ ၎င်းတို့တွင် ကျောင်းများ၊ ဗလီများ၊ အိမ်များ၊ ထောက်ပံ့ရေး ပစ္စည်းများ ဖြန့်ဖြူး သည့်နေရာများ၊ ကျန်းမာရေးဆေးခန်းများနှင့်/ သို့မဟုတ် ဆေးဆိုင်များ၊ ရိုးရာ ဆေးဆရာများ၊ ဈေးကွက်များ ပါဝင်နိုင်သည်။ မှတ်ချက်။ ၎င်းတို့ ရေးဆွဲသည့်မြေပုံသည် အတိုင်းအတာနှင့်အချိုးအစားများ၊ အချက်အလက် များ အားလုံး စုံလင်၍ "လုံး၀ ကောင်းမွန်နေရမည်" ဟု ဆိုလိုခြင်းမဟုတ်ပါ။
- ပါဝင်သူများမှ ၎င်းတို့အတွက် အရေးကြီးသည်ဟု ယူဆသော ရပ်ရွာ အတွင်းရှိ WASH အထောက်အကူ ပစ္စည်းများ (သို့) အသုံး အဆောင်များ (ယင်လုံအိမ်သာများ၊ ရေတုံကင်များ၊ အပြင်တွင် မစင်စွန့်လေ့ရှိသည့် နေရာများ၊ အမှိုက်များ စွန့်ပစ်သည့် နေရာများ၊ ရေဝပ်နေသောရေကန်များ၊ ရေနုတ်မြောင်းများ စသည်တို့အား ထည့်သွင်း ရေးဆွဲရမည်။
- ပါဝင်သူများသည် ရပ်ရွာ အတွင်းရှိ ၎င်းတို့ လက်လှမ်းမီနိုင်သည့် နေရာ တစ်ခုစီတိုင်းကို ထည့်သွင်းဖော်ပြခြင်း နှင့် WASH အထောက်အကူ ပစ္စည်းများ (သို့) အသုံး အဆောင်များ ပျက်စီးမှု နှင့် ကောင်းမွန်စွာ လည်ပတ်နေမှု အစရှိသည် တို့ကိုလည်း ထည့်သွင်းဖော်ပြနိုင်သည်။
- *သတိပြုရန် - မြေပုံ ရေးဆွဲသည့်အခါ ပါဝင်သူများ အနေဖြင့် မြင်နိုင်သောအရာ/အချက်အလက်များကိုသာ ထည့် သွင်းရေးဆွဲရမည်ဟု မဆိုလိုပါ။ နောက်နောင်တွင် မိမိတို့နှင့် ဆက်စပ်လာနိုင်သည့် အလားအလာရှိသော အရင်းအမြစ်များ၊ စိန်ခေါ်မှုများ၊ လုံခြုံ/ မလုံခြုံသောနေရာများ၊ လူမှုဆက်ဆံရေးအတွက် အရေးကြီးသော နေရာများ စသည်ဖြင့် ပါဝင်ထည့်သွင်းနိုင်ပါသည်။*
- ပါဝင်သူများသည် ၎င်းတို့ရေးဆွဲထားသော မြေပုံကို မည်သည့်နေရာတွင်ထားရန်နှင့် ဤအချက်အလက်များကို ကျယ်ပြန့်သော အသိုင်းအဝိုင်းများထံသို့ မည်သို့ အကောင်းဆုံး ဝေမျှရမည်ကို ဆုံးဖြတ်နိုင်သည်။

OXFAM ACE SOLIDARITÉS INTERNATIONAL

### ဆွေးနွေးခြင်း

ရပ်ရွာမြေပုံရေးဆွဲခြင်း အပြီးတွင်ဆွေးနွေးမှုလွယ်ကူစေရန် အောက်ပါမေးခွန်းများကို မေးနိုင်ပါသည်။ မေးခွန်းများအား ထပ်ထည့်ရန် (သို့) ပြောင်းလဲရန် လွတ်လပ်စွာလုပ်ဆောင်နိုင်ပြီး အုပ်စုအတွင်း သူတို့၏ အခြားစိတ်ကူးများနှင့် လုပ်ဆောင်ချက်များအား မျှဝေခွင့်ပြုခိုင်းပါ။

- သီးခြား ဒေသတစ်ခုတည်းတွင် နေထိုင်သော အုပ်စုများ ရှိပါသလား။
- မည်သည့် ရပ်ရွာအုပ်စုများကို မဆို ဆွေးနွေးစေပါ၊ ၎င်းတို့ရပ်ရွာမှ လူများသည် ပုံမှန်အားဖြင့် မည်သည့်နေရာ တွင အချင်းချင်းတွေ့ဆုံလေ့ရှိသနည်း။ မည်သည့်အုပ်စုများက တွေ့ဆုံလေ့ရှိကြသနည်း။
- WASH နှင့် ပတ်သက်၍ အဓိက ကွာဟချက်များ ရှိပါသလား။
- ၎င်းကွာဟချက်များ (ဥပမာအိမ်သာ၊ ရေ) ကို ဖြေရှင်းရန် မည်သည့် အထောက်အပံ့များ လိုအပ်ပါသနည်း။
- မိမိတို့ ရပ်ရွာရှိ ပြဿနာ အခက်အခဲများအား ကိုကိုယ်တိုင်ဖြေရှင်းနိုင်ရန် မိမိတို့ ရင်ဆိုင်နေရသည့် စိန်ခေါ်မှု များမှာ အဘယ်နည်း။
- ဤပြဿနာ အခက်အခဲများကို ဖြေရှင်းနိုင်ရန် ရပ်ရွာအတွင်း မည်သည့်အရင်းအမြစ်အမျိုးအစားများ (ဥပမာ။ ကျွမ်းကျင်မှု၊ ဗဟုသုတ၊ ပစ္စည်း၊ အချိန်၊ အားပေးလှုံ့ဆော်မှု) ကိုရရှိနိုင်သနည်း။

### ပံ့ပိုးကူညီသူများအတွက် မှတ်စုများ

- အဖွဲ့အတွင်းရှိ လူတိုင်းသည် ဤလုပ်ဆောင်မှုတွင် ပါဝင်ကူညီရန် အခွင့်အလမ်းရှိသည်ကို သေချာစွာ သိပါစေ။ အချို့နေရာများသည် အချို့သူများအတွက် အရေးကြီးသည့် အပြင် လက်လှမ်းမီနိုင်မှုပါ ရှိနိုင်သော်လည်း အခြား သော သူများအတွက်မူ အရေးမကြီး၊ လက်လှမ်းမှီနိုင်မှုပါ မရှိဘဲ ဖြစ်နေနိုင်ပါသည်။ ထိုကဲ့သို့ အခြေအနေ များ သည် သဘာဝကျပါသည်။ ပါဝင်သူတိုင်း၏ အတွေ့အကြုံများကိုလည်း မြေပုံပေါ်တွင် ရေးဆွဲဖော်ပြနိုင်ပါသည်။

- ACE အဖွဲ့အား မြေပုံရေးဆွဲပြီးသည့်အခါ အများသဘောတူသော မြေပုံ၏ ခေါင်းစဉ်တစ်ခုအား ရေးထည့်ရန် ညွှန်ကြားပြီး မြေပုံ၏ထိပ်၌ ရေးထည့်ပါ၊ မြေပုံ၏အောက်ခြေသို့ မဟုတ် နောက်ကျောတွင် ရက်စွဲကိုရေးပါ။

- ခွင့်ပြုချက်ရလျှင် မြေပုံကိုနံရံတစ်ခုတွင် ချိတ်ဆွဲထားပြီး ပါဝင်သူများနှင့် အတူဓာတ်ပုံရိုက်ပါ။

## မိမိတို့ ရိုက်ယူထားသော ဓါတ်ပုံများမှ တဆင့် လိုအပ်ချက်များ ရှာဖွေ ဖော်ထုတ်ခြင်း

မှတ်ချက်။ ။ ဤလုပ်ငန်း သည် တွေ့ဆုံဆွေးနွေးမှု တစ်ကြိမ်ထက် ပို၍ လိုအပ်မည်ဖြစ်သည်၊ အထူးသဖြင့် ၃ ကြိမ်ခန့်။ ဤလုပ်ငန်း အတွက် ACE အဖွဲ့အား သင်တန်းပေးမှု မစတင်မီ ပံ့ပိုးကူညီသူများအား ကြိုတင်၍ သီးခြားသင်တန်းပေးရန် လိုအပ်ပါသည်။ အောက်ပါလမ်းညွှန်ချက်များသည် ACE အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးမှုများအတွင်း ညွှန်ကြားမှု ပေးနိုင်ရန် အတွက် လမ်းညွှန်ချက်များသာ ဖြစ်ပါသည်။

### မိတ်ဆက်

- မိမိတို့ ရိုက်ယူထားသော ဓါတ်ပုံများမှ တဆင့် လိုအပ်ချက်များ ရှာဖွေ ဖော်ထုတ်ခြင်း (Photovoice) သည် ရပ်ရွာ အတွင်းရှိ လက်ရှိ အခြေအနေများ အပေါ် လူထုမှ ဓာတ်ပုံရိုက်ယူပြီး အဖြေရှာခြင်းအားဖြင့် သူတို့၏ အသိုင်းအဝိုင်းနှင့် ဘဝကိုကိုယ်စားပြုနိုင်သည့် နည်းလမ်းတစ်ခုဖြစ်ပါသည်။
- ဓာတ်ပုံပညာသည် ယဉ်ကျေးမှုနှင့် ဘာသာစကားဆိုင်ရာ အတားအဆီးများကို ကျော်ဖြတ်နိုင်သော လိုက်လျှော ညီထွေစွာ သုံးနိုင်သည့် နည်းလမ်းတစ်ခုဖြစ်ပါသည်။
- ဓာတ်ပုံများသည် ဖြစ်ရပ်မှန်များကိုဖော်ပြနိုင်ခြင်း၊ အမြင်နှင့် ရှုထောင့်များစွာကို ဆက်သွယ်ပေးနိုင်ခြင်းနှင့် အခြား သောနည်းလမ်းများဖြင အလွယ်တကူမဆက်သွယ်နိုင်သောကိစ္စရပ်များအား ဂရုပြုမိစေခြင်း။
- မိမိတို့ ရိုက်ယူထားသော ဓါတ်ပုံများမှ တဆင့် လိုအပ်ချက်များ ရှာဖွေ ဖော်ထုတ်ခြင်း (Photovoice) သည် ACE လုပ်ငန်းစဉ်တွင် ပါဝင်သူများအတွက် ရပ်ရွာအတွင်းရှိ သူတို့တွေ့မြင်ရသောကိစ္စရပ်များအား မိမိတို့ကိုယ်တိုင် ဖော်ထုတ်ဆွေးနွေးရန် ကူညီနိုင်မည်ဖြစ်ပြီး အရေးတကြီး လုပ်ဆောင်ရမည့် ကိစ္စတစ်ခုကို ဦးစားပေး ဖော်ထုတ်ကာ လူထု ဦးဆောင်သည့် WASH ကမ်ပိန်းတစ်ခုကို ဖန်တီးနိုင်ရန်ဖြစ်သည်။

### ရည်ရွယ်ချက်


- ဓါတ်ပုံ ပညာကို လေ့လာသင်ယူနိုင်စေရန်
- ဓါတ်ပုံထဲမှ ကြောင်းအရာများကို ပြောပြနိုင်စေရန်နှင့် စိတ်ကူးစိတ်သန်းများကို မျှဝေနိုင်စေရန်
- လိုအပ်ချက်များကို ထင်သာမြင်သာ ဖြစ်စေခြင်းနှင့် ဦးစားပေး အခက်အခဲများအား ရွေးချယ်နိုင်စေရန်

**အခန်း ၁**

- လုပ်ငန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းပြပါ။
- ပါဝင်သူများအားလုံးမှ လုပ်ငန်းဆောင်ရွက်ရာတွင် ပါဝင်လိုမှု ရှိ/မရှိမေးပါ၊ ပြီးလျှင် ဓါတ်ပုံရိုက်ယူခြင်းနှင့် ပတ်သက်၍ ခွင့်ပြုချက်ပေးမှု နမူနာ ပုံစံကို ရှင်းပြပါ။
- ဓါတ်ပုံ ရိုက်ယူရန် န္ဒရှိသော အဖွဲ့ဝင် တစ်ယောက်စီကို ကင်မရာ ၁ လုံး စီ ငှားပေးပါ။
- ကင်မရာအား မည်ကဲ့သို့ အသုံးပြုရမည်ကို ရှင်းပြပြီး အဖွဲ့ဝင်အားလုံး ကို မိမိတို့ကိုယ်တိုင် ဓါတ်ပုံများကို လက်တွေ့ ရိုက်ယူကြည့်ရန် စမ်းသပ်ပြုလုပ်စေပါ။
- စခန်းထဲ တွင်ကင်မရာဖြင့် ဓါတ်ပုံရိုက်ရိုက်ရန်ယူရာတွင် လိုက်နာရမည့် အရေးကြီးသော လမ်း ညွှန်ချက်များ ကို ရှင်းပြပါ။ (ရှင်းပြထားပုံအား အောက်တွင်ကြည့်ပါ)။
- ဓါတ်ပုံရိုက်ယူနိုင်မည့် အပြင်အဆင်များကို ရှင်းပြပါ၊ ရပ်ရွာအတွင်း ကျန်းမာရေးကို လွှမ်းမိုးနေသော ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ အကောင်းဆုံးသောသဘောထားများနှင့် အလေ့အကျင့်များကို ကိုယ်စားပြု နိုင်မည့် ဓါတ်ပုံများကို ရိုက်ယူရန် လိုအပ်ကြောင်းလည်း ရှင်းပြပါ။
- ငှားထားသော ကင်မရာအား မည်သည့် အချိန်တွင် ပြန်လည် ပေးအပ်ရမည်ကိုလည်း ရှင်းပြပါ။
- နောက်ထပ် တွေ့ဆုံဆွေးနွေးမည့် အစီအစဉ်များကိုလည်း ရှင်းပြပေးပါ။

**ကင်မရာကို ဘယ်လိုအသုံးပြုမလဲ**

- ကင်မရာကို ဘယ်လို အဖွင့် အပိတ်လုပ်မလဲ။
- ရိုက်ယူလိုသော မြင်ကွင်း အပေါ် မည်သို့ ကျုံ့မည်/ချဲ့မည် လဲ။
- မိမိဓါတ်ပုံ ရိုက်ယူလိုသော အမှတ်ကို ဘယ်လို ဦးတည်မလဲ။
- ယ်လို ဓါတ်ပုံ ရိုက်ယူ မလဲ။
- ကိုယ်ရိုက်ထားတဲ့ ဓါတ်ပုံ ကို ကင်မရာ ထဲမှာဘယ်လို ရှာမလဲ။
- မိမိမကြိုက်သော ဓါတ်ပုံ ကို ဘယ်လို ဖျက်ရမလဲ။




1. Lens – မှန်ဘီလူး
2. Speaker - စကားပြောခွက်
3. Zoom lever - မြင်ကွင်း ကျုံ့/ချဲ့
4. Shutter button (to take picture) - ဓါတ်ပုံရိုက်ယူရန် နှိပ်ရသည့် ခလုတ်
5. Lamp - အချက်ပြမီး
6. Power button - ပါဝါ ခလုတ
7. Microphone - မိုက်ကရိုဖုန်း
8. Flash - မီးအလင်းအမှောင

**အရေးကြီးသော လမ်းညွှန်ချက်များ**

အဖွဲ့ဝင်များအားလုံးသည် စခန်းများတွင် ဓာတ်ပုံရိုက်ယူ ရန်အတွက် အရေးကြီးသော ဤ ညွှန်ကြားချက်များကို သေချာစွာ နားလည်ပါစေ။

- ဓါတ်ပုံ ရိုက်ယူရာတွင် မိမိကြောင့် သူတပါး အနှောင့် အယှက်မဖြစ်အောင် သတိထားပါ။
- ရဲအရာရှိ ၊ စစ်ဆေးရေးဂိတ်၊ (သို့) လူအများ လက်ခံနိုင်မှု မရှိသော အရာများအား ဓါတ်ပုံ မရိုက်ပါနှင့်။
- အကယ်၍ တစ်စုံတစ်ယောက်က သင့်အား ကင်မရာအကြောင်း မေးမြန်းလာပါက ကျွန်တော်/မ သည် စခန်းထဲရှိ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ လိုအပ်ချက်များကိုသာ ဓါတ်ပုံရိုက်ယူခြင်း ဖြစ်ကြောင်း ရှင်းပြပေးပါ။
- တစ်စုံတစ်ယောက်ကို ဓါတ်ပုံရိုက်လို လျှင် ခွင့်ပြုချက်တောင်းယူပြီးမှ ရိုက်ပါ။
- ငယ်ရွယ်ပြီး ခွင့်ပြုမှုများ မပြုလုပ်နိုင်သော ကလေးများကို ဓါတ်ပုံမရိုက်ပါနှင့်။

- ကင်မရာကို မည်သူ့ကို မှ ပေးအပ်ထားခြင်းမပြုလုပ်ပါနှင့် ၊ သင်သာလျှင် ကင်မရာကို ပြန်လည်ပေးအပ်ရန် တာဝန်ရှိပါသည်။
- ဓါတ်ပုံကို ရနိုင်သမျှ များများရိုက်ယူပါ။

### ပံ့ပိုးကူညီသူများအတွက် မှတ်စုများ

- ကင်မရာ ငှားရမ်းလိုသည့် အဖွဲ့ဝင်များအား ၄င်းတို့၏ လက်မှတ် (သို့) လက်ဗွေရာ ကို ယူပြီးမှသာ ကင်မရာအား ငှားရမ်းပေးပါ။
- ၄င်းတို့မှ ငှားရမ်းထားသည့် ကင်မရာအား သူတို့၏ အိမ်၌ ညဘက်များတွင် သိမ်းထားခြင်းများအား တာဝန် မယူချင်လျှင် ညနေတိုင်း ကင်မရာအား ပြန်လည်၍ ရုံးတွင် လာရောက်အပ်နှံနိုင်ပါသည်။

## အခန်း ၂

### လိုအပ်သော အရာများအား ပြင်ဆင်ခြင်း

အခန်း ၂ အား မစတင်မီ၊ ပံ့ပိုးကူညီသူအနေဖြင့် ပါဝင်သူ တစ်ဦးချင်းစီမှ ရိုက်ယူထားသော ဓာတ်ပုံများကို ကင်မရာ တစ်ခုစီတိုင်းမှ မိမိ၏ laptop သို့ လွှဲပြောင်းယူထားရန်လိုအပ်ပါသည်။ ပါဝင်သူ တစ်ဦးစီအတွက် ဖိုင်တွဲတစ်ခုစီ ဖန်တီး ထားပြီး သူတို့၏ ဓာတ်ပုံများ အားလုံးကို ထိုနေရာသို့ အစီအစဉ်အတိုင်း ရွှေ့ထားပါ။ မိမိ၏ laptop သို့ လွှဲပြောင်းယူထား ပြီးသော ဓာတ်ပုံများကို ပါဝင်သူများ၏ ကင်မရာ SD ကဒ်မှ ဖျက်ပစ်ပါ။

### *အခန်း ၂ အတွက် လိုအပ်မည့် အရင်းအမြစ်များ*

- လူအရေအတွက် - ပံ့ပိုးကူညီသူ ၁ ဦး၊ လက်ထောက် ၂ - ၃ ဦး၊ မှတ်တမ်းတင်ယူသူ ၁ ဦး
- စာရွက်များ ၊ဘောပင်များ
- ကွန်ပျူတာ ၄ လုံး

### အခန်း ၂ - ပြုလုပ်ရန်အဆင့် များ

- ပံ့ပိုးကူညီသူ အပါအဝင် ACE အုပ်စုများအား အုပ်စု ၄ စု ခွဲပါ။ ( အုပ်စု ၁ စုစီတွင် ပံ့ပိုးကူညီသူ သို့မဟုတ် လက်ထောက် ၁ ဦး နှင့် laptop တစ်လုံး ရှိရမည် ဖြစ်ပြီး ၂ ဦး မှ - ၄ ဦးအထိ ဖွဲ့ပါ )
- ပါဝင်သူ ၁ ဦးချင်းစီသည် ဓါတ်ပုံတစ်ပုံချင်းစီအား laptop ထဲတွင် သေချာစွာ ကြည့်ပါစေ။
- မြင်ကွင်း အနေအထား အချိန်အဆတို့ဖြင့် သူတို့ စိတ်ကြိုက်ရိုက်ယူထားသော ဓါတ်ပုံများထဲမှ အကောင်းဆုံး ဓါတ်ပုံ ၂ ပုံ မှ၃ ပုံ အား ပါဝင်သူ တစ်ဦးချင်းစီမှ ရွေးချယ်ရပါမည်။ ( ရပ်ရွာအတွင်း ကျန်းမာရေးကို လွှမ်းမိုး နေသော ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ အကောင်းဆုံးသောသဘောထားများနှင့် အလေ့အကျင့်များ ကို ကိုယ်စားပြု နိုင်မည့် ဓါတ်ပုံများ ဖြစ်သင့်သည်)။
- ပါဝင်သူ တစ်ဦးချင်းစီမှ ၄င်းတို့ ရွေးချယ်ထားသည့် ဓါတ်ပုံများထဲမှ အကောင်းဆုံးဓါတ်ပုံ တစ်ပုံကို ထပ်မံ ရွေးချယ်ပြီး ထိုဓါတ်ပုံအတွက် " ဓါတ်ပုံ၏ အကြောင်းအရာ စာသား" အား ရေးသားစေပါ။ (စာရေးရာတွင် လိုအပ်လျှင် လက်ထောက်မှ ကူညီပေးနိုင်ပါသည်)။
- " ဓါတ်ပုံ၏ အကြောင်းအရာ စာသား" အား ရေးသား ရာတွင် အကူအညီ ဖြစ်စေရန် အောက်ပါ မေးခွန်းများကို ထည့်သွင်းစဉ်းစားပါ။
    - ဓါတ်ပုံထဲ မှာ ဘာတွေ ဖြစ်ပျက်နေတာကို ယေဘူယျအားဖြင့် တွေ့မြင်ရသလဲ။ ( ဖော်ပြပါ)
    - ဓါတ်ပုံရိုက်ယူသည့် အခါ လက်ရှိမှာ အမှန်တကယ် ဘာတွေဖြစ်နေသလဲ။ ( ဓါတ်ပုံ၏ နောက်ကွယ် က အမှန်တကယ် ဖြစ်ပျက်နေတာတွေက ဘာတွေလဲ။)

### ပံ့ပိုးကူညီသူများအတွက် မှတ်စုများ

- " ဓါတ်ပုံ၏ အကြောင်းအရာ စာသား" အား ရေးသားရာတွင် အကူအညီ လိုအပ်သော ပါဝင်သူများအား ကူညီ ပေးပါ။ ပါဝင်သူများ ကိုယ်တိုင်မှလည်း ရေးသားထားသော " ဓါတ်ပုံ၏ အကြောင်းအရာ စာသား" အား စာသား ရေးသားမှု သေချာစေရန် ၄င်းတို့၏ လက်ကိုင်ဖုန်းများတွင် သိမ်းထားလိုက သိမ်းထားနိုင်ပါသည်။
- ပါဝင်သူ တစ်ဦးဦးကို သင့်အနေဖြင့် ကူညီခဲ့လျှင်၊ သင် ကူညီ ရေးသားထားသော ဓါတ်ပုံ၏ အကြောင်းအရာများ ကို သင်ကိုယ်တိုင် ပြန်ဖတ်ပြပြီး၊ မှတ်တမ်းတင်ထားသော ဓါတ်ပုံကို သူတို့က သဘောတူကြောင်းသေချာပါစေ။

## အခန်း ၃

### လိုအပ်သော အရာများအား ပြင်ဆင်ခြင်း

ပါဝင်သူများ အား သူတို့ စိတ်ကြိုက် ဓါတ်ပုံ ၏ " အကြောင်းအရာ စာသား" အား ရေးသား မှုဝေ ရာတွင် အဆင်ပြေ သလား ဟုမေးပါ။ အဆင်ပြေသည်ဟုဆိုလျှင် ပါဝင်သူများအား သဘောတူကြောင်း လက်မှတ်ရေးထိုးခိုင်းပါ။ ဓါတ်ပုံများ အား OXSI ဝန်ထမ်းများမှ စစ်တွေ သို့မဟုတ် စခန်းရုံးများတွင် ပုံထုတ်ထားပါ။

### ဓါတ်ပုံများကို အခြားတက်ရောက်သူများအား ဝေမျှခြင်း နှင့် ဆွေးနွေးခြင်း

ပါဝင်သူတစ်ဦးချင်းစီသည် သူ/ သူမ ၏ဓါတ်ပုံ များအား အခြားသော ACE အဖွဲ့ဝင်များနှင့် ပံ့ပိုးကူညီသူများအား ဝေမျှ နိုင်ပါသည်။

ပါဝင်သူများမှ ၄င်းတို့၏ ဓါတ်ပုံများအား မျှဝေမှုအပြီးတွင် ACE အဖွဲ့ဝင်များအား ဆွေးနွေးမေးမြန်းရမည့် မေးခွန်း အချို့ အား အောက်တွင်ဖော်ပြထားရှိပါသည်။ ဤဆွေးနွေးမှုများသည် အဖွဲ့ဝင်များအား ၄င်းတို့၏ ဓါတ်ပုံများတွင် မြင်တွေ့ နေရသည့် အခက်အခဲပြသနာများထဲမှ အရေးတကြီး ဦးစားပေး ရွေးချယ်ရမည့် အခက်အခဲများကို ကူညီနိုင်မည် ဖြစ်ပြီး ACE အဖွဲ့ တစ်ခုအနေဖြင့် သူတို့ဆောင်ရွက်လိုသည့် ကိစ္စတစ်ခုကို အများ၏ သဘောဆန္ဒရရှိမှု အနေအထားအား ရောက်ရှိရန် ကူညီနိုင်မည်ဖြစ်သည်။

- ပါဝင်သူများ ဆွေးနွေးသွားသော ဓါတ်ပုံများအပေါ် သင်၏ ထင်မြင်ချက်က ဘာဖြစ်မလဲ။
- ဓါတ်ပုံအများစု တွင် ဘာ အကြောင်းအရာ/ အခက်အခဲ များ ကို သင် မြင်တွေ့ခဲ့ပါသလဲ။ စာရင်းပြုစုပါ။

- ပါဝင်သူများ အဖွဲ့ အနေဖြင့် စတင်ဆွေးနွေးသည့် အချိန်မှစ၍ သင့် အနေဖြင့် အရေးတကြီး လိုအပ်ချက်ဟု ခံစားရသော အရာတစ်ခု လည်းဖြစ်ပြီး အဖွဲ့ ဝင်အများစုမှလည်း ပူးပေါင်းဆောင်ရွက်ရန် သဘောတူသည့် အခက်အခဲ များအား ဦးစားပေးရွေးချယ်ထားကာ စာရင်းပြုစုပေးရန် ညွှန်ကြားပါ။

ယခု ဦးစားပေးရွေးချယ် ဖော်ထုတ်ခဲ့သည့် အရေးအကြီးဆုံး အခက်အခဲပြသနာအား အဖွဲ့ဝင်များ အနေဖြင့် နောက်ထပ် ဆောင်ရွက်မည့် လုပ်ငန်းဖြစ်သည့် ပြဿနာသစ်ပင်ရေးဆွဲခြင်း နည်းလမ်းအား ရေးဆွဲသည့်အခါ အဓိက ဦတည် စဉ်းစား သွားမည် ဖြစ်ကြောင်းနှင့် ယခု ရွေးချယ်ထားသော ဦးစားပေး အခက်အခဲ ပြဿနာကို ပါဝင်သူများ အားလုံး သဘောတူ ရန် လိုအပ်ကြောင်းကိုလည်း သေချာစွာရှင်းပြပါ။

## ပြဿနာသစ်ပင်ရေးဆွဲခြင်း

### မိတ်ဆက်

- ကြီးမားသော အခက်အခဲ ပြသနာများသည် ၎င်းတို့တွင် အမြစ်အကြောင်းအရင်း များစွာရှိနေသောကြောင့် ကိုင်တွယ်ရန်ခက်ခဲလေ့ရှိသည်။
- ပြသနာသစ်ပင်ရေးဆွဲခြင်း နည်းလမ်းသည် ပြဿနာကြီးတစ်ခု၏ အကြောင်းရင်းများနှင့် အကျိုးဆက်များကို ဖြေရှင်းရာတွင် အဆင့်ဆင ခွဲခြမ်းသွားနိုင်ရန် ကူညီပေးသည်။
- ဤလုပ်ဆောင်ချက်အပြီးတွင် ပါဝင်သူများသည် ၎င်းတို့အား လွှမ်းမိုးမှုရှိနေသော ပြဿနာများ၏ အကြောင်း ရင်းများ ထဲမှ အခက်အခဲတစ်ခုအပေါ် ဖြေရှင်းနိုင်ရန် လူထုဦးဆောင်သည့် ကမ်ပိန်း ပြုလုပ်နိုင်မှုကို အာရုံစိုက် နိုင်မည်ဖြစ်သည်။

### ပြဿနာသစ်ပင်ရေးဆွဲခြင်း၏ ရည်ရွယ်ချက်များ

- ပြဿနာဟု ယူဆရနိုင်သည့် အကြောင်းအရင်း အားလုံးကိုရှာဖွေနိုင်ရန်။
- သင်ကိုယ်တိုင်ဖြေရှင်းနိုင်မည့် အကြောင်းအရင်း များနှင့် သင်မဖြေရှင်းနိုင်သည့် အကြောင်းအရင်းများကို ဖော်ထုတ်နိုင်ရန်။
- ပြဿနာကြောင့် နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်မည့် အကျိုးဆက်များအားဖော်ထုတ်နိုင်ရန်။
- ပါဝင်သူများ အနေဖြင့် ပြဿများထဲမှ အဖွဲ့အလိုက် လုပ်ဆောင်လိုသည့် အကြောင်းအရင်း တစ်ခုကို ရွေးထုတ်ပြီး အားလုံးသဘောတူနိုင်ရန်။

### ပြဿနာသစ်ပင် အဆင့်များ

အောက်ပါ အဆင့်များသည် ACE အဖွဲ့ဝင်များမှ ပြဿနာ သစ်ပင် ရေးဆွဲရာတွင် ကူညီနိုင်မည့် အချက်များ ဖြစ်သည်။

- သစ်ပင်ပုံစံ ပုံကြမ်း တစ်ခုအား ရေးဆွဲပါ။ ပြီးလျှင် အရေးအကြီးဆုံးဟု ကိုယ်တိုင် ဖော်ထုတ်ထားသော ပြဿနာ အား သစ်ပင်ပုံကြမ်း၏ ကိုယ်ထည်နေရာတွင် ရေးထည့်ပါ။
- အဖွဲ့ဝင်များအားလုံးမှ ပြဿနာ အပေါ် အဓိက ဖြစ်နိုင်ချေရှိသော အကြောင်းအရင်းများအားလုံးကို ဖော်ထုတ်ပါ၊ ထို့နောက် ဖော်ထုတ်ထားသော အဓိက အကြောင်းအရင်းများ တစ်ခုစီကို သစ်ပင်၏အမြစ်ကြီး များ နေရာတွင် အမြစ်တစ်ခုစီ အကြောင်းအရင်းတစ်ခုကျစီ ရေးထည့်ပါ။ ၄င်းသည် အမြစ်များနေရာတွင် ပြဿနာများ ရှိနေခြင်း ကို ဖော်ညွှန်းပါသည်။
- ပထမဦးစွာ သစ်ပင်၏ အမြစ်ကြီးတစ်ခုစီတွင် ရေးထည့်ထားသော အကြောင်းအရင်းတစ်ခုစီကို ရွေးချယ် လိုက် ပြီး ဤ ပြဿနာ၏ အကြောင်းအရင်းသည် မည်သည့်အတွက်ကြောင့် ဖြစ်ပေါ်လာသနည်း ဟု ပါဝင်သူများအား အမြစ်ကြီး တစ်ခုချင်းစီအလိုက် မေးမြန်းပါ။ ဤသို့မေးမြန်းခြင်းဖြင့် ပထမ အခြေခံ အကြောင်းအရင်းမှ တဆင့် ဆင့်ပွား အကြောင်းအရင်းများ ထပ်ဆင့် ထွက်ပေါ်လာရန် အားပေးပါသည်။ ၎င်းထွက်ပေါ် လာ သော ထပ်ဆင့် အကြောင်းအရင်းများအား အမြစ်ကြီးမှ တစ်ဆင့် ၎င်းထက်သေးငယ်သောအမြစ်ငယ် တစ်ခုစီ

ထပ်မံရေးဆွဲကာ ထိုအမြစ်ငယ်များနေရာတွင် ရေးထည့်ပါ။ အမြစ်ကြီး တစ်ခုချင်းစီမှ အဓိက အကြောင်းအရင်းများ ကုန်သည် အထိ ဤကဲ့သို့ ထပ်ကာထပ်ကာ အမြစ်ပွားများအား ရေးဆွဲပြုလုပ်ပြီး အခက်အခဲများအား ဖော်ထုတ်ပါ။

- အဖွဲ့ဝင်များအားလုံးမှ ပြဿနာ အပေါ် အဓိက ဖြစ်နိုင်ချေရှိသော အကျိုးဆက်များ အားလုံးကို ဖော်ထုတ်ပါ၊ ထို့နောက် ဖော်ထုတ်ထားသော အဓိက အကျိုးဆက်များ တစ်ခုစီကို သစ်ပင်၏အကိုင်းကြီး များ နေရာတွင် အကိုင်းတစ်ခုစီ အကျိုးဆက် တစ်ခုကျစီ ရေးထည့်ပါ။

- ပထမဦးစွာ သစ်ပင်၏ အကိုင်းကြီးတစ်ခုစီတွင် ရေးထည့်ထားသော အကျိုးဆက်တစ်ခုစီကို ရွေးချယ်လိုက်ပြီး ဤ ပြဿနာ၏အကျိုးဆက်သည် မည်သည့်အတွက်ကြောင့် ဖြစ်ပေါ်လာသနည်း ဟု ပါဝင်သူများအားအကိုင်း ကြီး တစ်ခုချင်းစီအလိုက် မေးမြန်းပါ။ ဤ သို့မေးမြန်းခြင်းဖြင့် ပထမ အခြေခံ အကြောင်းအကျိုးဆက်မှ တဆင့် ဆင့်ပွား အကြောင်းအကျိုးဆက်များ ထပ်ဆင့် ထွက်ပေါ်လာရန် အားပေးပါသည်။ ၎င်းထွက်ပေါ် လာ သော ထပ်ဆင့် အကြောင်းအကျိုးဆက် များအား အကိုင်းကြီးမှ တစ်ဆင့် ၎င်းထက်သေးငယ်သောအကိုင်းငယ် တစ်ခုစီ ထပ်မံရေးဆွဲကာ ထိုအကိုင်းငယ်များနေရာတွင် ရေးထည့်ပါ။ အကိုင်းကြီး တစ်ခုချင်းစီမှ အဓိက အကျိုး ဆက်များ ကုန်သည် အထိ ဤကဲ့သို့ ထပ်ကာထပ်ကာ အကိုင်းပွားများအား ရေးဆွဲပြုလုပ်ပြီး အကျိုးဆက်များအား ဖော်ထုတ်ပါ။

### ဆွေးနွေးခြင်း

အောက်တွင်ဖော်ပြထားသော မေးခွန်း အချို့သည် ဆွေးနွေးမှုများ ပြုလုပ်ရာတွင် ပံ့ပိုးကူညီနိုင်ရန် နှင့် လူထုဦးဆောင် သော WASH ကမ်ပိန်း အားပြုလုပ်ရန်အတွက် အများသဘောတူညီမှု ရယူရာတွင် ကူညီနိုင်မည်ဖြစ်သည်။

- သင်ယခင်က မစဉ်းစားမိဖူးသော ပြဿနာဆိုင်ရာ အဓိက အကြောင်းအရင်း များနှင့် အကျိုးဆက်များအား သင်ယူခဲ့ရပါလား။
- ယခုလေ့ကျင့်ခန်းသည် ယခုပြဿနာများအား ထည့်သွင်းစဉ်းစားရာတွင် ဖြစ်နိုင်ခြေရှိသော ဖြေရှင်းချက်များ ထွက်ပေါ်လာစေရန် သင့်အားကူညီနိုင်သည် ဟုထင်ပါသလား။
- ပြဿနာ၏ အဓိအကြောင်းအရင်းများ အားလုံးကို ကြည့်ပါ။ သင်ကိုယ်တိုင်ဖြေရှင်းနိုင်သော အကြောင်းအရင်း များနှင့် သင်ကိုယ်တိုင် မဖြေရှင်းနိုင်သည့် အကြောင်းအရင်းများအားခွဲခြားဖော်ထုတ်ပါ။ ၎င်းနောက် မည်သည့် အကြောင်းအရင်းများအား မည်ကဲ့သို့ အထောက်အပံ့ရပါက ဖြေရှင်းနိုင်မည်ဟုယူဆသည့် လိုအပ်မည့် အထောက် အပံ့များကို ဖော်ထုတ်ပါ။
- သင်ကိုယ်တိုင်ဖြေရှင်းနိုင်သော အကြောင်းအရင်း များနှင့် ၎င်းအားဖြေရှင်းနိုင်ရန် တစ်ဆင့်ချင်းလိုအပ်သည့် အချက်များအား ဖော်ပြပါ။ ဤ အချက်များသည် သင့်အာ နောက်တွင် လုပ်ဆောင်လာမည့် လုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာ အစီအစဉ်များ ရေးဆွဲခြင်း အဆင့်တွင် အကူအညီ ပေးနိုင်မည်ဖြစ်ပါသည်။

### ပံ့ပိုးကူညီသူများအတွက် မှတ်စုများ

အဖွဲ့များအနေဖြင့် WASH ကမ်ပိန်း အားပြုလုပ်ရန်အတွက် အခြားသော စိတ်ကူးစိတ်သန်းများကို ထပ်မံဖော်ထုတ် လိုပါက ပြဿနာသစ်ပင် ရေးဆွဲခြင်း နည်းလမ်းကို ထပ်၍ ပြုလုပ်နိုင်ပါသည်။ တစ်ခါတစ်ရံတွင် အဖွဲ့များ အနေဖြင့် ပြဿနာသစ်ပင်၏အမြစ်များတွင် ရေးဆွဲဖော်ထုတ်ထားသော အကြောင်းအရင်းများထဲမှ မည်သည့် အကြောင်းအရင်း တစ်ခုကိုမျှလည်း သူတို့အတွက် ကောင်းမွန်လုံလောက်စွာ ကိုင်တွယ်ထိန်းချုပ်နိုင်စွမ်း ရှိနိုင်လိမ့်မည် မဟုတ်ဟု ခံစား ခဲ့ရလျှင်၊ သို့မဟုတ် အဖွဲ့များသည် ဖော်ထုတ်ထားသည့် အကြောင်းအရင်းများထဲမှ အခက်အခဲ ပြဿနာ တစ်ခုအား ရွေးချယ်ပြီး WASH ကမ်ပိန်း တစ်ခု ပြုလုပ်နိုင်ရန် အတွက် စိတ်ပါဝင်စားမှု မရှိခြင်း သို့မဟုတ် စိတ်အားထက်သန်မှု မရှိခြင်း တို့ ဖြစ်နေပါကလည်း ဤ ပြဿနာသစ်ပင် ရေးဆွဲခြင်း နည်းလမ်းကို ထပ်၍ ပြုလုပ်နိုင်ပါသည်။

## လုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာ အစီအစဉ်များ ရေးဆွဲခြင်း နှင့် အချိန်ကာလသတ်မှတ်ချက်

### မိတ်ဆက်

- ယခုအခါ **ACE** အုပ်စုများက ၎င်းတို့ ဖြေရှင်းလိုသော အခက်အခဲ ပြဿနာ အား ရွေးချယ်ထားပြီးဖြစ်ကာ သူတို့ အပေါ် လွှမ်းမိုးမှုရှိနေသော ပြဿနာ၏ အဓိက အကြောင်းရင်းကိုလည်း ရှာဖွေဖော်ထုတ်ထားပြီးဖြစ်ပါသည်။ ထို့ကြောင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အစီအစဉ်များ ရေးဆွဲခြင်းနှင့် ၎င်းအတွက် အချိန်ကာလ သတ်မှတ် ချက် တို့ကို စတင်ပြုလုပ်ခြင်းအားဖြင့် လူထုဦးဆောင်သော **WASH** ကမ်ပိန်း တစ်ခုကို ဆောင်ရွက်ရန်အတွက် လက်တွေ့ စီစဉ်ရန် အချိန်တန်ပြီ ဖြစ်ပါသည်။

- လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အစီအစဉ်တစ်ခုသည် ရည်ရွယ်ချက်ပန်းတိုင်သို့ အောင်မြင်ပြီးပြည့်စုံစွာ ရောက်ရှိ စေရန် လိုအပ်သော အသေးစိတ်ကျသည့် လုပ်ငန်းတာဝန်အစီအစဉ်များကို ကူညီထောက်ပံ့ပေးနိုင်သည်။

- လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အစီအစဉ်တွင် အဆင့်တစ်ခုစီ တိုင်းအား ပြီးမြောက်အောင်မြင်နိုင်ရန် နောက်ဆုံး ပြီးမြောက်ရမည့် အချိန်ကာလ သတ်မှတ်ချက် အား ထည့်သွင်း ရေးဆွဲထားရမည်။

- လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အစီအစဉ်နှင့် အချိန်ကာလ သတ်မှတ်ချက် အား နှုတ်ဖြင့် (သို့မဟုတ်) စာဖြင့် ရေးသား၍လည်း သဘောတူနိုင်သည်။ ပံ့ပိုးကူညီသူမှ ပါဝင်သူတစ်ဦးချင်းစီအား ၎င်းတို့၏ သဘောတူထား သော အချက်အလက်များကို ပြန်လည်မှတ်မိစေရန် မှတ်စုများ ရေးမှတ်ထားပေးခြင်းဖြင့် ကူညီပေးနိုင်သည်။

### လုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာ အစီအစဉ်များ ရေးဆွဲခြင်း နှင့် အချိန်ကာလသတ်မှတ်ချက် အဆင့်များ

- လုပ်ငန်းဆိုင်ရာလုပ်ဆောင်မှုအစမှအဆုံး- ၎င်းလုပ်ငန်းစဉ်တွင် သင်တို့၏ ရည်ရွယ်ချက်ပန်းတိုင်က ဘာလဲ ဆိုသည်ကို အသေးစိတ်ဖော်ပြပေးပါ။
- ရည်ရွယ်ချက် ပန်းတိုင်သို့ရောက်ရှိရန် လိုအပ်သော လုပ်ဆောင်ချက် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ပါဝင်သူများမှ အစီအစဉ တကျစာရင်းပြုပေးပါ။
- ပါဝင်သူများမှ ခိုင်မာမှုရှိသော၊ လုပ်ငန်းအား တိုင်းတာနိုင်သော၊ ပေါက်မြောက်အောင်မြင်နိုင်မည် ဖြစ်သော လုပ်ငန်းစဉ် အဆင့်ဆင့်များအား ရေးသားထားစေပါ။
- အုပ်စုတွင် ပါဝင်သူများသည် ရပ်ရွာရှိ လူထုခေါင်းဆောင်များအား အသိပေးသည့်အဆင့်တွင် လည်း ပူးပေါင်း ပါဝင်သင့်ပြီး လူထုဦးဆောင်သော **WASH** ကမ်ပိန်း ဆောင်ရွက်နိုင်ရန် ခွင့်ပြုချက်ရယူသင့်သည်။
- လုပ်ဆောင်ချက် လုပ်ငန်းစဉ်အဆင့်ဆင့်မှ ထွက်ပေါ်လာသောအကြောင်းအရာများပေါ်မူတည်၍ လုပ်ငန်းတစ်ခု ချင်းစီကို မည်သူက မည်သည့် အခန်းကဏ္ဍအား တာဝန်ယူလုပ်ဆောင်မည်ဖြစ်ပြီး ၎င်းတို့ကိုမည်သူက ပံ့ပိုး ကူညီ မည်ကို ခွဲခြားစိတ်ဖြာ ၍ ထည့်သွင်းထားပေးရမည်။
- ပြီးပြည့်စုံသည့် လုပ်ဆောင်ချက်လုပ်ငန်းစဉ် အဆင့်အဆင့် ဖြစ်စေရန်အတွက် ရှင်းလင်းနားလည်ရလွယ်သည့် လုပ်ငန်းဆိုင်ရာ အစီအစဉ်ဇယား တစ်ခုအားလည်း ပြုလုပ်ထားရမည်။ (လုပ်ငန်းစသည့်နေ့ရက်နှင့် လုပ်ငန်း ပြီးဆုံးသည့် နေ့ရက် စသည်တို့ကို ထည့်သွင်းရေးဆွဲထားရမည်)
- လုပ်ဆောင်ချက် လုပ်ငန်းစဉ် ပြီးမြောက်စေရန်အတွက်လို အပ်သည့် အရင်းအမြစ်များကိုလည်း စာရင်းပြုစု ပေးထားရန် လိုအပ်ပါသည်။ (ပစ္စည်းကိရိယာများ၊ အကူအညီ အထောက်အပံ့များ ၊ အချိန် နှင့် နည်းပညာ ကျွမ်းကျင်မှုများ လည်းပါဝင်ပါသည်။)

## ငွေကြေး အသုံးစာရင်း ခန့်မှန်းခြေ ( ဘက်ဂျက် )

### မိတ်ဆက်

- **WASH** ကမ်ပိန်း အတွက် လိုအပ်သည့် အရာများအား သင့်တော်သလို ဝယ်ယူနိုင်ရန် ငွေကြေး အသုံးစာရင်း ခန့်မှန်းခြေ(ဘတ်ဂျက်) ကို စီစဉ်ရေးဆွဲထားရမည်။
- **WASH** ကမ်ပိန်းပြုလုပ်သည့် အဖွဲ့သည် ဆောက်လုပ်ရေးနှင့် သက်ဆိုင်သည့် အသုံးအဆောင်တစ်ခုခုအား တည်ဆောက်မည်ဆိုလျှင ဤလုပ်ငန်းအတွက် ဆောက်လုပ်ရေး နည်းပညာကျွမ်းကျင်သည့် ဝန်ထမ်းများ၏ အထောက်အပံ့ကိုရယူပါ။
- ကျွမ်းကျင်လုပ်သားများ (ဥပမာ၊ နည်းပညာကြီးကြပ်မှု) လိုအပ်လျှင် လုပ်အားခကုန်ကျစရိတ်ကို ငွေကြေး အသုံး စာရင်း ခန့်မှန်းခြေ (ဘတ်ဂျက်) တွင် ထည့်သွင်းထားနိုင်သည်။ သို့သော် သာမန်လုပ်သားများ ငှားရမ်း ခြင်း အတွက် လုပ်အားခ ကုန်ကျ စရိတ်ကို ထည့်သွင်းမထားရပါ။ ACE အဖွဲ့ဝင်များမှ သာမန်လုပ်ငန်းများတွင် ကိုယ်တိုင် ပါဝင်ကူညီရန်နှင့် ရပ်ရွာမှ စေတနာ့ဝန်ထမ်းများအားလည်း ပါဝင်ကူညီရန်တိုက်တွန်းပါ။
- ACE အဖွဲ့ဝင်များမှ ရေးဆွဲထားသော ငွေကြေး အသုံး စာရင်း ခန့်မှန်းခြေ (ဘတ်ဂျက်) သည် လုံးဝ အပြီးသတ် အတည်မဟုတ်ပါ။ ၎င်းကို မန်နေဂျာများက အတည်ပြုရန်လိုအပ်ပြီး ပြောင်းလဲလိုက ပြောင်းလဲနိုင်သည်။
- ဤလုပ်ငန်း အဆင့်သည် စာဖြင့်ရေးသားဖော်ပြရန်လိုအပ်သော လုပ်ဆောင်ချက် အဆင့်တစ်ခုဖြစ်သည်။ လိုအပ်လျှင် OXSI ပံ့ပိုးကူညီသူများသည် ACE အဖွဲ့အား ၎င်းတို့၏ ငွေကြေး အသုံး စာရင်း ခန့်မှန်းခြေ (ဘတ်ဂျက်) ကို ချရေးနိုင်ရန် ကူညီသင့်သည်။ OXSI ပံ့ပိုးကူညီသူ အနေနှင့် ရေးသားထားသော ငွေကြေး အသုံး စာရင်း ခန့်မှန်းခြေ (ဘတ်ဂျက်) ဆိုင်ရာအချက်အလက်များကို သေချာစွာ ပြန်လည်ဖတ်ပြပြီး အဖွဲ့ထံမှ အတည်ပြုချက်ကို မကြာခဏစစ်ဆေးပါ။

### ငွေကြေး အသုံးစာရင်း ခန့်မှန်းခြေ ( ဘက်ဂျက် ) ရေးဆွဲခြင်း အဆင့်များ

အဖွဲ့များ အနေဖြင့် ငွေကြေး အသုံးစာရင်း ခန့်မှန်းခြေ ( ဘက်ဂျက် ) ရေးဆွဲခြင်း အတွက် အကူအညီလိုလျှင် နမူနာပုံစံ တစ်ခုပေးနိုင်ပြီး အောက်ပါအဆင့်များအတိုင်း လုပ်ဆောင်သွားရန်လိုအပ်ပါသည်။

- ကော်လံ ၅ ခုပါသော စာရင်းဇယား ပုံစံတစ်ခုအား ပြုလုပ်ပါ - ပစ္စည်းအမည်၊ အရေအတွက်၊ တစ်ခုချင်းစီ၏ ဈေးနှုန်း နှင့် စုစုပေါင်းကုန်ကျမှု (ဥပမာ ပုံစံနမူနာ အား အောက်တွင်ကြည့်ပါ)။

OXFAM ACE SOLIDARITÉS INTERNATIONAL

- အဖွဲ့သည် **WASH** ကမ်ပိန်း တစ်ခုစီအတွက် လိုအပ်သောပစ္စည်းများစာရင်းကို “ ပစ္စည်းအမည်” ကော်လံတွင် ထည့်သွင်းပြီး“ အရေအတွက်” ကော်လံတွင် လိုအပ်သောပစ္စည်းတစ်ခုစီ၏ အရေအတွက်ကို ထည့်သွင်းရမည်။
- “ ရေတွက်ပုံ” ကော်လံတွင် အုပ်စုမှ ပစ္စည်းတစ်ခုစီအား မည်ကဲ့သို့ ရေတွက်မည်ကို ဆုံးဖြတ်ထားရမည်။ ဥပမာ အားဖြင့် ဘိလပ်မြေအိတ်များ အတွက်“ တစ်အိတ်” နှင့် တံမြက်စည်းများ အတွက် “ တစ်ချောင်း” (သို့)“ တစ်ခုစီ” ဟုရေးနိုင်သည်။
- လိုအပ်လျှင်နည်းပညာ ကျွမ်းကျင်သည့်ဝန်ထမ်းများ၏ အကူအညီဖြင့် အဖွဲ့သည် ပစ္စည်းတစ်ခုစီ၏ တစ်ခုချင်း ဈေးနှုန်း ကို စုံစမ်းသိရှိနိုင်ပြီး ၎င်းကို“ တစ်ခုချင်းဈေးနှုန်း” ကော်လံတွင်ရေးထည့်ရမည်။
- “အရေအတွက်” ကော်လံကို“ တစ်ခုချင်းစီ၏ဈေးနှုန်း” ကော်လံဖြင့် မြှောက်ရမည်ဖြစ်ပြီး ရလဒ်ကို “စုစုပေါင်းကုန်ကျမှု” ကော်လံ တွင်ရေးထည့်ရမည်။
- အဖွဲ့များမှ ရေးဆွဲထားသော ငွေကြေး အသုံးစာရင်း ခန့်မှန်းခြေ ( ဘက်ဂျက် ) အား ပစ္စည်းများကို စစ်ဆေး ရန်နှင့် မှာကြားနိုင်ရန် OXSI မန်နေဂျာအား တင်ပြရမည်။

**ငွေကြေး အသုံးစာရင်း ခန့်မှန်းခြေ (ဘတ်ဂျက်) ရေးဆွဲခြင်းဆိုင်ရာ နမူနာ**

| ပစ္စည်းအမည် | အရေအတွက် | ရေတွက်ပုံ | တစ်ခုချင်း ဈေးနှုန်း | စုစုပေါင်း(မြန်မာကျပ်ဖြင့်) |
|---|---|---|---|---|
| မုန့်ထုတ် | ၇၅ | ထုတ် | ၁၀၀ ကျပ် | ၇၅၀၀ ကျပ် |

## လုပ်ငန်းတိုင်းတာရေး အညွှန်းကိန်းများနှင့် စောင့်ကြည့်လေ့လာရေးဆိုင်ရာ အစီအစဉ်များ

### မိတ်ဆက်

- အညွှန်းကိန်းများဆိုသည်မှာ အရိပ်အမြွက်၊ သင်္ကေတ ၊ အမှတ် အသား တို့ဖြစ်ပြီး ၎င်းတို့သည် စီမံကိန်း တစ်ခု ၏ လမ်းကြောင်း နှင ကျွ်နုပ်တို့ မျှော်မှန်ထားသော ရလဒ်များသည် မည်မျှအထိ နီးစပ်လာနေပြီ ဆိုသည့် အချက်ကို ဖော်ပြနိုင်ပါသည်။
- အညွှန်းကိန်းများကို လုပ်ငန်းဆောင်ရွက်ချက် ဖြစ်စဉ်များကို တိုင်းတာရန်နှင့် ACE အဖွဲ့များမှ ၎င်းတို့ ဦးဆောင်ပြုလုပ် သည့် **WASH** ကမ်ပိန်း အပေါ် အကျိုးသက်ရောက်မှု များအား တိုင်းတာနိုင်ရန် ၎င်းတို့ ကိုယ်တိုင် ရေးဆွဲဖော်ထုတ်ရမည် ဖြစ်ပါသည်။ ထို့ကြောင့် **WASH** ကမ်ပိန်း တစ်ခုစီအတွက် တိကျသော အညွှန်းကိန်းများ ကို ACE အဖွဲ့များမှ သီခြား ရေးဆွဲ ရမည်ဖြစ်သည်။
- ACE အဖွဲ့များမှ ၎င်းတို့ကိုယ်တိုင် မည်သည့်အချိန် တွင် မည်ကဲ့သို့ အညွှန်းကိန်းများသုံး၍ တိုင်းတာမည် ဆိုသည်ကို အားလုံး ဆွေးနွေး ဆုံးဖြတ်ထားရပါမည်။
- ACE အဖွဲ့များမှ ၎င်းတို့ကိုယ်တိုင် ရေးဆွဲဖော်ထုတ်ထားသော အညွှန်းကိန်းများအား OXSI မန်နေဂျာများနှင့် မျှဝေရန် လိုအပ်သော်လည်း ထိုအညွှန်းကိန်းများ အပေါ် OXSI မှ စစ်ဆေးမည် မဟုတ်ပါ။ အဖွဲ့ဝင်များ၏ သဘောဆန္ဒအရ ထို အညွှန်းကိန်းများကို သုံး၍ ၎င်းတို့ သင့်တော်သည့် အချိန်တွင် တိုင်းတာနိုင်ပါသည်။

### လုပ်ငန်းတိုင်းတာရေး အညွှန်းကိန်းများနှင့် စောင့်ကြည့်လေ့လာရေးဆိုင်ရာ အစီအစဉ်များ ရေးဆွဲခြင်း အဆင့်များ

- အုပ်စုတစ်ခုအနေဖြင့် ဆွေးနွေးစေပါ - အနာဂတ်တွင် သင့် အနေဖြင့် သင်၏လုပ်ငန်းအား တိုးတက် ကောင်းမွန် အောင် လုပ်ဆောင်ခဲ့သည် သို့မဟုတ် သင်၏ **WASH** ကမ်ပိန်း သည် သင်ဖြေရှင်းရန် ကြိုးစားနေခဲ့သော အခက်အခဲ ပြဿနာများကို ဖြေရှင်းရာတွင် တိုးတက်မှု ရှိခဲ့သည် ဟု ဆိုသည့် အချက်ကို သင်မည်ကဲ့သို့ သိနိုင်မည်နည်း။
- အဖွဲ့သည် သူတို့၏ တိုးတက်မှုများကို အကဲဖြတ်တိုင်းတာနိုင်မည့် အညွှန်းကိန်းများ သို့မဟုတ် အချက်များ ၂-၃ ခု ခန့်ကို သဘောတူထားရပါမည်။
- အဖွဲ့များသည် အညွှန်းကိန်းများကိုသုံး၍ လုပ်ငန်းအား အကြိမ်ရေ မည်မျှ နှင့် ကြာခဏ စောင့်ကြည့်တိုင်းတာ ရန် သဘောတူထားရပါမည် (၎င်းသည်အချိန်နှင့်အမျှပြောင်းလဲနိုင်သည်၊ ဥပမာအားဖြင့် တစ်ပတ်လျှင် တစ်ကြိမ်ခန့် နှင့် ၃ လအထိ၊ ထို့နောက် တစ်လလျှင် တစ်ကြိမ် ခန့် အစရှိသဖြင့် တိုင်းတာခြင်း)
- အဖွဲ့အတွင်း မည်သူက လုပ်ငန်းတိုင်းတာမှုကို ဦးဆောင်မည် (ဥပမာ၊ တိကျစွာ တာဝန်ပေးအပ်ထားခြင်း ခံရ သော အဖွဲ့ဝင် တစ်ဦးချင်းမှ (သို့) တစ်ဖွဲ့လုံးမှ) နှင့် အဖွဲ့များအား မိမိတို့ လုပ်ငန်း၏ သတင်းအချက်အလက် များကို မည်သို့ ဝေမျှသွားမည်ကိုလည်း သဘောတူထားသင့်သည်။

## လူထုဦးဆောင်သော ကမ်ပိန်းတစ်ခုအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

အဖွဲ့သည် ၎င်းတို့၏ လုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာ အစီအစဉ်များ ရေးဆွဲခြင်း နှင့် အချိန်ကာလသတ်မှတ်ချက် ၊ ငွေကြေး အသုံးစာရင်း ခန့်မှန်းခြေ(ဘတ်ဂျက်)၊ လုပ်ငန်းတိုင်းတာရေး ညွှန်းကိန်းများနှင့် စောင့်ကြည့်လေ့လာရေးဆိုင်ရာ အစီ အစဉ်များ ရေးဆွဲခြင်း များကို ပြီးစီးသည်နှင့်တပြိုင်နက် ၎င်းတို့ကိုယ်တိုင် ဦးဆောင်မည့် **WASH** ကမ်ပိန်း တစ်ခု ဆောင်ရွက် ရန် အသင့်အနေအထားသို့ ရောက်ရှိနေပြီး ဖြစ်သည်။ **WASH** ကမ်ပိန်း တစ်ခုစီ၏ လိုအပ်ချက်မှာ တစ်ခုနှင့် တစ်ခု ကွဲပြားနိုင်ပြီး ပံ့ပိုးကူညီသူများ၊ ထောက်ပံ့ပို့ဆောင်ရေး၊ လူထုအများ အပြားပါဝင်မှုနှင့် နည်းပညာ ကျွမ်းကျင်သည့် ဝန်ထမ်းများထံမှ အထောက်အပံ့များလိုအပ်သည့် ပုံစံများမှာလည်း ကွဲပြားနိုင်ပါသည်။ **WASH** ကမ်ပိန်း ပြုလုပ်နေစဉ် ကာလအတွင်းနှင့် ပြုလုပ်ပြီးသည့် နောက်တွင်လည်း အချင်းချင်း ဆက်လက်တွေ့ဆုံသွားရန်လိုအပ်ပြီး လိုအပ်ချက်များအား ဆွေးနွေးသုံးသပ်နိုင်ရန် နှင့် လိုအပ်ပါက လုပ်ငန်းဆိုင်ရာ အထောက်အပံ့များအား OXSI ထံမှ ရယူရန် အဖွဲ့များကိုအားပေးပါ။

## ရှင်းလင်းတင်ပြခြင်း

### မိတ်ဆက်

**WASH** ကမ်ပိန်း ဆောင်ရွက်မှု ပြီးဆုံးသည့်နောက်တွင် အတွေ့အကြုံတစ်ခုလုံးနှင့် ပတ်သက်၍ အဖွဲ့ဝင်များမှ ၎င်းတို့၏ အတွေ့ အကြုံများ အပေါ် ဆွေးနွေး မျှဝေနိုင်စေရန် နောက်ထပ် အစည်းအဝေးတစ်ခုကို စီစဉ်ပေးပါ။ ၎င်း အစည်းအဝေး ၏ ရည်ရွယ်ချက် သည် အတွေ့အကြုံများကို ဝေမျှနိုင်ရန်နှင့် တုံ့ပြန်ချက်များအား ရယူနိုင်စေရန် တို့ ဖြစ်ပါသည်။

### ဆွေးနွေးခြင်း

ပထမဦးစွာ၊ အတူတကွ ဆောင်ရွက်ပြီးမြောက်ခဲ့သော လုပ်ဆောင်ချက်များအား ပြန်လည်ရှင်းပြပေးပါ။ ဤ အစည်း အဝေး သည် ACE လုပ်ငန်းများတွင် ပါဝင်ခဲ့သည့် အဖွဲ့ဝင်များ အနေဖြင့် ဤ လုပ်ငန်းများမှ တဆင့် မည်ကဲ့သို့ လေ့လာ သင်ယူမှုများ ရရှိခဲ့ပြီး နောက်တစ်ကြိမ်တွင် ACE လုပ်ငန်းများကို ဆောင်ရွက်သည့်အခါ မည်သို့ ပိုမို တိုးတက်အောင် လုပ်ဆောင်နိုင်မည် အစရှိသည့် အကြောင်းအရာများကို အလွတ်သဘော စကားဝိုင်းပြုလုပ်ရန် ရည်ရွယ်ကြောင်းရှင်းပြပါ။ ပါဝင်သူများအားလုံးကို သူတို့၏ တုံ့ပြန်ချက်များ ပေးသောအခါ ရိုးသားပွင့်လင်းမှု ရှိရန်လိုအပ်ကြောင်းလည်း ရှင်းပြပေးပါ။

မေးမြန်းရန် မေးခွန်းအချို့အား အောက်တွင် ပေးထားပါသည်။

- သင်ပါဝင် လုပ်ဆောင်ခဲ့သော ACE လုပ်ငန်းများနှင့် ပတ်သက်၍ မည်ကဲ့သို့ အတွေ့အကြုံများ ရရှိခဲ့သနည်း။
- ACE လုပ်ငန်းစဉ် အဆင့်ဆင့်သည် အခြား Oxfam/SI မှ လုပ်ဆောင်နေသော ပုံမှန် လုပ်ငန်း ဆောင်ရွက်ချက် များ နှင့် ကွဲပြားသည် ဟု သင်ထင်ပါသလား။ ထင်ခဲ့လျှင် မည်သို့ကွဲပြားသနည်း။
- ACE လုပ်ငန်းများနှင့် ပတ်သက်၍ မည်သည့် အချက်များအား သင့်အနေဖြင့် နှစ်သက်/မနှစ်သက်ခဲ့သနည်း။
- သင်တို့ ဦးဆောင် ပြုလုပ်ခဲ့သည့် **WASH** ကမ်ပိန်းသည် သင်တို့ လိုချင်ခဲ့သည့်အတိုင်း အောင်မြင်မှုရရှိခဲ့သလား။ (**WASH** ကမ်ပိန်း တစ်ခုစီအတွက် လုပ်ငန်းအောင်မြင်မှုတိုင်းတာရေး အညွှန်းကိန်းများကို ပြန်ဆွေးနွေးပါ)
- ACE လုပ်ငန်းများတွင် ပါဝင်ခဲ့ခြင်းအားဖြင့် သင်အနေဖြင့် မည်သည့်အရာများကို သင်ယူခဲ့ရသနည်း။
- OXSI အဖွဲ့နှင့် ဖြစ်စေ အချင်းချင်း ဖြစ်စေ အခြားသော ကိစ္စများရပ်များကို ဆွေးနွေးရန်နှင့် အဖွဲ့တစ်ဖွဲ့အဖြစ် ဆက်လက်တွေ့ဆုံသွားရန် သင်စိတ်ဝင်စားပါသလား။

ဆွေးနွေးမှုအပြီးတွင် လက်ဆောင်များနှင့် ACE လုပ်ငန်းပြီးစီးမှု မှတ်တမ်းလွှာများ (Appendix C: ACE Completion Certificate) များကို တစ်ဦးချင်းစီအား ပေးအပ်ပါ၊ ပူးပေါင်း ပါဝင်ခဲ့ခြင်းအတွက် ကျေးဇူးတင်ကြောင်း ပြောပါ။

## နောက်ဆက်တွဲ

နောက်ဆက်တွဲ A: အစီရင်ခံမှုပုံစံ

နောက်ဆက်တွဲ B: ဓါတ်ပုံများ အသုံးပြုမှုဆိုင်ရာ ခွင့်ပြုချက်ပုံစံ

နောက်ဆက်တွဲ C: ACE လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု မှတ်တမ်းလွှာ ပေးအပ်ခြင်း

# Action from Community Engagement (ACE) Report Template

## စေ့စပ်ညှိနှိုင်းမှုဖြင့် လူထုဦးဆောင်ပါဝင်သော အကောင်အထည်ဖော် ဆောင်ရွက်ခြင်း လုပ်ငန်းဆိုင်ရာ အစီရင်ခံမှု ပုံစံ

Camp Name:

စခန်းအမည် -

Name of group:

အဖွဲ့အမည် -

**Community Meeting** - လူထုဆွေးနွေးပွဲ

Date:

နေ့ရက် -

Number of participants:

တက်ရောက်သူ အရေအတွက် -

Facilitators:

ပံ့ပိုးကူညီသူများ -

Participant List (attach or paste):

တက်ရောက်သူများစာရင်း (တွဲထားပေးပါ သို့မဟုတ် ရေးမှတ်ထားပေးပါ)

**Objective of meeting:** ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များ

- Introduce yourself
- သင်ကိုယ်သင် မိတ်ဆက်ပေးပါ။
- Explain the purpose of ACE
- ACE လုပ်ငန်းစဉ်၏ ရည်ရွယ်ချက်ကို ရှင်းပြပေးပါ။
- Explain the steps of ACE
- ACE လုပ်ငန်းစဉ်၏ အဆင့်တစ်ခုချင်းစီအား ရှင်းပြပေးပါ။
- Allow time for people to ask questions and give recommendations
- တက်ရောက်သူများအား မေးခွန်းများမေးမြန်းနိုင်ရန် နှင့် အကြံပြုချက်များ ပေးနိုင်ရန် အချိန်တစ်ခု သတ်မှတ်ပေးပါ။

**Notes from discussion:**

ဆွေးနွေးရာတွင် ရရှိလာသော မှတ်စုများ -

**Feedback/lessons learned:**

တုံ့ပြန်ချက်များနှင့် သင်ယူမှုများ -

**Photo of session (optional):**

ဆွေးနွေးပွဲ၏ မှတ်တမ်းဓါတ်ပုံများ (အဆင်ပြေမှ ရိုက်ယူပါ)

SOLIDARITÉS INTERNATIONAL

OXFAM

**Group Induction Meeting** - လုပ်ငန်းတွင် ပါဝင်မည့် အဖွဲ့များအတွက် လုပ်ငန်း မိတ်ဆက် ဆွေးနွေးခြင်း

Date:

နေ့စွဲ -

Number of participants:

တက်ရောက်သူ အရေအတွက်

Facilitators:

ပံ့ပိုးကူညီသူများ -

Participant List (attach or paste):

တက်ရောက်သူများစာရင်း (တွဲထားပေးပါ သို့မဟုတ် ရေးမှတ်ထားပေးပါ)

**Objective of meeting:** - ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များ

- Give an overview of the entire ACE process
- ACE လုပ်ငန်းစဉ် တစ်ခုလုံးအား ခြုံငုံ၍ သဘောတရားများအား ရှင်းပြပေးပါ။
- Decide on specific days and times for activities each week
- အပတ်စဉ် တစ်ခုစီတိုင်းအတွက် တိကျသော အချိန်၊ နေ့ရက်တို့ကို အတူတကွ ဆုံးဖြတ်ပါ။
- Explain about incentives:
- လုပ်ငန်းစဉ်များ ဆောင်ရွက်နေစဉ်အတွင်း ရရှိမည့် အသေးစား လက်ဆောင်များ အကြောင်းကိုလည်း ရှင်းပြပေးပါ။
- Each individual session: tea/coffee break + snack
- ဆွေးနွေးမှု တစ်ကြိမ် ပြုလုပ်တိုင်းတွင် လက်ဖက်ရည်၊ ကော်ဖီ နှင့် မုန့်များ ကျွေးမွေးမည်။
- Photovoice: any photographs that individuals would like to keep can be printed and gifted
- မိမိတို့ ရိုက်ယူထားသော ဓါတ်ပုံများမှ တဆင့် လိုအပ်ချက်များ ရှာဖွေ ဖော်ထုတ်ခြင်း - မိမိတို့ ရိုက်ယူသည့် မည့်သည့်ဓါတ်ပုံကို မဆို ကိုယ်တိုင်သိမ်းဆည်းထားနိုင်ပြီး လက်ဆောင်အဖြစ် လိုချင်ပါက သက်ဆိုင်ရာ ရုံးများတွင် ပုံထုတ်၍ ယူနိုင်ပါသည်။
- After Needs Identification sessions complete (Community Mapping, Photovoice, Problem Tree): small gift
- လိုအပ်ချက်များအား ရှာဖွေဖော်ထုတ်ခြင်း ဆိုင်ရာ ဆွေးနွေးမှုများ (ရပ်ရွာမြေပုံရေးဆွဲခြင်း၊ မိမိတို့ ရိုက်ယူထားသော ဓါတ်ပုံများမှ တဆင့် လိုအပ်ချက်များ ရှာဖွေ ဖော်ထုတ်ခြင်း နှင့် ပြဿနာသစ်ပင် ရေးဆွဲခြင်း) ပြီးစီးသည့်အခါ အသေးစား လက်ဆောင် တစ်ကြိမ် ရရှိမည်။
- After Campaign Planning sessions complete (Action Plan and Timeline, Budget, M&E and indicators): small gift
- လူထုဦးဆောင်သည့် ကမ်ပိန်းများ ပြုလုပ်ရန်အတွက် အစီအစဉ်များ ( လုပ်ငန်းအစီအစဉ် ရေးဆွဲခြင်း နှင့် အချိန်သတ်မှတ်ခြင်း၊ ငွေကြေး အသုံးစာရင်း ခန့်မှန်းခြေ ( ဘက်ဂျက် ) ရေးဆွဲခြင်း၊ လုပ်ငန်းတိုင်းတာရေး အညွှန်းကိန်းများနှင့် စောင့်ကြည့်လေ့လာရေးဆိုင်ရာ အစီအစဉ်များ) ရေးဆွဲပြီးစီးသည့်အခါ အသေးစား လက်ဆောင်အား နောက်ထပ် တစ်ကြိမ် ရရှိမည် ဖြစ်ပါသည်။

**Notes from discussion:**

ဆွေးနွေးရာတွင် ရရှိလာသော မှတ်စုများ -

**Feedback/lessons learned:**

တုံ့ပြန်ချက်များနှင့် သင်ယူမှုများ -

**Photo of session (optional):**

ဆွေးနွေးပွဲ၏ မှတ်တမ်းဓါတ်ပုံများ (အဆင်ပြေမှ ရိုက်ယူပါ)

## **Community Mapping** - ရပ်ရွာ မြေပုံရေးဆွဲခြင်း

Date:

နေ့ရက် -

Number of participants:

တက်ရောက်သူ အရေအတွက် -

Facilitators:

ပံ့ပိုးကူညီသူများ -

Participant List (attach or paste):

တက်ရောက်သူများစာရင်း (တွဲထားပေးပါ သို့မဟုတ် ရေးမှတ်ထားပေးပါ)

**Objective of meeting:** - ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များ

- Produce a map that depicts local knowledge and information.
- ဒေသဆိုင်ရာ ဗဟုသုတများနှင့် သတင်းအချက်အလက်များ ပါဝင်သည့် ရပ်ရွာမြေပုံတစ်ခု ရေးဆွဲနိုင်ရန်။
- Understand which services are accessible to the ACE group and which have been interrupted.
- မည်သည့် ဝန်ဆောင်မှုများသည် ACE အဖွဲ့များအား လက်လှမ်းမှီစေနိုင်သည် နှင့် မည်ကဲ့သို့သော ကိစ္စရပ်များသည် ACE အဖွဲ့များအား အဟန့်အတား ဖြစ်စေသည် ဆိုသည့် အချက်များကို နားလည်သဘောပေါက်လာစေရန်။
- Identify areas which expose the ACE group (or other community members) to a risk.
- ရပ်ရွာရှိ မည်သည့် နေရာ/အခြေအနေများသည် ACE အဖွဲ့များ အပါအဝင် အခြားသော ရပ်ရွာလူထုများ အတွက် အန္တာရယ် ကျရောက်စေနိုင်သည်ကို လေ့လာဖော်ထုတ်နိုင်ရန်။
- Improve understanding of community dynamics through mapping and discussion of important places, services, and interactions.
- ရပ်ရွာ မြေပုံရေးဆွဲခြင်းမှတစ်ဆင့် ရပ်ရွာလူထုအတွင်း အင်အားပြိုင်ဆိုင်မှု မညီမျှမှု တို့နှင့် အရေးပါသော နေရာများ၊ ဝန်ဆောင်မှုများနှင့် အချင်းချင်း အပြန်အလှန်ချိတ်ဆက်နေမှုများကို ပိုမို နားလည်လာစေရန်။
- Understand areas and issues that are important to this group of participants.
- ACE အဖွဲ့တွင် ပါဝင်သူများ အနေဖြင့် မည်သည့် အခြေအနေ နှင့် အခက်အခဲ အကြောင်းအရာ များသည် အရေးကြီးသည်ကို နားလည်လာစေရန်။

**Notes from discussion:**

ဆွေးနွေးရာတွင် ရရှိလာသော မှတ်စုများ -

**Feedback/lessons learned:**

တုံ့ပြန်ချက်များနှင့် သင်ယူမှုများ -

**Photo of session (optional):**

ဆွေးနွေးပွဲ၏ မှတ်တမ်းဓါတ်ပုံများ (အဆင်ပြေမှ ရိုက်ယူပါ)

**Photovoice (session 1)** - မိမိတို့ ရိုက်ယူထားသော ဓါတ်ပုံများမှ တဆင့် လိုအပ်ချက်များ ရှာဖွေ ဖော်ထုတ်ခြင်း (ဆွေးနွေးမှု ပထမ အကြိမ်)

Date:

နေ့ရက် -

Number of participants:

တက်ရောက်သူ အရေအတွက် -

Facilitators:

ပံ့ပိုးကူညီသူများ -

Participant List (attach or paste):

တက်ရောက်သူများစာရင်း (တွဲထားပေးပါ သို့မဟုတ် ရေးမှတ်ထားပေးပါ)

**Objective of meeting:** - ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များ

- Explain the purpose of the activity
- လုပ်ငန်း၏ ရည်ရွယ်ချက်ကို ရှင်းပြနိုင်စေရန်။
- Ask if everyone wants to participate; explain consent form
- တက်ရောက်သူများအားလုံး ပါဝင်ရန် အဆင်ပြေ/ မပြေကို မေးမြန်းပြီး ဓါတ်ပုံရိုက်ယူခြင်း ဆိုင်ရာ သဘောတူညီမှု ပုံစံ အကြောင်း သေချာစွာ ရှင်းပြနိုင်စေရန်။
- Give each person who wants to participate a camera
- ဓါတ်ပုံ ရိုက်ယူလိုသည့် တစ်ဦးချင်းစီအား ကင်မရာ များ ပေးနိုင်စေရန်။
- Explain how to use the cameras and allow everyone to practice
- ကင်မရာအား မည်သို့ အသုံးပြုရမည်ကို ရှင်းပြပြီး အားလုံးမှ လက်တွေ့ဓါတ်ပုံ ရိုက်ယူကြည့်ကြစေရန် အတွက် ခွင့်ပြုပေးနိုင်စေရန်။
- Explain important instructions for using cameras in the camp (see below)
- စခန်းများအတွင်း ဓါတ်ပုံရိုက်ယူရာတွင် အရေးကြီးသော ညွှန်ကြားချက်များ ( အောက်ဖက်တွင် ကြည့်ပါ) အား ရှင်းပြပေးနိုင်စေရန်။
- Explain the theme: take pictures of what best represents *attitudes and practices around water and sanitation that influence health in the community*
- နောက်ခံ အကြောင်းအရာများအား ရှင်းပြပါ - ရပ်ရွာလူထုအား ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် ရေ နှင့် ပတ်ဝန်းကျင် သန့်ရှင်းမှု ဆိုင်ရာ အမူအကျင့်များနှင့် ခံယူမှု သဘောတရား များအား ထင်ဟပ်စေရန် မည်ကဲ့သို့ ဓါတ်ပုံရိုက်ယူမှုသည် အကောင်းဆုံးဖြစ်သည်ကို ရှင်းပြနိုင်စေရန်။
- Explain when to return the cameras
- မည်သည့် အချိန်တွင် ကင်မရာများအား ပြန်လည် ပေးအပ်ရမည် ကိုလည်း ရှင်းပြပေးနိုင်စေရန်။
- Explain the next session
- နောက်ထပ်ပြုလုပ်မည့် ဆွေးနွေးပွဲများ အကြောင်းကိုလည်း ရှင်းပြပေးနိုင်စေရန်။

**Notes from discussion:**

ဆွေးနွေးရာတွင် ရရှိလာသော မှတ်စုများ -

**Feedback/lessons learned:**

တုံ့ပြန်ချက်များနှင့် သင်ယူမှုများ -

**Photo of session (optional):**

ဆွေးနွေးပွဲ၏ မှတ်တမ်းဓါတ်ပုံများ (အဆင်ပြေမှ ရိုက်ယူပါ)

**Photovoice (session 2)** - မိမိတို့ ရိုက်ယူထားသော ဓါတ်ပုံများမှ တဆင့် လိုအပ်ချက်များ ရှာဖွေ ဖော်ထုတ်ခြင်း (ဆွေးနွေးမှု ဒုတိယ အကြိမ်)

Date:

နေ့ရက် -

Number of participants:

တက်ရောက်သူ အရေအတွက် -

Facilitators:

ပံ့ပိုးကူညီသူများ -

Participant List (attach or paste):

တက်ရောက်သူများစာရင်း (တွဲထားပေးပါ သို့မဟုတ် ရေးမှတ်ထားပေးပါ)

**Objective of meeting:** - ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များ

- Each participant will look at his/her photos on the laptop and choose 2-3 photos that best represent his/her views on the theme
- တစ်ဦးချင်းစီမှ ၄င်းတို့ ရိုက်ယူထားသည့် ဓါတ်ပုံများအား ကွန်ပျူတာတွင် ကူး၍ကြည့်ရမည်ဖြစ်ပြီး ရပ်ရွာလူထုအား အများဆုံးထင်ဟပ်စေပြီး အကောင်းဆုံးဖြစ်သော ဓါတ်ပုံ ၂ ပုံ မှ ၃ ပုံ ခန့်အား တစ်ဦးချင်းစီမှ ရွေးထုတ်စေနိုင်ရန်။
- Each participant will create a “photostory” for ONE of his/her pictures.
- တစ်ဦးချင်းစီမှ အကောင်းဆုံးအဖြစ် ရွေးထုတ်ထားသော ၄င်းတို့၏ ဓါတ်ပုံ တစ်ပုံချင်းစီအတွက် “ ဓါတ်ပုံ အကြောင်းအရာ စာသား” အား ရေးသား ဖန်တီးစေနိုင်ရန်။
- *Note: writing a photostory may require a separate session if participants took many pictures and choosing pictures takes an entire session.*
- *မှတ်စု - ပါဝင်သူများမှ ဓါတ်ပုံ အရေအတွက် များများ ရိုက်ယူခြင်း နှင့် အကောင်းဆုံး ဓါတ်ပုံများအား ရွေးချယ်ခြင်းသည် ဆွေးနွေးပွဲ တစ်ခုစာ လုံးအတွက် အချိန်ကုန်သွားခဲ့လျှင် ဓါတ်ပုံ တစ်ခုချင်းစီ၏ အကြောင်းအရာ စာသားများအား ဖန်တီး ရေးသားရာတွင် နောက်ထပ် အပို ဆွေးနွေးမှု အကြိမ်များ ပြုလုပ်ရန် လိုအပ်နိုင်ပါသည်။*
- ALL participants will sign the consent form. Even if they don’t want to share their pictures, they should indicate this in the consent form.
- တစ်ဦးချင်းစီတိုင်းမှ ဓါတ်ပုံရိုက်ယူခြင်း ဆိုင်ရာ သဘောတူညီမှု ပုံစံ တွင် လက်မှတ် ရေးထိုး၍ သဘောတူညီမှု ပြုလုပ်ရမည်။ ၄င်းတို့ ၏ ဓါတ်ပုံများ အကြောင်းအရာများ တစ်ခုခုအား မျှဝေခြင်း မပြုလုပ်လိုလျှင်လည်း သဘောတူညီမှု ပုံစံတွင် မမျှဝေလိုကြောင်း ထည့်သွင်းရေးသား ဖော်ပြနိုင်စေရန်။

**Notes from discussion:**

ဆွေးနွေးရာတွင် ရရှိလာသော မှတ်စုများ -

**Feedback/lessons learned:**

တုံ့ပြန်ချက်များနှင့် သင်ယူမှုများ -

**Photo of session (optional):**

ဆွေးနွေးပွဲ၏ မှတ်တမ်းဓါတ်ပုံများ (အဆင်ပြေမှ ရိုက်ယူပါ)

**Attach consent forms**

ဓါတ်ပုံရိုက်ယူခြင်းဆိုင်ရာ သဘောတူညီမှု ပုံစံ အား တွဲထားပေးပါ။

SOLIDARITÉS INTERNATIONAL

OXFAM

**Photovoice (session 3)** - မိမိတို့ ရိုက်ယူထားသော ဓါတ်ပုံများမှ တဆင့် လိုအပ်ချက်များ ရှာဖွေ ဖော်ထုတ်ခြင်း (ဆွေးနွေးမှု တတိယ အကြိမ်)

Date:

နေ့ရက် -

Number of participants:

တက်ရောက်သူ အရေအတွက် -

Facilitators:

ပံ့ပိုးကူညီသူများ -

Participant List (attach or paste):

တက်ရောက်သူများစာရင်း (တွဲထားပေးပါ သို့မဟုတ် ရေးမှတ်ထားပေးပါ)

**Objective of meeting:** - ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များ

- Each participant who wants to can share his/her pictures with the group.
- တစ်ဦးချင်းစီ မည်သူမဆို ၄င်းတို့ ရွေးထုတ်ထားသော ဓါတ်ပုံများနှင့် အကြောင်းအရာ များအား အခြားအဖွဲ့ဝင်များနှင့် မျှဝေလိုသည် ကို သိရှိစေနိုင်ရန်။
- Discuss what issues/ideas you see in the most pictures, make a list.
- အဖွဲ့ဝင်များ အချင်းချင်း ဆွေးနွေး ဖလှယ်ရာတွင် မည်သည့် အခက်အခဲ အကြောင်းအရာ များနှင့် စိတ်ကူးစိတ်သန်းများသည် အများဆုံး ကြားရ မြင်ရသည်ကို စာရင်းပြုစု တတ်စေရန်။
- Prioritize the problems, starting with the one that is most important and the one that the group most wants to work on together.
- အဖွဲ့ဝင် တစ်ဦးမှ အစပြု၍ အားလုံး တစ်ဦးချင်းစီ ဆွေးနွေးသွားကြရမည် ဖြစ်ပြီး တစ်ဦးချင်းစီ၏ အရေး ကြီးသော အချက်များအားလည်း ရေးမှတ်ထားရမည်ဖြစ်ကာ အဖွဲ့ တစ်ခုလုံး အနေဖြင့် လုပ်ငန်း အတူတကွ ဆောင်ရွက်ရန် မည်သည့် ပြဿနာ အခက်အခဲများအား အားလုံးမှ သဘောတူ လုပ်ဆောင်မည်ဆိုသည့် ဦးစားပေး အခက်အခဲ ပြဿနာများအား ရွေးထုတ်နိုင်စေရန်။

**Notes from discussion:**

ဆွေးနွေးရာတွင် ရရှိလာသော မှတ်စုများ -

**Feedback/lessons learned:**

တုံ့ပြန်ချက်များနှင့် သင်ယူမှုများ -

**Photo of session (optional):**

ဆွေးနွေးပွဲ၏ မှတ်တမ်းဓါတ်ပုံများ (အဆင်ပြေမှ ရိုက်ယူပါ)

**Attach powerpoint with photos and photostories if participants consented to share**

တစ်ဦးချင်းစီတိုင်းမှ အခြားသူများနှင့် မျှဝေရန် သဘောတူညီမှု ပုံစံ တွင် ကတိကဝတ် ပြုထားသည့် ဓါတ်ပုံများ နှင့် အကြောင်းအရာ များအား ပါဝါပွိုင့် တစ်ခု ပြုလုပ်၍ တွဲထားပေးပါ။

## Problem Tree - ပြဿနာသစ်ပင် ရေးဆွဲခြင်း

Date:

နေ့ရက် -

Number of participants:

တက်ရောက်သူ အရေအတွက် -

Facilitators:

ပံ့ပိုးကူညီသူများ -

Participant List (attach or paste):

တက်ရောက်သူများစာရင်း (တွဲထားပေးပါ သို့မဟုတ် ရေးမှတ်ထားပေးပါ)

**Objective of meeting:** - ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များ

- Taking the problem selected from the last photovoice session, see all the causes of the problem
- ဓါတ်ပုံများမှ တစ်ဆင့် လိုအပ်ချက်များ ရှာဖွေဖော်ထုတ်ခြင်း ဆွေးနွေးမှု တတိယ အကြိမ်မှ ရရှိလာသော ပြဿနာ အခက်အခဲများအား သုံးသပ်ပြီး ပြဿနာ ဖြစ်ပေါ်လာရသည့် အကြောင်းအရင်းများကို ဖော်ထုတ်တတ်စေရန်။
- Identify which causes you (the ACE group) can overcome, and which ones are out of your control
- မည်သည့် ပြဿနာ အခက်အခဲများအား သင်တို့ ACE အဖွဲ့များ အနေဖြင့် ဖြေရှင်းနိုင်သည် နှင့် မည်သည့် အခက်အခဲ ပြဿနာများသည် ACE များ မဖြေရှင်းနိုင်သည်ကို ဖော်ထုတ်တတ်စေရန်။
- See all the effects of the problem
- ပြဿနာ များ၏ အကျိုးရလာဒ်များအား သိရှိသဘောပေါက်လာစေရန်။
- Come to an agreement about which cause you as a group want to work on
- ACE အဖွဲ့ တစ်ခုလုံးအနေဖြင့် မည်သည့် ပြဿနာများအား အတူတကွ ဆောင်ရွက်ရန် သဘောတူညီမှု ပြုလုပ်တတ်ကြစေရန်။

**Notes from discussion:**

ဆွေးနွေးရာတွင် ရရှိလာသော မှတ်စုများ -

**Feedback/lessons learned:**

တုံ့ပြန်ချက်များနှင့် သင်ယူမှုများ -

**Photo of session (optional):**

ဆွေးနွေးပွဲ၏ မှတ်တမ်းဓါတ်ပုံများ (ပြဿနာ သစ်ပင် ရေးဆွဲထားသည့် ပုံများ)

## **Action Plan and Timeline** - လုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာ အစီအစဉ်များ ရေးဆွဲခြင်း နှင့် အချိန်ကာလ သတ်မှတ်ချက်များ

Date:

နေ့ရက် -

Number of participants:

တက်ရောက်သူ အရေအတွက် -

Facilitators:

ပံ့ပိုးကူညီသူများ -

Participant List (attach or paste):

တက်ရောက်သူများစာရင်း (တွဲထားပေးပါ သို့မဟုတ် ရေးမှတ်ထားပေးပါ)

**Objective of meeting:** - ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များ

- Develop an action plan: Main steps needed to achieve your goal
- လုပ်ငန်း အစီအစဉ် တစ်ခု ရေးဆွဲတတ်စေရန် - သင်၏ ပန်းတိုင်ကို ရောက်ရှိ အောင်မြင်စေရန် အဓိက လုပ်ဆောင်ရမည့် အဆင့်များကို ဆောင်ရွက်ရန် လိုအပ်သည်။
- Develop a timeline: When will you do each of the steps?
- လုပ်ငန်း အချိန်ကာလ တစ်ခု သတ်မှတ် ရေးဆွဲတတ်စေရန် - မည်သည့် အချိန်တွင် မည်သည့် အဆင့်ကို ပြုလုပ်ရန် အစရှိသဖြင့် အဆင့်များ၏ အချိန်ကာလ ကို သတ်မှတ် ရေးဆွဲတတ်စေရန်။
- Write down any support needed
- လိုအပ်သော အထောက်အပံ့များကို ရေးမှတ်တတ်စေရန်

**Action Plan and Timeline, notes from discussion***

ဆွေးနွေးမှုများမှ ထွက်ရှိလာသော လုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာ အစီအစဉ်များ ရေးဆွဲခြင်း နှင့် အချိန်ကာလ သတ်မှတ်ချက်များ ဆိုင်ရာ မှတ်စုများ

| **Action step**<br><br>လုပ်ငန်းအဆင့် | **Who is responsible**<br><br>တာဝန်ယူသူ | **Resources needed**<br><br>လိုအပ်သော<br>အရင်းအမြစ်များ | **Due Date**<br><br>သတ်မှတ်ရက်<br>ကုန်ဆုံးမည့် ရက်စွဲ | **Remarks**<br><br>မှတ်ချက် |
|---|---|---|---|---|
| | | | | |

**add more rows or columns as needed*

** လိုအပ်သော အခြားအချက်များရှိသေးပါက ကော်လံထပ်မံ ပေါင်းထည့်၍ ရေးသားပါ။*

**Feedback/lessons learned:**

တုံ့ပြန်ချက်များနှင့် သင်ယူမှုများ -

**Photo of session (optional):**

ဆွေးနွေးပွဲ၏ မှတ်တမ်းဓါတ်ပုံများ (အဆင်ပြေပါက)

SOLIDARITÉS INTERNATIONAL

OXFAM

**Budget** - ငွေကြေး အသုံးစာရင်း ခန့်မှန်းခြေ ( ဘက်ဂျက် )

Date:

နေ့ရက် -

Number of participants:

တက်ရောက်သူ အရေအတွက် -

Facilitators:

ပံ့ပိုးကူညီသူများ -

Participant List (attach or paste):

တက်ရောက်သူများစာရင်း (တွဲထားပေးပါ သို့မဟုတ် ရေးမှတ်ထားပေးပါ)

**Objective of meeting:** - ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များ

- Create a budget for the campaign, to be submitted for approval
- လူထု ဦးဆောင်သော ကမ်ပိန်း တစ်ခု ပြုလုပ်ရန်အတွက် ခွင့်ပြုချက် ရရှိရေး အဆိုပြုရာတွင် ခန့်မှန်းခြေ ငွေကြေးအသုံးစာရင် (ဘက်ဂျက်) ကို ထည့်သွင်း ရေးဆွဲတတ်စေရန်။

**Budget and notes from discussion***

ဆွေးနွေးမှုများမှ ထွက်ရှိလာသော ခန့်မှန်းခြေ ငွေကြေးအသုံးစာရင် (ဘက်ဂျက်) ရေးဆွဲခြင်း ဆိုင်ရာ မှတ်စုများ

| **Item**<br><br>ပစ္စည်း | **Unit**<br><br>ရေတွက်ပုံ | **Unit cost**<br><br>တစ်ခုချင်း ကုန်ကျငွေ | **Quantity needed**<br><br>လိုအပ်သော ပစ္စည်းများ အရေအတွက် | **Total cost (Unit cost x Quantity)**<br><br>စုစုပေါင်း ကုန်ကျငွေ (တစ်ခုချင်း ကုန်ကျငွေ နှင့် ပစ္စည်း အရေ အတွက်အား မြှောက်၍ ထည့်ပါ) |
|---|---|---|---|---|
| | | | | |

**add more rows or columns as needed*

** လိုအပ်သော အခြားအချက်များရှိသေးပါက ကော်လံထပ်မံ ပေါင်းထည့်၍ ရေးသားပါ။*

**Feedback/lessons learned:**

တုံ့ပြန်ချက်များနှင့် သင်ယူမှုများ -

**Photo of session (optional):**

ဆွေးနွေးပွဲ၏ မှတ်တမ်းဓါတ်ပုံများ (အဆင်ပြေပါက)

**Monitoring Plan and Indicators** - လုပ်ငန်းတိုင်းတာရေး အညွှန်းကိန်းများနှင့် စောင့်ကြည့် လေ့လာရေးဆိုင်ရာ အစီအစဉ်များ

Date:

နေ့ရက် -

Number of participants:

တက်ရောက်သူ အရေအတွက် -

Facilitators:

ပံ့ပိုးကူညီသူများ -

Participant List (attach or paste):

တက်ရောက်သူများစာရင်း (တွဲထားပေးပါ သို့မဟုတ် ရေးမှတ်ထားပေးပါ)

**Objective of meeting:** - ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များ

- Decide how to monitor the success of the campaign (2-3 indicators of success)
- ကမ်ပိန်း၏ အောင်မြင်မှုကို မည်ကဲ့သို့ တိုင်းတာသွားမည်ကို အတူတကွ ဆုံးဖြတ်ကြစေရန် (တိုင်းတာမှု အညွှန်းကိန် ၂ ခုမှ ၃ ခုအထိ သတ်မှတ်ထားရန်)
- Decide the frequency of monitoring your indicators and for how long (example: once a month for 6 months)
- လုပ်ငန်း တိုင်းတာမှု အညွှန်းကိန်းများအား အသုံးပြု၍ အကြိမ်ရေ မည်မျှ တိုင်းတာမည်နှင့် မည်မျှ ကြာကြာ တိုင်းတာသွားမည် (ဥပမာ - တစ်လလျှင် တစ်ကြိမ်နှင့် ခြောက်လ အထိ တိုင်းတာရန်)
- Decide who will monitor the indicators
- မည်သူက လုပ်ငန်းတိုင်းတာရေး အညွှန်းကိန်းများအား လေ့လာ စောင့်ကြည့်သွား မည်ကို အတူတကွ ဆုံးဖြတ်ကြစေရန်။

**Monitoring plan and indicators, notes from discussion***

ဆွေးနွေးမှုများမှ ထွက်ရှိလာသော လုပ်ငန်းတိုင်းတာရေး အညွှန်းကိန်းများနှင့် စောင့်ကြည့်လေ့လာရေးဆိုင်ရာ အစီအစဉ်များဆိုင်ရာ မှတ်စုများ

| **Indicator**<br>လုပ်ငန်း တိုင်းတာမှု အညွှန်းကိန်း | **Frequency of monitoring**<br>တိုင်းတာမည့် အကြိမ် သတ်မှတ်ချက် | **Who will measure?**<br>မည်သူက တိုင်းတာမည်နည်း |
|---|---|---|
| | | |

**add more rows or columns as needed*

** လိုအပ်သော အခြားအချက်များရှိသေးပါက ကော်လံထပ်မံ ပေါင်းထည့်၍ ရေးသားပါ။*

**Feedback/lessons learned:**

တုံ့ပြန်ချက်များနှင့် သင်ယူမှုများ -

**Photo of session (optional):**

ဆွေးနွေးပွဲ၏ မှတ်တမ်းဓါတ်ပုံများ (အဆင်ပြေပါက)

SOLIDARITÉS INTERNATIONAL

OXFAM

**Debrief after campaign** - ကမ်ပိန်း တစ်ခု ပြီးစီးသည့်နောက် ရှင်းလင်းတင်ပြခြင်း

Date:

နေ့ရက် -

Number of participants:

တက်ရောက်သူ အရေအတွက် -

Facilitators:

ပံ့ပိုးကူညီသူများ -

Participant List (attach or paste):

တက်ရောက်သူများစာရင်း (တွဲထားပေးပါ သို့မဟုတ် ရေးမှတ်ထားပေးပါ)

**Objective of meeting:** - ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များ

- Give a refresher of the activities that we accomplished together
- ကျွန်ုပ်တို့ အတူတကွ ပြီးစီးခဲ့သော လုပ်ငန်းငန်းများအား ပြန်လည်အမှတ်ရစေရန် ဆွေးနွေးပေးနိုင်ရန်။
- Have an informal conversation about what the participants learned and how we can improve ACE next time. Ask people to be honest and open about their feedback.
- ပြီးစီးခဲ့သော ကမ်ပိန်း လုပ်ငန်းစဉ် အတွင်း တစ်ဦးချင်းစီမှ သင်ယူခဲ့ရပုံများနှင့် နောက်နောင်တွင် မည်ကဲ့သို့ ပိုမိုကောင်းမွန်အောင် လုပ်ဆောင်နိုင်မည် ဆိုသည်များကို အလွတ်သဘော ဖိတ်ခေါ် ဆွေးနွေးပြီး သတင်းအချက်အလက်များ ရယူတတ်စေရန်။ (ပါဝင်သူများအား လုပ်ငန်းများ ဆောင်ရွက်ခဲ့မှု အပေါ် ၄င်းတို့၏တုံ့ပြန်ချက်များအား ရိုးရိုးသားသား နှင့် ပွင့်လင်းမှု ရှိစွာ ပေးနိုင်စေရန် မေးမြန်းပါ။)

**Notes from discussion:**

ဆွေးနွေးရာတွင် ရရှိလာသော မှတ်စုများ -

**Feedback/lessons learned:**

တုံ့ပြန်ချက်များနှင့် သင်ယူမှုများ -

**Photo of session (optional):**

ဆွေးနွေးပွဲ၏ မှတ်တမ်းဓါတ်ပုံများ (အဆင်ပြေပါက)

## CONSENT FORM

သဘောတူညီမှုပုံစံ

COPYRIGHT

မူပိုင်ခွင့်

I ……………………………………………… am taking part in the Action from Community Engagement (ACE) photovoice project and understand that, as part of the project, I may produce photographs and captions/photo stories (my “Work”). I understand that I retain copyright in my Work and I give permission for Oxfam and Solidarites International (SI) to keep copies of my Work for use **as agreed below**.

ကျွန်တော်/မ သည် စေ့စပ်ညှိနှိုင်းခြင်းဖြင့် လူထုဦးဆောင်ပါဝင်သော အကောင်အထည်ဖော်ဆောင်ရွက်ခြင်း လုပ်ငန်းစဉ် ( ACE ) ဓါတ်ပုံထဲကစကားသံ (Photovoice) တွင်ပါဝင်နေသူတစ်ဦး ဖြစ်ပြီး ယခုလုပ်ငန်းသည် ACE ၏ အစိတ်အပိုင်း တစ်ရပ်ဖြစ်ကြောင်း သေချာစွာ နားလည်ပါသည်။ ကျွန်တော်/မသည် ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ ဓါတ်ပုံ အချို့ကို ရိုက်ယူပြီး ဓါတ်ပုံကိုအခြေခံ၍ ကျွန်တော်/မ တို့နှင့်သက်ဆိုင်သော ပုံပြင်များအား ရေးသားပါမည်။ ဓါတ်ပုံများနှင့် ဓါတ်ပုံများအား အခြေခံ၍ ရေးသားထားသော ပုံပြင်များအား ကျွန်တော်/မ ၏ မူပိုင် အဖြစ်ထိန်းသိမ်းထားမည်ဖြစ်ပြီး ကျွန်ုပ်အနေဖြင့် Oxfam နှင့် SI အဖွဲ့များကို ကျွန်ုပ်၏ ဓါတ်ပုံများအား လုပ်ငန်းအတွင်း အသုံးပြုရန် အောက်ဖော်ပြပါ အချက်များ အတိုင်း သဘောတူပါသည်။

I understand that my Work will be credited like this when used:

ဓါတ်ပုံများနှင့် ဓါတ်ပုံမှ အခြေခံသော ပုံပြင်များအား အသုံးပြုသော အခါ ကျွန်တော်/မ ၏ ကြိုးပမ်းအားထုတ်မှု အပေါ် ကျွန်တော်/မ ၏ အမည်အား အသိအမှတ်ပြု ဖော်ပြရမည် ဖြစ်သည်။

Participant Name/Pseudonym - အမည်/ ကလောင်အမည်

Date - ရက်စွဲ

Oxfam and Solidarites International

Oxfam နှင့် SI အဖွဲ့

Action from Community Engagement Project

စေ့စပ်ညှိနှိုင်းမှုဖြင့် လူထုဦးဆောင်ပါဝင်သော အကောင်အထည်ဖော် ဆောင်ရွက်ခြင်း လုပ်ငန်း စီမံချက်

- ☐ I want my Work to be shown with my real name:
- ☐ ဓါတ်ပုံများနှင့် ဓါတ်ပုံမှ အခြေခံသော ပုံပြင်များအား အသုံးပြုသော အခါ ကျွန်တော်/မ ၏ အမည်မှန် ……………………………… အသုံးပြုစေချင်ပါသည်။
- ☐ I want my Work to be shown with a nickname: …………………………………………
- ☐ ဓါတ်ပုံများနှင့် ဓါတ်ပုံမှ အခြေခံသော ပုံပြင်များအား အသုံးပြုသော အခါ ကျွန်တော်/မ ၏ ကလောင် အမည် ………………………………… ဖြင့်သာ အသုံးပြုစေလိုပါသည်။

## CONSENT FORM

သဘောတူညီမှုပုံစံ

I am happy for Oxfam and SI to use my Work and agreed quotes (audio/text):

အောက်ဖော်ပြပါ သဘောတူညီချက်များအရ ကျွန်တော်/မ ၏ ဓါတ်ပုံများနှင့် ဓါတ်ပုံမှ အခြေခံသော ပုံပြင်များအား အသုံးပြုသော အခါ Oxfam နှင့် SI အဖွဲ့ အား (အသံ/စာသား/ရုပ်ပုံများ) အားလုံးကို ကူးယူစေရန် ကျေနပ်စွာ ခွင့်ပြုပါသည်။

| | | | |
|---|---|---|---|
| ☐ I do **not** want these photos shared with anyone<br>☐ ကျွန်တော်/မ၏ ဓါတ်ပုံများ နှင့် ပုံပြင်များ အား **မည်သူ ကိုမှ** မမျှဝေစေလိုပါ။ | ☐ to discuss WASH issues between Oxfam and SI staff only<br>☐ ကျွန်တော်/မ၏ဓါတ်ပုံများအား Oxfam နှင့် SI အဖွဲ့ အား ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး ဆိုင်ရာ လုပ်ငန်းအတွက် အသုံးပြုရန် **အတွက်သာ** ခွင့်ပြုပါသည်။ | ☐ to discuss WASH issues with service providers in the camp and donors, as long as they do not publish any of the information on public platforms (only internal use)<br>☐ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာလုပ်ငန်းအတွက် ကျွန်တော်/မ၏ ဓါတ်ပုံ များအား စခန်းအတွင်း အခြားသောအဖွဲ့အစည်းများနှင့်အလှူရှင်များ၊ လူထုများ ဥပမာ စခန်းနေလူများအတွက် **လုပ်ငန်းဆောင်ရွက်နိုင်ရန်အဖွဲ့အစည်းအတွင်းသာ** ခွင့်ပြုပါသည်။ **ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေထုတ်ဝေခြင်းကို ခွင့်မပြုပါ။** | ☐ between the larger community; including on blogs and in printed material like leaflets and posters<br>☐ လူထုအတွင်းကျယ်ပြန့်စွာဖြန်ဝေခြင်း၊သတင်း မီဒီယာများနှင့် ဘလော့များတွင် ဖြန့်ဝေခြင်း ၊ လက်ကမ်း စာစောင်များနှင့် ပိုစတာများတွင် ဖော်ပြခြင်း အစရှိသည့် **လုပ်ငန်းအားလုံး အတွက်** ခွင့်ပြုပါသည်။ |
|  |   |   |   |

☐ I also give permission for Oxfam and Solidarites International to combine my Work with other images, text and graphics.

☐ ကျွန်တော်/မ၏ ဓါတ်ပုံများအား ကူးယူခွင့်ပြုပြီး အခြားသော ရုပ်ပုံများနှင့် စာသားများ ထည့်သွင်း အသုံးပြုခြင်း အား  Oxfam နှင့် SI အဖွဲ့အတွက်သာ ခွင့်ပြုပါသည်။

The above consent applies for the following photos and photo stories (please include name or number of photograph here):

ရိုက်ယူထားသော ကျွန်ုပ်၏ ဓါတ်ပုံများ နှင့် ဓါတ်ပုံအား အခြေခံသည် ပုံပြင်များအား အထက်တွင် ဖော်ပြ ထားသော သဘောတူညီချက်များအတိုင်း လိုက်နာပြီး အသုံးပြုမည်ကို သဘောတူပါသည်။ ဓါတ်ပုံများ၊ ပုံပြင်များ၏ အမည်များနှင့် အရေအတွက်ကို ကျေးဇူးပြု၍ အောက်တွင် သေချာစွာ ဖော်ပြပေးပါ။

…………………………………………………………………………………………………………………………………………

…………………………………………………………………………………………………………………………………………

Name: အမည်　　　　　　　　　　Witness: သက်သေ အမည်

Signed: လက်မှတ် -　　　　　　　　　　Date: နေ့စွဲ -

OXFAM

# *Certificate of Completion*

SOLIDARITÉS INTERNATIONAL

This is to certify that

______________________________

has successfully completed the

Action from Community Engagement

ACE

စေ့စပ်ညှိနှိုင်းမှုဖြင့်လူထုဦးဆောင်သော အကောင်အထည်ဖော်ဆောင်ရွက်ခြင်းလုပ်ငန်းစဉ်

ရပ်ရွာ မြေပုံရေးဆွဲခြင်း၊ ဓါတ်ပုံများမှ တစ်ဆင့် လိုအပ်ချက်များ ရှာဖွေဖော်ထုတ်ခြင်း၊ ပြဿနာ သစ်ပင် ရေးဆွဲခြင်း၊
အခက်အခဲများကို ဖြေရှင်းရန် အစီအစဉ် ရေးဆွဲခြင်း၊ လူထု ဦးဆောင်သော ကမ်ပိန်းများ အား အကောင်
အထည်ဖော် ဆောင်ရွက်ခြင်းတို့ကို လူထု နှင့် အတူ Oxfam နှင့် SI တို့ ပူးပေါင်း ဆောင်ရွက်သည်။

__________ လက်မှတ်

__________ ရက်စွဲ

# အမျိုးသမီးများ ဓမ္မတာလာခြင်းဆိုင်ရာ တစ်ကိုယ်ရည်သန့်ရှင်းရေး စီမံလုပ်ဆောင်ခြင်း

## မာတိကာ


၁. မိတ်ဆက်

၁.၁ အမျိုးသမီးများ ဓမ္မတာလာချိန်တွင် ကျန်းမာရေးသည် အရေးကြီးသည်

၁.၂ OXSI MHM စီမံကိန်းသည် မည်သို့သောစီမံကိန်းဖြစ်ပါသလဲ။

၂. လမ်းညွှန်ချက်များ

၂.၁ MHM သက်တူရွယ်တူအုပ်စုများ

၂.၁.၁ သင်တန်းပို့ချသူများကို စုဆောင်းခြင်း

၂.၁.၂ သင်တန်းပို့ချသူများကို သင်တန်းပေးခြင်း

၂.၁.၃ သက်တူရွယ်တူအချင်းချင်း MHM သင်တန်းပေးခြင်း

၂.၁.၄ သင်တန်းပို့ချသူများ၏ လစဉ်အစည်းအဝေးများ/ မွမ်းမံသင်တန်းများ

၂.၂ အမျိုးသမီးသုံး သန့်ရှင်းရေးပစ္စည်းများကို စွန့်ပစ်ရန်ပုံးများ/ မီးရှို့ပြာချသည့်စက်များ

နောက်ဆက်တွဲ ၁ - သင်တန်းပို့ချသူများအတွက် စာအုပ်ငယ်

နောက်ဆက်တွဲ ၂ - မကြာခဏမေးမြန်းလေ့ရှိသည့် မေးခွန်းများ

နောက်ဆက်တွဲ ၃ - ယုံမှတ်မှားထားသည့် ကိစ္စများနှင့် အမှန်တရားများ

နောက်ဆက်တွဲ ၄ - သန့်ရှင်းရေးသုံးပစ္စည်းနမူနာများ

နောက်ဆက်တွဲ ၅ - သက်တူရွယ်တူအုပ်စုများကို သင်တန်းပို့ချနေသူများအတွက် လမ်းညွှန်ချက်များ

နောက်ဆက်တွဲ ၆ - သက်တူရွယ်တူအုပ်စုများကို သင်တန်းပို့ချရန်အတွက် IEC

နောက်ဆက်တွဲ ၇ - သင်တန်းပို့ချသူများ၏ လစဉ်အစည်းအဝေးများ

နောက်ဆက်တွဲ ၈ - MHM ပုံးများကို ပုံစံထုတ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရေးတွင် ပါဝင် လုပ်ဆောင်ရန်အတွက် FGD လမ်းညွှန်ချက်များ

နောက်ဆက်တွဲ ၉ - အမျိုးသမီးသုံး သန့်ရှင်းရေးပစ္စည်းများကို စွန့်ပစ်ရန်အတွက် မီးရှို့ပြာချသည့်ပုံးများ ၏ ပုံစံဒီဇိုင်းများ

# ၁. မိတ်ဆက်

## ၁.၁ အမျိုးသမီးများ ဓမ္မတာလာချိန်တွင် ကျန်းမာရေးသည် အရေးကြီးသည်

သင့်လျော်မှန်ကန်သော ရာသီသွေးဆင်းချိန် သန့်ရှင်းရေးကို စီမံလုပ်ဆောင်နိုင်ရန် (MHM) အမျိုးသမီးများနှင့် မိန်းကလေးများသည် ရေနှင့် ဆပ်ပြာ၊ ရာသီသွေးများကို စုပ်ယူနိုင်သော သို့မဟုတ် သန့်ရှင်းနိုင်သော သန့်ရှင်းရေးပစ္စည်းများ၊ အမျိုးသမီးသုံး သန့်ရှင်းရေးပစ္စည်းများ အဝတ်များကို လဲလှယ်နိုင်ရန်အတွက် သီးသန့်လွတ်လပ်မှုများလိုအပ်ပြီး အသုံးပြုပြီး သော သန့်ရှင်းရေးပစ္စည်းများကို လုံခြုံစွာစွန့်ပစ်နိုင်ရန် သို့မဟုတ် ပြန်လည်အသုံးပြုနိုင်သည့် ပစ္စည်းများဖြစ်ပါ လျှော်ဖွတ်ပြီး ပြန်လည်နေလှမ်းအခြောက်ခံနိုင်မည့်နေရာများ လိုအပ်ပါသည်။ အမျိုးသားများ၊ အမျိုးသမီးများ၊ ယောကျ်ားလေးများနှင့် မိန်းကလေးများသည်လည်း ရာသီသွေးဆင်းသည့်ကိစ္စရပ်များနှင့်ပတ်သက်၍ ယုံမှတ်မှားထားသည်များ၊ အများက ရှောင်ကြဉ်တားမြစ်ထားသည်များကို ချိုးဖျက်ပြီး ရာသီသွေးဆင်းချိန်သန့်ရှင်းရေးနှင် ပတ်သက်၍ ပိုမိုနိုးကြားသော အသိများ ရှိရန်လိုအပ်ပါသည်။ MHM သည် အဓိကအားဖြင့် ရာသီသွေးဆင်းချိန်ကိစ္စများကို စီမံခန့်ခွဲနိုင်ရန် ထောက်ပံ့ပေးရသည့် အစိတ်အပိုင်းများကို အဓိကရည်ညွှန်းပြီး ထိုကိစ္စရပ်များတွင် ဆေးဝါးကုသရေး၊ ပညာရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ များလည်း သွယ်ဝိုက်ပါရှိပါသည်။

ကျား/မရေးရာ တန်းတူညီမျှမှုမရှိခြင်းသည် ရာသီသွေးဆင်းချိန်သန့်ရှင်းရေးကို ဥပေက္ခာပြုထားခံရသည့် အဓိက အကြောင်းရင်းများမှ တစ်ခုဖြစ်ပါသည်။ အမျိုးသမီးများနှင့် အမျိုးသားများအကြား တန်းတူညီမျှမှုမရှိသော ဩဇာအာဏာ များသည် အမျိုးသမီးများနှင့် မိန်းကလေးများအသံကို ဆုံးဖြတ်ချက်ချမှတ်သည့် နယ်ပယ်တွင် ထုတ်ဖော်တင်ပြခြင်းများ မကြားရတော့ဘဲ ရာသီလာခြင်းနှင့် စပ်လျဉ်းသော ယဉ်ကျေးမှုဆိုင်ရာ မှားယွင်းသည့် တားမြစ်မှုများ၊ အယူမှားများ၊ ရှက်ဖွယ် ကောင်းသည့် ကိစ္စရပ်များအဖြစ်သာ ဖြစ်သွားစေပါသည်။ အမျိုးသမီးများနှင့် မိန်းကလေးများ၏ ရာသီသွေးဆင်းခြင်းနှင့် သက်ဆိုင်သော လက်တွေ့ကျပြီး အမှန်တကယ်လိုအပ်သည့်အချက်များကို လိပ်မူဖြေရှင်းရန်နှင့် ရာသီသွေးဆင်းချိန် သန့်ရှင်းရေးကိစ္စရပ်များသည် အမျိုးသမီးများနှင့် မိန်းကလေးများ၊ အမျိုးသားများနှင့် ယောကျ်ားလေးများကိုပါ ဦးတည် ထည့်သွင်းဆောင်ရွက်သည့် ပြီးပြည့်စုံသော စီမံချက်များ လိုအပ်ပါသည်။

## ၁.၂ OXSI MHM စီမံကိန်းသည် မည်သို့သောစီမံကိန်းဖြစ်ပါသလဲ။

MHM ကို လူများယာယီထားသည့် စခန်းများတွင် ပိုမိုတိုးတက်ကောင်းမွန်လာစေရေးအတွက် OXSI မှ ပန်းတိုင်နှစ်ခုကို တစ်ပြိုင်နက်ထဲ အကောင်အထည်ဖော်ခဲ့ပါသည်။

၁. စခန်းတွင်းရှိအမျိုးသမီးများ၏ မည်သည့်ကိစ္စရပ်များကိုမဆို ကိုယ်ထူကိုယ်ထ အုပ်စုတစ်စုအဖြစ် ဖြည့်ဆည်းပေး နိုင်အောင်ဆွေးနွေးလုပ်ဆောင်ရန် အားပေးတိုက်တွန်းခဲ့ပြီး ကျန်းမာရေးနှင့်ညီညွတ်သော ရာသီလာခြင်းဆိုင်ရာ အလေ့အကျင့်များဖြစ်စေရန် တိကျသည့်သတင်းအချက်အလက်များကို OXSI က လေ့ကျင့်ပေးထားသည့် အမျိုးသမီးများက ခေါင်းဆောင်၍ ဆောင်ရွက်ပေးစေသည်။

၂. ရပ်ရွာလူထုက ကိုယ်ထူကိုယ်ထလုပ်ကိုင်ကြပြီး သင့်လျော်ကောင်းမွန်စွာဆောင်ရွက်မှုများ တိုးတက်ဖြစ်ပေါ်လာစေ ရန်အတွက် အမျိုးသမီးသုံးသန့်ရှင်းရေးပစ္စည်းများကို ဘေးကင်းလုံခြုံစွာနှင့် ဂုဏ်သိက္ခာရှိစွာ စွန့်ပစ်နိုင်ရေး အတူတကွ ပုံစံထုတ်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းလုပ်ငန်းစဉ်များတွင် ကိုယ်တိုင်ပါဝင် ဆောင်ရွက်စေ သည်။

စီမံချက်သည် လက်ရှိတွင် အမျိုးသမီးများနှင့် မိန်းကလေးများ ရာသီသွေးဆင်းချိန်သန့်ရှင်းရေးကိုစီမံလုပ်ဆောင်မှုကို သက်တောင့်သက်သာ ပွင့်ပွင့်လင်းလင်းထုတ်ဖော်ပြောဆိုနိုင်ရေး၊ လက်ခံအသိအမှတ်ပြုလာရေးတို့အတွက် လုပ်ဆောင် နေဆဲဖြစ်သော်လည်း စီမံချက်သည် ရာသီသွေးဆင်းချိန်သန့်ရှင်းရေးကိုစီမံလုပ်ဆောင်ရခြင်းများ၊ WASH နှင့် ကျား/မရေးရာ ကိစ္စများ အစရှိသည်တို့နှင့် ပတ်သက်၍ အမျိုးသားများ၊ ယောကျ်ားလေးများကိုပါ အသိပညာပေးသင်ပြနိုင်ရန် ထည့်သွင်း ဆောင်ရွက်သွားဦးမည်ဖြစ်ပါသည်။ အမျိုးသားများနှင့် ယောကျ်ားလေးများသည် အမျိုးသမီးများ ရာသီလာခြင်းနှင့် ပတ်သက်သော ယဉ်ကျေးမှုဆိုင်ရာစံနှုန်းများ၊ မှားယွင်းသည့်အယူများကို ပြောင်းလဲရာတွင် ကြီးမားစွာပါဝင်ဆောင်ရွက်ပေးနိုင်ခြင်းများရှိပြီး တစ်ခါတစ်ရံ အမျိုးသမီးများ၏ ရာသီသွေးဆင်းချိန်တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ရန် လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်ချမှတ်ခြင်းများတွင် ပါဝင်ရသည်များပင် ရှိတတ်ပါသည်။ အစပိုင်းတွင် တွန့်ဆုတ်ခြင်း၊ ၊ အစွဲအလမ်းများရှိခြင်း၊ ယုံမှတ်များခြင်း၊ မှားယွင်းသည့်သဘောတရားများကြောင့် ရာသီသွေးဆင်းချိန် သန့်ရှင်းရေးကို စီမံလုပ်ဆောင်ရခြင်းများနှင့် ပတ်သက်၍ အမျိုးသားများနှင့်ဆွေးနွေးရန် အခက်အခဲရှိကောင်းရှိမည်ဖြစ်သော်လည်း ပုံမှန် တွေ့ဆုံခြင်းနှင့် ဆက်သွယ်တင်ပြခြင်းများမှတစ်ဆင့် ပြောင်းလဲမှုများဖြစ်လာနိုင်ပါသည်။

# ၂. လမ်းညွှန်ချက်များ

## ၂.၁ MHM သက်တူရွယ်တူအုပ်စုများ

သက်တူရွယ်တူချင်း အသိပညာပေးမြှင့်တင်မှုပြုလုပ်သည့်ပုံစံသည် စခန်းအတွင်းနေထိုင်ကြသည့်လူများအနေဖြင့် ၎င်းတို့၏ လိုအပ်ချက်များကို ကောင်းစွာပိုသိကြသည်ဟူသည့် ယုံကြည်ချက်ဖြင့် လုပ်ဆောင်ခြင်းဖြစ်ပြီး ၎င်းတို့နှင့် သက်တူရွယ်တူ အခြားသူများကိုလည်း ပြောင်းလဲပေးနိုင်မည့်

လူများဖြစ်လာနိုင်သောကြောင့်ဖြစ်ပါသည်။ အုပ်စုခေါင်းဆောင်များသည် အခြားသူများကိုယ်တိုင်ဆုံးဖြတ်နိုင်မှုရှိလာစေရန်၊ ဆက်ဆံရေးတည်ဆောက်ရန်၊ စုပေါင်း၍ ပြဿနာဖြေရှင်းရန်နှင့် မိမိ ကိုယ်တိုင် ကြံ့ကြံ့ခံနိုင်သောသူများဖြစ်လာရေးအတွက် သတင်းအချက်အလက်များ စတင်ဖြန့်ဝေခြင်းကို လုပ်ဆောင်ကြရမည် ဖြစ်ပါသည်။ သက်တူရွယ်တူချင်းစည်းရုံးသည့် ပုံစံသည် သက်တူရွယ်တူအချင်းချင်းထံမှ ဘေးအန္တရာယ်ကင်းရှင်းပြီး သက်တောင့်သက်သာရှိသော ပတ်ဝန်းကျင်အနေအထားဖြင့် လေ့လာသင်ယူနိုင်စေပြီး သင်တန်းပို့ချသူများ အနေဖြင့်လည်း အသိပညာပေးရေး လုပ်ငန်းများကို အမျိုးသမီးပေါင်းများစွာထံသို့ ရောက်ရှိနိုင်စေသည်။

MHM သင်တန်းပို့ချသူများသည် သက်တူရွယ်တူချင်း သင်တန်းပေးနိုင်ရန် အထူးလေ့ကျင့်သင်ကြားမှုသင်တန်းတက်ရောက်ရ မည်ဖြစ်ပါသည်။ ထိုသင်တန်း၏ ပန်းတိုင်မှာ ရာသီသွေးဆင်းခြင်းနှင့် ပတ်သက်သော ရှင်းလင်းသည့် သတင်းအချက်အလက် များကို ပေးနိုင်ရန်၊ အမျိုးသမီးများအနေဖြင့် ရောဂါလက္ခဏာများကို အသိအမှတ်ပြုလက်ခံပြီး ၎င်းတို့ကိုလျှော့ချနိုင်ရန်၊ ရာသီလာနေချိန်အတွင်း သီးခြားလုပ်ဆောင်ရမည့် ကျန်းမာရေး အလေ့အကျင့်များကို အကြံပေးနိုင်ရန်၊ ရာသီလာနေစဉ် အတွင်း ကိုယ်စိတ်ကျန်းမာဘေးကင်းစေရန်အတွက် ကျန်းမာသော အလေ့အကျင့်များကို ထိန်းသိမ်းနိုင်ရန်နှင့် အမျိုးသမီးသုံး သန့်ရှင်းရေးအကာအကွယ်ပစ္စည်းများကို သင့်လျော်ကောင်းမွန်စွာ စွန့်ပစ်နိုင်မည့် နည်းလမ်းများကို အကြံပေး နိုင်ရန်အတွက် ဖြစ်ပါသည်။ သင်တန်းပို့ချသူများသည် သက်တူရွယ်တူချင်းသင်တန်းပေးနေစဉ်အတွင်း IEC နှင့် အခြားသောအရင်းအမြစ် များကိုပါ ရရှိမည်ဖြစ်ပါသည်။

## ၂.၁.၁ သင်တန်းပို့ချသူများကို စုဆောင်းခြင်း

MHM အုပ်စုများကို ခေါင်းဆောင်၍ သင်တန်းပို့ချမည့်သူများမှာ စေတနာ့ဝန်ထမ်းများဖြစ်ပါသည်။ စီမံချက်အကြောင်းကို ပိုမို လေ့လာသိရှိနိုင်ရန်အတွက် အမျိုးသမီးများကို သတင်းအချက်အလက်များအသိပေးတင်ပြမည့် တွေ့ဆုံမှုများသို့ ဖိတ်ခေါ်ပြီး သင်တန်းပို့ချသူများအဖြစ် စုဆောင်းခေါ်ယူမည် ဖြစ်ပါသည်။

**သတင်းအချက်အလက်များကို အသိပေးတင်ပြမည့်တွေ့ဆုံမှုများအတွက် အဓိကကျသော အချက်များ**

- OXSI သည် အဓိကအားဖြင့် ရာသီသွေးဆင်းချိန်သန့်ရှင်းရေးကိုစီမံလုပ်ဆောင်ရခြင်းများ၊ အခြားသော တစ်ကိုယ်ရည်သန့်ရှင်းရေး ဆိုင်ရာကိစ္စများကို အခြားသောအမျိုးသမီးများနှင့် ဆွေးနွေးနိုင်ရန် တွေ့ဆုံမှုများကို ဦးဆောင်ပေးမည့် အမျိုးသမီးစေတနာ့ဝန်ထမ်းများကို ရှာဖွေရမည်ဖြစ်ပါသည်။
- ခေါင်းဆောင်မည့်သူဖြစ်သောကြောင့် သင့်ကို OXSI အဖွဲ့သားများက ရာသီသွေးဆင်းခြင်းနှင့်သက်ဆိုင်သော ကျန်းမာရေးကိစ္စများဆိုင်ရာ အရေးကြီးသည့် အချက်များကို လေ့ကျင့်သင်ကြားပေးမည်ဖြစ်ပါသည်။
- သင်သည် စိတ်ကြိုက်အဆင်ပြေသည့်အချိန်၊ နေရာတွင် ကိုယ်ပိုင်အုပ်စုများကို စီစဉ်ခေါ်ယူနိုင်ပါသည်။
- သင်သည် တစ်လလျှင် ပါဝင်တက်ရောက်သူ (၅) ဦးမှ (၁၀) ခန့် ပါဝင်သည့် တွေ့ဆုံမှုများလုပ်ဆောင်ရမည်ဖြစ်သည်။ ထိုသို့ တက်ရောက်လာသူများသည် OXSI ထံမှ မည်သည့်အရာများကိုမှ ရရှိမည်မဟုတ်ဘဲ ဆန္ဒအလျောက် ပါဝင်တက်ရောက်ကြရန်သာဖြစ်ပါသည်။
- ထိုအုပ်စုလိုက်တွေ့ဆုံပွဲများတွင် သင့်အနေဖြင့် OXSI က အကြံပြုထားသည့် အကြောင်းအရာများကို ဆွေးနွေးရ မည် ဖြစ်ပြီး သင်နှင့် ထိုအဖွဲ့တို့ စိတ်ဝင်စားသည့် အခြားသော ကိစ္စရပ်များကိုလည်း ဆွေးနွေးနိုင်ပါသည်။
- သင့်အနေဖြင့် OXSI ဝန်ထမ်းများကို အစည်းအဝေးပြုလုပ်ခဲ့သည့် အရေအတွက်၊ တက်ရောက်သူအရေအတွက်များ အပါအဝင် တုံ့ပြန်တင်ပြမှုများပေးရမည်ဖြစ်သည်။ တွေ့ဆုံစည်းဝေးခဲ့စဉ်အတွင်း ဖြစ်ပေါ်လာသည့် မည်သည့် ကိစ္စရပ်များ သို့မဟုတ် ပြဿနာများကိုဖြစ်စေ ရွေးချယ်ဝေမျှနိုင်ပါသည်။
- ယင်းသည် လုပ်ခလစာဖြင့် ခန့်ထားသည့် ရာထူးတစ်ခုမဟုတ်ပါ။
- OXSI က လစဉ် မွမ်းမံအစည်းအဝေး/သင်တန်း များပြုလုပ်မည်ဖြစ်ပြီး သင့်အနေဖြင့် သတင်းအချက်အလက် အသစ်များကို သင်ယူရမည်ဖြစ်ကာ သင် သင်တန်းပို့ချနေစဉ်အတွင်း ထွက်ပေါ်လာသည့် ကိစ္စရပ်များကို မေးမြန်း ဆွေးနွေးခြင်းများပြုလုပ်နိုင်ပြီး OXSI ဝန်ထမ်းများ၊ အခြားသော သင်တန်းပို့ချသူများထံမှ အထောက်အကူများ ရရှိ မည် ဖြစ်ပါသည်။
- အကယ်၍ စိတ်ဝင်စားသည်ဆိုပါက ပထမဆုံး သင်တန်းကို တက်ရောက်နိုင်ပါသည် (သင်တန်း ရက်စွဲနှင့် အချိန်ထည့်ရန်)

## ၂.၁.၂ သင်တန်းပို့ချသူများကို သင်တန်းပေးခြင်း

ခေါင်းဆောင်မည့်သူများ MHM ကိုသင်ယူနိုင်ရန် သင်တန်းများစီစဉ်ရမည်ဖြစ်ပါသည်။ ထိုသင်တန်းကို တစ်နေ့လုံးအပြည့် သို့မဟုတ် သင်တန်းချိန်များစွာခွဲ၍ ပို့ချနိုင်ပါသည်။ သင်တန်း (များ) တွင် ပါဝင့်သည်များမှာ -

၁. OXSI MHM အုပ်စုများကို ခြုံငုံဖော်ပြချက် (ဖွဲ့စည်းပုံ၊ အစည်းအဝေးစသဖြင့်)

၂. ရာသီသွေးဆင်းခြင်းဆိုင်ရာ အခြေခံဇဟုသုတများ

၃. ရာသီသွေးဆင်းခြင်းနှင့် ကျန်းမာရေး

၄. ရာသီသွေးဆင်းခြင်းဆိုင်ရာ မှားယွင်းတားမြစ်ခြင်းများ၊ ယုံမှတ်မှားနေခြင်းများနှင့် အမျိုးသမီးများ၊ မိန်းကလေးများ အပေါ်သို့ သက်ရောက်မှုများ

၅. အမျိုးသမီးသုံး သန့်ရှင်းရေးအကာအကွယ်ပစ္စည်းများနှင့် စွန့်ပစ်ခြင်းများ (ထိုပစ္စည်းများကို ဘေးကင်းလုံခြုံစွာနှင့် သိက္ခာရှိစွာ လဲလှယ်ခြင်းများ၊ လျှော်ဖွတ်ခြင်းများ)

သင်တန်းပို့ချသူများအတွက် ပါဝါပွိုင့်သည် နောက်ဆက်တွဲ (က) တွင် ပါဝင်ပါသည်။ WaterAid က ပြင်ဆင်ပေးထားသည့် ဖြည့်စွက်သတင်းအချက်အလက်များ လက်ကမ်းစာစောင်သည် နောက်ဆက်တွဲ (ခ) တွင်ပါဝင်ပါသည်။ မကြာခဏ မေးလေ့ရှိ သည့် မေးခွန်းများနှင့် အဖြေများကို နောက်ဆက်တွင် (ဂ) တွင်ပေးထားပြီး ယုံမှတ်ထားခြင်းများနှင့် အမှန်တရားများကို နောက်ဆက်တွဲ (ဃ) တွင်ပေးထားပြီး အကယ်၍ မေးခွန်းများ သို့မဟုတ် ယုံမှတ်ထားခြင်းများနှင့် ပတ်သက်၍ မေးမြန်းမှု များ ရှိလာပါက ဦးဆောင်သူများ သို့မဟုတ် ပါဝင်တက်ရောက်သူများအနေဖြင့် ထိုအခန်းများတွင် ကြည့်နိုင်ပါသည်။ အချို့ သော သန့်ရှင်းရေးပစ္စည်းများနှင့် ရုပ်ပုံများကို နောက်ဆက်တွဲ (င) တွင်ပေးထားပါသည်။ ဤသတင်းအချက်အလက် အားလုံးကို သင်တန်းပို့ချသူများနှင့် အချိန်ကာလအလိုက် ဝေမျှသွားနိုင်သော်လည်း အကုန်လုံးကို ပထမဆုံးသင်တန်းတွင် ပေးမည်မဟုတ်ဘဲ တဖြည်းဖြည်းချင်း တိုးမြှင့်ပေးအပ်သွားမည်ဖြစ်ပါသည်။

## ၂.၁.၃ သက်တူရွယ်တူအချင်းချင်း MHM သင်တန်းပေးခြင်း

သင်တန်းပြီးဆုံးပါက သင်တန်းပို့ချမည့်သူများသည် သင်တန်းပေးရန်ယုံကြည်စိတ်ချမှုများရှိနေရန် သေချာစေရမည် ဖြစ်သည်။ ပထမဆုံးသင်တန်းတွင် လိုအပ်သည့်အကူအညီများပေးနိုင်ရန် သင်တန်းပို့ချမည့်သူအသစ်များနှင့်အတူ OXSI ဝန်ထမ်းများက အတူတကွလိုက်ပါပေးရမည်ဖြစ်သည်။ အခြားသောအကြံတစ်ခုမှာ သင်တန်းပို့ချမည့်သူနှစ်ဦးသည် ၎င်းတို့ ၏ ပထမဆုံးသင်တန်းများကို နှစ်ကြိမ်၊ သုံးကြိမ်ခန့်ပူးတွဲစတင်ရန်ဖြစ်ပြီး ဤနည်းအားဖြင့် ၎င်းတို့သင်တန်းကို တစ်ယောက်ထဲ ခေါင်းဆောင်ပို့ချရန် ယုံကြည်ချက်ရှိသွားသည့် အချိန်အထိ အပြန်အလှန်အထောက်အကူ ပေးသွားနိုင်ပါသည်။

သက်တူရွယ်တူများကို သင်တန်းပို့ချခြင်းနှင့် စပ်လျဉ်း၍ သင်တန်းပို့ချမည့်သူများအတွက် လမ်းညွှန်ချက်များမှာ နောက်ဆက်တွဲ (စ) တွင် ပါဝင်ပြီး သင်တန်းတွင်အသုံးပြုရန် IEC ကို နောက်ဆက်တွဲ (ဆ)တွင်ပေးထားပါသည်။

အဓိကအလေးပေးရန်မှာ ရာသီသွေးဆင်းချိန်သန့်ရှင်းရေးကိုစီမံလုပ်ဆောင်ရခြင်းများ (MHM) ဖြစ်သော်လည်း ထို အစည်းအဝေးများအတွင်း အခြားသော အကြောင်းအရာများကိုလည်း ဆွေးနွေးနိုင်ပါသည်။

## ၂.၁.၄ သင်တန်းပို့ချသူများ၏ လစဉ်အစည်းအဝေးများ/ မွမ်းမံသင်တန်းများ

အမျိုးသမီး သင်တန်းပို့ချသူများသည် အထောက်အကူရရှိကြောင်း၊ အားပေးတိုက်တွန်းမှုရှိကြောင်းခံစားနိုင်စေရန်အတွက် OXSI စခန်းရုံးများတွင် **လစဉ်အစည်းအဝေးများ** ကျင်းပရမည်ဖြစ်သည်။ ထိုအစည်းအဝေးများသည် သင်တန်းပို့ချခြင်းမှ ရရှိသည့် တုံ့ပြန်အသိပေးမှုများကို ဝေမျှရန်၊ မေးခွန်းများကို ဖြေကြားရန်နှင့် သင်တန်းပို့ချသူများအနေဖြင့်လည်း အခြားသူ များနှင့် ဆက်ဆံရေးများ၊ ချိတ်ဆက်မှုများရရှိလာနိုင်ရန် ဖြစ်ပါသည်။ လစဉ်အစည်းအဝေးများကို လိုအပ်ပါက မွမ်းမံ သင်တန်းများအဖြစ်လည်း ပြောင်းလဲလုပ်ဆောင်နိုင်ပါသည်။ ထိုလစဉ်အစည်းအဝေးအတွင်း OXSI ဝန်ထမ်းများ၏ အကူအညီဖြင့် တစ်လတာအတွင်း ထပ်မံပေးအပ်မည့် သင်တန်းအစီအစဉ်များကိုလည်း ရေးဆွဲနိုင်ပါသည်။

သင်တန်းတွင်း မေးမြန်းရန်မေးခွန်းများနှင့် ကစားနိုင်မည့် ကစားပွဲများဆိုင်ရာ အကြံဉာဏ်အချို့ကို နောက်ဆက်တွဲ (ဇ) တွင် ပေးထားပါသည်။

## ၂.၂ အမျိုးသမီးသုံး သန့်ရှင်းရေးပစ္စည်းများကို စွန့်ပစ်ရန်ပုံးများ/ မီးရှို့ပြာချသည့်စက်များ

MHM သက်တူရွယ်တူအုပ်စုများကို ဖွဲ့စည်းခြင်းနှင့်အတူ အမျိုးသမီးများနှင့် မိန်းကလေးများကိုပါဝင်စေပြီး အမျိုးသမီးသုံး သန့်ရှင်းရေးပစ္စည်းများကို သင့်လျော်ကောင်းမွန်စွာစွန့်ပစ်နိုင်မည့် နည်းလမ်းများအား ထုတ်ဖော်ရေးဆွဲရန်လိုပါသည်။ ယခင်က အမျိုးသမီးများသည် ထိုသန့်ရှင်းရေးပစ္စည်းများကို မြေမြှုပ်ပစ်ခြင်း သို့မဟုတ် မီးရှို့ခြင်းများကို ပိုမိုနှစ်သက်ကြပြီး ထိုပစ္စည်းများကို အခြားသောစွန့်ပစ်အမှိုက်များနှင့်အတူရောရ၍ စွန့်ပစ်ပါက အမှိုက်များမီးရှို့ပြာချသည့်စက်တွင် အလုပ်လုပ် ကြသည့် အမျိုးသားများမြင်တွေ့နိုင်ပြီး အနေခက်ခြင်း သို့မဟုတ် အရှက်ရခြင်းများ ဖြစ်နိုင်သောကြောင့် ဖြစ်ပါသည်။ စခန်းအတွင်းတွင် ရေတက်နိုင်သောကြောင့် ထိုပစ္စည်းများကို မြေမြှုပ်ပစ်ရန် မသင့်လျော်ဘဲ OXSI က သေးငယ်သည့် မီးရှို့ ပြာချသောစက်တစ်ခုကို ပုံစံထုတ်ရေးဆွဲခဲ့ပြီး STMG စခန်းတွင် ရွှေ့ပြောင်းတပ်ဆင်ခဲ့ပါသည်။ ထိုပုံစံအရ ထိုသေတ္တာပုံးများကို အိမ်သာများအနီးတွင် ထားရှိပြီး အမျိုးသမီးသန့်ရှင်းရေးသမားတစ်ဦးက ထိုသေတ္တာပုံးများကိုပုံမှန်စစ်ဆေးကာ ထိုပစ္စည်း များ ပြည့်လာချိန်တွင် ထိုပုံးအတွင်း၌ပင် တိုက်ရိုက်မီးရှို့ပစ်သည်။ ထိုနည်းလမ်းသည် စခန်းပေါင်းများစွာတွင် အဆင်ပြေ သော်လည်း စခန်းအားလုံးသို့ ပမာဏတိုးမြှင့်လုပ်ဆောင်ပေးရန် လိုအပ်ပါသေးသည်။ အချို့သော နေရာများတွင် အမျိုးသမီး များသည် ထို MHM သေတ္တာပုံးများကို သတိမပြုမိခြင်း သို့မဟုတ် အိမ်သာနှင့် လွန်စွာဝေးကွာသည့်နေရာတွင် ထားရှိခြင်း ကြောင့် အသုံးမပြုခြင်းများလည်းရှိပါသည်။

စခန်းအသစ်တစ်ခုတွင် MHM သေတ္တာပုံးများကို မိတ်ဆက်တပ်ဆင်ပေးမည်ဆိုပါက MHM အုပ်စုများသည် ၎င်းတို့အချင်းချင်း တိုင်ပင်ဆုံးဖြတ်ခြင်း သို့မဟုတ် သက်တူရွယ်တူအုပ်စုများနှင့် ပြောဆိုဆွေးနွေးပြီး ထားရှိမည့် လုပ်ငန်းစဉ်ကို MHM အုပ်စု များအား ဦးဆောင်ခိုင်းရန်အကြံပြုလိုပါသည်။ မေးခွန်းပုံစံတစ်ခု (နောက်ဆက်တွဲ ဈ) ကို အမျိုးသမီးများနှင့် မိန်းကလေးများ နှစ်သက်မည့်အနေအထားကို ဆုံးဖြတ်နိုင်ရန်အသုံးပြုနိုင်ပြီး စစ်တွေရှိစခန်းများမှ အမျိုးမျိုးသော ပုံစံဒီဇိုင်းများ (နောက်ဆက်တွဲ ည) ကို ကြည့်၍ အမျိုးသမီးများက ရွေးချယ်နိုင်ပါသည် (၎င်းတို့အနေဖြင့် အပြောင်းအလဲများပြုလုပ်ခြင်း သို့မဟုတ် ဒီဇိုင်းပုံစံအသစ်တစ်ခုကို ဖန်တီးရေးဆွဲခြင်းများလည်း ပြုလုပ်နိုင်ပါသည်)။

### နောက်ဆက်တွဲ ၁ - သင်တန်းပို့ချသူများအတွက် စာအုပ်ငယ်

### နောက်ဆက်တွဲ ၂ -မကြာခဏမေးမြန်းလေ့ရှိသည့် မေးခွန်းများ

### နောက်ဆက်တွဲ ၃ - ယုံမှတ်မှားထားသည့် ကိစ္စများနှင့် အမှန်တရားများ

### နောက်ဆက်တွဲ ၄ - သန့်ရှင်းရေးသုံးပစ္စည်းနမူနာများ

### နောက်ဆက်တွဲ ၅ - သက်တူရွယ်တူအုပ်စုများကို သင်တန်းပို့ချနေသူများအတွက် လမ်းညွှန်ချက်များ

### နောက်ဆက်တွဲ ၆ - သက်တူရွယ်တူအုပ်စုများကို သင်တန်းပို့ချရန်အတွက် IEC

### နောက်ဆက်တွဲ ၇ - သင်တန်းပို့ချသူများ၏ လစဉ်အစည်းအဝေးများ

### နောက်ဆက်တွဲ ၈- MHM ပုံးများကို ပုံစံထုတ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရေးတွင် ပါဝင်လုပ်ဆောင်ရန်အတွက် FGD လမ်းညွှန်ချက်များ

### နောက်ဆက်တွဲ ၉ - အမျိုးသမီးသုံး သန့်ရှင်းရေးပစ္စည်းများကို စွန့်ပစ်ရန်အတွက် မီးရှို့ပြာချသည့်ပုံးများ ၏ ပုံစံဒီဇိုင်းများ

## နောက်ဆက်တွဲဖော်ပြချက် (၂) - အမေးများသည့် မေးခွန်းများ။

| မေးခွန်း | အဖြေ |
|---|---|
| ကြီးကောင်ဝင်တယ်၊ ပျိုဖော်ဝင်တယ်ဆိုတာ ဘာကို ပြောတာလဲ။ | • အသက် ၁၀ နှစ် မှ ၁၄ နှစ်ဝန်းကျင် အရွယ် ရောက်သည့် အခါတွင် မိန်းကလေး နှင့် ယောကျာ်းလေးတို့၏ ကိုယ်ခန္ဓာတွင် စတင် ပြောင်းလဲ လာတတ်ပါသည်။<br>• အဆိုပါ ရုပ်ပိုင်း နှင့် စိတ်ပိုင်း ဆိုင်ရာ အပြောင်းအလဲများဖြစ်လာသည့် အချိန်ကို "ပျိုဖော်ဝင်သည်။" (သို့မဟုတ်) ကြီးကောင်ဝင်သည် ဟု ခေါ်လေ့ ရှိပြီး ထိုဖြစ်စဉ် သည် နှစ်ကာလ အလိုက်ကြာတတ်ပါသည်။<br>• ထိုသို့ ပျိုဖော်ဝင် သို့မဟုတ် ကြီးကောင်ဝင်သည့် မိန်းကလေး နှင့် ယောကျာ်းလေးများကို "ဆယ်ကျော်သက်၊ မြီးကောင်ပေါက်အရွယ်" များ ဟု ခေါ်လေ့ရှိကြပါသည်။ |
| ပျိုဖော်ဝင်ပြီဆိုလျှင် မိန်းကလေး ရဲ့ ခန္ဓာကိုယ် မှာ ဘာတွေ ပြောင်းလဲလာသလဲ။ | • ကိုယ်ခန္ဓာ အတွင်း ဟော်မုန်းများ အများအပြားထွက်လာသည့် အချိန်တွင် ပျိုဖော်ဝင်ခြင်း/ကြီးကောင်ဝင်ခြင်း စ၍ ဖြစ်လာတတ်ပါ သည်။ ထိုဟော်မုန်းများကြောင့် ကိုယ်ခန္ဓာ တွင် အပြောင်းအလဲများ စဖြစ်လာပါသည်။ ရုပ်ပိုင်းဆိုင်ရာ အပြောင်းအလဲများသာမက စိတ်ပိုင်း ဆိုင်ရာ အပြောင်းအလဲများလဲ ဖြစ်လာတတ်ပါသည်။အရွယ်ရောက် လာသည့် မိန်းကလေးတစ်ယောက်သည် ပျော်ရွှင်နေချိန်မှ ပင် ပြောင်း လဲပြီး စိတ်တိုခြင်း၊ စိတ်ဆိုးခြင်း သို့မဟုတ် စိတ်ရှုပ်ထွေးခြင်းတို့ကို ကြုံတွေ့ရနိုင်ပါသည်။<br>• မိန်းကလေးများ ၏ ကိုယ်ခန္ဓာ သည် သားဥ များကို စတင် ထုတ်နိုင်ချိန် နှင့် ယောကျာ်းလေးများသည် သုတ်ပိုးများကို စတင် ထုတ်လွှတ်နိုင် ချိန် တွင် ပျိုဖော်ဝင်ခြင်း/ကြီးကောင်ဝင်ခြင်း ဖြစ်လာပါသည်။ ထို အချိန် တွင် ကလေးငယ်များ အဖြစ်မှ အမျိုးသမီး၊ အမျိုးသား များ အဖြစ်သို့ တဖြည်းဖြည်း ပြောင်းလဲလာခြင်းဖြစ်ပါသည်။ မိသားစု စတင် ထူထောင်ရန်၊ ကလေးမွေးနိုင်ရန် ကိုယ်ခန္ဓာများ ပြောင်းလဲလာခြင်း ဖြစ်ပါသည်။ သို့သော် ထိုသို့ အရွယ်ရောက်စ အချိန်တွင် မိန်းကလေး ငယ်များသည် ကလေးစ မယူသင့်သေးပါ။ ထိုအချိန်တွင် အခြား အပြောင်းအလဲများ ဆက်၍ ဖွံ့ဖြိုး နေဆဲ ဖြစ်ပါသည်။ ကလေး ယူရန် အဆင်သင့် မဖြစ်သေးသည့် ကိုယ်ခန္ဓာဖွံ့ဖြိုးဆဲ အချိန်တွင် ကလေးရ ပါက အဆိုပါ မိန်းကလေးငယ် နှင့် ၎င်း၏ ကလေးငယ် တို့၏ ကျန်းမာရေးကို ထိခိုက်စေနိုင်ပါသည်။<br>• ထိုအချိန် တွင် မိန်းကလေးငယ်တစ်ယောက် သည် ရင်သားများ၊ တင်ပါး များ ပို၍ ဖွံ့ဖြိုးကြီးထွားလာပါလိမ့်မည်။ ချိုင်းကြားနေရာ နှင့် ပေါင်ကြား နေရာများတွင် အမွေးအမျှင်များပေါက်လာပါလိမ့်မည်။ ထိုနောက် ရာသီ စလာပါလိမ့်မည်။<br>• ရာသီစလာခြင်းသည် မိန်းကလေးတစ်ယောက် ၏ ကိုယ်ခန္ဓာ အပြောင်းအလဲ ဖြစ်လာခြင်း ဖြစ်ပြီး တချိန်ချိန်တွင် သူ ကိုယ်ဝန်ဆောင် ၍ကလေးလိုချင်ပါက ယူနိုင်ရန် ကိုယ်ခန္ဓာက သဘာဝ အရ ပြင်ဆင် ပေးထားခြင်းဖြစ်ပါသည်။ ရာသီလာသည့် အချိန်တွင် သားအိမ်နံရံမှ သွေးများသည် မိန်းမကိုယ်မှ တဆင့် အပြင်သို့ ထွက်လာခြင်း ဖြစ်ပါသည်။<br>• လစဉ် ရာသီမလာခင် သို့မဟုတ် ရာသီလာနေစဉ်မှာ ဟော်မုန်း အပြောင်း အလဲများကြောင့် မိန်းကလေး တါင် အစက်အပြောက်များ ဖြစ်ခြင်း၊ဝက်ခြံများထွက်ခြင်းကို ကြုံရနိုင်ပါသည်။ |
| မိန်းကလေးတစ်ယောက်က ဘယ်အရွယ်မှာ ရာသီ စလာ ပါသလဲ။ | • မိန်းကလေး နှင့် ယောကျာ်းလေး တွင် အပြောင်းအလဲ ဖြစ်သည့် အချိန် များ မတူညီကြပါ။ များသောအားဖြင့် ကိုယ်ခန္ဓာ အပြောင်းအလဲ များသည် မိန်းကလေးတွင် ပိုစော၍ ဖြစ်တတ်ပါသည်။ အချို့သူများ သည် အသက် ၁၀ နှစ်အရွယ် မတိုင်ခင်ကတည်းက ပင် အပြောင်းအလဲများကို စတင်ကြုံတွေ့ရပါသည်။ အချို့သည် အသက် ၁၇ နှစ်တွင် ပျိုဖော်ဝင်ကြသော် လည်း အချို့သူများသည် အသက် ၈ နှစ်ကတည်းက ပျိုဖော်ဝင်ကြ ပါသည်။<br>• အချို့ အပြောင်းအလဲများသည် တစ်နှစ် သို့မဟုတ် ထိုထက်နည်းသည့် အချိန်အတွင်းဖြစ်နိုင်ပါသည်။ သို့သော် အချို့အတွက် အပြောင်းအလဲများသည် ၆ နှစ်ခန့်ထိ ကြာမြင့်နိုင်ပါသည်။ |
| ယောကျာ်းလေးတွေ ကော ရာသီလာပါသလား။ | • ယောကျာ်းလေးများသည် ရာသီမလာနိုင်ပါ။ ယောကျာ်းလေး ၏ ကိုယ်ခန္ဓာ နှင့် မိန်းကလေး၏ ကိုယ်ခန္ဓာ ဖွဲ့စည်းပုံသည် မတူညီပါ။ ထိုနည်းတူ ယောကျာ်းလေးများသည် ကိုယ်ဝန်မဆောင်နိုင်ပါ။ |
| ရာသီစက်ဝန်းဆိုတာ ဘာလဲ။ | • မိန်းကလေးများ ၏ ရာသီစက်ဝန်းသည် ရာသီစလာသည့် ပထမရက်မှ စ၍ နောက် ၂၈ ရက် (၁ လ) ထိ ဖြစ်ပါသည်။သို့သော် လူတစ်ယောက် နှင့် တစ်ယောက် မတူညီကြပါ။ အချို့အတွက် ရာသီစက်ဝန်းကာလ သည် ၂၁ ရက် မှ ၃၅ ရက်ထိ ကြာတတ်ပါသည်။<br>• မိန်းကလေးတစ်ယောက်သည် ရာသီစလာပြီး နှစ်ပေါင်းများစွာ ကြာလာ သည့်အချိန်တွင် လစဉ် ပုံမှန် မလာတတ်တော့သည်မှာ ပုံမှန်ပဲဖြစ်ပါ သည်။<br>• ရာသီစက်ဝန်း ၏ အလယ်ပိုင်းကို ရောက်လာသည့် အခါတွင် အမျိုးသမီး တစ်ယောက် ၏ သားဥအိမ်မှ သားဥများကို ထုတ်လွှတ်ပါသည်။ အဆိုပါ ဖြစ်စဉ်ကို သားဥကြွေခြင်းဟုခေါ်ပါသည်။ ထိုအချိန်တွင် သားဥပြွန်မှ တဆင့် သားဥများသည် သားအိမ်တွင်းသို့ရောက်သွားပါသည်။ တချိန် |

| | |
|---|---|
| | တည်းမျာပင် အသားတစ်ရှုများ နှင့် သွေးဆဲလ်များသည် သားအိမ်နံရံ တွင် ဖြစ်တည်လာပါသည်။ ထိုသို့ဖြစ်နေသည် ကို ခံစားသိရှိနိုင်မည် မဟုတ်ပါ။ ထိုအချိန်တွင် လိင်ဆက်ဆံပါက အမျိုးသား ကိုယ်မှ ထွက် လာသည့် သုတ်ပိုးများ နှင့် သားဥ သည် တွေ့ပြီး မျိုးအောင် လာသည့် အခါတွင် အမျိုးသမီးတွင် ကိုယ်ဝန်ရနိုင်ပါသည်။ သို့သော် မျိုးအောင် ခြင်း မရှိသည့် ဥများ သည် သားအိမ်နံရံမှ တဖြည်းဖြည်း ကျပြီး နောက် မိန်းမကိုယ်မှ နေ၍ ထွက်သွားပါသည်။ |
| မိန်းကလေးတစ်ယောက် ရာသီလာရင် ဘယ်လောက် ကြာတတ်သလဲ။ | • မိန်းကလေး တစ်ယောက် နှင့် တစ်ယောက် မတူညီနိုင်ပါ။ အချို့ မိန်းကလေးများသည် ၃ ရက်ခန့်ကြာတတ်ပြီး အချို့သည် ၇ရက် ခန့် ထိ ကြာတတ်ပါသည်။<br>• ပထမ စစချင်း ဖြစ်သည့် လများတွင် ကိုယ်ခန္ဓာ အပြောင်းအလဲ ကို ချိန်ညှိနေရတတ်သည့် အတွက် သွေးဆင်းသည့် ကာလ သည် အပြောင်းအလဲဖြစ်နိုင်ပါသည်။ |
| မိန်းကလေးတစ်ယောက် ရာသီလာပြီ ဆိုရင် ကြည့်တာ နဲ့သိနိုင်သလား။ | • တစုံတယောက်ကို မပြောပြထားပါက မသိနိုင်ပါ။ မိန်းကလေး တစ်ယောက်သည် ပထမဦးဆုံး ရာသီ စလာပြီဆိုပါက ၎င်း၏ မိခင် (သို့မဟုတ် အမ သို့မဟုတ် သူ ယုံကြည်ရသည့် အမျိုးသမီး လူကြီးတစ်ယောက်ယောက် နှင့်) တိုင်ပင်ပြောပြသင့်ပါသည်။သို့မှသာ သူ မေးချင်နေသည့် မေးခွန်းများကို တစုံတယောက်က ဖြေပေးနိုင်ပါလိမ့်မည်။ |
| ရာသီလာပြီဆိုလျှင် မိန်းကလေးတစ်ယောက်မှာ သွေးဘယ်လောက် ဆုံးရှုံး သွားလဲ။ | • သွေးတွေ အများကြီး ဆင်း သည် နှင့် တူနေနိုင်သော်လည်း အများအား ဖြင့် လက်ဖက်ရည်ဇွန်း အနည်းငယ်ခန့် မှ၍ ခွက်တခွက် ၏ သုံးပုံပုံတပုံခန့် သော သွေးကို လစဉ် ဆုံးရှုံးရတတ်ပါသည်။ |
| ပုံမှန်ရာသီလာနေပြီး ရာသီမလာတော့ဘူးဆိုရင် ဘာကြောင့်ဖြစ်နိုင်သလဲ။ | • လိင်ဆက်ဆံထားသည့် အမျိုးသမီးတစ်ယောက်သည် လစဉ် ပုံမှန် ရာသီလာနေရာမှ မလာတော့ပါက သူ့တွင် ကိုယ်ဝန်ရှိနေတာ ဖြစ်နိုင် ပါသည်။ သို့သော် မိန်းကလေးများ စိတ်ဖိစီးမှုများသည့် အချိန်ဖြစ်စေ၊ အလွန်ပိန်ကျသွားခြင်း သို့မဟုတ် ခရီးအလွန် ထွက်ရခြင်းကြောင့် လည်း ရာသီ မလာခြင်းဖြစ်တတ်ပါသည်။ ထိုအပြင် မိန်းကလေးများ ပျိုဖော်ဝင် ချိန်တွင် ကိုယ်ခန္ဓာအပြောင်းအလဲဖြစ်နေသည့် အတွက် ပထမပိုင်း အချို့ လများတွင် ရာသီမလာခြင်း၊ ပုံမှန်မဟုတ်ခြင်းကို ကြုံတွေ့ရနိုင်ပါသည်။ |
| ရာသီလာရင် နာတတ်သလား။ | • အချို့ မိန်းကလေးများသည် ရာသီလာစဉ် နာကျင်ခြင်း ကို မခံစားရပါ။ သို့သော် အချို့သည် ဗိုက်အောက်ဖက် နားတဝိုက် နှင့် ကျောဘက်ခြမ်း တွင် အနည်းငယ် နာကျင်ခြင်းကို ခံစားရတတ်ပါသည်။ အချို့ သည် ပြင်းပြင်းထန်ထန် နာကျင် ခံစားရတတ်ပြီး အကိုက်အခဲ သက်သာစေ မည့် ဆေးများကို သောက်ရတတ်ပါသည်။ များသောအားဖြင့် နာကျင် ကိုက်ခံမှုများသည် ဆိုးဆိုးရွားရွား မဟုတ်တတ်သလို၊ အကြာကြီး မဖြစ်တတ်ပါ။ ထိုသို့ နာကျင်ကိုက်ခဲရခြင်းမှာ သားအိမ်ကြွက်သားများ ဆွဲကျုံ့ ခြင်း/ချုံ့ခြင်း ပြုနေ၍ ဖြစ်ပါသည်။ ထိုသို့ ဆွဲကျုံ့ခြင်းကြောင့် သားအိမ်၏ အပြင်အသားများသည် လစဉ် တွန်းထုတ် ခံရပါသည်။ |
| ရာသီမလာခင် ခံစားရတတ် သည့် လက္ခဏာများ **(PMS)** ဆိုတာ ဘာလဲ။ | • PMS ဆိုသည်မှာ ရာသီမလာခင် ခံစားရတတ်သည့် လက္ခဏာများကို အတိုကောက်ခေါ်ခြင်းဖြစ်ပါသည်။ မိန်းကလေးတိုင်း ထိုသို့ မဖြစ်တတ် ပါ။ သို့သော် ရာသီသွေးမဆင်းခင် ရက်အနည်းငယ်အလိုတွင် အများစု က ထိုလက္ခဏာများကို ခံစားရတတ်ပါသည်။ မိန်းကလေး တစ်ယောက် ၏ ကိုယ်ခန္ဓာထဲတွင် ဟော်မုန်းဓာတ်များအပြောင်းအလဲ ဖြစ်သည့် အတွက် သူ့ စိတ်ခံစားချက်များအပေါ်သက်ရောက်ခြင်း သို့မဟုတ် စိတ်ခံစားမှုသည် ထိလွယ်ရှလွယ် ဖြစ်နေတတ်ပါသည်။ အချို့ သူများ သည် အလိုလို ဝမ်းနည်းနေတတ်ပါသည်။ အချို့သည် အကြောင်းအရင်း မရှိပါပဲ စိတ်တို၊ စိတ်ဆိုးနေတတ်ပါသည်။ အချို့ မိန်းကလေးငယ်များ သည် ရင်သားများ နာကျင်၊ ယောင်ယမ်းခြင်းကို ခံစားရနိုင်ပါသည်။ ဤသို့ခံစားရခြင်းသည် သဘာဝအတိုင်းဖြစ်ပြီး စိုးရိမ်စရာမဟုတ်ပါ။ |
| ရာသီလာနေစဉ် ကိုယ်ဝန် ရနိုင်သလား။ | • ရာသီလာနေစဉ် ကိုယ်ဝန်ရနိုင်ပါသည်။ ရာသီလာနေစဉ် လိင်ဆက်ဆံပါ က အကာအကွယ်သုံးပါ။ |
| ခုမှ ပထမဆုံး ရာသီလာပြီ ဆိုရင် ဘာလုပ်သင့်ပါသလဲ။ | • သင့်ဝန်းကျင်ရှိ အခြား မိန်းကလေးများ၊ အမျိုးသမီးများ ဥပမာ သင့် မိခင်၊ ညီအမ၊ အဒေါ်၊ အဘွား၊ အမျိုးသမီး သူငယ်ချင်း သို့မဟုတ် အသက်ကြီးသည့် အမျိုးသမီး တစ်ယောက်ယောက် နှင့် စကားပြောပါ။<br>• မကြောက်ပါနှင့်။ သွေးကို စတင်တွေ့ရသည့် အခါတွင် လန့်တတ်ပါ သည်။ သို့သော် ဒါက သဘာဝ အတိုင်းဖြစ်ပြီး ပုံမှန်သာ ဖြစ်ကြောင်းသတိရပါ။<br>• ကျောင်းတက်နေသည့် အချိန်တွင်ဖြစ်ပါက ဆရာမ တစ်ယောက် သို့မဟုတ် မိန်းကလေးသူငယ်ချင်းတစ်ယောက် ကို ပြောပြပါ။<br>• ဒါဟာ ဂုဏ်ယူစရာပါ။ သင့် ကိုယ်ခန္ဓာသည် အမျိုးသမီးငယ်တစ်ယောက် အဖြစ်သို့ စတင်ပြောင်းလဲပြီဖြစ်ပါသည်။ |
| ရာသီလာပြီဆိုလျှင် လစဉ်သုံး ပစ္စည်းတွေကို ဘယ်ချိန်မှာ၊ ဘယ်နှစ်ခေါက် လဲသင့်သလဲ။ | • သင့်အသုံးပြုသည့် ပစ္စည်း၊ သင့် ရာသီသွေးဆင်းသည့် ပမာဏ ပေါ် မူတည်၍ နေ့စဉ် ပြောင်းပေးရသည့် နှုန်း မတူညီနိုင်ပါသည်။<br>• တခါသုံး ပစ္စည်း၊ ဂွမ်းစ၊အဝတ်စ နှင့် တစ်ရှူးစ ကို နေ့စဉ် ၂ နာရီ မှ ၆ နာရီ လျှင် တစ်ကြိမ် လဲပေးပါ။ |

| | |
|---|---|
| | သို့မဟုတ် ဆင်းသည့် ရာသီသွေးများပါက ထိုထက်ပို၍ လဲပေးပါ။ |
| ရာသီသွေးကို ဘယ်လို ထိန်းမလဲ။ | • သင့် အတွင်းခံဘောင်းဘီပေါ်တွင် တစ်ရှူးစ၊ အဝတ်စ၊ ဂွမ်းစ၊ သို့မဟုတ် တခါသုံး ပစ္စည်း ကိုခံ၍ ထိန်းနိုင်ပါသည်။<br>• မိန်းမကိုယ်ထဲသို့ ပစ္စည်းမထည့်သွင်းပါနှင့်။ |
| လစဉ်သုံးပစ္စည်းတွေကို ဘယ်လို စွန့်ပစ်ရမလဲ။ | • ပြန်သုံးနိုင်သည့် အဝတ်စ ကို သုံးပါက အဆိုပါ အဝတ်စကို ပြန်၍ လျှော် မည့် အချိန်အထိ ပလတ်စတစ် အိမ်ထဲ ထည့်ထားပါ။ အဝတ်စကို လျှော် သည့်အခါတွင် ဆပ်ပြာ နှင့် ရေနွေးကို သုံး၍ လျှော်ပေးပါ။ပြီးလျှင် သေချာ ခြောက်သွေ့အောင် နေလှန်းပါ သို့မဟုတ် မီးပူ တိုက်ပေးပါ။<br>• တခါသုံး လစဉ်သုံးပစ္စည်း၊ တစ်ရှူးစ သို့မဟုတ် ဂွမ်းစကို အသုံးပြုလျှင် ဖြစ်စေ၊ သုံးတာများလာ၍ အဝတ်စကို စွန့်ပစ်လိုလျှင် စက္ကူဖြင့် သေချာ သန့်သန့်ရှင်းရှင်းဖြစ်အောင် ထုတ်ပိုးပြီး ၎င်းတို့ ကို စွန့်ပစ်ရန် လုပ်ထားပေး သည့် အမှိုက်ပုံးထဲသို့ စွန့်ပစ်ပေးပါ။ သို့မှသာ ယူပြီး မီးရှို့ ဖျက်ဆီးနိုင်မည်ဖြစ်ပါသည်။<br>• အဝတ်စများ သို့မဟုတ် တခါသုံး လစဉ်သုံးပစ္စည်းများကို အိမ်သာ ကျင်းထဲသို့ မပစ်ချပါနှင့်။ ထိုသို့ ပစ်ချထားပါက အိမ်သာကျင်း ရှင်းသည့် အခါတွင် ပြဿနာဖြစ်နိုင်ပါသည်။ |
| ရာသီလာစဉ် မိမိကိုယ်ကို ဘယ်လို သန့်ရှင်းအောင် နေထိုင်ရမလဲ။ | • နေ့စဉ် နေ့တိုင်း (ဖြစ်နိုင်လျှင် မနက် နှင့် ညနေခင်းတွင်) သင့် မိန်းမကိုယ် နေရာ တဝိုက်ကို ဆပ်ပြာ နှင့် ရေ သုံး၍ ပုံမှန် ဆေးကြောသန့်စင်ပေးပါ။<br>• မသုံးရသေးသည့် လစဉ်သုံးပစ္စည်းများ၊ အဝတ်စများကို နောက်လ များတွင် သုံးရန် အတွက် (တစ်ရှူးစဖြင့် ပတ်၍ ဖြစ်စေ၊ ပလတ်စတစ် ဖြင့် ထုတ်ပိုး၍ဖြစ်စေ) သေသေချာချာ သန့်သန့်ရှင်းရှင်း သိမ်းထားပါ။<br>• သင့် မိန်းမကိုယ်နေရာကို သန့်ရှင်းအောင် အဝတ်စဖြင့် သုတ်ပေးပါ။ ထိုနောက် အဝတ်စ၊ လစဉ်သုံးပစ္စည်း၊ဂွမ်းစ သို့မဟုတ် တစ်ရှူးစ အသစ် ကို သင့် အတွင်းခံ ဘောင်းဘီပေါ်တင်ပါ။<br>• မစင်စွန့် ပြီးသည့် အခါ တစ်ရှူးစက္ကူကို အသုံးပြု၍ သန့်ရှင်းရေး လုပ်လေ့ရှိ ပါက အရှေ့မှ စ၍ သန့်စင်ပြီးမှ အနောက်ကို သန့်စင်ပါ။ |

## နောက်ဆက်တွဲ ၃ - ယုံမှတ်ထားခြင်းများနှင့် အမှန်တရားများ

| ယုံမှတ်ထားခြင်းများ | အမှား သို့မဟုတ် အမှန် | အမှန်တရား |
|---|---|---|
| ရာသီသွေးဆင်းခြင်းသည် ပြောဆိုခြင်းမပြုသင့်သည့်ကိစ္စဖြစ်သည် | မှား | ရာသီသွေးဆင်းခြင်းသည် အမျိုးသမီးများနှင့်မိန်းကလေးများ၏ မျိုးဆက်ပွားစက်ဝန်းမှ သဘာဝအစိတ်အပိုင်းတစ်ခုဖြစ်ပြီး ပုံမှန်ကိစ္စရပ် တစ်ခုသာဖြစ်ပါသည်။ ရာသီသွေးဆင်းသည်ကိစ္စနှင့်ပတ်သက်၍ ပြောဆို ခြင်းများကို ရှက်ရွံ့နေရန် အကြောင်းမရှိပါ။ |
| ရာသီသွေးပေါ်နေသည့် မိန်းကလေး များနှင့် အမျိုးသမီးများတွင် သွေးများ သည် ညစ်ညမ်းခြင်း သို့မဟုတ် ပုပ်နေ ခြင်းများကြောင့် မသန့်ရှင်းကြပါ | မှား | ရာသီသွေးသည် ကျန်းမာပြီးသန့်ရှင်းပါသည်။ ရာသီသွေးဆင်းနေသည့် အမျိုးသမီး/မိန်းကလေးများသည် သင့်လျော်သည့် ကျန်းမာရေး အလေ့အကျင့်များကိုကျင့်သုံးခြင်းဖြင့် သန့်ရှင်းစွာနေနိုင်ပြီး ရာသီသွေး ဆင်းနေသည့်ကာလအတွင်း ကူးစက်မှုများကို ရှောင်ရှားနိုင်ပါသည်။ |
| အသုံးပြုပြီးသာ အမျိုးသမီးသုံး သန့်ရှင်းရေးပစ္စည်းများကို သင့်လျော် ကောင်းမွန်စွာစွန့်ပစ်ခြင်းမပြုပါက မိန်းကလေးတစ်ဦးသည် တစ်ဘဝလုံး အဆက်မပြန်ရာသီသွေးဆင်းနေမည် ဖြစ်သည် | မှား | မိန်းကလေးတစ်ဦးသည် တစ်ဘဝလုံး ရာသီသွေး အဆက်မပြတ် ဆင်းနေရန်မဖြစ်နိုင်ပါ။ သို့သော် မိန်းကလေးများသည် အသုံးပြုပြီးသာ အမျိုးသမီးသုံးသန့်ရှင်းရေးပစ္စည်းများကို သင့်လျော်ကောင်းမွန်စွာ၊ သန့်ရှင်းရေးနှင့်ညီညွတ်စွာ စွန့်ပစ်သင့်ပါသည်။ |
| အသုံးပြုပြီးသား အမျိုးသမီးသုံး သန့်ရှင်းရေးပစ္စည်းများကို မီးရှို့ခြင်း သို့မဟုတ် မြေမြှုပ်ခြင်းသည် မျိုးမပွား နိုင်ခြင်း/ မြုံခြင်းများ ဖြစ်သွားစေနိုင် သည် | မှား | အသုံးပြုပြီးသား အမျိုးသမီးသုံး သန့်ရှင်းရေးပစ္စည်းများကို မီးရှို့ခြင်း သို့မဟုတ် မြေမြှုပ်ခြင်းသည် ဘေးအန္တရာယ်ကင်းရှင်းပြီး သန့်ရှင်းမှုရှိပါ သည်။ မြေမြှုပ်သည့်အခါ ထိုပစ္စည်းများကို တိရစ္ဆာန်များ တူးဆွခြင်းမှ ရှောင်ရှားနိုင်စေရန် လုံလောက်သည့်အနက်အထိ တူးရန် လိုအပ်ပြီး ရေ အရင်းအမြစ်များနှင့်လည်း လုံလောက်သည့် အကွာအဝေးရှိရန်လိုပါသည်။ |
| ရာသီသွေးဆင်းနေသည့် မိန်းကလေး များသည် အချို့သော အစားအသောက် များကို မစားသင့်ပါ | မှား | ရာသီသွေးဆင်းနေသည့် မိန်းကလေးများသည် ပုံမှန်အတိုင်း စားသောက်မှု ပြုနိုင်ပါသည်။ ၎င်းတို့အနေဖြင့် တို့ဖူး၊ ပဲနီကလေး၊ အစိမ်းရောင်ရှိသည့် ဟင်းသီးဟင်းရွက်များနှင့် သီဟိုဠ်စေ့များကဲ့သို့သော သံဓာတ်ကြွယ်ဝသည့် အစားအစာများကို စားသုံးသင့်ပြီး သွေးဆင်းခြင်းကြောင့် ဆုံးရှုံးသွားသည့် သံဓာတ်များကို ပြန်လည်ဖြည့်တင်းရန်ဖြစ်သည်။ |
| ရာသီသွေးဆင်းနေချိန်တွင် ရေချိုးခြင်း၊ မိုးမိခံခြင်း သို့မဟုတ် ခေါင်းလျှော်ခြင်း များ မပြုလုပ်သင့်ပါ | မှား | ရာသီသွေးဆင်းနေသည့်အချိန်တွင် ရေချိုးရန်လိုအပ်ပါသည်။ ရေချိုးခြင်း ဖြင့် မိန်းကလေးများ ကူးစက်ရောဂါများကို ကာကွယ်နိုင်ပါသည်။ ရာသီသွေးဆင်းနေချိန်တွင် ခေါင်းလျှော်ခြင်းမပြုသင့်သည့် အကြောင်း မရှိပါ။ |
| အမျိုးသမီး သို့မဟုတ် မိန်းကလေး တစ်ဦးသည် ရာသီသွေးဆင်းနေချိန် အတွင်း သီးခြားခွဲ၍ အိပ်သင့်ပါသည် | မှား | ရာသီသွေးဆင်းနေချိန်အတွင်း အမျိုးသမီး သို့မဟုတ် မိန်းကလေး တစ်ဦး သည် သီးခြားခွဲ၍ အိပ်စက်သင့်သည်ဟူသည့် အကြောင်းရင်းမရှိပါ |
| အမျိုးသမီး သို့မဟုတ် မိန်းကလေး တစ်ဦးသည် ရာသီသွေးဆင်းနေချိန် အတွင်း ချက်ပြုတ်မှုများမပြုလုပ်သင့်ပါ | မှား | အမျိုးသမီး သို့မဟုတ် မိန်းကလေးတစ်ဦးသည် ရာသီသွေးဆင်းနေချိန် အတွင်း ချက်ပြုတ်မှုများ ထို့အတူ အခြားသောပုံမှန်အလုပ်များကို ဆက်လက်လုပ်ကိုင်နိုင်ပါသည်။ သူမသည် ကောင်းမွန်သည့် တစ်ကိုယ်ရည် သန့်ရှင်းမှုများ ပုံမှန်အတိုင်း လုပ်ဆောင်သင့်ပါသည်။ |
| ရာသီသွေးစ၍ပေါ်ခြင်းသည် သင့်အနေ ဖြင့် အိမ်ထောင်ပြုရန် အသင့်ဖြစ် ကြောင်း ဖော်ပြခြင်းဖြစ်သည် | မှား | ရာသီသွေးဆင်းခြင်းသည် မိန်းကလေးတစ်ဦး၏ အရေးကြီးသော အဆင့် တစ်ဆင့်ဖြစ်သော်လည်း အိမ်ထောင်ပြုရန်အသင့်ဖြစ်ကြောင်း ဖော်ပြခြင်း မဟုတ်ပါ။ |
| ရာသီသွေးဆင်းနေချိန်အတွင်း အမျိုးသမီး သို့မဟုတ် မိန်းကလေး တစ်ဦးသည် သူမ၏ ပုံရိပ် ရောင်ပြန်ဟပ်ခြင်းကို မကြည့်သင့်ပါ | မှား | ရာသီသွေးဆင်းနေချိန်အတွင်း အမျိုးသမီး သို့မဟုတ် မိန်းကလေး တစ်ဦး သည် သူမ၏ ပုံရိပ်ရောင်ပြန်ဟပ်ခြင်းကို မကြည့်သင့်ပါ ဟူသည့် အကြောင်းရင်း မရှိပါ။ |
| မိန်းကလေးတစ်ဦးသည် ယောကျ်ားလေးတစ်ဦး၏ ဘေးတွင် ထိုင်ခြင်း သို့မဟုတ် ယောကျ်ားလေး တစ်ဦးက သူမ၏ လုံချည်ကို ထိမိခြင်း ကြောင့် ကိုယ်ဝန်ရနိုင်ပါသည် | မှား | ကိုယ်ဝန်ရှိခြင်းသည် အမျိုးသားတစ်ဦး၏သုတ်ရည်များ အမျိုးသမီးတစ်ဦး ၏ မျိုးဥအတွင်းရောက်ရှိပြီး သန္ဓေအောင်မှသာ ဖြစ်ပေါ်နိုင်ပြီး လိင်ဆက်ဆံ ခြင်းဖြင့်သာဖြစ်ပေါ်နိုင်ပါသည်။ မိန်းကလေးတစ်ဦးသည် ယောကျ်ားလေး တစ်ဦး၏ ဘေးတွင် ထိုင်ခြင်း သို့မဟုတ် ယောကျ်ားလေး တစ်ဦးက သူမ၏ လုံချည်ကို ထိမိခြင်းသက်သက်ဖြင့် ကိုယ်ဝန်မရနိုင်ပါ။ |
| ရာသီသွေးဆင်းနေသည့် မိန်းကလေး တစ်ဦးက အပင်တစ်ပင်ကို ထိကိုင်မိ လျှင် ထိုအပင်သေတတ်ပါသည် | မှား | ရာသီသွေးဆင်းနေသည့် မိန်းကလေးတစ်ဦးက အပင်တစ်ပင်ကို ထိကိုင်မိ ယုံဖြင့် ထိုအပင်သေသွားနိုင်ရန် အကြောင်းမရှိပါ။ |

| | | |
|---|---|---|
| ရာသီသွေးဆင်းခြင်းသည် နာမကျန်းမှု တစ်ခုဖြစ်ပါသည် | မှား | ရာသီသွေးဆင်းခြင်းသည် လုံးဝဥသုံ သဘာဝတရား တစ်ခုဖြစ်ပြီး နာမကျန်းမှုတစ်ခုမဟုတ်ပါ။ |
| အမျိုးသမီးများနှင့် မိန်းကလေးများ ရာသီသွေးဆင်းနေချိန်အတွင်း မကောင်းဆိုးဝါးတစ်စုံတစ်ခုကြောင့် ရောဂါလက္ခဏာများ ဖြစ်ပေါ်စေ ပါသည် | မှား | ရောဂါလက္ခဏာများသည် ဟိုမုန်းအပြောင်းအလဲနှင့် ခန္ဓာကိုယ်အတွင်း အခြားသော အပြောင်းအလဲများကြောင့်ဖြစ်ပေါ်ခြင်းသာဖြစ်ပြီး ရာသီမလာ ခင်နှင့် လာနေစဉ်အတွင်း ဖြစ်တတ်ပါသည်။ |
| အမျိုးသမီးများနှင့် မိန်းကလေးများတွင် တူညီသည့် ရောဂါလက္ခဏာများ ရှိတတ်ပါသည် | မှား | အမျိုးသမီးများနှင့် မိန်းကလေးများစွာသည် ရာသီသွေးဆင်းနေချိန်အတွင်း မတူညီသည့် ရောဂါလက္ခဏာများစွာ တွေ့ကြုံရနိုင်ပါသည်။ |
| ယောက်ျားလေး သို့မဟုတ် အမျိုးသား တစ်ဦးသည် အသုံးပြုပြီးသား အမျိုးသမီးသုံး သန့်ရှင်းရေးပစ္စည်းများ ပေါ်ရှိသွေးများကို မြင်တွေ့ရပါက ၎င်းတို့ထံ ဆိုးဝါးသည့် ကိစ္စရပ်များ ကျရောက်တတ်ပါသည် | မှား | ယောက်ျားလေး သို့မဟုတ် အမျိုးသားတစ်ဦးသည် အသုံးပြုပြီးသား အမျိုးသမီးသုံး သန့်ရှင်းရေးပစ္စည်းတစ်ခုကို တွေ့မြင်ခြင်းဖြင့် ၎င်းတို့ထံသို့ မည်သည့် ဆိုးဝါးသည့်ကိစ္စရပ်မှ ကျရောက်ရန်မရှိသလို ထိုပစ္စည်းပိုင်ရှင် မိန်းကလေး/အမျိုးသမီးသည်လည်း မည်သည့်ဆိုးဝါးသည့်ကိစ္စမှ ဖြစ်ပေါ် ရန် မရှိပါ။ |

## နောက်ဆက်တွဲဖော်ပြချက် (၄) - အမျိုးသမီး လစဥ်သုံးပစ္စည်း ဥပမာ များ။

<table>
<tr><td colspan="2">အဝတ်၊ တစ်ရှူး၊ သဘက် အစများ</td></tr>
<tr><td></td><td>အဝတ်စများ (သို့မဟုတ်) ဒေသတွင်း ရနိုင်သည့် ပစ္စည်းများကို အမျိုးသမီး လစဥ်သုံး ပစ္စည်း အနေဖြင့် သုံးနိုင်ပါသည်။ အဆိုပါ သဘက် ကဲ့သို့ အဝတ်စများ ကို ပြန်သုံးနိုင်ပါသည်။ သို့သော်ကျန်းမာရေး နှင့် ညီညွတ်စေရန် (နေရောင် အောင်တွင် လှမ်းထားပြီး) ခြောက်သွေ့ သန့်ရှင်းအောင် သိမ်းဖို့လိုပါသည်။ တစ်ရှူး စများကို လည်း တခါတရံ အသုံးပြုတတ်ပါ သည်။ သို့သော် တနေရာတည်းတွင် ငြိမ်အောင် ထားဖို့ ခက်ခဲ နိုင်သလို စိုစွတ်လာ သည့် အခါတွင် လည်း ကောင်းစွာ မထိန်းထား နိုင်ပါ။</td></tr>
<tr><td colspan="2">တခါသုံး လစဥ်သုံးပစ္စည်း</td></tr>
<tr><td></td><td>တခါသုံး လစဥ်သုံးပစ္စည်းများကို စီးပွားဖြစ် ပုံစံ အမျိုးမျိုးဖြင့် ထုတ်လုပ်ရောင်းချနေပါ သည်။ ဓမ္မတာလာ တာ နည်းသူများ အတွက် သို့မဟုတ် များလေ့ ရှိသူများ အတွက် သာမက နေ့သုံး၊ ညသုံးဟူ၍ အမျိုးမျိုး ရှိပါသည်။ တခါသုံး ပစ္စည်းများကို ထုတ်လုပ်သည့် အခါတွင် ကျောဘက်တွင် ကပ်ခွာနိုင်သည့် ကော် စတစ်ကာ ကို ထည့်ထားပေးပါသည်။သို့မှ သာ အတွင်းခံ တွင် ကပ်ထားနိုင်ပြီး နေရာလွဲသွား ခြင်း၊ ရှေ့နောက် ရွေ့သွား ခြင်း မဖြစ်စေနိုင်တော့ပါ။ ပုံစံအမျိုးမျိုး ရှိတတ်ပြီး အချို့ ပစ္စည်းများ တွင် “တောင်ပံ” ပါပါသည်။ (ထို တောင်ပံ စတစ်ကာကို အတွင်းခံတွင် တွဲကပ် ထားနိုင်ရန် ဖြစ်ပါသည်။) အချို့ ပစ္စည်း များသည်လည်း တောင်ပံ မပါပါ။ အဆိုပါ ပစ္စည်းများကို တကြိမ်သာ အသုံးပြုရမည် ဖြစ်ပြီး သုံးပြီးပါက စွန့်ပစ်ရပါမည်။</td></tr>
<tr><td colspan="2">ပြန်သုံးနိုင်သည့် လစဥ်သုံးပစ္စည်း</td></tr>
<tr><td></td><td>ပြန်သုံးနိုင်သည့် လစဥ်သုံးပစ္စည်းများသည် ပုံစံ အမျိုးမျိုး၊ အရောင်အမျိုးမျိုး ရှိနိုင်ပါသည်။ အများအားဖြင့် အတွင်းခံဘောင်းဘီ နှင့် တွဲ ချိတ်နိုင်ရန် ကျယ်သီးတပ်ထားလေ့ ရှိပါသည်။ အချို့ ပစ္စည်းများ တွင် ရေဆိုခံနိုင်သည့် အခံ ဖြင့် လုပ်ထားတတ်သလို အချို့ ပစ္စည်းများ တွင် ဓမ္မတာလာသည့် ပမာဏ ပေါ်မူတွင်၍ အခံ နေရာတွင် အပိုထပ်ထည့်နိုင်သည့် အဝတ်စ အပိုများပါတတ်ပါသည်။ ကျန်းမာ ရေး နှင့် ညီညွတ်စေရန် အဝတ်စ များကို ခြောက်သွေ့သန့်ရှင်းအောင် ထားပေးဖို့ လိုပါသည်။</td></tr>
</table>

## နောက်ဆက်တွဲ ၅ - သက်တူရွယ်တူအုပ်စုများကို သင်ကြားရန် သင်တန်းပို့ချသူများ အတွက် လမ်းညွှန်ချက်များ

ဂုဏ်ယူပါတယ်! သင်သည် သင်တန်းကိုပြီးမြောက်အောင်တက်ရောက်ခဲ့ပြီး ယခုအချိန်တွင် သင်၏ MHM သက်တူရွယ်တူ အုပ်စုများကို ကိုယ်တိုင်ခေါင်းဆောင်နိုင်ပြီဖြစ်ပါတယ်။ သင်စတင်လုပ်ဆောင်နိုင်ရန်အတွက် လမ်းညွှန်ချက်အချို့ကို ဖော်ပြ လိုက်ပါတယ်။

**အဆင့် ၁ - သင်လိုအပ်မည့် ပစ္စည်းများကို စုဆောင်းပါ**

- စိတ်ကြိုက်ရွေးခွင့်ရှိ - သင်သင်တန်းတက်ရောက်ခဲ့စဥ်က ရရှိခဲ့သော ရည်ညွှန်းကိုးကားရမည့် လက်စွဲစာအုပ် (နောက်ဆက်တွဲ ၁)
- စိတ်ကြိုက်ရွေးခွင့်ရှိ - FAQ စာရင်း (နောက်ဆက်တွဲ ၂) နှင့် ယုံမှတ်ထားခြင်းများ/အမှန်တရားများ စာရင်း (နောက်ဆက်တွဲ ၃)
- စိတ်ကြိုက်ရွေးခွင့်ရှိ - ဤလမ်းညွှန်ချက်များ
- သန့်ရှင်းရေးအတွက် ကြိုတင်ကာကွယ်ရေးပစ္စည်းများ နမူနာများ (နောက်ဆက်တွဲ ၄)
- ပါဝင်တက်ရောက်သူအားလုံးကို ဖြန့်ဝေရန်အတွက် IEC စာအုပ်ငယ် (နောက်ဆက်တွဲ ၆)
- တက်ရောက်သူများစာရင်း စာရွက်လွတ်
- တာလီချိုးမည့် တုတ်တံများ

**အဆင့် ၂ - အစည်းအဝေးပြုလုပ်ရန် နေရာတစ်နေရာရှာပါ။** ထိုနေရာသည် သင်၏အိမ်၊ မိတ်ဆွေသူငယ်ချင်း၏အိမ်၊ အိမ်ပြင်ပ သို့မဟုတ် အများပြည်သူ ရှိသည့် နေရာများလည်းဖြစ်နိုင်ပါသည်။ သင့်အစည်းအဝေးကို OXSI ရုံးခန်းအားအသုံးပြု လုပ်ဆောင်လိုပါကလည်း OXSI ဝန်ထမ်းများကို မေးမြန်းပါ။

**အဆင့် ၃ - သင်၏သင်တန်းကိုတက်ရောက်ရန်အတွက် အမျိုးသမီး သို့မဟုတ် မိန်းကလေး (၅) ယောက်မှ (၁၀) ယောက်ခန့် ကို လူစုပါ။**

**အဆင့် ၄- အချိန်နှင့် သင်၏ သင်တန်းနေရာကို OXSI ဝန်ထမ်းအားအသိပေးပါ။**

**အဆင့် ၅ - သင်တန်းကို စတင်ပါ။** အောက်တွင်သင်၏သင်တန်းကို စီစဉ်နိုင်မည့် အကြံဉာဏ်အချို့အားပေးထားပါသည်။

မိတ်ဆက်

- သင့်ကိုယ်သင်မိတ်ဆက်ပြီးနောက် အခြားသူများအချင်းချင်းလည်း မိတ်ဆက်စေပါ။ တက်ရောက်လာသည့်လူများ ကို ၎င်းတို့နှစ်သက်သည့် အစားအစာ သို့မဟုတ် လတ်တလောမည်သို့ခံစားနေရသည် စသဖြင့် အကြောင်းအရာ တစ်ခုခုအား ပြောခိုင်းပါ။
- သင်တန်း၏ ရည်ရွယ်ချက်ကို ရှင်းပြပါ - ရာသီသွေးဆင်းခြင်းနှင့် ပတ်သက်သည့် သန့်ရှင်းရေး အကြောင်းကို ပြောဆိုခြင်း၊ မည်သည့်မေးခွန်းကိုမဆို အဖြေပေးခြင်းနှင့် မည်သည်တို့မှာ အမှန်တရားဖြစ်သည်၊ မည်သည်တို့က လူအများ ယုံမှတ်မှားနေသည့် အချက်များဖြစ်သည်ကိုရှင်းပြပါ။
- အခြားသောကိစ္စရပ်များကိုလည်း မေးမြန်းဆွေးနွေးနိုင်ကြောင်း အသိပေးပါ။
- သင့်အနေဖြင့် တက်ရောက်လာသည့်သူများက ခွင့်ပြုမှသာ တင်ပြဆွေးနွေးခဲ့သည့် အကြောင်းအရာများကို အခြားသူများနှင့် ဝေမျှမည့် အကြောင်းနှင့် တက်ရောက်လာသည့်သူများ၏ အရေအတွက်နှင့် ကျား/မ အရေအတွက် စသည့် သတင်းအချက်အလက်များကိုသာ OXSI ဝန်ထမ်းများအား အသိပေးမည်ဖြစ်ကြောင်းရှင်းပြပါ။
- တက်ရောက်လာသူများအနေနှင့် တက်ရောက်သူများစာရင်းတွင်ဖြည့်ပေးနိုင်ခြင်းရှိမရှိမေးမြန်းပါ။ မဖြည့်လိုပါက တက်ရောက်လာသူများ အရေအတွက်ကို သိရှိနိုင်ရန်အတွက် တာလီတုတ်ချောင်းများသုံး၍ ရေတွက်ပါ။

သတင်းအချက်အလက်များပေးခြင်း


- သင် သင်တန်းတက်ရောက်ခဲ့စဉ် ရရှိခဲ့သည့် လက်ကမ်းစာစောင်များအတိုင်း လုပ်ဆောင်ပါ၊ ရာသီသွေးဆင်းခြင်း၊ အမျိုးသမီးများ၏ မျိုးဆက်ပွားစနစ်၊ ရာသီစက်ဝန်းများအကြောင်းကို ရှင်းပြခြင်းဖြင့် စတင်ပါ။ “ရာသီသွေးဆင်းချိန် တွင်သန့်ရှင်းရေးကို စီမံလုပ်ဆောင်ခြင်း” (MHM) မှာ မည်သည်ဖြစ်သည်ကိုရှင်းပြပြီး ရာသီသွေးဆင်းချိန်တွင် ကျန်းမာအောင် မည်သို့နေရန်နှင့် ဖြစ်လာနိုင်သည့် မတူကွဲပြားသော ကျန်းမာရေးဆိုင်ရာ ထိခိုက်နိုင်ခြေရှိသည်များ ကို ရှင်းပြပါ။ နောက်ဆုံးအနေဖြင့် မတူညီသည့် အမျိုးသမီးသုံး သန့်ရှင်းရေး အကာအကွယ်ပစ္စည်းများကို ပြန်လည် သုံးသပ်ပြီး ၎င်းတို့ကို မည်သို့ သင့်လျော်မှန်ကန်စွာ စွန့်ပစ်ရမည်ကို ဆွေးနွေးပါ။
- သင်၏နေရာတွင် အမျိုးသမီးသုံးသန့်ရှင်းရေးပစ္စည်းများ စွန့်ပစ်ရန်ပုံး/ မီးရှို့ပြာချသည့်စက်များ ရှိနေခဲ့ပါက ၎င်းတို့ကို အသုံးပြုရန်တိုက်တွန်းပါ။ ပြင်ဆင်ရန်လိုအပ်သည့်အချက်များ သို့မဟုတ် အမျိုးသမီးနှင့် မိန်းကလေးများ အဘယ်ကြောင့် အမှိုက်ပုံးများကို မသုံးရသည့်အကြောင်းများနှင့် သက်ဆိုင်သည့် တုံ့ပြန်ဆွေးနွေးမှုများကို စုဆောင်းပါ။ ပုံးများ/မီးရှို့ပြာချသည့်စက်များမရှိသေးပါက ထိုအရာများကို ပုံစံထုတ်ရန်နှင့် ထားရှိရမည့်နေရာများ ကို သိရှိနိုင်ရန် OXSI မှ စီစဉ်သော FGD များတွင် ပါဝင်ရန် တိုက်တွန်းပါ။

ဆွေးနွေးမှုများကို ဦးဆောင်ပံ့ပိုးခြင်း

- ပြောဆိုဆွေးနွေးမှုများကို မေးခွန်းများ၊ ပြန်လည်တုံ့ပြန်တင်ပြခြင်းများ၊ ပါဝင်တက်ရောက်သူများ၏ အတွေ့အကြုံ ဝေမျှခြင်းများဖြင့် ဖွင့်ပေးပါ။ သင့်အနေဖြင့် မေးခွန်းတစ်ခု၏ အဖြေကို နားမလည်ခဲ့ပါက သင်သင်တန်း တက်ရောက်ချိန်တွင် ရရှိခဲ့သော မကြာခဏမေးလေ့ရှိသော မေးခွန်းများစာမျက်နှာကို ရည်ညွှန်းပါ။
- ဆွေးနွေးမှုတွင် ပါဝင်လာအောင် တိုက်တွန်းအားပေးနိုင်မည့် မေးခွန်းအချို့ကို အောက်တွင်ဖော်ပြထားပါသည်။
  - သင်၏ပထမဆုံး ရာသီသွေးစပေါ်ခဲ့သည့် အတွေ့အကြုံကို ဝေမျှပါ။ သင်ဘယ်လိုခံစားခဲ့ရပါသလဲ။
  - ရာသီလာခြင်းနှင့်ပတ်သက်၍ သင်ကြားခဲ့ဖူးသော အချို့ယုံမှတ်မှုများထားသည့်အချက်များမှာ မည်သည်တို့ ဖြစ်ပါသလဲ။
  - မည်သို့သော အမျိုးသမီးသုံးသန့်ရှင်းရေးပစ္စည်းအမျိုးအစားကို သင်အသုံးပြုပါသလဲ။ မည်သည်တို့ကို အသုံးပြုရသည်ကို ပိုမိုနှစ်သက်ပါသလဲ။ ထိုသန့်ရှင်းရေးပစ္စည်းများကို မည်သည့်နေရာတွင် လဲလှယ်ပြီး ထိုသို့လဲလှယ်အသုံးပြုရန် စိန်ခေါ်မှုများမှာ မည်သည်တို့ ဖြစ်ပါသလဲ။ ရာသီလာနေစဉ်အတွင်း သင့်ကိုယ်သင် မည်သည့်နေရာတွင် ဆေးကြောမှုများပြုလုပ်ပြီး ထိုသို့ ဆေးကြောမှုများပြုလုပ်ရန် အခက်အခဲများမှာ မည်သည်တို့ဖြစ်ပါသလဲ။
- MHM နှင့် မသက်ဆိုင်သော ပြင်ပအကြောင်းအရာများကို ဆွေးနွေးလိုပါကလည်း ဆွေးနွေးနိုင်ကြောင်းပါဝင်သူများ ကို အားပေးပါ။
- နောက်ပိုင်းတွင် OXSI ဝန်ထမ်းများကို ပေးနိုင်ရန်အတွက် ရက်စွဲ၊ တည်နေရာ၊ တက်ရောက်သူအရေအတွက်နှင့် ကျား/မ အရေအတွက်များကို စုစည်းကောက်ယူပါ။
- ပါဝင်တက်ရောက်သူများအနေဖြင့် ၎င်းတို့လေ့လာသင်ယူခဲ့ရသည့် အရေးအကြီးဆုံးသတင်းအချက်အလက်မှာ မည်သည်တို့ ဖြစ်သည်ကို ဝေမျှအသိပေးခိုင်းပါ။
- ပါဝင်တက်ရောက်ပေးခြင်းအတွက် အားလုံးကို ကျေးဇူးတင်ကြောင်းပြောပြီး သင်တန်းကိုရပ်နားပါ။

**အဆင့် (၅) တက်ရောက်သူများစရင်းကို OXSI ဝန်ထမ်းများအား ပေးအပ်ပါ။** ထို့အတူ လေ့လာသင်ယူခဲ့ရသည့် အရေးအကြီးဆုံး သတင်းအချက်အလက်များ နှင့် ဆွေးနွေးခဲ့သည့်အချိန်အတွင်း OXSI ဝန်ထမ်းများအား ပြန်လည်အသိပေး တင်ပြနိုင်ကြောင်း တက်ရောက်သူများက ခွင့်ပြုပေးခဲ့သည့် အခြားသော တုံ့ပြန်အသိပေးမှုများကိုလည်း အသိပေးပါ။

နောက်ဆက်တွဲ ၆ - သက်တူရွယ်တူအမျိုးသမီးများ ဆွေးနွေးမှုတွင်သုံးသည့် IEC




*သက်တူရွယ်တူအမျိုးသမီးများ MHM ၏အခြေခံသဘောတရားများကို ဆွေးနွေးရာတွင် အသုံးပြုနိုင်ရန် OXSI မှ ဆွေးနွေးမှုကို ဦးဆောင်သူအား ထောက်ပံ့ပေးအပ်ထားသည့် လက်ကမ်းစာစောင်။*

## နောက်ဆက်တွဲ ၇ - သင်တန်းပို့ချသူများ၏ လစဉ်အစည်းအဝေး

MHM သင်တန်းပို့ချသူများအနေဖြင့် အထောက်အပံ့ရရှိကြောင်း၊ တန်ဖိုးထားခံရကြောင်းနှင့် စိတ်ဓါတ်တက်ကြွမှုများရှိမရှိကို မကြာခဏစစ်ဆေးရန် အရေးကြီးပါသည်။ လူအများသည် မည်သို့သော အကြောင်းအရာအသစ်ကိုမှ သင်ကြားရခြင်းမရှိ သို့မဟုတ် ပေးအပ်သည့်သတင်းအချက်အလက်များသည် တန်ဖိုးမရှိဟု ယူဆပါက စိတ်ပါဝင်စားမှုများပျောက်ဆုံးသွားမည် ဖြစ်သည်။ သင်တန်းပို့ချသူများအတွက် လစဉ်အစည်းအဝေးတစ်ခုပြုလုပ်ရန် ကျွန်ုပ်တို့အနေဖြင့် အကြံပြုလိုပါသည်။ ထိုအစည်းအဝေး၏ ပန်းတိုင်များတွင်ပါဝင်ရမည့်မှာ -

- သင်တန်းဆိုင်ရာ ပြန်လည်တုံ့ပြန်တင်ပြမှုများကို ဝေမျှရန်နှင့် မေးခွန်းများကို ဖြေကြားပေးရန်
- လာမည့်လများအတွက် သင်တန်းအစီအစဉ်များရေးဆွဲရန်နှင့် အကြံဉာဏ်အသစ်များကို ထုတ်ဖော်စဉ်းစားရန်
- အခြားသော အမျိုးသမီးများနှင့် ချိတ်ဆက်ရန်
- ပျော်ရွှင်စွာလုပ်ကိုင်ရန်

အောက်ဖော်ပြပါသတင်းအချက်အလက်များကို စုစည်းကောက်ယူပြီးမှတ်တမ်းတင်ထားရှိရမည်။

- သင်တန်းရက်စွဲ၊ အချိန်နှင့် တည်နေရာ
- တက်ရောက်သူများ၏ အမည်များ (တက်ရောက်သူများစာရင်း)
- ဆွေးနွေးမှုများမှ မှတ်စုများ

ဆွေးနွေးမှုကို ဦးဆောင်ပံ့ပိုးပေးရန်အတွက် မေးခွန်းများ

- ဤလအတွင်း သင်ပို့ချခဲ့သည့် သက်တူရွယ်တူချင်းသင်တန်းများမှ အတွေ့အကြုံများကို ပြန်လည်ဝေမျှပါ။ မည်သူတို့ တက်ရောက်ခဲ့ပါသလဲ။ ထိုသင်တန်းကို မည်သည့်နေရာတွင် ပြုလုပ်ခဲ့ပါသလဲ။ မည်သည်တို့ အဆင်ပြေခဲ့ ပြီး မည်သည့်စိန်ခေါ်မှုများ ရှိခဲ့ပါသလဲ။
- သင်၏သင်တန်းအတွင်း သင်အဖြေမသိခဲ့သည့် ကိစ္စရပ်တစ်စုံတစ်ရာ ရှိခဲ့ပါသလား။
- သင်ထပ်မံ သိလိုသေးသည့် အခြားသော အကြောင်းအရာများရှိပါသေးသလား။
- နောက်လတွင် မည်သို့ပြုလုပ်ရန် စီစဉ်ထားပါသလဲ။ မတူညီအောင်ပြုလုပ်လိုသည့် ကိစ္စရပ်တစ်စုံတစ်ရာများ ရှိပါသလား။

## အမျိုးသမီးများ ဓမ္မတာလာခြင်းဆိုင်ရာ စီမံခန့်ခွဲမှု အမျိုးသမီးအဖွဲ့ ဆွေးနွေးခြင်း

| | | | |
|---|---|---|---|
| စခန်းအမည် | | နေ့စွဲ | |
| ဆောင်ရွက်သူ | | မှတ်တမ်းရေးမှတ်သူ | |
| ပါဝင်သူဦးရေ | | နေရာ | |

| စဉ် | မေးခွန်းများ | အဖြေများ |
|---|---|---|
| ၁ | သင့်မိသားစုတွင် အရွယ်ရောက် မိန်းကလေး ဘယ်လောက် ရှိသလဲ။ | |
| ၂ | သင့်မိသားစုတွင် အမျိုးသမီး လစဉ် ဘာပစ္စည်းသုံးလဲ။ ( ပိတ်စလား၊ လစဉ်သုံး ပစ္စည်းလား) | |
| ၃ | တစ်လလျှင်သင့်အတွက် လစဉ်သုံးပစ္စည်း ဘယ်လောက် ကုန်သလဲ။ | |
| ၄ | သင်ကော ဘယ်လိုပစ္စည်းသုံးတာကို ကြိုက်လဲ။ ဘာကြောင့်ကြိုက်လဲ။ | |
| ၅ | ဘယ်လိုသုံးရမလဲဆိုတာကို သိသလား။ | |
| ၆ | လစဉ်သုံးပစ္စည်းကို ဘယ်မှာစွန့်ပစ်လဲ။ | |
| ၇ | အိမ်သာထဲစွန့်ပစ်လား။ ဘာကြောင့်လဲ။ | |
| ၈ | လစဉ်သုံးပစ္စည်းစွန့်ပစ်နေရာမှာ စွန့်ပစ်သလား၊ မစွန့်ပစ်ဘူးလား။ | |
| ၉ | မစွန့်ပစ်ရင်ဘာကြောင့်လဲ။ | |
| ၁၀ | အိမ်သာထဲစွန့်ပစ်ရင် ဆိုးကျိုးများကိုသိပါသလား။ | |
| ၁၁ | လစဉ်သုံးပစ္စည်းစွန့်ပစ်ရာတွင် အဓိက အခက်ခဲက ဘာလဲ။ | |
| ၁၂ | လစဉ်သုံးပစ္စည်းကို ဘယ်မှာ စွန့်ပစ်ချင်လဲ။ | |
| ၁၃ | သင့်မိသားစုတွင်ရှိသော မိန်းကလေးများသည် လစဉ်သုံး ပစ္စည်း ဘယ်မှာစွန့်ပစ်လဲ။ | |
| ၁၄ | သင့်မိသားစုမှာ ရှိသောမိန်းကလေးများကို လစဉ်သုံးပစ္စည်း ဘယ်လိုစွန့်ပစ်ရလဲဆိုတာ ပြောပါသလား။ | |
| ၁၅ | မပြောဘူးဆိုရင် ဘာကြောင့်လဲ။ | |
| ၁၆ | သင့်မိသားစုနှင့် စခန်းပတ်ဝန်းကျင်တွင်တွင် လစဉ်သုံးပစ္စည်း စနစ်တကျစွန့်ပစ်ဖို့သင်ဘယ်လို ကူညီနိုင်လဲ။ | |
| ၁၇ | စနစ်တကျစွန့်ပစ်ရန် ဘယ်လို အကူညီမျိုးလိုအပ်လဲ။ | |
| ၁၈ | အမျိုးသမီးလစဉ်သုံး ပစ္စည်းစွန့်ပစ်သည့် ပုံးအား ယခင်က မြင်ဖူးပါသလား။ ကြိုက်ပါသလား။ အသုံးဝင်သည်ဟု ထင်ပါသလား။ | |
| ၁၉ | အမျိုးသမီးလစဉ်သုံး ပစ္စည်းစွန့်ပစ်သည့် ပုံး အမျိုးအစားနှင့် ပတ်သက် ၍ မည်သည့် အကြံ ပြုချက်များ ပေးလိုပါသနည်း။ | |
| ၂၀ | OXSI တွင်ရှိသော နမူနာ ပုံစံများအား ကြည့်ရှုချင်ပါ သလား။ ကြိုက်နှစ်သက်သည့် ပုံကို တစ်ဦးချင်း ရွေးချယ်ပါ။ | |

| | | |
|---|---|---|
| ၂၁ | အမျိုးသမီးလစဉ်သုံး ပစ္စည်းစွန့်ပစ်သည့် ပုံး အားမည်သည့် နည်းလမ်းဖြင့် သန့်ရှင်းလိုပါသနည်း။ | |
| ၂၂ | အမျိုးသမီးလစဉ်သုံး ပစ္စည်းစွန့်ပစ်သည့် ပုံးအား မည်သည့် နေရာများတွင် ပြုလုပ်ရန် အကြံပြုလိုပါသနည်း။ | |

## နောက်ဆက်တွဲဖော်ပြချက် (၉) - အမျိုးသမီး လစဥ်သုံးပစ္စည်းများကို မီးရှို့ ဖျက်ဆီးနိုင်သည့် မီးရှို့စက် ဒီဇိုင်း။

STMG ၏ စမ်းသပ်ကာလ တွင် လစဥ်သုံးပစ္စည်းများကို မီးရှို့ဖျက်ဆီးနိုင်သည့် မီးရှို့စက် ဒီဇိုင်း (၃) ခု ကို စမ်းသပ် ခဲ့ပါသည်။ အောက်ပါ ပုံများကို ကြည့်နိုင်ပါသည်။



*ပုံ (၁) - အမျိုးသမီး လစဥ်သုံးပစ္စည်းများကို အောက်ခြေ အပေါက်ထဲ မှ စု ထည့်ထားပြီးနောက် ပတ်ဝန်းကျင် သန့်ရှင်းရေးတာဝန်ယူထားသူများ က မီးရှို့စက်သို့ သယ်သွားပေးရသည့် ပုံစံဖြစ်ပါသည်။ ဤ ပုံစံသည် အလုပ်မဖြစ်ခဲ့ပါ။ သန့်ရှင်းရေးလုပ်သားများသည် အမျိုးသားများချည်းသာ ဖြစ်သည့် အတွက်အသုံးပြုထားပြီးသော လစဥ်သုံးပစ္စည်းများကို မြင်တွေ့ ကိုင်တွယ် ရပါသည်။*



*ပုံ (၃) – ဆီတိုင်ကီ အဟောင်းကို ပြန်သုံးပြီး လုပ်ထားသည့် မီးရှို့ စက်။ အမျိုးသမီး လစဥ်သုံးပစ္စည်းများကို သန့်ရှင်းရေး တာဝန်ယူထားသူ အမျိုးသမီးများကိုယ်တိုင် လာ ထည့် ပြီး ဖျက်ဆီးနိုင်ပါသည်။*



*ပုံ (၂) - ဆိုဒ် ပိုသေးသည့် မီးရှို့စက် - ၁၀ပေ □ ၁၀ပေ □ ၃ပေ*



ပုံ (၄) – OTC နှင့် KDK1 တွင် CDN မှ လုပ်ထားသည့်
စွန့်ပစ်ပုံး။ (မီးရှို့စက်မဟုတ်ပါ။)



ပုံ (၅) – သက္ကေပြင် (TKP) တွင် ACE မှ လုပ်ထားသည့်
ဆလင်ဒါပုံစံရှိ မီးရှို့စက်။



ပုံ (၆) - သက္ကေပြင် (TKP) တွင် ACE မှ လုပ်ထားသည့်လေးထောင့် ပုံစံ ရှိ မီးရှို့စက်။

SOLIDARITÉS INTERNATIONAL

OXFAM

# COVID-19 ရောဂါ ဖြစ်ပွားနေသည့် အခြေအနေတွင် တစ်ကိုယ်ရည်သန့်ရှင်းရေး သုံး ပစ္စည်းများ ဖြန့်ဝေပေးသည့် အခါ OXSI ဝန်ထမ်းများ မှ လိုက်နာရမည့် လုပ်ငန်း ဆောင်ရွက်ပုံ စံလုပ်ထုံး လုပ်နည်းများ (မတ်လ၊ ၂၀၂၀)

(COVID-19) ကိုရိုနာဗိုင်းရပ်စ် ရောဂါသစ် သည် မခန့်မှန်းနိုင်သည့် အခြေအနေများတွင် လျှင်မြန်စွာ ကူးစက် နေနိုင် သဖြင့် OXSI ၏ ဝန်ထမ်းများ နှင့် အကျိုးခံစားခွင့်ရှိသူများ သည် အထူးသဖြင့် တစ်ကိုယ်ရည်သန့်ရှင်းရေး သုံး ပစ္စည်းများ ဖြန့်ဝေသည့်အခါတွင် ရောဂါ ကူးစက်ခံရနိုင်ခြေများစွာ မြင့်မားနေလျှက်ရှိပါသည်။

COVID-19 ရောဂါဖြစ်ပွားနေသည့် အခြေအနေ တွင် OXSI ၏ WASH ပရိုဂရမ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် လည်းကောင်း၊ ဝန်ထမ်းများ နှင့် အကျိုးခံစားခွင့်ရှိသူများ တို့ ၏ ရောဂါကူးစက်ခံရနိုင်ခြေကို လျှော့ချနိုင်ရန် အတွက် လည်းကောင်း ယခင် ရှိထားသည့် တစ်ကိုယ်ရည်သန့်ရှင်းရေး သုံးပစ္စည်းများ (Hygiene Kits) ဖြန့်ဝေခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်ပုံ စံလုပ်ထုံးလုပ်နည်းများလမ်းညွှန် (SOPs) ကို ပြန်လည် ပြင်ဆင်သုံးသပ်နိုင်ရန် အတွက် ဤ လမ်းညွှန်ချက် ကို ထုတ်ပြန်ရခြင်းဖြစ်ပါသည်။ ယခု ရှိထားသည့် တစ်ကိုယ်ရည်သန့်ရှင်းရေး သုံးပစ္စည်းများ (Hygiene Kits) ပစ္စည်းများဖြန့်ဝေခြင်း ဆိုင်ရာ စံလုပ်ထုံလုပ်နည်း များ လမ်းညွှန် (SOPs) ကို ပြင်ဆင်သည့် အခါတွင် နိုင်ငံတော်မှ ချမှတ်ထားသည့် လမ်းညွှန်ချက်များ နှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ ကျန်းမာရေးဆိုင်ရာ ဌာန များ (ဥပမာ - ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာန၊ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ ၊WHO) တို့ ၏ နိုင်ငံတစ်ခု နှင့် ဆိုင်သည့် သီးခြား လမ်းညွှန်ချက်များ အတိုင်း ကိုက်ညီမှု ရှိအောင် ပြင်ဆင်ရေးဆွဲဖို့လိုပါသည်။

စခန်းများ တွင် COVID-19 အတည်ပြု လူနာ မရှိသေးပါသော်လည်း ကြိုတင်ကာကွယ်သည့် နည်းလမ်းများ အနေဖြင့် အောက်ဖော်ပြပါ လမ်းညွှန် အကြံပြုချက်များကို ချက်ချင်းလိုက်နာလုပ်ဆောင်သွားပါမည်။

## တစ်ကိုယ်ရည်သန့်ရှင်းရေး သုံး ပစ္စည်းများ မဖြန့်ဝေမီ နှင့် ဖြန့်ဝေပြီးနောက် လိုက်နာ ဆောင်ရွက်ရမည့် အရာများ

- ပစ္စည်း ထုတ်ယူမှု လွယ်ကူစေရန် အဆောင်များအလိုက် အုပ်စု ခွဲ၍ သတ်မှတ်ပါ။ ။
    - အဆောင် ၂ ဆောင်ကို အုပ်စုတစ်အုပ်စု/တစ်ဖွဲ့ဟု သတ်မှတ်ပါ။ (အိမ်ထောင်စုခေါင်းဆောင် အများဆုံး အယောက် ၂၀ သာ ဖြစ်ရပါမည်)
    - အုပ်စု တစ်ခု စီ အတွက် ကြာနိုင် သည့် အချိန်ကို ခွဲခြား သတ်မှတ်ထားပါ။
    - တစ်ကိုယ်ရည်သန့်ရှင်းရေး သုံးပစ္စည်းများ အတွက် ပုံမှန် ဖောက်ချာ/ကူပွန်များ ကို ပြင်ဆင်ထားပါ။
    - အဆိုပါ ဖောက်ချာ/ကူပွန်များကို ပစ္စည်းများ ဖြန့်ဝေမည့် ရက်မတိုင်မီ အိမ်ထောင်မိသားစု တစ်စုစီ သို့ ဖြန့်ဝေ ပေးထားပါ။ ထိုနောက် ၎င်းတို့အတွက် သတ်မှတ်ပေးထားသည့် အချိန်မှ သာ ပစ္စည်းဖြန့်ဝေပေးမည့် နေရာ သို့ အရောက်လာပေးရန် ပြောပြပေးထားပါ။

- **OXSI ရုံးနေရာ သို့မဟုတ် ပစ္စည်းဖြန့်ဝေပေးမည့် နေရာကို သေချာ နေရာချထားပြီး ရှင်းလင်းသည့် အမှတ်အသား များဖြင့် ဖော်ပြပေးထားပါ။ (နောက်ဆက်တွဲဖော်ပြချက် (၁) - COVID-19 ရောဂါ ဖြစ်ပွားနေသည့် အချိန်တွင် HK ပစ္စည်းများကို ဖြန့်ဝေသည့်အခါတွင် နေရာချထားသင့်သည့် ပုံစံ နမူနာ ကို ရှု)။**
    - ဝင်ပေါက်နေရာ၊ လက်ဆေးရန်နေရာ၊ ဝင်ရောက်သူများကို အပူချိန်တိုင်းသည့်နေရာ၊ အဖျားရှိသူများ ကို အကာအကွယ်ဖြင့် သီးသန့် ခွဲခြားပေးထားသည့် နေရာ၊ စောင့်ဆိုင်းရန် နေရာ၊ တစ်ကိုယ်ရည်သန့်ရှင်းရေးသုံး ပစ္စည်းများ ထုတ်ယူ ရမည့်နေရာ နှင့် ထွက်ပေါက် စသည်တို့ကို တိပ်များ၊ ကြိုးများ နှင့် ဆိုင်းဘုတ်များ ဖြင့် သေသေချာချာ ဖော်ပြပေးထားရမည်။
    - ထိုသို့ သတ်မှတ်ထားသည့် နေရာတိုင်းသည် ဝင်ရောက်လာမည့် သူ အတွက် အနည်းဆုံး ၃ ပေ အကွာ မှ မတ်တပ်ရပ်၍ဖြစ်စေ၊ ထိုင်၍ဖြစ်စေ စောင့်ဆိုင်း၊ သွားလာနိုင်အောင် ကျယ်ဝန်းသည့် နေရာဖြစ်ရပါမည်။ ထိုအပြင် မတ်တပ်ရပ်၍ဖြစ်စေ၊ ထိုင်၍ဖြစ်စေ စောင့်ဆိုင်းရမည့်နေရာများကို ၃ ပေခွာ၍ အမှတ်အသားများ ဖြင့် သတ်မှတ်ဖော်ပြပေးထားပါ။
    - လက်ဆေးရမည့် နေရာတွင် လက်ဆေးဆပ်ပြာ နှင့် ရေ လုံလုံလောက်လောက် ရရှိအောင် စီစဥ်ပေးထားပါ။
    - **ဖြစ်နိုင်လျှင်လုပ်ဆောင်ရမည့် အဆင့်များ** - (**ဖြည့်စွက်ချက်** - စခန်းအတွင်း ကျန်းမာရေး တာဝန်ရှိ ဝန်ထမ်းများ နှင့် စခန်းစီမံခန့်ခွဲရေး တာဝန်ရှိသူ များနှင့် ပစ္စည်းများ ဖြန့်ဝေသည့်အခါ ၎င်း နေရာတွင်လာရောက် ကူညီ ပူးပေါင်းပေးရန် သဘောတူညီချက်များ ရရှိထားရပါမည်။) ကျန်းမာရေး တာဝန်ရှိ ဝန်ထမ်းမှ ဝင်ရောက်လာသူများ ၏ ကိုယ်ခန္ဓာ အပူချိန်ကို တိုင်းတာပေးသည့် နေရာကို သတ်မှတ်ထားပါ။ *စခန်းစီမံခန့်ခွဲရေး တာဝန်ရှိသူများ နှင့် စခန်းတွင်း ကျန်းမာရေး တာဝန်ခံများ ၏ သဘောတူညီချက်ရရှိပြီးမှ လုပ်ဆောင်ရပါမည်။*
    - **အခြေအနေအရ ရွေးချယ်နိုင်သည့် အဆင့် -** ကိုယ်ခန္ဓာ အပူချိန်မြင့် နေသူများ အတွက် သီးခြား အကာအရံဖြင့် လုပ်ထားသည့် နေရာတွင် နေရာထိုင်ခင်းများကို ပြင်ဆင်ပေးထားပါ။ ပစ္စည်းဖြန့်ဝေပေးသည့် နေရာတွင် ရှိနေ သည့် ကျန်းမာရေး တာဝန်ခံများ မှ အဆိုပါ ကိုယ်ပူချိန်မြင့်နေသူကို စစ်ဆေး၍ လိုအပ်သည်များ လုပ်ဆောင် ပေး ရမည်။
    - ပစ္စည်းဖြန့်ဝေပေးမည့် နေရာ ၏ ဝင်ပေါက် နှင့် ထွက်ပေါက်များကို ရှင်းလင်း ပြတ်သားသည့် အမှတ်အသားများ ဖြင့် ဖော်ပြပေးထားပါ။

- **တစ်ကိုယ်ရည်သန့်ရှင်းရေးသုံးပစ္စည်းများ ဖြန့်ဝေခြင်း နှင့် ဆိုင်သည့် လုပ်ထုံးလုပ်နည်း သတ်မှတ်ချက် အသစ်များ အကြောင်း ကို ဝန်ထမ်းများအား အကြောင်းကြား ထားပါ။**

- လုပ်ထုံးလုပ်နည်း သတ်မှတ်ချက် အသစ်အကြောင်း ကို ဝန်ထမ်းများ သိရှိနားလည်အောင် အကြောင်းကြား ထား ပြီးနောက် ပစ္စည်းဖြန့်ဝေမည့် နေရာတွင် ၎င်းတို့ အသီးသီး လုပ်ဆောင်ရမည့် တာဝန်များကို ရှင်းလင်း စွာ သိရှိစေပါ။
- လူများ ရောက်လာသည့် အခါတွင် ဝင်ပေါက် နှင့် လက်ဆေးမည့် နေရာ သို့ လမ်းညွှန်ပေးရန် လူတစ်ယောက်၊ ကိုယ်အပူချိန်တိုင်းရန် လူတစ်ယောက်၊ ဗောက်ချာများကို စစ်ဆေးပြီး ပစ္စည်း ဖြန့်ဝေရမည့် လူစာရင်းတွင် လက်မှတ်/လက်ဗွေ ရယူရန် လူတစ်ယောက်၊ ပစ္စည်းများကို ထုတ်ပေးသည့် လူတစ်ယောက် စုစုပေါင်း အနည်း ဆုံး ဝန်ထမ်း (၄) ယောက် ရှိဖို့လိုပါသည်။

➢ **ပစ္စည်းဖြန့်ဝေပေးမည့် နေရာတွင် လူများ စုပြုံမနေစေရန် လုပ်ဆောင်ပါ။**

- ရောက်လာသည့် သူများ ၏ ဗောက်ချာ များကို အချိန်ဇယား နှင့် တိုက်၍ ထိုသူများ သည် သတ်မှတ်ထားသည့် အချိန်အတိုင်း ရောက်လာခြင်း ဟုတ်မဟုတ် ကို စစ်ဆေးရန် ဝင်ပေါက်နေရာတွင် ဝန်ထမ်းတစ်ဦး ရှိဖို့လိုပါ သည်။ အချိန်မှားပြီး ရောက်လာသည့် သူများဖြစ်ပါက သူတို့ အတွက် သတ်မှတ်ထားသည့် အချိန် မှ သာ ပြန်လာ ပေးရန် ပြောပြပေးပါ။ သတ်မှတ်ပေးထားသည့် အချိန်တွင် သူတို့ မအားမလပ် ဖြစ်၍ မလာနိုင်ကြောင်း ပြောလာသည့်အခါ ပစ္စည်းဝေမျှပေးသည့်နေရာတွင် လူအနည်းငယ်သာ ရှိနေပါက ၎င်းတို့ကို ပစ္စည်းထုတ် ယူခွင့် ပေးနိုင်ပါသည်။
- ပစ္စည်းထုတ်ယူရန် လာသည့် သူများ သည် လိုက်လုပ်ရမည့် အဆင့်တိုင်းတွင် တစ်ဦး နှင့် တစ်ဦး အနည်းဆုံး (၃) ပေအကွာတွင်သာ နေကြရန် သတိပေးပေးပါ။
- ပစ္စည်းထုတ်ယူရမည့် နေရာသို့ တစ်ကြိမ်လျှင် လူတစ်ဦးသာ ဝင်ရောက် လာစေရန် အတွက် ပစ္စည်းထုတ်ယူရ မည့် စားပွဲ ပတ်ပတ်လည် (၃) ပေအကွာကို ကြိုး (သို့မဟုတ်) တိပ်များ သုံး၍ စည်းများ တားပြီး ကန့်သတ် ပေးထားပါ။

➢ **ပစ္စည်းထုတ်ပေးသည့် နေရာ တစ်ခုလုံး တွင် လူအများ စုပြုံနေခြင်း မဖြစ်အောင် တန်းစီး သွားလာသည့် ပုံစံကို သေချာ စီမံပေးပါ။**

- ပစ္စည်းထုတ်ယူရန် ရောက်လာသည့် အခါတွင် ထိုသူကို လက်ဆေးရန် နေရာ ကို ညွှန်ပြပေးပြီးနောက် ထိတွေ့စရာ မလိုသည့် ကိုယ်ပူချိန်တိုင်း ကိရိယာဖြင့် ကိုယ်ပူချိန်တိုင်းတာရမည့် နေရာသို့ သွားရန် ပြောပြပေး ပါ။ *(အထက်တွင် ဖော်ပြထားသည့် အတွင်း အခြေအနေအရ ရွေးချယ်နိုင်သည့် အဆင့်ဖြစ်သည်။)*
- ပစ္စည်းလာထုတ်သည့် သူ သည် ဖျားနေလျှင် (ကိုယ်ပူချိန် ၃၈ ဒီဂရီ ဆဲလ်စီးယပ် နှင့် အထက် ရှိနေလျှင်) ထိုနေရာ တွင် ရှိနေသည့် ကျန်းမာရေး တာဝန်ခံ နှင့် ပြသ စစ်ဆေးနိုင်ရန် သီးခြား အကာအရံဖြင့် သတ်မှတ်ပေးထား သည့် နေရာသို့ သွားရောက်ရန် ပြောပြပေးပါ။ *(အထက်တွင် ဖော်ပြထားသည့် အတွင်း အခြေအနေအရ ရွေးချယ်နိုင်သည့် အဆင့်ဖြစ်သည်။)*
- ကိုယ်ပူချိန် ပုံမှန်အတိုင်း ရှိနေသည့် သူများ အနေဖြင့် အတည်ပြုစစ်ဆေးသည့် နေရာသို့ သွား ရောက်ရပါမည်။
- ပစ္စည်းလာရောက်ထုတ်ယူသည့် သူ တစ်ဦး လျှင် ပစ္စည်းများ ဖြန့်ဝေရာ နေရာ ကို တစ်ကြိမ်ထက် ကျော်၍ ဖြတ်သန်းဝင်ရောက်ခြင်း မပြုရပါ။

➢ **တစ်ကိုယ်သန့်ရှင်းရေးနှင့် ဆိုင်သည့် အဆင့် နည်းလမ်းများကို ထည့်သွင်းစဥ်းစားပါ။**

- ပစ္စည်းထုတ်ပေးသည့် နေရာ တစ်ခုလုံးတွင် လူတစ်ဦး နှင့် တစ်ဦး ထိတွေ့ကိုင်တွယ် ခြင်း လုံး၀ (လုံး၀) မရှိရပါ။
- ပစ္စည်းရယူသည့် နေရာတွင် တာဝန်ကျသည့် OXSI ၏ ဝန်ထမ်း/ပစ္စည်းထုတ်ပေးသူသည် လူတစ်ဦး အတွက် တစ်ကိုယ်ရေ သန့်ရှင်းရေးသုံးပစ္စည်း ထုပ် ကို တာလပတ်စပေါ် သို့မဟုတ် စားပွဲပေါ် တွင် တင်ထားပေးပြီး နောက်သို့ ပြန် ဆုတ်၍ ရပ်နေပါ။ ထိုသို့ လုပ်ထားပြီးမှ သာ ပစ္စည်းလာရောက် ထုတ်ယူသည့် သူ တစ်ဦးချင်း ကို ဝင်ခွင့်ပေးပြီး ပစ္စည်း ထုပ် ကို ရယူစေပါ။
- ထိုသို့ ပစ္စည်းများကို ယူပြီးလျှင် ထွက်ပေါက်မှ တဆင့် ပစ္စည်းဖြန့်ပေးသည့် နေရာမှ ထွက်ခွာသွားစေပါ။


**ပစ္စည်းဖြန့်ဝေပေးသည့် သတ်မှတ်နေရာ မှ ဝန်ထမ်းများ အတွက် အထူး ညွှန်ကြားချက်များ**

- ပစ္စည်းဖြန့်ဝေပေးသည့် သတ်မှတ်နေရာသို့ ပစ္စည်းလာရောက်ထုတ်ယူသည့် သူများ ၏ ဝင်ရောက်မှုကို ကြီးကြပ် စီစစ်ပါ။
- ပစ္စည်းထုတ်ဝေပေးသည့် သတ်မှတ်နေရာ ရှိ ချက်ပွိုင့် အဆင့်ဆင့်တိုင်း တွင် ပစ္စည်းလာရောက် ထုတ်ယူသူများ သည် တစ်ဦး နှင့် တစ်ဦး ၃ ပေ အကွာတွင် သာ နေကြရန် လမ်းညွှန်ပြောပြပေးပါ။
- လက်ဆေးရမည့် နေရာတွင် လက်ဆေးရန် အတွက် လိုအပ်သည့် ဆပ်ပြာ နှင့် ရေကို လုံလုံလောက်လောက် ချပေးထားပါ။
- ဝင်၍ ပစ္စည်းထုတ်ယူမည့် လူတိုင်း မဖြစ်မနေ လက်ဆေးစေပါ။ ထိုနောက် (လုပ်နိုင်မည် ဆိုပါက) အတည်ပြု သည့် ချက်ပွိုင့် သို့မရောက်မီ ခန္ဓာကိုယ် အပူချိန်ကို တိုင်း၍ စစ်ဆေးပေးပါ။
- ပစ္စည်းလာရောက် ထုတ်ယူသူသည် ကိုယ်ပူချိန် မြင့်နေလျှင် (ကိုယ်ပူချိန် ၃၈ ဒီဂရီ ဆဲလ်စီးယပ် နှင့် အထက် ရှိနေလျှင်)၊ သက်ဆိုင်ရာ ကျန်းမာရေး တာဝန်ခံ၏ စစ်ဆေးမှုကို ခံယူရန် သီးခြားကာရံထားသည့် နေရာသို့ အရင် သွားရောက်ရပါမည်။
- ပစ္စည်းများ ဖြန့်ဝေရန် သတ်မှတ်ထားသည့် အချိန်သို့မရောက်မီ တစ်ကိုယ်ရည်သန့်ရှင်းရေးသုံး ပစ္စည်းများ အားလုံးကို သေချာ စီစဥ် ပြင်ဆင်ထားနိုင်ရန် ကူညီ ကြီးကြပ်ပေးပါ။
- ပစ္စည်းထုပ်ကို ပြင်ဆင်ပေးပြီးပါက နောက်သို့ ဆုတ်၍ ရပ်နေပါ။ ထို အခါမှသာ ပစ္စည်းလာရောက် ထုတ်ယူသည့် သူကို ဝင်ခွင့်ပေး၍ ပစ္စည်းထုပ်ကို ရယူစေပါ။ ပြီးနောက် ပြည့်ညွှန်ထားသည့်အတိုင်း ထွက်ပေါက်မှ ထွက်ခွာစေပါ။
- ပစ္စည်းထုပ်ကို ရယူပြီးပါက ပြည့်ညွှန်ထားသည့် အတိုင်း နေရာမှ ချက်ချင်း ထွက်ခွာပေးရန် လမ်းညွှန်ပြောပြ ပေးပါ။

- ပစ္စည်းများကို ဖြန့်ဝေပြီးပါက ပစ္စည်းဖြန့်ဝေပေးသည့် နေရာ (အခန်း၊ ဝန်းကျင်၊ တာလပတ်စ) စသည့် ပစ္စည်းများ အားလုံးကို သန့်ရှင်းပေးပါ။ စားပွဲ သို့မဟုတ် တာလပတ်စ များကို (ကလိုရင် ၀.၂% ပါဝင်သည့်) ပိုးသတ်ဖြန်းဆေးရည်ဖြင့် သန့်ရှင်းပေးပါ။ ပိုးသတ်ဖြန်းဆေးရည် မည်သို့ ဖျော်စပ်ရမည်ကို နောက်ဆက်တွဲ ဖော်ပြချက် (၂) တွင် ကြည့်နိုင်ပါသည်။
- ဆိုင်းဘုတ်များ၊ ကြိုးများ၊ တိပ်များ အားလုံးကို ဖယ်ရှားပါ။
- လက်ဆေးရန် လုပ်ပေးထားသည့် နေရာကို ဖြုတ်သိမ်းပြီး ရုံး တွင် ပြန်၍ သိမ်းထားပါ။
- ပစ္စည်းဖြန့်ဝေရမည့် နေရာတွင် တာဝန်ကျသည့် ဝန်ထမ်းများအားလုံးသည် လက်ကို ဆပ်ပြာ နှင့် သေချာ ဆေးခြင်း၊ ချောင်းဆိုး/နှာချေ လျှင် တံတောင်ဆစ်အတွင်း သို့မဟုတ် တစ်ရှူးစ ကို အသုံးပြုခြင်း၊ တစ်ဦး နှင့် တစ်ဦး ကြားတွင် တတ်နိုင်သ၍ အမြဲတမ်း နေရာ ခြား၍ နေခြင်း စသည့် ကျန်းမာရေး ဆိုင်ရာ လိုက်နာရ မည့် နည်းလမ်းကောင်းများကို မဖြစ်မနေ လိုက်နာ လုပ်ဆောင်ဖို့ လိုပါသည်။

| | |
|---|---|
| ⚠ | ***<u>သတိပြုရန် -</u>*** *OXSI ဝန်ထမ်းများ အားလုံးသည် တစ်နိုင်ငံလုံး အဆင့် ထုတ်ပြန်ထားသည့် လုပ်ငန်းဆောင်ရွက်ပုံ စံလုပ်ထုံးလုပ်နည်းများ (SOPs) တွင်ပါဝင်သည့် အချက်တိုင်း ကို လိုက်နာရန် တာဝန်ရှိပါသည်။ (OXFI ဝန်ထမ်း) တစ်ယောက်တွင် COVID-19 ရောဂါ လက္ခဏာများ ပြလာပါက အခြား သူများ နှင့် ထိတွေ့ ခြင်း မပြုလုပ်သင့်ပါ။ ထို့အပြင် ပစ္စည်းများ ဖြန့်ဝေပေးသည့်နေရာ သို့ သွားရောက်ခြင်း မပြုရပါ။* |

နောက်ဆက်တွဲဖော်ပြချက် (၁) - ***COVID-19*** ရောဂါ ဖြစ်ပွားနေသည့် အချိန်တွင် ***HK*** ပစ္စည်းများကို ဖြန့်ဝေသည့်အခါတွင် နေရာချထားသင့်သည့် ပုံစံ နမူနာ။



နောက်ဆက်တွဲဖော်ပြချက် (၂) – **အစွန်းချွတ်ဆေးရည် မှ (အစွန်းချွတ်ဆေးရည် ၀.၂ %) ထည့်သွင်း ၍ ပိုးသတ်ဖြန်းဆေးရည် ပြုလုပ်နည်း အဆင့်ဆင့်။**

***(ကလိုရင်း အရည် ၀.၂ % ဖြင့် ပိုးသတ်ဖြန်းဆေးရည် ဖျော်နည်း)*** **-** ဈေးကွက်ထဲတွင် ရနိုင်သည့် ကလိုရင်း အဓိကပါဝင်သော ဆေးရည်အမျိုးမျိုး မှ တဆင့် ပိုးသတ်ဖြန်းဆေးရည်ကို ဖျော်စပ်နိုင်ပါသည်။ ပိုးသတ်ဖြန်းဆေးရည် နှင့် ဆပ်ပြာရည် အားလုံးကို ဖြန့်ဝေမည့် နေရာ သို့ မပို့မီတွင် ***OXSI*** မှ တာဝန်ရှိသူများက ပြင်ဆင် ဖော်စပ်ပေးရမည် ဖြစ်ပြီး ရှင်းလင်းသည့် အမှတ်အသားများဖြင့် ခွဲခြားဖော်ပြပေးထားရပါမည်။

**အသုံးပြုရမည့် နေရာများ -** ကြမ်းပြင်များ၊ မျက်နှာပြင်များ၊ အရာဝတ္ထုပစ္စည်းများ၊ ရှေ့ခါးစည်းဖုံးများ၊ ဖိနပ်များ၊ (သန့်ရှင်းဆေးကြောပြီးနောက်) ပန်းကန်ခွက်ယောက်များ။

| **အောက်ပါဆေးရည်များ ရှိလျှင်** | **...ပေါင်းစပ်၍** | **...ထပ်ပေါင်းပါ** | **ပြီးနောက်...** | **မှတ်ချက်** |
|---|---|---|---|---|
| **Sodium dichloroisocyanurate** (NaDCC) အမှုန့်များ, ကလိုရင်း အရည် ၅၅ % | အတိုင်းအတာ ဖော်ပြပေးထားသည့် ဇွန်းဖြင့် ၂၀ မီလီလီတာ (၄ ဆင့်) | ရေ ၂၀ လီတာ | ၁၀ စက္ကန့် ရောမွှေပြီးနောက် အသုံးမပြုမီ မိနစ် (၃၀) ခန့် စောင့်ပေးပါ။ | ၂၀ လီတာ တွင် ၂၇ ဂရမ်<br>၁၂၀ လီတာ တွင် ၄၃၀ ဂရမ် |
| **Sodium dichloroisocyanurate** (NaDCC) ဆေးပြားများ, ၁ဂရမ် ကလိုရင်းအရည်/ ဆေးပြား | ဆေးပြား (၄၀) | ရေ ၂၀ လီတာ | ၁၀ စက္ကန့် ရောမွှေပြီးနောက် အသုံးမပြုမီ မိနစ် (၃၀) ခန့် စောင့်ပေးပါ။ | တစ်လီတာ လျှင် ဆေးပြား (၂) ပြား |
| **Calcium hypochlorite** (HTH®) အမှုန့်များ၊ ကလိုရင်းအရည် ၆၅ မှ ၇၀ % ထိ | အတိုင်းအတာ ဖော်ပြပေးထားသည့် ဇွန်းဖြင့် ၂၀ မီလီလီတာ (၄ ဆင့်) | ရေ ၂၀ လီတာ | ၁၀ စက္ကန့် ရောမွှေပြီးနောက် အသုံးမပြုမီ မိနစ် (၃၀) ခန့် စောင့်ပေးပါ။ | ၂၀ လီတာ လျှင် ၆၀ ဂရမ်<br>ရေ ၁၂၀ လီတာ လျှင် ၃၆၀ ဂရမ် |

မှတ်ချက် - (ပိုလျှံပြီး အလဟဿ မဖြစ်စေရန်) ဆေးရည်များကို တကြိမ်တည်းတွင် အများအပြား မလုပ်ထားပါနှင့်။ နေ့စဉ်နေ့တိုင်း လိုအပ်သလောက်သာ ဖျော်စပ်ပေးပါ။




**သတိပေးချက် -** ကလိုရင်း အဆီ နှင့် ချွတ်ဆေးအဆီ များသည် မျက်စိ၊ လည်ချောင်း နှင့် နှာခေါင်းတို့တွင် ယားယံခြင်း၊ ယောင်ယမ်းခြင်း ဖြစ်သည့် အထိ အဆိပ်သင့်နိုင်သော အရည်များဖြစ်ပါသည်။ ၀.၂ % ထည့်သွင်း ရမည့် ပိုးသတ်ဖြန်းဆေးရည်ကို ဖျော်စပ်သည့် အခါတွင် (အရည်စိမ့်မဝင်နိုင်သည့် ကာဗာ၊ ရှေ့ဖုံးခါးစည်း၊ N95 မျက်နှာဖုံး၊ လေကာ/ရေကာမျက်မှန်၊ အတွင်းတွင် တခါသုံး ရာဘာလက်အိတ်တစ်ထပ်၊ ပြင်ပ တွင် အထူသား ရာဘာ လက်အိတ်တစ်ထပ် စုစုပေါင်း လက်အိတ် ၂ထပ် ) စသည်တို့ပါဝင်သည့် သင့်တော်သော ကာကွယ်ရေးဝတ်စုံ ကို ဝတ်ဆင်၍ သာ ဆေးရည်ကို ဖျော်စပ်ရပါမည်။

# တကိုယ်ရည် သန့်ရှင်းရေး နှင့် အမျိုးသမီး အရှက်သိက္ခာ လုံ ခြုံရေးဆိုင်ရာ ပစ္စည်းများဖြန့်ဝေခြင်း

## မိတ်ဆက်ခြင်း

OXSI သည်စခန်းများတွင်အမျိုးသမီးများနှင့်မိန်းကလေးများအားအကျိုးပြုရန် **တကိုယ်ရည် သန့်ရှင်းရေး နှင့် အမျိုးသမီး အရှက်သိက္ခာ လုံ ခြုံရေးဆိုင်ရာ ပစ္စည်းများဖြန့်ဝေခြင်း** များကိုတစ်ကြိမ်ဖြန့်ဝေရန်အခွင့်အလမ်းရရှိခဲ့သည်။ ဤ **တကိုယ်ရည် သန့်ရှင်းရေး နှင့် အမျိုးသမီး အရှက်သိက္ခာ လုံ ခြုံရေးဆိုင်ရာ ပစ္စည်းများ**တွင်အိမ်ထောင်စုတစ်ခုလျှင်အမျိုးသမီး (၄) ယောက်၊ အမျိုးသမီး လစဥ်သုံး သန့်ရှင်းရေးအထုပ် (၂) ထုပ်နှင့် လက်သည်းညှပ် (၁) ခု ပါဝင်သည်။

ပုံမှန်အားဖြင့်ဖြန့်ဝေခြင်း လုပ်ငန်းကို စခန်းရုံးများတွင်ပြုလုပ်လေ့ရှိပြီး အိမ်ထောင်စုတစ်ခုစီမှ (ပုံမှန်အားဖြင့်အမျိုးသား) တစ် ဦးသည် ပစ္စည်းများကို လက်ခံပါသည်။ အမျိုးသမီးများနှင့် မိန်းကလေးများအား အဆင်ပြေစွာ ပါဝင်ခွင့်ရနိုင်စေရန် ၊ မေးခွန်းများ မေးမြန်းနိုင်စေခြင်းနှင့် ၎င်းတို့ကြိုက်နှစ်သက်ရာ အရောင်များနှင့် အရွယ်အစားများကို ရွေးချယ်နိုင်ရန် OXSI သည် အိမ်ထောင်စု အဆင့် ပစ္စည်းများဖြန့်ဝေခြင်း နည်းလမ်းသစ်ကို စမ်းသပ်လုပ် ဆောင်နေပါသည်။

အစည်းအဝေးများကို အိမ်ထောင်စု ၈ အိမ်ထောင်စု မှ ၁၀ အိမ်ထောင်စု ထိ အုပ်စုများနှင့် တစ်ကြိမ် ကျင်းပမည်ဖြစ်သည်။ (အဆောင် တစ်ခု ချင်း အလိုက် သို့ မဟုတ် အဆောင် နှစ် ခုစီ ၏ ဘေး သော်လည်းကောင်း ၊ အဆောင်နှစ်ခုကြား ) မှ အမျိုးသမီးများနှင့် မိန်းကလေးများ နှင့် သာလျှင် ပါဝင်စေပြီး အမျိုးသမီး ပံ့ပိုးကူညီသူများက ဦးဆောင်ပါလိမ့်မည်။ အစည်းအဝေး တစ်ခုစီသည် မိနစ် ၃၀ ခန့် ကြာမြင့်ပါလိမ့်မည်။

နောက်ထပ်တစ်ကြိမ် ပစ္စည်းများ ဖြန့်ဝေခြင်း အတွက်ပိုမိုတိကျသော ပစ္စည်းများ ရရှိနိုင် ရန် အရွယ်အစားများနှင့် ပတ်သက် သော သတင်းအချက်အလက်များကို မေးမြန်း စုဆောင်းပါလိမ့်မည်။

## ကြိုတင်ပြင်ဆင်ခြင်း

- ဝန်ထမ်းများအား သင်တန်းပေးခြင်းနှင့် ထောက်ပံ့ရေးအဖွဲ့ နှင့် ဆက်သွယ် ညှိနှိုင်းဆောင်ရွက်ခြင်း
- စခန်းတစ်ခုစီ အတွက် အစီအစဥ် တစ်ခုစီ ပြုလုပ်ပါ။ ( တစ်ရက်လျှင် အဆောင် မည်မျှ ဖြန့်ဝေမည်နည်း ၊ အစည်းအဝေးကို မည်သူတို့က ဦးဆောင်မည်နည်း)
- အစီအစဥ် ကို လူထုအား ဆက်သွယ် ပြောဆို ပြီးအကြောင်းကြားရန် လိုအပ်လျှင် CMA ( စခန်းစီမံခန့်ခွဲရေး ကို လုပ်ဆောင်နေသော အဖွဲ့အစည်း) ထံ အကူအညီ တောင်းနိုင်ပါသည်။
- အဆောင်တစ်ဆောင် ကို ဖြန့်ဝေရန် အတွက် ပုံး တစ်ပုံးစီ ပြင်ဆင်ရန် လိုအပ်ပါသည်။ ( တစ်အိမ်ထောင် လျှင် အမျိုးသမီး လစဥ် သုံး သန့်ရှင်းရေးအထုပ် (၂) ထုပ်၊ လက်သည်းညှပ် (၁) ခု စီ။ အမျိုးသမီး အတွင်းခံ ဘောင်းဘီ ၁၂၀ ( ၁၂ ထုပ် - အငယ် ဆုံး ဆိုဒ် ၄ -၅ ထုပ် ၊ အလတ်ဆိုဒ် ၂-၃ ထုပ် ၊ အကြီးဆုံး ဆိုဒ် ၂-၃ ထုပ်)
    - အမျိုးသမီး အတွင်းခံ ဘောင်းဘီ သည် ၁ ထုပ်တွင် ၁၀ ထည်ပါဝင်ပြီး အရွယ် အစား ၃ မျိုး မှာယူပါသည်။ အရွယ်အစား ၃မျိုး ပါဝင်သော အမျိုးသမီး အတွင်းခံ ဘောင်းဘီ ၄ထည် စီ ကို အိမ်ထောင်စု ၁၀ စု ကို ပေး ဝေ ရန် အတွက် အမျိုးသမီး အတွင်းခံ ဘောင်းဘီ ( ၃ x ၄ x ၁၀ ) = ၁၂၀ ထည် လိုအပ် ပါသည်၊ ထို့ ကြောင့် အငယ် ဆုံး ဆိုဒ် ၄ -၅ ထုပ် ၊ အလတ်ဆိုဒ် ၂-၃ ထုပ် ၊ အကြီးဆုံး ဆိုဒ် ၂-၃ ထုပ်) စုစုပေါင်း ၁၂ ထုပ် ကို ယူပါ။ အိမ်ထောင်စု ၁၀ စု ရှိ သော အဆောင် ကို ဖြန့်ေပြီး အမျိုးသမီး အတွင်းခံ ဘောင်းဘီ ၈၀ ထည် ပြန်ယူလာရမည် ဖြစ်ပြီး အိမ်ထောင်စု ၈ စု ရှိ သော အဆောင် ကို ဖြန့်ဝေပြီးလျှင် အမျိုးသမီး အတွင်းခံ ဘောင်းဘီ ၈၈ ထည် ပြန် ယူလာရမည် ဖြစ်ပါ သည်။
    - အမျိုးသမီး အတွင်းခံ ဘောင်းဘီ ဖြန့်ဝေခြင်း ပြီးဆုံးခါနီးတွင် အမျိုးသမီး တိုင်း သည် သူမ၏ ရွေးချယ်မှုကို ရလိမ့်မည် မဟုတ်ပါ။ နောက်ထပ် တစ်ကြိမ် ဖြန့်ဝေခြင်း အတွက် သူမ ကြိုက်နှစ်သက်သော အရွယ် အစား ကို မေး မြန်းပြီး ချရေးနိုင်ပါသည်။
- ထုပ်ပိုးထားသော အထုပ်များ ထုတ်ယူခြင်း ၊ လက်ကျန်များအား ပြန်လည် ယူဆောင်လာခြင်းကို စာရင်းမှတ်ရန် တစ်စုံတစ်ယောက်အား တာဝန်ပေးခြင်းကို သေချာစွာ ပြင်ဆင်ထားရမည်။
- ပစ္စည်းများဖြန့်ဝေခြင်း စာရင်းများ ကို ပြင်ဆင်ပါ။ (အိမ်ထောင်စုနှင့်အဆောင် နံပါတ်၊ အိမ်ထောင်စု တစ်ခုစီ၌ အသက် ၁၂ နှစ်အထက်အမျိုးသမီးနှင့်မိန်းကလေး ဦး ရေမည်မျှရှိသည်၊ နှစ်သက်ရာအရွယ်အစားနှင့် လက်ခံရရှိ သောအရွယ်အစားများ၊ လက်ခံရရှိသည့်ပစ္စည်းများအတွက်လက်မှတ်/လက်ဗွေတို့ ပါဝင်သည်။

## လုပ်ငန်းဆောင်ရွက်ခြင်း

- ပစ္စည်းဖြန့်ဝေခြင်း ကို ကူညီပံ့ပိုးသူသည် ထုပ်ပိုးထားသော ပစ္စည်းထုပ်အား ရုံးမှ ထုတ်ယူပြီး အခြားအဖွဲ့ ဝင်များ နှင့် အတူ ပစ္စည်း အားရေတွက်ပါ၊ နှစ်ဦးလုံးလက်မှတ်ထိုး ပါ။ လက်ဗွေ နှိပ်ပါ။
- ပစ္စည်း ထုပ်အား ယူပြီး ဖြန့်ဝေမည့်အဆောင် ကို သွားပါ။ လူစုပါ။
- မိမိ ကို မိတ်ဆက်ပါ၊ ပစ္စည်းဖြန့်ဝေခြင်း ဖြစ်စဥ်ကို ရှင်း ပြပါ။
- အမျိုးသမီးလစဥ်သုံးပစ္စည်း သုံးစွဲ ပုံ ကို ရှင်း ပြပါ။

- ဆေးသမားကြီး စခန်း မှ လွဲ၍ ကျန် စခန်းများ တွင် နောက်တွင်ပြုလုပ်မည့်အမျိုးသမီးများ ဓမ္မတာလာခြင်းဆိုင်ရာ ကျန်းမာရေး အတွက် စီမံခန့် ခွဲသော စီမံကိန်း အကြောင်းကို ရှင်းပြပါ။
- Oxfam နှင့် SI သည် စခန်းရှိ အမျိုးသမီးများ နှင့် အသုံးပြု ပြီးသားလစဉ်သုံးပစ္စည်း စွန့်ပစ်ရန် ပုံး ဒီဇိုင်း အကြောင်း နှင့် ယင်းပုံးများ အား အမျိုးသမီးများစွန့်ပစ်နိုင်စေရန်အတွက် အိမ်သာများနား တွင် ထားရှိ မည့် အကြောင်းကို ဆွေးနွေး တိုင်ပင်ခြင်းများပြုလုပ် ပါလိမ့်မည်။ သက်တူ ရွယ်တူ အမျိုးသမီးအဖွဲ့များကို လည်း ဖွဲ့စည်းပြီး ယခုကဲ့သို့ အဆောင်လိုက် ပစ္စည်း ဖြန့်ဝေရာတွင် ပါဝင်ဆောင်ရွက်နိုင်ရန် လုပ်ဆောင်သွားပါမည်။ အမျိုးသမီးများ ဓမ္မတာ လာခြင်းဆိုင်ရာ ကျန်းမာရေး အတွက် စီမံခန့်ခွဲ မှု အဖွဲ့ဝင် များ အတွင်း OXSI အနေဖြင့် အမျိုးသမီး လစဉ်သုံး ပစ္စည်း သုံးစွဲ ပုံ၊ အသုံး ပြု ပြီးသောလစဉ်သုံးပစ္စည်းအား စွန့်ပစ်ခြင်း ၊ ဓမ္မတာလာစဉ် လက္ခ ဏာများ ၊ ဓမ္မတာ လာစဉ် အတွင်း ကျန်းမာရေး ၊ နှင့် ဓမ္မတာလာခြင်းဆိုင်ရာ နှင့် ပတ်သက်၍ အမျိုးသမီး ကြီးများနှင့် အမျိုးသမီးငယ်များ မှ မေးခွန်း မေးမြန်းခြင်း တို့ကို ဆွေးနွေးပါသည်။ ဤ လုပ်ဆောင်ချက်သည် အမျိုးသမီးများ ကြား ကျန်းမာရေး ဆိုင်ရာ အကြောင်းအရာများအပြင် တခြား အကြောင်းအရာများကို လည်းဆွေးနွေးပြောဆိုနိုင် သည့် လမ်းကြောင်းတစ်ခု လည်း ဖြစ်ပါသည်။
- စွည်း များအားဖြန့်ဝေပါ။ လက်ခံသူထံမှာ လက်မှတ် ယူပါ။
- နောက်တစ်ကြိမ် ပစ္စည်းဖြန့်ဝေရာတွင် အသုံးပြုနိုင်ရန် အမျိုးသမီးများမှ ပိုမိုကြိုက်နှစ်သက်သော အရွယ်အစားများ အား မှတ်သားထားပါ။
- တက်ရောက်သူများ ထံမှ မေးခွန်းများမေးမြန်းခဲ့ လျှင် ဖြေဆိုပါ။
- စွည်း ထုပ်အားရုံးသို့ ပြန်သယ် ပါ၊ လက်ကျန် များကို ရုံးရှိ လက်ခံသူနှင့် အတူ စစ်ဆေးပါ ပြီးလျှင် ပုံစံတွင် ဖြည့်ပါ။ လက်မှတ်ထိုး ပါ။ လက်ဗွေ နှိပ်ပါ။

SOLIDARITÉS INTERNATIONAL

OXFAM

## တကိုယ်ရည် သန့်ရှင်းရေး နှင့် အမျိုးသမီး အရှက်သိက္ခာ လုံ ခြုံရေးဆိုင်ရာ ပစ္စည်းများဖြန့်ဝေခြင်း ပုံစံ

တည်နေရာ ရက်စွဲ

အစည်းအဝေး မ စတင်မီ ရေတွက်ပါ။

------- အသယ် -------- အလတ် --------- အကြီး

--------- လက်သည်းညှပ် ----------- အမျိုးသမီး လစဉ်သုံး ပစ္စည်း ထုပ်

ႏ ပိုးကူညီ သူ အမည် သက်သေ ( သို့) ပါဝင်ကူညီသူ အမည်

လက်မှတ် / လက်ဗွေ လက်မှတ် / လက်ဗွေ

ႏ ပိုးကူညီ သူ အမည် တက်ရောက်သူသူများ

| | | | | | | လက်ခံရရှိသည့် ပစ္စည်းများ | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| အဆောင်နံပါတ် | အခန်းနံပါတ် | အိမ်ထောင်ဦးစီးအမည် | အဆိုပြုသော အတွင်းခံဘောင်းဘီ | | | လက်ခံရရှိသော အတွင်းခံဘောင်းဘီ | | | လက်သည်းညှပ် | အမျိုးသမီး လစဉ်သုံး ပစ္စည်း ထုပ် | လက်မှတ် / လက်ဗွေ |
| | | | အငယ် | အလတ် | အကြီး | အငယ် | အလတ် | အကြီး | | | |
| ၂၀၀ | ၂ | | ၄ | ၀ | ၀ | ၂ | ၂ | ၀ | ၁ | ၂ | |
| | | | | | | | | | | | |
| | | | | | | | | | | | |
| | | | | | | | | | | | |
| | | | | | | | | | | | |
| | | | | | | | | | | | |
| | | | | | | | | | | | |

မှတ်ချက်

အစည်းအဝေး ပြီးနောက် ရေတွက်ပါ။

------- အသယ် -------- အလတ် --------- အကြီး

--------- လက်သည်းညှပ် ----------- အမျိုးသမီး လစဉ်သုံး ပစ္စည်း ထုပ်

ႏ ပိုးကူညီ သူ အမည် ရုံးရှိ ပစ္စည်းလက်ခံရရှိ သူ

လက်မှတ် / လက်ဗွေ လက်မှတ် / လက်ဗွေ

# လူထုအတွင်း ဖြတ်သန်းလမ်းလျှောက် လေ့လာခြင်း

## မိတ်ဆက်

လူထုအတွင်း ဖြတ်သန်းလမ်းလျှောက် လေ့လာခြင်းနည်းလမ်းသည် လူထုပူပေါင်းပါဝင်စေရေး နည်းလမ်းများထဲမှ တစ်ခု ဖြစ်ပြီး ရပ်ရွာဒေသ၏ မည်သည့်အရင်းအမြစ်များ၊ ပြဿနာများ၊ မြေယာအသုံးချမှု၊ ရပ်ရွာဒေသ၏ အနေအထားများ အား ရပ်ရွာလူထုနှင့်အတူ စောင့်ကြည့်လေ့လာရန် နှင့် ဆွေးနွေးရန်အတွက် အသုံးပြုရသော နည်းလမ်း တစ်ခုဖြစ်သည်။ ၎င်းသည် " **လူထု ပူးပေါင်းပါဝင်သော အလုံးစုံသန့်ရှင်းရေး နည်းလမ်း** "Community-Led Total Sanitation (CLTS) လုပ်ငန်းစဉ်တွင် ပါဝင်သော နည်းလမ်းများထဲမှ တစ်ခုအဖြစ် လူသိများခဲ့သည်။ ဤ နည်းလမ်းမှာ သတ်မှတ်ထားပြီး တိကျသော ဧရိယာ/ နယ်မြေများ ကို ဖြတ်သန်းလမ်းလျှောက်ခြင်းမှတစ်ဆင့် WASH နှင့် သက်ဆိုင် သည့် အခက်အခဲ ပြဿနာများ နှင့် အခွင့်အလမ်းများကို ရှာဖွေဖော်ထုတ်နိုင်ရန်အတွက် ဝန်ထမ်းအချို့နှင့် သက်ဆိုင်ရာ ဒေသမှ လူထုများ အတူတကွ ပူးပေါင်းဆောင်ရွက်ရသည့် နည်းလမ်းတစ်ခု ဖြစ်ပါသည်။ အတူတကွ ရှာဖွေဖော်ထုတ်ထားသော အခက်အခဲ ပြဿနာများကို **WASH လုပ်ငန်းများ ဆောင်ရွက်နေသော အဖွဲ့အစည်း၏ အထောက်အပံ့ မလိုအပ်ဘဲ** ဖြေရှင်းနိုင်သော ပြဿနာများနှင့် **WASH လုပ်ငန်းများ ဆောင်ရွက်နေသော အဖွဲ့အစည်း၏ အထောက်အပံ့ လိုအပ်သည့်** အရာများ ဟူ၍ အုပ်စုနှစ်စု ခွဲထားပါသည်။ နောက်ဆုံးတွင် ရပ်ရွာလူထုအဖွဲ့သည် လူထုအတွင်း ဖြတ်သန်းလမ်းလျှောက် လေ့လာခြင်း နည်းလမ်း(Transect Walk ) မှ ဖော်ထုတ်ထားသော အခက်အခဲ ပြဿနာများကို ဖြေရှင်းနိုင်ရန် ရပ်ရွာလူထုကိုယ်တိုင်မှ လုပ်ငန်းဆောင်ရွက်မှု အစီအစဉ် တစ်ခုအား ရေးဆွဲရပါသည်။ ၄င်းတွင် ရပ်ရွာအဖွဲ့ဝင်များ (သို့မဟုတ်) WASH လုပ်ငန်း များ ကို ဆောင်ရွက်နေသော အဖွဲ့အစည်းမှ တာဝန်ယူဆောင်ရွက်ရမည့် တိကျသော သီးခြား လုပ်ငန်းအမျိုးအစားများ လည်း ပါဝင်ပါသည်။

## ရည်ရွယ်ချက်:

- ရပ်ရွာအတွင်း၌ လက်ရှိအခြေအနေများကိုလေ့လာနိုင်ရန်။
- ရပ်ရွာအတွင်း **WASH** နှင့် သက်ဆိုင်သည့် အခက်အခဲ ပြဿနာများကို ဖော်ထုတ်နိုင်စေရန်။
- ဖော်ထုတ်ရရှိလာသော အခက်အခဲ ပြဿနာများကို စနစ်တကျစီမံရေး အတွက် အစီအစဉ်ဆွဲနိုင်ရန်။

## လိုအပ်သော အရာများအား ပြင်ဆင်ခြင်း

1. လမ်းလျှောက်ရန် ဧရိယာကို သတ်မှတ်ထားပါ၊ စခန်းများ အတွင်း အဆောင် ၃ ဆောင်မှ ၅ ဆောင် အထိ ပါဝင် လွှမ်းခြုံနိုင်စေရန် သတ်မှတ်ပါ၊ အတူတကွ စတင် လမ်းလျှောက်မည့် ပုံစံ (ဥပမာ၊ အရှေ့ဘက်မှ အနောက်ဘက် သို့ တောင်ဘက်မှ မြောက်ဘက် သို့) အစရှိသဖြင့် အားလုံး တစ်နေရာတည်းသို့ ဦးတည် လမ်းလျှောက်သွားနိုင် ရန် လမ်းကြောင်း တစ်ခုစီစဉ်ပါ၊ သို့သော် ထိုလမ်းကြောင်းသည် လူထု၏လိုအပ်ချက်များ နှင့် ပါဝင်သူများ၏ အကြံပြုချက်များ အပေါ် မူတည်၍ ပြောင်းလဲနိုင်ပါသည်။
2. ဆောင်ရွက်မှု ကြာနိုင်မည့် အချိန်အား တစ်ခုစီအတွက် ၁ နာရီမှ ၁ နာရီခွဲခန့် အထိ အချိန်သတ်မှတ်ပါ။
3. ဖြတ်သန်း လမ်းလျှောက်နေစဉ်အတွင်း အသုံးပြုလိုသည့် မည်သည့် ပစ္စည်းကိုမဆို အဆင်သင့်ရယူထားပါ။ (ဥပမာ၊ ပါဝင်သူ အမည်စာရင်း စာရွက်၊ မှတ်စုများရေးမှတ်ရန်အတွက် စက္ကူစာရွက်ငယ်များ)
4. လွှမ်းခြုံဆောင်ရွက်သွားမည့် ဧရိယာရှိ ရပ်ရွာလူထုနှင့် သက်ဆိုင်ရာကို အသိပေးထားပါ။ ဤအစီအစဉ်တွင် ပါဝင်နိုင်စေရန် စေတနာ့ဝန်ထမ်းများကို ကြိုတင်ဖိတ်ကြားထားပါ။ တွေ့ဆုံရန်နေရာနှင့် အချိန်ကိုသတ်မှတ်ပါ။
5. ဤလုပ်ဆောင်ချက်အတွက် ပံ့ပိုးကူညီသူ နှစ်ဦးခန့် ပါဝင်နိုင်သည်။ တစ်ဦးမှာ လုပ်ငန်း အဆင်ပြေချောမွေ့ အောင် ကူညီနိုင်ရန်နှင့် နောက်တစ်ဦးမှာ မှတ်စုရေးမှတ်ရာတွင် ကူညီနိုင်ရန်အတွက်ဖြစ်သည်။

## လုပ်ငန်းဆောင်ရွက်ရန် အဆင့်များ

၁။ စတင်လမ်းလျှောက်ရန် သတ်မှတ်ထားသည့် နေရာတွင် အားလုံး အတူတကွ စုဆုံကြပြီး ပါဝင်မည့်သူများအား လုပ်ဆောင်ချက်ကို အသေးစိတ်ရှင်းပြပါ။

၂။ ပါဝင်သူများသည် သူတို့မြင်တွေ့ရသည့် မည်သည့်ကိစ္စများမဆို မှတ်စုရေးမှတ်လိုလျှင် ရေးမှတ်နိုင်ရန် မှတ်စု စာရွက် ငယ်များနှင့် ဘောလ်ပန်များပေးထားပါ။ ဖြတ်သန်း လမ်းလျှောက် နေစဉ်အတွင်း ပါဝင်သူများ အနေဖြင့် မိမိတို့၏ ဖော်ထုတ် တွေ့ရှိချက်၊ စိုးရိမ်မှု များကို မှတ်စုရေးမှတ်သူထံ နှုတ်အားဖြင့်လည်း ပြောဆိုနိုင်ပါသည်။ (မှတ်စု ရေးမှတ်သူမှ ၄င်းတို့ကို မှတ်စုရေးထားရန် လိုအပ်ပါသည်)။

၃။ ကြိုတင် စီစဉ်သတ်မှတ်ထားသော လမ်းကြောင်းအတိုင်း အတူလျှောက်ပါ၊ အိမ်သာများ၊ လက်နှိပ်ရေတုံကင်များ၊ ရေနုတ်မြောင်းများ၊ အမှိုက်စွန့်ပစ်ရာနေရာများနှင့် လမ်းတစ်လျှောက်တွင်မြင်တွေ့ရသော အရာများအား သတိပြုပါ။

၄။ ပံ့ပိုးကူညီသူသည် ပါဝင်သူများအား ၄င်းတို့ မြင်တွေ့ရသည့် မည်သည့်ကိစ္စများကိုမဆို ထောက်ပြဆွေးနွေးနိုင်ပြီး ယခုကဲ့သို့ ဖြတ်သန်းလမ်းလျှောက် လေ့လာခြင်းအားဖြင့် ၎င်းတို့ မည်သို့ခံစားရသည်ကို တွန်းအားပေးနိုင်ရန် မေးခွန်းများ မေးသင့်ပါသည်။ ဥပမာ၊ အမှိုက်အချို့ကို မြေပြင်တွင်တွေ့လျှင် ပံ့ပိုးကူညီသူမှ " ဒီနေရာက အိမ်ထဲကနေ အမှိုက်တွေ ပစ်လို့ သင့်တော်တဲ့နေရာမျိုးလား။ အဲဒါကို ဘာလုပ်သင့်လဲ " အစရှိသည်ဖြင့် မေးမြန်းနိုင်ပါသည်။

၅။ ပံ့ပိုးကူညီသူများသည် အဖွဲ့အား ၄င်းတို့ ပိုမိုစိတ်ဝင်စားသည့် နေရာများနှင့် ဆွေးနွေးမှုပြုလုပ်စေလိုသော နေရာများ တွင် အချိန်ပေးသင့်ပါသည်။ စီစဉ်ထားသော လမ်းကြောင်းအတိုင်း ပြီးမြောက်အောင် ဆောင်ရွက်ရန် ဦးစားမပေးသင့်ပါ၊ ထို့ကြောင့် လုပ်ငန်းစဉ်တွင် အချိန်ယူ၍ ဆောင်ရွက်ပါ။

၆။ လမ်းလျှောက်ပြီးသောအခါ ပါဝင်သူများထံမှ မှတ်စုများအား စုဆောင်းရမည်ဖြစ်ပြီး မှတ်စုလက်ခံသူထံမှ မှတ်စုများ နှင့် အားလုံး ပေါင်းစပ်ပါ။

၇။ ဖြတ်သန်းလမ်းလျှောက်စဉ် ရေးမှတ်ထားခဲ့သော မှတ်စုများတွင် ပါဝင်သည့် အချက်များအားလုံးကို ပံ့ပိုးကူညီသူမှ အားလုံး ရှေ့တွင် အသံကျယ်ကျယ်ဖြင့် ဖတ်ပြပါ၊ ဖြေရှင်းရမည့် ကိစ္စများကို ချရေးထားပါ။

၈။ အတူတကွ ဖော်ထုတ်ထားသော အခက်အခဲ ပြဿနာများ အပေါ် မူတည်၍ လုပ်ငန်းဆောင်ရွက်မှု အစီအစဉ် ရေးဆွဲ သည့် အခါ ပါဝင်သူများကို ၄င်းတို့ထံမှ ထင်မြင်ယူဆချက်များ ထပ်မံပေးနိုင်ရန် မေးမြန်းပါ။ ဤ လုပ်ငန်းဆောင်ရွက်မှု အစီအစဉ် ရေးဆွဲ ခြင်းသည် **WASH လုပ်ငန်းများ ဆောင်ရွက်နေသော အဖွဲ့အစည်း၏ အထောက်အပံ့ မလိုအပ်ဘဲ** ဖြေရှင်းနိုင်သော ပြဿနာများနှင့် **WASH လုပ်ငန်းများ ဆောင်ရွက်နေသော အဖွဲ့အစည်း၏ အထောက်အပံ့ လိုအပ်သည့်** ပြဿနာများကိုဖြေရှင်းရန် နှစ်ခုစလုံးအတွက် ရည်ရွယ်ပါသည်။ ၄င်းတွင် ကိစ္စရပ် တစ်ခုစီတိုင်းအတွက် တာဝန်ယူရမည့် သူများ၊ အဆင့်များနှင့် အဆင့်တစ်ခုစီအား ပြီးစီးရန် နောက်ဆုံးသတ်မှတ်ထားသော ရက် (အောက်ပါပုံစံကိုကြည့်ပါ) ပါရှိသင့်သည်။

၉။ ပံ့ပိုးကူညီသူမှ ရေးဆွဲထားသော လုပ်ငန်း အစီအစဉ်ကို အသံကျယ်ကျယ်ဖတ်ပြပါ။

၁၀။ လုပ်ငန်းဆောင်ရွက်မှု အစီအစဉ် ရေးဆွဲ ခြင်း၏ အဆင့်တစ်ခုချင်းစီအား လိုက်နာရန်အတွက် မည်သို့ ပြုလုပ်ကြမည် စသော သဘောတူညီချက် တစ်ခု ပြုလုပ်ပါ။ (လုပ်ငန်းဆောင်ရွက်မှု အစီအစဉ် အတိုင်း တိုးတက်မှုအား စစ်ဆေးရန် နောက်ထပ် ဖြတ်သန်းလမ်းလျှောက် လှေ့လာခြင်း(Transect Walk) တစ်ကြိမ် ထပ်မံ ပြုလုပ်ခြင်း သို့မဟုတ် ပါဝင်သူများတွေ့ရှိခဲ့သည့် လိုအပ်ချက်များ အပေါ် မေးမြန်းဆွေးနွေးမှုများမှ ရရှိလာသော တုံ့ပြန်မှုများအား (အမှိုက်များနှင့် မသန့်ရှင်းသောနေရာများအား တွေ့ရှိခဲ့ခြင်း) OXSI အဖွဲ့ သို့ တင်ပြခြင်း စသည်)

၁၁။ အမည်၊ အိမ်ထောင်စုနံပါတ်၊ အဆောင်နံပါတ်နှင့် အမျိုးသား/အမျိုးသမီးအပါအဝင် ပါဝင်သူများ၏ စာရင်းကို စုဆောင်းထားပါ။

၁၂။ အဆင်ပြေပါက အခြားပြုလုပ်သွားမည့် မိမိတို့ အဖွဲ့အစည်းနှင့် သက်ဆိုင်သည့် လုပ်ငန်းများ၏ နေ့စွဲနှင့်အချိန် (အသိပညာပေး လူထုဆွေးနွေးပွဲများ၊ ပုံမှန် ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများ စသည်) တို့ကိုကြေငြာပေးပါ။

*မှတ်ချက်။ ဖြတ်သန်းလမ်းလျှောက် လေ့လာခြင်း ပြုလုပ်သည့် အခါ ရပ်ရွာအတွင်း အများနှင့် သက်ဆိုင်သည့် ကိစ္စရပ် များ မဟုတ်ဘဲ အိမ်ထောင်စုတစ်စု၊ နှစ်စုခန့် ကြောင့်သာ ဖြစ်ပေါ်လာသော အခက်အခဲ ပြဿနာတစ်ခု ကို တွေ့ခဲ့လျှင် ပံ့ပိုးကူညီသူသည် အခြားအချိန် (သို့မဟုတ်) ဖြတ်သန်းလမ်းလျှောက်ခြင်း ပြီးနောက်တွင် အခြားသူများ မပါဘဲ ၄င်းအိမ် များ သို့ တိုက်ရိုက်သွားရောက်ကာ သီးသန့် ဆွေးနွေးမှု တစ်ခုကိုသာ စီစဉ်သင့်သည်။ တစ်အိမ်ချင်းစီ သို့မဟုတ် သီးခြား အိမ်ထောင်စုစီသည် ၄င်းတို့တွင် " မှားယွင်းသောအမူအကျင့်" တစ်ခုအား ပြုလုပ်လျှက် ရှိနေသည်ဆိုလျှင် အားလုံး အတူ တကွ သွားရောက်ခြင်းအားဖြင့် ၄င်းတို့သည် အများ၏ ရှေ့တွင် အရှက်ရခြင်း မဖြစ်စေသင့်ပါ။ အပြုသဘောဆောင်သည့် သန့်ရှင်းသော အမူအကျင့်များနှင့် ပတ်သက်၍ ဆွေးနွေးမှု လွယ်ကူစေရန် IEC များကိုအသုံးပြုပါ။*

*မှတ်ချက်။ ဖြတ်သန်းလမ်းလျှောက် လေ့လာခြင်း (Community Transect Walks) ပြုလုပ်သည့် အခါ ကလေးများအား လည်း ပါဝင်ရန် အားပေးသင့်သည်။ ကလေးများသည် အဖိုးတန်သည့် တုံ့ပြန်ချက်များကို ပေးနိုင်ပြီး လူကြီးများနည်းတူ မည်သည့်ပြဿနာကိုမဆို ဖော်ထုတ်ရန် ကူညီနိုင်သည်။*

## လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အစီအစဉ် ရေးဆွဲခြင်း နမူနာ ပုံစံ

| စဉ် | ဆောင်ရွက်လိုသည့် ကိစ္စ | ဆောင်ရွက်သွားမည့် နောက်ဆုံး သတ်မှတ်ရက် | ဦးဆောင်မည့်သူ | ပါဝင်မည့်သူများ | OXSI အဖွဲ့မှ လိုအပ်သည့် အထောက်အပံ့များ |
|---|---|---|---|---|---|
| | | | | | |

SOLIDARITÉS INTERNATIONAL

OXFAM

# နေ့စဉ်အလုပ်ဆောင်ရွက်မှုများပြနာရီ လေ့ကျင့်ခန်း အတွက် စံ သတ်မှတ်ချက်များ

**ရည်ရွယ်ချက်။**

ဤလေ့ကျင့်ခန်း၏ အဓိကရည်ရွယ်ချက်မှာ ရေ၊ သဘာဝပတ်ဝန်းကျင်၊ သန့်ရှင်းရေး၊ ကျန်းမာရေးနှင့်ဆိုင်သော (ဝါချ်- WASH) အလုပ်များကို လုပ်ဆောင်ရာတွင် ပိုပြီး ကျား/မ တန်းတူပါဝင်လုပ်ဆောင်ဖြစ်စေဖို့ တိုက်တွန်းပေးလိုခြင်းဖြစ်ပါသည်။ အထူးသဖြင့် ရေ၊ သဘာဝပတ်ဝန်းကျင်၊ သန့်ရှင်းရေး၊ ကျန်းမာရေးနှင့်ဆိုင်သော (ဝါချ်- WASH) အလုပ်များကဏ္ဍတွင် ကျား/မဖြစ်ခြင်းအပေါ်မူတည်ပြီး မညီမျှသော တာဝန်ယူလုပ်ဆောင်နေရခြင်းများကို အသိပေးမီးမောင်းထိုးပြလိုခြင်း ဖြစ်ပါသည်။

**ဖိတ်ကြားမည့်ပုံစံ။**

- တက်ရောက်မည့်သူ/ပါဝင်ဆွေးနွေးမည့်သူများအား ကြာမည့်အချိန်၊ နေ့ရက်၊ နှင့် နေရာတို့ကို ကြိုတင်ပြောဆိုပါမည်။ စိတ်လိုလက်ရ ပါဝင်မှုဖြစ်၍ ဤလေ့ကျင့်ခန်းလုပ်နေစဉ်အတွင်း မည်သည့်အချိန်တွင်မဆို (အဆင်မပြေပါက) ထွက်ခွာခွင့်ကြောင်း အသိပေးထားပါ။
- ယောကျာ်း၊ မိန်းမ နှစ်မျိုးလုံး ပါဝင်အောင် ဖိတ်ရမည်။ (အများဆုံး ၁၅ ယောက်)
- ဖြစ်နိုင်လျှင် တစ်မိသားစုမှ ခင်ပွန်း၊ ဇနီး နှစ်ယောက်လုံးအား အတူတူ ပါဝင်ဆင်နွဲရန်ဖိတ်ပါ။

**လိုအပ်သော ပစ္စည်းများ။**

- ပလိန်းစာရွက်ကြီး (အနည်းဆုံး နှစ်ရွက်)
- မာကာဆော့ပန်များ၊ စက္ကူတိပ်များ
- ပြင်ဆင်ထားသော IECs များ၊ ဝါ့ချ် (WASH) နှင့်ဆိုင်သော ကောင်းသော/ဆိုးသော အပြုအမူပြ ရုပ်ပုံများပြ ဖလိတ်ချပ်များ
- တက်ရောက်ကြောင်း လက်မှတ်ထိုးစာရွက်
- အကျွေးအမွေး (လူတစ်ယောက်အတွက် အများဆုံး ၁၀၀၀ ကျပ်သာ သုံးပါ။)

**လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်။**

ဤလုပ်ငန်းဆောင်ရွက်မှုသည် IEC များကို သုံးကာ လူထုပူးပေါင်းပါဝင်ဆောင်ရွက်မှုကို အားပေးသော လေ့ကျင့်ခန်းမျိုးဖြစ်သည်။ ဖြစ်နိုင်လျှင် အိမ်ထောင်စုတစ်ခုတည်းမှ သို့မဟုတ် မိသားစုကြီးတစ်ခုတည်းမှ ယောကျာ်း၊ မိန်းမ တို့ကို ပါဝင်စေပါ။ အောက်ပါအတိုင်းအဆင့်ဆင့် လုပ်ဆောင်ပါ။

(၁) ပထမဦးစွာ ဦးဆောင်ညှိနှိုင်းရေးမှူးများက တက်ရောက်လာသူများနှင့် မိတ်ဆက်ပြီးလျှင် တက်ရောက်လာသူများအား ယောကျာ်း - မိန်းမ အုပ်စုနှစ်ခု ခွဲ၍ ဤလေ့ကျင့်ခန်းတွင် ပါဝင်ဆောင်ရွက်ကြမည်ဖြစ်ကြောင်း အတိုချုံ့မိတ်ဆက်ပါ။ နေ့စဉ်လုပ်ရသော အလုပ်များအတွက် ပေးရသောအချိန်ကို လွဲမှားစွာ ဖော်ပြမည်ကို စိုးရိမ်သောကြောင့် ပါဝင်မည့်သူများအား ဤလေ့ကျင့်ခန်းသည် ဝါ့ချ် (WASH) နှင့်ဆိုင်သော အလုပ်များ သို့မဟုတ် ကျား/မ တာဝန်ယူလုပ်ဆောင်မှုများကို ကြည့်မည်ကု မပြောရပါ။

(၂) လေ့ကျင့်ခန်းကို မစတင်မီကပင် ပါဝင်မည့်သူများအား ဤလေ့ကျင့်ခန်းနှင့် ပတ်သက်ပြီးသူတို့သိလိုသော မေးခွန်းများကို မေးခိ်ုင်းကာ ဖြေပေးပါ။ ပြီးလျှင် မှတ်စုမှတ်ရန်၊ ဓါတ်ပုံရိုက်ရန်တို့ကို သူတို့အား ခွင့်တောင်းပြီးမှ လုပ်ဆောင်ပါ။

(၃) IEC နှစ်မျိုးတွင် လူရုပ်ပုံများက မိသားစုဝင်များကို ရည်ညွှန်း၍ လုပ်ဆောင်မှုပြရုပ်ပုံများက နေ့စဉ်အိမ်အလုပ်များကို ရည်ညွှန်းကြောင်း ရှင်းပြပါ။ ပြီးနောက် ဆိုလိုရင်းလွဲသွားမည်ကို စိုးရိမ်သောကြောင့် လုပ်ဆောင်မှုပြရုပ်ပုံများကို တစ်ခုချင်းအလိုက် မည်သည့်ပုံက မည်သည့်လုပ်ဆောင်ချက်ကို ဆိုလိုကြောင်း နားလည်အောင် သေသေချာချာ ရှင်းပြပေးပါ။

(၄) ယောကျာ်း မိန်းမ သီးခြားအုပ်စုဖွဲ့၍ အုပ်စုတစ်ခုချင်းအလိုက် အိမ်ထောင်စုတစ်ခုတွင် မည်သူက မည်သည့်အလုပ်များကို တာဝန်ယူလုပ်ဆောင်ရကြောင်းကို ဆွေးနွေးကာဖော်ပြပေးရမည်ဖြစ်သည်။ ထို့ကြောင့် ပထမဦးစွာ ဖလိတ်ချပ်၏ အထက်ဘက်တွင် မိသားစုဝင်များကို ကိုယ်စားပြုသော လူရုပ်ပုံများကို တစ်ပုံပြီးတစ်ပုံ ကပ်ပေးပါ။ ပြီးလျှင် ၄င်းလူရုပ်ပုံများအသီးသီးအောက်တွင် ၄င်းတို့တာဝန်ယူလုပ်ဆောင်ရသော အိမ်အလုပ်ပြပုံများကို ကပ်ပေးပါ။ ဤနေရာတွင် မိသားစုဝင်တစ်ဦး၏ လုပ်ရသော အလုပ်ဟု သတ်မှတ်ရန် ၄င်းလူသည် အဆိုပါအလုပ်အား အမြဲတမ်းနီးနီး သို့မဟုတ် အမြဲလိုလို အများအားဖြင့် လုပ်နေသူဖြစ်ဖို့ လိုပါသည်။ အိမ်အလုပ်တစ်ခုအတွက် ပေးရသော ကြာချိန်ကိုဖော်ပြရန် ၄င်းလုပ်ပြရုပ်ပုံရဲ့ဘေးတွင် မာကာဆော့ပန်ဖြင့် အမှတ်များခြစ်ပြီး ဖော်ပြပါ။ (တစ်မှတ် = တစ်နာရီ)

(၅) ဦးဆောင်ညှိနှိုင်းရေးမှူးများသည် အုပ်စုလိုက်ဆွေးနွေးမှုများတွင် လူတိုင်းပါဝင်ဆွေးနွေးစေဖို့ လှုံ့ဆော် တိုက်တွန်းပေးရမည်။

(၆) အုပ်စုလိုက်ဆွေးနွေးဖို့ ၄၅ မိနစ်ခန့် အချိန်ပေးပါ။

(၇) အုပ်စုလိုက် ဆွေးနွေးပြီးသောအခါ ယောကျာ်း မိန်းမ အုပ်စုနှစ်ခုသည် သူတို့ဖလိတ်ချပ်များတွင် ဖော်ပြထားချက်များနှင့် ပတ်သက်ပြီး တူညီမှုများ၊ ကွဲပြားမှုများ ရှိနေခြင်းများကို အတူတူ ဆွေးနွေးကြမည်။ ဦးဆောင်ညှိနှိုင်းရေးမှူးများသည် ရလာသော အုပ်စုလိုက် ဆွေးနွေးချက်များကို သုံးသပ်ကာ အိမ်တွင်းအလုပ်ခွဲဝေမှု (မမျှတမှု)များနှင့် ပတ်သက်ပြီး ဦးဆောင်းဆွေးနွေးရမည်။ အခြေအနေပေးလျှင် နေ့စဉ်အလုပ်များကို လုပ်ဆောင်ဖို့ အိမ်တွင်း ဆုံးဖြတ်ချက်ချပုံများနှင့် ပတ်သက်ပြီး ဆွေးနွေးဖို့ ကြိုးစားပေးပါ။ ပြီးလျှင် လူတစ်ယောက်၏ နေ့စဉ် လုပ်ရသော အလုပ်အမျိုးအစားများသည် ၄င်းလူ၏ အားလပ်ချိန်ရရှိမှု၊ သတင်းအချက်အလက်ရရှိမှုနှင့် ရပ်ရွာအရေးကိစ္စများတွင် ဦးဆောင်ပါဝင်လှုပ်ရှားနိုင်မှုအပေါ် မည်ကဲ့သို့ သက်ရောက်နိုင်ကြောင်း ဆက်လက်ရှင်းပြဆွေးနွေးပါ။

(၈) ဆွေးနွေးရန်အတွက် မေးခွန်းအချို့ (လိုအပ်မှသာ သုံးပါ။)

(က) အမျိုးသမီးများအုပ်စုအနေဖြင့် အမျိုးသားများအုပ်စုက ဆွေးနွေးဖော်ပြထားသော အမျိုးသမီးများ၏ နေ့စဉ်အလုပ်များကို ဖော်ပြချက်များနှင့် ၄င်းအလုပ်အသီးသီးအတွက် ကြာချိန်ဖော်ပြထားမှုများကို လက်ခံပါသလား။ ဖြည့်စွက်ဆွေးနွေးစရာ ရှိပါသလား။ အကြောင်းပြချက်များပေးပြီး အမျိုးသားများအုပ်စုအား ရှင်းပြပေးပါ။

(ခ) အမျိုးသားများအုပ်စုအနေဖြင့်လည်း အမျိုးသမီးများအုပ်စုက ဆွေးနွေးဖော်ပြထားသော အမျိုးသားများ၏ နေ့စဉ်အလုပ်များကို ဖော်ပြချက်များနှင့် ၄င်းအလုပ်အသီးသီးအတွက် ကြာချိန်ဖော်ပြထားမှုများကို လက်ခံပါသလား။ ဖြည့်စွက်ဆွေးနွေးစရာ ရှိပါသလား။ အကြောင်းပြချက်များပေးပြီး အမျိုးသမီးများအုပ်စုအား ရှင်းပြပေးပါ။

(ဂ) အမျိုးသမီးများ လုပ်ဆောင်ရသော အလုပ်များကို အမျိုးသားများလုပ်ဆောင်ရသော အလုပ်များနှင့် ယှဉ်ကြည့်သောအခါ သင့်အနေဖြင့် ထူးခြားချက်များ/ခြားနားချက်များရှိသည်ဟု ခံစားမိပါသလား။ မည်ကဲ့သို့ ခံစားမိပါသလဲ။ ဘာကြောင့်ပါလဲ။

(ဃ) မိသားစုဝင်များအကြား အိမ်အလုပ်ခွဲဝေတာဝန်ယူမှုများသည် မျှတမှုရှိသည်ဟု သင်ခံစားရပါသလား။ အကယ်၍ မျှတမှုရှိသည်ဟု မခံစားရလျှင် မည်သည့်အရာများကို ပြောင်းလဲသင့်ပါသလဲ။

(င) မိသားစုတွင် မည်သူက မည်သည့်အလုပ်ကို လုပ်သင့်သည်/လုပ်ရမည်ဟု မည်သူကအဓိက ဆုံးဖြတ်စီမံပါသလဲ။ ၄င်းကဲ့သို့ ဆုံးဖြတ်ပေးခြင်းသည် မှန်ကန်သည်ဟု သင်ထင်ပါသလား။ သို့မဟုတ် ၄င်းကဲ့သို့ဆုံးဖြတ်ပေးခြင်းကို ပြောင်းလဲသင့်ပါသလား။ ဘာကြောင့်ပါလဲ။

(စ) သင်တို့ နေ့စဉ်လုပ်နေရသော အလုပ်များတွင် အခြားမိသားစုဝင်များက သင်နှင့်အတူ ကူလုပ်ပေးစေလိုသော အလုပ်များ ရှိပါသလား။ ဤကဲ့သို့သော အပြောင်းအလဲမျိုး ဖြစ်လာအောင် သင်အနေဖြင့် မည်ကဲ့သို့ ပါဝင်အားပေးပါမလဲ။

(ဆ) သင်တို့ မိသားစုဝင်များကြား နေ့စဉ်လုပ်ဆောင်ရသော အလုပ်များနှင့် ၄င်းအလုပ်တို့အတွက် ပေးရသော ကြာချိန်များကို ကြည့်ခြင်းအားဖြင့် မည်သူတို့က အားလပ်ချိန်ပိုရပါမည်ဟု ထင်ပါသလဲ။ မည်သူတို့က သတင်းအချက်အလက်များနှင့် ကမ္ဘာတွင် လတ်တလောဖြစ်ပေါ်နေသော ကိစ္စရပ်များအကြောင်းကို သိနိုင်ပါသလဲ။ သင့်ရပ်ရွာကိစ္စရပ်များစီမံဆောင်ရွက်တွင် မည်သူက ဦးဆောင်ပါဝင်နိုင်မည်ဟု ထင်ပါသလဲ။ ဘာကြောင့်ပါလဲ။

(ဇ) မိသားစုဝင်တိုင်း အားလပ်ချိန်ပိုမို ရရှိစေရန် မိသားစုဝင်များအကြား အလုပ်များနှင့် အလုပ်လုပ်၍ကြာချိန်များကို ပိုပြီးမျှတလာစေဖို့ ကျွန်ုပ်တို့အနေဖြင့် မည်ကဲသို့ လုပ်ပေးသင့်ပါသလဲ။

(၉) ထို့နောက် ပါဝင်ဆွေးနွေးသူများသည် သူတို့၏ဖလိတ်ချပ်ပေါ်ရှိ နေ့စဉ်အလုပ်များထဲမှ ဝါ်ချ် (WASH)နှင့်ဆိုင်သော အလုပ်များကို အသေးစိတ်ကြည့်ကြမည်။ ပြီးနောက် ဦးဆောင်ညှိနှိုင်းရေးမှူးများက မှန်ကန်သော ဝါ်ချ် (WASH)အလုပ်များလုပ်ဆောင်ပုံနှင့် မှားယွင်းသော ဝါ်ချ် (WASH)အလုပ်များလုပ်ဆောင်ပုံတို့ကို ဖော်ပြထားသော ဖလိတ်ချပ်များကို အသုံးပြုကာ ပါဝင်ဆွေးနွေးသူများအား ကျန်းမာရေးနှင့် ညီညွတ်သောအလေ့အကျင့်ကောင်းများကို လိုက်နာကျင့်သုံးကြဖို့ တိုက်တွန်းဆွေးနွေးမည်။ (ဥပမာ- ရေခပ်ပုံ၊ ရေသိုလှောင်ထားပုံ၊ အိမ်သန့်ရှင်းရေးလုပ်ပုံ အစရှိသည်တို့နှင့် ပတ်သက်၍ . . .)

**လေ့ကျင့်ခန်းအပိတ်။** ။ပါဝင်ဆွေးနွေးသူများအား တက်ရောက်ကြောင်းအတည်ပြုစာရွက်ပေါ်တွင် လက်မှတ်ထိုးစေပြီး ၄င်းတို့ ယောကျာ်း မိန်းမ အုပ်စုနှစ်ခု ဆွေးနွေးထားသော ဖလိတ်ချပ်များကို ဓါတ်ပုံရိုက်ယူပါ။ ပြီးလျှင် ကျေးဇူးတင်စကားပြောဆိုပြီး ဤလေ့ကျင့်ခန်းအား အဆုံးသတ်ပါ။

***ဆိုလာလျှပ်စစ်မီး တပ်ဆင်ရန်အတွက် ပစ္စည်းလိုအပ်မှု ဆိုင်ရာ ခန့်မှန်းခြေ ကုန်ကျမှု စာရင်း***

| ***စဉ်*** | ***အကြောင်းအရာ*** | ***ရေတွက်ပုံ*** | ***အရေ အတွက်*** | ***တစ်ခုချင်း ဈေးနှုန်း (မြန်မာကျပ်)*** | ***စုစုပေါင်း ကုန်ကျငွေ*** |
|---|---|---|---|---|---|
| ***က။ ပစ္စည်းစာရင်း*** | | | | | |
| ၁ | အုတ်ကျိုး | ကျင်း | ၀.၀၁ | ၈၀၀၀၀ | ၁၀၉၁ |
| ၂ | ဘိလပ်မြေ | အိတ် | ၀.၈၇ | ၈၅၀၀ | ၇၄၀၉ |
| ၃ | သဲ | ကျင်း | ၀.၃၇ | ၂၆၅၀၀ | ၉၇၀၆ |
| ၄ | ကျောက်စရစ် | ကျင်း | ၀.၀၅ | ၉၀၀၀၀ | ၄၅၇၃ |
| ၅ | ၈ ပေအရှည် ၄ ပေအကျယ် ငါးထပ်သား | ချပ် | ၀.၅ | ၁၅၅၀၀ | ၇၇၅၀ |
| ၆ | ၃"x၁.၅"x၉' သစ်မာသား | ချောင်း | ၄. | ၆၈၀၀ | ၂၇၂၀၀ |
| ၇ | ၂ လက်မသံ | ပိဿာ | ၀.၂၅ | ၂၆၀၀ | ၆၅၀ |
| ၈ | အချင်း ၁၂ မီလီမီတာ သံချောင်း | ပေ | ၉.၆၆ | ၃၅၀ | ၃၃၈၁ |
| ၉ | အချင်း ၈ မီလီမီတာ သံချောင်း | ပေ | ၂၂.၅ | ၂၀၀ | ၄၅၀၀ |
| ၁၀ | ၁၈ ဂိတ် သွပ်ကြိုး | ပိဿာ | ၀.၀၇ | ၃၀၀၀ | ၁၉၈ |
| ၁၁ | အနီရောင်ဆေး | ဂါလံ | ၀.၁၉ | ၁၂၀၀၀ | ၂၂၈၀ |
| ၁၂ | ၅ မီတာ အရှည်၊ အချင်း ၈၈.၅ မီလီမီတာနှင့် ၃ မီလီမီတာ အထူ ရှိပြီး အောက်ခြေ၌ မူလီသုံးပြီး တွဲဆက်နိုင်ရန် သံပြားပါရှိသည့် GI ဆိုလာတိုင် | ခု | ၁ | ၁၂၃၀၀၀ | ၁၂၃၀၀၀ |
| ၁၃ | ဆိုလာမီးနှင့် တပ်ဆင်ရန်ကွင်း (CS solar, model SH1402) | ခု | ၁ | ၃၄၉၀၀၀ | ၃၄၉၀၀၀ |
| ***က။ ပစ္စည်းများအတွက် စုစုပေါင်း ကုန်ကျစရိတ်*** | | | | | **၅၄၀၇၃၈** |
| ***ခ။ လုပ်သားအင်အား*** | | | | | |
| ၁ | လုပ်သား | ယောက် | ၄ | ၄၈၀၀ | ၁၉၂၀၀ |
| ၂ | နေ့စားကျွန်းကျင်လုပ်သား | ယောက် | ၂ | ၆၂၀၀ | ၁၂၄၀၀ |
| ***ခ။ လုပ်သားအင်အားအတွက် စုစုပေါင်း ကုန်ကျစရိတ်*** | | | | | **၃၁၆၀၀** |
| ***ဆိုလာလျှပ်စစ်မီးတပ်ဆင်ရန် အတွက် ပစ္စည်း + လုပ်သား စုစုပေါင်း ကုန်ကျစရိတ်*** | | | | | **၅၇၂၃၃၈** |
| ***စုစုပေါင်းကုန်ကျစရိတ်*** | | | | | **၅၇၂၃၃၈** |

## ဆိုလာလျှပ်စစ်မီး ကောင်းမွန်မှုရှိ/မရှိ စစ်ဆေးခြင်း

| Field | Question | Answer | | |
|---|---|---|---|---|
| Date_of_survey (required) | စစ်တမ်းကောက်ယူသည့်နေ့ | | | |
| enumerator_name (required) | စာရင်းကောက်ယူသူအမည် | | | |
| Camp_Name (required) | စခန်းအမည် | | tcc | TCC |
| | | | dpc | DPC |
| | | | hmz | HMZ |
| | | | bdc | BDC |
| | | | bsr | BSR |
| | | | mtn | MTN |
| | | | tkp1 | TKP1 |
| | | | tkp2 | TKP2 |
| | | | kdk | KDK |
| | | | otg1 | OTG1 |
| | | | otg3 | OTG3 |
| | | | otg6 | OTG6 |
| | | | otc | OTC |
| | | | stmg | STMG |
| Sector_Number | Sector နံပါတ် | | 1 | 1 |
| | | | 2 | 2 |
| | | | 3 | 3 |
| | | | 4 | 4 |
| | | | 6 | 6 |
| Reference_Number (required) | Reference နံပါတ် | | | |
| category (required) | ကဏ္ဍအမျိုးအစား | | lighting | မီးလင်းစေသောစနစ် |
| | | | system | မီးလင်းစေရန်ထောက်ပံ့ပေးသည့်စနစ် |
| Is_the_solar_light_functional (required) | ဆိုလာမီးတိုင် သည် အသုံးပြု၍ ရနေပါသလား | | yes | ရနေပါသည် |
| | | | no | မရပါ |
| If_yes_how_long_does_it_work (required) | အသုံးပြု၍ရပါက အချိန်မည်မျှ မီးလင်းပါသနည်း | | well_working | ကောင်းမွန်စွာအလုပ်လုပ်ပါသည် (ညနေမှမိုးလင်းအထိ) |
| | | | moderately_working | အတော်အသင့်အလုပ်လုပ်ပါသည် (ညနေမှသန်းခေါင်အထိ) |
| | | | slightly_working | အနည်းငယ်သာအလုပ်လုပ်ပါသည် (နာရီအနည်းငယ်သာ) |
| If_No_which_parts_are_not_working (required) | မလင်းပါက မည်သည့် အစိတ်အပိုင်းက ချို့ယွင်းနေပါသနည်း | | Cable | ဝါယာကြိုး |
| | | | Lamp-post | မီးတိုင် |
| | | | Lamp | မီးဆလောင်း |

| | | | | |
|---|---|---|---|---|
| | | | system | မီးလင်းစေသည့်စနစ် |
| | | | solar_panel | ဆိုလာပြား |
| connected_electricity_for_personal_use (required) | လူထုထဲမှ တစ်စုံတစ်ယောက်က တစ်ကိုယ်ရည် အသုံးပြုရန် ဆိုလာမီးတိုင် မှချိတ်ဆက်ထားပါသလား | | yes | ချိတ်ဆက်ထားပါသည် |
| | | | no | ချိတ်ဆက်မထားပါ |
| System (နည်းစနစ်) | | | | |
| solar_structure_condition (required) | ဆိုလာမီးတိုင် ၏ အခြေအနေ | | good | ကောင်းမွန်ပါသည် |
| | | | small_damage | အသေးစားပျက်စီးခြင်း |
| | | | broken | ပျက်စီးခြင်း |
| solar_panel_condition (required) | ဆိုလာပြား၏ အခြေအနေ | | good | ကောင်းမွန်ပါသည် |
| | | | crack_small-damage | ဆိုလာပြားကွဲအက်ခြင်း/ အသေးစားပျက်စီးခြင်း |
| | | | broken | ကျိုးကြေပျက်စီးခြင်း (လုံးဝသုံး၍မရခြင်း) |
| controller_condition (required) | ကွန်ထရိုလာ၏ အခြေအနေ | | good_functioning | ကောင်းမွန်ပါသည်/ အသုံးပြု၍ရနေပါသည် |
| | | | not_functioning | အသုံးပြု၍မရနေပါ |
| battery_condition (required) | ဘတ်ထရီ၏ အခြေအနေ | | good_functioning | ကောင်းမွန်ပါသည်/ အသုံးပြု၍ရနေပါသည် |
| | | | not_functioning | အသုံးပြု၍မရနေပါ |
| inverter_condition (required) | အင်ဗာတာ ၏ အခြေအနေ | | good_functioning | ကောင်းမွန်ပါသည်/ အသုံးပြု၍ရနေပါသည် |
| | | | not_functioning | အသုံးပြု၍မရနေပါ |
| breaker_condition (required) | ဘရိတ်ကာ၏ အခြေအနေ | | good_functioning | ကောင်းမွန်ပါသည်/ အသုံးပြု၍ရနေပါသည် |
| | | | not_functioning | အသုံးပြု၍မရနေပါ |
| battery_rack_condition (required) | ဘတ်ထရီတင်သောစင်၏ အခြေအနေ | | good | ကောင်းမွန်ပါသည် |
| | | | small_damage | အသေးစားပျက်စီးခြင်း |
| | | | broken | ကျိုးကြေပျက်စီးခြင်း (လုံးဝသုံး၍မရခြင်း) |
| DB_box_condition (required) | DB_box ၏ အခြေအနေ | | good | ကောင်းမွန်ပါသည် |
| | | | small_damage | အသေးစားပျက်စီးခြင်း |
| | | | broken | ကျိုးကြေပျက်စီးခြင်း (လုံးဝသုံး၍မရခြင်း) |

SOLIDARITÉS INTERNATIONAL

OXFAM

# နေရောင်ခြည်စွမ်းအင်သုံး (ဆိုလာ) မီးတိုင် လွှဲပြောင်းခြင်းမှတ်တမ်းလွှာ - OXSI

| စခန်းအမည် | လွှဲပြောင်းခဲ့သော နေ့စွဲ |
|---|---|
| ………………………………. | ………………………………. |
| နေရောင်ခြည်စွမ်းအင်သုံး (ဆိုလာ)မီးတိုင် နံပါတ် | …………………. |

**ဤစာရွက်စာတမ်းမိတ္တူကို-**

| | | | |
|---|---|---|---|
| **ကိုယ်စားပြုပုဂ္ဂိုလ်:** | ☑ | **Solidarites International + Oxfam (OXSI):** | ☑ |

**ဤစာရွက်စာတမ်းသည် OXSI အဖွဲ့မှ တပ်ဆင်ပေးခဲ့သော နေရောင်ခြည်စွမ်းအင်သုံး (ဆိုလာ) စနစ်တွင်ပါဝင်သော ပစ္စည်းများတပ်ဆင်ပြီးစီးမှုနှင့်သက်ဆိုင်သော အချက်အလက်အားလုံးကို ဖော်ပြပါသည်။**

***<u>အောက်တွင်ဖော်ပြထားသော အချက်များအား ကိုယ်စားလှယ်များမှ သဘောတူပါသည် -</u>***

*၁။ နေရောင်ခြည်စွမ်းအင်သုံး (ဆိုလာ)မီးတိုင်အတွက် လွှဲပြောင်းပေးမှုမှတ်တမ်းလွှာတွင် ဖော်ပြထားသော ပါဝင်သောပစ္စည်းများ အတွက်တာဂန်ယူပါသည်။*

*၂။ နေရောင်ခြည်စွမ်းအင်သုံး (ဆိုလာ)ပစ္စည်းပျောက်ဆုံးခြင်း (ခိုးယူခြင်း)နှင့် / သို့မဟုတ်ပျက်စီးခြင်းများ ဖြစ်ပေါ်လာလျှင် OXSI ထံသို့ အကြောင်းကြားပေးရန် တာဝန်ယူပါသည်။*

*၃။ နေရောင်ခြည်စွမ်းအင်သုံး (ဆိုလာ) ပစ္စည်းများကို ခိုးယူခြင်း၊ ဖျက်ဆီးခြင်းနှင့် သက်ဆိုင်သော အရေးယူမှုများအတွက် တာဝန်ယူပါသည်။*

*၄။ တည်ဆောက်ထားသော နေရောင်ခြည်စွမ်းအင်သုံး (ဆိုလာ) ပစ္စည်းများအား ကိုယ်ပိုင်ပစ္စည်းသဖွယ် တာဝန်ယူ စောင့်ရှောက်ထားပါမည်။ ၄င်းပစ္စည်းများ ခိုးယူခံရမှုဖြစ်ပေါ်လာလျှင် ပြန်လည်ရယူရန် တာဝန်ယူပါသည်။ နောက်ပြီး ပြန်လည်ရရှိထားသော ပစ္စည်းများအားလည်း နဂိုမူလနေရာတွင် ပြန်လည်တပ်ဆင်ရန် လိုအပ်သော နည်းပညာအထောက်အပံ့အတွက် OXSI ထံသို့ အကြောင်းကြားပါမည်။*

*၅။ ပြုပြင်ရန်လိုအပ်သည့်နေရောင်ခြည်စွမ်းအင်သုံး (ဆိုလာ) မီးတိုင်များရှိလာလျှင် OXSI ထံသို့ အကြောင်းကြားရန်တာဂန်ယူပါသည်။*

*၆။ နေရောင်ခြည်စွမ်းအင်သုံး (ဆိုလာ)မီးတိုင်များ လည်ပတ်နေမှု (ကောင်းမွန်မှု၊ မကောင်းမွန်မှု) အခြေအနေအား ပုံမှန်စစ်ဆေး ပါသွားပါမည်။*

*၇။ နေရောင်ခြည်စွမ်းအင်သုံး (ဆိုလာ) မီးတိုင်၏ လုံခြုံရေးကို သေချာဂရုစိုက်ပါမည်။*

***<u>Oxfam + Solidarities International (OXSI) ကသဘောတူသည် -</u>***

*၁။ ကြိုတင်သတ်မှတ်ထားသောဧရိယာတွင် ပြီးပြည့်စုံသော နေရောင်ခြည်စွမ်းအင်သုံး (ဆိုလာ) မီးတိုင် တပ်ဆင်မှုအား ထောက်ပံ့ပါမည်။*

*၂။ နေရောင်ခြည်စွမ်းအင်သုံး (ဆိုလာ)မီးတိုင်များကို နည်းပညာပိုင်းဆိုင်ရာအားဖြင့် ပုံမှန်လေ့လာကြည့်ရှုစောင့်ရှောက်ပြီး လိုအပ်လာပါက နည်းပညာအထောက်အပံ့များအားလည်း ပေးအပ်သွားပါမည်။*

*၃။ ပျက်စီးသွားသောပစ္စည်းများအစားထိုးပေးသွားမည်ဖြစ်ပါသည်။ (အကယ်၍ ပျောက်ဆုံးမှုရှိခဲ့လျှင် ၄င်းပစ္စည်းများအား အစားထိုးမည် မဟုတ်ပါ) ။*

## နေရောင်ခြည်စွမ်းအင်သုံး (ဆိုလာ) စနစ် လွှဲပြောင်းမှုတွင်ပါဝင်သော ပစ္စည်းစာရင်း

နေရောင်ခြည်စွမ်းအင်သုံး (ဆိုလာ) စနစ်တွင် ပါဝင်သည့် ပစ္စည်းများအား အသေးစိတ် ဖော်ပြချက်

- နေရောင်ခြည်စွမ်းအင်သုံး (ဆိုလာ) စနစ် (            ) ခု
- နေရောင်ခြည်စွမ်းအင်သုံး (ဆိုလာ) စနစ် ချိတ်ဆွဲရန် သတ္တုကွင်း (            ) ခု
- သော့ခလောက် (            ) ခု
- ကွန်ကရစ်တိုင် (            ) ခု

| **နေရောင်ခြည်စွမ်းအင်သုံး (ဆိုလာ) စနစ်တွင် ပါဝင်သည့် ပစ္စည်းများအား အသေးစိတ် ဖော်ပြချက်** | |
|---|---|
| နေရောင်ခြည်စွမ်းအင်သုံးစနစ်တွင် ပါဝင်သောပစ္စည်းများ | 40 W/ 12 V LED လမ်းမီး<br>50W/ 18V ဆိုလာပြား<br>24Ah/ 12.8V ဘယ်ထရီ<br>MPPT ဆိုလာထိမ်းကိရိယာ<br>ပါဝင်သောပစ္စည်းများ ထည့်ရန်သတ္တုပုံး<br>ဆက်စပ်ပစ္စည်းများ |
| မိုးရွာသောနေ့နှင့် တိမ်ထူသောနေ့များတွင် ခံနိုင်သောစွမ်းအား | ၂ ရက် |
| နေ့စဉ်အလင်းရောင်ရရှိမှု အချိန် | မှောင်မိုက်သောအချိန်မှ မိုးမလင်းမီအချိန်အထိ တစ်ညလုံး လင်းအား ၁၅၀၀ လင်းရောင်ပေးသည်။ |
| တပ်ဆင်ထားမှု | ဆိုလာမီးလုံးအား မြေကြီးမှ ၅ မီတာအမြင့်တွင် တပ်ဆင်ထားပါသည်။ |

## နေရောင်ခြည်စွမ်းအင်သုံး (ဆိုလာ) စနစ် စီမံခန့်ခွဲမှုအတွက် သဘောတူကြောင်းလက်မှတ်ရေးထိုးသည်

ကိုယ်စားပြုပုဂ္ဂိုလ်
(အမျိုးသားအဖွဲ့)

| | |
|---|---|
| နာမည် | |
| လက်မှတ် | |
| အဆောင်နံပါတ် | |
| အခန်းနံပါတ် | |


ကိုယ်စားပြုပုဂ္ဂိုလ်
(အမျိုးသမီးအဖွဲ့)

| | |
|---|---|
| နာမည် | |
| လက်မှတ် | |
| အဆောင်နံပါတ် | |
| အခန်းနံပါတ် | |

| အမျိုးသားအဖွဲ့ | | | | အမျိုးသမီးအဖွဲ့ | | |
|---|---|---|---|---|---|---|
| နာမည် | လက်မှတ် | အဆောင်နံပါတ်/<br>အခန်းနံပါတ် | | နာမည် | လက်မှတ် | အဆောင်နံပါတ်/<br>အခန်းနံပါတ် |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |

| | |
|---|---|
| OXSI ကိုယ်စားပြုပုဂ္ဂိုလ် | နာမည် ။<br><br>ရာထူး ။<br><br>လက်မှတ် ။ |


UKaid
from the British people
အိမ်တွင်းအမှိုက်စွန့်ပစ်ခြင်း
ကွန်ကရစ်အမှိုက်ပုံးထဲတွင်အမှိုက်စွန့်ပစ်ခြင်း
အမှိုက်များကို မြေဆွေးတွင်းနှင့်
အမှိုက်မီးရှို့စက်သို့ ပို့ဆောင်ခြင်း
OXFAM
အပုံးပါသော အမှိုက်ပုံးကို စားကြွင်းစားကျန်များထည့်ပါ။
ကျန်တစ်ပုံးတွင် ပလက်စတစ်များနှင့် အမှိုက်ခြောက်များထည့်ပါ။
ကွန်ကရစ်ဂွေအမှိုက်ပုံးတစ်ခု၌ စားကြွင်းစားကျန်များထည့်ပါ။
အခြားကွန်ကရစ်ဂွေအမှိုက်ပုံးတစ်ခု၌ ပလက်စတစ်နှင့်
အမှိုက်ခြောက်များထည့်ပါ။
သန့်ရှင်းရေးသမားများမှ နေ့စဉ်အမှိုက်ပုံးများတွင်
အမှိုက်များကို ခွဲခြားသယ်ယူပြီး အမှိုက်ကန်နှင့်မီးရှို့စက်သို့
နေ့စဉ်ပို့မှန်ရှင်းလင်းလျှက်ရှိပါသည်။ လူထုမှလည်း
အမှိုက်များကို ခွဲခြားစွန့်ပစ်ရန်အရေးကြီးပါသည်။




**PROJECT**
INCINERATOR
(14'X12'X15')

**SUBJECT**
FOUNDATION PLAN
VIEW

**Sheet No.**
**P-01**

**Scale**
**Viewsprt**


**Date**
**20 AUG, 19**

**Drawing By;**
**SHAR MAR**

**Checked By;**
**WIN OO**

**Approved By;**

SOLIDARITÉS INTERNATIONAL




**PROJECT**
INCINERATOR
(14'X12'X15')

**SUBJECT**
FRONT VIEW

**Sheet No.**
**P-03**

**Scale**
**Viewsprt**


**Date**
**20 AUG, 19**

**Drawing By;**
**SHAR MAR**

**Checked By;**
**WIN OO**

**Approved By;**

SOLIDARITÉS INTERNATIONAL




**PROJECT**

INCINERATOR
(14'X12'X15')

**SUBJECT**

SIDE VIEW

**Sheet No.** **P-02**

**Scale** **Viewsprt**


**Date** **20 AUG, 19**

**Drawing By;** **SHAR MAR**

**Checked By;** **WIN OO**

**Approved By;**

SOLIDARITÉS INTERNATIONAL




**PROJECT**

INCINERATOR
(14'X12'X15')

**SUBJECT**

BACK VIEW

**Sheet No.** **P-03**

**Scale** **Viewsprt**

**Date** **20 AUG, 19**

**Drawing By;** **SHAR MAR**

**Checked By;** **WIN OO**

**Approved By;**

SOLIDARITÉS INTERNATIONAL

### အမှိုက်မီးရှို့စက်ဆောက်လုပ်ရန်အတွက် ပစ္စည်းလိုအပ်မှု ဆိုင်ရာ ခန့်မှန်းခြေ ကုန်ကျမှု စာရင်း


| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | အရေအတွက် | တစ်ခုချင်း ဈေးနှုန်း (မြန်မာကျပ်) | စုစုပေါင်း ကုန်ကျငွေ |
|---|---|---|---|---|---|
| *က။ ပစ္စည်းစာရင်း* | | | | | |
| ၁ | မီးခံဘိလပ်မြေ | အိတ် | ၇. | ၅၃၀၀၀ | ၃၇၁၀၀၀ |
| ၂ | ဘိလပ်မြေ | အိတ် | ၄၅. | ၈၅၀၀ | ၃၈၂၅၀၀ |
| ၃ | မီးခံအုတ် | ချပ် | ၁၀၅၀. | ၁၈၀၀ | ၁၈၉၀၀၀၀ |
| ၄ | အုတ် | ချပ် | ၃၁၀၀. | ၁၄၀ | ၄၃၄၀၀၀ |
| ၅ | သဲ | ကျင်း | ၂.၅ | ၂၆၅၀၀ | ၆၆၂၅၀ |
| ၆ | ကျောက်စရစ် | ကျင်း | ၁.၅ | ၈၅၀၀၀ | ၁၂၇၅၀၀ |
| ၇ | အုတ်ကျိုး | ကျင်း | ၁.၅ | ၇၅၀၀၀ | ၁၁၂၅၀၀ |
| ၈ | အိမ်ရိုက်သံ | ပိဿာ | ၂. | ၃၀၀၀ | ၆၀၀၀ |
| ၉ | အမိုးသံ | ပိဿာ | ၁.၅ | ၃၀၀၀ | ၄၅၀၀ |
| ၁၀ | သွပ်ကြိုး | ပိဿာ | ၁.၅ | ၃၅၀၀ | ၅၂၅၀ |
| ၁၁ | ၈' x ၃' သွပ်ပြား | ချပ် | ၂. | ၇၅၀၀ | ၁၅၀၀၀ |
| ၁၂ | ၁၀' x ၂'-၃" CGI အမိုးသွပ် (အစိမ်း/အပြာ) | ချပ် | ၁၆. | ၇၅၀၀ | ၁၂၀၀၀၀ |
| ၁၃ | ၈' x ၄' ၅ထပ်သား | ချပ် | ၂. | ၂၀၀၀၀ | ၄၀၀၀၀ |
| ၁၄ | အချင်း၁၂ မီလီမီတာ ၆"အရှည် ရှိသော ဝါချာပါ မူလီ | ဆပ် | ၁၀. | ၆၀၀ | ၆၀၀၀ |
| ၁၅ | အချင်း၁၂ မီလီမီတာ ၅"အရှည် ရှိသော ဝါချာပါ မူလီ | ဆပ် | ၁၅. | ၅၀၀ | ၇၅၀၀ |
| ၁၆ | ၂" x ၁'-၆" ရှိသော အပေါက်နှစ်ခုပါသော ဟန်ဂလန် | ခု | ၆. | ၂၀၀၀ | ၁၂၀၀၀ |
| ၁၇ | အချင်း ၁၆ မီလီမီတာ၊ အရှည် ၃၉.၅ ပေ ရှိသော သံချောင်း | ခု | ၂၀. | ၁၀၀၀၀ | ၂၀၀၀၀၀ |
| ၁၈ | အချင်း ၈ မီလီမီတာ ရှိသော သံချောင်း (အရစ်အပါသော) | ဟန် | ၁. | ၆၀၀၀၀ | ၆၀၀၀၀ |
| ၁၉ | အချင်း ၁၂ မီလီမီတာ၊ အရှည် ၃၉.၅ ပေ ရှိသော သံချောင်း | ချောင်း | ၂. | ၁၀၀၀၀ | ၂၀၀၀၀ |
| ၂၀ | အချင်း ၁၆ မီလီမီတာ၊ အရှည် ၃၉.၅ ပေ ရှိသော သံချောင်း | ချောင်း | ၁. | ၁၂၀၀၀ | ၁၂၀၀၀ |
| ၂၁ | ၄" x၄"x ၉' သစ်မာသား (အင်၊ ကညင် သစ်) | ချောင်း | ၄. | ၁၂၀၀၀ | ၄၈၀၀၀ |
| ၂၂ | ၄" x၄"x ၁၂' သစ်မာသား (အင်၊ ကညင် သစ်) | ချောင်း | ၂. | ၁၂၀၀၀ | ၂၄၀၀၀ |
| ၂၃ | ၄" x၂"x ၁၂' ခေါင်စီးတန်း (အင်၊ ကညင် သစ်) | ချောင်း | ၃. | ၆၀၀၀ | ၁၈၀၀၀ |
| ၂၄ | ၃" x၂"x ၁၂' ဒိုင်းတန်း (အင်၊ ကညင် သစ်) | ချောင်း | ၈. | ၄၅၀၀ | ၃၆၀၀၀ |
| ၂၅ | ၃" x၂"x ၁၅' သံဖြူတန်း (အင်၊ ကညင် သစ်) | ချောင်း | ၆. | ၆၈၇၅ | ၄၁၂၅၀ |
| ၂၆ | ၆" x၁"x ၁၂' လေကာပျဉ် (အင်၊ ကညင် သစ်) | ချောင်း | ၆. | ၅၅၀၀ | ၃၃၀၀၀ |
| ၂၇ | ၁၂ မီလီမီတာအထူ၊ ၃၀" x၂၄" အကျယ်ရှိသော သံမဏိတံခါး (ကျည်းပေါင်အပါ) | ချောင်း | ၁. | ၅၀၀၀၀ | ၅၀၀၀၀ |
| ၂၈ | ၁၂ မီလီမီတာအထူ၊ ၁၈" x၁၈" အကျယ်ရှိသော သံမဏိတံခါး (ကျည်းပေါင်အပါ) | ချောင်း | ၁. | ၃၀၀၀၀ | ၃၀၀၀၀ |
| ၂၉ | ၁၂ မီလီမီတာအထူ၊ ၁၂" x၁၂" အကျယ်ရှိသော သံမဏိတံခါး (ကျည်းပေါင်အပါ) | ချောင်း | ၁. | ၁၅၀၀၀ | ၁၅၀၀၀ |

| | | | | | |
|---|---|---|---|---|---|
| ၃၀ | အချင်း ၄"၊ အရှည် ၁၉.၅' ရှိသော သံပိုက် (မီးခိုးတိုင် တပ်ဆင်ရန်) | ချောင်း | ၁. | ၉၀၀၀၀ | ၉၀၀၀၀ |
| ၃၁ | အချင်း ၂"၊ အရှည်၈' ရှိသော သံပိုက် | ပေ | ၁. | ၁၈၀၀၀ | ၁၈၀၀၀ |
| ၃၂ | အနီရောင်ဆေး | ဂါလံ | ၁. | ၁၃၀၀၀ | ၁၃၀၀၀ |
| *က။ ပစ္စည်းများအတွက် စုစုပေါင်း ကုန်ကျစရိတ်* | | | | | **၄၃၀၈၂၅၀** |
| *ခ။ လုပ်သားအင်အား* | | | | | |
| ၁ | နေ့စားကျွမ်းကျင်လုပ်သား (ပန်းရံ၊ လက်သမား၊ ဂဟေဆက်သမား) | ယောက် | ၄၇ | ၇၅၀၀ | ၃၅၂၅၀၀ |
| ၂ | နေ့စားလုပ်သား | ယောက် | ၄၁ | ၅၀၀၀ | ၂၀၅၀၀၀ |
| *ခ။ လုပ်သားအင်အားအတွက် စုစုပေါင်း ကုန်ကျစရိတ်* | | | | | **၅၅၇၅၀၀** |
| *ဂ။ ပစ္စည်းများသယ်ယူပို့ဆောင်ခ စရိတ်* | | | | | **၈၀၀၀၀၀** |
| *အမှိုက်မီးရှို့စက်ဆောက်လုပ်ရန် အတွက် ပစ္စည်း + လုပ်သား စုစုပေါင်း ကုန်ကျစရိတ်* | | | | | **၅၆၆၅၇၅၀** |

## အမှိုက်မီးရှို့စက် ကောင်းမွန်မှုရှိ/မရှိ စစ်ဆေးခြင်း

| Field | Question | Answer | | |
|---|---|---|---|---|
| date_of_survey (required) | စစ်တမ်းကောက်ယူ သည့်နေ့ | | | |
| enumerator_name (required) | စာရင်းကောက်ယူသူ အမည် | | | |
| camp_name (required) | စခန်းအမည် | | tcc | TCC |
| | | | dpc | DPC |
| | | | hmz | HMZ |
| | | | bdc | BDC |
| | | | bsr | BSR |
| | | | mtn | MTN |
| | | | tkp1 | TKP1 |
| | | | tkp2 | TKP2 |
| | | | kdk | KDK |
| | | | otg1 | OTG1 |
| | | | otg3 | OTG3 |
| | | | otg6 | OTG6 |
| | | | otc | OTC |
| | | | stmg | STMG |
| sector_number | Sector နံပါတ် | | 1 | 1 |
| | | | 2 | 2 |
| | | | 3 | 3 |
| | | | 4 | 4 |
| | | | 6 | 6 |
| reference_number (required) | Reference နံပါတ် | | | |
| Status_of_the_incinerator_fencing (required) | မီးရှို့စက် ၏ ခြံစည်းရိုးအခြေအနေ | | good | ကောင်းမွန်ပါသည်(ကောင်းမွန်သောတံခါးများ ၊ တိုင်များ ၊ တိုင်များနှင့် ကောင်းစွာ ကာရံထားခြင်း ၊ ခြံစည်းရိုးများတွင် အပေါက်မရှိခြင်း) |
| | | | to_be_maintain | ပြုပြင်ထိန်သိမ်းရန်လိုအပ်ခြင်း ( ခြံစည်းရိုး တစ်စိတ်တစ်ပိုင်း ပျက်စီးခြင်း သို့မဟုတ် အကာအရံလုံးဝမရှိခြင်း) |
| Is_there_a_the_collection_pointdrying_space_inside_fencing (required) | ခြံစည်ရိုးအတွင်း (အမှိုက်များ စုပုံထားသောနေရာ/ အခြောက်ခံသောနေရာ) ရှိပါသလား | | yes | ရှိပါသည် |
| | | | no | မရှိပါ |

| | | | | |
|---|---|---|---|---|
| If_yes_is_there_a_concrete_slab (required) | ရှိပါက : ကွန်ကရစ်နှင့်ပြုလုပ်ထားပါသလား | | yes | ကွန်ကရစ်နှင့်ပြုလုပ်ထားပါသည်။ |
| | | | no | ကွန်ကရစ်နှင့်ပြုလုပ်မထားပါ။ |
| If_yes_Status_of_the_collection_ point (required) | ကွန်ကရစ်နှင့်ပြုလုပ်ထားပါက- အမှိုက်များကိုစုပုံထားသောနေရာ၏ အခြေအနေ | | good | ကောင်းမွန်ပါသည် |
| | | | to_be_ maintain | ပြုပြင်ထိန်သိမ်းရန်လိုအပ်ခြင်း (အင်္ဂတေအက်ကွဲ/ပျက်စီးခြင်း) |
| Is_the_incinerator_able_to_run_to_date (required) | မီးရှို့စက်၏ အခြေအနေ - နေ့စဉ်အသုံးပြုနေပါသလား? | | yes | အသုံးပြုနေပါသည် |
| | | | no | အသုံးမပြုပါ |
| If_No_write_down_the_problems (required) | အသုံးမပြုနိုင်ပါက ပြဿနာများကိုဖော်ပြပါ | | | |
| Is_there_any_crack_out_side_or_on_the_ incinerator (required) | မီးရှို့စက်၏ အတွင်း သို့မဟုတ် အပြင် တစ်နေရာရာတွင် အပျက်အစီးရှိပါသလား | | yes | ရှိပါသည် |
| | | | no | မရှိပါ |
| Are_the_doors_of_the_oven_and_ the_ash_room_in_place (required) | မီးဖိုတံခါးနှင့် ပြာခန်းတို့သည် နေရာတကျရှိပါသလား | | yes | ရှိပါသည် |
| | | | no | မရှိပါ |
| Is_there_a_roof_on_the_incinerator (required) | မီးရှို့စက် တွင် ခေါင်မိုးရှိပါသလား | | yes | ရှိပါသည် |
| | | | no | မရှိပါ |
| Status_of_the_incinerator_roofing (required) | ရှိပါက: မီးရှို့စက်၏ ခေါင်မိုးအခြေအနေ | | good | ကောင်းမွန်ပါသည်(သစ်သားတန်းများနှင့် ခေါင်းမိုးများကောင်းမွန်ပါသည်) |
| | | | To_be_ maintain | ပြုပြင်ထိန်သိမ်းရန်လိုအပ်ခြင်း(သစ်သားတန်းများ/ ခေါင်းမိုး တန်းများပျောက်ဆုံးခြင်း) |




**PROJECT**
RECTANGLE MHM BOX DESIGN

**SUBJECT**
PLAN, SIDE & FRONT VIEW

**Sheet No.**
**P-01**

**Scale**
**Viewsprt**


**Date**
**25 JUNE, 19**

| အဆင့် (၃) မြန်မာနိုင်ငံတွင် ရောဂါဖြစ်ပွားမှု တိုးလာပြီး OXSI အဖွဲ့ လုပ်ကိုင်နေသည့် နေရာ များတွင်လည်း ရောဂါဖြစ်ပွားသူများ တွေ့ရှိလာခြင်း။ | ဖြစ်စဥ် (စီ) - အန္တရာယ် အဆင့် မြင့်မား လာပြီဖြစ်သည်။ (သံသယ လူနာ သို့မဟုတ် အတည်ပြုထားသည့်) COVID-19 လူနာ အရေအတွက် အများအပြားတိုးလာနေပြီး စီမံကိန်း လုပ်ဆောင်သည့် နေရာများတွင် ပါ တွေ့ရှိလာရသည်။ |

** ထိုသို့ဖြစ်သည့် အဆင့်များတွင် ဖော်ပြထားသည့် Oxfam-SI ၏ WASH ပရိုဂရမ် လုပ်ကိုင်သည့် နေရာဆိုသည်မှာ စစ်တွေမြို့နယ်ကို ပြောလိုခြင်းဖြစ်ပါသည်။ စစ်တွေရှိ စခန်းများ တွင် ကိုရိုနာဗိုင်းရပ်စ် ရောဂါပိုးကို ကျယ်ပြန့်စွာ စစ်ဆေးခြင်း လုပ်နိုင်မည် မဟုတ်သည့် အပြင် စခန်းများ နှင့် စစ်တွေမြို့ ကြား ပုံမှန် ကူးလူး သွားလာမှုများရှိသည့် အတွက် စစ်တွေမြို့တွင် ရောဂါပိုးရှိသူကို တွေ့ရှိရပါက အဆင့် (၃)/အဆင့် (C) သို့ ချက်ချင်းရောက်သွားနိုင်ပါသည်။*

စစ်တွေမြို့နယ်တွင် Oxfam နှင့် SI တို့မှ အကောင်အထည်ဖော်ဆောင်ရွက် နေသည့် WASH ပရိုဂရမ်များအတွက် အောက်တွင် ဖော်ပြပေးထားသည့် အရေးပေါ် စီမံချက် (contingency plan) တွင် ရောဂါဖြစ်ပွားသည့် အဆင့် အလိုက် ဆက်လက်လုပ်ဆောင်သည့်သော၊ ရပ်တန့်သင့်သော သို့မဟုတ် ပြောင်းလဲသင့် သည့် အစီအစဥ်များ နှင့် တာဝန်ရပ်များကို အကျဥ်းချုပ်ဖော်ပြပေးထားပါသည်။ အဆိုပါ အဆင့် တိုင်းတွင် ကြိုတင်ပြင်ဆင်နိုင် စေရန် မန်နေဂျာများ အတွက် ရေးသားထားသည့် အထွေထွေ လမ်းညွှန်ချက်များလည်း ရှိပါသည်။ သို့သော် အဆိုပါ ဖော်ပြချက်များသည် ပြောင်းလဲနိုင်ပါသည်။ အချို့ အစီအစဥ်များကို ဘယ်နှစ်ကြိမ်ခန့်၊ မည်သို့ လုပ်ဆောင်သင့် သည် နှင့် မည်သည့် အစီအစဥ်များကို ရပ်တန့်ထားသင့် သည် ဆိုသည့် အချက်များ အတွက် လမ်းညွှန်မှု ရရှိနိုင်ရန် သင ၏ အထက်လူကြီး မန်နေဂျာ နှင့် တိုင်ပင်ဆွေးနွေးပါ။

Contingency
planning COVID-19

မြန်မာနိုင်ငံတွင် COVID-19 ရောဂါပြန့်ပွားမှုကို လျှော့ချနိုင်ရန် အတွက် လုပ်ဆောင်သည့် အစီအစဥ်များ ၏ တစိတ်တပိုင်း အနေဖြင့် မြန်မာနိုင်ငံတော်အစိုးရမှ ပုံမှန်ထုတ်ပြန်လျက် ရှိသည့် စည်းမျဥ်းများ နှင့် ညွှန်ကြားချက်များ ကို Oxfam နှင့် SI  ဝန်ထမ်းများမှ လိုက်နာဆောင်ရွက်ဖို့လိုပါသည်။ မည်သည့် အခြေအနေ နှင့် ဖြစ်စဥ် တွင် မဆို ပိုမိုတင်းကျပ်သည့် စည်းမျဥ်းများကို လိုက်ခံကျင့်သုံးသွားမည်ဖြစ်ပါသည်။

*မှတ်ချက် - ပစ္စည်းများ ဖြန့်ဝေခြင်း နှင့် သက်ဆိုင်သည့် စံ လုပ်ထုံးလုပ်နည်း ကို သီးခြား ထုတ်ပြန်ပေးထားပြီး ဖြစ်ပါသည်။ သို့သော် ရောဂါဖြစ်ပွားသည့် အဆင့် ပြောင်းလဲသွားပါက လုပ်ဆောင်နိုင်ရန် ပစ္စည်းများ ဖြန့်ဝေခြင်းဆိုင်ရာ လမ်းညွှန်ချက်ကို အောက်ဆုံး ဇယားတွင် ဖော်ပြပေးထားပါသည်။*

| အစီအစဉ်များ | ကာကွယ်စောင့်ရှောက်ခြင်း နှင့် ဘေးအန္တရာယ်စီမံခန့်ခွဲခြင်း ဆိုင်ရာ နည်းဗျူဟာများ | | |
|---|---|---|---|
| | **အဆင့် (၁)/ဖြစ်စဥ် (အေ)** | **အဆင့် (၂)/ဖြစ်စဥ် (ဘီ)** | **အဆင့် (၃)/ဖြစ်စဥ် (စီ)** |
| **အုပ်စုဖွဲ့ဆွေးနွေးခြင်း/ အဖွဲ့ငယ်များ ဖြင့် စည်းဝေးခြင်း** | - လူအများဆုံး ၁၀ မှ ၁၂ ယောက်ထိသာ ပါဝင်စေပါ။<br>- လူတစ်ဦး နှင့် တစ်ဦး ၆ပေ (၂မီတာ) အကွာ တွင် ထားနိုင်မည့် ကျယ်ကျယ်ဝန်းဝန်းရှိသည့် နေရာ၊ လေဝင်လေထွက်ကောင်းသည့် နေရာကို ရွေးပါ။ ဖြစ်နိုင်လျှင် အပြင်တွင် လုပ်ပါ။<br>- ပြင်ပတွင် လုပ်ရန် သို့မဟုတ် ပြတင်းပေါက် များဖွင့်၍ လုပ်၍ မရနိုင်သည့် ရာသီဥတု အခြေအနေဖြစ်နေပါက အခန်းနေရာသည် လူများကို ၆ပေ အကွာတွင် ခွာ၍ ထားနိုင်အောင် ကျယ်ဝန်းသည့် နေရာကို ရွေးချယ်ပါ။<br>- လက်ဆေးနိုင်မည့် နေရာများကို လုပ်ပေးထား ပါ။ တက်ရောက်မည့် သူများ မဝင်ရောက် မီ နှင့် ပြန်ထွက်သွားသည့် အချိန် တွင် လက်ဆေးရန် ပြောပြပေးပါ။<br>- တက်ရောက်မည့် သူသည် နေမကောင်း ဖြစ်နေ ပါက အစည်းအဝေးကို မတက်ရောက်ပဲ အိမ်တွင်သာ နေရန် ပြောပါ။<br>- ဆွေးနွေးကြသည့် ခေါင်းစဥ်တိုင်းတွင် အသိပညာပေးပြောပြပေးရန် နှင့် စိုးရိမ်မိသည့် အချက်များကို ဆွေးနွေးရန် အချိန် ပေးပါ။ တာဝန်ယူနိုင်သည့် ကဏ္ဍအကြောင်း အသိပညာမြှင့်တင်ပေးပြီး နောက် တက်ရောက်သူများ ဆက်သွယ်နိုင်မည့် သီးသန့် ဖုန်းလိုင်းများ ၏ ဖုန်းနံပါတ်များကို မျှဝေပေးပါ။<br>- ဆွေးနွေးမှု ပြီးဆုံးပါက အသုံးပြုခဲ့သည့် နေရာ ရှိ မျက်နှာပြင်များ ကို ပိုးသတ်ပါ။<br>- အုပ်စုဖွဲ့ဆွေးနွေးမှုများကို ပြုလုပ်သည့် အခါတွင် လူဦးရေ ကို အတတ်နိုင်ဆုံး အနည်းဆုံး ဖြင့်သာ လုပ်ဆောင်ပါ။ | - **အဆင့် (၁) ပါ လမ်းညွှန်ချက် များ အတိုင်းလိုက်နာပါ။** သို့သော် လိုအပ်ပြီး အရေးကြီး သည့် အုပ်စုဖွဲ့ဆွေးနွေး မှု/အစည်းအဝေးများကို သာ ပြုလုပ်ခြင်း ဖြင့် အစည်းအဝေး အရေအတွက်များကို လျှော့ချပါ။ (ဥပမာ - အသက် ကယ်နိုင်မည့် ရောဂါ ဖြစ်ပွားမှု ထိန်းချုပ်ရေး အစီအစဥ်များ အကြောင်း၊ ရောဂါပိုး နှင့် ဆိုင်သည့် အမြင် အကြောင်း အရာ များ နှင့် ကျန်းမာရေး နှင့် ညီညွတ်သည့် အမူအကျင့်များ အကြောင်းဆွေးနွေးမှုများ စသည်ဖြင့်)။<br>- အများဆုံး လူ (၅) ယောက် ထိ သာ တွေ့ဆုံပါ။ ထိုလူ (၅) ယောက်ကို (၆) ပေ စီ ခွာ၍နေရာချ ပေး ထားပါ။<br>- နိုင်ငံတော်အစိုးရမှ ထုတ်ပြန် ထားသည့် လမ်းညွှန်ချက်များ ကို ပုံမှန် သုံးသပ်လေ့လာပါ။ ထိုအပြင် ဒေသတွင်းဖြစ်ပွားနေ သည့် အခြေအနေများ နှင့် ကိုက်ညီ သည့် အကြံပြုချက် များ ပေးပါ။<br>- ရနိုင်သည့် အခြေအနေ ဖြစ်ပါက အဝတ်ဖြင့် လုပ်ထားသည့် နှာခေါင်းစည်းဖြစ်စေ၊ ဆေးခန်းသုံး နှာခေါင်းစည်းဖြစ်စေ တပ်ထားပါ။ | - အုပ်စုဖွဲ့ဆွေးနွေးခြင်း/အစည်းအဝေး များ ပြုလုပ်ခြင်းကို ရပ်တန့်ထားပြီး အကြံပြုချက်များ၊ ရပ်ရွာ လူထု ၏ အကြံပြုသံ များကို ရယူရန် တယ်လီဖုန်းဆက်ခြင်း သို့မဟုတ် မက်ဆေ့ပို့ခြင်းစသည့် အခြား နည်းလမ်း ကို အသုံးပြုပါ။ အုပ်စု အသီးသီး ၏ သတင်းအချက်အလက် များ လက်လှမ်းမှီနိုင်မှု အခြေအနေကို ထည့်သွင်း စဥ်းစား၍ လုပ်ဆောင်ပါ။ |
| | **အဆင့် (၁)/ဖြစ်စဥ် (အေ)** | **အဆင့် (၂)/ဖြစ်စဥ် (ဘီ)** | **အဆင့် (၃)/ဖြစ်စဥ် (စီ)** |
| **(အိမ်ထောင်စု အဆင့် ရေ နမူနာ များကောက် ယူခြင်းအပါ အဝင်) တစ်အိမ်တက် တစ်အိမ်ဆင်း သွားရောက် သည့်/ အိမ်တိုင်ရာ ရောက် သွားရောက်** | - အိမ်ထဲသို့ မဝင်ရောက်ပဲ ဆွေးနွေးမေးမြန်းမှု များကို အိမ်တံခါးဝ တွင် သာ တတ်နိုင်သ၍ လုပ်ဆောင်ပါ။<br>- ဆွေးနွေးမေးမြန်းမိသူများ နှင့် အနည်းဆုံး ၆ပေ(၂ မီတာ) အကွာတွင် သာ နေ၍ လုပ်ဆောင်ပါ။<br>- ဆွေးနွေးမှုများ လုပ်သည့် အခါတွင် မိသားစု ဝင် (၁) ဦး သို့မဟုတ် လူဦးရေ အနည်းဆုံး ဖြင့် သာ လုပ်ဆောင်ပါ။<br>- လက်ဆွဲနှုတ်ဆက်ခြင်း ကဲ့သို့သော် ထိတွေ့မှု များကို ရှောင်ကျဥ်ပါ။<br>- လက်ဆေးရည် ဖြင့် ဖြစ်စေ၊ ရေ နှင့် ဆပ်ပြာသုံး၍ ဖြစ်စေ လက်ကို ပုံမှန်ဆေးပါ။<br>- သင့် မျက်နှာကို မထိမကိုင်ပါနှင့်။<br>- ချောင်းဆိုး၊ နှာချေလျှင် သင့် တံခေါက်ကွေး | - **အဆင့် (၁) တွင် ဖော်ပြထား သည့် လမ်းညွှန်ချက်များကို လိုက်နာပါ။ ထိုအပြင် -**<br>- သင်သွားရောက်သည့် မိသားစု တွင်း တစ်စုံတစ်ယောက် ဖျား နာနေလျှင် ကုသမှုများကို လွှဲပြောင်းရယူနိုင်မည့် လမ်းကြောင်း နှင့် သွားရောက် ကုသနိုင်မည့် ဆေးခန်း၊ ဆေးရုံ အကြောင်း ကို လမ်းညွှန်ပေးပါ။<br>- COVID-19 ရောဂါ ကာကွယ် ရေး အတွက် ပံ့ပိုးပေးနိုင်မည့် အရေးကြီးသော ကိစ္စရပ်များ အတွက်သာ အိမ်တိုင်ရာရောက် မေးမြန်းမှုကိုလုပ်ပါ။<br>- တာဝန်ယူမှု ရှိစွာဖြင့် လုပ်ဆောင် နိုင်မည့် နည်းလမ်းကို သိရှိစေရန် ပြောပြပေးပြီး ဆွေးနွေးမေးမြန်း နေသည့် သူ အား အရေးပေါ် ဆက်သွယ်နိုင် သည့် ဖုန်းနံပါတ် | - အသက်ကယ်ဆယ်နိုင်သည့် အရေးကြီး ကိစ္စရပ်များ အတွက် မှ လွဲ၍ အိမ်တိုင်ရာ ရောက်သွားသည့် အစီအစဥ်များကို မပြုလုပ်ပါနှင့်။ သို့သော် တစ်ကိုယ်ရည် ကာကွယ်ရေး ဝတ်စုံ (PPE) များမရနိုင်ပါက အိမ်တိုင်ရာ ရောက်သွားခြင်းကို မပြုလုပ်ပါနှင့်။<br>- **အဆင့် (၁) နှင့် အဆင့် (၂) တွင် ပါဝင်သည့် အကြံပြုချက်များကို လိုက်နာပါ။ ထိုအပြင် -**<br>- ထိတွေ့မှုကို ရှောင်ရှားပါ။ - ပစ္စည်းများကို ပေးပို့သည့် အခါ ပစ္စည်းများကို လက်နှင့် ကမ်းပေးသည် ထက် တံခါးဝ ရှေ့တွင် ချထားပေးပြီး သူတို့ကိုယ်တိုင်လာ၍ ယူစေပါ။<br>- အိမ်တစ်အိမ်ပြီး ၍ နောက်တစ်အိမ် |

| | | | |
|---|---|---|---|
| **သည့်<br>အစီအစဥ်များ** | ဖြင့် သို့မဟုတ် တစ်ရှူးစ ဖြင့် ဖုံးအုပ်ပါ။ | များ ကို ဝေမျှပေးပါ။<br>- ရနိုင်သည့် အခြေအနေ ဖြစ်ပါက အဝတ်ဖြင့် လုပ်ထားသည့် နှာခေါင်းစည်းဖြစ်စေ၊ ဆေးခန်းသုံး နှာခေါင်းစည်းဖြစ်စေ တပ်ထားပါ။ | မကူးခင် သင့်လက်ကို ပိုးသတ်ဆေးကြောပါ။<br>- ဆေးနွေးပြောဆိုဖို့ လိုအပ်လာပါက (၆) ပေအကွာမှ ပြောဆိုပါ။ (၆) ပေခွာ ရန် မဖြစ်နိုင်ပါက တံခါး ခြား၍ ပြောဆိုပါ။<br>- (ဆေးခန်းသုံး ဖြစ်စေ၊ အဝတ်နှင့် ဖြစ်စေ လုပ်ထားသည့်) နှာခေါင်းစည်း ကို တပ်ထားပါ။<br>- အိမ်တိုင်ရာရောက် ဆင်း၍ လုပ်နေရသည့် ဝန်ထမ်းများ အတွက် လိုအပ်သည့် အချိန်တိုင်း ပုံမှန် လက်ဆေးနိုင်မည့် နေရာများ သို့မဟုတ် လက်ဆေးရည်များ လုံလောက်စွာ ရှိနေစေပါ။ |
| | **အဆင့် (၁)/ဖြစ်စဥ် (အေ)** | **အဆင့် (၂)/ဖြစ်စဥ် (ဘီ)** | **အဆင့် (၃)/ဖြစ်စဥ် (စီ)** |
| **တစ်ဦးချင်း တွေ့ဆုံမေးမြန်းခြင်း (KII)** | - လူတစ်ဦး နှင့် တစ်ဦး ၆ပေ (၂မီတာ) အကွာ တွင် ထားနိုင်မည့် ကျယ်ကျယ်ဝန်းဝန်းရှိသည့် နေရာ၊ လေဝင်လေထွက်ကောင်းသည့် နေရာကို ရွေးပါ။ ဖြစ်နိုင်လျှင် အပြင်တွင် လုပ်ပါ။<br>- လက်ဆေးနိုင်မည့် နေရာများကို လုပ်ပေးထား ပါ။ အင်တာဗျူးဖြေမည့် သူများ မဝင်ရောက် မီ နှင့် ပြန်ထွက်သွားသည့် အချိန် တွင် လက်ဆေးရန် ပြောပြပေးပါ။<br>- တက်ရောက်မည့် သူသည် နေမကောင်း ဖြစ်နေ ပါက မေးမြန်းဆွေးနွေးမှု အစီအစဥ်ကို မတက်ရောက်ပဲ အိမ်တွင်သာ နေရန် ပြောပါ။<br>- ဆွေးနွေးကြသည့် ခေါင်းစဥ်တိုင်းတွင် အသိပညာပေးပြောပြပေးရန် နှင့် စိုးရိမ်မိသည့် အချက်များကို ဆွေးနွေးရန် အချိန် ပေးပါ။ တာဝန်ယူနိုင်သည့် ကဏ္ဍအကြောင်း အသိပညာမြှင့်တင်ပေးပြီး နောက် တက်ရောက်သူများ ဆက်သွယ်နိုင်မည့် သီးသန့် ဖုန်းလိုင်းများ ၏ ဖုန်းနံပါတ်များကို မျှဝေပေးပါ။<br>- ဆွေးနွေးမှု ပြီးဆုံးပါက အသုံးပြုခဲ့သည့် နေရာ ရှိ မျက်နှာပြင်များ ကို ပိုးသတ်ပါ။<br>- တစ်ဦးချင်းတွေ့ဆုံမေးမြန်းသည့် အစီအစဥ် အတွက် လူတတ်နိုင်သမျှ အနည်းဆုံးဖြင့်သာ လုပ်ပါ။ | - **အဆင့် (၁) တွင် ဖော်ပြထား သည့် အတိုင်း လိုက်နာပါ။** သို့သော် မဖြစ်မနေ လုပ်ရန် လိုအပ်သည့် တွေ့ဆုံမေးမြန်းမှု ကိုသာ လုပ်ပါ။ ဖြစ်နိုင်လျှင် တယ်လီဖုန်းမှ တစ်ဆင့် မေးမြန်း ၍ လုပ်ဆောင်ပါ။<br>- အများဆုံး လူ (၅) ယောက် ထိ သာ တွေ့ဆုံပါ။ (၆) ပေ စီ ခွာ၍နေရာချ ပေး ထားပါ။<br>- နိုင်ငံတော်အစိုးရမှ ထုတ်ပြန် ထားသည့် လမ်းညွှန်ချက်များ ကို ပုံမှန် သုံးသပ်လေ့လာပါ။ ထိုအပြင် ဒေသတွင်းဖြစ်ပွားနေ သည့် အခြေအနေများ နှင့် ကိုက်ညီ သည့် အကြံပြုချက် များ ပေးပါ။ (ဥပမာ နှာခေါင်းစည်းများ လိုအပ်နိုင်သည်။)<br>- ရနိုင်သည့် အခြေအနေ ဖြစ်ပါက အဝတ်ဖြင့် လုပ်ထားသည့် နှာခေါင်းစည်းဖြစ်စေ၊ ဆေးခန်းသုံး နှာခေါင်းစည်းဖြစ်စေ တပ်ထားပါ။ | - လူ နှင့်တွေ့ဆုံမေးမြန်းရသည့် အစီအစဥ်များကို ရပ်တန့်ထား လိုက်ပါ။ လိုအပ်လာပါက တယ်လီဖုန်းဖြင့် ဖြစ်စေ၊ ဗီဒီယို ကောလ် ဖြင့် ဖြစ်စေ အခြား ဆက်သွယ် နိုင်သည့် နည်းလမ်းတစ်ခုခု ဖြင့်သာ လုပ်ဆောင်ပါ။ |
| | **အဆင့် (၁)/ဖြစ်စဥ် (အေ)** | **အဆင့် (၂)/ဖြစ်စဥ် (ဘီ)** | **အဆင့် (၃)/ဖြစ်စဥ် (စီ)** |
| **လူ ၂၀ နှင့် အထက်ပါဝင်သည့် အစည်းအဝေးပွဲများ** | - ဤ အစည်းအဝေးပွဲများကို လုပ်သည့် အခါတွင်လူဦးရေး အနည်းဆုံးဖြင့်သာ လုပ်ဆောင်ပါ။<br>- လူတစ်ဦး နှင့် တစ်ဦး ၆ပေ (၂မီတာ) အကွာ တွင် ထားနိုင်မည့် ကျယ်ကျယ်ဝန်းဝန်းရှိသည့် နေရာ၊ လေဝင်လေထွက်ကောင်းသည့် နေရာကို ရွေးပါ။ ဖြစ်နိုင်လျှင် အပြင်တွင် လုပ်ပါ။<br>- လက်ဆေးနိုင်မည့် နေရာများကို လုပ်ပေးထား ပါ။ အင်တာဗျူးဖြေမည့် သူများ မဝင်ရောက် မီ နှင့် ပြန်ထွက်သွားသည့် အချိန် တွင် လက်ဆေးရန် ပြောပြပေးပါ။ | - အစည်းအဝေးများ ပြုလုပ်ခြင်း ကို ရပ်တန့်ထားပြီး အကြံပြု ချက်များ၊ ရပ်ရွာလူထု ၏ အကြံပြုသံ များကို ရယူရန် တယ်လီဖုန်းဆက်ခြင်း သို့မဟုတ် မက်ဆေ့ပို့ခြင်းစသည့် အခြား နည်းလမ်း ကို အသုံးပြုပါ။ အုပ်စု အသီးသီး ၏ သတင်းအချက်အလက် များ လက်လှမ်းမှီနိုင်မှု အခြေအနေကို ထည့်သွင်းစဥ်းစား၍ လုပ်ဆောင်ပါ။ | - **အဆင့် (၂) အတိုင်း လုပ်ဆောင်ပါ။** |

| | | | |
|---|---|---|---|
| | - တက်ရောက်မည့် သူသည် နေမကောင်း ဖြစ်နေ ပါက မေးမြန်းဆွေးနွေးမှု အစီအစဥ်ကို မတက်ရောက်ပဲ အိမ်တွင်သာ နေရန် ပြောပါ။<br>- ဆွေးနွေးကြသည့် ခေါင်းစဥ်တိုင်းတွင် အသိပညာပေးပြောပြပေးရန် နှင့် စိုးရိမ်မိသည့် အချက်များကို ဆွေးနွေးရန် အချိန်ပေးပါ။ တာဝန်ယူနိုင်သည့် ကဏ္ဍအကြောင်း အသိပညာမြှင့်တင်ပေးပြီး နောက် တက်ရောက်သူများ ဆက်သွယ်နိုင်မည့် သီးသန့် ဖုန်းလိုင်းများ ၏ ဖုန်းနံပါတ်များကို မျှဝေပေးပါ။<br>- ဆွေးနွေးမှု ပြီးဆုံးပါက အသုံးပြုခဲ့သည့် နေရာ ရှိ မျက်နှာပြင်များ ကို ပိုးသတ်ပါ။ | | |
| | **အဆင့် (၁)/ဖြစ်စဥ် (အေ)** | **အဆင့် (၂)/ဖြစ်စဥ် (ဘီ)** | **အဆင့် (၃)/ဖြစ်စဥ် (စီ)** |
| **(လူ ၁၀၀ ကျော် ပါဝင်သည့်) ပွဲအစီအစဥ်များ** | ကြိုတင်ကာကွယ်သည့် အနေဖြင့် လူစုလူဝေးများစွာဖြင့် ကျင်းပရသည့် အစီအစဥ်များအားလုံးကို ဆိုင်းငံ့ထားရပါမည်။ ရပ်ရွာ လူထု ၏ အကြံပြုသံ များကို ရယူရန် တယ်လီဖုန်းဆက်ခြင်း သို့မဟုတ် မက်ဆေ့ပို့ခြင်း အပြင် နဖူးစည်းစာတမ်းများ၊ ပိုစတာများ ကပ်ခြင်း စသည့် အခြား နည်းလမ်း ကို အသုံးပြုပါ။ | | |
| | **အဆင့် (၁)/ဖြစ်စဥ် (အေ)** | **အဆင့် (၂)/ဖြစ်စဥ် (ဘီ)** | **အဆင့် (၃)/ဖြစ်စဥ် (စီ)** |
| **အလုပ်ရုံ အစည်းအဝေး များ/ သင်တန်းများ** | -ဤအစည်းအဝေးပြုလုပ်သည့် အရေအတွက် များကို အနိမ့်ဆုံးသို့ လျှော့ချပါ။<br>- လူတစ်ဦး နှင့် တစ်ဦး ဖြေပေ (၂မီတာ) အကွာ တွင် ထားနိုင်မည့် ကျယ်ကျယ်ဝန်းဝန်းရှိသည့် နေရာ၊ လေဝင်လေထွက်ကောင်းသည့် နေရာကို ရွေးပါ။ ဖြစ်နိုင်လျှင် အပြင်တွင် လုပ်ပါ။<br>- လက်ဆေးနိုင်မည့် နေရာများကို လုပ်ပေးထား ပါ။ အင်တာဗျူးဖြေမည့် သူများ မဝင်ရောက် မီ နှင့် ပြန်ထွက်သွားသည့် အချိန် တွင် လက်ဆေးရန် ပြောပြပေးပါ။<br>- တက်ရောက်မည့် သူသည် နေမကောင်း ဖြစ်နေ ပါက အစီအစဥ်ကို မတက်ရောက်ပဲ အိမ်တွင် သာ နေရန် ပြောပါ။<br>- ဆွေးနွေးမှုများ ပြုလုပ်ပါကလဲ အစီအစဥ် တိုင်းတွင် အသိပညာပေးသည့် ကဏ္ဍ နှင့် စိုးရိမ်မိသည့် အချက်အလက်များကို ဆွေးနွေး စေပါ။<br>- ဆွေးနွေးမှု ပြီးဆုံးပါက အသုံးပြုခဲ့သည့် နေရာ ရှိ မျက်နှာပြင်များ ကို ပိုးသတ်ပါ။ | - **အဆင့် (၁) တွင် ဖော်ပြထား သည့် အတိုင်းလုပ်ဆောင်ပါ။** သို့သော် အရေးကြီးပြီး လိုအပ်သည့် အစည်းအဝေး နှင့် သင်တန်းများ ကိုသာ ကျင်းပ ခြင်းဖြင့် အရေအတွက် ကို လျှော့ချပေးပါ။<br>- အွန်လိုင်းမှ ဗီဒီယို ကောလ် ခေါ်၍ ပြောခြင်း၊ သို့မဟုတ် အင်တာနက် ကွန်နက်ရှင် အဆင်ပြေပါက အွန်လိုင်းမှ ဝန်ထမ်းများ နှင့် စေတနာ့ ဝန်ထမ်း များကို သင် တန်းပေးခြင်း<br>- နိုင်ငံတော်အစိုးရမှ ထုတ်ပြန် ထားသည့် လမ်းညွှန်ချက်များ ကို ပုံမှန် သုံးသပ်လေ့လာပါ။ ထိုအပြင် ဒေသတွင်းဖြစ်ပွားနေ သည့် အခြေအနေများ နှင့် ကိုက်ညီ သည့် အကြံပြုချက် များ ပေးပါ။ (ဥပမာ နှာခေါင်းစည်းများ လိုအပ်နိုင်သည်။)<br>- လူချင်းတွေ့ရမည် ဆိုပါက လူဦးရေ ကို အများဆုံး (၅) ယောက်ထိ သာ သတ်မှတ်ထားပြီး အကွာအဝေး ကို ဖြေပေအကွာတွင် နေရာချထားပါ။ | - အသက်ကယ်နိုင်သည့် အကူအညီများ ပေးခြင်း နှင့် မသက်ဆိုင်သည့် သင်တန်းများ/အလုပ်ရုံအစည်းအဝေး များကို ဆိုင်းငံ့ထားပါ။ အရေးကြီး သည့် အသက်ကယ်အစီအစဥ်များကို လုပ်ပေးနေရ သည့် ဝန်ထမ်းများ သည် သင်တန်းများ/အကျဥ်းချုပ် ရှင်းလင်း ပြောပြချက်များကို တစ်ကိုယ်ရည် ကာကွယ်ရေး ဝတ်စုံ (PPE) ဝတ်၍ လုပ်ဆောင်ပြီး မှတ်ချက်များ အကြံပြုချက်များရယူခြင်းကို PPE ဝတ်စုံချွတ်၍ လုပ်နိုင်ပါသည်။<br>- အရေးကြီးသည့် အစီအစဥ်များ အတွက် အွန်လိုင်းမှ ဗီဒီယို ကောလ် ခေါ်၍ ပြောခြင်း၊အွန်လိုင်းမှနေ၍ အဝေးမှ အစည်းအဝေးများ ကျင်းပခြင်း သို့မဟုတ် အင်တာနက် ကွန်နက်ရှင် အဆင်ပြေပါက အွန်လိုင်းမှ ဝန်ထမ်းများ နှင့် စေတနာ့ ဝန်ထမ်း များကို သင် တန်းပေးခြင်း -သို့သော် တစ်ကိုယ်ရည် ကာကွယ်ရေး ဝတ်စုံ (PPE) မရနိုင် ပါက ရပ်ရွာတွင်း တွေ့စုံ၍ ဆွေးနွေးမှုများ သို့မဟုတ် သင်တန်းများကို ဆိုင်းငံ့ထားပါ။ |
| | **အဆင့် (၁)/ဖြစ်စဥ် (အေ)** | **အဆင့် (၂)/ဖြစ်စဥ် (ဘီ)** | **အဆင့် (၃)/ဖြစ်စဥ် (စီ)** |
| **မိတ်ဖက်အဖွဲ့ အစည်းများ/ အခြား NGOs များ နှင့် ပြုလုပ်သည့် အစည်းအဝေး များ** | - လူတစ်ဦး နှင့် တစ်ဦး ဖြေပေ (၂မီတာ) အကွာ တွင် ထားနိုင်မည့် ကျယ်ကျယ်ဝန်းဝန်းရှိသည့် နေရာ၊ လေဝင်လေထွက်ကောင်းသည့် နေရာကို ရွေးပါ။ ဖြစ်နိုင်လျှင် အပြင်တွင် လုပ်ပါ။<br>- လက်ဆေးနိုင်မည့် နေရာများကို လုပ်ပေးထား ပါ။ အင်တာဗျူးဖြေမည့် သူများ မဝင်ရောက် မီ နှင့် ပြန်ထွက်သွားသည့် အချိန် တွင် | - **အဆင့် (၁) တွင် ပြောထား သည့် လမ်းညွှန်ချက်များ အတိုင်း လုပ်ဆောင်ပါ။** သွားရောက် တွေ့ဆုံရသည့် အရေအတွက် ကို လျှော့ချပြီး အရေးကြီးသည့် အစီအစဥ်များ အတွက် သာ လုပ်ဆောင်ပါ။ ထိုသို့ သွားတွေ့ ခြင်းထက် အင်တာနက် ကွန်နက်ရှင် အဆင်ပြေပါက အွန်လိုင်းမှ ဗီဒီယို ကောလ် ခေါ်၍ ပြောခြင်း နှင့် ဖုန်းဆက်ခြင်း တို့ကို လုပ်နိုင် ပါသည်။ | - အသက်ကယ်နိုင်သည့် အစီအစဥ်များ မဟုတ်ပါက သွားရောက်တွေ့ဆုံခြင်း ကို ဆိုင်းငံ့ထားပါ။ ထိုအစား တယ်လီဖုန်း၊ အွန်လိုင်းမှ ဗီဒီယိုကောလ် သို့မဟုတ် အဝေးမှ ဆက်သွယ်သည့်နည်းလမ်းတခုခုကို သာ အသုံးပြုပါ။<br>- အသက်ကယ်နိုင်သည့် တာဝန်များ အတွက် ရပ်ရွာများသို့ သွားရောက်ရ ပါက |

| | | | |
|---|---|---|---|
| | လက်ဆေးရန် ပြောပြပေးပါ။<br>- တက်ရောက်မည့် ဝန်ထမ်း နှင့် ပါတနာ သည် နေမကောင်း ဖြစ်နေပါက အစီအစဥ်ကို မတက်ရောက်ပဲ အိမ်တွင် သာ နေရန် ပြောပါ။<br>- ဆွေးနွေးမှုများ ပြုလုပ်ပါကလဲ အစီအစဥ် တိုင်းတွင် အသိပညာပေးသည့် ကဏ္ဍ နှင့် စိုးရိမ်မိသည့် အချက်အလက်များကို ဆွေးနွေး စေပါ။<br>- ဆွေးနွေးမှု ပြီးဆုံးပါက အသုံးပြုခဲ့သည့် နေရာ ရှိ မျက်နှာပြင်များ ကို ပိုးသတ်ပါ။<br>- ပြုလုပ်ရမည့် အစည်းအဝေး အရေအတွက် များကို လျှော့ချပေးပါ။ | - နိုင်ငံတော်အစိုးရမှ ထုတ်ပြန် ထားသည့် လမ်းညွှန်ချက်များ ကို ပုံမှန် သုံးသပ်လေ့လာပါ။ ထို့အပြင် ဒေသတွင်းဖြစ်ပွားနေ သည့် အခြေအနေများ နှင့် ကိုက်ညီ သည့် အကြံပြုချက် များ ပေးပါ။<br>- လူချင်းတွေ့ရမည် ဆိုပါက လူဦးရေ ကို အများဆုံး (၅) ယောက်ထိ သာ သတ်မှတ်ထား ပြီး အကွာအဝေး ကို ၆ပေအကွာတွင် နေရာချထားပါ။<br>- ရနိုင်သည့် အခြေအနေ ဖြစ်ပါက အဝတ်ဖြင့် လုပ်ထားသည့် နှာခေါင်းစည်းဖြစ်စေ၊ ဆေးခန်းသုံး နှာခေါင်းစည်းဖြစ်စေ တပ်ထားပါ။ | (အဝတ် သို့မဟုတ် ဆေးခန်းသုံး) နှာခေါင်းစီးကို တပ်ဆင်ထားပါ။<br>- ထိုသို့ သွားရောက်သည့် ဝန်ထမ်းများ သည် လက်ကို ပုံမှန် ဆေးကြော နိုင်ရန် လက်ဆေးနိုင်သည့် နေရာ သို့မဟုတ် လက်ဆေးရည်များ ကို အလွယ်တကူ ရယူနိုင်ဖို့လိုပါသည်။ |
| | **အဆင့် (၁)/ဖြစ်စဥ် (အေ)** | **အဆင့် (၂)/ဖြစ်စဥ် (ဘီ)** | **အဆင့် (၃)/ဖြစ်စဥ် (စီ)** |
| **စောင့်ကြည့်ရေး နှင့် ပြန်လည်သုံးသပ်ခြင်း/ဒေတာများ ကောက်ယူခြင်း/တာဝန်ခံမှု စနစ် ၏ မူဘောင် အတွက် အကြံပြုချက်များ ကောက်ယူခြင်း** | - အိမ်ထဲသို့ မဝင်ရောက်ပဲ ဆွေးနွေးမေးမြန်းမှု များကို အိမ်တံခါးဝ တွင် သာ တတ်နိုင်သ၍ လုပ်ဆောင်ပါ။<br>- ဆွေးနွေးမေးမြန်းမိသူများ နှင့် အနည်းဆုံး ၆ပေ(၂ မီတာ) အကွာတွင် သာ နေ၍ လုပ်ဆောင်ပါ။<br>- ဆွေးနွေးမှုများ လုပ်သည့် အခါတွင် မိသားစုဝင် (၁) ဦး သို့မဟုတ် လူဦးရေ အနည်းဆုံး ဖြင့် သာ လုပ်ဆောင်ပါ။<br>- လက်ဆွဲနှုတ်ဆက်ခြင်း ကဲ့သို့သော ထိတွေ့မှု များကို ရှောင်ကျဥ်ပါ။<br>- လက်ဆေးရည် ဖြင့် ဖြစ်စေ၊ ရေ နှင့် ဆပ်ပြာသုံး၍ ဖြစ်စေ လက်ကို ပုံမှန်ဆေးပါ။<br>- သင့် မျက်နှာကို မထိမကိုင်ပါနှင့်။<br>- ချောင်းဆိုး၊ နှာချေလျှင် သင့် တံခေါက်ကွေး ဖြင့် သို့မဟုတ် တစ်ရှူးစ ဖြင့် ဖုံးအုပ်ပါ။<br>- ဖြစ်နိုင်မည် ဆိုလျှင် မိုဘိုင်းဖုန်း ဖြင့် ဒေတာကောက်ယူ သည့် နည်းလမ်းများကို အသုံးပြုပါ။ ထို မိုဘိုင်းစက် ကို မှတ်စုရေးမှတ် မည့် သူ တစ်ဦးတည်း ကို သာ ထိကိုင်ခိုင်းပါ။ နေ့တစ်နေ့တာ ပြီးဆုံး ပါက ထို မိုဘိုင်း ဖုန်း ကို ပိုးသတ်ဆေးပါဝင်သည့် အဝတ်စဖြင့် သေချာ သုတ်၍ သန့်စင်ပေးပါ။ | - **အဆင့် (၁) တွင် ဖော်ပြထား သည့် လမ်းညွှန်ချက်အတိုင်း လိုက်နာပါ။**<br>- သင်ဒေတာ ကောက်ယူ သည့် မိသားစု သို့မဟုတ် ဆိုင် မှ လူတစ်ယောက်ယောက် က ဖျားနာနေလျှင် မသွားရောက်ပါ နှင့်။ ထိုသူ ဆေးကုသမှုခံယူနိုင် ရန် ဆေးရုံ/ဆေးခန်းသို့ လွှဲပြောင်းပေးပါ။<br>- အရေးကြီးပြီး လိုအပ်သည့် စောင့်ကြည့် စိစစ်ရေး နှင့် ဒေတာ ကောက်ယူရေး အတွက် သာ ကိုယ်တိုင်သွားရောက်ပါ။<br>- တာဝန်ယူမှုကို ပြသနိုင်သည့် အရေးပေါ်ဖုန်းလိုင်းများကို ဖော် ပြပေးပါ။<br>- ရနိုင်သည့် အခြေအနေ ဖြစ်ပါက အဝတ်ဖြင့် လုပ်ထားသည့် နှာခေါင်းစည်းဖြစ်စေ၊ ဆေးခန်းသုံး နှာခေါင်းစည်းဖြစ်စေ တပ်ထားပါ။<br>- | - အသက်ကယ်ရေး အစီအစဥ်များ နှင့် ဆိုင်သည့် အတွက် စောင့်ကြည့် စိစစ်ရေး ကိုလုပ်ပါ သို့မဟုတ် ဒေတာများကို ကောက်ယူပါ။<br>- **အဆင့် (၁) နှင့် (၂) တွင် ဖော်ပြထား သည့် အကြံပြုချက်များ အတိုင်း လိုက်နာပါ။ ထို့ပြင် -**<br>- ထိတွေ့မှုများကို ရှောင်ရှားပါ။ - ဖြစ်နိုင်မည် ဆိုလျှင် မိုဘိုင်းဖုန်း ဖြင့် ဒေတာကောက်ယူ သည့် နည်းလမ်းများကို အသုံးပြုပါ။ ထို မိုဘိုင်းစက် ကို မှတ်စုရေးမှတ် မည့် သူ တစ်ဦးတည်း ကို သာ ထိကိုင်ခိုင်းပါ။ နေ့တစ်နေ့တာ ပြီးဆုံး ပါက ထို မိုဘိုင်း ဖုန်း ကို ပိုးသတ်ဆေးပါဝင်သည့် အဝတ်စဖြင့် သေချာ သုတ်၍ သန့်စင်ပေးပါ။<br>- ဆွေးနွေးပြောဆိုဖို့လိုအပ်ပါက ၆ ပေ အကွာမှာသာနေ၍ ပြောဆိုပါ။ ထိုသို့ လုပ်ရန် မဖြစ်နိုင်ပါက တံခါး ခြား ၍ ပြောဆိုပါ။<br>- ဒေတာများကို အဝေးမှနေ၍ မက်ဆေ့ မှ တဆင့်ဖြစ်စေ၊ဖုန်းမှ တစ်ဆင့်ဖြစ် စေ ကောက်ယူနိုင်မည့် နည်းလမ်းများ ကို ရှာဖွေစဥ်းစားထားပါ။<br>- (ဆေးခန်းသုံး ဖြစ်စေ၊ အဝတ်နှင့် ဖြစ်စေ လုပ်ထားသည့်) နှာခေါင်းစည်း ကို တပ်ထားပါ။<br>- ဝန်ထမ်းများ အတွက် လိုအပ်သည့် အချိန်တိုင်း ပုံမှန် လက်ဆေးနိုင်မည့် နေရာများ သို့မဟုတ် လက်ဆေးရည်များ လုံလောက်စွာ ရှိနေစေပါ။<br>သို့သော် တစ်ကိုယ်ရည် ကာကွယ်ရေးဝတ်စုံ (PPE) မရနိုင်ပါက မျက်နှာချင်းဆိုင်တွေ့၍ လုပ်ရသည့် ဒေတာ ကောက်ယူမည့် အစီအစဥ် များကို ဆိုင်းငံ့ပြီး အဝေးမှ ကောက်ယူသည့် နည်းလမ်းများကိုသာ အသုံးပြုပါ။ |
| | **အဆင့် (၁)/ဖြစ်စဥ် (အေ)** | **အဆင့် (၂)/ဖြစ်စဥ် (ဘီ)** | **အဆင့် (၃)/ဖြစ်စဥ် (စီ)** |
| **ရေ နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | - အလုပ်လုပ်နေသည့် အချိန် အနည်းဆုံး (၆ ပေ) အကွာမှ လုပ်နိုင်အောင် စီစဥ်ထားပါ။ လိုအပ်ပါ က အလုပ်သမားများအတွက် ဆိုင်းဘုတ်များ သို့မဟုတ် တိတ်များကပ်၍ | - **အဆင့် (၁) တွင် ဖော်ပြထား သည့် လမ်းညွှန်မှုများအတိုင်း လိုက်နာပါ။**<br>အများပြည်သူ ၏ ကျန်းမာရေးကို | - **အဆင့် (၁) နှင့် (၂) တွင် ပါဝင် သည့် လမ်းညွှန်မှုများအတိုင်းလုပ်ဆောင်ပါ။**<br>- ဖြစ်နိုင်လျှင် ရေ နှင့် ပတ်ဝန်းကျင် |

| | | | |
|---|---|---|---|
| **ဆိုင်ရာ အဆောက်အအုံ များအား ဆက်၍ ထိန်းသိမ်း ခြင်းနှင့် လည်ပတ် စေခြင်း။** | ကာပေးထား ခြင်း ဖြင့် ၎င်းတို့ အလုပ်လုပ်နေစဥ်မှာ (၆ပေ) အကွာအဝေး မှ လုပ်ဆောင်နိုင်စေရန် လုပ်ပေး ထားနိုင်ပါသည်။<br>- လိုအပ်သည့် သူများ အတွက် တစ်ကိုယ်ရည်သုံး ကာကွယ်ရေး ပစ္စည်း (PPE) များ လုံလုံလောက်လောက်ရှိနေပါမည်။ ဝတ်ရမည့် သူများ သည်လည်း မည်သို့ဝတ်ရသည်ကို သင်ကြားခံယူပြီးသူဖြစ်ရမည်ဖြစ်ပြီး သေချာ လိုက်နာကျင့်သုံး၍ ဝတ်ဆင်ရပါမည်။<br>- အလုပ်တာဝန် စသည့် အချိန် နှင့် ဆုံးသည့် ချိန် တိုင်းတွင် ပုံမှန် လိုအပ်သည့် အခါတိုင်း အလုပ်သမားများ လက်ဆေးနိုင်ရန် နေရာများ လုပ်ထားပေးရပါမည်။ ရွှေ့လျား နေရ သည့် အဖွဲ့များအတွက် လက်ဆေးရည်များ လုပ်ထားပေးပါ။<br>- အလုပ်သမားများ အသုံးပြုပြီးသည့် တစ်ကိုယ်ရည်ကာကွယ်ရေးသုံးပစ္စည်းများ (PPE) ကို ဘေးကင်းလုံခြုံစွာ စွန့်ပစ်နိုင်သည့် နေရာ ကို လုပ်ထားပေးဖို့လိုပါသည်။<br>- ရေ နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး ဆိုင်ရာ အဆောက်အအုံများကို ပုံမှန် ပိုးသတ်ဆေး သုံး၍ သန့်ရှင်းရေးလုပ်ပေးဖို့လိုအပ်ပါသည်။<br>- သွားလာမှုကို ကန့်သတ်လိုက်ရသည့် အခါတွင် တာဝန်ယူလုပ်ကိုင်ရမည့် အလုပ်များကို လုပ်ကိုင်နိုင်စေရန် ထိန်းသိမ်းရေး လုပ်ပေးမည့် အဖွဲ့ကို တိုးချဲ့ မြှင့်တင်ထားပါ။<br>- လူထုကျန်းမာရေးကို ထိခိုက်နိုင်သည့် အန္တရာယ် မြင့်မားသည့် အဆောက်အအုံ များ ဖြစ်သည့် (အိမ်သာ နှင့် မိလ္လာစနစ်) များကို သေချာဦးစားပေး၍ ထိန်းသိမ်းပေးပါ။ | ထိခိုက်နိုင်ခြေ မြင့်မားသည့် အဆောက်အအုံ ကို ဦးစားပေး၍ အလျင်အမြန် ထိန်းသိမ်း ပေးသည့် ဘေးအန္တရာယ် အဆင့် ပေါ် အခြေခံသည့် ဦးစားပေးစနစ်ကို မိတ်ဆက်ပေးပါ။။<br>- ရေ နှင့် ပတ်ဝန်းကျင်သန့်ရှင်း ရေး အဆောက်အအုံများ (အိမ်သာ၊ လက်နှိပ်ရေတုံကင်၊ MHM အမှိုက်ပုံးလက်ကိုင်များ) စသည်တို့ကို အပတ်စဥ် ပိုးသတ်ဆေးသုံး၍ သန့်စင် ပေးပါ။<br>- ရနိုင်သည့် အခြေအနေ ဖြစ်ပါက အဝတ်ဖြင့် လုပ်ထားသည့် နှာခေါင်းစည်းဖြစ်စေ၊ ဆေးခန်းသုံး နှာခေါင်းစည်းဖြစ်စေ တပ်ထားပါ။ | သန့်ရှင်းရေးဆိုင်ရာ အဆောက်အအုံ များကို နေ့စဥ် ပိုးသတ်ဆေးဖြင့် သန့်စင်ပေးပါ။<br>- ဤ ရောဂါဖြစ်ပွားသည့် အဆင့် တွင် အဆောက်အအုံ များ လည်ပတ် နေစေရန် နှင့် ထိန်းသိမ်းပေးရန် လုပ်ပေးရသည့် မည်သည့် လုပ်သား မဆိုသည် အောက်ဖော်ပြပါ တစ်ကိုယ်ရည် ကာကွယ်ရေး ပစ္စည်းများ (*PPE)* ကို ဝတ်ဆင်ပေးဖို့ လိုပါသည်။<br>လက်အိတ်<br>ဆေးဝါးသုံး သို့မဟုတ် အဝတ်ဖြင့် ချုပ်ထားသည့် နှာခေါင်းစည်း<br>မျက်မှန်<br>ရော်ဘာ လည်ရှည်ဘွတ်ဖိနပ်<br>အဆောက်အအုံ များ လည်ပတ် နေစေရန် နှင့် ထိန်းသိမ်းပေးရန် လုပ်ပေးရသည့် လုပ်သားများသည် လက်ဆေးရည် သို့မဟုတ် လက်ဆေး နိုင်သည့် နေရာ များ ကို ပုံမှန် အလွယ်တကူ လက်လှန်းမှီနေ ဖို့လိုပါသည်။ ထိုအပြင် *PPE* ဝတ်စုံ များကို ဘေးကင်းလုံခြုံစွာဖြင့် ဝတ်နိုင်၊ ချွတ်နိုင်သည့် နေရာ ရှိဖို့လိုပါသည်။ |
| | **အဆင့် (၁)/ဖြစ်စဥ် (အေ)** | **အဆင့် (၂)/ဖြစ်စဥ် (ဘီ)** | **အဆင့် (၃)/ဖြစ်စဥ် (စီ)** |
| **ပတ်ဝန်းကျင် သန့်ရှင်းရေး** | - လူစုလူဝေးနေရာများ နှင့်/သို့ ကျဥ်မြောင်းသည့် နေရာများတွင် စုဝေး လုပ်ကိုင်ခြင်းကို ရှောင်ပါ။<br>- လူအချင်းချင်းကြားတွင် အနည်းဆုံး (၆) ပေခွာ ၍ နေပါ။<br>- လက်ဆေးရည် ဖြင့် ဖြစ်စေ၊ ရေ နှင့် ဆပ်ပြာသုံး၍ ဖြစ်စေ လက်ကို ပုံမှန်ဆေးပါ။<br>- သင့် မျက်နှာကို မထိမကိုင်ပါနှင့်။<br>- ချောင်းဆိုး၊ နှာချေလျှင် သင့် တံခေါက်ကွေး ဖြင့် သို့မဟုတ် တစ်ရှူးစ ဖြင့် ဖုံးအုပ်ပါ။<br>- လူထုကျန်းမာရေးကို ထိခိုက်နိုင်သည့် အန္တရာယ် မြင့်မားသည့် အဆောက်အအုံ များ ဖြစ်သည့် (အိမ်သာ နှင့် မိလ္လာစနစ်) များကို သေချာဦးစားပေး၍ ထိန်းသိမ်းပေးပါ။ | - **အဆင့် (၁) တွင် ဖော်ပြထား သည့် လမ်းညွှန်ချက်များ အတိုင်း လုပ်ဆောင်ပါ။ -**<br>- ဖြစ်နိုင်လျှင် အလုပ်ချိန်/အလုပ် ဆင်းရသည့် ရက်များကို လျှော့ ချပါ။ | - **အဆင့် (၁) နှင့် (၂) တွင် ဖော်ပြထား သည့် အတိုင်းလိုက်နာပါ။**<br>- တစ်ကိုယ်ရည်ကာကွယ်ရေးဝတ်စုံ (PPE) ကို အောက်ပါအတိုင်းဝတ်ဆင် ပါ။ - လက်အိတ် နှင့် ဆေးဝါးသုံး သို့မဟုတ် အဝတ်ဖြင့် လုပ်ထားသည့် နှာခေါင်းစည်း။<br>- ဝန်ထမ်းများသည် လိုအပ်ပါက လက်ဆေးနိုင်သည့်နေရာ နှင့် လက်ဆေးရည်များကို အလွယ်တကူ ရယူနိုင်နေဖို့လိုပါသည်။<br>- အလုပ်သမားများ အသုံးပြုပြီးသည့် တစ်ကိုယ်ရည်ကာကွယ်ရေး ဝတ်စုံ (PPE) ပစ္စည်းများကို ဘေးကင်းလုံခြုံ စွာ စွန့်ပစ်နိုင်သည့် နေရာများ လုပ်ထား ပေး ဖို့လိုပါသည်။ |
| | **အဆင့် (၁)/ဖြစ်စဥ် (အေ)** | **အဆင့် (၂)/ဖြစ်စဥ် (ဘီ)** | **အဆင့် (၃)/ဖြစ်စဥ် (စီ)** |

| | | | |
|---|---|---|---|
| **ပစ္စည်းဖြန့်ဝေခြင်း** | - ပစ္စည်းများဖြန့်ဝေပေးသည့် အခါတွင် လူဦးရေ နည်းနည်းဖြင့်သာ လုပ်ဆောင်ပါ။ ထိခိုက်လွယ် ဆုံး အုပ်စု နှင့် စတင် လုပ်ဆောင်ပါ။<br>- ပစ္စည်းများ ဝေပေးသည့် အစီအစဥ်ကို အပြင်ဘက် နေရာကျယ်ကျယ်ဝန်းဝန်း တွင် လုပ်ပါ။ လူအများ စောင့်ဆိုင်းရသည့် အခါတွင် အရိပ်ရသည့် နေရာများ ရှိနေပါစေ။<br>- တန်းစီစောင့်ဆိုင်းကြသည့် အခါတွင် လူများ စုပြုံမနေပဲ လူချဲ၍ တန်းစီရန် ပြောပါ။ ဖြစ်နိုင်မည် ဆိုလျှင် မြေပြင် ပေါ်တွင် လည်း ရပ်ရမည့် နေရာ အမှတ်အသား များ ကို ဆွဲပြထားပေးပါ။<br>- ပစ္စည်းများကို ပေးဝေမည့် အချိန် မတိုင်ခင် ကတည်းက စုစည်းထုတ်ပိုးထားပေးပါ။ သို့မှသာ လာရောက်ထုတ်ယူသည့် သူသည် ပစ္စည်းထုတ်ပေးသည့် သူနှင့် ထိတွေ့စရာ မလို ပဲ ရယူနိုင်မည်ဖြစ်ပါသည်။<br>- လက်ဆေးနိုင်မည့် နေရာများကို လုပ်ထားပေး ပါ။ ပစ္စည်းလာရောက်ထုတ်ယူသူတိုင်း ဝင်သည့် အချိန် နှင့် ထွက်သည့် အချိန်များ တွင် လက်ကို ဆေးပေးရန် ပြောပြပေးပါ။<br>- ပစ္စည်းလာရောက်ထုတ်ယူသူသည် နေမကောင်း ဖြစ်နေပါက အိမ်တွင်သာ နေရန် ပြောပါ။ ထိုနေမကောင်း ဖြစ်နေသူများ ၏ မိသားစုများ ထံသို့ အခြား နည်းဖြင့် ပစ္စည်းပို့ပေးနိုင်မည့် နည်းလမ်းကို စီစဥ်ပေးပါ။<br>- ပစ္စည်းထုတ်ပေးသည့် နေရာအားလုံးတွင် အသိပညာပေး ပိုစတာ၊ စာရွက်စာတမ်း များကို ပြသထားပေးပါ။ မေးလိုသည့် မေးခွန်း များ၊ စိုးရိမ်သည့်အကြောင်းအရာများကို သိလို လျှင် ဖြေပေးနိုင်မည့် ဝန်ထမ်းများကိုလည်း ထားထားပေးပါ။ တာဝန်ခံမှု ရှိရှိ လုပ်နိုင်မည့် စနစ် အကြောင်း ကို အားလုံးသိရှိအောင် ပြော ပြပေးပြီး အရေးပေါ် ဖုန်းနံပါတ်များကိုလဲမျှ ဝေပေးပါ။<br>- ပစ္စည်းများ ဖြန့်ဝေပေးပြီးလျှင် နေရာ ရှိ မျက်နှာပြင်များကို ပိုးသတ်ဆေးဖြန်း ၍ သန့်စင်ပေးပါ။<br>- ပစ္စည်းဖြန့်ဝေပေးရသည့် အရေအတွက် ကို အနည်းဆုံးသို့ လျှော့ချပြီး လုပ်ဆောင်ပါ။ | - **အဆင့် (၁)တွင် ဖော်ပြထား သည့် အချက်များကို လိုက်နာ လုပ်ဆောင်ပါ။**<br>- အရေးကြီး ပြီး လိုအပ်သည့် ပစ္စည်းများကို သာ ဖြန့်ဝေပေး ခြင်းဖြင့် အရေအတွက် ကို လျှော့ချပါ။<br>- ဖြစ်နိုင်မည် ဆိုလျှင် လစဥ် ဖြန့်ဝေပေးနေသည့် အရာများကို စုပေါင်းလိုက်ပါ။ (ဥပမာ - ဖြန့်ဝေသည့် တစ်ခေါက်ထဲ တွင် တစ်ကိုယ်ရည် သန့်ရှင်းရေး သုံးပစ္စည်း အစုံ (၂) စုံကို ထည့်ပေး နိုင်ပါသည်။)<br>- သက်ကြီးရွယ်အိုများ နှင့် အခြား ကျန်းမာရေး ပြဿနာ ရှိသည့် ထိခိုက်လွယ်သူများ အတွက် အိမ်တိုင်ရာရောက် ဖြန့်ဝေပေး သည့် အစီအစဥ် ကို လုပ်ပေးပါ။<br>- နိုင်ငံတော်အစိုးရမှ ထုတ်ပြန် ထားသည့် လမ်းညွှန်ချက်များ ကို ပုံမှန် သုံးသပ်လေ့လာပါ။ ထိုအပြင် ဒေသတွင်းဖြစ်ပွားနေ သည့်  အခြေအနေများ နှင့် ကိုက်ညီ သည့် အကြံပြုချက် များ ပေးပါ။ | - **အဆင့် (၁) နှင့် (၂) တွင် ဖော်ပြထား သည့် အကြံပြုချက်များ အတိုင်း လိုက်နာ လုပ်ဆောင်ပါ။**<br>-  လူအများအပြား နှင့် ပစ္စည်းဖြန့်ဝေ ရသည့် အစီအစဥ်များကို ဆိုင်းငံ့ထားပါ။<br>- အိမ်တိုင်ရာရောက် ပစ္စည်းများကို ပို့ပေးသည့် အစီအစဥ်ကို လုပ်ဆောင်ပါ။<br>- ထိတွေ့မှုကို ရှောင်ရှားပါ။ - လက်ဖြင့် ကမ်းပေးခြင်းထက် ပစ္စည်းထုတ် များကို အိမ်တံခါးဝရှေ့ တွင် ချထား ပေးပါ။<br>- ပစ္စည်း ထုတ် ကို တစ်ခါ ပေးဝေပြီး တိုင်း လက်ကို လက်ဆေးရည်ဖြင့် ဆေးပါ။<br>- ဆွေးနွေးပြောဆိုဖို့လိုအပ်ပါက ၆ ပေ အကွာမှာသာနေ၍ ပြောဆိုပါ။ ထိုသို့ လုပ်ရန် မဖြစ်နိုင်ပါက တံခါး ခြား ၍ ပြောဆိုပါ။<br>- အောက်ဖော်ပြပါ တစ်ကိုယ်ရည် ကာကွယ်ရေးဝတ်စုံ (PPE) ကို ဝတ်ဆင်ပါ။<br>- ပလတ်စတစ် ရှေ့ ခါးစည်းဖုံး၊ ဆေးခန်း သုံး သို့မဟုတ် အဝတ်ဖြင့် ချုပ်ထားသည့် နှာခေါင်းစည်း ကို ဝတ်ဆင်ပါ။<br>- ဝန်ထမ်းများ လက်ကို အလွယ်တကူ ဆေးနိုင်ရန် အတွက် လက်ဆေးရည်များ သို့မဟုတ် လက်ဆေးနိုင်သည့် နေရာများ ရှိထား ရပါမည်။ |

# အောက်စ်စီ၏ကိုဗစ်၁၉တုံ့ပြန်ဆောင်ရွက်စဉ်အတွင်း အခြေခံ ကျားမ ရေးရာဆိုင်ရာ အကဲဖြတ်စစ်ဆေးမှုပုံစံ

ဤအကဲဖြတ်စစ်ဆေးမှုပုံစံကို HARP သို့မဟုတ် OXSI ဝန်ထမ်းများ နှင့် မန်နေဂျာများ သည် ၂၀၂၀ ဖေဖော်ဝါရီကတည်းက ကမ္ဘာ့နေရာအနှံ့ မြန်မာနိုင်ငံတဝှန်းနှင့် ရခိုင်ကိုပါ သက်ရောက်နေသော ကိုဗစ်၁၉ နှင့် ပတ်သက်ပြီး တုန့်ပြန်သည့် ပရိုဂရမ်ဗျူဟာများနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို အကောင်အထည်ဖော်သည့်အခါတွင်လည်းကောင်း၊ အသစ်ရေးဆွဲသည့်အခါများတွင်လည်းကောင်း၊ လုပ်ငန်းဆောင်ရွက်ချက်အသစ်များနှင့် တိုးချဲ့လုပ်ငန်းဆောင်ရွက်ချက်များကို လုပ်ဆောင်ရာတွင်လည်းကောင်း ဤစစ်ဆေးမှုပုံစံကို သုံးနိုင်ပါသည်။

ကိုဗစ်၁၉ သည် ကျား မ အလိုက် ကွဲပြားစွာ သက်ရောက်မှုများရှိသည်ဆိုသောအချက်တို့ကို ဤအကဲဖြတ်စစ်ဆေးမှုပုံစံတွင် ထည့်သွင်းစဉ်းစားထားပါသည်။ အထူးသဖြင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် ကျန်းမာရေးနှင့် အေးချမ်းစွာနေထိုင်းရေးထိခိုက်ခံရမှု၊ ရောဂါကူးစက်နိုင်ခြေများမှု၊ ပြုစုစောင့်ရှောက်ရေးတာဝန်များလာမှု နှင့် အိမ်တွင်းအကြမ်းဖက်ခံရမှုနှင့် အခြားကျားမအခြေပြုအကြမ်းဖက်ခံရမှုများကို ကိုဗစ်၁၉၏နောက်ဆက်တွဲဆိုးကျိုးများအဖြစ် ကြုံတွေ့ကြရသည်။

| စဉ် | ကျားမရေးရာနှင့် အညီ တုန့်ပြန်ဆောင်ရွက်ချက်များ | ပြည့်မီ | မပြည့်မီ | လုပ်ဆောင်ဆဲ | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | ကိုဗစ်၁၉ဆိုင်ရာသီးသန့်စစ်တမ်းများကောက်ခြင်း၊ ကျားမရေးရာနှင့် ကာကွယ်ပေးခြင်းဆိုင်ရာ ရှုထောင့်မှနေ၍ SOPs နှင့် IECs ကိုပြုလုပ်ခြင်း၊ လိုအပ်သလို ကိုဗစ်၁၉၏ သက်ရောက်မှုများကို ကျားမရေးရာအလိုက် သုံးသပ်စီစစ်ခြင်းများ ပြုလုပ်ခြင်း။ | | | | |
| ၂။ | ကာကွယ်ခြင်းဆိုင်ရာ ပြဿနာများကို မဖြစ်စေရန်နှင့် ဝန်ဆောင်မှုများကို အားလုံးလက်လှမ်းမှီစေရန် အတွက် ကျားမရေးရာသုံးသပ်ချက်စစ်တမ်းများမှ ရလဒ်များကို ပရိုဂရမ်၏လုပ်ငန်းဆောင်ရွက်ချက်များတွင် ထည့်သွင်းစဉ်းစားရန်။ | | | | |
| ၃။ | မည်သည့်ကိုဗစ်၁၉တုံ့ပြန်ဆောင်ရွက်ရေးများအတွက်မဆို အစည်းအဝေးများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းလုပ်ငန်းများတွင် အမျိုးသမီးများ၏ပါဝင်ဆောင်ရွက်မှုနှင့် ခေါင်းဆောင်မှုများကို အလေးပေးပါ။ | | | | |
| ၄။ | ကျွန်ုပ်တို့ ကိုဗစ်၁၉ တုံ့ပြန်ဆောင်ရွက်မှုများတွင် စခန်းရှိအမျိုးသမီးခေါင်းဆောင်များ၊ အမျိုးသမီးအုပ်စုများနှင့် အမျိုးသမီးအဖွဲ့များ၏ ခေါင်းဆောင်မှုများကို မြှင့်တင်ပေးကာ ထိုသူတို့နှင့် ညှိနှိုင်းဆောင်ရွက်ခြင်းများကို လုပ်ဆောင်ပါ။ | | | | |
| ၅။ | ကျွန်ုပ်တို့ WASH ဆိုင်ရာ အဆောက်အအုံများကို အသေးစားပြင်ဆင်ရာတို့အတွက် အမျိုးသမီးများနှင့် မိန်းကလေးငယ်တို့အား နည်းပညာရှင်နေရာများကို ယူဖို့ တိုက်တွန်းအားပေးပါ။ | | | | |
| ၆။ | အိမ်သာများ၊ လက်ဆေးစင်များ နှင့် လစဉ်သုံးပစ္စည်းများစွန့်ပစ်ပုံးများစသည့် သန့်ရှင်းရေးနှင့်ဆိုင်သည့်အဆောက်အအုံများကို မသန်စွမ်းများအပါအဝင် အားလုံးကို လက်လှမ်းမှီစေခြင်း။ | | | | |
| ၇။ | အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ တကိုယ်ရည်ကျန်းမာရေးနှင့် ဂုဏ်သိက္ခာအတွက် ဆပ်ပြာပိုများ၊ အတွင်းခံများ နှင့် သန့်ရှင်းရေးသုံးပစ္စည်းများပါသောdignity kitsများကို လောက်ငစေရန်နှင့် ဘေးကင်းစွာဖြန့်ဖြူးနိုင်စေရန် သေချာစီစဉ်ပေးခြင်း။ | | | | |
| ၈။ | ပစ္စည်းများ ဖြန့်ဖြူးပေးရန် နေရာများရွေးချယ်ရာတွင် ဘေးကင်းစေရန်နှင့် အားလုံးလက်လှမ်းမှီစေရန်အတွက် အမျိုးသမီးများနှင့် အမျိုးသားများနှစ်မျိုးလုံးကို ပါဝင်စေခြင်း။ | | | | |
| ၉။ | ကိုဗစ်၁၉၏နောက်ဆက်တွဲဆိုးကျိုးများကို ကျားမရေးရာနှင့် ကာကွယ်ပေးခြင်းဆိုင်ရာရှုထောင့်မှနေ၍ ပြည်သူများအားလုံးကို အသိပညာပေးခြင်းအပြင် ဤကိုဗစ်၁၉ကို တုံ့ပြန်ဆောင်ရွက်ရာတွင် ကျားမရေးရာတန်းတူမှုကိုပါ မြှင့်တင်ပေးနိုင်ရန် ဆောင်ရွက်ချက်များကို လုပ်ဆောင်ပေးခြင်း။ | | | | |

| | | | | | |
|---|---|---|---|---|---|
| ၁၀။ | အမျိုးသမီးများ၊ မိန်းကလေးငယ်များအပေါ် သဘောထားများနှင့် အပြုအမူများ ပြောင်းလာစေရန် ဘာသာရေးခေါင်းဆောင်များနှင့် CMC စခန်းစီမံရေးကော်မတီဝင်များကို ပုံမှန် တွေ့ဆုံဆွေးနွေးမှုများ လုပ်ခြင်းဖြင့် စခန်းရှိ ကိုဗစ်၁၉ တုံ့ပြန်ဆောင်ရွက်ချက်များတွင် အမျိုးသမီးများကိုလည်း ပါဝင်လာစေဖို့ကို ၎င်းအမျိုးသားများအား တိုက်တွန်းအားပေးခြင်း။ | | | | |
| ၁၁။ | ကျွန်ုပ်တို့၏ CRM နှင့် Safeguarding စနစ်များကို အမျိုးသမီးများ၊ မိန်းကလေးငယ်များ နှင့် မသန်စွမ်းသူများအားလုံး လက်လှမ်းမှီအောင် စီစဉ်ပေးခြင်း။ | | | | |
| ၁၂။ | CRM လုပ်ငန်းစဉ်၊ safeguarding စနစ်နှင့် လတ်တလောသုံးနေသော GBV ပြဿနာများအား စီမံဆောင်ရွက်ပေးခြင်းလုပ်ငန်းစဉ်များအကြောင်းတို့ကို accountability ဝန်ထမ်းများအပါအဝင် အောက်စ်စီဝန်ထမ်းများအားလုံး သိအောင် ပြုလုပ်ပေးခြင်း။ | | | | |
| ၁၃။ | ကိုဗစ်၁၉နှင့် ပတ်သက်သည့် IECs များနှင့် သတင်းအချက်အလက်များအားလုံးကို စခန်းနေပြည်သူများအားလုံး လက်လှမ်းမှီအောင် ပြုလုပ်ပေးခြင်း။ | | | | |
| ၁၄။ | စခန်းတွင်းစည်းရုံးဆော်ဩသူများအား အမျိုးသားရော အမျိုးသမီးပါ ခန့်ပေးခြင်း။ | | | | |
| ၁၅။ | ကိုဗစ်၁၉သီးသန့်ဂေဟာများအတွက် စီစဉ်ရာတွင် ကွဲပြားသော လိုအပ်ချက်အသီးသီးကို ပြည့်မှီစေရန်နှင့် GBV ပြဿနာများကို ကာကွယ်ပေးနိုင်ရန် အမျိုးသမီးများ၊ အမျိုးသားများ အပြင် သန်စွမ်းသူများပါ ပါဝင်သည့် ကျားမရေးရာအလိုက် လိုအပ်ချက်များအကြောင်းကို ညှိနှိုင်းဆွေးနွေးခြင်းများကို လုပ်ဆောင်ခြင်း။ | | | | |

# တစ်အိမ်မှတစ်အိမ်သို့ Hygiene Kits(NFI) များ ဖြန့်ဝေရာတွင် OXSI ဝန်းထမ်းများ အသုံးပြုရမည့် လုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာ စံသတ်မှတ်ချက်များ - *စက်တင်ဘာ ၂၀၂၀*

COVID-19 ရောဂါသည် ကြိုတင်ခန့်မှန်းမထားနိုင်သည့် အခြေအနေတွင် ဆက်လက်ပျံ့နှံ့လျှက်ရှိနေနိုင်သောကြောင့် OXSI ၏ ဝန်ထမ်းများနှင့် အကျိုးခံစားခွင့်ရှိသူများသည် အထူးသဖြင့် (Hygiene Kits/NFI) များ ဖြန့်ဝေနေစဉ်အတွင်း ကူးစက်မှု အန္တရာယ် ကျရောက်မှုမှ များစွာမြင့်မားလျှက် ရှိနေနိုင်ပါသည်။ ဤအချက်အလက်များသည် မတ်လ ၂၀၂၀ တွင် ပြန်လည် ဖြည့်စွက် မွမ်းမံခဲ့သော ***လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ စံသတ်မှတ်ချက်များ*** အား နောက်ထပ်တဖန် ပြန်လည် မွမ်းမံရန် ရည်ရွယ်ထားပြီး OXSI ၏ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ လုပ်ငန်းများ၏ လက်ရှိ အခြေအနေအရ COVID-19 နှင့် ပတ်သက်သော နောက်ထပ် သတိထား လိုက်နာရမည့် အချက်များနှင့် ဝန်ထမ်းများနှင့် အကျိုးခံစားခွင့် ရှိသူများ၏ ထိတွေ့မှုအန္တရာယ်ကိုလျှော့ချရန်လည်း ရည်ရွယ်ပါသည်။ လက်ရှိတွင်ရှိနေသော (Hygiene Kits/NFI) များ ဖြန့်ဝေမှုဆိုင်ရာ ***လုပ်ငန်းစံသတ်မှတ်ချက်များ*** ကို ပြန်လည် ပြုပြင်မွမ်းမံရာတွင် ကျန်းမာရေးနှင့်ပတ်သက်ပြီး သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် မိတ်ဖက်များ (ဥပမာ - ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ WHO) မှ မျှဝေထားသော မိမိတို့ ဒေသဆိုင်ရာ လမ်းညွှန်ချက်များ နှင့်ကိုက်ညီမှု ရှိသင့်ပါသည်။ အောက်ဖော်ပြပါအကြံပြုချက်များသည် COVID19 ရောဂါဖြစ်ပွားမှုကို စခန်းများတွင် အတည်ပြုခြင်းမရှိသေးသော်လည်း ကြိုတင်ကာကွယ်ရေး အစီအမံများလုပ်ဆောင်ရာတွင် ချက်ချင်းအကျိုးသက်ရောက်မှုရှိပါသည်။

## ရုံးများတွင် ဝန်ထမ်းများလိုက်နာရမည့် အထူးညွှန်ကြားချက်များ

- **(Hygiene Kits/NFI) များ ဖြန့်ဝေမှုဆိုင်ရာ လုပ်ထုံးလုပ်နည်း အသစ်အကြောင်းအား ဝန်ထမ်းများကိုအသိပေးပါ။**
  - ဝန်ထမ်းများအားလုံးကို **(Hygiene Kits/NFI) များ ဖြန့်ဝေမှုဆိုင်ရာ လုပ်ထုံးလုပ်နည်း အသစ်အကြောင်းအား** သေချာစွာ အသိပေးရမည်ဖြစ်ပြီး ၎င်းတို့၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်သည့်အခါ **လုပ်ထုံးလုပ်နည်း အသစ်အား** တိတိကျကျ လိုက်နာဆောင်ရွက်ကြောင်း သေချာပါစေ။
- **တစ်အိမ်မှတစ်အိမ်သို့ သွားရောက်သည့် ဝန်ထမ်းများအားလုံးအတွက် သင့်လျော်သော တစ်ကိုယ်ရည်သုံး ကာကွယ်ရေး ပစ္စည်းများ (PPE) ဝတ်ဆင်ခြင်းအား သေချာပါစေ။** မျက်မှန်များ (နေ့စဉ်ဆေးကြော၍ ပြန်လည်အသုံးပြုနိုင်သည်)၊ N90 မျက်နှာနှင့် နှာခေါင်စည်းများ (တစ်ခါသုံးပြီး နောက်နေ့တွင် အသစ်ပြန်လဲရန်) နှင့် လက်အိတ်များ (တစ်ခါသုံးဖြစ်ပြီး တစ်နေ့လျှင်နှစ်စုံစီ ရရှိရမည်၊ နေ့လည်စာ မစားမီနှင့် နေ့လည်စာစားပြီးလျှင်)
  - **ဝန်ထမ်းအားလုံး PPE ကို မည်ကဲ့သို့ ဝတ်ဆင်ရမည်၊ ချွတ်ရမည်နှင့်အသုံးပြုရမည့် ပုံစံကို သေချာအောင်ပြုလုပ်ပါ။**
    - PPE မဝတ်ဆင်မီ လက်ကိုဆပ်ပြာနှင့် ရေဖြင့်သေချာစွာဆေးပါ။
    - **Mask(မျက်နှာဖုံး)** - (Mask)မျက်နှာဖုံးကို ကြိုးကွင်းများပါသည့် နေရာမှကိုင်ပါ၊ ထို့နောက် မျက်နှာဖုံးတပ်ရမည့် ဘက်(မျက်နှာပြင်) ကို သေချာစွာရွေးပါ၊ (ပြီးလျှင် အနည်းငယ် မာကျော၍ ကွေးဆန့်နိုင်သည့် သတ္တုချောင်းပါသည့် ဘက်သည် အပေါ်ဘက် ဖြစ်ရမည်)၊ ထို့နောက် ကြိုးကွင်းများအား နားတစ်ဖက်တစ်ချက်စီတွင် ချိတ်ရပါမည်။ ကွေးဆန့်နိုင်သည့် သတ္တုချောင်း အား လိုအပ်သလို ဖိ၍ သင်၏နှာခေါင်းပုံသဏ္ဍာန်နှင့် အံဝင်ဂွင်ကျ ဖြစ်အောင် ပြုလုပ်နိုင်ပါသည်။ ၎င်းနောက် သတ္တုချောင်း အား ဖိ၍ ပါးစပ်နှင့်မေးစေ့ပေါ်ကို ဖုံးမိနေအောင် မျက်နှာဖုံးအောက်ခြေသို့ ဆွဲချပါ။ သတိပြုရန်မှာ မျက်နှာဖုံးကို ဝတ်ထားစဉ်နှင့် ၎င်းကိုဖယ်ရှားသောအခါ မျက်နှာဖုံး၏ရှေ့ဖက်ကိုမထိပါနှင့်။ (ညစ်ညမ်းစေပြီး ရောဂါကူးစက်ခံရနိုင်ပါသည်)။ မျက်နှာဖုံးကို ဖယ်ရှားသည့် အခါ နားတစ်ဖက်တစ်ချက်စီတွင် ချိတ်ထားသော ကြိုးကွင်းများအား ညင်သာစွာဖယ်ရှားပါ။ စနစ်တကျစွန့်ပစ်ပါ။
    - **လက်အိတ်များ** - လက်အိတ်များကို မဝတ်ဆင်မီ အပေါက်အပြဲများရှိမရှိ သေချာအောင်စစ်ဆေးပါ။ လက်အိတ် ဝတ်ထားစဉ် လက်အိတ်များညစ်ညမ်းနေသောကြောင့် သင်၏မျက်နှာကိုမထိပါနှင့်။ လက်အိတ်များကို ဖယ်ရှားရန် သင်၏ လက်ကောက်ဝတ်ပေါ်မှနေ၍ လက်အိတ်၏အစွန်းပိုင်းကို ကိုင်ပြီး အောက်ဘက်သို့ ညင်သာစွာ ဆွဲချပါ။ ထိုအခါ လက်အိတ်၏ အပြင်ဘက်မျက်နှာသည် လက်အိတ်၏ အတွင်းဘက်ကို တဖြည်းဖြည်း ဝင်ရောက်သွားမည်ဖြစ်ပြီး ညစ်ညမ်းနေသော လက်အိတ်၏ အပြင်မျက်နှာအား ထိတွေ့ခြင်းကို ရှောင်ရှားနိုင်မည်ဖြစ်သည်။
    - PPE ကိုဖယ်ရှားပြီးနောက် သင်၏လက်များကို ဆပ်ပြာနှင့်ရေဖြင့် သေချာစွာဆေးကြောပါ။ ဖြန့်ဝေမှုပြီးဆုံးချိန်တွင် PPE ကိုမည်သို့ဖယ်ရှားရမည်ကို ဂန်ထမ်းများအားလုံးသေချာအောင် ပြုလုပ်ပါ။
  - PPE ကို စွန့်ပစ်ရန် ရုံးတစ်ခုစီတွင် သင့်တော်သော နေရာတစ်ခုကို ပြင်ဆင်ပါ။ (ဥပမာ -“ အသုံးပြုသော PPE များစွန့်ပစ်ရန်” ဟု စာတန်းရေးထိုးထားသည့် အိတ်ခွံအလွတ်( ဆန်အိတ်ခွံ)များ ပြင်ဆင်ထားပြီး စွန့်ပစ်ပစ္စည်းများ ပြည့်သည့် အခါ မီးရှို့စက်ထဲသို့ သယ်ယူ၍မီးရှို့နိုင်သည်။
    - **မျက်မှန်တပ်ခြင်း** - တစ်နေ့တာကုန်ဆုံးပြီးတိုင်း မျက်မှန်ကိုရေနှင့်ဆပ်ပြာဖြင့် ဆေးကြောပြီး လေထဲတွင် ခြောက်သွေ့ စေခြင်း သို့မဟုတ် 0.2% chlorine solution အရည်ကို အသုံးပြု၍ တစ်သျှူးဖြင့်ပွတ်တိုက် သန့်စင် နိုင်သည်။
- Hand Washing Stand များသည် ရုံးတစ်ခုချင်းစီတွင် သေချာစွာ ရှိနေရမည်ဖြစ်ပြီး ရေနှင့်ဆပ်ပြာ အလုံအလောက် ရှိကြောင်း သေချာပါစေ။ အကယ်၍ မရှိပါကသင်၏မန်နေဂျာကိုချက်ချင်းအကြောင်းကြားပါ။

## တစ်အိမ်မှတစ်အိမ်သို့ (Hygiene Kits/NFI) များ ဖြန့်ဝေခြင်းဆိုင်ရာ အဆင့်များ

- **တစ်အိမ်မှတစ်အိမ်သို့ (Hygiene Kits/NFI) များ ဖြန့်ဝေရန် စီစဉ်ခြင်း**
  - တစ်ကိုယ်ရေသန့်ရှင်းရေးပစ္စည်းများ**(Hygiene Kits/NFI) များကို** သတ်မှတ်ထားသော CF မှ ဖြန့်ဝေပေးရမည့် အဆောင် များအလိုက် pushcart တစ်ခုစီပေါ်တွင် တင်ထားရမည်ဖြစ်ပြီး ဝန်ထမ်းနှစ် ဦးစီ မှ pushcart တစ်ခုစီအား တာဝန်ယူနိုင် ရန် စီစဉ်ထားပါ။
  - လိုအပ်သော ဝန်ထမ်းအရေအတွက် (pushcart တစ်ခုလျှင်လူနှစ်ဦး - တစ်အုပ်စုဟုသတ်မှတ်)၊ လိုအပ်သော pushcarts အရေအတွက်၊ စခန်း တစ်ခုစီအလိုက် ပြီးဆုံးရန် ကြာမည့်အချိန် စသည်..။ **(Hygiene Kits/NFI) ဖြန့်ဝေမည့် စာရင်းများ (စာရွက်စာတမ်းများ) ကို** pushcart တစ်ခုစီ(လူနှစ်ဦး - တစ်အုပ်စု) အတွက် သေချာစွာ ပြင်ဆင်ထားရမည်ဖြစ်ပြီး လူနာမည် ထပ်နေခြင်းများ မဖြစ်စေရပါ။
  - အိမ်ထောင်စုများအား **(Hygiene Kits/NFI) ဖြန့်ဝေမည့်**နေ့ရက်နှင့် ခန့်မှန်းခြေအချိန်ကို ကြိုတင် အကြောင်းကြားထားပါ။ အိမ်ထောင်စုများကို ကြိုတင်အကြောင်းကြားရန် megaphone (Hand Speakers) ကိုသုံးပါ။ ဘောက်ချာများကို မည်ကဲ့သို့ ဖြန့်ဝေသွားမည်ဆိုသည်ကိုလည်း အကြောင်းကြားပါ။
- **(Hygiene Kits/NFI) များကို** ဖြန့်ဝေပေးရမည့် အဆောင် များအလိုက် pushcart တစ်ခုစီပေါ်တွင် ပြင်ဆင်ပါ။ pushcart တစ်ခုစီ ပေါ်တွင် တင်ဆောင်နိုင်မည့် **(Hygiene Kits/NFI)** အရေအတွက်ကို သေချာစွာမှတ်သားပါ။
- **(Hygiene Kits/NFI) များအား စတင်ဖြန့်ဝေပါ။**
  - ဖြန့်ဝေပေးရမည့် အဆောင် များအလိုက် pushcart များပေါ်တွင် ပြင်ဆင်ထားသော **(Hygiene Kits/NFI) များကို** အဆောင်များ အနီးသို့ယူလာပါ။
  - **(Hygiene Kits/NFI) များကို**လက်ခံရယူရန် အိမ်ထောင်စုတစ်စုမှလူတစ်ဦးကို အပြင်သို့ထွက်စေရန် ခေါ်ယူရမည် ဖြစ်ပြီး ပစ္စည်းအား လက်ခံရယူစေပါ။ သူတို့တွင် မျက်နှာဖုံးများရှိပါက မျက်နှာဖုံးဝတ်၍ ထွက်လာစေပါ။
  - လူတစ်ဦး စီအား **(Hygiene Kits/NFI) တစ်ခုစီအား** pushcart မှယူရန်ပြောပါ။ ဝန်ထမ်းများမှ သူတို့အား တိုက်ရိုက်မပေးဝေရ။ ဖြန့်ဖြူးခြင်းစာရင်းနှင့် မှင်ပြားကို pushcart ပေါ်တွင်ချထားပါ။ လူတစ်ဦး ချင်းစီသည် ၎င်းတို့၏ အိမ်ထောင်စုကို ဖြန့်ဖြူးသော စာရင်းတွင် လက်မှတ်ထိုးခြင်း/လက်ဗွေနှိပ်ခြင်းများ ပြုလုပ်ပါက အနည်းဆုံး ၂ မီတာ အကွာအဝေးမှ ပြုလုပ်စေပါ။ **(Hygiene Kits/NFI)** များဖြန့်ဝေနေစဉ် လူတစ်ဦးနှင့် တစ်ဦး(ဖြန့်ဝေသူ အပါအဝင်) အနည်းဆုံး ၂ မီတာအကွာအဝေးကို ထိန်းသိမ်းထားပါ။ မှင်ပြားနှင့် ဖြန့်ဖြူးခြင်းစာရင်းကို ထိပြီးနောက် သင်၏မျက်နှာ၊ အထူးသဖြင့် သင်၏မျက်လုံးများ၊ ပါးစပ်နှင့်နှာခေါင်းတို့အား လက်ဖြင့်ထိခြင်းကိုရှောင်ပါ။
  - Pushcart များပေါ်တွင် တင်ဆောင်လာသော **(Hygiene Kits/NFI) များ** ကုန်သွားသောအခါ ရုံးသို့ နောက်ထပ် တစ်ကြိမ် သွားရောက်သယ်ယူပါ။
- **သတိပေးချက်များ**
  - အကယ်၍ သင်သည် အစားအစာများကို စားသောက်ချိန်တွင် သင်၏ PPE ကို ချွတ်ထားရမည် ဖြစ်ပြီး အစာမစားမီ လက်ကို ရေနှင့် ဆပ်ပြာဖြင့် စနစ်တကျ ဆေးကြောရမည်ဖြစ်သည်။ အစာစားပြီးသည့် အခါတွင်လည်း စနစ်တကျ လက်ဆေးပြီးမှသာ PPE ကိုပြန်လည်ဝတ်ဆင်ရမည် ။ တစ်နေ့လျှင် မျက်နှာဖုံးတစ်ခုစီသုံးနိုင်ပြီး လက်အိတ်အသစ် တစ်စုံစီကိုလည်း သုံးနိုင်သည်။
  - ကောင်းမွန်သော သန့်ရှင်းရေး ဆိုင်ရာ အလေ့အထများအား ဆက်လက် လုပ်ဆောင်ပါ။ လက်ကို ရေနှင့် ဆပ်ပြာဖြင့် စနစ်တ ဆေးကြောခြင်း၊ တံတောင်ဆစ် (သို့) တစ်ရှူးဖြင့် အုပ်၍ ချောင်းဆိုး / နှာချေခြင်း၊ ဖြစ်နိုင်လျှင် သင်နှင့်အခြားသူများအကြား နေရာလွတ်ထားပါ (၂ မီတာ အကွာအဝေး အစရှိသဖြင့်)။



***အရေးကြီးသောမှတ်စု*** - OXSI ဝန်ထမ်းများအားလုံးသည် မြန်မာနိုင်ငံ အဆင့်အရ သတ်မှတ်ထားသော လုပ်ငန်းများဆိုင်ရာလုပ်ထုံးလုပ်နည်း စံသတ်မှတ်ချက်များ( SOPs ) ၏ ဖော်ပြထားချက် အားလုံးကို လိုက်နာရန် တာဝန်ရှိသည်။ မည်သည့်သူတစ်ဦး (OXSI ဝန်ထမ်း) သည် COVID-19 ၏ လက္ခဏာများ ခံစားရ (ပြသလာ)ပါက သူတို့သည် အခြားသူများနှင့်ထိတွေ့ခြင်းကို ရှောင်ရှားသင့်ပြီး **(Hygiene Kits/NFI) များ** ဖြန့်ဖြူးသောနေရာများတွင် မပါသင့်ပါ။

**နောက်ဆက်တွဲ ၁ - ပိုးသတ်ဆေးရည် (၀.၂% ကလိုရင်းဆေးရည်) ဖျော်စပ်ရန် ပြုလုပ်နည်း လမ်းညွှန်ချက်များ**

**ပိုးသတ်ဆေးရည် (၀.၂% ကလိုရင်းဆေးရည်) ဖျော်စပ်ခြင်း**

**ကလိုရင်း ဆေးရည်** ကိုဈေးကွက်တွင်ရရှိနိုင်သော ကလိုရင်းအား အခြေပြုထုတ်လုပ်သော ကလိုရင်းထုတ်ကုန် အမျိုးမျိုး မှ ပြုလုပ်နိုင်ပါသည်။ ဆေးကြောသန့်စင်ရန်နှင့်ပိုးကင်းသန့်စင်ရန် အားလုံးအတွက် ကလိုရင်း ဖျော်ရည်များကို OXSI ရုံးများ၌ မဖြစ်မနေ ဖျော်စပ် ပြင်ဆင်ထားရမည် ဖြစ်ပြီး သက်ဆိုင်ရာလုပ်ငန်းနေရာများသို့ သွားရောက်လုပ်ကိုင်ရာတွင် အသုံးပြုပုံ အမျိုးမျိုးတို့ကို သေချာရှင်းလင်းစွာ နားလည်ထားရန် လိုအပ်ပါသည်။

**အတွက်အသုံးပြုရန် - ကြမ်းပြင်များ၊ မျက်နှာပြင်များ၊ ပစ္စည်းများ၊ ခါးစည်းများ၊ ဝတ်ရုံများနှင့် ဖိနပ်များ**


| **သင့်တွင် ရှိပါက** | **ကလိုရင်း ချိန်တွယ်၍ ထည့်ရန်** | **ဖျော်စပ်ရမည့် ရေပမာဏ** | **ဖျော်စပ်ပ** | **မှတ်ချက်များ** |
|---|---|---|---|---|
| **Sodium dichloroisocyanurate** (NaDCC) granules, 55% active chlorine | ၂၀ မီလီလီတာ အား တိုင်းတာ နိုင်သည့် ဇွန်းဖြင့် အမှတ် ၄ မှတ် အထိ ထည့်ပါ | ၂၀ လီတာ | ၁၀ စက္ကန့်ခန့် ရောမွှေပြီး အသုံးမပြုမီ မိနစ် ၃၀ ခန့်စောင့်ပါ | လီတာ ၂၀ တွင် ၇၂ ဂရမ် ၁၂၀ လီတာ ၄၃၀ ဂရမ် |
| **Sodium dichloroisocyanurate** (NaDCC) tablet, 1 g of active chlorine/tablet | ဆေးပြား ၄၀ | ၂၀ လီတာ | ၁၀ စက္ကန့်ခန့် ရောမွှေပြီး အသုံးမပြုမီ မိနစ် ၃၀ ခန့်စောင့်ပါ | ၁ လီတာတွင် ဆေးပြား ၂ ပြား |
| **Calcium hypochlorite** (HTH®) granules, 65-70% active chlorine | ၂၀ မီလီလီတာ အား တိုင်းတာ နိုင်သည့် ဇွန်းဖြင့် အမှတ် ၄ မှတ် အထိ ထည့်ပါ | ၂၀ လီတာ | ၁၀ စက္ကန့်ခန့် ရောမွှေပြီး အသုံးမပြုမီ မိနစ် ၃၀ ခန့်စောင့်ပါ | လီတာ ၂၀ တွင် ၆၀ ဂရမ် လီတာ ၂၀ တွင် ၃၆၀ ဂရမ် |

**မှတ်စုများ** - ကလိုရင်း ဖျော်ရည်ပြုလုပ်ရာတွင် မလိုအပ်ပဲ အများအပြား မဖျော်စပ်ပါနှင့်။ (ကလိုရင်း ဖျော်ရည်များကို မလိုအပ်ပဲ ဖြုန်းတီးခြင်းမှ ရှောင်ကြဉ်ပါ) ။ နေ့တိုင်းကလိုရင်း ဖျော်ရည် အသစ်တစ်ခုလုပ်ပါ။




**သတိပြုရန်သတိပြုရန်။** ကလိုရင်း ပါဝင်မှု များပြားသော ကလိုရင်း ထုတ်ကုန်များနှင့် ကလိုရင်း ဖျော်ရည်များသည် မျက်လုံးများ၊ လည်ချောင်းနှင့် နှာခေါင်းတို့ကို ယားယံခြင်းနှင့် ရောင်ရမ်းခြင်းများဖြစ်စေနိုင်သည်။ ကလိုရင်း ၀.၂% ပါဝင်သော ဖျော်ရည်အား ပိုးမွှားသန့်စင်စေရန် အသုံးပြုသည့် အခါ သင့်လျော်သော PPE (မျက်နှာဖုံး၊ မျက်မှန်များနှင့်လက်အိတ်များအပါအဝင်) ကိုဝတ်ဆင်ရမည်။

# သင် နှင့် သင့်ပတ်ဝန်းကျင်အား COVID 19 ရောဂါ ကူးစက်ခြင်းမှ ကာကွယ်ပါ။




သင်၏ လက်များကို ရေနှင့် ဆပ်ပြာ အသုံးပြုပြီး မကြာခဏဆေးကြောပါ။




တစ်ဦး နှင့် တစ်ဦး တိုက်ရိုက် ထိတွေ့၍ နှုတ်ဆက်ခြင်းမှ ရှောင်ကြဉ်ပါ။




ချောင်းဆိုးနှာချေသည့် အခါတိုင်း သင်၏ ပါးစပ်နှင့် နှာခေါင်း များကို တံတောင်ဆစ်ကွေး၍ သို့မဟုတ် တစ်ရှူး ဖြင့် ဖုံးအုပ်ပါ။



သင်၏ ပါးစပ် ၊ နှာခေါင်း နှင့် မျက်စေ့များအား လက်ဖြင့် ကိုင်တွယ် ပွတ်သပ်ခြင်းမှ ရှောင်ကြဉ်ပါ။



လူအများနှင့် ပြောဆိုဆက်သွယ်ရာတွင် အနည်းဆုံး ၃ ပေ အကွာမှ နေထိုင်ပြောဆိုပါ။




OXFAM

UKaid from the British people
HARP-F
Humanitarian Assistance and Resilience Programme Facility

SOLIDARITÉS INTERNATIONAL

# ကြာရှည်သော အရေးပေါ်ကာလများအတွက် ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ လက်စွဲစာအုပ်

## *မြန်မာနိုင်ငံအတွင်း OXSI ၏အတွေ့အကြုံ*

လူ့အခွင့်အရေးဆိုင်ရာ ပဋိပက္ခများ ဖြစ်ပွားခြင်းကြောင့် ရှည်ကြာသည့် အရေးပေါ် အခြေအနေများ ဖြစ်လာသည့်အခါ ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး (WASH) ဝန်ဆောင်မှုများပေးရန် လုပ်ဆောင်သင့်သည့် နည်းလမ်းများနှင့် လုပ်ငန်းစဥ်များ၏ ချဥ်းကပ်ဆောင်ရွက်မှုနည်းလမ်းတို့ကို ညွှန်ပြပေးသည့် လမ်းညွှန်ချက်များသည် စီမံကိန်းစတင်ခဲ့သည့် ၂၀၁၇ ခုနှစ်တွင် အနည်းငယ်မျှသာရှိခဲ့ပါသည်။ Oxfam နှင့် SI ပူးပေါင်းမိတ်ဖက်အဖွဲ့ (OXSI) သည် မြန်မာနိုင်ငံတွင် ကြာရှည်ဖြစ်ပွားနေသည့် ရိုဟင်ဂျာ ပဋိပက္ခအတွက် အဓိကထား၍ WASH ဝန်ဆောင်မှုများ လုပ်ဆောင်ပေးရန် နည်းဗျူဟာများကို ရှေ့ပြေးစမ်းသပ်လုပ်ဆောင်ခဲ့ပြီး တချိန်တည်းမှာပင် ရပ်ရွာလူထု၏ ကိုယ်ပိုင်ကိုယ်ဆိုင်စိတ်ဓါတ် တိုးတက်ကောင်းမွန်လာစေရန်နှင့် ချိတ်ဆက်မှုအားကောင်းစေရန်အတွက်လည်း လုပ်ဆောင်ခဲ့ပါသည်။

ယခုလက်စွဲစာအုပ်တွင်ဖော်ပြထားသည့် လုပ်ငန်းစဥ်များ၏ ချဥ်းကပ်ဆောင်ရွက်မှုနည်းလမ်းများသည် လူ့အခွင့်အရေး ချိုးဖောက်မှုများကြောင့် ဖြစ်လာသည့် ပဋိပက္ခများနှင့် သက်ဆိုင်သော ကာလကြာရှည်သည့် အရေးပေါ် အခြေအနေများနှင့် ဆက်စပ်ပြီး လိုက်လျောညီထွေစွာ ပြောင်းလဲနိုင်သည့် နည်းလမ်းများဖြစ်ပါသည်။ ထိုသို့ ထူးခြားသည့် အခြေအနေများတွင် WASH ဆိုင်ရာချဥ်းကပ်နည်းများကိုရှေ့ဆက်ဆွေးနွေးမှုများဖြစ်လာစေရန်နှင့် WASH ဆိုင်ရာအသိပညာများအတွက် လိုအပ်ချက်များ ကွာဟချက်များကို ဖြည့်ဆည်းနိုင်ရန် အတွက် ဤလက်စွဲစာအုပ်ကို ရည်ရွယ်ရေးသားပါသည်။

လုပ်ငန်းစဥ်များ၏ ချဥ်းကပ်ဆောင်ရွက်မှုနည်းလမ်းအားလုံးကို လွယ်ကူစွာ သိရှိနားလည်နိုင်စေရန် ရုပ်ပုံများ၊ သတ်မှတ် ထားသောစံလုပ်ထုံးလုပ်နည်းများ နှင့် ရှင်းရှင်းလင်းလင်း ဖော်ပြထားသည်။

